ထားဝယ်ရာဇဝင်တော်ကြီး

မရမ်းပင်ဆရာတော် (၁၁၂၁)

ဘုန်ကျော် ဆရာတော် (၁၁၂၆)

ဦးဇင်းဘာ ရေးသားပြုစုသည် (၁၂၈၄)

ထားဝယ်သမိုင်းချုပ်

ဆရာတော်-ဦးဂုဏ (၁၂၈၆)

HTA-WEL YAZAWIN TAWGYI

"The Great Chronicle of Dawei"

by Mayanbin Sayadaw (1759)

and Bongyan Sayadaw (1764)

U Zin-ba, compiler (1922)

WITH TRANSLATED CHAPTER SUMMARIES

by Ni Ni Aung (2025)

and:

DAWEI THAMINE CHOK

"A Brief History of Dawei"

by Sayadaw U Gu-na (1924)

Duraka Tai, known in history
as the prosperous region of Aungthawaddy,
and the Palace of Kalein Aung, built by King Naruti,
first of the line, to the last, King Shwe Taung Sar,
with all the related stories of royal ancestry,
and valuable knowledge in various chapters,
precisely inscribed on palm leaves by the venerable

Mayanbin Sayadaw, 1759 CE
and
Bongyan Sayadaw, 1764 CE

DAWEI YAZAWIN TAWGYI

The Great Chronicle of Dawei

—{ knowledge collection }—
volume one

ရာဇပလ္လင် မကိုင်ပုံ။

U Zin Ba, compiler

First printed in year 1284 of the Myanmar Era (1922 CE),
in the month of Wakhang (1000 copies)

Maung Kywel Nyunt, editor
Tradin Printing House, Dawei
U Saw Hlaing, Dawei Myo patentee

price ... 3.50 kyat

ဒွါရကတိုင်း။ သမိုင်းတွင်ညီ။ အောင်သာဝတီ။ ဓညာနီ ရွှန်းပြောင်
ကလိန်အောင် မြို့နန်းကို။ ပဉ္စမ-ဘန်ဆာန်း တော်မူသော။
နဂ္ဂတိမင်းတရားအစ၊ ရွှေတောင်စားအဆုံး။သိမ်းကျုံး
ဆက်နွယ်။ အသွယ်သွယ် ကုလ။ ရာဇမျိုးရိုး။ ဘိုးထိုက် သုတာ။
အပြာပြာအခဏ်းခဏ်းတို့ကို။မရမ်းပင်ဆရာတော်။ဘုန်ကျော်
ဆရာတော်ဘုရားကြီးနှစ်ဆက်တိုင်တိုင်။ ကြံ့ခိုင်ထင်ထင်။
ပေထက်အက္ခရာ။ တင်ထားအပ်သော

ထားဝယ်ရာဇဝင်တော်ကြီး။

—{ ပညာပေါင်းချုပ် }—

ပဉ္စမတွဲ။

ရာဇပလ္လင်　　　　　　　　　　မကိုဋ်ပုံ။

၁၂၇၄-ခု။ဝါခေါင်လအတွင်းပုံနှိပ်ပြီးသည်။ပဉ္စမနှိပ်ခြင်းစာအုပ်ရေ (၁၀၀၀)

အယ်ဒီတာ-မောင်ကြွယ်ညွှန့်။

ထားဝယ်မြို့၊ တရေဒင်စာပုံနှိပ်တိုက်။

ပြဋ္ဌာန်းချက်နှုန်း ....၃-၈။

ထားဝယ်ရာဇဝင်တော်ကြီး။

မရမ်းပင်ဆရာတော် (၁၁၂၁)

ဘုန်ကျော် ဆရာတော် (၁၁၂၆)

ဦးဇင်းဘာ (ခေါ်) ဦးစောလှိုင် ရေးသားပြုစုသည်
ပဌမတွဲ။ ၁၂၈၄-ခု။
ဝါခေါင်လအတွင်းပုံနှိပ်ပြီးသည်။
အယ်ဒီတာ-မောင်ကြွယ်ညွန့်။
ထားဝယ်မြို့။ တရေဒင်စာပုံနှိပ်တိုက်။

Hta-wel Yazawin Tawgyi , "The Great Chronicle of Dawei",
a transcription of the Burmese original with translated chapter summaries.

first recorded on palm-leaf manuscripts by
Mayanbin Sayadaw (1759) and Bongyan Sayadaw (1764)

compiled and edited by U Zin Ba (1922)
Maung Kywel Nyunt, editor
U Saw Hlaing, Dawei patentee
first edition, Tradin Printing House, Dawei, 1922

transcription & translated summaries by Ni Ni Aung (2025)

edited and typeset by Jim Potter
James & Hook Books, 2025
ISBN 9798277686911
public domain

transcribed from a copy in the British Library :
'Dawei Rajavan'
shelfmark: MYAN.A.1540
Dictionary Sub-committee, Burma Research Society

ထားဝယ်သမိုင်းချုပ်၊ ဆရာတော် ဦးဂုဏ ရေးသည်။

Dawei Thamine Chok, by Sayadaw U Gu-na
please see page 314

နိဒါန်း။

ရိပုံဇေယျတု။ ။ သကျသီဟ။ အနန္တဉာဏ။ ဒသဗလ။ စတုဝေသာရဇ္ဇ။ ဥက္ကဋ္ဌ သျှောင်ပန်။ ပြောင်အလျှံနှင့်။ ခေါင်မှန်သရဖူ။ သယမ္ဘူသင်းကျစ်။ ဘုန်းရောင်လှစ်၍။ ခေတ်ဝိသယ။ အနန္တအလုံး၊ ပြိုင်မနှုန်းနိုင်ဖြင့်။ မင်းဆုံးဓမ္မရာဇ်။ ဖြစ်ကြီးဖြစ်တော်မူသော။ သုံးလောကကေတု၊ သဗ္ဗညုထွဋ်ထား။ ဂေါတမမြတ်စွာဘုရားသခင်သည်။ အစဉ်ရှေးက၊ လွန်ကုန်ကြသော။ ကကုသံ။ ကောဏာဂုံ၊ ကဿပ၊ ဗုဒ္ဓနောင်တော်၊ ထိုဇိနော်တို့။ သိမြော်ကြွခါ။ သာသနာ ရောင်ခြည်။ မှောင်မတည်စေဘဲ။ ပြောင်ကြည်ရုစိ။ ဇုတိဘာနုမာ။ ထွန်းလင်းသာရာဠ္ဌာန။ ကဋ္ဌဝါဟနတိုင်း။ ပြည့်လျှိုင်းသောသညာ။ ကမ္ဗည်းပါသည့်။ ဒူရကာ ရဋ္ဌ နဂရ ရွှန်းလည်။ အောင်သာဝတီဘုမ္မိ။ ထုတိမင်္ဂလာ။ သေလာပဗ္ဗတ။ ဝေမိဿကတောင်သာသို့။ ဆယ့်တစ်ဝါမြောက်။ ကြွရောက်ဗျာဒိတ်။ တံစိတ်သသက်၊ ကပ္ပဋ္ဌိတိ။ ပမာနိတဗ္ဗ။ နာမသင်းကြူ။ ဘူမျကြက်သရေ။ ရဝေကြွင်နှန်း။ ဘန်ဆန်းတည်ထောင် ကြကုန်လတံ့။ ခိုင်ခန့်ကွန့်ထောက်။ ညွန့်သြောက်ပွားလူး။ အထူးသမ္ဘာရ။ သကျဝံသ။ သာကီယနွယ်ရိုး။ ဘေးဘိုးလောင်းလျာ။ ဆင်းခါသက်ရောက်။ တက်မြောက်ဘုန်းရှိန်။ သူရိန္ဒရ။ ဗလဗိုလ်ခြေ။ မဟေကဝိ။ အတိဗုဒ္ဓိအမစ္စာ။ ဖြင်ပြီးညာလျက်။ ရာဇာသခင်။ ဘုရင်ဘာနုမရာဇာ။ ပုတ္တာရင့်သီး။ သားကြီးစင်စစ်။ ခေတ်လောကလုံး။ အံ့ခါနှုန်းရသော။ ဘုန်းပါရမီရှင်။ နေလုင်သဘွယ်။ တင့်တယ်စည်းစိမ်။ ရွှေအိမ်နန်းမ။ စိုးစံရလတံ့ ဟု။ ခိုင်ကြံ့ဝစန။ ဗုဒ္ဓမိန့်ခွန်း၊ ထုတ်ညွှန်းထင်ရှား။ နရုတိမင်းတရားကြီး၏။ သားဆက်မြေးမြစ်။ သွေးစစ်ရတနာ၊ သည်းချာနန်းစံ၊ မကျန်မကြွင်း။ ရှင်းလင်းနာဂတ်။ တီတတ်လွန်လေ။ ခွဲဝေစည်စစ်၊ မဟေဿသာ။ နရာဓိပ။ နရုက္ကဋ္ဌအာဟိန်၊ သာကိန်ဝံသ။ အာဒိစ္စနွယ်ရင်း။ ထိုနရုတိမင်းတရား၏။ ကိုးစားယုံကြည်။ ဂမ္ဘီဝရဇိန်။ ဉာဏ်ကြန္ဒါဝု။ တိုင်းစုဇမ္ဗူ။ အောင်လံထူ၍။ ပါရဂူဇာနည်။ ပထဗျာဟီလျက်။ ဇာမဏီလား။ ဂုဏ်အားဝေထိန်။ ဇေယျသိန်မည်သီး။ အမတ်ကြီးနှင့်။ ခိုင်ဖြိုးစွယ်စုံ။ အာမုံရင့်မာ။ ဌာနာဌာန။ ကောသလ္လမည်ဘိ။ ကဝိစိန္တာ။ သညာဘွဲ့ထူး။ ချီးကျူးထောမနာ။ အမစ္စာခေါင်ထိပ်။ မဆိပ်မလပ်။ ဖိတ်ဖိတ်လျှပ်မျှ။ နိမဒ်ပညာ။ တဖြာဝိဇာနန။ ပရိယစေတော။ အံ့သြရသော။ မဟောနဂ္ဃ။ ဂန္ထန္တရကမ်းရပ်ကို။ ကူးခပ်ပြေးသွား။ အပါးပါးလောကီ။ တပသီမုနေ့။ ရသေ့ဣသိ။ စီရင်ဘိသော။ နီတိကြန္ထ။ ဗျူဟာသေနင်။ ကြဏ်းအစဉ်တို့ကိုလည်း။ စွမ်းအင်တခဏ။ မေးကဖြေဆို။ မယိုမယိမ်း။ မတိမ်းမစောင်း။ အပေါင်းဗိုလ်ထု။ ဝန်းစု

အလယ်။ တင့်တယ်ခန်းနား။ လျှောက်ထားဖြေထွင်။ ရွှေတိုက်ဝင်ဂုဏ်ကြွေ့။ နေ့စဉ်မှတ်တမ်း။ အံ့မခန်းရာ။ ပညာသိပ္ပ။ ကဏ္ဍာအမျိုးမျိုး။ ရေးရိုးနန်းတည်။ ဘွဲ့မည်ဘိသိက်။ ပထဝီဿရနှင့်။ ရာဇဥပရာ။ အမစ္စာရံရွှေ။ မဟေသီတို့ကျင့်ခဏ်း။ လုပ်ကိုင်လမ်း။ သက်မွေးမှု။ တိုင်းစုခရိုင်။ နိုင်ငံဝန်ထမ်း။ တပ်စွမ်းလိမ္မာ။ ဓမ္မာသဘင်။ ယင်ရာကိစ္စ။ ပုဂ္ဂလသဘော။ ဟောပြောဖွဲ့စီ။ စာချီဗဟုသုတ။ ဂဝေသက။ ဂဝေသိတ။ မဟိစ္ဆိတ။ မဟာကာမ။ ဆေကအလို။ ပုဂ္ဂိုလ်အပေါင်းတို့။ နည်းကောင်းထုပ်သို။ သုံးဆိုရာ အစစ်။ သေတ္တာမြေမီ၊ ရွှေရတီ မဟာဂ္ဃ။ ပကရဏာမည်သီး ✴ ထားဝယ်-ပညာ ပေါင်းချုပ်။ ရာဇဝင်တော်ကြီးသည် ✴ အတီးသက္ကရာဇ် (၁၀၀) ကျော်ခန့်မျှ။ မပေါ်တိမ်မြုပ်။ အသူရိန်ဖုံးအုပ်သော၊ ပုဏ္ဏိန္ဒုသဘွယ်။ ဝှက်ကွယ်ပျောက်ပျက်။ ပညာရောင်မထွက်နေသည်ကို။ ခွေလည်ညှိုးလျှ။ အာသီသအရင်း။ နှလုံးသွင်းခြင်းရှိသည်အတိုင်း။ ခက်ကိုင်းညွှန့်မိုး။ မိမိတို့၏။ အမျိုးအမည်။ နွယ်လည်အဆက်။ လျှမ်းတက်ရည်ချင်း။ မင်းခန်းမင်းနား။ ဆန်းပြားဣဒ္ဓိ။ သိရိတေဇ။ အဖြာဖြာအရပ်ရပ်။ သိမှတ်ပြောကြားနိုင်စေခြင်းငှာ။ မရမ်းပင်-အရှင်သာသနာပိုင်။ ဆရာတော်ဘုရားကြီး။ ✴ ပညာသာရဓဇ-မဟာဓမ္မရာဇာဓိရာဇဂုရု။ တံဆိပ်တော်ရ။ ပုဂ္ဂိုလ်အရှင်သူမြတ်သည်။ (၁၁၂၁) ခုနှစ်က၊ တကြိမ်။ ဖွဲဆည်ရှာကြံခါ။ မဂဓဘာသာ။ တဖြာဝေါဟာရ။ ထားဝယ်သင်္ကေတ။ လေခကသညာမှ။ သုဘာသိတ။ သုန္ဒြဒတ္တ။ အဓိပ္ပါယတ္ထ။ ဥပလက္ခိတ။ ဖြစ်ကြစေရန်။ မြန်မာဘာသာ၊ ပြန်ဆိုဖြေကြား။ ရေးသားပြင်ဆင်တော်မူသည်။ (တလည်တဘန်။ ဉာဏ်ဂမ္ဘီရ။ မဟာမတ္တဇေယျသိန်။ ဝေထိန်ပညာ ကဝိစိန္တာနှင့်။ သညာတွင်ပြီး။ အမတ်ကြီးနှစ်ယောက်တို့။ လျှောက်ဆိုတင်သွင်း၊ နန်းရင်းရွှေစာ။) သခ်ေါကိုးကား။ ဘုရားဟောပါဠိ။ သုံးဘိစကား။ မဂဓဖြစ်လားကို။ တိုင်းစားကျမ်းညှိ။ ပါဠိအဋ္ဌကထာ။ ဋီကာအဘိဂါန်။ သဒ္ဒဗျာကရဏ်း။ သိမ်းရုံးထည့်သွင်း။ ရှင်းလင်းသာခကေ။ ပကရဏာသိရိ။ မိတိလမ်းထွင်။ စခန်းစဉ်လျက်။ ငြိမ်းတင်သိမ်းခြုံ။ စုံလင်စွာမှတ်သားကြစေခြင်းငှာ၊ ဉာဏာသာမိ။ သီရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ✴ တုလွှတ်ခပ်နိုပ် တံဆိပ်တော်ရသော ဘုံကျော်ဆရာတော်ဘုရားကြီးသည်။ (၁၁၂၆)ခုနှစ်တကြိမ်။ ရဟန်း ပညာရှိတို့နှင့်။ တိုင်ပင်ပြီးခါ။ ပြင်ဆင်ပေထက်အက္ခရာ၊ တင်တော်မူပြန်လေသည်။)

မဟေမဟိ။ ကဝိဗုဒ္ဓိ။ တေပိဋ္ဌကအာဂုံ။ လောက်လုံပြန်ဆို။ နဂရိမန္တလ။ ရတနကြဲ့ငွန်း။ တေဇာတော်ရောင်လွှမ်း၍။ အောင်ပန်းဒွယာ။ ရာဇာဘိသေက မုဒ္ဓါဘိသေက။ မင်္ဂလရေချမ်းဖြင့်။ ဆွတ်ဖြန်းဣလသရိယ။ သမ္ဘာရဟုန်းဟုန်း။ ဘုန်းပြည့်-ကံဉာဏ်။ ဒုတိယနန်းစံအစစ်။ မဟေဿရမင်းတရားကြီး၏။ ညာထားဒေ

ဝီ။ မဟောသီဘွဲ့ခံ။ ကိတ္တိလျှံသန်း။ တောင်နန်းမတော်။ မိဖုရားခေါင်ကြီးသည်။ ရင့်သီးသောသမ္ဘာရ။ အစလသဒ္ဒါ။ စေတနာရှင်လမ်း။ ရဟန်းတော်တင်မြှောက်။ ထောက်ပန့်ကိုးကွယ်ခြင်းကို။ ထင်လင်းစွာခံရသော။ "ဦးဇနိန္ဒအရှင်သူ မြတ်သည်"။ အတိဝိရိယာရဇ္ဇ။ ဥဿာဟ-ဂရုကတ။ ပြုရမြဲထုံး။ ပိဋကတ်သုံးပုံနှင့် တကွ။ ဆေကဉာဏ်ယှဉ်။ ရာဇဝင်အစောင် စောင်တို့ကို။ ရှောင်တခင်ခင် အောင်မြင်ပြန်ဆိုနိုင်ခြင်းကြောင့်။ (ဇနိန္ဒါလင်္ကာရ မဟာဓမ္မ-ရာဇဂုရု။) သွန်းထုမင်း စံ။ တံစိတ်တော်အလှူကို။ ခံယူရရှိသော။ မင်္ဂလာနန်းညွှန့်ဆရာတော်အား။ ၁၂၄၆-ခုနှစ်။ တပေါင်းလပြည့်နေ့။ မြေနန်းတော်၌။ ထားဝယ်လူမျိုးတို့၏။ အရင်း မူလ။ အစကွန့်ဖြိုး။ အမျိုးအမည်ကား။ အဘယ်ကဆင်းသက်၍။ လာပါသနည်း ဟု။ ဧကေရာဇ်မင်းတရား။ လျှောက်ထားရာတွင်။ ယခုပုံရိုက်စက်တင်အပ်သော၊ ရာဇဝင်တော်ကြီးအရ သာကီဝင်မင်းမျိုးမှ။ ပွားတိုးဆက်သွယ်၊ ဇုက်ကွယ်မထင်။ မမြင်တိမ်ကော လောကဓမ္မတာ။ ကာလာကြာဝေး။ မြို့ကျေးပျက်ပြား။ တရား ဓမ္မ။ သဘာဝတ္တ၊ သာခကေကြေငြားအောင်။ ဖြေကြားခိုင်လုံစေခြင်း။ ယင်းအရ အခြေယူလျက်။ ပေမူဟောင်းတခု။ နရပဒေသ၊ အဝဝ-အဖုံဖုံ။ ပညာဂုဏ် လက်ရုံး။ လျှောက်ထုံးနီတိ။ အတိသုန္ဒြမေမီ။ အဆီပေါင်းချုပ်ဖြစ်သော။ ၎င်းကျမ်း ကြီးကို။ ခန်းသီးအမွေ။ ဆက်စေခံမြဲ (သံပွဲစားကြီးဦးစောလှိုင်က) မူပိုင်ရရှိလေ ရကား အော်ရတု၌ ပါရှိကုန်သောအဘိယာစကပုဂ္ဂိုလ်တို့က။ ရည်ရွယ်ကြခြင်းမှာ အများရှင်လူ။ ပြည်သူတိုင်းသား။ ပိုင်းခြားထွင်ခါ။ ပညာခန။ နှစ်ဝရင်းစား။ လိုလားရှာမှီးကြကုန်သော။ သူတို့၌လည်း။ အကျိုးစီးပွား။ များများကြီးဖြစ်ထွန်းပါ စေခြင်းငှါ။ ။ ထီးနန်းတည်ပုံ။ မင်းတို့၏ နေ့နံ။ ကောဇာ။ အိမ်နိမ့်နန်းစံ။ နတ်ရွာ ကြွဟန်အဆက်။ ထက်မျက်သောပညာ။ ဥစ္စာခဏ်းမကျန်။ လမ်းမှန်နိသျ။ ကျန စွာဖွေထွင်၍။ (တရေဒင်သမိုက်။ ပုံနှိပ်တိုက်၌) သိုက်မြိုက် ထင်ထင်။ မခက်မြင် ရအောင်၊ စက်တင်ပုံရိုက်အပ်ပါသဖြင့်။ လွယ်လင့်တကူ။ မှတ်ယူနှုန်းနဲ့။ သုံးစွဲ ဘတ်ရှုတော်။ မူကြစေကုန်သတည်း။

အောက်ရတုံပါ။ ပုဂ္ဂိုလ်တို့က။ တိုက်တွန်းတောင်းပန်ချက်အရ။ ဌင်းရာဇဝင်တော်ကြီးကို ပုံနှိပ်ကြောင်း။ အဖွဲ့သန-ရတု။

ရိပုံဇေယျတု။။ တောင်ကျွန်းဒီပါ။ စက္ကဝါဝယ်။ သကျာဝတ။ သမ္ဗုဒ္ဓသည်။ ထွန်းပပွင့်လာ။ ဒေသစာဖြင့်။ ပြေရွှာရဋ္ဌ၊ မြို့နာဂရသို့၊ စို့ဌသီးသီး။ သား သွီးကို။ များကြီးရသာ။ တိုက်ကျေးငါဟု၊ ကြွခါမြန်းစဉ်။ စခန်းထွင်သား။ စန်းသွင် သာသနာ။ ပွင့်လင်းဖြာဘို့။ ရင့်ကြာနိမိတ်။ ဗျာဒိတ်အောင်ဆုံ။ ပေးခါပြသည့်။ ဇမ္ဗူ့ဆီမီး။ တို့တိုင်းကြီး၌၊ ကျိုင်းထီးရာဇာ။ ပေါ်လာမချွတ်။ မိန့်တော်မှတ်သား။ ပါဝင်ငြားရှင့်။ သားနားပြေပြင်။ ရာဇဝင်အစ။ ပဌမသမိုင်း။ စကား ဝိုင်းဝယ်။ ချင့် လှိုင်းစေငု။ ကြည့်ရှုကုန်သော်။ ထင်လင်းပေါ်အံ့၊ ဇိနော်သဘာ နာထဘဂဝါ။ သာသနာဝေပုလ်။ တောက်ဟုန်ငြီးငြီး။ ဝိနည်းစာပြန်။ ပွဲကြီးစံ၌။ မျက်ပြန် အချုပ်။ ဥက္ကဌမင်း။ ပျံသင်းရတနာ။ မာမကာသုံး။ ပန်းကုံးအသွင်။ ဆင်ယင်သက် မွေး၊ ယှက်ထွေးအမှု။ မပြုကျင့်တတ်။ ဖြောင့်မတ်ဓမ္မ။ ဒုတိယဘွဲ့ပေး။ အရေးတော်ပိုင်မင်း။ ယင်းနှစ်ငုဏ်၊ ခိုင်ဖြိုးစုံထ၊ ဦးဘိုးလှနှင့်။ သမအယူ။ ကြည်ဖြူစိတ္တ။ ဥဋ္ဌာနဂိုဏ်း။ ပြည့်လှိုင်းမချွတ်။ နွတ္တမြင့်ဆောင်၊ ဦးမောင်မောင် ခေါ်။ ဝတ်လုံတော်ရကြီး။ အသီးသီးတရား။ မြွက်အားဖြေဆို။ အရေကြိုသို့။ ဇေယျိုမင်းပွဲ။ တျင်းနွဲ့လျက်။ ယင်းရဲခင်းပိုင်။ ဦးနှင်းလှိုင်မတိမ်း။ အငြိမ်းစားမြို့အုပ်မင်း။ သတင်းကြူမွှေး။ နက်လေးဓါတ်စု။ သတ္တု တွင်းစိုး။ အကျိုးဆက်ပေး။ စက် သူဌေး-ဦးစိန်ခိုင်။ တင့်မြိုင်မချို့။ မြို့ဝန်မည်ရေး။ သူဌေး- ဦးဉာဏ်သွန်း။ မြင့်ရွှန်း စက်ကြီး။ ဘဝင်္ဂနီးမျှ။ ခက်သီးသတ္တု၊ တွင်းစုတဝေး။ ထပ်ဆင့် ပေးသည့်။ သူဌေး- ဦးနီတိုး။ ကွန့်ဖြိုးကုန်သွယ်။ ထုံလှိုင်ကြွယ်သား။ တွင်းစားသတ္တု။ သကတ်ပြုမွေး။ သူဌေး-ဦးဘအို။ မြွက်ဆိုဝစန။ ဝံသတရား၊ မမှားမတိမ်း။ ထိန်းသိမ်းရွယ်ချူ။ မြူနီ စီပါယ်။ ခန့်ဘွယ်သညီ။ ပြီစီတင်မင်း။ ချင်းဆင်းနှစ်ဝ။ ဦးထွန်းမြတည့်။ ဘင်္ဂလပူရီ၊ ဌာနီမြို့တွင်း။ တခင်းရန်ကုန်။ သိမ်းခြုံယှက်တွဲ။ နက်နဲသမ္မာ။ ကောင်းစွာ သက်မွေး။ မပျက်ပေးသား။ ဆေးပွဲစားကြီး။ ရင့်သီးဉာဏ်ိန်။ ဦးပြာရှိန်တို့။ အာဟိန် သမတ။ ဝံသထုပ္ပတ်။ အရပ်ရပ်ပညာ။ သုတာလိုလား။ မျိုးကောင်းသားထွေ၊ သိကြောင်းဖွေ၍။ အခြေခံစိတ်။ ယိုဖိတ်လျှံကြွား။ ပတ္တမြားအသွင်။ ရာဇဝင်ကြီး။ ရောင်ငြီးရတနာ။ ပညာပေါင်းချုပ်။ တိမ်မြုတ်သရော်။ ရှိလတ်သော်ရှင့် မြင်မြော် တိုင်းစား။ ထင်စေသားဟု။ မူထားလက်ကိုင်။ အပိုင်ရရှိ။ ဗျတ္တိမယွင်း ကြီးမည်ရင်း မှာ။ ဦးဇင်းဘာအား။ တိုက်တွန်းငြားကြောင့်။ မျက်ဝါးခုပင်။ စက်တင်ပုံရိုက်။ ပြီး သမိုက်သည်။ ။မှတ်ထိုက်သူတို့ကံစွမ်းတည်း။

အကြောင်းအရာ။

(Please see Appendix Two for contents
and chapter summaries in English)

ဦးရေ။		မျက်နှာ။
၁	အနန္တငါးပါးအားရှိခိုးပြီးမှနောက်၌။ ထားဝယ်မြို့သမိုင်းကိုပြခြင်း	၁
၂	အဘိကံသရာဇာမင်းမြတ်မှ။ ဆင်းသက်ဆက်နွယ်၍။ ဗျာဒိတ်ရ-ဒူရကနတ်သား ပဋိသန္ဓေတည်နေခြင်း။ နရုတိမင်းအမည်တွင်ခြင်း။	၇
၃	ကလိန်အောင်မြို့တော်တည်ခြင်း၏။ သက္ကရာဇ်ကိုပြခြင်း။ နရုတိမင်း-သားပဋိသန္ဓေ။ တည်နေသောအခါ။ လျောင်လှူပ်နေ့စွဲဟောကိုပြခြင်း။	၈
၄	၎င်းမင်းသားဖွားမြင်သောနေ့။ လျောင်လှူပ်အဟောကိုပြခြင်း။	၁၀
၅	သံဃရာဇာမထေရ်မြတ်သည်။ အိပ်မက်မြင်တော်မူ၍။ မင်းကြီးအားပြောကြားရာ။ ဇေယျသိန်အမတ်ကြီးအား၊ အိပ်မက်နိမိတ်ကိုတင်လျှောက်စေခြင်း။	၁၀
၆	နရုတိမင်းသားကို ဖွားမြင်တော်မူသည်နှင့် တပြိုင်နက်။ ဘီးလင်းသူဌေးလောစစ်စံ၏။ ဥယျာဉ်ခြံတွင်းမှ။ ရွှေငွေပေါ်လာ၍။ မင်းထံဆက်သရာ။ ၎င်းရွှေငွေကို။ မင်းနှင့် ထိုက်မထိုက်ဖြင့်။ ထိုအမတ်ကြီးလျှောက်ပုံကို ပြခြင်း။	၁၃
၇	ဗုဒ္ဓဟူးနေ့လျောင်လှူပ်ရာ။ ၎င်းအမတ်ကြီးသည်။ တိတ်နိမိတ်ဟောပုံကိုလျှောက်ခြင်း။	၁၄
၈	ပညာရှိနှစ်ယောက်တို့အား။ မဟာကဝိစိန္တာ။ ဗလဒေဝ စစ်ဗိုလ်မှူးခန့်ထားခြင်းကိုပြခြင်း။	၁၄
၉	ဗလဒေဝ စစ်ဗိုလ်မှူးသည်။ ဇင်းမယ်မင်းထံသို့သွား၍။ စကားစစ်ထိုးရာ။ အောင်မြင်ခဲ့ပြီးနောက်။ သထုံပြည်သို့ ပြန်ကြောင်းကိုပြခြင်း။	၁၅

၁၀	ဗလဒေဝကို။ စစ်ဝန်ကြီးရာထူးဖြင့်။ ခန့်အပ်သည်ကိုပြခြင်း။	၁၆
၁၁	[အခန်း ၁၁ မရှိပါ။]	-
၁၂	နရုတိမင်းသားသည်-၁၄-နှစ်အရွယ်က။ သံဃရာဇာမထေရ်မြတ်ထံ။ ပညာအရပ်ရပ်ကိုတတ်မြောက်ခြင်း မင်းကြီးလက်၌ ခူနာစွဲရာ။ သုသီရိဒေဝီမိဖုရားငုံပြီး အိပ်သောကြောင့်။ ခူနာပြည်ပေါက်။ ၎င်းမိဖုရားအား။ လိုရာဆုကို တောင်းလောဟု မြွက်ဟကြောင်းကိုပြခြင်း။	၁၇
၁၃	နရုတိအိမ်ရှေ့ဥပရာဇာအား။ မိဖုရားတောင်းသောဆုကို ပြန်၍ပြောတော်မူခြင်းကိုပြခြင်း။	၁၉
၁၄	အိမ်ရှေ့မင်းသားသည်။ ခမည်းတော်ဘာနုမရာဇာအား တရားဖြေရန်လျှောက်ခြင်း- မိမိပြုလုပ်သော ဝတ်တရားကိုပြခြင်း။ သုသီရိဒေဝီကလည်း-ရှေတောင်းဘူးသောဆုကို ပြန်၍အပ်ခြင်း စသည်ကိုပြခြင်း။	၂၀
၁၅	နရုတိမင်းသား။ နရိန္ဒမင်းသား။ ညီနောင်နှစ်ပါးပွဲတော်တည်ခြင်း။ ၎င်းနောက်ဂတိကဝတ်ထားကြခြင်းကိုပြခြင်း။	၂၂
၁၆	တနသ်ာရီသားငါးယောက်တို့အခဏ်း	၂၄
၁၇	အောင်မြေနင်းသောအခဏ်း။	၂၅
၁၈	နန်းတည်ရာမြေရွေးသောအခဏ်း။	၂၅
၁၉	ကဝိစိန္တာအမတ်ကြီးသည်။ နန်းအိမ်ဆောက်လုပ်သောအခါ။ ရွေးရာသောမြေ၏အကြောင်း ၉-ပါးကိုလျှောက်ထားခြင်း။	၂၈
၂၀	မြို့နန်းမြေရာကို။ သုခ်သင်ရှင်းလင်းပြီးနောက် ကန်နက်လေးချက်စီရင်ပုံကို ပြခြင်း။	၃၅
၂၁	ပြိုဟ်နတ်သျှန္တိဟုံး ပူဇော်ပုံ၌။ ဂါထာတို့နှင့်စုံညီစွာ ရွတ်ဘသ်ရင်ထုံးရှိကြောင်းကိုပြခြင်း။	၃၆
၂၂	၎င်းမြေကျမ်းတွင်။ ဗုဒ္ဓဘာသိတ။ မဟာသမယသုတ်ကို။ နတ်တို့စုံမက် နှစ်သက်ကြောင်း။ ဝတ္ထုစသည်ကိုပြခြင်း။	၄၅
၂၃	မြို့နဂိုရ်တည်ထားလုပ်ဆောင်ရာ။ မူလနဂရသာခနဂရကို ခွဲ၍ပြခြင်း။	၄၇

၂၄	မြို့၏သဏ္ဍာန်။ ပမာဏ။ အကျယ်အစောက်ပမာဏတို့ကိုလည်း။ ပုံထုံးသက်သေနှင့်။ တင်ပြလျှောက်ထားခြင်း။	၄၉
၂၅	မြို့တန်ဆာဆင်ယင်သောအားဖြင့်။ စီရင်ခြင်းကိုလျှောက်ထားခြင်း။	၅၁
၂၆	မြို့၏အတွင်း၌။ အဆောက်အဦးကို။ စီရင်အပ်ကြောင်းဖြင့် တင်လျှောက်ခြင်း။	၅၇
၂၇	ရဇ္ဇုင်မြောက်သောအမှီကို။ ခိုမှီသောအားဖြင့်စီရင်ပုံကို။ လျှောက်ထားခြင်း။	၅၉
၂၈	နန်းတည်ရာမြေအစီအရင်ကိုးပါးကိုပြခြင်း။	၅၉
၂၉	ရတနာခုနစ်ပါးကိုလျှောက်ထားခြင်း။	၆၅
၃၀	ကဝိစိန္တာအမတ်ကြီးအားဆုလာဘ်ပေးခြင်း။ ကမ္ပည်းစာတွေ့ ကြောင်းလျှောက်ထားခြင်း။ မြို့တည်ပုံစီမံခြင်းကိုပြခြင်း သက္ကရာဇ်-၁၇-ခုနှစ်။ တိုင်းပြည်။ မြို့စတည်သည်ကိုပြခြင်း။ ပဥ္စမပိုင်း	၆၅
၃၁	သက္ကရာဇ်-၁၉-ခုနှစ်။ ပြီးစီးကြောင်းကိုလျှောက်ခြင်း။	၆၈
၃၂	ဘာနုမရာဇာမင်းမြတ်နှင့်။ မိဖုရားကြီးတို့တိုင်ပင်ကြခြင်း။ အိမ်ရှေ့မင်းနှင့်။ အိမ်ရှေ့မိဖုရားတို့အား။ ဆုတော်ပေးခြင်းစသည် ကိုပြခြင်း။	၇၁
၃၃	ဘာနုမရာဇာမင်းကြီးနတ်ရွာစံသော။ နှစ်ကိုပြခြင်း။	၇၂
၃၄	ညီတော်နရိန္ဒမင်းသားသည်။ နောင်တော်နရုတိမင်းအား သနားဘွယ်ရာလျှောက်တင်ပုံကိုပြခြင်း။	၇၃
၃၅	၂၀-ပြည့်နှစ်။ သထုံပြည်မှ။ ကလိန်အောင်မြို့သို့ နရုတိမင်းမြတ်ကြွလာခြင်းစသည်ကိုပြခြင်း။	၇၄
၃၆	ကဝိစိန္တာအမတ်ကြီးသည်။ ရွှေအမျိုးအမည်စသည်ကို တင်လျှောက်သောအခဏ်း။	၇၆

၃၇	ကဝိစိန္တာအမတ်ကြီးသည်။ စကားအရာအင်္ဂါလေးတန်ကို။ ထုံးသက်သေဝတ္ထုတို့ဖြင့်။ တန်ဆာဆင်လျက် တင်လျှောက်သော အခဏ်း။	၈၁
၃၈	နရုတိမင်းမြတ်နှင့်။ မိဖုရားခေါင်ကြီးတို့ ဥယျာဉ်တော်ကို လှည့်လည်ရှုစားတော်မူခြင်း။ မေတ္တာမြို့ဝန်က မြကျောက်ဆက်သရောက်ခြင်း။ ရွှေနန်းပြာသာဒ်တော်ကို မေးတော်မူသည်ကို။ ဖြေဆိုလျှောက်ထုံး။	၉၅
၃၉	ပလ္လင်လုပ်ရိုးကိုတင်လျှောက်သောအခဏ်း။	၉၇
၄၀	မြေနန်းတော်ကို။ တည်ဆောက်လုပ်ရာဝယ်။ ရှေးပဝေဏီအဆက်။ နယဂ္ဂါဟ။ ထုံးသာဓကနှင့်။ တင်ပြလျှောက်ထားသောအခဏ်း။	၁၀၀
၄၁	ရေသဖန်းပျဉ်၌။ ပဒုမ္မာကြာချပ်ရေးခြင်း။ ကွမ်းစဉ်အဆုံး စီမံပုံထုံးတို့ကို။ အနှုန်းသာဓက၊ ကျမ်းဂန်ပြ၍။ တင်လျှောက်သောအခဏ်း။	၁၀၁
၄၂	ရွှေနန်းဆောင်အပြားတို့ကို။ ခွဲခြား၍လျှောက်တင်သောအခဏ်း။	၁၀၂
၄၃	သဘင်နန်းဟုခေါ်ခြင်းကိုငင်း။ နန်းမိုး၌ငှက်စောင့်ထားခြင်းကိုငင်း။ ဥတေနဇာတ်ကို။ သာဓကပြု၍။ တင်ပြလျှောက်သောအခဏ်း။	၁၀၆
၄၄	သဋ္ဌာလီဟု။ ခေါ်ဝေါ်ပုံကို။ အာဂုံယုတ္တိနှင့်တကွ။ ပြသတင်လျှောက် သောအခဏ်း။	၁၀၆
၄၅	မျက်နှာကြက်။ ကြာယပ်-သလွန်-ညောင်ရွက်-ပြုလုပ်ပုံကို။ စေ့စုံမိပွါယ်။ မှတ်ဘွယ်တခု။ ဝတ္ထုသက်သေနှင့်တကွ။ တင်ပြ လျှောက်ထားသောအခဏ်း။	၁၀၇
၄၆	ကွမ်းစဉ်အတွင်း၌။ တည်ထားသောကြေးပြာသာဒ်တော်ကို။ ထုတ်တော်အသုံး။ ရှေးထုံးနှင့်တကွ။ တင်ပြလျှောံသောအခဏ်း။	၁၁၀
၄၇	ရွှေကိုနန်းစဉ်။ မင်းရုပ်ထုလုပ်။ တည်ထားခြင်းကို။ မှတ်သားဘွယ်ရာလျှောက်သောအခဏ်း။	၁၁၁
၄၈	စည်တော်အခန်းအနားတို့ကို။ တီးပုံနှင့်တကွ တင်လျှောံသောအခဏ်း။	၁၁၂

၄၉	ဝင်းလေးမျက်နှာ။ အလံလေးစင်းကို။ တင်လျှောက်သောအခဏ်း။	၁၁၅
၅၀	မင်းဟူ၍ခေါ်ဝေါ်ခြင်းကို။ ဆန်းကြယ်စွာတင်လျှောက်သောအခဏ်း။	၁၁၅
၅၁	မိဖုရားမည်ခြင်းကို။ လျှောက်တင်သောအခဏ်း။	၁၂၂
၅၂	အိမ်ရှေ့မင်းမည်ခြင်းကို။ တင်လျှောက်သောအခဏ်း။	၁၂၃
၅၃	မင်းခယောက်ျားဟု။ ဆိုရာအကြောင်းကိုလျှောက်ခြင်း။	၁၂၄
၅၄	ဘိသိက်ခံခြင်းကို။ ဝတ္ထုနိပါတ်။ သာခကေအရပ်ရပ်တို့နှင့် စေ့စပ်ခိုင်လုံစွာ။ လျှောက်တင်သောအခဏ်း။	၁၂၅
၅၅	ဘိသိက်သွန်းပုံအစီအရင်ကို။ ရွတ်ဆိုရန်ပါဠိအနက်တို့နှင့် အမျိုးသုံးပါးတို့က။ ပြုလုပ်ရန်အခြင်းအရာကိုဌင်း။ ခွဲခြားလျက်။ မှတ်သားဘွယ်တင်လျှောက်ခြင်းအခဏ်း။	၁၃၀
၅၆	ဘိသိက်သွန်းလောင်းရာ၌။ ဗုဒ္ဓဘာသိတ။ မဂဓဘာသာဖြင့်ရွတ်ဆို။ ဘတ်သင့်ကြောင်းကိုပြခြင်း။	၁၃၃
၅၇	ခရုသင်း-၂-လုံးအမည်ကို။ ခွဲခြားဝေဘန်လျက်။ တင်လျှောက်သောအခဏ်း။	၁၃၅
၅၈	အမျိုးသုံးပါးကိုပြခြင်း။ ဘွဲ့နာမကိုပြခြင်း။ ခရုသင်းသုံးလုံးကိုပြခြင်းအခဏ်း။	၁၃၅
၅၉	မင်းမျိုးအပြားကို ပြသောအခဏ်း။	၁၃၆
၆၀	အရပ်ဒေသနှင့်။ မင်းတို့၏အမည်အထူးအပြားစသည်ကိုပြခြင်း။	၁၄၀
	(ဒုတိယပိုင်းပြီး၏)	
၆၁	မယားအပြားခုနစ်ပါးကိုတင်လျှောက်ခြင်းအခဏ်း။	၁၄၂
၆၂	မင်းခယောက်ျားကို ဆိုရာအခဏ်း။	၁၄၃
၆၃	မင်းတို့ကျင့်အပ်သော။ အပ္ပမာဒ တရားအခဏ်း။	၁၅၃
၆၄	တရားဆုံးဖြတ်ရာ။ အင္ဂုကရဏ။ လွှတ်ရုံးတော်အခဏ်း။	၁၅၇

၆၅	ရေမြေသေဥ္ဇနင်းမင်းတို့။ မေတ္တာတရားကိုပွားများထိုက်ကြောင်းကို လျှောက်သောအခဏ်း။	၁၅၉
၆၆	မင်းတို့၌ ပြည့်စုံရာသော။ သတ္တိသုံးပါးကိုတင်လျှောက်သော အခဏ်း။	၁၆၁
၆၇	သင်္ဂဟတရားလေးပါးကိုပြသောအခဏ်း။	၁၆၂
၆၈	ရန်ကို အောင်နိုင်စေတတ်သော တရားလေးပါး အခဏ်း။	၁၆၄
၆၉	ရေမြေ သေဥ္ဇနင်းမင်းတို့၏။ အားငါးပါးကို ပြသောအခဏ်း။	၁၆၅
၇၀	ရန်ကိုအောင်ကြောင်း ငါးပါကို။ လျှောက်ခြင်းအခဏ်း။	၁၆၆
၇၁	မင်းတို့နာယကဂုဏ် ခြောက်ပါးကို လျှောက်ခြင်းအခဏ်း	၁၆၆
၇၂	ရာဇဂုဏ်ခြောက်ပါးကို။ လျှောက်ခြင်းအခဏ်း။	၁၆၆
၇၃	မင်းတို့ကျင့်ရာ။ အပရိယာနိယတရား။ ခုနစ်ပါးအခဏ်း။	၁၆၈
၇၄	ရာဇဂုဏ်ရှစ်ပါးကို။ ပြသောအခဏ်း။	၁၇၈
၇၅	ရေမြေသသေဥ္ဇနင်းမင်းတို့၏။ တရားကိုးပါးအခဏ်း။	၁၇၉
၇၆	မင်းကျင့်တရား။ ဆယ်ပါးအခဏ်း။	၁၈၀
၇၇	ဒေါသပဟာနဓမ္မအခဏ်း။	၁၈၆
၇၈	အမျက်ဒေါသကို။ ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အကျိုးထူးကို ပြခြင်းအခဏ်း။	၁၉၁
၇၉	အထူးအားဖြင့်။ အမျက်ဒေါသကို။ သိမ်းဆည်းအပ်ကြောင်းကိုပြခြင်းအခဏ်း။	၁၉၂
၈၀	မင်းတို့သည် ကျီစယ်မှုမှ။ ရှောင်ကြဉ်ရာအခဏ်း။	၁၉၃
၈၁	ရယ်ရွှင်ပြောင်လှောင်။ ကျီစယ်မှုကြောင့်။ လကုဏ္ဍကဘဒ္ဒိယမထေရ်၏။ ဝိပါက်ထိုက်ဟန် ဝတ္ထုကိုပြခြင်း။	၁၉၄
၈၂	မင်းတို့သည်မမေ့အပ်သော။ အရပ်သုံးပါးကို ပြခြင်း။	၁၉၈

၈၃	မင်းတို့သည်စကြာမန္တါတ်။ ဖြစ်ခြင်း၏အကြောင်းသုံးပါးနှင့်။ ပြည့်စုံရာသည်ကို။ ပြခြင်းအခဏ်း။	၁၉၉
၈၄	ကပိစိန္တာအမတ်ကြီးသည်။ ဃောသိတ။ ရဟန္တာအရှင်မြတ်အား။ မင်းတို့နတ်ရွာသုဂတိသို့ရောက်ကြောင်း တရားကို။ လျှောက်ထားတောင်းပန်ချက်အရ။ မြတ်စွာဘုရားဆုမ္မအပ်သော။ ဇာတ်ပါဠိတော်ဖြင့်ဟောကြားပုံကိုပြခြင်း။	၂၀၀
၈၅	ရှိသေထိုက်သည်ကို။ ပြသောအခဏ်း။	၂၀၃
၈၆	အိမ်ရှေ့မင်းအမှုးရှိသော။ မင်းညီမင်းသားတို့။ ကျင့်ရန်ကိုပြခြင်းအခဏ်း။	၂၀၄
၈၇	အိမ်ရှေ့မင်းအမှုးရှိသော။ မင်းဆွေမင်းမျိုးတို့။ ကျင့်အပ်သည်ကိုပြသောအခဏ်း။	၂၀၇
၈၈	အိမ်ရှေ့မင်းတို့။ မပြတ်အောက်မေ့အပ်သော။ တရားခြောက်ပါးကိုပြသောအခဏ်း။	၂၁၀
၈၉	အိမ်ရှေ့မင်းတို့။ ကျင့်ဆောက်တည်ရာသော။တရားရှစ်ပါးအကြောင်းကို ပြခြင်းအခဏ်း။	၂၁၁
၉၀	အိမ်ရှေ့မင်းတို့အားငါးပါးကိုပြခြင်းအခဏ်း။	၂၁၂
၉၁	မဟေသီဓမ္မအခဏ်းကိုပြခြင်း။	၂၁၃
၉၂	မိန်းမတို့အားငါးပါး။ အကြောင်းကိုပြခြင်းအခဏ်း။	၂၁၅
၉၃	စစ်သူကြီးတို့၏ အခဏ်းကိုပြခြင်း။	၂၁၈
၉၄	စစ်ခင်းကျင်းခြင်းစသောပါဠိ။ သံပိုင်းရတုတို့ကိုပြခြင်းအခဏ်း။	၂၂၃
၉၅	သူရဲတို့၏ အခဏ်းကိုပြခြင်း။	၂၂၉
၉၆	အမှာတော်ရေး။ အမိန့်တော်စာရေးတို့ကိုပြခြင်း။	၂၃၁
၉၇	အသုံးစာရေး။ ဂဏန်းသင်္ချာတတ်ကုန်သော။ အမတ်တို့ကိုပြခြင်း။	၂၃၃
၉၈	မင်းဆရာပုရောဟိတ်မည်သည်ကိုပြခြင်း။	၂၃၄

၉၉	ပရောဟိတ်ပုဏ္ဏားတို့၏ ကျင့်ရာဝတ်တရားအကြောင်း။	၂၃၆
၁၀၀	စလွယ်တင်ဆောင်သောမျုးမတ်ပုဏ္ဏားတို့။ ကျင့်ရာဝတ်တရားကိုပြခြင်း။	၂၃၆
၁၀၁	နားခံ။ သံတော်ဆင့်တို့။ ကျင့်ရာသောဝတ္တရားကိုပြခြင်း။	၂၃၈
၁၀၂	ကလံ။ အမတ်တို့အကြောင်းကိုပြခြင်း။	၂၃၉
၁၀၃	သံပြင်အမတ်တို့၏အကြောင်းကိုပြခြင်း။	၂၃၉
၁၀၄	အနောက်ဝန်တို့၏။ အကြောင်းကိုပြခြင်း။	၂၄၀
၁၀၅	သူလျှိုတို့၏။ လက္ခဏာကိုပြခြင်း။	၂၄၁
၁၀၆	ပညာရှိတို့နှင့်ပေါင်းသင်းရာ၌။ အကျိုးထူးကိုပြခြင်း။	၂၄၃
၁၀၇	သူတပါးကိုမကောင်းကြံစီခြင်းကြောင့်။ မိမိ၌။ ပဋ္ဌမဒုက္ခရောက်၍။ ပျက်စီးသေဆုံးရခြင်းဝတ္ထု။	၂၄၅
၁၀၈	မင်းခယောက်ျားတို့၏။ အင်္ဂါလက္ခဏာအကြောင်း။	၂၅၀
၁၀၉	ဂန္ဓါလရစ်ပြည်သို့။ ပညာသင်စေလွှတ်သောအခဏ်း။	၂၅၂
၁၁၀	ကဝိစိန္တာအမတ်ကြီး။ စေါတည်ဘုရင်ထံမှသင်ယူခဲ့သော ပညာတို့ကိုပြခြင်း။	၂၆၆
၁၁၁	ယိုးဒယားဘုရင်။ ယွန်းဘုရင်။ ဇင်းမယ်ဘုရင်ထံမှ။ ဆက်သအပ်သော။ ဒန်ဖြူစီရင်နည်းပညာတို့ကိုပြခြင်း။	၂၇၄
၁၁၂	အနန္တပြာဖေါ်နည်းကိုပြခြင်း။	၂၇၉
၁၁၃	ဘော်ပြာပြုလုပ်ထုံးကိုပြခြင်း။	၂၈၀
၁၁၄	ရဟန္တာငါးပါးတို့အခဏ်းကိုပြခြင်း။ [၁၁၄–၁၁၆ ပေါင်းစပ်]	၂၈၁
၁၁၅	နရုတိမင်းတရားသည်။ ရှေးဘဝက-ဃောသိတရဟန္တာအရှင်မြတ်၏ သားဖြစ်ကြောင်းကိုပြခြင်း။	၂၈၃

၁၁၆ သထုံရာဇဝင်ကြီးနှင့်ညှို၍ပြခြင်း။ ၂၈၅

၁၁၇ ဆံတော်ရှင်စေတီတော်၏။ ဥပ္ပါတ်ပြနာတိုက်ဖွင့်အခဏ်း။ ၂၈၉

၁၁၈ ၎င်းစေတီ၌၊ ဥပ္ပါတ်ပြနာအသစ်ပြုလုပ်သည်ကိုပြခြင်း။ ၂၉၀

၁၁၉ မှီအုံးတောင်၌၊ ရန်ပြေဘုရားတည်ကြသောအခဏ်း။ ၂၉၄

၁၂၀ ဆင်ဖြူတော်ဆက်သသောအခဏ်း။ ၂၉၉

၁၂၁ နရိုတိမင်းမြတ်။ နတ်ရွာစံကြွရာ၌။ မိဖုရားကြီး-ငိုတော်မူပုံ။ ရှေးထုံးစံအတိုင်း။ အဝတ်ဖြူလဲခြင်းသစ်စင်တင်ခြင်း။ ၃၀၄

၁၂၂ နရာဒီပမည်သောသားတော်။ အိမ်ရှေ့မင်းမြတ်သည်။ ခမည်းတော်၏အလောင်းတော်ကို-ရှေးမင်းတို့ထုံးစံအတိုင်း လွမ်းဆွတ်လျက်ပင် သင်္ဂြိုဟ်ခြင်း။ ၃၀၇

ထားဝယ်သမိုင်းချုပ်။ မူပိုင်ရှင်-ဦးမောင်ကြီး။ ၃၁၁

Appendix 1 : *Dawei Thamine Chok*, by Sayadaw U Gu-na 311

Appendix 2 : Chapter summaries of the *Hta-wei Yazawin Tawgyi*, written and translated by Ni Ni Aung ၃၃၃ 333

ထားဝယ်မြို့ သမိုင်း။

၁ ~ 1

ဗုဒ္ဓံ၊ဓမ္မံ၊ သံဃံ၊ မာတာပီတု၊ အာစရိယံ၊ အဟံဝန္ဒာမိ။

ရိပုံဇယျတု။ ။ သေဋ္ဌဇေဋ္ဌဝံသုတ္တမ၊ အတုလအစိန္တေယျ။ နိဗ္ဗာနသာမိ။ လောကိရတနာ။ မင်္ဂလာရွှေကုံးသဖွယ် ဖြစ်တော်မူသော။ သုံးလုထွဋ်ထား။ သဗ္ဗညုတ၊ သုဂတခေါင်ဖျား။ ဘုရားသခင်သည်။ အပွရာဇိတ၊ ဋ္ဌာနမောဠိ။ ဖေါမိပင်မဟာ။ ပလ္လင်္ဂရတနာကို။ အောင်တော်မူပြီးနောက်။ ဆဲ့တစ်ဝါမြောက်၌။ ချွတ်ထိုက်သောသတ္တဝါ။ ဝေနေယျာတို့ကို။ တေဇောဉာဏ်ထု။ စံမတုနိုင်သော။ စက္ခုတော်သိမှုဖြင့်။ ကြည့်ရှုတော်။ မူလေသော်။ ကဋ္ဌာဝါဟနတိုင်း။ ဝေမိဿကတောင်၌။ ဂဝံပတေ့။ ရသေ့ကိုငှင်း။ ဒူရက နတ်သား ကိုငှင်း။ ကုမ္ဘဏ္ဍာရက္ခ။ နတ်ဘီလူးကိုငှင်း။ ဗျာဒိတ်တော် ထားအံ့သော အကြောင်းကို မြင်တော်မူ၍။ မြသပိတ်တော်ကို။ ယူတော်မူပြီးလျှင်။ မြောက်ဥတ္တရကုရုကျွန်းသို့။ ဆွမ်းခံကြွတော်မူပြီးနောက်အပြန်။ စျာန်ယာဉ်ခရီးဖြင့်။ မြတ်စောထီး ကြွလာသည်ကို။ နတ်ဘီလူး မြင်လေသော်။ အဟော်ဝတ။ ပုဂ္ဂလဝိသိဋ္ဌ၊ တရုတမသခင်။ ဘုရားသျှင်၏။ ကြန်အင်လက္ခဏာ။ အဖြာဖြာ တို့ကို။ သိသာလိုမှု။ အာရုံပြုလျက်။ ထက်ချပ်ပင်လိုက်လာ၍။ စောသတ္တ ဘဂဝါနှင့်။ ဝေမိဿကတောင်သာ မှာအတွေ့။ ဂဝံပတေ့ရသေ့လည်း။ သစ်သီးရှာအပြန်။ ဒူရကနတ်သားကလည်း နတ်သစ်သီးအလှူ။ လာတော်မူသည့်အခိုက်။ သုံးဦးသားကြုံကြိုက်၍၊ ကျွတ်ထိုက်သည့်သတ္တဝါ။ ဂဝံပတေ့ တာပသက။ ရိုသေစွာ လျှောက်ထားသည်မှာ။ ။အရှင်ဘုရား။ ဤတော။ ဤပြည်ဤနေရာသည်။ ဘယ်ဘုရားလက်ထက်ကပင်။ ရှိပါသနည်း။ နောင်သောအခါ။ ဤနေရာ၌။ မည်သို့သာဖြစ်ပါမည်နည်း။ ဘုရားတပည့်တော် တာပသ။ ဂဝံပတေ့အား။ သနားသဖြင့်။ ရှာ၍လာအပ်သော။ သစ်သီးဆွမ်းတို့ကို။ အကုန်အစင်။ ဘုဉ်းပေးတော်မူပါဘုရားဟု။ လျှောက်ထားလေလျှင်။ ဒူရကနတ်သားကလည်း။ မိမိ၌ ပါလာသော။ နတ်သစ်သီးတို့ကိုလှူဒါန်းလေ၏။ ကုမ္ဘဏ္ဍာနတ်ဘီလူးလည်း။ မိမိတောင်၌ရှိသော။ စုမ္ဘိရအမည်ရှိသော။ နတ်သုဒ္ဓာပိန္နသီး ထွာဆိုင်ခန့်ကိုလှူဒါန်းလေ၏။ ထိုသုံးဦးသော။ ရသေ့နတ်သားဘီလူးမင်းများကို။ ဘုရားသုံးလု။ သဗ္ဗညု့သည်။ အထူး

ကရုဏာ တရားပွားများတော်မူ၍။ နိယတဗျာဒိတ်ပန်းကို။ ဆင်မြန်းတော်မူစေခြင်းငှါ။ ။ချစ်သား ဂဝံပတေ့။ ယခုငါဘုရားဟော ကြားတော်မူသောတရားကို။ နာယူပါမူ ရဟန္တာဖြစ်လတန့်။ ဤအရပ်၌ပင်၊ နိဗ္ဗာန်ယူလတန့်။ ဒုက္ခသစ္စာကိုသင်မြင်လော့၊ သမုဒယသစ္စာကို သင်မြင်လော့၊ နိရောဓသစ္စာ။ မဂ္ဂသစ္စာကို သင်မြင်လော့။ မြင်အံ့သောအကြောင်းကား။ ဤဘဝမှသည်။ ဘဝအသင်္ချေ။ မရေနိုင်ရာ။ ငါးဝခန္ဓာ။ နတ်ကားလူဖြစ်။ ကျလစ်ငရဲ။ စံမြဲစည်းစိမ်။ ရွှေအိမ်ရွှေနန်း။ တခမ်းဥစ္စာ။ ဘောဂါခနေ။ ကွယ်ဝပြည့်စုံ။ သုံးမကုန်အောင် စံတုံလေငြား။ သေမင်းများကို။ သင်ကားမပိုင်။ ခရိုင်မြို့ပြ၊ စွန့်ပစ်ရ၍။ ခနရွှေငွေ။ ခြွေရွေသူများ။ သားမယားနှင့်။ သင်ကားသွားရာ။ မလိုက်ပါသည့်ပြင်။ အသင်ခန္ဓာ။ ဤကာယာကို။ မြေမှာစွန့်ပစ်။ ဘဝသစ်သို့။ ပြောင်းလစ်ထိုနည်း။ ရုပ်နံ့မှီး၍။ ကြီးသည်ဒုက္ခ။ တွေ့ကြုံရလိမ့်။ ဒုက္ခသစ္စာသင်ထင်ပါလောဟု။ ပဌမဒုက္ခသစ္စာတရား၌ပင်။ သောတာပတ္တိမဂ်။ သောတာပတ္တိဖိုလ် ကစ၍ တည်ပြီးလျှင်ရဟန္တာဖြစ်တော်မူလေ၏။

ထိုနောက်ဆံတော်မြတ်သုံးဆူကို။ သုံးသပ်ယူတော်မူ၍။ ချစ်သားဒူရကနတ်သား။ ငါ၏ဆံတော်သုံးဆူကို။ သင်လက်ခံ ယူလောဟု။ ပေးတော်မူပြီးလျှင်။ ဤဝေမိဿကတောင်မှ။ မြောက်အရပ်သို့။ လက်ညှိုး ညွှန်တော်မူ၍။ ကုမ္ဘဏ္ဍာရက္ခဘီလူးမင်း၏နေရာ။ အရှေ့ ကြပ်ကြပ်။ ဝေဿဝဏ္ဏာတောင်ကုန်း၌။ ကကုသန်။ ကောဏာဂုံ။ ကဿပစသော။ နောင်တော်သခင်။ ကျေးဇူးသျှင်တို့သည်။ ဤတောင်ကုန်း၌။ ဆံတော်ဓါတ်မြတ်ကို။ ဌါပနာမြဲတည်း၊ ငါ၏ဆံတော် ဓါတ်မြတ်သုံးဆူကိုလည်း။ ဘီလူးမင်းအားအပ်၍။ ထိုတောင်ကုန်း၌။ ဌာပနာလေလောဟု။ မိန့်တော်မူပြီးလျှင်။ ထိုဘီလူးမင်းသည်။ ငါဘုရားနှင့်တကွ။ ဆံတော်ဓါတ်မြတ်ကို။ ကြည်ညိုရသော ကောင်းမှုကုသိုလ် ထူးကြောင့်။ ငါဘုရားပရိနိဗ္ဗာန်မစံမီ၊ သုဝဏ္ဏာဘုမ္မိတိုင်း။ သထုံပြည်၌။ သီဟရာဇာမင်းကြီး၏ သားတော်။ ဘာနုမရာဇာအမည်ရှိသော။ မင်းဖြစ်၍ ရွှေနန်းစည်းစိမ်စံတော်မူလျှင်။ ငါဘုရားပရိနိဗ္ဗာန်စံပြီး။ တနှစ်မြောက်၌။ ထိုမင်း၏မိဖုရား၊ သုဝဏ္ဏာရူပ မဟေသီ၏ ဝမ်း၌။ ကိန်းပိုက်သန္ဓေ။ တည်နေလတန့်။ ထိုရောအခါ။ ဩဘာလွန်ထင်ရှား။ အသင်ဒူရကနတ်သားကို။ အစွဲပြု၍။ ဒူရကတိုင်း။ အောင်သာဝတီ။ ကလိန်အောင်မြို့ကို။ တည်တော်မူ၍။ ရွှေနန်းစံသည်အခါ။ အပြည် ပြည်၌ရှိသော။ မင်းတို့နှင့်သင့်တင့်ကြ၍။ ငါ၏သာသနာသည်။ နေရောင်ဝါကဲ့သို့။ ထွန်းလင်းစည်ကား တော်မူလတန့်။ သင်နတ်သားအား၊ သိကြားနတ်တို့စောင့်မကြည့်ရှုကုန်လတန့်။ အနောက်မဇ္ဈိမတိုက်မှ၊ ငါဘုရားတရားတော်ကို နာရသောအမတ်ပညာရှိ။ ခစားလာရောက်လတန့်၊ ဂန္ဓာရတိုင်းမှ။ ငါဘုရား တပည့်သား ရဟန္တာတို့။ ကြွလာကြကုန်၍။ သင်

နေသောမြို့တော်၌။ သာသနာတော်ကို၊ ပြုစုဟောကြား ကြကုန်လတန့်။ ထို နောက်။ အရှေ့အရပ်ကို လက်ညှိုးညွှန်တော်မူ၍။ ဣဿိဖြုံတောင်ကုန်းကို။ ပြ တော်မူပြီးလျှင်၊ ငါ၏သရီရဓါတ်တော်ကို။ ဇင်းမယ်မင်း။ အရုဒ္ဓယမင်း။ ယွန်းမင်း။ သင်နတ်သားကား။ နရုတိမင်းအမည်တွင်၍။ ၎င်းနရုတိမင်းပါ။ မင်းလေးပါးတို့စစ် ကြီး ခင်းကျင်းလျက်။ ပေါင်းစည်းကြပြီးလျှင်။ စေတီတည်၍။ ကိုးကွယ်ကြကုန်လ တန့်။ ထိုနောက် တောင်အရပ်ကို။ လက်ညှိုးညွှန်တော်မူပြီးလျှင်။ သုဝဏ္ဏသေလ ပဗ္ဗတ တောင်ကုန်း၌၊ ယွန်းမင်းသမီးသည်။ ငါ၏သရီရ ဓါတ်တော်ကို ဌာပနာပြီး လျှင် စေတီတည်၍။ ကိုးကွယ်လတန့်။ ထိုမြို့၏အင္ဂူစွန်း။ သေလပဗ္ဗတတောင်၌။ ငါ၏အံတော်ဓါတ်မြတ်ကို။ နဂါးစစ်သူကြီးယူလာဝှက်ထား၍။ ကိုးကွယ်နေသည် ကို ငါ၏တပည့်သား ရဟန္တာ နှစ်ပါး ကြွလာလျက်။ အရညတင် စုတင် ဆောက်တည်ပြီသော်။ တနင်္သာရီတိုင်းကိုအမှီပြု၍။ ဆွမ်းအလို့ငှါ။ နေ့စဉ် ဈာန် သမာပတ်ဖြင့်ကြွသွား။ တရားဟောတော်မူပြီးလျှင်။ သီတင်းသုံးတော်မူခိုက်၊ စကြာရမင်း ရောက်သည်အခါ။ ၎င်းငါ၏အံတော်ကို။ ဌာပနာ၍။ စေတီတော် တည်လတန့်ဟု။ ဗျာဒိတ်ပေးတော်မူသောအဆုံး၌နတ်သားနှင့်တကွ။ ကုမ္ဘဏ္ဍာရ က္ခ ဘီလူးမင်းတို့သည်။ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍။ ထိုဆံတော်ဓါတ် သုံးဆူကို။ ဒူရကနတ်သား။ ဝေဿဝဏ္ဏစသောနတ်မင်းကြီးလေးပါးတို့ကို၊ ရွှေပန်း တောင်းနှင့် လာစေသတည်းဟု။ တလိုက်သောအခါ။ ထိုနတ်မင်းကြီးလေးပါး တို့သည်။ နဝရတ်၉-ပါးဖြင့်ချယ်လယ်အပ်သော။ ရွှေပန်းတောင်းကိုယူလာ ကုန်၍။ ရိုသေစွာဒူးတုပ်ပြီးသော်။ ဆံတော်ဓါတ်မြတ်ကို ခံယူပြီးလျှင်၊ ရက္ခသေန ဘီလူးမင်းနှင့်။ နတ်မင်းကြီးလေးပါးတို့ကိုထည့်လိုက်၍။ တောင်သမုဒ္ဒရာ၌။ လုံးပတ်ထွာဆိုင်။ အလျားတောင်ဆုပ် ပမာဏရှိသော။ ပတ္တမြားစေတီကြုတ်ကို ယူဆောင်ပြီးသည်ကာလ။ ဆံတော်ဓါတ်မြတ်ကို။ ဌာပနာတော်မူပြီးလျှင်။ ဘီလူး မင်းကြီးအား။ အပ်နှင်းလေသော်။ ဘီလူးမင်းကြီးနှင့်တကွ။ ပြည်သူပြည်သား တို့သည်။ အလွန်ဆန်းကျယ်သော မဏ္ဍပ်ကြီးအတွင်းသို့။ ပင့်ဆောင်တင်သွင်း၍။ အချိန်အခွက် နှစ်ရာစီးသော။ ရွှေသားစေတီတော်ကို။ နဝရတ်ကိုးပါးဖြင့်။ ချယ် လှယ်လျက်။ ပတ္တမြားစေတီတော်ကိုငုံ၍။ ရွှေကလပ်ပေါ်သို့တင်တော်မူပြီးလျှင်။ သုံးလပတ်လုံး။ သဘင်အတီးအမှုတ် အက-အခုန်တို့နှင့်။ ကြီးစွာသော ပူဇော်ခြင်း တို့ဖြင့်။ ပူဇော်ကြကုန်၍၊ ဝေဿဝဏ္ဏ တောင်ကုန်းကိုလည်း။ အစောက်အတောင် လေးဆယ်။ အနံအတောင် သုံးဆယ်တူးပြီးမှ။ ကျောက်အင်္ဂတေတို့ဖြင့်။ သေသပ် ချောမွေ့စွာ ပြုလုပ်စေပြီးလျှင်။ နဝရတ်ကိုးပါး တို့ဖြင့်ချယ်လှယ်သော တံခွန်ကြက်လျှာ ထီးတို့ကို၊ ဘီလူးမင်းကြီးဆင်မြန်းတော်မူသည်။ အလွန်အဘိုး

အနဂ္ဃ ထိုက်တန်သော တန်းဆာတို့ကို။ ပူဇော်လှူဒါန်းပြီးလျှင်။ ထိုစေတီတော်ကို။ အလွန်ချောမွေ့သော။ ကျောက်စားပွဲထက်၌တင်၍။ ဒူရကနတ်သား။ ဝေဿဝဏ္ဏာ စသော နတ်မင်းကြီး လေးပါးတို့နှင့် ကုမ္ဘဏ္ဍာရက္ခ ဘီလူးမင်း တို့သည်။ ဥပနာကြ လေကုန်သတည်း။

ထိုသို့ ဥပနာတော်မူပြီးမှ။ ကျောက်ကြီးကျောက်ငယ်။ အသွယ်သွယ် တို့ကိုရုံကာ။ ကောင်းမွန် သေသပ်စွာပြုလုပ်စေပြီးသော်။ တဆယ် ငါးတောင် ခန့်မျှ။ အရပ်တော်ရှိသော။ ကျောက်စေတီကို။ အပေါ်ကတည်ထားလေသည်။ ၎င်း ဘုရားသည်။ ဆုတောင်းတိုင်း ပြည့်စုံလေသတည်း။

ထိုနောက် ဂဝံပတော့ရသေ့သည်။ အရှင်ဘုရားကြွသွားတော်မူပါလျှင်။ အရှင်မြတ်၏ ခြေတော်စုံကို။ ခိုလှုံဖူးတွေ့။ ချမ်းမြေ့ စူးစိုက်။ ဦးတိုက်လိုပါ၏ဟု။ လျှောက်ထား တောင်းပန်သောကြောင့်။ ယခုနပုလယ်ရွာအနီး။ သီရိသုဝဏ္ဏာတောင်ကုန်း၌။ သုံးလုဘထွင့်ထား။ ဘုရားမြတ်စွာသည်။ ခြေတော်ရာ တဆူကို။ ချထားတော်မူလေသတည်း။

မြတ်စိန္တေသမ္ဗုဒ္ဓ။ ခြွေမိန့်ဟဗျာဒိတ်စဉ်။ ကျမ်းထိုမျှရာဇဝင်ကို။ ခုထင်ထင်တွေ့မြင်ရ၍။ ပါကဋ္ဌထုံးတွင်အောင်။ သုံးလုဘဇိနော်သျှင်သည်၊ ရှောင်တခင်မုဟုတ္တ။ စက်ဖြန့်ကြွသွားလေက။ တပည့်တော်တာပသအား။ ကရုဏာ တရားနှင့်။ သနားတော်မူပါလျှင်။ ခါနေ့စဉ်မပြတ်။ အထပ်ထပ်ကိုးကွယ်ရာ။ ရုပ်ပွားတော် ခြေတော်ရာကို။ ချရစ်တော်မူပါ ဘုရားဟု။ လျှောက်ထားပန်ဆင်။ တောင်းပန်ခြင်းအကြောင်းအင်ကြောင့်။ ကျေးဇူးသျှင်အနန္တ။ သုံးလောကမြက်ရှု။ သဗ္ဗညုထိပ်တင်သည်။ ဆင်ခြင်တော်မူပြန်သော်။ ကကုသန်နောင်တော်။ လက်ထက်တော်ထိုအခါ။ ဇင်းမယ်ရွာမည်တွင်။ ကောဏာဂုံ အရှင်၏ ပွင့်ရာစဉ်သမယ။ သာဂလပြည်သာ၊ ခေါ်ရာသတ်မှတ်။ ကဿပ၊ ဘဂဝါ၊ ပွင့်ပြန်လာက။ နာမန္တတ္တာ။ ဒွါရာဝတီ။ သညီမပျက်၊ အဆက်ပုံ့ပွား။ တို့ဘုရား။

အမှာစကား။

ငြင်းထားဝယ်ရာဇဝင်တော်ကြီးပညာပေါင်းချုပ်ကျမ်းကို။ နိဒါန်း၌ပါရှိသော။ ဆရာတော်ကြီးနှစ်ဆက်တိုင်တိုင်။ ပေထက်အက္ခရာတင်ထားလေသည်။ ထိုပေမူဟောင်းမှတဘန်။ မှန်ကန်စွာကူးယူစက်တင်ပုံနှိပ်အပ်ပါသတည်း။ ။ ထိုကျမ်းကြီး၌။ ဘသ်ရှုကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ နှစ်ထောင်းအားရ။ ဝမ်းမြောက်လွယ်ကူစွာ၊ လိုရာအချက်တို့ကိုလည်း။ သိကြစေခြင်းငှါ အောက်ပါ

သင်္ကေတလက္ခဏာဖြင့် ပြထားသည့်အတိုင်းမှတ်သား ဘသ်ရွတ်တော်မူကြပါကုန်။ ။ယခင်ဆရာတော်ကြီးတို့ပေမူ၌။ သုတရှာကြံကြံသောပညာရှင်တို့သည်။ အက္ခရာပဒ်။ လေခက။ ပမာဒလေခ။ ဗိုးဇဉ်းရှိသည်ကို။ ကောင်းသည်ထက်ကောင်းအောင်။ ပြင်ဆင်ကြံစေကုန်ဟု၊ အမှာတော်ပါရှိသည့်အတိုင်း။ အပြစ်ရှေ့ရှုခြင်းကိုမပြုကြမူ၍။ ဗုဒ္ဓဘာသိတ-သာဌကထာ။ ဋီကာဗျာကရဏ်း။ သိမ်းရုံးအလင်္ကာ။ အရာရာကို။ သမ္မာစိတ်ထား။ ဉာဏ်သွားသမ္မဇဉ်။ ပြင်ဆင်တော်မူကြပါကုန်။

ထိုရာဇဝင်တော်ကြီးဝယ် ✳ ၎င်းကဲ့သို့။ ချယားပွင့်တံဆိပ်ပါသည်ကို။ အဋ္ဌကထာ-ကျမ်းတို့၌ လာကြောင်းဖြင့်။ ယခင်ဆရာတော်ဘုရားကြီးများ။ ကိုးကားထည့်သွင်းချက်လက္ခဏာဟု။ မှတ်ယူတော်မူကြရန်။

“”၎င်းကဲ့သို့သောလက္ခဏာကို။ သရုပ်နှင့်။ ပါဠိတော်။ ဋီကာ။ သဒ္ဒါကျမ်းလောကီကြဏ်း။ စကားဝါကျ။ တခုစီသီးခြား၍ပြသည်။

( ) ထိုကဲ့သို့ပါရှိသော၊ လက္ခဏာကို-အထူးအားဖြင့် မှတ်သားလွယ်စေခြင်းငှါ-ပြထားသည်ဟု။ နှလုံးပြုတော်မူကြစေကုန်သတည်း။

လက်ထက်။ မွေးသက်ညံ့ကြွယ်။ နပုလယ်တည့်။ လေးသွယ်နာမံ။ ရွှမ်းရွှမ်းအံသည့်။ သံလွင်မြစ်ကမ်းရံ၌။ လမ်းမှန်ကျုန။ ရွှေပါဒဘယ်တော်ကို။ ဝါတော်မြတ်ဆယ့်တစ်ဝါ၌။ ကရုဏာရှေးရှု။ ချထားခြင်းပြုရာ။ ယွန်းဘာသာ၊ ဘားဗတ် မြမ္မာ ခေါ်ပညတ်။ ဂုဏာတ္တမိဘိ။ သုဝဏ္ဏသီရိ။ မည်ရှိသျှောင်ရိပ်။ တောင်တော်ထိပ်လယ်ချာ။ လျောက်ပတ်စွာခင်းကျင်း။ အမင်းမင်းတို့ပူဇော်ရာ။ မာသာဖဂ္ဂုဏီ။ လဘပေါင်းရာသီဝယ်။ ခါမှီစန်းတွေ့။ လပြည့်နေ့၌။ မဟော့မြတော။ ကြက်သရေလျှမ်းပေါ်ခြောက်မည်သော ရောင်ခြည်တော်တို့သည်။ ရှုမြော်မခမ်း။ အံ့ဘနန်းမျှ။ တက်ကြွပြန်သန်း။ အဆန်းအထူး။ ကွန့်မြူးပြာဋိဟာ။ ပြခါရိုးရဲ။ တခဲနက်တေဇာ။ စက်တော်ဦး ခြေတော်ရာကို။ များသတ္တဝါ ဝေဏေယျတို့၊ ကျိုးဖလဖြစ်စေမှုဖြင့်။ မြော်ရှုသနား။ ချထားတော်မူလေသတည်း။

ဗျာဒိတ်တော်အခန်း
သမိုင်းပြီး၏။

ထားဝယ်ရာဇဝင်တော်ကြီး။

၂ ～ 2

— ✳ (ပညာပေါင်းချုပ်။) ✳ —

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ငါတို့ဂေါတမထွဋ်ထား၊ ဘုရားမြတ်စွာ ပွင့်တော်မမူမီ။ ကောသလတိုင်း။ ပဉ္စာလရာဇ်ဘိုင်း။ နှစ်တိုင်း တို့ကို။ အစိုးရသော။ ပဉ္စာလရာဇ်မင်းက။ ကောလိယမင်းထံ။ အမျိုးဆက်အံ့သောငှါ။ အမတ်တို့ကို စေလွှတ်၍။ သမီးတောင်းရာ။ ကောလိယမင်းသည်။ ဇာတိမာန်ဖြင့်။ မချေငံသော စကားကို ဆိုလိုက်လေသတတ်။ ထိုစကားကိုစွဲ၍။ မင်းနှစ်ပါးတို့စစ်ဖြစ်ကြရာ။ ပဉ္စာလရာဇ်မင်းကနိုင်၏။ ကောလိယ။ ဒေဝဒဟ။ ကပိလဝတ်မည်သော။ သာကီဝင်မင်းတို့သည်။ စစ်ရှုံး ကြကုန်ရကား။ သုံးဖြာကွဲစဉ်အခါ။ အဘိရာဇာ အမည်ရှိသော။ သကျသာကီဝင်မင်းသည်။ ဗိုလ်ခြေအလုံးအရင်းနှင့် တကွ မဇ္ဈိမဒေသမှခွာခဲ့၍၊ သံဃဿရဋ္ဌမည်သော။ တကောင်းပြည်ကြီးကို။ တည်ထောင်စံနေတော်မူ၏။ ထိုအဘိရာဇာ အမည်ရှိသောမင်း၏ညီတော်။ သမိတရာဇာအမည်ရှိသော။ သကျသာကီဝင်မင်းသားမှူကား။ တရားသံဝေဂ ရသဖြင့်။ မင်းဖြစ်ခြင်း။ လူ၏အဖြစ်ဖြင့်။ နေခြင်းတို့ကား။ အဘယ်အကျိုးရှိတော့အံ့နည်းဟု။ တရားလုံးစွဲယူသုံ၍။ မိမိနှင့်သဘောတူညီကြကုန်သော။ သကျသကီဝင် မင်းသား သုံးကျိပ်နှစ်ယောက်တို့နှင့်။ နောင်တော်အဘိရာဇာ၏ထံမှ။ ခွာခဲ့၍။ မုန်သီး စိမ်သော အဝတ်ကို ဝတ်ဆင်ပြီးလျှင်။ ရသေ့ပြုလုပ်ခါနေကြကုန်သတည်း။ ထိုနေရာမှ။ အဘိကံသရာဇာ။ မင်းညီနောင်ငါး

ပါးတို့သည်။ သီးခြားခွဲလတ်၍။ အရပ်ရပ်လှည့်လည်။ ကျင့်ဆောက်တည်ကြကုန်ရာ။ သုဝဏ္ဏဘုမ္မိ။ ရွှေမြေကိုတွေ့ရှိက။ မိမိတို့ဆွေသားမျိုးသားတို့အား အကြောင်းကြားရန်။ ညီတော်လေးပါးတို့ကိုစေလွှတ်လိုက်လေသော်။ သံဃသာရဌမည်သော။ တကောင်းပြည်ကြီးသို့ရောက်ကြကုန်လျှင်။ ဝရီးတော် သကျကံသ။ ရာဇာမင်းထံ။ အကြောင်းကြား ကြကုန်သတတ်။ ထိုအခါဝရီးတော်ကား။ နှစ်သက်တော်မူသည်နှင့်။ ရှေးဦးစွာဗိုလ်ထုများစွာနှင့်။ လာလတ်၍မြို့တော်တည်မည်ဟု။ ကောင်းမြတ်သောနိမိတ်ကိုယူရာ။ ကျားငယ် ကိုသမင်ကလိုက်ခြင်းကိုငင်း။ မြင်ကြကုန်သည်တချက်။ လက်ျာရစ်မြက်တို့ပေါက်ကြသည်တသွယ်။ အံ့ဩဘွယ်သောရွှေမြေကို၊ တွေ့လေရကား၊ ပဌမ။ မဟာသကျကံသရာဇာ မင်းသည်။ သုဝဏ္ဏဘုမ္မိတိုင်း။ သထုံပြည်ကို။ တည်ထောင်ဘန်ဆင်းတော်မူသတည်း။ ကျိုက်ကလ္လာသီရို၊ ယခုကျိုက်ထီးရိုး ပဌမ ရွှေဆံတော် ဘုရား ဒါယကာ။ သီဟရာဇာမင်း၏သား။ ဝေမိဿက တောင်ထိပ်၌။ ဒူရကနတ်သားနှင့်တကွ။ ငါတို့ဂေါတမမြတ်စွာဘုရား ဗျာဒိတ်ပေးသော။ ရက္ခသေန ဘီလူးသည်။ လူ့ပြည်သုဝဏ္ဏဘုမ္မိတိုင်း။ သီဟရာဇာမင်း၏။ အဂ္ဂမဟေသီ၊ သီရိမာလာ မည်သော ဝမ်း၌။ ပဋိသန္ဓေနေ၍၊ ဘာနုမရာဇာမည်သော။ သားတော်ဖြစ်လာ၏။ ခမည်းတော်မရှိသည်နောက် ရွှေနန်းစည်းစိမ်ကို။ ဆက်ခံစံတော်မူရာ။ သားဘော် တယောက်မျှမမြင်။ ထိုမင်း၏သက်တော်ငါးဆယ်ပြည်မှ။ အဂ္ဂမဟာဒေဝီ သုဝဏ္ဏရူပမဟေသီဝမ်း၌။ ဗျာဒိတ်ရဘူးသော။ ဒူရကနတ်သား။ စုတိပဋိသန္ဓေတည်နေတော်မူသည်ကစ၍။ နရုတိဟူသော။ မင်း၏အမည်ကိုခံပြီးလျှင်။ ပဌမဒူရကတိုင်း။ အောင်သာဝတီပြည်၊ ကလိန်အောင်မြို့တော်ကို။ မြတ်စွာဘုရား။ ပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက်။ ကောဇာသက္ကရာဇ်-၁၇-ခုနှစ်။ နန်းမြို့တည် ၂၀ ပြည့် နှစ်ရွှေနန်းတက်တော်မူသည်။

နန်းတည်သောအခဏ်း ပြီး၏။

၃ ~ 3

ဒူရကတိုင်း။ ကလိန်အောင်။ အောင်သာဝတီ မြို့တည်, နန်းတည်, ပြည်တည်, အစပဌမ ရာဇာ။ နရုတိ လောင်းလျာ၏။ ချင်းရာကုန်စင်။ ရာဇဝင်၌။ တွေ့မြင်သည်မှာ။ ထိုရာဇာသည်။ ပြည်သာမည်ရ။ သုဝဏ္ဏသထုံ။ ရွှေဘုံနန်းမ။ အစိုးရသော။ သီဟရာဇာ, မဟာကေရာဇ်။ ခေါ်ရန် လုစ်၏၊ သားချစ်ဩရာ။ ဘာနု

မရာဇာ၊ ဆက်ခါစိုးစံ။ ညာစံဒေဝီ။ သုဝဏ္ဏာ ရူပမဟေသီ၏။ ဝမ်းတော်မှီ ကိန်းအောင်း။ အလောင်းတော် နတ်သား။ လူ့ပြည်သို့စုတိငြား၍။ မယ်ဘုရား ဝမ်းတိုက်။ ကိန်းပိုက်သန္ဓေ။ စွဲနေသည်နှင့် တပြိုင်နက်။ အိုးထိန်း စက်ပမာ။ သွက်သွက်ခါအောင်။ တော်သံလျောင်။ မြေပြင်ကွဲလောက်။ ဂျွမ်းမှောက်စောက်ထိုး။ မြေမိုဃ်းချိမ့်ချိမ့်။ တသိမ့်သိမ့်နှင့် နိမိတ်တော်ထင်။ ဘုရင်လက်နက်။ ထားလျက်တိုက်များ။ ပြိုသွားပေါက်ထွက်။ တော်သံယှက်လျက်။ နှံ့တက်ပျံ့သဲ။ အံ့အဲခမန်း။ တွေပုံဆန်း၍၊ ရွှေနန်းတော်ရှင်။ ဘုရင်မင်းမြတ်။ စောနေနတ်ကား။ မိန့်မှတ်အာဏာ။ ရှိသည်မှာလျှင်၊ လေးဖြာကဝိ၊ ပညာရှိတို့။ သိရှိသည့်တိုင်း။ မဆိုင်းတင်စေ။ ဗျာခြွေမိန့်ဟ။ ခွန်းတော်ကျလျှင်။ မတ်လှမည်သာ။ မဟာဇေယျသိန်။ ဦးနှိမ်တင်လျှောက်ခဏ်းမှာ။ ။အရှင်မင်းမြတ်၊ ရှေးရှေးမဟာသမတ။ မင်းမှဆင်းသက်။ ယခုထက်တိုင်။ ကျမ်းခိုင်သီးသီ။ နေ့လည်း တနင်္ဂနွေ။ လှူပ်တို့ပေမူ။ ရွှေပြည်ဝပြော။ တနင်းလာနေ့။ မရွှေ့လှုပ်လျက်။ မြေဆီတက်၏။ တချက် ထိုမှ။ သားကောင်းရအံ့။ တရပ်အင်္ဂါ။ ထိုနေ့မှာမူ။ လှုပ်ပါလေက။ ထားပြေ ခိုးသား။ သူပုံများလည်း။ မင်းကားမူမည်။ တလီဘာသီး။ အမတ်ကြီးတို့။ သေပြီးမှတ်ရန်။ တဘန်ထိုမှ။ နေ့ပ-ဖုဒ္ဓဟူး။ တထူးလှုပ်လေ။ တတိုင်းပြည်မှ။ ဆက်ထကညာ။ ရောက်ပို့လာအံ့။ တံခွန်ရတနာ။ ပမာပုံတူ။ ရွှေပြည်သူတို့ ညွတ်မူကိုးကွယ်။ မတ်ဝယ်ကဝိ။ ပညာရှိတို့။ ရောက်၏မခြား၊ မမှား ကြာသပတေး။ မရွှေ့နေ့မြတ်။ လှုပ်တုန်လတ်မူ။ သယမ္ဘူဗောဓား။ ဘုရားပစ္စေကဗုဒ္ဓါ။ စကြာဝတေး။ မနေးသန္ဓေ။ စွဲကပ်နေ၍။ တထွေမင်းတရား။ ပေါ်ပေါက်ငြားအံ့။ နေ့ကားသောကြာ။ လှုပ်လေကာမူ။ သက္ကာခေါ်ထား။ သိကြား နတ်မင်း။ စုတေဆင်း၍။ ဋ္ဌာန်ရင်း လူ့ပြည်။ နေသည် တထုန်း။ ဘုန်းရှိယောက်ျား။ ရောက်လေငြားဟု။ နေ့ကားစနေ။ လှုပ်တို့ပေမူ။ ပြည်သူအများ။ ဆင်းရဲငြား၍။ မင်းကားနတ်ထံ။ ပြောင်းရန်တချက်။ ထည့်လျက်ယူသော်။ သူတော်စင်တို့၊ မထင်ဆက်နောက်။ ပျောက်လျက်မမှား။ ဟူးရားဂဏာန်း။ တတ်စွမ်းဆရာ။ သေတို့စွာဟု။ ကျမ်းလာ၍သို့။ ရှိကြောင်း မြို့ကို။ မချို့စေရ။ မတ်လှ ဇေယျသိန်။ ရှိဦးနှိမ်၍။ စိန်တရ ထည်လား။ လျှောက်တင်ကြားသည်။ ။ရာဇိန် တို့ခေါင်ဖျား။ နာတော်မူဘုရား။ ။ ဟုလျှောက်ထားရာတွင်၊ ဘုရင်ကေရာဇ်မင်းမြတ်။ စောနေနတ်သည်။ သောမနဿ။ ပါမောဇ္ဇ ပီတိ။ ဖာရဏာ ရှိသဖြင့်။ အဘိပသဋ္ဌ။ ထောမနိယဝါစာ။ အဖြာဖြာပျံ့ပြော အံ့ဩချီးမွမ်းတော်မူသောအဆုံး၌။ ထုံးတွင်ရစ်ဘွယ်။ အဓိပ္ပါယ်မြန်မာ။ ကြောင်းလျာထင်လျား။ လျှောက်ထားပြန်လေသတည်း။

နောက်ဆက်၍လျှောက်သည်အခဏ်း။

ရာဇိန္ဒာမကုဋ္ဌ။ ဘာသန္တရဆေက။ ဗလဉာဏ။ အဝဝသောတေဇိဒ္ဓိ။ အတိပသန္နသဒ္ဓါ။ သာသနပဇ္ဇောတ။ အာသီသမဆိတ်။ တဘိတ်ဘိတ်ထွန်းပြောင်လျက်။ အရောင်မစဲ။ အမြဲနိစ္စ။ တောက်ပရန်ဇော။ မနောပဏီမိ၊ ကြံတိုင်း ပြည့်သဖြင့်။ မဏိဇောတိရည်၊ ဟတ္ထဇာနေယျ။ အဿရထံ။ သေနင်္ဂိုဏ်း တုမနိုင်းနိုင်သော။ တိုင်းပြုပြည်ပြု။ သာသနာ ပြုသခင်။ အသျှင်မင်းမြတ် စက္ကရတ်ရာဇမြေး။ စိစ္စေးသေချာ။ နာတော်မူဘုရား။ ။

၄ ~ 4

မီးရှူးမြင်တော်မူအံ့သောအခါ မြေလှုပ်ကြောင်း။

ယခုလှုပ်သော။ မြေလျှင်သည်။ ကြာသပတေးနေ့။ မရွေ့သူရိန်။ မျက်နှာချိန်ဝယ်။ ဖလ်ရှိန်အကြွ။ လှုပ်ထနိမိတ်။ ဩဘာဟိတ်ကား။ အရှင်မင်းမြတ်။ တောင်ညာနတ်၏။ စွဲကပ်သန္ဓေ။ လှုပ်ပေကမ္ဘဇ။ အချိန်ကျ၍။ ၍။ ဖွားထတော့မည်။ မဟီသရဖူ။ ကျွန်းဇမ္ဗူမှာ။ ပြိုင်သူလွတ်ကင်း။ စကြာမင်းတို့။ မြင်ခြင်း ဦးနှိမ်။ ရန်ရှိန်ပြေပျောက်။ တမိုဃ်းအောက်၌။ အံ့လောက်မည့်သား အမှန်ဖွားမည်။ တင်လျှောက်သည်ကို။ ဉာဏ်တော်လိုဖြင့်။ အတိုကဏ္ဍာ။ သခေ်ပဟု။ နှလုံးပြုလျက်။ စေ့ငုရွှေနား။ နာတော်မူပဘုရား။

ဤသို့တင်လျှောက်လေလျှင်။ ပလ္လင်္ဂဌာနေ။ မဟေမဟိ။ အတိအမစ္စ။ ဝေမဇ္ဈပြောသူ။ ဗိုလ်လူအလုံး။ ညွတ်ခါရုန်းရသော။ တုန္နန်းမသာ၊ ဘာနုမရာဇာ။ မဟာဇေကရာဇ်။ စောရန်လှစ်သည်။ ဆန်းသစ်တက်စ။ စန္ဒဥဒ္ဒရာ။ ပမာငြိမ်းထောက်နန်းညှောက်ကိစ္စ။ ထလျက်မောင်းခတ်။ ဝမ်းမြောက်လတ်၍။ သားမြတ်ရတနာ အမှန်သာမူ။ ဖွားတော်မူက။ မတ်လှနောက်ထပ်။ ဆုတော်မြတ်ကို။ နှင်းအပ် ဦးမည်။ မိန့်တော်တည်၍။ တင်သည်အတွင်း။ အမင်းမင်းတို့။ ဝပ်စင်းတုပ်ကွ။ သံဃရာဇာ။ မဟာထေရ်မြတ်သည်။ လျှောက်ပတ် တင့်တယ်။ ကြည်ညို ဘွယ်ရာ။ လက္ခဏာဖြင့်။ ရာဇါထီးနန်း။ တင့်ရာခမ်းသို့။ ကြွလှမ်းကွန့်ထောက်။ ရောက်လာတော်မူသတတ်။

၅ ~ 5

သံဃရာဇာသည်။ မင်းကြီးအားမိန့်တော်မူသည်ကား။ ဤသို့တည်း။ ။ တကာတော် မင်းမြတ်။ ဆရာတော်အိပ်မက် မြင်တော်မူသည်မှာ။ ခမည်းတော် မင်းတရားကြီး။ ပြုစုကိုးကွယ်တော်မူသော။ ကျိုက်ဣသိရို။ ယခုအမည် ကျိုက်ထီးရိုး။ ဆံတော်ဓာတ်မြတ်ကို ဌာပနာရာ။ စေတီတော်သည်ရှိသတတ်။

ကောင်းကင်မှ။ နတ်သား တယောက်သည်။ စကြာရတနာကိုစီးလျက်။ ၎င်း ဆံတော်ဓာတ်မြတ်။ ကိန်းဝပ်အပ်သော။ ကျိုက်ဣသိရို စေတီ တော်ကို။ အခြွေအရံများစွာတို့နှင့်။ ဘူးမြှော် ပူဇော်ပြီးလျှင်။ တကာတော်၏ရွှေနန်းတော်၌။ စကြာရတနာကိုထားပြီးသည်ကာလ။ မယ်တော်ခမည်းတော်တို့က။ အရှင်နှင့် တကွ။ နန်းတော်သို့။ ကြွပါဘုရားဟု လျှောက်ထားလာရာ။ ဆရာတော်နှင့်တကွ။ မင်းကေရာဇ်ရွှေနန်းတော်သို့။ သားတော်ပါဝင်လာသည်ကို မြင်မက် လေသည် ဟု။ မိန့်တော် မူသောအခါ၊ ။မဟာဇေယျသိန်။ အမတ်ပညာရှိ။ တင်လျှောက်စေ ဟု။ အမိန့်တော်မြတ်။ မှတ်တော်မူလေလျှင်။ ၎င်းအမတ်ကြီးတင်လျှောက် သည်မှာ။ ။

ရာဇာဓိမိုင်း။ တိုင်းရဋ္ဌသခင်။ အရှင်မြတ်။ မှတ်တော်မူပါ။ သံဃရာဇာ မဟာ ထေရ်မြတ်။ မြင်လတ်အစ။ သုပိနမှာ။ စကြာစီးသူ။ လာမူ နတ်သား အခြား မဟုတ်။ သမုတ်တွင်မည်။ ပြည်သုဝဏ္ဏ။ တိုင်းရဋ္ဌကို။ စိုးရအသျှင်။ သားတော် ပင် တည်း။ ချစ်ရှင်ကေသာ။ စေတျာကို။ ဘူးရာတလီ။ မြင်သည် တထွေ။ သက်တော် ရေအံ့။ ခြွေရွှေရံခါ။ ရွှေစကြာနှင့်။ ရောက်လာသည့်ပြင်။ ရွှေနန်းခွင်၌။ စံရွှင်ပြီးမှ။ ဝိဟာရသို့။ ရောက်ထတတန်။ မြင်တို့ပြန်က။ ထိုသားလှကို။ ရွှယ်ပါ့ရောက်လတ်။ အိမ်ရှေ့အပ်၍။ စံမြတ် စည်းစိမ်။ ရိပ်ငြိမ် ချမ်းသာ။ အဖြာဖြာစုံ။ ဥသုံခံစား။ ပြီး ငြားဆက်နောင်။ တောင်ဒက္ခိဏာ။ ရင်ဒေသာ၌။ မြို့ရာသစ်တည်။ စည်မည်မလွဲ။ ရွှေနန်းထဲသို့။ ပူးတွဲဝင်လာ။ ပင့်လျှောက်ခါလျှင်။ ရောက်လာတသီး။ မြင်သည် နည်းမှာ။ ထေရ်ကြီးမဟာ။ ထံတော်သာ၌။ အပ်ပါနိမိတ်။ ပြသည့်ဟိတ်ဟု။ ဦးထိပ်ညွတ်ကြိုး။ လက်စုံမိုး၍။ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရားဟု။ အမတ်ကြီး တင်တော်မူသောအခါ။ ။သံဃရာဇာ။ မဟာထေရ် မြတ်နှင့်တကွ။ ကေရာဇ်မင်း မြတ်တို့သည်။ အလွန်အကျူး။ အထူးဝမ်းမြောက်တော်မူသည်ဖြစ်၍။ အမတ်ကြီး အား။ ဆင်ပေါက်တစီးနှင့်။ တဆယ် ခုတ် ရွှေဖလား တလုံး။ ဆုချ သနားတော်မူ လေ၏။ သုဝဏ္ဏရူပမဟေသီ။ ဒေဝီမိဖုရားခေါင်ကြီးကလည်း။ အဘိုးတသောင်း တန်သော။ ပတ္တမြား လက်ဝပ်ကို။ ချွတ်၍သနားတော်မူပြီးလျှင်။ သံဃရာဇာ။ မဟာထေရ်မြတ်က။ ဤသို့သောစကားဖြင့်။ မိန့်ကြားတော်မူပြန်၏။ ကေရာဇ် မင်းမြတ်။ ထိုသားတော်ကို ထီးဖြူတော်အုပ်မိုး၍ ဘွားတော်မူလတ္တံ့။ မနောလင် မန်းနှင့် အချင်းဆေးတော်မူရမည်။ မင်းခန်းမင်းနား တို့ကိုသည်း။ အသင့်စီမံလေ။ အမိန့်ရှိပြီးလျှင်။ ကျောင်းတော်သို့ ပြန်လေ၏။ မင်းကေရာဇ်လည်း။ အရှင် နန်းမတော် မိဖုရား ခေါင်ကြီးကို။ လက်တော်ဆွဲ၍၊ နန်းထည်းသို့ဝင်တော်မူ လေ၏။ ။ ထိုသားတော်သန္ဓေစွဲကပ်နေ၍။ ဆယ်လစေ့လတ်သော်။

ကြာသပတေးနေ့။ ငလျှင်ကြီးစွာလှုပ်လာပြန်ကြောင်း။ အမတ်ကြီးက သံတော်ဦးတင်သည်မှာ။ ၎င်းသားတော်ရတနာသည်။ ဘွားမြင်ချိန် တန်ပါပြီ ဘုရားဟု လျှောက်ကြားလေ၏။ ။ ထိုကြာသပတေးနေ့မှ အင်္ဂါနေ့သို့ရောက်လတ်သော်။ မိဖုရားခေါင်ကြီးသည်။ သည်းထန်စွာ ကမ္ဘဇ လေလှုပ်သည်ဖြစ်၍။ မောင်တော်စစ်သူကြီးနှင့်။ မှူးတော်မတ်တော်တို့ပါ။ နန်းရှေ့ မြေနန်းတော်၌။ ခစားနေစဉ်။ ထီးဖြူတော်မိုး လေးယောက်တို့သည်။ ထီးဖြူတော်ကို လာ၍ယူလျှင်။ အစ်မတော်ဘုရားအသို့နည်းဟု။ မေးတော်မူ၏။ သည်းထန်စွာ ကမ္ဘဇ လေလှုပ် နေကြောင်းကို တင်လျှင်ပင်။ ထားတော်ကိုထမ်း၍။ နန်းတွင်းသို့ဝင်ပြီးလျှင်။ ဘုရင်မင်းမြတ်ထံ၌။ ခစား၏။ ဘုရင်မင်းမြတ် ကလည်း။ အမောင် နန္ဒသေန။ နှမတော် သည်းထန်စွာ ကမ္ဘဇလေလှုပ်တော်မူသည်ကို။ ကြိုးစား၍စီမံလောဟု။ အမိန့်တော်မှတ်လျှင်။ ထီးဖြူတော်မိုးတို့ကို။ ထီးဖြူတော်အုပ်မိုးစေလျှင်။ ရတနာရွှေစင်။ နေလုင် အလား။ ဘုန်းရောင် ကြွားသည့်။ သားမြတ်ရှင်ကို။ ကောဇာ သက္ကရာဇ်။ (၁)တစ်ခု နှစ်တပေါင်း လွှန်း-၂-ရက်။ အင်္ဂါနေ့ နံက်နေ ၁၀ ဘဝါး နှင့်။ တဖီလာအချိန်တွင်။ မီးရှူးသန့်စင် ဘွားမြင်တော်မူ၏။ ။နန်းတော်ရှေ့၌ ထားသော အမြောက်ကြီးလည်း။ အလိုလို။ အသံပေး၍။ တဟီးဟီးမြည်ပြီးလျှင်။ ကောင်းကြီးပေးလေ၏။ ။ထိုသို့သော အချင်းအရာတိတ်နိမိတ်တို့ကို။ မှူးမတ်ပြည်သူပြည်သားအပေါင်းတို့သည်။ အားရဝမ်းမြောက်ကြကုန်၍။ မဟာဇေယျသိန် အမတ်ကြီးကို ခေါ်ကြပြီးလျှင်။ အချင်းအမတ်ကြီး သံဃရာဇာမထေရ်မြတ်အား၊ မြင်သောနိမိတ်အတိုင်း။ တင်လျှောက်ပါလေဟု။ တိုက်တွန်းကြကုန်၏။ နံက်အခါ ရွှေနန်းတော်တွင်းသို့၊ သံဃာတော်ငါးရာနှင့်တကွ။ ဆွမ်းဘုဉ်းပေးရန်။ ကြွတော်မူပါဘုရားဟု။ ပင့်လျှောက်စေ၏။ အမတ်ကြီး ကျောင်းသို့ရောက်၍ဦးချလျှင်။ သင်္ဃာရာဇာ မဟာထေရ်မြတ်ကလည်း။ ဤသို့မိန့်တော်မူသတတ်။ အမတ်ကြီး။ ငါ၏တပည့်။ စကြာမင်း ဘွားမြင်ပြီမဟုတ်လောဟု မေးတော်မူ၏။ ဘွားမြင်တော်မူပါပြီဘုရားဟုလျှောက်လေလျှင်။ အမတ်ကြီး။ မင်းကေရာဇ်နှင့်တကွ ငါတို့ ပြည်သူ ပြည်သားတို့သည်ဆုတောင်းပြည့်၍၊ ချမ်းသာကြတော့မည်တကားဟု။ ဝမ်းမြောက်ဝမ်းသာ။ မိန့်တော်မူလေသော်။ ထိုသို့မိန့်တော်မူပြီး၍ အလ္လာပ။ သလ္လာပ စကားအရပ်ရပ်တို့ကို။ ပြောဆိုပြီးသည့်ကာလ။ နန်းတော်သို့ အမတ်ကြီး ပြန်ရောက်လျှင်။ မင်းကေရာဇ်ထံ။ သံဃရာဇာ,မဟာထေရ်မြတ်က အမိန့်ရှိလိုက်သည့်အတိုင်း။ တင်လျှောက်လေလျှင်။ အလွန်အားရနှစ်သက်တော်မူ၍၊ မင်းကြီးသည် ဤသို့ပြန်၍မိန့်တော်မူသတတ်။

၆ ~ 6

ယခုဘွားသော သားတော်ကား သူ၏တပည့်ဖြစ်သောကြောင့်။ မဟာထေရ်မြတ်က။ ချမ်းသာကြတော့မည်တကားဟု။ အသုံးပြုတော်မူဟန်။ လက္ခဏာစကားရပ်။ နိမိတ်ရင်းကို။ ထင်လင်းစွာမှတ်လေ အမတ်ကြီးဟု ဆိုပြီးနောက်။ ပြုံးတော်မူ၍ မိန့်တော်မူနေသည့်အတွင်း။ ဘီးလင်းမြို့နေ။ သူဌေးလောစစ်စံသည်။ မြေ−၁၀ ပယ်စားခန့်။ ဥယျာဉ်အတွင်း၌။ အုန်းပင်စိုက်ရန်အလို့ငှါ။ မြေတူးရာတွင်။ ရွှေမန်းကျည်းတောင့်။ အခွက်−၁ဝိ (ငွေ−၂ လေး) အတောင့်အတစ်။ အခွက် ၂၀၀−ကျောက်တိုက်သေတ္တာတခုထည်းမှာ။ မြေအိုးနှင့်တွေ့၍။ မင်းထံလျှော်ထားလျှင်။ ထိုရွှေငွေနှစ်ရပ်ကို။ မင်း၏ထံသို့ ပို့ဆက်လေရာ။ အမတ်ကြီးမဟာဇေယျသိန်ကို တင်လျှောက်စေဟု အမိန့်တော်မှတ်လေ၏။ အမတ်ကြီးလည်း ဤသို့တင်လျှောက်လေ၏။

မြေထုရေထု။ ပြည်မှုစိုးပိုင်။ ခရိုင်သီးသီး။ ခွန်လည်းဆက်သ။ အစိုးရသည်ဘုရားရွှေဘုန်း။ တန်ခိုးချွန်း၍။ ထက်ကျုံးအာဏာ။ ပိုင်နေရာတွင်။ ရွှေလျှင်ငွေအိုး။ အမျိုးမျိုးရတနာ။ ပေါ်ပေါက်လာသော်။ လောင်းမော်သားကျော်။ ရွှေဘုန်းတော်ကြောင့်။ ပုံသော်ထုံးတင်။ ကပ္ပိရှင်၏သားလျှင်သိဒ္ဓတ်။ လောင်းတော်မြတ်ကို။ ဘွားလတ်သည်မှ။ နေ့ကစ၍။ ပေါ်ထရွှေအိုး။ တမျိုးထပ်တင်။ အရှင်သာရိပုတြာ။ ဆွမ်းခံလာ၍။ တထပ်စာဆွမ်း။ ကိုယ်စိတ်လွှမ်း၍။ လှူဒါန်းပြည့်စုံ။ သဒ္ဓာဟုံကြောင့်၊ လုံးစုံလယ်တွင်း။ လုပ်သည်ခင်း၌။ အိုးချင်းစပ်ခါ။ ပေါ်ပေါက်လာတည့်။ သူသာရစေ။ ဆုံးဖြတ်ပေ၏။ နှစ်ထွေချင်းရာ၊ ကျမ်းအလာနှင့် ညှိခါပုံပြင်၊ ရှင်စီရင်သော် ငါ့တွင်သားမြတ်။ လောင်းနေနတ်နှင့်၊ စပ်၍ကံဆော် ဤအိုးပေါ်မူ၊ ငါသော်ထံပါး။ ငါ့အနားသို့။ အိုးကား နှစ်ထွေ။ ရောက်ပါစေဟု။ ထိုသူ့ကံပါ့။ ရလေကမူ။ ထားကြနေရာ။ မရွှေ့လာဘဲ။ နေမြဲနေရာ၊ ရှိစေပါဟု။ သစ္စာတရား။ ရှင်ကားဆုံးဖြတ်။ မိန့်တော်မှတ်လော့။ မင်းမြတ်ကဝိ။ ပညာရှိ၏ တင်သည့်ချင်းရာ။ ရာဇာမင်းတရား။ မမှားစီရင်၊ ရွှေလွှတ်ခွင်၌။ အိုးလျှင်ထားစေ၊ မိန့်တော်ထွေ၍။ ရက်ရေဗုဒ္ဓ။ ရောက်လေကမူ။ ရွှေပြည်သူတို့မြို့မှု ကြွက်ကြွက်ဆူတုံလျက်ပ။ ကြည့်ရှုကြ၍ မင်းပါချိန်တော်။ အောင်စည်ဆော်နှက်။ ထွက်တော်မူက။ ရွှေလွှတ်ကျလျှင်။ မတ်လှတင်ချက်။ မပျက်မမှား။ စီရင်ငြားက။ မင်းကားနေရာ။ ထိုလိုသာလျှင်။ လာသည်ရွှေအိုး။ တမျိုးငွေမှာ။ ထက်ဝက်ပါဟု။ ခွဲခါသူပြ၊ ကြောင်းချင်းတကို။ အံ့ပါမပြီး။ ကနက်ထီးလည်း။ မင်းကြီးမှီခါ။ ထိုထိုသာလျှင်။ ပွင့်ရာတချက်။ အံ့ချက်မဆုံး။ ထိုငွေတုန်းကို။ မင်းသုံး တော်မူ။ ငွေအိုးမူလည်း ရသူတဝက်။ စီရင်ချက်ကို မိန့်

မြွက်ဆိုသော်။ ဗဟိုရ် စည်ကြီး။ သံစုံတီး၍။ ကောင်းကြီးချီမ့်ငြား။ ပေးမည့်တာ ကြောင့်၊ လိမ္မာမြင်သိ။ မတ်ကဝိက။ တတ်သိထုံးလာ။ တင်လျှောက်ပါသည်။ နောင်လာမည့်မှုထွေး။ မှတ်ဘို့ရေး။ ။ဤကားလျှောက်ထုံး တခဏ်းတည်း။

၇ ~ 7

ထိုကဲ့သို့ လျှောက်ပြီးသည်နောက်မှ။ ဗုဒ္ဓဟူးနေ့တွင်။ လျောင်ကြီးစွာလှုပ်လာ ပြန်၍။ အမတ်ကြီးက တင်လျှောက်ပြန်သည်မှာ။ အရှင်မင်းမြတ်။ မှတ်တော်မူ လော့။ ဗုဒ္ဓဟူးနေ့၌။ လှုပ်သောမြေလျောင်သည်။ တပြည်ရပ်ခြား။ တိုင်းတပါးက သွီးကညာဆက်သလာအံ့။ ထီးတံခွန်နှင့်တူသော။ အမတ်ကြီးပေါ်ပေါက် ရောက်လာအံ့ဟု လျှောက်ပြီးနောက်။ သုံးရက်မြောက်၌။ တကောင်းရာဇဂြိုဟ်။ ရွှေပြည်တော်မှ။ အဆက်ဆက်အမတ်မျိုး။ အမတ်နွယ်။ တစ်အိမ်တောင်သားနှစ် ယောက်နှင့်။ မိသားလေးဦးသားတို့ရောက်လာရာ။ အမတ်ကြီး ထံသို့ရောက်၍။ အလွန်ဝမ်းမြောက်ဝမ်းသာ။ ဘုရင်မင်းမြတ်ထံ။ သံတော်ဦးတင်သည်ကာလ။ အမတ်ကြီး မှန်ပါပေ၏-သို့တပြီးကား။ ထိုသားအဘလေးဦးသားတို့ကို။ နံနက် ညီလာခံတွင်။ သန့်ရှင်းစွာ။ ဝတ်စားတန်ဆာ။ ဆင်ယင်စေ၍ ဝင်စေဟု အမိန့်တော်မြတ်မှတ်တော်မူ၏။

၈ ~ 8

အမတ်ကြီးလည်း။ နံက်ညီလာခံ၍။ ထိုသူလေးဦးသားတို့ကို နန်းတော်သို့ သွင်း၍။ ရှေ့တော်သို့ရောက်လေသော်။ ထိုသူ၏သားနှစ်ယောက်တို့တွင်။ အသူ ပညာရှိသနည်း။ သိပါ၏လောဟုမေးတော်မူလျှင်။ ထိုနှစ်ယောက်တို့တွင်။ အငယ် ဖြစ်သောသူသည် ပညာရှိမည်ထင်ပါသည်ဘုရား။ အဘယ်ကြောင့်ဆိုသော်။ ပညာရှိတို့၏အချင်းကို မြင်ပါသည်ဘုရားဟုလျှောက်လေ၏။ သူ၏အဘကိုမေး တော်မူပြန်သော်။ ထိုသူငယ်သည် ခုနစ်နှစ်သားအရွယ်ကပင်။ သဒ္ဒါ။ အဘိဓမ္မာ ကုန်ပါသည်။ ၁၅နှစ်သားအရွယ်မှာ။ ပုံပြင်ထုံးဟောင်းတို့ကို အကုန်အစင် ဖြေဆို နိုင်ပါသည်။ ၁၇–နှစ်သားအရွယ်မှာ။ ဗေဒင်ယတြာ။ ယာယီ။ တပေါင်စနည်းတို့ ကို။ နားလည်ပါသည်ဟုလျှောက်၏။ ။သားအကြီးကို မေးတော်မူ၍ တင်လျှောက် ပြန်သည်မှာ။ ထိုသူသည်မည့်ပါဘုရား။ သို့သော်လည်း။ သေနင်္ဗျူဟာ။ ပဒုမ ဗျူဟာ။ စက္ကဗျူဟာ။ ရထဗျူဟာစသော။ ဗျူဟာကျမ်း။ ဆင်စီး။ မြင်းစီး။ ရထား စီး။ ဆင်ချက်မြင်းချက် ရထားချက်တို့၌ နားလည်ပါကြောင်းဟု။ လျှောက်ရာ။ အလွန်နှစ်သက်တော်မူငြားသော်လည်း အမတ်ကြီးအား။ စုံစမ်းအံ့ဟု။ နှလုံးတော်

ထား၍။ အဆောတလျင်။ မမေးမမြန်းဘဲ။ ဆိတ်ဆိတ်နေတော်မူပြီးလျှင်။ ညီလာခံကွဲ၍။ ညဉ့်လာခံ၌။ အချင်း အမတ်ကြီး။ ယခုရောက်လာသော ပညာရှိ သုံးယောက်တို့ကိုအသို့ပြုစု။ ချီးမြှင့်တော်မူရသော်၊ တော်မည်နည်းဟု မိန့်တော်မူ သောအခါ။ အရှင်မင်းမြတ်။ ပန်းထိမ်အလုပ်တတ်သောသူကို။ ပန်းထိမ်အလုပ် ပေးရပါသည်။ ပန်းဘဲအလုပ်တတ်သောသူကို။ ပန်းဘဲအလုပ်ပေးရပါသည်ဘုရား ဟု။ လျှောက်လျှင်။ ထိုနှစ်ဦးသားကို။ နံက်ညီလာခံတိုင်း ခစားစေအမိန့်တော် မြတ် မှတ်တော်မူ၏။ ။နောက်တနေ့၌။ သားတော်မြတ်ရတနာကို။ ချီတော်မူ လာ၍။ ခြေဓဏာလက္ခဏာတော်တို့ကိုပြရာသားတော်မြတ်သည်။ ယောကျ်ား မြတ်တို့၏လက္ခဏာ ထင်ရှားစွာပါသည်။ ထိုသူကား။ နတ်ပြည်ကလာသောသူ တည်း။ သက်တော်ရှည်ပါမည်။ သာသနာတော်၌ နေသော်ကြာသပတေးသား ဘုန်းတော်ကြီးတို့ထံ၌အပ်နှံ၍ထားပါမှ။ ဘုန်းတော်ကြီးမည်။ ထိုသားဘုန်းတော် ကြောင့်။ ရွှေအိုးငွေရတနာတို့။ သုံးကြိမ်ပေါ်ပေါက်လာရမည်ဟု။ တင်လျှောက် နေသည်အတွင်း။ ကရင်မုဆိုး (ငပု) က။ ရွှေမန်းကျည်းတောင့် ၂ လေးစီး။ တသောင်းနှင့်။ တဆယ့်လေးကျပ်ရှိ ငွေခွက်။ နှစ်သောင်းကို တွေ့ရှိပါကြောင်း။ တင်လျှောက်ရာ။ ဘုရင်မင်းမြတ်သည်။ အမတ်ကြီးကို ကြည့်တော်မူပြီးလျှင် ပြုံး တော်မူ၏။ မင်းကြီးနံက်ညီလာခံ၌ ပေါင်းစလွယ် နားဒွေင်း၊ ဝတ်လုံကိုဆင် စေ၍။ အမတ်ငယ်အရာ၌ ခစားစေ။ မဟာကဝိစိန္တာပညာရှိအမတ်ဟု တွင်စေ အမိန့်တော်မြတ်တော်မူလေ၏။

၉ ~ ၅

နောက်တနေ့ညီလာခံ၌။ ထိုသူ၏အစ်ကိုယ်ဗလကို။ ဇင်းမယ်နယ်မှ။ ရှမ်း တို့သည်အနှစ်နှစ် အလလ။ ဆင်မြင်းကျွဲနွားတို့ကို။ အကြိမ်ကြိမ်လာ၍ခိုးယူသည် ကို။ လူပေါင်းတရာငါးဆယ်နှင့်။ တပ်တော်ခန့်စေလျက်။ ဗလဒေဝဗိုလ်မှူး ရာထူး ဖြင့်ခန့်အပ်တော်မူ၍။ မြင်းတရာငါးဆယ်နှင့်လွှတ်လိုက်ရာ။ ဇင်းမယ်ဘုရင်ထံသို့ သွားရောက်။ အမတ်တို့ထံသို့ရောက်လေလျှင်။ အမတ်တို့ကမေးသည်မှာ။ သင်တို့ မည်သည့်အကြောင်းကြောင့်လာသနည်းဟုမေးရာ။ သုဝဏ္ဏ ဘုမ္မိတိုင်း။ သထုံ ရွှေနန်းရှင်က။ အကြည်တော်ဇင်းမယ်ဘုရင်ထံသွား၍ လျှောက်ချေစေခိုင်းတော်မူ သောကြောင့်လာရပါကြောင်း။ လျှောက်ဆိုသ တတ် ဝန်တို့လည်း။ ဘဝရှင်မင်း ကရားကြီးထံသံတော်ဦးတင်ရာတွင်။ ဝင်စေဟု။ အမိန့်တော် ပေး၏။ ထိုအခါ ယဉ်ကျေးသော စစ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက်။ ရှေ့တော်သို့ဝင်ရောက် လေလျှင်။ အမောင်တို့ အဘယ်သို့သောအကြောင်းကြောင့် လာရောက်သနည်းဟု

မေးတော်မူရာ။ ကျွန်တော်မျိုးတို့၏ သထုံရွှေနန်းသျှင်။ ဘုရင်မင်းမြတ်က။ ဇင်းမယ်ရွှေနန်းရှင်သည်။ မင်းကျင့်တရားဆယ်ပါးပြည့်စုံတော်မူသည်။ ရှိသေစွာတင်လျှော်ပြီးကာလ။ ပြန်လာ ရမည်ဟု။ အမိန့်တော်မှတ်၍။ အရှင်ဘုရား ထံလာရောက်ရပါကြောင်း။ လျှောက်ရန် ကိစ္စမှာ။ တနှစ်လျှင်။ တကြိမ်။ နှစ်ကြိမ်။ နှစ်စဉ်ကျွန်တော်မျိုးတို့၏နယ်တော်ကိုကျော်နင်း၍။ ဆင်မြင်းကျွဲနွားများကို နှောင့်ရှက် ခိုးယူလာကြပါသည်။ သည်းညီးခံတော်မူ၍ အရှင်ထံလာရောက် တင်လျှောက် ထားပါကြောင်း လျှောက်သည်ကာလ။ အမောင်တင်သည့် မင့်ကျင့် တရား ဆယ်ပါးဟူသည်။ အဘယ်နည်းဟု မေးမြန်းတော်မူလေ၏။ မြတ်သော မင်းကြီး ရွှေနားနာတော်မူပါဘုရား။

ဒါနံသီလံပရိစာဝံ။ အဇ္ဇဝံမဒ္ဒဝံတပ္ပံ။ အကောဓံ အဝိဟိံသဉ္စ။ ခန္တိစအဝိရောဓနံ။ ။ ဟူ၍ သုံးလူ့ထွဋ်ထား။ သဗ္ဗညု မြတ်စွာဘုရားဟောကြားတော်မူပါသည်။ ။ အလှူပေးခြင်း။ သီလသီတင်းဆောက်တည်ခြင်း။ ပေးကမ်းစွန့်ကြဲခြင်း။ ဖြောင့်မတ်စွာပြုခြင်း။ အမျက်နည်းခြင်း။ သူတပါးအားမညှဉ်းဆဲခြင်း။ သည်းခံခြင်း။ သူတပါးတို့အားမချုပ်မခြယ်ခြင်း။ ဤသည်လျှင်မင်းတို့ကျင့်ရာသော တရားဆယ်ပါးတည်း။ အရှင်မင်းမြတ်သည်လည်း။ ထိုမင်းကျင့်တရားဆယ်ပါးနှင့် ညီသော မင်းတည်းဟူ၍။ ကျွန်တော်မျိုးတို့မြင်ကတည်းကပင်။ ထင်မြင်ပါကြောင်း။ အရှင်မင်းမြတ်။ နောက်ထပ်သံတော်ဦးတင်ပါအံ့။

ပြည်ရှင်မင်းတို့၏ ထားတော်မူရန် သတိကား။ ရှေးဦးစွာ နှိဂ်နင်းနှိဂ်ကွပ်ရာ၏။ မနှိဂ်ကွပ်ခဲ့သော်။ ထိုခိုးသားမှသည်ထားပြ။ ထိုထားပြမှသည်သူပုံ။ ထိုသူပုံမှသည်။ စစ်ကြီးဖြစ်၍။ တိုင်းပြည် ပျက်စီးခြင်း အမှန်ဖြစ်ပါသည်။ သို့ဖြစ်၍။ ထိုခိုးသားတို့ကို။ နှိဂ်ကွပ်တော်မူပါမှ သင့်တင့်မည်ထင်ပါကြောင်း။ သံတော်ဦးတင် လျှောက် လေသော်။ ပြည်ရှင်မင်းကြီးသည်။ အလွန်နှစ်သက် ဝမ်းမြောက်တော်မူလှ၍။ အမောင်ဗလ ဒေဝတင်လျှောက်သည်အတိုင်း။ နှစ်လအတွင်း။ ဇင်းမယ်မင်းက။ ခိုးရာပါပစ္စည်းနှင့်တကွ။ ခိုးသူထားပြတို့ပါ ပို့ဆက်ပါစေမည်ဟု။ စာနှင့်တကွ။ ဆုတော်သနား၍။ လူတရာငါးဆယ်ပြန်စေ၏။

၁၀ ～ 10

သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ပြန်ရောက်လျှင်။ မင်းဧကရာဇ်ထံ။ သဝန်စာလွှာကိုဆက်သလေသော်။ မှူးမတ်အစုံအညီတို့၏ ရှေ့၌ဘာသ်ပြလေရာ။ မင်းမှူးမတ်တို့သည်။ အလွန်တရာဝမ်းသာ။ အံ့သြချီးမွမ်းကြကုန်၏။ မှူးမတ်တို့ကလည်း။ ဧကရာဇ်မင်းမြတ် ယုံကြည်၍လွှတ်တော်မူထိုက်သောအတိုင်း။ ပညာရှိအမတ်ဟု

သမုတ်အပ်သည်နှင့်မသွေ။ အဆွေအမတ်ပညာရှိသည်။ လျော်ပတ်သောစကား ကိုဆိုတတ်ပါပေသည်။ နှစ်ပြည်တပြည်။ သင့်တင့်ချစ်ခင်လေးမြတ်လေအောင်။ ပုံပြင်နည်းနာ။ အဖြာဖြာသော ထုံးသက်သေနှင့်တကွ။ တင်လျှောက်တတ်ပါပေ သည်။ မင်းကေရာဇ် ဘုန်းတော်ကြီး၍၊ ပညာရှိ အမတ်ကောင်းကို ရပေသည် တကားဟု။ ပန်းခပ်သော ပျားပိတုန်းပမာ။ များစွာမှူးတော် မတ်တော်တို့သည်။ အပေါ်ဝတ။ ဤမျှဆန်းကြယ်။ အံ့ဩဘွယ်သော မင်္ဂလာ။ ဩဘာအထူးတို့ကို။ ချီးကြူးပြောဆို ကြကုန်သတည်း။ ။ သဝန်လွှာ၌။ မကြာမှီနှစ်လအတွင်း။ ခိုးရာပါပစ္စည်း ခိုးသူတို့ကို ပို့ဆက်ပါမည်ဟုပါလေ၏။ ကေရာဇ်မင်းမြတ်က လည်း။ အချင်းဗလဒေဝ။ မောင်မင်းကို။ ခိုးသားဘမ်းရန်ကိုသာ ငါလွှတ်လိုက် သည်။ ဇင်းမယ်ဘုရင်ထံငါမလွှတ်ပါတကားဟု မိန့်တော်မူသော်။ အရှင်မင်းမြတ် ရွှေနားနာတော်မူဘုရား။ အလောင်းတော် မပေါ်သခဲသည်။ မဟာပဉ္စာလရာဇ် မင်းသမီးကိုရအောင် ယူပေးပါမည်ဆို၍။ ဝိဒေဟရာဇ် ပြည်တော်ကမသွားပါ။ ထိုသို့မသွားသော်လည်း။ မိမိအသက်ကိုစွန့်၍။ အသျှင်၏အကျိုးပြည့်စုံလေ အောင် မဟာပဉ္စာလရာဇ်ပြည်တော်၌ ဥပကာရီ မြို့တော်ကိုတည်၍။ ပဉ္စာလစန္ဒီမ င်းသမီးကို ယူလာပါကြောင်းဖြင့်။ သံတော်ဦးတင်ပြန်သော်၊ အလွန်အားရနှစ်သက် တော်မူ၍။ မင်းကြီးသည်-ထိုအခါ။ ဗလဒေဝကို။ နန္ဒသေနစစ်သူကြီး၏လက် အောက်။ စစ်ဝန်ကြီးရာထူးခန့်စေဟု။ အမိန့်တော်မှတ်၏။ နောက်တလအတွင်း။ တလိုင်းတဆယ်။ ရှမ်းနှစ်ဆယ်။ ယွန်းလူမျိုး–၁၅။ ပေါင်း–၄၅ ယောက်နှင့်တကွ။ ခိုးရာပါ-ဆင်–၁၅ ကျွဲ ၃၀၀ နွား–၂၀။ တို့ပါ။ ရှမ်းအမတ်တို့ကို သဝန်လွှာနှင့်တကွ လာပို့စေ၍၊ ရှမ်းအမတ်တို့အား။ ဆုလာဘ်ပေးပြီးကာလ။ အဘိုးတန် အထည်အလိပ်။ ရွှေဖလား။ ရွှေထားများကိုလက်ဆောင်တုံ့ပြန်လေ၏။ ၎င်း ခိုးသား–၄၅–ယောက်တို့ကို။ အမောင်တို့လူကို အမောင်တို့ပင်သိမ်းလေဟုအပ်နှံ ရာ။ ထိုခိုးသူတို့ကိုအပ်လိုက်ပါမူ။ ဇင်းမယ်မြို့သို့ရောက်လျှင်။ ထိုသူတို့ကို အမှန် မုချသတ်ရပါတော့အံ့ဟု။ လျှောက်ပြန်လေသော်။ ဗလဒေဝထံအပ်စေ ... အမိန့်တော်မြတ် မှတ်တော်မူလေ၏။

[ch. 11 missing] ၁၂ ~ 12 [အခန်း (၁၁) မရှိပါ]

ထိုနောက်သားတော်–၁၄–နှစ်အရွယ်ကပင်။ သာသနာပိုင် ဆရာတော်ဘုရား ကြပ်မသင်ကြား အပ်သည်ဖြစ်၍။ အရပ်ရပ်မင်းတို့တတ်အပ်သော အတတ်တို့ကို တတ်မြောက်သဖြင့်။ အိမ်ရှေ့နှင်းတော်မူလေ၏။ ထိုကေရာဇ်မင်းမြတ်၏ မြောက် နန်းမတော်သုသီရိဒေဝီမှ။ ဘွားအပ်သော သမီးတပါး၊ သားတပါးရှိသတတ်။ သမီး

အမည်ကား သီရိစန္ဒာ သားတော်အမည်ကား၊ နရိန္ဒ မင်းသားတည်း။ ထိုမိဖုရားသု သီရိဒေဝီသည်။ နရပတိမင်းသား၏ မယ်တော်။ သုဝဏ္ဏာ ရူပမဟေသီ မိဖုရားသည်။ မင်းသားငါးနှစ်အရွယ်သို့ရောက်လတ်သော်။ နတ်ရွာစံတော်မူ၍။ တောင်နန်းတက်တော်မူ၏။ ထိုမိဖုရားသည်။ မင်းကြီးလက်၌ ခူနာစွဲသောကြောင့်။ အသည်းအထန်ဖြစ်လျှင်။ ညဉ့်စက်တော်ခေါ်ရာဝယ်။ ခူနာစွဲသော လက်ညှိုးကိုငုံပြီးကာလ အိပ်စက်နေသည်အတွင်း။ မင်းကြီး၏ခူနာပြည်ပေါက်ရကား။ ထိုပြည်ကို မင်းကြီးနိုးမည်စိုးသောကြောင့် မျိုချလေ၏။ မင်းဧကရာဇ်လည်း။ ကိုက်ခဲခြင်းဝေဒနာမှ။ သက်သာရာရသဖြင့်။ စက်တော်ခေါ်နိုင်လေ၏။ နိုးတော်မူလျှင်။ အသင်မိဖုရား ငါ၏ခူနာသည်။ ပြည်များစွာထွက်၏လောဟု မေးတော်မူသည်ကာလ။ အရှင်မင်းမြတ်နိုးတော်မူမည်ကို စိုးသောကြောင့်။ ဘုရားကျွန်တော်မျိုးနှမ မျို၍ချပါသည်ဘုရားဟု။ လျှောက်ထားလေရာ။ ကျေးဇူးကြီးပေစွ တကားဟု ချီးမွမ်းတော်မူပြီးနောက်။ သင်အလိုရှိသောဆုကို တောင်းလောငါပေးမည်ဟု အမိန့်တော်မြွက်မှတ်တော်မူလေ၏။ ။

မိဖုရားကလည်း အရှင်မင်းကြီး။ အလိုရှိသည်အခါ တောင်းပါမည်ဟု လျှောက်လေ၏။ ထိုနရိန္ဒမင်းသား-၁၂-နှစ်အရွယ်သို့ ရောက်လတ်သော်။ အရှင်မင်းကြီး။ ဆုပေးတော်မူမည်ဟု-ဘုရားနှမအား။ အမိန့်တော်မှတ်တော်မူသည်ကိုမေ့တော်မူပါပြီလောဟု။ ကြည်သာတော်မူသောအခါလျှောက်၏။ ပြည်ရှင်မင်းလည်း မမေ့ပါဟု မိန့်တော်မူလေလျှင်။ အရှင်မင်းမြတ်။ ဘုရားနှမတောင်းလိုသည့်ဆုကို ခွင့်ပြုတော်မူပါလောဟု လျှောက်ပြန်၏။ ငါခွင့်ပြုပါ၏ဟုဆိုကာလ။ အရှင့်သားတော် နရိန္ဒမင်းသားသည်။ ၁၂-အရွယ်ရောက်တော်မူစကပင်။ အဋ္ဌာရသ။ တဆယ်ရှစ်ဝသော။ အတတ်တို့ကိုအောင်မြင်တတ်မြောက်တော်မူခြင်းစသည်ကို။ အရှင်ဘုရား ဝမ်းမြောက်တော်မူပါ၏လောဟု လျှောက်လျှင်။ ရှင်မိဖုရား အဘယ်ဆိုဘွယ်အံ့နည်း။ ငါလည်း အိုမှသားနှစ်ယောက်။ သမီးတယောက်ရသည်။ သားတော်ကြီး နရပတိအိမ်ရှေ့မင်းကိုကား လက်ျာ။ သားနရိန္ဒ မင်းသားကိုမူကား။ လက်ဝဲထား၍ စံတော်မူသည် အလွန်နှစ်သက်တော်မူ၏ဟု မိန့်တော်မူရာ။ မိဖုရားသည်အောက်သို့ မျက်နှာချလျက်။ မျက်ရည်တော်ကျသည်ကို။ မင်းကြီးမြင်လေလျှင်။ အသင်မိဖုရား။ အသို့အကြောင်းနည်းဟု။ မင်းရောဇ်မေးတော်မူလေသော်။ မတင်ဝံ့ပါကြောင်းဘုရားဟုလျှောက်၏။ နှမတော်သုသီရိဒေဝီ။ စိတ်ကြည်ခိုင်ခန့်။ ကြောက်ရွံ့ခြင်းကင်း။ ထင်လင်းစွာလျှောက်တင်လောဟု။ ထပ်မံ၍ အမိန့်ပေးလေသော်။ အရှင်မင်းမြတ်။ သားတော် နရိန္ဒမင်းသားကို။ ရွှေနန်းအပ်ပေး စေလိုပါကြောင်းတင်လျှောက်ရာတွင်။ ယူငင်မရ။ လက်ပန်းကျ၍။

တောင်နန်းမဒေဝီကို။ ဖြေမဆည်နိုင်အပ်။ လွမ်းဆွတ်သည်လည်းတကြောင်း။ သားကြီးတော်လောင်းမြတ်။ အိမ်ရှေ့နတ်ကို။ အပြောရကပ်သည်လည်းတဘာန်။ ပြည်နိုင်ငံအရပ်ရပ်ကို။ လျောက်ပတ်စွာ စီစဉ်၍။ အိမ်ရှေ့ရှင်ဉာဏ်စွမ်းနှင့်။ အိမ်ရှေ့ဝန် ကဝိစိန္တာ။ ဉာဏ်လိမ္မာအမတ်။ အားကိုးအပ်သည့် နန္ဒသေနစစ်သူကြီး။ အံ့ချီးရသော ဗလဒေဝ စစ်ဝန်ချုပ်တို့။ မဆုတ်မနစ်။ အားသစ်ရှေ့မြော်။ ရွှေပြည်တော်ကိုတိုးတက်။ ရေးကထက် ဆယ်ဆတိုး၍။ တပိုးကြွတက်လေအောင်။ ဉာဏ်ဆောင်ခါ စီမံ။ ရွှေပြည်တော်သာယာဟန်ကို။ ဘဘုန်းလျှံမြင်ရ၍။ ဇောဟဒယ။ မကြည်လင်သောကြောင့်။ ရွှေနန်းမဆောင်ခွင်သို့။ ညှိုးလှသောမျက်နှာတော်နှင့်။ ဝင်တော်မူလေသတည်း။

၁၃ ～ 13

ထိုနောက် နံက်မြေနန်းတော်၌။ မှူးတော် မတ်တော်။ တို့အစုံအညီ။ ညီလာခံနေစဉ်အခိုက်။ သားတော်အိမ်ရှေ့မင်းသည်။ အိမ်ရှေ့မင်းတို့၏အစီးအနင်းအဆောင်အရွက်နှင့်တကွ။ ညီတော် နရိန္ဒမင်းသားကို။ လက်တော်ဆွဲ၍။ ကြည်လင်သော မျက်နှာတော်ဖြင့်။ ဝင်ရောက်ခစားသည်ကို။ မြင်တော်မူလေလျှင်။ မရွှင်သောမျက်နှာတော်ဖြင့်။ အပါးတော်အနီးသို့ သားတော်ကြီးကိုခေါ်တော်မူပြီးမှ။ လည်တော်ဘက်ရမ်းလျက် နမ်းရှုပ်တော်မူပြီးခါ။ မျက်ရည်တော်သွယ်သွယ်ဆင်း၍။ အခင်းကိုကုန်စင်အောင် မိန့်တော်မူသည်မှာ။ ချစ်သား။ မောင့်မယ်တော် နတ်ရွာလားပြီးနောက်။ အကြံပေါက်တော်မူသည်မှာ။ သားကြီးကိုအိမ်ရှေ့။ သားငယ်ကိုစစ်သူကြီး။ သားကြီးကိုနန်းအပ်။ သားငယ်ကိုအိမ်ရှေ့နှင်း။ ကြံထားခြင်းခမည်းတော်၏ အကြံသည် အမှန်မဟုတ်။ ဆုတ်ယုတ်ပျက်စီးလေကုန်ပြီ။ အကြောင်းမှာ။ ခမည်းတော်။ လက်၌ ခူနာစွဲ၍၊ မကျန်းမာသည်အခါ။ ထိုခူနာစွဲသောလက်ကို။ မိဖုရားငုံလျက် စက်တော်ခေါ်နေခိုက်။ ထိုအနာပေါက်ထွက်၍။ ပြည်စက်မကျန်။ မျိုချသည့် အကြောင်းခံနှင့်။ ချမ်းသာတော်မူရသောကြောင့်။ ကျေးဇူးတော်တင်ပြီးလျှင်။ သင်လိုသည်ဆုအင်ကို။ ပေးတော်မူမည်ဟု။ ဂတိစကားထားသည်အတိုင်း။ အဆိုင်းမတွ။ သုဝဏ္ဏာဘုမ္မိတိုင်းကို။ ခမည်းတော်နတ်ရွာစံလျှင်။ မောင်ညီချစ်နရိန္ဒ။ သူအမှန်ရတော့မည်။ သူ့မယ်တော် တောင်းသောအချက်ကို။ ကုန်မြွက်ဟရိုး စိမ့်အောင်မိန့်တော်မူရာတွင်။ ဘုရင်ရှေ့တော် မြေနန်းပေါ်၌ရှိသော။ မှူးတော်မတ်တော် အိမ်ရှေ့မင်း စစ်သူကြီးတို့သည်။ မျက်နှာမလှ။ သသက် ယုန်စက်ကို။ ကုန်ဝှက်ခါသူရိန်ဘမ်းသကဲ့သို့။ မြူတိမ်လွှမ်းဟဒယ ဆူပြီးလျှင် ယူကျုံးမရ၊ မျက်ရည်ကျ ကြလေကုန်သတည်း ။

၁၄ ～ 14

ထိုပြီးနောက်မှ။ သားလှဥပရာဇ်။ စောရန်လှစ်သည်။ စနစ်မပျက်။ အချက်ကျစွာ။ ဘာနုမရာဇာ။ မဟာစက္ကရတ်။ ခမည်းတော်မင်းမြတ်ကို။ ထပ်လောင်းကာ သံတော်ဦးတင်သည်မှာ။ ။ ခမည်းတော်မင်းမြတ်လောကနတ်။ မင်းမြတ်စကြာဝတေး။ သူဋ္ဌေးသူကြွယ်။ နတ်ဝယ်ခြောက်ထပ်။ တရပ်။ ဗြဟ္မာ။ နှစ်ဆယ်သာမူ။ အသူရကာယ်။ အပါယ်လေးပုံ။ ငရဲဘုံမှ။ စသည်စာရင်း။ မကြွင်းဥဿုံ။ ဘုံသုံးဆယ်တစ်။ ဖြစ်ဖြစ်သမျှ။ သင်္ခါရစု။ တရားရှုက။ စင်စစ်မုချ။ ဖြစ်ကပျက်မည်။ မှန်သည်မလွဲ။ ငါဘဲနတ်မင်း။ ငါလူမင်းတည်း။ သေမင်းငါပိုင်။ ငါသာနိုင်ဟု။ မာန်ပြိုင်ယှဉ်ကာ။ မပြုသာ၍၊ ဘယ်ခါနေ့ရက်။ ချိန်းချက်မရ၊ အချိန်ကျမူ။ မရဏမင်း။ သုထံရင်းသို့။ ဝပ်စင်းခယ။ စိုးမရတည့်။ အနတ္တလက္ခဏာ။ ဗုဒ္ဓာဆူဆူ။ ဟောတော်မူကြောင်း။ ဆယ်ချောင်းတင်ချီ။ အဉ္စလီဖြင့်။ တွင်သည်လျှောက်ထုံး။ မှတ်ပိုက်ကျုံးသည်။ ။ နေနှုန်းမျှဘဘွား။ နာတော်မူဘုရား။

ယခုသားတော်မှာမူကား။ မယ်ဘုရားနတ်ရွာစံသွားပြီးသည်နောက်။ ကျေးဇူးသျှင် ခမည်းတော်မင်းမြတ်နှင့်။ မယ်တော် သုသီရိဒေဝီ တို့မွေးမြူတော်မူ၍။ အတတ်ပညာ အဋ္ဌရသတို့ကိုသင်ကြားတတ်မြောက်။ အိမ်ရှေ့မြောက်သည်ကို ခံစား။ တရားနှင့်ကမူ။ ပြည်သူအပေါင်းတို့ကို။ ခိုးသားထားပြမရှိစေရ၊ မိဘဆရာသွားတို့ကို လုပ်ကျွေးမွေးမြူရမည်။ ပဥ္စသီငါးပါးအမြဲထား၍။ တရားမပျက်။ ရှစ်ရက်သိတင်း။ လပြည့်လကွယ်နေ့တို့၌။ အဋ္ဌင်္ဂီဒသ သီဥပုသ်တို့ကိုလည်း။ ကျင့်သုံးဆောက်တည်ရမည်။ နိုင်ငံတော်ချုပ်။ စီရင်အုပ်သော။ မှူးကြီးမတ်ကြီး။ မှူးငယ်မတ်ငယ်တို့သည်။ တံစိုးလက်ဆောင်မစားဘဲ။ တရားစီရင်ရမည်၊ မိမိတို့ဆိုင်ရာစစ်သူကြီးတို့ကလည်း။ မြို့ရိုးမြို့ပြ။ မခိုင်မာသည်များကိုပြင်ဆင်။ ဘုရင်အဆက်ဆက်။ မပျက်ထားသည့်။ လက်နက်နှင့် လက်နက်တိုက်များကို။ ကောင်းသည်ကိုထား။ မကောင်းသည်ကို ကောင်းသည့်ထက် သာလွန်၍ ကောင်းအောင်။ ပြင်ဆင်စေ၍ ရွှေပြည်တော်နှင့်တကွ။ ရွှေကြိုးသတ်မှတ်ရာ။ နိုင်ငံတော်အတွင်း။ အမြို့မြို့အရွာရွာတို့၌။ ဆိုင်ရာလယ်ခင်း။ လယ်ဝန်ပယ်ဝန်တို့က၊ တပယ်က-နှစ်ပယ်-နှစ်ပယ်က-လေးပယ်ဖြစ်၍။ တိုးတက်လေအောင်။ မတတ်နိုင်သောသူတို့ကို။ တိုက်တော်မှ။ ငွေတော်ထုတ်၍။ ရင်းနှီးလုပ်ကိုင်စေပြီးလျှင်။ သုံးနှစ်စေ့ရောက်က။ ထုတ်မသည့်ငွေတော်ကို။ ထပိုးပြန်ပေးသောသူတို့ကိုမယူစေရ၊ ထုတ်ပေးရင်းအတိုင်းသာ။ ဘဏ္ဍာတော်ဝန်တို့က။ စာရင်းနှင့်တကွ သွင်းထားစေ၍။ ရေးရေးသော ဘေးလောင်းတော်တို့ လက်ထက်တော်ထက်။ ဆယ်ဆတိုး

ပြီးလျှင်။ ထပိုးကြွအောင်စီမံ။ ခမည်းတော်မယ်တို့ကို လုပ်ကျွေးရပြီ။ ရှေးဘေး လောင်းတော် ဘိုးလောင်းတော်တို့ ရိုးတော်မြတ်ကို။ မပြတ်နှစ်စဉ်။ သဘင် တူရိယာ။ အဖြာဖြာတို့နှင့်။ ခုနစ်ရက်။ ခုနစ်နေ့ပျော်မြူးစေ၍။ ရှေးရှေးဘေးတော် ဘိုးတော်တို့။ ပ-သသည့် နတ်မင်းကြီးများကို။ ပ-သ-ပြီးလျှင်။ ခမည်းတော် မယ်တော်တို့ပွဲတော်ကိုနေ့စဉ်ကြပ်မ။ ပွဲတော်တည်ပြီးမှ။ နန်းတော်ကထွက်၍။ မင်းဝတ်တန်ဆာဆင်ပြီးလျှင်။ တရားသဘင်သို့ဝင်လျက် တရားစီရင်။ ညနေချမ်း အချိန်တွင်။ မြင်းတပ်တော်ပြင်ဆင်၍။ ပြည်ခွင်ကိုကြည့်ရှု။ နံက်နေ မထွက်မှီက စ၍လည်း။ အရိယာ သံဃာတော်မြတ်တို့အား။ ဆွမ်းဘောဇဉ်။ ကျောင်းကန် မပြည့်စုံသည်များကို။ ပြည့်စုံအောင်။ ဆိုင်ရာဝန်စုနှင့်။ ရပ်ရွာတို့က ပြုစုစေ၍။ အနေသင့်စီမံပြီးမှ။ နံက်ညီလာခံအချိန်မှီ။ ရွှေနန်းတော်သို့ဝင်၍။ ခမည်းတော် မယ်တော်တို့ထံ ခစားပါကြောင်းကို သံတော်ဦးတင်သောအဆုံး၌။ ညီတော်နရိန္ဒ မင်းသားကလည်း။ နောင်တော်၏တသက်။ နန်းမတက်လိုပါ။ ဟုလျှောက်၏။ မယ်တော် သုသီရိဒေဝီကလည်း။ အရှင်ကေရာဇ် မင်းမြတ်ထံ။ လျှောက်တောင်း ဆိုသည်ကို မလိုပါပြီဘုရားဟုလျှောက်ထားသော်။ သားတော်အိမ်ရှေ့မင်းသားက ထပ်၍လျှောက်တင်ပြန်သည်မှာ။ ဘုရားအလောင်း ရာမမင်း သီတာဒေဝီ။ လက္ခဏာညီတော်တို့။ နန်းတည်ထောင်ကြသောထုံးများရှိသည်အတိုင်း။ ခမည်းတော် မရှိသည်နောက်။ တောင်ဘက်ပင်လယ်ဝပြု၍။ မြောက်ရပ်မြစ်ညာတက်သော အရပ်၌။ မြို့တည်၍ နေရမည်ဟု။ သာသနာပိုင် ဆရာတော်ဘုရားကြီးသည်။ ငယ်စဉ်အခါက မိန့်တော်မူဘူးပါသည်။ သို့ဖြစ်၍။ ဦးလေးတော် နန္ဒသေန စစ်သူကြီးကို။ မြို့ရာရှာစေ၍။ ခမည်းတော်မရှိသည်နောက်။ မြို့တည်တော်မူပါ မည်ဘုရားဟု။ လျှောက်တင်နေသည်အတွင်းမှာပင်။ သာသနာပိုင်ဆရာတော် ဘုရားကြီး ကြွဝင်လာတော်မူရာ။ ညီလာခံမကွဲ။ အရှင်သာသနာပိုင်၏ ရှေ့တော် သို့။ သားတော်နှစ်ပါးကို လက်တော်ဆွဲလျက်။ မိဖုရားကြီးပါ ရှေ့တော်သို့ ရောက် လေလျှင်။ ကုန်စင်အောင်တင်လျှောက်ထား။ သားတော်ကိုပိုက်ချီတော်မူ၍။ မျက်ရည်တော်ကျသည်ကို သာသနာပိုင်နှင့်တကွ။ မှူးတော်မတ်တော်တို့သည်။ မခံနိုင်အောင်ပင်ရှိကြကုန်လေသတတ်။ ကေရာဇ်မင်းမြတ်သည်။ ဤသို့ လျှောက်၏။ ။အရှင်သူမြတ်ဘုရား။ သတ္တဝါတို့၌ ဖြစ်မြဲပျက်မြဲဓမ္မတာပေတည်း။ တကာတော်၏ သားတော်မှာမူကား။ မိတဆိုး သားဖြစ်၍ ဝမ်းနည်းပါသည် ဘုရား ဟု။ မျက်နှာတော်အိုလျက်ငိုတော်မူ၏။ ထိုရောအခါ သာသနာပိုင် ဆရာတော် ဘုရားကလည်း။ မင်းကေရာဇ် သည်းခံတော်မူပါလော။ သုံးလုထွင့်ထား မြတ်စွာဘုရားသခင်သည်။ အစိုးမရခြင်းသဘောတရားနှင့်စပ်၍။ အနတ္တ လက္

ခဏာသုတ်ကို။ ဟောတော်မူသောဒေသနာကို ထောက်တော်မူ။ ။ မည်သူမည်ဝါ။ မည်ဟာမဆိုအစိုးမရပါ။ ထိုသို့ အစိုးမရသည်ဖြစ်ပါ၍။ ရှေးဘေးလောင်းတော် ဘိုးတော်။ ခမည်းတော် သီဟရာဇာမင်းတို့။ အသီးသီး နတ်ရွာစံတော်မူသည်ကို။ မင်းဧကရာဇ် တားမြစ်ခြင်းငှါတတ်နိုင်ပါ၏လော။ ထိုသူတို့ကိုထားဦး၍။ လောကသမုတိနတ်။ ဥပပတ္တိနတ်။ ဝိသုဒ္ဓိနတ်ဟုဆိုအပ်သော။ နတ်သုံးပါးတို့၏။ အဓိပတိ။ မုနိုင်းဦးတို့၏ စိန်ဖူးသျှောင်ရိပ်။ နှစ်ရာ့တကျိပ်သော ပုဂ္ဂိုလ်သေဌ်နင်း။ အမင်းမင်းတို့ ခညွတ်တုပ်ကွရာ။ မဟာအနုတ္တရ။ ပုဂ္ဂလဝိသိဋ္ဌတဆူ။ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သော်မှလည်း။ အဇာတသတ်မင်းသည်။ နာဠာဂီရိဆင်ကို။ အရက်ကိုးမောင်းတိုက်၍ ထိုးစေခြင်း။ ဒေဝဒတ်သည် ဘုရားသခင်ကို သွေးစိမ်းတည်အောင်ပြုခြင်း။ မာလာပြည်၌။ ပရိနိဗ္ဗာန်ပြုတော်မူရခြင်းစသော။ ဖြစ်ခြင်းတရား ပျက်ခြင်းတရားကို တွေ့ကြုံလေသည်။ ယခုတကာတော်မင်း ဧကရာဇ် မူကား အဘယ်မှာလျှင် ဆိုဘွယ်ရှိပါအံ့နည်း။ ။ သို့သော်လည်း ဆရာတော်မြင်မက်တော်မူသော အိပ်မက်တော်အရ။ အမတ်ကြီး ဇေယျာသိန် ဖြေဆိုလျှောက်ထားသည်အတိုင်း။ သားတော် သတိုးဥပရာဇာသည်။ ၎င်း နေပြည်တော်မှ။ တောင်အရပ်၌။ ချောင်းဝတောင်ပြု။ နတ်ပြုမြေပြင်။ ခတ်ရှင်ဆံတော်မြတ်ရှိရာအရပ်၌။ ထူးမြတ်သော ပြည်ကြီးကို တည်တော်မူပြီးလျှင်။ စံတော်မူမည်ဟု။ ထိုမင်းသားမမွေးဘွားမီကပင်။ အမတ်ကြီး မဟာဇေယျာသိန် လျှောက်ထားပြီးရှိသည် မဟုတ်ပါလော။ သို့ဖြစ်ပါ၍။ သားတော်လိုတိုင်းကိုသာ။ အားပေးကူညီတော်မူ၍။ သားတော်လိုတိုင်း ယခုနေ့ကစ၍။ စီစဉ် ကြံစီသည်များကို။ စစ်သူကြီးအမတ်တို့။ နာခံဆောင်ရွက်ကူညီရမည်။ အမိန့်တော်မြတ်မှတ်တော်မူလေ၏။

၁၅ ⁓ 15

ထိုညီလာခံအကွဲ၌။ မင်းညီနောင် နှစ်ပါးတို့သည်။ လက်တော်ကိုဆွဲ၍၊ စားတော်ဖိုသို့ ဆင်းတော်မူပြီးလျှင်။ ခမည်းတော်အား ပွဲတော်ဆက်ချိန်တန်ပြီလောဟု။ မေးတော်မူသော်။ ပြင်ဆင်၍ ပြီးပါကြောင်းဘုရားဟု လျှောက်၏။ သာသနာပိုင်ဆရာတော်ဘုရားကို ဆွမ်းကပ်ပြီးပြီလောဟု မေးတော်မူပြန်သော်။ ကပ်၍ပြီးပါကြောင်း။ လျှောက်ထားပြီးနောက်။ ယနေ့ ခမည်းတော် အဘို့ပွဲတော် နေ့စဉ် ထက်ပို၍ တင်ဆက်သရမည် အမိန့်တော်မှတ်ပြီးလျှင်။ မယ်တော်ဆောင်သို့တက်ဝင်လေ၏။ မယ်တော်လည်း။ အပျိုတော်တို့ကို။ ပွဲတော်ထမင်း စီမံနေရာ။ မယ်တော် ဤသည်ဟင်းကား အဘယ်နည်းဟုမေး၏။ သားတော် ထို

ဟင်းသည် ဆတ်သားပေါင်း။ ကြက်သားနှပ်။ မန်းကျည်းရွက်။ အဖူးကြော်။ ငံပျာရေတို့စရာ။ ပီလောဟင်းချို။ ငါးရံ့ဥကြော်ဟု စုံလင်စွာပြော၏။ မယ်တော်ငင်းပွဲတော်အုပ်ကား အသူဘို့နည်းဟု မေးပြန်၏။ မောင်၏ခမည်းတော်ဘို့တည်း။ ငင်းပွဲတော်အုပ်ကား။ အမောင်တို့ ညီနောင်နှစ်ပါးဘို့ဟုဆို၏။ မယ်တော် ခမည်းတော်။ အဘို့သာမြန်မြန်ပွဲတော်ဆက်ပါဟု ဆိုပြီးလျှင်။ ဘုရားဆောင်တော်သို့ဝင်တော်မူ၍။ ရိုသေစွာရှိခိုး ဆွမ်းတော်တင်ကပ်လှူလေ၏။ မင်းကေရာဇ်လည်း။ ဤသို့မေးတော်မူ၏။ ယနေ့အဘယ်ကြောင့် ပွဲတော်အများပြင်၍။ တင်ဆက်သနည်းဟုမေးတော်မူ၏။ အရှင်၏သားတော် နှစ်ပါးသည်။ ကိုယ်တော်တိုင်လာ၍။ ခမည်းတော်ပွဲတော်တည်ပြီးလျှင်။ ငါတို့လည်းတည်မည်ဟု။ အမိန့်တော်မှတ်သောကြောင့်။ ပို၍ ဆက်သတင်ရပါသည်။ ဘုရားဟုလျှောက်လျှင်။ ငါလည်းသားတော်တို့နှင့်အတူ ပွဲတော်တည်လိုသောဆန္ဒရှိသည်နှင့်အညီ ဖြစ်လာရပေသတည်းဟု။ နှစ်သက်ဝမ်းမြောက်တော်မူနေစဉ်။ မိဖုရားကြီးသည် ပွဲတော်အုပ်ကို။ အပျိုတော်နှင့်ဆောင်ယူလာရာ။ အရှင်သားတော်နှစ်ပါး။ ထမင်းစသည်တို့မေးတော်မူ၍။ ဘုရားဆောင်တော်၌ ဆွမ်းတော်ကပ်နေကြောင်း။ သံတော်ဦးတင်သည်ကာလ။ ရာဇပရောဟိတ်ကို သားတော်နှစ်ပါးအား။ ခမည်းတော်ခေါ်တော်မူသည်ဟု။ လျှောက်ချေရာတွင်။ ရာဇပရောဟိတ်သည်။ ဘုရားဆောင်အထွက်၌တွေ့၍။ ခမည်းတော်ခေါ်ပါကြောင်းလျှောက်လျှင်။ ညီနောင်နှစ်ပါးတို့အမြန်လာ၍ ခစားကြသတတ်။ ။ အမောင်တို့နှင့် ပွဲတော်တည်လိုသည်ဟု မိန့်တော်မူ၍ ပွဲတော်တည်ကြကုန်၏။ မယ်တော်လည်း အပါးတော်၌ ခစားလျက်ရှိနှင့်၏။ မယ်တော် ပွဲတော်အုပ်အဘယ်နည်းဟု မေးလေသော်။ အမောင်ဤပွဲတော်နှစ်အုပ်ပင်တည်းဟုပြ၏။ တောင်းမှသာလျှင် ပွဲတော်အုပ်စားရသည်။ ယူပါလေ့ညီတော်။ ဆတ်သားပေါင်း ကြက်သားနှပ်ဟု-ပျက်ရယ်ဆို၏။ ခမည်းတော်လည်း။ ပြုံးတော်မူပြီးလျှင်။ ဝက်သားကင်တတစ်စီ။ ထမင်းရွှေခွက်၌ထည့်ပေး၏။ သားတော်နှစ်ပါးပြုံးခါ ရယ်ခါ မယ်တော်အုပ်တွင်ပါသော။ ပွဲတော်များကိုအကုန်စားလေ၏။ ပွဲတော်အုပ်ကို မြင်လေသော်။ မယ်တော်သည် အလွန်ဝမ်းမြောက်တော်မူသတည်း။ မယ်မယ်သားနှစ်ပါးကို ပွဲတော်တည်ပေသည်ဟုဆို၏။ မယ်တော်စိတ်ရောကိုယ်ပါ။ သားနှစ်ဖြာကို သဒ္ဓါနှင့် လှူပါ၏လော။ အလှူခံမှ ဆွမ်းကျွေးသည့် ဒါယိကာမကြီးဟု။ ရယ်ရွှင်ဘွယ်ဆိုလျှင်။ ခမည်းတော်မင်းမြတ်သည် ရယ်တော်မူလတ်၍။-အိုဘဲ့သားဟု မိန့်တော်မူ၏။ ခမည်းတော်မယ်တော်တို့ရှေ့၌။ နောင်တော်ခမည်းတော်ဘုရား။ မယ်တော်ဘုရား ကျွေးတော်မူသော ပွဲတော်သည် မြိန်တော်မူပါ၏လောဟု လျှောက်ရလေရကား မြိန်ပေသည်

ဟုဆို၏။ ဘုရားညီတော်သည်။ ခမည်းတော်ဘုရားမရှိသည်နောက်။ နောင်တော်အားပုံစားပုံကန်ပြု၍။ အံတုပါမူကား။ ခမည်းတော် မယ်တော်တို့ ကျွေးသောအဟာရတို့သည်။ အဆိပ်ဖြစ်၍ လတ်တလော သေပါစေသတည်းဟု သစ္စာပြု၏။ နောင်တော် အိမ်ရှေ့မင်းကလည်း။ ထို့အတူငါ့ညီတော်အား။ ခမည်းတော်မရှိသည်နောက်။ ဘောက်ဘောက် ပြန်ပြန်။ အနိုင်အထက်။ နှိပ်စက် ကလူပြုပါမူကား။ အရှင်နှစ်ပါး ကျွေးသောအစာသည်။ အဆိပ်ဖြစ်၍။ လတ်တလော သေပါစေသတည်းဟု။ သစ္စာမူလေ၏။ ခမည်းတော် မယ်တော်တို့လည်း အလွန်ဝမ်းမြောက်တော်မူကြကုန်၍။ မယ်တော် ဝတ်ဆင်တော်မူအပ်သော။ အဘိုးတသိန်းတန် ပတ္တမြားလက်ဝတ်တော်ကို သားတော်အကြီးအား သနားတော်မူလေသည်။ သားတော်အငယ်ကို။ ဥဿဖရားငါးသောင်းတန်ကိုချွတ်၍ သနားတော်မူသည်။ ညဥ့်ညီလာခံ၌။ သားတော်နှစ်ပါးနှင့်တကွ။ စစ်သူကြီး။ အမတ်စုံစေရမည်ဟု အမိန့်တော်ပေးလေ၏။ ။

၁၆ ～ 16

တနင်္သာရီသားငါးယောက်တို့အခဏ်း။

ညဥ့်ညီလာခံရောက်တော်မူလျှင်။ သားတော်အိမ်ရှေ့မင်းကို။ ဤသို့မေးတော်မူသတတ်၊ သားတော်အသို့ကြံသနည်းဟု။ မိန့်တော်မူ၏။ ခမည်းတော်မင်းမြတ်။ ဦးလေးတော် နန္ဒသေနစစ်သူကြီးကို။ လူပေါင်း (၁၀၀၀) တထောင်နှင့် မြို့ရာရှာ၍၊ မြို့တည်စေမည်ကြံပါသည်ဟုလျှောက်၏။ သားတော် ခေတ္တငံ့နေဦးလော။ မောင့်ကို သီရိစန္ဒာနှင့် ထိမ်းမြားမင်္ဂလာပြုတော်မူမည်။ မှူးတော်မတ်တော်။ ပုဏ္ဏားတော်တို့က။ အခါတော်ရွေးစေဟု။ အမိန့်တော်မှတ်တော်မူလေ၏။ ရှေးရှေးသောမင်းကောင်းမင်းမြတ်တို့သည်။ သားတော်သမီးတော်တို့အား။ ထိမ်းမြားသော။ နည်းအတိုင်း ထိမ်းမြားတော်မူ၍အပြီး။ တနင်္သာရီသား လှေပျက်သွား–၅ ယောက်တို့သည်။ မင်္ဂလာမဏ္ဍပ် အတွင်းသို့ တောင်းရမ်းခြင်းအလို့ငှါ။ ဝင်လာရာအကြောင်းကို ကုန်စင်အောင် မေးနေဆဲအခိုက်။ အိမ်ရှေ့မင်းသား ဝင်လာတော်မူ၍။ ထမင်းစား နေရာကဝပ်လျက်ရှိခိုးသည်ကိုမြင်လျှင်။ အမောင်တို့၊ ထမင်းကိုသာ အလိုရှိသမျှစားလေ ရှိမခိုးလင့်ဟု၊ မိန့်တော်မူ၏။ သီရိဇေယျသံတော်ဆင့်။ ထိုသူတို့ကား။ မည်သည့်အရပ်ကနည်းဟု။ မေးတော်မူသော်။ တနင်္သာရီမြို့မှ လှေဂေါ်တုတို့ပျက်၍။ အဝတ်အစားမရှိရောက်လာကြောင်းပါဘုရား။ ။ တောင်ဘက်ပင်လယ်ဝရှိသောနေရာကို စစ်ကြောမေးမြန်းရာ။ ထိုသူတို့တွေ့ရှိ။ တွေ့မြင်

ကြောင်း။ ထိုနေရာသည် တောင်ပတ်လည်ကာဝိုင်း၍ သာယာသောနေရာဖြစ်ကြောင်းနှင့် အစီရင်ခံပါကြောင်းလျှောက်တင်လေရာ။ အလွန်နှစ်သက်ဝမ်းသာတော်မူသည်ဖြစ်၍။ အိမ်ရှေ့ဝန် အမတ်ကြီး ကဝိစိန္တာထံသို့ ပို့ရမည်ဟု။ အမိန့်တော်မှတ်တော်မူပြီးလျှင်။ နန်းတော်သို့ဝင်လေ၏။ ။ညဉ့်အိမ်ရှေ့ တော်၌ညီလာခံရာတွင်။ ဦးလေးတော် နန္ဒသေနစစ်သူကြီး။ ဗလဒေဝ တို့ကို အမိန့်တော်မှတ်တော်မူသည်မှာ။ မိုဃ်းလေစဲသည်အခါ။ တန်ဆောင်မုန်းလကစ၍။ စစ်သည်တော် ငယ်သားတထောင်နှင့်။ ချီသွားပြီးလျှင်။ မြို့နေရာကြည့်ရှု။ အောင်မြင်ပြီးစီးအောင် အလျင်အမြန် စီမံလေ။ ယခုရောက်လာသော။ တနင်္သာရီသား ငါးယောက်တို့ကိုလည်း။ ကျေးမွေး နေအိမ်ချီးမြှင့်၍။ မိုဃ်းလေစဲသည်အခါ ချီသွားရမည်ဟု။ အမိန့်တော်ပေးပြီးမှ။ နန်းတော်သို့ ဝင်တော်မူလေ၏။

၁၇ ～ 17

အောင်မြေနင်းသောအခဏ်း။

မိုဃ်းလေစဲ၍ တန်ဆောင်မုန်းလဆန်း–၃–ရက်နေ့။ ရွှေမြို့တော်မှ စားနပ်ရိက္ခာစုံလင်စွာနှင့်။ လက်နက်တထောင်ကို။ ကိုယ်စီကိုယ်င ကိုင်စွဲကြ၍။ ရွှေနန်းသာဘုရားရင်ပြင်တော်ဝယ်။ အောင်မြေနင်းတော်မူလျက် စည်မောင်း စုံစွာ။ တူရိယာတို့နှင့်။ ။ အောင်တော်မူခဏ်း အောင်စည်ရွှမ်း၍။ အောင်ခမ်းမြို့ပြေ။ တောင်ရပ်မြေ၌။ တောင်ထွေဝိုင်းကာ။ တောင်ဒိသာသို့။ သြဘာရသူ။ လှမ်းတော်မူ၍။ ပြည်မူစတည်။ သက်တော်ရှည်အံ့။ နဘံရိုက်ခြုန်း။ ဘုန်းလျှံနတ်တူ။ စိုးတော်မူက။ နတ်ပါကူညီ။ ဘူမဟီသည်။ မြေဆီတိုးတက်။ တန်ခိုးထွက်ရှင့်။ လက်နက်စိုးပိုင်။ ခရိုင်သီးသီး။ ခွန်လည်းဆက်သ။ အစိုးရလျက်။ သာသနာ့ဒါယကာ။ မဟာကေရာဇ်။ မင်းလျှင်ဖြစ်သည်။ တက်သစ်နေသို့ ထွန်းအံ့တည်း။ ။

၁၈ ～ 18

မြို့နန်းတည်ရာမြေကို ရွေးသောအခဏ်း။

ဤသို့စသည်ဖြင့်၊ သီကုံး၍စစ်သူကြီး။ ဗိုလ်မှူး။ စစ်သည်တော် တပ်သားများတို့သည်။ တနင်္သာရီသားတို့ကို လမ်းပြပြုစေလျက် အစဉ်အတိုင်းချီတော်မူပြီးလျှင်။ ရွှေဆံတော်ရှိရာ။ နတ်တို့ညွှန်ပြခါ လာ၍ရောက်လေ၏။ ဤသည့်နေရာ

သည်။ သာယာနှုပျိုသောနေရာနှင့်တူသည်။ အိပ်မက်တော်များလည်းကောင်းသည်။ သို့ဖြစ်၍။ ထိုနေရာကို မြို့ရာနှင်းအံ့ဟု။ စစ်သူကြီးက အမိန့်ပေးတော်မူ၏။ ကဝိစိန္တာအမတ်ကြီးလည်း။ တိုင်းကြီးပြည်ကြီး။ မြို့ကြီးရွာကြီး။ တည်နည်းများကို။ ရာဇမတ္တဏ်။ စသော အသီးသီးသော ကြဏ်းဂန်တို့မှာ လာရှိသည့်အတိုင်း။ ဤနေရာအရပ်သည်ကား။ ရေးမင်းကောင်း မင်းမြတ်များ။ မြို့နန်းတည်သောနေရာနှင့် ကြဏ်းဂန်လာသည်အတိုင်းထပ်တူအမျှ။ ကျပါသည်ဟု လျှောက်လျှင်။ အမတ်ငယ်ငါးယောက်နှင့်။ ကဝိစိန္တာအမတ်ကို သထုံပြည်သို့ လွှတ်လိုက်၍။ ပညာရှိအမတ်ကြီး ရွေးချယ်စီစစ်၍ လျှောက်တင်သည်မှာ။ ။

ရာဇပရိဘောဂမည်သော မြို့နန်းတည်ရာအစီအရင်သော်ကား။ ယခုအခါ၌။ ရေမြေသေဌ်နင်းမင်းတို့၏နေရာ။ မြို့နန်းသည်။ ရာဇပရိဘောဂဖြစ်ရကား။ မြို့နန်းအစီရင်ကို သံတော်ဦးတင်ပါအံ့။ ။ မြို့တည်ရာမြေကို။ ရှစ်ပါးအပြားအားဖြင့်။ ရွေးချယ်အပ်၏။ ရှစ်ပါးဟူသော်ကား။ ပကတိမြေ၏သဘောအားဖြင့် ရွေးချယ်ခြင်းသဘော။ အရပ်သဏ္ဍာန်အားဖြင့် ရွေးချယ်ခြင်း။ အနိမ့်အမြင့်အားဖြင့် ရွေးချယ်ခြင်း။ အဆင်းအနံ့အရသာအားဖြင့် ရွေးချယ်ခြင်း။ မြက်သစ်ပင်-အပေါက်-အရောက်အားဖြင့် ရွေးချယ်ခြင်း။ ရေမြေစာအစွမ်းအားဖြင့်ရွေးချယ်ခြင်း။ ကုန်းကြည်းအနေအားဖြင့်ရွေးချယ်ခြင်း။ ရေတည်ရေရှိအားဖြင့်ရွေးချယ်ခြင်း။ ဤသို့လျှင် ရှစ်ပါးအပြားရှိပါသည်။ ။ ထိုရှစ်ပါးတို့တွင်။ ပကတိမြေ၏သဘော၌။ ရွေးချယ်ရာ၌။ စေ့စပ်ပြေပြစ်သိပ်သည်းခိုင်ခန့်မြဲမြံသောမြေ၏သဘော။ ပကတိသဘောအားဖြင့်။ မွှေးကြိုင်သောမြေ၏သဘော။ နံ့သာမွှေးမျိုးသစ်ပင်တို့၏ ပေါက်ရောက်တတ်သောမြေ၏သဘော။ ရေလက်ျာရစ်စီးသော မြေ၏သဘော။ နွယ်သစ်ပင်တို့သည်။ လက်ျာရစ် ပေါက်ရောက်ရာမြေ၏သဘော။ တူးဆွသော်။ ဝါသော အဆင်းရှိသောမြေ၏သဘော။ ညီညွှတ်သောမြေ၏သဘော။ ဤသို့လျှင်များစွာကုန်သောအကြောင်းအရာတို့ဖြင့်။ ပကတိမြေ၏သဘောကို ကြဏ်းဂန်အရ ရွေးချယ်ရပါကြောင်း။

အရပ်သဏ္ဍာန်အားဖြင့်။ ရွေးချယ်ရာ၌။ လျားသောအရပ်။ လေးထောင့်ရှိသောအရပ်။ လေးထောင့်အရပ်။ အလျားအရပ်မှာပင်။ အလယ်စွင့်ရရှင့်ရှိ၍ လုံးလျောင်းသောအရပ်။ လုံးသောအရပ်ပင်။ အဆင့်ဆင့်ထင်၍။ ရှစ်ထောင့်ရှိသဖြင့်။ ပလ္လင်နှင့်တူသောအရပ်။ စက်ဝန်းနှင့် တူသောအရပ်။ မညီမညွှတ်သဖြင့်။ လက်ရုံးနှင့်တူသောအရပ်။ သုံးထောင့် ရှိသောအရပ်။ လှည်းနှင့်တူသောအရပ်။ အလွန်ရှည်လျားသော။ တောင်ဝှေးနှင့်တူသော အရပ်။ အလယ်ချုံး၍ အရင်းအဖျားကြီးသဖြင့်။ ထက်စည်နှင့် တူသောအရပ်။ အလယ်ကြီး၍ အရင်းအဖျားချုံးသဖြင့်။

မုရိုးစည်နှင့် တူသောအရပ်။ အလယ်ရှိုင်းသဖြင့်။ ခြသေ့်မျက်နှာနှင့်တူသောအရပ်။ ယပ်နှင့်တူသောအရပ်။ လိပ်ကျောက်ကုန်းနှင့်တူသောအရပ်။ လေးဖျည်နှင့် တူသောအရပ်။ မန်းနှင့်တူသောအရပ်။ ဤ၌တန်းဟုမှတ်ပါ။ ။ ဤသို့လျှင် တဆယ့်ခြောက်ပါးကုန်သောအကြောင်းအရာတို့ဖြင့်။ ရွေးချယ်ရပါကြောင်း။

အရှင်မင်းမြတ် အကျိုးအပြစ်ကို ဆိုရာ၌။ လျှားသောအရပ်၌ကား။ အကျိုးပြီးစီးရာ၏။ လေထောင့်အရပ်၌။ ဥစ္စာပေါများရာ၏။ ပလ္လင်နှင့်တူသောအရပ်၌ ကိစ္စပြီးစီးရာ၏။ လုံးသောအရပ်၌ စင်ကြယ်ပွားများရာ၏။ စက်နှင့်တူသောအရပ်၌။ ဆင်းရဲရာ၏ လက်ရုံးနှင့်တူသောအရပ်၌။ စိုးရိမ်ရာ၏။ သုံးထောင့်အရပ်၌ မင်းဘေးသင့်ရာ၏။ လှည်းနှင့်တူသောအရပ်၌ ဥစ္စာပြုန်းတီးရာ၏။ တောင်ဝေးနှင့်တူသောအရပ်၌။ နွားကျွဲပျောက်ပျက်ရာ၏။ ထက်စည်နှင့်တူသောအရပ်၌။ မျက်စိအနာဖြစ်ရာ၏။ မုရိုးစည်နှင့်တူသောအရပ်၌။ မယားသေဆုံးရာ၏။ ခြသေ့်မျက်နှာနှင့်တူသောအရပ်၌။ ဥစ္စာပျောက်ပျက်ရာ၏။ ယပ်နှင့်တူသောအရပ်၌လည်း ဥစ္စာပျောက်ပျက်ရာ၏။ လိပ်ကျောက်ကုန်းနှင့်တူသောအရပ်၌။ အနှောင်အဘွဲ့တွေ့ကြုံရာ၏။ လေးဖျည်နှင့်တူသောအရပ်၌ ခိုးသူဘေးသင့်ရာ၏။ မန်းနှင့်တူသောအရပ်၌။ စပါးပြုန်းတီးရာ၏။

ကျမ်းဂန်အလိုအနိမ့်အမြင့်အားဖြင့်ရွေးချယ်သည်ကို။ တင်လျှောက်ပါဦးအံ့။ ။ အရှေ့အဘို့မြင့်မူ။ လူတို့မာနတက်ကြွတတ်၏။ တောင်အဘို့မြင့်မူ။ ဥစ္စာပေါများတတ်၏။ အနောက်အဘို့မြင့်မူ ဥစ္စာပြုန်းတီးတတ်၏။ မြောက်အဘို့မြင့်မူ။ ပျက်စီးတတ်၏။ ။ ဤသည်လျှင် အနိမ့်အမြင့်အားဖြင့် ရွေးချယ်နည်းပါဘုရား။

အဆင်းအနံ့ အရသာအားဖြင့် ရွေးချယ်အပ်သော မြေကြဏ်းကို လျှောက်ပါဦးအံ့။ ။ အဖြူ အနီ အဝါ အမည်း အဆင်ရှိသော မြေတို့ကား။ ပုဏ္ဏား၊ မင်း။ ကုန်သည် ဆင်းရဲသားတို့အား အစဉ်အတိုင်း။ နေသင့် နေထိုက်ကုန်ရာ၏။ ထောပတ်အနံ့ သွေး၏အနံ့ အဦအနံ့ သေရည်သေရက်အနံ့အားဖြင့် လေးပါးသောအနံ့ရှိကုန်သောမြေတို့သည်။ ပုဏ္ဏား။ မင်း။ ကုန်သည် ဆင်းရဲသားတို့အား။ အစဉ်အတိုင်း နေသင့်နေထိုက်ကုန်၏။ ချိုဆိမ့်သောအရသာ။ ဖန်သောအရသာ။ ချဉ်သောအရသာ။ စပ်သောအရသာ ရှိကုန်သော မြေတို့သည်။ ပုဏ္ဏား။ မင်း။ ကုန်သည် ဆင်းရဲသားတို့အား အစဉ်အတိုင်း နေသင့်နေထိုက်ကုန်၏။ ကြွင်းကုန်သောအဆင်းအနံ့ အရသာတို့သည်။ မြေကောင်းလက္ခဏာသို့ မဝင်ကုန်။ ။ ဤသို့လျှင် အဆင်းအနံ့အရသာအားဖြင့် ရွေးချယ်ရသောအခဏ်းပါဘုရား။

မြက်သစ်ပင် အပေါက်အရောက်အားဖြင့် ရွေးချယ်ရာသော အခဏ်း၌။ သံတော်ဦးတင်ပါအံ့။ ။ သမန်းမြက်။ မြွားမြက်။ နေဇာမြက်။ ဖေါင်းမြက်တို့ဖြင့်

ရစ်သည်အပ်သောမြေကား။ အစဉ်မပြတ်ပွားစီးခြင်းကို ပြုတတ်၏။ ။ အရှေ့မျက်နှာ၌။ ညောင်ဗုဒ္ဓဟေပင်ရှိမူ ပြုန်းတီးရာ၏။ တောင်မျက်နှာ၌ ညောင်ကြပ်ပင်ရှိမူ။ ဆွေမျိုးတို့နှင့် ကွေကွင်းရာ၏။ အနောက်မျက်နှာ၌။ ညောင်ပင်ရှိမူ မယားအကျင့်ပျက်ရာ၏။ မြောက်မျက်နှာ၌။ ရေသဖန်းပင်ရှိမူ မပွားစီးရာ။ နံ့နွှင်းမဲ၊ ထိန်။ ပေါက်။ မင်းကြီး။ အောက်မဲဖြူ။ ပင်လယ်ကသစ်။ ဤသစ်ပင်တို့သည်။ အရပ်ခပ်သိမ်းနှင့်ပင်။ မင်္ဂလာမရှိသည်ကို ပြုတတ်ကုန်၏။ ။ ဤသို့လျှင် သစ်ပင်အပေါက်အရောက်အားဖြင့်။ ရွေးချယ်သောအခဏ်းပါဘုရား။

၁၉ ～ 19

ရေမြေစာအားဖြင့် ရွေးချယ်ရာ၌တင်ပါဦးအံ့။ ။ မြို့နန်းတည်ရာမြေ၏အလယ်၌။ အလျားအနံ အစောက်အားဖြင့်။ တတောင်ခန့်တွင်းတူးပြီးမှ။ ထိုမြေစာကို။ ထိုတွင်း၌ဖို့၍။ မပြည့်ယုတ်ခဲ့မူ မကောင်း။ ညီမျှခဲ့မူ အသင့်အလျော်ရှိ၏။ ပိုလျှံခဲ့မူ အလွန်ကောင်း၏။ တနည်းကား။ ယခင်တွင်းကိုရေဖြင့် ပြည့်စေ၍။ အဝါတရာပြည့်အောင်။ ခေါက်တုန့်ပြန်ရောက်စဉ်။ အကယ်၍ ရေလျော့အံ့။ ယခင်တွင်း၌ဆည်းသောမြေမှုန့်။ ကန်သင်းသည်လည်း။ ပိုလ်ခြောက်ဆယ်ရှိအံ့။ အလွန်ကောင်း၏။ ဤသည်လျှင်။ ရေမြေစာအားဖြင့်ရွေးချယ်ရာသော အခဏ်းပါဘုရား။

ကုန်းကြည်း အနေအားဖြင့် ရွေးချယ်ရာ၌ အရှေ့၌ကြည်းရှိမူ။ စီးပွားကို ပြုတတ်၏။ တောင်၌ကြည်းရှိမူ။ သေကြေပျက်စီးတတ်၏။ အနောက်၌ကြည်းရှိမူ။ ဥစ္စာပျက်စီးတတ်၏။ မြောက်၌ ကြည်းရှိမူ-ဥစ္စာကို ပေးတတ်၏။ ။ဤသည်လျှင် ကုန်းကြည်းအနေအားဖြင့် ရွေးချယ်ရာသောအခဏ်းပါဘုရား။

ရေတည်ရေရှိအားဖြင့်ရွေးချယ်ရာ၌။ အရှေ့၌ ရေရှိသော်။ သားမြေးချို့တဲ့ရာ၏။ အရှေ့တောင်၌ရေရှိသော်။ မီးဘေးသင့်ရာ၏။ တောင်အရပ်၌ရေရှိသော်။ ရန်သူဘေးသင့်ရာ၏။ အနောက်တောင်အရပ်၌ ရေရှိသော်။ မိန်းမတို့ ငြင်းခုန်ခြင်းဖြစ်ရာ၏။ အနောက်အရပ်၌ရေရှိသော်။ မိန်းမတို့ကြောင့်အပြစ်ဖြစ်ရာ၏။ အနောက်မြောက်အရပ်၌ ရေရှိသော်။ ဥစ္စာများရာ၏။ မြောက်အရပ်၌ရေရှိသော်။ ဥစ္စာပြုန်းတည်းရာ၏။ အရှေ့မြောက်အရပ်၌ ရေရှိသော်။ သားမြေးပွားများရာ၏။ ဤတွင်ရွှေ့ကား။ ရှစ်ပါးကုန်သော အကြောင်းအရာတို့ဖြင့်။ မြို့ရွာတည်ရာမြေကို ရွေးချယ်ခြင်းတည်း။

နန်းအိမ်ဆောက်လုပ်သောအခါ။ ရွေးရာသော မြေ၏ အကြောင်းကို။
ထပ်လောင်းခြားနား။ လျှောက်တင်ပါအံ့ဘုရား။

နန်းအိမ်ဆောက်ရာမြေကို။ ကိုးပါးကုန်သော အကြောင်းအရာတို့ဖြင့် ရွေးချယ်ရာ၏။ ကိုးပါးဟူသော်ကား။ ။ “သစ်ပင်အတည်အရှိအားဖြင့်ရွေးချယ်ခြင်း။” ။ “ရေကန်စေတီစသည်အနီးအပါး ရှိမရှိအားဖြင့်ရွေးချယ်ခြင်း။”။ “မြို့ရွာအရပ်အားဖြင့် ရွေးချယ်ခြင်း။” ။ “နဂါးအအိပ်အနေအားဖြင့်ရွေးချယ်ခြင်း။” “တံခွန်အခိုး စသော အသင့်အားဖြင့် ရွေးချယ်ခြင်း။” “အလျောင်းအဆောင်းအားဖြင့် ရွေးချယ်ခြင်း။” ။ “ဂြိုဟ်နက္ခတ်အတည် အနေအားဖြင့် ရွေးချယ်ခြင်း။” ။ “အရိုးစသည် ကိုယ်ပယ်သောအားဖြင့် ရွေးချယ်ခြင်း။” ။ “တမျဉ်းခင်းသောအားဖြင့် ရွေးချယ်ခြင်း။” ။ ဤသို့လျှင် နန်းအိမ်ရာမြေကို။ ကိုးပါးကုန်သော အကြောင်းအရာတို့ဖြင့် ရွေးချယ်ရာ၏။ ။ ဤကားကိုးပါးသရုပ်ပါဘုရား။ ။

ထိုကိုးပါးတို့တွင်။ “သစ်ပင်အတည်အရှိအားဖြင့် ရွေးချယ်ရာ၌၊ မုလေး။ ပုန်းညက်။ ကြက်ရုံး။ လက်ပံ။ သမင်စာ။ သင်းခွေ။ ဤသစ်ပင်တို့သည်။ နန်းအိမ်ဆောက်ရာမြေပေါ်၌ ပေါက်ရောက်မူ လက်နက်ထိပါးတတ်၏။” ။ “တောင်တဲစား။ ငှက်ပျော။ ရှောက်ကြီး။ ဤသစ်ပင်တို့သည်။ ပေါက်ရောက်ကုန်သည်ရှိသော်။ အိမ်ရှင်ပျက်စီးတတ်၏။” ။ “ဥသျှစ်။ တလည်။ ကံ့ကော်။ ပိန္နဲ။ အုန်း။ ဤသစ်ပင်တို့သည်။ အမှတ်မရှိသောအရပ်၌ ပေါက်ရောက်ကုန်သည်ရှိသော်ကောင်းမြတ်၏။” ။ နန်းအိမ်အရှေ့မျက်နှာ ပညောင်ပင်ပေါက်ရောက်မူ ကိစ္စဆန္ဒပြီးစီးရာ၏။” ။ တောင်မျက်နှာ၌ ရေသဖန်းပင်ပေါက်ရောက်မူ ကိစ္စဆန္ဒပြီးစီးရာ၏။”။ အနောက်မျက်နှာ၌ ညောင်ကြပ်ပေါက်ရောက်မူကား။ ကောင်းမြတ်၏။” ။ မြောက်မျက်နှာ၌ ညောင်ချဉ်ပေါက်မူ။ စပါးပေါများရာ၏။” ။ ထိုသစ်ပင်တို့သည် ဆိုအပ်ခဲ့ကုန်ပြီးသော အရပ်တို့မှ အခြားအရပ်၌ ပေါက်မူမကောင်း။ အကျိုးမရှိ ဟူလိုသည်။ ။ ရှောက်သမ္ဘရာ။ ကွမ်းသီးပိန္နဲ။ သရက်သဖန်းခါး။ ကြစုမုလေး။ ကြာမျိုးတောင်စလပ်။ ကရဝေးကြက်ရုံး။ အုန်း ငှက်ပျော။ ပုတီးနက်။ သခွတ်။ ဤသစ်ပင်တို့နှင့် ယှဉ်မူ ကောင်းမြတ်၏။” ။ တနည်းလည်း။ ပန်းသုံး။ ပုန်းညက်။ ဥသျှစ်။ ကံ့ကော်ပင်တို့သည်။ ကောင်းကျိုးကို ဆောင်တတ်ကုန်၏။” ။ အပွင့်နီကုန်သော သစ်ပင်တို့ကား။ မီးဘေးကိုဖြစ်စေတတ်ကုန်၏။” ။ ဆူးများကုန်သော သစ်ပင်တို့သည်။ ရန်ကိုဖြစ်စေတတ်ကုန်၏။ ။ လဲပင်မျိုးတို့သည်။ နန်းအိမ်ပျက်စီးခြင်းကိုပြုတတ်ကုန်၏။”။ ဤသို့လျှင်။ သစ်ပင်အတည်ရှိအားဖြင့် ရွေးချယ်ရာသော အကြောင်းဘုရား။

“ရေကန် စေတီစသည် အနီးရှိမရှိအားဖြင့် ရွေးချယ်ရာ၌။ ရေကန်။ နတ်ကွန်း။ စေတီ။ ကုက္ကိုပင်။ မြစ်။ ဤငါးပါးတို့သည်။ အထောင့်အရပ်၌ရှိကုန်သော် မကောင်း။ အရှေ့အရပ်။ မြောက်အရပ်တို့၌ ရှိကုန်သော်ကား ကောင်း၏။”

။ အမတ်တို့၏ အိမ်အနီး၌ရှိမူ ဥစ္စာပျောက်ပျက်တတ်၏။ သေသောက်ကြူးတို့၏ အိမ်အနီး၌ရှိမူ။ သားမြေးပျက်စီးတတ်၏။ နတ်ကွန်းအနီး၌ရှိမူ။ ထိပ်လန့်တတ်၏။ ခရီးလေးခွအနီး၌ရှိမူ အကျော်အစောမဲ့တတ်၏။ စေတီအနီး၌ နန်းအိမ်ဆောက်မူဘေးသင့်တတ်၏။ တောင်ပို့ထုံးအိုင်၏အနီး၌ အိမ်ဆောက်မူပျက်စီးတတ်၏။ လိပ်ကုန်းအရပ်၌ နန်းအိမ်ဆောက်မူ။ ဥစ္စာပျက်စီးတတ်၏။" အနီးဟူရာ၌=မွန်းတည့်အခါ။ အရိပ်ကျရာ အရပ်ကို ယူလေ။ ။

"မြို့ရွာအရပ်အားဖြင့်ရွေးချယ်ရာ၌။ မြို့ရွာ၏အထောင့်အရပ်၌ နန်းအိမ်ကိုမဆောက်ရာ။ အစွန်း၌လည်း မဆောက်ရာ။ အလယ်တည့်တည့်၌လည်း မဆောက်ရာ။ အထောင့်အရပ်၌ ဆောက်မူ ဥစ္စာပျက်စီးတတ်သည်။ အစွန်း၌ဆောက်မူရန်သူဘေးသင့်တတ်သည်။ အလယ်၌ဆောက်မူ အလုံးစုံပျက်စီးတတ်သည်။" ။ ဤသို့လျှင် မြို့ရွာအရပ်အားဖြင့် ရွေးချယ်ပုံတည်း။ ။

နဂါးအအိပ်အနေအားဖြင့် ရွေးချယ်ရာ၏။ ။ နဂါး၏ ဥက္ခောင်းကျောက်ကုန်း။ အမြီးသင့်ရာ အရပ်တို့၌။ နန်းအိမ်ကိုမဆောက်ရာ။ ဝမ်းသင့်ရာ၌သာဆောက်အပ်၏။ ။ နဂါးအိပ်ခြင်းကား။ တော်သလင်း။ သီတင်းကျွတ်။ တန်ဆောင်မုန်း။ ဤသုံးလ၌ အရှေ့သို့ဥက္ခောင်း။ မြောက်သို့ကျောက်ကုန်း။ အနောက်သို့အမြီးမူ၏။ ဝမ်းကားတောင်သို့မူ၏။ ဤနည်းအတူ။ ဝမ်းမူရာကို ကျောက်ကုန်းမှ ပြန်၍သိလေ။ ။ နတ်တော်။ ပြာသို။ တပို့တွဲ။ ဤသုံးလ၌။ တောင်သို့ ဥက္ခောင်း။ အရှေ့သို့ကျောက်ကုန်း။ မြောက်သို့ အမြီးမူ၏။ ။ တပေါင်း။ တန်ခူး။ ကဆုန်။ ဤသုံးလ၌။ အနောက်သို့ ဥက္ခောင်း။ တောင်သို့ကျောက်ကုန်း။ အရှေ့သို့ အမြီးမူ၏။ ။ နယုန်။ဝါဆို။ ဝါခေါင်။ ဤသုံးလ၌။ မြောက်သို့ ဥက္ခောင်း။ အနောက်သို့ ကျောက်ကုန်း။ တောင်သို့ အမြီးမူ၏။ (ဤအရာ၌ မြို့တည်နန်းတည်။ အခြင်းအရာများကို သာသနာတော်ကျမ်း။ ကမ္ဘာတန်ဆာလောကီကြဏ်းများ၌။ ထုတ်နှုတ်ယူဆောင်၍ ပြလိုက်သည်ကား။) (ငါတို့သာသနာ ဒါယကာမဟာဇေရာဇ်မင်းမြတ်သည်။ သိကြားမင်း၏ပစ်လွှတ်အပ်သော ဝရဇိန်လက်နက်ကား။ တဆံချည်မျှနောက်သို့ မဆုတ်။ ရှေးရှုရာသို့သာသွားဘိသကဲ့သို့။ မဆုတ်မနစ်သော လုံ့လဝီရိယရှိတော်မူသဖြင့်။ မြို့၏မှီရာ တော တောင် မြစ် အင်း အိုင် ချောင်းကန်တို့တွင်။ အောင်ပင်လယ်။ နန္ဒာဟူသောကန်တော်ကြီးနှစ်ရပ်။ မန္တလေးတောင်-ရွှေတချောင်းမြောင်း။ ဧရာဝတီမြစ်တို့ကို အမှီပြု၍။ ရတနာပုံ ရွှေပြည်တော်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူရာ။ စာရေးတော်ကြီး။ တပြေငါးရွာစား။ မင်းလှသိခ်သူ ကြည့်ရှုကြပ်မရသဖြင့်။ သာသနာတော်ထုံးစံ။ လောကီထုံးစံများကို ပြည္တန်ထုတ်ဘော်ရသဖြင့်လည်း။ လောကတ္တစရိယ အကျိုး

ပြည့်စုံစေသောငှါ။ အထူးထူးကုန်သောနည်းတို့ဖြင့် ပြဆိုလိုက်သည်မဟုတ်။ ထိုသို့ လောကတ္တ စရိယအကျိုးပြည့်စုံသဖြင့်ကား။ အကြင်ငါတို့အား။ နိရောဓ သစ္စာ၏အခြေကို။ ပြုဆည်းဘူးလတ်သတည်းဟု။ စိတ်ဒွိဟပသက်ကိုပယ် ဖျောက်လျက်။ ထမြော်အောင်မြင်ကြောင်းဝီရိယ။ စေတောဝိသုဒ္ဓတ္တာတရား။ ပွားများမယုတ်။ အားထုတ်ရာသည်။) ဤသို့နဂါးအအိပ်အနေအားဖြင့် ရွေးချယ် ရာ၏။

တံခွန်အခိုးစသော အသင့်အားဖြင့်ရွေးချယ်ရာ၌။ ဆောက်လတံ့သောနန်းအိမ် ထုတ်လျောက်တို့၏။ ရသမျှ။ တောင်ပေါင်း သင်္ချာကိုတည်။ လေးခုနှော။ သုံးခု ဖြင့်မြှောက်။ ရှစ်ခုစား။ တခုကြွင်းမူတံခွန်သင့်၏။ နှစ်ခုကြွင်းမူ အခိုးသင့်၏။ သုံးခု ကြွင်းမူ ခြင်္သေ့သင့်၏။ လေးခုကြွင်းမူ ခွေးသင့်၏။ ငါးခုကြွင်းမူ။ နွားသင့်၏။ ခြောက်ခုကြွင်းမူ မြည်းသင့်၏။ ခုနစ်ခုကြွင်းမူ ဆင်သင့်၏။ သုံးမူကျီးသင့်၏။ ။ တံခွန်သင့်လျှင် အရှေ့မှာဆောက်အပ်၏။ အရှေ့မှာ ဆောက်လိုလျှင်။ တံခွန်သင့် စေရာ၏။ ထို့အတူ။ အခိုးသင့်လျှင် အရှေ့တောင်။ ခြင်္သေ့သင့်လျှင်တောင်။ ခွေး သင့်လျှင် အနောက်တောင်။ နွားသင့်လျှင် အနောက်။ မြည်းသင့်လျှင် အနောက်မြောက်။ ဆင်သင့်လျှင် မြောက်။ ကျီးသင့်လျှင် အရှေ့မြောက်၌ ဆောက်အပ်၏။ အရှေ့မြောက်၌ ဆောက်လိုလျှင် ကျီးသင့်စေရာ၏။ ဤသို့လျှင် တံခွန်အခိုးစသော အသင့်အားဖြင့် ရွေးချယ်ရာ၏။

အလျောင်းအဆောင်းအားဖြင့်။ ရွေးချယ်ရာ၌။ အလိုရှိအပ်သော နန်းအိမ်ရာ အတွင်း။ အိမ်မမှအလွတ်။ အရာတခုသာလပ်အံ့။ တောင်လျောင်းရာ ထား အပ်၏။ နှစ်ခုလပ်အံ့။ တောင်လျောင်းနှင့်။ အနောက်လျောင်းရာ ထားအပ်၏။ မြောက်လျောင်းရာ မထားဘဲ။ အရှေ့လျောင်းရာ မထားသင့်။ အနောက်တောင် ထောင့်၌ အလျောင်းအဆောင်းရှိမူကား။ အကျိုးပြီးသောကြောင့်။ သိဒ္ဓတ္တ မည်၏။ အနောက်မြောက်ထောင့်၌။ အလျောင်းအဆောင်းရာရှိမူကား။ သေမင်း၏မာရ်နှင့်တူသောကြောင့်။ ယမသုပမည်၏။ အရှေ့မြောက်ထောင့်၌ အလျောင်းအဆောင်းရာရှိမူကား။ တောင်ဖုေးလှံတံနှင့်တူသောကြောင့်။ ဒဏ္ဍာ မည်၏။ အရှေ့တောင်ထောင့်၌ အလျောင်းအဆောင်းရှိမူကား။ လေနှင့်တူသော ကြောင့်။ ဝါတာမည်၏။ အရှေ့အလျောင်းအဆောင်းရာ။ အနောက် အလျောင်း အဆောင်းရှိမူကား။ အိမ်ကိုမုန့်မုန့်ညက်ညက်ကျေစေတတ်သောကြောင့်။ ဂဟာစု ဏ္ဏိမည်၏။ တောင်အလျောင်းအဆောင်းရာ။ မြောက်အလျောင်းအဆောင်းရှိ မူကား။ စည်ကျောက်နှင့်တူသောကြောင့်။ ကာစ-မည်၏။ သိဒ္ဓတ္တ၌အကျိုးပြီးစီး ရာ၏။ ကာမသုပ၌ အိမ်ရှင်သေကြေပျက်စီးတတ်၏။ ဒဏ္ဍာ၌ရန်သူဘေးသင့်၏။

ဝါတ၌အခါခပ်သိမ်းငြင်းခုံခြင်း ထိပ်လန့်ခြင်းဖြစ်ရာ၏။ ဟာဂစုဏ္ဏ၌။ ဥစ္စာပျက်စီးတတ်၏။ ကာစ၌ ဆွေမျိုးတို့နှင့် ငြင်းခုံခိုက်ရန်ဖြစ်ရာ၏။ မြောက်အလျောင်းအဆောင်းချို့တဲ့သောအရာ၌။ ရွှေငွေရရာ၏။ အလျောင်းအဆောင်းသုံးခုရှိသောအရာ၌။ စည်းစိမ်တိုးပွားရာ၏။ အရှေ့အလျောင်းအဆောင်း ချို့တဲ့သောအရာ၌ကောင်းမြတ်၏။ တောင်အလျောင်းအဆောင်းချို့တဲ့၍။ အရှေ့မြောက်အနောက်။ အလျောင်းအဆောင်းသုံးခုရှိမူ။ အိမ်ပျက်စီးရာ၏။ အနောက်အလျောင်းအဆောင်းချို့တဲ့သောအရာ၌ ရန်များရာ၏။ ဤသို့လျှင် အလျောင်းအဆောင်းအားဖြင့် ရွေးချယ်ရာ၏။

ဂြိုဟ်နက္ခတ်အတည်အနေအားဖြင့် ရွေးချယ်ရာ၌။ ထုပ်လျောက်တောင်ပေါင်းတို့တည်။ နှစ်ခုမြောက်ထွာစွန်းနှော။ ရှစ်ခုစား။ တခုကြွင်းမူ တနင်္ဂနွေဂြိုဟ်စသည်ဖြင့်ပြရာ၏။ ထုပ်လျောက်တောင်ပေါင်းကိုတည်။ ရှစ်ခုမြောက်နှစ်ဆယ့်ရှစ်ခုနှင့်စား။ တခုကြွင်းကျတ္တိကာ။ နှစ်ခုကြွင်းရောဟနီစသည်ဖြင့်ပြရာ၏။ ။ကျတ္တိကာအစရှိကုန်သော နက္ခတ်သုံးလုံးတို့ကား အရှေ့နက္ခတ်တည်း။ မာဃအစရှိကုန်သော နက္ခတ်ခုနှစ်လုံးတို့ကား အနောက်နက္ခတ်တို့တည်း။ ဓနသိဋ္ဌိအစရှိကုန်သော နက္ခတ်သုံးလုံးတို့ကား မြောက်နက္ခတ်တို့တည်း။ အကြွင်းအရပ် နက္ခတ်ကြိုက်၏။ ထိုအရပ်၌ဆောက်ရာ၏။ ဂြိုဟ်၌လည်း နည်းတူပင်တည်း။ နဂါးအသင့် ဂြိုဟ်နက္ခတ်အလုံးစုံညီညွတ်ခဲလှ၏။ များစွာညီက အနည်းငယ်မညီသော်လည်း သင့်လျော်စေ။ လောကီအရာဖြစ်၍ မှန်သည်လည်းဖြစ်ရာ၏။ ဘုရားဟောစကားများ ကဲ့သို့ကော်သော်ကား မမှတ်အပ်ချေ။ လောကီသားဖြစ်၍။ လောကီကိုမစွန့်ပစ်နိုင်ရာ။ အခြင်းခပ်သိမ်းလည်းမယူသာ။ မယူဘဲလည်းမရှိရာဟူလိုသည်။ ။ ထုပ်လျှောက်စနစ် တောင်ပေါင်းကို။ ရှစ်ဆယ့်တခုတို့ဖြင့်နှော။ အိမ်ရှင်၏မူလနက္ခတ်သင်္ချာကို။ (တရာ့ငါးဆယ်နှစ်ခုတို့ဖြင့်နှော) နှစ်ရပ်ကိုပေါင်း။ နှစ်ရာတဆယ့်ခြောက်ခုစား။” ထိုမှအကြွင်းသည် နန်းအိမ်တည်ကိန်းဖြစ်၏။ ၎င်းတည်ကိန်းကို။ (ရှစ်ထောင်ကိုးရာနှစ်ဆယ်ရှစ်တို့ဖြင့်မြောက်။ ။ တဆယ်နှစ်ခု။ သုံးဆယ်နှစ်ခု။ နှစ်ဆယ့်ရှစ်ခု။ အစဉ်အတိုင်းစား၍။ အစဉ်အတိုင်းစီးပွားခြင်း။ ပျက်စီးခြင်း။ တည်ကြည်ခြင်းဟူသော နက္ခတ်ကိန်းသည်ဖြစ်၏။ ။ နန်းအိမ်၏အာယ။ ဗျယ။ ဋ္ဌီတိ။ အကြောင်းသုံးပါးကိုယူလေ။ ဤကား ဇေတိတတ္တကျမ်းများ၌လာသော နည်းတည်း။ ။ တနည်းကား။ လျောက်ဖြင့်မြောက်အပ်သောထုပ်၏ အတောင်ပေါင်းကိုတည်။ ကိုးခုတို့ဖြင့်၎င်း။ ရှစ်ခုတို့ဖြင့်၎င်းစား။ နှစ်ရပ်သောလပ်ကိုလည်း။ စားခြေနှစ်ရပ်တို့ဖြင့်လျှင်နှုတ်။ နှုတ်ကြွင်းနှစ်ရပ်သည်။ အစဉ်အတိုင်း။ အာယ။ ဗျယဖြစ်၏။ လပ်ကား ဋ္ဌီတိဖြစ်၍။ ။ဤကား

ရာဇမတ္တဏ်ကျမ်းများ၌လာသော နည်း းတည်း။ ထုပ်လျော့က်တဆယ့်တတောင် အတိုင်းအရှည်ရှိသော နန်းအိမ်စနစ်တောင်ပေါင်း၌။ ဘရဏီနက္ခတ်နှင့် ယှဉ်သဖြင့်။ အာယစသည်တို့သည် ဖြစ်ကုန်သကဲ့သို့။ ထို့အတူ။ ဤနန်းအိမ်စနစ်တောင်ပေါင်း၌။ နက္ခတ်နှစ်ဆယ့်ရှစ်လုံးတို့ကိုနှောအပ်ကုန်၏။ ဗျယလွန်လျှင်မဆောက်အပ်။ အာယလွန်လျှင်ကား ကောင်းမြတ်၏။ ။ ဤသို့လျှင်။ ဂြိုဟ်နက္ခတ်အတည်အနေအားဖြင့် ရွေးချယ်ရာသောအခဏ်းတည်း။

အရိုးစသည်ကို ပယ်သောအားဖြင့်ရွေးချယ်ရာ၌။ အရိုးစသည်ကားနန်းအိမ်၌ သူတကာထက် အလွန်အောက်၌တည်မူ အပြစ်ကိုမပေးတတ်။ ဘုံပြာသာဒ်၌ကား မြေ၏တည်ရာ ရေဆုံးအောင်ပင်တည်သော်လည်း အပြစ်ကိုပေးတတ်၏။ ဘုံနှစ်ဆင့်ကစ၍ ပြာသာဒ်၌သွင်းရမည် အရိုးစသည်ကိုရေဖြင့်ပယ်ခြင်း။ တူးဆွ၍ပယ်ခြင်း။ ပြဿနာ၏အစွမ်းအားဖြင့် ပယ်ခြင်း။ ဤသုံးပါးကုန်သောနည်းတို့ဖြင့်ပယ်ရာ၏။ ထိုသုံးပါးတို့တွင်။ ရေဖြင့်ပယ်ရာ၌။ နန်းအိမ်ရာမြေကိုရေဖြင့် ပိုင်းခြားလျက်သားနား၍ပယ်လေ။ ။ တူးဆွ၍ပယ်ရာ၌။ ဆိုလတံ့သောပမာဏမျှ။ တူးဆွ၍ပယ်လေ။ ။ ပြဿနာ၏ အစွမ်းအားဖြင့်ပယ်ရာ၌။ နန်းအိမ်ရှင်သည် နေဇာညွန့်ပန်း ပေါက်ပေါက်လက်စွဲလျက် ဟူးရား၊ တတ်ဆရာသို့ကပ်၍၊ ယခုဆောက်လတံ့သော နန်းအိမ်ရာ၌။ အရိုးရှိမရှိကိုမေးရာ၏။ ထိုအခါ မေးလာသောပြဿနာ၏ အစအဦး အက္ခရာကို မှတ်၍ထားရာ၏ ။ နန်းအိမ်ရာကို အကန့်ကိုးခုကွက်မှတ်သားနားလျက်ထားရာ၏။ ယခင်မေးလာသော ပြဿနာ၏ အစဦး၌ (ဝ–က–စ–တ–င–ဟ–သ–ပ–ယ) ဤအက္ခရာ ကိုးလုံးပါမှ အရိုးရှိ၏။ မပါမူမရှိဟုဟောရာ၏။ ။ ပြဿနာ၌။ (ဝ) အက္ခရာပါမူ။ အရှေ့၌လူရိုးရှိ၏။ လူရိုးရှိလျှင်။ သေကျေပျက်စီးတတ်၏။ (က) အက္ခရာပါမူ အရှေ့တောင်၌ မြင်းရိုးရှိ၏။ မြင်းရိုးရှိလျှင်။ ဒုတ်လုံတံဘေး။ မြွေကင်းသန်းဘေးသင့်တတ်၏။ (စ) အက္ခရာပါမူ။ တောင်၌မျောက်ရိုးရှိ၏။ မျောက်ရိုးရှိလျှင်။ အိမ်ရှင်ပျက်စီးတတ်သည်။ (တ) အက္ခရာပါမူ။ အနောက်တောင်၌ ခွေးရိုးရှိ၏။ ခွေးရိုးရှိလျှင်။ ဘေးကြီးသင့်တတ်သည်။ (င) အက္ခရာပါမူ။ အနောက်၌ လူငယ်ရိုးရှိ၏။ လူငယ်ရိုးရှိလျှင်။ အိမ်လုံးဆိပ်ငြိမ်တတ်သည်။ (ဟ) အက္ခရာပါမူ။ အနောက်မြောက်၌။ လူယုတ်အရိုးရှိ၏။ လူယုတ်အရိုးရှိလျှင် ဆင်းရဲတတ်သည်။ (သ) အက္ခရာပါမူ။ အရှေ့မြောက်၌ နွားရိုးရှိ၏။ နွားရိုးရှိလျှင် အိမ်ရှင်စီးပွားဥစ္စာ ပျက်စီးတတ်သည်။ (ယ) အက္ခရာပါမူ။ အလယ်၌လူဥကျွေါင်းခွံသော်ငင်း။ သံထွေသော်ငင်းရှိ၏။ လူဥကျွေါင်းခွံသံထွေရှိလျှင်။ အမျိုးပြုန်းတီးတတ်သည်။ ။ ယခင်ပြခဲ့သောရေဖြင့်ငင်း။ တူးဆွ၍ငင်းပယ်လေ။ ။ ပြဿနာဖြင့်ပယ်ဟန်အခြားမရှိ။ အရှေ့အနောက်တောင်။ အနောက်

အရှေ့မြောက်အရပ်တို့၌ အရိုးစသည်ကား တတောင့်ထွာမျှလောက်သောအရပ် အတွင်း၌ အပြစ်ကိုပြုတတ်၏။ အရှေ့တောင်။ တောင်မြောက်အရပ်တို့၌။ အရိုး စသည်ကား။ ခါးရှိလောက်သောအရပ်တွင်း၌ အပြစ်ကိုပြုတတ်သည်။ အလယ် အနောက်မြောက်အရပ်တို့၌။ အရိုးစသည်ကား အရပ်တသူရှိသောအရပ် အတွင်း၌။ အပြစ်ကိုပြုတတ်၏။ ဆိုခဲ့ပြီးသည်မှ။ အောက်သို့ကျ၍ တည်မူအပြစ် မရှိ ဟူလိုသည်။ ။ ဤသို့လျှင် အရိုးစသည်ကို ပယ်သောအားဖြင့် ရွေးချယ် ရာ၏။

တမျဉ်းခင်းခတ်သောအားဖြင့်ရွေးချယ်ရာ၌။ တမျဉ်းကြိုးမခင်းမီ။ ရေးဦးစွာ တောင်ပို့စသည်ကိုပယ်၍။ ညီညွတ်သန့်ရှင်းအောင်ပြုရာ၏။ နန်းအိမ်ရာမြေကို လေးထောင့်အညီအညွတ်ပြု၍။ ထိုနန်းအိမ်ရာ၌ စပါးမျိုး ခုနစ်ပါးကိုကြဲပျိုးပြီး လျှင်။ နွားတို့ကို ကျက်စားစေရာ၏။ ယင်းသို့ပြုသဖြင့်။ ထိုနန်းအိမ်ရာသည် စင်ကြယ်ကောင်းမြတ်သည်မည်၏။ ထို့နောက် နန်းအိမ်ရာမြေ၌၊ တမျဉ်းဖြင့် ကိုးကွယ်သားနားရာ၏။ နန်းအိမ်ရာ၏ အထောင့်အစွန်းအလယ်ကွက်အခန်းတို့၌။ နန်းအိမ်ကိုဆောက်ရာ။ ထိုသုံးပါးမှလည်းလွတ်အောင်။ ကိုးခုမြောက်သော အကွက် အခန်းလည်းကြိုက်အောင် ဆောက်ရာ၏။ ။ တမျဉ်းကြိုးဖြတ်ဆဲအခါ အလျှံရှိသော မီးကိုငှင်း။ မြင်းစီးသောလူကိုငှင်း ထင်မြင်အံ့။ အလွန် ကောင်းမြတ်၏။ ။ ခရုသင်း။ စည် စောင်း ညှင်း အသံတို့ကိုကြားမူ ပြန့်ပြော ရာ၏။ မိန်းမတို့ မြူးထူးခြင်းကို မြင်မူ။ ဥစ္စာပွားများ၏။ တံခွန်ကုက္ကားကိုမြင်မူ။ ရွှေအိုးဖြစ်၏။ ရေပြည့်အိုးကိုမြင်မူ။ သားမြေးရအံ့။ အုပ်အုပ်ကျက်ကျက်ဖြစ်မူ။ မြဲ မြန်တည်ကြည်အံ့။

တမျဉ်းကြိုးဖြတ်မူ။ သေကျေပျက်စီးတတ်၏။ ကန်နက်အော်သို့မျက်နှာလှ ၌မူ အိမ်ရှင်လက်သမားတို့အား အနာကြီးစွာဖြစ်တတ်၏။ ကန်နက်ကျေမွမူ သေကျေပျက်စီးတတ်၏။ တမျဉ်းကြိုးကိုမြွေရစ်ပတ်မူမကောင်း။ မြေခွေး, ကုလားအုပ်, အိမ်ခွေး။ မြည်း။ ကြောင်။ တို့သည်ကျော်သွားမူမကောင်းသည်သာ တည်း ယောကျ်ားငယ် မိန်းမငယ်။ နွားလား။ ငှက်တို့သည်ကျော်သွားမူ။ ကျော်သွားရာအရပ်၌ ဥစ္စာရှိ၏ ဟုလောကီကြဏ်းများ၌လာသည်။

ဆင်မြင်းရထားစီးလျက် မင်းသားလုင်ကို မြင်အံ့။ ဘုန်းကြက်သရေရှိရာ၏။ နွားလားဥသဘရေပြည့်အိုး။ သစ်သီးထောပတ်။ စာမရီသားမြီး။ နို့ဓမ်းခရုသင်း။ စည်ကြီး စသည်တို့၏။ အသံများကို ထင်မြင်ကြားသိအံ့။ ထို့အတူ ဘုန်းကြက် သရေ ရှိရာ၏။ နန်းအိမ်ရာမြေကို။ နွားထွန်တို့ဖြင့် ညီညွတ်အောင်မပြုရာ။ ပေါက်တူး။ တူးရွင်း တို့ဖြင့်သာ ညီညွတ်အောင်ပြုရာ၏။ မထွန်သင့်ဟူသော

လောကသင်္ကေတလည်း ထင်ရှားစွာပြုရသော မင်္ဂလာမည်၏။ ရထားနွားတို့ဖြင့် ထိုအရပ်စင်ကြယ်ကောင်းမြတ်လေသည်။ ဤသို့လျှင် တမျဉ်းခတ်သောအားဖြင့် ရွေးချယ်ရာ၏။

နန်းတည်ရာမြေကို ရွေးချယ်ရာသောအကြောင်းဖြင့်။ ကောင်းခြင်းသုခ၊ ဖလ နိသံ။ ခံစံဘို့၄ါ။ အဖြာဖြာကို။ သေချာစွာလျှောက်ထားပါအံ့ဘုရား။ ။ မြို့တည် ရာမြေကို ရွေးချယ်ပြီးလျှင်မူလည်း၊ နန်းတည်ရာမြေကို အထူးသဖြင့် စင်ကြယ် ရာသည်ဖြစ်၍ ရွေးချယ်ရပြန်သတည်း။ ။ မြို့တည်အစီအရင်တို့ကား။ ရှစ် ပါးသောအပြားအားဖြင့်သိအပ်၏။ ကောင်းမြတ်သောအခါ၌ စီရင်ခြင်း"။ မြို့ရာ မြေ ကိုသုစ်သင်ရှင်းလင်း၍ တမျဉ်းခတ်လျက် ကန်နက်သောအားဖြင့် စီရင် ခြင်း"။ ဂြိုဟ်နက္ခတ်သျှန္တိဟုံး ပူဇော်သောအားဖြင့် စီရင်ခြင်း"။ "မြို့နဂိုရ်ကို လုပ်ဆောင်သောအားဖြင့်။ စီရင်ခြင်း"။ မြို့တန်ဆာကို ဆင်ယင်သောအားဖြင့် စီရင်ခြင်း။" မြို့၏အပအဆောက်အဦးကို။ ကုန်လုံစေသော အားဖြင့်စီရင်ခြင်း။" ရဇ္ဇင်အင်္ဂါမြောက်သောအမှီကို၊ ခိုမှီသောအားဖြင့် စီရင်ခြင်း။ ဤသို့လျှင် ရှစ်ပါး သောအပြားဖြင့် စီရင်ရာ၏။ ထိုရှစ်ပါးတို့တွင်။ ကောင်းမြတ်သောအခါ၌။ စီရင် ခြင်းဟူသော်ကား။ ဇောတိတတ္ထရာ ဇမတ္တဏ် အစရှိကုန်သောကျမ်းတို့၌ပြ အပ်ကုန်သော များစွာကုန်သောခါတို့ကိုင်း။ သရောဒယ အစရှိကုန်သော ကြဏ်း တို့၌ပြအပ်သော။ သဗ္ဗတော ဘဒြစက်။ သီဟာသနစက်။ စသောအားဖြင့် ထူးမြတ်သောအခါ သမယကိုင်း။ ရွေးချယ်၍ ကောင်းမြတ်သောအခါ၌ မြို့နန်း တည်ရာသတည်း။

၂၀ ~ 20

မြို့ရာမြေကို သုစ်သင်ရှင်းလင်း၍ တမျဉ်းခင်းလျက် ကန်နက်ဆောက်သော အားဖြင့် စီရင်ရာ၌။ မြို့နန်းတည်သောမင်း၏ နေ့ရက်၌။ မြို့နန်းတည်ရာမြေကို။ ရွှေငွေဖြင့်ပြီးကုန်သော။ ပေါက်တူး။ တူးရွင်းတို့ဖြင့် ပြေပြစ်ညီညွတ်စွာ။ အတတ်ပညာ၌ လိမ္မာသောပညာရှိ လက်သမားတို့ကို တူးဆွသုစ်သင်စေရာ၏။ ထို့ နောင် နေဇာမျက် နွားချေးတို့ဖြင့်။ အကြွင်းမဲ့ဖြစ်စေသော။ အလယ်ဗဟိုရ်ကိုဖြစ် စေ အညီအညွှတ် အပြေအပြစ်ပြုပြင်စေရာ၏။ ဤသို့ မြို့ရွာမြေကို လက်ဦးစွာ သုတ်သင်ရှင်းလင်းရာ၏။ ထို့နောင် ရေပြည့်အိုး။ သစ်ညွန့် သစ်မြစ်။ သစ်သီးစား ဘွယ်။ ကြာသွတ်အိုးများကိုကား။ ဗာလိနတ်စာ။ ပူဇော်အံ့သော၄ါ။ ခင်းကျင်းရာ သတည်း။ ထို့နောင်လူတို့၏ တတောင်အတိုင်းအရှည်ရှိသော မြေကိုတူးဆွ၍ သုတ်သင်ရှင်းလင်းစေရာ၏။ အရှေ့မြောက်မှစ၍။ တမျဉ်းခတ်ရာ၏။

အရှေ့တောင်ကို အစပြု၍။ သည်တိုင်ထူရာ၏။ ရစ်ခုမြောက်အဘို့ကိုအစဥ်ပြု၍၊ တံခါးထားရာ၏ ဟူ၍။ ဇောတိဒီပိကာ ကျမ်း၌ဆိုသည်။ အရှေ့မြောက်ထောင့်က စ၍ လက်ျာရစ်လှည့်လျက် ကန်နက်လေးချက်တို့ကို။ (ဥုံ-ပ-သဒ္ဒါ ဟူသော မန္တာန် ဖြင့် လေးထောင့်တို့၌ စိုက်အပ်ဟူ၍။ ဇေတိတတ္တကြဏ်း၌ဆိုသည်။) ။ ဤသို့ လျှင် မြို့ရာမြေကို သုတ်သင်ရှင်းလင်း၍။ တမျဉ်းခင်းလျက်။ ကန်နက်ဆောက် သောအားဖြင့် စီရင်ရာသတည်း။ ။ သုခ်သင်ဟုရေးခြင်းသည်။ သေဓန သဒ္ဒါကို ထောက်၍ ရေးသတည်း။

၂၁ ～ 21

ငြိုဟ်နတ်သျှန္တိဟုံးပူဇော်သောအားဖြင့်။ စီရင်ရာ၌။ ရေဖြင့်ပြည့်သောအိုး။ သစ်မြစ်သစ်ညွန့် စားဘွယ်ခင်းကျင်းပြီး၍ ကြာသွတ်အိုး၌။ ရေငြိမ်ငြိမ် သက်သက် တည်အံ့။ မြို့နန်းတည်သောမင်း။ တည်ကြည်မြဲမြံရာ၏။ လက်ျာရစ်လည်၍တည် အံ့။ အစီးအပွားများရာ၏။ လက်ဝဲရစ်လည်၍တည်အံ့။ ပျက်စီးရာ၏။ ခန်းလွယ် အံ့။ ပျက်စီးရာ၏။ မြေသို့တိုင်အောင်ပေါက်၍ စီးအံ့။ လေးခြင်းပေါ့ခြင်း၌လည်း။ ဥစ္စာပျက်စီးခြင်းသို့ရောက်ရာ၏။ ပြာ အရိုး သစ်။ ဖွဲ။ ဆံချည်။ ခေါင်းခွံ။ သွား တို့သည်။ ထိုအိုး။ သစ်မြစ် စသည်ကြာသွတ်အိုး၌ဖြစ်ကုန်အံ့။ သွေးထွက်အံ့ ယို ထွက်အံ့။ ကျောက်တို့သည်ငှင်း။ အုတ်ခဲသည်ငှင်း။ အခိုးသည်ငှင်း။ ကိုယ်ဝန်အနံ့ ကဲ့သို့သော အနံ့သည်ငှင်း ဖြစ်အံ့။ ဥစ္စာစည်းစိမ်ပျက်စီးရာ၏။ ဤသို့လျှင် မြို့ရာ နန်းရာမြေကို။ ရွှေငွေရတနာဖြင့်ပြီးသော။ ပေါက်တူး တူးရွှင်းတို့ဖြင့်။ အတတ်ပညာရှိကုန်သော လက်သမားတို့ကို။ တတောင်ခန့် တူးဆွစေပြီးလျှင်။ မြို့ ရွာအလုံးစုံကိုဖြစ်စေ။ အလယ်ချက် ဗဟိုရ်ကိုဖြစ်စေ။ နေဇာနွားချေးတို့ဖြင့်။ အပြေအပြစ်ပြုပြင်စေပြီးမှ။ ဆိုလတံ့သော။ ရစ်ဆယ့်တကွက်သော ထန်းကျစ် ရေးကျရာအရပ်၌။ နတ်ပူဇော်ရန် အိုးတို့ကိုထားရာ၏။ ရေချမ်းဖြင့် ပြည့်စေ လျက်။ သရက်ညွန့်သစ်တို့ဖြင့်။ မျက်နှာဝ၌စိုက်ထားဖုံးလွှမ်းရာ၏။ ပုဆိုးဖြူတို့ ဖြင့် အိုး၏လည်၌ရစ်ဖွဲ့ရာ၏။ ရွှေငွေရတနာတို့ဖြင့် အိုးအံ့၌ချယ်လှယ်ရာ၏။ အထူးထူးကုန်သောသစ်မြစ်။ သစ်သီးစားဘွယ်ခဲဘွယ်နို့ဓမ်း။ ထောပတ်။ ငါး ကောင်လုံးကြော်တို့ဖြင့်။ ပူဇော်ပွဲခင်းကျင်းရာ၏။ ထို့နောင်အသက်ရှင်သော ငါးကြင်းပွတ်တို့ကိုထည့်၍။ ရေဖြင့်ပြည့်သောကြာသွတ်အိုးကို ရွှေစင်ဖြင့်ပြုလုပ် သော သစ်မြစ်သစ်သီးရွှေကြာပွင့်နှင့်တကွ ပွင့်ချပ်တရာရှိသော ပဒုမ္မာကြာခိုင်။ ပေါက်သစ်သောသရက်ညွန့်တို့ဖြင့် အိုးဝ၌စိုက်ထားဖုံးလွှမ်းပြီးမှ ဆီမီးရစ်ရှားသီး လွန်သီး အစရှိကုန်သောသစ်သီးတို့ဖြင့် ထက်ဝန်းကျင်ဆင်ယင်ခင်းကျင်း၍ မြို့

နန်းတည်သောမင်းတရား၏ ရှေ့ရှုမျက်မှောက်၌ တည်ထားရာ၏။ ထို့နောင်အစာမချေသေးသော ပုဆိုးဖြူကိုဝတ်၍၊ ပန်းဖြူကိုပန်လျက်။ လက်ကောက်လက်ကြပ် လက်စွပ်တို့ကို ဆင်ယင်၍။ ထက်ဝယ်ဖွဲ့ခွေနေပြီးလျှင်။ မြို့နန်းရာမြေကိုစောင့်တတ်ကုန်သော။ ဒိသာပါလနတ်ဘူမိပါလနတ်တို့အား (ဦံသဂ္ဂပါတာလမဇ္ဈေသု။ ယေဒေဝါ ဝတ္ထုသမ္ဘဝါ။ ဝဟန္တုမံဗလိံကတံ။ ဘုဥ္ဇာယန္တုသုမန္ဒိရံ။) ။ ဤမန္တရားဖြင့်ခေါ်ရာ၏။

အနက်ကား။ ။ သဂ္ဂပါတာလမဇ္ဈေသု။ နတ်ပြည်၏အလယ် သမုဒ္ဒရာတို့၏အလယ်တို့၌။ ယေဒေဝါ။ အကြင်နတ်တို့သည်။ ဝတ္ထုသမ္ဘဝါ။ နေခြင်းငှါသင့်ကုန်၏။ တေဒေဝါ။ ထိုနတ်တို့သည်။ တုဥ္ဓ။ နှစ်လိုကုန်လျက်။ ဝါ။ ဆွေရင်းမျိုးချာ။ မေတ္တာဆက်နွှောင်။ ယှက်ဆောင်ချစ်မက်။ နှစ်သက်ကုန်လျက်။ သုမန္ဒိရံ။ ကောင်းမြတ်တင့်ဆန်း။ ဆင့်ဆင့်မွန်းသောငါတို့မြို့နန်းရာသို့။ အာယန္တု။ မဖင့်နွှဲသာ၊ ရင့်ရဲဖြာ၍။ လာလှည့်ကြကုန်။ ကတံ။ ဘွယ်ရာဆန်းပြား။ ခန်းနားခုမြင်ပြုစီရင်အပ်သော၊ ဣမံဗလိ ဤဗလိနတ်စာပူဇော်သကာကို။ ဝဟန္တု။ ဝမ်းမြောက်ရွှင်စံ။ လျှင်အမြန်ဖြင့်ခံလှည့်ကြကုန်။ ဝါ။ ဆောင်ယူကြကုန်။ ဦံ။ ပြီးစီးအောင်မြင်စေသတည်း။ ။ မန္တရားအနက်။ ။

ထိုသို့တည်ထားသောအိုး သစ်ညွန့် သစ်မြစ် သစ်သီး စားဘွယ်ခင်းကျင်းပြီးမှကြာသွတ်အိုး၌ရေကိုစွဲ၍ ယခင်ပြခဲ့သည့်အတိုင်း။ နိမိတ်ဘတ်ရာသည်။ မီးနတ်။ ယဇ်နတ်။ ဇယန္တနတ်။ သိကြားနေနတ်။ ဂြိုဟ်မှအလွတ်ယူရမည်။ သတျနတ်။ ဘိသနတ်။ ကောင်းကင်စောင့်နတ်။ လေနတ်။ ပုသနတ် ပိတထနတ်။ ဂေဟက္ခတနတ်။ ယမနတ်။ ဂန္ဓဗ္ဗနတ်။ ဘိင်္ဂရာဇနတ်။ မိဂနတ်။ ပိတရာနတ်။ ဒေဝါရိကနတ်။ သုဂီဝနတ်။ ပုပ္ပဒန္တနတ်။ ရေစောင့်နတ်။ အသူရာနတ်။ သောသနတ်။ ပါပနတ်။ ရောဂနတ်။ ဟရိမုခနတ်။ ဘလ္လာတနတ်။ သောပနတ်။ သရပ္ပနတ် အဒိဘိနတ်။ ဒိတိနတ်။ အာပနတ်။ သာဝိတြနတ်။ ဇယနတ်။ ပရမေသွာရနတ်။ အရိယမနတ်။ သဝိဘနတ်။ ဝိဝသနတ်။ ဝိဗုဓါဓိပနတ်။ မိတြနတ်။ ။ ရာဇနတ်။ ယက္ခနတ်။ မထဝိမိရနတ်။ အာပဝသဝနတ်။ ဗြဟ္မာနတ်။ ဗြဟ္မာမှအလွတ်ယူရမည်။ ။ ဤကား ခေတ္တပါလနတ်မျိုး လေးဆယ့်ငါးပါးတည်း။

စရကိနတ်။ ဝိဓါရီနတ်။ ပုတနာနတ်။ ပါပရက္ခသီနတ်။ ကတ္တိကေယျနတ်။ အရိယမနတ်။ ဇမ္ဘကနတ်။ ဝိလိဝိဥ္စနတ်။ အဋ္ဌမကနတ်။ ။ ဤကား။ ကုရာဘုတနတ် ကိုးပါးတည်း။ ။ “ဇောတိတတ္ထကြဏ်း။ ပဥ္စပူရဏ်ကြဏ်း။ မဟာကဝိလကြဏ်းများ၌။ နတ်အိုးတည်ရမည်ကိုသာဆိုသည်။ နတ်ရုပ်ရေးထုရမည်ကိုကားမဆို။” နတ်ရုပ်ရေးထုလိုသော်ကား သရောဒယကြဏ်းများ၌လာသောနည်းအတိုင်း

ရေးထုလေ။ ။ ထန်းကျစ်ရေးရှစ်ဆယ့်တကွက်တွင်။ နတ်ကွန်းကန္နား။ တန်ဆောင်း၌။ နီးခေါက်သင်ဖြူးမွေ့ရာနှင့် တည်ထား၍ နတ်အိုးရွယ်ရာ၏။ ။ထို့နောင်အလယ်အဘို့၌။ ဝါသုဒေဝနတ်။ သီရိနတ်သ္မီး၊ ဗိသနိုးနတ်။ သူရနတ်လျှင် ခုနစ်ယောက်မြောက်ကုန်သောနတ်စိုး။ မြေနတ်။ စန္ဒီနတ်သ္မီး။ ဝိသကြုံနတ်တို့အား။ ပန်းနံ့သာထီးတံခွန် စသည်တို့ဖြင့် ပူဇော်ရာ၏။ ။ ဤကားဒေဝီပူရဏ်ကြဏ်းအလို။ ။ နတ်ပေါင်းကား။ ။ ယခင်ဆိုခဲ့ပြီးသော လေးရပ်ကိုပေါင်း၍ ရှစ်ဆယ့်တပါး။ ထိုမှတပါးကုန်သောနတ်တို့ကိုလည်း။ မကြွင်းမကျန်ရအောင် နတ်အိုးနှင့် နှစ်ချည်ရွယ်ရာ၏။ ။ ခေါ်သောမန္တရား။ ရှိခိုးသော မန္တရား။ ပူဇော်သော မန္တရား။ ဆုပန်သောမန္တရား။ ဤမန္တရားလေးပါးဖြင့်။ ယခင်ကခင်းကျင်းခဲ့သော ဗာလိနတ်စာ ပွဲအသင့်အသင့်နှင့် ပသ-ပူဇော်ရာ၏။ နတ်တို့ကိုခေါ်ရန် မန္တရားကို ပြဆိုခဲ့ပြီ။

မန္တရားရွတ်ဘတ်ရာဝယ်-အစ၌-ဥုံ-ဥုံဟူ၍ နှစ်မျိုးရှိ၏။ အချို့ဆရာတို့ကား။ ဥအက္ခရာအပေါ်၌။ သေးတင်ဗိန္ဒု ပါလျှင်ပင်။ အုန်အသံဖြစ်၏။ အဆိပ်ကို အောက်သို့လျှောသက်သွား စေတတ်သောကြောင့်လည်း။ ဥုံဟုရေးသင့်၏။ အချို့ဆရာကလည်း။ ရေးပေါရာဏ အာစရိယပရံပရ၊ အမှာအထားအတိုင်း။ ဥုံ-ငင်းကဲ့သို့ ရေးမှသာသင့်သည်။ အချို့ဆရာကလည်း။ ပထမ ဥအက္ခရာတခုရှိနေပါလျက် နောက်က၊ ဥတလုံးရေးရန်မလို။ အပိုသာတည်းဟု ဆိုကြကုန်၏။ ဘုရားဟောမဟုတ်သောကြောင့်။ မုချဆတ်ဆတ်မဆိုနိုင်ချေ။ နှစ်သက်ရာကို ယူတော်မူကြပါကုန် … ဤကားအမှာစကားတည်း။

ပိတရာနတ်။ ဘုတ်တဖ္ဆေ။ ဘီလူး။ သံဘက်။ တာနော ရက္ခိုသ်တို့ကို ခေါ်ရန် မန္တရားကား။ ။ (ဥုံပီတရောဘူတာဝေတာလာ။ ယေစညေဗလိကိစ္စိကာ။ ဗိသေ္နာ ပါရိသဒါယေစ။ တေပိဝဟန္တိမံဗလိံ။) ။ ဟူသည်တည်း။

အနက်ကား။ ။ ယေပီတရော။ အကျင့်ပီတရာနတ်တို့သည်ငင်း။ ယေဘူတာ ဝေတာလာစ။ အကြင်ဘုတ်တဖ္ဆေတို့သည်ငင်း။ အညေ။ တပါးကုန်သော။ ယေစ။ အကြင်ဘီလူး။ သံဘက်တို့သည်ငင်း။ ဗိသ္နောပါရိသဒါစ။ ဗိသနိုးနတ်၏ အစေအပါးအခြံအရံဖြစ်ကုန်သော။ ယေစ။ အကြင်တာနော ရက္ခိုသ်တို့သည်ငင်း။ ဗလိကိစ္စိကာ။ ဗာလိနတ်စာကိုအလိုရှိကုန်၏။ တေပိ။ ထိုပိတရာနတ်။ ဘုတ်တဖ္ဆေ။ ဘီလူးသံဘက်။ တာနောရက္ခိုသ် တို့သည်လည်း။ ဣမံဗလိံ။ ဤဗာလိနတ်စါ ပူဇော်သကာကို။ ဝဟန္တု။ ကြည်ရွှင်ချမ်းမြ။ ခံလှည့်ကြကုန်။ ဥုံ။ ပြီးစီးအောင်မြင်စေသတည်း။ ။ ဤမန္တရားဖြင့်။ ဘုတ်ဘီလူး တိုင်းကိုခေါ်ရာ၏။

ဥ်ဂဏေသာယ-နမောသွာဟာ။ ဂဏေသာယ။ ဂဏာပတိ နတ်မင်းအား။ နမော။ ရှိခိုး၏။ သွာဟာ။ ကောင်းစွာဆိုလတ်ပြီ။ ဥ ံ။ စောင့်ရှောက်စေသတည်း။ ။ ဤမန္တရားဖြင့်။ ဂဏာပတိ နတ်မင်းအား ရှိခိုးပြီးမှ။ ။ (ဥ်ဘဂီနံဝသဗ္ဗေသံ။ ယေစာ ညေတဿမာသိတာ။ တေသံဗလိံ ပယေစ္ဆာမိ။ ပုံညမောဒနမုတ္တမံ။) ။ အညေ။ တပါးကုန်သော။ ယေစ။ အကြင်နတ်တို့သည်လည်း။ တဿမာသိတာ။ ထိုဂဏာ ပတိနတ်မင်းနှင့်တကွ။ ထပ်တူတည်လာကုန်၏။ ဘဂီနံဝ။ ဘုန်းကြီးသည် သာလျှင်ဖြစ်ကုန်သော။ တေသံ သဗ္ဗေသံ။ ထိုအလုံးစုံကုန်သော နတ်တို့အား။ ဥ တ္တမံ။ မွန်မြတ်သော ပုညမောဒနံ။ ပြည့်စုံသောအစာ အရည်အခင်းအကျင်းရှိ သော။ ဗလိံ။ ဗာလိနတ်စာ ပူဇော်သကာကို။ ပယေစ္ဆာမိ။ ပသပူဇော်ပါအံ့။ ဥံ။ စောင့်ရှောက်ပါကုန်လော။ ။ ဤမန္တရားဖြင့် ဂဏာပတိနတ်မင်းအား။ ဗာလိနတ်စာ ပေးဦး၍။ ။

ဥ ံဇဝံပပူဇိတာဒေဝါ။ သန္တိဝုဒ္ဓိံပဒန္တုမေ။ မာပူဇိတာဝိနိဟန္တု။ ဂဟာရဗ္ဘေသုကာ ရဏံ။ ။

ဇဝံ။ ဤသို့ ပပူဇိတာ။ အပြားအားဖြင့်။ ပသ-ပူဇော်အပ်ကုန်ပြီးသော။ ဒေဝ။ အသင်းအပင်းနှင့်တကွ။ ဂဏာပတိနတ်မျိုးတို့သည်။ မေ။ ငါအား။ သန္တိဝုဒ္ဓိံ။ ချမ်းမြေ့စီးပွားခြင်းကို။ မေ။ အကျိုးစီးပွား။ လိုလားအားထုတ်။ အကျွန်ုပ်အား။ ပဒ န္တု။ အပြားအားဖြင့်ပေးပါစေကုန်သတည်း။ ဂဟာရဗ္ဘေသု၊ မြို့နန်းကို။ လုပ်ဆောင် အားထုတ်ခြင်း၌။ ပူဇိတာ။ ပသ-ပူဇော်အပ်ကုန်သည်ဖြစ်၍။ ကာရဏံ။ ပြီးစီးအံ့ သော အကြောင်းကို။ မာဝိနိဟန္တု။ မဖျက်ဆီးပါကုန်လင့်။ ဥ ံ။ စောင့်ရှောက်ကုန် လော။ ။ ဤမန္တရားဖြင့်။ ဂဏာပတိနတ်မင်းကိုရည်၍၊ ဆုပတ္ထနာရာ၏။ ။ ဤသို့ ဂဏာပတိနတ်မင်းအား။ အခေါ်ရှိခိုးပူဇော်ဆုပန်-မန္တရားလေးပါးဖြင့်။ ပသ-ပူဇော် သကဲ့သို့။ ကြွင်းကျန်သောနတ်တို့အားလည်း။ ပသ-ပူဇော်ရာသတည်း။ ။ အခေါ် မန္တရား။ ပူဇော်မန္တရား။ ဆုပန်မန္တရားများပါမထူးပြီဖြစ်သောကြောင့်။ ရှိခိုးမန္တရား မျှသာ။ ထူးရကား။ ရှိခိုးမန္တရားကိုသာပြတော့အံ့။ ဤသို့ပြမှာသည်အတိုင်း။ ဌာန် ကရိုဏ်း။ ပယတန။ ဂါထာဗန္ဓ။ စသည်များစွာ။ ရွတ်ဘသ်ရာတို့၌လည်း အက္ခရာ- အသံမလွဲစေဘဲ။ သတိရှိစေရမည်။ ...ဤကားအမှာတည်း။

အရှေ့လောကပါလနတ်အား။ ဥ်ဣန္တာယနမောသွာဟာ။ ။ အရှေ့တောင် လောကပါလနတ်အား။ ဥ်ဝဟနေနမောသွာဟာ။ ။ တောင်လောကပါလနတ် အား။ ဥ်ယမာယနနမောသွာဟာ။ အနောက်တောင် လောကပါလနတ်အား။ ဥ်နေ ရိဘာ ယနမောသွာဟာ။ ။ အနောက်လောကပါလနတ်အား။ ဥ်ဝါရုဏာ ယန မောသွာဟာ။ အနောက်မြောက် လောကပါလနတ်အား။ ဥ်ဝါယဝိယနမောသွာဟာ။

။ မြောက်လောကပါလနတ်အား။ ဦုကုဝေရာယနမောသွာဟာ။ ။ အရှေ့မြောက်လောကပါလနတ်အား။ ဦုသာနာယနမောသွာဟာ။ ။ ဤကားအရပ်ရှစ်မျက်နှာနတ်တို့အား ရှိခိုးရန်မန္တရားတည်း။

တနင်္ဂနွေဂြိုဟ်အား။ ဦုသူရိယာ ယနမောသွာဟာ၊ ။တနင်းလာဂြိုဟ်အား။ ဦုသောမာယနမောသွာဟာ။ အင်္ဂါဂြိုဟ်အား။ ဦုမင်္ဂလာ ယနမောသွာဟာ။ ။ ဗုဒ္ဓဟူးဂြိုဟ်အား။ ဦုဗုဓာယ။ (ရှေ့အဘို့ဝယ်ဆိုလတ့်သော မန္တရားတို့၌။ "နမောသွာဟာ-ဟူ၍ထည့်လေ")။ ။ ကြာသပတေးဂြိုဟ်အား။ ဦုဝိဘုံသေယေ။သောကြာဂြိုဟ်အား။ ဦုသောက္ကာယ။ စနေဂြိုဟ်အား။ ဦုံသရိရာ။ ရာဟုဂြိုဟ်အား။ ဦုံရာဟုနော။ ကိတ်ဂြိုဟ်အား။ ဦုံကေတဝသ။ ။ ဤဂြိုဟ်ကိုးလုံးအားရှိခိုး မန္တရားတည်း။

ခေတ္တပါလနတ်တို့အား။ ဦုံခေတ္တပါလာနံ။ ကုရဘုတ်နတ်ဘီလူးတို့အား။ ဦုံကုရဘူတာနံ။ ။ ဗြဟ္မာအား၊ ဗြဟ္မုနော။ ။ ဝတ္ထုပုရုပနတ်အား။ ဦုံဝတ္ထုပုရုပါယ။ ။ မီးနတ်အား။ ဦုံသိခိနေ။ ။ ယဇ်နတ်အား။ ဦုံယညာယ။ ။ ဇယန္တနတ်အား။ ဦုံဇယန္တာယ။ ။ သိကြားမင်းအား။ ဦုံကုသိသာယုဓါယ။ ။ ဘိသနတ်အား။ ဦုံဘီသာယ။ ။ ကောင်းကင်စောင့်နတ်အား။ ဦုံအာကာသာယ။ ။ လေနတ်အား။ ဦုံဝါယုနော။ ။ ပုသနတ်အား။ ဦုပုသဿ။ ။ ဝိတထနတ်အား။ ဦုံဝိတထာယ။ ။ ဂေဟက္ခတနတ်အား။ ဦုံဂေဟက္ခတာယ။ ။ ယမနတ်အား။ ဦုံယမာယ။ ။ ဂန္ဓဗ္ဗနတ်အား။ ဦုံဂန္ဓဗ္ဗာယ။ ဘိင်္ကရာဇနတ်အား။ ဦုံဘိင်္ကရာဇာယ။ ။ မိဂနတ်အား။ ဦုံမိဂါယ။ ပိတရာနတ်တို့အား။ ဦုံပိတရာနံ။ ။ ဒေါဝါရိကနတ်အား။ ဦုံဒေါဝါရိကာယ။ ။ သုဂိဝနတ်အား။ ဦုံသုဂိဝါယ။ ။ ပုပ္ပဒန္တနတ်အား။ ဦုံပုပ္ပဒန္တာယ။ ။ ရေစောင့်နတ်အား။ ဦုံဇလာမိပါယ။ ။ အသူရာနတ်အား။ ဦုံအသူရာယ။ ။ သောသနတ်အား။ ဦုံသောသာယ။ ။ ပါပနတ်အား။ ဦုံပါပါယ။ ။ ရောဂနတ်အား ဦုံရောဂါယ။ ။ ဟရိမုခနတ်အား။ ဦုံဟရိမုခါယ။ ။ ဘလ္လာဋနတ်အား ဦုံအလ္လာဋသ။ ။ သောမနတ်အား။ ဦုံသောမာယ။ ။ သရဗ္ဗနတ်အား။ ဦုံသရဗ္ဗာယ။ ။ အဒိတိနတ်အား။ ဦုံအဒိတိယာ။ ။ ဒီတိနတ်အား။ ဦုံဒီတိယာ။ ။ အာပနတ်အား။ ဦုံအာပါယ။ ။ သာဝိတ္တနတ်အား။ ဦုံသာဝိတ္တာယ။ ။ ဇရာယနတ်အား။ ဦုံဇရာယ။ ။ ပရမေသူရနတ်အား။ ဦုံပရမေသူရာယ။ ။ ရုဒ္ဒယနတ်အား။ ဦုံရုဒ္ဒါယ။ ။ အရိယမနတ်အား။ ဦုံအရိယမသ။ ။ သဝိတနတ်အား။ ဦုံသဝိတဿ။ ။ ဝိဝသနတ်အား။ ဦုံဝိဝသဿ။ ။ ဝိဗုဓါနတ်အား။ ဦုံဝိဗုဓါယ။ ။ မိတ္တနတ်အား။ ဦုံမိတ္တာယ။ ။ ရာဇနတ်အား။ ဦုံရာဇာယ။ ယက္ခမသနတ်အား။ ဦုံယက္ခမသ။ ။ ပထဝီဓရနတ်အား။ ဦုံပထဝီဓရာယ။ ။ အာပဝဿနတ်အား။ ဦုံအာပဝဿယ။ ။ ဗြဟ္မာမည်သောနတ်အား။ ဦုံဗြဟ္မုနော။ ။ စရတိနတ်အား။ ဦုံစရတိယာ။ ။ ဝိဒါရိနတ်

အား။ ဥ ံဝိဒါရိယာ။ ။ ပုတနာနတ်အား။ ဥ ံပုတနာယ။ ။ ပါပရက္ခသနတ်အား။ ဥံ့ပါပရက္ခသာယ။ ။ ကတ္တိကေယျနတ်အား။ ဥံ့ကတ္တိကာယ။ ။ အယျမနတ်အား။ ဥ ံအယျမသ။ ။ ဇမ္ဘကနတ်အား။ ဥံ့ဇမ္ဘကာယ။ ။ ပိလိဝိဋ္ဌိနတ်အား။ ဥံ့ပိလိဝိဋ္ဌာယ။ ။ အင္ဂမကနတ်အား။ ဥ ံအင္ဂမကာယ။ ။ ဝါသုဒေဝနတ်အား။ ဥ ံဝါသုဒေဝါယ။ ။ သီရိနတ်သ္မီးအား။ ။ ဥ ံသီရိယာ။ ဗိသနိုးနတ်အား။ ဥံ့နမောတေဗဟုရူပါယဗိသနသ ပရမတ္တနောသွာဟ။ သူရသတ္တမနတ်အား။ ဥ ံသူရသတ္တမာယနမောသွာဟ။ ။ မြေစောင့်နတ်အား၊ ဥံ့သီရိယာဝသုဒေဝါယပတိနော။ နမောသွာဟ။ ။ စန္ဒီနတ်သ္မီးအား။ ဥ ံစန္ဒီယာနမောသွာဟ။ ။ ဝိသကြုံနတ်အား။ ဥ ံသီလာစာရာရိယာယ ဒေဝါယနမောတေဝိသုကမ္မာသသွာဟ။ ။ ဟူ၍ရှိခိုးခြင်းကိုပြုရာ၏။

ဤသို့လျှင် ဖြဟ္မပူရဏ်ကြဏ်းမှလာကုန်သော။ သကဋ္ဌ ဘာသာနတ်ရှိခိုး မန္တရားတို့ကို။ မဂဓဘာသာပြန်၍ရေးသား လိုက်သည်။ မဂဓဘာသာဟူသည်။ ကိရာတဘာသာ။ ဒမိဠဘာသာစသည်တို့ကဲ့သို့ ပြောင်း၍ပျက်စီးကောင်းသော။ ဇင်္ဂမဘာသာမျိုးမဟုတ်ချေ။ မရွေ့မပြောင်းမပျက်စီးကောင်းသော။ ထာဝရဖြစ်ကြောင်းကိုအောက်က ပြဆိုခဲ့သည်အတိုင်း။ မြို့နန်းဟူသောထာဝရမူလဘာသာ မင်္ဂလာအမှုကြီးဖြင့်၍။ ထာဝရဖြစ်သော မဂဓဘာသာကိုအလေးမူအပ်၏။ ဘုရားပစ္စေကဗုဒ္ဓါ။ ဖြဟ္မာနတ်လူ။ ကပ်ဦးသူတို့သည်။ မဂဓဘာသာဖြင့်သာ ဟောမြွက်ပြောဆိုကြကုန်သည့်အတိုင်းလည်း။ မဂဓဘာသာဖြင့် ပြောဆိုလေ့ရှိကုန်သော နတ်ဖြဟ္မာတို့အား။ မဂဓဘာသာဖြင့်ခေါ်ဝေါ်ထောမနာခြင်းသည်။ အလွန်သင့်မြတ်လေသည်။ ဖြဟ္မာပူရဏ် ဒေဝပူရဏ် ဇောတိတတ္တ။ ရာဇမတ္တဏ်။ သရောဒယ။ စသောကြဏ်းတို့၌ကား၊ ရသေ့ ပုဏ္ဏားတို့စီရင်အပ်သည်ဖြစ်၍။ မိမိဘာသာဖြင့်ပြဆိုကြကုန်၏။ အကယ်၍ ရသေ့ ပုဏ္ဏားတို့ စီရင်ခဲ့သည့်အတိုင်းသာလျှင် အမှန်ဟုယူငြားအံ့။ လောကီသသ်ကရိုက်ကြဏ်းမှာပင်။ မန္တရားဟူက။ ဖြဟ္မာမင်းကြီး၏ ခံတွင်းမှဖြစ်သည်ဟု ပုဏ္ဏားတို့အယူဝါဒရှိကြောင်းဖြင့် ၎င်းတို့ကြဏ်း၌ ဆိုကုန်သည်။ ။ ထိုသူတို့ပြဆိုသည်အတိုင်းအသံပြီပြင်လေအောင်၊ လေ့ကျက်က။ ကာလလျားခြင်း။ မိမိတို့ဘာသာမဟုတ်သောကြောင့်လည်း။ အဓိပ္ပါယတ္တအယူအဆခက်ခြင်းစသော၊ ပဟောဠိဝစန။ နိမုဋ္ဌာကာရဏဖြစ်ရကား ၎င်းသကဋ္ဌအက္ခရာကိုမသုံးမူ၍၊ မဂဓဘာသာဖြင့် ပြောဆိုသော ဖြဟ္မာမင်း၏ ခံတွင်းမှ၊ ဖြစ်သောစကားသည် မဂဓဘာသာကိုနောက်မှရသေ့ပုဏ္ဏားတို့သည် သသ်ကရိုက်ဘာသာဖြင့် ဘောက်ပြန်သောအယူဝါဒပေါ်ပေါက်လာ၍ မိမိတို့နှစ်သက်ရာ ဘာသာသည် အကောင်းဟုယူကြကုန်၏။

ဟူသောအဓိပ္ပါယ်ကိုသိအပ်၏။ ။ ထို့ကြောင့်ရကား။ သာသနာတော်ထွန်းကားတော်ပရာ။ မြန်မာဦးစွန်းထွန်းရာ တိုင်းကြီးပြည်ကြီးတို့၏အရှင်။ ရေမြေသေဌ်နင်းမင်းတို့သည်။ အဘိသိက်အစီအရင်။ မြို့နန်းအစီအရင်များ၌ ဘုရားသခင်အလိုတော်ရှိရာ မဂဓဘာသာဖြင့်သာရွတ်ဘတ်သရဇ္ဈာယ်ကုန်ရာ၏။

အရှေ့မှအနောက်သို့။ မြောက်မှတောင်သို့ရေးသားအပ်ကုန်သော။ ဆယ်ကြောင်းဆယ်ကြောင်းကုန်သော အရေးအကြောင်းတို့ကိုပြု၍။ ရှစ်ဆယ်တကွက်ဝေဘန်ပြီးသော်။ နတ်တို့သဉ် အထောင့်ရှစ်ကွက်စသည်တို့၌တဉ်ကုန်၏၊ အလယ်ကွက်၌ ပြဟ္မာသည်တည်၏၊ ထို့ကြောင့်အလယ်ကွက်၌ ပြဟ္မာသည်တည်၏။ ထို့ကြောင့် အလယ်ကွက်၌ ပြဟ္မာမင်း၏နေရန် နတ်ကွန်းကန္နားတန်ဆောင်းနှင့်။ နှီးခေါက်သင်ဖြူးမွေ့ရာခင်းပြီးမှ။ ယခင်ကပြဆိုခဲ့သောရေပြည့်အိုး။ သစ်ညွှန့်သစ်မြစ် သစ်သီးစားဘွယ်တို့ကိုတည်ထားရည်ရွယ်၍။ ဗာလိနတ်စာပွဲအစုံခင်းကျင်းရာ၏။ ထို့နောက်အရှေ့မြောက်ထောင့်မှသည်။ အနောက်တောင်ထောင့်တိုင်အောင် ရှစ်ကွက်။ အရှေ့တောင်ထောင့်မှသည် အနောက်မြောက်ထောင့်တိုင်အောင် ရှစ်ကွက်စီအထောင့်နတ်တဆယ့်ခြောက်ပါး။ အရှေ့စွန်းကစ၍၊ လေးမျက်နှာရှစ်ကွက်စီ။ ဝန်ကျင်နတ်တဆယ့်ရှစ်ပါး။ လေးမျက်နှာကွက်စီ။ အတွင်နတ်သုံးဆယ့်ခြောက်ပါး။ သုံးစုနတ်ပေါင်း ရှစ်ဆယ်တို့နေရာကိုလည်း။ နတ်ကွန်းကန္နားတန်ဆောင်းနှင့် နှီးခေါက်သင်ဖြူးမွေ့ရာခင်းပြီးမှ ယခင်ကပြဆိုခဲ့ပြီးသော ရေပြည့်အိုး။ သစ်ညွှန့်သစ်မြစ်သစ်သီးစားဘွယ်တို့ကိုတည်ထားရည်ရွယ်၍ ဗါလိနတ်စာပွဲအစုံ။ ခင်းကျင်းရာ၏။ ထို့နောင်ဆိုအပ်ခဲ့ပြီးသောမန္တရားလေးပါးဖြင့် အစဉ်အတိုင်း ခေါ်ဝေါ်ရာ၏။ ရှိခိုးရာ၏။ ပူဇော်ရာ၏။ ဆုပတ္ထနာပြုရာ၏။ မြို့ရာအလုံးကို အဝဝန်းကျင်။ ထန်းကျစ်ရေးတကွက်စီချန်ထား၍။ ရှစ်ဆယ့်တကွက် အပြည့်သားနားရာ၏။ ယခင်ချန်ထားခဲ့သည့်အပ ဝန်းကျင်အကွက်တို့၌။ မဟာဂီရိအစရှိကုန်သော ဒေသနတ်တို့ကို စီစဉ်ခင်းကျင်းရာ၏။ ။ နန်းအိမ်ရာမှာလည်း နည်းတူသာတည်း။ ။ ဂြိုဟ်နတ်ပူဇော်သောထုံးစံကို ဇောတိတ္ထ။ တြိဘစိန္တာမဏိစသောကြဏ်းမှာယူလေ။ ။ ဤကားလောကီ ဗေဒင်ကြဏ်းဂန်လာသောနည်းအားဖြင့်စီရင်ခြင်းတည်း။ ။ သာသနာတော်ကျမ်းဂန်၌လာသောနည်းအားဖြင့် အစီရင်သော်ကား။ ။ "ဒိဝါတပတိအာဒိစ္စော။ ရတ္တိမာဘာတိစန္ဒိမာ။ သန္နဒ္ဓေါခတ္တိယောတပတိ။ ဈာယီတပတိပြဟ္မဏော အထသဗ္ဗမဟောရတ္တိ။ ဗုဒ္ဓေါတပထိတေဇသာ။ ။ ဟူသောဂါထာကိုရွတ်ဘတ်သရဇ္ဈာယ်ရာ၏။ ။ ထိုစကားမှန်၏။ ယင်းသည့်ဂါထာသည်။ ရတနာသုံးပါးမှလွတ်သည်ဖြစ်၍။ အလုံးစုံသော အောင်မြင်ခြင်းမင်္ဂလာတို့ကိုပြီးစေတတ်သော။ ဇယမင်္ဂလာဂါထာ

ဟူ၍။ သာရတ္တပကာသနီမည်သော။ သံယုတ္တနိကာယ်အဋ္ဌကထာနိဒါနဝဂ္ဂဘိက္ခု သံယုတ် အဖွင့်၌ဆိုသည်။ ။ သီဟိုဠ်ကျွန်း ဘာတိကမင်းသည် ပူဇော်ခြင်းကိုပြု၍ ဘာတိကအမတ်အား ရတနာသုံးပါးမှ လွတ်သော ဇယမင်္ဂလာကို ဟောကြားပါဟု ဆိုလျှင်။ ထိုဘာတိကအမတ်လည်း။ ပိဋကတ်သုံးပုံဟူသော ဘုရားသခင်၏ စကားတော်ကိုသုံးသပ်၍။ နိဒါနဝဂ္ဂသံယုတ်ပါဠိ၌လာသော ဤဂါထာကိုရွတ်၍။ ဒိဝါတပတိအာဒိစ္စောဟု။ ဆိုပြီးလျှင် တောင်အရပ်သို့ကပ်ပြီးခါ။ နေမင်းအား လက်အုပ်ချီ၏။ ရတ္တိမာဘာတိစန္ဒိမာဆိုပြီးလျှင်။ ဥဒည်တောင်ထက်မှ ထွက်ပြူ လာသော လမင်းအား လက်အုပ်ချီ၏။ သန္နဒ္ဓေါ ခတ္တိယောတပတိဟုပြီးလျှင်။ မင်းအားလက်အုပ်ချီ၏။ ဈာယီတပတိ ဗြဟ္မဏော ဟုဆိုပြီးလျှင်။ ရဟန်းသံဃာ အားလက်အုပ်ချီ၏။ အထသဗ္ဗမဟောမုတ္တိံဗုဒ္ဓေါတပတိတေဇသာဟု ဆိုပြီးလျှင်။ မြတ်စွာဘုရားအား လက်အုပ်ချီ၏။ ထိုအခါ မင်းကြီးသည်။ အချင်းသင်ချီသော လက်ကိုမချလင့်ဦးဟုဆို၍ ချီသောလက်၌ပင်လျှင်။ အသပြာ-တထောင်ကို ထား၏။ ဤသို့လျှင် ဂါထာသည်အဘိုးအနဂ္ဃထိုက်သော။ ဇယမင်္ဂလာဂါထာ ဟူ၍မှတ်အပ်၏။

ငင်းဂါထာကိုရွတ်ပြီးမှ။ ။ သမန္တာ၊ စက္ကဝါဠေသု၊ အတြာဂစ္ဆန္တု။ ဒေဝတာ။ သဒ္ဓမ္မံမုနိ။ ရာဇဿ။ သုဏန္တုသဂ္ဂ။ မောက္ခဒံ။ ။ ဓမ္မ၊ သဝန။ ကာလော။ အယံဘဒ္ဒ န္တာ။ ။ နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။

ယေသန္တာ သန္တစိတ္တာ၊ တိသရဏ။ သရဏ။ ဧတ္ထလောကန္တရေဝါ။ ဘုမ္မာ ဘုမ္မာ စဒေဝါ။ ဂုဏ၊ ဂဏ၊ ဂဟဏ၊ ဗျာဝဋ္ဋာ။ သဗ္ဗကာလံ၊ တေအာယန္တုဒေဝါ။ ဝရ၊ ကနကမယေ။ မေရု။ ရာဇေ။ ဝသန္တော သန္တော။ သန္တောသဟေတုံ၊ မုနိ၊ ဝရ၊ ဝစနံ။ သောတုမဂ္ဂံ။ သမဂ္ဂံ။ ။ သဗ္ဗေသု။ စက္က၊ ဝါဠေသု။ ယက္ခာဒေဝါစ။ ဗြဟ္မနော။ ယံ အမှေဟိ ကတံပုညံ။ သဗ္ဗ သမ္ပတ္တိ။ သာဓကံ။ သဗ္ဗေတံ အနုမောဒိတွာ။ သမဂ္ဂါ။ သာသနေရတာ။ ပမာဒ-ရဟိတာဟောန္တု။ အာရက္ခာသု။ ဝိသေသတော။ ။ ဟူသောဂါထာ စုဏ္ဏိယပါဠ်တို့ဖြင့်။ နတ် ဗြဟ္မာဟူသမျှတို့ကို တရားနာဘိတ်မန် အင်ကုန်၏။ ။

အနက်ကား။ ။ သမန္တာ။ ဤစကြာဝဠာ၏။ ထက်ဝန်းကျင်မှ။ စက္ကဝါဠေသု။ တသိန်းသောစကြာဝဠာတို့၌။ ဋ္ဌိတာ။ တည်ကုန်သော။ ဒေဝတာ။ နတ်တို့သည်။ မုနိရာဇဿ၊ ရဟန်းတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ သဂ္ဂမေါက္ခဒံ နတ်ရွာနိဗ္ဗာန်ကို ပေးတော်မူတတ်ထသော။ သဒ္ဓမ္မံ။ ချီးမွမ်းအပ်သောတရားတော် ကို။ သောတုံ။ နာအံ့သောငှါ။ အတြ၊ ဤယခုမြို့နန်းတည်ရာ။ ပရိတ်ရွတ်ရာအရပ် သို့။ အာဂစ္ဆန္တု။ လာလတ်ကုန်သော။ သုဏန္တု။ ပရိတ်တော်ကိုနာလင့်ကုန်လော။

ဘဒ္ဒန္တာ။ အိုအရှင်နတ်များတို့။ အယံ၊ ဤအခါသည်ကား။ ဓမ္မသဝနကာလော။ သင်တို့ငါတို့၏ ကိုးကွယ်ရာ။ သတ္တာမည်သောမြတ်စွာဘုရား၏။ တရားဓမ္မ ဒေသနာကို မှတ်ယူနာခံကြအံ့သော အခါတည်း။ ဘဂဝတော။ ဘုန်းခြောက်ပါး နှင့် ပြည့်စုံတော်မူထသော။ အရဟတော။ ဆိပ်ကွယ်ရာအရပ်၌ မကောင်းမှုကိုပြု ခြင်းငှာထိုက်တော်မမူထသော။ သမ္မာသမ္ဗုဒ္ဓဿ။ ပယ်အပ်ပြီးသောကိလေသာ တို့သည်။ မဖြစ်ပြန်သဖြင့်။ သစ္စာလေးပါးတရားတို့ကို။ ဆရာမရှိမိမိအလိုလို။ ကောင်းစွာသိတော်မူပြီးထသော။ တဿ။ ထိုမြတ်စွာဘုရားအား။ နမော။ ရှိခိုး ပါ၏။

တွေဝါ။ ဤစကြာဝဠာ၌ငင်း။ လောကန္တရေဝါ။ အခြားစကြာဝဠာ၌ငင်း။ သန္တာ။ ညိမ်သက်ကုန်ထသော။ သန္တစိတ္တာ။ ညိမ်သက်သောစိတ်ရှိကုန်ထသော။ တိသရဏ သရဏာ။ ရတနာသုံးပါးလျှင်။ ကိုးကွယ်ရာရှိကုန်ထသော။ ဘူမာ။ မြေ၌တည်ကုန်ထသော။ ယေဒေဝါစ။ အကြင်နတ်တို့သည်လည်းကောင်း။ အဘူ မာ။ ကောင်းကင်၌တည်ရှိကုန်ထသော။ ယေဒေဝါစ။ အကြင်နတ်တို့သည် လည်းကောင်း။ သန္တိ။ ထင်ရှားပကတိရှိကြကုန်၏။ တေဒေဝါ။ ထိုနတ်တို့သည် လည်းကောင်း။ သဗ္ဗကာလံ။ အခါခပ်သိမ်း။ ဂုဏ၊ ဂဏ၊ ဂဟဏ၊ ဗျာဝဋ္ဌာ။ လောကီကျေးဇူး။ လောကုတ္တရာကျေးဇူးတို့၏ အပေါင်းကိုယူခြင်း၌ ကြောင့်ကြ ကုန်၏။ ဝါတနည်းကား။ ဂုဏ၊ ဂဏ၊ ဂဟဏ။ ဗျာဝဋ္ဌာ။ အရိယာပုဂ္ဂိုလ်တို့၏ ကျေးဇူးကိုယူခြင်းငှာ အားထုတ်ခြင်းရှိကုန်သော။ တေဒေဝါစ။ ထိုနတ်တို့သည် လည်းကောင်း။ ဝရကဏကမယေ။ မြတ်သောရွှေဆိုင်အတိဖြင့်ပြီးသော။ မေရုရာ ဇေ။ မြင့်မိုရ်တောင်မင်း၌။ ဝသန္တော။ နေကုန်သော သန္တော။ သူတော်ကောင်းဖြစ် ကုန်သော။ ဒေဝါစ။ နတ်တို့သည်လည်းကောင်း သန္တောသဟေတုံ။ ရောင့်ရဲ လွယ်ခြင်း၏ အကြောင်းဖြစ်ထသော။ အဂ္ဂံ။ မြတ်ထသော။ မုနိဝရဝစနံ။ မြတ်စွာဘုရား၏စကားတော်ကို။ သောတုံ။ နာအံ့သောငှာ။ ဝါ။ နာရအောင်။ ဣခ။ ဤနန်းမြို့တည်ရာအရပ်သို့။ သမဂ္ဂံ။ အညီအညွတ်။ အာယန္တု။ လာလတ် ကုန်လော။ ဝါ။ လာကြစေကုန်သတည်း။ ။

သဗ္ဗေ။ ခပ်သိမ်းကုန်သော။ စက္ကဝါဠေသု။ စကြာဝဠာတို့၌။ ယက္ခာစ။ ဘီလူး တို့သည်လည်း။ ဒေဝါစ။ နတ်တို့သည်လည်းကောင်း။ ဗြဟ္မာနောစ ဗြဟ္မာ တို့သည်လည်းကောင်း။ သန္တိ။ ရှိကုန်၏။ သဗ္ဗေ။ ခပ်သိမ်းကုန်သော ဘီလူးနတ် ဗြဟ္မာတို့သည်။ သဗ္ဗ သမ္ဗတ္တိ။ သာဓကံ။ ခပ်သိမ်းသော စည်းစိမ်ချမ်းသာကို ပြီး စေတတ်သော။ ယံပုညံ။ အကြင်ကုသိုလ်ကောင်းမှုကို။ အမှေဟိ။ ငါတို့သည်။ ကတံ၊ ပြုအပ်ပြီ တံပုညံ။ ထိုကုသိုလ်ကောင်းမှုကို။ အနုမောဒိတွာ။ ဝမ်းမြောက်

ကုန်သည်ဖြစ်၍။ သမင္ဂါ။ ညီညွတ်ကုန်သည်ဖြစ်၍။ သာသနေ။ သာသနာတော်၌။ ဝါ။ မြတ်စွာဘုရား၏ အဆုမ္မတော်၌။ ရတာ။ မွေ့လျော်ကုန်သည်။ ဟောန္တု။ ဖြစ်စေကုန်လော။ ဝါ။ ဖြစ်စေကုန်သတည်း။ အရက္ခာသု။ စောင့်ရှောက်ခြင်းတို့၌ ဝိသေသတော။ အထူးအားဖြင့်။ ပမာဒရဟိတာ။ မေ့လျော့ခြင်းမှကင်းကုန်သည်။ ဟောန္တု။ ဖြစ်စေကုန်သတည်း။ ။ ဤသို့လျှင် ဂါထာစုဏ္ဏိယပါဌ်အနက်တို့ဖြင့်။ အလုံးစုံကုန်သော။ ဘီလူး၊ နတ် ဗြဟ္မာတို့အား။ ရှေးဦးမဆွကခေါ်၍။ ဌာန်ကရိုဏ်း။ ပယတ်တို့ကို ပြီသစွာ ရွတ်ဘတ်ခြင်းငှာ စွမ်းနိုင်ကုန်သော ရဟန်းသံဃာတော်တို့အား။ ပင့်ဘိတ်ပြီးလျှင်။ နတ်အပေါင်းတို့သည်အလွန်ချစ်အပ်နှစ်သက်အပ် မြတ်နိုးအပ်ကုန်သော။ မဟာသမယသုတ္တန် ဒေသနာတော်ကို။ ဗျာ့နဗုဒ္ဓိဆယ်ပါးနှင့် ညီညွတ်စွာ။ မယွင်းမယို။ မပိုမတိမ်း။ မယိမ်းရအောင် ရွတ်ဘာသ်ဟောကြားစေကုန်ရာသည်။ ။ ထိုမဟာသမယသုတ္တန်ဒေသနာတော်ကို နတ်အပေါင်းတို့သည် အလွန်နှစ်သက်မြတ်နိုးအပ်သည်၏။ အဖြစ်ကိုပြလိုရကား – ထို့ကြောင့် – အဌကထာ၌။ ။ ✳ ဣဒံပနမဟာသမယ သုတ္တံနာမဒေဝတာနံပိယံမနာပံ။ တသ္မာမင်္ဂလံ ဝဒန္တေနအဘိနဝဋ္ဌာနေသုဣဒမေဝသုတ္တံဝတ္တဗ္ဗံ။ ဒေဝတာကိရဣဒံသုဏိဿာမါတိ ဩဟိတသောတာဝိစရန္တိ။ ။ ဟု၍ မိန့်အပ်၏။

ဣဒံနာမမဟာသမယသုတ္တံနာမ။ ဤမဟာသမယသုတ္တန်ဒေသနာတော်သည်ကား။ ဒေဝတာနံ။ နတ်တို့သည်။ ပိယံ။ ချစ်အပ်၏။ မနာပံ။ နှလုံးကိုပွားစေအပ်၏။ တသ္မာ။ ထိုကြောင့်။ မင်္ဂလံ။ မင်္ဂလာစကားကို။ ဝဒန္တေန။ ဟောကြားပြောဆိုသောသူသည်။ အဘိနဝ၊ ဌာနေသု။ မြို့သစ်နန်းသစ်၊ အိမ်သစ်တို့၌။ ဣဒမေဝသုတ္တံ။ ဤမဟာသမယသုတ္တန် ဒေသနာတော်ကိုသာလျှင်။ ဝတ္တဗ္ဗံ။ ဟောကြား ပြောဆိုအပ်၏။ ဣဒံသုတ္တံ။ ဤမဟာသမယ သုတ္တန်ဒေသနာတော်ကို။ သုဏိဿာမာတိ။ နားထောင်ပေကုန်အံ့ဟူ၍။ ဒေဝတာ။ နတ်တို့သည်။ ဩဟိတသောတာ။ ထောင်သောနားရှိကုန်သည်ဖြစ်၍။ ဝိစရန္တိကိရ။ သွားလာလှည့်လည်ကုန်သတတ်။ ။ ဤကားအဌထာ၏အနက်။

၂၂ ~ 22

နတ်တို့စုံမက်နှစ်ကြောင်းကိုပြအံ့သောဝတ္ထု။

ဤမဟာသမယသုတ္တန်ဒေသနာတော်ကို နတ်တို့ချစ်မြတ်နိုးခြင်းဝတ္ထုသက်သေကား ....သီဟိုဠ်ကျွန်းဝယ်။ ကောဠိပဗ္ဗတကျောင်း၌။ နာဂမည်ရှိသော လှိုင်ဂူတံခါးတွင်။ ကံ့ကော်ပင်၌။ တဦးသောနတ်သမီးသည်နေ၏။ တဦးသော

ရဟန်းငယ်သည် လှိုင်အတွင်း၌နေလျက်။ ဤမဟာသမယသုတ္တန်ဒေသနာကို သရဇ္ဈာယ်၏။ ထိုအခါနတ်သွီးကြား၍။ သရဇ္ဈာယ်သည်၏ အဆုံး၌။ ကြီးစွာသော အသံဖြင့် ကောင်းကြီးပေး၏။ ရဟန်းငယ်က-ယခုကောင်းကြီးပေးသည်ကား အသူနည်းဟုမေးလျှင်။ အရှင်ဘုရား။ ဘုရားတပည့်တော်မ နတ်သွီးပေတည်းဟု လျှောက်၏။ အဘယ်ကြောင့်ကောင်းကြီးပေးသနည်းဟု မေးပြန်လေသော်။ အရှင်ဘုရား မဟာဝုန်တော၌။ မြတ်စွာဘုရားဟောတော်မူသည်ကို ကြားနာပြီး နောက် ယခုတဖန်ကြားနာရပြန်ပေသည်။ မြတ်စွာဘုရားဟောတော်မူသည့် အတိုင်း။ တလုံးသောအက္ခရာမျှ။ မတိမ်းမယိမ်းရအောင်အရှင်ဘုရား သရဇ္ဈာယ် ရွတ်စွမ်းနိုင်ပါပေသည်ဟု လျှောက်ကြား၏။ မဟာသမယသုတ်ကို မြတ်စွာဘုရား သခင်ဟောတော်မူသောအခါက။ သင်နာထိုက်ရသလော။ ထိုမဟာသမယသုတ် ကို ဟောတော်မူသောအခါ၌။ နတ်တို့၏အစည်းအဝေးသည်။ အလွန်များလှစွာ သတတ်။ အလုံးစုံကုန်သော စကြာဝဠာတိုက်တို့မှ လာရောက်ကြကုန်သော နတ် ဗြဟ္မာတို့သည်ကား။ မဟာဝုန်တောမှသည်။ ဗြဟ္မာပြည်တိုင်အောင် အပ်တို့ဖြင့် ပြည့်သောအပ်ကျည်ကဲ့သို့ဖြစ်၍။ မြေမှမြှောက်လိုက်အပ်ကုန်သော ပန်းရေပေါက် တို့သည် အထက်ကောင်းကင်သို့မတက်နိုင်။ အထက်ကောင်းကင်မှ ချလိုက် အပ်ကုန်သော ပန်းရေပေါက်တို့သည်လည်း။ အောက်သို့မကျနိုင်။ ဤသို့အကြား မရှိအလွန်များလှစွာသတတ်။ သင်ကား အဘယ်အရပ်၌နေ၍ နာလိုက်ရသနည်း ဟု မေးပြန်လေသော်။ အရှင်ဘုရားတပည့်တော်မသည်။ ။ ထိုအခါ မဟာဝုန်တောနေပင်ဖြစ်သော်လည်း။ ဘုန်းတန်ခိုးကြီးကုန်သောနတ်တို့လာ လျှင်။ ဇမ္ဗူဒီပါကျွန်းတွင်းမှာ နေရာမရရှိပါသောကြောင့်။ ဤသီဟိုဠ်ကျွန်းသို့ လာ၍။ ဇမ္ဗူကောလပဋ္ဋဆိပ်၌နေလျက်။ တရားတော်နာတော့မည်ဟု။ ကြံစည် အားထုတ်ခါနေပါငြားသော်လည်း။ အခြားဘုန်းတန်ခိုးကြီးကုန်သော နတ်တို့လာ ပြန်သဖြင့်။ ဖဲခွာ၍တဘန်။ ရောဟနဇနပုဒ်။ မဟာဂါမရွာ၏ အနောက်အဘို့ သမုဒ္ဒရာ၌။ လည်ပင်းပမာဏရှိသော ရေသို့ဆင်းသက်။ ရပ်လျက်။ ဤမဟာ သမယသုတ်ကိုနာလိုက်ရပါသည်ဘုရားဟု။ ဖြေကြားလျှောက်လေ၏။ ထို့နောက် မေးတော်မူပြန်သည်မှာ။ သင်၏နေရာကား အလွန်ဝေးလှစွတကား။ မြတ်စွာဘုရားကို သင်သည်မြင်ပါ၏လောဟု မေးလျှင်။ အရှင်ဘုရား အသို့ အမိန့်တော်ရှိသနည်း။ မြတ်စွာဘုရားသခင်သည် လောကဝိဝရဏ။ ပါဋိဟာရိယ တန်ခိုးသျှင်ဖြစ်ရကား။ ဘုရားတပည့်တော်မကိုသာ။ မြှော်ခေါ်တည့်တည့်။ ကြည့် တော်မူဘိသကဲ့သို့ထင်၏ဟု လျှောက်လေ၏။ ထိုအခါ ရဟန်းငယ်ကလည်း။ အသင်နတ်သွီး မြတ်စွာဘုရားသခင်သည်။ ဤမဟာသမယသုတ်ကိုဟောတော်မူ

သည့်၏အဆုံး၌။ ကုဋ္ဌေတသိန်းကုန်သောနတ်တို့သည်။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြကုန်သတတ်။ သင်လည်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရပေသလောဟုမေးသည်ရှိသော်။ အရှင်ဘုရားမပြုပါဟုလျှောက်ထား၏။ ထိုသို့တပြီးကား။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရပေသလောဟု မေးပြန်သည်ရှိသော်။ အရှင်ဘုရားမပြုရပါလျှောက်ထား၏။ ထိုသို့တပြီးကား။ သကဒါမိဖိုလ်ကို မျက်မှောက်ပြုရပေသလောဟု။ မေးပြန်သည်ရှိသော်။ အရှင်ဘုရားမပြုရပါဟု လျှော်ထား၏။ အောက်မင်္ဂအောက်ဖိုလ်ကို မျက်မှော်ပြုရကုန်သော နတ်တို့အားကား အရေအတွက်မရှိ အလွန်များလှစွာကုန်သတတ်။ သင်ကား သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရပေသလောဟုမေးလျှင်။ ထိုအခါ မဟာသမယသုတ်ကို နာရလျက်။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရသည်ကို ရှက်စနိုး၍ အရှင်ဘုရားအရာ မဟုတ်သည်ကို အဖန်တလဲလဲ မေးနိုင်ပါဘိသည်ဟုဆို၏။ ထိုအခါ ရဟန်းငယ်က-သင်နတ်သမီး။ သင်၏အတ္တဘောကိုငါ့အားပြစွမ်းနိုင်ပါမည်လောဟု ဆိုပြန်လျှင်။ အစိပ်အဝက်မျှပြစွမ်းနိုင်၏ ဟုဆို၏။ လှိုင်ဂူတံခါးသံကောက်ပေါက်မှ။ လက်ချောင်းကိုသွင်း၍ပြ၏။ ထိုအခါ။ လအထောင်နေအထောင်ထွန်းဘိသကဲ့သို့ဖြစ်၏။ နတ်သမီးလည်း အရှင်ဘုရားမမေ့မလျော့ရဟန်းတရားကို အားထုတ်တော်မူပါလောဟုဆို၍ သွားလေ၏။ ဤသို့လျှင် မဟာသမယသုတ်သည် နတ်တို့၏ နှစ်သက်ခြင်း။ ချစ်မြတ်နိုးခြင်းကို ဆောင်တတ်၏ ဟုသိအပ်၏။

မဟာသမယသုတ်ကိုနာသောနတ်သမီးဝတ္ထုပြီး၏။

၂၃ ~ 23

ဤသို့မဟာသမယသုတ်ကိုရွတ်သည်မှနောက်၌။ နတ်တို့သည် တဆယ့်နှစ်နှစ်ပတ်လုံးသိလိုကြ၍ ကြံအောက်မေ့သော်လည်း။ မသိနိုင်ကြကုန်သဖြင့်။ နတ်တို့ကို အကြောင်းပြု၍ ဟောတော်မူအပ်သော မင်္ဂလသုတ်ကိုဎင်း။ ထို့နောင်ခြောက်ကျိပ်ကုန်သော။ တောနေရဟန်းတို့အား။ ကြောက်မက်ဖွယ်ရှိကုန်သော၊ အဆင်း-အသံ-အနံ့တို့ကိုပြ၍။ ချောက်လှန့်သဖြင့်။ မချောက်မလှန့်စေခြင်းငှါ ဟောတော်မူအပ်သေါ မေတ္တာသုတ်ကိုဎင်း။ ထို့နောင် တည်ထောင်ဖန်ဆင်းလတ္တံ့သော မြို့နန်းအိမ်ရာ၌။ မြွေကင်းသန်း စသည်တို့၏ဘေးမှ။ ကင်းဝေးစေခြင်းငှာ။ မြွေခဲသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူအပ်သော ခန္ဓသုတ်ကိုဎင်း။

ထို့နောင် မီးဘေးမှ ကင်းဝေးစေခြင်းငှါ ဟောတော်မူအပ်သော ဝဋ္ဋသုတ်ကိုင်း။ ဤသုတ်တို့ကို ဆိုအပ်ခဲ့ပြီးသော အစဉ်အားဖြင့် ရွတ်ဘသ် ဟောကြားစေပြီးလျှင်။ အထူးထူးကုန်သော ဗာလိနတ်စာတို့ဖြင့်။ ပသ ပူဇော်ရာ၏။ ဤသို့လျှင် ဂြိုဟ်နတ်သျှူန္တိပုံးပူဇော် သောအားဖြင့်စီရင်ရာသည်။

မြို့နဂိုရ်တည်ထားလုပ်ဆောင်သောအားဖြင့် စီရင်ခြင်း၌၊ မြို့ဟူသည်။ မူလနဂရ။ သာခနဂရဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ မြဲမြံခိုင်ခံ့လျက်။ ကုန်သည်လူမျိုးတို့၏။ ဥစ္စာထုပ်ဖြေရာဖြစ်သော မင်းနေမြို့သည်။ မူလနဂရမည်၏။ ထိုမူလနဂရမှတပါး။ အကာအရံဖြစ်သောမြို့ခံသည်။ မင်းနေမြို့၏အခက်အလက်သဘွယ်ဖြစ်သောကြောင့်။ သာခနဂရမည်၏။ တနည်းကား။ ရာဇဋ္ဌာနီနဂရ။ အဘိသန္ဓိဝသနဂရ-ဟူ၍။ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ မူလနဂရသည်။ ရာဇဋ္ဌာနီနဂရမည်၏။ သာခနဂရသည်။ အဘိသန္ဓိဝသနနဂရမည်၏။ မြို့ဟူသည်ကား၊ ခိုင်ခံ့စွာပြုလုပ်စီရင်အပ်သော။ တံတိုင်း။ မီးတားပင်တည်း။ ထိုမြို့ရိုးတံတိုင်း။ မီးတားကိုအကျည်၏ အထက်၌။ အုဋ်ကျောက်မြေဖြင့် ပြုလုပ် စီရင်အပ်၏ဟူ၍ အဘိဓါန် ဋီကာ၌ဆိုသည်။ ထိုအကျည်ကိုလည်း ခဲယဉ်းသော မြို့ရိုးကျုံးစာမြေကို အပေါင်းအစုအစုပြု၍။ နွားဆင်တို့ကို နင်းနယ်စေလျက်။ မြို့ရိုးတံတိုင်း၏ အတောင်သုံးဆယ်ပမာဏရှိသော။ အောက်အခြေအပြင်ကို။ ထိုထိုအရပ်၌။ သံစူးရဲ။ တံသင်း။ ညောင့်ပိုက်ဆီးလျက် မိုမောက်စေ၍ မြေဖြင့်ပြုလုပ်အပ်၏။ ။ ထိုကြောင့် အဘိဓါန်ဋီကာ၌။ —

"ဝပ္ပံနာမဒုဂ္ဂနဂရေ ပရိက္ခါမတ္တိကံကုဋ္ဋိကတွာ ဂေါဟိဟတ္ထိ ဟိစဝိမဒ္ဒါပေတွာ။ တိသံဟတ္ထပမာဏံ ပါကာရသဟေဋ္ဌိမတလတတ္ထတတ္ထသတ္တခါတော ဥဒ္ဒရိတွာပံသုနာ ဝပ္ပံကာရယေတသေပရိကာရံ။" ဟူ၍ မိန့်အပ်၏။

ဝပ္ပံနာမ။ အကျည်မည်သည်ကား။ ဒုဂ္ဂနဂရေ။ ခဲယဉ်းသောမြို့၌။ ပရိက္ခာမတ္တိကံ။ ကျုံးစာမြေကို။ ကုဋ္ဋိကတွာ။ အပေါင်းအစုပြု၍၊ ဂေါဟိစ၊ နွားတို့ကိုင်း။ ဟတ္ထိဟိစ။ ဆင်တို့ကိုင်း။ ဝိမဒ္ဒါပေတွာ။ နင်းနယ်စေ၍။ ပါကာရဿ။ မြို့ရိုးတံတိုင်း၏ တိသံဟတ္ထပမာဏံ။ အတောင်သုံးဆယ် ပမါဏရှိသော။ ဟေဋ္ဌိမတလ။ အောက်အပြင်ကို။ တတ္ထတတ္ထ။ ထိုထိုအရပ်၌။ သတ္တခါတော။ သံဆူးရဲ။ တံသင်းညောင့်ပိုက်ဆီးလျက်။ ဥဒ္ဒရိတွာ။ မိုမောက်စေ၍။ ပံသုနာ။ မြေဖြင့်။ ဝပ္ပံ။ အကျည်ကို။ ကာရယေ။ ပြုရာ၏။ တဿ။ ထိုအကျည်၏။ ဥပရိ။ အထက်၌။ ပါကာရံ။ မြို့ရိုးတံတိုင်းကို။ ကာရယေ။ ပြုရာ၏။ ဤကားနက်။

၂၄ ～ 24

မြို့၏သဏ္ဍာန်ပမာဏကို ဆိုရာအကြောင်းကိုလည်း တင်လျှောက်ပါဦးအံ့ဘုရား။

မြို့၏သဏ္ဍာန်ကား။ အလျားသဏ္ဍာန်။ လေးထောင့်သဏ္ဍာန်။ ရှစ်ထောင့်သဏ္ဍာန်။ ပလ္လင်သဏ္ဍာန်။ အဝန်းအဝိုင်းနှင့် လုံးလျောင်းသောသဏ္ဍာန်အားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်။ အလျားသဏ္ဍာန်၌ ဥစ္စာရ၏။ အမှုခပ်သိမ်းပြီးစီးရာ၏။ လေးထောင့်သဏ္ဍာန်၌ ဥစ္စာရ၏။ ပလ္လင်သဏ္ဍာန်၌အမှုကိစ္စပြီး၏။ စက်ဝန်းသဏ္ဍာန် သုံးထောင့်သဏ္ဍာန်၊ လှည်းသဏ္ဍာန် ခြသေ့်မျက်နှာသဏ္ဍာန်စသည်ဖြင့် လုပ်ဆောင်မူ အကျိုးမရှိ။

မြို့၏အကျယ်အစောက်ပမာဏကို ဆိုရာဖြစ်သောအကြောင်းကို။ ကိုလည်းကောင်းစွာသာဓကေ။ တင်ပြခိုင်လုံ။ ထုံးပုံတွင်ရစ်ရန်။ ဝေဘန်သားနား။ လျှောက်ထားပါအံ့ဘုရား။

မြို့၏အကျယ်အစော်ပမာဏ-လေးပါးကား။ တံခွန်အသင့်ရသောပမာဏ။ ခြသေ့်အသင့်ရသောပမာဏ။ နွားအသင့်ရသောပမါဏ။ ဆင်အသင့်ရသောပမာဏ ဟူ၍လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်။ တံခွန်အသင့်ရသောပမာဏ၌။ ဥစ္စာများ၏။ ခြသေ့်အသင့်ရသော ပမာဏ၌ ဘုန်းကြက်သရေတိုးတက်၏။ နွားအသင့်ရသောပမာဏ၌ ဥစ္စာစပါးပေါ်များ၏။ ဆင်အသင့်ရသောပမာဏ၌။ သားမြေးမြစ်ပွားများ၏။ အဦး-ခွေး-မြည်း-ကျီး အသင့်ရသောပမာဏများဖြင့် မလုပ်ဆောင်ရာ။ အဆိုမရှိ၊ မြို့၏အကျယ်မှာ။ “အနံအတောင်ကိုတည်။ အလျားအတောင်နှင့်နှော။” တည်ကိန်းအတောင်ပေါင်းဖြစ်၏။ “အာဂန္တုကလေးခုနှော။ သုံးခုမြှောက်၍မုတ်ပုံပြု။ အသင့် ရှစ်ခုနှင့်စား”။ တခုကြွင်းမူ တံခွန်။ သုံးခုကြွင်းမူ ခြသေ့်။ ငါးခုကြွင်းမူနွား။ ခုနစ်ခုကြွင်းမူဆင်သင့်၏။ ။ ဤသို့အကြွင်းရသော်။ စိတ်နှစ်သက်ရာပမာဏကိုပင် ပြုလေဟူ၍။ လောကီကြဏ်းများမှာလာသည်။ သာသနာတော်ကျမ်းများမှာကား။ မြို့ရိုးတံတိုင်း။ အရာမ်မီးတားတို့၌။ တဆယ့်ရှစ်တောင်ဟူ၍ သာလာသည်။ ထိုစကားမှန်၏။ မဟာဥမင်္ဂဇာတ်၌။ မဟောသဓါ သုခမိန်စီရင်အပ်သော။ ဥပကာရီမြို့၌ မြို့ရိုးတရှစ်တောင်ဟူ၍လာသည်။ ဥပကာရီမြို့ရိုးတဆယ့်ရှစ်တောင် ဆိုသဖြင့်။ မြို့မဖြစ်သော။ မိဓိလာပြည်လည်း တဆယ့်ရှစ်တောင်ရှိ၏ဟု။ နယဂ္ဂါဟမူ၍ ယူအပ်ယူသင့်၏။ ဗာရာဏသီ

ပြည်၌လည်း မြို့ရိုးတဆယ့်ရှစ်တောင်မြင့်ကြောင်းကို။ မဟာကဏှာဇာတ်၌ဆိုသည်။ ကပိလဝတ်ပြည်၌လည်း မြို့ရိုးတဆယ့်ရှစ်တောင် မြင့်ကြောင်းကို။ အပါဒါန်၊ အဋ္ဌကထာ စသည်တို့၌ဆိုသည်။ သီဟိုဠ်ကျွန်းတွင်။ ဋ္ဌာရကျေးမင်း၏ ဝိဇိတမြို့၌။ မြို့ရိုးတဆယ့်ရှစ်တောင်မြင့်ကြောင်းကို။ မဟာဝင်၌ဆိုသည်။ တဆယ့်ရှစ်တောင်ဟူသည်လည်း။ ထိုကာလထိုလူတို့၏ တဆယ့်ရှစ်တောင်ဟုသိအပ်၏။ ။ အကယ်၍ ယခုလူတို့၏ တဆယ့်ရှစ်တောင်ဟု ယူငြားအံ့။ အသက် နှစ်သောင်းတန်းတွင် ပွင့်တော်မူသော ကဿပမြတ်စွာဘုရားသာသနာတော် ညှိုးနွမ်းရာတွင် သိကြားမင်းက မုဆိုးယောင်ဆောင်ပြီးလျှင်။ ဇာတ်အဋ္ဌကထာ အလိုအားဖြင့်-မာတလိနတ်သားသည်။ သံယုတ္တနိကာယ် အဋ္ဌကထာ အလိုအားဖြင့်။ ဝိသကြုံနတ်သားသည်။ ခွေးနက်ကြီးယောင်ဆောင်၍၊ ခြိမ်းချောက်လာကြောင်းကို မဟာကဏှာဇာတ်၌ ဟောတော်မူသောကြောင့်။ ထိုအခါလူတို့သည် ကြီးမြင့်၏။ ယခုလူတို့လည်းမြင့်သည်ပင်ဟု ဆိုငြားအံ့။ ယခုလူတို့၏ တဆယ့်ရှစ်တောင်မျှသာ မြို့ရိုးမြင့်မူ။ ထိုအခါလက်ထက်ကလူတို့သည်။ ကျော်နင်းခုံလွှား၍သွားခြင်းငှါ တတ်စကောင်းသဖြင့် အကျိုးမရှိရာ။ ကဿပမြတ်စွာသာသနာတော် ကွယ်ခါနီးဖြစ်၍။ အသက်တန်း။ ဆုတ်ယုတ်ခဲ့ငြားလည်းတရာ။ နှစ်ရာခန့်မျှသာဆုတ်ယုတ်ရာသည်။ ထိုမျှလောက်ဆုပ်ယုတ်ကာမျှနှင့်။ မြို့ရိုးနှင့် လူရပ်မမျှသေး။ ထို့ကြောင့် ထိုအခါလူတို့၏ တဆယ့်ရှစ်တောင်ဟုမှုချမှတ်အပ်၏။ ။ ဤအရာ၌ ယခုခေတ်ကာလနှင့်။ ရှေးခေတ်ကာလခြားနားပုံကို ပြအပ်သည်။ ဤကားအမှာတည်း။

တဆယ်ရှစ်တောင်မြင့်လျှင် ယခင်လောကီကြဏ်းများ အလိုအားဖြင့်။ အာဂန္တုက-လေးခုန်ေ၊ သုံးခုဖြင့်မြှောက်ပုံပြုပြီးလျှင်။ အသင့်ရှစ်ခုစား။ နှစ်ခုကြွင်းသောကြောင့်အခိုးသင့်၏။ ထိုကြောင့် အသင့်တွက်ရိုးထုံးစံသည် ရှေ့ပဝေဏီမဟုတ်ဟုမုချသိအပ်၏။ ပိဋကတ်တော်ကျမ်းလာထုံးစံနှင့်အညီ။ အသင့်ထွက်ရိုးကို ပမာဏမပြုမူ၍။ တဆယ့်ရှစ်တောင်အမြင့်ကိုသာ အလိုရှိအပ်၏။ ။ ကုသဝတီပြည်၌။ အတောင်ခြောက်ဆယ်မြင့်၏ ဟူသည်မှာ။ သုဒဿန စကြာမင်း၏ ကမ္မဇိဒ္ဓိအားဖြင့်။ အလိုလိုဖြစ်လာရကား။ ပြုလုပ်ရိုးထုံးစံသို့မသွင်းသင့် ဟုမှတ်ရာ၏။ မြို့ရိုးတံတိုင်းသည်သာ တဆယ့်ရှစ်တောင်လုပ်ရိုးမဟုတ်သေး။ မြတ်စွာဘုရား၏ ဝေဠုဝန်ကျောင်းတော်အာရာမ် တဆယ့်ရှစ်တောင်မြင့်ကြောင်းကိုလည်း ထိုထိုအဋ္ဌကထာမှာပင်ဆိုသည်။ ဇီဝက၏ သရက်ဥယျာဉ်အာရာမ်လည်း တဆယ့်ရှစ်တောင်မြင့်၏ - ကြေးနီကဲ့သို့နီသောအဆင်းရှိ၏ ဟူ၍ ထိုထိုအဋ္ဌကထာများမှာပင်ဆိုသည်။ ထို့ကြောင့် ထာဝရအာရာမ် ဟူသမျှကိုပင် ရှေး

ပညာရှိတို့ တဆယ့်ရှစ်တောင်လုပ်ရိုးဟု သိအပ်၏။ လောကီကျမ်းစကားဟူသည်ကို။ သာသနာတော်ကျမ်းနှင့် ညီမှသာယူရမည်။

အကျယ်အားဖြင့်ကား ဗါရာဏသီပြည်သည် တဆယ့်နှစ်ယူဇနာကျယ်၏ဟု။ အလိနစိတ္တဇာတ်။ ဂင်္ဂဟလဇာတ်။ ဘူရိဒတ်ဇာတ်စသည်တို့၌လာသည်။ ရာဇဂြိုဟ်ပြည်လည်း နည်းတူပင်။ ဣန္ဒပတ္တနဂိုရ်ပြည်ကား။ ခုနစ်ယူဇနာကျယ်၏ဟု။ ဝိဒူရဇာတ်စသည်တို့၌လာသည်။ ။ မိထိလာပြည်လည်း ခုနစ်ယူဇနာကျယ်၏ဟု။ ဂန္ဓါရဇါတ်စသည်တို့၌လာသည်။ ဤသို့လျှင် အဝန်းပမာဏမှာ အသီးအသီးလာ၏။ အမြင့်ပမာဏတဆယ့် ရှစ်တောင်ဟူ၍လာသည်။ လူနေအားဖြင့် သာဝတ္ထိပြည်သည်-တသန်းခုနစ်သိန်းကုန်သော အိမ်ခြေတို့၏ တည်ရာဖြစ်၏။ ရာဇဂြိုဟ်ပြည်သည် မြို့တွင်းတဆယ့် ရှစ်ကုဋေ၊ မြို့ပြင်တဆယ့်ရှစ်ကုဋေမိုလ်ခြေအပေါင်းတို့၏ နေရာဖြစ်၏။ ထို့ကြောင့်။ —

✳ ဥပရိပဏ္ဏါသအဋ္ဌကထာ။ မဟာသုညတသုတ်အဖွင့်၌။ ။ မနုဿလောကေ သာဝတ္ထိယံ သတ္တပန္နါသကုလသတသဟဿါနိ။ ရာဇဂဟေအန္တော ဗဟိစ အဋ္ဌါရသမနုဿကောဋိယောဝသိံသု။ ဟူ၍မိန့်အပ်၏။

မနုဿလောကေ။ လူ့ပြည်၌။ သာဝတ္ထိယံ။ သာဝတ္ထိပြည်၌ ပန္နါသကုလသတ-သဟဿာနိ။ ငါးသန်းခုနစ်သိန်းကုန်သော အိမ်ခြေတို့သည်။ ဝသိံသု။ တည်ကုန်၏။ ရာဇဂဟေ။ ရာဇဂြိုဟ်ပြည်၌။ အန္တောစ၊ မြို့တွင်း၌၎င်း။ ဗဟိစ။ မြို့ပ၌၎င်း။ အဋ္ဌါရသမနုဿကောဋိယော။ တဆယ့်ရှစ်ကုဋေကုန်သော မိုလ်ခြေတို့သည်။ ဝသံသု။ တည်နေကုန်၏။ ။ဤသို့လျှင် အဋ္ဌကထာဆရာသည်။ လူ့ပြည်၌ သတ္တဝါတို့၏ အစုအဝေးအရေအတွက် ပမာဏ၌ အလွန်ဆုံးကို ပိုင်းခြား၍ ပြရကား။ ထိုမှတပါးကုန်သော ပြည်တို့၌၊ ဤမျှလောက်အစုအဝေးမများဟု သိအပ်၏။။ ဝေသာလိပြည်၌မြို့ရိုးတဂါဝုတ်တဂါဝုတ်ခြားလျက် သုံးထပ်ရှိကြောင်းကို ထိုအဋ္ဌကထာများ၌ဆိုသည်။ မိထိလာပြည်၌လည်း။ မြို့ရိုးသုံးထပ်ရှိကြောင်းကို မဟာဇနကဇာတ် ဥမင်္ဂဇာတ်တို့၌ဆိုသည်။ ။ ဤသို့လျှင် မြို့နဂိုရ်တည်ထား လုပ်ဆောင်သောအားဖြင့် စီရင်ရာ၏။

၂၅ ~ 25

မြို့တန်ဆာကို-ဆင်ယင်သောအားဖြင့် စီရင်ခြင်း၏အကြောင်းကိုလျှောက်ပါအံ့ဘုရား။

မြို့တန်ဆာကို-ဆင်ယင်သောအားဖြင့်စီရင်ခြင်း၌။ မြို့တန်ဆာဟူသည်ကား။

တံခါးတိုင်၊ တံခါးမုတ်။ ကရိဏ်တိုင်။ ပြအိုး။ တန်ဆောင်း။ ရေပြည့်အိုး။ တံခွန်။ ကုက္ကား။ အစရှိသည်တည်း မြို့တံခါး၌ ထန်းကျစ်ရေး ခြောက်ဆယ့်လေးကွက် ပြုရာ၏။ အရှေ့မြောက်ထောင့်ရှစ်ကွက်စသည်နှင့်။ အရှေ့ရှစ်ကွက် စသည် အလားတူ၏။ ပဌမအကွက်၌ တံခါးထားမူ။ မီးဘေးသင့်အံ့။ ဒုတိယအကွက်၌ သမီး မိန်းမဘွားအံ့။ တတိယအကွက်၌ ဥစ္စာများအံ့။ စတုတ္ထအကွက်၌ မင်းကျွမ်းဝင်အံ့။ ပဥ္စမအကွက်၌ အမျက်ထန်အံ့။ ဆဌမအကွက်၌ ခိုးသူအမှုအရာဖြစ်အံ့။ ။ ဤကား အရှေ့မြောက်နှင့် အရှေ့အဘို့။ ။

ပဌမအကွက်၌ သားမြေးနည်းအံ့။ ဒုတိယ၌ သူ၏အစေအပါးဖြစ်အံ့။ တတိယ၌။ ယုတ်နိမ့်အံ့။ စတုတ္ထ၌။ အဖျော် သားမြေးပွားများအံ့။ ပဥ္စမ၌။ ဆင်းရဲအံ့။ ဆဌမ၌ သားမြေးလုံ့လချို့တဲ့အံ့။ အရှေ့တောင်နှင့် တောင်အဘို့။ ။

အရှင်မင်းမြတ်၊ ရွှေမြို့တော်၌။ တံခါး၏အခြင်းအရာကို။ စုံလင်စွာ သံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

မြို့တံခါးသည်။ မဟာဒွါရ၊ ခုဒ္ဒကဒွါရဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ ပကတိအတွက် အဝင်တံခါးကြီးသည် မဟာဒွါရမည်၏။ တံခါးငယ်သည် ခုဒ္ဒကဒွါရမည်၏။ တနည်းကား။ ပကတိဒွါရ၊ အာဏိဒွါရ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ မဟာဒွါရသည်။ ပကတိဒွါရမည်၏။ ခုဒ္ဒကဒွါရသည် အာဏိဒွါရမည်၏။ ။ ထိုကြောင့်ထေရာအဠကထာ၌။ ။

* အာဏိဒွါရံနာမပါကာရဗန္ဓသဿနဂရဿခုဒ္ဒကဒွါရံ။ ယံဃဋိကာဆိဒ္ဒေအာဏိမှိပက္ခိတ္တေယန္တေနဝိနာအဗ္ဘန္တရေ ဌိတေဟိဝိဝရိတုံနသက္ကာ။ ။ ဟူ၍မိန့်အပ်၏။ အာဏိဒွါရံနာမ။ အာဏိဒွါရမည်သည်ကား။ ပါကာရဗန္ဓဿ၊ မြို့တံခါးဖြင့်ဖွဲ့အပ်သော။ နဂရဿ။ မြို့၏။ ခုဒ္ဒကဒွါရံ၊ မြို့တံခါးငယ်တည်း။ ယံ။ အကြင်တံခါးသည်။ ဃဋိကာ ဆိဒ္ဒေ။ သံကောက်ပေါက်၌။ အာဏိမှိ။ တံသင်းကို ပက္ခိတ္တေ။ ထည့်သွင်းအပ်သည်ရှိသော်။ ယန္တေန။ ယန္တရားစက်နှင့်။ ဝိနာ။ ကင်း၍။ အဗ္ဘန္တရေ မြို့တွင်း၌။ ဌိတေဟိ။ တည်ကုန်သောလူတို့သည်။ ဝိဝရိတုံ။ ဖွင့်ခြင်းငှါ။ နသက္ကာ။ မတတ်ကောင်း။ ။ ဤကားအနက်။

ဤထေရာ အဠကထာစကားဖြင့်။ တံခါးငယ်ကို စက်သော့ခလောက်ပေါက်၌ စက်သော့တံကျဉ်တံသင်း လျှိုသည်ရှိသော်။ စက်သော့သံကောက်မပါဘဲ့။ အတွင်းလူတို့ပင်သော်လည်း မဖွင့်နိုင်အောင်ပြုလုပ်စီရင်အပ်၏။ ဤကိုရည်၍ မြန်မာတို့ဘာသာအားဖြင့် မလွယ်တံခါးဟုခေါ်ဝေါ်ကြ၏။ တံခါးကျဉ်လျှို၍ ပြုလုပ်စီရင်အပ်သော တံခါးငယ်သည်။ အဖွင့်ခက်သော်လည်း။ ဆင်မြင်းလူ ဗိုလ်ခြေအများသွားလာထွက်ဝင်ခြင်းငှာ ခဲယဉ်းသောကြောင့်။ မလွယ်တံခါးပင်

မည်၏။ ။ ထိုကြောင့် ထေရာအဌကထာ၌ပင်။ ။ * အထဝါအာဏာိဒ္ဓါရံနာမပလိဃဒ္ဓာရံ။ တတ္ထဟိပလိဃံဌပေတွာရက္ခသုစိသဠီတံအာဏိံပလိဃသီသေအာဝုဏာန္တိပါပေတိ။ ။ ဟူ၍မိန့်အပ်၏။

အထဝါ။ တနည်းကား။ အာဏိဒ္ဓာရံနာမ။ အာဏိဒ္ဓါရမည်သည်ကား။ ပလိဃဒ္ဓာရံ။ တံခါးကျဉ်တတ်သော။ တံခါးငယ်တည်း။ ဟိသစ္စံ။ မှန်၏။ တတ္ထ။ ထိုတံခါးငယ်၌။ ပလိဃံ။ တံခါးကျဉ်ကို။ ဌပေတွာ။ ထား၍။ ရက္ခသုစိသဠီတံ။ သစ်သားမယ်နဟုဆိုအပ်သော။ အာဏိ။ တံသင်းကို။ ပလိဃသီသေ။ တံခါးကျဉ်းအစွန်း၌။ အာဝုဏန္တိ။ မြေးယှက်စူးဝင်လျက်။ ပါပေတိ။ အဖုအထစ်အပိုင်းအခြားတိုင်အောင်ရောက်စေ၏။ ။ ဤကားယောဇနာ။ ။တံခါးကျဉ်၌အပေါက်ထွင်း၍ ပိတ်သောအခါ၊ ဖွင့်သောအခါတို့၌။ ထိုအပေါက်ငယ်။ သစ်သားလုံတံငယ်ဖြင့်ထိုး၍ရွေ့ရှားစေသည်ဟူလိုသည်။ ။ ရာဇဂြိုဟ်ပြည်၌။ တံခါးကြီးသုံးဆယ့်နှစ်။ တံခါးငယ်ခြောက်ဆယ့်လေးရှိ၏ဟု။ အဌကထာတို့၌ လာသည်ကိုထောက်လျှင်။ မလွယ်တံခါးကို တံခါးမ တံခါးကြီး တဘက်တချက်တို့၌ နှစ်ခု နှစ်ခု ထားသည်ဖြစ်ရာ၏။ အချို့ဆရာတို့လည်း၊ တံခါးမ တံခါးကိုပင်။ အကြီးအငယ်ထား၍။ တံခါးကြီးနှစ်ခုတို့၏အကြား အကြား၌။ တံခါးငယ်နှစ်ခု နှစ်ခု ထားသည်ဟုဆိုကြကုန်၏။ တံခါးရွက် တံခါးကြီးသည်ကိုငှင်း။ မုတ်မြင့်သည်ကိုငှင်း။ တံခါးကြီးဟု ယူရမည်။ ဤနည်းတို့တွင်။ ရှေးနည်းအတိုင်း။ ကဝိလက္ခဏာသတ်ပုံ၌။ ။ "ရွှေဝမြို့ငယ်။ တံခါးငယ်မလွယ်ရှစ်ပေါက်သာ။ ဟူ၍ စိန္တကျော်သူစပ်ဆိုလေသည်။ ။ ငှင်းသတ်ပုံကို အလျှည်းသင့်သောကြောင့်ထည့်ပါသည်ဟူလို။ ။ တံခါးအရေအတွက်ကိုကား။ အပိုင်းအခြားမရှိ။ အလိုအားလျော်စွာလုပ်ဆောင်ရာ၏။ ထိုကြောင့်။ ဒိဃနိကာယ်အဌကထာ။ သံယုတ္တနိကာယ်အဌကထာတို့၌။ ။ နဂရဒ္ဓာရံနာမ ဧကမ္ပိဒွေပိသတံပိသဟဿံပိ။ ။ ဟူ၍မိန့်အပ်၏။ ။ နဂရဒ္ဓာရံနာမ။ မြို့တံခါးမည်သည်ကား။ ဧကမ္ပိ၊ တစ်ခုလည်းရှိ၏။ ဒွေပိ။ နှစ်ခုလည်းရှိ၏။ သတံပိ။ တရာလည်းရှိ၏။ သဟဿံပိ။ တထောင်လည်းရှိ၏။ ။ဤကားအဌကထာ၏အနက်။

မြို့ကိုတင့်တယ်စိမ့်သောငှာ။ အတွင်းအပြင်စောင်းတန်းခင်းထားရာ၏ဟု၊ ပုရဏ်ကြဏ်းများ၌လာသည့်။ ထိုစောင်းတန်းကိုလည်း။ အုဌ်ကျောက်တို့ဖြင့် ပြုအပ်၏။ တံခါး၏အထက်၌လည်း။ တန်ဆောင်းဆောက်အပ်၏။ ထိုတန်ဆောင်းသည် ဂေါပူရမည်၏။ ဒ္ဓာရကောဌလည်းမည်၏။ တံခါးတိုင်သည်က္ကန္ဒခိလမည်၏။ ဧသိကလည်းမည်၏။ ဘိက္ခုနီမတို့အား။ ယင်းသည့်တံခါးတိုင်မှစ၍ ပြင်အပအရပ်ကို။ အရည္ဆအရပ်ဟူ၍ ပညတ်တော်မူ၏။ "မဟာသကုလုဒါယီသုတ်၌ယင်း

သည့်တံခါးတိုင်မှစ၍ အတွင်းအရပ်သည် အန္တရဃရမည်၏ဟု ဟောတော်မူသည်။ ယင်းသည့်တံခါးတိုင်ဟူသည်ကိုကား။ မြို့ကိုတင့်တယ်စိမ့်သောငှာစိုက်ထားအပ်၏။ ။ ထို့ကြောင့်အပါဒါန်အဋ္ဌကထာ၌။ ။ ဧသိကထမ္ဘာနာမနဂရဒွာရေ သောဘဏတ္ထာယနိခါတထမ္ဘာ”။ ။ ဟူ၍ မိန့်အပ်၏။

ဧသိကထမ္ဘာနာမ။ တံခါးတိုင်မည်သည်တို့ကား။ နဂရဒွာရေ။ မြို့တံခါး၌။ သောဘဏတ္ထာယ။ တင့်တယ်စိမ့်သောငှာ။ နိခါတထမ္ဘာ။ စိုက်အပ်သောတိုင်တို့တည်း။ ။ ဤကားအနက်။ တံခါးတိုင်ကိုလည်း။ တဆယ့်ခြောက်တောင် အတိုင်းအရှည်ရှိအောင်ပြုအပ်၏။ မြင့်မိုရ်တောင်။ ယုဂန္ဓိုရ်စသည်တို့သည်။ ထက်ဝက်မြေသို့ သက်ဝင်၍မတုံမလှုပ်။ တည်သည်ကိုအစွဲအမှတ်ပြု၍။ ထိုတံခါးတိုင်၏ ထက်ဝက်။ ပမာဏ၏ရှစ်တောင်ခန့်။ မြေသို့တူးမြှုပ်လျက်စိုက်အပ်၏။ ။ ထိုကြောင့်။ ။ ဒုကနိပါတ်။ သိင်္ဂါမာဝစရဇာတ်နိသျှ၌။ ။ နဂရဒွာရေ။ မြို့တံခါး၌။ သောဠသရတနံ။ တဆယ့်ခြောက်တောင်ပမာဏရှိသည်ကို။ ကတွာ။ ပြု၍။ အဍ္ဍရတနံ။ ရှစ်တောင်ကို။ ဘူမိယံ။ မြေ၌။ ပဝေသေတွာ။ သွင်း၍။ နိစ္စလံကတွာ။ မတုံမလှုပ်အောင်ပြု၍။ နိခါတော။ စိုက်အပ်ကုန်သော။ ဧသိကထမ္ဘာ။ တံခါးတိုင်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ။ ဤကားအနက်။

✳ မူလပဏ္ဏာသ အလဂ္ဂဒုပမသုတ်အဋ္ဌကထာ၌၊ ဝဋ္ဋမူလိကတဏှာသည် နက်စွာစူးဝင်တတ်သောအနက်ကြောင့်။ ဧသိကမည်၏ဟူ၍ လာသည်ကို ထောက်သဖြင့်။ တံခါးတိုင်ဟူသည်ကို နက်စွာစိုက်အပ်၏ ဟူ၍ မှတ်အပ်၏။ ။ အုဋ္ဌ်ကျောက်။ အုတ်ကျောက်။ ဟုရေးခြင်းသည် ဋ္ဌကသဒ္ဒါကိုထောက်၍ ရေးပါသတည်း။ ။ အမှာစကား။ ။ တုရိုဏ်တိုင်ဟူသည်ကား။ အထက်၌ ခြူးပန်းခြူးနွယ်စသည်တို့ဖြင့်။ ဆန်းကြယ်သော အထွဋ်အဖူး ရှိသောမြို့၏ တန်းဆာဖြစ်သော။ ရန်ကိုလည်းတားမြစ်တတ်သော တိုင်အထူးတည်း။ ။ ထို့ကြောင့် အဘိဓာန်ဋီကာ၌။ ။ “ဥပရိမာလာဒိ ယုတ္တံသောဘဏထမ္ဘဒွယံ ဥဘယတောနိခဏိတွာ ယံဗဟိဒ္ဒွာရံကပ္ပိယတေတံတောရဏံ”။ ဟူ၍ မိန့်အပ်၏။

ဥပရိ။ အထက်၌။ မာလာဒိယုတ္တံ။ ခြူးပန်းခြူးနွယ်စသည်နှင့် ယှဉ်သော။ ယံသောဘဏထမ္ဘဒွယံ။ အကြင်တင့်တယ်အောင်ပြုအပ်သော တိုင်နှစ်ခုအပေါင်းကို။ ဥဘယတော။ တံခါးပေါက်တဘက်တချက်၌။ ဝါ။ တံခါးပေါက်၏ ဝဲယာမှ။ နိခဏိတွာ။ တူးစိုက်၍။ ဗဟိဒ္ဒွါရံ။ တံခါး၏အဝအပေါက်၌။ ကပ္ပိယတေ။ ပြုစီရင်အပ်၏။ တံ။ ထိုတိုင်သည်။ တောရဏံ။ တုရိုဏ်မည်၏။ ။ ဤဋီကာ၌။ သောဘဏထမ္ဘဒွယဟူ၍ ဆိုသောကြောင့် တံခါးပေါက်၏ လက်ဝဲကရင်း။ လက်ျာကရင်း။ တဘက်ဖက်ကိုပင်နှစ်လုံးပူး၍ စိုက်အပ်၏ဟုသိအပ်၏။ ။ အချို့ဆရာတို့ကား။

ဥဘာယတောဟူသောပါဠိ၌။ မြို့၏အတွင်းအပနှစ်ဌာနဟူ၍ငင်း။ သောဘဏာထမ္တ ဒွယံပါဠိ၌လည်း အတွင်းတံခါးတိုင် ပကတိ တုရိဏ်တိုင်ဟု ယူကြကုန်၏။ အတွင်းတံခါး။ ဖွဲ့တံခါးတိုင်ကိုလည်း တုရိဏ်တိုင်ဟု ခေါ်ဝေါ်သောအရာပင် ရှိ သော်လည်း။ အဘိဓာန်ဋီကာ၏ အာဘော်ကား။ အတွင်းတံခါးတိုင်ကို ပြသော အရာ မဟုတ်ရကား။ တံခါးပေါက်၏ တဖက်တချက်နှစ်ဌာနကို ဥဘာယတောဟု ဆိုသည် ဟူ၍ မှတ်အပ်၏။ ။ ဋီကာအဓိပ္ပါယ်တည်း။

တုရိဏ်တိုင်ကိုကား အထူးထူးကုန်သော သားငှက်ရုပ်တို့ဖြင့် ဆန်းကြယ် သောအထွင့်အစွန်းတို့ဖြင့် ပြုလုပ်ကြောင်းကို။ ဝိဒူရဇာတ်၌ဆိုသည်။ ။ ထိုကြောင့် လက်အမှုတို့ဖြင့် ဆန်းကြယ်စွာပြုလုပ်သင့်သည်ဟူ၏။ "ဒွယေယင္ဓလယောမဇ္ဈေ ဂေါပူရံ ရတနတောရဏံ"။ ။ လောကီပူရဏ်ကြဏ်းပါဠိ။ ။ ဒွယေယင္ဓလယော။ ပြနှစ်လုံးတို့၏။ မဇ္ဈေ။ အလယ်၌၊ ဂေါပူရံ။ တံခါးမှတ်သည်ငင်း။ ရတနတောရ ဏံ။ တုရိဏ်သည်ငင်း။ အတ္တိရှိ၏။ ငင်းကြဏ်း၏အနက်။

ငင်းတို့များစွာဆိုသောကြောင့်။ တံခါးမှတ်နှင့် တုရိဏ်တိုင်သည်။ တကွတည် သောမြို့အဆောက်အဦးတည်းဟု သိအပ်၏။ ။ မဟာကာကဇာတ်၌ ဒေဝဒတ် အလောင်းကျီးသည် တုရိဏ်တိုင်ထိပ်ကနေ၍။ တံခါးသို့ဝင်လာသော ပုရောဟိတ် ပုဏ္ဏားအ၏ ဥက္ကေါင်း၌အစာဟောင်းဖြင့် ပစ်စွန့်ချလိုက်ကြောင်းကို ဆိုသောကြောင့်။ တံခါးဝ အဝင်အနီး အပါးကြပ်ကြပ်၌ တုရိဏ်တိုင် စိုက်ထားမြဲဟုသိအပ်၏။ ။ ထို တုရိဏ်တိုင်နှစ်လုံးတို့၏အကြား၌ ရက်ဖေါက်တန်းတင်၍ ဆင်မြင်း။ ရထားတို့ကို တားမြစ်ရခြင်း အကျိုးလည်းရှိ၏။ ။ ထို့ကြောင့် ဒီဃနိကာယ် အဋ္ဌကထာ။ သံယု တ္တနိကာယ် အဋ္ဌကထာတို့၌။ ။ ✳ တောရဏာနိနာမတိပုရိသုဗ္ဗေဓါနိ နဂရဿ အလင်္ကာရတ္ထံ ကရိယန္တိစောရနိဝါရ ဏတ္ထာနိပိဟောန္တိယေဝ"။ ။ ဟူ၍ မိန့် အပ်၏။

တောရဏာနိနာမ။ တုရိဏ်တိုင်မည်သည်ကား။ တိပုရိသုဗ္ဗေဓါနိ။ အသူ့သုံး ပြန်အစောက်မြင့်ကုန်၏။ နဂရဿ။ မြို့ကို။ အလင်္ကာရတ္ထံ။ တန်ဆာဆင်ခြင်းငှါ။ ကရိယျန္တိ။ ပြုစီရင်အပ်ကုန်၏။ စောရနိဝါရဏတ္ထာနိဝိ။ သူခိုးသူပုန်ဘေး ရန်ကို တားမြစ်ခြင်းအကျိုးရှိကုန်သည်လည်း။ ဟောန္တိ။ ယေဝ။ ဖြစ်ကုန်သည်သာလျှင် တည်း။ ။ ဤကားယောဇနာ။ ။ တံခါးဖွဲ့ တံခါးပေါင်ကိုလည်း။ ငင်းအဋ္ဌကထာ တို့၌ပင်။ ။ ✳ အထဝါတော ရဏာန္တိပိဋ္ဌသင်္ဃာ ဋ္ဌသေတံနာမံ။ ။ ဟူ၍ မိန့်အပ်၏။ ။ အထဝါ။ တနည်းကား။ တောရဏန္တိတော်။ တောရဏဟူသောဤအမည်သည်။ ဝိဋ္ဌသင်္ဃာဋ္ဌဿ။ တံခါးဖွဲ့ တံခါးပေါင်၏။ နာမံ။ အမည်တည်း။ ။ သိင်္ဂါမာစရိ ဇာတ်၌လည်း။ ။ "တောရဏာနိစမဒ္ဒိတွာတိ နဂရဒွါရဿဝိဋ္ဌသင်္ဃာဋ္ဌေမဒ္ဒိတွာ"။

ဟူ၍မိန့်အပ်၏။ ။ တောရဏာနိမဒ္ဒိတွာတိ။ တောရဏာနိမဒ္ဒိတွာ ဟူသည်ကား။ နာရဒ္ဓာရဿ။ မြို့တံခါး၏။ ဝိဋ္ဋသဃ်ဋ္ဌေ။ တံခါးဖွဲ့တံခါးပေါင်ကို။ မဒ္ဒိတွာ။ နင်းချိုး၍။ ။ ဤကားအနက်တည်း။

အချို့လောကီကြဏ်းများ၌ကား။ တုရိဏ်တိုင်ကိုရှစ်တောင်ဖြစ်စေ။ တဆယ့်ခြောက်တောင်ဖြစ်စေ။ အတောင်နှစ်ဆယ် ဖြစ်စေ။ အုဋ္ဌကျောက်သစ်လုံးသုံးပါးတို့တွင် တပါးပါးဖြင့်။ ရှစ်မြောင့်နှင်နှင် ခြူးပန်းခြူးနွယ် စသည်တို့ဖြင့်လည်း။ တင့်တယ်စွာလုပ်ဆောင်ရာ၏ မြေပေါ်နှင့် မြေဝင်စနစ်မှာကား။ အမျှရှိမြဲတည်း ဟူ၍ ဆို၏။ ။ ယခင်ဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာများ၌လာသည့်အတိုင်း။ တံခါးတိုင်၌တဆယ့်ခြောက်တောင်။ တုရိဏ်တိုင်၌ အသူသုံးပြန်။ တဆယ့်ငါးတောင် တဆယ့်ခြောက်တောင် ပြုလုပ်အပ်၏။ မြေပေါ်မြေဝင်စနစ်အမျှ ရှိမြဲဟူဆိုသည်မှာ။ သာသနာတော်ကျမ်း။ လောကီကြဏ်းနှစ်ရပ် ညီညွတ်ကြ၏။ ခြူးပန်းခြူးနွယ် စသည်ဖြင့် ဆန်းကြယ်စွာလုပ်ဆောင်ရာ၏ ဟူသော စကားလည်းညီညွတ်ကြ၏။ ရှစ်မြောင့်နှင်နှင်ပြုလုပ်ရာ၏။ ဟူသောစကားမှာ သာသနာတော် ကျမ်းဂန်၌မလာဖြစ်၍။ လောကီကြဏ်းအတိုင်း ရှစ်မြောက်နှင်နှင်ပင် ပြုလုပ်ရာ၏။ ။ မြို့ရိုးပတ်လည် တံခါးတို့၏ အကြား၌ ဘုံခုနစ်ဆင့် သုံးဆင့် စသည်ဖြင့်ပြုအပ်သော-ပြသည်-အဋ္ဋအဋ္ဋလကမည်၏။ ယင်းသည်က-ပြနေ၍-ရန်သူတို့ကိုကြည့်ရှုစောင်းမြောင်း။ မေးမြန်းပြောဆိုကြောင်းကို။ ဥမင်္ဂဇာတ်=သဗ္ဗဒါဌဇာတ်တို့၌ဆိုသည်။ ။ တံခါးမုတ်ကိုလည်း၊ သာမညအားဖြင့် အဋ္ဋလက ဟူ၍ မိန့်ဆိုအပ်၏။ ယင်းသည်ပြကို။ မြဲမြံခိုင်ခန့်စွာ လုပ်ဆောင်သင့်ကြောင်းကို။ ။ ✳ ဒီဃနိကာယ်အဋ္ဌကထာ။ သံယုတ္တနိကာယ်အဋ္ဌကထာ။ မဟာဇနကဇာတ်တို့၌ဆိုသည်။ ။ မြို့၏အထောင့်အရပ်များ၌။ ဘုံခုနစ်ဆင့်။ ဘုံသုံးဆင့် စသည်ဖြင့် ပြုလုပ်အပ်သောအထွဋ္ဋ တခုနှင့်သာယှဉ်လျက်။ အထောင့်များသော တန်ဆောင်းသည်။ မာဠမည်၏။ ရေပြည့်အိုးတံခွန်လျှား။ တံခွန်ကုက္ကားစသည်များကိုလည်း အခါသမယကြိုက်လတ်သည်ရှိတော်။ ခင်းကျင်းရာ၏ ဤသို့လျှင်။ မြို့ကိုတန်းဆာဆင်သောအားဖြင့် စီရင်ရာသတည်း။

မြို့ကိုအဆောက်အဦးစီရင်ခဏ်းပြီး၏။

၂၆ ~ 26

အရှင်မင်းမြတ်မြို့၏အတွင်း၌။ အဆောက်အဦးကိုပြည့်စုံစေသောအားဖြင့် စီရင်ရသောအကြောင်းကို ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။ ။ မြို့၏အတွင်း၌။ အဆောက်အဦးကို ပြည့်စုံစေသောအားဖြင့် စီရင်ရာ၌။ ။ "စတုဝဏ္ဏဗျဝတာနံ။ ယသ္မိံဒေသေနဝိဇ္ဇတေ။ မိလိစ္ဆဒေသောဝိညေယျော။ အရိယဝတ္တောာတတောပရံ။" ။ ဟူ၍မိန့်အပ်၏။ —

ယသ္မိံဒေသေ။ အကြင်အရပ်၌။ စတုဝဏ္ဏဗျာတာနံ။ အမျိုးလေးပါး အပိုင်းအခြားသည်။ နဝိဇ္ဇတေ။ မရှိသော။ သောဒေသော။ ထိုအရပ်ကို။ မိလိစ္ဆဒေသော။ တောသူလူရိုင်းတို့၏ အရပ်ဟူ၍။ ဝိညေယျော။ သိအပ်၏။ တတော။ ထိုအရပ်မှ။ ပရံ။ တပါးသောအမျိုးလေးပါး အပိုင်းအခြားရှိသော အရပ်သည် အရိယဝတ္တော။ အကျင့်ဖြူစင်သော လူလိမ္မာတို့၏ အရပ်မည်၏။ ။ ဤသို့ လောကီကျမ်းများ၌ ဆိုသောကြောင့်။ အမျိုးလေးပါး တို့ကို အသီးအသီး ပိုင်းခြား၍ ထားခြင်းသည်။ သူမြတ်တို့၏နေရာ။ ပြည်ကြီး-ရပ်ကြီးတို့၏ လက္ခဏာတည်းဟု သိအပ်၏။

ထိုလောကီကြဏ်းစကားသည်။ အမရဝတီပြည်ကြီး၌။ အမျိုးလေးပါးတို့ကို။ အသီးသီးပိုင်းခြား၍ထား၏ ဟူသော သာသနာတော်ကျမ်းများနှင့် နှီးနှောမိ၏။ မြဲမြံစွာမှတ်သင့်၏ဟူလို။ ။ "ဝိစိတ္တဒေဝါယတနံ။ ပါသာဒါပနမန္ဒိရံ။ နဂရံဒဿယေဝိဒ္ဒွာ။ ရာဇမဂ္ဂေါပသောဘိတံ"။ ။ ဟူ၍မိန့်အပ်၏။

ဝိစိတ္တဒေဝါယတနံ။ အထူးထူးအပြားပြားဆန်းကြယ်သော နတ်ကွန်းနတ်ဂူလည်းရှိထသော။ ပါသာဒါပနမန္ဒိရံ။ ဘုံပြာသာဒ်အိမ်။ ဈေး။ အိမ်ခြေတို့ဖြင့်လည်း ပြည့်ထသော။ ရာဇမဂ္ဂပသောဘိတံ။ မင်းလမ်း။ ခရီးငယ်တို့ဖြင့်လည်း တင့်တယ်ထသော။ နဂရံ။ မြို့ကို။ ဝိဒ္ဒွါ။ ပညာရှိသုခမိန်သည်။ ဒဿယေ။ ပြသဘန်ဆင်းရာ၏။ ။ ဤသို့ အဘိဓာန်ဋီကာ၌ ဆိုသောကြောင့်။ အထူးထူးအပြားပြားဆန်းကြယ်သောနတ်ကွန်း။ နတ်ဂူပြာသာဒ်တန်ဆောင်း။ အိမ်ဈေး။ အိမ်ခြေ။ မင်းလမ်းခရီးမ။ ခရီးငယ်။ ဆင်တင်းကုတ်။ မြင်းစောင်း။ ဘဏ္ဍာကျီကြ။ စသည်တို့ဖြင့်အနေအထား။ သင့်တင့်အောင်စီရင်ဘန်ဆင်းရာ၏။ နတ်ကွန်းနတ်ဂူကို၊ မြို့၏အတွင်း။ ဝန်းကျင်အရပ်များ၌ထားအပ်စီရင်အပ်၏။ လေါကီကျမ်းများ၌။ နတ်ကွန်းနတ်ဂူကို အရှေ့မြောက်ထောင့်မှာထားရာ၏ ဟုဆိုကုန်၏။ ။ ထိုစကား၌။ နန်းတွင်း အိမ်တွင်းမှာကိုးကွယ်သော နတ်ကွန်းနတ်ဂူကို ရည်၍ဆိုသည်။ မင်းလမ်းခရီးမတို့ကိုကား။ ရထား-လှည့်လည်သာအောင်ထား

ရာ၏။ ခရီးငယ်ကိုကား။ ပြ-နှင့်တည့်တည့်ထားရာ၏။ ခရီးလမ်းတို့ကို။ အရှေ့ အနောက်တောင်မြောက်။ ထုတ်ခြင်းပေါက်မူ။ ပထဟူ၍ငင်း။ အဒ္ဓိဟူ၍ငင်း ဆို အပ်၏။

ထုတ်ခြင်းပေါက်မူ။ ဗျူဟဟူ၍ ဆိုအပ်၏ဟု။ ။ ဝိဓူရဇာတ်။ အဘိဓါန်ကျမ်း တို့မှာဆိုသည်။ ။ ခရီးလေးခု ပေါင်းဆုံရာအရပ်ကား။ စစ္စရမည်၏။ ခရီးနှစ်ခုသုံးခု ပေါင်းဆုံရာအရပ်ကား။ သိင်္ဃာဋကမည်၏။ အိမ်ဈေးကန္နားများကိုကား။ အလယ်၌ဆင်မြင်းရထားသွားလောက်အောင်ထား၍။ လမ်းနားတဘက်တချက်က ခင်းကျင်းစေရာ၏။ အမှုကိစ္စရှိလျှင်။ ပြောင်းရွှေ့သိမ်းဆည်းလွယ်စေခြင်းငှါ။ ထာဝရမပြုစေရ။ ဖျာယိုင်စသည်မိုးကာ၍။ ကံန္နားကိုပြုစေအပ်၏။ ။ ထို့ကြောင့်။ ဝိဓူရဇာတ်အဋ္ဌကထာ၌။ ။ ✳ ပဏ္ဏသာလာယောတိနာနာဘဏ္ဍပုဏ္ဏေအာပဏေဝိ ဘတ္တာ။ ။ ဟုမိန့်အပ်၏ —

ပဏ္ဏသာလာယောတိ။ ပဏ္ဏသာလာယောဟူသည်ကား။ နာနာဘဏ္ဍပုဏ္ဏေ အထူးထူးကုန်သောဘဏ္ဍာတို့ဖြင့် ပြည့်ကုန်သော။ အာပဏေ။ အိမ်ဈေးတို့ကို။ ဝိ ဘတ္တာ။ ဝေဘန်စီမံ၍ထားအပ်၏။ ။ ဤသို့လျှင် မြို့၏အတွင်း။ အဆောက်အဦး ကိုပြည့်စုံသော စေသောအားဖြင့်စီရင်ရာ၏။ ။ မြို့၏အပအဆောက်အဦးကို ပြည့်စုံစေသောအားဖြင့် စီရင်ခြင်း၌။ မြို့၏ပြင်ပမှာ။ ထက်ဝန်းကျင်တူး၍ ဆီးတားအပ်သော။ အရံအကာကို။ ကျုံးဟုခေါ်ဝေါ်ကြ၏။ ထိုကျုံးကား။ ဇယသေ နမင်းတည်ထောင်ဘန်ဆင်းအပ်သော။ မိဓိလာပြည်၌။ ရေကျုံးညွန်ကျုံး-ချောက် ကျုံးအားဖြင့်။ ကျုံးသုံးတန် ကာရံ၏ဟူ၍၊ မဟာဇနကဇာတ်။ မဟာဥမင်္ဂဇာတ် တို့၌လာသည်။ ။ သီဟိုဠ်ကျွန်း – ဧဠာယကျေးမင်းတည်ထောင်ဘန်ဆင်းအပ် သော။ ဓိဝိတမြို့၌လည်း- ငင်းအတူကျုံးသုံးတန်ကာရံအပ်၏ဟူ၍ မဟာဝင်၌လာ သည်။ ။ ဤမှတပါးကျုံးသုံးတန်ကာရံအပ်သော မြို့ကား။ များစွာလာ၏။ ။ ထိုကျုံးသုံးတန်တို့တွင်။ ရေကျုံးကို။ ပဋ္ဌာနပြု၍ လုပ်ဆောင်အပ်၏။ ။ ဥယျာဉ် ရေကန်ရေတွင်း။ စရပ်တန်ဆောင်းစသည်တို့ကား။ မြို့တွင်း၌ငင်း။ မြို့ပ၌ငင်း။ ကောင်းစွာစီရင်ဘန်ဆင်းအပ်၏။ ထို့ကြောင့်။ မဟောသဓါ သုခမိန်သည် စစ်သူကြီး၏ အရာဖြင့် အချီးအမြှောက်ကို ခံရသည်ရှိသော်။ ထီးဖြူကိုဆောင်း၍ မင်းမူခြင်းသည်သာ။ ဝိဒေဟရာဇ်မင်း၏တာဝန်ဖြစ်စေ။ တိုင်းပြည်ကို ကြည့်ရှု ခြင်းသည်ကား။ ငါ၏တာဝန်ဖြစ်တော့သည်ဟု နှလုံးပိုက်၍။ မြို့တံတိုင်းကြီး။ မြို့ တံတိုင်းငယ်တို့ကိုငင်း တံခါးမုတ်ပြအိုးတို့ကိုငင်း။ ရေကျုံး။ ညွန်ကျုံးတို့ကိုငင်း ပြုပြင်စေ၏။ မြို့တွင်း၌။ အိမ်ဆိုး အိမ်ပျက်တို့ကို။ အသစ်စက်စက်ဖြစ်အောင် ပြုပြင်စေ၏။ ကြီးစွာကုန်သောရေကန်တို့ကို ပြုစေ၍။ မြို့ပြင်မှရေကိုသွင်းခြင်း

ဌ်။ ရေပြွန်တို့ကို စီရင်စေ၏။ စပါးကျီ၊ ဆန်ကျီတို့ကို ပြည့်စေ၏။ အိမ်သို့ ဆွမ်းဘုဉ်းပေးခြင်း အလို့ငှါ ကြွလာကုန်သော ရသေ့တို့ကို။ ဟိမဝန္တာမှ။ လူပြောင်း။ မျိုးစေ့ စသည်တို့ကိုဆောင်ခဲ့စေ၏။ မြို့ပဉ္စလည်း။ ဆွေးမြွေကုန်သော စရပ်တန်ဆောင်းစသည်တို့ကို ပြုပြင်စေ၏။ ဟူ၍ မဟာဥမင်္ဂဇာတ်၌လာသည်။

ဤသို့လျှင် မြို့၏အပဉ္စအဆောက်အဦးကို။ ပြည့်စုံစေသောအားဖြင့် စီရင်ရာ၏။ ။

၂၇ ~ 27

ရဇ္ဇင်မြောက်သောအမှီကိုခိုမှီသောအားဖြင့် စီရင်ခြင်း၌။ မြို့နန်းတည်လုပ်သည်ရှိသော်။ မြစ်ချောင်းအင်းအိုင်-တောတောင်တို့ဖြင့်။ ကောင်းစွာပိတ်ဆည်းကွယ်ကာရန်အရပ်၌တည်ရာ၏။ ထိုမြို့ကို ခေတ္တမြို့ဟုဆိုအပ်၏။ မြစ်ချောင်းအင်း-အိုင်-တော-တောင်တို့ဖြင့်ကောင်းစွာ မပိတ်မဆည်းကွယ်ကာရာအရပ်၌-တည်ရာသောမြို့ကား။ (ကဝဋ္ဋ) မြို့မည်၏ ဟူ၍-လောကီပူရဏ်ကြဏ်းများ၌လာသည်။ ။ အရှင်စိုးမင်းအမတ်-အဆွေခင်ပွန်း။ ကျီကြ။ ခဲယည်းသေါမြို့နိုင်ငံ။ ဆင်မြင်း။ ဗိုလ်ပါ။ ။ ဤခုနစ်ပါးတို့သည်။ ပကတိလည်းမည်ကုန်၏ ဟူ၍။ ဥဒါန်းအဋ္ဌကထာ။ အဘိဓါန်ကျမ်းတို့၌လာသည်။ ကာမန္တကီကြဏ်းများ၌ကား။ ။ အမတ်။ ဆင်မြင်း။ ဗိုလ်ပါ။ ခဲယဉ်းသောမြို့။ ကျီကျဘဏ္ဍာ။ ။ ဤငါးပါးတို့ကား။ ရာဇပကတိမည်ကုန်၏။ ထိုငါးပါးနှင့်တကွ။ အဆွေခင်ပွန်း။ အရှင်စိုးမင်း။ ဤခုနစ်ပါးတို့ကါး – ရဇ္ဇင်မည်ကုန်၏။ ဟူဉာ်လာသည်။ ဤသို့လျှင်။ ရဇ္ဇင်မြောက်သေါအမှီကို ခိုမှီသောအါးဖြင့် စီရင်ရာ၏။ ။

ဤတွင်ရွှေ့ကားမြို့တည်ရာသောအစီအရင်ပြီး၏။

၂၈ ~ 28

နန်းတည်ရာသေါအစီအရင်ကိုကါး။ ကိုးပါးကုန်သေါအခြင်းအရာတို့ဖြင့်မှတ်အပ်၏။ ။ ကိုးပါးဟူသော်ကါး။ ။ အခါသမယကိုရွေးချယ်သေါအါးဖြင့်စီရင်ခြင်း။” နန်းရာမြေကိုသုမ်သင်ရှင်းလင်းဤတံမျက်ခပ်လျက်-ကန်နက်ဆေါက်သောအားဖြင့် စီရင်ခြင်း။ ဂြိုဟ်နတ်သျှုန္တီဟုံးပူဇော်သောအားဖြင့် စီရင်ခြင်း။ “နန်းဆောက်ရန်သစ်ကိုရွေးချယ်သောအားဖြင့် စီရင်ခြင်း”၊ စနစ်တောင်တာရွေးချယ်သောအားဖြင့် စီရင်ခြင်း”။ ။ နဂိုရ်နန်းအိမ်အနေအထားအားဖြင့် စီရင်ခြင်း။ ။

တံခါးအနေအထားအားဖြင့် စီရင်ခြင်း။ အိမ်ရာအရပ်အနေအားဖြင့် စီရင်ခြင်း။ ။ ရိက္ခပဒကိန်းတွက်နည်းအားဖြင့် ရွေးချယ်စီရင်ခြင်း။ ။ ဤသို့လျှင်ကိုးပါးကုန်သော အခြင်းအရာတို့ဖြင့် စီရင်ရာ၏။ ထိုကိုးပါးတို့တွင်။ အခါသမယကို ရွေးချယ်သောအားဖြင့် စီရင်ရာ၌။ နန်းအိမ်စသည်ကို တည်လိုသော်၎င်း။ မြို့စသည်ကို တည်လိုသော်၎င်း။ တနင်္ဂနွေ၏ အဌဝဂ်၌။ စင်သောအားဖြင့်-ပ-သ-လုပ်ဆောင်ခြင်းကို ပေးရာ၏။ တနင်္ဂနွေမှတပါးကုန်သော။ ဂြိုဟ်တို့၏စင်ခြင်းကိုမယှဉ်ရာ။ စင်ကြယ်ကုန်သောတရာ့ခြောက်လုံးတို့နှင့် ယှဉ်ကုန်သော-ဟဿဒ-စိတြ-ရောဟနီ။ မိဂသီ။ ဇေဋ္ဌ။ ဓနသိဋ္ဌိ။ ဥတ္တြာသဠ်စသော သုံးလုံး။ ရေဝတီ-သရဝဏ်။ မဃ-အနုရာဓ။ သတ္တာဘိသျှ-နက္ခတ်တို့ဖြင့်။ -သောမဂြိုဟ်တို့၏ရက်၌။ ပါပမှကင်းသောသောမယုဂ်၌။ ရိတ္တာကြဉ်သော-တိထိ၌။ ပိဋ္ဌကရိဏ်းကိုစွန့်သောနေ့၌၊ မြို့နန်းစသည်ကို။ လုပ်ဆောက်ဘန်ဆင်းရာ၏ဟူ၍ - ရာဇမတ္တဏ်။ ဇေါဟိတတ္ထ။ ကြိဘစိန္တါမဏိကြဏ်းတို့၌လာသော။ အခါသမယကို၎င်း။ သရောဒယအစရှိကုန်သောကြဏ်းတို့၌လာသော။ သဗ္ဗတော သဒြိစက်အစရှိသောအစီရင်ကို၎င်း ရွေးချယ်ရာ၏။ ။ ကြကဋ္ဋ-ကုန်-သိမ်-မိန်-သို့တနင်္ဂနွေရောက်သောအခါ၌။ အရှေ့သို့အခိုး။ အနောက်သို့ အခိုးရှိကုန်သောအိမ် တို့ကိုပြုလုပ်ရာ၏။ တူ။ မိဿ။ ပြိဿ။ ဗြိစ္ဆ-သို့-တနင်္ဂနွေရောက်သောအခါ၌ကား။ တောင်သို့အခိုး။ မြောက်သို့အခိုးရှိကုန်သော အိမ်တို့ကိုပြုလုပ်ရာ၏။ ။ အကြွင်းလေးရာသီကား။ နှစ်ချက်သင့်ဟူ၍ဇောတိတတ္ထကြဏ်း၌ဆိုသည်။ တနင်္ဂနွေနေ့။ အင်္ဂါနေ့တို့၌ နန်းအိမ်ပြာသာဒ်-တန်ဆောင်း-ကျောင်း ရေတွင်း-ရေကန်-စသည့်တို့ကိုမပြုလုပ်ရာဟူ၍ (ပစ္ဆပူရဏ်ကြဏ်းများ၌ဆိုသည်။) ။ ဤသို့အခါသမယကိုရွေးချယ်သောအားဖြင့် စီရင်ရာ၏။

နန်းမြေကိုသုဓ်သင်ရှင်းလင်း၍ တမျည်းခင်းလျက် ကန်နက်ဆောက်သောအားဖြင့် စီရင်ရာ၌။ အောက်မြို့တည်ရာမြေကို သုဓ်သင်ရှင်းလင်း၍။ တမျည်းခင်းလျက်။ ကန်နက်ဆောက်သောအားဖြင့် စီရင်ရာ၌။ ပြဆိုခဲ့အပ်သောနည်းကိုဆောင်ယူ၍သိလေ။ ။ ဤသို့လျှင် နန်းတည်ရာ မြေကိုသုဓ်သင် ရှင်းလင်း၍ တမျည်းခင်းလျက် ကန်နက်ဆောက်သောအားဖြင့် စီရင်ရာ၏။ ။ ဂြိုဟ်နတ်သျှန္တိဟုံးပူဇော်သောအားဖြင့် စီရင်ရာ၌လည်း။ အော်ကနည်းကိုမှီး၍သိလေ။ ။ ဤသို့လျှင်။ ဂြိုဟ်နတ်သျှန္တိဟုံးပူဇော်သောအားဖြင့် စီရင်ရာ၏။

နန်းဆောက်ရာ၌ သစ်ကိုရွေးချယ်သောအားဖြင့်။ စီရင်ရာ၌ကား။ ။ အစေးထန်သော သစ်ပင်မှဖြစ်သောသစ်ကို မလုပ်မဆောက်ရာ။ ငှက်တို့သည်အသိုက်အအုံဖွဲ့၍ မပြတ်နေသောသစ်။ လေတိုက်၍၎င်း။ မီးလောင်၍၎င်း။ ဆင်

တိုက်၍၎င်း။ မိုဃ်းကြိုးပစ်၍၎င်း။ ကြိုးပျက်သော သစ်ကို၎င်း။ အရောင်ထွက်သောသစ်။ နတ် ဘီလူး ပြိတ္တာ တို့အထင်အရှားနေသောသစ်။ ဤသစ်တို့ကို၎င်း။ မအူပင်။ တမာပင်။ သစ်ဆိမ့်ပင်။ ပိန်းနဲပင်။ အနှစ်မရှိသောသစ်ပင်။ ညောင်ပင်။ ညောင်ဗုဒ္ဓဟောပင်။ မျောက်ငိုပင်။ မျောက်ချောပင်။ ပင်လယ်ကသစ်ပင်။ ထန်းပင် ပေပင်။ ညောင်ကျပ်ပင်။ ညောင်ချဉ်ပင် လက်ပံပင်။ လဲမျိုးပင်ပေါက်ပင် တို့မှဖြစ်သော သစ်တို့ကို။ နန်းအိမ်ဆောက်ရာ၌-ရှောင်ကြဉ်ရာ၏ဟူ၍။ ဇောတိတတ္တစသောကြဏ်းများမှာဆိုသည်။ ။ ဤသို့လျှင် နန်းဆောက်ရန်သစ်ကို ရွေးချယ်သောအားဖြင့်။ စီရင်ရာ၏။

စနစ်တောင်တာရွေးချယ်သောအားဖြင့် စီရင်ရာ၌။ နန်းအိမ်အမှု၌။ နန်းအိမ်ရှင်ယောကျ်ားမိန်းမတို့၏ အတောင်ပမာဏကို ယူအပ်၏။ အတောင်ပမာဏဖြင့်လည်း။ ထုတ်စွန်းလျောက်စွန်းစသည်ကိုမယူဘဲ နံရာမ်၏အတွင်း၌ သာတိုင်းထွာနှိုင်းယှဉ်အပ်၏။ မြို့ပမာဏ စသည်တို့၌လည်း။ ဤဖြင့်သာမှတ်ယူလေ။ ။ တံခွန်သင့်လျှင်ဥစ္စာများ၏။ အခိုးသင့်လျှင် ရန်များ၏။ ခြသေ့်သင့်မှု ဘုန်းကြက်သရေတိုးပွား၏။ ခွေးသင့်မှုခိုက်ရန်ငြင်းခုံခြင်းများ၏။ နွားသင့်မှု ဥစ္စာ စပါးတိုးပွါး၏။ မြည်းသင့်မှုပျက်စီး၏။ ဆင်သင့်မှု သားမြေးများ၏။ ကျီးသင့်မှု အိမ်လုံးဆိပ်၏ ဟူ၍ ကြိတစိန္တာမဏိကြဏ်းမှာဆိုသည်။ ။ နန်းအိမ်ပြာသာဒ်အလျားအရပ် အစောက်ကွန်းစသည်တို့ကို အရှည်အတိုအစရှိသော ပမာဏနှင့် ပြုကောင်းသမျှမှာ။ ယခင်အသင့်လေးခုရအောင်ချည်း။ စနစ်တောင်တာကြံရာသတည်း။ ။ နဂါးအအိပ်အနေအားဖြင့် ရွေးချယ်ရန်ကို။ အောက်ကဆိုအပ်ခဲ့လေပြီ။ ။ ထို့နောင်အရှေ့မြောက်ထောင့်ကစ၍ အရပ်ရှစ်မျက်နှာအစဉ်အတိုင်း။ ပရိတ်ချည်တို့ဖြင့် ရစ်ပတ်ရာ၏။ ထို့နောင် အရှေ့တောင်ဖြစ်သော တွင်း၌-နံ့သာပန်းစသည်တို့ဖြင့်။ ဆင်ယင်အပ်သော-ကွန်းစဉ်တိုင်ကိုစိုက်ထူရာ၏။ စိုက်ထူသောအခါ။ ။ "ယထာစလောဂီရိမေရု။ ဟိမဝါစယထာစလော။ သုဘာပဒဂေဟထမ္ဘ။ ကထာတွမစလောဘဝ"။ ။ ဟူသောမန္တရားကိုရွတ်ရာ၏။ ။

ဂီရိမေရု။ မြင့်မိုရ်တောင်မင်းသည်။ အစလောယထာစ။ မတုန်မလှုပ်တည်သကဲ့သို့၎င်း။ ဟိမဝါစ။ ဟိမဝန္တာတောင်မင်းသည်။ အစလောယထာစ။ မတုန်မလှုပ်တည်သကဲ့သို့၎င်း။ တထာ-ထို့အတူ။ သုဘာပဒ။ ကောင်းကျိုးကိုပေးတတ်သော။ ဂေဟထမ္ဘ။ အိုနန်းအိမ်တိုင်။ တွံ။ သင်သည်။ အစလော။ မတုန်မလှုပ်တည်သည်။ ဘဝ။ ဖြစ်ပါလော။ ဤသို့လျှင် စနစ်တောင်တာရွေးချယ်သောအားဖြင့် စီရင်ရာ၏။

နဂိုရ်နန်းအိမ်အနေအထားအားဖြင့် စီရင်ရာ၌။ ။ "အသျှင်စိုးမင်း၏ စံနေရာ။

အဆောက်အဦးအိမ်အထူးသည်။ ပါသာဒ"။ စတုရဿက။ မာဋ။ တမ္မိယ။ စတုသာလ။ အမုယောဂ။ ပဋိက္ကမာန။ မဏ္ဍပ။ ဤသို့အလုပ်အဆောင်အနေ အထားကိုစွဲ၍ ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင် ပြာသာဒ်အရှည်သည်-ပါသာဒမည်၏။ ပြာသာဒ်ရှည်ဟူသည်လည်း။ အုတ်ဖြင့်ပြီးသော ဘုံနှစ်ဆင့် ဘုံသုံးဆင့် စသော အထွဋ်ဒုပိကာတတ်သော။ နတ်မင်းလူမင်းတို့၏ နေရာနန်းအိမ်တည်း။ သစ်စသည်ဖြင့်ပြီးသော အခြားသူတို့၏ နေရာအိမ်များကား။ သဒိသူပစာရအားဖြင့်။ ပါသာဒမည်၏ဟူ၍ - အဘိဓါန်ဋီကာမှာဆိုသည်။ ။ စတုရဿကဟူသည်ကား။ လေးထောင့်လျားသော ပြာသာဒ်တည်း။ ထိုလေးထောင့်လျားသော ပြာသာဒ်ကား အုတ်သစ်သည်တို့တွင် တပါးပါးဖြင့် ပြီး၏။ ။ မာဋ။ ဟူသည်ကား။ အထွဋ်တခုနှင့် ယှဉ်သောခိုနန်းချိုး။ အထောင့်များသောပြာသာဒ်တည်း။ လေးထောင့်စပ်စပ်ရှိလျှင်။ ပါသာဒ။ လေးထောင့်လျား။ သောပြာသာဒ်သည် စတုရဿက။ ခိုနန်းချိုးသော ပြာသာဒ်သည် မာဋမည်၏။ ။ ဤကား။ ပါသာဒ။ စတုရဿက။ မာဋတို့၏အထူးတည်း။ ဝိနည်းဋီကာများ၌။ လေးထောင့်လျားသော ပြာသာဒ်ကား။ စတုရဿကမည်၏ ဟူသည်ကို ကေစိဝါဒအဖြစ်ဖြင့်ပြရာ၏။ ။

ဟမ္မိယဟူသည်ကား။ စကြောခေါင်းစင်းကဲ့သို့ အမိုးမစေါက်။ အမိုးဖြန့်၍ ထားသကဲ့သို့ အမိုးပြန့်သောကြွယ်ဝကုန်သော လူတို့၏နေရာပြာသာဒ်ဦးပျည်းတည်း။ ထိုပြာသာဒ်ဦးပျည်း-ပြာသာဒ်ခေါင်းတုံးကား မဟာပိန်နဲဆောင်စသည်တို့ကဲ့သို့ မင်းတို့အသုံးအဆောင်လည်း ဖြစ်သင့်၏။ ထို့ကြောင့် မင်းအိမ်နန်းတော်အရေအတွက်၌ ဝင်သတည်း။ ။

စတုသာလဟူသည်ကား။ "ဝဲလင်း"။ လေးမျက်နှာရှိသောအဆောင်တည်း။ ထိုအဆောင်ကိုများသောအားဖြင့် ရသေ့ရဟန်းတို့၏ နေရာဟူ၍။ ပြုလုပ်အပ်၏။ မင်းတို့အားလည်း။ ညည့်သန့်ရာ။ နေ့သန့်ရာ။ အသုံးအဆောင်ဖြစ်ကောင်းရကား။ မင်းအိမ်နန်းတော်၌အရေအတွက်ဝင်သတည်း။ "ဝဲလင်း။" ဟူသည်ကား။ ဧည့်ခံရာဖြစ်သော အဆောင်နန်းကိုဆိုလိုသည်-ဤကားအမှာစကားတည်း။

အမုယောဂဟူသည်ကား ဂဠုန်တောင်ကဲ့သို့။ အချိုင့်၍-အလယ်ဖျားမေါက်သော အမိုးရှိသောနန်းအိမ်တည်း- "အလယ်မှာချိုင့်ပြီးလျှင်။ အဖျားကော့၍-အမိုးပြုလုပ်ကြသော-အိမ်-နန်းကို။ ယခုကာလလက်ထက်၌ ဂဠုန်တောင်ကော့-ငှက်ကြီးတောင်ကော့ဟုဆိုကြကုန်၏" - ဤကားအမှာစကားပင်တည်း။ —

ပဋိက္ကမဟူသည်ကား။ မင်းတို့အားရုံခါ။ အခိုက်အတန့်-စမ္ပါယ်ငြိမ့်လေးစွာ။ အတည်းအနေပြုသော။ အခေါင်စင်းသော အဆောင်တည်း။ "အခြားသူတို့မှာမူကား။ အမြဲနေရာပင်တည်း။" ။

မဏ္ဍပဟူသည်ကား။ အမှုအရေးအခင်းကိစ္စလျှင်။ လူတို့စည်းဝေးရန် အမိုးအကာမျှဖြင့်။ ပြုအပ်သောနေရာတည်း-။ တနည်းကား။ အရှင်စိုးမင်းတို့၏။ နန်းအိမ်သည်။ ကေထမ္ဘ”။ အနေကထမ္ဘဟူ၍နှစ်ပါးအပြားရှိ၏ ထိုနှစ်ပါးတို့တွင်။ တလုံးတည်းသောတိုင်ဖြင့်။ ဆေးပေး။ မီးယူ။ လက်ပါးစေ။ အနည်းငယ်တို့ဖြင့် သာ။ စမွဲယ်တော်မူရန် ဆောက်လုပ်အပ်သော နန်းအိမ်သည်။ “ကေထမ္ဘ မည်၏။”၊ များစွာကုန်သောတိုင်တို့ဖြင့်။ လုပ်ဆောင်အပ်သောနန်းအိမ်သည်။ “အနေကထမ္ဘမည်၏။” အိမ်ရာစုံဘက်ရန်မရှိကုန်သော။ သမီးတော်။ နှမတော် စပ်သည်တို့ကိုကား။ ကေထမ္ဘပြာသာဒ်ကပင် တိုင်နန်းပြာသာဒ်ဖြင့် ထားကြောင်း ကို။ ။ ဇာတ်နိပါတ်၌ဆိုသည်။

ဘဒ္ဒသာလဇာတ်၌။ ဗါရာဏသီပြဟ္မဒတ်မင်း။ ကေထမ္ဘပြာသာဒ်ကို ဆောက်လုပ်အံ့သောငှါ။ ဥယျာဉ်တော်၌ မင်္ဂလာအင်ကြင်းပင်ကို။ လှည်းခုတ်ပြု စီရင်စေခိုင်းကြောင်းကို ဆိုသည်။ ။ တနည်းကား။ “သောဝတ္ထိကနန်း” သဗ္ဗ တောဘဒြနန်း”။ ရုစကနန်း”။ ဝဒ္ဓမာနကနန်း”။ နန္ဒိယာဝဋ္ဋနန်း”။ ဟူ၍ငါးပါး အပြားရှိ၏။ ထိုငါးပါးတို့တွင်။ အဦးနှစ် ရှိသဖြင့်။ လည်ရေးသုံးဆင့်နှင့်တူသော နန်းအိမ်သည်။ သောဝတ္ထိကမည်၏”။ အဦးသုံးခုရှိသဖြင့်။ ပလ္လင်နှင့်တူသောနန်း အိမ်သည်။ သဗ္ဗတောဘဒြမည်၏”။ အဦး။ လေးခုရှိသဖြင့်။ ပန်းတောင်းနှင့် တူသောနန်းအိမ်သည်။ ရုစကမည်၏”။ အဦးငါးခုရှိသဖြင့် ထမင်းပွဲနှင့်တူသော။ နန်းအိမ်သည်။ ဝဒ္ဓမာနကမည်၏”။ အဦးခြောက်ခုရှိသဖြင့်။ စလပ်ပန်းနှင့် တူသောနန်းအိမ်သည်။ နန္ဒိယာဝဋ္ဋမည်၏”။ ။ အဦးဟူသည်ကား။ ဝဲလင်း ညှော့်ခံ စသောအဆောင်တည်း။ မိုးလွတ်ညှော့်ခံအဆောက်အဦးတည်း။ ကြမ်းအပြင်မှာ။ အမိုးမရှိ။ ဟင်းလင်းတည်း။ တဆောင်နှင့်တဆောင်တို့၏ အကြားကား-ဆယ် တောင်ကွာစေရာ၏။ နံရံတို့၏အကြားကိုကား။ လေးတောင်ကွာစေရာ၏ဟူ၍။ လောကီကြိတစ်စ္ဆာမဏိကြဏ်းတို့၌ဆိုရကား။ အယုတ်အားဖြင့်။ အဆောင် တို့၏အကြားကိုဆယ်တောင်။ နံရံတို့၏အကြားကို လေးတောင်ကွာစေရာ၏ ထို ထက်အလွန်ကွာစေရာ၌။ သင့်မြတ်သည်ချည်းပင်တည်း။ ။ ငှက်တို့ကိုမွေးရာ ထားရာအိမ်ကား။ ဝိဋ္ဋင်္ကမည်၏” ယခုကာလ၌ ခိုစင်ဟူ၍ခေါ်ကြ၏။ ။

နန်းအိမ်တော်၌။ တိုက်ခန်းပတ်လည် ဥပစာထားရာ၏။ ထိုဥပစာကို။ အန္တေပူ ရဟူ၍ငှင်း။ အဗ္ဘန္တရဟူ၍ငှင်းဆိုအပ်၏။ ထို့ကြောင့်ဥဒါန်းအဋ္ဌကထာများ၌ ။ ✳ အ န္တပူရေတိက္ကတ္ထိဂါရဿသဋ္ဌရဏ္ဍာနဘူတေ။ ရာဇဂေဟဿအဗ္ဘန္တရေ။ ယတ္ထ ရာဇာန္ဟာနဘောဇန-သယနာဒိကပ္ပေတိ။ ။ဟူ၍မိန့်အပ်၏။ ။

အန္တေပူရေတိ။ အန္တေပူရေဟူသည်ကား။ ဣတ္ထိဂါရဿ။ မင်းမောင်းမ၏။ သဋ္ဌ

ရဏဋ္ဌာနဘူတေ။ လှည့်ပတ်သွားလာရာဖြစ်၍ဖြစ်သော။ ရာဇဂေဟဿ။ မင်းအိမ်နန်းတော်၏။ အဗ္ဘန္တရေ။ အတွင်း၌။ ယတ္ထ။ အကြင်အရပ်၌၊ ရာဇာ၊ မင်းသည်။ နာန-ဘောဇန-သယနာဒိ။ ရေသန့်စင်ခြင်း။ ပွဲတော်တည်ခြင်း။ စက်တော်ခေါ်ခြင်းစသည်ကို။ ကပ္ပေတိ။ ပြု၏။ ။ ဤကားယောဇနာ–

ဤအဌကထာစကားကို ထောက်၍။ ရှေးရှေးကုန်သော။ မဇ္ဈိမဒေသမင်းတို့သည်။ တိုက်ခန်း ဥပစာ၌ ရေသန့်စင်ခြင်း ပွဲတော်တည်ခြင်း။ စက်တော်ခေါ်ခြင်းကိုပြုကုန်၏ဟု သိအပ်၏။ ။ ထိုတိုက်ခန်းဥပစာကို။ မောင်းမတို့လှည့်လည်ရာ ဖြစ်သည်ကိုစွဲ၍။ မြန်မာတို့ဝေါဟာရဖြင့်။ မောင်းမလယ်ဟုခေါ်ဝေါ်ကြကုန်၏။ ။ ဤသို့လျှင်။ နဂိုရ်နန်းအိမ်အနေအထားအားဖြင့် စီရင်ရာ၏။

တံခါးအနေအထားအားဖြင့်စီရင်ခြင်းအရာ၌။ ။ တံခါးအနေအထားကိုကား၊ အောက်ကဆိုခဲ့သည့်အတိုင်းမှတ်ရာ၏။ ။ တံခါး၏အစောက်နှစ်ပြန်အောက်မြေကိုတူး၍ပစ်လျှင်။ တံခါးကိုစွဲ၍ တစုံတခုအပြစ်မရှိဟူ၍ လည်း လောကီကြဏ်းများ၌ ဆိုသည်။ နံရံလေးရံ၏ သုံးဘို့တဘို့၌ တံခါးထားရာ၏ အရပ်လေးမျက်နှာထားရာ၏ဟူ၍လည်း။ လောကီကြဏ်းများ၌လာသည်။ ။ ဤသို့လျှင် တံခါးအနေအထားအားဖြင့် စီရင်ရာ၏။ ။ အိမ်ရာအရပ်အနေအထားအားဖြင့် စီရင်ရာ၌ကား၊ အရှေ့မြောက်ထောင့်၌ နတ်ကွန်းကိုထားရာ၏အရှေ့တောင်ထောင့်၌။ ပွဲတော်စားဖိုအိမ်-မီးတင်းကုပ်ကို ထားရာ၏။ အနောက်တောင်ထောင့်၌။ အိမ်ကိုထားရာ၏။ အနောက်မြောက်ထောင့်၌။ ကျီကြဘဏ္ဍာကိုထားရာ၏။ ။ ဤသို့လျှင်။ အိမ်ရာအရပ်အနေအထားအားဖြင့် စီရင်ရာ၏။

နက္ခတ်ကိန်းတွက်နည်းအားဖြင့်စီရင်ရာ၌။ ။ "နန်းအိမ်၏ ထုပ်လျှောက် စနစ်တောင်ပေါင်းကို။ ရှစ်ဆယ့်တခုဖြင့်နှော"။ နန်းအိမ်ရှင်၏ မူလနက္ခတ်သင်္ချာကို။ တရာ့ငါးဆယ့်နှစ်ခုတို့ဖြင့်နှော"။ ၎င်းသင်္ချာနှစ်ရပ်ကိုပေါင်း။ နှစ်ဆဲ့ရှစ်ခုဖြင့်စား။ အကြွင်းသည် နန်းအိမ်တည်ကိန်းအစုဖြစ်၏။ ။ ၎င်းတည်ကိန်းကို။ နှစ်ထောင်ကိုးရာနှစ်ဆယ့်ရှစ်ခု တို့ဖြင့်မြှောက်ပြီးသော်။ တဆယ့်ရှစ်ခု။ သုံးဆယ်ခုနှစ်ခု။ နှစ်ဆယ့်ရှစ်ခု။ အစဉ်အတိုင်းစား၍။ အစဉ်အတိုင်းစီးပွားခြင်း။ ပျက်စီးခြင်း။ တည်ကြည်ခြင်းဟူသော။ နက္ခတ်ကိန်းတွက်နည်းကိုသိရာ၏။ ။ ဤကားဇောတိတတ္တကြဏ်းစသည်တို့၌ လာသောနက္ခတ်ကိန်းတွက်နည်းတည်း။ ။ နန်းအိမ်လျှောက်ဖြင့်မြှောက်အပ်သောထုပ်၏ အတောင်ပေါင်းကိုပြု။ တနည်းကား။ ။ နန်းအိမ်လျှောက်ဖြင့်မြှောက်အပ်သောအနံ၏ အတောင်ပေါင်းကိုပြု၍။ သင်္ချာအစုကိုပင်လျှင်။ ကိုးခုတို့ဖြင့်၎င်း။ ရှစ်ခုတို့ဖြင့်၎င်း။ စား၍လပ်နှစ်ရပ်ကို။ စားခြေနှစ်ရပ်တို့ဖြင့်ပင်လျှင်။ အကြွင်းနှစ်ရပ်သည်။ အစဉ်အတိုင်း။ နန်းအိမ်တို့၏ စီးပွား

ခြင်း။ အာယ။ ပျက်စီးခြင်း။ ဗျယ။ လပ်မူကား-တည်ကြည်ခြင်း။ ဋ္ဌိတ။ ဖြစ်၏။ ။ ဤကားရာဇမတ္တဏ်စသည်တို့၌ လာသော။ နက္ခတ်ကိန်းတွက်နည်းတည်း။ ။

ပျက်စီးခြင်းဗျယ။ သင်္ချာလွန်သော်မကောင်း။ စီးပွားခြင်းအာယသင်္ချာလွန်သောကောင်း၏။ ။ ယခင်အာယ။ ဗျယ။ ဋ္ဌိတ။ အကြောင်းသုံးပါးတို့ကိုတွက်ပြီးလျှင်။ အာယနှင့် ဗျယတို့တိုက်ဆိုင်။ ဗျယကမလွန်စေနှင့်။ အာယကသာလွန်စေရမည်။ ။ ဤသို့လျှင် နက္ခတ်ကိန်းတွက်နည်းအားဖြင့်စီရင်ရာ၏။

၂၉ ~ 29

အရှင်မင်းမြတ်-လူတို့သုံးဆောင်အပ်သောရတနာခုနစ်ပါးအကြောင်းကို ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

လူတို့သုံးဆောင်ရာသုံးဆောင်ကြောင်းဖြစ်သော ရတနာတို့သည် ခုနစ်ပါးအပြားရှိကုန်၏။ ခုနစ်ပါးဟူသော်ကား။ ရွှေ-ငွေ-ပုလဲ။ ပတ္တမြား။ ကျောက်မျက်ရွဲ။ ဝဇီရာ။ သန္တာ။ ။ ဟူ၍ခုနစ်ပါးအပြားရှိ၏။ ထိုခုနစ်ပါးတို့တွင်-ရွှေငွေရတနာတို့ကို။ အောက်အင်္ဂုဝိဘာဂမည်သော-စတုတ္ထကပြဆိုခဲ့ပြီ။ ။ ပုလဲ။ ပတ္တမြားစသည်တို့ကို၊ ဥပေါသထဝိနိစ္ဆယကျမ်း၌ ပြအပ်ခဲ့ပြီ။ ။ တနည်းကား။ ။ ရတနာတို့သည်။ ရွှေ-ငွေ-ပုလဲ။ ကျောက်မျက်ရွဲ။ ဝဇီရဇိန်။ သန္တာ။ ပတ္တမြားနီ-ပတ္တမြားပြောက်။ ကျောက်သလင်း။ ဟူ၍ ဆယ်ပါးအပြားရှိကုန်၏။ ထိုဆယ်ပါးလုံးတို့ကိုလည်း-ဥပေါသထဝိနိစ္ဆကပြဆိုခဲ့ပြီ။

ဤတွင်ရွှေ့ကားလူတို့ သုံးဆောင်အပ်သော ပရိဘောဂရတနာကိုပြရာဖြစ်သော-ပရိစ္ဆေဒမည်၏။

ဤကားမြေကြဏ်းစကားရပ်တို့ကိုလျှောက်ခဏ်းပြီး၏။

၃၀ ~ 30

ထိုသို့ကြဏ်းအစောင်စောင်။ လောကီကြဏ်း။ လောကုတ္တရာကြဏ်းတို့၌ လာရှိသည်အတိုင်း။ ဘာနုမရာဇာ။ မဟာကေရာဇ်မင်းနှင့်တကွ။ အိမ်ရှေ့မင်းမှူးတော်မတ်တော်တို့ရှေ့။ သံတော်ဦးတင်လျှောက်ရာ။ ကဝိစိန္တာအမတ်ကြီးကို ပညာရှိပေစွတကားဟု။ ချီးမွမ်းတော်မူပြီးလျှင်။ ရွှေသားတပိဿာကိုင်း။ ဆင်ပေါက်တစီးကိုင်း။ သတိုးမင်းကြီးမင်းလှ ကဝိစိန္တာ မဟာသုခမိန်ဟူသောဘွဲ့အမည်နှင့် ရွှေနဖူးစည်းကိုင်း။ သနားတော်မူ၍။ မင်းကြီး နန္ဒသေန စစ်သူကြီး

နှင့် တိုင်ပင်၍။ မြို့တော်တည်စေ။ ယခုမင်းကြီးနှင့် အိမ်ခြေတော်နှစ်သောင်း။ လိုက်ပါစေရမည်။ အမိန့်တော်မြွက်မှတ်တော်မူ၏။ ။ ၎င်းရာဇဝင်ကြီး၌။ ကြဏ်းဟု ကကြီးရရစ်။ ဏကြီးသတ်ရေးခြင်းကား။ ပကရဏသဒ္ဒါ ကိုထောက်၍ ရေးသည်ဟုမှတ်ယူတော်မူကြပါကုန်။

ထိုနောက်အမတ်ကြီးကို မေးမြန်းတော်မူသည်မှာ။ မင်းကြီးဤသည့်နေရာကို။ အသူပြသနည်းဟုမေးတော်မူ၏။ ။ ရွှေဘုန်းတော်ရှင် ဘုရင်ကေရာဇ်မင်းမြတ်။ ရွှေနားဆင်တော်မူပါဘုရား။ သတိုးသုဓမ္မသီရိနန္ဒသေန။ စစ်သူကြီးနှင့် ကျွန်တော်မျိုးတို့ တပ်တော်ချီသွားရာ။ ထိုနေရာ စခန်းကို။ တနင်္သာရီသားများ။ လမ်းညွှန်ပြ၍ ရောက်ပါလျှင်။ ရှင်ရှင်ပြပြ။ တပ်တော်ချ၍။ ခေတ္တတည်းအိမ်တို့ကို။ အသီးသီးဆောက်နေကြပြီးလျှင်။ အရှင့်ကျွန်တော်မျိုး။ နန်းမြို့၏တည်ခြင်း။ ထိုထိုမြေခင်းထိုက်မထိုက်။ တူးဆွကြည့်ရှုလေရာ။ သုဝဏ္ဏဘုမ္မိ ရွှေမြေကို တွေ့ရှိပါကြောင်း။ ၎င်းနောက်။ ချောင်းမြောင်းလကျာလှည့်သည်ကိုတွေ့ရှိပါ၍။ မြက်သာကြည်လတ်။ လကျာပတ်၍။ နွယ်မြတ်ထို့နည်း။ မြွေငယ်ကိုဘားစီး၍ လိုက်လာသည့်ချင်းရာ။ အံ့ဩခါနေသည့်အတွင်း။ ရှမ်းကုရင်အရိုင်းများ။ မိမ္မယောကျာ်း။ တကျိပ်ငါးတို့သည်။ အုး၊ အဲ၊ အော်လျက်။ ဆွမ်းတော်ခွက်ကိုယ်စီကိုင်ရွက်၍။ လာကြဟန်အချက်ကို။ ကျွန်တော်မျိုးမြင်သည်ဖြစ်ပါသောကြောင့်။ တရာငါးဆယ်မိုလ်ရှမ်း၊ ငဟံဂံကို။ စကားပြန်လုပ်စေပြီးလျှင် မေးမြန်းစုံစမ်းလေရာ။ ။ သုံးလုထွင့်ဘဂဝါ၏။ ကေသာမြတ် ဆံတော်ရှင်ကို။ ဆွမ်းတော်တင်သွားကြမည်ဟု လျှောက်လေလျှင်။ ဆောတလျင်ကိုယ်တိုင်ပင်၊ လူငါးဆယ်နှင့်။ ဆွမ်းတော်တင်လိုက်သွားကာလ။ နရုတိရာဇာကို။ ကျောက်တိုင်မှာ ကမ္ပည်းတတ်၍ တတ်အပ်တွေ့ရှိပါကြောင်း။

၎င်းအရပ်ရပ်အချက်ချက်ကို။ အမတ်ကြီးတင်ပြလျှင်။ အလွန်နှစ်သက်တော်မူ၍။ မြို့တော်တည်ရန် ရွှေငွေအများပေးသနားတော်မူလိုက်ပြီးကာလ။ မဟာဇေယျသိန်အမတ်ကြီးကလည်း (၂၀၀၀၀) နှစ်သောင်းသော အိမ်ခြေတို့ကို။ အသင့်စီမံ၍ထားလေ၏။ ။ အရပ်ရပ်သောအိမ်ခြေ ရွှေငွေတို့ကိုယူ၍။ ကဝိစိန္တာအမတ်ကြီးသွားလေလျှင်။ မြို့သူမြို့သားအများတို့သည်။ ငါတို့ကား နောက်ကလာမည်ဟု။ အသီးသီးပြောဆိုကြလေ၏။ အမတ်ကြီးရောက်လျှင်။ ပါသောအိမ်ထောင်စုံ (၂၀၀၀၀) နှစ်သောင်းကို။ အသီးသီး နေရာချထားလေ၍။ ထိုသို့ချထားပြီးနောက်-ရာဇဓမ္မဒဏ်ကျမ်းနှင့်အညီ။ ပြည်တော်နန်းတော်ကိုတည်တော်မူသည်မှာ။ အိမ်ခြေတရာလျှင် အကြီးဥက္ကဋ္ဌလူကြီးတယောက်။ ဆယ်အိမ်မှာ ခေါင်းတစ်ယောက်စီ။ ထိုအိမ်ခြေတရာသားတို့က၊ မိမိတို့ကြိုက်နှစ်သက်သော

သူကိုရွေးကောက်တင်မြှောက်စေ၍။ အိမ်ခြေနှစ်ထောင်တို့မှာ။ ဒေအုံးပင်ကို အကြီးအမှူးပြု၍။ လယ်ခင်းကောင်းရာအရပ် ပင်လယ်အနီး။ ရွာကြီးတရပ်တည် စေသတည်း။ ထိုနောက် ငဇောတိကိုအိမ်ခြေတရာ တည်စေ၏။ ငလယ်ကို အိမ်ခြေတရာ။ ငလှိုင်ကို အိမ်ခြေတရာ။ ငရန်ကိုအိမ်ခြေတရာ။ ငအောင်ကို အိမ်ခြေ တရာ။ ငပျားကို အိမ်ခြေတရာ။ ငလုံးကို အိမ်ခြေတရာ။ ငရွှေဖြူကိုအိမ်ခြေတရာ။ ငဒက်ကို အိမ်ခြေတရာ။ ငကြီးကို အိမ်ခြေတရာ၊ ဆံတော်ကြိုအင်ကနီတွင် အရပ် ကိုရွာကြီး တံငါတို့ကိုတည်စေ၍။ မြို့ဝန်ဇေယျဗလကို ကင်းတပ်တော်ဗိုလ်မှူး ခန့်အပ်ပြီးလျှင် အမြဲနေစေသည်။ ။ ယခုငုင်းအရပ်ကို။ ဧကနိက်ဟု ခေါ်ကြ သတည်း။

ထိုနောက်အမတ်ကြီးဇေယျသိန်က။ ဗိုလ်ကိုဇင်းဘာမြို့ကို အိမ်ခြေတထောင် နှင့် မြို့တည်စေတော်မူသည်။ စစ်ဗိုလ်ဒေဝကုမ္မာဏ်ကို။ ရေဆိုးအောက်။ ကင်းတပ်ကြီး အိမ်ခြေတရာ တည်ထားတော်မူသည်။ ငညံကို အိမ်ခြေတရာ။ ငပု လုကိုအိမ်ခြေတရာ။ ငလွန်ကို အိမ်ခြေတရာ။ ငတာကို အိမ်ခြေတရာ။ ငကြော အင်းကို အိမ်ခြေတရာ။ ငဇင်ကိုအိမ်ခြေတရာ။ ငတူကို အိမ်ခြေတရာ။ ငပန်း တောကို အိမ်ခြေသုံးရာ။ နှင့်။ သရက်မြို့ကိုတည်စေသည်။ ။ ယခုအခါ၌ သရက် ချောင်းမြို့ဟုတွင်လျက်။ မြို့အုပ်ရုံးစိုက်ရာအရပ်ဟူသတည်း။ ။ ဤကားအမှာ စကား။ ။

လယ်ခင်းလယ်မြေကောင်းရာအရပ်ရပ်တို့ကို မြို့ရွာတည်စေပြီးလျှင်။ ဤ သည့်မြို့ကိုအမည်မှည့်အံ့သော အကြောင်းနှင့်စပ်လျဉ်း၍။ ဆွေးနွေးတိုင်ပင်နေ စဉ် ညနေဝင်ရီတရော။ လူချေစဲ လူရိပ်မမြင်တမြင်အချိန်တွင်။ အောင်ပြီ, အောင် ပြီ, အောင်ပြီ, ဟူ၍ သုံးကြိမ်ဟစ်ပြီးနောက်။” အရှေ့တံခါးအနီးသို့ရောက်လျှင်။ တံခါးမှူးတို့က၊ သင်အသူနည်းဟု မေးလေ၏။ ငါ ကလိကနတ်ဟုဆို၏။ သင် ဘယ်အချက်ကြောင့် အောင်ပြီ, အောင်ပြီ, အောင်ပြီ ဟူ၍ ဟစ်လာပါသနည်း ဟု မေးလေသော်။ ငါတို့အရှင် ဒူရကနတ်သား သုဝဏ္ဏဘုမ္မိ သထုံပြည်၌ စုတိတဘန် ပဋိသန္ဓေတည်နေဘွားမြင်၍။ “နရုတိမင်းဟု အမည်တွင်သည်မဟုတ်လော။” ထိုမင်းသည် ဤနေရာမြို့တော်သို့ရောက်လျှင်။ သာသနာတော်ထွန်းကား စည်ပင်လိမ့်မည်။ သို့ဖြစ်သောကြောင့်။ ဤမြို့တော်တည်သည်ကို အောင်ပြီဟူ၍၊ အောင်သံပေးသတည်းဟု။ ပြောဆိုပြီးမှ ပျောက်ကွယ်သွားလေ၏။” စစ်ဘုရင် ချုပ်မင်းကြီး။ ဗလဒေဝလည်း။ ကိုယ်တိုင်ကြားသိရကား။ စစ်သူကြီးထံ ညဉ့် ညီလာခံတွင်။ ကြားတိုင်းမှန်တိုင်း။ သံတော်ဦးတင်လေ၏။ ကဝိစိန္တာ အမတ်ကြီး အသို့နည်း။ ကြားပြီလောဟု မေးတော်မူလျှင်။ ‘ဒူရကနတ်သား’ ကလိကနတ်။

အောင်ပြီဟူကုန်သော”။ ဝစနပေါ်ထွက် ဤသုံးချက်နှင့်အညီ။ “ဒူရကတိုင်း”။ အောင်သာဝတီပြည်။” ကလိန်အောင်မြို့တော်ဟု”။ အမည်ပေးပြီးလျှင် မော်ကွန်းတိုင် ထိုးတော်မူပါဘုရားဟုလျှောက်၏။ အမတ်ကြီးတင်လျှောက်သည့်အတိုင်း နံက်အခါရောက်လတ်လျှင် မှူးတော်မတ်တော်တို့ အစုံအညီစည်းဝေး၍။ ကောဇာ သက္ကရာဇ် (၁၇) ခုနှစ် ပြာသိုလ္ဆန်းနှစ်ရက်။ ကြာသပတေးနေ့ ရွှေနန်းမြို့တော် တည်တော်မူသည်။ တိုင်းကား။ ဒူရကတိုင်း”။ ပြည်ကား အောင်သာဝတီ” မြို့ကား။ ကလိန်အောင်မြို့။ မင်းကား နရုတိမင်း။” တည်တော်မူသည်ဟု။ မော်ကွန်းတိုင် ထိုးတော်မူလေသတည်း။

တိုင်း။ ပြည်။ မြို့မင်းတို့ကို။ အမည်ပေးသောအခဏ်း။

ပဌမပိုင်းပြီး၏။

၃၁ ～ 31

ထိုနောက်မှ ရာဇပလ္လင်ထီးဖြူတို့ကို။ မြေနန်းတော်မှ။ အရပ်ရပ်ဆိုင်ရာ။ နန်းဆောင်တို့ကို စီမံခင်းကျင်းပြီးလျှင်။ စစ်သည်တော် (၃၀၀၀၀) ကျော်တို့ကို ဆိုင်ရာဆိုင်ရာစစ်ဝတ်တန်ဆာတို့ကို။ ဝတ်ဆင်စေပြီးလျှင်။ ဗျူဟာလေးပါးဖြင့် ခင်းကျင်းမံစီ၍။ တကဲ့တိုက်သည့်ဟန်။ ခုနစ်ရက်ပြုပြီးလျှင်။ ဗလဒေဝစစ်မင်းကြီးကို။ မြို့စောင့်ခန့်အပ်၍။ (၁၉) ခုနှစ်။ ပြာသိုလ္ဆန်း (၁၀) ရက်။ သောကြာနေ့။ ရွှေနန်းတည်ပြီးစီးကြောင်း။ စစ်သူကြီး။ အမတ်ကဝိစိန္တာတို့။ စစ်သည်တော်တပ်သား (၁၀၀၀) တထောင်နှင့် သထုံနေပြည်တော်သို့။ ချီထွက်သွားကြလေသတည်း။ သုဝဏ္ဏဘုမ္မိ သထုံပြည်က။ အစောင့်အနေထားသော။ ကင်းတပ်တော်တို့သည်။ ခြေမြန်တော်တပ်သားနှစ်ယောက်တို့ကို။ သားတော်မြတ် ပြည်တော်က။ စစ်သူကြီးအမတ်တို့ စစ်သည်တော် (၁၀၀၀) တထောင်နှင့် ရောက်လာပါကြောင်း။ ရှိခိုးသံတော်ဦးတင်ရာ၊ ညီလာခံနေခိုက်တွင်။ သားတော်အိမ်ရှေ့မင်းရှိ၍။ သားတော်၏ ပြည်တော်က။ အမတ်စစ်သူကြီးတို့ ရောက်သည်ကို။ ရှုတော်မူလောဟု။ မိန့်တော်မူ၏။ ကင်းတော်သား။ ခြေမြန်တော်တို့ကိုလည်း။ ဤသို့ မိန့်တော်မူလိုက်၏။ ပါလာသောတပ်တော်သား တထောင်နှင့်။ စစ်သူကြီး အမတ်ကြီးတို့။ အစီးအနင်းအဆောင်အရွက်။ စစ်ဝတ်တန်ဆာ ဆင်ဝတ်လာလျှင်။ ပြည်

တော်ကို။ လက်ျာရစ်လှည့်၍။ နန်းတော်ကိုဦးတိုက်ဝင်ရောက်စေ အမိန့်တော်မှတ်လိုက်၏။ ၎င်းအမိန့်တော်အတိုင်း။ စစ်သူကြီးထံ တင်လျှောက်လျှင်။ လာစဉ်ကစစ်၏အကြောင်းအရာကိုသိနှင့်၍။ ဆိုင်ရာ။ သေနင်ဗျူဟာ။ ပဒုမဗျူဟာ။ သကဋဗျူဟာ။ ရထဗျူဟာ။ ကျမ်းအလာနှင့်အညီ။ အလံရွှေထား။ ရွှေလုံ။ စစ်စည်။ အောင်မောင်း။ မြင်းတပ်ပေါင်းတို့ကို ရှုမြင်ကြရက။ လက်ပစ်ဝဲဘီး။ အံ့ချီးမဆုံးမြို့လုံးကျွက်ကျွက်။ ဆူတုံလျက်၍။ လှစ်မြွက်စနစ်။ နတ်စစ်ပမာ။ ရှေးဦးစွာလျှင်။ စစ်ဘုရင်သည်။ နာဂပုပ္ဖဒန္တဆင်တော်ကိုစီးတော်မူ၍။ ရတနာခုနစ်ပါးဖြင့် ချယ်လယ်အပ်သော။ ချပ်မိန်ညို။ စစ်ဝတ်တန်ဆာတို့ကို ဆင်ပြီးလျှင်။ ရွှေသား။ ရွှေစင်။ ထီးလျှင်နှစ်ချက်။ ဆောင်းလျက်အံ့ချီး။ လယ်သီးစစ်ကျပ်၊ နောက်ထပ်စစ်ကဲ။ မလွှဲနောက်ဆုံး။ ပြည်လုံးကြက်သရေ။ ထွေထွေဝတ်လုံ။ ဆင်ပြီးတုံမှ။ ဆောင်းထထီးနီ။ စီးသည်ဆင်လှ။ စွယ်ကငွါးငွါးတောင်အလားသို့။ ဆင်ကားငါးစီး။ မြင်းစီးတထောင်။ ဆောင်ရောင် အစီးအနင်းနှင့်တကွ။ ပြည်တော်ကို လက်ျာရစ်လှည့်ပြီးလျင်။ နန်းတော်သို့ ဦးတိုက်ဝင်လာသည်ကို ခမည်းတော်မယ်တော်။ နှမတော်နှင့်တကွ။ ရှုစားတော်မူရာ။ သမီးတော်သည် အသီးသီးမတ်ရပ်ရှုတော်မူသည်တွင်။ မမြင်တတ်၍။ ခမည်းတော်မယ်တော် နှစ်ပါးတို့၏ အကြားက။ ကြည့်မှီလျက်။ ခမည်းတော်မယ်တော်တို့။ ကိုယ်တော်ကိုထိ၍။ ရှုမြော်ရာ။ မင်းကြီးအမိန့်ရှိသည်မှာ။ သမီးတော်ကိုယ်ရေးနှင့်ငြားသောကြောင့်။ တိုးဝှေ့များရှုစားသဗျှ ဟု။ ကြီစယ်တော်မူ၏။ စစ်သည်တော်တပ်သားတို့ကား။ စစ်။ သီချင်းဖွဲ့ဆို၍။ ပြည်တော်ကိုလှည့်ပြီးလျှင်။ နန်းတော်သို့ ဝင်သည်မှာ။ … … … အောင်သံ အောင်ချင်း။ အောင်သံ ဖွဲ့ချီး။ အောင်စည်တီး၍။ ပြည်ကြီးရဋ္ဌ။ သုဝဏ္ဏသထုံ၊ ရွှေဘုံနန်းမ။ အစိုးရသည်။ ဘုရားကေရာဇ်။ စောရန်လှစ်၏။ သားချစ်ဥပရာ။ လောင်းသည်းချာသည်။ မြို့သာရွှေပြည်။ ရွှေနန်းတည်၍။ အောင်ပြီဘုရား။ တင်လျှောက် ငြားဘို့။ တပ်သားတထောင်။ ဆင်ပြောင်ငါးစီး။ စစ်သူကြီးနှင့်။ မတ်ကြီး စိန္တာ။ အောင်ပန်းဖြာ၍။ ဝေဆာဖွားဖွား။ ပန်ငြားရွှင်ပျ။ ရှင်-ပါးစက်အောက်။ တင်လျှောက်ရောက်လာ။ ရှုစားပါဟု။ ဆယ်ဖြာလက်စုံ။ ကြာပဒုံကို။ တင်တုံအများ လျှောက်ပန်တွားသည်။ ။ ရှင်ကားရှုတော်မူပါဘုရား။ ။

ဤကဲ့သို့ အောင်သံ။ အောင်ချင်းတို့ကို။ တညီတညာတည်း။ သီးကုံး၍ဆိုလာသည်ကို။ အလွန်ပင်မင်းကေရာဇ်။ မိဖုရားသားတော် သမီးတော်တို့။ နှစ်သက်တော်မူ၍။ စစ်သူကြီးကို။ ဆင်ပေါက်တစီး။ ငွေတော်ငါးထောင်အထွက်နှင့်။ ငွေခွက်တို့ကို ၎င်း။ မိဖုရားကြီးက။ ငါးထောင်တန်စိန်လက်ဝတ်တချည်။ အမတ်ကြီး ကဝိစိန္တာကို၊ စိန်လက်ဝတ်သုံးထောင်တန်တချည်။ စစ်ကဲကို။ တထောင်ငါးရာတန်တ

ချည်။ စစ်ကျပ်ကို။ တထောင်တန်တချည်။ ကေရာဇ်မင်းမြတ်က၊ စစ်သည်တော်တပ်သားတထောင်တို့ကို။ ရွှေတကျပ်သားခုပ်။ လက်စွပ်တကွင်းစီ။ အိမ်ရှေ့မင်း။ မိဖုရားက။ ရွှေဖလား ၁၀ခုပ်။ တစ်လုံး။ ရွှေကွမ်းအစ်ရွှေဖလားစုံ။ တစ်လုံး။ အိမ်ရှေ့မင်းကငင်း စစ်သူကြီးကိုတသောင်းတန် ပတ္တမြားလက်ဝတ်တချည်။ ဆင်ပေါက်တစီး၊ ဆုသနားတော်မူပြီးမှ။ အမတ်ကြီး ကဝိစိန္တာကို။ တသောင်းတန်ပတ္တမြားလက်ဝတ်တချည်၊ နေမျိုးဒေဝကုမ္ဘဏ်။ တပ်ကျပ်ဗိုလ်မှူးကို။ တထောင်တန်မြလက်ဝတ်။ စစ်ကဲဒေဝရက္ခကို။ နှစ်ထောင်တန် ဥဿဖရားလက်ဝတ်တချည်။ စစ်သည်တော်တပ်သားတို့ကို။ ပုဆိုးတစ်စုံစီ။ မင်္ဂလာတပ်တော်အိမ်တို့၌။ တနေ့သုံးခါကောင်းစွာ ကျွေးမွေး၍ထားစေ အမိန့်တော်ပေးပြီးလျှင်။ မောင်တော်နှမတော်နှစ်ပါး ခမည်းတော်မယ်တော်တို့ကို ဦးတိုက်။ မင်္ဂလာအိမ်တော်သို့။ ထွက်တော်မူလေ၏။ ညညီလာခံ။ မင်္ဂလာအိမ်တော် စစ်သူကြီး အမတ်ကြီးတို့ ခစားရောက်လာရာ။ မြို့တော်၏အကြောင်း။ ဆံတော်ရှင်စေတီတော်၏အကြောင်းကို လျှောက်လေလျှင်။ အလွန်တရာ အားရဝမ်းသာ ဖြစ်တော်မူ၍။ မောင်တော်နှမတော်နှစ်ပါး။ ပြည်တော်ကိုရှုတော်မူလိုသောဆန္ဒတော်ရှိတော်မူ၏။ အမတ်ကြီးတို့ကို အမိန့်တော်မှတ်တော်မူသည်မှာ။ မိမိတို့ဆွေသားမျိုးသားတို့။ လိုက်လိုသူများစုဆောင်း၍။ မကြာမီနေ့ရက်အတွင်း။ ချီထွက်ရမည် အမိန့်တော်ပေးလေ၏။ ။ ထိုသို့ အမိန့်တော်ပေးပြီးသည်နောက်စစ်သူကြီး။ ဆွေသားမျိုးသားအိမ်ခြေ တထောင်။ အမတ်ကြီး ဆွေမျိုးကြေးကျွန် သင်းပင်းအိမ်ခြေတရာ။ ဘီးလင်းသူဌေး လောစစ်စံ၏သား။ သီရိစံဘောဂရာဇာနှင့်။ အိမ်ခြေတထောင် ကျိုက်ထိုသူဌေး။ သီရိဘောဂရာဇာနှင့်။ အိမ်ခြေငါးရာ။ ပေါင်း (၂၆၀၀) အိမ်တော်တပ်သား အိမ်ခြေ တသောင်းတို့နှင့်။ သက္ကရာဇ် (၁၉ ခု) တပေါင်းလဆွန်းခုနစ်ရက် စနေနေ့နံက်။ နေထွက်သည်နှင့်တပြိုင်နက်။ အိမ်ခြေလူအပေါင်းတို့နှင့်။ ဒူရကတိုင်း။ အောင်သာဝတီပြည်တော်သို့။ စစ်သူကြီး အမတ်ကြီးတို့ ချီထွက်တော်မူ၍။ ထိုပြည်သို့ရောက်လျှင်။ အသီးအသီးသူဌေးသူကြွယ်။ ကုန်သွယ်လယ်လုပ်တို့ကို။ ရွေးချယ်လျက်။ ဆိုင်ရာအလုပ်တို့၌။ နေရာချထားပြီးလျှင်။ မြို့တော်ကို တန်ဆာဆင်၍။ ရွှေလှွတ်တော် သဘင်သို့။ တရားစီရင်နေ့စဉ်ကျင်းပတော်မူလေသတည်း။ ။

၃၂ ～ 32

ဘာနုမရာဇာအမည်ရှိသောမင်းတရားကြီးသည်။ မိဖုရားကြီးနှင့်တိုင်ပင်သည်မှာ။ သားတော်အိမ်ရှေ့မင်း။ သမီးတော်အိမ်ရှေ့မိဖုရား တို့သည် တာရှည်စွာ ငါတို့ပြည်၌။ စံတော်မူမည်မထင်ပြီ။ ရှင်မိဖုရား၏ သမီးတော်ကို ရှင် မိဖုရား မေးတော်မူပါဟု။ တိုင်ပင်၍ နေတော်မူဆဲ။ မောင်တော် နမနှစ်ပါး၊ လက်တော်ဆွဲ၍ နန်းထဲသို့ ဝင်လာရာ။ မယ်တော်သည် သမီးတော်ကို အပါးတော်၌ခစားနေသည့်အခါ။ ချစ်သမီးတို့။ ပြည်တော်သို့ သွားလိုသော ဆန္ဒရှိသလောဟုမေးတော်မူလျှင်။ မယ်တော်ဘုရား ခမည်းတော် မယ်တော်တို့နှင့်တကွ။ ရှုစားတော်မူစေချင်ပါသည်ဟုလျှောက်၏။ တောကြီးတောင်ကြီး, ပင်လယ်ကြီးနားမှာပျင်းရိစရာ။ ချစ်သမီးတို့နေနိုင်ပါမည်လောဟု မိန့်တော်မူပြန်သော်။ မယ်တော် ဘုရား။ ရွှေနားဆင်တော်မူပါ။ ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီးသည်။ ခမည်းတော် သိဋ္ဌည်းမင်းကြီးပြည်တော်ကနှင်ထုတ်တော်မူရာ။ မဒ္ဒီတောင်ညာ။ မဟာဒေဝီသည်။ ခမည်းတော်ယောက္ခမ သိဋ္ဌည်းမင်းကြီးကို တင်သည့်အခဏ်းခဏ်း။ ဘုရားအလောင်းသောတ္ထိသေနဇာတ်တော်၌။ သမ္ဘူလတောင်ညာသည်။ လောင်းရာဇာသောတ္ထိမင်းကို။ လျှောက်တင်သည် အသွယ်သွယ်။ အလောင်းတော်မဟောသဓာ။ ဝိဒေဟရာဇာသည်။ နတ်ရွာတော်အစံ။ ပဉ္စာလရာဇ်တိုင်းနိုင်ငံသို့။ များခြွေရံ သားမယားနှင့်။ ပြောင်းသွားသည် တထုံး၊ ဤကဲ့သို့ပုံထုံးကို။ နှလုံးဆယူသင့်သည်အကြောင်းမှာ။ ဗူးကောင်းလျှင်စင်ခံ။ လင်ကောင်းကစံရ။ ထုံးသက်သေသာဓကကို။ ယူဆတော်မူပါလျှင်။ အိမ်ရှေ့သျှင်မောင်ဘုရားသည်။ ယနေ့ပင်ထွက်ကြွတော်မူငြားက။ ယနေ့ပင်လုပ်ကျွေးမွေးမြူတော်မူရန်။ အမှန်လိုက်ပါမည့် အကြောင်းနှင့်။ ခွင့်တောင်းလျှောက်ပါသည်ဘုရားဟု။ တင်လျှောက်လေ၏။ ရွှေနန်းခွင်မြေနန်းဆောင်ဝယ်။ ခစားနေကြကုန်သော။ မှူးကြီးမတ်ငယ်။ အသွယ်သွယ်။ သေနာပတိအပေါင်းတို့သည်။သောင်းသောင်းအုတ်အာ။ အခါခါချီးမွမ်းတော်မူကြသောအသံသည်။ ပွဲတင်ခတ်သကဲ့သို့ ဖြစ်ကုန်၏။ မယ်တော်ဘုရားကလည်း။ အိုဘဲ့သမီးဟု။ ကြောပုတ်၍ ချီးမွမ်းတော်မူပြန်၏။ ခမည်းတော်မြတ်။ လောကနတ်မင်းတရားကြီးကလည်း။ ငါ့သမီးတော်တစ်ယောက်ဆိုစလောက်ပါပေသည်ဟု။ ချီးမွမ်းတော်မူပြီးလျှင်။ နဝရပ်ကိုးပါးဖြင့် ချယ်လယ်အပ်သော။ နန်းစဉ်လက်ဝတ်တော်ကို ဆုတော်ပေးသနားတော်မူလေ၏။ မောင်တော်အိမ်ရှေ့မင်းလက်တော်၌။ လက်ချောင်းတော်ကိုကိုင်၍ ယောကျာ်းနှင့် သာဆိုင်ပါသည်ဘုရား။ လက်သူကြွယ်တော်၌ စွပ်တော်မူလျှင်။ ခမည်းတော်က။ သမီးတော်ကို သနားတော်မူသည်ကို။ သားတော်

အား အဘယ့်ကြောင့်ပေးရသနည်းဟု။ မေးတော်မူသော်။ အကောက်တထောင်ကြိုးသွားသည့်။ ပြည်တန်ကျောက်ပတ္တမြားကို။ ဝိဒေဟရာဇ်မင်းတရားသည်။ မဟောသဓါသုခမိန်အား။ ငါဆုတော်သနားသည်ဟု။ ပေးတော်မူပြောသော်လည်း။ မင်းတရား ဘဏ္ဍာတော်နှင့် ကျွန်တော်မျိုးမထိုက်ပါကြောင်းဟု၊ ထပ်လောင်း၍ပြန်တင်၊ ချီးမွမ်းတော်မူသည်ထုံးအင်ကား။ ကျမ်းဂန်တွင် ထင်ရှားရှိပါကြောင်း။ မိန်းမတို့မှာ။ မိဘနှစ်ပါးထိမ်းမြား။ ပေးစားသောလင်ယောကျ်ားကို။ ဘကားတသွယ်။ သားဝယ်တသီး။ မောင်လည်းမှတ်ထင်။ အရှင်တပါး မှတ်ထားကိုးကွယ်စိတ်ဝယ်အမြဲ။ နှလုံးစွဲမှ။ ထိုမိန်းမသည်။ သေကနတ်ပြည်ရောက်ကြောင်းတည်းဟု။ ကျမ်းဂန်၌လာပါကြောင်းကို။ ရှိခိုးသံတော်ဦးတင်ရာ။ ခမည်းတော်နှင့်တကွ။ အပါးတော်၌ရှိကုန်သော ပရိသာတ်တို့သည်။ အံ့အဲဘနန်းချီးမွမ်းတော်မူကြလေကုန်၏။ မယ်တော်က။ မြလက်ဝတ်တသောင်းတန်ကို၊ သ္မီးတော်အား သနားတော်မူ၏။ သားတော် အိမ်ရှေ့မင်းကိုလည်း။ နှစ်သောင်းတန်။ မြလက်ဝတ်တော်ကို သနားတော်မူပြန်လေ၏။ ။ ဤကဏ္ဍ၌ ချီးမွမ်း-ခြီးမွမ်းနှစ်ချက်သင့်သည်။ နှစ်သက်ရာယူကြပါကုန်။ ။

၃၃ — 33

ထိုနောက် ခမည်းတော်မင်းတရားကြီးသည်။ ခန့်ကျန်းတော်မမူ၍။ မိဖုရားခေါင်ကြီး။ သားတော်သ္မီးတော်။ မှူးတော်-မတ်တော်တို့ကို။ မေးတော်မူ၍။ ဤသို့မိန့်တော်မူ၏။ ရှေးရှေးဘိုးတော်ခမည်းတော်တို့။ ရွှေလက်ထက်တော်က။ ရွှေငွေဘဏ္ဍာ။ ရတနာကျောက်မျိုးနှင့်တကွ။ ရွှေတိုက်စာရင်းတွင် ရှိသည့်အတိုင်း။ သုံးစုစု၍။ နှစ်စုသောပစ္စည်း ဘဏ္ဍာတို့ကို။ သားတော် အိမ်ရှေ့မင်းအားပေးစေ။ ဆင်တော်တရာ၊ မြင်းတော်တထောင်ပေးစေ။ သ္မီးတော်သုသီရိစန္ဒာ။ အိမ်ရှေ့မင်းမိဖုရားကို၊ မယ်တော်ဘွားတော် မိဖုရားကြီး။ သုဝဏ္ဏရူပမဟာဒေဝီ။ ထိုသုံးပါးသောရွှေ့ပြောင်းအပ်သည် ပစ္စည်းရပ်တို့ကို။ ယနေ့ကစ၍။ ငါးရက်အတွင်းကုန်စင်အောင်ပေး၍။ သားတော်အိမ်ရှေ့မင်းသည်။ ဆင်တော်များနှင့်။ အောင်သာဝတီမြို့သို့ပို့စေ။ အမိန့်တော်မှတ်၍။ ကောဇာသက္ကရာဇ် (၂၀) နှစ်ဆယ်ပြည့်နှစ်။ သတင်းကျွတ်လ္ဆန်း ၂–ရက်နေ့နံက် အာရုဏ်တက် နတ်ရွာစံတော်မူလေ၏။

ဘာနုမရာဇာမင်းကြီး နတ်ရွာစံခဏ်းပြီး၏။

၃၄ ~ 34

ထိုဘာနုမရာဇာမင်း နတ်ရွာစံတော်မူပြီးလျှင်။ သားတော်နှစ်ပါးတို့သည် ခမည်းတော်မင်းတရားကြီး၏။ အလောင်းတော်ကို။ ရှေးစကြာမင်းတို့ သင်္ဂြိုဟ်တော်မူသည့်နည်းအတိုင်း။ သင်္ဂြိုဟ်တော်မူပြီး၍။ သံဃရာဇာမဟာထေရ်မြတ်နှင့်တကွ။ တနေ့လျှင် သင်္ဃာတော် တထောင်ကြ။ လှူဘွယ် ပရိက္ခရာအစုံနှင့်တကွ။ လှူဒါန်းပူဇော်လေသတည်း။ အရပ်ရပ် ဆရာတော် သင်္ဃာတော်တို့ နေပြည်တော်၌ရှိသမျှ။ အကုန်အစင် ပင့်ဘိတ်၍။ အိမ်ရှေ့မင်းကလျှောက်ထားသည်မှာ။ ခမည်းတော်နတ်ရွာစံပြီးသည့်နောက်။ ဤပြည်တော်ကို။ ညီတော်နရိန္ဒမင်းသားအား။ လွှဲအပ်ရမည်ဖြစ်ပါ၍။ နေပြည်တော်ရှိဂိုဏ်းဂဏ သင်္ဃာတော်တို့လည်း။ ခမည်းတော်ဘုရားရှိစဉ်က ကဲ့သို့။ ကြည့်ရှုစောင်မတော်မူစေချင်ပါကြောင်း။ ညီတော်ကလည်း။ အရှင်မြတ်များကို ခမည်းတော်ရှိစဉ်ကကဲ့သို့။ သင်္ဃာတော်တို့ ဝတ်နိပါတ် မပြတ်စေဘဲ။ ကြိုးစားအားထုတ်ရမည်ဟု အမိန့်တော်ပေး၍။ သံဃာတော်တို့အားလျှောက် ပြီးနောက်။ သာသနာပိုင်နှင့် သင်္ဃာတော်တထောင်တို့သည်။ ဒူရကတိုင်း။ အောင်သာဝတီပြည်သို့။ လိုက်လိုကြောင်းအမိန့်ရှိတော်မူရာ။ လိုက်ကြွသော သင်္ဃာတော်နှင့်တကွ။ ကြွတော်မူပါလျှင် သာ၍ ပင်သင့်ပါကြောင်း လျှောက်ထားပြီးကာလ။ ရွှေနန်းတော်၌ မှူးတော်မတ်တော်တို့အစုံအညီ။ မယ်တော်ညီတော် နှမတော်တို့ကို အမိန့်ရှိသည်မှာ။ ခမည်းတော်ဘုရားနတ်ရွာစံသွားတော်မူသည့်နောက်။ သားတော်တို့ ပြည်တော်သို့။ ပြောင်းသွားရပါမည်။ သို့ဖြစ်၍။ မယ်တော်၏သား။ ညီတော်နရိန္ဒအား။ ယခုရွှေနန်းစည်းစိမ်ကို အပ်ပါပြီ။ လက်ခံတော်မူပါဟု လျှောက်လေလျှင်။ မယ်တော်လည်း မြတပက်တော်ကို မျက်နှာတော်မှာအုပ်၍။ ရှိုက်ကြီးတငင်။ ဘဝင်လှိုက်ဖိုငိုကြီ ငိုတော်မူ၏။ ညီတော် နရိန္ဒမင်းသားလည်း။ ညီတော်မှာမူကား ငယ်နုနယ်ပါသေးသည်ဟု။ တင်လျှောက်သည်မှာ။ –

"ရွှေပြည်ခွင်၌။ ညီလျှင်ငယ်သေး။ စိုးရေးစီစဉ်။ မသိမြင်၍။ သျှင်လျှင်နောင်တော်။ စိုးစံသော်မှ။ ခွင့်လျော်ပါမည်။ ဦးသုံးလည်ဖြင့်။ ရှက်မှီခညောင်း၊ ဆုပန်တောင်းသည်။ ။ နောင်ကောင်း စံတော်မူပါဘုရား။" ။ ဟုလျှောက်လေ၏။

ခမည်းတော်မြတ်လောကနတ်သည်။ နတ်ရပ်ဘုံပြန်။ ကြွစံပြီးနောက်။ နှစ်ယောက်သားမြတ်။ ကျန်တုံလတ်ရှင့်။ နောင်မြတ်တသီး။ ရွှေပြည်ကြီးကို စည်ထီးစိုးချုပ်။ မင်းလျှင်လုပ်မူ။ ရွှေပြည်သူတို့ ညွတ်မူကိုးကွယ်။ လွန်တင့်တယ်လိမ့်။ သို့ဝယ်မသနား။ ညီတပါးကို နောင်ဘုရားလေ။ ထားခဲ့ပေမူ။ မျက်ရေယိုစီး။

လွန်ပူကြီး၍။ ပြည်ကြီးစိုးပိုင်။ မအုပ်နိုင်က။ ပျက်စီးရမည်။ အတည်မှုချ။ ဖြစ်ထနောင်ရေး။ ရှုမြော်တွေးသည်။ ။ ညီထွေးလျှောက်တင်ကြောင်းပါဘုရား။ ။

၃၅ ～ 35

ဤကဲ့သို့သနားစရာအကြိမ်ကြိမ်တင်လျှောက်သည်ကို။ ညီတော်၏မျက်နှာသို့။ ရှုတော်မူပြီးလျှင်။ သတိုးမင်းကြီးမင်းလှဖေယျာသိန်ကို သက်တော်ရှည်ဘွဲ့ထူးပေးတော်မူ၍။ တိုင်းရေးပြည်ရေးတို့ကိုစီရင်စေ။ အမတ်ကြီး။ အမတ်ငယ်တို့ကလည်း။ မင်းကြီးတရားသဖြင့် စီမံခန့်ခွဲ။ အမိန့်ပေးသည်ကို နာယူရမည်။ အကယ်၍ မတရားသဖြင့်စီမံခဲ့သော်။ ညီတော်ကိုတင်စေ။ အမိန့်ကို။ ဖီဆန်တခုပြုသောသူများကိုကား။ ရာထူးမှနှုတ်၍။ မစင်ကျုံးသည့် သူငယ်တော်အလုပ်မှာ ဖြည့်သွင်းစေရမည်။ မယ်တော် ညီတော်တို့စိတ်တော်ကြည်အေးလေအောင်။ ပြာသိုလ္ဆန်းငါးရက်ကျမှ၊ ပြည်တော်သို့ပြောင်းတော်မူမည်ဟု။ အမိန့်တော်မြွက် မှတ်တော်မူ၍။ ခမည်းတော်၏အရိုက်အရာ။ ရွှေထီးရွှေနန်းတို့ကို။ လေးဆယ်ငါးရက်စံတော်မူပြီးမှ။ ထိုရက်နေ့မရောက်မှီကပင်။ ဦးလေးတော်နန္ဒသေနစစ်သူကြီး။ ဗလဒေဝစစ်မင်းကြီးကို။ စစ်သည်တော်တပ်သား တသိန်းတို့အား။ အနေအထား။ တစခန်း။ တစခန်းသထုံပြည်အရောက်ချထားလျက်။ လူတသောင်းနှင့်။ စစ်ဦးအကြို ရောက်လာသည်ကို။ တင်လျှောက်လာလျှင်။ ညီတော်ကိုလက်တော်ဆွဲလျက် နန်းဦးဓါတ်တော်ဆောင်၌။ တိုင်ပင်တော်မူသည်မှာ။ နောင်သောအခါကြောင်းတစုံတစ်ခုပေါ်ပေါက်လာလျှင်။ နတ်ရင်မကူ။ မြင်တော်မူနှင့်။ မြို့သစ်စားနေမျိုး ဇဝနကို။ အကြောင်းနှင့်တကွလွှတ်လိုက်။ အနောက်ဝန်။ ငါးပြည်ရွာစား။ ငချစ်ကို။ ဈေးအုပ်ခန့်ထား၍။ အနောက်ဝန် အရာမှာ ငစံလှကိုထားလေ။ ဇင်းမယ်ဘုရင်များက။ သံအမတ်များစေလွှတ်ရောက်လာလျှင်။ အမတ်ကြီးနှင့်တိုင်ပင်၍။ ပြန်စာပေး။ အရေးကိုလှစေ။ မယ်တော်ကိုရွှေစိတ်မညှိုးမငယ်စေနှင့်ဟု။ တိုင်ပင်ပြောပြတော်မူပြီးလျှင်။ ဆင်တော်နှစ်ရာ။ စစ်သည်တော် တပ်သား တသောင်းအား။ စားနပ်ရိက္ခာအလုံအလောက်နှင့်။ သဃ်ာတထောင်နှစ်ရာ။ ရေ့ဖျားကြွတော်မူစေ၍။ ခမည်းတော် မယ်တော်တို့၏။ သင်းချိုင်းတော်ကိုကန်တော့ပြီးလျှင်၊ နတ်မင်းကြီးများကိုလည်း ပသ၍။ နေပြည်တော်မှ။ ကောဇာသက္ကရာဇ် (၂၀) ပြည့်နှစ်။ ပြာသိုလ္ဆန်းခုနစ်ရက် စနေနေ့ နံက်နေထွက်သည်နှင့် တပြိုင်နက်။ ထွက်သွားတော်မူလေသတည်း။

လောကီသကဋ္ဌအဘိဓါန်- မဂဓအဘိဓါန်။ လောကုတ္တရာဘက်သဒ္ဒါ-ဝိဂ္ဂဟတို့ကို။ ထောက်ရှု၍ငင်း။ အာစရိယလဒ္ဓော ပဒေသကို ရသောကြောင့်ငင်း၊ သကြိုင်းဟူ၍လည်း ရေးနိုင်သေး၏။

ညီတော်ဘုရင်ကလည်း ဝါးကရူ-အထိ-လိုက်၍ပို့လေ၏။ လိုက်၍ပို့သော စစ်သည်တော်တပ်သား တသောင်းနှင့်။ ညီတော်ကို-ဝါးကရူက ပြန်စေ၏။

(၎င်းဝါးကရူမြို့ဟောင်းသည်။ ကျိုက္ခမီမြို့သို့သွားသောလမ်း။ သံဖြူစရပ်ရွာ၏ အနောက်မြောက်ထောင့်၌ရှိလေသည်။)

ပြာသိုလ္ဆုပ် (၁၂) ရက်နေ့။ ဒူရကတိုင်း၊ အောင်သာဝတီပြည်တော်သို့ရောက်လျှင်။ မောင်တော်နှမတော်နှစ်ပါး လက်တော်ဆွဲ၍။ နန်းထည်း၌ရှုစားတော်မူလျှင်။ ပညာရှိအမတ်ကြီး ကဝိစိန္တာ စီစဉ်၍ထားသည်အတိုင်းတို့ကို၊ မြင်တော်မူသည်တွင်။ ရှေးရှေးဘေးတော်ဘိုးတော်တို့ စံတော်မူသည့် နန်းဆောင်ထက်ပိုမို။ ကြီးကျယ်ခမ်းနားကြောင်း။ တထောင်သောအမတ်သမီး၊ သူဌေးသမီးသူကြွယ်သမီးတို့ကို။ အရှင်နန်းမ မိဖုရားခေါင်ကြီး။ အခိုင်းအစေရံရွေအမြဲ။ အပါးတော်မှာခစားစေရန်။ ကြည့်ရှုရုံမျှနှင့် သိရှိလေအောင်။ မိမိဝန်ကတော်ကို။ သင်ကြားထားစေကြောင်း။ ထိုအပျိုတော်တထောင်တို့၌။ တရာတရာလျှင် တစ်ယောက်အကြီး ဥက္ကဌထားစေ။ ထိုဥက္ကဌအောက်။ ဒုတိယ ဥက္ကဌ။ ဒုတိယဥက္ကဌအောက် စာရေး တစ်ယောက်။ ထိုစာရေး တစ်ယောက်အောက်။ အပျိုတော်ဆယ်ယောက်လျှင်။ ခေါင်းဆောင် အကြပ်တစ်ယောက်။ အဆင့်သင့်ဩဇာညောင်းစေ၍။ စီစဉ်လျက်ထားသည်များကို။ အံ့ဩတော်မူ၍ ပြုံးတော်မူ၏။ ထိုနောက်စစ်ဝတ်တန်ဆာလုပစွာ ဆင်ယင်စေ၍။ ငရန်ရှင်းကို။ ဒေဝရဲခေါင်အမည်နှင့်။ တောင်တရာငါးဆယ်ဗိုလ်။ ဖွားဘက်တော် ငကံကြီးကို။ ဗလသိဒ္ဓိအမည်နှင့် လက်စွဲတော်ဗိုလ်မှူးမင်းသားခန့်၍။ တောင်မာရဘင်ဗိုလ်-လူ (၂၀၀) တပြောင်ပြောင်တလက်လက်။ စစ်ဝတ်တန်ဆာတို့ကို။ ဆင်၍။ ရိုသေစွာခစားစေသည်။ ဝိဇယျအမတ်ကြီး၏သား။ ငအောင်ကြီးကို။ ဒေဝရန်အောင်အမည်။ ဗိုလ်မှူးမင်းသားခန့်အပ်တော်မူပြီးခါ-လူစစ်သည်တော် (၂၀၀) အတွင်းစစ်သည်တော်လူ (၅၅၀) ငါးရာငါးဆယ်။ ထိုနောက် ဗဟိုရ်စင်ကိုရှုတော်မူသည်။ ထိုနောက်လွှတ်တော်ကို ရှုတော်မူသည်။ ထိုနောက် ဖြဲလွှတ်တော်ကိုရှုတော်မူသည်။ ထိုနောက် ရတနာရွှေတိုက်၊ ငွေတိုက်တို့ကို။ သေချာစွာ စစ်ဆေးကြည့်ရှုတော်မူသည်။ ထိုနောက် စားတော်ဖိုကို ရှုတော်မူသည်။ ထိုနောက် မှန်နန်းတော်သဘင်ဆောင်၌။ မြန်မာအတီးအက။ ရှမ်းအတီးအက။ အစုံအလင်နှင့်တကွ။ အပမ်းဖြေရှုစား၍နေသည်အတွင်း။ သီးမျိုးစုံအချိုအချဉ် လက်ဘက်ရေပွဲတော်တို့ကို။ မောင်တော် နှမတော်နှစ်ပါး။ ပွဲတော်တည်တော်မူသည်အခါ။ တိုင်ပင်တော်မူသည်မှာ။ ဦးလေးတော်စစ်သူကြီး။ ကဝိစိန္တာအမတ်ကြီးတို့။ စီမံခင်းကျင်း၍ ထားကြခြင်းသည်။ အလွန်ထူးဆန်းအံ့ဩလောက်အောင်ပင်။ ကြီးကျယ်ဆန်းပြား။ ခန်းနားပေသည်ဟု။ တိုင်ပင်

ချီးမွမ်းနေသည်အတွင်း။ ဇင်းဘာအမတ်ကြီးက။ ရွှေတွင်းပေါ်၍။ ရွှေချိန်အခွက်တရာ။ စစ်သည်တော်တပ်သားတရာနှင့်။ ဆက်သရောက်လာရာ။ မြေနန်းတော်၌ အမတ်ကြီးနှင့်။ မှူးစုံမတ်စုံ ရှိပါကြောင်း။ သံတော်ဆင့်လေခသူရ-လျှောက်တင်လာရာတွင်။ မောင်တော်နှမတော်နှစ်ပါး။ လွန်စွာအားရဝမ်းမြောက်တော်မူပြီးလျှင်။ လက်တော်ဆွဲလျက်။ မြေနန်းညီလာခံသို့ သက်တော်မူ၍။ ရှုတော်မူပြီးကာလ။ စစ်ဆေးမေးမြန်းတော်မူလေသော်။ တောင်နှစ်လုံးတို့၏အကြား။ ချောင်းငယ်တခု တက်သွားသတတ်။ ထိုချောင်းဖျား မြေပြားဝယ်။ ဝက်လူးအိုင်တစ်ခု၌။ ထိုဝက်လူးရာ လူတို့ လယ်ခင်းအနီးအပါး။ တောဝက်လာရောက်။ ကိုယ်လက်ဝင်းဝင်းတောက်သည်ကိုမြင်ရလေသတတ်။ လူအများနှင့်။ ကင်းထောက်ဘမ်းဆီးရာ။ အရှင်ကိုမရ။ အသေရ၍။ ကိုယ်မှခြစ်ထုတ်။ ရွှေမှုံ့တို့ကို ကြိုကြည့်သည်ကာလ။ ဤရွှေ (ပြ) သားကိုရရှိပါသည်။ မုဆိုးငတေနှင့်လူပေါင်း လူကောင်းငါးယောက်လက်နက်အစုံနှင့်တကွ။ လိုက်လန်ကြည့်ရှုစေရာတွင်။ ဤရွှေတွင်းနေရာကို တွေ့ရှိ။ မုဆိုးနှင့်တကွ လူပေါင်းငါးယောက်တို့ပါ။ ဘဝါးတော်မြတ်အော်။ အဆက်အသရောက်ပါကြောင်း။ ရှိခိုးသံတော်ဦးတင်လျှောက်လျှင်။ အရှင်နှစ်ပါးတို့ဝမ်းမြောက်တော်မူ၍။ မုဆိုးငတေကို အိမ်ခြေတရာနှင့် ရွာတည်စေပြီးခါ။ ထီး-ထား-ဖလားပါ၊ ရွာစားပေး၏။ ၎င်းအိမ်ခြေတရာတို့ကို ကံကျွေးလစားပေး၍။ ရွှေတွင်းတူးစေ။ နောက်ပါလူလေးအိမ်ထောင် တို့ကို။ အကြီးအမှူး ခန့်အပ်၍ ချီးမြှင့်တော်မူရမည်ဟု။ အမိန့်တော်မှတ်တော်မူ၏။ ၎င်းရွှေများကိုဆိုင်ရာ ရွှေတိုက်ဝန်တို့က။ သိမ်းစေ။ သုံးရက်အတွင်း။ ရွှေမန်းကျည်းတောင့် ရွှေမန်းကျည်းစေ့လုပ်၍။ ဆက်သရမည်ဟု အမိန့်တော်မှတ်လေ၏။ ။ ထို့နောက် မင်းကြီး။ ရွှေ၏အမျိုး၊ မည်မျှပင်ရှိသည်ကိုသံတော်ဦးတင်ရမည်။ အမိန့်တော်မြတ်မှတ်တော်မူလေ၏။

၃၆ ～ 36

ထိုအခါအမတ်ကြီးက။ ရွှေအမျိုးမျိုးကို သံတော်ဦးတင်သည်မှာ။ ဘောရိကမည်ကုန်သော။ ရွှေခွန်ဝန်စံကိုင်တို့၏။ အင်္ဂါလက္ခဏာနှင့်တကွ။ ပြ၍ သံတော်ဦးတင်တော်မူသည်မှာ၊ ရွှေတို့၏ ဖြစ်ရာအရပ်။ အမြတ်အယုတ် အဆင်းအရောင်။ အကဲအလေး။ သိခြင်းသည်သာလျှင်တည်း။ ရွှေတို့၏ ဖြစ်ရာအရပ်။ အဆင်းအရောင်။ အကဲအလေးတို့ကို။ ကျမ်းဂန်လာတိုင်းနှီးနှော၍ပြဦးအံ့။ ။ ရွှေသည် မနုဿဘောဂရွှေ။ ဒိဗ္ဗရွှေအားဖြင့်၊ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ လူတို့သုံးဆောင်သောရွှေသည်။ မနုဿဘောဂရွှေမည်၏။ နတ်တို့သုံးဆောင်သောရွှေသည်။ ဒိဗ္ဗရွှေမည်၏။ ထိုနှစ်ပါးတို့တွင်။ မနုဿဘောဂရွှေ

သည်လည်း။ ယုတ္တိကရွှေ။ ဒသဝိဒ္ဓရွှေ။ အကရုပ္ပန္နရွှေအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ကြေးသံများနှင့်။ ရောနှော၍ ပူးအပ်သော ရွှေသည်။ ယုတ္တိက ရွှေမည်၏။ ဆယ်ကြိမ်ဖိုဝ၌။ လှော်အပ်ဦးအပ်သောရွှေသည်။ ဒသဝိဒ္ဓရွှေမည်၏။ ထိုရွှေကို ယခုလေါကဒ္ဓ။ ဆယ်လှော်ရသောရွှေဟူ၍။ ခေါ်ဝေါ်စမုတ်ပြု ကြကုန်၏။ ဖိုဝ၌ လှော်ဦးသင့်ဖြဖြစ်သော။ တစုံတခုမပြုအပ်သောရွှေသည်။ အကရုပ္ပန္နာရွှေမည်၏။ အလိုလိုမပြုမပြင်ဘဲဖြစ်သော ရွှေဟူ၍လည်း ဆို ကြကုန်၏။ ထိုသုံးပါးတို့တွင်။ ယုတ္တိကရွှေထက်။ ဒသဝိဒ္ဓရွှေသည်မွန်မြတ်၏။ ဒသဝိဒ္ဓရွှေထက်။ အကရုပ္ပန္နရွှေသည် မွန်မြတ်၏။ ထိုမနုဿဘောဂရွှေသုံးပါးတို့ ထက်။ ဒိဗ္ဗရွှေသည် မွန်မြတ်၏။

ထိုဒိဗ္ဗရွှေသည်လည်း။ စာမိကရရွှေ။ သာတကုမ္ဘရွှေ။ ဇမ္ဗူနဒရွှေ။ သိင်္ဂီရွှေ အားဖြင့်။ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်။ စာမိမည်သောရွှေပန်းပွင့်ကို။ မီးဖြင့်ချက်၍ပြုအပ်သောရွှေသည်။ စာမိကရရွှေမည်၏။ တနည်းကား။ ။ စာမိ ကရမည်သောရွှေပန်းပွင့်မှ။ အလိုလိုဖြစ်သောရွှေသည်။ တနည်းကား။ စာမိဟုဆို အပ်သော မီးမှအလိုလိုဖြစ်သောရွှေသည်။ စာမိကရရွှေမည်၏ ဟူ၍။ ။ အဘိဓါန် ဋီကာ၌ဆိုသည်။ ။ ပဒုမ္မာကြာ၏အဆင်းနှင့်တူသော အဆင်းရှိသောရွှေသည် သာ တကုမ္ဘမည်၏။ ကျွန်းဦးဇမ္ဗူသပြေပင်၏ ခက်မတို့၌စီးသွားကုန်သော။ ဇမ္ဗူနဒီ မည်သောမြစ်တို့၌၊ ဇမ္ဗူသပြေပင်မှကြွေကျကုန်သော။ ကြီးလှစွာသော။ ဆင်း ဦးကင်း ပမာဏရှိကုန်သော။ တနည်းကား။ အိုးစရည်းပမာဏရှိကုန်သော။ ဇမ္ဗူ သပြေသီးတို့၏ အစေ့တို့မှဖြစ်သောရွှေသည်။ ဇမ္ဗူနဒရွှေမည်၏။ နွားချိုနှင့် တူသောမြေမှပေါက်သောရွှေသည်။ သိင်္ဂီရွှေမည်၏။ ထို့ကြောင့်။ တိကနိပါတ် အင်္ဂုတ္တိုရ်။ မဟာဝဂ်ဝိသာခုပေါသထ သုတ်အဋ္ဌကထာ၌။ ။ သုသိင်္ဂီသုဝဏ္ဏာန္တိ။ ဂေါ သိင်္ဂသဒိသံဟုတွာ ဥပ္ပန္နတ္တာ။ ဇဝံနာမကံသုဝဏ္ဏံ။ ။ ယူ၍မိန့်အပ်၏။ သိင်္ဂီသုဝဏ္ဏာ န္တိ။ သိင်္ဂီသုဝဏ္ဏံဟူသည်ကား။ ဝါ။ သိင်္ဂီရွှေမည်သည်ကား။ ဂေါသိင်္ဂီသဒိသံ။ နွားချို နှင့်တူစွာ။ ဟုတွာ။ ဖြစ်၍။ ဥပ္ပန္နတ္တာ။ ဖြစ်သည်၏အဖြစ်ကြောင့်။ ဇဝံနာမကံ။ သိင်္ဂီမည်သော။ သုဝဏ္ဏံ။ ရွှေတည်း။ ။ ဤကားယောဇနာ။

အဘိဓါန်ဋီကာ၌ကား။ ငါးကြင်းအဆင်းနှင့်တူသော အဆင်းရှိသောကြော င့်ငှင်း။ တွင်း၌ငါးကြင်းသဏ္ဌာန်ရှိသော ကျောက်မှဖြစ်သောကြောင့်ငှင်း။ သိင်္ဂီ မည်၏ဟူ၍ဆို၏။ ထိုလေးပါးတို့တွင်။ စာမိကရရွှေထက်။ သာတကုမ္ဘရွှေသည် မွန်မြတ်၏။ သာတကုမ္ဘရွှေထက်။ ဇမ္ဗူနဒရွှေသည် မွန်မြတ်၏။ ဇမ္ဗူနဒရွှေထက်။ သိင်္ဂီရွှေသည် မွန်မြတ်၏ဟူ၍။ ။ ဝိမာနဝတ္ထုအဋ္ဌကထာ။ သာရတ္ထဒီပနီဋီကာ။ ဝိမတိဝိနောဒနီဋီကာတို့၌လာသည်။ ။ နာမလိင်္ဂါနုသာသနီမည်သော သဉ်က

ရိုက် အဘိဓါန်ကြဏ်း၌ကား။ စာမိကရရွှေသာ တကုမ္ဘရွှေ။ ဇမ္ဗူနဒရွှေတို့ကို။ ရွှေသာမည်ဟူ၍၊ သိင်္ဂီရွှေကိုကား။ ရွှေဝိသေသဟူ၍ဆို၏။ ထို့ကြောင့် လောကီကြဏ်းဆရာတို့၏ အလိုအားဖြင့်။ လက်ကောက်။ နားဒောင်း။ ပုတီးလက်စွပ်စသည်ဖြင့်ပြုအပ်သော။ ရွှေဝိသေသသည်။ သိင်္ဂီရွှေမည်၏ဟူ၍ သိရာ၏။ ရတနာကောသကြဏ်း၌လည်း။ ။ သိင်္ဂီမဏ္ဍနသောဏ္ဏံ။ ။ ဟူ၍လာသည်။ ။ အနက်ကား။ ။ မဏ္ဍနသောဏ္ဏံ၊ လက်ကောက် နားဒောင်းပုတီး လက်စွပ်စသည်ပြု၍။ တန်းဆာ ဆင်အပ်သောရွှေသည်။ သိင်္ဂီ။ သိင်္ဂီမည်၏။ ။ ထိုသိင်္ဂီရွှေသည်။ ရွှေမျိုးအပေါင်းတို့ထက် မွန်မြတ်၏ဟူ၍။ ဝိမာနဝတ္ထု အဋ္ဌကထာ။ သာရတ္ထဒီပနီဋီကာ။ ဝိမတိ ဝိနောဒနီဋီကာတို့၌လာသည်။ ။ မဂဓအဘိဓါန်ဋီကာ၌ကား။ ဇမ္ဗူနဒရွှေကိုသာ။ နတ်တို့သုံးဆောင်သောရွှေဟူ၍၎င်း။ အထူးရရှိမွန်မြတ်သောရွှေဟူ၍၎င်းဆိုသည်။ ။ ဇမ္ဗူနဒရွှေသည်။ ဇမ္ဗူသပြေသီးမှဖြစ်၏ဟုဆိုရာ၌။ ဇမ္ဗူသပြေသီးပင်-ရွှေဖြစ်သည်မဟုတ်။ ဇမ္ဗူသပြေသီး ကြွေကျသည်ရှိသော်။ ထိုဇမ္ဗူသပြေသီးမှ။ ရွှေညွန့်ရွှေညောက်တို့သည် ပေါက်ကုန်၏ဟူ၍။ "ဥပရိပဏ္ဏာသ။ သဠာ်ရုပ္ပတ္တိအဋ္ဌကထာ။ သာရတ္ထဒီပနီဋီကာများ၌လာသည်။" ထိုဇမ္ဗူသပြေပင်ကား။ ပင်ခြေမှ အခွတိုင်အောင်။ ယူဇနာ ငါးဆယ်။ အခွမှ ခက်ဖျားတိုင်အောင် ယူဇနာငါးဆယ်အားဖြင့်။ ယူဇနာတရာ။ အစောက်အားဖြင့်။ ပင်စည်မှအရှေ့မျက်နှာ။ ခက်ဖျားတိုင်အောင်ယူဇနာ ငါးဆယ်။ ပင်စည်မှ အနောက်မျက်နှာ ခက်ဖျားတိုင်အောင်၊ ယူဇနာငါးဆယ်အားဖြင့်။ ယူဇနာတရာ။ ပင်စည်မှ တောင်မျက်နှာ ခက်ဖျားတိုင်အောင်။ ယူဇနာငါးဆယ်။ ပင်စည်မှ မြောက်မျက်နှာ။ ခက်ဖျားတိုင်အောင် ယူဇနာငါးဆယ်။ အားဖြင့်ယူဇနာတရာရှိ၏။ အဝန်းကားယူဇနာသုံးရာရှိ၏။ ။ ထိုမှတပါလည်းကဥ္စနရွှေ၊ ဇာတရူပရွှေ။ ဟာဋကရွှေ။ ဝါလိကရွှေ။ နိက္ခရွှေအစရှိသောအားဖြင့်။ များစွာသောအပြားရှိ၏။ ထိုရွှေအပေါင်းတို့တွင်။ တောင်မှဖြစ်သောရွှေသည် ကဥ္စနရွှေမည်၏။ ထိုစကားသည်မှန်၏။ သုဒဿနမည်သော ဟေမဝန္တတောင်ထွဋ်၌။ ရွှေတို့သည်များစွာဖြစ်ကုန်သတတ်။ ထိုမှတပါးသောတောင်များ၌ ဖြစ်သော ရွှေကိုလည်း။ ကဥ္စနရွှေဟူ၍ပင်ဆိုအပ်၏။ ထိုရွှေကို။ ကနက။ ရွှေဟူ၍လည်းခေါ်ဝေါ်အပ်၏။ ထိုရွှေသည်ကား။ များသောအားဖြင့် နတ်တို့သုံးဆောင်အပ်သောရွှေတည်း။ ထိုကဥ္စနရွှေ၏။ အရောင်ဖြင့်။ မြင့်မိုရ်တောင်သည် တောက်လောက်ဘနန်းမျှဖြစ်၏။ ထိုကဥ္စနရွှေ၏ တောင်မှဖြစ်ကြောင်းကိုလည်း။ ။ "ကဥ္စနန္တိပဗ္ဗတေယျံ။ ပဗ္ဗတေဇာတသုဝဏ္ဏံ။ ။ ဟူသောတိကနိပါတ်အင်္ဂုတ္တိုရ်၊ အဋ္ဌကထာပါဠ်၌ဖြင့်သိအပ်၏"။ ကဥ္စနန္တိ ကဥ္စနံဟူသည်ကား။ ဝါ။ ကဥ္စနရွှေမည်သည်ကား။ ပဗ္ဗတေယျံ။ တောင်မှဖြစ်သောရွှေတည်း ပဗ္ဗတ။ တောင်၌။

ဇာတသုဝဏ္ဏံ။ ဖြစ်သောရွှေတည်း။ ဤကားယောဇနာ။ ။ အလွန်ရွှေသော အဆင်းရှိသောရွှေသည်။ ဇာတရူပရွှေမည်၏။ မြတ်စွာဘုရား အဆင်းနှင့်တူသော အဆင်းရှိသောရွှေတည်း။ ထိုကြောင့် ထိုဇာတရူပရွှေကို။ သတ္ထုသုဝဏ္ဏာဟူ၍ ခေါ်ဝေါ်အပ်၏။ မြတ်စွာဘုရားကိုလည်း။ ထိုဇာတရူပအဆင်းနှင့်တူသော အဆင်းရှိသောကြောင့်။ သုဝဏ္ဏ ဝဏ္ဏ ဟူသည်၍ခေါ်ဝေါ်အပ်၏။ ။ ထို့ကြောင့်။ တိကနိပါတ်အင်္ဂုတ္တိုရ် အဋ္ဌကထာ၌။ ။ "✳ ဇာတရူပန္တိသတ္ထု သုဝဏ္ဏ သုဝဏ္ဏံ။ ဟူ၍မိန့်အပ်၏"။ ။ ဇာတရူပန္တိ။ ဇာတရူပဟူသည်ကား။ ဝါ။ ဇာတရူပရွှေဟူသည် ကား။ သတ္ထုဝဏ္ဏ။ သုဝဏ္ဏံ။ မြတ်စွာဘုရား အဆင်းတော်နှင့် တူသော အဆင်းရှိ သောရွှေတည်း။ ။ ဤကားယောဇနာ။

ရွှေသာမညကိုလည်း။ ဇာတရူပဟူ၍ငင်း။ သုဝဏ္ဏဟူ၍ငင်း ဆိုအပ်၏။ ထိုစကားသည်မှန်၏။ ။ ဇာတရူပ မဋ္ဌိဂ္ဂဟဏာ။ ဟူသောပုဒ်၌။ ရွှေသာမညကို။ ဇာတရူပဟု ဆိုအပ်၏။ ။ သုဝဏ္ဏသိင်္ဂါရော။ သုဝဏ္ဏဆတ္တံ။ ဟူသော ပုဒ် များ၌ကား။ ရွှေသာမညကို။ သုဝဏ္ဏဟူ၍ ဆိုအပ်၏။ ခြပုံးတို့သည်ဆောင်အပ် သောရွှေသည်။ ဟာဋ္ဋကရွှေမည်၏။ ။ ထိုကြောင့်။ တိကနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌။ ။ "✳ ဟာဋ္ဋကတ္တိကိပ္ပိလိကာ ဟိနိဟရ သုဝဏ္ဏ"။ ။ ဟူ၍ မိန့် အပ်၏။ ဟာဋ္ဋကန္တိ။ ဟာဋ္ဋကံဟူသည်ကား။ ဝါ။ ဟာဋ္ဋကရွှေမည်သည်ကား။ ဝါ။ ဟာဋ္ဋကရွှေဟူသည်ကား။ ကိပ္ပိလိကာဟိ။ ခြပုံးတို့သည်။ နိဟရသုဝဏ္ဏံ။ ဆောင် အပ်သောရွှေတည်း။ ။ ဤကားယောဇနာ။ ။ ချောင်းမြောင်းမြစ်ကမ်းသဲသောင် တို့၌။ ဖြစ်သောရွှေသည်။ ဝါလိကရွှေမည်၏။ ထိုရွှေကား။ လျော်တိုင်းဦးတိုင်း။ အရောင်အဆင်း ထွက်သောဟူ၏။ တနိက္ခအတိုင်းအရှည်ရှိသောရွှေဖြင့်ပြုအပ် သော။ ရွှေအထူးတည်း။ ထိုနိက္ခရွှေသည် ဇမ္ဗူနဒရွှေဖြင့် ပြုသည်ရှိသော်။ ဇမ္ဗူနဒ နိက္ခသိင်္ဂီ။ ရွှေဖြင့်ပြုသည်ရှိသော်။ သိင်္ဂီနိက္ခမည်၏။ ဤသို့စသည်ဖြင့်။ များသော အပြားရှိ၏။ တနိက္ခအောံယုတ်သောရွှေဖြင့် ပြုအပ်သည်ရှိသော်။ ထုလုပ်ခြင်း ဆုပ်နယ်ခြင်းငှာမခံ တနိက္ခ ထက်လွန်သောရွှေဖြင့်။ ပြုသည်ရှိသော်။ ထုလုပ်ခြင်း ဆုပ်နယ်ခြင်းငှာခံ၏။ အဆင်းသော်ကားမလှ။ ကြမ်းတမ်းသော ဓါတ်ရှိသည်၏။ အဖြစ်သည်ထင်၏။ ဘနိက္ခအတိုင်းအရှည်ရှိသော။ ရွှေဖြင့်ပြုသည်ရှိသော်။ ထု လုပ်ဆုပ်နယ်ခြင်းငှာ လည်းခံ၏။ အဆင်းလည်းလှ၏။ (နိက္ခဟူသည်လည်း။ ကေ စိဝါဒအားဖြင့်။ သုဝဏ်နှစ်ဆယ်ရှိ၏။ အပရေဝါဒအားဖြင့်။ နှစ်ဆယ်ငါးသုဝဏ် ရှိ၏ မဇ္ဈိမနိကာယ်အဋ္ဌကထာ၊ မဂဓအောဘိဓါန်။ သကဋ္ဋ ဘိဓါန် ဆရာတို့၏ အလို အားဖြင့်။ ငါးသုဝဏ်ရှိ၏။ သုဝဏ်ဟူသည်။ ငါးဓါရဏရှိ၏။ ဓါရဏဟူသည်ကား။ ကျပ်ကိုဆိုလိုသည်။) ပိဋ္ဋကတ်တော်ကျမ်းဂန်တို့၌ မလာသော။ ဤလောက၌

ခေါ်ဝေါ်ကြသော။ ရွှေမျိုးအပြားကား။ အရမတ်ရွှေ။ အညမတ်ရွှေ။ ပဋ္ဌမတ်ရွှေ။ နိရမတ်ရွှေ။ နာနနီရွှေနာရကာရွှေ၊ နာရမုတ္တာရွှေ၊ နာလာရေရွှေ၊ အတ္တရနိရွှေ၊ ဥရနီရွှေ၊ ဥရကုတ္တရွှေ။ ဥထဝါရွှေ၊ သုဝဏ္ဏသာရရွှေ၊ သုဝဏ္ဏရွှေ၊ ရာဂီရွှေ၊ သုဝဏ္ဏမဏိရွှေ၊ သုဝဏ္ဏရပ်ရွှေ၊ ဓမ္မနာဒရွှေ၊ ဇသာရူပရွှေ၊ သိင်္ဂီရွှေ၊ ဝိဟိနကရွှေဟူ၍ နှစ်ဆယ်တည်း။ ။ ထိုနှစ်ဆယ်တို့တွင်။ အရမတ်ရွှေ။ အညမတ်ရွှေ။ ပဋ္ဌမတ်ရွှေ။ နိရမတ်ရွှေ။ ဤလေးပါးကား။ ။ ငွေမှဖြစ်၏။

နာရနီရွှေ။ နာရကာရွှေ။ နာရမုတ္တာရွှေ။ နလာရေရွှေ။ ။ ဤလေးပါးကား။ နဂါးပြည်မှဖြစ်၏။ ။ အတ္တရနိရွှေ။ ဥရနီရွှေ။ ဥရကုတ္တရွှေ။ ဥတဝါရွှေ။ ဤလေးပါးကား။ မြေမှဖြစ်၏။ ။ ဥတဝါရွှေကို။ ရွှေချေးနှင့်လှော်လျှင်။ သုဝဏ္ဏသာရရွှေကို။ ရာဂီငါးပါးနှင့်လှော်လျှင်။ သုဝဏ္ဏရာဂီရွှေဖြစ်၏။ သုဝဏ္ဏရာဂီရွှေကို ကျောက်မျိုး တဆယ့်ရှစ်ပါးနှင့် လှော်လျှင်။ သုဝဏ္ဏမဏိရွှေဖြစ်၏။ သုဝဏ္ဏမဏိရွှေကို။ ပဒါးနှင့် လှော်လျှင်။ သုဝဏ္ဏရပ်ရွှေဖြစ်၏။ ။ ဤလေးပါးကား။ ဇော်ဂီမှဖြစ်၏။ ။ ဓမ္မနာဒရွှေ။ ဇာတရူပရွှေ။ သိင်္ဂီရွှေ။ ဝိဟိနကရွှေ။ ဤလေးပါးကား ကမ္ဘါမြေမှဖြစ်၏။ ။ တနည်းကား။ ။ နီဖလံရွှေ။ နာရနီရွှေ။ နာရဝေါရွှေ၊ နာလိကာရွှေ၊ နာလိမုတ္တာရွှေ။ အဋ္ဌနီရွှေ။ အဋ္ဌနီမုတ္တာရွှေ။ အဇာတဝနီရွှေ။ ဇာတရူပရွှေ။ ဥရနိတာရွှေ။ သိင်္ဂီရွှေ။ ဇမ္ဗူရာဇ်ရွှေဟူ၍ တဆယ့်နှစ်ပါးအပြားရှိ၏။ ။ ထိုရွှေတို့တွင်။ နီဖလံရွှေရှစ်ဆယ်ကို။ ခြေဲဆယ်တင်အောင်လှော်မှ။ နာရနီရွှေဖြစ်၏။ နာရနီရွှေခြောက်ဆယ်ကို လေးဆယ်ငါးကျပ်တင် အောင်လှော်မှ။ နာရဝေါရွှေဖြစ်၏။ နာရဝေါရွှေ၊ လေးဆယ်ငါးကျပ်ကို၊ သုံးဆယ်သုံးကျပ် ခုနစ်မူး တပဲ နှစ်ရွေး တင်အောင်လှော်မှ။ နာလိကာရွှေဖြစ်သည်။ နာလိကာရွှေသုံးဆယ်သုံးကျပ်ခုနစ်မူးတပဲနှစ်ရွေးကို။ နှစ်ဆယ့် ငါးကျပ် သုံးမူး နှစ်ရွေးတင်အောင်လှော်မှ။ နာလိမုတ္တာရွှေဖြစ်သည်။ နာလိမုတ္တါရွှေ။ နှစ်ဆယ့်ငါးကျပ်သုံးမူးနှစ်ရွေးကို။ တဆယ့်ကိုးကျပ်နှစ်ရွေးနှစ်ဆန်တင်အောင်လှော်မှ။ အဋ္ဌနီရွှေဖြစ်၏။ ထိုအဋ္ဌနီရွှေ။ တဆယ့်ကိုးကျပ်နှစ်ရွေး နှစ်ဆန်ကို။ တဆယ့်လေးကျပ်နှစ်မူးတပဲနှစ်နှမ်းတင်အောင်လှော်မှ။ အဋ္ဌနီမုတ္တာရွှေဖြစ်၏။ အဋ္ဌနီမုတ္တာရွှေတဆယ့်လေးကျပ် နှစ်မူးနှစ်နှမ်းကို။ တဆယ့်ခြောက်မူးလေးရွေး။ တဆန်နှစ်နှမ်း သုံးမုံညင်းနှစ်သန်းခေါင်းတင်အောင်လှော်မှ။ အဇာတဝနီရွှေဖြစ်သည်။ အဇာတဝနီရွှေတဆယ့်ခြောက်မူးလေးရွေး တဆန်နှစ်နှမ်း သုံးမုံညင်း။ နှစ်သန်းခေါင်းကို။ ရှစ်ကျပ်နှစ်ရွေးသုံးနှမ်း နှစ်မုံညင်းတသန်းခေါင်း။ သုံးကညစ်ချေးတင် အောင်လှော်မှ။ ဇာတရူပရွှေဖြစ်သည်။ ဇာတရူပရွှေ၊ ရှစ်ကျပ်နှစ်ရွေး သုံးနှမ်းနှစ်မုံညင်း တသန်းခေါင်းသုံးကညစ်ချေးကို။ ခြောက်ကျပ်သုံး ဆန်သုံးနှမ်းလေးသန်းခေါင်းလေးကညစ်ချေး။ တင်အောင်လှော်မှ။ ဥရနိတာရွှေဖြစ်သည်။

ထိုဥရနိတာရွှေ။ ခြောက်ကျပ် သုံးဆန်သုံးနှမ်း လေးသန်းခေါင်းလေး ကညစ်ချေးကို။ လေးကျပ်နှစ်မတ်နှစ်ဆန်သုံးနှမ်း။ တမုံညင်း ခြောက်သန်း ခေါင်းနှစ်ကညစ်ချေး တင်အောင်လှော်မှ။ သိင်္ဂီရွှေဖြစ်သည်။ ထိုသိင်္ဂီရွှေလေးကျပ်နှစ်မတ်။ နှစ်ဆန်သုံးနှမ်း။ တမုံညင်းခြောက်သန်းခေါင်း။ နှစ်ကညစ်ချေးကို။ သုံးကျပ်သုံးမူးတပဲ လေးရွေးနှစ်ဆန်နှစ်နှမ်းသုံးသန်း ခေါင်းနှစ်ကညစ်ချေး တင်အောင်လှော်မှ။ ဇမ္ဗူရာဇ်ရွှေဖြစ်သည်ဟု။ လောကီကြဏ်းများတွင်ပါပါကြောင်း။ ။ ဤအရာ၌အချို့သောဆရာတို့ကား။ ဇာတရူပရွှေ သိင်္ဂီရွှေ ဇမ္ဗူရာဇ်ရွှေ။ သုံးပါးကိုပိဋကတ်တော်၌လာသော-ရွှေချင်းတူသောကြောင့်ငှင်း။ အကြွင်းရွှေကိုးပါးတို့ထက်မြတ်သောကြောင့်ငှင်း။ တပေါင်းတည်း ယူကြကုန်ပါသည်ဘုရားဟု။ ရွှေ၏အကြောင်းကို တင်လျှောက်လေလျှင်။ အလွန်အားရ နှစ်သက်ဝမ်းမြောက်တော်မူလေသတည်း။

ဤကားရွှေအမျိုးအမည်စသည်ကိုတင်လျှောက်ခဏ်းပြီး၏။

၃၇ ～ 37

မဟာကေရာဇ်မင်းမြတ်သည်။ ကဝိစိန္တာအမတ်ကြီးအား။ ဤသို့မေးတော်မူလေ၏။ ။ အမတ်ကြီးစကားအရာ အင်္ဂါလေးတန်ဟူ၍ ရှေးရှေးပညာရှိတို့ဆိုသောထုံးကို။ လုံးဝကုန်စင်။ ပြေပြစ်စွာသံတော်ဦးတင်ရမည်ဟု- အမိန့်တော်မြတ်မှတ်တော်မူလေ၏။

အရှင်စိုးမင်းတို့၏ထံ၌။ အလေးအမြတ် မှတ်ယူအပ်သော စကားကို။ လျှောက်ထားပြောဆိုသောအခါ။ စကားအရာ အင်္ဂါလေးတန် ကြေပွန်မှသာလျှင်။ မင်းပွဲစိုးပွဲသို့ဝင်၍ ပြောဆိုက -မင်္ဂလာမြောက်ချေသည်။ ။

စကားအရာအင်္ဂါလေးတန်ဟူသည်ကား။ “ဝါကျအစိပ်ငါးပါး။ ပုဒ်လေးပါး။ လိင်သုံးပါး။ ဝုစ်နှစ်ပါး၊ ကြိယာ-ကာရကစသည်နှင့် ပြည့်စုံခြင်း” တရားနှင့် ယှဉ်ခြင်း။ ချစ်နှစ်သက်ဘွယ်ရှိခြင်း။ ဖြောင့်မတ်ခြင်း။ ။ ဤကား၊ အင်္ဂါလေးပါးတည်း။ ။ ထိုကြောင့်။ သုဘာသိတသုတ်၌။ ။ သုဘာသိတံဥတ္တမ မာဟုသန္တော။ ဓမ္မံဘဏေနာ ဓမ္မံတံဒုတိယံ။ ယံဝိတဏေနာပိယံ တံတတိယံ။ သစ္စံဘဏေနာလိက တံစတုတ္ထံ။ ။ ဟူ၍ဟောတော်မူသည်။

အနက်ကား။ ။ သုဘာသိတံ။ ဝါကျအစိပ်ငါးပါး။ ပုဒ်လေးပါး။ လိင်သုံးပါး။ ဝုစ်နှစ်ပါး။ ကြိယာကာ-ကာရကစသည်နှင့် ယှဉ်စေလျက်ဆိုခြင်းကို။ ဘဏော။

ပြောဆိုရာ၏။ ။ တံ။ ထိုပြောဆိုခြင်းကို။ သန္တော။ သူတော်ကောင်းသည်။ ဥတ္တမံ။ မြတ်၏ဟူ၍။ အာဟ။ ဆိုပြီ။ ဓမ္မံ။ တရားနှင့်ယှဉ်စေလျက်ဆိုခြင်းကို။ ဘဏေ။ ပြောဆိုရာ၏။ ။ နာဓမ္မံ၊ တရားနှင့် မယှဉ်တွဲဘဲ။ လွဲချွတ်မှောက်မှား ကြောင်းတရားကို၊ နဘဏေ။ မပြောမဆိုရာ၊ တံ။ ထိုတရားနှင့် ယှဉ်စေလျက် ပြောဆိုခြင်းကို။ ဒုတိယံ။ နှစ်ခုမြောက်သောအင်္ဂါဟူ၍။ သန္တာ။ သူတော်ကောင်းတို့သည်။ အာဟု။ ဆိုကုန်ပြီ။ ယံပိ။ ယံပီ။ အကြင်ချစ်နှစ်သက်သော စကားကို လည်း။ ဘဏေ။ ပြောဆိုရာ၏။ အပီယံ။ မချစ်မနှစ်သက်ဘွယ်သောစကားကို။ နဘဏေ။ မပြောမဆိုရာ။ တံ။ ထိုနှစ်သက်ဘွယ်သောစကားကိုဆိုခြင်းသည်။ တတိယံ။ သုံးခုမြောက်သောအင်္ဂါဟူ၍။ သန္တာ။ သူတော်ကောင်းတို့သည်၊ အာဟု။ ဆိုကုန်ပြီ။ သစ္စံ။ ဖြောင့်မတ်မှန်ကန်သည်ကို။ ဘဏေ။ ပြောဆိုရာ၏။ အလိကံ။ မဖြောင့်မမှန်သောစကားကို။ နဘဏေ။ မပြောမဆိုရာ။ တံ။ ထိုဖြောင့်မှန်စွာ ပြောဆိုခြင်းသည်။ စတုတ္ထံ။ လေးခုမြောက်သောအင်္ဂါဟူ၍။ သန္တာ။ သူတော်ကောင်းတို့သည်။ အာဟု။ ဆိုကုန်ပြီ။။

ဤသို့လျှင်။ စကားအရာအင်္ဂါလေးတန်နှင့်ပြည့်စုံမှ။ မင်းပွဲစိုးပွဲသို့ ဝင်၍။ မင်္ဂလာမြောက်သည်။ အရှင်စိုးမင်းတို့ထံ တင်လျှောက်ကုန်သော ပညာရှိမင်းခယောကျ်ားတို့သည်။ အရှင်စိုးမင်းတို့၏ အကျိုးစီးပွား ပျက်အပ်သော အရာ၌။ ရေလိုက်ကြာလိုက်ဆိုဘိသကဲ့သို့။ အလိုလိုက်၍ မတင်လျှောက်ကုန်ရာ။ ရှေးပညာရှိအမတ်တို့လည်း။ အရှင်စိုးမင်းတို့၏ အကျိုးစီးပွား ပျက်အံ့သောအရာ၌။ စိတ်စက်ညှိုး၍ အပြစ်ပေးသည်ကို မထောက်မထား။ တန့်တန့် စားစား။ တင်လျှောက်ကုန်၏။ ထို့ကြောင့် ဥမင်္ဂဇာတ်၌။ မဟောသထာ သုခမိန်အမတ်သည်။ ပဉ္စာလရာဇ်တိုင်းနိုင်ငံသို့ လိုက်လိုသောဆန္ဒပြင်းပြစွာရှိသော။ ဝိဒေဟရာဇ်မင်းကြီးအား။ အကျိုးတော်ယုတ်မည်ကြောင့်၊ စိတ်စက်ညှိုးမည်ကို မထောက်မထား။ တန့်စားလျက်။ ဘား-ငါးအပဟိတ်။ တိရစ္ဆာန်နှင့်။ တန္တုမူ၍။ လွှဲပယ်ဆီးတားတင်လျှောက်ချေသည်။ အရှင်စိုးမင်းတို့ကလည်း။ ငါရေမြေသေဌ်နင်းမင်းကိုစဉ်လျက်။ ဆန့်ကျင်အောင်တင်လျှောက်ရာသလောဟု။ အပြစ်မပေး တည့်မူ၍။ ဤသူကားငါ၏အကျိုးကို။ စင်စစ်အလိုရှိ၏။ ဤသူကားငါ၏အကျိုးကို အလိုရှိဟန်သာ ပြုချေသည်။ စင်စစ်သော်ကား ငါ၏အကျိုးဆုတ်ယုတ်ပျက်ပြားခြင်းကို အလျဉ်း အလိုမရှိကုန် တကားဟု။ ရွေးချယ်စီစစ်၍ သိအောင်ပြုမူကုန်ရာသည်။ အရှင်စိုးမင်းတို့၏ အကျိုးစီးပွား မပျက်အံ့သော အရာဖြစ်မူ။ တောင်ထိပ်ကြာပေါက်။ အနောက်နေထွက်။ ပြိုအက်မြင့်မိုရ်၊ မီးကိုမပူ။ ချမ်းစွာဟူသည်။ ဆိုဘိသကဲ့သို့။ အလိုတော်လိုက်၍ အကြိုက်ကျအောင်။ တင်လျှောက်ရာသည်။ ။ မဟာသုတ

သောမဇာတ်၌ကား။ စားတော်ဝန်ယသကသည် မျက်နှာလိုမျက်နှာရ။ မင်းလိုလိုက်၍။ တင်လျှောက်ပြုကျင့်မိသောကြောင့်။ ပျက်စီးခြင်းသို့ ရောက်ဘူးချေသည်။ ။ ဤလောက၌။ အချို့ချို့ကုန်သောသူတို့သည်။ အရှင်စိုးမင်းတို့ထံ။ ညီးမူရာအရှုခံသဘင်၌။ တစုံတခု အမှုကိစ္စအရေးအရာရှိ၍။ ညီညွတ်တိုင်ပင်ကြလျှင်။ တစုံတခုကိုမျှ မတင်မလျှောက်။ မပြောမဆိုဘဲ။ နောင်အရေးအရာချော်ချွတ်ပေါက်ပြားခဲ့သော်။ ရေးကပင်ဤကဲ့သို့ ဖြစ်လိမ့်မည်ဟုသိနှင့်လေ၏။ သို့ ထိုသို့ပင် သိသော်လည်း။ မနာမယူ။ မအောင်မမြင်ရာသောကြောင့်။ မတင်မလျှောက်မပြောမဆိုလိုက်သည်ဟု။ သိမြင်ဟန်မူတတ်ကုန်၏။ အရေးအရာပြီးလျှင်လည်း။ ရှေးကပင်သင့်လျော်ပြီထင်၍။ တစုံတခုကိုမျှမတင်မလျှောက် ပြောမဆိုဘဲ။ ဆိတ်ဆိတ်နေသဖြင့် ဝန်ခံလိုက်သည်ဟု။ သိမြင်ဟန်မူတတ်ကုန်၏။ ထို့ကြောင့် ဤကဲ့သို့ကောက်ကျစ်စဉ်းလဲကုန်သော။ ကေရာတိကမာယာ။ သာထေယျပုဂ္ဂိုလ်တို့ကိုမင်းပွဲစိုးပွဲ။ ရေးကြီးခွင့်ကျယ်။ အရာများ၌။ တိုင်ပင်ခြင်းငှါမလျော်ဟု မှတ်အပ်ကုန်၏။ ။

ယခင်ကပြအပ်ကုန်ပြီးသော-စကားအရာ အင်္ဂါလေးတန်တို့တွင်။ သုဘာသိတအင်္ဂါ၌။ ပဋိညာဏ်စသော လိင်သုံးပါး။ သိဝိဘတ်။ တိဝိဘတ်စသော။ ဝိဘတ်။ ခုနစ်ပါးရှစ်ပါး။ အတိတ်စသောကာလသုံးပါး။ ကံစသောကာရကခြောက်ပါး။ စသည်တို့နှင့်ပြည့်စုံငြားသော်လည်း။ ကုံးဘိုက်ချောပစ်ခြင်း စသည်မှ ကင်းသော်၊ အတိသုဘာသိတမည်သည် သတည်းဟူ၍။ ✳ အဋ္ဌကထာ၌ဖွင့်ပြသည်။ ဓမ္မအင်္ဂါ တရားနှင့်ယှဉ်သောစကားကို။ သူတပါးတို့ မုန်းမည်ပင်ဖြစ်သော်လည်း။ ရှေးပညာရှိတို့ပြောဆိုကြ၏။ ထို့ကြောင့်။ ဂန္ဓာရဇာတ်၌။ ယမန်နေ့ကစားကြွင်းဆားကိုထား၍ ယနေ့ရှာကြံရလာသော သစ်သီးနှင့် ယောလျက်စားမည်ပြုရာတွင်။ လောလုပ္ပတဏှာ။ ရသာရုံကိုတပ်မက်မောခြင်းကြောင့်။ အရှင်အာနန္ဒာအလောင်းဝေဒေဟရသေ့အား။ ဘုရားလောင်း ဂန္ဓာရ ရသေ့ကဲ့ရဲ့။ ရှုပ်ချဆုမ္မမြစ်တားရာတွင်။ ဝေဒေဟရသေ့ကတရားနှစ်စပ်၍။ အကျိုးပင်ရှိသော်လည်း။ သူတပါးတို့မနှစ်သက်သည်ကို မပြောမဆိုသင့်ဟုလှန်ပြန်။ စကားတုံ့ပေးသောအခါ။ ဘုရားလောင်းဂန္ဓာရရသေ့က ပြောပြလိုရကား။

ကာမံ ရုပ္ပတုဝါမာဝါ။ ဘူသံဝဝိကိရိယတု။ ဓမ္မံမေဘဏာမာနဿ။ နပါပမုပလိမ္ပတိ။ ။ ဟူ၍ဟောတော်မူသည်။

ကာမံစင်စစ်။ ရုပ္ပတုဝါ။ သူတပါးတို့ မုန်းသည်လည်းဖြစ်စေ။ မာဝါရုပ္ပတု။ မမုန်းသည်လည်းဖြစ်စေ။ ဘူသံဝ။ ဖွဲကဲ့သို့၊ ဝိကိရိယတိဝါ။ ဖရိဖရဲကြဲသည်မူလည်း ဖြစ်စေ။ ဓမ္မံ။ အကျိုးမယုတ်။ ဟုတ်မှန်သောတရားသဘောကို၊ ဘဏာမာ

နသာ။ ပြောဆိုသော။ မေ၊ ငါ့အား။ ပါပံ။ မကောင်းညစ်ကျူ။ အပြစ်စုသည်။ နဥပ လိမ္ပတိ။ မလိမ်းကျံပါတကား။ ။ ဤကားမှတ်သားရန်အနက်။ ။

ဤသို့လျှင်ရှေးပညာရှိတို့ကား။ တရားနှင့်ယှဉ်သောစကားကို။ သူတပါးတို့ မုန်းမည်ကို မထောက်မထားဘဲ။ ဟောကြား ဆုမ္မကုန်၏။ ။ ထိုသို့ဟောကြားဆုမ္မ ရာ၌လည်း။ တခွန်းနှစ်ခွန်းကိုမျှ ဟောကြားဆုမ္မ၍ မနာမယူလိုလျှင်။ တခွန်းနှစ် ခွန်းထက် အလွန်မဟောကြား မဆုမ္မရာ။ ။ ထို့ကြောင့်။ သဋ္ဌိနိပါတ်။ သောဏ ကဇာတ်၌။ ။

ကေဝစမ္ပိဒွေဝါစံ။ ဘဏေယအနုကမ္ပကော။ တတုတ္တရိနသာသေယ။ ဒါသော အယျဿသန္တိကေ။ ။ ဟူ၍လာသည်။

အနုကမ္ပကော။ အစဉ်သနားတတ်သောသူသည်။ ဧကဝါစမ္ပိဒွေဝါစံ။ တခွန်း နှစ်ခွန်းသောစကားကို။ ဆိုဆုမ္မရာ၏။ တတုတ္တရိ။ ထိုတခွန်းနှစ်ခွန်းထက်အလွန်။ ဒါသော။ ကျွန်သည်။ အယျဿ။ အသျှင်၏။ သန္တိကေ။ အထံ၌ သာတတိက္ကဝ။ ယူ သော်ငှင်း မယူသော်ငှင်း အဖန်တလဲလဲ ဆိုတတ်သကဲ့သို့။ နဘဏေယျ။ မိမိ စကားကိုမနာ မယူဘဲ ထပ်တံ့တလဲလဲ။ မဆို မဆုမ္မရာ။ ။ ပိယအင်္ဂ၌။ အကြင် ပညာရှိ သူတော်ကောင်းအပေါင်းတို့သည်။ သူတပါးတို့ချစ်နှစ်သက်ဘွယ်ရှိသော စကားကိုသာဆိုကုန်ရာ၏။ အဆင်းအရုပ်ပင် အိုသော်လည်း။ အဆိုအပြော သာသာယာက။ သူတပါးတို့ ချစ်မြတ်နိုးသည်သာတည်း။ ။ ထို့ကြောင့် သုဇာတာ ဇာတ်၌။

“ဧဝံဒုဗ္ဗဏ္ဏာသမာနာဝိသဏှ ဝါစာဘာဝေန။ ဗဟူနံပိယာဇာတာတိ တသ္မာခရ ဝါစောသတ္တောလောကေ မာတာပီတုနံပိအပ္ပိယော၊ တသ္မာဗဟု ဇနေဿ။ ပိယဘာ ဝံ္ကဗ္ဗန္တောပေါသော သခိလ ဝါစောသဏှ ဝါစောမဋ္ဌဝါအဿ”။ ။ ဟူ၍ ဟော တော်မူသည်။

ဧဝံဒုဗ္ဗဏ္ဏာသမာနာဝိ။ ဤသို့ပင်အဆင်းအရုပ်ပင်အိုသော်လည်း။ သဏှဝါစာ ဘာဝေန။ သိမ်မွေ့သော စကားရှိသည်၏ အဖြစ်ကြောင့်။ ဗဟူနံ။ များစွာကုန် သောသူတို့၏။ ပိယာ။ ချစ်ခြင်းသည်၊ ဇာတာ။ ဖြစ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ခရဝါစော။ ကြမ်းတမ်းသော စကားရှိထသော။ သတ္တော။ သတ္တဝါကို၊ လောကေ။ လောက၌။ မာတာပီတုနံပိ၊ မိဘတို့စဉ်လျက်လည်း။ အပ္ပိယာ။ မချစ်မနှစ်သက် အပ်။ တသ္မာ။ ထို့ကြောင့်။ ဗဟုဇနေဿ။ များစွာသော လူများအပေါင်း၏။ ပိယ ဘာဝံ။ ချစ်နှစ်သက်အပ်သည်၏ အဖြစ်ကို။ ကင်္ခန္တော။ အလိုရှိသော။ ပေါသော။ ယောကျ်ားသည်။ သခိလဝါစော။ ချောမောသောစကားရှိသည်။ သဏှဝါစော။ သိမ်မွေ့သော စကားရှိသည်။ မဋ္ဌဝါစော။ ပြေပြစ်သော စကားရှိသည်။ မုဒုဝါစော။

နူးညံ့သောစကားရှိသည်။ အသာ။ ဖြစ်ရာ၏။ ။ ဤကား ပိယဝါစာ၌ မှတ်သားဘွယ်အနက်။

ကေနိပါတ် ကေပဏ္ဏဇာတ်၌လည်း။ ။ "ဖရုသဝါစောနာမဝိဇာတမာ တုယာဝိ တုနောပိ ပုတ္တဒါရဿပိဘာတိကာဘဂိနိနမ္ပိ။ ပဇာပတိယာပိ။ မိတ္တဗန္ဓဝါနမ္ပိအပ္ပိယော ဟောတိအမနာ ပေါဥဿိတုံ အာဂစ္ဆန္တော သပ္ပေါဝိယစ။ ဥဋ္ဌိတစော ရောဝိယခါဒိတုံ အာဂစ္ဆန္တော။ ယက္ခော ဝိယစဥဗ္ဗေဇ နိယောဟုတွာ ဒုတိယကစိတ္တဝါရေ။ နိရယာဒီသုနိပ္ပတ္တတိ"။ ။ ဟူ၍ဟောတော်မူသည်။

ဖရုသဝါစောနာမ။ ကြမ်းထမ်းသောစကားရှိထသော သူမည်သည်ကား။ ဝိဇာတမာတုယာပိ။ အမိရင်းအားလည်းကောင်း-ပီတုနောပိ။ အဘရင်းအားလည်းကောင်း။ ပုတ္တဒါရဿပိ။ သားမယားအားလည်းကောင်း။ ဘာတိကာဘဂိနိနမ္ပိ။ ညီအစ်ကိုနှမ-အစ်မတို့အားလည်းကောင်း မိတ္တဗန္ဓဝါနမ္ပိ၊ အဆွေခင်ပွန်းချစ်ကျွမ်းဝင်ကုန်သော သူတို့အားလည်းကောင်း။ အပ္ပိယော။ မချစ်မနှစ်သက်အပ်သည်။ ဟောတိ။ ဖြစ်၏။ အမနာပေါ။ နှလုံးကိုမပွါးစေတတ်သည်။ ဟောတိ။ ဖြစ်၏။ ဥဿိတုံ။ ကိုက်ခဲခြင်းငှါ။ အာဂစ္ဆန္တော၊ လာသော။ သပ္ပေါဝိယ။ မြွေကဲ့သို့။ ဥဋ္ဌိတစောရောဝိယ။ လုယက်မည်ဟု ထသောခိုးသူကဲ့သို့ငှင်း။ ခါဒိတုံ။ ကိုက်ခဲခြင်းငှါ၊ အာဂစ္ဆန္တော။ လာသော။ ယက္ခောဝိယစ။ ဘီလူးသံဘက်ကဲ့သို့ငှင်း။ ဥဗ္ဗေဇနိယော။ ခြိမ်းချောက်မောင်းမဲသည်။ ဟုတွာဖြစ်၍။ ဒုတိယကစိတ္တဝါရေ။ စုတိ၏အခြားမဲ့သောစိတ်အကြိမ်၌။ နိရိယာဒီသု။ ငရဲစသည်တို့၌။ နိပ္ပတ္တတိ။ ဖြစ်၏။ ။ ဤကားကြမ်းထမ်းစွာ ပြောဆိုလေ့ရှိသော သူတို့မှတ်သားရန် အနက်တည်း။

ကြမ်းထမ်းသောစကားကိုဆိုရာ၌။ လူကိုမဆိုထားဘိဦး။ အဟိတ်တိရစ္ဆာန်တို့မှသော်လည်း။ မခံချိကုန်သည်သာတည်း။ ။ စံနှုန်းမှတ်စရာ။ သက်သေမှာကား။ ။ လွန်လေပြီးသောအခါ။ ဂန္ဓါရတိုင်း တက္ကသိုလ်ပြည်။ ဂန္ဓါလရာဇ်မင်းလက်ထက်။ ဘုရားအလောင်းတော်သည် နွားမျိုး၌ဖြစ်၍။ ငယ်ယွယ်စဉ်ကပင်။ ယာဂုထမင်းစသည်ဖြင့်။ ပုဏ္ဏားတယောက်ကမွေးကျွေးထား၏။ အမည်အားဖြင့် နှစ်သက်ဘွယ်ရှိသောကြောင့်။ နန္ဒိဝိသာလဟုတွင်၏။

ဝန်ကိုရွက်ဆောင်လောက်သောအယွယ်သို့ရောက်လျှင်။ ပုဏ္ဏား၏။ မွေးကျေးဇူးကိုဆပ်လိုရကား။ ။ ဇမ္ဗူဒီပါကျွန်းအပြင်တွင်။ ဝန်ကိုရွက်ဆောင်ရာ၌ငါနှင့်တူသောနွားမည်သည်မရှိ။ ငါ့ခွန်အားကိုပြ၍-ပုဏ္ဏား၏ကျေးဇူးကို ဆပ်အံ့ဟုကြံ၏။ ပုဏ္ဏားသည်လည်း ဤသို့စိတ်ဖြစ်သတတ်။ ငါ၏နွားသည် လှည်းတရာနောက်ဆိုးကရုံးရသည်။ ရှေ့ဆိုး လှည်းသို့ရောက်အောင်ဆောင်စေအံ့ဟုပြော၏။

နန္ဒိဝိသာလန္ဒားမင်းက-အသပြောတထောင်လောင်းတမ်းပြုလောဟု ပုဏ္ဏားအား ပြောဆို၏-ပုဏ္ဏားလည်း-နန္ဒိဝိသာလန္ဒားမင်းဆိုတိုင်းလောင်းတမ်းပြု၍။ လှည်းတ ရာကိုသဲကျောက်ပြည့်စေလျက် အစဉ်အားဖြင့် ဆက်၍ဖွဲ့ထားပြီးလျှင်။ နန္ဒိဝိသာ လန္ဒားကို ရေချိုးပေးပြီးမှ-နံ့သာအရေးလက်ငါးချောင်းဖြင့်သားပြီးလျှင်။ ရွဲ တန်ဆာဆင်ယင်ပြီးသော်၊ ရှေးဦးလှည်းတွင်က၍ နင့်တံကိုချိပြီးခါ။ ဟယ်န္ဒား စဉ်းလဲရိုးလေ့။ ဟယ်ကော်ကျစ်သေါန္ဒား။ ရိုးလေ့ ဟုဆဲရေးမောင်းမဲလျက် နှင်၏။ ထိုအခါ။ နန္ဒိဝိသာလန္ဒားကလည်း။ ပုဏ္ဏားလူယုတ်မာ။ ဖရုသဝါစာ။ နားချ စ်ဘွယ်မရှိသောစကားကိုဆိုသောကြောင့်။ နားမချမ်းသာရကား။ ကျောက်စာတိုင် ကို ခိုင်လှစွာ စိုက်ခါထားဘိသကဲ့သို့။ မသွားဘဲရပ်၍နေလေ၏။ ထိုအခါ ပုဏ္ဏား လည်း အသပြောတထောင်ရှုံးသဖြင့်။ စိုးရိမ်ခြင်းပြင်းပြစွာဖြစ်၍ နေသည်ကို။ န္ဒား မင်းသိသည်နှင့်။ ပုဏ္ဏားအား သက်သာရာကို ရစေခြင်းငှာ ဤသို့ဆို၏။ ငါအား- စဉ်းလဲကောက်ကျစ်သောန္ဒားဟူသောစကားစသည်တို့ဖြင့် ခြိမ်းမောင်းဆဲရေး သောကြောင့် ငါမရိုးမဆောင်ဘဲနေသည်။ နောင်ဤကဲ့မခြိမ်းမောင်းမဆဲရေးလေ လင့်-အသစ်တဖန် အသပြောနှစ်ထောင်လောင်းတမ်း ပြုဦးလောဟုဆိုသဖြင့်။ ဆို တိုင်းလောင်းတမ်းပြုခြင်း-သာယာချေင်စွာသောခေါ်ဆိုခြင်းကို ပြု၍နှင်လေ သော် လှည်းတရာကို တဟုန်တည်းဆောင်လျက် နောက်ဆုံးလှည်းကိုလည်း ရှေ့ဆုံးလှည်း၏ တည်ရာသို့ရောက်စေ၍။ ပုဏ္ဏားအား။ အသပြောနှစ်ထောင် လောင်းတမ်းဥစ္စာကို ရစေလေ၏။ ။ ဤသာဓကကိုဆောင်၍-ခပ်သိမ်းကုန် သော အမှု အခင်းစကားပြောဆိုလျှောက်ရာ တရားခွင်၌ဒုင်း။ ဓမ္မသာကစ္ဆ သမယ၌ဒုင်း။ စေခိုင်းရာဌာန၌ဒုင်း။ အနှုန်းတန္တုပုံစံပြုပြီးခါ ကြမ်းထမ်းသော စကားကိုပယ်ခွာ။ ချေင်သာယာလျောက်ပတ်သောစကားကိုသာပြောဆိုရာ၏ဟု- ဆုမ္မတော်မူခြင်းငှာ။ "မနုညမေဝဘာသေယျ။ နာမနုညံကုဒါစနံ။ မနုညံဘာသ မာနဿ။ ဂရုံဘာရံဥဒ္ဓဒရိ။ ဓနဥ္စနံအလဘေသိ။ တေနစတ္တမနောအဟု။ ။ ဟူ၍ဟောတော်မူသည်။ ။

မနုညမေဝ။ သာယာချေင်သောစကားကိုသာလျှင်။ ဘာသေယျ။ ပြောဆို ရာ၏။ အမနုညံ။ မသာယာမချေင်သောစကားကို။ ကုဒါစနံ။ တရံတဆစ်မျှ။ နာ ဘာသေယျ။ မပြောမဆိုရာ။ မနုညံ။ သာယာချေင်သောစကားကို။ ဘာသမာ နဿ။ ပြောဆိုသောသူအား။ ဂရုံ။ လေးစွာသောဝန်ကို။ ဥဒ္ဓဒရိ။ ရိုးဆောင်၏။ နံ။ ထိုသို့သောသာယာချေင်စွာပြောဆိုသောသူကို။ ဓနံ။ နှစ်ထောင်သောအသပြော ဥစ္စာကိုလည်း။ အလဘေသိ။ ရစေ၏။ တေနစ။ ထိုသို့ရစေသဖြင့်လည်း။ အတ္တ မနော ဝမ်းမြောက်ရသည်။ အဟု။ ဖြစ်ပြီ။ ။ ဤကားအနက်။ ။

ဤသို့လျှင် အဟိတ်တိရစ္ဆာန်သော်မှလည်း။ ကြမ်းထမ်းရိုးရင်းသောစကားကို နားမနာလို။ မခံချိနိုင်သည်သာတည်းဟု မှတ်ကုန်ရာသည်။ ။ ဤဇာတ်ကား။ ဝိနည်းမှာလည်းလာသည်။ ဝိနည်း၌ မနာပမေဝဟူ၍ရှိ၏။ ဓမ္မပဒအဋ္ဌကထာ၌။ မနုညမေဝဟူ၍ရှိ၏-အနက်မထူးပြီ။။ "ဂန္ဓါရတိုင်း တက္ကသိုလ်ပြည်၌ပင်။ နန္ဒိဝိသာလနွားမင်းကဲ့သို့ ဘုရားအလောင်းတော်သည်။ သာရဗ္ဘမည်သောနွားမင်း ဖြစ်၍။ ရှေးနည်းအတိုင်း။ ဝန်ကိုရုံး၍ အသပြာနှစ်ထောင်လောင်းတမ်း ဥစ္စာကို ရ၏ဟု။ ရှေးအကြောင်းကိုဆောင်တော်မူ၍ ရှေးနည်းအတိုင်း။ သာရဗ္ဘနွားလားကို အနှုန်းထား၍ ဆုမ္မတော်မူခြင်းငှာ။ ။ "ကလျာဏမေဝ ဒ္ဓေယျ။ နပဟိမု ဒ္ဓေယျပါဝိကံ။ မောက္ခေါကလျာဏိယာသာဓု။ မုတ္တွာတပ္ပတိပါပိကံ"။ ။ ဟူ၍ ဟောတော်မူသည်။

ကလျာဏမေဝ။ ဝစီဒုစရိုက်ဟူသော အပြစ်လေးပါးမှကင်း၍။ သူတပါးတို့နှစ်သက်ဘွယ်ရှိသဖြင့်။ ကောင်းမြတ်သောစကားကိုသာလျှင်။ ဥဒ္ဓေယျ။ မြွက်ဟရာ၏။ ပါပိကံ။ သူတပါးတို့မချစ်မနှစ်လိုသောစကားကို။ နပဟိမုဒ္ဓေယျ။ မမြွက်မဟရာ။ ကလျာဏိယာ။ ဝစီဒုစရိုက်ဟူသော။ အပြစ်လေးပါးမှကင်း၍ သူတပါးတို့ချစ်နှစ်သက်ဘွယ်ရှိသဖြင့်။ ကောင်းမြတ်သောစကားကို။ မောက္ခေါ။ မြွက်ဟသောသူသည်။ ဣမသ္မိံလောကေ။ ဤလူရွာလောက၌ သာဓု။ ကောင်းမြတ်၏။ ပါပိကံ။ သူတပါးတို့ မချစ်မနှစ်လိုသောစကားကို။ မုတ္တွာ မြွက်ဟ၍။ သော။ ထိုပုဂ္ဂိုလ်သည်။ တပ္ပတိ။ စိုးရိမ်ပူပန်ရ၏။ ဤကားယောဇနာ။

ဤသို့လျှင် အဟိတ်တိရစ္ဆာန်မှသော်လည်း။ ကြမ်းထမ်းရိုးရင်းသော စကားကို နားမနာမခံချိနိုင်သည်ဟု မှတ်ကုန်ရာသည်။

ဤလောက၌။ နှုတ်ထွက်ရိုးရင်းကြမ်းထမ်းသောသူသည်။ မိမိနှုတ်ဖြင့် မိမိကိုယ်ကိုဖျက်ဆီးတတ်၏။ ထိုကြောင့်။ ကောကာလိကသုတ်၌။ ။ "ပူရိသဿဟိ ဇာတဿ။ ကုဒါရီဇာယတေမုခေ။ ယာယဆိန္ဒတိအတ္တာနံ။ ဗါလောဒုဗ္ဘာသိတံဘဏံ" ။ ။

ယောနိန္ဒိယံပသံသတိ။ တံဝါနိန္ဒတိယော ပသံသိယော။ ဝိစိနာတိမုခေနသော ကလိံ။ တေနသုခံနဝိန္ဒတိ။ ။ ဟူ၍ သံယုတ်ပါဠိတော်၌ ဟောတော်မူပုံလာသည်။

ဇာတဿ။ ဖြစ်ပွားသော။ ပူရိသဿဟိ။ ယောကျ်ားအားသာလျှင်။ မုခေ နှုတ်ခံတွင်း၌။ ကုဒါရီ။ ပေါက်တူးနှင့်တူသော။ ဖရုသဝါစာစကားသည်။ ဇာယတေ။ ဖြစ်၏။ ယာယ။ အကြင်ပေါက်တူးနှင့်တူသော။ ဖရုသဝါစာဖြင့်။ ဗါလော။ လူမလိမ္မာ။ လူမိုက်စွာသည်။ ဒုဗ္ဘာသိတံ။ မကောင်းသဖြင့်ဆိုအပ်သောစကားကို။ ဝါ။

မဆိုသင့်မဆိုထိုက်။ အကွက်မဆိုက်။ အမျိုက်နှင့်တူသောစကားကို။ ဘဏ္ဍံ။ ဘဏ္ဍ န္တော။ ပြောဆိုလျက်။ ဝါ။ ပြောဆိုမိသောကြောင့်။ အတ္တာနံ။ မိမိကိုယ်ကို။ ဆိန္ဒ တိ။ ပေါက်ခွဲဖြတ်တတ်၏။ ဝါ။ သစ်ပင်မြစ်ကြီး။ တူးဖြိုနည်းသို့။ အပြီးကိုင်မှတ်။ ဖြိုဖြတ်ဖျက်ဆီးတတ်၏ ယော။ အကြင်သူသည်၊ နန္ဒိယံ။ ကဲ့ရဲ့နှိမ့်ချထိုက်သောသူ ကို။ ပသံသတိ။ ချီးမွမ်းမြှောက်စား၏။ ယော။ အကြင်သူသည်။ ပသံသိယော။ ချီး မွမ်းမြှောက်စားခြင်းငှာထိုက်၏။ တံဝါ။ ထိုချီးမွမ်းမြှောက်စားခြင်းငှါ ထိုက်သော သူကိုမူလည်း။ နိန္ဒတိ။ ကဲ့ရဲ့နှိမ်ချ၏။ သော။ ထိုကဲ့ရဲ့ နှိမ့်ချထိုက်သောသူကို ချီး မွမ်းမြှောက်စားခြင်း။ ချီးမွမ်းမြှောက်စားထိုက်သောသူကို ကဲ့ရဲ့ နှိမ့်ချခြင်း။ မှားယွင်းအမှု။ ပြုစုသောသူသည်။ မုခေန။ မိမိခံတွင်းဖြင့်။ ကလိံ။ ဒေါသညစ်ကျူ။ မကောင်းမှုကို။ ဝိစိနာတိ။ ဆွတ်ခူးဆည်းပူး၏။ တေနကလိနာ။ ထိုမကောင်းမှု အပြစ်ကြောင့်။ သုခံ။ ဧမြေမြ။ ချမ်းသာသုခကို။ နိုဝိန္ဒတိ။ မရလေ။ ။ ဤကား အနက်။ ။ ကြမ်းထမ်းရိုးရင်းသောစကားသည် ပေါက်တူးနှင့်တူ၏။ ။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌။ ✳ ကုဒါရီတိ။ ကုဒါရီသဒိ သာဖရုသဝါစာ။” ။ ဟူ၍ဖွင့်အပ်၏။ ။ ကုဒါရီတိ။ ကုဒါရီဟူသည်ကား။ ကုဒါရီသဒိသာ။ ပေါက်တူးနှင့်အလားတူသော။ ဖရုသဝါစာ။ ကြမ်းထမ်းရိုးရင်သောစကားတည်း။ ။ ဤသို့ကြမ်းထမ်းရိုးရင်းသော စကားသည် ပေါက်တူးနှင့်တူ၏ ဟုမှတ်ရာ၏။

အရှင်စိုးမင်းတို့၏ထံ၌ခစားကုန်သော တိုင်းကြီးပြည်ကြီး မြို့ကြီးရပ်ကြီးသား ဖြစ်ကုန်သော အမျိုးသားတို့သည်။ အဘအယွယ်မျှလောက်သောသူကို အဘ။ အမိအယွယ်မျှလောက်သောသူကိုအမိ။ အစ်ကိုမျှ အယွယ်လောက်သောသူကို အစ်ကို။ ဤသို့စသည်ဖြင့် သာယာယဉ်ကျေးသောစကားဖြင့် ခေါ်ဝေါ်ကုန်ရာ သည်။ ။ ထို့ကြောင့်။ စု၊ ဋ္ဌဟတ္တိပဒေါပမသုတ် အဋ္ဌကထာ၌ ✳ နဂရဝါသိနောဟိ ယုတ္တကထာဟောန္တိ။ ပိတိမတ္တံပိတာတိ။ မာတိမတ္တံ မာတာတိ။ ဘာတိမတ္တံ ဘာ တာတိ ဝဒန္တိ။ ။ ဟူ၍မိန့်အပ်၏။

နဂရဝါသိနော။ ပြည်ကြီးမြို့ကြီးရပ်ကြီးသားတို့သည်။ ယုတ္တကထာ သင့်တင့် သောစကားရှိကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ပိတိမတ္တံ။ အဘမျှလောက်သော သူကို။ ပိတာတိ။ အဘဟူ၍။ မာတိမတ္တံ။ အမိမျှလောက်သောသူကို။ မာတာတိ။ အမိဟူ၍။ ဘာတိမတ္တံ။ အစ်ကိုယ်မျှလောက်သောသူကို။ ဘာတာတိ။ အစ်ကိုယ် ဟူ၍။ ဝဒန္တိ။ သာယာနှုတ်ချို။ ပြောဆိုခေါ်ဝေါ်လေ့ရှိကြကုန်၏။ ။ ဤကား ယောဇနာ။ ။

သစ္စာအင်္ဂါ၌။ ဤလောကဝယ်။ ပုဂ္ဂိုလ်တို့သည်။ အဋ္ဌိတကထ-ပုဂ္ဂိုလ်-ထေတ ကထ ပုဂ္ဂိုလ် ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ မဖြောင့်မမှန် မတည်မ

တန့်သောပုဂ္ဂိုလ်သည်။ အဋ္ဌိတကထ ပုဂ္ဂိုလ်မည်၏။ ။ ကိုယ်နှုတ်စိတ်။ နှစ်ခွမရှိ တည်တန့်သောစကားရှိသော ပုဂ္ဂိုလ်သည်။ ထေတကထ ပုဂ္ဂိုလ်မည်၏။ ။ ထို့ကြောင့် စူဠဟတ္ထိပဒေါပမသုတ် အဋ္ဌကထာ၌။ ။

✳ ကောပုဂ္ဂလောဟလိဒ္ဒရာဂေါဝိယ။ ထုသရာသိမှိနိခါတခါဏုဝိယ အဿပိဋ္ဌေဌပိတကုဏ္ဍမ္ဘမိဝစ။ န-ဋ္ဌိတကထောဟောတိ။ ကောပါသာတ လေခါဝိယဣန္ဒခိလေါဝိယစ။ ဋ္ဌိတကာထာဟောတိ။ အသိနာသီသေဆိဇ္ဇန္တော ဝိဒွေကထာနထေတိအယံဝုစ္စတိထေတော။ ။ စသည်ဖြင့် မိန့်အပ်၏။

ကော အချို့သော။ ပုဂ္ဂလော။ ပုဂ္ဂိုလ်သည်။ ဟလိဒ္ဒရာဂေါဝိယ။ နနွင်းဖြင့်ဆိုးအပ်သကဲ့သို့၊ လည်းကောင်း။ ထုသရာသိမှိ။ ဖွဲ့စု၌၊ နိခါတခါဏုဝိယ စိုက်အပ်သောသစ်ငုပ်ကဲ့သို့လည်းကောင်း။ အဿပိဋ္ဌေ။ မြင်းကျောက်ကုန်း၌။ ဌဝိတကုမ္ဘဏ္ဍာမိဝစ။ ထားအပ်သောဖရုံသီးကဲ့သို့လည်းကောင်း။ ဋ္ဌိတကထော။ တည်တန့်သောစကားရှိသည်။ နဟောတိ၊ မဖြစ်။ ကောအချို့သော။ ပုဂ္ဂလော ပုဂ္ဂိုလ်သည်။ ပါသာနလေခါဝိယ။ ကျောက်၌ရေးသားထုထားအပ်သော။ အက္ခရာ ကဲ့သို့လည်းကောင်း။ ဣန္ဒခိလောဝိယစ။ မြဲမြံစွဲခိုင်။ တံခါးတိုင် ကဲ့သို့လည်းကောင်း။ ဋ္ဌိတကထော။ တည်တန့်သောစကားရှိသည်။ ဟောတိ။ ဖြစ်၏။ အသိနာ။ သန်လျက်ဖြင့်။ သီသေ။ ဦးခေါင်း၌။ ဆိဇ္ဇန္တောပိ။ ဖြတ်ငြားသော်လည်း။ ဒွေကထာ။ နှစ်ခုနှစ်ခွန်းသောစကားတို့ကို။ နကထေတိ၊ မပြောမဆို။ အယံ ဤပုဂ္ဂိုလ်ကို။ ထေတော။ ထေတဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ။ ဤသို့လျှင် ကျမ်းဂန်လာသည်ကိုထောက်၍။ ပညာရှိသော မင်းခယောကျာ်း။ အမျိုးသားတို့သည်။ အရှင်စိုးမင်းတို့အား။ ဖြောင့်မှန်တည်တန့်သော စကားဖြင့်။ တင်လျှောက်ကုန်ရာ၏။ ဤသို့ဖြောင့်မှန်တည်တန့်သောစကားဖြင့်။ တင်လျှောက်တတ်ကုန်သော သူတို့၏စကားကို။ အရှင်စိုးမင်းတို့ကလည်း။ မလွဲမဖယ်ယုံကြည်ကုန်ရာ၏။ မဖြောင့်မမှန်မတည်မတန့်သောစကား ရှိကုန်သောသူတို့ကို။ ရာထူး ဌာနန္တရဖြင့် ချီးမြှောက်ခြင်းငှါလည်း။ အရှင်စိုးမင်းတို့သည် အလိုမရှိအပ်ကုန်။ ထိုစကားမှန်၏။ ။ မာနတက်ကြွတတ်သောသူ။ လွန်စွာလောဘရမ္မက်ကြီးသောသူ။ စကားမတည်တန့်သောသူ။ ပျင်းရိသောသူ။ သူတပါးတို့ကျေးဇူးကို မသိတတ်သောသူ။ ဤသူငါးယောက်တို့ကို။ အရှင်စိုးမင်းတို့သည်။ ဌာနန္တရရာထူးဖြင့်။ မချီးမြှောက်ကုန်ရာ။ ။ ဤသူငါးယောက်တို့တွင်။ မာနတက်ကြွတတ်သောသူကို။ ဌာနန္တရရာထူးဖြင့်။ ချီးမြှောက်မိက။ ဌာနန္တရာထူးကိုစွဲ၍။ စည်းစိမ်အင်အားကြီးကျယ်လျှင်၊ အရှင်စိုးမင်းတို့ကို။ မထီမဲ့မြင်မူတတ်၏။ ကိုယ်နှုတ်တို့ဖြင့်ပင်။ မထီမဲ့မြင်။ မမူဝံ့သော်လည်း၊ စိတ်ဖြင့် မထီမဲ့မြင်မူတတ်၏။ တိရစ္ဆာန်ဖြစ်လျက် ပဲဝက်ခန့်မျှသော

အသပြာကိုရသဖြင့်။ ဝိဒေဟရာဇ်မင်းကြီးကို။ မထီမဲ့မြင်ပြုမူဘူးသော ပုတ်သင်ငယ်ကို ထောက်ထားနိုင်းရှည်ကုန်ရာ၏။ လွန်စွာလောဘရမ္မက်ကြီးသောသူကို။ ရာထူးဌာနန္တရဖြင့် ခြီးမြှောက်မိက။ မိမိ၏ ရပေါက်ရလမ်းကိုသာ။ ရှာဖွေကြံစီ၍။ အရှင်စိုးမင်းတို့၏ အမှုကိစ္စကို။ ကျိုးကျိုးပန်းပန်း မထမ်းမရွက်သဖြင့်။ အကျိုးမပြီးဘဲရှိခဲ့ရာသည်။ ဥပမာကား။ နွားငယ်တို။ ယှဉ်တွဲ၍။ ကောက်နယ်သည်ရှိသော်။ လှည့်လည်သွားလာခြင်းကိစ္စကို။ ဆောင်ရွက်ခြင်းငှါ အားမထုတ်ဘဲ။ ကောက်ပင်ကိုဆွဲငင်လျက်၊ စားခြင်းငှါသာအားထုတ်၍။ ကောက်နယ်ခြင်း ကိစ္စမပြီးနိုင်သကဲ့သို့တည်း။ သွီးကိုဆောင်ယူ၍သွားသော။ ဥတေနမင်းကို လိုက်စေသော။ စဏ္ဍပဇ္ဇောတမင်း၏။ ရဲမက်ဗိုလ်ပါတို့သည်။ ဥတေနမင်းချ၍ထားခဲ့သော၊ အသပြာဥစ္စာတို့ကို ကောက်ယူ၍၊ နေရစ်ကြသောကြောင့်။ ဥတေနမင်းကို မမှီနိုင်သဖြင့် အကျိုးမပြီးသော။ စဏ္ဍပဇ္ဇောတမင်း၏။ ရဲမက်ဗိုလ်ပါများကို ထောက်ထားကုန်ရာသည်။ ထိုသို့ဇာတ်နိပါတ် ဝတ္ထုများ၌လာသော။ တံစိုးလက်ဆောင်စား၍ ကုဋ္ဌဝိနိစ္ဆအမတ်များကိုလည်း။ အနှုန်းယူပြီးလျှင်။ ဆင်ခြင်ကုန်ရာ၏။

စကားမတည်တန့်သောသူကို။ ဌာနန္တရရာထူးခြီးမြှောက်မိက။ ထိုသူ၏ စကားကိုလိုက်နာမှားသဖြင့်။ အရှင်စိုးမင်းတို့၏။ အကျိုးစီးပွား ဆုတ်ယုတ်ရာသည်။ ထိုစကားမတည်တန့်သောသူကို။ အဝေးရပ်ဒေသသို့။ စေခိုင်းလိုက်လျှင်။ အရှင်စိုးမင်းတို့ထံ။ ဝန်ခံခဲ့သည့်အတိုင်း။ ပြီးပြေအောင်၊ ပြုရာသည်လည်းရှိရာ၏။ မပြီးမပြေသည်လည်းရှိရာ၏။ ဤသို့။ မျက်မှောက်မျက်ကွယ်။ အထူးအခြား ပြုကျင့်တတ်သောကြောင့်။ အရှင်စိုးမင်းတို့၏။ စိတ်မချရဘဲ။ ရှိတတ်ကုန်၏။ စကားနှစ်ခွ မတည်တန့်သောသူ၏ သဘောသည်။ အတူအတကွပေါင်းယှဉ်လာလျှင်။ ရစ်ပတ်ထွေးယှက်တတ်သော။ မာလောနွယ်ကဲ့သို။ သူတပါးတို့နှင့်။ နှစ်ခွန်းသုံးခွန်းမျှ။ စကားပြောဆိုမိလျှင်။ မဟုတ်မမှန်ဖေါက်ပြန် ယွင်းချွတ်သော စကားဖြင့်။ လိမ်လည်ကောက်ကျစ်တတ်၏။ ထို့ကြောင့်၊ သဂါထာသံယုတ် အဋ္ဌကထာ။ ဥဒါန်းအဋ္ဌကထာတို့၌။ ✳ ကေစ္စသတိသံမုခါ ကထာပရံမုခါကထာယ နသမေတိ။ ပရံမုခါကထာသံမုခါကထာယ နသမေတိ၊ တထာပူရိမကထာပစ္ဆိမကထာယ။ ပစ္ဆိမကထာစပူရိမကထာယ။ သောကထေန္တောယေဝသက္ကာဇာနိတုံအသုစိ သောပုဂ္ဂလောတိ သုစိသီလဿပန ပူရိမံပစ္ဆိမေန၊ ပစ္ဆိမဥ္စပူရိမေန။ သံမုခါကထိတဥ္စပရံမုခါ ကထိတေန။ ပရံမုခါကထိတဥ္စ သံမုခါကထိတေနသမေတိ။ တသ္မာကထေန္တေန သက္ကာသုစိဘာဝေါဇာနိတုန္တိပကာသေန္တောအာဟ သံဝေါဟာရေနသောစေယျံ ဝေဒိတဗ္ဗန္တိ။ ။ ဟူ၍ မိန့်အပ်ပြီ။ ။

ဟိသစ္စံ။ မှန်၏။ ဧကေစ္စဿ။ အချို့သောပုဂ္ဂိုလ်အား။ သံမုခါကထာ။ မျက်မှောက်စကားသည်။ ပရံမုခါကထာယ။ မျက်ကွယ်စကားနှင့်၊ နသမေတိ။ မညီ။ ပရံမုခါကထာ။ မျက်ကွယ်စကားသည်။ သံမုခါကထာယ။ မျက်မှောက် စကားနှင့်။ နသမေတိ။ မညီ။ တထာ။ ထို့အတူ။ ပူရိမကထာ။ ရှေ့စကားသည်။ ပစ္ဆိမကထာယ။ နောက်စကားနှင့်။ နသမေတိ။ မညီ။ ပစ္ဆိမကထာ၊ နောက်စကား သည်။ ပူရိမကထာယ။ ရှေ့စကားနှင့်။ နသမေတိ။ မညီ။ သော ထို အလွဲလွဲအချွတ်ချွတ်။ အသိဉာဏ်အလိမ္မာ။ မပါကင်းလတ်။ ပြောဆိုတတ်သော သူသည်။ ကထေန္တောယေဝ။ ပြောဆိုသည်ရှိသော်လျှင်။ သောပုဂ္ဂလော။ ဤ ပုဂ္ဂိုလ်သည်။ အသုစိ။ မစင်ကြယ်။ ဣတိ။ ဤသို့၊ ဇာနိတုံ။ သိခြင်းငှါ။ သက္ကာ။ တတ်စကောင်း၏။ သုစိသီလဿပန။ စင်ကြယ်သောသီလရှိသောသူအားကား။ ပူ ရိမံ။ ရှေ့စကားသည်။ ပစ္ဆိမေန။ နောက်စကားနှင့်။ ပစ္ဆိမဥ္စ။ နောက်စကားသည် လည်း။ ပူရိမေန။ ရှေ့စကားနှင့်၊ သံရခါကထိတဥ္စ။ မျက်မှောက်စကားသည် လည်း။ ပရံမုခါကထိတေန။ မျက်ကွယ်စကားနှင့်။ ပရံမုခါကထိတဥ္စ။ မျက်ကွယ် စကားသည်လည်း၊ သံမုခါကထိတေန။ မျက်မှောက်စကားနှင့်။ သမေတိ။ ညီ၏ တသ္မာ။ ထို့ကြောင့်။ ကထေန္တေန။ စကားပြောဆိုသဖြင့်။ သုစိဘာဝေါ။ စင်ကြယ် သည်၏အဖြစ်ကို၊ ဇာနိတုံ သိခြင်းငှါ။ သက္ကာ တတ်စကောင်း၏။ ဣတိ၊ ဤသို့။ ပကာသန္တော ပြလိုသည်ဖြစ်၍. သံဝေါဟာရေနသောစေယံ။ ဝေဒိတဗ္ဗန္တိ။ သံဝေါ ဟာရေနသောစေယံဝေဒိတဗ္ဗံ။ ဟူ၍။ အာဟ။ ဟောတော်မူ၏။

ဤကားယခင်ဆရာတော်ဘုရားကြီးတို့သည်။ ပကာရဏဓိတိမန္တ။ ဗဟုဿု တဂဝေသိတ ပညာဝေပုလ္လတ္တ။ ဂန္ထဂမ္ဘိရနိပုဏ။ သီလိဋ္ဌဝိစိတြသုသောဘတ္တ အကျိုးငှါ။ ။ ထည့်သွင်းရေးသားတော်မူကြကုန်၏ဟူလို။ ဤကားအမှာစကား ဖြစ်သည်။ ။

ပျင်းရိသောသူကို၊ ဌာနန္တရရာထူးဖြင့် ခြီးမြှောက်မိက။ မူး၊ ပဲ၊ ချင် ရွေးခန့်မျှ ဥစ္စာမရှိ။ တစုံတခုဖေါက်ကားရောင်ဝယ်ခြင်း။ အစရှိသောအမှုကို။ မပြုမကြံ။ အလွန်ပျင်းရိသောသူကို၊ ကြွေးမြီအတိုးချမိသောသူဌေးအား။ အတိုးအညွန့်ဥစ္စာ ကိုမဆိုထားဘိဦး။ ချေးငှားရင်းဖြစ်သော ဥစ္စာကိုမျှ။ မရနိုင်လေ သကဲ့သို့ လည်းကောင်း။ ကျောက်ကုန်းမြေ။ ကျပ်တီးပြင်အရပ်ဌာန၌။ မျိုးစေ့ကို စိုက်ပျိုး ကြဲမိသော။ တောင်သူယောကျ်ားအား။ အသီးအပွင့်စသည်ကို မဆိုထားဘိ အပင်ပေါက်၍ အညှောက်ထိုးမည်ကို။ မြင်ရခြင်းငှာ ခဲယဉ်းလေသကဲ့သို့ လည်းကောင်း။ အမှုတော်ကိုထမ်းဖေါ်မရသဖြင့်။ အရေးအရာပေါ်ပေါက်လာ သောအခါ။ အမှုတော်ကို ထမ်းလိမ့်မည်ဟု။ ကြံစီအောက်မေ့၍ ခြီးမြှောက်မိသမျှ

ကို။ နောင်တ-တဘာန်။ ပူပန်ဆူနွန်း။ ယူကျုံးမရ။ တသမပြုံး။ နှလုံးမသာ။ ရှိတတ်ရာချေသည်။ ဥပမာဖြင့်။ နှိုင်းစာအတို၊ ဆိုချေသော်။ တုန်းငယ်အဖျင်း။ ထင်းရောင်းငယ်ကို။ အားဆွယ်မက်ပြီး။ တက်ခါစီး၍။ မြစ်ကြီးပြင်ကျယ်။ ပင်လယ်သမုဒ္ဒရာကို။ ကူးသည်ရှိသော်။ နစ်မွန်းမြောပါးပျက်ပြားခြင်းသို့ရောက်လေသကဲ့သို့။ ထို့အတူ။ ပျင်းရိသောသူကို။ သဟဲမူငြားက။ စီးပွားဆုတ်ယုတ်ခြင်းသို့။ ရောက်လေကုန်ရာသည်။ ထို့ကြောင့်။ ထေရဂါထာ၌။ ။ သောမမိတ္တထေရ်သည်။ ။

ပရိတ္တံဒါရုမာရုယှ။ ယထာသီဒေမဟဏ္ဏဝေ။ ဧဝံကုသိတမာဂမ္မ။
“သာဓုဇီဝိပိသီဒတိ။။ သသ္မာတံပရိဝဇ္ဇေယျ။ ကုသီတံဟိနဝီရိယံ”၊
ဟူ၍ ကြူးရင့်မိန့်ဟ။ ဟောပြတော်မူသည်။ ။

ပရိတ္တံ။ ကိုယ်မနိုင်ဘွယ်။ သေးငယ်နေသော။ ဒါရုံ။ သစ်တုန်းထင်းရောင်းဆွေးကို။ အာရုယှ။ တက်စီး၍။ မဟဏ္ဏဝေ။ အံ့ဘွယ်ရှစ်ဖြာ။ မဟာသမုဒ္ဒရာ၌။ တရန္တော။ မစင်းမစား။ အဖျင်းပွားလူး။ ကူးသည်ရှိသော်။ သီဒေယထာ။ ကယ်သူဆယ်သူ။ တလူဟာစ်ညွှန်း။ မြစ်စွန်းကမ်းစွယ်။ မဟုတ်သောကြောင့်။ နစ်မွန်းမြုပ်လေရသကဲ့သို့။ ဧဝံ။ တထာ။ ထိုအတူ။ ကုသိတံ။ စား၏အိပ်၏။ ကာမငြိ၍။ အသိဉာဏ်ကင်း။ ပျင်းရိသောသူကို။ အာဂမ္မ။ အမှီသဟဲ။ အမြဲပေါင်းစု။ အကြောင်းပြု၍။ ဝသန္တော။ ပေါင်းဖေါ်ရင်းလေ။ စိတ်အခြေဖြင့် နေသည်ရှိသော်။ သာဓုဇီဝိပိ။ ကောင်းသော အသက်မွေးခြင်းရှိသော သူသည်လည်း။ သီဒတိ။ အကျိုးစီးပွား။ ပျက်ပြားဆုတ်ယုတ်။ မြုပ်ကြီးမြုပ်လွန်းနစ်မွန်းတတ်၏။ တသ္မာ။ ထို့ကြောင့်။ ဟိနဝီရိယံ။ အင်အားမထုတ်။ ယုတ်သောဝီရိယရှိသော။ တံကုသိတံ။ ပြုရန်ကိစ္စ။ အဝဝမကြည့်။ ထိုပျင်းရိသောသူကို။ ပရိဝဇ္ဇေယျ။ ရှောင်ကြဉ်ရာ၏။ ။ ဤကားအနက်။

သူတပါးတို့၏ ကျေးဇူးကို။ မသိတတ်သောသူကို။ ဌာနန္တရာထူးဖြင့်။ ချီးမြှောက်မိက။ အကျိုးစီးပွားကို မဖြစ်စေဘဲ။ အပြစ်ကိုသာ ဖြစ်စေတတ်သောကြောင့်။ နေသာဒပုဏ္ဏားအား။ ဘူရိဒတ်နဂါးမင်းက ကျေးဇူးပြုပါသော်လည်း။ ကျေးဇူးကို ချေဘိသကဲ့သို့ သိရာသည်။ ထိုမှတပါးလည်း။ ဇာတ်နိပါတ်ဝတ္ထုပုံပြင်ကို ကုန်စင်အောင်လျှောက်လေက။ ဝိတ္ထာကျယ်ပွား၍ စကားရှည်လျားလွန်းမည်ဖြစ်သောကြောင့်။ လျော်ကန်ရုံမျှသာ။ သံတော်ဦးတင်ဝံ့ပါသည်ဘုရားဟု။ လျှောက်ထားလေ၏။ ။ အကြင်ပညာရှိကုန်သောမင်းခယောက်ျားတို့သည်။ ဤအရှင်စိုးမင်းမှတပါး။ ငါတို့အား။ ကိုးကွယ်ရာမရှိပြီ။ အဘယ်နံရောအခါ။ အရှင်စိုးမင်းတို့၏ အမှုတော်ကိုထမ်းဆောင်။ ကျေးဇူးတော်ကိုဆပ်ပါကုန်ရ

အံ့နည်းဟု။ ရေမွတ်သိပ်သောသူသည်။ ရေကိုတောင့်တဘိသကဲ့သို့။ ကျေးဇူးဆပ်ရခြင်း၏ အခွင့်ကိုမြှော်လင့်၍ သာနေကုန်ရာသည်။ ကျေးဇူးသခင်။ အရှင်စိုးမင်းတို့၏ ကျေးဇူးမဲ့ကို။ ကိုယ်နှုတ်ဖြင့်။ ပြုကျင့်မည်မဆိုထားဘိ။ စိတ်ဖြင့်မျှကြံမိချေလျှင်။ ကျော့ကွင်း၌မိသော သမင်သည်။ မုဆိုးလက်၌။ ပျက်စီးခြင်းသို့ ရှေ့ရှုဖြစ်သကဲ့သို့လည်းကောင်း။ မြှုံးတွင်းသို့ ဝင်မိသောငါးသည်၊ တငါသည်တို့၏လက်၌။ ပျက်စီးခြင်းသို့ရှေ့ရှုဖြစ်သကဲ့သို့လည်းကောင်း။ စပါးကြီးမြွေ။ ညှို့ချက်မိသော ယုန်သားငယ်သည်။ စပါးကြီးမြွေ၏ ခံတွင်းသို့ရှေ့ရှုဖြစ်သကဲ့သို့လည်းကောင်း။ တမလွန်လောက၌လည်း၊ မနောဒုစရိုက်ကို ပြုကြိုက်မိသည့်အတွက်၊ ဆက်ဆက်ငင်ဆွယ်။ အပါယ်လေးဘုံသို့။ ရှေ့ရှုဖြစ်တော့သည်ဟု။ ဆင်ခြင်တိုင်းထွာ။ သံသရာ ပစ္စုပ္ပန်။ နှစ်တန်သောဘဝမှာ။ ချမ်းသာကင်းပ။ ဒုက္ခကြုံတွေ့ရန်အရေး။ မြှော်တွေးကြောက်လန့်၊ ခိုင်ခန့်သောသတိသမ္ပဇဉ်တရား။ ရှေ့ထားနှလုံးသွင်းကုန်ရာသည်။ ။ ထို့ကြောင့် အကြင်ပညာရှိကုန်သော မင်းခယောကျ်ားတို့သည်။ အရှင်စိုးမင်းတို့၏ ကျေးဇူးကိုချေဖျက်ရာ၌။ လတ်တလောခြင်း။ အဆိပ်ကို မြိုရသကဲ့သို့ငှင်း။ လောကပါလနတ်တို့သည်။ ဆောက်ပုတ်လက်နက်ဖြင့်၊ ချက်ခြင်းပုတ်ခတ်လာဘိသကဲ့သို့ငှင်း။ ကြောက်ရွံ့လျက်။ ရှောင်ကြည်ကုန်ရာသည်။ သူတပါးတို့၏ ကျေးဇူးကို ချေဖျက်လျှင်။ မိတ္တဒုဗ္ဘိပုဂ္ဂိုလ်ဖြစ်၍။ ပစ္စုပ္ပန်သံသရာနှစ်ဖြာသော အကျိုးစီးပွားဆုတ်ယုတ်ခြင်း၏ အကြောင်းသာဖြစ်ချေသည်။ ထို့ကြောင့်။ မြတ်စွာဘုရားသခင်သည်။ ။

“ယဿေကရတ္တိပိဃရေဝသေယျ။ ယံတ္ထန္နပါနံ ပူရိသောလဘေထ။ နတဿပါပံမနသာဝိ စိန္တယေ။ ကတညုတာသပ္ပုရိသေဟိ ဝဏ္ဏိတာ။” ဟူ၍ ဟောတော်မူသည်။ ။

ပူရိသော။ ယောကျ်ားသည်။ ယဿ။ အကြင်သူ၏။ ဃရေ။ အိမ်၌။ ဧကရတ္တပိ တညဉ့်မျှလည်း။ ဝသေယ။ တည်းခိုနေဘူးငြားအံ့။ ယတ္ထ။ အကြင်သူ၏အန္နပါနံ။ ထမင်းအဖျော်ကို။ လဘေထ။ ရဘူးငြားအံ့။ တဿ။ ထိုမိမိအပေါ်၌ ရေးကကျေးဇူးရှိဘူးသောသူ၏။ ပါပံ။ မကောင်းသည်ကို။ ဝါ။ ကျေးဇူးမဲ့ကို မနသာပိ။ စိတ်မျှဖြင့်လည်း။ နစိန္တယေ။ မကြံစည်ရာ။ ကတညုတာ။ သူတပါးတို့က မိမိအပေါ်၌ ကောင်းစွာပြုလုပ်ထားဘူးသော။ ကျေးဇူးကို ပြန်၍သိသောသူကို။ သပ္ပုရိသေဟိ။ သူတော်ကောင်းတို့သည်။ ဝဏ္ဏိဘာ၊ ချီးမွမ်းအပ်၏။ ဤကားအနက်။ ။ အယုတ်အားဖြင့်။ အကြင်သစ်ပင်၏ အရိပ်တို့၌။ တည်းခိုလျက်။ ထိုသစ်ပင်၏ အခက်အရွက်ကို မချိုးမဖဲ့အပ်။ ချိုးဖဲ့ချေက အဆွေခင်ပွန်းယုတ်။ အဆွေခင်ပွန်းပျက်ဟု။ ဆိုအပ်သတည်း ဟုဟောတော်မူသည်။ ။ ဤသို့လျှင် အကြင်ပညာရှိ

ကုန်သော၊ မင်းခယောကျ်ားတို့သည်။ စကားအရာ အင်္ဂါလေးတန်ကို။ အကျယ် အားဖြင့်။ မှတ်သားဆင်ခြင်ကုန်ရာသည်။ အရှင်စိုးမင်းတို့လည်း။ ပညာရှိကုန် သောသူတို့ကို။ အထူးအားဖြင့် ရှာဖွေ၍ ခြီးမြှောက်လေ့ရှိကုန်ရာသည်။ ခက်ခဲ သော အရေးရှိသောအခါ။ ညာဏပုဗ္ဗင်္ဂမ။ ညာဏပုဂ်ဝ။ ညာဏအဂ္ဂတ။ ညာဏပါ ကဋ္ဋ ဖြစ်သောကြောင့်။ ဉာဏ်စွမ်းထင်ရှား၏။ မဟောသထာသုခမိန်သည်။ တဆယ့်ရှစ်ခေါဘဏီ အရေအတွက်ရှိသော။ ပဉ္စာလရာဇ် စစ်သည်တို့ကိုအောင် လေသည်ကား ညာဏထာမဉာဏ်စွမ်းပေတည်း။ ။ ထို့ကြောင့်။ မြတ်စွာဘုရား သခင်သည်။ သဂ္ဂထာဝဂ္ဂသံယုတ်ပါဠိတော်။ ဥဒါန်းပါဠိတော်တို့၌၊ အာပဒါသုခေါ မဟာရာဇ ထာမောဝေဒိတဗ္ဗော။ ။ ဟူ၍ ပသေနဒီ ကောသလမင်းအား ဟော တော်မူသည်။ ။ မဟာရာဇ။ မင်းမြတ်။ ခေါ။ စင်စစ်။ အာပဒါသု။ ဘေးရန်ရှိကုန် သော်။ ထာမော။ အစွမ်းကို ဝေဒိတဗ္ဗော။ သိအပ်၏။။ ၎င်းအဋ္ဌကထာ များ၌လည်း။ ။ ✳ ထာမောတိ ညာဏထာမောနတ္ထိ။ သောဥပ္ပန္နေသု ကိစ္စေသု ဂဟေတဗ္ဗ ဂံဟာဏံ။ ကတ္တာဗ္ဗကိစ္စံ အပ္ပဿန္တော ဒ္ဓါရဃရံပတိဋ္ဌော ဝိယစရတိ၊ တေ နာပဟအာ ပဒါသုခေါမဟာရာဇထာ မောဝေဒိတဗ္ဗောတိ။ ။ ဟူ၍ ဖွင့်အပ်ပြီ။ ။

ထာမောတိ။ ထာမောဟူသည်ကား။ ညာဏထာမော။ ဉာဏ်စွမ်းသည်။ နတ္ထိ။ မရှိ။ သော။ ထိုဉာဏ်စွမ်းမရှိသောသူသည်။ ကိစ္စေသု။ အရေးအခွင့် ကိစ္စတို့သည်။ ဥပ္ပန္နေသု။ ဖြစ်လာကုန်သည်ရှိသော်၊ ဂဟေတဗ္ဗဂဟာဏံ။ ယူအပ်သည်၌ ယူခြင်း ကို။ ကတ္တာဗ္ဗ ကိစ္စံ။ ပြုအပ်သည်၌ ပြုခြင်းကို အပ္ပဿန္တော။ မမြင်နိုင်သည်ဖြစ်၍။ အဒ္ဒါရဃရံ။ တံခါးပေါက်မရှိသောအိမ်ကို။ ပဝိဋ္ဌောဝိယ။ ဝင်သကဲ့သို့။ စရတိ။ အယောင်ယောင်အမှားမှားပြုကျင့်တတ်၏။ တေန။ ထို့ကြောင့်။ အာပဒါသုခေါ မဟာရာဇ ထာမောဝေဒိတဗ္ဗောတိ။ အာပဒါသုခေါ မဟာရာဇထာ မောဝေဒိတ ဗ္ဗောဟူ၍။ အာဟ။ ဟောတော်မူ၏။ ။ ဤကားယောဇနာ။

ပညာမရှိကုန်သော လူပြိန်းတို့၏စကားသည်။ အိမ်ဘူးအိမ်ဂျင်ကို။ ရေတွင် နှစ်၍။ မနစ်နိုင်သကဲ့သို့။ အလွန်ပေါ့သွမ်း။ ချွတ်ချော်လေ၏။ ထို့ကြောင့်။ အဋ္ဌကထာတို့၌။ ။ ✳ ဒုပ္ပညဿဟိကထာ ဥဒကေဂေဏ္ဍုဝိယဥပ္ပလဝတိ။ ဟူ၍ မိန့်အပ်၏။ ။ ဟိသစ္စံ။ မှန်၏။ ဒုပ္ပညဿ။ ပညာမရှိသောသူ၏။ ကထာစ။ စကား သည်လည်း။ ဥဒကေ၊ ရေ၌။ ဂေဏ္ဍုဝိယ။ အိမ်ဘူးအိမ်ဂျင်ကဲ့သို့။ ဥပ္ပလဝတိ။ ပေါ်လာ၏။ ။ ဤကားအဋ္ဌကထာ၏အနက်။ ။ ပညာမရှိကုန်သော။ လူပြိန်း တို့၏စကားသည်။ အနှစ်သာရမှုကင်းသောကြောင့် မကောင်းဟူလို။ ။ ပညာမရှိ ဘဲလျက်၊ ပညာရှိယောင်ဆောင်တတ်ကုန်သောသူတို့၏ အထံ၌၊ ပြောဆိုခြင်းငှါ- ဆင်းရဲ၏-ထိုပညာမရှိဘဲလျက်။ ပညာရှိယောင်ဆောင်တတ်ကုန်သော သူတို့သည်။

ပုဒ်တိုင်းပုဒ်တိုင်း စကားခွန်းတိုင်းခွန်းတိုင်း။ အက္ခရာတိုင်း အက္ခရာတိုင်း။ အပြစ်ကိုသာပေးတတ်ပြတတ်ဆိုတတ်၏။ ။ ထို့ကြောင့်။ ပဥ္စသုဒနီမည်သော။ မဇ္ဈိမနိကာယ်အဋ္ဌကထာ-သုဘာသုတ်အဖွင့် စသည်တို့၌။ ။

✳ ပဏ္ဍိတပဋိပကာနံဟိသန္တိကေကထေတုံဒုက္ခံဟောတိတေပဒေပဒေ။ အက္ခရေ အက္ခရေဒေါသမေဝဒေန္တိ။ ။ ဟူ၍ မိန့်အပ်ပြီ။ ။ ဟိသစ္စံ။ မှန်၏။ ပဏ္ဍိတပဋိပကာနံ။ ပညာမရှိဘဲလျက်။ ပညာရှိယောင်ဆောင်တတ်ကုန်သောသူတို့၏။ သန္တိကေ၊ အထံ၌။ ကထေတုံ။ ပြောဆိုခြင်းငှါ။ ဒုက္ခံ။ ဆင်းရဲသည်။ ဟောတိ။ ဖြစ်၏။ တေ။ ထိုပညာမရှိဘဲလျက်။ ပညာရှိယောင်ဆောင်တတ်ကုန်သောသူတို့သည်။ ပဒေပဒေ။ ပုဒ်တိုင်း ပုဒ်တိုင်း။ ဝါ။ ခွန်းတိုင်းခွန်းတိုင်း။ အက္ခရေအက္ခရေ။ အက္ခရာတိုင်း အက္ခရာတိုင်း။ ဒေါသမေဝ။ အပြစ်ကိုသာလျှင်။ ဒေန္တိ။ ပေးတတ်ပြတတ်ကုန်၏။ ။ ဤကားယောဇနာ။

ဤသို့လျှင် ပညာကင်းကုန်သောသူ၊ ပညာရှိယောင်ဟန်ဆောင်သောတို့ကား။ အပြစ်ကို ပေးတတ်လေသောကြောင့်-ဝေးကြီးဝေးစွာရှောင်ရှားသင့်ပါကြောင်း၊ လျှောက်ထားသံတော်ဦးတင်ပါသည်ဘုရား ဟုလျှောက်ကြားလေ၏။ ။

ဤတွင်ကား။ စကားအရာအင်္ဂါလေးတန်ကို
ဝေဘန်၍ပြသော အခဏ်းပြီး၏။

၃၈ ～ 38

ငင်းနောက်တောင်ဥယျာဉ်တော်ကို မောင်တော်နှမတော်နှစ်ပါး။ ရှုစားတော်မူလျှင်၊ တင့်တယ်သောရေကန်။ ပြုပြင်ဆန်းကျယ်။ ရှုချင်ဘွယ်သော ပဒုမ္မာကြာပန်းတို့ဖြင့်ဝေဆာလျက်။ အံ့သြဘွယ်စွာ စီမံခါထားသောရေမြောင်း။ အမျိုးမျိုးသောသစ်ပင်တို့သည်။ ဝေဆာသီးပွင့်ကုန်လျက်။ အကွက်ကျညီညွတ်စွာ စိုက်ပျိုး။ ပန်းအမျိုးမျိုးတို့ဖြင့် စီဆင်။ ဥယျာဉ်တော်အလယ်ခွင်၌။ ပြာသာဒ်တင်ပန်းခုံတော်ဆောင်။ သင့်လျော်အောင်စီမံထားသည်ကိုလည်း။ အံ့သြ၍။ ဦးလေးတော်စစ်သူကြီးကို။ အံ့ချီးလေလျှင်။ ကျွန်တော်မျိုးစီမံသည်မဟုတ်ပါ အသျှင်အိမ်ရှေ့ဝန်ကြီးမင်းလှမဟာကဝိစိန္တာ ဆန်းကျယ်စွာ စီမံထားပါကြောင်း ရှိခိုးသံတော်ဦးတင်သည့်အတွင်း၊ ကဝိစိန္တာအမတ်ကြီး ဝင်လာ၍ ပုံစံတော်မြကျောက်နှင့် မေတ္တာမြို့ဝန်သည်။ မြေနန်းတော်သို့ဝင်ရောက်ပါကြောင်း ရှိခိုးသံတော်ဦးတင်လျှင်။ ဥယျာဉ်တော်ကပင်။ မှူးမတ်တို့စုံညီရာ မြေနန်းတော်သို့ တက်တော်မူ၍။ ရာပြတ်ချစ်ထွန်းကိုပြရာ။ အဘိုးပြည်တန်ပါပါကြောင်း

တင်လျှောက်သောအခါ။ သည်မျှတိုင်အောင်အဘိုးတန်သလောဟု မိန့်တော်မူ၏။ မေတ္တာမြို့ဝန် သိင်္ဂဗိုလ်ကို။ မြကျောက်တွေ့သောသူအား အိမ်ခြေတရာနှင့် ရွာစားခန့်၍။ ထီး။ ထား။ ဖလားကို ဆုသနားတော်မူ၍။ ၎င်းကျောက်များကိုရှာတွေ့ဆက်သစေ အမိန့်တော်မှတ်လေ၏။ ထိုနောက် မြောက်ဥယျာဉ်တော်သို့ သက်တော်မူ၍။ ရှုစားတော်မူလျှင်။ မင်္ဂလာတောင်ဥယျာဉ်တော်ကဲ့သို့ပင်။ ဆန်းကျယ်ခန်းနားကြောင်းကို တွေ့မြင်တော်မူသည်နှင့် ချီးမွမ်းတော်မူလျက်။ အမတ်ကြီးကို ခေါ်တော်မူပြီးလျှင်။ ရွှေနန်းဆောင်တို့ကို စေ့စေ့စပ်စပ်ကြည့်ရှုတော်မူ၍ မေးတော်မူသည်မှာ။ ။ “အမတ်ကြီး။ ဤရွှေနန်းပြာသာဒ်အကြောင်းကို သံတော်ဦးတင်လျှောက်လောဟု။ အမိန့်တော်မြွတ်မှတ်တော်မူလေသော်”။

စတုဗျူဟာ။ သေနင်္ဂနှင့်။ ဆဒ္ဒန္တာနာဂ။ ဣဿရိယသာမိ။ အတိမဟန္တဣဒ္ဓိ။ ရဲရဲငြိလျက်။ အဘိပဝရ။ သက္ကိန္ဒတန္ရုန်း။ ပြိုင်သူတို့ရှုန်းရသော။ ရွှေဘုန်းတော်သျှင်။ ရွှေနားဆင်တော်မူပါဘုရား။ ။ ဘုံငါးဆင့်ရှိသောပြာသာဒ် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်။ ဘုံကိုးဆင့်ရှိသော ပြာသာဒ်တို့၎င်း၊ ရမ္မ။ သုဘ။ သုရမ္မဟူ၍ - သိဒ္ဓတ္ထကုမာရမင်းသား စံတော်မူရာ ပြာသာဒ် သုံးဆောင်ရှိပါကြောင်း။ နဝဘုမ္မိကံရမ္မံနာမ။ သတ္တဘုမ္မိကံသုဘံနာမ။ ပဥ္စဘုမ္မိကံ သုရမ္မံနာမ။ ရမ္မပြာသာဒ်ဘုံကိုးဆင့်။ ဘုဘပြာသာဒ်ဘုံ ခုနစ်ဆင့် သုရမ္မပြာသာဒ်ဘုံငါးဆင့် ဟူ၍ သုံးဆောင်ရှိကြောင်းကို။ ကြဏ်းဂန်တွင် ထင်ရှားလာသောကြောင့် သိရပါသည်။ ပါသာဒ သဒ္ဒါသည်။ ရှုချင်ဘွယ်ကြည်ညိုဘွယ်ကို ဆိုပါသည်။ မဇ္ဈိမဒေသဝယ်။ ရာဇဌာနီမင်းနေပြည်၌။ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တွင်။ တတိယဘုံ၌။ အပေါက်ဖေါက်သည်။ ထိုအပေါက်ကို။ သိကြားပေါက်ခေါ်ဝေါ်ပါသည်။ မင်းဘုန်းပေါက်ဟူ၍လည်း ခေါ်ဝေါ်ပါသည်။ သိကြားပေါက် မင်းဘုန်းပေါက်ခေါ်ဝေါ်သည့် အကြောင်းမှာ။ ပြာသာဒ်ဘုံခုနစ်ဆင့်အနက် တတိယဘုံတွင် မြောက်မျက်နှာက။ အနောက်သို့ရွှန်း၍ အပေါက်ဖေါက်သည်မှာ။ သိကြားနေရာ မြင့်မိုရ်တောင်သည် ဇမ္ဗူဒီပါကျွန်းမြောက်ဖြစ်၍။ သိကြားစောင်မမည် လာသည်ကာလ။ ဘုန်းငွေ့လွှတ်ရာအပေါက်ကို။ သိကြားဖေါက်သည်ဆိုပါသည်။ သိကြားဖေါက်သည်ကို အကြောင်းပြု၍။ ထိုအပေါက်ကို။ သိကြားပေါက်ဟုခေါ်ဝေါ်ပါသည်။ မင်း၏ဘုန်းငွေ့လွှတ်ရာအပေါက်ဖြစ်၍လည်း။ မင်းဘုန်းပေါက်ခေါ်ဝေါ်ပါသည်။ ထိုအကြောင်းနှစ်ချက်ကိုထောက်လျှင်။ မြေနန်းပြာသာဒ်တော်၌။ တတိယဘုံဝယ်မြောက်မျက်နှာကအနောက်သို့ရွှန်း၍ အပေါက်ဖေါက်ခြင်းသည်။ ရှေးနရုပဒေသကို စွဲလျက် ပြုလုပ်ခြင်းဖြစ်ပါကြောင်း။ ။ မြေနန်းပြာသာဒ်တော်သည်။ မင်္ဂလာကြီးပွဲသဘင်၌။ မင်းတို့ထွက်စံရာ အရပ်ဖြစ်၍ အရှေ့နှရောင်ခန်းတွင်။ မာရဘင်ကနိသည် တကြောင်း

လည်း။ ပြာသာဒ်ဆောင်အလယ် မာရဘင်ကန့်သည်။ ပြာသာဒ်ထီးနှင့်တည့်တည့်။ မှန်ထုပ်ချိန်ပြီးလျှင်၊ ရာဇပလ္လင်ဦးကင်ထား သည်လည်း ဆိုပါသည်သို့ဖြစ်၍။ မာရဘင်ဦးကင်အတွင်းနေအောင်။ မင်းဘုန်းပေါက်သည် အနောက်သို့ရှုန်း၍ ထားသည်ဆိုပါသည်ဘုရား။

၃၉ ~ 39

ပလ္လင်လုပ်ရိုးများကို တင်လျှောက်သောအခဏ်း။

သီဟ။ ဟံသာ။ သင်္ခ။ ဘမရာ။ ဂဇာ။ မရုရာ။ မိဂါသန။ ပဒုမာသန။ အစရှိသည့်လုပ်ရိုးပလ္လင် ရှစ်မျိုးရှိသည်။ ထိုမှတပါး။ တပါးပါးသော ရန်မာရ်တို့သည် မအောင်နိုင်သောကြောင့်။ ဘုရားသခင် နေတော်မူသည့် ပလ္လင်ကို။ အပ္ပရာဇိတပလ္လင်ဟု ဆိုပါသည်။ နတ်တို့နေရာပလ္လင်ကို ဒိဗ္ဗပလ္လင်ဟု ဆိုပါသည်။ မင်းတို့နေရာပလ္လင်ကို။ ရာဇပလ္လင်ဆိုပါသည်။ ပလ္လင်္ကသဒ္ဒါသည်။ "ထက်ဝယ်ဖွဲ့ခွေခြင်းအနက်။ နေခြင်းအနက်။ ခံခြင်းအနက်ကိုဟောပါသည်" "ဦးကင်ဆိုရာ၌။ ဥဏှီသပုဒ်ပျက်။ ဥဏှံသသဒ္ဒါသည်။ အမြတ်ကိုသမ္ဘါန်သည်ဖြစ်၍။ ဦးကင်ဟုဆိုပါသည်"။ ရာဇပလ္လင်ဦးကင်မှတ်ထွက် အသက်တုရင်။ ဗိမာန်တွင်။ သိကြားရုပ်နှင့် မှန်ကင်းတိုင်ထားသည်မှာ။ သာသနာတော်ကိုစောင့်ထိန်း၍။ မကောင်းသသူကို မကောင်းသည့်အလျောက်။ ကောင်းသသူကို ကောင်းသည်အလျောက်၊ ချီးမြှောက်နှိမ့်ချခြင်း၌၊ မှန်ကင်းတော်ပမာ။ တည့်ဖြောင့်မတ်စွာ။ အကျွန်ုပ်ကဲ့သို့ပြုတော်မူ။ အမှတ်ပေးခြင်းငှာ။ ။ "မဟာရာဇ။ မြတ်သောမင်းကြီး။ ဓမ္မေန၊ တရားနှင့်၊ သမေန။ ညီသဖြင့်။ ရဋ္ဌနဂရံ။ တိုင်းပြည်ကို။ သမ္မာလေတု။ ကောင်းစွာစောင့်ရှောက်နိစ္စ။ မတော်မူလော။ မမ၊ အကျွန်ုပ်၏။ နလာဋ္ဌေ။ နဖူးပြင်၌။ သုဝဏ္ဏာဥဇုဒဏ္ဍံ။ ရွှေမဏ္ဍိုင်ကို။ ပဿထ။ ရှုတော်မူကုန်လော့"။ ဟူ၍ ဆုမ္မပေးခြင်း နိမိတ်ကိုပြုသောကြောင့်။ တုရင်ဗိမာန်တွင်။ သိကြားရုပ်၊ ထိုသိကြားရုပ်၏ နဖူးနှင့်အမျှ။ ရှေ့က မဏ္ဍိုင်စိုက်ထားလေသည်။ ။ ကုသိနာရာမ၌။ သဗ္ဗညုဘုရားသခင်အား။ သာသနာတော်ကို။ သိကြားနတ်စောင့်ထိန်းလို၍။ လျှောက်ချက်အတိုင်း။ အပ်တော်မူသည်ဖြစ်၍လည်း။ သာသနာတော်ကို သိကြားစောင်မသည်ကို ရည်၍။ နေ့ရက်လ-နှစ်-သက္ကရာဇ်ပင်ဖြစ်ပါကြောင်း။ ။ တုရင်ဝတ်တွင်။ နဝရတ်ကိုးပါးနံ့ထားသည်မှာ။ ။ ပုလဲ။ သန္တာ။ နီလာ။ စိန်။ ကြောင်။ ဂေါ်မုတ်။ ဥဿဖရား။ ပတ္တမြား။ မြကျောက်-ငင်းကိုးပါးသည် ဘေးအန္တရာယ်ကို ပါယ်စေတတ်သည်။

မဏိဇောတိရသ်။ ကျောက်မြတ်ရတနာသည်။ လိုရာဆန္ဒကို။ ပြည့်စုံစေနိုင်ကြောင်းကိုပြလိုရကား။ ။ "ဣစ္ဆိတံပတ္ထိတံ။ တုယှံခိပ္ပမေဝသမိဇ္ဈတု။ သဗ္ဗေပူရေန္တုသင်္ကပ္ပာ။ မဏိဇောတိရသောယထာ။ ယံ ယံ ဝရံဋ္ဌ ပေတွာန။ ပုညာပရိပူရေန္တု-ဟု" ကြဏ်းဂန် လာရှိသည်ကိုထောက်၍ သိရပါသည်။

"ရာဇပလ္လင်အောက်ခုံတွင်။ ခြင်္သေ့ရုပ်ထားသည်မှာ။ ပဏ္ဍု။ ကာလ။ တိဏ။ ခြင်္သေ့သုံးမျိုးထက်။ ကေသရာဇာ ခြင်္သေ့သည်။ တန်ခိုးအာနုဘော်ကြီးသည်။ အရပ်ကိုးမျက်နှာကို။ မြူးထူးခုန်လွှား။ ကြုံးဝါးလျက်။ ရန်ကိုနှိမ်နင်းနိုင်သည်။ နိမိတ်ကိုထောက်၍။ ထုလုပ်ထားလေသည်။"

"ရာဇပလ္လင်ဦးကင်မုတ်ထွက်။ လက်ဝဲလက်ျာ။ တံခါးတိုင်ထားသည်မှာ၊ ဦးကင်မုတ်တံခါးရှိသည်တကြောင်း။ တရာရှစ်ကွက်စက်လက္ခဏာတော်တွင်။ တံခါးတိုင်ပါသည်" ။ ။ "ရာဇပလ္လင်။ ဦးကင်လက်ဝဲလက်ျာလောကနတ်။ ဆင်ပျံခြင်္သေ့၊ ထုလုပ်သည်အကြောင်းမှာ။ အကြောင်းလေးပါးတွင်။ တပါးပါးကြောင့်။ ရတနာရွှေဂူမှ။ ကေသရာဇာခြင်္သေ့ထွက်လေလျှင်။ ကောင်းကင်သို့ ပျံတတ်သောဆင်နှင့်တွေ့၍။ အစာဖြစ်သော တိမ်ညွန့်ကြောင့်။ ခိုက်ရန်ဖြစ်သဖြင့်။ ဆင်ပျံဦးကင်းကို ခြင်္သေ့နင်းလျက်။ နှာမောင်းကို စုတ်သည်တွင်။ လောကနတ်သည်။ ရန်သူနှစ်ဦးကိုမြင်၍။ ခြေတွင်စည်းစုတ်တီးလျက်။ သီချင်းသီ၍။ ကခုန်မြူးသောအသံသည် သာယာလှသောကြောင့်။ ၎င်းအသံကိုနာခံကြ၍။ ဆင်ပျံခြင်္သေ့ နှစ်ဦးရန်ငြိမ်းကြလေသည်။ ၎င်းနိမိတ်ကို ထောက်သဖြင့်လည်း။ လောကနတ် ခြေတွင်။ စည်းစုတ်နှင့်ကဟန်။ ။ ဆင်ပျံဦးကင်းကိုခြင်္သေ့နင်းလျက်။ နှာမောင်းကိုစုတ်ဟန်ထုလုပ်လေသည်။" ။ "ရာဇပလ္လင်လက်ဝဲလက်ျာ။ ပဒုမ္မာကြာပွင့်ခံ၍။ သားမြီးယပ်စွဲလျက်။ လက်ဝဲ (၁၆ ရုပ်။ လက်ျာ ၁၆ ရုပ်) ပေါင်းသုံးဆယ်နှစ်။ သိကြားရုပ် ထုလုပ်သည့်အကြောင်းမှာ။ ကေရာဇ်မင်းမြတ်တို့၊ တုရင်ဗိမာန်တွင်။ သိကြားရုပ်တစ်နှင့်။ သုံးကျိပ်သုံးယောက်သော သိကြားတို့သည်။ စောင့်ရှောက်ဟန်ဖြစ်သည်။ သိကြားနတ်တို့ကို နှိမ်ကြို့ရာသောအကြောင်းတွင်လည်း။ သစ္စာစကား။ တော်မှန်ငြားက။ သိကြလည်မျိုး။ ဦးဖြင့်လျှိုးဟု စပ်ဆိုသည်။ ။ ရာဇပလ္လင်ဦးကင်လက်ဝဲလက်ျာဒေါင်းမြီးယပ်ထည့်သည်မှာ။ ဟိမဝန္တာဂန္ဓမာ။ အစရှိသော တောင်၌မွေ့လျော်သော ဥဒေါင်းငှက်သည်၊ အမြီးသာတင့်တယ်ခြင်းဖြစ်သည်။ ဥဒေါင်းမင်းကို မင်းခြောက်ဆက်လက်ထက်။ ညွတ်ဖြင့် ထောင်သော်လည်း။ သစ္စာ၏အာနုဘောဝ်ကြောင့်။ ဘမ်းမမိ။ မရ။ ဘေးအန္တရာယ်ကင်းသည်။ ။ မောရသုတ်၌လည်း။ စီရသံ။ ကြာမြင့်စွာ။ ဝါ ယမန္တာဝိ။ လို့လပြုသော်လည်း။ ဂဏှိတုံ။ ဘမ်းယူအံ့သောငှာ။ နေဝသက္ခိံသု။ မတတ်နိုင်ကုန်။ ။

ဤသို့သော ရေးနိမိတ်ကို အစွဲပြုသဖြင့်။ သီရိမောရ။ နဂိုတ္တ။ အသရေရှိသော ဥဒေါင်းမြီးယပ် ထုလုပ်ပါသည်။ ။ ရာဇပလ္လင်ဦးကင်လက်ဝဲလက်ျာ။ ကိန္နရာကဟန် ထုလုပ်သည် အကြောင်းမှာ။ ကိန္နရာတို့သည်။ နူးညံ့သောအမူအရာ။ ပန်းဝတ်ဆံကိုသာစားလေ့ရှိပါသည်။ ငါးပါးသော အင်္ဂါနှင့်ပြည့်စုံသည်။ ဘုရားပွင့်တော်မူသည့်နေ့၊ ဝမ်းမြောက်ဝမ်းသာ။ ကခုန်မြူးထူးခြင်းပြုလေသည်။ ဘိသိက်ခံရာ။ ဦးကင်မုတ်တံခါး ဖွင့်ရာဖြစ်၍၊ ကိန္နရာထုလုပ်ပါသည်။ ။ ရာဇပလ္လင်ဦးကင်လက်ဝဲ လက်ျာဆင်နား။ ဇာပေါက်ထုလုပ်သည်အကြောင်းမှာ။ ကာလာဝက။ ဂင်္ဂေယျ။ ပိဏ္ဍရ။ တမ္ဗ။ ပိင်္ဂလ။ ဂန္ဓ။ မင်္ဂလ။ ဟေမ။ ဥပေါသထ။ ဟူကုန်သော ဆင်ကိုးမျိုးထက်။ ဆဒ္ဒန်ဆင်မင်းသည်။ အမြတ်ဖြစ်၍။ ဆဒ္ဒန်ဆင်မင်း၏နားနှင့်သဏ္ဍာန်တူစွာ ထုလုပ်လေသည်။ ။ ဇာပေါက်မှာ။ ဇာလသဒ္ဒါပုဒ်ကား "မဂဓစကား" ဖြစ်သည်။ မြန်မာပြန်လျှင်။ ထွန်းပသည်ဆိုလေသည်။ ထိုအရကို ထောံလျှင် ဇာပေါက်ကား။ ထွန်းပခြင်းရှိသည်။ အပေါက်ဟုဆိုလိုသည်။ ရွှေဇာခေါ်ဝေါ်သည်မှာလည်း။ အထည်အလိပ်။ အကွက်အကန့်တို့သည်။ အရောင်အဝါရှိသည်ကိုထောက်၍။ ခေါ်ဝေါ်သည်ပင်ဖြစ်သည်။ ကြေးကုလား ဘာသာ၌-ဇာ-ခေါ်သည်။ မဂဓစကားပင်ဖြစ်သည်။ ။ ရာဇပလ္လင်။ ဦးကင် လက်ဝဲလက်ျာ ခြူးပန်းခြူးနွယ်ထုလုပ်သည်အကြောင်းမှာ။ ခြူးသူကို ဘီလူးတို့ကြောက်ရွံ့သည်၊ ခြူးသူတို့အဝတ်တန်ဆာလည်း။ အခွေအဝိုက်။ အညွန့်အနွယ်ဖြစ်သည့်အတွက် ယူဟန်ရှိသည်။ တင့်တယ်ဘွယ်ရာသည် ဖြစ်၍ သခ်ပတ္တမင်သားသည်။ ခြူးသူ တန်ဆာကိုဆင်ဝတ်သည်။ ဘီလူးတို့ကြောက်ရွံ့သည်ကို-နိမိတ်ပြုသဖြင့်။ သမုဒ္ဒရာ ပင်လယ်ကူးသွားသော သူတို့သည်လည်း။ သင်္ဘောဦး၌။ ခြူးသူ ခြူးရုပ် ထုလုပ်လေသည်။ ခြူးသူ၏ အဝတ်တန်ဆာကို ထောက်၍ ခြူးပန်းခြူးနွယ်ကိုလည်း။ မင်းတို့သုံးဆောင်ရာ၌ ထုလုပ်ရေးသားသည်"။။ ရာဇပလ္လင်။ ဦးကင်လက်ဝဲ လက်ျာခြူးနွယ်အလယ်။ တပင်အခက်တွင် တပွင့်စီရေးသားကြလျက်။ ပါသောဦးဆောက် ပန်းထုလုပ်သည်မှာ၊ မင်္ဂလာပန်းဖြစ်၍။ မင်းတို့စီးသည် မြင်းရထား ဦးတွင် ဦးဆောက်ပန်းသဏ္ဍာန် စိုက်ဆောက်သည်။ စက်တော်တွင ပါသည်ဖြစ်၍ ဝမုသောစ။ ဦးဆောက်ပန်းငုင်း။ ။ ဟူသောအကြောင်းနိမိတ်။ ။ ယုတ္တိယုဉ်ရာ။ သဘောသကန်ကို ထောက်ထားဆင်ခြင်သည် ဖြစ်သောကြောင့်။ ဦးကင် ရာဇပလ္လင်တော်တွင်။ ထုလုပ်သမျှကိုလည်း ကြည့်ရှုမှတ်သားရာသည်။

၄၀ ～ 40

မြေနန်းကိုလျှောက်တင်သောအခဏ်း။

မြေနန်းဟူ၍ ဆိုခြင်းအကြောင်းအရာမှာ။ သေချာစွာ သံတော်ဦးတင်ပါမည်ဘုရား။ ။ ကမ္ဘာတည်ဦး။ မြေအစပေါ်ထွန်းသည်ဖြစ်၍။ လောကီဘက်ပျက်ဘက်။ စကြာဝဠာ ကုဋေတသိန်း၌။ လေးကျွန်းနှင့် တမြင့်မိုရ် သည်တွင်။ ဘုရားသခင်ပွင့်တော်မူရာ။ ဗေါဓိပင်ပလ္လင်ပေါက်ရောက်ရာမြေသည်။ ကမ္ဘာတည်ဦးက။ ရှေးအစပဌမပေါ်ထွန်းသည်။ ကမ္ဘာပျက်သည်ကာလလည်း။ နောက်မှပျက်သည်။ ကမ္ဘာတည်ဦးမြေအစပေါ်ထွန်းခြင်း မဟာသမတမင်းတင်မြှောက်၍။ ဘိသိက်ခံခြင်း။ မြေရေကို အစိုးရခြင်း၊ အာဒိကပ္ပအစ၏ နိမိတ်ကို ထင်ရှားစေလို၍။ နန်းတွင်းနန်းဦးဖြစ်သော။ မြေနန်းဆောက်လုပ်ခြင်း။ ရန်သူဖြစ်သောကျားကို နိုင်လေလျှင်။ ဝက်အပေါင်းတို့သည်. မြေကိုစုပုံသဖြင့်။ ရေသဖန်းထက်။ တစ္ဆသုကရဝက်မင်းကို။ နေစေလျက်။ ဝက်အပေါင်းတို့ကောင်းကြီးပေး၍၊ ရေသွန်းခြင်း။ တစ္ဆသုကရ ဇာတ်တော်ကိုထောက်၍ငင်း၊ မြေနန်းဆောက်လုပ်ခြင်း။ မြေနန်းဟုခေါ်ဝေါ်သမုတ်ခြင်း ဖြစ်ပါကြောင်း။ မြေအစပေါ်ထွန်းကြောင်းကိုလည်း။ ။ အာဒိကပ္ပ။ ကမ္ဘာစဦ၊ ကြုံကြကုဋေ။ တသိန်းနေလျှင်။ ပျက်ကျေစကြာဝဠာ။ ပေါ်ထွန်းခါဝယ်၊ လဟာပိတ်သန်း။ ရေကြည်ဝန်းထက်။ လေးကျွန်းတည်ခြင်း။ မြေခပင်းတွင်။ မှန်ကင်းရှေးဖျား။ ဖြစ်ထွန်းငြား၍။ မြေများအစ်ကို။ မြေဗဟိုရ်ဟု။ မင်္ဂဖိုလ်ချွတ်ချွေ။ သုံးလုဆွေတို့။ ငါးထွေမရ်လည်း။ အောင်မြေစည်ဝယ်၊ ဥဒည်မျက်နှာ။ ရှေ့ပြုပ္ပာက။ မြေချာပလ္လင်။ ဗောဓိပင်သို့။ ဟူ၍ငင်း။ ပုဏ္ဏားရှစ်စုံ။ ညွန့်ငုံဝေးစွာ။ နေဇာမြက်နု။ ဇေယျတုဟု။ ခရုသင်းစစ်။ လကျ်ာရစ်နှင့်။ နတ်မြစ်မန္ဒာ။ မင်္ဂလာရွက်ဖြန်း။ ရေသဖန်းထက်။ မြှောက်သွန်းကျံကျံ။ ဘိသိက်ခံရှင့်။ ဟူ၍-ရာဇဘိသေက။ မုဒ္ဓါဘိသေက။ သီရိပဝေသနာဘိသေက၊ ဇေယာဘိသေက။ ခံခြင်းတို့၌။ အလျားသုံးတောင်တမုတ်။ အနံသုံးတောင်ရသော။ ရေသဖန်းပျဉ်ကို။ ပဒုမ္မာကြာချပ်သဏ္ဍာန် ရွှေဖြင့်ရေးသားသောနေရာထက်၊ စမွယ်လျက်။ ဥတ္တရာပုရပိုက်။ အစရှိသည်ဖြင့်။ မြောက်နက္ခတ်သုံးလုံးတွင်။ တလုံးတလုံးနှင့်ယှဉ်၍။ ဘိသိက်ခံခြင်းဖြစ်လေသည်။ ဥတ္တရာ။ သုံးပါးသော နက္ခတ်သည်။ ဘိသေနကာ။ ဘိသေနက။ နက္ခတ်ဆိုသည်။ ။ အဘိသေကာ။ ဥတ္တရာသည်။ မြတ်သုံးမည်တွင်၊ ရောင်ခြည်ပြွံပြွံ။ နှစ်ဆယ်ခြောက်လုံး။ မင်းသုံးနက္ခတ် ဟူ၍ငင်း၊ ဆိုပါသည်ဘုရား။

၄၁ ~ 41

ရေသဖန်းပျဉ်တွင်။ ပဒုမ္မာကြာချပ်ရေးသည်မှာ။ ကမ္ဘာတည်ဦးက။ ပဒုမ္မရွှေကြာပွင့်တွင်။ သင်္ကန်းစုံပါသည် နိမိတ်ကိုထောက်၍။ ဘုရားပွင့်တော်မူကြောင်းကို။ သိရသည်ဖြစ်သောကြောင့်။ ဦးကင်ဖွင့်ရာ၊ ဘုန်းတန်ခိုးပွင့်ရာဖြစ်၍။ ရှေးအကြောင်းကိုထောက်သဖြင့်၊ ပဒုမ္မာပွင့်ကြာချပ်သဏ္ဌာန်ကိုရေးသားပါကြောင်း။ ။ မြေနန်းလက်မေးတန်နှင့်။ ပြာသာဒ်ဆောင်အကြား။ မြေနန်းလက်မေးတန်နှင့်။ ပြာသဒ်ဆောင်အကြား။ မြေလပ်လွတ်သည်မှာ။ ဦးကင်ရာဇပလ္လင်။ ပြာသာဒ်တော် လက်ဝဲလက်ျာ ဆင်ကနှင့်။ ကျွန်ယုံအမတ်။ စစ်ဝတ်ဆင်လျက်။ စောင့်နေရသည်။ ရှေးသမထမင်းတို့၊ စာတန်းများတွင်ပါသည့်အတိုင်း၊ ပြာသာဒ်ဆောင်တော်နှင့်၊ မြေနန်းတော်အကြား၊ မြေလပ်ချန်လှပ်ရသည်ဖြစ်ပါကြောင်း၊ ။ မြေနန်းစမုတ်ဦး အရှေ့တံခါး။ လက်ဝဲလက်ျာ၊ ပြော့သားတုရင်သား။ တံခါးစောင့်၊ တဘက်လေးယောက်သားစီ။ အမြဲစောင့်နေရသည်။ ။ နေရာငါးသွယ်၏အကြောင်းမှာ။ မဇ္ဈိမဒေသ၊ တိုင်းကြီးပြည်ကြီးတို့၌။ အမတ်ခြောက်သောင်းတွင်။ ရွေးချယ်၍။ ခြောက်ထောင်။ ခြောက်ထောင်တွင်ရွေးချယ်၍ ခြောက်ရာ။ ခြောက်ရာတွင် ရွေးချယ်ပြန်၍။ လက်ဝဲခြောက်ဆယ်။ လက်ျာခြောက်ဆယ်။ နေရာချထားသည်။ မဇ္ဈိမဒေသက။ အကြောင်းကိုစွဲသဖြင့်။ လက်ဝဲလက်ျာနေရာ ငါးသွယ်စီ။ ချနေစေသည်မှာ၊ နေရာတသွယ်လျှင်။ တဆယ်နှစ်ယောက်ဖြစ်၍။ တဘက် ခြောက်ဆယ်စီဖြစ်ပါကြောင်း။ ။ ငါးသွယ်နေရာကို။ တော်။ ဒူး။ စနည်း။ ဘဝေါ ခေါ်ဆိုပိုင်းခြားပါသည်။ တော်ဆိုသည်ကား။ ကွမ်းစဉ်ဆိုသည်။ ဒူးဆိုသည်ကား။ သည်မဆိုသည်။ စနည်းဆိုသည်ကား။ သည်ရဲဆိုသည်။ ဘဝေါဆိုသည်ကား။ သည်ထွေးကိုဆိုသည်။ အတွင်းဘဝေါ။ ပြင်ဘဝေါဖြစ်၍။ ငါးသွယ်ရှိလေသည်။ ။ အမတ်ကြီးဟု။ သီးသီးကျော်ထင်။ တော်ဟုတွင်သား။ ကွမ်းစဉ်လုံးညီ။ ရွှေတိုင်မှီလျက်။ နောက်ပြီနောက်တည်း။ ဒူ စနည်းက။ နှစ်မည်ဘဝေါ၊ နတ်လောတွေးဘွယ်။ မြတ်ငါးသွယ်နှင့်။ မှတ်ဘွယ်ကျမ်းတွင် ရွေးချယ်တင်သည်။ ။ ဘုန်းရှင်၏ရွှေနား။ ဆင်တော်မူဘုရား။ ။

ကွမ်းစဉ်အတွင်းနေရာသည်။ ထီးဆောင်းစော်ဘွား။ တူသားမြေးကိုချထားသည်။ ထိုနေရာလပ်ပြင်ကို။ စော်ဘွားတို့ ဆွေမျိုး။ မြို့စားတို့ကို။ ချထားသည်။ ။ တင့်တယ်ရောင်ဆင်း။ ထီးဆောင်းမင်းတို့။ ရင်တွင်းမြတ်လေး။ ဆွေသားမြေးကို။ ယဉ်ကျေးအောင်လျှင်၊ ရွှေကွမ်းစဉ်ဝယ်။ စီဆင်ခင်းကျင်း လက်တွင်သွင်းမှ။ ထိုမင်း ထိုမျိုး၊ မြို့စားရိုးကို။ ကောင်းကျိုးတော်ပြင်ချ၍-ဟု တင်လျှောက်လေ၏။ ။

ထွက်တော်မူကြီး။ ထွက်တော်မူလျှင်။ ရှေ့ခြောက်တပ်။ နောက်ခြောက်တပ် ခင်းကျင်းလိုက်ရသည့်အကြောင်းမှာ။ လက်ဝဲနေရာအမတ်ခြောက်ကျိပ်က ခြောက်ယောက်၊ လက်ျာနေရာ အမတ်ခြောက်ကျိပ်က ခြောက်ယောက်။ ရွေးချယ်ပြီးလျှင်။ တတပ်တယောက်စီ။ အမှူးခန့်၍။ လက်ျာကအမတ်ခြောက်ယောက်နှင့်၊ ခြောက်တပ်ကို။ ရှေ့ခြောက်တပ်ခင်းကျင်းလိုက်ရသည်။ လက်ျာတပ်နှင့်။ ရှေ့တပ်၊ ရှေ့ပင်ချီ။ လက်ဝဲတပ်နှင့်။ နောက်တပ်၊ နောက်ပင်လိုက်။ သေနင်္ဗျူဟာတွင်လာသည် အတိုင်းပါဘုရား။

နေရာတွင်လည်း။ မြင့်မိုရ်နေရာ။ အပြင်နေရာရှိကြောင်းကို။ ။ မြေနန်းလှတ်သာ။ မင်္ဂလာသဘင်။ နှစ်ဦးကင်၌။ အပြင်တချက်။ ရေးဆက်နဂိုရ်။ မြင့်မိုရ်ယှွင်းခင်းသည်စဉ်လာ။ နှစ်နေရာတွင်။ ဂုဏ်ဝါချိုကဲ။ မြောက်လက်ဝဲက။ ။ ဟူ၍ လာပါသည်ဘုရား။ ။

၄၂ ～ 42

မင်းကြီး။ ဤရွှေနန်းအဆောင်ဆောင်တို့ကို။ သေချာစွာ သံတော်ဦးတင်ဦးလောဟု။ မိန့်တော်မူ၏။ ။ အရှင်မင်းမြတ်။ ပေါင်းတော်ဆောင်မှာ။ ပေါင်းတော်ထားသည်။ အထွဋ်အမြတ်အဦးဖြစ်၍။ နန်းမနန်းဦးတည့်တည့်။ ဆောက်လုပ်ခြင်း။ ပေါင်းတော်သရဖူတော်။ မကိုဋ်တော်၊ ပတ္တမြားပေါင်းတော်။ နဝရတ်ပေါင်းတော်၊ ရွှေသားပေါင်းတော်၊ ငွေသားပေါင်းတော်၊ ပကတိပေါင်းထုပ်တော်တွင်။ ရွှေသားရွှေတွန့်ပေါင်းတော်။ စိန်တွယ်ပေါင်းတော်။ မြထွယ်ပေါင်းတော်များကို။ ခေါက်လုပ်ပြင်ဆင်ထားရာ ဖြစ်၍။ ပေါင်းတော်ဆောင်ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်ပါကြောင်း။ ။ ပေါင်းတော်ပတ္တမြား၊ ဆင်ဝတ်စားနှင့်။ သိကြားတမျှ။ ဟူ၍၎င်း။ ပေါင်းတော်နဝရတ်။ မျက်ခပ်စီဆင်။ မိုဃ်းနတ်သွင် တည့်ဟူ၍၎င်း။ ။ စိန်ချယ်မြတွယ်။ မျက်ချယ်ပေါင်းတော်။ ကြူးကျော်ဆန်းပြား-ဟူ၍-သံတော်ဦးတင်လျှောက်လေ၏။

လေသာဆောင်တော်မှာ။ အခြားဆောင်ကဲ့သို့။ အကာအရံမရှိ။ လေညှင်းလေသာ။ ဝင်ရာဖြစ်၍၎င်း။ လေညှင်းလေသာခံတော်မူရာစံတော်မူရာအရပ်ဖြစ်၍၎င်း။ လေသာဆောင်ခေါ်ဝေါ် သမုတ်ပါသည်ဘုရား။ ။

ပရိတ်နာဆက်ဆောင်ခေါ်ဝေါ်သည်မှာ။ ကေရာဇ်မင်းမြတ်ကိုယ်တော်တိုင်ထွက်စံသည်ဖြစ်စေ။ မထွက်စံသည်ဖြစ်စေ။ ရံဘန်ရံခါ၊ အမှုနှင့် လျော်ရာကြုံကြိုက်ကာလ။ ပကတိပေါင်းတော်၊ သရဖူတော်။ မကိုဋ်တော်။ အစရှိသော။ အဆောင်အယောင်မင်းဝတ်တန်းဆာတော်များကို။ ပရိတ်တော်ခံသည်။ ပရိတ်

တော်နာသည်။ ပရိတ်တော်ပန်းဆက်များကို အကြောင်းပြု၍။ ပရိတ်နာဆက်ဆောင်ခေါ်ဝေါ်သမုတ်ပါကြောင်းဘုရား။ ။

ဇေတဝန်ဆောင်တော်ခေါ်ဝေါ်ကြောင်းမှာ။ မဇ္ဈိမဒေသကပင်။ ခေါ်ဝေါ်သမုတ်ခြင်းဖြစ်ပါသည်။ ဇေတဝန်အမည်သည်။ မဂဓရေဇ်တိုင်းသားတို့ အခေါ်အသုံးဖြစ်သည်-ဇေတဝန်ဆိုသည်၌။ ဇေယ။ ဇိတ။ ဇိယံ။ ဇိတဝါ ဇယော။ ဇယ။ ဟူသောပုဒ်တို့ကိုထောက်သင့်ပါသည်။ ၎င်းတို့ကို မြန်မာပြန်လျှင်။ အောင်ခြင်းသဘောကို ရပါသည်။ မဂဓရေဇ်တိုင်းသားတို့မှာသာ-အောင်သည်ဟုဆိုသောစကားအများရှိသည်မဟုတ်။ မြန်မာဘာသာစကားမှာလည်း၊ နှိဂ်သည်၊ နင်းသည်၊ နှွန်းသည်၊ နိုင်သည်၊ အောင်သည် စကားတရပ်၊ ကြောက်သည်။ ငြင်းသည်။ ထိတ်သည်။ လန့်သည်။ ရှုန်းသည်စကားတရပ်၊ ကြီးသည်။ ကဲသည်။ စိုးသည်။ ချုပ်သည်။ အုပ်သည်။ စကားတရပ်။ စကားတစ်ခုကို။ အသွယ်သွယ်ပရိယာယ်များပြားသည်ကို ထောက်လျှင်။ ဇိတဝါခေါ်ဝေါ်ရင်း မဂဓစကားပင်ဖြစ်သည်၊ ဤကိုပြေသည်။ ဧကိုဤပြုသည်။ ဣကိုဥပြုသည်။ ဥကို ဣပြုသည်။ အ-ကို အာပြုသည်။ အာကို-အ-ပြုသည်။ နိဂ္ဂဟိတ်ကို နပြုသည်။ မပြုသည်၊ ငပြုသည်။ ကပြုသည်များကိုထောက်၍။ ကဏ္ဌာသုခဖြစ်အောင်။ ဇေတဝန်ခေါ်ဝေါ်ခြင်း ဇေတဝန်ဟူသည်ကား၊ အောင်ခြင်းသဘောကိုရသည်ဖြစ်၍။ အနာထပိဏ်သူဌေးဆောက်လုပ်လှူဒါန်းသည့်ကျောင်းကို-ဇေတဝန်ကျောင်းတော်ဟု၊ သမုတ်ခေါ်ဝေါ်သည်မှာ။ ဇေတမင်းသားဥယျာဉ်တော်အရပ်ဖြစ်သည်။ ဇေတဝနဆိုလိုသည်။ ဇေတဝန်ကျောင်းတော်ကို အစွဲပြု၍။ သုံးထပ်ဆောက်လုပ်သမျှကို။ ဇေတဝန်ခေါ်ဝေါ်သမုတ်လေသည်။ နန်းတော်ဇေတဝန်ဆောင် လွှတ်တော်ဇေတဝန်များမှာ။ အရှေ့ဆောင်ဦးဖြစ်၍၎င်း။ လွှတ်ဇေတဝန်ဆောင်မှာလည်း။ ဦးကင်။ ရာဇပလ္လင်တည်ရာ ထီးဆောင်းမင်းအပေါင်းတို့၏၊ ဦးညွှတ်ရာ။ ရန်မာရ်ကိုအောင်မြင်ခြင်း နိမိတ်ကိုထောက်ယူ၍။ ဇေတဝန်ဆောင်တော်ဟု။ ခေါ်ဝေါ်သမုတ်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့်။ ။ ဘဝါးရွှေစက်။ ညှံ့သက်ဖြိုးညီ။ လက်ျာချီ၍။ ရှေ့သီတူရူ၊ လှမ်းတော်မူမှ။ ထွက်ပြူနန်းမ။ စနုစသား။ ရှေ့မှတဘန်။ ဇေတဝန်သို့၊ ဘုန်းဗုန်နတ်တူ။ ရောက်တော်မူက-ဟုလျှောက်တင်လေ၏။ ။ ဖြဲတိုက်တော်မှာ။ လူပျိုတော်တို့ ခစားရာ အဆောင်ကို ဖြဲတိုက်ဆိုသည်။ ဖြဲတိုက်ဆိုသည်မှာ။ အဆောင်ဆိုသည်။ လူပျိုတော်သားများ အဆောင်ဆိုပါသည်ဘုရားဟု၊ တင်လျှောက်လေ၏။ ဖြဲတိုက်ဆောင်တော်အနောက်။ ရွှေနန်းကြက်သရေဆင်တော် တင်းကုပ်သည်။ ဖြဲတိုက်သို့ထွက်တော်မူလျှင်။ ပြူးတင်းကြီးက။ ရှုမြင်တော်မူသာအောင်လည်းတကြောင်း။ နန်းတော်ဆောင်မ၏ အရှေ့မြောက်

တင်းကုပ်ဆောက်လုပ်ခြင်းသည်။ ။ "အန္တေပူရံပဒက္ခိဏံကတွာ အန္တေပူရဿ ဥတ္တရသီဟပဉ္စရံဒွိသေဋ္ဌနေ။" ။ အစရှိသောပါဠ်ကိုထောက်၍။ စကြာမင်းတို့ဝယ်။ စကြာရတနာကို။ နန်းတော်အတွင်း။ အရှေ့မြောက်ထောင့်ကထားသည်ကို အကြောင်းပြုသဖြင့်။ ရတနာခုနှစ်ပါးတွင်။ ဆင်သည်လည်း။ ရတနာတပါး အပါအဝင်ဖြစ်၍။ နန်းတော်ဆောင်မ အရှေ့မြောက်အရပ်၌ ဆင်တော်ထားလေ သည်။ တင်းကုပ်ထားလေသည်။ (ဥတ္တရ သီဟပဉ္စရံဒွိသေဋ္ဌာနေပါဠ်ကိုထောက် လျှင်) စကြာတိုင်းအရှေ့မြောက်ကထားသည်။ ခြင်္သေ့ခံသော လေသာနန်းပြူ တင်းမြောက်ကရှိကြောင်း သိသာသည်ကိုထောက်၍။ ရွှေနန်းကြက်သရေ တင်းကုပ်ထားရာ ရှုမြော်ရာဖြစ်သဖြင့်။ မြဲတိုက်တော်ပြူတင်းကြီးသည် ခြင်္သေ့ခံ သော နန်းပြူတင်းနှင့် မျက်နှာခြင်းတူသည်ဖြစ်သောကြောင့် ရွှေနန်းကြက်သရေ ဆောင်တော်ပါဘုရား။"

စနုဆောင်တော်မှာ။ စောနုသံဆိုသောစကားကရွေ့သဖြင့်။ စောနုဟုခေါ်ဝေါ် ပြန်သည်။ စောနုကိုတဘန်-စနုဟုရေးသား ခေါ်ဝေါ်လေသည်။ စော-ကား- ထားသည်။ ကနုသံကား။ ခရုသင်းထားသော အဆောင်ဆိုလိုသည်။ ရှေးရှေး သမတမင်းတို့ လက်ထက်၌လည်း။ ခရုသင်းကို အုပ်နှင့်ထည့်၍။ စနုဆောင်တော် တံခါးအတွင်း။ လက်ျာဘက်က ထားသည်။ ရတနာဆယ်ပါးတွင်။ ခရုသင်းလည်း။ ရတနာတပါးအပါအဝင်ပင်ဖြစ်သည်။ နန်းဦး၌ ခရုသင်းထားသည်မှာ။ သန်ပတ္တ မင်း၏ အကြောင်းရှေးဟောင်းနိမိတ်ကိုစွဲ၍ထားသည်။။ တရာရှစ်ကွက်စက်တော် ရာတွင်လည်း။ သေတာသ၏။ ခရုသင်းဖြူငုင်းပါဠ်ရှိသည်။ လင်္ကာတွင်လည်း။ ။ ဘုန်းခေါင်စကြာ။ မင်းမဟာလည်း။ သေတာပါဠ်ရင်း။ ခရုသင်းဖြူ။ ။ ဟူ၍လည်း စပ်ဆိုလေသည်။ ဘေးကင်းရန်လွတ်။ နန်းစဉ်ထားမြဲ။ သုဝဏ္ဏဂေဟာ။ မင်္ဂလာ တော်ဖြစ်ပါသည် ဘုရားဟု လျှောက်တင်လေ၏။"

"စမုတ်ဆောင်တော်ဆိုသည်မှာ။ စောမုတ်ဆိုလိုသည်။ မျက်နှာထားဆောင် ဟူ၍ငုင်း။ စောမှာထားသည်။ မုတ်မှာ-မုခ ပုဒ်ပျက် ခကိုတပြုမုတ်ဖြစ်၏။ မုတ် မုခသဒ္ဒါမျက်နှာဟောဖြစ်၍ မုတ်မျက်နှာဆိုလိုသည်။ မျက်နှာထားသည် အဆောင်ဆိုသည်မှာ။ ရံဘန်ရံခါ။ တောင်စမုတ်တော် မြောက်စမုတ်တော်သို့ ထွက်တော်မူ၍။ ပန်းခုံတော်ရေကန် အစရှိသည်တို့ကို၊ ကြည့်ရှုတော်မူခြင်း။ တောင်စမုတ် မြောက်စမုတ်။ အလုပ်အဆောင်လည်း။ တောင်မြောက်မုတ်။ မျက်နှာတူရူပြုသည်ဖြစ်၍ အဆောင်ကိုစွဲသဖြင့်။ ခေါ်ဝေါ်ခြင်း။ ပဉ္စင်းတော် ကထိန်တော်။ ဝါကျွတ်အလှူတော်၊ ဆင်ဖြူ၊ မြင်းဖြူ။ လော်ကားသဘော်တို့သွင်း သည်ကာလ။ တောင်စမုတ်တော်သို့ထွက်၍။ ရွှေကရားနှင့် ရေစက်သွန်းတော်မူ

ခြင်း။ ဆင်တော် မြင်းတော်သိမ်းမည့်အမှုများကို။ မြောက်စမုတ်တော်သို့။ ထွက်တော်မူ၍။ သိမ်းမြန်းကြည့်ရှုတော်မူခြင်း။ ရွှေနန်း၏ အခြင်းအရာ အခါကာလအမှုနှင့် လျှော်စွာ။ ထွက်တော်မူသည်။ မြောက်စမုတ်တော်တွင်လည်း ဆင်ယှဉ်တော်ထားသည်။ မြေနန်းစမုတ်တော်လည်း၊ ရာဇပလ္လင်။ ဦးကင်မုတ်။ တူရူဆီတည့်။ အရှေ့အနောက် အဆောင်။ မုတ်တူရူပင်ဖြစ်သည်။ မြေနန်းစမုတ်သည်။ အရှေ့နန်းဦးစမုတ်ကြီး ဖြစ်သည်။ မုတ်သုံးဆောင်သည်။ ဧကရာဇ်မင်းမြတ်ထွက်တော်မူရာ။ လဆန်း ၁၅ ရက်မြောက်။ ပုဏ္ဏတိထိပြည့်သည့်လဝန်းကဲ့သို့။ ရွှေမျက်နှာတော်ကို မှူးတော်မတ်တော်တို့ဖူးမြော်ရခြင်း။ ထိုအဆောင်တို့၏။ ခေါင်တမုတ်မျက်နှာ တူရူဆောက်လုပ်သည်များကို အကြောင်းပြု၍။ စမုတ်ခေါ်ဝေါ်ပညတ်ပါသည်ဘုရားဟု တင်လျှောက်လေ၏။”

“ထားဝယ်ဆောင်ခေါ်ဝေါ်သည်မှာ။ ကဿပမြတ်စွာဘုရားသခင်ပွင့်တော်မူသည့်အခါ။ ဤနေရာကို။ ကဋ္ဌဝါဟနတိုင်း။ ထားဝယ်ပြည်တွင်၍၊ ကျောင်းကန်ဘုရားဆောက်လုပ်လှူဒါန်းသည့်အခါ။ နှစ်ထပ်လည်ပေါ်လုပ်၍ လှူဒါန်းမြဲဖြစ်သောကြောင့်။ ထားဝယ်ဆောင်ခေါ်သည်လည်းတကြောင်း။ ထိုအဆောင်တော်၌။ အမျိုးကောင်းသားသစ္စာရှိသော အမတ်စစ်ဗိုလ်တို့အား မြဲစွဲခစားရသည်ဖြစ်ပါ၍လည်း။ ထားဝယ်ဆောင်တော် ခေါ်ဝေါ်ပါသည်ဘုရား။”

“ရောင်းတော်ဦးဆောင် ခေါ်ဝေါ်သည်မှာ။ ရောင်းဆိုသောစကား၌။ ရောင်းဟူသည်-ကြည့်သည်။ မြော်သည်ဟုဆိုလိုသည်။ ကြည့်မြော်ရာ အဆောင်ဖြစ်ပါကြောင်း သံတော်ဦးတင်ပါသည် ဘုရားဟုလျှောက်လေ၏” “သဘင်နန်းခေါ်ဝေါ်သည်မှာ၊ အနောက်အတွင်းတော်တွင်။ ပွဲသဘင်ခံလျှင်။ သဘင်ရှုတော်မူသည်။ မြင်းခင်းကာလ၊ ဆင်မြင်းကသွင်း၍၊ ကြည့်ရှုတော်မူလေသည်။ စက်တိုင်စက်ရွက်ထား၍။ မင်းညီမင်းသား။ မှူးတော်မတ်တော်တို့။ စက်ထိုးရသည်။ ရံဘန်ရံခါ ဧကရာဇ်မင်းမြတ်ကိုတော်တိုင်ပင်။ စက်ခင်းရောရွှင်တော်မူသည် ရှုရာအဆောင်ဖြစ်၍။ သဘင်နန်းခေါ်ဝေါ်သည်တကြောင်း။ ဆင်ကြည့်နန်းလည်း။ ခေါ်ဝေါ်သည်။ သို့ဖြစ်ပါ၍။” “လက်မိုးစန်းရည်။ မှူးမတ်လည်လျက်။ ဘွဲ့မည်ရာပေး။ ပျပ်ပျပ်ကျွေးမှ။ ကြူးဃေဉ်နှု။ ရတုလျှောက်သံ။ ညှင်းညှင်းလျှံမှ။ ဆင်ရမြင်းခင်း။ ရွှေနန်းတွင်းဝယ်။” ။ ဟူ၍ငင်း။ ။ ပြိုင်တုလွတ်ကင်း။ ယဉ်ကျော့မြင်းကို။ ရာမင်း ထိပ်ပေါ်။ ဘုန်းလှိုင်ကျော်မှာ။ စိတ်တော်လိုရာ။ ရည်တိုင်းပါဟု။ ။ ဟူ၍ငင်း၊ ၊ မှူးမတ်များနှင့်။ မင်းသားမင်းညီ။ ရှိခိုးစီလျက်။ ပြည့်သည်အုန်းအင်း။ ရွှေနန်းတွင်းဝယ်။ ဆင်မြင်းဝန်းရံ။ ဒိုင်းလွှားခံ၍။ ညာသံခြိမ့်မျှ။ စက်ထိုးကြသော်။ မြင်းကရှိုက်အောင်။ ထွင့်ဘုန်းခေါင်သည်။ ပြောင်ပြောင်မြဝှန်။ လုံသွား

ပြြန်နှင့်။ လက်တန်တော်မြှောက်။ ချက်တိုင်အောက်၌။ နှိုင်းထောက်လွှတ်ကွာ။ စံသောခါလည်း။ ။ ဟူ၍၎င်း။ ။ နွယ်ပန်းခွာညို့။ လပြာသိုကား။ ရွယ်ပျိုအလက်။ နုထွက်ဆင်းရောင်။ မှုုးခေါင်မတ်ဖျား။ မင်းသားမင်းမြေး။ ဆုံရေးတိုက်ဘက်၊ စွယ်ချက်ချီဝင့်။ ချွန်းဘွင့် တိုက်လွှတ်။ ဆင်တပ်ဆင်နှင့်။ ခြေလျှင် ခြေခြင်း။ မြင်းလည်းမြင်းလျော့က်။ ထိုမြှောက်လုံလေး။ ခုန်ပြေးမြန်လျင်း။ စိုင်းနင်းကြွားကြွား။ ထားသွားချွတ်ငင်။ မွမ်းမွမ်းပြင်မျှ။ သဆင် မြင်းခင်း။ စစ်အင်ကျင်းသည်။။ ဟူ၍-အကျဉ်းပြလျှောက်ထားပါသည်ဘုရား”

“အနောက်ပွဲတက်ဆောင်တော်ခေါ်ဝေါ်ခြင်းမှာ။ ပြူတင်းကြီးနှင့်အတွင်းက။ သလွန်တော်တွင် စံတော်မူမြဲဖြစ်၍ အနောက်တက်ဆောင်ခေါ်ဝေါ်ပါသည်ဘုရား။”

၄၃ ~ 43

နန်းမိုး၌ငှက်စောင့်ထားသည်မှာ။ ကောသမ္ဗီပြည်၌။ မင်း၏ကေသနီ မိဖုရားဆောင်းလအခါ။ ကမ္ဗလာနီခြုံ၍။ နေရောင်ခံသည်တွင်။ သားတစ်အမှတ်ဖြင့်။ ကေသနီမိဖုရားကို။ ငှက်ကြီးချီ၍။ တောအရပ်သစ်ပင်၌။ တင်ထားလေသည်။ ပဋိသန္ဓေအရင့်အမာပါသည်ဖြစ်၍။ သားဖွားလျှင်။ ရသေ့မွေးကျွေးပြုစုသည်ဖြစ်သောကြောင့်။ ထိုမင်းသားကို ဥတေနမင်းစောဟုသမုတ်သတတ်။ ရှေးအကြောင်းကိုစွဲ၍။ ဤနန်း၏အမိုး၌ ငှက်စောင့်ငှက်မောင်း ထားပါသည်ဘုရားဟုလျှောက်တင်လေ၏။ ။ ၎င်းဥတေနအကြောင်းစုံကို ဓမ္မပဒအဋ္ဌကထာသာမာဝတီဝတ္ထု၌ရှိသည်။

၄၄ ~ 44

သဥ္ဇာလီကိုဆိုရာအခဏ်း။

သဥ္ဇာလီဟူ၍ ခေါ်ဝေါ်ခြင်းမှာ။ ထင်ရှားထွန်းပသည့်နေရာ။ ထင်ရှားသည့်ပွတ်တိုင်နေရာဆိုလိုသည်။ ပညာရှိတို့ ဝိဂြိုဟ်ဝစနတ် ကြံသည်မှာ၊ သုဋ္ဌုဇလတီတိသဥ္ဇာလော။ ၊ ကတ္တုသာခနကိတ်ဝိဂြိုဟ်။ ၊ ယံ။ အကြင်နေရာသည်။ သုဋ္ဌု။ ကောင်းစွာ။ ဇလတိ။ ထွန်းပတတ်၏။ ဣတိတသ္မာ။ ထိုသို့ကောင်းစွာထွန်းပတတ်သော သတ္တိကြောင့်၊ တံ၊ ထိုနေရာသည်။ သဥ္ဇာလော။ သဥ္ဇာလီမည်၏။ ။ ၎င်းဝိဂြိုဟ်ကိုထောက်သဖြင့်။ (သဥ္ဇာလီဟု) ရေးအပ်သေး၏။ ။ သဥ္ဇာလောယေဝသဥ္ဇာလီ။ ။ ဥပမာ တဒ္ဓိတ်ဝိဂြိုဟ်။ ။ သဥ္ဇာလောယေဝ။ ကောင်းစွာထွန်းပတတ်သောနေရာသည်ပင်လျှင်။ သဥ္ဇာလီ။ သဥ္ဇာလီမည်၏။ ။ သမ္ဗာဇာလော

ယဿာတိသဠာလီ ဇဟုဗ္ဗိသမာသ်ဝိဂြိုဟ်။ ယဿ၊ အကြင်နေရာအား။ သမ္မာ။ ကောင်စွာ။ ဇာလော။ ရွှေကွန်ရွက်စသည်ဖြင့် ရစ်ရံကာရံခြင်းသည်။ အတ္ထိ။ ရှိ၏။ ဣတိတသ္မာ။ ထိုသို့ကောင်းစွာ ရွှေကွန်ရွက်စသည်ဖြင့် ရစ်ရံကာရံ ခြင်းရှိသည်၏ အဖြစ်ကြောင့်။ သာ။ ထိုနေရာသည်။ သဠာလီ။ သဠာလီမည်၏။- သဠာလီ။ ရွှေကွန်ရွက်စသည်ဖြင့် ရစ်ရံကာရံအပ်သောနေရာ။ ။ ထိုသို့ဝိဂြိုဟ်ဝစနတ် ကြံအပ်သည်နှင့်အညီ။ သဠာလီသည်။ ကောင်းစွာ ထွန်းပတတ်သောနေရာ။ ကောင်းစွာ ရွှေကွန်ရွက်စသည်ဖြင့် ရစ်ရံကာရံအပ်သည့်နေရာ။ ထင်ရှားသည့်နေရာပွတ်တိုင်ကို။ သဠာလီဟု ဆိုလိုသည်။ အချို့ကြဏ်းများ၌– (သေည်ဇာလီရှိ၏) သင့်တင့်သည်ပင်တည်း၊ သဠာလီ။ လက်တင်အုံးမှီလျက်။ ယပ်အောက်ကိုလည်း။ ရွှေကွန်ရွက်ထည့်ဟန်ရှိသည်။ လုပ်ခင်းလည်းတင့်တယ်လျှောက်ပတ်။ တော်လျော်သည်ပင်ဖြစ်သည်။ ။ စီးဆင်တော်တွင်။ ဆင်ယဉ်တန်ဆာထွန်းဝါပြိုးပြက်။ ရွှေကြိုးခက်၍။ ကိုးမျက်ချယ်စီ။ သဠာလီထက်။ ။ ဟူ၍လျှောက်တင်လေ၏”။ ။ သဠာလီအခဏ်းပြီး၏။ ။

၄၅ ～ 45

မျက်နှာကြက်။ ကြာယပ်။ သလွန်ညောင်ရွက်၏ အကြောင်းမှာ ဗာရာဏသီပြည်တွင်။ ဖြဟ္မဒတ်မင်း၏ညီ။ သုဒတ္တလည်း။ ကောသမ္ဗီမင်း၏သမက်ဖြစ်သတတ်၊ ဂေါတမဘုရားအလောင်းတော်သည်။ ထင်ရှားသောအမျိုး၌ဖြစ်၍။ အရောင်အဆင်းနှင့် ပြည့်စုံခြင်း။ နှစ်လိုဘွယ်ရှိသောကြောင့်။ နန္ဒကုမ္မာဟု။ မှည့်ခေါ်ကြကုန်သည်။ အသက်တဆယ့်ခြောက်နှစ်သို့ ရောက်သောအခါ၌။ အိပ်မက်သည်မှာ။ မြစ်ကမ်းနှစ်ဘက်ကိုခြေတင်လျက်၊ ကိုယ်မှာ မြစ်လယ်တွင်နေ၍။ မျောလာသမျှသော အမှိုက်တို့သည်။ ဝမ်းထဲသို့ဝင်၏ဟု။ မက်သည့်အိပ်မက်ကို ပရောဟိတ်ပုဏ္ဏားအား။ ပြန်ကြားမည်သွားလေလျှင်။ ဇန္ဒုလကုမ္မာအမည်ရှိသော၊ သူငယ်ခြင်းအဘော်ပါ၏။ ပုဏ္ဏေားမကို။ ပြန်ပြောကာလ။ ဖျဉ်းအနာစွဲလိမ့်မည်ဟု-နိမိတ်ဘတ်လိုက်လေသည်။ ပြန်ခဲ့၍ လမ်းခရီးတွင်။ ပုဏ္ဏားနှင့်တွေ့လေသော်၊ အကြောင်းမျိုးကို မေးမြန်းပြီးမှ၊ ပုဏ္ဏေားမ၏ ဆံထုံးကိုလှီး၍ ပစ်လိုက်သည်တွင်။ မိုဃ်းကြိုးပစ်လေသတည်း။ ပုဏ္ဏားကလည်း။ ထိုအိပ်မက်သည်။ အတုမရှိသောအိပ်မက်ဖြစ်သည်၊ မင်း၌ခစားရမည်။ မရှည်မကြာ။ မဟာသမုဒ္ဒရာနား၌။ ပြည်ကြီးမြို့ကြီးဝယ်မင်းဖြစ်လိမ့်မည်ဟု။ ဟောပြောလိုက်၍-နန္ဒကုမ္မာမင်းသားလည်း။ ဗါရဏသီမင်းထံဝယ်။ ဇန္ဒုလကုမ္မာနှင့်။ အတူခစားလေသော်။ ဗါရာဏသီမင်းလည်း။ နန္ဒကုမ္မာမင်း၏။ အရောင်အဆင်းအင်္ဂါလက္ခဏာ။ အကျင့်အာစာရ။

အပြုအမူအပြောအဆို။ အနေအထိုင်။ အစားအသောက်တို့ကိုမြင်လျှင်။ ချီးမွမ်းနှစ်လိုဘွယ်ရှိ၍။ သား၏အမှတ်ချစ်ကြည်မြတ်နိုးလေသည်။ ပုဏ္ဏားမကဆိုသည့်နှုတ်နိမိတ်အတိုင်းလည်း။ ဝမ်း၌ဖျဉ်းအနာစွဲ၍။ ခုနစ်ရက်ခန့်မျှ။ မခစားနိုင်။ နန္ဒကုမ္မာမရှိသည်အခိုက်။ ဗန္ဓုလကုမ္မာသည်။ ချုပ်ခြယ်လိုသောစိတ်ဖြင့်။ နန္ဒကုမ္မာအိပ်မက်သည်အကြောင်း၊ ပုဏ္ဏားမက ဟောပြောသည်အချက်များကို။ ဗါရာဏသီမင်းအား။ လျှောက်ထားလေလျှင်။ ဗါရဏသီမင်းလည်း။ နန္ဒကုမ္မာကို။ သားကဲ့သို့ ချစ်ကြည်သည်၏ အဖြစ်ကြောင့်။ အလိုအလျောက်။ သေလေစေရည်၍။ ဗါရာဏသီပြည်၏ မြောက်။ ငါးယူဇနာကွာသောအရပ်တွင်။ ကုမုဒ္ဒာရာကြာပန်းကိုဆောင်ယူရမည်ဟု။ ခိုင်းစေသောကြောင့်၊ နန္ဒကုမ္မာသွားရလေသော်။ ငါးယူဇနာခရီးအလွန်၌။ ဟိမဝန္တာတောစပ်သို့ရောက်ကာလ။ ပညောင်ပင်ကြီး၏အရိပ်၌နားနေ၍။ ဟိမဝန္တာတောစပ်အရပ်တပါးဝယ်။ သစ်သီးမျိုးပန်းမျိုးတို့ဖြင့်။ ခြံရံလျက်။ အိုင်ကြီးတစ်ခု၌။ သိကြားနတ်တို့ရံဘန်ရံခါ၊ ပျော်မြူးလာ၏။ ကဿပဘုရားသခင်လက်ထက်တော်မှာ မိဖုရားလေးယောက်တို့သည်။ ကုမုဒ္ဒာရာ ကြာလက်စွဲလျက်။ တရားတော်မြတ်ကိုနာသောအဆုံး၌။ အမိဝမ်းမှာပဋိသန္ဓေနေခြင်းသည်။ ဆင်းရဲလှပေစွတကား။ ထိုပဋိသန္ဓေနေခြင်းမှကင်းလွတ်ရစေသောဟု။ ဆုပန်ယူဘူးသောကြောင့်။ ထိုအိုင်တွင်။ လေးရိုးလေးနွယ်မြွာ၍။ တပွင့်တည်းရှိသော ကုမုဒ္ဒာရာ ကြာပွင့်ဤ။ ကြာနတ်သ္မီးလေးယောက်ကို။ သံသေဇဖြစ်လာ၏။ သိကြားနတ်လည်း၊ ကြာနတ်သ္မီးလေးယောက်ကို။ ပြာသာဒ်လေးဆောင်ဘန်ဆင်း၍။ အခြွေအရံနှင့်တကွ။ ရုက္ခစိုးနတ်။ ဆင်။ ခြင်္သေ့။ နွားလားဥသဘတို့ကို။ တဦးစီအပ်၍။ အစောင့်အရှောက်ထား၏။ နန္ဒကုမ္မာလည်း။ ညောင်ပင်ရိပ်၌ နားနေသည်ကို။ နွားလားဥသဘတွေ့၍။ ကုမုဒ္ဒာရာကြာပွင့်ယူလာကြောင်းကို ပြန်ပြောလျှင်။ လူသာမညကား။ ရောက်နိုင်မည်မဟုတ်။ သည်အရပ်ကို ရောက်နိုင်သောသူသည်။ ဘုန်းတန်ခိုးရှိသောသူပေတည်းဟု။ အောက်မေ့၍။ နွားလား ဥသဘက။ စောင့်နေသော နတ်သ္မီးနန်းကို၊ ညွှန်ပြလိုက်သောကြောင့်။ သွားလေလျှင်၊ ကြာနတ်သ္မီးမြင်လေသော်။ ရှေးကုသိုလ်ကံ။ စီမံကြုံကြိုက်ကြသည်အချိန်သို့ ရောက်သဖြင့်။ တကိုယ်တစိတ်တည်း ဖြစ်ကြလေ၏။ ဆင်။ ခြင်္သေ့။ ရုက္ခစိုးနတ်တို့နှင့်လည်းတွေ့၍။ ရှေးနည်းသွားလေသော်။ ဆင်။ ခြင်္သေ့။ ရုက္ခစိုးစောင့်တို့သည်။ စောင့်ရှောက်သော ကြာနတ်သ္မီးတို့နှင့်။ နန္ဒကုမ္မာ တကိုယ်တစိတ်တည်းရှိသည်ဖြစ်၍။ ကုမုဒ္ဒာရာကြာပန်းယူလာကြောင်းကို ပြောဆိုလျှင်။ ကြာနတ်သ္မီးတို့ကလည်း။ ကုမုဒ္ဒာရာကြာပန်းသည်။ ကျွန်ုပ်တို့အမိပင်ဖြစ်သည်ဟု ပြောဆို၍။ ကုမုဒ္ဒာရာကြာပန်းကို ဆောင်ယူပြီးလျှင်။ နန္ဒကုမ္မာ

နှင့် ကြာနတ်သမီးလေးယောက်။ မိဋ္ဌာန်သစ္စာပြုကြလေသော်၊ ဘုရားလောင်း၏ သစ္စာအာနုဘော်သည်။ အပြီးတိုင်မြဲဖြစ်ကုန်သည်ကိုရည်၍။ ။ ဗောဓိသတ္တာ။ ဖျာဒိတ်ရတို့၊ မြွက်ဟဆောက်တည်။ မိဋ္ဌာန်သည်ကား။ သွေတည်မလွဲ။ မချွတ်ဘဲ လျှင်။ ပြီးမြဲကေန်။ စင်စစ်မှန်၏-ဟူ၍ငင်း။ ။ နန္ဒကုမ္မာသည်။ ပြာသာဒ်စီး လျက်။ ကြာနတ်သမီးလေးယောက်နှင့် ကောင်းကင်ခရီးကိုလာခဲ့၍။ ဗာရဏသီ ပြည်အနီးသို့ရောက်လျှင်။ ပြာသာဒ်မှသက်၍။ ကုမုတ္တရာကြာပန်းကိုဆောင်ယူပြီး ကာလ။ နန္ဒကုမ္မာလည်း။ ဗာရာဏသီမင်းအားဆက်သ၏။ ကြာနတ်သမီးလေး ယောက်ပါကြောင်းကို။ လျှောက်ထားလေသော်၊ ဗာရာဏသီမင်းသည်။ မှူးမတ် ဗိုလ်ပါတို့နှင့် ထွက်ကြည့်ရာ။ ဗာရာဏသီမင်းထွက်လာသည်ကိုမြင်လျှင်။ ကြာန တ်သမီးတို့စီးသည့်။ ပြာသာဒ်လေးဆောင်သည်။ ကောင်းကင်သို့မြင့်၍ပြန်လေ၏။ နန္ဒကုမ္မာကိုခေါ်ပါလေ့ဟုဆိုရာ။ အရှင်အားထိုက်လျှောက်သည်ဖြစ်၍။ ဆောင်ယူခဲ့ပါသည်။ ကံကြမ္မာဘန်လာလျှင်။ ခေါ်တော်မူသည်ကာလ။ အသျှင့် အထံတော်သို့ရောက်ပါလိမ့်မည်ဟု။ လျှောက်လေသော်။ ဗာရာဏသီမင်း ခေါ်သည်ကို။ ပြာသာဒ်လေးဆောင်တို့မြေသို့မနိမ့်ရှိလေ၏။ နန္ဒကုမ္မာကိုခေါ်ပါ လောဟုဆို၍။ နန္ဒကုမ္မာက ခေါ်သည်ကာလမှသာ။ လေးဆောင်သောပြာသာဒ် တို့သည်။ လဲဝါဂွမ်းပွင့် ကျဘိသကဲ့သို့။ နန္ဒကုမ္မာရှေ့တော်အောက်သို့။ ရောက်လာ လေသတည်း။ နန္ဒကုမ္မာကို ပြာသာဒ်ယှဉ်လျက်။ တင်ဆောင်ပြန်လေ၏။ ဗာရာဏသီမင်း၌ လည်းသားမြေးမရှိ၍။ သား၏အမှတ်ဖြင့်၊ ကြာနတ်သမီးလေး ယောက်နှင့်တကွ။ နန္ဒကုမ္မာကို။ ငါနှင့်အတူတိုင်းနိုင်ငံ။ ပြည်ရွာကိုအုပ်ချုပ် စောင်မ၍။ ငါ၏ကိုယ်စားဖြစ်စေဟု။ နှင်းအပ်လေ၏။ ဗာရာဏသီမင်း မရှိ သည့်နောက်။ နန္ဒကုမ္မာမင်းဖြစ်လေလျှင်။ ဗာရာဏသီမင်း၏ညီ။ ကောသမ္ဗီမင်း၏ သမက်ဖြစ်သော သုဒတ္တလည်း။ နန္ဒကုမ္မာမင်းကို။ အကြိမ်ကြိမ်လုပ်ကြံလေသော်၊ အလိုမပြည့်ရှိလေ၏။ နန္ဒကုမ္မာမင်း၏ ဘုန်းသမ္ဘာကြောင့်။ ရက္ခစိုးနတ်တို့၊ ကု မုတ္တရာကြာရိုးကြာနွယ်။ ကြာရွက်။ ကြာမှုံ၊ ကြာပွင့်၊ ကြာချပ်၊ ကြာယပ် တို့ကို ဆောင်ယူလျက်။ တနေ့မပြတ်နန်းဦး၌။ စုပုံဆက်သလာ၏။ ညောင်ပင်စောင့်နတ် လည်း။ ညောင်ညွန့်ညောင်ရွက်တို့ကို။ တစ်ရက်မကင်း။ ကုမုတ္တရာကြာပန်းနှင့် အတူ၊ ဆက်ပို့စုပုံလာ၏၊ နန္ဒကုမ္မာမင်းလည်း၊ ကုမုတ္တရာကြာပန်းကျေးဇူးကြောင့်။ မင်းအဖြစ်ကိုရခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း။ အကြောင်းအကျိုးကိုအောက်မေ့ ဆင်ခြင်၍။ ထိုကြာရွက်ကို၊ မျက်နှာကြက်ပြုပြီးလျှင်။ ကြာပွင့်၊ ကြာချပ်၊ ကြာယပ်တို့ကို၊ ပတ်လည်ဆွဲထားလျက်။ ညောင်ညွန့် ညောင်ရွက်တို့ကိုလည်း။ ကြာချပ်ကြာယပ်၌၊ ချပ်ကာချပ်ကာဆွဲထားရ၏။ တနေ့မပြတ်တရက်မကင်း။

လဲလှယ်ရသည် သူကောင်းဖြစ်ရာ။ ချက်မြှုပ် မိဘတို့အရာဌာန။ သုံးပါးသော အရပ်ကို။ မမေ့အပ်ဆိုသည်နှင့်အညီ။ လေးနွယ်လေးမြွာသောကြာရိုးတို့ကို။ လေး သွယ်လေးချက်ကန့်၍။ ညောင်ရွက်ညောင်ခွတို့ကို။ အခြေပြု၍။ခေါင်းရင်းက။ ကြာရွက်အဖျားလိပ်သည် သဏ္ဍာန်။ ခြေရင်းကကြာရွက်အရင်း၏၊ အပဟန်နေရာ ပြု၍အိပ်၏။ ထိုနေရာကို။ အခြားနေရာထက်။ သာလွန်မြတ်နိုးသည်ဖြစ် သောကြောင့်။ (သာလွန်နေရာဟုသမုတ်သည်) ကာလရှည်လျားသဖြင့်၊ သလွန် ဟုခေါ်ဝေါ်လေသည်။ နောက်နောက်မင်းတို့လက်ထက်။ ရွှေဖြင့်ငွေဖြင့်။ ပိတ်။ ရမထည်။ သာခါ။ ဘင်္လား အစရှိသည်တို့ကို။ ညောင်ရွက်လုပ်၍ ဆွဲထားလေ သည်၊ ကြာရိုးကြာရွက်။ ကြာပွင့်။ ကြာချပ်။ ညောင်ရွက်။ ညောင်ခက်။ ညောင်ညွှ န့်အစရှိသည်များကို၊ သုံးဆောင်ပြုလုပ်သည်ဖြစ်၍လည်း။ (သလွန်ညောင်စောင်း ခေါ်ဝေါ်လေသည်)၊ အစဖြစ်ရင်းမူကား။ ကြာညောင်ကိုအစွဲပြု၍။ ။ ဝန်းရှက် ကြာညောင်။ လရောင်ပြက်ကာ။ မွှေ့ရာကြက်ရုံး။ သဇင်အုံးထက်။ ။ ဟူ၍ငုင်း။ ။ သလွန်ကြာညောင်။ ခန်းသာချောင်ဝယ်။ ကိုယ်ရောင်နှင့်သာ၊ ဆီမီးဝါဟု။ ။ ဟူ၍ငုင်း။ ။ သူကောင်းပြုရာ။ ချက်မြှုပ်ရာ။ မိဘတို့အရာ၊ သုံးပါးကို မမေ့သင့်မ မေ့ရာ။ ဆိုခဲ့သည်အတိုင်း။ ။ သုံးဆင့်ရပ်ရွာ။ မမေ့ရာဟု။ စဉ်လာဆိုမှူ။ ထုံးတန္တု ဟု။ ။ လျှောက်ထားလေ၏။

မျက်နှာကြက်။ ကြာယပ်။ သလွန်ညောင်ရွက်-အခဏ်းပြီး၏။

၄၆ ~ 46

"နန်းမအတွင်းအရှေ့ကွန်းစဉ်အတွင်း၌တည်ထားသည်။ ကြေးပြာသာဒ် တော်၏အကြောင်းမှာ။ နလသာတီဝင်။ တိဏာသာကီဝင်၊ ကဌသာကီဝင်။ သုံး မျိုးကွဲပြားကြသည်နှင့်။ တိဏာသာကီဝင်မျိုးသည်။ မဇ္ဈိမဒေသကထွက်၍။ တကောင်းတည်ဟောင်းအရပ်၌။ ပြည်တည်သည်။ သတိုး (၁၇ ဆက်အတွင်း) သတ္တဝါတို့ကံကြောင့်။ နဂါးပေါ်ရှိသည်။ ညည၌အချိန်ကိုနန်းသို့ရောက်သည်။ နဂါး၏အန္တရာယ်ကို။ ကွယ်ကာနိုင်စိမ့်သောငှါ။ ကြေးကိုပြာသာဒ်လုပ်၍။ လေးမျက်နှာသံကွန်ရွက်ပိတ်သည်။ တံခါးအောက်ဘောက်သည်။ တံခါးရွက်ကျဉ် တတ်သည်။ ယပ်သံလျောက်ဒုတ်ထားတို့ကို။ လက်ဝဲနံတောင်းကထားသည်၊ ည၌ သန်းခေါင်။ အနုရာဓ။ ဇေဋ္ဌ။ နက္ခတ်နှစ်လုံးတွင်။ အနုရာဓ-နဂါးလည်ဆစ် သဏ္ဍာန် နက္ခတ်နှင့် စန်းယှဉ်သော်ငင်း၊ ဇေဋ္ဌ။ နဂါးချက်သဏ္ဍာန်နက္ခတ်နှင့် စန်း

ယှဉ်သော်ငင်း၊ တစ်လုံးလုံး-စန်းယှဉ်တည့်မတ်သည်ကာလ။ နဂါးပေါ်ရောက်မြဲ အတိုင်းလာရောက်သည်နှင့်။ သံကွန်ရွက်ဒုတ်ထားဖြင့်။ ချင်းချင်းခတ်သည်ကို။ နဂါးအဆိပ်ဖြင့်မွန်းသည်။ မင်းလည်း ယပ်ဖြင့်ကာသည်။ တံခါးကိုဘွင့်၍။ သံ လျက်နှင့် နှိမ်နင်းလေလျှင်။ နဂါးသေလေသည်။ "ထိုနဂါး၏အရေကို။ အသပြာတ ရာဆုပေး၍ဆုပ်စေသည်။" အသပြာတထောင်ပေး၍-နဂါး၏အရေကို အင်္ကျီချုပ် စေသည်။ ထိုအင်္ကျီကိုဝတ်ဆင်စေသည်။ ထိုဝတ်ဆင်ရသောသူတို့ကား- သူရဲကောင်းမှတ်သတည်း။ သူရဲကောင်းမှ ဝတ်ဆင်ကြရသည်ကို ရည်ရွယ် အစွဲပြု၍။ နောက်နောက်မင်းတို့လက်ထက်။ နဂါးရေကဲ့သို့။ သံကိုလုပ်ချုပ်လေ သည်။ သံချပ်အင်္ကျီခေါ်ဝေါ်လေသည်။" တကောင်းပြည်တွင်။ အစဉ်သုံးဆောင် ပြောဆိုကြသည်မှာ။ ။ (ရာပေး၍ဆုပ်။ ထောင်ပေး၍ချုပ်-ဟူသောစကားကို ပြောဆိုကြလေသည်။) ။ ။ နဂါးတို့သည်ရေနေဖြစ်လျက် ကြည်းကုန်းသို့ရောက် နိုင်သည်။ ရေ၌အဘယ်ဆိုဘွယ်ရာရှိအံ့နည်းဟုအယူရှိ၍။ ရေကြောင်းသဘင်ခံ သည်ကာလ လုံခြုံစိမ့်သောငှါ။ ကြေးပြာသာဒ်လုပ်ပြန်၍။ လှေတွင်တင်သည်။ ရွှေထီးရွှေနန်းအဆက်ဆက်၊ ရွှေနန်းတက်သိမ်းလျှင်။ ကြေးပြာသာဒ်တွင် ခုနစ် ရက်စက်တော်ခေါ်သည်။ ယင်းသို့ စက်တော်ခေါ်ပြီးမှ။ အလိုတော်ရှိရာ စက်တော်ခေါ်သည်။ ကြေးပြာသာဒ်တော်မှာ။ အရှေ့သို့ခေါင်းရင်းထားသည်။ သလွန်တော်မှာတောင်သို့ခေါင်းရင်းထားသည်။ အိပ်သည်ကာလ။ ဥက္ကောင်းပြုရာ အရပ်ကိုလည်း။ ကမ္ဘာတန်ဆာ ဗေဒင်ကျမ်းလင်္ကာတွင်။ (အိပ်သည့်သောခါ။ ဒက္ခိဏာနှင့်။ ပြုပ္ပာကိုကား။ ဥက္ကောင်းထားလောဟူ၍ဆိုလေသည်)။ ။ "ပုဗ္ဗေသိ ရောသိမေဓါဝီ။ ဒက္ခိဏေသိရောသိအာယုဏံ။ ။ အစရှိသောပါဠ်ကိုထောက်၍ သိ ရပါသည်ဘုရားဟု သံတော်ဦးတင်လေ၏။" ။

ကြေးပြာသာဒ်အခဏ်းပြီး၏။

၄၇ ~ 47

"ရွှေကိုထုလုပ်၍နန်းစဉ်မင်းရုပ်ထုထားသည်အကြောင်းမှာ၊ အဇာတသတ် မင်းသည်။ ခမည်းတော် ဗိမ္ဗိသာရမင်းအား ပြစ်မှားမိသည်အတွက်။ ပဉ္စာနန္တရိယ ကံထိုက်လေသောကြောင့်။ ဘုရားသခင်၏အမိန့်တော်အတိုင်း။ ခမည်းတော် အရုပ် ပြီသစ္စာရွှေသားကိုထုလုပ်၍ပူဇော်ကန်တော့ပြုရာတွင်မှ။ ဒုသုဝိန။ ဒုနိမိတ္ တ။ ဒုဒိဿတို့သည် ပျောက်၍ ချမ်းသာခြင်းသို့ ရောက်တော်မူပါကြောင်းကို

အစွဲပြု၍။ နန်းစဉ်ရွှေရုပ်ထုတော်ကိုထုလုပ် နေ့စဉ်ပူဇော်ကန်တော့သည်မှာ လည်း၊ တန်ဆောင်းသုံးထပ်။ ကြာယပ်နှင့် လေးမျက်နှာသံကွန်ရွက်ရွှေချ။ တံခါး သော့ခတ်။ ဇေတဝန်ဆောင်တော်ကွန်းစဉ် အတွင်းတွင်။ အနောက်သို့ မျက်နှာပြု၍။ စီဆင်ခင်းကျင်းထားလေ သည်ဟု-ဆိုသည်ကိုအကြောင်းပြု၍။ ။ မျက်မြတ်စီးဆင်။ ပေါင်းပြင်ရတနာ။ မင်းတန်ဆာနှင့်။ စဉ်လာရှေးတီး။ နည်းပြည့် မှီသား။ ဘုန်းကြီးမင်းပေါင်း။ ဘေးလောင်းဘေးကျော်။ ဘိုးတော်မင်းချစ်။ ဖြစ်စေ တည့်ချည်း။ ခမည်းတော်တိုင်။ မယ်တော်ပြိုင်လျက်။ ရောင်ဆိုင်ရွှေဥ။ မင်းရုပ်ထု ကို။ သာစုကော်ရော်။ ပူဇော်သက္ကာ။ ကြည်ညွတ်စွာမှ။” ဟူ၍စပ်ဆိုတင်လျှောက် လေ၏။

နန်းစဉ်ရုပ်အခဏ်းပြီး၏။

၄၈ ～ 48

ထွက်တော်မူဝင်တော်မူ။ စည်တော်၏အကြောင်းမှာ။ ။ “ပြုပ်ပြုပ်ဟူသည်။ ထိန်ဆူထန်ပြွမ်း။ စည်တော်ရွမ်းလျက်။ သာချမ်းညွှန့်လူ။ ထွက်တော်မူရှင့်။ ဟူ၍ငင်း။ ။ တီးမျိုးမြောက်စည်။ ခုနစ်မည်နှင့်။ တံရည်တံမြွာ။ သပြေသာ တည်။ သဓါတုပြီ။ နှစ်စဉ်စီလျှင်။ ဟူ၍ငင်း – မြွဲစည်အရံ။ ဝန်းအရံနှင့်တကွ၊ တတန်တခန်းဖြစ်သည်။ ။ စုံညီတတန်။ သည်နောက်ထွန်းသား။ စည်ဝန်း လုံးလုံး။ တဆိုသုံးတွင်။ ပတ်ကုန်းရမြဲ။ တတိုင်းနဲ့နှင့်။ မကွဲလက်ချပ်။ နှစ်စီ ကျပ်၍။ သံထပ်တံပိုး။ ငါးစင်းပြိုးလျက်-ဟူ၍ ဝန်းစည်အရံနှင့်တကွ။ တတန်တ ခဏ်းဖြစ်သည်။ ။ သည်နောက်သက်ကာ။ သံထွက်ညွှန့်လူ။ စည်ပြောဟူ၍။ ရည်တူမပြား၊ နှစ်ဆယ်ငါးနှင့်။ ပြည်အားကြီးဖြိုး။ နဲ့တံပိုးတည့်။ ပြည်ရိုးစည်ပုတ်။ မြည်ထုပ်ဗုန်သာ။ မြည်စွာလင်းခွင်း။ တစ်စီကျင်း၍။ သံညှင်းနဲ့ငယ်။ ငါးစင်းသွယ် မှ၊ တဆယ်ငါးတန်။ ခရာရံလျက်။ ။ ဟူ၍ငင်း၊ ပြောအရံနှင့်တကွ။ တတန်တ ခဏ်းဖြစ်သည်။ ။ အောင်သံကြူးကြွေး၊ ရှေ့တော်ပြေးတို့၊ နက်လေးသာယာ။ ရှေ့တော်သာဖြင့်။ ချင်းရာအောင်ဆု။ နန်းရတုကို။ ထိုမှုမှတ်ထွေ။ ညီညွတ်စေဟု။ သံခြွေဟမြွက်။ အမှုထွက်က။ ငြိမ်သက်နာခံ။ ဘွင်သံခါကျော်။ နန်းကိုပျော်သည်။ ။ စည်တော်သုံးသွယ် ရပ်ဟန်တည်း။ ။ ဟူ၍ ထွက်စည်တော်အကြောင်းကို သံတော်ဦးတင်ပြီးသည်နောက်။ ။ ဝင်စည်တော်အကြောင်းမှာ။။ ဝင်တော်မူရာ။ စည်တော်မှာလည်း။ တီးခါစည်ကြီး လွှဲတုံပြီး၍။ ထို့နည်းလိုရာ။ ဘာသာအလိုက်။

ကြိုက်ရာကြိုက်ရာ။ တူရိယာကို။ ရာဇာမင်းတို့။ တီးမြဲတည်းဟု။ ။ တင်လျှောက်လေ၏။

ငွေမောင်းငါးချက်တီးသည်မှာ။ ။ ဝင်တော်မူတော့တော်။ ဟု။ အရှင်မိဖုရားကလျှောက်သည်။ အက္ခရာ ငါးလုံးကိုရည်၍။ ငါးချက်တီးသည်။ ဆိုလိုသည်။ တီးကြောင်းကိုလည်း။ ။ ညောင်းတော်မူတော့မည်။ ၊ တနည်းလည်း။ ဝင်တော်မူဘုရား။ မှုးတော်မတ်တော်တို့ကလျှောက်ဟန်။ တီးသည်ဆိုပါသည်၊ လောကဝတ်။ ရာဇဝတ်စုံ။ ငါးပါးသင့်ရာမှတ်ယူပါကြောင်းကို သံတော်ဦးတင်လျှောက်လေ၏။

ဗဟိုရ်စည်တော်၏အကြောင်းမှာ။ ။ တကောင်းပြည်တွင်။ သတိုးတိုင်းရ။ မင်းပြုသည်ကာလ။ ခေါင်းလောင်းကြီးငါးလုံး။ စည်ကြီးငါးလုံးကို။ နတ်တို့ဆက်သလာကုန်၏။ ခေါင်းလောင်းကြီးငါးလုံးအမည်ကား။ နားတော်လျှောက်။ နားတော်တင်။ နားတော်ပါး။ နားတော်စောင့်။ နားတော်အန်ဟူ၍ သမုတ်၏။ စည်ကြီးငါးလုံးအမည်မှာကား။ ပေါက်ချိုးစည်ကြီး။ တပြင်စည်ကြီး။ စကားစည်ကြီး၊ ပိတောက်စည်ကြီး။ ကျွန်းစည်ကြီး။ ထိုငါးလုံးစည်ကြီးတို့သည်။ အဝလေးထောင်စီရှိ၏။ မုရိုးစည်ကြီးနှစ်လုံးမှာ။ ကနက္ကတန်ထီးဖြူအပါးတွင်။ တဘက်တလုံးစီထားသည်။ စည်ကြီးငါးလုံးအနက်။ စကားစည်ကြီးသည်။ ။ ဗဟိုရ်စည်ဆိုသည်။ လေးလုံးစည်မှာ မြို့လေးမျက်နှာတံခါးစည်ဆိုသည်။ ။ ဗဟိုရ်စည်ကိုစ၍တီးလျှင်။ နေတက်တချက်တီးကစ၍။ နှစ်ချက်တီး။ သုံးချက်တီး လေးချက်တီး။ တချက်တိုးသဖြင့်။ ဝမ္မနမင်္ဂလာအညွန့်အတိုးကိုယူ၍ တီးလေသည်။ တချက်တီးကို။ တဆယ်တချက်။ နှစ်ချက်တီးကို နှစ်ဆယ်နှစ်ချက်။ သုံးချက်တီးကို။ သုံးဆယ်သုံးချက်။ လေးချက်တီးကို။ လေးဆယ်လေးချက်။ လေးချက်တီးကိုပေါင်းသော်။ အချက်ပေါင်းတရာတဆယ်ဖြစ်သည်။ တရာတဆယ် ဂဏန်းကို။ လေးခုနှင့်စားလျှင်။ လပ်နှစ်ဆယ် ခုနစ်ခုရသည်။ သေသနှစ်ခု ကြွင်းသည်။ ။ လပ်နှစ်ဆယ်ခုနစ်ခုမှာ။ သတ္တာဗီသနက္ခတ်။ နှစ်ဆယ်ခုနစ်လုံး။ အကြွင်းနှစ်ခုမှာ။ (နေလ) စားချေလေးခုမှာ ဓါတ်လေးပါးဆိုပါသည်။ ကမ္ဘာတည်စ။ နေလနက္ခတ်တို့မရေးမနှောင်းပေါ်ထွန်းသည်။ ဓါတ်လေးပါးဖြစ်သည်။ ကမ္ဘာတည်စ နေ လနက္ခတ်တို့ကိုရည်၍။ နေ့ညဥ့်တို့၌။ တချက်တီးခြင်း။ နှစ်ချက်တီးခြင်း။ သုံးချက်တီးခြင်း။ လေးချက်တီးခြင်း။ အချိန်နာရီဖြင့် ပိုင်းခြားရာဝယ်။ တဆယ်တစ်ချက်။ နှစ်ဆယ်နှစ်ချက်။ သုံးဆယ်သုံးချက်။ လေးဆယ်လေးချက်။ မှတ်သား၍။ ဥပဒေပြုလေသည်။ တချက်တီးနှစ်ချက်တီးသုံးချက်တီး။ လေးချက်တီးတို့တွင်။ နောက်ဆုံး တချက်၌။ ရပ်ငံ့၍ ခေါင်းလောင်းစည်တို့ကိုတီးသည်မှာ။ တလျှောက်

တည်း ခေါင်းလောင်းသံ စည်သံ အည်ံမပြတ်စေရ။ အရှည်အလျားအညွန်အသား ငင်၍။ ဒီဃသဒ္ဒကုံရ။ မင်္ဂလာကိုလိုက်သဖြင့်။ တီးပါကြောင်းကိုလည်း ရှိခိုး သံတော်ဦးတင်လေ၏။

မင်းကြားစည်မင်္ဂလာစည်တော်၏ အကြောင်းမှာ။ မင်းကြားစည်ကိုပင်။ မင်္ဂလာစည်ခေါ်သည်။ မင်းကြာစည်။ မင်္ဂလာစည်ခေါ်ဝေါ်သမုတ်ကြောင်းမှာ။ နယာယည်ပြည်၌၊ ဓမ္မရာယည်မင်းလက်ထက်။ ပြည်သူပြည်သားတို့ မလျှောက်မကြားနိုင်ရာ။ လျှောက်ကြားလိုလျှင်။ စည်ကြီးကိုတီးစေရအောင်။ ရည်၍။ နန်းဦး ရှေ့ရင်ပြင်၌။ အဆောက်အဦးလုပ်၍။ ဆွဲထားသည်။ ထိုစည်ကိုတရားသဖြင့်။ ထားသောကြောင့်။ တရားစည်ကြီးဟုခေါ်ဝေါ် သမုတ်သည်။ ထိုနယာယည် ပြည်၌။ မင်းတို့သဘင်ခံသည်ကာလ။ ကြိုးကြာငှက် ဘိုမတို့သည်။ ကောင်းကင် ကပွဲသဘင် ရှုသည်ကို။ ဓမ္မရာယည်မင်း၏သားတော်။ သူရိယကုမ္မာ။ စန္ဒကုမ္မာ မင်းသားညီနောင်တို့သည်။ ငါတို့အထက်က။ ငှက် တိရစ္ဆာန်များနေရမည်လော ဟု-ရည်လျက်လေးနှင့်ပစ်သည်တွင်။ ကြိုးကြာဘိုသေ၍ကျလာ၏။ ကြိုးကြာ မသည်။ ငှက်တို့ဘာသာ ကောင်းကင်ခရီးဖြင့်။ ငါတို့သည်သွားမြဲမြန်းမြဲ။ ရပ်တန့် နေပါသည်ကို။ အပြစ်မရှိဖြစ်ပါလျက်။ အသျှင့်သားတော်များ။ လေးနှင့်ပစ်ပါ သောကြောင့်။ ကျေးဇူးသျှင်ငယ် လင်သေဆုံးရလေပြီတကား။ ကယ်ဆယ်တော်မူ နိုင်လျှင်။ ကယ်ဆယ်တော်မူပါဘုရားဟု။ တီတီတာတာ။ အတောင်ရက်ခါ ကန်တော့ပြီးလျှင်။ နယာယည်စည်တော်ကြီးကို။ နှုပ်သီးဖြင့်ခေါက်သည်တွင်။ ဓမ္မရာယည်မင်းတရား။ ရွှေနားကြားလေငြားရကား။ ထိုကြိုးကြာဘိုကိုပစ်သော မင်းသားသည်။ ငါ့သားပင်ဖြစ်သော်လည်း။ သေစားသေစေဟု၊ ဝိနိစ္ဆိတ။ ဓမ္မ အနှုန်း။ ဆုံးဖြတ်ချက်ကို။ အကြောင်းပြု၍။ တိုင်းသားပြည်သူတို့၊ မင်းကြား အောင်တီးရန်။ ထားသည်စည်ဖြစ်သောကြောင့်။ တရားစည်ကြီး ခေါ်ဝေါ်သမုတ် ပါကြောင်း။ နောက်နောက်မင်းတို့လက်ထက် အကြီးအကျယ်အရံအကာလုပ်လေ လျှင်။ အရံအကာ၏အတွင်း၌။ စည်ကြီးရှိလေသည်။ ရှေးဖြစ်ဟောင်းအကြောင်း ကိုအစွဲပြုသဖြင့်။ နောက်နောက်မင်းတို့ဝယ်။ ထွက်တော်မူကြီး။ ထွက်တော်မူ၍။ ဝေါတော်ရှေ့က။ ဝေါတော်ရွှေ့လျှင်ပင်။ တဆယ်တချက်တီးသည်။ မင်္ဂလာကြီး ထွက်တော်မူလျှင်။ တီးသည်ဖြစ်၍။ မင်္ဂလာစည်တော်ခေါ်ဝေါ်သည်။ မင်းထွက် တော်မူကြောင်းကို။ ကြားသိအောင်။ တီးသောကြောင့်လည်း။ မင်းကြား စည်တော် သမုတ်ပါသည်ဘုရားဟု တင်လျှောက်လေ၏။

ဝတ်ကောင်းနားဒွောင်း။ အပေါင်းအထုပ်နှင့်၊ ရွှေပြည်စိုး။ ဆယ်တချက်တီး သည်အကြောင်းမှာ။ အချိန်သင့်ပြီ။ ထွက်တော်မူဦးတော့ဘုရား၊ ။ ဆယ့်တစ်လုံး

သောအက္ခရာစကားဖြင့်။ လျှောက်ထားဟန်။ ဆယ့်တစ်ချက်တီးလေသည်။ တနည်းလည်း။ အခါတော်ပြည့်စုံပြီ။ ထွက်တော်မူဘုရား။ ဟူ၍လည်းဆိုသည်။ ။ ယခင်အောက်က ဆိုခဲ့သည့် တကောင်းမင်းတွင်၊ ကနက္ကတန်ထီးဖြူအရံ။ လက်ဝဲလက်ျာ။ တစ်လုံးစီထားရာ။ မရိုးစည်သည်။ မင်းထွက်စံတော်မူသည်ကာလ။ တီးသည့်စည်ဆိုသည်။ ရှေးစကားဟောင်းများတွင်။ ။ ကြားကျောသည်ပိမ့်။ မိုဃ်းမြေသိမ့်မျှ။ ရောက်လိမ့်စကြာ။ ရောစည်ကြီး၊ ချိမ့်ချိမ့်တီးသည်၊ ရန်ဆီးလွဲကြမ်း။ ။ ဟူ၍လျှောက်လေ၏။

စည်တော်ကိုတင်လျှောက်ခဏ်းပြီး၏။

၄၉ ～ 49

မြင့်မိုရ်တောင်ဝယ်၊ အရောင်လေးပါးကိုအစွဲပြု၍။ ဝင်းလေးမျက်နှာ ဝင်းမှတ်၊ ၊ အလံလေးစင်းသည်။ အရှေ့ဝင်းအလံဖြူ။ လက်ျာဝင်းအလံစိမ်း အနောက်ဝင်းအလံချိပ်။ လက်ဝဲအလံဝါ။ မှတ်သားဆောင်ရောင်လေသည်။ သို့ဖြစ်ပါ၍။ ။ ရှေ့ဝင်းငွေဝါ။ လက်ျာအစိမ်း။ ချိပ်ရှိန်းနောက်စွဲ။ လက်ဝဲရွှေလုံ။ အလံလေးစင်း။ သျှင်ရင်းမှတ်တော် မူပါဘုရား-ဟုလျှောက်ထား သံတော်ဦးတင်လေလျှင်။ အလွန်အားရနှစ်သက်တော်မူသည်ဖြစ်၍။ မင်းကြီး ပညာရှိပေသည်တကားဟု။ ချီးမွမ်းတော်မူပြီးခါ။ အဘိုးတသောင်းတန်။ မြလက်စွပ်တကွင်း။ ဆုသနားတော်မူလေ၏။

ဝင်းလေးမျက်နှာ အလံလေးစင်းအခဏ်းပြီး၏

၅၀ ～ 50

“နောက်တနေ့ညဥ့်ညီလာခံ၌။ မင်းကြီး။ လောကတွင်မင်းဟူ၍ ခေါ်ဝေါ်ခြင်း။ မိဖုရားဟူ၍ ခေါ်ဝေါ်ခြင်း။ အိမ်ရှေ့မင်းဟူ၍ ခေါ်ဝေါ်ခြင်း။ စစ်သူကြီး။ ဝန်ကြီး။ အတွင်းဝန်။ ဝန်ထောက် စသော အခြင်းအရာတို့ကိုသရုပ်နှင့်တကွ။ တင်ပြလျှောက်ထားရမည်ဟု။ အမိန့်တော်မြွတ် မှတ်တော်မူလေလျှင်။ ။ “အရှင်ကေရာဇ်မင်းမြတ် ကျွန်တော်မျိုး တင်လျှောက်သောတရားစကားကို ရွှေနားဆင်တော်မူပါဘုရား။”

"ရာဇသေဝကဟူသောပုဒ်၌။ ရာဇာဟူသည်အဘယ်နည်း။ သေဝကဟူသည် အဘယ်နည်းဟူမူကား၊" ရာဇာဟူသည် အသျှင်စိုးမင်းတည်း။ အသျှင်စိုးမင်းသည်၊ အဘယ်ကြောင့်ရာဇာမည်သနည်းဟူမူ။ ။ စတူဟိသင်္ဂဟဝတ္ထုဟိပရိသံရန္ဇေ တီတိရာဇာ။ ။ ဟူသော ဝစနတ္ထကြောင့်၊ ရာဇာမည်၏။ အနက်ကား။ ။ ယောဘူပါလော။ အကြင်ရေမြေသေဠ်နင်း မင်းမြတ်သည်။ စတူဟိ။ လေးပါးကုန်သော။ သင်္ဂဟဝတ္ထုဟိ။ သင်္ဂဟဝတ္ထုတို့ဖြင့်။ ပရိသံ၊ ပရိသာတ်ကို။ ရန္ဇေတိ။ ချစ်ခင်စုံမက်။ နှစ်သက်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ချစ်ခင်စုံမက်။ နှစ်သက်စေတတ်သော။ သတ္တိနိမိတ်။ ဂုဏ်ထူးဟိတ်ကြောင့်။ သောဘူပါလော။ ထိုရေမြေသေဠ်နင်း။ မင်းမြတ်သည်။ ရာဇာ။ ရာဇ မည်၏။ ဝါ။ မင်းမည်သတည်း။ ။ ဤဝစနတ္ထကား။ ဓမ္မေနပရိသံရန္ဇေ တီတိရာဇာ။ ။ ဟူသော အဂ္ဂညသုတ်ပါဠိ။ ။ ✳ အတ္တနောလ္လသရိယ သမ္ပတ္တိယော။ စတူဟိသင်္ဂဟဝတ္ထု ဟိမဟာဇနံရဉ္စေတိ ဝဍ္ဎေတီတိရာဇာ၊ ဟူသော သာမညဖလသုတ် အဋ္ဌကထာ။ ။ ဒါနာဒီဟိစတူဟိ သင်္ဂဟဝတ္ထုဟိ ပရိသံရန္ဇေတီတိရာဇာ။ ✳ ။ ဟူသောဥဒါန်းအဋ္ဌကထာ၊ များနှင့်အညီတည်း။ တနည်းကား။ ။ နာနာသမ္ပတ္တီ ဟိရာဇတ်ဒိဗ္ဗတီတိရာဇာ။ ။ ယောဘူပါလော။ အကြင်မင်းသည်၊ နာနာသမ္ပတ္တီဟိ။ အထူးထူးကုန်သော စည်းစိမ်ချမ်းသာတို့ဖြင့်။ ရာဇတိဒိဗ္ဗတိ။ ထွန်းတောက်ပတတ်၏။ ဣတိတသ္မာ၊ ထိုသို့ထွန်းတောက်ပတတ်သော သတ္တိအထူး။ ဂုဏ်ကျေးဇူးကြောင့်။ သောဘူပါလော။ ထိုမင်းသည်။ ရာဇာ။ ရာဇမည်၏။ ဝါ။ မင်းမည်သတည်း၊ ၊ ဤဝစနတ္ထကား၊ ။ အတိတေဇဝန္တတာရာယဇတေဒိဗ္ဗတေတိရာဇာ။ ။ ဟူသော အဘိဓါန်ဋီကာနှင့်အညီတည်း။ ။ ဤသို့ပါဠိအဋ္ဌကထာ ဋီကာတို့၌၊ တပ်နှစ်သက်ခြင်းဟော၊ ရန္ဇဓါတ်ဖြင့်၎င်း။ ။ ထွန်းတောက်ပခြင်းဟော၊ ရာဇဓါတ်ဖြင့်၎င်း။ ရာဇသဒ္ဒါ၏ ဝစနတ္ထကိုပြကုန်၏။ ။ ထို့ကြောင့် သဒ္ဒနီတိဓါတုမာလာပါဠ်၌။ ။ တ္တောဓါတုဒွံယဝသေန နိဗ္ဗစနာနိနိယျန္တေ။ နာနာသမ္ပတ္တိဟိ။ ရာဇတိဒိဗ္ဗတိဝိရောစတီတိရာဇာ။ ဒါနဥ္စပိယဝစနဥ္စ အတ္တစရိယာစသမာနတ္တတာစာ တိလ္လမေဟိစတူဟိသင်္ဂဝတ္ထူဟိ အတ္တနိမဟာဇနံ ရဉ္စေတီတိပိရာဇာ၊ ။ ဟူ၍ မိန့်အပ်၏။ ။ တ္တော။ ဤရာဇသဒ္ဒါ၌။ ဓါတုဒွံယဝသေန။ ထွန်းတောက်ပခြင်းဟော။ ရာဇဓါတ်တပ်နှစ်သက်ခြင်း ဟောရန္ဇဓါတ်နှစ်ပါးအပေါင်းဖြင့်။ နိဗ္ဗစနာနိ။ ဝစနတ္ထတို့ကို။ နိယျန္တေ။ ဆောင်အပ်ကုန်၏။ နာနာသမ္ပတ္တိဟိ။ အထူးထူးကုန်သော စည်းစိမ်ချမ်းသာတို့ဖြင့်။ ရာဇတိဒိဗ္ဗတိဝိရောစတိ။ ထွန်းတောက်ပတတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ရာဇာ။ ရာဇမည်၏။ ဒါနဥ္စ။ ပေးကမ်းခြင်း၎င်း ပိယဝစနဥ္စ။ ချစ်ဘွယ်သောစကားကို ဆိုခြင်း၎င်း။ အတ္တစရိယာစ။ သူတပါးတို့၏ အကျိုးစီးပွားကို။ ကျင့်ခြင်း၎င်း။ သမာန

တ္တတာစ။ မိမိကိုယ်တူမူစေခြင်းငှင်း။ မိမိနှင့်တူသော။ သဘောရှိစေတတ်သည်၏အဖြစ်လည်း။ ဟူ၍ အနက်ပေးလေ။ ဣတိ။ ဤသို့။ စတူဟိ။ လေးပါးကုန်သော။ သင်္ဂဟဝတ္ထုဟိ။ သင်္ဂယဝတ္ထုတို့ဖြင့်။ အတ္တနိ။ မိမိ၌။ မဟာဇနံ။ လူများအပေါင်းကို။ ရဉ္စေတိ။ တပ်နှစ်သက်စေတတ်၏။ ဣတိဝိ။ ထို့ကြောင့်လည်း။ ရာဇာ။ ရာဇမည်သတည်း။ ။ ဤကားယောဇနာ။

ထိုမင်းသည်လည်း။ ရာဇဟူသောအမည်တပါးသာ ဖြစ်သည်မဟုတ်။ စင်စစ်သော်ကား။ ဘူပတိ။ ဟူသောအမည်။ ဒေဝ။ ဟူသောအမည်။ မနုဇိန္ဒ။ ဟူသောအမည်။ ဒိသမ္ပတိ။ ဟူသောအမည်။ ပတ္ထိဝ။ ဟူသောအမည်။ ဇဂတိပါလ။ ဟူသောအမည်။ ဘူဘုဇ။ ဟူသောအမည်။ ပထဝိဿရ။ ဟူသောအမည်။ ရဋ္ဌာဓိပ ဟူသောအမည်။ ဘူမိပါလ။ ဟူသောအမည်။ မနုဿိန္ဒ ဟူသောအမည်၊ ဇနာဓိပ။ ဟူသောအမည်။ နရိန္ဒ။ ဟူသောအမည်။ ခတ္တိယ။ ဟူသောအမည်။ ခေတ္တာသာမိ။ ဟူသောအမည်။ ပဘာဝက။ ဟူသောအမည်။ ရထေသဘ။ ဟူသောအမည်။ ဗါဟုဇ။ ဟူသောအမည်။ နရာသဘ။ ဟူသောအမည်။ ဘူနာထ။ ဟူသောအမည်။ နရဒေဝ။ ဟူသောအမည်။ ဘူမိပ။ ဟူသောအမည်။ စတ္တာရော။ ဟူသောအမည်။ ခရိခ။ ဟူသောအမည်။ ဤသို့အစရှိကုန်သော။ များစွာကုန်သောမင်းတို့၏။ အမည်တို့သည် ဖြစ်ကုန်၏။ ။ ထိုအမည်အပေါင်းတို့တွင်။ ရေမြေကိုအစိုးရသောကြောင့်။ ဘူပတိ၊ မည်သည်။ ။ ဘူယာဘူမိယာပတိ ဘူပတိ။ ။ အဘိဓါန်ဋီကာပါ၍။ ။ ဘူယာဘူမိယာ။ ရေမြေကို။ ပတိ။ အစိုးရသည်တည်း။ ဘူပတိ။ ရေမြေကို။ အစိုးရသည်။ ။ တနည်းကား၊ ရေမြေကိုစောင့်တတ်သောကြောင့်လည်း။ ဘူပတိ။ မည်သည်။ ဘုံပါလေတီတိဝါဘူပါလော။ ။ အဘိဓါန်ဋီကာပါ၍။ ။ ဝါ။ တနည်းကား၊ ဘုံ။ ရေမြေကို။ ပါလေတိ။ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ။ ထိုကြောင့်။ ဘူပတိ။ ဘူပတိမည်၏။ ။ ပါရက္ခနေဘိရဿော။ ဟူ၍ အဘိဓါန်ဋီကာလာရကား။ ဘုပတိဟု။ ဥရဿ။ တချောင်းငင်နှင့် ရေးသားဘယ်ရွတ်ရမည်။ ။ ဘာသသဒ္ဒါကိုစွဲ၍။ ဘယ်ဟုရေးသတည်း။

မိမိအာဏာနှံ့ရာအရပ်၌။ အစိုးရတတ်သောကြောင့်။ ဒေဝမည်သည်။ ။ ဒိဗ္ဗန္တိကိဠန္တိအတ္တနောဝိသယေ ဣဿရိယံကရောန္တိတိဒေဝါ၊ ရာဇာနော။ ၊ သဒ္ဒနီတိပါဠ်၌ဒေဝအရကိုငှင်းကဲ့သို့ ဝစနတ္ထပြု။ ။ ဒိဗ္ဗန္တိကိဠန္တိ။ အတ္တနော ဝိသယေဣဿရိယံကရောန္တိ။ မိမိအာဏာနှံ့ရာအရပ်၌။ အစိုးရခြင်းကို၊ ပြုတတ်နိုင်ကုန်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ဒေဝါ။ ဒေဝမည်ကုန်၏။ ရာဇာနော။ ရေမြေသေဠ်နင်းမင်းတို့ကို။ လဗ္ဘန္တိ။ ရအပ်ကုန်၏။ ။ လူတို့ကို အစိုးရသောကြောင့်။ မနုဇိန္ဒမည်သည်။ ။ မနုဇာနံဣန္ဒောမနုဇိန္ဒော။ ။ ဟူ၍ ဝစနတ္ထပြု။ ။ မနုဇာနံ။ လူတို့ကို။ ဣန္ဒော။

အစိုးရသည်တည်း။ မနုဇိန္ဒော၊ လူတို့ကိုအစိုးရသည်၊ ။ အရပ်မျက်နှာကို အစိုးရသောကြောင့်။ တနည်းကား အရပ်မျက်နှာ၌နေကုန်သောသူတို့ကို။ စောင့်ရှောက်တတ်သောကြောင့်။ ဒိသမ္ပတိမည်သည်။ ။ ဒိသာနံပတိဒိသမ္ပတိ။ ဒိသဋ္ဌေဝါပါလေတီတိဒိသမ္ပတိ။။ အဘိဓါန်ဋီကာပါဌ်။ ။ ဒိသာနံ။ အရပ်မျက်နှာတို့ကို။ ပတိ အစိုးရသည်တည်း။ ဒိသမ္ပတိ။ အရပ်မျက်နှာတို့ကို အစိုးရသည်၊ ဝါ။ တနည်းကား၊ ဒိသဋ္ဌေ၊ အရပ်မျက်နှာ၌နေကုန်သော သူတို့ကို၊ ပါလေတိ။ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ။ ထိုကြောင့်။ ဒိသမ္ပတိ။ ဒိသမ္ပတိမည်၏။ ။ ရေမြေကိုအစိုးရသောကြောင့်။ ပတ္ထိဝမည်သည်။ ။ ပထဝီယာဣဿရောပတ္ထိဝေါ။ ။ အဘိဓါန်ဋီကာပါဌ်။ ။ ပထဝီယာ။ ရေမြေကို။ ဣဿရော။ အစိုးရသည်တည်း။ ပတ္ထိဝေါ ရေမြေကိုအစိုးရသည်။ ဒွိတ္တံဣတ္တဥ္စဟူ၍ အဘိဓါန်ဋီကာ၌။ အသဒိသဒွေးဘောဝ်။ ထပြုဣအပြုကိုဆိုရကား။ ပတ္ထိဝဟူ၍- အသဒိသဒွေးဘောဝ် ဒန္တဇ ပဌမက္ခရာတဝမ်းပူတင်း။ ဒုတိယက္ခရာ (ထဆင်ထူးထနှင့်ငင်း) ရှိရမည်။ ။

ရေမြေကိုစောင့်ရှောက်တတ်သောကြောင့်။ ဇဂတိပါလမည်သည်။ ။ ဇဂတိဘူမိံပါလေတီတိဇဂတိလော။ ။ ငင်းဋီကာ။ ။ ဇဂတိဘူမိံ။ ။ ရေမြေကို။ ပါလေတိ။ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ဇဂတိပါလော။ ဇဂတိပါလမည်၏။ ။ ရေမြေကိုစောင့်ရှောက်တတ်သောကြောင့်။ ဘူဘုဇမည်သည်။ ။ ဘုံဘူမိဘုဥ္ဇတီတိဘူဘုဇော။ ။ ငင်းဋီကာ။ ။ ဘုံဘူမိံ။ ရေမြေကို။ ဘုဥ္ဇတိ။ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ဘူဘုဇော၊ ဘူဘုဇမည်၏။ ။ ရေမြေကိုအစိုးရသောကြောင့်။ ပထဝိဿရမည်သည်။ ။ ပထဝီယာ ဣဿရောပထဝိဿရော။ ။ ဟူ၍ ဝစနတ္ထပြု။ ။ ပထဝီယာ။ ရေမြေကို။ ဣဿရော။ အစိုးရသည်တည်း။ ပထဝိဿရော။ ရေမြေကိုအစိုးရသည်။ ။ တိုင်းနိုင်ငံသူရှင်လူအပေါင်းတို့ကို။ အစိုးရသောကြောင့်။ ရဋ္ဌာဓိပ။ မည်သတည်း။ ။ ရဋ္ဌာနံအဓိပေါရဋ္ဌာဓိပေါ။ ။ ဟူ၍ဝစနတ္ထပြု။ ။ ရဋ္ဌာနံ။ တိုင်းနိုင်ငံသူ။ ရှင်လူအပေါင်းတို့ကို။ အဓိပေါ။ အစိုးရသည်တည်း။ ရဋ္ဌာဓိပေါ။ တိုင်းနိုင်ငံသူ။ ရှင်လူအပေါင်းတို့ကို အစိုးရသည်။ ။ ရေမြေကိုစောင့်ရှောက်တတ်သောကြောင့်။ ဘူမိပါလ။ မည်သတည်း။ ။ ဘူမိံပါလေတီတိဘူမိပါလော။ ။ ဟူ၍ ဝစနတ္ထပြုရာ၏။ ။ ဘူမိံ။ ရေမြေကို။ ပါလေတိ။ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ။ ထိုကြောင့်။ ဘူမိပါလော။ ဘူမိပါလမည်၏။ လူတို့ကိုအစိုးရသောကြောင့်။ မနုဿိန္ဒ။ မည်သည်။ ။ မနုဿာနံဣန္ဒော မနုဿိန္ဒော။ ။ ဟူ၍ ဝစနတ္ထပြုအပ်၏။ ။ မနုဿာနံ။ လူတို့ကို။ ဣန္ဒော။ အစိုးရသည်တည်း။ မနုဿိန္ဒော။ လူတို့ကိုအစိုးရသည်။ ။ လူတို့ကိုအစိုးရသောကြောင့်။ ဇနာဓိပမည်သည်။ ဇနာနံအဓိပေါဇနာဓိပေါ ဟူ၍ ဝစနတ္ထ

ပြအပ်၏။ ။ ဇနာနံ။ လူတို့ကို။ အဓိပေါအစိုးရသည်တည်း။ ဇနာဓိပေါ၊ လူတို့ကို အစိုးရသည်၊ ။ လူတို့ကိုအစိုးရသောကြောင့်ပင်လျှင်။ နရိန္ဒမည်သည်။ ။ နရာနံ ဣန္ဒော နရိန္ဒော။ ။ ဟူ၍ ဝစနတ္ထပြု။ ။ နရာနံ၊ လူတို့ကို။ ဣန္ဒော။ အစိုးရသည် တည်း။ နရိန္ဒော။ လူတို့ကိုအစိုးရသည်။ ။ ခတ္တမည်သော။ မင်း၏သား။ ဖြစ် သောကြောင့်။ ခတ္တိယမည်သည်။ ။ ခတ္တဿ အပစ္စံ ခတ္တိယော။ ။ အဘိဓါန် ဋီကာ။ အပစ္စတဒ္ဓိတ်။ ။ ခတ္တဿ။ ခတ္တအမည်ရှိသောမင်း၏။ အပစ္စံ။ သား တည်း။ ခတ္တိယော၊ ခတ္တိယအမည်ရှိသောမင်း၏သား။ ။ တနည်းကား။ ။ လယ် တို့ကို အစိုးရသောကြောင့်။ ကပ်ဦးအစ မဟာသမတမင်းသည်။ ခတ္တိယမည်၏။ ထိုခတ္တိယမည်သော ကပ်ဦးမဟာသမတမင်းလျှင်။ အမွန်ရှိရကား။ မုဒ္ဓါဘိသိတ္တ မင်းတို့၌။ ထိုခတ္တိယဟူသောအမည်သည်ဖြစ်၏။ ။ ခေတ္တာနံ အဓိပတိဘူတတ္တာဝါ ခတ္တိ ယောတိအာဒိ၊ ကပ္ပရာဇာ ဝုစ္စတိတဗ္ဗတိဝတ္တာပနမုဒ္ဓါဘိသိတ္တာဒိသွပိတံသမ ညာ။ ။ အဘိဓါန်ဋီကာပါဠ်။ ။ ဝါ။ တနည်းကား။ ခေတ္တာနံ။ လယ်တို့၏။ အဓိပတိဘူတတ္တာ။ အရှင်ဖြစ်သည်၏ အဖြစ်ကြောင့်။ ခတ္တိယောတိ။ ခတ္တိယ ဟူ၍။ အာဒိကပ္ပရာဇာ။ ကပ်ဦးမဟာသမတမင်းကို။ ဝုစ္စတိ။ ဆိုအပ်၏။ တဗ္ဗတိဝ တ္တာပန။ ထိုလယ်တို့၏ အရှင်ဖြစ်၍ဖြစ်သော။ ကပ်ဦးမဟာသမတမင်းလျှင် အမွန်ရှိရကား။ မုဒ္ဓါဘိသိတ္တာဒိသွပိ။ မုဒ္ဓါဘိသိတ္တမင်း။ အမုဒ္ဓါဘိသိတ္တမင်း တို့၌လည်း။ တံသမညာ။ ထိုခတ္တိယ ဟူသောအမည်သည်။ ဘဝတိ။ ဖြစ်၏။ သေ အတ္တံ။ ဟူရကား။ ကိုအပြု၍။ ခတ္တိယဟုခေါ်ဝေါ်သည်။ ။ သဒ္ဒနီတိဓါတုမာလာ ပါဠ်၌ကား။ ။ အဘိသိက်မခံသော မင်း၌သာယင်းသည့်။ ခတ္တိယဟူသော အမည် သည်ဖြစ်၏ဟုလာ၏။ ။ အဘိဓါန်ဋီကာဆရာ၏အလိုအားဖြင့်။ ခတ္တဿအပစ္စံခ တ္တိယော ဟူ၍-အပစ္စတဒ္ဓိတ်ကို ဆိုခြင်းကြောင့်။ မုဒ္ဓါဘိသိတ္တဇာတ်မင်း၌။ ခတ္တိယ သဒ္ဒါဖြစ်၏။ ။ တနည်း။ ခေတ္တာနံအဓိပတိဘူတတ္တာဝါ။ စသည်ဖြင့်ဆိုခြင်းကြောင့်၊ အမုဒ္ဓါဘိသိတ္တဇာတ်မင်း။ မုဒ္ဒါဘိသိတ္တ။ မုချမင်းနှစ်ပါး၌ပင်ဖြစ်၏ဟု သိအပ်၏။ ။ သံယုတ်ဋီကာ။ ကောသလသံယုတ်အဖွင့်၌လည်း။ ။ ခတ္တိယာတိအဘိသေကပ တ္တိ၊ ဟူ၍ အဘိသိက်မခံသောမင်းသည်သာလျှင်။ ခတ္တိယမည်ကြောင်းကို ဆိုသည်။ ။ ဤ၌ဝါဒနှစ်ပါးကွဲပုံတည်း။ ။ လယ်တို့၏အရှင်ဖြစ်သောကြောင့်။ ခေတ္တသာမိမည်သည်။ ။ ခေတ္တာနံသာမိခေတ္တသာမိ။ ။ ဟူ၍ ဝစနတ္ထပြု။ ။ ခေတ္တာနံ။ လယ်တို့၏။ သာမိ။ အရှင်တည်း။ ခေတ္တသာမိ။ လယ်တို့၏အရှင်။ ။ အစိုးရတတ်သောကြောင့်။ ပဘာဝကမည်သည်။ ။ ပဘာဝတီတိပဘာဝကော။ ။ ဟူ၍ဝစနတ္ထပြုအပ်၏။ ။ ပဘာဝတိ။ အစိုးရတတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ပဘာဝကော။ ပဘာဝကမည်၏။ ရထားစီးခြင်း။ မင်းတကာတို့ထက်မြတ်သော

ကြောင့်။ ရထေသဘမည်၏။ ဤကားဒန္တဇဒုတိယကန္ဒရာထဆင်ထူး။ ထနှင့်ရှိသော ပါဌ်အလိုတည်း။ ထို့ကြောင့်သုတ္တနိပါတ်အဋ္ဌကထာ ပြဟ္မဏာဓမ္မိကသုတ်အဖွင့်၌။ ။ ရထေသဘောတိမဟာရထေ သုခတ္တိယေသုအကမ္ပိ ယဋ္ဌေနဥသဘသဒိသော၊ ။ ဟူ၍မိန့်အပ်၏။ ရထေသဘောတိ။ ရထေသဘဟူသည်ကား။ မဟာရထေသု။ မြတ်သောရထားစီးကုန်သော။ ခတ္တိယေသု။ မင်းတို့တွင်။ အကမ္ပိယဋ္ဌေန။ ကျောက်စာတိုင်ကဲ့သို့။ မယိုင်တန့်တန့်။ မလန့်တတ်သောသဘောသတ္တိကြောင့်။ ဥသဘသဒိသော။ နွားလားဥသဘနှင့် တူသော။ မင်းမွန်မင်းမြတ်တည်း။ ။ သဒ္ဒ နီတိ၌လည်း။ ။ ရထောဇတောသမတ္ထီတိရထိနော။ ရထေဠိတယောဓါ။ ဥသဘော ဝိယာတိဥသဘော။ ရထာနံဥသဘောရထေသဘော။ ရထေဠိတာနံယောဓါနံ ဥသဘသဒိသောတိအတ္ထော။ ။ ဟူ၍ မိန့်အပ်၏။ ။ ဇတေသံ။ ထိုသူရဲသူခက်တို့ အား။ ရထော။ ရထားသည်။ အတ္ထိ။ ရှိ၏။ ဣတိတသ္မာ။ ထိုကြောင့်။ ရထိနော။ ရထမည်ကုန်၏။ ရထေ။ ရထား၌။ ဠိတယောဓါ။ စီးကုန်သော သူရဲသူခက်တို့ကို ရကုန်၏။ ဥသဘောဝိယ။ နွားလားဥသဘနှင့်တူ၏။ ဣတိတသ္မာ။ ထို့ကြောင့်။ ဥသဘော။ ဥသဘမည်၏။ ရထာနံ၊ ရထားစီး သူရဲသူခက်တို့တွင်။ ဥသဘော။ နွာ လားဥသဘနှင့်တူသည်တည်း။ ရထေသဘော။ ရထားစီးသူရဲသူခက်တို့တွင်။ နွားလားဥသဘနှင့်တူသည်၊ ရထေ၊ ရထား၌။ ဠိတာနံ။ စီးကုန်သော၊ ယောဓါနံ။ သူရဲသူခက်တို့တွင်။ ဥသဘသဒိသော။ နွားလားဥသဘနှင့်တူသည်တည်း။ ဣတိ အတ္ထော။ ဤသို့သော အနက်ကိုမှတ်အပ်၏။ ။ မုဒ္ဓဇဒုတိယကန္ဒရဋ္ဌဝမ်းဘဲ၌နှင့် ရဋ္ဌေသဘဟူ၍ရှိမူ။ တိုင်းနိုင်ငံသူလူအပေါင်းတို့၏။ အကြီးအမှူးဟူ၍ အနက်ကို ယူလေ။ ။ ထို့ကြောင့်။ စတုကနိပါတ်သုဇာတဇာတ် အဋ္ဌကထာ၌။ ။ ရဋ္ဌေသဘာ တိရဋ္ဌဇေဋ္ဌ ကောတိအတ္ထော။ ။ ဟူ၍ မိန့်အပ်၏။ ။ ရဋ္ဌေသဘာတိ၊ ရဋ္ဌေသ ဘဟူသည်ကား။ ရဋ္ဌဇေဋ္ဌကော။ တိုင်းနိုင်ငံသူရှင်လူအပေါင်းတို့၏ အကြီးအမှူး။ ဣတိအတ္ထော။ ဤသို့သောအနက်ကိုမှတ်အပ်၏။ ။ ၎င်းစတုကနိပါတ်။ ပြဟ္မ ဒတ္တဇာတ်အဋ္ဌကထာ၌လည်း။ ။ ပဉ္စာလာနံရဋ္ဌေသဘာတိ ပဉ္စာလရဋ္ဌသနဂ ရဿပဝရာ။ ။ ဟူ၍ မိန့်အပ်၏။ ။ ပဉ္စာလာနံရထေသဘာတိ။ ပဉ္စာလာနံ။ ရဋ္ဌေသဘဟူသည်ကား။ ပဉ္စာလရဋ္ဌသနဂရဿ။ ပဉ္စာလတိုင်း မြို့ပြည်သူ။ လူအ ပေါင်းတို့ထက်။ ပဝရာ။ မြတ်တော်မူသောမင်း။ ဤအရာ၌။ ရထေသဘဟူ၍။ ဒန္တ ဇဒုတိယကန္ဒရာ ထဆင်ထူးထနှင့် မင်း၏အမည်တစ်ခု။ ရဋ္ဌေသဘဟူ၍။ မုဒ္ဓဇဒုတိ ယကန္ဒရာဌဝမ်းဘဲဌနှင့် မင်း၏အမည်တစ်ခုယူရမည်။ ။

ပုဏ္ဏားတို့၏အယူအားဖြင့်။ ပြဟ္မာမင်း၏။ လက်ရုံးမှဖြစ်သောကြောင့်။ ဗါဟုဇမည်သည်ဟု။ ။ အဘိဓါန်ဋီကာ၌ဆိုသည်။ ။ ✳ သုမင်္ဂလဝိလာသနီ

မည်သော ဒီဃနိကာယ်အဋ္ဌကထာ။ အမ္ဗဋ္ဌသုတ်အဖွင့်။ သာရတ္ထပကာသနီမည်သော။ သံယုတ္တနိကာယ်အဋ္ဌကထာ။ ဂဟပတိဝဂ်အဖွင့်စသည်တို့၌။ ပုဏ္ဏားတို့သည်၊ ဗြဟ္မာမင်း၏ ခံတွင်းမှဖြစ်ကုန်၏။ မင်းတို့သည်။ ရင်မှဖြစ်ကုန်၏။ ကုန်သည်တို့သည်။ ချက်မှဖြစ်ကုန်၏။ သူဆင်းရဲတို့သည်။ ပုဆစ်မှဖြစ်ကုန်၏။ ရဟန်းတို့သည်။ ကျောက်ကုန်းမှဖြစ်ကုန်၏။ ဟူ၍။ ပုဏ္ဏားတို့အယူရှိကြောင်းကိုဆိုသည်။ ။ ထို့ကြောင့်။ သာသနာတော်ကျမ်းဂန်အဋ္ဌကထာများ၌လာသောနည်းကို အစဉ်မှီး၍။ ပုဏ္ဏားတို့အယူအားဖြင့်။ ဗြဟ္မာမင်း၏ ရင်၌ဖြစ်သောကြောင့်။ မင်းတို့ကို။ ဥရဇဟူ၍လည်း ခေါ်ဝေါ်သင့်သည်။ ။ ဤကားလောကီကြဏ်းတို့ဝါဒတည်း။ ။ လူတို့ထက် မြတ်သောကြောင့်၊ နရာသဘမည်သည်။ ။ နရာနံအာသဘောတိ နရာသဘော။ ။ ဟူ၍ ဝစနတ္ထပြုအပ်၏။ ။ နရာနံ။ လူတို့ထက်။ အာသဘော။ မြတ်သည်တည်း။ ဣတိတသ္မာ။ ထို့ကြောင့်။ နရာသဘော၊ နရာသဘမည်၏။ ။ မြေအပြင်၌နေကုန်သော လူအပေါင်းတို့ ကိုးကွယ်ရာဖြစ်သောကြောင့်လည်း။ ဘူနာထ၊ မည်သည်။ ။ ဘုယာနာထောတိ ဘူနာထော။ ။ ဟူ၍ ဝစနတ္ထ ပြုအပ်၏။ ဘုယာ။ မြေအပြင်၌နေကုန်သော။ လူအပေါင်းတို့၏။ နာထော။ ကိုးကွယ်ရာတည်း။ ဣတိတသ္မာ။ ထိုကြောင့်။ ဘူနာထော။ ဘူနာထမည်၏။ ။ ဤဝစနတ္ထ၌။ သဗ္ဗောဂါမောအာဂတောဟူသောပုဒ်၌။ ဂါမသဒ္ဒါဖြင့်။ ရွာနေလူကို ယူရသကဲ့သို့။ ဘူသဒ္ဒါဖြင့်၊ မြေအပြင်၌နေသော၊ လူအပေါင်းတို့ကိုယူလေ။ ။ လူတို့၏ သမုတိနတ်ဖြစ်သောကြောင့်။ နရဒေဝ။ မည်သည်။ ။ နရာဒေဝေါ တိနရဒေဝေါ။ ။ ဟူ၍ ဝစနတ္ထပြုအပ်၏။ ။ နရာနံ။ လူအပေါင်းတို့၏ ဒေဝေါ။ သမုတိနတ်တည်း။ ဣတိတသ္မာ။ ထို့ကြောင့်။ နရဒေဝေါ။ နရဒေဝမည်၏။ ။ ရေမြေကိုစောင့်ရှောက်တတ်သောကြောင့်။ ဘူမိပ မည်သည်။ ။ ဘူမိံပါတိရက္ခတီတိဘူမိဝေါ။ ။ ဟူ၍ ဝစနတ္ထပြုအပ်၏။ ။ ဘူမိံ။ မြေကို။ ပါတိရက္ခတိ။ စောင့်တတ်၏၊ ဣတိတသ္မာ၊ ထိုကြောင့်၊ ဘူမိပေါ၊ ဘူမိပမည်၏၊ ။ ခတ္တမည်သောမင်း၏သားဖြစ်သောကြောင့်။ ခေတ္တမည်သည်။ ။ ခတ္တဿအပစ္စံခတ္တံ။ ။ ဟူ၍ ဝစနတ္ထပြုအပ်၏။ ခတ္တဿ။ ခတ္တမည်သော မင်း၏။ အပစ္စံ။ သားတည်း။ ဣတိတသ္မာ။ ထိုကြောင့်။ ခတ္တံ။ ခတ္တမည်၏။ ။ ဤကား ပါဠိအဋ္ဌကထာဋီကာကျမ်းတို့၌၎င်း၊ သကဋ္ဌ အဘိဓါန်။ မဂဓအဘိဓါန်၊ သဒ္ဒနီတိစသော သဒ္ဒါကျမ်းများ၌၎င်း၊ လာကုန်သော၊ ရေမြေအသျှင်မင်းတို့၏ အမည်တို့တည်း။ ရေမြေအသျှင်မင်းတို့၏။ အနေကသတ္တိမန္တဖြစ်၍။ ထိုအနေကသတ္တိကိုစွဲ၍။ များစွာကုန်သော။ အဘိသင်္ခရဏအမည်တို့သည်။ ဖြစ်သင့်ကုန်၏။ ဖြစ်သင့်တိုင်း အနက်သဘောကိုကြံ၍။

ရေမြေအသျှင်မင်းတို့၏။ အမည်တို့ကို ပြချေသော်။ ခက်ဖျားဝေလျက်။ ပင်ခြေ ရှင်းသောညောင်ဗုဒ္ဓဟေပင်ကဲ့သို့။ စကားအညွန့်ရှည်၍။ လိုရင်းစကား။ သေးသိမ်မည်စိုးသောကြောင့်။ အကျယ်မဆိုပြီ၊ ခရီးရှည်သွားလျှင်။ အနား အနေနည်းမှ ရောက်လွယ်သည်ဆိုဘိသကဲ့သို့။ မင်းခယောက်ျားတို့၏ ကျင့်ဝတ် စသည်တို့ကိုဆိုရာ စကားများလှသေးသောကြောင့်လည်း။ ခရီးလမ်းသင့်တိုင်း လွန့်၍။ မကွန့်သာပြီဘုရားဟု။ တင်လျှောက်လေ၏။ ။

မင်းဟုခေါ်ဝေါ်သောအရာကို။ တင်လျှောက်ခဏ်းပြီး၏။

၅၁ ～ 51

ထိုနောက် မိဖုရားမည်ခြင်းကိုဆိုရာဖြစ်သောအကြောင်းကို တင်လျှောက်ပြန် လေ၏။ ။ ထိုမင်း၏ မိဖုရားခေါင်ကြီးအမှူးရှိကုန်သော၊ မင်းမိဖုရားတို့ကိုလည်း။ မင်း၏မိဖုရားဖြစ်၍၊ ရာဇသေဝကဟူသောပုဒ်၌၊ ရာဇသဒ္ဒါဖြင့်ရေတွက် အပ်ကုန်၏။ ။ ထို့ကြောင့်။ မိဖုရားခေါင်ကြီး အမှူးရှိကုန်သော။ မိဖုရားတို့၏ အမည်အကြောင်းကိုလည်း။ ဤအရာ၌ဆိုသင့်ဆိုထိုက်၏။ ။ ထိုမင်းတို့၏ မိဖုရားသည်ကား။ အဘိသေကိနိမိဖုရား။ အနာဘိသေကိနိမိဖုရား၊ ဟူ၍ နှစ်ပါး အပြားရှိကြောင်းကိုလည်း၊ ရွှေနားဆင်တော်မူဘုရား။ ။ အသျှင်မိဖုရား၏ အဘိသိက်အကြောင်းကိုကား။ ရှေ့ဘိသိက်ခဏ်း၌။ ထင်စွာဖြစ်လတံ့။ ။ ဤကား အမှာစကားတည်း။ ။

မိဖုရားခေါင်ကြီးဟုခေါ်ဝေါ်ခြင်းကား။ ။ မဟေသိ ဟူသောပုဒ်ကိုစွဲ၍၊ ပညတ် သင်္ကေတဖြစ်ပါကြောင်းဘုရား။ ။ မဟေသိသာဘိသေကာ၊ ။ ဟူသော မဂဓအ ဘိဓါန်စာကိုယ်။ ။ မဟာဘိသေကာလဒ္ဓါဘိသေကာရာ ဇိတ္တိမဟေသိနာမ။ ။ ဟူ၍ငင်း၊ ဋီကာတို့၌လာရကား။ သွန်းလောင်းအပ်သော အဘိသိက်ရှိသော မိဖုရားကြီးသည်၊ မဟေသီမည်၏။ ။ ထိုကြောင့် အဘိဓါန်ဋီကာ၌။ ။ မဟပူဇာ ယံကမ္မနိက္ကသော။ က္ကသောတတောဤ။ ဟူ၍မိန့်အပ်၏။ ။ မဟ၊ မဟသဒ္ဒါသည်။ ပူဇာယံ။ ပူဇော်ခြင်း၌ဖြစ်၏။ ကမ္မနိ။ ကံအနက်၌။ က္ကသော၊ က္ကသပစ္စည်းသက် ရာ၏၊ က္ကသ။ က္ကအက္ခရာကို။ ဧ၊ ပြေု။ တတော။ ထို့နောက်မှ။ ဤ။ ဤပစ္စည်း သက်ရာ၏။ ။ တနည်းကား။ များစွာကုန်သော။ မင်းမိန်းမတို့ကို၊ စိုးမိုးတတ် သောကြောင့်၊ မဟေသီမည်၏။ ။ ထို့ကြောင့်။ အဘိဓါန်ဋီကာ၌ပင်လျှင်။ ။ မဟ တိယောရာဇိတ္ထိယောဤသတိအဘိဘဝတီတိဝါမဟေသီ။ ဤသက္ကသရိယေ။ ။

ဟူ၍မိန့်အပ်၏။ ။ ဝါ။ တနည်းကား။ မဟိတိယော။ များးစွာကုန်သော။ ရာဇိတ္တိယော။ မင်းမိန်းမတို့ကို။ ဤသတိအဘိဘဝတိ။ စိုးမိုးတတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ မဟေသီ၊ မဟေသီ မည်၏။ ဤသ။ ဤသသဒ္ဒါသည်၊ ဣဿရိယေ။ စိုးမိုးခြင်း၌ဖြစ်၏။ ဤကားဋီကာပါဠ်၌၏အနက်။ ။ မိဖုရားခေါင်ကြီးမှတပါး။ အခြားမိန်းမများသည်။ ဘောဂိနီမည်၏။ အဘယ်ကြောင့် မိဖုရားခေါင်ကြီးမှတပါး။ အခြားမိန်းမများသည်။ ဘောဂိနီ မည်သနည်းဟူမူကား။ စည်းစိမ်နှင့်ယှဉ်သောကြောင့်။ ဘောဂိနီမည်၏။ ထို့ကြောင့် အဘိဓါန်ဋီကာ၌။ ။ ဘောဂယောဂါ ဣနီ။ ။ ဟူ၍ မိန့်အပ်၏။ ။ ဘောဂယောဂါ။ စည်းစိမ်နှင့်ယှဉ်ရကား။ ဘောဂိနီ။ ဘောဂိနီမည်၏။ ဣနီ၊ ဣနီ ပစ္စည်းသက်ရာ၏။ ။

မိဖုရားခေါင်ကြီးသည်လည်း။ မင်းကဲ့သို့။ အဘိသိက်ခံသင့်ကြောင်းကိုကား။ ယခင်ဆိုအပ်ခဲ့ကုန်ပြီးသော။ အဘိဓါန်စာကိုယ်-ဋင်းဋီကာ။ အဘိသိက်ခံသောမင်း။ အဘိသိက်ခံသောမိဖုရားကြီးတို့၏သားသည်၊ ရာဇပုတ္တမည်၏။ ဟူ၍လာသော၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ-တို့ကိုထောက်၍ သိရာ၏။

မိဖုရားမည်ခြင်းကို။ လျှောက်သောအခဏ်းပြီး၏။

၅၂ ~ 52

ထို့နောက် အိမ်ရှေ့မင်းမည်ခြင်းကိုဆိုရာဖြစ်သောအကြောင်း တင်လျှောက်လေ၏။ ။ အိမ်ရှေ့မင်းသည်လည်း။ ရေမြေသေဌ်နင်း။ မင်းအဖြစ်၏အနီးအပါး မင်းတစ်ယောက်ပင်ဖြစ်ရကား။ အိမ်ရှေ့မင်းကိုလည်း။ ရာဇသေဝကဟူသောပုဒ်၌။ ရာဇသဒ္ဒါဖြင့်ပင်ရေတွက်အပ်၏။ ထို့ကြောင့် ထိုအိမ်ရှေ့မင်း၏အမည်အကြောင်းကိုလည်း။ ဤ၌ဆိုအပ်ဆိုသင့်ထိုက်၏ အဘယ်ကြောင့် အိမ်ရှေ့မင်းသည် ဥပရာဇာမည်သနည်းဟူမူကား။ ။ "ဥပသမီပေဋ္ဌိတော ရာဇာတိဥပရာဇာ"။ ။ ဟူသောဝစနတ္ထနှင့်အညီ။ ရေမြေသေဌ်နင်းမင်းအဖြစ်၏ အနီး၌တည်တတ်သောကြောင့် "ဥရာဇာမည်၏"။ ။ ဥပသမီဝေ။ ရေမြေသေဌ်နင်းမင်းအဖြစ်၏ အနီး၌။ ဋ္ဌိတော။ တည်သော။ ရာဇာ။ မင်းတည်း။ ဣတိတသ္မာ။ ထို့ကြောင့်။ ဥပရာဇာ။ ဥပရာဇာမည်၏။ "အချို့ဆရာများကား။ ရာဇာဘာဝဿသမီပေတိဋ္ဌတီတိဥပရာဇာ။ ။ ဟူ၍ အဗျယိဘောသမာသ်ဝနတ္ထင်ဂြိုဟ်ဆိုကြကုန်၏"။ ။ အံဝိဘတ္တိနမကာ ရန္တာအဗျယိဘာဝါဟူသောသုတ်၏ အံအပြုအစီအရင်မထင်ရကား။ မသင့်ဟုမှတ်ရာ၏။ ။ ထိုအိမ်ရှေ့မင်း၏အမည်ကား။ ဥပရာဇာ။ အနု

ရာဇာဟူ၍ နှစ်ပါးတည်း။ ။ ဤတွင်၍ကား၊ ရာဇသေဝကဟူသောပုဒ်၌။ မင်းတို့၏။ ရာဇာမည်ကြောင်းကိုဆိုသောစကားရပ်တည်း ဘုရားဟု သံတော်ဦးတင်လေ၏။ ။

အိမ်ရှေ့မင်းမည်ခြင်းကို တင်လျှောက်ခဏ်းပြီး၏။

၅၃ ～ 53

ထိုနောက်မင်းခယောက်ျားတို့၏ သေဝကမည်ခြင်းကို ဆိုရာဖြစ်သောအကြောင်းပါဘုရားဟုလျှောက်ပြန်၏။ ။ သေဝကဟူသောပုဒ်၌။ အဘယ်ကြောင့်မင်းခယောက်ျားတို့သည် သေဝကမည်သနည်းဟူမူကား။ ။ "သိသေဝနေဏ္ဏု"။ ။ ဟူသောအဘိဓါန်ဋီကာနှင့်အညီ။ ခစားမှီခိုဆည်းကပ်တတ်သောကြောင့်။ သေဝကမည်ကုန်၏။ ။ သေဝန္တီတိသေဝကာ၊ ။ ဟူ၍ ဝစနတ္ထပြုအပ်၏။ ။ ယေ။ အကြင်မင်းခယောက်ျားတို့သည်။ သေဝန္တိ။ ခစားမှီခိုဆည်းကပ်တတ်ကုန်၏ ဣတိတသ္မာ။ ထို့ကြောင့်။ တေ။ ထိုမင်းခယောက်ျားတို့သည်။ သေဝကာ။ သေဝကမည်ကုန်၏။ ထိုမင်းခယောက်ျားတို့၏အမည်ကား။ ။ သေဝကအနုဇီဝိ။ ဟူ၍။ မဂဓအဘိဓါန်၌ နှစ်ပါးလာသည်။ ။ သေဝကအနုဇီဝိအတ္ထိဟူ၍လည်း။ သကဋအဘိဓါန်၌သုံးပါးလာသည်။ ထိုအမည်တို့တွင်။ အရှင်စိုးမင်း၏နောက်၌မှီ၍အသက်ရှည်တတ်သောကြောင့်။ အနုဇီဝိမည်သည်။ ထို့ကြောင့် မဂဓ အဘိဓါန်ဋီကာ၌။ ။ ပဘူနောအနုပစ္ဆာဇီဝတီတိအနုဇီဝိ"။ ။ ဟူ၍မိန့်အပ်၏။ ။ ပဘူနော။ အရှင်စိုးမင်း၏။ အနုပစ္ဆာ။ နောက်၌။ ဇီဝတိ။ အသက်ရှည်တတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ အနုဇီဝိ။ အနုဇီဝိမည်၏။ အသက်စည်းစိမ်လာဘ်ကိုတောင့်တသောကြောင့်။ အတ္ထိမည်သည်။ ထို့ကြောင့် မဂဓအဘိဓါန်ဋီကာ၌။ ။ "အတ္တယာ စနာယံ အတ္ထနံ အတ္ထောအာသိသောတံယောဂေါအတ္ထိ"။ ။ ဟူ၍မိန့်အပ်၏ အတ္ထ။ အတ္ထသဒ္ဒါသည်။ ယာစနာယံ။ တောင့်တခြင်း၌ဖြစ်၏။ အတ္ထနံ၊ တောင့်တခြင်း။ အတ္ထော။ တောင့်တခြင်း။ အာသိသော။ တောင့်တခြင်းကိုရ၏။ တံယောဂေါ။ ထိုတောင့်တခြင်းနှင့်ယှဉ်ရကား၊ အတ္ထိ။ အတ္ထိမည်၏"။ ။ ဤတွင်၍ကား မင်းခယောက်ျားတို့၏ အကြောင်းကိုပြဆိုရာ ဝစနတ္ထဝိဘာဂမည်သော ပဌမပရိစ္ဆေဒမည်၏။

မင်းခယောက်ျားကိုတင်လျှောက်ခဏ်းပြီး၏

၅၄ ～ 54

ဘိသိက်ခံခြင်းအခဏ်း။

မင်းကြီးမဟာသမတမင်းမှသော်ငင်း။ ရှေးရှေးသော။ မင်ကောင်းမင်းမြတ်တို့သည်။ ဘိသိက်ခံခြင်းကားမည်ကဲ့သို့ ခံသနည်းဟု။ ဂါထာဗန္ဓနှင့် တကွ။ တင်လျှောက်လောဟု အမိန့်တော်မြတ်မှတ်တော်မူလျှင်။ ။ အသျှင်မင်းမြတ်။ မင်းတို့၏ဘိသိက်မင်္ဂလာခံခြင်းကို ဆိုရာဖြစ်သောအကြောင်းကို သံတော်ဦးတင်လျှောက်ပါအံ့။ ။

မုဒ္ဓါဘိသိတ္တမင်း။ သာမညမင်းဟူ၍။ ကာတဗ္ဗကိစ္စအပြားအားဖြင့်။ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ ကျမ်းဂန်ထုံးစံနှင့်အညီ။ ဦးထိပ်၌သွန်းအပ်သောအဘိသိက်ရှိသောမင်းသည်။ မုဒ္ဓါဘိသိတ္တမင်းမည်၏။ ဆိုအပ်ပြီးသောနည်းဖြင့်။ ဦးထိပ်၌သွန်းလောင်းအပ်သော အဘိသိက်မရှိသောမင်းသည်။ သာမညမင်းမည်၏။ ထိုသာမညမင်းကား။ မုချအားဖြင့်။ မင်းဟူသောဝေါဟာရကိုမရချေ။ ထို့ကြောင့်။ လူသုံးပါးတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ ရှေးဦးစွာကပိလဝတ်ပြည်၌။ ရှေးရှေးကုန်သောမင်းတို့၏ ဓမ္မတာအဖြစ်ကိုယူတော်မူခြင်း ဟူသော မုဒ္ဓါဘိသေကကို ခံတော်မူပြီးလျှင်။ အနောမာမြစ်ကမ်း၌ ရဟန်းတို့၏အသွင်ကို ယူတော်မူခြင်းဟူသော။ “ပဗ္ဗဇ္ဇ ပဂမနဘိသေကကို ခံယူတော်မူသဖြင့်။ လူသုံးပါးတို့၏ ပတ္တမြားသင်းကျစ်မျက်ရစ်သဘွယ် တင့်တယ်တော်မူလျက်။ မဟာဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်”။ “အနာပတ္တိနခတ္တိယာဘိသေကေန အဘိသိတ္တောဟိ” အစရှိသည်ဖြင့်။ ကျမ်းဂန်ထုံးစံနှင့်အညီ ဦးထိပ်၌သွန်းလောင်းအပ်သော။ အဘိသိက်ရှိသောမင်းသည်သာ မုချမင်းမည်သဖြင့်။ ဦးထိပ်၌သွန်းလောင်းအပ်သော အဘိသိက်မရှိသော။ ထိုမင်း မိဖုရားတို့စံနေရာတိုက်ခန်းသို့ မပန်မကြားဘဲ ဝင်သော်လည်း။ အာပတ်မသင့်ကြောင်းကို ဟောတော်မူသည်။ ။ သဒ္ဒနိတိကျမ်း၌လည်း။ မုဒ္ဓါဘိသိက်ကို ခံယူမှ။ မဟာရာဇမည်သင့်ကြောင်းကိုဆိုသည်။ ။ အဘိသိက်ဟူသည်လည်း၊ ခတ္တိယာဘိသေက သီရိပဝေသနာဘိသေကဟူ၍၊ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ ဦးထိပ်၌ သွန်းလောင်းအပ်သော အဘိသိက်သည်။ ခတ္တိယာဘိသေကမည်၏။ ။ အသစ်အသစ်သော အသရေကို ဖြစ်စေခြင်းသည်။ သီရိပဝေသနာ ဘိသေကမည်၏။ တစ်နည်းကား။ ။ မုဒ္ဓါဘိသေက။ ဥပရာဇာဘိသေက။ မင်္ဂလာဘိသေက။ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ဦးထိပ်၌သွန်းလောင်းအပ်သော အဘိသိက်သည်။ မုဒ္ဓါဘိသေကမည်၏။ ။ ညီတော် သားတော် စသည်တို့အား။

အိမ်းရှေ့နှင်းခြင်းသည်။ ဥပရာဇာ ဘိသေကမည်၏။ ဆင်ဖြူစသည်တို့ကိုသိမ်းယူခြင်းသည်။ မင်္ဂလာ ဘိသေကမည်၏။ တစ်နည်းကား။ ရာဇာ ဘိသေက။ ဒွါရာဘိသေက။ ဇေယျာဘိသေက။ ဝိဝါဟာဘိသေက။ ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်။ ဦးထိပ်၌ သွန်းလောင်းအပ်သော အဘိသိက်သည်။ ရာဇာဘိသေကမည်၏။ ရွှေထီးရွှေနန်းသိမ်းမြန်းခြင်းသည်။ ဒွါရာဝဘိသေကမည်၏။ ရန်အောင်စိမ့်သောငှါ၊ အဘိသိက်သွန်းလောင်းခြင်းသည်။ ဇေယျာဘိသေကမည်၏။ ထိမ်းမြားဆက်လက်သောအခါ မင်းတို့သည် ကဆုန်လပြည့်နေ့၌သာလျှင်။ မုဒ္ဓါဘိသေကကို ခံကုန်၏။ ဘုရားလောင်းတို့အား။ ကဆုန်လပြည့်နေ့၌၊ နိယတဗျာဒိတ်ဟူသော။ မဋ္ဌုသကပန်းကို ပန်ဆင်တော်မူခြင်း။ ဖွားတော်မူခြင်း။ သစ္စာလေးအင်ကို သိမြင်တော်မူခြင်းသည်ဖြစ်၏။ ထိုအကြောင်းကိုစွဲ၍။ ကဆုန်လပြည့်နေ့၌။ မုဒ္ဓါဘိသေကကို ခံကုန်၏။ ဟူ၍လည်း။ ဆရာတို့ ဆိုကြကုန်၏။ ။ ဝိသာခါနက္ခတ်နှင့် ယှဉ်သောအခါ၌သာ။ မုဒ္ဓါဘိသေကကို ခံရာ၏ဟူ၍။ အချို့အဘိသေကကြဏ်းမှာ ဆိုသည်၊ အချို့အဘိသေကကြဏ်း၌လည်း။ ကောင်းသော နက္ခတ်နှင့်ယှဉ်သောအခါ၌။ မုဒ္ဓါဘိသေကကိုခံရာ၏ ဟူ၍ဆိုသည်။ ။ မုဒ္ဓါဘိသေကကိုခံရာ၌လည်း။ ဝမ္ပကီသုကရဇာတ်၌။ ဝမ္ပကီသုကရဝက်ကို။ ဝက်အပေါင်းတို့တူးဖြို၍လည်းသော ရေသဖန်းတုန်း၌နေစေ၍။ ရသေ့စဉ်းလဲ၏ အသုံးအဆောင်ဖြစ်သော။ ခရုသင်းဖြင့်။ ရေကိုဆောင်၍။ အဘိသိက်သွန်းပြီးလျှင်။ မင်းမြှောက်ကုန်၏။ ထို့ကြောင့်။ သုကရဇာတ်အဋ္ဌကထာ၌။ ။ ✳ ဘတောပဋ္ဌါယကိရယာဝဇ္ဇတ္တနာရာဇာနောဥဒုမ္ဗရခန္ဓေယေဝ နိသိဒါပေတွာတိဟိ သင်္ခေဟိ အဘိသဥ္စန္တိတိ။ ။ ဟူ၍လာသည်။ ။ တတော။ ထို ဝမ္ပကီသုကရဝက်ကို။ မင်းမြှောက်သည်မှ။ ပဋ္ဌါယ၊ စ၍။ ယာဝဇ္ဇတ္တနာ။ ယနေ့ထက်တိုင်။ ရာဇာနော။ မင်းတို့ကို။ ဥဒုမ္ဗရခန္ဓေယေဝ။ ရေသဖန်းပျဉ်၌သာလျှင်။ နိထိဒါပေတွာ။ နေစေကုန်၍၊ တီဟိ။ သုံးလုံးကုန်သော။ သင်္ခေဟိ။ ခရုသင်းတို့ဖြင့်။ အဘိသိဥ္စန္တိကိရ။ အဘိသိက်သွန်းလောင်းကုန်သတတ်။ ဣတိ။ ဤသို့မှတ်ရာ၏။ ။ ဤကားအဋ္ဌကထာအနက်။ ။

ဝမ္ပကီသုကရဇာတ်။ တစ္ဆသုကရဇာတ်တို့မှာ။ ရှေ့အဘို့၌။ ရတနာစု။ အသပြာစု။ မင်္ဂလာကျောက်ဖြာ စသည်တို့၌။ အဘိသိက်ခံကုန်၏။ ။ ထို့ကြောင့်။ မဟာသမတမင်းစသောမင်းများသည်။ ရတနာစု၌။ အဘိသိက်ခံကြကုန်၏ ဟူ၍။ အဘိသေကစာတန်းများမှာလာသည်။ တေလပတ္တဇာတ်၌။ ဘုရားအလောင်း။ ဖြဟ္မဒတ်မင်းသားကို။ တက္ကသိုလ်ပြည်၌။ ရတနာစုဝယ်။ အဘိသိက်သွန်းလောင်းခြင်းကိုငင်း။ ဇာတ်အဋ္ဌကထာမှာဆိုသည်။ ။ ဗါရာဏသီမင်းကြီးသည်။ ဥပလဝဏ်ထေရ်အလောင်း။ ပဒုမဝတီ မိဖုရားကို။ အသပြာစု၌။

အဘိသိက်သွန်းလောင်း၍။ မိဖုရားကြီးမြှောက်ကြောင်းကို။ ထေရီအဌကထာမှာ ဆိုသည်။ မဟာဇနက္ကမင်းကို။ မင်္ဂလာကျောက်ဖျာအပျဉ်၌။ အဘိသိက်သွန်း လောင်းကြောင်းကို။ ၎င်းဇာတ် အဌကထာမှာဆိုသည်။ အယောဃရဇာတ်၌ အ ယောဃရမင်းအား။ ရတနာစု၌။ အဘိသိက်သွန်းရမည်ဟု။ ခမည်းတော်မင်းကြီး ကဆိုကြောင်းကို ၎င်းဇာတ်အဌကထာမှာဆိုသည်။ ဝမ္မကီသုကရဇာတ်။ တစ္ဆသု ကရဇာတ်မှ နောက်၌ကား။ ရေသဖန်းအင်းပျဉ်ထက်၌သာ။ များသောအားဖြင့်။ အဘိသိက်ခံကြကုန်၏။ အနည်းငယ်အားဖြင့်။ ရတနာစု စသည်တို့၌လည်း။ အဘိသိက်ခံကြကုန်သေး၏ဟု။ မှတ်ရာ၏။ ။ ထို့ကြောင့်။ သီရိမာယာဝတ္ထု၌။ သုဒ္ဓေါဓနမင်းကြီး ရတနာစု၌။ အဘိသိက်ခံ၏ဟုလာသည်။ ပသေနဒိကောသ လမင်းကြီးသည်။ ဝသဘခတ္တိယမိဖုရားကို။ ရတနာစု၌အဘိသိက် သွန်းလောင်း၍။ မိဖုရားကြီးမြှောက်ကြောင်းကို။ ဘဒ္ဒသာလဇာတ်အဌကထာ။ စသည်တို့၌ဆိုသည်။ အချို့ဆရာတို့ကား၊ ရှေးရှေးက။ မင်္ဂလာကျောက်ဖျာရတနာ စုများ၌။ အဘိသိက်ခံရိုးထုံးဟောင်းပင်ရှိသော်လည်း။ ဝမ္မကီသုကရ၊ တစ္ဆသုကရ ဇာတ်မှနောက်၌ကား။ ရေသဖန်းပျဉ်ထက် အဘိသိက်ခံသော။ ထုံးသစ်ပေါ်၍၊ ထုံးဟောင်းပျက်လေသည်ဟုဆိုကြ၏။ ယခင်ကျမ်းစကားများနှင့် မညီလေ။ ။

မုဒ္ဓါဘိသိက်ဟူသည်ကား။ သုံးပါးကုန်သောအင်္ဂါ။ ရှေးထုံးစဉ်လာဖြစ်သော နည်းဖြင့်။ စီရင်ခြင်း။ ရှေးထုံးစဉ်လာဖြစ်လာသောနည်းစနစ်။ စကားကိုဆို၍ အဘိသိက်သွန်းခြင်း။ ဦးထိပ်၌လက်ျာရစ်လည်သော။ ခရုသင်းကို လက်နှစ်ဘက် တို့ဖြင့်။ ရှိသေစွာကိုင်၍ သွန်းလောင်းခြင်း၊ ဤအင်္ဂါသုံးပါးတည်း။ ။ ✶ ထို့ကြောင့်။ သီလက္ခန်အဌကထာ။ မူလပဏ္ဏာသအဌကထာတို့၌။ ။ တထာဝိမာနဝိဟိတေနခ တ္တိယာ ဘိသေကေနမုဒ္ဓနိအဝသိတ္တော။ ။ ဟူ၍မိန့်အပ်၏။ ။ တထာဝိမာန ဝိဟိ တေန။ ရှေးထုံးစဉ်လာဖြစ်သော။ နည်းဖြင့်စီရင်အပ်သော။ ခတ္တိယာဘိသေကေန။ ခတ္တိယာဘိသိက်ဖြင့်။ မုဒ္ဓနိ။ ဦးထိပ်၌။ အဝသိတ္တော။ သွန်းလောင်းအပ်၏။ ။ ဤ ကားယောဇနာ။ ။

ရှေးထုံးစဉ်လာဖြစ်သော နည်းဟူသည်ကား။ ။ ယုတ်သောအပိုင်းအခြား အားဖြင့်။ တေမိမင်းသား။ အယောဃရမင်းသား။ အစရှိကုန်သောမင်းတို့ကဲ့သို့။ မုဒ္ဓါဘိသိက်ဖြင့်။ အဘိသိက်သွန်းလောင်းခြင်း၄၊ မင်းမြှောက်တန်ဆာငါးပါးတို့ကို စီရင်ခြင်း။ သီရိဓမ္မာသောကမင်း။ ဒေဝါနံပိယတိဿမင်းအစရှိကုန်သော။ မင်းတို့ ကဲ့သို့၊ မိမိတို့၏။ ဘုန်းတန်ခိုးအာနုဘာဝအားလျော်စွာ၊ ထိုထိုမင်း၏ ကိရိယာတို့ ကို စီရင်ခြင်းတည်း။

မုဒ္ဓါဘိသေကဖြင့်။ အဘိသိက်သွန်းလောင်းခံခြင်းငှါ။ ထိုက်သောမင်း၏။ အင်္ဂါကား။ အသမ္ဘိန္နမင်းမျိုး၌ဖြစ်ခြင်း။ ရာဇခံ၌တည်ခြင်း။ တိုင်းနိုင်ငံသူရှင်လူအပေါင်းကို။ သားတော်မြေးတော်တို့ကဲ့သို့။ သနားကြင်နာခြင်း၊ မေတ္တာစိတ်ဖြင့် မျှခြင်း။ တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့အား။ စောင့်ရှောက်ခြင်းဟူ၍။ ငါးပါးတည်းဟု။ အဘိသေက ကြဏ်းမှာလာသည်။ ထိုအင်္ဂါငါးပါးတို့တွင်။ အသမ္ဘိန္နမင်းမျိုး၌ဖြစ်ခြင်းဟူသော အင်္ဂါကိုကား။ သာလွန်၍ မုဒ္ဓါဘိသေကကိုခံယူခြင်းငှါ။ လျောက်ပတ်သည်ကိုသာရည်၍။ ဆိုလေသည်ဟု။ မှတ်ရာ၏။ ။

ရှေးသရောအခါ။ တောသွားပုဏ္ဏားနှင့်။ အသဃမုခိဘိလူးမတို့သင့်မြတ်ကြရာတွင်။ ဘွားမြင်သောဘုရားအလောင်း။ ပဒကုသလလုင်ကို။ ဗါရာဏသီပြည်၌။ ပုရောဟိတ်ပုဏ္ဏားနှင့် ပူးပေါင်း၍။ လိမ်လည်ပြီးလျှင်။ မိမိဥစ္စာကို မိမိပင်ဝှက်ထား၍။ ခိုးသားနှင့် တကွ။ ဥစ္စာထုပ်ကို အပ်ရမည်ဟုတောင်းရာတွင်၊ စဉ်းလဲကောက်ကျစ်။ ညစ်ညမ်းသောအမှုအရာကြောင့်။ ဗါရာဏသီပြဟ္မဒတ်မင်းအားဘောက်ပြန်ချွတ်ယွင်းစေ၍။ တိုင်းသူပြည်သားတို့။ အဘိသိက်တင်၍။ မင်းမြှောက်ကြလေကုန်သည်များကို။ ထောက်ထားသဖြင့်လည်း အသမ္ဘိန္န မင်းမျိုးမဟုတ်သော်လည်း၊ မုဒ္ဓါဘိသိက်ကိုခံသင့်၏ဟု။ မှတ်ရာ၏။ အသမ္ဘိန္နမင်းမျိုးမဟုတ်ဘဲ။ အဘိသိက်ခံ၍ မင်းပြုလုပ်ပကြသည်ကား။ ဇာတ်ဝတ္ထုသက်သေ၊ ရာဇဝင်ထုံးစံများစွာလာ၏။ ။ ။

ဝဍ္ဍကီသုကရဇာတ်။ တစ္ဆသုကရဇာတ်တို့၌။ ဝဍ္ဍကီသုကရဝက်။ တစ္ဆသုကရဝက်တို့ကို။ အဘိသိက်သွန်းအံ့သောငှါ၊ ပျိုရွယ်သောဝက်မငယ်တစ်ခုကိုရွေး၍။ ဆောင်နှင်းကြောင်းကိုဆိုသောကြောင့်ငင်း။ ဝေဿန္တရာဇာတ်၌။ ခမည်းတော် သိဉ္စဉ်းမင်းကြီးသည်။ သားတော် ဝေဿန္တရာမင်းအား အဘိသိက်သွန်းအံ့သောငှါ။ မဒ္ဒရာဇ်တိုင်းမှ၊ မဒ္ဒီမင်းသမီးကို၊ ဆောင်ယူကြောင်းကိုဆိုသောကြောင့်ငင်း၊ ကုသဇာတ်၌။ ဥက္ကာကရာဇ်မင်းကြီးသည် သားတော် ကုသမင်းအား။ အဘိသိက်သွန်းအံ့သောငှါ။ မဒ္ဒရာဇ်တိုင်းမှ ပဘာဝတီမင်းသမီးကို။ ဆောင်ယူကြောင်းကိုဆိုသောကြောင့်ငင်း။ အဘိသိက်ခံလျှင်။ မိဖုရားကြီးရတနာပြည့်စုံစေရာ၏ဟု၊ သိအပ်၏။... ... ...။ ပသောနဒီကောသလမင်းသည်။ ရှေးဦးစွာ။ မိမိအဘိသိက်ကိုခံပြီးလျှင်။ နောက်မှ မလ္လိကာအမည်ရှိသော မိဖုရားကို။ မိဖုရားကြီးတင်၍။ အဘိသိက်သွန်းကြောင်းကို။ ဆိုသည်နှင့်ထောက်စာလျှင်။ မုဒ္ဓါဘိသိက်ကို ခံပြီးမှလည်း မိဖုရားကြီးနှင့် ပြည့်စုံအောင်။ တင်ထားရာ၏။ မလ္လိကာမိဖုရားကို။ မိဖုရားကြီးမတင်မှီက။ မိဖုရားကြီးတစ်ယောက်ရှိပြီဟူ၍ သော်လည်းသိအပ်၏။ မလ္လိကာမိဖုရားကို။ မိဖုရားကြီးတင်ပြီးနောက်မှလည်း။ သာကီယမင်းတို့မှရအပ်သော။

ဝသဘမင်းသမီးကို အဘိသိက်သွန်း၍။ မိဖုရားကြီးမြောက်ပြန်သည်ကို ထောက်၍သိလေ။ ။ မိဖုရားကြီးဟူသည်လည်း။ တစ်ယောက်သာတင်ရသည်မဟုတ်။ စင်စစ်သော်ကား။ အလိုရှိတိုင်း။ နှစ်ယောက်။ သုံးယောက် လေးယောက် စသည်ဖြင့်၊ များစွာတင်ထားရာ၏။

ထို့ကြောင့်စူဠကလိင်္ဂဇာတ်၌။ ။ "ဣမာဥတ္တမရူပဓရာ ရာဇဓိတရော အဂ္ဂမဟေသီယောကရောထာတိတာသံ အဘိသေကံဒါပေတွာ"။ ။ စသည်ဖြင့်။ ကလိင်္ဂရာဇ်မင်း၏လေးယောက်ကုန်သောမင်းသမီးတို့ကို။ အဘိသိက်သွန်းစေ၍။ အဿကမင်း၏။ မိဖုရားကြီးအရာ၌ တင်ထားစေကြောင်းကိုဆိုသည်။ ။ ဤကား ဇာတ်နိပါတ်တို့၌ မိဖုရားကြီးများစွာတင်ထားကြောင်း ထုံးစံရှိသည်ကိုသာပြလိုက်သည်။ ဖုရားကြီးများစွာတင်ထားရာ၌။ မိဖုရားကြီးချင်းသော်လည်းကောင်း။ ကြေးကျွန်ပရိသတ်တို့သော်ငင်း။ အချင်းချင်း ငြင်းခုံခိုက်ရန်ပွားသဖြင့် ကွဲပြားရာသည်။ "အာသဝေါတရားမကုန်စင်သော။ ပုထုဇန်ပုဂ္ဂိုလ်အခြံအရံ ပရိသတ်တို့အား။ ဆုမ္မခြင်းငှာ။ အလွန်လိမ္မာတော်မူကုန်သော မြတ်စွာဘုရားသျှင်တို့၏ အခြံအရံပရိသတ်တို့မှသော်လည်း။ ဘုရားနှစ်ဆူပြိုင်၍ ပွင့်တော်မူကြလျှင်။ များစွာကုန်သောဆရာတို့၏ အန္တေဝါသိက တပည့်တော်တို့ကဲ့သို့။ ငါတို့ဘုရားအား ကြည်ညိုဘွယ်ရှိ၏။ ငါတို့ဘုရားသာ။ သာယာသောအသံရှိ၏။ ငါတို့ဘုရားသာ လာဘ်ရှိ၏။ ငါတို့ဘုရားသာ ဘုန်းရှိ၏ဟု ငြင်းခုံခိုက်ရန်ပွားသဖြင့်။ ကွဲပြားကုန်ရာသည်"။ ။ လာဘော အလာဘောပါဠိကိုထောက်၍။ လာဘ်ဟုရေးသတည်း။ ။ ဤကား အမှာစကား။ ။ မိဘုရားကြီးကိုကားမင်းနှင့်အတူတကွသော်ငင်း။ အသီးအခြားသော်လည်းကောင်း။ အဘိသိက်သွန်းရာ၏။ သုံရုစိဇာတ်၌။ သုမေဓါ မိဖုရားနှင့်တကွ သုရုစိမင်း အဘိသိက်ခံကြောင်းကိုဆိုသည်"။ ဥဒယဘဒ္ဒဇာတ်၌။ ဥဒယဘဒ္ဒမိဖုရားနှင့်တကွ။ ဥဒယမင်းအဘိသိက်ခံကြောင်းကို ဆိုသည်။ "သမ္ဗုလဇာတ်၌ သမ္ဗုလမိဖုရားနှင့်တကွသောတ္ထိသေနမင်း အဘိသိက်ခံကြောင်းကို ဆိုသည်"။ သီရိမာယာဝတ္ထု၌။ ဂဏှာဇိန်မိဖုရားနှင့်တကွ ဇာလီမင်း အဘိသိက်ခံကြောင်းကိုဆိုသည်။ "ရာမပဏ္ဍိတဇာတ်၌ နမတော်သီတာမိဖုရားနှင့်တကွ။ ရာမမင်း အဘိသိက်ခံကြောင်းကိုဆိုသည်"။ ပသေနဒိကောသလမင်းကား။ ရှေးဦးစွာမိမိအဘိသိက်ခံပြီးလျှင်။ နောက်မှ မလ္လိကာမိဖုရားကို အဘိသိက်သွန်း၍။ မိဖုရားကြီးအရာ၌တင်ထားသည်။ "ဤ၌ ရှေးကမိဖုရားကြီးတစ်ယောက်ရှိပြီဟူ၍ ယူဆသော်ယူရာသောကြောင့် မိဖုရားကြီးနှင့်တကွ အဘိသိက်ခံသော ထုံးစံသည်သာ အားကြီးသည်ဟုမှတ်ရာ၏"။ ။

၅၅ ~ 55

ဘိသိက်သွန်းပုံ အစီအရင်ကိုပြခြင်း။

မုဒ္ဒါဘိသိက်ကိုသွန်းရာသောအစီအရင်ကို။ အဘိသိက်မင်္ဂလာအလို့ငှာ။ တန်ဆာဆင်အပ်သော မဏ္ဍပ်၏အတွင်း၌။ ထိုမဏ္ဍပ်၏အလယ်ကောင်းစွာ ခင်းထားအပ်သော ရေသဖန်းအင်းပျဉ်၌။ အဘိသိက်ကိုခံယူထိုက်သောဇာတ်နှင့် ပြည့်စုံအောင်မင်းကို စမွယ်စေ၍။ ရှေးဦးစွာမင်္ဂလာတန်ဆာ အထူးဆင်ယင်အပ်သောဇာတ်နှင့် ပြည့်စုံသောမင်းသမီးကို။ ဂင်္ဂါရေဖြင့်ပြည့်သောသမုဒ္ဒရာ၌ဖြစ်သော။ လက်ျာရစ်လည်သောခရုသင်းကို လက်နှစ်ဘက်တို့ဖြင့်။ ရိုသေစွာကိုင်၍။ ဦးထိပ်အထက်၌ စိုက်ထောင်လျက်။ ထိုခရုသင်းဖြင့်။ ထိုမင်း၏ ဥက္ကောင်းတော်၌ အဘိသိက်ရေကို သွန်းလောင်းရာ၏။

ဆိုရမည့်စကားကား။ ။ 'တံဒေဝသဗ္ဗေပိ ခတ္တိယဂဏာ အတ္တာနံမာရက္ခနတ္ထံ ဣမိနာအဘိသေကေန။ အဘိသေကိကံ။ မဟာရာဇံကရောန္တိတွံ၊ ရာဇဓမ္မေသု။ ဋ္ဌိတောဓမ္မေနသမေနရဇ္ဇံကာရေဟိ။ ဧတေသုတွံ ပုတ္တသိနေဟာ နုကမ္ပာယ။ ဟိတစိတ္တော။ ဟိတာသမမေတ္တစိတ္တောစ။ ဘဝ၊ ရက္ခာဝရဏာ ဂုတ္တိယာ။ တေသံရက္ခိတောစဘဝါဟိ။ ။

ဟူ၍ခပ်သိမ်းကုန်သောဘာသာတို့၏။ အရင်းမူလဘူတဖြစ်သော မဂဓဘာသာဖြင့်ငင်း။ ။ ဒေဝ။ အရှင်မင်းမြတ်။ တံ။ အရှင်မင်းကို။ သဗ္ဗေပိ။ အလုံးစုံလည်းဖြစ်ကုန်သော။ ခတ္တိယဂဏာ။ မင်းမျိုးအပေါင်းတို့သည်။ အတ္တာနံ။ မိမိ။ မိမိတို့ကိုယ်ကို။ အာရက္ခနတ္ထံ။ စောင့်ရှောက်စေခြင်းငှာ။ ဣမိနာအဘိသေကေန။ ဤအဘိသိက်ဖြင့်။ အဘိသေကိကံ။ အဘိသိက်သွန်းလောင်းခြင်းရှိသော။ မဟာရာဇံ။ မင်းမြတ်ကို။ ကရောန္တိ။ ပြုကုန်၏။ တွံ။ အရှင်မင်းမြတ်သည်။ ရာဇဓမ္မေသု။ မင်းကျင့်တရားတို့၌။ ဋ္ဌိတော တည်လျက်။ ဓမ္မေန။ တရားနှင့်။ သမေန။ ညီညွတ်သဖြင့်။ ရဇ္ဇံ။ မင်းအဖြစ်ကို။ ကာရေဟိ။ ပြုတော်မူလော။ ဝါ။ ပြည်သူအပေါင်းတို့ကပြုစေလော၊ ဧတေသု။ ထိုမင်းမျိုးအပေါင်းတို့က ပြုစေလော။ ဧတေသု။ ထိုမင်းမျိုးအပေါင်းတို့၌။ တွံ။ အသျှင်မင်းမြတ်သည်။ ပုတ္တသိနေဟာနုကမ္ပာယ။ ရွှေရင်တော်နှစ်ကဲ့သို့ချစ်ခင် သနားတော်မူသဖြင့်။ ဟိတစိတ္တောစ။ စီးပွားစေလိုသောစိတ်ရှိတော်မူသည်လည်း။ ဘဝ၊ ဖြစ်တော်မူပါလော။ ဟိတာသမမေတ္တစိတ္တောစ။ စီးပွားနှင့်မျှသော မေတ္တာစိတ်ရှိတော်မူသည်လည်း။ ဘဝ။ ဖြစ်တော်မူပါလော။ ရက္ခာဝရဏာဂုတ္တိယာ။ စောင့်ရှောက်မစ။ လုံခြုံစေခြင်းဖြင့်။ တေသံ။ ထိုမင်းမျိုး

အပေါင်းတို့ကို။ ရက္ခိတောစ။ စောင့်ရှောက်တတ်သည်လည်း။ ဘဝါဟိ။ ဖြစ်တော်မူလော။ ။ ဤသို့ မဂဓဘာသာ သကဋ္ဋဘာသာနှစ်ပါးစုံဖြင့်လည်း ဆိုရာ၏။ ။ ဤကားမင်းဘိသိက်တည်း။

ထို့နောက်တဘန် ပုရောဟိတ်သည်လည်း။ ပရောဟိတ်အရာအားလျော်စွာ။ တန်ဆာတို့ဖြင့်။ တန်ဆာဆင်ခြင်းနှင့်စပ်သည်ဖြစ်၍။ ဂင်္ဂါရေဖြင့်ပြည့်သော ငွေခရုသင်းကို။ လက်နှစ်ဘက်တို့ဖြင့်။ ရိုသေစွာကိုင်၍။ ထိုမင်းမြတ်၏။ ဦးထိပ်ထက်၌စိုက်ထောင်၍။ ထိုငွေခရုသင်းဖြင့်။ ထိုမင်းမြတ်၏။ ဦးထိပ်ထက်၌။ အဘိသိက်ရေကိုသွန်းလောင်းရာ၏။ ။ ဆိုရမည့်စကားကား။ ။ တံဒေဝသဗ္ဗဝိပြဟ္မဏဂဏာ။ အတ္တာနမာရက္ခနတ္ထံက္လမိနာအဘိသေကေန။ အဘိသေကိကံ မဟာရာဇံကရောန္တိ။ တွံရာဇဓမ္မေသု၊ ဋ္ဌိတော။ ဓမ္မေန။ သမေန-ရဇ္ဇံကာရေဟိ။ ဧတေသုတွံ။ ပုတ္တသိနေဟာနုကမ္ပာယ၊ ဟိတစိတ္တော၊ ဟိထ။ သမ။ မေတ္တစိတ္တောစဘဝ၊ ရက္ခာဝရဏဂုတ္တိယာ။ တေသံရက္ခိတောစ ဘဝါဟိ။ ။ ဟူ၍ငင်း။ ဆိုအပ်၏။

ဒေဝ။ အရှင်မင်းကြီး။ တံ။ ထိုအရှင်မင်းကြီးကို။ သဗ္ဗဝိ။ အလုံးစုံလည်း ဖြစ်ကုန်သော။ ပြဟ္မဏဂဏာ။ ပုဏ္ဏားမျိုးအပေါင်းတို့သည်။ အတ္တာနံ။ မိမိ။ မိမိတို့ကိုယ်ကို။ အာရက္ခနတ္ထံ။ စောင့်ရှောက်စေခြင်းငှါ။ က္လမိနာအဘိသေကေန။ ဤအဘိသိက်ဖြင့်။ အဘိသေကိကံ။ အဘိသိက်သွန်းလောင်းခြင်းရှိသော။ မဟာရာဇံ။ မင်းမြတ်ကို။ ကရောန္တိ။ ပြုကုန်၏။ တွံ။ အသျှင်မင်းမြတ်သည်။ ရာဇဓမ္မေသု။ မင်းကျင့်တရားတို့၌။ ဋ္ဌိတော။ တည်တော်မူလျက်။ ဓမ္မေန။ တရားနှင့်။ သမေန။ ညီညွတ်သဖြင့်။ ရဇ္ဇံ။ မင်းအဖြစ်ကို။ ကာရေဟိ။ ပြုတော်မူလော။ ဝါ။ ပြည်သူအပေါင်းကပြုစေလော။ ဧတေသု။ ထိုပုဏ္ဏားမျိုးအပေါင်းတို့၌။ အရှင်မင်းမြတ်သည်။ ပုတ္တသိနေဟာနုကမ္ပာယ။ ရွှေရင်တော်နှစ်ကဲ့သို့။ ချစ်ခင်သနားတော်မူသဖြင့်။ ဟိတစိတ္တောစ။ စီးပွားစေလိုသော။ စိတ်ရှိတော်မူသည်လည်း၊ ဘဝ။ ဖြစ်တော်မူပါလော၊ ဟိတသမမေတ္တစိတ္တောစ။ စီးပွားနှင့်မျှသော။ မေတ္တာစိတ် ရှိတော်မူသည်လည်း။ ဘဝ။ ဖြစ်တော်မူပါလော။ ရက္ခာဝရဏဂုတ္တိယာ၊ စောင့်ရှောက်လုံခြုံစေခြင်းဖြင့်။ တေသံ။ ထိုပုဏ္ဏားမျိုးအပေါင်းတို့ကို။ ရက္ခိတောစ၊ စောင့်ရှောက်တတ်သည်လည်း။ ဘဝါဟိ၊ ဖြစ်တော်မူပါလော။ ။ ဟူ၍ငင်း မြန်မာအနက်ဖြင့်ဆိုအပ်၏။

ပုဏ္ဏားအဘိသိက်ခဏ်းပြီး၏။

ထို့နောက်တဘန်။ သူဌေးကြီးသည်။ သူဌေးအရာအားလျော်စွာ။ တန်ဆာဆင်ခြင်းရှိသည်ဖြစ်၍။ ဂင်္ဂါရေဖြင့်ပြည့်သော။ ရတနာခုနစ်ပါးဖြင့်ပြီးသော။ တနည်းကား။ ရွှေဖြင့်ပြီးသော။ ခရုသင်းကိုလက်နှစ်ဘက်တို့ဖြင့်။ ရိုသေစွာကိုင်၍။ ထိုမင်း၏ဦးထိပ်၌ထောင်၍။ ထိုခရုသင်းဖြင့်။ ထိုမင်း၏ဦးထိပ်၌။ အဘိသိက်ရေကိုသွန်းလောင်းရာ၏။ ။

ဆိုရမည်စကားကား။ ။ တံဒေဝသဗ္ဗေပိ ဂဟပတိဂဏာ အတ္တာနမာရက္ခနတ္ထံ။ ဣမိနာအဘိသေကေန၊ အဘိသေကိကံ။ မဟာရာဇံကရောန္တိ။ တွံရာဇဓမ္မေသု။ ဠိတော။ ခမ္မေန-သမေန-ရဇ္ဇံ ကာရေဟိ။ ဧတေသုတွံ-ပုတ္တသိနေဟာနုကမ္ပာယ။ ဟိတ။ စိတ္တော။ ဟိတသမ။ မေတ္တစိတ္တောစဘဝ။ ရက္ခာ ဝရဏဂုတ္တိယာ တေသံရက္ခိတောစဘဝါဟိ။ ။ ဟူ၍ဋင်းဆိုအပ်၏။

ဒေဝ။ အရှင်မင်းကြီး၊ တွံ။ အရှင်မင်းကြီးကို။ သဗ္ဗေပိ။ အလုံးစုံလည်းဖြစ်ကုန်သော။ ဂဟပတိဂဏာ။ သူကြွယ်အပေါင်းတို့သည်။ အတ္တာနံ။ မိမိ-မိမိတို့ကိုယ်ကို။ အာရက္ခနတ္ထံ။ စောင့်ရှောက်စေခြင်းငှါ။ ဣမိနာအဘိသေကေန၊ ဤအဘိသိက်ဖြင့်။ အဘိသေကိကံ။ အဘိသိက်သွန်းလောင်းခြင်းရှိသော။ မဟာရာဇံ။ မင်းမြတ်ကို။ ကရောန္တိ။ ပြုကုန်၏။ တွံ။ အရှင်မင်းမြတ်သည်။ ရာဇဓမ္မေသု။ မင်းကျင့်တရားတို့၌။ ဠိတော။ တည်တော်မူလျက်။ ခမ္မေန၊ တရားနှင့်။ သမေန။ ညီညွတ်သဖြင့်။ ရဇ္ဇံ။ မင်းအဖြစ်ကို။ ကာရေဟိ။ ပြုတော်မူပါလော။ ဝါ။ ပြည်သူအပေါင်း တို့ကပြုစေလော၊ ဧတေသု။ ထိုသူကြွယ်အပေါင်းတို့၌။ တွံ။ အရှင်မင်းမြတ်သည်၊ ပုတ္တသိနေဟာနုကမ္ပာယ။ ရွှေရင်တော်နှစ်ကဲ့သို့။ ချစ်ခင်သနားတော်မူသဖြင့်။ ဟိတစိတ္တော)စ။ စီးပွားစေလိုသောစိတ်ရှိတော်မူသည်လည်း။ ဘဝ။ ဖြစ်တော်မူပါလော။ ဟိတသမ။ မေတ္တစိတ္တောစ။ စီးပွားနှင့်မျှသော။ မေတ္တာစိတ်ရှိတော်မူသည်လည်း။ ဘဝ။ ဖြစ်တော်မူပါလော။ ရက္ခာဝရဏ ဂုတ္တိယာ။ စောင့်ရှောက်လုံခြုံစေခြင်းဖြင့်။ တေသံ။ ထိုသူကြွယ်အပေါင်းတို့ကို။ ရက္ခိတောစ။ စောင့်ရှောက်တတ်သည်လည်း။ ဘဝါဟိ။ ဖြစ်တော်မူပါလော။ ။ ဟူ၍လည်းဆိုအပ်၏။

ဤကားသူကြွယ်တို့ ဘိသိက်ခဏ်းပြီး၏။

၅၆ ~ 56

ဘိသိက်ခံခြင်းသည်ကား။ ။ သစေထွံ အမှကံ ဝစနာနုံရှု ပေနရဋ္ဌ ကရိသ တိ။ ဣစ္စေတံကုသလံ။ နောစေကရိဿတိ။ တဝမုဒ္ဓေါသတ္တဓါ ဖလတု။ ။ ဟူသော ဋီကာပါဠ်များနှင့်အညီ။ အရှင်မင်းမြတ်။ အရှင်မင်းမြတ်သည်။ အကျွန်ုပ်တို့ဆိုသည်အတိုင်း။ မင်းပြုတော် မူသည်ရှိသော်။ ကောင်းမြတ်၏။ ထိုသို့မပြုခဲ့သော်။ အရှင်မင်းမြတ်၏ ဦးခေါင်းသည်။ ခုနစ်စိတ် ခုနစ်ဖြာစေကွဲ သတည်းဟု။ ကြိမ်စာရွတ်သည်နှင့်တူ၏ ဟုမှတ်အပ်၏။ ။ ထို့ကြောင့်။ အဘိသိက်ခံကုန်သောမင်းတို့သည်။ အထူးသဖြင့် တရားနှင့်ညီညွတ်စေကုန် ရာ၏။ ခပ်သိမ်းကုန်သော။ ဘာသာအပေါင်းတို့တွင်လည်း။ မဂဓဘာသာ မြတ်သည်။ မြတ်ကြောင်းကိုကား။ မိဘမျိုးခြားနှစ်ပါးစုံမှ။ ဖြစ်ပွားသော သား ငယ်သည်။ ထိုမိဘနှစ်ပါးတို့တွင်။ အကြင်သူ၏စကားကို။ ရှေးဦးစွာကြား၏။ ထို သူစကားကို။ ထိုသားငယ်တတ်၏။ အကြင်သူငယ်သည်။ ရွာမရှိမသာတောကြီး ဖြစ်၏။ ထိုတောကြီး၌၊ တစ်စုံတစ်ယောက်သောသူ၏။ အသံတို့ကိုမျှမကြားရ။ ထိုသူငယ်သည်။ မိမိ၏ ဓမ္မတာအားဖြင့် စကားဆိုသော်၊ မဂဓဘာသာကိုသာ တတ်သောကြောင့်။ ထိုမဂဓဘာသာကိုပင် ပြောဆို၏။ ငရဲတိရစ္ဆာန်မျိုး၌၎င်း။ ပြိတ္တာဘုံ၌၎င်း။ လူပြည်နတ်ပြည်တို့၌၎င်း။ အလုံးစုံကုန်သော ဘုံ၌ါနတို့၌၊ မဂဓ ဘာသာများစွာဖြစ်၏။ သြဋ္ဌဘာသာ။ ကိရာတဘာသာ။ အန္ဓကဘာသာ။ ယောန ကဘာသာ။ ဒမိဠဘာသာ။ အစရှိကုန်သော။ တစ်ဆယ့်ရှစ်ပါးကုန်သော။ ဘာသာတို့သည်။ ဘောက်ပြန်ရွေ့လျောကုန်၏။ ဗြဟ္မဝေါဟာရ။ အရိယ ဝေါဟာရဖြစ်သော။ မဂဓဘာသာ တစ်ပါးသာလျှင်။ မဖေါက်ပြန်မရွေ့မလျော။ မြတ်စွာဘုရားသည်လည်း။ ပိဋကတ်သုံးပုံ ပါဠိသို့တင်တော်မူသည်ရှိသော်။ မဂဓဘာသာဖြင့်သာတင်တော်မူ၏။ ဤသို့စသည်ဖြင့်။ ✳ သမောဟဝိနောဒနီ မည်သော။ ဝိဘင်းအဋ္ဌကထာ။ ပဋိသမ္ဘိဒါဝိဘင်းအဖွင့်၌ လာသည်ကိုရင်း။ ကပ်ဦးသူတို့သည်၎င်း။ နတ်ဗြဟ္မာတို့သည်၎င်း၊ မြတ်စွာဘုရားရှင်တို့သည်၎င်း။ မဂဓဘာသာကိုသာ။ ပြောဆိုကြကုန်၏ဟူ၍- ရူပသိဒ္ဓိအစရှိကုန်သောကျမ်းတို့၌၊ လာသည်ကို ၎င်းထောက်၍ သိအပ်၏။ ထို့ကြောင့် မင်္ဂလာအမှုကိစ္စများ၌။ မိမိ။ မိမိတို့၏ အလေ့အကျက်အားလျော်စွာ။ သကသကဘာသာဖြင့်။ ဆိုသင့်ငြား သော်လည်း၊ မဂဓဘာသာဖြင့်ဆိုခြင်းသည်။ သာလွန်၍ သင့်လျော်သည်ဟု။ မှတ် ရာ၏။ ကပ်ဦးမဟာသမတအစရှိကုန်သော။ မင်းတို့သည်လည်း။ မဂဓဘာသာ ဖြင့်သာဆိုစေ၍။ အဘိသိက်ခံကုန်၏။ ကပ်ဦးမဆွက။ အလုံးစုံကုန်သော

သတ္တဝါတို့သည်ပင်။ မဂဓဘာသာကိုသာဆိုကြကုန်၏။ ထိုနောင်ကာလ ရှည်လျားမှ။ တရွေ့တရွေ့ မဂဓဘာသာပျောက်တိမ်ရွေ့လျော။ သဘောတခြား ဘာသာအများကွဲပြားလေသည်။ ထို့ကြောင့်။ ဇာတ်နိပါတ်တို့၌။ ခွေး။ ဝက်။ ကြက်။ ငှက်။ အစရှိကုန်သော သတ္တဝါတို့သည်။ မိမိဇာတ်တူအချင်းချင်းပင် မဟုတ်သော်လည်း။ မဂဓဘာသာဖြင့်သာ။ ပြောဆိုမြည်တမ်းကြသဖြင့် နားလည်မှတ်သားနိုင်ကြကုန်သည်။ ဆက္ကနိပါတ်ခရပုတ္တဇာတ်၌။ သေနက မင်းကြီးပွဲတော်တည်ရာမှ။ တစ်ခုသော ပျားတင်လဲပေါက်သည်။ အောက်သို့ လွတ်၍ ကျလေသဖြင့်။ ယနေ့မင်းကြီးပျားရည်အိုးကွဲခဲ့ပြီ။ ထောပတ်တင်လဲအိုး လည်း မှောက်ခဲ့ပြီ။ အိုအချင်းတို့။ စားလှည့်ကြကုန်။ ခဲလှည့်ကြကုန်ဟု။ မြည်တမ်းကြွေးကျော်သော။ ပရွက်ခြပုန်း၏အသံကိုငှင်း။ မင်းကြီးနံ့သာလိမ်းကျံ သောအခါ။ ခြေရင်း၌ကျသော။ နံ့သာမှုန့်၌လူးလည်း၍။ အမွေးအကြိုင်လှိုင်စေ ပြီးလျှင်။ မင်းကြီး၏ ကျောက်ကုန်းထက်၌နား၍။ မွေ့လျော် ကြကုန်အံ့ဟု။ ယင် ဘိုအား ပြောဆိုသော ယင်မ၏ အသံကိုငှင်း"။ ။ မင်းကြီးညချမ်းအခါ။ ပွဲတော်တည်ရာမှ။ တစ်ခုသော ထမင်းလုံးကျလာသည်ရှိသော်။ ယနေ့ နန်းတော်၌။ ထမင်းလှည်းကျိုးခဲ့ပြီ။ စားလှည့်ကြကုန်ဟု မြည်တမ်းကြွေးကျော် သော။ ပရွက်ခြပုန်း၏အသံကိုငှင်း"၊ မင်းကြီးနှင့် မိဖုရား ရထားစီး၍ ဥယျာဉ် တော်သို့အထွက်တွင်။ ဆိတ်ဘို ဆိတ်မတို့၏ ရထား၌ကသောမြင်းနှင့်။ ကဲ့ရဲ့ပြစ် တင်ကြသော အသံကိုငှင်း"။ နဂါးတို့ ဆက်သသောမန္တာန်၏ အစွမ်းဖြင့်ကြားလေ သည်။ ကြား၍လည်း။ နားပါးလေသည်ဟုလာသည်မှာ။ ထိုကာလ။ ထိုဒေသ၌။ ဘာသာအခြားကွဲပြားကြသည်ဖြစ်၍။ ပကတိသဘောအားဖြင့်။ နားမလည်သည် ဟု မှတ်ရာ၏။ အလွန်သေးငယ်ကုန်သော တိရစ္ဆာန်တို့၏စကားကို။ အတပ်အ အပ် ကြားသိခြင်းလည်း မန္တာန်၏အစွမ်းအားဖြင့် ကြားသိသည် ဟုမှတ်ရာ၏"။ ထိုကာလ ထိုဒေသ၌ ဘာသာအခြားကွဲပြားကြသည်ဖြစ်လျှင်။ ဆိတ်နှင့်မြင်း တို့၏။ အချင်းချင်းဇာတ်မတူ။ ကွဲပြား၍ ဘာသာအခြားစီဖြစ်လျက်။ နားပါးလည် ကြသည်မှာ။ သိကြားမင်း သုဇာတာတို့က ဆိတ်ဘို ဆိတ်မ အယောင်ဘန် ဆင်း၍။ ထိုမြင်း၏ဘာသာဖြင့် ပြောဆိုကြသောကြောင့်။ နားပါးလည်လေ သည်။" ဘုရားအလောင်း ဆဒ္ဒါန်ဆင်မင်းအဖြစ် စသည်တို့၌။ များသောအားဖြင့်။ မဂဓဘာသာဖြင့် ပြောဆိုမြည်တမ်းကြောင်းကို။ မူလဋီကာ၌ဆိုသည်။ ။ ဤ ကား မဂဓဘာသာသည် အမှန်ဖြစ်၍။ ရွတ်ဘသ်ရာ၌သုံးစွဲသင့်ကြောင်း ပါ ဘုရား။

၅၇ ～ 57

ခရုသင်းသုံးလုံးမှာ အဋ္ဌကထာကျမ်း၌ (တီဟိသင်္ခေဟိ) ဟူ၍ ခရုသင်းသုံးလုံး သာမညသာလာသည်။ သာရတ္ထဒီပနီ။ မဟာဝင်ဋီကာစသောကျမ်းမှာကား။ ဒက္ခိဏာဝဋ္ဋပကတိခရုသင်း “ငွေခရုသင်း။” ရွှေခရုသင်း ဟူ၍ သုံးလုံးလာသည်။” စူဠသီဟနာဒသုတ်အဋ္ဌကထာ၌ကား ✳ (ပဌမံတာဝအဘိသေကံဂဏှာန္တာနံရာဇူနံ သုဝဏ္ဏမယာ ဒီနိတီဏိသင်္ခါနိစဂင်္ဂါ ဒကဥ္စခတ္တိယကဥ္စလဒ္ဓုံဝဋ္ဋုံဝဋ္ဋတိ။) ။ “ဟူ၍ ရွှေခရုသင်း” ငွေခရုသင်း” ပကတိခရုသင်းတို့ကိုငှင်း။” ဂင်္ဂါရေကိုငှင်း။” မင်းသမီးကိုငှင်း။” မုဒ္ဓါဘိသိက်ခံကုန်သော မင်းတို့အား ရှေးဦးစွာရသင့်ကြောင်းကို ဆိုသည်။” ။ အယောဃရဇာတ်ဋီကာ၌လည်း။ “တီဟိသင်္ခေဟိတိသုဝဏ္ဏရဇတ ပကတိသင်္ခေဟိ။” ဟူ၍။ ရွှေခရုသင်း-ငွေခရုသင်း ပကတိခရုသင်းအားဖြင့် သုံးလုံးလာသည် ခရုသင်းသုံးလုံးဖြင့်၊ သွန်းလောင်းရန်အကြောင်းကို။ အထက်၌ထင်စွာဖြစ်လတံ့။ ။ ဤကားခရုသင်းအခဏ်းပြီး၏။

၅၈ ～ 58

အမျိုးသုံးပါးကိုပြခြင်း။

အဘိသိက်သွန်းလောင်းစေရာ၌။ မင်းမျိုး။ ပုဏ္ဏား။ ကုန်သည်သူဌေးမျိုး။ ဤသုံးပါးသည်။ မြတ်သောအမျိုး။ ကြီးကျယ်သောအမျိုးဖြစ်ရကား။ ဤသုံးပါးကိုသာ၊ အဘိသိက်သွန်းလောင်းစေရာသည်။ ထိုသုံးပါးသောအမျိုးတို့၏။ ကြီးကျယ်ကြောင်းကိုကား။ ။ ✳ မဟာကုလာတိခတ္တိယကုလာဗြဟ္မဏကုလာဝါ ဝေဿကုလာဝါ ဣဒမေဝဟိကုလတ္တယံ။ မဟာကုလန္တိဝုစ္စတိ။ ။ ဟူ၍ မင်းမျိုး။ ပုဏ္ဏားမျိုး။ ကုန်သည်သူဌေးသူကြွယ်မျိုး။ ဤသုံးပါးသည်သာ။ မဟာကုလမည်ကြောင်းကိုဆိုသော။ ပပဉ္စသုဒနိမည်သော။ မဇ္ဈိမနိကာယ်အဋ္ဌကထာ ဥပရိပဏ္ဏာသ။ သပ္ပုရိသဓမ္မသုတ်အဖွင့်ကိုထောက်၍ သိအပ်၏။ ။ ထိုအမျိုးသုံးပါးတို့တွင်။ မင်းမျိုး ပုဏ္ဏားမျိုးတို့သည်။ မြင့်မြတ်သော အမျိုးဖြစ်ကုန်ရကား။ သူဌေးသူကြွယ်တို့၏။ ရှေးဦးစွာသွန်းလောင်းစေရာသည်။ ထိုမင်းမျိုး ပုဏ္ဏားမျိုးတို့၏။ မြင့်မြတ်ကြောင်းကိုကား။ ။ ဥစ္စာကုလာတိခတ္တိယ ကုလာဝါဗြဟ္မဏ ကုလာဝါ။ ဧတေဒေဝဟိကုလဒွယံ ဥစ္စာကုလန္တိဝုစ္စတိ။ ။ ဟူ၍။ မင်းမျိုး ပုဏ္ဏားမျိုးနှစ်ပါး

သည်သာ။ ဥစ္စာကုလမည်ကြောင်းကိုဆိုသော။ ၎င်းအဋ္ဌကထာအဖွင့်ကို ထောက်၍ သိအပ်၏။ ။

ထိုမင်းမျိုးပုဏ္ဏားမျိုးတို့တွင်။ မင်းမျိုးသည်သာ လွန်ကဲသောအားဖြင့်။ မြင့်မြတ်ရကား။ မင်းမျိုးကို ရှေးဦးစွာ သွန်းလောင်းစေရာသည်။ မင်းမျိုးသာလွန်၍ မြင့်မြတ်ကြောင်းကိုကား။ အလွန်ထင်ရှား၏။ မင်းဟူက အမျိုးလေးပါးလုံးကို။ ပိုင်စိုးချုပ်အုပ်၍ မင်းပြုလုပ်ရကား။ သူဆင်းရဲမျိုးသည်လည်း။ ယခင်မင်းသမီး ပုဏ္ဏားသူဌေးသူကြွယ်တို့ကဲ့သို့။ ဆိုမြည်၍ အဘိသိက်သွန်းလောင်းသင့်သည်မဟုတ်လောဟူ၍။ ဆိုငြားအံ့။ အိမ်၌ ကြီးကဲစိုးအုပ်၍နေသော ဂဟပတိလူအပေါင်းတွင်။ ကုန်သည်။ သူဌေး။ သူကြွယ်မျိုးသည်သာ ကြီးကျယ်ရကား။ ထိုကုန်သည်သူဌေးသူကြွယ်မျိုးသည်။ ပြဋ္ဌါန်းသည်ဖြစ်၍။ ကုန်သည် သူဌေးသူကြွယ်မျိုးဆိုသဖြင့်။ မပြဋ္ဌါန်းသော သူဆင်းရဲမျိုးကိုလည်း မဆိုဘဲ။ ပြီးသင့်တော့သည်ဘုရား။ ။

အမျိုးသုံးပါးကိုပြခဏ်းပြီး၏။

၅၉ ～ 59

ဤသို့ မုဒ္ဓါဘိသိက်ကိုခံယူသည်ရှိသော်။ အရိယာပုဂ္ဂိုလ်တို့အား။ ပုဗ္ဗေကတပုည၏ အကျိုးဖြစ်ကုန်သော။ ပဋိမ္ဘိဒါဉာဏ် အစရှိကုန်သော။ ဂုဏ်အထူးတို့သည်။ မင်း၏အာနုဘော်ဖြင့်။ ရောက်ကုန်သကဲ့သို့၎င်း။ စကြာမင်းတို့အား။ တိက္ခပညာဖြစ်အံ့။ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး။ မဇ္ဈိမပညာဖြစ်အံ့ နှစ်ဆယ်ငါးနှစ်တို့ပတ်လုံး။ မုဒုပညာဖြစ်အံ့။ အနှစ်ငါးဆယ်တို့ပတ်လုံး တစ်ဆယ့်နှစ်ပါးသော။ ကျင့်ဝတ်တို့ကို ဖြည့်၍။ စက်ရတနာရောက်လာသကဲ့သို့၎င်း။ ထို့အတူမုဒ္ဓါဘိသိက်၏။ အစွမ်းအားဖြင့်။ များစွာကုန်သောမင်း၏ တန်ခိုးတို့သည်ရောက်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူကား။ မုဒ္ဓါဘိသိက်ဖြင့် အဘိသိက်ကို ခံယူခြင်း၏။ ကုသိုလ်ပုညဖြစ်သောကြောင့်၊ ထိုကုသိုလ်ပုည၏လည်း။ မင်္ဂလာဖြစ်သောကြောင့်။ ထိုပုညမင်္ဂလာဖြင့်။ အလိုရှိအပ်သော။ အကျိုးကိုပြီးစေအပ်သောကြောင့်တည်း။ ထိုစကားသည်မှန်၏။ ကုသိုလ်အစရှိသော။ ရာဇဓမ္မကိုဆောက်တည်။ အဓိဋ္ဌါန်ပြုခြင်းသည်သာ။ မုဒ္ဓါဘိသိက်မည်၏။ မုဒ္ဓါဘိသိက်ကိုခံယူသည်ရှိသော်။ ဘွဲ့နာမကိုလည်း ခံယူအပ်၏။ ထိုကြောင့်။ သုတသောမဇာတ်၌။ ။

မုဒ္ဓါဘိသိတ္တော့ကထာနာမဇေယျာ။" ။ ဟူ၍လာသည်ကိုမှတ်အပ်၏။ ၎င်း အဋ္ဌကထာ၌လည်း။ ။ ✳ မုဒ္ဓါဘိသိတ္တကထာနာမဘိဇေယျော။" ။ ဟူ၍ဖွင့်ပြလေသည်။ မုဒ္ဓါဘိသိက်ကို ခံယူခြင်း ဘွဲ့နာမကိုခံယူခြင်းတို့၏ အကြောင်းအကျိုး၏အဖြစ်ဖြင့်ဖွင့်ပြအပ်သော အဋ္ဌကထာကိုလည်းမှတ်တော်မူ။ ။ ဘွဲ့နာမကိုခံယူရာ၌ "ဆန်းဂိုဏ်းနံ့စံအက္ခရာဝံသစက်စသည်တို့ဖြင့်။" သုတိမင်္ဂလာသာယာအောင်ရွေးခြယ်၍ ဗေဒင်ကြဏ်းအလိုအားဖြင့် မှည့်ခံရာ၏။ သာသနာတော်ကျမ်းဂန်အလိုအားဖြင့်ကား။ ဘွဲ့နာမဟူသည်။ ခေါ်ဝေါ်လွယ်ခြင်းအကျိုးသာရှိသည်။ အမည်ကိုစွဲ၍ ယုတ်နိမ့်မြင့်မြတ်ခြင်းမရှိမှု၍။ ✳ နာမသိဒ္ဓိကဇာတ်။ ကာဠကဏ္ဏိဇာတ်။ အဋ္ဌကထာများ၌လာသည်။ ဥပါဒိဏ္ဏကဖြစ်စေ။ အနုပါဒိဏ္ဏကဖြစ်စေ။ အမည်ရှိမှခေါ်ဝေါ်ရခြင်းအကျိုးပြီးသည်။ ။ အကြင်ဝတ္ထု၌ အမည်ထင်ရှားမရှိ။ ထိုဝတ္ထု၌ အနာမိကဟူသောအမည်ဖြင့် ခေါ်ဝေါ်ရာ၏ဟူ၍။ အဋ္ဌသာလိနီအဋ္ဌကထာ စသည်တို့၌ လာသည်။ အဘိဓါန် စာကိုယ်။ ဋီကာ၌လည်း။ အမည်ဝိသေသမရှိသော။ လက်သူကြွယ်ကို။ အနာမိကဟူသော အမည်ဖြင့်ခေါ်ဝေါ်သင့်ကြောင်းကိုဆိုသည်။ ။ ဤကဲ့သို့ ခရုသင်းသုံးလုံးတို့ဖြင့် အမျိုးသုံးဦးတို့အား။ အဘိသိက်သွန်းစေ၍။ မုဒ္ဓါဘိသိက်ခံခြင်းကား။ ကပ်ဦးမဟာသမတမင်းမှစ၍။ ရှေးရှေးမင်းတို့တံထွာ သဘောတည်း ။

ထိုကြောင့်။ ✳ "တေမိဿခေတ္တသာမိနောတီဟိသင်္ခေဟိအဘိသေကံ အကံသု။" ။ ဟူ၍ ဒီဃနိကာယ်အဋ္ဌကထာ။ ပါထိယဝဂ်အဖွင့်၌လာသည်။ ၎င်းဋီကာ၌လည်း။" ။ တီဟိသင်္ခေဟိ တိဝိဓအရိယာ ဘိသင်္ခတေဟိတီဟိ သင်္ခေဟိခတ္တိယာဒီဟိတိဝဏ္ဏေဟိ ပရိဂ္ဂဟိတေဟိ။" ။ ဟူ၍ မင်းမျိုး။ ပုဏ္ဏားမျိုး။ ကုန်သည်သူဌေးသူကြွယ်မျိုး သုံးဦးတို့သည်အစဉ်အတိုင်း။ မဟာသမတမင်းအား။ မုဒ္ဓါဘိသိက်သွန်းကြောင်းကိုဆိုသည်။ ။

မုဒ္ဓါဘိသိက်ခံရာ အရပ်ကိုကား။ မဟာဇနကမင်း။ နိဂြောဓဇာတ်စသည်တို့၌။ မင်္ဂလာဥယျာဉ်တော်၌။ မဟာဇနကမင်း။ နိဂြောဓမင်းစသည်တို့သည် အဘိသိက်ခံသည်ကို၎င်း။ ။ ဝေဿန္တရာမင်းသည်။ ဝင်္ကဘာတောင်၌သာမဟုတ်။ အမှတ်မရှိအရှင်စိုးမင်းတို့နှလုံးတော်နှစ်ချိုက်ရာသင့်တင့်ရာ အရပ်၌ အဘိသိက်ခံသင့်၏ဟုသိအပ်ပါသည်ဘုရား။ ။ ဤတွင်ရွှေ့ကား-ခရုသင်းသုံးလုံးကိုဆိုရာ ပကိဏ္ဏကခဏ်းပြီး၏။

ရေမြေသျှင်မင်း။ မုဒ္ဓါဘိသိက်ခံယူသောအခါ၌။ များစွာကုန်သောလူအပေါင်းတို့က။ ကောင်းခြီးဝှဲသံ။ တူရိယာမျိုးသံစုံတို့ဖြင့်။ ဆက်သရကြောင်းကိုလည်း။ ။ "မုခမင်္ဂလိကာ မုခမင်္ဂလာနိဃောသယိံ သုသဗ္ဗတူရိယာ နိပဂ္ဂဏှိံသု။" ။ ဟူသော

ဝေသာယန္တရာဇာတ်ကိုထောက်၍ ရှေးထုံး ပဝေဏီပင်ဟုသိအပ်၏။ ။ ဤသို့လျှင် ရေမြေသေဌ်နှင်းမင်းတို့သည်။ မုဒ္ဓါဘိသိတ္တမင်း။ "သာမညမင်းဟူ၍ ပြအပ်သော အချင်းအရာ ကာတဗ္ဗကာရ ကိစ္စအစွမ်းအားဖြင့်။ နှစ်ပါးအပြားရှိ၏။ ။ ဤ၌ အကျဉ်းမှတ်သားရန် ဂါထာဖွဲ့စီ၍ပြဦးအံ့။

မုဒ္ဓါဘိသိတ္တသာမည။ ဒွေရာဇာနော ဣမေသိယုံ။ မုဒ္ဓါဘိသိတ္တောတိအသေ ကော။ ဝိညာတောဣတရောသေကော။ ။

မုဒ္ဓါဘိသိတ္တသာမညာ။ မုဒ္ဓါဘိသိတ္တမင်း။ သာမညမင်းအားဖြင့်။ ဒွေ။ နှစ်ပါး ကုန်သော။ ဣမေရာဇာနော။ ဤမင်းတို့သည်။ သိယုံ။ ဖြစ်ကုန်၏။ တတ္ထ။ ထိုနှစ် ပါးတို့တွင်။ သေကော။ ဦးထိပ်၌သွန်းလောင်းအပ်သော အဘိသိက်ရှိသောမင်း သည်။ မုဒ္ဓါဘိသိတ္တောတိ။ မုဒ္ဓါဘိသိက်မင်းဟူ၍။ ဝိညာတော။ ထင်ရှား၏။ အသေကော။ ဦးထိပ်၌သွန်းအပ်သော အဘိသိက်မရှိသောမင်းသည်။ ဣတရော။ သာမညမင်းဟူ၍။ ဝိညာတော ထင်ရှား၏။ ။ ဤကားယောဇနာ။ ။

တနည်းလည်း။ ။ "စက္ကဝတ္တိမင်း။" မဏ္ဍလိဿရမင်း" ဟူ၍။ ဣဿရိယ ဘေဒအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ လေးကျွန်းလုံးကို အစိုးရ သောမင်းသည်။ စက္ကဝတ္တိမည်၏။" တစ်ဝန်းတလျားကို အစိုးရသော မင်းသည်။ မဏ္ဍလိဿရမင်းမည်၏။" ။ "သဗ္ဗဘူမောစက္ကဝတ္တိဘူပေါဧညောမဏ္ဍလိဿ ရော။" ။ ဟူ၍ မဂဓအဘိဓါန်၌လာ၏။ သဗ္ဗဘူမော။ ခပ်သိမ်းသောအရပ်မျက်နှာ ကို အစိုးရသောမင်းကား။ စက္ကဝတ္တိ။ စက္ကဝတ္တိမည်၏။ အညော။ စက္ကဝတ္တိမင်းမှ တပါးသော။ ဘူပေါ။ မင်းသည်။ မဏ္ဍလိဿရော။ မဏ္ဍလိဿရ။ မင်းမည်၏။ ။ ဤကားအကျဉ်းမှတ်သားရန် လျှောက်ခဏ်းတည်း။ ။ တနည်းရာဇမင်း။ ရာဇည မင်းဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ ဦးထိပ်၌သွန်းလောင်းအပ်သော၊ အဘိသိက် ရှိသောမင်းသည်။ ရာဇမည်၏။ ဦးထိပ်၌ သွန်းလောင်းအပ်သော။ အဘိသိက်မရှိသောမင်းသည်။ ရာဇညမည်၏။ ။ ရာဇာဝိယာတိရာဇညော။ ။ ဟူ၍ ဝစနတ်ကြံအပ်၏။ ။ ရာဇာဝိယ။ မုဒ္ဓါဘိသိက်ခံသောမင်းကဲ့သို့။ ဝါ။ မင်း နှင့်တူ၏။ ဣတိတသ္မာ။ ထိုကြောင့်။ ရာဇညော။ ရာဇညမင်းမည်၏။ ။ ဥပမာ အနက်၌ ညပစ္စည်းသက်။ ။ တနည်းကား။ ။ ရညာအညောတိ ရာဇညော။ ။ ဟူ၍ ဝစနတ္ထကြံအပ်၏။ ။ ရညာ။ မင်းမှ။ အညော။ တပါးတည်း။ ဣတိတသ္မာ။ ထို့ကြောင့်။ ရာဇညော။ ရာဇညမည်၏။ ။ ရာဇပုဒ်။ အညပုဒ်၊ ပဥ္စမီတပ္ပုရိသ် သမာသ်။ ။ တနည်းကား။ ရညောအပစ္စံရာဇညော၊ ။ ဟူ၍လည်းကြံအပ်၏။ ။ ရညော။ မင်း၏။ အပစ္စံ။ သားတည်း။ ရာဇညော။ မင်း၏သား။ ။ အပစ္စတဒ္ဓိတ် အနက်။ ။

မုဒ္ဓါဘိသိတ္တောရာဇာတိ။ ကထိတော။ ဣတရေပနရာဇဉော။ ခတ္တိယောစာတိ။ ဝုတ္တောခတ္တိယဇာတိကော ။ သဒ္ဒနီတိဓါတုမာလာပါဠ်။ ။

မုဒ္ဓါဘိသိတ္တော။ ဦးထိပ်၌သွန်းအပ်သော။ အဘိသိက်ရှိသောမင်းကို။ ရာဇာတိ။ ရာဇဟူ၍ ကထိတော။ ဆိုအပ်၏။ ဣတရေပန။ ဦးထိပ်၌သွန်းအပ်သော။ အဘိသိက်မရှိသော၊ ခတ္တိယဇာတိကော။ မင်းဇာတ်ရှိသောမင်းသည်။ ခတ္တိယောစ။ ခတ္တိယလည်းမည်၏။ ရာဇဉောစ။ ရာဇညလည်းမည်၏၊ ဣတိ။ ဤသို့။ ဝုတ္တော။ ဆိုအပ်၏။ ။ ဤကားအနက်။ ။ ဒီဃနိကာယ်၊ အဋ္ဌကထာလက္ခဏသုတ်အဖွင့်၌လည်း။ ။ * ရာဇာနောတိ အဘိသိတ္တော။ ။ ဟူ၍လာ၏။ ရာဇာနောတိ။ ရာဇာနောဟူသည်ကား။ အဘိသိတ္တော။ ဦးထိပ်၌။ သွန်းလောင်းအပ်သော။ အဘိသိက်ရှိသော။ မင်းတို့တည်း။ ။ ၎င်းအဋ္ဌကထာ။ ပါရာသိရာဇညသုတ်အဖွင့်၌။ ။ * ရာဇဉောတိ အနဘိသိတ္တကရာဇာ။ ။ ဟူ၍လာ၏။ ။ ရာဇဉောတိ။ ရာဇညဟူသည်ကား။ အနတိသိတ္တကရာဇာ။ ဦးထိပ်၌သွန်းလောင်းအပ်သော။ အဘိသိက်ရှိသောမင်းတည်း။ ။ အယံဝိသုံဂါမောဟောတုတိ ပရိစ္စိန္ဒိတွာ ရာဇာ ကဿစိဒေတိ။ ။ ဟူသောဝိနည်းအဋ္ဌကထာ၌။ မုဒ္ဓါဘိသိက်ခံသော မင်းပေးမှ။ ဝိသုံဂါ မပြောက်သည်ဟု။ ဝိနယဂုဠ္ဌတ္ထဒီပဏီ မည်သော။ ဝိနည်းဂဏ္ဌိပုဒ်၌ဆိုသည်။ ။ ထိုအရာတွင် ဝိနယဂုဠ္ဌတ္ထဒီပဏီ ဆရာကား။ ယခင်ကပြအပ်ခဲ့ပြီးသော။ ဒီဃနိကာယ်အဋ္ဌကထာ။ သဒ္ဒနီတိကျမ်းတို့ကို။ ထောက်၍ ဆိုဟန်ရှိ၏။ ။ သိမဝိသောခနေဆရာကား။ ရေမြေကိုပိုင်က။ မိမိဥစ္စာကို မိမိပေးရာ၌။ ဒါနမပြောက်ဘဲမရှိတန်ရာဟု။ နှလုံးပိုက်၍ ဆိုဟန်ရှိ၏။ ဤအရာ၌ ငါတို့ကား ဤသို့ဆိုလိုကုန်၏။ မိဂသဒ္ဒါသည်။ များသောအားဖြင့်။ သမင်သတ္တဝါ အထူး၌သာဖြစ်၏။ အချို့အရာ၌။ အပွကအားဖြင့်ကား။ အခြေလေးခုရှိကုန်သောသတ္တဝါ။ သာမညတို့၌လည်း ဖြစ်သကဲ့သို့။ ထို့အတူရာဇသဒ္ဒါသည်။ များသောအားဖြင့်။ မုဒ္ဓါဘိသိက်ခံသော မင်း၌သာဖြစ်၏။ အချို့အရာ၌။ အပွကအားဖြင့်ကား- ရေမြေကိုအစိုးရသောမင်း။ သာမညတို့၌လည်းဖြစ်သေး၏။ ဒီဃနိကာယ်အဋ္ဌကထာ၊ သဒ္ဒနီတိကျမ်းတို့၌။ များသောအားဖြင့်။ ရာဇသဒ္ဒါဖြင့်။ မုဒ္ဓါဘိသိက်ခံသော။ မင်း၌သာဖြစ်သည်၏။ အဖြစ်ကိုရည်၍ဆိုသည်။ ။ ဤကားငါတို့အလို)။ အချို့ဆရာတို့လည်း။ ရာဇသဒ္ဒါသည်။ မုဒ္ဓါဘိသိက်ခံသော။ မင်း၌သာဖြစ်၏ဟု။ ဆိုကုန်၏။ ထိုစကားကိုကား။ ဖြူစေဟုလွှတ်တော်ကစာချွန်ပေးအပ်၍ ရှိပြီးသည်ကို။ ဆိုင်ရာထောင်မှူး။ အရပ်သွေးသောက်ကြီးတို့က။ မည်းရဦးမည်ဟု။ လက်မှတ်စာပေးသော်လည်း။ အရေးမယူရာသကဲ့သို့။ ဗုဒ္ဓမတည။ အဋ္ဌကထာဆရာကပင်။ ရာဇညသဒ္ဒါဖြင့်။ မုဒ္ဓါဘိသိက်မခံသောမင်းသာမန်ကို။ ယူစေဟု

အမိန့်တော်ရှိသဖြင့်။ မုဒ္ဓါဘိသိက်ခံသောမင်းဝိသေသကို။ ယူရဦးမည်ဟုဆို သော်လည်း။ ငါတို့မယူလိုကုန်ပြီ။ ။ ဤ၌အကျည်းမှတ်သားရန်ဂါထာကို။ သဒ္ဒ နီတိဂါထာလာသည့်အတိုင်းမှတ်သားရာ၏။ ။ ဤကားအမှာစကားတည်း။ ။ အ လျည်းသင့်၍သာ ပြဆိုအပ်ပါသတည်း။

မင်းမျိုးနှင့်။ ဘိသိက်တော်အခဏ်းပြီး၏။

၆၀ ～ 60

နေရပ်ဒေသနှင့်တကွ အစိုးရသောမင်းတို့၏။ အမည်အထူးအပြားကိုဆိုရာဖြစ် သောအကြောင်းကိုလည်း။ သံတော်ဦးတင်ပါအံ့ဘုရား။ ။ တနည်းကား။ ။ မုဒုစာ ရီမင်း။ တိက္ခစာရီမင်း။ မဇ္ဈစာရီမင်း။ ဟူ၍ စရိုက်အားဖြင့်။ သုံးပါးအပြားရှိ၏။ ထို သုံးပါးတို့တွင်။ နူးညံ့လွှန်းသောမင်းသည်။ မုဒုစာရီမင်းမည်၏။ ထက်မြက်လွန်း သောမင်းသည်။ တိက္ခစာရီမင်းမည်၏။ မနုမကြမ်းအလယ်အ လတ်ဖြစ်သောမင်း သည်။ မဇ္ဈစာရီမင်းမည်၏။ ။ တနည်းကား။ ။ အဿာဓိပမင်း။ နရာဓိပမင်း၊ ဂဇာ ဓိပမင်း။ ဟူ၍ ဒေသအားဖြင့်။ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ဇမ္ဗူဒိပါကျွန်း တွင်။ အရှေ့မြောက်ထောင့်အရပ်၌ နေသောမင်းသည်။ ထိုအရပ်၌။ မြင်းပေါမျှား သဖြင့်။ ထိုမြင်းတို့ကို။ အစိုးရသောကြောင့်။ အဿာဓိပမင်းမည်၏။ အရှေ့တောင် ထောင့်အရပ်၌နေသောမင်းသည်။ ထိုအရပ်၌လူပေါမျှားသဖြင့်။ ထိုလူတို့ကို အစိုးရ သောကြောင့်။ နရာဓိပမင်းမည်၏။ အနောက်မြောက်ထောင့်အရပ်၌နေသောမင်း သည်။ ထိုအရပ်၌ ဆင်ပေါမျှားသဖြင့်။ ထိုဆင်တို့ကို။ အစိုးရသောကြောင့်။ ဂဇာဓိ ပမင်းမည်၏။ ။ ထိုစကားကိုလည်း။ ဇမ္ဗူဒိပါကျွန်း၏ လှည်းဦးသဏ္ဍာန် တည် သည်၏အဖြစ်ကြောင့်။ အထောင့်အရပ်ဖြင့်ပိုင်းခြား၍။ အလယ်အရပ်ကိုလည်း။ တိုင်း၏အဖြစ်ဖြင့်။ အသီးသီးအရပ်အားလျော်စွာ။ ကပ်ဦးကာလကို စွဲ၍ဆိုအပ်၏။ ။ နဝနိပါတ်ဝိဓူဇာတ်၌။ ။ သာဂရေနပရိက္ခိတ္တံစက္ကံဝပရိမဏ္ဍလံ။ ။ ဟူ၍ သမုဒ္ဒရာ ဖြင့် ပိုင်းခြားအပ်သော။ ဇမ္ဗူဒိပါကျွန်းကိုထင်၏ ဟူသည်မှာ။ ကောင်းကင်မှာထင် သော။ သဏ္ဍာန်ကိုသာရည်၍ ဆိုလေသည်။ ။ ✳ ထို့ကြောင့်အဋ္ဌကထာ။ ဋီကာတို့၌ လာသောနည်းအတိုင်း၊ လှည်းဦး သဏ္ဍာန်တည်၏ ဟူသည်ကိုသာ။ မှတ်အပ်၏။ ။ ထို့ကြောင့် ဇာတ်အဋ္ဌကထာ၌။ ။ ✳ စက္ကံဝပရိ မဏ္ဍလန္တိ တသ္မိံယေဝပဒေသေဋ္ဌိ တဿသမုဒ္ဒေန ပရိစ္ဆိန္နော ဇမ္ဗူဒိပေါ စက္ကမဏ္ဍလံဝပညာယတိ။ ။ ဟူ၍မိန့်အပ်၏။ ။ စက္ကံပရိမဏ္ဍလန္တိ။ စက္ကံပရိမဏ္ဍလံ ဟူသည်ကား။ တသ္မိံယေဝပဒေသေ၊ ထို

လင်းတင့်ကပ်ပုံဲဝရာ။ ကောင်းကင်အရပ်၌။ ငှိတသ။ တည်သောလင်းတင့်ကအား။ သမုဒ္ဒေန။ သမုဒ္ဒရာဖြင့်၊ ပရိက္ခိတ္တော။ ပိုင်းခြားအပ်သော၊ ဇမ္ဗူဒီပေါ၊ ဇမ္ဗူဒီပါကျွန်းသည်၊ စက္ကမဏ္ဍလံဝ စက်ဝန်းကဲ့သို့၊ ပညာယတိ။ ထင်၏။ ။ ဤကားယောဇနာ။ ။ ဤ၌ဇမ္ဗူဒီပါကျွန်းကို။ အစိုးရသောမင်း။ ပိုင်နက်ကိုဆက်သွယ်သောစကားတည်း။ ။ ထိုမင်းတို့တွင်။ အာဒိစ္စဝံသမင်းမျိုးသည်။ နရာဓိပမင်းမည်၏။ စန္ဒဝံသမင်းမျိုးသည်။ ဂဇာဓိပမင်းမည်၏ ဟူ၍။ အဘိသေကကြဏ်းများမှာလာသည်။ ။ တနည်းကား။ ။ အဿာဓိကျမင်း။ နရာဓိကျမင်း။ ဂဇဓိကျမင်း ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ အဿာဓိပမင်းသည်၊ အဿာဓိကျမင်းမည်၏။ နရာဓိပမင်းသည်။ နရာဓိပမင်းသည် နရာဓိကျမင်းမည်၏။ ဂဇာဓိပမင်းသည်။ ဂဇာဓိကျမင်းမည်၏။ ။

သောနန္တံ အဿဓိပေါ။ အဂ္ဂေယန္တံနရာဓိပေါ။ နေရိတျန္တံ ဂဇာဓိပေါ။ အဿဓကျော္စာနရာဓကျော္စာ။ ဂဇာဓကျော္စာတထေဝစ။ ။

ရာဇဘိသေကကြဏ်းဂါထာ။ ။

သောနန္တံ။ အရှေ့မြောက်ထောင့်မင်းမျိုးသည်။ အဿဓိပေါ။ အဿဓိပမင်းမည်၏။ အဂ္ဂေယန္တံ။ အရှေ့တောင်ထောင့် မင်းမျိုးသည်။ နရာဓိပေ။ နရာဓိပမင်းမည်၏။ နေရိယန္တံ။ အနောက်တောင်ထောင့်မင်းမျိုးသည်။ ဂဇာဓိပေါ။ ဂဇာဓိပမင်းမည်၏။ အဿဓကျော္စာ။ အဿဓိကျမည်သောမင်းသည်ငှင်း။ နရာဓကျော္စာ။ နရာဓိကျမင်းသည်ငှင်း။ ဂဇာဓကျော္စာ။ ဂဇာဓိကျမင်းသည်ငှင်း။ ဣမေ။ ဤသည်တို့သည်။ တထေဝ၊ ထိုရှေးမင်းသုံးပါးပင်တည်း။ ဤကားအနက်။ ။

တနည်းကား။ ။ ပဒေသရာဇ်။ ဧကရာဇ်။ ဒီပရာဇ်။ မဟာစက္ကရာဇ် ဟူ၍ ဣဿရိယဘေဒအားဖြင့်။ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်။ တစိပ်တဒေသကို။ အစိုးရသောမင်းသည်။ ပဒေသရာဇ်မည်၏။ တကျွန်းလုံးကိုအစိုးရသောမင်းသည်။ ဧကရာဇ်မည်၏။ လေးကျွန်းလုံးကို အစိုးသောမင်းသည်။ ဒီပရာဇ်မည်၏။ လူပြည်နှင့်တကွ နတ်ပြည်တိုင်အောင်။ အစိုးရသောမင်းသည်။ မဟာစက္ကရာဇ် မည်၏။ ဟူ၍။ လောပညတ္တိစသောကြဏ်းမှာလာသည်။ ။ ထိုတွင်။ ပကတိစကြာမင်းကား။ ဒီပရာဇ်မည်၏။ မန္ဓာတ်မင်းကဲ့သို့။ ထူးမြတ်လွန်ကဲသော။ ဘုန်းတန်ခိုး အာနုဘော်ရှိသောမင်းသည်။ မဟာစက္ကရာဇ်မည်၏။ စကြာမင်းကိုပင်။ သဗ္ဗဘူမဟူ၍ လည်းခေါ်ဝေါ်သည်၊ (ဤကိုရည်၍ ကိုးခန်းကဗျာ၌။။ မြောက်တိမ်ရန်နှိပ်။ လေးကျွန်းထိပ်ဝယ်။ ဘုန်းရိပ်လွှမ်းခြုံ။ သဗ္ဗဘုံသို့။ အပုံအယင်။ ဖျင်လင့်ကစား၊ ။ ဟူ၍ စပ်ဆိုလေသည်။) ။ အလျင်းသင့်၍ ထည့်လိုက်သည်။ ဤကားအမှာစကားတည်း။

ဤ၌အကျဉ်းအားဖြင့်။ မှတ်သားရန်ဂါထာဖွဲ့၍ ပြဦးအံ့။

ပဒေသရဇေကရာဇာ။ ဒီပရာဇာတထေဝစ။ စက္ကရာဇာ တိစတ္တာရော။ ဣသရိယပဘေဒတော။ ။ ပဒေသရာဇာစ။ ပဒေသရာဇ်မင်းငှင်း။ ကေရာဇာစ။ ဧကရာဇ်မင်းငှင်း။ ဒီပရာဇာစ။ ဒီပရာဇ်မင်းငှင်း။ တထေဝစ။ ထိုမှတပါး။ စက္ကရာဇာစ။ စက္ကရာဇ်မင်းငှင်း။ ဣတိ။ ဤသို့။ ဣသရိယပဘေဒတော။ အစိုးရခြင်းအပြားအားဖြင့်။ စတ္တာရော။ လေးယောက်တို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ဤသို့လျှင်။ မင်းတို့၏ အထူးအပြားကို။ သိရာ၏ ဟူ၍တင်လျှောက်လေ၏။

ဤကားမင်းတို့နေရပ်ဒေသ။ အစိုးရခြင်းမင်းအမည်ကို။
တင်လျှောက်သောအခဏ်းပြီး၏။

ဒုတိယပိုင်းပြီး၏။

၆၁ — 61

အမတ်ကြီးမိမ္မတို့ကိုပေါင်းသင်းရာ၌။ မယားအပြားကား။ အဘယ်မျှရှိသနည်းဟု။ အမိန့်တော်မှတ်ရာတွင်။ အရှင်မင်းမြတ်။ မယားအပြားခုနစ်ပါးကိုဆိုရာဖြစ်သောအကြောင်းကို။ သံတော်ဦးတင်လျှောက်ပါအံ့။ ။

ဝဓကေသမာစောရီသမာ၊ အယျာသမာမာတုသမာ။ ကနိဋ္ဌသမာသခိသမာ။ ဒါသိသမာ။ ။ ဟူ၍ခုနစ်ပါးအပြားရှိ၏။ ထိုခုနစ်ပါးတို့တွင်။ သူသတ်ယောကျ်ားနှင့်တူသော။ မိဖုရားဟူသမျှသည်။ ဝဓကေသမာမည်၏။ ခိုးသူနှင့် တူသော။ မိဖုရားဟူသမျှသည်။ စောရီသမာမည်၏။ အရှင်မနှင့်တူသော မိဖုရားဟူသမျှသည်။ အယျာသမာမည်၏။ အမိနှင့်တူသော။ မိဖုရားဟူသမျှသည်။ မာတုသမာမည်၏။ နှမနှင့်တူသော။ မိဖုရားဟူသမျှသည်။ ကနိဋ္ဌသမာမည်၏။ အဆွေခင်ပွန်းနှင့် တူသော။ မိဖုရားသည်။ သခိသမာမည်၏။ ကျွန်မနှင့်တူသော။ မိဖုရားဟူသမျှသည်။ ဒါသိသမာမည်၏။ ။ ဤခုနစ်ပါး အပြားရှိသော မယားကား-ဒုကိနိပါတ်။ ခုနစ်မြောက်သော ပဒမဝဂ်။ သုဇာတဇာတ်၌လာပါသည်ဘုရား။ ။

ထိုခုနစ်ယောက်တို့တွင်။ ဝဓကေသမာ။ စောရီသမာ။ အယျာသမာဟူကုန်သော။ သုံးယောက်သည်ကား။ သေလွန်သည်၏ အခြားမဲ့၌။ ငရဲ၌ဖြစ်ကုန်၏။ မာတုသမာ။ ကနိဋ္ဌသမာ။ သခိသမာ။ ဒါသိသမာ။ ဤလေးယောက်သည်။ သေလွန်သည်၏အခြားမဲ့၌၊ နိမ္မာနရတိနတ်ပြည်၌ ဖြစ်ကုန်၏-ဟူ၍ သုဇာတာ

ဇာတ်၌ဟောတော်မူသည်။ ထိုခုနစ်ပါးတို့တွင် မာတုသမာ ဘရိယဖြစ်၍၊ ဝိသာခါသည်။ နိမ္မာနရတိနတ်ပြည်၌။ နိမ္မာနရတိနတ်မင်းကြီး၏။ မိဖုရားကြီးဖြစ်ကြောင်းကို။ ဥဒါန်းအဋ္ဌကထာ၌ဆိုသည်။ ။ ဤအရာ၌အကျဉ်းအားဖြင့်။ မှတ်သားရန်ဂါထာဖွဲ့စီ၍ ပြဦးအံ့။ ။

ပဓစောရိသမာအယျာ။ မာတုကနိဋ္ဌကာသခိ။ ဒါသိသမာဣမာသတ္တ။ လောကနာထေနဘာသိတာ။ ။

ဝဓစောရိသမာ။ ဝဓကသမာမိဖုရား။ စောရိသမာ မိဖုရားတို့ကိုငင်း။ အယျာ။ အယျာသမာမိဖုရားတို့ကိုငင်း။ မာတုကနိဋ္ဌကာ။ မာတုသမာ မိဖုရား။ ကနိဋ္ဌသမာ မိဖုရားတို့ငင်း။ သခိဒါသိသမာ။ သခိသမာမိဖုရား။ ဒါသိသမာ မိဖုရားတို့ငင်း။ ဣတိ။ ဤသို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဣမာ။ ဤမိဖုရားတို့ကို။ လောကနာထေန။ လူသုံးပါးတို့၏ ကိုးကွယ်ရာ။ မဟာဓမ္မရာဇ်ဖြစ်တော်မူသော။ မြတ်စွာဘုရားသည်။ ဘာသိတာ။ ဟောတော်မူအပ်ကုန်၏။ ဤကားအနက်။

မယားအပြားကို တင်လျှောက်ခဏ်းပြီး၏။

၆၂ ~ 62

မင်းခယောက်ျားကို။ ဆိုရာအခဏ်း။

အမတ်ကြီးမင်းခယောက်ျားတို့၏။ အမည်နာမ။ အထူးအပြား။ ကျင့်ဝတ်တရားကား။ အဘယ်နည်းဟု။ မိန့်တော်မူရာ။ ထိုအကြောင်းတို့ကို။ ခွဲခြားဝေဘန်၍။ တင်လျှောက်ပါအံ့။ ရွှေနားဆင်တော်မူဘုရား။ ။

မင်းခယောက်ျားတို့သည်။ "ဓိသဇီဝမည်သော။ မင်းခယောက်ျား၊" ကမ္မသဇီဝမည်သော။ မင်းခယောက်ျားဟူ၍။" နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ အကြင်မင်းခယောက်ျားသည်။ မိမိအတတ်ပညာဖြင့်။ မင်းနှင့်တကွ အသက်မွေးတတ်၏။ ထိုမင်းခယောက်ျားသည်။ ဓိသဇီဝမင်းခယောက်ျားမည်၏။ သံဝရ မင်းသား၏။ ဆရာပညာရှိ အမတ်များကဲ့သို့။ မှတ်ယူတော်မူဘုရား။ ။ အဓိပ္ပာယ်ကားမင်းတိုင်ပင်ခံ အမတ်ဟူလိုသည်။ ။ အကြင်မင်းခယောက်ျားသည်။ အမှုကိစ္စကြီးငယ်ကို။ ရွက်ဆောင်သဖြင့်။ မင်းနှင့်တကွ အသက်မွေးတတ်၏။ ထိုမင်းခယောက်ျားသည်။ ကမ္မသဇီဝ။ မင်းခယောက်ျားမည်၏။ အဓိပ္ပါယ်ကား။ ဗိုလ်မှူးစစ်ကဲ သူရဲများကို။ မှတ်ယူတော်မူဘုရား။ ။

ဤသို့မင်းခယောက်ျားနှစ်ပါး။ အပြားရှိသည်၏။ အဖြစ်ကိုကား။ အမရသီဟ ဆရာသည်။ စီရင်အပ်သော။ နာမလိင်္ဂါသာသနိ-မည်သော သသ်ကရိုက်ကျမ်း၌ဆို ပါကြောင်း။ ထို့ကြောင့် အဘိဓါန်ကျမ်း၌။ ။

"မန္တီဓိသဇီဝေါအမစ္စောအညေကမ္မသဇီဝေါတတော။" ။ ဟူ၍မိန့်အပ်၏။ ။ မန္တီ။ မင်းတိုင်ပင်ခံအမတ် ဓိသဇီဝေါ။ မိမိအတတ်ပညာဖြင့်။ မင်းနှင့်တကွ။ အသက်မွေးတတ်သောအမတ်။ အမစ္စော။ အလုံးစုံကိစ္စတို့၌။ မင်းနှင့်တညီတ ညွတ်ဖြစ်တတ်သောအမတ်၊ တတော။ ထိုမင်းတိုင်ပင်ခံအမတ်မှ။ အညေ။ တစ်ပါးကုန်သောအမတ်တို့သည်။ ကမ္မသဇီဝေါ။ အမှုကိစ္စကြီးငယ်ဖြင့်။ မင်းနှင့် တကွအသက်မွေးတတ်သောအမတ် မည်ကုန်၏။ အမစ္စသဒ္ဒါကား။ မင်းတိုင်ပင်ခံ အမတ်သာမညတို့၌ဖြစ်၏။ အမတ်ဟူသည်။ မင်းခယောက်ျားပင်တည်း။ သဇီဝ ဟု။ တာလုဇ။ တတိယက္ခရာဇကွဲနှင့်ၝင်း။ သစီဝဟု။ ပဌမက္ခရာစလုံးနှင့်ၝင်း။ ပါဌ် နှစ်ထွေရှိ၏။ ပရိယာသ်နှစ်ပုဒ်တွင်။ သဇီဝဟူ၍ရှိရာမှာ။ မင်းနှင့်တကွဖြစ်တတ် သောသူဟူ၍ အနက်သင့်၏။ ။ ဤ၌ အကျဉ်းအားဖြင့် မှတ်သားရန်။ ယခင် အထက်ကပြခဲ့ပြီးသော-အဘိဓါန်ဂါထာကို ဝါစုဂ္ဂထဆောင်ကုန်၍။ မင်းခယော ကျ်ားတို့ လေ့ကျင့်ကြလေကုန်။

တနည်းကား။ ။ အဂ္ဂေါပမမည်သောမင်းခယောက်ျား။ ဥဒကောပမမည်သော မင်းခယောက်ျား ဟူ၍နှစ်ပါးအပြားရှိ၏။ ။ ထိုနှစ်ပါးတို့တွင်။ မီးသည် မိမိ လောင်၍သွားရာအရပ်ကိုမည်းနက်မွဲချောက်စေလျက်။ သွားဘိသကဲ့သို့။ အကြင်သူသည်။ မိမိပြုလုပ်။ ပြောဆိုသောအမှုဟူသမျှ။ မီး၌လောင်စာနှင့်အတူ။ ပညာရှိတို့ကဲ့ရဲ့စဘွယ်။ မကောင်းသောအကြောင်းအရာကို ထင်စေလျက်။ ပြုလုပ်ပြောဆိုတတ်၏။ ထိုသူသည်။ မီးလျှင် ဥပမာရှိသောကြောင့်။ အဂ္ဂေါပမ မင်းခယောက်ျားမည်၏။ ။ ရေကဲ့သို့။ အကြင်သူသည် မိမိပြုလုပ်ပြောဆိုသော အမှုဟူသမျှ၌။ ရေစီးသွားရာအရပ်နှင့်အတူ။ ပညာရှိတို့ချီးမွမ်းစဖွယ် ကောင်းသော။ အကြောင်းအရာကို ထင်စေလျက်ပြုလုပ် ပြောဆိုတတ်၏။ ထိုသူ သည်။ ရေလျှင် ဥပမာရှိသောကြောင့်။ ဥဒကောပမမင်းခ ယောက်ျားမည်၏။ ။ ထိုကြောင့်။ မနောရ ထပူရဏီမည်သော။ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ တိကနိပါတ် အဖွင့်၌။ ။

✳ ဗါလောစပဏ္ဍိတောစအတ္တနောစရိတေနေဝပါကဋာဟောန္တိအတ္ထော။ ဗာ လေနဟိဂတောမဂ္ဂေါ ရုက္ခဂစ္ဆဂါမနိဂမာဒီနိဈာပေတွာဂစ္ဆန္တသသက္ကန္ဒဂ္ဂိနောဂတမ ဂ္ဂေါဝိယဟောတိ ဈာပနဋ္ဌာနမတ္တမေဝ။ အင်္ဂါရမံသိဆာရိကသမာကုလံပညာယံ တိ။ ပဏ္ဍိတေနဂတမဂ္ဂေါတုသောမ္ဘာဒယောပူရေတွာဝိဝိ ဓသေသမ္ပဒံ အ-ဝဟမာ

နေန။ စာတုဒ္ဒသီက–မေဃေန–ဂတမဂ္ဂေဝိယဟောတိ။ တေနဂတမဂ္ဂေဥဒကပူရာနိစေဝ –ဝိဝိဓဿဖလာနိစ – တာနိဋ္ဌာနာနိ–ပညာယန္တိ – ဇေ၀ံပဏ္ဍိတေနဂတမဂ္ဂေသမ္ဘတ္တိယေဝပညာယန္တိနောဝိပ္ပတ္တိယော။ ။ ဟူ၍မိန့်အပ်၏။

ဗာလောစ။ လူမိုက်သည်၎င်း။ ပဏ္ဍိတောစ။ ပညာရှိသည်၎င်း။ အတ္တနော။ မိမိ၏။ စရိတေနေဝ။ ကိုယ်အမူအရာ။ နှုတ်အမူအရာဖြင့်သာလျှင်။ ပါကဋ္ဌ။ ထင်ရှားကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ဣတိအတ္ထော။ ဤသို့သော အနက်ကိုမှတ်အပ်၏။ ဟိသစ္စံ။ ထိုစကားသည်မှန်၏။ ဗာလေန။ လူမိုက်သည်။ ဂတော။ သွားအပ်သော။ မဂ္ဂေ။ ခရီးသည်။ ရုက္ခဂစ္ဆ–ဂါမ–နိဂမာဒီနိ။ သစ်ပင်ခြုံနွယ်။ ရွာနိဂုံးစသည်တို့ကို။ ဈာပေတွာ။ လောင်၍။ ဂစ္ဆန္တဿ။ သွားသော။ ဣန္ဒဂ္ဂိနော။ ရှို့မီးလောင်မီး၏။ ဂတ–မဂ္ဂေဝိယ။ သွားသော။ ခရီးနှင့်တူသည်။ ဟောတိ။ ဖြစ်၏။ ဈာပနမတ္တမေဝ။ လောင်ရာအရပ်မျှကိုသာလျှင်။ အင်္ဂါရမံသိဆာရိကာသမာကုလံ။ မီးသွေးမှင်ပြာတို့ဖြင့်ပွမ်းသည် ဖြစ်၍။ ပညာယတိ။ ထင်ရှား၏။ ပဏ္ဍိတေန။ ပညာရှိသည်။ ဂတမဂ္ဂေါတု၊ သွားအပ်သောခရီးနှင့်တူသော။ ကိုယ်အမူအရာနှုတ်အမူအရာသည်ကား။ သောမ္ဘာဒယော။ ထုံးအိုင်စသည်တို့ကို။ ပူရေတွာ။ ပြည့်စေ၍။ ဝိဝိဓဿ။ အထူးထူးသောကောက်ပဲမျိုး။ သစ်ပင်အပေါင်း၏။ သမ္ပဒံ၊ ပြည့်စုံခြင်းကို။ အ-ဝဟမာနေန။ ရွက်ဆောင်လျက်။ စာတုဒ္ဒသီကမေဃေန။ ခုနစ်ရက် ခုနစ်လီစွေသောမိုဃ်းကြီးသည်။ ဂတမဂ္ဂေဝိယ။ စီးသွားရာခရီးနှင့်တူသည် ဟောတိ။ ဖြစ်လေ၏။ သို့။ တေန။ ထိုခုနစ်ရက် ခုနစ်လီစွေသောမိုဃ်းရေသည်။ ဂတမဂ္ဂေ။ စီးသွားရာခရီး၌။ ဥဒကပူရာနိစေဝ။ ရေဖြင့်ပြည့်သည်လည်း ဖြစ်ကုန်သော။ ဝိဝိဓဿ။ အထူးထူးသောကောက်ပဲမျိုး သစ်ပင်အပေါင်း၏။ ဖလာနိစ။ အသီးအနှံနှင့် ပြည့်စုံခြင်းရှိသည်လည်း ဖြစ်ကုန်သော။ တာနိဋ္ဌာနာနိ။ ထိုအရပ်တို့သည်။ ပညာယန္တိယထာ။ ထင်ကုန်၏သို့။ ဇေ၀ံတထာ။ ထို့အတူ။ ပဏ္ဍိတေန။ ပညာရှိသည်။ ဂတမဂ္ဂေ။ သွားရာခရီးနှင့်တူသော။ ကိုယ်အမူအရာနှုတ်အမူအရာ၌။ သမ္ဘတ္တိယေဝ။ ပြည့်စုံခြင်းတို့သည်သာလျှင်။ ပညာယန္တိ။ ထင်ကုန်၏။ ဝပ္ပတ္တိယော။ ပျက်စီးခြင်းတို့သည်။ နောပညာယန္တိ။ မထင်ကုန်။ ။ ဤကားယောဇနာ။ ။

ဤလောက၌ဥပါဒ်တို့သည် လူမိုက်ကြောင့် ဖြစ်တတ်ကုန်၏။ ။ ထို့ကြောင့်။ အင်္ဂုတ္တရ အဋ္ဌကထာ၌။ ✳ ဇေ၀ံပနယာနိကာနိစိဘယာနိ ဥပ္ပဇ္ဇန္တိ။ သဗ္ဗာနိတာနိ ဗာလတော ဥပ္ပဇ္ဇန္တိ။ ။ ဟူ၍ မိန့်အပ်ပြီ။

ဇေ၀ံပန။ ဤသို့လျှင်။ သဗ္ဗာနိ။ ခပ်သိမ်းကုန်သော။ ယာနိကာနိစိ။ တစ်စုံတစ်ခုကုန်သော။ ဘယာနိ။ ဘေးတို့သည် ဥပ္ပဇ္ဇန္တိ။ ဖြစ်ကုန်၏။ တာနိဘယာနိ။ ထိုဘေး

တို့သည်။ ဗာလတော။ လူမိုက်ကြောင့်။ ဝါ။ လူမိုက်မှ။ ဥပ္ပဇ္ဇန္တိ။ ဖြစ်ကုန်၏။ ။ ဤကားယောဇနာ။ ။ ဤအဋ္ဌကထာစကားကိုထောက်၍။ အရှင်စိုးမင်းတို့သည်။ ကျေးဇူး သစ္စာကိုမစောင့်။ မဖြောင့်မမှန်ကျင့်ကြံဟော့ရမ်း။ သော့သွမ်းငြစ်ညမ်းကုန်သောသူတို့ကို မမြှောက်စားကုန်ရာ။ မြှောက်စားချေသဖြင့်။ အရှင်စိုးမင်းတို့၏ အကျိုးစီးပွားမဲ့ရာ၍။ ထိုထိုနိပါတ်ဝတ္ထုသက်သေရာဇဝင်ထုံးစကားများစွာထင်ရှား၏။ ခွေးဆိုးခွေးကောင်းမောင်း၍ စမ်းရာသည်။ လူဆိုးလူကောင်ကို ပေါင်း၍ စမ်းရာသည်။ ဆန်ဆိုး ဆန်ကောင်းကို ထောင်း၍စမ်းရာသည်ဟု။ ဆိုရိုးစကားလည်းရှိချေသည်။ ဤအရာ၌ အကျဉ်းအားဖြင့်။ မှတ်သားရန် ဂါထာဖွဲ့စီ၍ ပြဦးအံ့။

"ဒုဝိဓါသေဝကာဟောန္တိ။ အင်္ဂေါပမောဒကောပမော။ သေသေသုပိက္လမံနယံ။ ဥပနေယျဝိစက္ခဏော။" ။

အင်္ဂေါပမောစ။ အင်္ဂေါပမမင်းခယောကျ်ားငှင်း။ ဥဒကောပမောစ။ ဥဒကောပမမင်းခယောကျ်ားငှင်း ဣတိ။ ဤသို့။ သေဝကာ။ မင်းခယောကျ်ားတို့သည်။ ဒုဝိဓါ။ နှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏ သေသေသုပိ။ ကြွင်းသောအမျိုးသုံးပါးတို့၌လည်း။ က္လမံနယံ။ ဤနည်းကို။ ဝိစက္ခဏော။ ပညာရှိသုခမိန်သည်။ ဥပနေယျ။ ဆောင်ရာ၏။ ဝါ။ ဆောင်၍သိရာ၏။ ။ ဤကားအနက်။

တနည်းကား။ ။ လတောပမမင်းခယောကျ်ား။ ပဒုမောပမမင်းခယောကျ်ားဟူ၍ နှစ်ပါးအပြား ရှိကုန်၏။ ထိုနှစ်ပါးတို့တွင်။ နွယ်သည်ဤသစ်ပင်ကားငါ၏မှီရာပေတည်း။ ဤသစ်ပင်ကို အမှီပြု၍ ငါတည်ရပေသည်ဟု မသိတတ်။ စင်စစ်သော်ကား။ မိမိ၏မှီရာသစ်ပင်ကို။ တရွေ့ရွေ့ဖျက်ဆီးကလူ၊ မူဘိသကဲ့သို့။ ထို့အတူ။ အကြင်မင်းခယောကျ်ားသည်။ ဤအရှင်စိုးမင်းကား။ ငါ၏မှီခိုရာပေတည်း။ ဤအရှင်စိုးမင်းကိုအမှီပြု၍။ ငါအသက်ရှည်ရပေသည်ဟု။ မသိတတ်။ စင်စစ်သော်ကား။ မိမိ၏မှီရာ။ အရှင်စိုးမင်း၏။ အကျိုးအပြစ်ကိုသာ။ ရှာကြံ၍ နေလေ့ရှိ၏။ ထိုမင်းခယောကျ်ားသည်။ နွယ်နှင့်ဥပမာတူသောကြောင့်။ လတောပမ။ မင်းခယောကျ်ားမည်၏။ ။ ကြာသည် ဤရေကား။ ငါ၏မှီရာပေတည်း။ ဤရေကိုအမှီပြု၍။ ငါတည်ရပေသည်ဟု။ ကျေးဇူးကိုမသိတတ်ငြားသော်လည်း။ သိဘိသကဲ့သို့ဖြစ်၍။ မိမိတည်ရာရေကို။ တင့်တယ်အောင်တန်ဆာဆင်၍။ ကျေးဇူးကိုတုံ့ပြန်ဆပ်သကဲ့သို့ ထို့အတူ အကြင်မင်းခယောကျ်ားတို့သည် ဤအသျှင်စိုးမင်းကို။ အမှီပြု၍ ငါအသက်ရှည်ရပေသည်ဟု။ ကျေးဇူးတုံ့ပြန်ဆပ်တတ်၏။ အကြောင်းအခွင့်မသင့်၍ငှင်း။ မစွမ်းနိုင်၍ငှင်း။ မဆပ်ငြားသော်လည်း၊ ဆပ်ရအောင်လုလ္လပြု၏။ ထိုမင်းခယောကျ်ားသည်။ ကြာကဲ့သို့ ဥပမာရှိသောကြောင့်။

ပဒုမောပမ မင်းခယောက်ျားမည်၏။။ ထိုနှစ်ပါးတို့တွင်။ လတောပမ။ မင်းခယောက်ျား၌။ အနှုန်းကိုရှာသော်။ မဟာဇနက္ကဇာတ်၌။ ညီတော် ပေါလဇနက္ကမင်း၏။ ခြေရင်းတော်ပါးဝယ်။ ခစားသောအမတ်။ သီလဝဇာတ်၌။ သီလဝမင်း၏ ခြေရင်းဝယ်။ ခစားသောအမတ်စသည်တို့ကို။ ထုတ်ဆောင်၍ သိရာ၏။ ညီတော် ပေါလဇနက္ကမင်း၏။ ခြေရင်းဝယ်။ ခစားသောအမတ်သည်။ ညီတော် နောင်တော် နှစ်ပါး၏ စပ်ကြားတွင်။ ကုံးချောပြောကြား၍။ ကွဲပြားဘူးချေသည်။ သီလဝမင်း၏ ခြေရင်းတော်ဝယ်။ ခစားသော အမတ်သည်။ နန်းတော်တွင်း၌။ အရှင်စိုးမင်း၏။ အခြံအရံများကို။ ပြစ်မှားသောင်းကြမ်း၍။ သေပြစ်သေဒဏ်။ သင့်ငြားသော်လည်း။ ဘုရားလောင်းတို့၏ တံတွာ။ အမိဝါသန၊ ခန္တိပါရမီ အထူးကို။ ဆည်းဘူးတော်မူလတ်၍။ အမတ်လူပျက်ကို။ အသက်သေဘေးမှ။ ချမ်းသာပေးပြီးလျှင်။ အဝေးရပ်ခြား။ တိုင်းတပါးသို့နှင့်ထုတ်လိုက်ရာ။ ကောသလမင်းထံ ဆည်းကပ်ပြန်၍။ ရန်မူဘူးချေသည်။

ဥဒကောပမ။ မင်းခယောက်ျား၌။ အနှုန်းကိုရှာသော်။ ဘုရားအလောင်းတော်။ မဟောသဓါ။ ဝိဓူရအမတ်စသည်တို့ကို ထုတ်ဆောင်၍ သိရာ၏။ ။ ဤလောက၌။ လိမ္မာသော ကုန်သည် ယောက်ျားသည်။ ဝယ်လာသောလူတို့၏။ ရွှေငွေအသပြာကို။ မူးရာ။ မူးပဲ။ အကဲအလေး။ အမွေးအသွေး။ စသည်တို့ဖြင့်။ မုချဆတ်ဆတ်။ တပ်အပ်သိပြီးမှ။ ထိုရွှေငွေ အသပြာနှင့်လျော်စွာ။ မိမိကုန်ကို ထုတ်ယူပေးသကဲ့သို့။ ထို့အတူ။ အရှင်စိုးမင်းတို့လည်း။ မင်းခယောက်ျားတို့၏။ အမူအရာစိတ်နေ။ စိတ်ထားကို စဉ်းစားပြီးမှ။ သတ္တိဂုဏ်အင်နှင့် လျော်စွာ။ ဋ္ဌါနန္တရဖြင့်၊ ခြီးမြှင့်ကုန်ရာ၏။ မင်းခယောက်ျားတို့၏။ အမူအရာ စိတ်နေစိတ်ထားကို။ စဉ်းစားရာ၌။ ငွေကဲမြောက်။ မမြောက်ကို။ ချိန်ထောက်ခြင်းပြုအပ်သကဲ့သို့။ ဤဥပမာအတူ။ ရာဇူသေဌ်နင်း။ အမင်းမင်းတို့။ ဝပ်စင်းတုတ်ကွ။ ဦးနှိမ်ချရသော။ ပဝရရာဇင်း။ အရှင်မင်းမြတ်သည်လည်း။ မင်းခယောက်ျားတို့ကို။ ခြီးမြှောက်စမ်း သတ်ရပါသည်ဘုရား။ ။ ခြီးမြှောက်၍ စမ်းသတ်သမျှ။ ကုလားလူမျိုး။ သိုးဦးထုပ်ဆောင်း။ မှန်ကြောင်း။ မမှန်ကိုကား။ နှာတံသက်သေပြလိမ့်မည်။ ဆိုဘိသကဲ့သို့။ မိမိတို့၏ အမူအရာ။ စိတ်နေစိတ်ထား။ အစားအသောက်။ ရောက်ပေါက်သွားလာ။ ဗျာပါရကို ရှုမြော်က။ ပေါ်ရာသည်။ လူကိုမဆိုထားဘိ။ ပုတ်သင်တိရစ္ဆာန်မှာ။ မာန်လွန်ကဲသဖြင့်။ တပဲခန့်မျှသောအသပြာကြောင့်။ ဝိဒေဟရာဇ်မင်းကြီးကို။ မထီလေးစားမှုဘူးလေသည်။ ခြီးမြှောက်ချေလျှင်။ ရေပွက်အပုန်ကို။ မြင်ချေသဖြင့်။ ရေဝယ်ကျက်စားသော။ ငါး၏အကြီး အငယ် ပမာဏကို။ ဆ၍သိရသကဲ့သို့ငှင်း။ ကြာရိုးကြာတံကို။ မြင်ချေသဖြင့်။ ရေတိမ်ရေနက်ကို

ချင့်တွက်ဆ၍။ သိရသကဲ့သို့ငှင်း။ မြက်ကိုမြင်ချေသဖြင့်။ ရေကောင်းမကောင်း လက္ခဏာကို။ အနုမာနဉာဏ်ဖြင့်။ ကေန်သိရ သကဲ့သို့ငှင်း။ စိတ်တက်ကြွလျှင် မာနပြောသဖြင့်။ သဘောမလျော်သူဟု။ ကေန်သိရာသည်။ ပုထုဇန်ဟူသမျှ၌။ မာနမကင်းရသော်လည်း။ ဆင်ပေါ်မှာအလံစိုက်ထူ၍ ပြဘိသကဲ့သို့။ သူခပ်သိမ်း တို့သိသာအောင်။ အတိုင်းအထက်အလွန်ထင်ရှားလျက်။ တက်ကြွသော သူကို။ ယူရာသည်ဘုရား။

တိကနိပါတ်ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်၌။ သိန္ဓောမြင်းတို့၏အကြွင်းအကျန်။ ညှိနံပုပ်သိုးလျက်။ အနည်းငယ်မျှသော။ မုဒရက်ရည်ကြောင့်။ မတည်တန့်နိုင် အောင်။ ရစ်မူးကုန်သော။ မြည်းဇာယုတ်တို့။ ထုံးစံကိုအနှုန်းခံရာသည်ဘုရား။ ။ ဤ၌အကျဉ်းအားဖြင့် မှတ်သားရန် ဂါထာဗန္ဓဖွဲ့စီး၍ ပြဦးအံ့။

“လတောပမောစပဒ္ဓေါတိ။ ဣမေဒ္ဓေသေကာသိယုံ။ ဣတိ လက္ခေယျလောက သ္မိံ။ ပုနပ္ပုနံဝိပဿိယ။” ။ လတောပမောစ။ လတောပမ မင်းခယောက်ျားငှင်း။ ပဒ္ဓေါစ။ ပဒုမောပမ မင်းခယောက်ျားငှင်း။ ဣတိ။ ဤသို့။ လောကသ္မိံ။ လောက၌။ ပဏ္ဍိတော။ ပညာရှိသော သူသည်။ ပုနပ္ပုနံ။ အဘန်ဘန်။ ဝိပဿိယ။ ပညာဖြင့် ဆင်ခြင်မြော်ရှု၍။ လက္ခေယျ။ မှတ်ရာ၏။ ။ ဤကားဂါထာ၏အနက်။

တနည်းကား။ ပုတ္တသမာန။ မင်းခယောက်ျား။ ဒါသသမာန။ မင်းခယောက်ျား ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ သားသ္မီးတို့သည်။ ငါတို့အား။ မိဘတို့ ကဲ့သို့။ ကျေးဇူးကြီးသောသူမရှိ။ ငါတို့၏ အကျိုးစီးပွားကို။ မိဘတို့သည် စင်စစ် အလိုရှိကုန်၏ဟူ၍။ မိဘတို့ကို။ ယုံကြည်သဖြင့်။ လုပ်ကျွေးပြုစုကုန်သကဲ့သို့။ အကျိုးစီးပွားကို။ ရွက်ဆောင်ကြကုန်၍- ထို့အတူ။ အကြင်မင်းခယောက်ျားသည်။ ငါတို့၏အရှင်စိုးမင်းကဲ့သို့ ကျေးဇူးကြီးသောသူမရှိ။ ငါတို့၏ အကျိုးစီးပွားကို အရှင်စိုးမင်းသည်။ စင်စစ်အလိုရှိတော်မူပေ၏ဟူ၍။ အရှင်စိုးမင်းကို။ ယုံကြည် သဖြင့်။ ခစား၏။ အကျိုးစီးပွားကိုလည်း ရွက်ဆောင်၏။ ထိုမင်းခယောက်ျား သည်။ အရှင်စိုးမင်းတို့၏။ သားသ္မီးတို့နှင့်တူသောကြောင့်။ ပုတ္တသမာန။ မင်းခ ယောက်ျားမည်၏။ ။ ကျွန်တို့သည်။ များသောအားဖြင့်။ အသျှ င်၏မျက်မှောက်၌သာ။ ကိုယ်ဖြင့်ငှင်း။ နှုတ်ဖြင့်ငှင်း။ အကျိုးစီးပွားကို။ အလိုရှိ ဟန် မူကုန်လျက်။ မျက်ကွယ်၌ကား။ တစ်ပါးသော အခြင်းအရာဖြင့်။ ပြုကျင့် ပြောဆိုလေ့ရှိကုန်သကဲ့သို့။ ထို့အတူ။ အကြင်မင်းခယောက်ျားသည်။ အရှင်စိုး မင်း၏။ မျက်မှောက်၌သာ။ ကိုယ်ဖြင့်ငှင်း နှုတ်ဖြင့်ငှင်း။ အကျိုးစီးပွားကို။ အလိုရှိ ဟန်မူလျက်။ မျက်ကွယ်၌ကား။ တပါးသောအခြင်းအရာဖြင့်၊ ပြုကျင့်ပြောဆိုလေ့ ရှိ၏။ ထိုမင်းခယောက်ျားကား။ ကျွန်နှင့်တမူတူသောကြောင့်။ ဒါသသမာန။ မင်း

ခယောက်ျားမည်၏။ အဘယ်သို့လျှင် ကျွန်ဆိုးသူယုတ်မာတို့သည်။ မျက်မှောက် တခြား။ မျက်ကွယ်တပါး။ ပြုကျင့်တတ်ကုန်သနည်း ဟူမူကား။

✳ ယေသံမုခါသာမိကေဒိသွာပစ္စုဂ္ဂမနံကရောန္တိ။ ဟတ္ထတောဘဏ္ဍကံဂဏှန္တိ။ ဣမံဝိဿဇ္ဇေတွာဣမံဂဏှာန္တိ။ သေသာနံပိ။ အာသနပညာပန။ တာလဝဏ္ဍဗီဇန။ ပါဒဒေါဝနာဒီနိ။ သဗ္ဗာနိကိစ္စာနိကရောန္တိ။ ပရံမုခကာလေတေလမ္ပိဥတ္တရန္တံနဩ လောကေန္တိ။ သတဂ္ဃိနကေပိသဟဿဂ္ဃိနကေဝိ ကမ္မေပရိဟာယန္တေနိဝတ္တေတွာ ဩလောကေတုမ္ပိနက္ကစ္ဆန္တိ။ ဣမေအညထာကာယေန။ သမုဒါစရန္တိနာမ။ ။ မဇ္ဈိမ ပဏ္ဏာသကန္ဒရက သုတ်အဖွင့် အဋ္ဌကထာပါဠိ။

ယေ။ အကြင်ကျွန်ဆိုးသူယုတ်မာတို့သည်။ သံမုခါ။ မျက်မှောက်၌။ သာမိ ကေ။ အရှင်တို့ကို။ ဒိသွာ။ မြင်ခဲ့သည်ရှိသော်။ ပစ္စုဂ္ဂမနံ။ အရိုအသေဆီး၍။ ခရီးဦးကြိုဆိုခြင်းကို။ ကရောန္တိ။ ပြုကုန်၏။ ဟတ္ထတော။ လက်မှ။ ဘဏ္ဍကံ။ အသျှင်ကိုင်၍လာသော တစ်စုံတစ်ခုဘဏ္ဍာအထုပ်အပိုးကို။ ဂဏှန္တိ။ လှမ်းယူလင့် ကုန်၏။ ဣမံ။ ဤမိမိလက်ဝယ်မှိသော။ တစ်စုံတစ်ခုဝတ္ထုကို။ ဝိဿဇ္ဇေတွာ။ လွှတ်၍။ ဣမံ။ အရှင်လက်ဝယ်ရှိသော ဥစ္စာကို။ ဂဏှန္တိ။ ယူကုန်၏။ သေသာနံ။ ကြွင်းကုန်သော။ အာသနပညာပနတာလ ဝဏ္ဍဗီဇနပါဒဒေါဝနာဒီနိ။ နေရာခင်း ခြင်း။ ယပ်လေခပ်ခြင်း။ ခြေဆေးခြင်း အစရှိကုန်သော။ သဗ္ဗာနိ။ အလုံးစုံကုန် သော။ ကိစ္စာနိပိ။ ကိစ္စတို့ကိုလည်း။ ကရောန္တိ။ ပြုကုန်၏။ ပရံမုခကာလေ။ မျက်ကွယ်အခါ၌။ ဥတ္တရန္တံ။ ဖိတ်လျှံသော။ တေလမ္ပိ။ ဆီကိုလည်း။ နဩလော ကေန္တိ။ မကြည့်မရှုလိုကုန်။ သတဂ္ဃိနကေ။ အရာထိုက်တန်သော။ ကမ္မေ။ အမှုသည်။ ပရိဟာယန္တေဝိ။ ဆုတ်ယုတ်ငြားသော်ငင်း။ သဟဿဂ္ဃိနကေ။ အထောင်ထိုက်တန်သော။ ကမ္မေ။ အမှုသည်။ ပရိကာယန္တေပိ။ ဆုတ်ယုတ်ငြား သော်လည်းကောင်း။ နိဝတ္တေတွာဩလောကေတုမ္ပိ။ ပြန်လည်၍ ကြည့်ခြင်းမျှ လည်း။ နက္ကစ္ဆန္တိ။ အလိုမရှိကုန်။ ဣမေ။ ဤကျွန်ဆိုး သူယုတ်မာတို့သည်။ အည ထာ။ တစ်ပါးသောအခြင်းအရာဖြင့်။ ကာယေန။ ကိုယ်ဖြင့်။ သမုဒါစရန္တိနာမ။ ပြုကျင့်လေ့ကျက်သည်မည်ကုန်၏။ ။ ဤသို့လျှင်။ ပပဥ္စသုဒနိမည်သော။ မဇ္ဈိမနိကာယ်။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။ ကန္ဒရကသုတ်အဖွင့်၌ လာသည်နှင့် အညီ။ ကျွန်ဆိုးသူယုတ်မာတို့သည်။ ကိုယ်ဖြင့် မျက်မှောက်မျက်ကွယ်။ အထူး အထွေပြုကျင့်လေ့ကျက်တတ်ကုန်၏ဟူ၍။ သိရာသောအကြောင်းကို။ ရွှေနှလုံး တော် ဓါတ်မြတ်၌။ မှတ်သားတော်မူဘုရား။

အဘယ်သို့လျှင်။ ကျွန်ဆိုးသူယုတ်မာတို့သည်။ နှုတ်ဖြင့် မျက်မှောက်တခြား။ မျက်ကွယ်တစ်ပါး။ ပြောဆိုတတ်ကုန်သနည်းဟူမူကား။

✳ ။ယေပနသံမုခါအမှာကံသာမိအမှာကံ အယျောတိအာဒိနိ။ ဝတွာပသံသန္တိ။ ပရံမုခါအဝတ္တာဖွံ နာမနတ္ထိ။ ယံက္လစ္ဆန္တိတံဝဒန္တိက္လမေအညထာ ဝါစာယ သမုဒါစရန္တိ နာမ။ ။ ၎င်းအဋ္ဌကထာပါဠ်။

ယေပန။ အကြင်ကျွန်ဆိုးသူယုတ်မာတို့သည်။ သံမုခါ။ မျက်မှောက်၌။ အမှာကံသာမိ။ ငါတို့၏ကျေးဇူးသခင်ပေတည်း။ အမှာကံအယျော။ ငါတို့အရှင်ပေတည်း။ က္လတိအာဒိနိ။ ဤသို့အစရှိကုန်သောစကားတို့ကို၊ ဝတွာ။ ဆို၍။ ပသံသန္တိ။ ချီးမွမ်းထောမနာကုန်၏။ ပရံမုခါ။ မျက်ကွယ်၌မူကား။ အဝတ္တာဖွံနာမ။ အရှင်၌ကြောက်ရွံ့ခံ့ညား။ အားပါးနာသဖြင့်။ ညှာတာငဲ့ကွက်၍ မဆိုဝံ့သော စကားမည်သည်။ နတ္ထိ၊ မရှိ၊ ယံ။ အကြင်စကားကို။ က္လစ္ဆန္တိ။ ပြောဆိုလိုကုန်၏။ တံ။ ထိုစကားကို။ ဝဒန္တိ။ ပြောဆိုကုန်သည်သာတည်း၊ က္လမေ။ ဤကျွန်ဆိုးသူယုတ်မာတို့သည်။ အညထာ။ တပါးသောအခြင်းအရာအားဖြင့်။ သမုဒါစရန္တိ နာမ။ ပြောဆိုလေ့ကျက်သည်မည်ကုန်၏။ ။ ဤကားယောဇနာ။ ။ ဤသို့ လျှင်၎င်းသုတ်အဋ္ဌကထာ ၎င်းသုတ်အဖွင့်လာသည်နှင့်အညီ။ ကျွန်ဆိုးသူယုတ်မာတို့သည် နှုတ်ဖြင့် မျက်မှောက်မျက်ကွယ်။ အထူးအထွေပြောဆိုလေ့ကျက်တတ်ကုန်၏။ ဟူ၍သိရာသည်ဖြစ်ပါကြောင်းဘုရား။

အန္တောဇာတ၊ အိမ်ပေါက်ကျွန်။ ဓနက္ကိတ။ ဥစ္စာဖြင့်ဝယ်သောကျွန်၊ ကရမရနိတ။ သုံးရကျွန်။ သယံဒါသ၊ မှီခိုနေသောကျွန်။ ။ ဤလေးဦးတို့တွင်။ အန္တောဇာတကျွန်။ ဓနက္ကိတကျွန်။ ကရမရာနိကျွန်တို့ကဲ့သို့၊ မျက်မှောက်မျက်ကွယ်။ အထူးအထွေကျင့်တတ်သော။ မင်းခယောကျ်ားဟူသော သယံဒါသကျွန်ဟူ၍ဆိုလိုသည်။ ။ ဤအရာ၌အကျဉ်းအားဖြင့် မှတ်သားရန် ဂါထာဖွဲ့စီ၍ပြဦးအံ့။ ။ "ပုတ္တဒါသသမာနာတိ။ ဒုဝိဓါသေဝကာက္လမေ။ တဗ္ဗဘေဒံဝိဇာနိတွာ။ ရာဇံသေဝေယျပဏ္ဍိတော။" ။

ပုတ္တဒါသသမာန။ ပုတ္တသမာန။ မင်းခယောကျ်ား။ ဒါသသမာန။ မင်းခယောကျ်ားအပြားအားဖြင့်။ က္လမေသေဝကာ။ ဤမင်းခယောကျ်ားတို့သည်။ ဒုဝိဓါ။ နှစ်ပါးအပြားရှိကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏ က္လတိ။ ဤသို့၊ တဗ္ဗဘေဒံ။ ထိုအပြားကို။ ဝိဇာနိတွာ။ သိအောင်ပြု၍ ပဏ္ဍိတော။ ပညာရှိသောသူသည်။ ရာဇံ။ မင်းကို။ သေဝေယျ။ မှီခိုဆီးကပ်ရာ၏။

တနည်းကား။ သကုဏောပမ၊ မင်းခယောကျ်ား။ အနုညာဘာဝ၊ မင်းခယောကျ်ားဟူ၍ နှစ်ပါးအပြားရှိကုန်၏။ ထိုနှစ်ပါးတို့တွင်။ ငှက်တို့သည် အကြင်အခါ၊ အကြင်သစ်ပင်၌။ အသီး။ အပွင့်အရွက်တို့သည် ရှိကုန်၏။ ထိုအခါ။ ထိုသစ်ပင်၌ မှီဝဲဆည်းကပ်ကုန်၏။ အကြင်အခါ။ အကြင်သစ်ပင်၌။ အသီးအပွင့်

အရွက်တို့သည် မရှိကုန်။ ထိုအခါ ထိုသစ်ပင်၌ ငှဲကွက်ခြင်း တပ်ခြင်းကိုစွန့်၍၊ တပါးသောအသီးအပွင့်။ အရွက်ရှိသော။ သစ်ပင်သို့၊ ရှေ့ရှုကပ်ကုန်သကဲ့သို့။ ထို အတူ။ အကြင်မင်းခယောကျ်ားသည်။ အကြင်အခါ။ အကြင်အရှင်စိုးမင်းတို့ကား၊ ရေးကအကြောင်းသင့်၍။ ပွင့်လမ်းသာယာကုန်၏။ ထိုအခါ အရှင်စိုးမင်းတို့ထံ။ ကြိုနွံဝပ်တွား။ ခစားကုန်၏။ အကြင်အခါ အရှင်စိုးမင်းအား။ ရေးကံအကြောင်းမ သင့်၍။ မပွင့်လန်းမသာယာကုန်။ ထိုအခါ ထိုအရှင်စိုးမင်းတို့၌။ ငှဲကွက်ခြင်းတပ် ခြင်းကိုစွန့်၍။ တပါးသောဘုန်းသမ္ဘာကြီးသော။ အရှင်စိုးမင်းသို့။ ညွှတ်ခလေ၏။ ထိုမင်းခယောကျ်ားသည်။ ငှက်နှင့်တူသောကြောင့်။ သကုဏောပမ မင်းခ ယောကျ်ားမည်၏။ ။ ဤကားငှက်တို့၏။ ပကတိသဘော၌။ ပြောင်းရွှေ့ တတ်သည်၏။ အဖြစ်ရှိသောကြောင့်။ ထိုနှင့်တမူ တူသောသူကိုဆိုသည်ဘုရား။ ။ အနညာဘာဝ။ မင်းခယောကျ်ား၏ သဘောကား။ ဤအရှင်စိုးမင်းမှတပါး။ ခစားမှီခိုစရာမရှိပြီဟု။ သန္နိဋ္ဌာန်ချလျက် ကျေးဇူး။ သစ္စာကိုငှဲကွက်ပြီးလျှင်။ အမြဲ နေထိုင်ဆည်းကပ်၏။ ထိုမင်းခယောကျ်ားသည်။ အနညာဘာဝ မည်ပါသည် ဘုရား။ ။ ဥပမာဆက်၍။ အချက်ကျအောင်လျှောက်ပါအံ့။ ။ နဝနိပါတ်။ မဟာ သုဝဇာတ်၌။ အသီးအပွင့်အရွက်။ ကြွေကာချောက်သွေ့၍။ သစ်ငုတ်ဖြစ်သည် တိုင်အောင်။ အသီးအပွင့်အရွက်တို့ကို သုံးဆောင်ရဘူးသော။ ကျေးဇူးကို အောက်မေ့၍။ အခြားအရပ်သို့ မပျံမသွား။ ထိုရေသဖန်းပင်သည်ငါ၏။ အဆွေအမျိုးတည်း။ အဆွေခင်ပွန်းလည်းဖြစ်ပေ၏။ သူတော်ကောင်းတို့သဘော ကား။ အလိုနည်းခြင်း။ သူပြုဘူးသောကျေးဇူးကိုသိခြင်း ဟူကုန်သောအကြောင်း တို့ကို အောက်မေ့၍။ ချောက်သွေ့သော ရေသဖန်းပင်ငုတ်သည်။ အပေါက် အပေါက်ရှိလျက်။ လေဖြင့်ခပ်အပ်သည်ရှိသော်။ တူရိယာမျိုးကို။ တီးမှုတ်သကဲ့သို့ မြည်၏။ ထိုအပေါက်တို့မှ။ အမှုန့်တို့သည်ထွက်ကုန်၏။ ကျေးမင်းသည်။ ထိုအမှုန့် တို့ကိုစား၍။ ဂင်္ဂါရေကိုသောက်လျက်။ အရပ်တပါးသို့မသွားဘဲ။ လေနေပူကိုမရေ မတွက်မူ၍။ ရေသဖန်းပင်ငုတ်၌နေ၏။ ။ ထိုသို့ကျေးဇူးသစ္စာစောင့်ရှောက်ခါ ဖြင့်။ ပင်ပန်းစွာနေသော။ ဘုရားလောင်းကျေးမင်း၏။ အာနုဘော်ကြောင့်။ သိကြားမင်း၏ ဘုံဗိမာန်။ ဝေဇယန္တာနန်းပြသာဒ်သည်။ တုံလှုပ်၏။ သိကြားမင်း သည် ဆင်ခြင်လတ်သော်။ ထိုကျေးမင်း၏အကြောင်းကိုမြင်၍။ မိမိကိုယ်ကို။ ဟင်္သာမင်းအဟန်ဖန်ဆင်းလျက်။ သုဇာမည်သော။ အသူရာနတ်သမီးကို။ ဟင်္သာမ အသွင်။ ရှေ့ထား၍။ ရေသဖန်းတောသို့သွားပြီးလျှင်။ မနီးမဝေးတခုသော။ သစ်ပင်၏ အခက်၌နားနေလျက်။ ဘုရားလောင်းကျေးသားအား။ မေးမြန်းသော စကားကား။ ဤသို့တည်း။ ။ ငှက်မင်းငှက်တို့သဘောသည်။ အကြင်အခါ အကြင်

သစ်ပင်သည်။ အပွင့်အသီးအရွက်နှင့် ပြည့်စုံ၏။ ထိုအခါ ထိုသစ်ပင်ကို။ မှီဝဲ ဆည်းကပ်၏။ အကြင်အခါ အကြင်သစ်ပင်သည်။ အသီးအပွင့်အရွက်မှ ယုတ်၏။ ထိုအခါ ထိုသစ်ပင်ကိုစွန့်၍။ အခြားသစ်ပင်သို့။ ပျံသွားကြ၏။ ထိုသို့ဖြစ်ပါလျက်။ ငှက်တို့သဘောသို့မလိုက်ဘဲ။ အသီးအပွင့်။ အရွက်ကြွေကျချောက်သွေ့၍။ သစ်ငုတ်ဖြစ်သည့်ပြင်။ သဘင်သည်မှုတ်သော။ ပွြေနဲ့တံပမာ။ အပေါက်အပေါက် သာထင်လျက်။ ထွက်ကျသော ပိုးမှုန့်ကို စားပြီးလျှင်။ တခြားဒေသ။ ရပ်ဌာနသို့။ မပြောင်းမရွှေ့ဘဲ။ ရေသဖန်းပင်ငုတ် အနား၌အဘယ်ကြောင့် ငေးမှိုင်ခါ။ နေဘိ သနည်းဟု။ မေးလေ၏။ ။ ထိုအခါ ဘုရားအလောင်း။ ကျေးမင်းက။ သိကြားမေး သော။ ပြဿနာကို။ ဖြေခါပြန်ပြောလိုရကား။ အဆွေဟသ်ာမင်း။ ထို ရေသဖန်းပင်မှ။ အသီးအပွင့်အရွက်အခေါက်တို့ကို။ သုံးဆောင်ရဘူး သဖြင့်။ ကျေးဇူးကြီးမြတ်ခြင်း။ ငါ၏ အဆွေအမျိုးပေတည်း။ အဆွေခင်ပွန်းလည်းဖြစ် ပေ၏။ ထိုသစ်ပင်၌နေထိုင်မှီဝဲရခြင်း။ ကျေးဇူးရှိဘူးသော သူကိုမထေမဲ့မြင် မပြု ကောင်းပေ။ ထိုကဲ့သို့ အလိုနည်းခြင်း။ ကျေးဇူးကို သိခြင်း။ အလေးအမြတ်ပြုခြင်း ကား-ဘုရားအစရှိကုန်သော။ သူတော်ကောင်းတို့၏။ ကျင့်ဟောင်းတံထွာ။ ဓမ္မတာလမ်းခရီးပေတည်းဟု။ ဟသ်ာမင်း အဟန်။ ဖန်ဆင်း၍လာရောက်မေးမြန်း သော။ သိကြားမင်းအား။ ပြန်ဆိုဖြေကြား။ ဘူးချေသည်ကို။ ထောက်၍။ ကျေးဇူး သစ္စာစောင့်ရောက်ခါဖြင့်။ ရိုသေစွာငဲ့ကွက်လျက်။ မပျက်လုလ္လ။ သန္နိဋ္ဌာန်ချ။ နိစ္စ အမြဲ။ သဟဲပြုခါ။ နေလေပါသော။ မင်းခယောက်ျားမျိုးကို။ အနညာဘာဝ။ မင်းခ ယောက်ျားဟု။ ခေါ်ဝေါ် သမုတ်ပါကြောင်းဘုရား။ အကျယ်ကိုအလိုရှိက-ဋင်း နိပါတ်၌ရှုကြပါကုန်။ ။ ဤ၌အကျဉ်းအားဖြင့် မှတ်သားရန်ဂါထာဖွဲ့စီ၍ ပြဦးအံ့။

"သကုဏောပမောတထေဝ။ အနညာဘာဝကောဝိစ။ ဣတိဒွေသေဝကာ ဟောန္တိ။ ဇဝံဇာနေယျပဏ္ဍိတော"။

သကုဏောပမောဝိစ။ သကုဏောပမ။ မင်းခယောက်ျားငင်း။ တထေဝ ထိုမှ တပါး။ အနညာဘာဝကောပိ။ အနညာဘာဝ။ မင်းခယောက်ျားငင်း။ ဣတိ။ ဤသို့။ ဒွေ။ နှစ်ယောက်ကုန်သော။ သေဝကာ။ မင်းခယောက်ျားတို့သည်။ ဟော န္တိ။ ဖြစ်ကုန်၏ ဇဝံ။ ဤသို့။ ပဏ္ဍိတော။ ပညာရှိသောသူသည်။ ဇာနေယျ။ သိ ရာ၏။

ဤကားမင်းခယောက်ျားကို။ ဆိုရာအခဏ်းပြီး၏။

၆၃ ～ 63

အမတ်ကြီး။ မင်းတို့၏ ကျင့်အပ်သော။ အပွမာဒတရားကို။ သုံးလုထွင့်ထား။ မြတ်စွာဘုရားသည်။ အဘယ်သို့ ဟောတော်မူသနည်း။ ထိုအကြောင်းကို၊ လျှောက်ရမည်ဟု။ အမိန့်တော်မြတ်။ မှတ်ပြန်လေသော်။ ။ ဘူမော်နာထ။ နူသိန္ဒနှင့်။ ရာဇမိမိုင်း။ တိုင်းရဋ္ဌသျှင်။ သေနင်ဗျူဟာ။ စက္ကာယန္တ။ အာဝုဓစိုး။ တန်ခိုးသီရိ။ မဟိဒ္ဓိဂုဏ်။ ဘုန်းတော်ဟုန်ကြောင့်။ ဝသုံနဘုံ။ ကြွင်းမကျန်အောင်။ ပြင်းထန်လိမ့်လည်း။ သိမ့်သိမ့်ဟီးမျှ။ ထိမ့်ကြည်းလျောင်၊ တော်ပဲ့တင်ခပ်၊ ဥက္ကဋ္ဌ အာဟိန်။ သမ္မာရှိန်ကို။ ရာဇိန်အညာ။ ခတ္တိယတို့။ တုပအံ့မည်။ ကြံရော်ရည်က။ မဟီအစ်ကို၊ တောင်မြင့်မိုရ်ကို။ ကွဲလိုအန်ခု၊ ဆီးစေ့ပြုသို့။ ဒူရကတိုင်းသျှင်၊ အောင်ပွဲရင်ရှင့်။ သခင်စက်အောက်၊ ခညွတ်ရောက်သည်။ ညွှန့်ညော့က်တေဇာ၊ သပြေညာဝယ်။ ကေသရာလား။ အောင်ပန်းကြွားလျက်။ သျှောင်ဖျားသရဖူ၊ တို့ဘုန်းလူကို။ ကြည်ဖြူလေးမြတ်။ သုံးလုနတ်၏။ ဟောအပ်မှန်စွာ။ ဒေသနာတည်တည်။ ခြသေ့ဆီဦး။ ရသာထူးဖြင့်၊ ပွင့်မြူးဆက်မည် လျှောက်တင်ချီသည်။ ။ သိင်္ဂီတည့်ရွှေနား။ ခံယူတော်မူဘုရား။

ဤသို့ကေရာဇ်မင်းမြတ်၊ မေးတော်မူအပ်သော။ သာမုက္ကံသိကဓမ္မ။ နက်လေးကိုငင်း။ ရှက်ထွေးပသက်၊ ဟူသမျှကို၊ တစမကျန်၊ ခွဲဝေဘန်၍။ ပသံသိတ။ ထောမနိယ။ ထောမနဂုဏ်။ လွန်ပြည့်စုံသဖြင့်။ အာဂုံရမိတေဝိဋ္ဌကဝိမိုရ်၊ တက္ကသိုလ်ဇာနည်။ တရထည်လား။ ထိုစကားကိုငင်း၊ မလျှောက်ထားမီ၊ ရှေးအဘို့က။ နှစ်မြို့ဝမ်းသာ။ တန်ဆာအသွင်။ နား၌ဆင်။ စေခြင်းငှါ။ သေဝကာမည်သီး။ ပညာရှိအမတ်ကြီးတို့၏ တံထွာ။ ဓမ္မတာအာစိဏ္ဏဖြစ်သည်နှင့်အညီ။ ဖွဲ့စီသီကုန်း။ စံယူနှုန်းစေအပ်သော လျှောက်ထုံးရတုတည်း။

နရုက္ကဋ္ဌ။ နရာဓိပ။ ဘူနာထနှင့်။ ဘူဘုဇဂိုဏ်း တုမနိုင်းနိုင်သော။ တိုင်းရဋ္ဌသခင်။ ဘုရင်ကေရာဇ်မင်းမြတ်။ အလိုတော်ရှိအပ်သည့်။ မင်းတို့မမေ့မလျော့ကြမူ၍။ ကျင့်အပ်သော အပွမာဒတရားကို။ လျှောက်ထား သံဦးတော်တင်ပါအံ့။ ။

မင်းတို့မည်သည်။ မမေ့မလျော့ခြင်းဟူသော။ အပွမာဒတရားကိုပွားစေကုန်ရာသည်။ ။ ထိုကြောင့်။ ဇနသန္ဓဇာတ်အဋ္ဌကထာ၌။ ။

✳ မဟာရာဇရညာနာမဒသရာဇကိစ္စေသုအပွမာဒေနဘဝိတဗ္ဗံ။ ။ ဟူ၍ဖွင့်အပ်ပြီ။ ။ မဟာရာဇ။ မင်းမြတ်။ ရညာနာမ၊ မင်းမည်သည်ကား။ ဒသရာဇကိစ္စေသု။ ဆယ်ပါးကုန်သောမင်းကိစ္စတို့၌၊ အပွမာဒေန။ မမေ့မလျော့သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ။ ဤကားအနက်။

ထိုအပ္ပမာဒတရားကား။ အခြေမရှိသောသတ္တဝါ။ အခြေနှစ်ချောင်းရှိသော သတ္တဝါ။ ရုပ်ရှိသောသတ္တဝါ။ ရုပ်မရှိသောသတ္တဝါ။ သညာရှိသော သတ္တဝါ သညာမရှိသောသတ္တဝါ။ သညာရှိသည်လည်းမဟုတ်။ သညာမရှိသည်လည်း မဟုတ်သော။ သတ္တဝါ အပေါင်းတို့ထက်။ မြတ်စွာဘုရား သခင်သည်။ မြတ်တော်မူသကဲ့သို့။ ထို့နည်းအတူ။ အပ္ပမာဒတရားသည်။ ကုသိုလ် တရားတို့၏။ အကြောင်းမူလဘူတဖြစ်၏။ ခပ်သိမ်းကုန်သော။ ကုသိုလ်တရားတို့၏။ စုဝေးရာလည်းဖြစ်၏။ ခပ်သိမ်းကုန်သော ကုသိုလ်တရားတို့ထက်မြတ်၏။ ထို့ကြောင့်။ ။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌။ ။ ယာဝတာဘိက္ခဝေသတ္တာအပဒါဝါဒွိပဒါဝါစတုပ္ပဒါဝါဗဟုပ္ပဒါဝါ။ ရူပိနောဝါအရူပိနောဝါသညီနောဝါအသညီနောဝါနေဝသညီနာသညီနောဝါ တထာဂတောတေသံအဂ္ဂမက္ခာယတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါဧဝမေဝခေါ သိက္ခဝေယေကေစိကုသလာဓမ္မာသဗ္ဗေတေအပ္ပမာဒမူလလာ။ အပ္ပမာဒသ မောရဏာ။ အပ္ပမာဒေါတေသံဓမ္မာနံ အဂ္ဂမက္ခာယေတိ။" ။ ဟူ၍မိန့်အပ်ပြီ။

ဘိက္ခဝေ။ ရဟန်းတို့။ ယာဝတာ။ အကြင်မျှလောက်ကုန်သော။ အပဒါဝါ။ အခြေမရှိသည်လည်းဖြစ်ကုန်သော။ ဒွိပဒါဝါ။ အခြေနှစ်ချောင်းရှိသည်လည်းဖြစ်ကုန်သော စတုပ္ပဒါဝါ။ အခြေလေးချောင်းရှိသည်လည်း ဖြစ်ကုန်သော။ ဗဟုပ္ပဒါဝါ။ အခြေများသည်လည်းဖြစ်ကုန်သော။ ရူပိနောဝါ။ ရုပ်ရှိသည်လည်းဖြစ်ကုန်သော။ အရူပိနောဝါ။ ရုပ်မရှိသည်လည်းဖြစ်ကုန်သော။ သညီနောဝါ။ သညာရှိသည်လည်းဖြစ်ကုန်သော။ အသညီနောဝါ။ သညာမရှိသည်လည်း ဖြစ်ကုန်သော။ နေဝသညီနာသညီနောဝါ။ သညာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်ကုန်သော။ သတ္တာ။ သတ္တဝါ။ တို့သည်။ သန္တိ။ ထင်ရှားပကတိရှိကုန်၏။ တေသံ။ ထိုသတ္တဝါတို့တွင်။ ဝါ။ ထိုသတ္တဝါတို့ထက်။ အရဟံ။ ပူဇော်ရာအထူး။ ငြိစ်ငြူးကိလေ။ ဖြတ်တောက်ခြွေလျက်။ လေးထွေပစ္စယ။ ဟူသမျှကို။ သုဂတမှန်ကူ။ သဃမ္ဘူဖြစ်၍။ ခံယူတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓေါ။ ဥဿျာငါးဖြာ။ လေးသစ္စာကို။ ဆရာမကူ သယမ္ဘူဉာဏ်တော်ဖြင့် ကောင်းစွာတိတိ။ ကြွင်းမရှိဘဲ၊ သိမြင်တော်မူထသော။ တထာဂတော။ ဝိပဿီဗုဒ္ဓါ။ စသည်ထင်ရှား။ ရှေးဘုရားတို့ကဲ့သို့၊ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်။ အဂ္ဂံ အဂ္ဂေါ။ ကဲလွန်ထူးမြတ်၏ ဟူ၍။ အက္ခာယတိယထာ။ ဟောဆိုအပ်သကဲ့သို့။ ဘိက္ခဝေ။ ရဟန်းတို့။ ဧဝမေဝခေါ။ ဤအတူသာလျှင်။ ယေကေစိ။ ခပ်သိမ်းကုန်သော။ ကုသလာ။ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ။ တရားတို့သည်။ သန္တိ။ ရှိကုန်၏။ သဗ္ဗေ။ ခပ်သိမ်းကုန်သော၊ တေဓမ္မာ။ ထိုတရားတို့သည်။ အပ္ပမာဒသမောရဏာ။ အပ္ပမာဒ တရားလျှင် စုဝေးရာရှိကုန်၏။ အပ္ပမာဒေါ။ အပ္ပမာဒတရားကို။ တေသံ ဓမ္မာနံ။ ထို

ကုသိုလ်တရားတို့တွင်။ ဝါ။ ထိုကုသိုလ်တရားတို့ထက်။ အဂ္ဂံအဂ္ဂေါ။ ကဲလွန်ထူးမြတ်၏ဟူ၍။ အက္ခာယတိ။ ဟောဆိုအပ်၏။ ။ ဤကားယောဇနာ။ ။

တနည်းလည်း။ အလုံးစုံကုန်းကြည်း၌ဖြစ်ကုန်သော။ သတ္တဝါအပေါင်းတို့၏။ ခြေရာတို့သည်ရှိကုန်၏။ ထိုခြေရာတို့ကို။ ဆင်ခြေရာတစ်ခုတည်းဖြင့်။ ဖုံးလွှမ်းအုပ်နိုင်ဘိသကဲ့သို့ငှင်း။ ဆင်ခြေရာသည်။ ကြီးကျယ်သောအားဖြင့်။ ခြေရာအပေါင်းတို့ထက်။ မြတ်သကဲ့သို့ငှင်း။ ထို့အတူ ခပ်သိမ်းကုန်သော။ ကုသိုလ်တရားတို့သည်။ အပ္ပမာဒတရားလျှင်။ အကြောင်းရင်းရှိကုန်၏။ အပ္ပမာဒတရားလျှင် စုဝေးရာရှိကုန်၏။ အပ္ပမာဒတရားသည်။ ထိုကုသိုလ်တရားတို့ထက်မြတ်၏။ ။

ထိုမှတပါးလည်း။ အလုံးစုံကုန်သော။ အမြစ်နံ့သာမျိုးတို့တွင်။ ကဋ္ဌာနုသာရီမည်သော။ အကျော်နက်သည် မြတ်သကဲ့သို့ငှင်း။ အနှစ်နံ့သာမျိုးတို့တွင်။ လောဟိတစန္ဒနမည်သော။ စန္ဒကူးနံ့သာသည် မြတ်သကဲ့သို့ငှင်း။ အပွင့်နံ့သာမျိုးတို့တွင်။ ဝဿိကမည်သော။ မုလေးပန်းသည် မြတ်သကဲ့သို့ငှင်း။ ယခုကာလမြတ်လေးပန်းဟုခေါ်သည်။ နက္ခတ်တာရာ။ ကြယ်အပေါင်းတို့၏။ အရောင်ထက်။ လ၏ အရောင်သည်။ မြတ်သကဲ့သို့ငှင်း။ တန်ဆောင်မုန်းလအခါ။ တိမ်မြူနှင်းမှ ကင်းလွန်းသဖြင့်။ နေမင်းသည် တောက်ပသကဲ့သို့ငှင်း။ အလုံးစုံကုန်သော။ အဝတ်ထည်မျိုးအပေါင်းတို့တွင်။ ကာသိတိုင်းဖြစ်။ အဝတ်အထည်မျိုးသည်။ မြတ်သကဲ့သို့ငှင်း။ လင်ရှိသေသောမိန်းမ။ မိဘတို့ကို ရှိသေသောသားသမီး။ တန်ဆောင်မုန်းလမြတ်ကြောင်း။ ခပ်သိမ်းကုန်သော။ ကုသိုလ်တရားအပေါင်းတို့ထက်။ အပ္ပမာဒတရားသည်မြတ်၏။ ဤသို့စသည်ဖြင့်။ များစွာဟောတော်မူသော။ မြတ်စွာဘုရား၏ ပါဠိတော်။ ၎င်းအဖွင့်အဋ္ဌကထာတို့၌ ရှိပါသည်ဘုရား။

သဘောအားဖြင့်။ အပ္ပမာဒဟူသည်ကား။ သတိစေတသိက်တည်း။ သတိစေတသိက်၏ လက္ခဏာကား။ ဘုရားအစရှိသော။ ကောင်းသောအာရုံ၌အောက်မေ့စေခြင်း။ လက္ခဏာရှိ၏။ သားသမီးကိုရခြင်း။ ဥစ္စာကိုရခြင်း။ အခြွေအရံကိုရခြင်း။ စသည်၌အောက်မေ့ခြင်းသည်။ သတိနှင့် အလားတူသော။ နာမက္ခန္ဓာ။ လေးပါး၏။ အမည်တည်းဟူ၍။ ။ မူလပဏ္ဏာသ သလ္လေခသုတ် အဋ္ဌကထာ၌။ လာရကား။ မိမိကိုယ်အသက်ကို စောင့်ရှောက်ခြင်း။ စသည်တို့၌။ မမေ့မလျော့ခြင်းသည်လည်း၊ အပ္ပမာဒတရား။ ပင်ခေါ်ဝေါ်သင့်၏။ ထိုအပ္ပမာဒတရားနှင့်။ ပြည့်စုံသောမင်းအား။ ပစ္စုပ္ပန်သံသရာ။ နှစ်ဖြာသောအကျိုးစီးပွား များရာသည်သာဖြစ်သည်။ အပ္ပမာဒတရားနှင့်ပြည့်စုံလျှင်။ မည်သည့်ကုသိုလ်ကို။ မပြုမကျင့်ဟု။ ဆိုရန်မရှိပြီ။ နတ်သူရဲ။ နတ်စစ်သည်အပေါင်းခြံရံအပ်သော။ သိကြားနတ်

မင်းကဲ့သို့။ ရန်သူတို့နှောက်ရှက်ခြင်းငှါ။ မစွမ်းနိုင်ရာ။ တဆယ့်ရှစ်ခေါဘဏီသော။ ဗိုလ်ခြေအပေါင်းနှင့်။ မြေကြီးငလျှင်။ ပဲ့တင်ထပ်မျှဝန်းရံ။ လုပ်ကြံသောပဉ္စာလရာဇ် စစ်သည်အပေါင်းကို။ အုပ်ကျောက်စရစ်ဖြင့်။ ပစ်ခတ်မောင်းနှင်အပ်သော။ အိမ်စာငယ်အပေါင်းတို့ကဲ့သို့။ ကစင့်ကရဲ။ ကွဲပြိုပျက်စီးလျက်။ အကြိမ်ကြိမ်အဘန်ဘန်။ လုပ်ကြံ၍ မတတ်နိုင်လေသည်ကား။ ဘုရားလောင်းမဟောသဓါသုခမိန်၏။ အပ္ပမာဒ တရားလျှင်။ အကြောင်းရင်းရှိသည်ဟုမှတ်ရာသည်။ ။ မြတ်စွာဘုရားသခင်သည်။ ပသေနဒီကောသလမင်းကြီးအား။ ဟောတော်မူအပ်သော။ တရားတော်သည်ကား။ ။

“သေယထာပိမဟာရာဇယာနိကာနိစိကဇင်္ဂလာနိပါဏာနံပဒဇာတာ နိသဗ္ဗာနိ။ ဟတ္ထိပဒေသမောဓါနံဂစ္ဆန္တိ။ ဟတ္ထိပဒံ တေသံအဂ္ဂမက္ခာယတိ ယဒိဒံမဟန္တတ္တေနဝေမေဝခါမဟာရာဇအပ္ပမာဒေါ ကောခမ္မောဥဘော အတ္တေသမ္မဝိဂ္ဂယှဘိဋ္ဌတိ။ ဒိဋ္ဌခမ္မိကဉ္စေဝသမ္ပရာယိကဥ္စာတိ။” ။ ဟူ၍ ဟောကြားညွှန်ပြဆုမ္မတော်မူ၏။ ။

မဟာရာဇ။ ပသေနဒီကောသလမင်းမြတ်။ သေယထာပိ။ ဥပမာမည်သည်ကား။ ကဇင်္ဂလာနိ။ ကုန်ကြည်း၌ဖြစ်သော။ ဝဒဇာတာနိ။ ခြေရာအပေါင်းတို့သည်။ သန္တိ။ ရှိကုန်၏။ သဗ္ဗာနိ။ အလုံးစုံကုန်သော။ တာနိ။ ထိုခြေရာအပေါင်းတို့သည်။ ဟတ္ထိပဒေ။ ဆင်ခြေရာ၌။ သမောဓါနံ။ အတွင်းဝင်ခြင်းသို့။ ဂစ္ဆန္တိသေယထာ။ ရောက်ကုန်သကဲ့သို့။ ယဒိဒံ။ ယံဣဒံဟတ္ထိပဒံ။ အကြင်ဆင်ခြေရာသည်။ အတ္ထိ။ ရှိ၏။ တဒိဒံတံဣဒံဟတ္ထိပဒံ။ ထိုဆင်ခြေရာကို။ မဟန္တတ္တေန။ ကြီးကျယ်သည်၏အဖြစ်ဖြင့်။ တေသံ။ ထိုခြေရာအပေါင်းတို့ထက်။ အဂ္ဂံ။ မြတ်၏ဟူ၍။ အက္ခာယတိသေယထာဝိ။ ဟောဆိုအပ်သကဲ့သို့။ မဟာရာဇ။ ပသေနဒီကောသလမင်းမြတ်။ ဧဝမေဝခေါ။ ဤအတူသာလျှင်။ အပ္ပမာဒေါ။ အပ္ပမာဒဟူသော။ ဧကော။ တပါးသော။ ခမ္မော။ တရားသည်။ ဒိဋ္ဌခမ္မိကဉ္စ မျက်မှောက်၌ဖြစ်သောအကျိုးငှါလည်း။ သမ္ပရာယိကဥ္စ။ တမလွန်၌ဖြစ်သောအကျိုးငှါလည်း။ ဣတိ၊ ဤသို့။ ဥဘောအတ္တေ။ အကျိုးနှစ်ပါးတို့ကို။ သမ္မဝိဂ္ဂယှ။ အညီအညွတ် ယူဆောင်၍။ တိဋ္ဌတိ။ တည်၏။။ ဤကားယောဇနာ။

ထိုမှတပါးလည်း။ ။ “အပ္ပမာဒံ ပသံသန္တိ။ ပုညကိရိယာ သုပဏ္ဍိတာ။ အပ္ပမတ္တောဥဘောအတ္တေ။ အဓိဂဏှာတိပဏ္ဍိတော။။ ဟူ၍ဟောကြားညွှန်ပြဆုမ္မတော်မူသည်။ ။ ပုညကိရိယာ။ ပုညကိရိယာတို့၌။ အပ္ပမာဒံ။ မမေ့မလျော့ခြင်းကို။ ပဏ္ဍိတာ။ ပညာရှိတို့သည်။ ပသံသန္တိ။ ချီးမွမ်းကုန်၏။ အပ္ပမတ္တော။ မမေ့မလျော့သော။ ပဏ္ဍိတော။ ပညာရှိသည်။ ဥဘောအတ္တေ။ ပစ္စုပ္ပာန်တမလွန်အကျိုးနှစ်ပါးတို့ကို။ အဓိဂဏှာတိ။ ယူနိုင်၏။ ။ ဤကားဂါထာ၏အနက်။ ။

ပိမ္ဗိသာရမင်းကြီးသည်။ အရှင်ပိလိန္ဒဝစ္ဆမထေရ်အား။ အရံစောင့်လှူပါမည်ဟု။ ဝန်ခံပြီးမှ။ မေ့လျော့၍။ နေ့ရက်ငါးရာတိုင်လွန်မှ။ သတိရသဖြင့်။ ဤမျှလောက်မေ့လျော့၍။ နေမိသည်ကား။ မသင့်ပေဟု။ နှလုံးပိုက်ပြီးလျှင်။ လွန်ခဲ့သောနေ့ရက်ကို။ ရေတွက်ပြီးခါ။ ပမာဒတရားကို။ နှိပ်စက်ပယ်ဖျောက်ခြင်းငှါ။ အရံစောင့်ငါးရာနှင့်လှူချေသည်။ ။ ဤ၌-အပ္ပမာဒတရားကို။ ဉာဏ်သွားရှေးရှု။ အလေးပြုလျက်။ ကြေးကြကိလေ။ ထွေဝေမိုက်မှား။ မေ့သည်များကို။ ဖြေအားထက်သံ။ ဝေဘန်ချိုးဖွဲ့။ ကဲ့ရဲပြစ်တင်။ အရှင်ပိလိန္ဒဝစ္ဆ။ ရဟန္တာအား။ ပန်ထွာမန်လျော့။ ကန်တော့လှူဒါန်းခြင်း။ တရားစုတည်း။

ဤသည်လျှင် အပ္ပမာဒတရားအခဏ်းပြီး၏။

၆၄ ~ 64

အရှင်မင်းမြတ်ရေမြေသေဌ်နင်း။ မင်းတို့သည်။ တရားဆုံးဖြတ်ရာလွှတ်ရုံးတော်တရားသဘင်၌။ နေရာသော အင္ဂကရဏာ။ နိသိဒနကိုဆိုခြင်းအကြောင်း။ သံတော်ဦးတင်လျှောက်ပါဦးအံ့။ ။

ဦးထိပ်၌သွန်းလောင်းအပ်သော အဘိသိက်ရှိသောမင်းသည်။ မချွတ်စင်စစ်။ လွှတ်ရုံးတော်တရားသဘင်၌။ နေရာသောအင္ဂကရဏာ။ နိသိဒနနှင့်ပြည့်စုံစေရာသည်။ ။ ထို့ကြောင့် သုတ္တနိပါတ်အဋ္ဌကထာ၌။ ။

✳ အဘိသိတ္တရညာနာမအဝဿံအင္ဂကရဏော။ နိသိဒိတဗ္ဗံ။ ။ ဟူ၍ဖွင့်ပြအပ်ပြီ။ ။ အဘိသိတ္တရညာနာမ။ မုဒ္ဓါဘိသိက်ဖြင့်ဦးထိပ်၌ သွန်းလောင်းခြင်းရှိသောမင်းမည်သည်။ အဝဿံ။ မချွတ်။ အင္ဂကရဏော။ တရားဆုံးဖြတ်ရာ ရွှေလွှတ်ရုံးတော်သဘင်၌။ နိသိဒိတဗ္ဗံ။ နေအပ်၏။ ဤကားယောဇနာ။ ။

ဤအဋ္ဌကထာပါဌ်၌။ အဘိသိတ္တရညာနာမဟူ၍ဆိုခြင်းကြောင့်။ ဦးထိပ်၌အဘိသိက်သွန်းအပ်သော မင်းတို့မှာ နေလိုလျှင် မနေရ။ မနေလိုလျှင်လည်းမနေရ။ ဟူသောအနက်ကိုသိအပ်၏။ မုဒ္ဓါဘိသိက်မခံဘဲ တရားလွှတ်ရုံးတော်သဘင်၌ မနေအပ်ဟူသောအနက်ကိုကား။ မဆိုအပ်မယူအပ်။ အမှန်အကန်တရားကို ဆုံးဖြတ်ခြင်းသည်ကား။ နတ်ပြည်သို့ရောက်ကြောင်း။ ကောင်းမြတ်သော ကုသိုလ်ကြီးတစ်ခုပင်တည်း။ ။ ထို့ကြောင့်မြတ်စွာဘုရား သခင်သည် ပသေနဒီကောသလမင်းအား။ "မဟာရာဇဓမ္မေနသမေနအင္ဂ ဝိနိစ္ဆယံနာမကုသလံ။ သဂ္ဂမ

ဂ္ဂေါသေ။” ။ ဟူ၍ ဟောတော်မူသည်။ မဟာရာဇ။ မင်းမြတ်။ ဓမ္မေန။ တရားနှင့်။ သမေန။ ညီသဖြင့်။ အဋ္ဌဝိနိစ္ဆယံနာမ။ တရားဆုံးဖြတ်ခြင်းမည်သည်ကား။ ကုသလံ။ ကုသိုလ်တည်း။ သေ။ ဤသို့တရားနှင့် ညီသဖြင့်။ တရားဆုံးဖြတ်ခြင်းသည်။ သဂ္ဂမဂ္ဂေါ။ နတ်ရွာခရီးတည်း။ ။ ဤကားအနက်။

ဤသို့ကုသိုလ်တရားဖြစ်၍။ ဦးထိပ်၌ အဘိသိက်သွန်းလောင်းခြင်းမရှိသော မင်းသည်လည်း။ တရားဆုံးဖြတ်ရာ။ ရွှေလွှတ်ရုံးတော်သဘင်၌။ နေသင့်သည်သာတည်း။ ။ ဦးထိပ်၌ အဘိသိက်သွန်းလောင်းကုန်သောမင်း တို့မှာမူကား။ (အဝသံနိသိဒိတဗ္ဗံ) ဟုဆိုခြင်းကြောင့်။ မချွတ်နေရမည်သာတည်း။ တတ်အားသည်ရှိခဲ့သော်။ နေ့တိုင်းနေ့တိုင်းပင်။ တရားဆုံးဖြတ်ရာ။ ရွှေလွှတ်တော်ရုံးသဘင်၌။ နေအပ်၏။ မတတ်အားသည်ရှိသော်။ ရံဘန်ရံခါနေအပ်၏။ ။ ပုဗ္ဗဝတီမည်သော။ ဗာရဏာသီပြည်၌။ ခဏ္ဍဟာလပုဏ္ဏား။ တံစိုးစား၍တရားကိုဆုံးဖြတ်ရာ။ နိုင်သင့်လျက် အရှုံးခံရသောသူက။ စန္ဒကုမာရမင်းသား၏ နန်းတော်သို့ဝင်ပြီးလျှင် ခြေတော်ဦးကို။ နဖူးဖြင့်ခိုက်ခါ။ ဝပ်လျှိုးရှိခိုးလျက်။ ကယ်မတော်မူပါဘုရားဟု တင်လျှောက်တောင်းပန်သဖြင့်။ စန္ဒကုမာရမင်းကား။ တရားသဖြင့်အမှန်အကန်။ ဆုံးဖြတ်တော်မူ၍။ ပြည်သူအလုံး။ ချိမ့်အုံးနဘံ။ ကြွက်ကြွက်ညံမျှ။ တော်သံမြင့်ဟီး။ လက်ခပ်တီးလျက်။ ကောင်းကြီးပေးကြသောအသံကို။ ခမည်းတော်မင်းကြီး။ ကြားလေသော်။ ယနေ့မှစ၍။ ငါ့သားစန္ဒကုမာရသည်။ ရွှေလွှတ်ရုံးတော်သို့။ တက်ပြီးလျှင်။ တရားဆုံဖြတ်ရမည်ဟု။ လာသည်ကိုဒင်း။ ဗာရာဏသီပြည်၌။ ကာလစစ်သူကြီးသည်။ ရှေးနည်းအတိုင်း။ တံစိုးစား၍။ တရားဆုံးဖြတ်ရာ။ နိုင်သင့်ပါလျက်။ အရှုံးခံရသောသူက။ ဓမ္မဓဇအမတ်၏။ နန်းသို့ဝင်ပြီးလျှင်။ ကယ်မတော်မူဘုရားဟု။ တောင်းပန်လျှောက်ထားသဖြင့်။ ဓမ္မဓဇအမတ်ကား။ တရားနှင့်အညီ။ အမှန်အကန်ဆုံးဖြတ်၍။ ပြည်သူအလုံး။ ချိမ့်အုံးဝဲချီး။ သံပြိုင်ဟီး၍။ ကောင်းကြီးပေးသံကို။ ပဿပါဏိမင်းကြီး။ ကြားတော်မူလတ်၍။ ယနေ့ကစပြီးလျှင်။ ဓမ္မဓဇသည်။ ရွှေလွှတ်ရုံးတော်သို့တက်ခါ။ တရားဆုံးဖြတ်ရမည်ဟု။ အပ်နှင်းသည်ဟု လာသည်ကိုဒင်း။ ထောက်က။ အချို့ရှေးရှေးမင်းတို့သည်။ ရံဘန်ရံခါ။ လွှတ်ရုံးတော်သို့တက်၍။ ကိုယ်တိုင်တရားဆုံးဖြတ်ကြ၏ဟု။ သိရသည်။ တရားဆုံးဖြတ်ရာ။ လွှတ်ရုံးတော်ကို။ သန္ဓာဂါရဟု ဆိုအပ်၏။ ။ ထို့ကြောင့်။ သမ္ဘဝ္ဓသုတ်အဋ္ဌကထာ၌။ ✳ ။ သန္ဓာဂါရန္တိရဇ္ဇံ အနုသာသနသာလာ၊ ဟူ၍ဖွင့်ပြအပ်ပြီ။ ။ သန္ဓာဂါရန္တိ။ သန္ဓာဂါရံ။ ဟူသည်ကား။ ရဇ္ဇံ။ တိုင်းနိုင်ငံသူလူအပေါင်းကို။ အနုသာသနသာလာ။ ဆုံးမစရာတန်ဆောင်းတည်း။ ။ ဤကား အနက်မှတ်ဘွယ်။

ထိုစကားသည်မှန်၏။ ရေမြေသေဠ်နင်း။ မင်းတို့သည်။ ထိုထိုအမှုကိစ္စကို။ လွှတ်ရုံးတော်၌နေ၍။ စီရင်အပ်၏။ စစ်ထွက်သောအခါ။ စသည်တို့၌။ ရေမြေသေဠ်နင်းမင်းတို့သည်။ ထိုလွှတ်ရုံး၌နေကုန်၍။ ဤမျှလောက်ကုန်သော ရဲမက်ဗိုလ်ပါတို့သည်။ ရှေ့မှသွားကုန်လော့။ ဤမျှလောက်ကုန်သော။ ရဲမက်ဗိုလ်ပါတို့သည်။ နောက်မှသွားကုန်လော့။ ဤမျှလောက်ကုန်သော ရဲမက်ဗိုလ်ပါတို့သည်။ နံပါးမှသွားကုန်လော့။ ဤမျှလောက်ကုန်သော ရဲမက်ဗိုလ်ပါတို့သည်။ ဆင်စီးကုန်လော့။ ဤမျှလောက်ကုန်သော။ ရဲမက်ဗိုလ်ပါတို့သည်။ မြင်းစီးကုန်လော့။ ဤမျှလောက်ကုန်သော။ ရဲမက်ဗိုလ်ပါတို့သည်။ ရထားစီးကုန်လော့။ ဤသို့အလုံးစုံကုန်သော။ ကိစ္စဟူသမျှတို့ကိုပြုကုန်၏။ အပိုင်းအခြားကိုထားကုန်၏။ ထိုကြောင့်- လွှတ်တော်ရုံးကို (သန္ထာဂါရ) ဟူ၍ဆိုအပ်၏။ စစ်မြေအရပ်မှ။ ပြန်လည်လာခဲ့သည်ရှိသော်။ အကြင်မျှလောက်။ နန်းတော်၌ရေသန့်စင်ခြင်း။ နွားချေးအင်္ဂတေတို့ဖြင့်။ အပြေအပြစ်ပြုခြင်း။ စသည်တို့ကိုပြု၍။ မပြီးသေး။ ထိုမျှလောက်။ နှစ်ရက်သုံးရက်ပတ်လုံး။ ရေမြေသေဠ်နင်း။ မင်းတို့သည်။ ထိုလွှတ်ရုံး၌နေကုန်၏။ ထို့ကြောင့်လည်း။ ထိုလွှတ်ရုံးတော်ကို။ သန္ထာဂါရဟူ၍။ ဆိုအပ်၏။ ဤသို့စသည်ဖြင့်။ သံယုတ္တနိကာယ်အဋ္ဌကထာ။ စသည်တို့၌လာသည်ကိုလည်း။ မှတ်သားထိုက်ပါကြောင်းဟု လျှောက်ထားလေသတည်း။

ဤကားရေမြေသေဠ်နင်းမင်းတို့၏ တရားဆုံးဖြတ်ရာ။ ရွှေလွှတ်ရုံးတော်သဘင်၌ နေရာသော။ အဋ္ဌကရဏနိဒနကို တင်လျှောက်သောအခဏ်းပြီး၏။

၆၅ ～ 65

ရေမြေသေဠ်နင်းမင်းတို့သည်။ အထူးသဖြင့်မေတ္တာတရားကို။ ပွားများထိုက်ကြောင်း။ သံတော်ဦးတင်ပါအံ့ဘုရား။ ။

ရေမြေသေဠ်နင်းမင်းတို့သည်။ အထူးသဖြင့်။ မေတ္တာတရားပွားများစေမှ။ မင်းစည်းစိမ်ကို။ ခံစားထိုက်သည်။ တိုင်းသားပြည်သူ။ လူရှင်ရဟန်းတို့သည်။ ငြိမ်းချမ်းသာယာလေသည်။ ရှေ့ဖြစ်လတံ့ကုန်သော။ ဘဝတို့၌လည်း။ လူမင်းနတ်မင်းတို့၏။ စည်းစိမ်ချမ်းသာကို။ ရခြင်း၏အကြောင်းဖြစ်သည်။—ထို့အတူရဟန်းတို့အားလည်း။ အထူးသဖြင့် မေတ္တာတရားကို။ ပွားများကြစေကုန်ရာသည်။ ရဟန်းတို့အား။ မေတ္တာတရားကိုပွားများစေမှ။ တိုင်းနိုင်ငံရှိ။ ပြည်သူလူတို့၏။ ပစ္စည်းလေးပါးကို။ သုံးဆောင်ထိုက်သည်။ မေတ္တာတရားကိုပွားများကုန်သော။ ရဟန်းတို့အား။ လှူရသည်ရှိသော်။ သောတာပန်ပုဂ္ဂိုလ်အား။ လှူရသည်နှင့်တူ၏။ အကျိုးကြီးမြတ်၏။ ဤသို့လျှင် မင်းနှင့်ရဟန်းတို့သည်။ အထူး

အားဖြင့် မေတ္တာတရားကို။ ပွားများအပ်ကုန်ရာ၏။ ဟူ၍-ဇကနိပါတ်အင်္ဂုတ္တိုရ်၌ ဟောတော်မူပါသည်ကိုလည်း။ နှလုံးမူအပ်သင့်ကြောင်းဘုရား။

မေတ္တာတရားကိုပွားများရာ၌ "ချမ်းသာစွာ အိပ်နိုးရခြင်း၊ ထိပ်လန့်ကြောက်ရွံ့ စိုးရိမ်ကင်းခြင်း။ မကောင်းသောအိပ်မက်ကို။ မမြင်မက်ခြင်း။ လူနတ်တို့ချစ်ခင်။ နှစ်သက်မြတ်နိုးခြင်း။ နတ်တို့စောင့်ရှောက်ကြည့်ရှုခြင်း။ အဆိပ်အတောက် လက်နက်။ မတွေ့မထိခြင်း။ မီးအင်္ဂမျိုး။ မတိုးမလောင်ခြင်း။ လျှင်မြန်စွာ။ သမာဓိကိုရခြင်း။ မျက်နှာပွင့်လမ်းခြင်း။ မတွေမဝေဘဲ။ သေရခြင်း။ သေ သောအခါ။ နတ်ရွာသုဂတိဘုံသို့။ လားရခြင်း။" ✳ ဤတစ်ဆယ့်တစ်ပါးသော။ အကျိုးအာနိသံသကို။ ခံစားရ၏ဟူ၍-ဧကဒသအင်္ဂုတ္တိုရ်၌။ ဟောတော်မူသည်ကို လည်း။ မှတ်ယူတော်မူဘုရား။ ။ မေတ္တာတရားကို။ ပွားများလေ့ရှိသောသူသည်။ ပံသုကူလိကရဟန်းနှင့်ငင်း။ ရေခပ်သောသူနှင့်ငင်း။ တူစေရာသည်။ ။ အဘယ်သို့ ပံသုကူလိကရဟန်းနှင့်။ တူစေရာသနည်းဟူမူကား။ ရန်သူပုဂ္ဂိုလ်တို့သည်။ ခရီး လမ်းနှင့်။ ဈေးပြင်ကမ်းနား။ သုသာန်အရပ်များ၌။ ပယ်ရှားစွန့်ပစ်အပ်သော။ ပုဆိုးပိုင်းနှင့်တူ၏။ ပံသုကူလိက ရဟန်းသည်။ လမ်းခရီးနှင့်။ ဈေးပြင်ကမ်းနား။ သုသာန်အရပ်များ၌။ ပယ်ရှားအပ်သော။ ပုဆိုးပိုင်း၌။ ဆွေးမြည့်သောအရပ်ကို။ မယူဘဲ။ ထူထဲသောအရပ်ကိုသာ။ ယူသကဲ့သို့။ ထို့အတူ။ ရန်သူပုဂ္ဂိုလ်တို့သည်။ မစင်ကြယ်သော။ ကိုယ်အမူအရာရှိ၍။ စင်ကြယ်သောနှုတ်အမူအရာရှိခဲ့အံ့။ ထို မစင်ကြယ်သော။ ကိုယ်အမူအရာကိုပယ်၍။ စင်ကြယ်သောနှုတ်အမူအရာကို သာ။ နှလုံးသွင်းလျက်။ မေတ္တာတရားကိုသာ။ ပွားများစေရာသည်။ ။ အဘယ် ကဲ့သို့လျှင်၊ ရေခပ်သောသူနှင့်။ တူစေရာသနည်းဟူမူကား။ - ရန်သူပုဂ္ဂိုလ်သည်။ မစင်ကြယ်သောနှုတ်အမူအရာရှိ၍။ စင်ကြယ်သောကိုယ်အမူအရာရှိခဲ့အံ့။ မှော်ရှိ သောရေ၌။ မှော်ကိုတွန်းပစ်ပယ်ရှား၍။ ရေကိုသာသုံးဆောင်သကဲ့သို့။ ထို့အတူ ရန်သူပုဂ္ဂိုလ်၏။ မစင်ကြယ်သောနှုတ်အမူအရာကို။ တွန်းပစ်ပယ်ရှား၍။ စင်ကြယ်သော ကိုယ်အမူအရာကိုသာ၊ နှလုံးသွင်းလျက် ရန်သူပုဂ္ဂိုလ်၌။ မေတ္တာ တရားကို ပွားများအပ်ရာသည်။ ။ အနည်းငယ်မျှ။ စင်ကြယ်သော ကိုယ် အမူအရာ။ နှုတ်အမူအရာ။ နှစ်ပါးစုံရှိသော ရန်သူပုဂ္ဂိုလ်မှာ။ နွားခြေရာခွက်၌။ ရှိသောရေကို။ သုံးဆောင်သော။ ရေမွတ်သိပ်သောယောကျ်ားကဲ့သို့။ ထို့အတူ အနည်းငယ်မျှ။ စင်ကြယ်သော ကိုယ်အမူအရာ။ နှုတ်အမူအရာရှိသော ရန်သူ ပုဂ္ဂိုလ်၌။ မေတ္တာတရားကို။ ပွားများအပ်ရာသည်။ ။ ကိုယ်အမူအရာ၊ နှုတ် အမူအရာ။ နှစ်ပါးစုံအလျင်းမစင်ကြယ်သော၊ ရန်သူပုဂ္ဂိုလ်၌ကား။ ခရီးသွား၊ အ။ နာထဖြစ်သော၊ ဂိလာနပုဂ္ဂိုလ်၌ကဲ့သို့ နှလုံးသွင်း၍၊ မေတ္တာတရားကို။ ပွားများရာ

သည်။ အဘယ်သို့ပွားများရာသနည်းဟူမူကား။ သံသရာဝဋ်သည်။ ခရီးနှင့်တူ၏။ ရှေ့မှရင်း။ နောက်မှရင်း။ ဝေးသောရွာသည်။ နိဗ္ဗာန်နှင့်တူ၏။ လျောက်ပတ်သော။ ဘောဇဉ်ကိုမရခြင်းသည်။ မဂ်ဖိုလ်ကိုမရသည်နှင့်တူ၏။ လျောက်ပတ်သော။ ဆေးကိုမမှီဝဲရခြင်းသည်။ သမထဝိပဿနာကို။ မရသည်နှင့်တူ၏၊ လျောက်ပတ်သော အပြုအစု၊ အလုပ်အကျွေးကို မရခြင်းသည်။ ဆရာမွန်သမားကောင်းကို။ မရသည်နှင့်တူ၏။ ပြုစုသိမ်းပိုက်မည့်သူ။ လူကြီးကိုမရခြင်းသည်။ ဘုရားပစ္စေကဗုဒ္ဓါ။ သာဝကတို့ကို။ မရသည်နှင့်တူ၏။ ။ ဤသို့လျှင်-ကိုယ်အမူအရာ၊ နှုတ်အမူအရာနှစ်ပါးစုံ၊ မစင်ကြယ်သော။ ရန်သူပုဂ္ဂိုလ်အား။ ခရီးသွား၊ အ၊ နာထ- ဖြစ်သော။ ဂီလာနပုဂ္ဂိုလ်အားကဲ့သို့။ သနားသဖြင့်၊ မုန်းခြင်းကိုမဖြစ်စေဘဲ။ မေတ္တာတရားကို။ ပွားများအပ်ရာသည်။ ။ ဤအရာ၌။ အကျဉ်းအားဖြင့်။ မှတ်သားရန်။ ဂါထာဖွဲ့စီ၍ ပြဦးအံ့။

အဝိသဋ္ဌေါပ္ပမာဒေါစ၊ အသာဟာဿိ ကတာဝိစ။ အငူကရနိသိဒနံ။ မေတ္တာတိ ပဥ္စဓါက္လမေ၊ ။

အဝိသဋ္ဌောစ၊ ဝီရိယကို မစွန့်ခြင်းငှင်း။ အပ္ပမာဒေါစ၊ မမေ့မလျော့ခြင်းငှင်း။ အသာဟာဿိ ကတာပိစ။ အဆောတလျင်ပြုခြင်း။ မရှိသည်၏ အဖြစ်ငှင်း။ အငူကရနိသိဒနဥ္စ။ တရားဆုံးဖြတ်ရာ၊ ရွှေလွှတ်တော်သဘင်၌။ နေခြင်းငှင်း။ မေတ္တာစ။ မေတ္တာတရားငှင်း။ က္လတိ၊ ဤသို့။ က္လမေ။ ဤမင်းတို့ကျင့်ရာ၊ ကေကတရားတို့သည်၊ ပဥ္စဓါ၊ ပဥ္စဝိဓါ-ငါးပါးအပြားရှိကုန်၏။

ဤကားမင်းတို့၏ ကျင့်ရာ ကေကတရားအစု
အခဏ်းပြီး၏။

၆၆ ～ 66

အသျှင်ကေရာဇ်မင်းမြတ်။ သောတတ်ထင်ထင်။ ရွှေနားဆင်တော်မူပါဘုရား။ ။ မင်းတို့၌ ပြည့်စုံရာဖြစ်သော၊ သတ္တိသုံးပါးကို။ တင်လျှောက်ပါဦးအံ့။ ။ မင်းတို့မည်သည်။ သတ္တိသုံးပါးနှင့်။ ပြည့်စုံစေရာသည်။ သတ္တိသုံးပါး ဟူသည်ကား။ ပဘာဝသတ္တိ။ ဥဿာဟာသတ္တိ။ မန္တသတ္တိအားဖြင့်။ သုံးပါးတည်း။ ။ ထိုသုံးပါးတို့တွင်။ ပဘာဝသတ္တိဟူသော်ကား။ အနီးအဝေး အစိမ်းအကျက်မရွေး။ ရာဇဒဏ်ပေးခြင်းသည်။ ပဘာဝသတ္တိမည်၏။ စပါးဆန်ရေ။ ရွှေငွေရတနာ၊ ဥစ္စာခမ်းနား

ကို။ အားထုတ်ဆည်းဘူးခြင်းသည်။ ဥဿာဟသတ္တိမည်၏။ ပညာရှိပုရောဟိတ်။ ဗေဒင်ဟူးရား။ ဆေးသမားများနှင့်။ အရေးအရာ။ အမှုအခွင့်အားလျော်စွာ။ တိုင်ပင်နှီးနှောခြင်းသည်။ မန္တသတ္တိမည်၏။ ။ ထိုသုံးပါးတို့တွင်။ မန္တသတ္တိ၌၊ အတိုင်အပင်ဟူသည်ကား။ မဂဓအဘိဓါန်ကျမ်းဆရာ အလိုအားဖြင့်။ တိုင်ပင်သူ သုံးယောက်။ နားခြေါက်တွင်းမျှသာ။ ကြားသင့်ရကား။ အလွန်အားဖြင့်။ ဆက္ကဏ္ဏ သာဖြစ်သင့်၏။" ထို့ကြောင့်။ ဥမင်္ဂဇာတ်၌ ပဉ္စာလရာဇ်မင်း။ ကေဝဋ္ဋပုဏ္ဏား၊ သာလိကာမ။ သုံးယောက်။ နားခြောက်တွင်းမျှသာ။ ဝိဒေဟရာဇ်မင်းကို။ လုပ်ကြံမည့်ဟု တိုင်ပင်ကြသော။ စကားကိုကြားသိရသည်။ နာမလိင်္ဂါနုသာသနီမည်သော။ သင်္ကရိုက် အဘိဓါန်။ ကျမ်းဆရာအလိုအားဖြင့်။ တိုင်ပင်သူနှစ်ယောက်။ နားလေးပေါက်မျှသာ။ ကြားသင့်ရကား။ အလွန်အားဖြင့်။ စတုက္ကဏ္ဏသာဖြစ်သင့်၏။"

ထို့ကြောင့်ဥမင်္ဂဇာတ်၌။ ပဉ္စာလရာဇ်မင်း။ ကေဝဋ္ဋပုဏ္ဏားနှစ်ယောက်သာ။ တိုင်ပင်ကြသည်။ သာလိကာမမှာ။ တိရစ္ဆာန်ဖြစ်၍။ ပမာဏမမူ။ လူ၌မရေမတွက်အပ်။ ဤသတ္တိသုံးပါးကား။ သုတ္တနိပါတ်အဋ္ဌကထာ။ မဂဓ အဘိဓါန်။ သကဋ္ဋအဘိဓါန်ကျမ်းတို့၌လာသည်။ ။ ဤကားရေမြေသေဌ်နင်းမင်းတို့၏ သတ္တိသုံးပါး။ ပဘာဝါဒီတိကတည်း။ ။

၆၇ ~ 67

သင်္ဂဟတရားလေးပါးအခဏ်း။

သူခပ်သိမ်းတို့ကျင့်ဆောင်ရာသော။ သင်္ဂဟတရား။ လေးပါးအကြောင်းကို။ သံတော်ဦးတင်လျှောက်ပါအံ့။ ။

သူခပ်သိမ်းတို့ကျင့်ဆောင်ရာသော။ သင်္ဂဟတရားလေးပါးကား။ ။ ဒါန။ ပိယဝါစာ။ အတ္ထစရိယ။ သမာနတ္တတာ။ ဟူ၍လေးပါးတည်း။ ။ ထိုလေးပါးတို့တွင်။ သူခပ်သိမ်းတို့အား။ ကုသိုလ်ကိုလို၍၎င်း။ တစုံတစ်ခုသော အကြောင်းကိစ္စကို။ ထောက်၍၎င်း။ ပေးကမ်းခြင်းသည်။ ဒါနမည်၏။ အမောင်ဦးရီးစသည်ဖြင့်။ သာယာချေင်စွာ။ ခေါ်ဝေါ်ပြောဆိုခြင်းသည်။ ပိယဝါစာမည်၏။ သူတပါးတို့၏ အကျိုးစီးပွားဖြစ်အောင်။ ကျင့်ဆောင်ခြင်းသည်။ အတ္ထစရိယ မည်၏။ ကိုယ်တူမှု တန်သောသူကို။ ကိုယ်တူမှုခြင်းသည်။ သမာနတ္တတာမည်၏၊ ဤသို့လျှင်၊ သူခပ်သိမ်းတို့၊ ကျင့်ဆောက်တည်ရာသော။ သင်္ဂဟတရား။ လေးပါးအပြားရှိသည်။ ။ ထို့ကြောင့် သိင်္ဂါလောဝါဒသုတ်။ စသည်တို့၌။... ...။ "ဒါနဉ္စပိယဝစ္စဉ္စ။ အတ္ထစ

ရိယာယလ္လဒ။ သမာနတ္တတာ ခမ္မေသု။ တတ္တ တတ္တယထာရဟံ။” ။ ဟူ၍ ဟော တော်မူသည်။ ။

ဒါနဥ္စ။ စွန့်ကြဲပေးကမ်း။ လှူဒါန်းခြင်းငှင်း။ ပီယဝစ္စဥ္စ။ အမောင်ဦးရီး၊ တသီး ညီထွေး။ ချိုတေင့်မော။ ပြောဆိုခြင်းငှင်း။ လ္လခ။ ဤလောကဍ္ဍ။ အတ္တစရိယာယ စ။ များစွာကွန့်ဖြိုး။ အကျိုးစီးပွားကိုကျင့်ဆောင်ခြင်းငှင်း။ တတ္တတတ္တခမ္မေသု။ ထိုထိုသို့သော အကြောင်းအကျိုးတို့၌။ ယထာရဟံ။ ထိုက်သည်အားလျော်စွာ။ သမာနတ္တတာစ။ ကိုယ်တူမှုခြင်းငှင်း။ လ္လတိ။ ဤသို့။ စတ္တာရိ။ လေးပါးကုန်သော သင်္ဂဟဝတ္ထုနိ။ သင်္ဂဟဝတ္ထုတို့သည်။ သိယုံ။ ဖြစ်ကုန်၏။ ။ ဤ သင်္ဂဟတရားလေးပါးကိုပင်။ မြတ်သောအကျင့်ဖြစ်သောကြောင့်၊ ဗြဟ္မစရိယ ဟူ၍လည်း။ ဆိုအပ်၏။ ။ ထို့ကြောင့်။ ဂါမဏိဇာတ်၌။ ။ “စတ္တာရိသင်္ဂဟဝတ္ထုနိ သေဋ္ဌစရိယတ္တာဗြဟ္မစရိယံနမေ။” ။ ဟူ၍မိန့်အပ်ပြီ။ ။ စတ္တာရိ။ လေးပါးကုန် သော သင်္ဂဟဝတ္ထုနိ။ သင်္ဂဟဝတ္ထုတို့သည်။ သေဋ္ဌစရိယတ္တာ။ မြတ်သော အကြောင်းဖြစ်သည်၏။ အဖြစ်ကြောင့်။ ဗြဟ္မစရိယံနာမ။ ဗြဟ္မစရိယမည်၏။ ။ ဤကားယောဇနာ။ ။

ဤသင်္ဂဟတရား။ လေးပါးကို၊ သူခပ်သိမ်းတို့။ ကျင့်ဆောက်တည်အပ်၏၊ ဟူ သော်လည်း။ အထူးအားဖြင့်၊ ရေမြေသေဋ္ဌနင်း။ မင်းတို့သည်။ ကျင့်ဆောက်တည် အပ်ကုန်၏။ ထိုအကြောင်းကိုကား။ ။ ✳ ဒါနာဒီဟိ စတူဟိသင်္ဂဟဝတ္ထုဟိဇနံရဉ္စေ တီတိရာဇာ။” ။ ဟူသောဥဒါန်းအဋ္ဌကထာ။ “ဒါနံပီယဝစနံ အတ္တစရိယ။ သမာ နတ္တတာတိက္လမေဟိစတူဟိ။ အတ္တနိ မဟာဇနံရဉ္စေတီတိပိရာဇာ။” ။ ဟူသောသ ဒ္ဒနီတိကျမ်းတို့၌။ လာသော ဝစနတ္ထကို။ ထောက်၍ သိရာ၏။ ။ ဤသင်္ဂဟဝတ္ထု လေးပါး။ တရားနှင့်ပြည့်စုံလျှင်။ ဤပစ္စက္ခ၌လည်း။ ကျေးဇူးသတင်း။ ကျော်စော ခြင်းသို့ရောက်၏။ ရေမြေသေဋ္ဌနင်းမင်းတို့၏။ အရောင်အဝါ။ အရှိန်အစော် လည်း။ တံခွန်သဘွယ်ဖြစ်၏။ နောင်တမလွန်လောကဍ္ဍ။ နူးညံ့သိမ်မွေ့သော။ လက်ခြေရှိခြင်း။ ရွှေငွေကွန်ရွက်နှင့်တူသော။ လက်ခြေရှိခြင်းဟူသော။ မဟာပုရိ သလက္ခဏာနှစ်ပါးနှင့် ပြည့်စုံ၏=ဟူ၍။ လက္ခဏသုတ်၌ဟောတော်မူသည်။ ဤ ကားသင်္ဂဟတရားလေးပါးတည်း။ ။

သင်္ဂဟတရားလေးပါး။ အခဏ်းပြီး၏။

၆၈ ~ 68

ရန်ကိုအောင်စေနိုင်သော။ တရားလေးပါး၏။ အကြောင်းကိုသံတော်ဦးတင် လျှောက်ပါအံ့ဘုရား။ ။

ရန်မာန်ကိုအောင်ကြောင်းတရား။ လေးအပြားရှိ၏။ လေးပါးဟူသော်ကား။ “သစ္စ-ဓမ္မ-ဓိတိ-စာဂ။” ။ ဟူ၍လေးပါးတည်း။ ထိုလေးပါးတို့တွင်။ သစ္စာဟူသည်ကား။ ဝစီသစ္စာတည်း၊ လာမည်ပြုမည်။ ဆိုတိုင်း။ လာသည်ပြုသည်ဟူလိုသည်။ ဓမ္မဟူသည်ကား။ စုံစမ်းဆင်ခြင်တတ်သော ပညာတည်း။ ဤသို့ပြုလျှင်။ ဤသို ဖြစ်လိမ့်မည်ဟု။ စုံစမ်းအင်ခြင်တတ်သော၊ ပညာဟူလိုသည်။ ဓိတိဟူသည်ကား။ အခါမပြတ်ဖြစ်သော။ ဝီရိယတည်း။ လူပျင်းလုလ္လ၊ တခဏဆိုဘိသကဲ့သို့။ ယော ကျ်ားပျင်းကြောခင်း၊ မိမ္မပျင်း ခြေဆင်းတခဏသာမဖြစ်မူ၍။ အခါမပြတ်ဖြစ် သော။ ဝီရိယဟူလိုသည်။ စာဂဟူသည်။ မိမိကိုယ်အသက်ကို။ စွန့်ခြင်းတည်း။ ဤလေးပါးသော တရားနှင့်။ ပြည့်စုံလျှင်။ ရန်သူတို့ကို၊ နိုင်နင်းနိုင်၏၊ ။ သည်ကို ရည်၍။ သံဝရပျို့၌။ ။ ဝီရိယနှင့်။ စာဂဟူသည်။ ရန်သူအောင်မှု။ ကြောင်းလေးခု ဟူ၍ငှင်း။ ။ သစ္စံဓမ္မော်။ ဓိတိကျော်သား။ စာဂေါ်ပါယ။ ငါ့ကိုမ၍။ အဘ စောင့်သည်။ ငါတို့ပြည်ကား။ လေးမည်နွယ်ရိုး။ ခြသေ့်မျိုးတွင်။ တန်ခိုးကြီးစွာ။ ကေသရာ၏။ နိဝါသန။ ရွှေဂူဝသို့။ ကြားကစသိ၊ ကြောက်ဘွယ်ရှိလျက်။ ဒိဋ္ဌိ အယူ၊ အဘယ်သူလျှင်။ ထီးဖြူဆောင်းခြင်း၊ ငါသည့်မင်းကို။ ။ ရန်တင်းမေး လေကောင်းအံ့နည်း။ ။ ဟူ၍စပ်ဆိုလေသည်၊ ၊ ဝီရိယနှင့် ဓိတိကား။ အနက် အထူးမရှိပြီ။ ။ (ငှင်းပျို့ကား-ထားဝယ်ရာဇဝင်တွင်ပါရှိသော။ အမတ်ကြီး လျှောက်စဉ်အခါ မပေါ်မရှိသော်လည်း။ ထိုအမတ်ကြီးလျှောက်တင်သော သင်္ခေပ။ ဝါကျအဓ္ဓဘာသိတ။ သည်။ အလွန်ဂမ္ဘီရဉာဏ်။ အမ္ဘုတလက္ခိတဗ္ဗဖြစ် ခြင်း။ အနာဂတကာလ၌။ ထိုအမတ်ကြီးထက်-ဆတက်ထောင်ရာ။ များစွာသော ပညာရှိပုဂ္ဂိုလ်တို့။ ဖွင့်ဆိုရေးသားသော ကျမ်းအများနှင့်။ တသားတထပ်တည်း။ လိမ့်လည်းချွတ်ချော်ခြင်းမရှိ။ တိမတ်ညီညွတ် မှတ်သားအပ်ရာ။ ကဝိလက္ခဏာ စကားတည်းဟု။ ခိုင်တည်မြဲမြန်စေခြင်း အကျိုးငှါ။ ထည့်သွင်းရေးသား လိုက်အပ် ပါသတည်း။) ။ ဤကားအမှာစကား။

ရန်အောင်ကြောင်း။ တရားအခဏ်းပြီး၏။

၆၉ ~ 69

ရေမြေသေဌ်နင်းမင်းတို့၏ အားငါးပါးကို တင်လျှောက်ပါဦးအံ့ဘုရား။

ရေမြေသေဌ်နင်းမင်းတို့၏။ အားကား။ ငါးပါးတည်း။ ငါးပါးဟူသော်ကား။ ဗာဟုဗလ။ ဘောဂဗလ။ အမစ္စဗလ။ အဘိဇစ္စဗလ။ ပညာဗလဟူ၍။ အားငါးပါးတည်း။ ။ ထိုငါးပါးတို့တွင်။ ဆင်ပြောင်ခြသေ့်။ ရင်ဆိုင်တွေ့လည်း၊ မရှေ့မဆုတ်။ ထိုးခုတ်ပြေးဝင်ခြင်းငှါ။ စွမ်းနိုင်ခြင်းသည်။ ဗာဟုဗလမည်၏။ ပစ္စည်းဥစ္စာ။ ဘဏ္ဍာပြည့်စုံ။ ကုံလုံခြင်းသည်။ ဘောဂဗလမည်၏။ ရဲရင့်တည်ကြည်သော။ မှူထမ်းရာထမ်း။ မှူးမတ်အပေါင်းနှင့်။ ပြည့်စုံခြင်းသည်။ အမစ္စဗလမည်၏။ ဘေးဘိုးအတိုင်းမပြတ်။ မင်းမျိုးမင်းနွယ်ဖြစ်ခြင်းသည်။ အဘိဇစ္စဗလမည်၏။ အမှုကိစ္စကြီးငယ်။ အလုံးစုံ၌။ ခွဲခြမ်းဝေဘန်နိုင်ခြင်းသည်။ ပညာဗလမည်၏။။ ဟူ၍။ စတ္တာလီသနိပါတ်၌လာသည်။ အဘိဇစ္စဗလ၌။ အကြင်ရေမြေသေဌ်နင်းမင်းတို့အား။ အဘမင်း။ ထိုအဘ၏ အဘကလည်းမင်း။ ထိုအဘ-အဘ၏ အဘကလည်း။ မင်းမျိုးမင်းနွယ်ဖြစ်၏။ ထိုရေမြေသေဌ်နင်းမင်းတို့သည်။ အဘိဇစ္စမည်ကုန်၏ဟု။ တေသကုဏဇာတ်မှာလာသည်။ ။ ၎င်းနည်းဖြင့်။ အမိအဘနှစ်ပါး။ မင်းမျိုးဖြစ်မူ။ ဥဘတောသုဇာတမည်ကုန်၏ ဟူ၍။ အင်္ဂုတ္တရအဋ္ဌကထာမှာလာသည်။ ။ ရေမြေသေဌ်နင်းမင်းတို့အား။ အမိမျိုး။ အဘမျိုးနှစ်ပါးတို့တွင်။ အဘမျိုးသာ။ ပမာဏဖြစ်၏ဟု။ ဟောတော်မူကြောင်းကို။ ဒွါဒသနိပါတ်။ ဇာတ်အဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာတို့၌ဆိုသည်။ ထိုငါးပါးတို့တွင်။ ဗာဟုဗလသည်။ ကြွင်းကုန်သော။ ဗလလေးပါးတို့အောက်ယုတ်၏။ ဒေဝဒတ်အလောင်း။ ကစာရဆင်ကို။ ဗီလုံးငှက်မငယ်သည်၊ ပညာဗလဖြင့်။ လွှမ်းမိုး၍ သတ်ဘူးသည်ကို။ ထောက်ရာ၏။ ဘောဂဗလသည်။ ဗာဟုဗလထက်။ အားကြီး၏။ အမစ္စဗလသည်။ ဗာဟုဗလ။ ဘောဂဗလတို့ထက်။ အားကြီး၏။ အဘိဇစ္စဗလသည်။ ဗာဟုဗလ။ ဘောဂဗလတို့ထက်။ အားကြီး၏။ ပညာဗလသည်။ ကြွင်းသုံးပါးတို့ထက်။ အားကြီးကြောင်းကို။ တေသကုဏဇာတ်၌ဆိုသည်။ ။ ဤသို့သဗ္ဗညုတ။ ဉာဏခေါင်ဖျား။ ဘုရားသျှင်၏ ဘာသိတ။ ဇာတကစု။ ဝတ္ထုသက်သေတို့ကိုလည်း။ စေ့ရေပိုက်ကျုံး။ နှလုံးဉာဏ်မြတ်။ မှတ်ယူတော်မူဘုရား။ ။ ဤကားရေမြေသေဌ်နင်းမင်းတို့၏ အားငါးပါးတည်း။

သူခပ်သိမ်းတို့၏ အားငါးပါးကို။ သံတော်ဦးတင်လျှောက်ပါအံ့။ ။ ရေမြေသေဌ်

နင်း။ မင်းမှစ၍။ ပညာရှိသူလူအပေါင်းတို့၏။ အားငါးပါးကား။ ။ သဒ္ဓါဗလ၊ သတိဗလ။ သမာဓိဗလ။ ပညာဗဗလ။ ဟီရိဗလ။ ဩတ္တပ္ပဗလ။ ။ ဟူ၍ ငါးပါးတည်း။ ထိုငါးပါးတို့၏။ သရုပ်သဘာဝတ္တာဓမ္မကို။ သိလွယ်ပြီးဖြစ်သောကြောင့်။ အကျယ်တဝင့်။ ဖွင့်ပြရန် မလိုတော့ပါဘုရားဟု။ လျှောက်ထားသံတော်ဦးတင်လေ၏။ ။

ဤသည်လျှင် အားငါးပါးကိုတင်လျှောက်ခဏ်းပြီး၏

၇၀ ∼ 70

ရန်ကိုအောင်ကြောင်း။ ငါးပါးကိုလည်း။ သံတော်ဦးတင်ပါအံ့ဘုရား။ ။ ရန်အောင်ကြောင်းငါးပါးအပြားရှိ၏။ ငါးပါးဟူသည်။ ။ ဇပ္ပ။ မန္တ။ သုဘာသိတ။ ပဝေဏီ။ အနုပ္ပဒါန။ ဟူ၍ ငါးပါးတည်း။ ထိုငါးပါးတို့တွင်။ ဂါထာ မန္တရား။ စီရင်ခြင်းသည်။ ဇပ္ပမည်၏။ ဆွေးနွေးတိုင်ပင်ခြင်းသည်။ မန္တမည်၏။ အသာအယာပြောဆိုခြင်းသည်။ သုဘာသိတမည်၏။ ထုံးစံအစဉ်အဆက်ကို ပြည့်ဝန်ခြင်းသည်။ ပဝေဏီမည်၏။ တံစိုးလက်ဆောင်။ ပေးကမ်းခြင်းသည်။ အနုပ္ပဒါနမည်၏။

ဤသို့လျှင် ရန်အောင်ကြောင်းငါးပါးဖြစ်ပါသည်ဘုရား။

၇၁ ∼ 71

မင်းတို့၏နာယကဂုဏ်ခြောက်ပါးကိုလည်း။ သံတော်ဦးတင်ပါအံ့။ ။ ဆက္ကဥ္စကား။ ရေမြေသေဠ္ဌနင်း။ မင်းတို့၏ နာယကဂုဏ်ကား။ ခြောက်ပါးတည်း။ ခြောက်ပါးဟူသော်ကား။ ။ ခမာ။ ဇာဂရိယ။ ဥဋ္ဌါန။ သံဝိဘာဂ။ ဒယာ။ ဣက္ခဏာ။ ဟူ၍ ခြောက်ပါးတည်း။ ။ ထိုခြောက်ပါးတို့တွင်။ မြေကြီးကဲ့သို့သည်းခံခြင်းသည်။ ခမာမည်၏။ တည၌သုံးကြိမ်။ နိုးကြားခြင်းသည်။ ဇာဂရိယမည်၏။ ခြသေ့မင်းနှင့်အတူ။ ထကြွလုလ္လခြင်းသည်။ ဥဋ္ဌါနမည်၏။ ဝေဘန်ခွဲခြမ်းခြင်းသည်။ သံဝိဘာဂမည်၏။ သနားချစ်ခင်။ ကြင်နာစုံမက်ခြင်းသည်။ ဒယာမည်၏။ အမှားအယွင်းမရှိရအောင်။ ပညာရှိတို့ကို။ ဆွေးနွေးမေးမြန်းခြင်းသည်။ ဣက္ခဏာမည်၏။ ။ ဤကားနာယကဂုဏ်ခြောက်ပါး မှတ်သားဘွယ်ပါဘုရား။ ။

၇၂ ∼ 72

ရာဇဂုဏ်ခြောက်ပါးအခဏ်း။

ရေမြေသေဠ္ဌနင်းမင်းတို့၏။ ရာဇဂုဏ်ခြောက်ပါးကို။ သံတော်ဦးတင်ပါအံ့။

ရေမြေသေဠ္ဌနင်းမင်းတို့၏။ ဂုဏ်ကားခြောက်ပါးတည်း။ ။ ခြောက်ပါး

ဟူသည်ကား။ သန္ဓိ။ ဝိဂ္ဂဟ။ ယာန။ အာသန။ ဒွေဓါ။ အာသယ။ ဟူ၍ခြောက်ပါး ပါဘုရား။ ။ ထိုခြောက်ပါးတို့တွင်။ သန္ဓိဟူသည်ကား။ ကျေးဇူးပြုခြင်း။ ဆောင ခြင်း။ လက္ခဏာရှိ၏။ ထိုသန္ဓိသည်။ ဥစ္စာဘဏ္ဍာကိုပေး၍။ကျေးဇူးပြုခြင်း။ ကောသပဒါန။ဒဏ်ပေး၍ ကျေးဇူးပြုခြင်း။ ဒဏ္ဍပဒါန။ လယ်ယာမိုးမြေကိုပေး၍။ ကျေးဇူးပြုခြင်း။ ဘူမိပဒါန။ အားဖြင့်သုံးပါးအပြားရှိ၏။ ဝိဂ္ဂဟ-ဟူသည်ကား။ ပယ်ခြင်းလက္ခဏာရှိ၏။ ထင်ရှားစွာစစ်ထိုးခြင်း။ ပကာသယုဒ္ဓ။ စဉ်းလဲ လျှို့ဝှက်၍။ စစ်ထိုးခြင်း။ ကုဋ္ဌယုဒ္ဓ။ တိတ်တဆိတ်စစ်ထိုးခြင်း။ တုဏှီယုဒ္ဓ အားဖြင့်။ သုံးပါးအပြားရှိ၏။ ယာနဟူသည်ကား။ စစ်ထွက်ခြင်းတည်း။ ထိုယာ နသည်။ နှိဂ်နင်းလို၍။ စစ်ထွက်ခြင်း၊ ဝိဂ္ဂယှယာန။ မိမိအစွမ်းအားကို။ ယုံကြည်၍ စစ်ထွက်ခြင်း။ သဒ္ဓါယယာန။ အလိုတူတိုင်းစပ်မင်းတို့နှင့်။ ပေါင်း၍ စစ်ထွက် ခြင်း။ သမ္ဘူယယာန။ အရပ်တပါးသို့။ စစ်ထွက်ဟန်ပြု၍။ အရပ်တပါးသို့ စစ်ထွက် ခြင်း။ ပသင်္ကယာန။ အချိန်အခါစသည်ကို။ စုံစမ်းဆင်ခြင်၍။ စစ်ထွက်ခြင်း။ ဥပေ က္ခိယယာန။ အားဖြင့်ငါးပါးအပြားရှိ၏။ အာသနဟူသည်ကား။ ခဲယဉ်းကုန်သော။ မြို့ရိုးကျုံးမြောင်း စသည်ကို။ ထပ်မံပြုပြင်၍။ အဖြီအခိုင်နေခြင်းတည်း။ ထိုအာ သနသည်လည်း။ နှိဂ်နင်းလို၍။ အဖြိုးအခိုင်နေခြင်း။ ဝိဂ္ဂယှယာန။ မိမိ၏။ အား အစွမ်းကို။ ယုံကြည်သဖြင့်။ အဖြိုးအခိုင်နေခြင်း။ သဒ္ဓါယာသန။ အလိုတူတိုင်းစပ် မင်းတို့နှင့်။ လက်နက်ဗိုလ်ပါထောက်ပန့်။ ရောနှောပေါင်းပူး၍။ အဖြိုးအခိုင်နေ ခြင်း သမ္ဘူယာသန။ အရပ်တပါး၌။ နေဟန်ပြု၍။ အရပ်တပါး၌။ အဖြိုးအခိုင်နေ ခြင်း။ ပသင်္ကာသန။ အချိန်အခါစသည်ကို။ စုံစမ်းဆင်ခြင်၍။ အဖြိုးအခိုင်နေခြင်း။ ဥပေက္ခိယာသနအားဖြင့်။ ငါးပါးအပြားရှိ၏။ ဒွေဓါ-ဟူသည်ကား။ သူတပါးတို့စစ် ကို။ ကွဲပြားစေခြင်းတည်း။ အာသယဟူသည်ကား။ ရန်သူမင်းအား။ ဥစ္စာစသည် ကိုပေးသဖြင့်။ ငြိမ်ဝပ်စွာနေခြင်းတည်း။ အကြင်ရာဇဂုဏ်ခြောက်ပါး၌။ တည် ကုန်သောမင်းတို့သည်။ မိမိအားလည်း။ ထိုရှစ်ပါးသော။ ဝဂ္ဂိကမ္မကိုဖြစ်စေနိုင် ကုန်၏။ သူတပါးအားလည်း။ ထိုရှစ်ပါးသော ဝဂ္ဂကမ္မကို။ ဖြစ်စေနိုင်ကုန်ရာ၏။ အဘိဓါန်ဋီကာများ၌လာသည့်။ ရှစ်ပါးသော ဝဂ္ဂကမ္မဟူသည်ကား။ ကသိ။ လယ်လုပ်ခြင်းတပါး။ ဝါဏိ။ ကုန်သွယ်ခြင်းတပါး။ ပထ။ မင်းလမ်းအိမ်ဈေး။ ခရီး။ ဒုဂ္ဂ။ ခဲယဉ်းသော မြို့ကျုံးမြောင်း။ သေတု။ နင်းကြမ်းတံတား။ ကုဥ္စရဗန္ဓန။ ဆင် ကြိုးဆင်ချည်တိုင်တွင်းတူး၍။ ရွှေငွေစသည်ကိုယူခြင်း။ ပုညာနံနိသေဝန။ ဘုန်းရှိ ကုန်သောသူတို့၏ နေရာအိမ်။ ဤသည်ကား။ ရှစ်ပါးသောဝဂ္ဂကမ္မတည်း။ ။ ဤ ကားမင်းတို့၏ ရာဇဂုဏ် ၆ ပါးတည်း။ ။

ဤအရာ၌။ အကျဉ်းအားဖြင့် မှတ်သားရန်။ ဂါထာဗန္ဓဖွဲ့စီ၍ ပြဦးအံ့။ ။

"ဆနာယကဂုဏာစေဝ။ ရာဇဂုဏာဆက္ကာဒွိဓါ။ ပဏ္ဍိတေဟိဝိဇါနိယာ။ ဗာဟုသစ္စေဟိအတ္တတော။" ။ — ။ဆ။ ခြောက်ပါးကုန်သော။ နာယကဂုဏာစေဝ။ အရှင်စိုးမင်းဦးစီးခြင်းနှင့်။ အသင်းခေါင်းဆောင်။ ဂုဏ်ရောင်ကြွယ်ဟီး။ လူကြီးဥက္ကဌ။ အစရှိကုန်သောသူတို့၏။ ဂုဏ်တို့သည်၎င်း။ ဆ။ ခြောက်ပါးကုန်သော။ ရာဇဂုဏာစေဝ။ အရှင်စိုးမင်းတို့၏။ ဂုဏ်တို့၎င်း။ ဣတိ။ ဤသို့။ ဒွိဓါ။ နှစ်ပါးအပြားအားဖြင့်။ ဆက္ကာ။ ဆက္ကတို့ကို။ ဗာဟုသစ္စေဟိ။ များသောအကြားအမြင်ရှိကုန်သော။ ပဏ္ဍိတေဟိ။ ပညာရှိတို့သည်။ အတ္တတော။ သဘောအားဖြင့်။ ဝိဇာနိယာ။ သိအပ်ကုန်၏။ ။ ဤကားအနက်။

ဤသည်လျှင် ရေမြေသေဋ္ဌနင်းမင်းတို့၏ ကျင့်ရာဖြစ်
သော ဆက္ကတရား အစု အပိုင်းပြီး၏။

၇၃ ~ 73

အပရိယာနိယ တရားအခဏ်း။

မင်းတို့ကျင့်ရာ။ အပရိဟာနိယ တရားခုနစ်ပါး အကြောင်းကိုလျှောက်ထားသံတော်ဦးတင်ပါအံ့။ ။

သတ္တကဥ္။ မင်းတို့ကျင့်ရာသော၊ အပရိဟာနိယ တရားခုနစ်ပါးတည်း။ ခုနစ်ပါးဟူသော်ကား - သန္နိပါတ။ သမဂ္ဂ။ ပညတ္တိပဋ္ဌိဇ္ဇနှ။ သုဝစ။ အပသယှ။ ဗလိ။ ဂုတ္တိဟူ၍ ခုနစ်ပါးတည်း။ ။ ထိုခုနစ်ပါးတို့တွင်။ တနေ့သုံးခါ ညီလာခံ၍။ မပြတ်စည်းဝေးလေ့ရှိခြင်းသည်။ သန္နိပါတမည်၏။ အမှုအရေးအရာရှိသောအခါ။ ညီညာစည်းကြပ်။ အကပ်အခိုမရှိ။ ရွက်ဆောင်ခြင်းသည်။ သမဂ္ဂမည်၏။ ရှေးပညတ်ကိုမပျက်စေဘဲ။ ကျင့်ဆောက်တည်ခြင်းသည်။ ပညတ္တိ ပဋ္ဌိပဇ္ဇိနမည်၏။ ပညာဂုဏ်ကြီးမြတ်ကုန်သော။ သူတို့ဆိုဆုံးမရာကို။ ရိုသေစွာနာခံမှတ်ယူခြင်းသည်။ သုဝစမည်၏။ သားပျို၊ သမီးပျို။ အိမ်ရှင်ရှိမိန်းမတို့ကို။ မသိမ်းမယူခြင်း။ အပသယှမည်၏။ အတွင်းအပ။ မြို့ပြပြည်ရွာကို။ စောင့်သောနတ်တို့အား။ ပသပူဇော်ခြင်းသည်။ ဗလိမည်၏။ လာပြီးသော ရသေ့ရဟန်းတို့ကို။ မွေ့လျော်အောင်။ မလာသေးသော။ ရသေ့ရဟန်းတို့ကိုလာအောင်။ တရားသဖြင့် ချီးမြှောက်။ စောင့်ရှောက်ခြင်းသည်၊ ဂုတ္တိမည်၏။ ။ ထိုကြောင့် မြတ်စွာဘုရားသခင်သည်။ ။

"သန္နိပါတောသမဂ္ဂေါစ။ ပညတ္တိပဋ္ဌိပဇ္ဇနံ။ သုဝစောအပသယှောစ။ ဗလိဂုတ္တိစသတ္တိမေ။" ။ ဟူ၍ ဟောတော်မူသည်။

သန္နိပါတောစ။ မလျော့။ မမေ့။ တနေ့သုံးခါ။ စည်းဝေးခြင်းငှင်း။ သမဂ္ဂေါစ။ ညီညွတ်ခြင်းငှင်း။ ပညတ္တိပဋိပဇ္ဇနဋ္ဌ။ ရှေးရှေးမင်းတို့ပညတ်တိုင်း။ ကျင့်ခြင်းငှင်း။ သုဝစောစ။ ပညာဂုဏ်ကြီးသောသူတို့၏။ ဆုံးမရာကို။ လိုက်နာခံယူလွယ်ခြင်းငှင်း။ အပသယောစ။ အမျိုးသမီးတို့ကို။ အနိုင်အပိုင်။ မသိမ်းမယူခြင်းငှင်း။ ဗလိစ။ ထုံးစံအတိုင်း။ မြို့တွင်းမြို့ပနတ်တို့ကို။ ပသပူဇော်ခြင်းငှင်း၊ ဂုတ္တိစ။ ရသေ့ရဟန်း။ သူတော်သူမြတ်တို့ကို။ စောင့်ရှောက်ခြင်းငှင်း။ ဣမေသတ္တ။ ဤခုနစ်ပါးတို့တည်း။ ။ ဤကားအနက်။ ။

ထို့ကြောင့်မင်းညီမင်းသား။ မှူးမတ်။ ကလံသံပျင်တို့နှင့်။ တနေ့သုံးကြိမ်စည်းဝေးစေရာသည်၊ ညီလာခံရာသည်။ ထိုမှတပါး။ တစုံတခု အမှုကိစ္စရှိခဲ့သော်။ အကြားအကြား၌ စည်းဝေးစေရာသည်။ ထိုသို့မပြတ်ညီလာခံ၍။ စည်းဝေးစေမှ။ အရပ်လေးမျက်နှာမှ။ ရောက်လာသောစကားကို။ ကြားရသည် ထိုသို့ကြားရမှ။ ဤမည်သောမြို့ရွာနိဂုံးတို့၌။ နယ်နိမိတ်အပိုင်းအခြား။ ယိုယွင်း၏ ဘေးရန်ဖြစ်၏။ ဤမည်သောအရပ်၌၊ သူခိုးထားပြ။ သောင်းကြမ်းထကြ၏။ ဤသို့စသော။ အကြောင်းအရာများကိုသိရ၏၊ မကြားသော်မသိရ။ ထိုသို့သိရမှသာလျှင်။ အသင့်အတင့်။ ခန့်ထားစီရင်သဖြင့်။ ဤမည်သောမင်းကား။ မမေ့မလျော့နေသည်ဟု။ အမှတ်ရှိ၍ မြို့ရွာနိဂုံးစသည်များ၌။ နယ်နိမိတ်အပိုင်း အခြား။ မပျက်မယွင်းခြင်း။ ဘေးရန်ကင်းခြင်း။ ခိုးသူထားပြမထခြင်း။ အစရှိကုန်သော။ အကျိုးတို့သည် ပြီးစီးကုန်၏။ ထိုသို့စီးပွားချမ်းသာ။ မဆုတ်မယုတ် တိုးပွားရသောကြောင့်။ မပြတ်ညီလာခံခြင်း။ စည်းဝေးခြင်း သန္နိပါတသည်။ အပရိဟာနိယမည်၏။ ။ ရှေးရှေးမင်းတို့လက်ထက်၌။ ညီလာခံချိန်အခါ။ ဗေဟီစည်ကြီးကို။ ရိုက်တီးဆော်ယွမ်းကြောင်းကို - သုတ်မဟာဝါအဋ္ဌကထာ - အင်္ဂုတ္တရသုတ္တနိပါတ်အဋ္ဌကထာများ၌ဆိုသည်။ ။ ယခုကာလ ဗဟိုစည်ကိုအမှတ်ပြု၍။ ညီလာဝင်ကြသောကြောင့်။ ရှေးထုံး မပျက်ဟုယူရာ၏။ ။ တစုံတခုအမှုကိစ္စရှိခဲ့၍။ စည်းဝေးချိန်ရောက်လတ်သော်၊ ယနေ့ငါ့မှာ ဤမည်သောအမှုရှိ၏ဟူ၍။ အခြားအမှုကို။ ရိုးမယ်မဖွဲ့ဘဲ။ ထမင်းစားဆဲ၊ ဝတ်စားတန်ဆာဆင်ယင်ဆဲပင်၊ ဖြစ်လင့်ကစား။ စားပြီးမိသမျှနှင့်ပင်။ အချိန်ရောက်လျှင်။ တညီတညွတ်စည်းဝေးလာ၏။ ထသောအခါလည်း၊ မဦးမချွတ် မရှေးမနှောင်း။ တညီတညွတ်ထရာ၏။ ပြည်ရေးရွာမှု ရှိသောအခါ။ ငါရှေ့သွားမည်။ ငါရှေ့ဆောင်မည်ဟု။ သူ့ထက်ငါအညီအညာထရာ၏။ တဦးသောသူအား။ အမှုရှိခဲ့သော်။ မည်သူပြုလတံ့ဟု။ အချားသူကမတွက်မကပ်ဘဲ။ ညီညာထကြွဆောင်ရွက်ရာ၏။ ထိုသို့တညီတညွတ် စည်းဝေး၍။ တညီတညွတ်ထကြွပေါ့ပါးလျှင်။ အစအလယ်အဆုံး။ အမှုအားလုံးကို

အကုန်အစင်ကြားသိရ၍၊ နှလုံးကွဲပြားခြင်းမဖြစ်။ ထိုသို့မကြားမရမူကား။ အလျှင်နေလင့်ကုန်သောသူတို့သည်။ အခြားစကားကို။ ပြောနှင့်ကြားနိုးလျက်။ နောက်မှထကုန်သောသူတို့သည်။ အခြားစကားကိုပြောနှင့် ကြားနိုးလျက်။ နှလုံးကွဲပြားခြင်းဖြစ်လေရာ၏။ ထိုသို့နှလုံးကွဲပြားသော်။ ဝေသာလီပြည်။ ဝဿကာရပုဏ္ဏားဖျက်ဆီးသောအားဖြင့်။ လိစ္ဆဝီမင်းသားတို့။ ကွဲပြားလေသကဲ့သို့။ နှလုံးကွဲပြား၍။ မညီမညွတ်ဖြစ်တတ်လေသည်။ ပြည်ရေးရွာမှု။ ဥပါဒ်ဘေးရန်ရှိသောအခါ။ သူ့ထက်ငါညီညာထကြွမှလည်း။ မဖြစ်သေးသောဘေးရန်တို့။ မရော့မဖြစ်နိုင်။ ဖြစ်ပြီးသောဘေးရန်လည်း။ မပွားမစီး။ မီးကိုရေနိုင်သကဲ့သို့။ ငြိမ်းဧစေနိုင်ရာသည်။ တဦးသောသူ၌ အမှုရှိသောအခါ။ ညီညာဆောင်ရွက်ကလည်း။ မပြီးနိုင်သောအမှုအခင်းမည်သည် မရှိရာ။ ရည်ရွယ်တိုင်းပြီးစီးလေရာသတည်း။ ထိုသို့ ညီညွတ်သဖြင့်၊ အမှုအခင်းပြီး၍။ စီးပွားချမ်းသာမဆုတ်မယုတ်တိုးပွားကြီးမြင့်၊ လေရာသည်။ ဖြစ်သောကြောင့်။ ညီညွတ်ခြင်းသမဂ္ဂသည် အပရိဟာနိယမည်၏။ “ရှေးရှေးပညာရှိကုန်သော၊ မင်းတို့ပညတ်ခဲ့အပ်သော။ ဆယ်ဖို့တဘို့။ အတုတ်အခွန်၊ လျော်ဒဏ်တို့ကို၊ ကောက်ခံသိမ်းယူခြင်း စသည်ကို၊ မနှုတ်မပယ်မူ၍။ ပညတ်ခဲ့တိုင်းသာ။ ကျင့်ဆောင်ရာ၏။ ထိုသို့ပညတ်ခဲ့သည်ထက်။ သာလွန်ပိုမို၍ကောက်ခံသိမ်းယူချေသော်။ အတုတ်အခွန်လျော်ဒဏ် အစီအရင်ဖြင့်။ နှိပ်စက်ကုန်ရကား။ ပြည်သူတိုင်းသားတို့သည်။ ပစ္စန္တရစ် အစွန်အနားသို့၊ ပြေးသွားပုန်းအောင်းခြင်း၊ သူခိုးထားပြတို့နှင့်။ အဘော်သဟဲပြု၍။ ပြည်ရွာကို ဖျက်ဆီးခြင်း။ စသည်တို့ဖြင့်။ မငြိမ်မဝပ်ရှိလေရာ၏။ ပညတ်ခဲ့အပ်သောနည်းအတိုင်း။ အောက်ယုတ်လျော့၍။ အတုတ်အခွန် လျော်ဒဏ်ကို ကောက်ခံ သိမ်းယူခြင်းသည်။ ရှေးပညတ်ကိုနှုတ်ပယ်သည်မည်၏။ ထိုသို့ နှုတ်ပယ်ချေသည်ရှိသော်။ ရပြီးအတုတ်အခွန်ကို။ မရသောကြောင့်။ ရွှေတိုက်ငွေတိုက်။ ကျီကျဘဏ္ဍာ။ မပြည့်မစုံသည်ဖြစ်၍။ မောင်းမမိဿံ။ စစ်သည်ဗိုလ်ပါဆင်လုံးမြင်းရင်းတို့အား။ ရိက္ခာဖြင့်မထောက်ပန့်နိုင်ရကား။ စစ်ထွက်ခြင်း။ အမှုကြီးငယ်ရွက်ဆောင်ခြင်း။ မပြီးလေရာ။ ဤသို့လျှင်။ ရှေးရှေးပညာရှိမင်းတို့ ပညတ်ခဲ့သည်က။ သာလွန်ပြန်လျှင်။ အပြစ်မကင်း။ ယုတ်လျော့လျှင်။ အကျိုးမပြီး။ အပြစ်မကင်းရကား။ ။ မသာမလွန်-မယုတ်မလျော့စေမူ၍။ ရှေးရှေးပညာရှိမင်းတို့။ ပညတ်ခဲ့သည့်အတိုင်းသာ။ တည်စေခြင်း။ အသစ်ပြု၍။ မပညတ်ဘဲကျင့်ခြင်းသည်။ ပညတ္တိပဋိပဇ္ဇနဖြစ်၍။ စီးပွားချမ်းသာ။ မဆုတ်မယုတ် တိုးပွားရာသောကြောင့်။ အပရိဟာနိယ မည်၏။

ဤအရာ၌ ရှေးပညတ်ကို။ မလွန်စေရာဟူ၍။ ဆိုသောစကားမှာ။ မင်းခမ်းမင်းနား။ အသုံးအဆောင်များကိုသာ ယူရမည်။ ကုသိုလ်ကောင်းမှုနှင့်။

စပ်သောအရာများ၌။ တတ်အားသမျှပြုသော်။ သင့်မြတ်တော့သည်သာတည်း။ ဤအရာတွင်။ ရှေးရှေးပညာရှိမင်းတို့လက်ထက်။ ခိုးသူဟူ၍ပင်။ ဆက်လာသော်လည်း။ မစီရင်တည့်ဦးဘဲ။ စစ်ဆေးမေးမြန်းသောအခါ၌။ ဖြောင့်မတ်တည်ကြည်ကုန်သော။ အမတ်ကြီးတို့အား။ အပ်နှင်း၍။ မဟုတ်လျှင်လွတ်စေသည်။ ဟုတ်စနိုးခဲ့လျှင်။ တစုံတခုမဆိုမူ၍။ တရားဆုံးဖြတ်တတ်ကုန်သောအမတ်ကြီးအား။ အပ်ပြန်ရသည်။ ထိုအမတ်ကြီးတို့လည်း။ မဟုတ်လျှင်လွတ်စေ၍။ ဟုတ်စနိုးခဲ့လျှင်။ အတွင်းအမှုဆောင်။ အမတ်တို့အား။ အပ်ရသည်။ ဤကဲ့သို့အဆင့်ဆင့်။ ဂတိလေးပါးသို့။ မလားတတ်ကုန်သော။ အမျိုးအရိုး။ အစဉ်အဆက်အားဖြင့်။ စစ်ဆေးမေးမြန်းသောအရာ၌။ တည်ကုန်သော။ ရှစ်ယောက်ကုန်သော၊ အမတ်တို့အားငင်း။ အိမ်ရှေ့မင်းအားငင်း။ အပ်ပြန်၍။ စစ်ဆေးမေးမြန်းပြီးမှ။ မဟုတ်လျှင်လွှတ်၍။ ဟုတ်စနိုးလျှင်။ မင်းကေရာဇ်အား။ ဆက်ရသည်။ မင်းကေရာဇ်လည်း။ စီစစ်ပြီးမှ။ မဟုတ်လျှင် လွှတ်၍။ ဟုတ်စနိုးလျှင်။ ပဝေဏီထုံးစာတမ်းကိုဘတ်ရွတ်စေ၍။ အကြင်သူသည်။ ဤမည်သောအမှုကိုပြု၏။ ထိုသူအား။ ဤမည်သောဒဏ်သင့်သည်ဟု။ စာတမ်းထွက်ဆိုသည်နှင့်အညီ။ စီရင်လေသည်။ ဤအတူအမှုခပ်သိမ်းတို့ကိုပင်။ စီစစ်စီရင်ရာသည်ဟူ၍။ ။ သုတ်မဟာဝါအဋ္ဌကထာ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ တေသကုဏဇာတ်စသည်၌လာသည်။ ။

ဤအဋ္ဌကထာ။ စကားတို့ကိုထောက်၍ငင်း။ မြတ်စွာဘုရားသခင်သည်။ ပိမ္ဗိသာရမင်းကြီး၏။ သစ်တို့ကိုမလှူဒါန်းဘဲ။ ဆောင်ယူသော။ ဓနိယမထေရ်ကို။ အကြောင်းပြု၍။ ဒုတိယအဒိန္နဒါန်။ သိက္ခာပုဒ်ကို ပညတ်တော်မူမည်ရှိရာ။ အနီးအပါးတွင်နေသော။ ဝေါဟာရိက။ တရားဆုံးဖြတ်တတ်သော။ အမတ်ကြီးအဖြစ်မှ။ စွန့်ပစ်၍။ ရဟန်းပြုလာသော။ ဝုဒ္ဓပဗ္ဗဇိတ ရဟန်းကြီးအား အဘယ်မျှလောက်သော။ ဥစ္စာကိုခိုးယူလျှင်။ သတ်ခြင်း။ နှောင်ဖွဲ့ခြင်း။ တိုင်းတပါးသို့နှင်ထုတ်ခြင်းအမှုကို။ မင်းတို့ပြုလုပ်ကြသနည်းဟု။ မေးတော်မူသောအခါ။ ရွှေစင်တမတ်။ တမတ်ထက်လွန်သောဥစ္စာ။ တမတ်။ တမတ်ထက်-အလွန်ထိုက်သောဥစ္စာတို့ကို။ ခိုးယူလျှင်။ သတ်ခြင်း။ နှောင်ဖွဲ့ခြင်း။ တိုင်းတပါးသို့နှင်ထုတ်ခြင်း။ အမှုကိုပြုကြစမြဲ။ ထုံးစံစာတမ်းရှိကြောင်းဖြင့်။ လျှောက်ထားသည်ကို။ ထောက်၍ငင်း။ ရှေးရှေးမင်းတို့။ စီရင်သောထုံးစံစာတမ်း။ ရာဇသတ်ကျမ်းများကို။ အနီးအပါးတွင်ထားမြဲ။ ကြည့်ရှုမြဲထုံးစံကို။ မလွှန်စေမူ၍။ စီရင်မြဲဟုသိရပါသည်ဘုရား။ ။

ထို့ကြောင့်။ ✳ ။ အယံခေါ စောရောတိ။ အာနေတွာဒဿိတေ ဂဏှထ။

နံစောရန္တိအဝတ္တာဝိနိစ္ဆယမဟာ မတ္တာနံဒေန္တိ။ တေပိဝိနိစ္ဆိန္တွိတွာသစေ။ အစော ရောဟောတိဝိဿဇ္ဇန္တိ။ သစေစောရော အတ္တနာကိစ္စိ အဝတ္တာ ဝေါဟာရိကာနံဒေ န္တိ။ တေပိ ဝိနိစ္ဆိန္တွိတွာ။ အစောရောစေ။ ဝိဿဇ္ဇန္တိစောရောစေအန္တောကာရိကာနာမ ဟောန္တိ။ တေသံဒေန္တိ။ တေပိ ဝိနိစ္ဆိန္တွိတွာ အစောရောစေဝိဿဇ္ဇန္တိ။ စောရောစေအ ဋ္ဌကုလိကာနံဒေန္တိ တေပိတထေဝကတွာ။ သေနာပတိဿ-သေနာပတိ-ဥပရာ ဇဿ။ ဥပရာဇာရညော။ ရာဇဝိနိစ္ဆိန္တွိတွာ အစောရောစေဝိဿဇ္ဇတိ။ သစေပနစော ရော ဟောတိ။ ပဝေဏီပေါတ္ထကံဝါစာပေတိ။ တတ္ထယေနက္က ဒံနာမကတံ။ တဿ အယံနာမဒဏ္ဍောတိလိခိတံ။ ရာဇာတဿ ကိရိယံတေနသမာနေတွာတဒ နုစ္ဆဝိ ကံဒဏ္ဍံ ကရောတိ။ ။ ဟူ၍—သုတ်မဟာဝါ အဋ္ဌကထာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ တို့၌။ မိန့်အပ်၏။ ။

အယံခေါ။ ဤသူသည်။ စောရော။ ခိုးသူတည်း။ ဣတိ။ ဤသို့။ အာနေတွာ။ ဆောင်ယူ၍။ ဒဿိတေ။ ပြဆက်လာသည်ရှိသော် နံစောရံ၊ ထိုခိုးသူကို။ ဂဏှထ။ ဘမ်းကြကုန်ဣတိ။ ဤသို့။ အဝတ္တာ။ အဆောတလျှင်။ မဆိုတည့်မူ၍။ ဝိနိစ္ဆယ မဟာမတ္တာနံ။ တရားသူကြီးတို့အား။ ဒေန္တိ။ ပေးလိုက်ကုန်၏။ တေပိ။ ထို တရားသူကြီးတို့သည်လည်း။ ဝိနိစ္ဆိန္တွိတွာ။ ဆုံးဖြတ်ကုန်၍။ အစောရော။ ခိုးသူမ ဟုတ်သည်။ သစေဟောတိ။ အကယ်၍ ဖြစ်ခဲ့အံ့။ အတ္တနာ။ မိမိသည်။ ကိစ္စိ။ တစုံ တခွန်းကိုမျှ။ အဝတ္တာ။ မဆိုကုန်ဘဲ။ ဝေါဟာရိကာနံ။ တရားဆုံးဖြတ်သောအမတ် တို့အား။ ဒေန္တိ။ ပေးလိုက်ကုန်၏။ တေပိ။ ထိုတရားဆုံးဖြတ်တတ်ကုန်သော အမတ်ကြီးတို့သည်လည်း။ ဝိနိစ္ဆိန္တွိတွာ။ ဆုံးဖြတ်ကုန်၍။ အစောရောစေ။ အကယ်၍ ခိုးသူမဖြစ်ခဲ့အံ့။ ဝိဿဇ္ဇန္တိ။ လွှတ်လိုက်ကုန်၏။ စောရောစေ။ အကယ်၍ ခိုးသူဖြစ်ခဲ့အံ့။ ယေ။ အကြင်သူတို့သည်။ အန္တောကာရိကာနာမ။ အတွင်းမှုတော်ဆောင်အမတ်မည်ကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ တေသံ။ ထို အတွင်းအမှုတော်ဆောင်အမတ်တို့အား။ ဒေန္တိ။ ပေးလိုက်ကုန်၏။ တေပိ။ ထို အတွင်းတော်ဆောင်အမတ်တို့သည်လည်း။ ဝိနိစ္ဆိန္တွိတွာ။ ဆုံးဖြတ်ကုန်၍။ အစော ရောစေ။ အကယ်၍ ခိုးသူမဖြစ်ခဲ့အံ့။ ဝိဿဇ္ဇန္တိ။ လွှတ်လိုက်ကုန်၏။ စောရောစေ။ အကယ်၍ ခိုးသူဖြစ်ခဲ့အံ့။ အဋ္ဌကုလိကာနံ။ မျိုးရိုးမတ်နွယ်အားဖြင့် မြင့်မြတ်သော အနွယ်ရှိကုန်သော အမတ်ကြီးတို့အား။ ဒေန္တိ။ ပေးလိုက်ကုန်၏။ တေပိ။ ထိုမျိုးရိုး မတ်နွယ်အားဖြင့်။ မြင့်မြတ်သောအနွယ်ရှိကုန်သောအမတ်ကြီးတို့သည်လည်း။ တထေဝ။ ထိုရှေးနည်းအတူသာလျှင်။ ကတွာ။ ပြုကုန်၍။ သေနာပတိဿ။ စစ်သူကြီးအား။ ဒေန္တိ။ ပေးလိုက်ကုန်၏။ သေနာပတိ။ စစ်သူကြီးသည်။ ဥပရာ ဇဿ။ အိမ်ရှေ့မင်းအား။ ဒေန္တိ။ ဆက်သလိုက်ကုန်၏။ ဥပရာဇာ။ အိမ်ရှေ့မင်း

သည်။ ရညော။ မင်းကြီးအား။ ဒေန္တိ။ ဆက်သလိုက်ကုန်၏။ ရာဇာ။ မင်းကြီးသည်။ ဝိနိစ္ဆိန္ဒိတွာ။ ဆုံးဖြတ်၍။ အစောရောစေ။ အကယ်၍ ခိုးသူမဟုတ်ခဲ့အံ့။ ဝိဿဇ္ဇန္တိ။ လွှတ်လိုက်ကုန်၏။ စောရောစေ။ အကယ်၍ ခိုးသူဟုတ်ခဲ့အံ့။ ပဝေဏီပေါတ္ထကံ။ စာတမ်းအက္ခရာ ရာဇသတ်ထုံးစံကို။ ဝါစာပေတိ။ ဘတ်ရွတ်တင်လျှောက်စေ၏။ တတ္ထ။ ထိုစာတမ်းအက္ခရာ ရာဇသတ်ထုံးစံ၌။ ယေန။ အကြင်သူသည်။ ဣဒံနာမကံ။ ဤမည်သောအမှုကို။ ကတံ။ ပြုကျင့်အပ်၏။ တဿ။ ထိုပြုကျင့်ကျူးလွန်သူအား။ အယံနာမဒဏ္ဍော။ ဤမည်သောဒဏ်သင့်၏။ ဣတိ။ ဤသို့။ လိခိတံ။ ရေးအပ်၏။ ရာဇာ။ မင်းကြီးသည်။ တဿ။ ထိုသူ၏။ ကိရိယံ။ အမှုကို။ တေန။ ထိုစာတမ်းအက္ခရာ ရာဇသတ်ထုံးစံနှင့်။ သမာနေတွာ။ ကောင်းစွာ နှိုင်းယှဉ်၍။ တဒနုစ္ဆဝိကံ။ ထိုသူ၏ ပြုကျင့်ကျူးလွန်သည့်ပြစ်မှု အားလျော်သော၊ ဒဏ္ဍံ၊ ဒဏ်ကို။ ကရောတိ။ ပြုစီရင်၏။ ။ ဤကားယောဇနာ။

တေသကုဏဇာတ်၌လည်း။ ။ ဟာဟာသဒါပေါဟာရဝိနိစ္ဆယေဋ္ဌိတဿဣမိနာပုရိသေန။ ဟတောသန္ဓိဝါဆိန္နောတိ။ စောရံဒဿိဿန္တိ။ တဒါတေပရေသံဝစနေဟိ။ သုဋ္ဌုကုမိတံပိဟဒယံကောဓနဝသေနမာမုဉ္စ။ အပရိဂ္ဂ ဟေတွာမာဒဏ္ဍံ ပဏေသိ။ ကိံကာရဏာအစောရံပိစောရောတိဂဟေတွာ အာနေန္တိ၊ တသ္မာအကုဇ္ဈိတွာဝဥဘိန္နံအမုပစ္စတ္ထိကာနံ ကတံသုတွာသုဋ္ဌု သောဓေတွာ။ အတ္တပစ္စက္ခေနတဿစောရဘာဝံဥတွာ။ ပဝေဏီတော၌ ပိတဒဏ္ဍာဝသေနကတ္တဗ္ဗံ ကရောဟိ။ ရညောနာမဟိဥပ္ပန္နေကောဓေ။ ဟဒယံသီဘာလံ အကတွာကမ္မံနကနတ္တဗ္ဗံ။ ယဒါပနဿဟဒယံ နိဗ္ဗုတံဟောတိ။ မုဒုကံတဒါဝိနိစ္ဆယကမ္မံကာတဗ္ဗံ။ ဖရုသေဟိစိတ္တေဟိပက္ကုဓိတေဥဒကေ မုခနိမိတ္တံဝိယ။ ကာရဏံနပညာယတိ။ ။ ဟူ၍လာသည်။

တာတ။ ခမည်းတော်ပြဟ္မဒတ်မင်းမြတ်။ အဟံ။ ကုဏ္ဍလိနီမည်သော။ ကျွန်သ္မီးတော်ဆက်ရက်မသည်။ ကထေသိ။ တင်လျှောက်ပါအံ့။ ယဒါ။ အကြင်အခါ၌။ ဝေါဟာရဝိနိစ္ဆယေ။ တရားစီရင်ရာ ရွှေလွှတ်တော်သဘင်၌။ ဌိတဿ။ တည်သောခမည်းတော်မင်းမြတ်အား။ ဣမိနာပုရိသေန။ ဤသူယောကျ်ားသည်။ ဟတော။ သတ်အပ်၏။ သန္ဓိဝါ။ တိုက်ခြံနံရံစပ်ကိုလည်း။ ဆိန္နော။ ဖြတ်အပ်၏။ ဣတိ။ ဤသို့တင်လျှောက်၍။ စောရံ။ ခိုးသူကို။ ဒဿိဿန္တိ။ ပြကုန်လတ္တန့်။ တဒါ။ ထိုအခါ၌။ တေ။ သင်ခမည်းတော်မင်းကြီးအား။ ပရေသံ။ သူတပါးတို့၌-ဝါ-တို့၏။ ဝစနေဟိ။ စကားတို့ဖြင့်။ ဟဒယံ။ စိတ်နှလုံးသည်၊ သုဋ္ဌုကုမိတံပိ။ လွန်စွာကြိုက်ကြိုက်ဆူလင့်ကစား။ ကောမဝသေန။ အမျက်ဒေါသ၏ အစွမ်းအားဖြင့်။ မာမုဉ္စ။ တည်တော်မမူလေလင့်။ အပရိဂဟေတွာ။ မစုံစမ်းဘဲ။ ဒဏ္ဍံ။ ဒဏ်ကို။ မာပဏေ

သိ။ ထားတော်မမူလင့်။ ကိံကာရဏာ။ အဘယ်ကြောင့်နည်းဟူမူကား။ အစော ရံပိ။ ခိုးသူမဟုတ်သောသူကိုလည်း။ စောရောဟိ။ ခိုးသူဟူ၍။ ဂဟေတွာ။ ဘမ်း ပြီးလျှင်-ဝါ-ဘမ်း၍။ အာနေန္တိ။ ဆောင်ခဲ့တတ်ကုန်၏။ တသ္မာ။ ထို့ကြောင့်။ အကု ဇ္ဈိတွာဝ။ အမျက်မထွက်မူ၍သာလျှင်။ ဥဘိန္နံ။ နှစ်ဦးကုန်သော။ အဗ္ဗုပစ္စတ္တိကာနံ။ တရားတွေ့၍။ ခိုက်ရန်ဖြစ်ကုန်သော။ အမှုသည်တို့၏။ ကထံ။ စကားကို။ သု တွာ။ ကြား၍။ သုဋ္ဌု။ ကောင်းစွာ။ သောဓေတွာ။ စီရင်သုဓ်သင်၍။ အတ္တပစ္စ က္ခေန။ ကိုယ်တိုင်မျက်မှောက်မူသဖြင့်။ တဿ။ ထိုသူအား။ စောရဘာဝံ။ ခိုး သူ၏အဖြစ်ကို။ ဥတွာ။ သိ၍။ ပဝေဏိတော။ ရှေးထုံးစာတမ်း အစဉ်ဖြင့်။ ဋ္ဌဝိတဒ ဏ္ဍာဝသေန။ ထားအပ်သောဒဏ်၏အစွမ်းအားဖြင့်။ ကတ္တဗ္ဗံ။ ပြုထိုက်သည်ကို။ ကရောဟိ။ ပြုတော်မူလော့။ ဟိသစ္စံ။ ယခုကျွန်ုပ်လျှောက်ထားသော၊ စကား မှန်၏။ ရညာနာမ၊ မင်းမည်သည်ကား၊ ကောခေ။ အမျက်ဒေါသသည်။ ဥပ္ပန္နေ။ ဖြစ်လာသည်ရှိသော်။ ဟဒယံ။ စိတ်နှလုံးကို။ သီတလံအကတွာ။ အေးအောင်မပြု ဘဲ။ ကမ္မံ။ အမှုကို။ နကတ္တဗ္ဗံ။ မပြုအပ်၊ ယဒါပန။ အကြင်အခါ၌ကား။ တဿ။ ထိုအရှင်မင်းကြီး၏။ ဟဒယံ။ စိတ်နှလုံးသည်။ နိဗ္ဗုတံ။ ငြိမ်းချမ်းသည်။ ဟောတိ။ ဖြစ်၏။ မုဒုကံ။ နူးညံ့သည်။ ဟောတိ။ ဖြစ်၏။ တဒါ။ ထိုအခါ၌။ ဝိနိစ္ဆယကမ္မံ။ ဆုံးဖြတ်ခြင်းအမှုကို။ ကာတဗ္ဗံ။ ပြုအပ်၏။ ဖရုသေဟိ။ ကြမ်းထမ်းကုန်သော။ စိ တ္တေဟိ။ စိတ်တို့ဖြင့်၊ ပက္ကုဓိတေ။ ကြိုက်ကြိုက်ဆူသော။ ဥဒကေ။ ရေ၌။ မုခနိမိ တ္တံဝိယ။ မျက်နှာရိပ်ကဲ့သို့။ ကာရဏံ။ အကြောင်းသည်။ နပညာယတိ။ မထင်နိုင်။ ။ ဤကားယောဇနာ။ ။

ဤသို့ရှေးရှေးမင်းတို့သည်။ ရာဇဝတ်မင်းဒဏ်မကင်းကုန်သော။ သူတို့အား။ အဆောတလျှင်တရားကိုမစီရင်ကြဘဲ။ အကြိမ်ကြိမ် အဖန်ဖန်စစ်ဆေး၍ စာတမ်း အက္ခရာကိုဘာသ်စေ၍။ အပြစ်အလျှောက်စီရင်ကုန်၏။ စာတမ်း အက္ခရာကိုဘာ သ်စေရာ၌။ အရှင်မင်းကြီးသည်။ ဂတိလေးပါးသို့၊ မလားမသက်။ အစဉ်အဆက် အားဖြင့်လာသော။ ရာဇသတ်ထုံးစံရှိသည်အတိုင်း။ စီရင်ပေသည်။ တစုံတရာ အရှင်မင်းကြီး၌။ အပြစ်ကိုဆိုရန်မရှိ။ ငါတို့အား အပြစ်ရှိပေသည်ဟု။ သိစေခြင်း ငှါ။ စာတမ်းအက္ခရာကို။ ဘာသ်စေသတည်း။ ထို့ကြောင့်။ ။ သုတ်မဟာဝါ အဋ္ဌကထာ။ အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၌ပင်လျှင်။ ✳ ။ ရာဇာနောပေါရာဏပဝေဏိ ယာကမ္မံ ကရောန္တိ။ တေသံဒေါ သံနတ္ထိ။ အမှာကံ ယေဝဒေါသောတိ။ အပ္ပမတ္တာ ကမ္မန္တေကရောန္တိ။ ။ ဟူ၍ မိန့်အပ်ပြီ။ ။

ရာဇာနော။ မင်းတို့သည်။ ပေါရာဏပဝေဏိယာ။ ရှေးရှေးသောမင်းတို့၏။ အစဉ်အဆက်အားဖြင့်။ ကမ္မံ၊ ပြုပြင်ဆုံးဖြတ်။ စီရင်အပ်သောအမှုကို။ ကရောန္တိ။

စဉ်းစဉ်းစားစား။ မတိမ်းမမှားရအောင်။ ပြုကုန်၏။ ဧတောသံ။ ထိုစဉ်းစားစီရင်။ အစဉ်ပဝေဏီ။ ရှေးထုံးမှီ၍။ တည်တည်တန့်တန့်။ ခန့်ခန့်ငြားငြား။ တရားဆုံးဖြတ်သော။ ထိုမင်းတို့အား။ ဒေါသံ။ တစိုးတစိ။ မတရားပြုလုပ်လေသည်ဟူသော။ ကဲ့ရဲ့ဘွယ်အပြစ်သည်။ နတ္ထိ။ မရှိပေ။ အမှာကံယေဝ။ မကောင်းညစ်ကျူ။ အပြစ်ကိုသာ ပြုလေ့ရှိသော။ ငါတို့အား သာလျှင်။ ဒေါသော။ မကောင်းညစ်ကျိ။ အပြစ်ရှိပေ၏ တကား။ ဣတိ။ ဤသို့။ အပွမတ္တာ။ မမေ့မလျော့ကုန်သည်ဖြစ်၍။ ကမ္မန္တေ။ အမှုတော်ကို။ ကရောန္တိ။ မိုက်သည့်ဒဏ်ပြု ထိုအမှုကြောင့်။ ယခုကျမ်းထွက်အတိုင်း။ ထမ်းရွက်ကုန်ရာ၏တကား။ ဤကားအဋ္ဌကထာ၏ယောဇနာ။ ။

ထိုသို့အဆင့်ဆင့်အကြိမ်ကြိမ်အဘန်ဘန်။ စစ်ဆေးမေးမြန်း၍။ စီရင်သောထုံးစကား။ ရာဇဝတ်ဒဏ်သင့်ကုန်သော။ အရာတို့၌သာဟု-မှတ်ရာသည်။ တရားတဘောင် အမှုအရာ၌မဟုတ်။ ။ ထို့ကြောင့်။ မူလပဏ္ဏာလ-မဟာဂေါသိဂ်သုတ်အဋ္ဌကထာပါဠိ၌။

✳ ဇနပဒမှိအေမှုဥပ္ပန္နေ။ ဂါမဘောဇကံပါပုဏာတိ။ တသ္မိံဝိနိစ္ဆိန္ဒိတုံ အသက္ကောန္တေဇနပဒဘောဇကံ။ တသ္မိံအသက္ကောန္တေ။ မဟာဝိနိစ္ဆယအမစ္စံ။ တသ္မိံအသက္ကောန္တေသေနာပတိံ။ တသ္မိံအသက္ကောန္တေဥပရာဇံ။ တသ္မိံဝိနိစ္ဆိန္ဒိတုံ အသက္ကောန္တေ ရာဇာနံပါဝုနာတိ။ ရညာဝိနိစ္ဆိန္ဒိတကာ လတောပဋ္ဌါယအမှောအပရာပရံနသဥ္စရတိ။ ရာဇဝစနေနဆိဇ္ဇတိ။ ။ ဟူ၍ မိန့်အပ်ပြီ။ ။

ဇနပဒမှိ။ ဇနပုဒ်၌။ အမှု။ တရားတဘောင်အမှုသည်။ ဥပ္ပန္နေ။ ဖြစ်လတ်သည်ရှိသော်။ ဂါမဘောဇကံ။ ရွာစားရွာထိန်းရွာအုပ်သို့။ ပါပုဏာတိ။ ရောက်လာ၏။ တသ္မိံ။ ထိုရွာစားရွာထိန်းရွာအုပ်သည်။ ဝိနိစ္ဆိန္ဒိတုံ။ ဆုံးဖြတ်ကောက်ယူခြင်းငှါ။ အသက္ကောန္တေ။ မတတ်နိုင်သည်ရှိသော်။ ဇနပဒဘောဇကံ။ မြို့စားမြို့ဝန်မြို့အုပ်သို့။ ပါပုဏာတိ။ ရောက်လာ၏။ တသ္မိံ။ ထိုမြို့စားမြို့ဝန်မြို့အုပ်သည်။ အသက္ကောန္တေ။ ဆုံးဖြတ်ကောက်ယူခြင်းငှါ။ မတတ်နိုင်သည်ရှိသော်။ မဟာဝိနိစ္ဆယအမစ္စံ။ ရွှေမြို့တော်မင်းနေပြည်၌၊ တရားမသူကြီးသည်။ အသက္ကောန္တေ။ ဆုံးဖြတ်ကောက်ယူခြင်းငှါ။ မတတ်နိုင်သည်ရှိသော်၊ သေနာပတိံ။ စစ်သူကြီးသို့။ ပါပုဏာတိ။ ရောက်လာ၏။

တသ္မိံ၊ ထိုစစ် သူကြီးသည်။ အသက္ကောန္တေ။ ဆုံးဖြတ်ကောက်ယူခြင်းငှါ။ မတတ်နိုင်သည်ရှိသော်။ ဥပရာဇံ။ အိမ်ရှေ့မင်းသို့။ ပါပုဏာတိ။ ရောက်လာ၏။ တသ္မိံ။ ထိုအိမ်ရှေ့မင်းသည်။ ဝိနိစ္ဆိန္ဒိတုံ။ ဆုံးဖြတ်ကောက်ယူခြင်းငှါ။ အသက္ကောန္တေ။ မတတ်နိုင်သည်ရှိသော်။ ရာဇာနံ။ အရှင်ကေရာဇ်မင်းကြီးသို့။ ပါပုဏာတိ။

ရောက်လာ၏။ ရညာ၊ အရှင်ကေရာဇ်မင်းကြီးသည်။ ဝိနိစ္ဆိတကာလတော။ ဆုံးဖြတ်ကောက်ယူအပ်သောကာလမှ။ ပဋ္ဌါယ။ စ၍။ အဇ္ဇာ။ တရားတဘောင် အမှုအခင်းသည်။ အပရာပရံ။ တပိုတပါးသို့။ နသဥ္စရတိ။ မပြောင်းမရွှေ့ရပြီ၊ ရာဇဝစနေန။ အရှင်ကေရာဇ်မင်းကြီးစကားဖြင့်။ ဆိဋ္ဌတိ။ ဤတွင်သတ်မှတ်။ ပြီးဆုံးပြတ်လေ၏။ ဤကားယောဇနာ။

ဤသို့ဇာတ်နိပါတ်၌။ တရားတဘောင်အမှုအခင်း။ ဆုံးဖြတ်သည်ကို ဆိုသည်။ ယင်းသို့ဆိုရာလည်း။ ရွာစားရွာသူကြီး။ ရွာအုပ်ရွာထိန်းစသည်တို့။ ဆုံးဖြတ်ကောက်ယူခြင်းငှါ။ မတတ်နိုင်မှ။ မြို့စားမြို့ဝန်။ မြို့အုပ် မြို့ထိန်းစသည်တို့သို့၊ ရောက်ကြောင်းကိုဆိုသဖြင့်။ ဆုံးဖြတ်ကောက်ယူခြင်းငှါ တတ်နိုင်လျှင်၊ ရွာစားရွာသူကြီး။ ရွာအုပ်ရွာထိန်းစသည်တို့၌ပင်။ တရားပြီးပြတ်လေ၏။ အဆင့်ဆင့်မရောက်ပြီဟုသိအပ်၏။ ရာဇဝတ်မင်းဒဏ်။ သင့်သောသူတို့သာ အဆင့်ဆင့်စစ်ဆေးမေးမြန်း၍။ စီရင်ရာ၏ဟု သိအပ်၏။ ။

ရှေ့နောက်တိုင်းထွာ။ ပညာနက်ကျယ်။ အသက်အရွယ်။ ကြီးမြတ်ကုန်သောသူတို့၏ ဆုံးမပဲ့ပြင်။ သွန်သင်ပြမှာသောစကားကို၊ ရိုသေလေးမြတ်စွာ။ လိုက်နာခံယူခြင်းသည်။ သုဝစမည်၏။ ထိုသို့ သုဝစဂုဏ်နှင့်။ ပြည့်စုံမှသာလျှင်။ ဤသို့ ရှေးထုံး။ ရှေးအကျင့်ရှိသတည်းဟု။ ကြားသိရသဖြင့်။ မင်းနွယ်မင်းစဉ်ကို။ အရှည်တည်စေနိုင်ရာ၏။ ထိုသို့ သုဝစဂုဏ်နှင့်။ မပြည့်စုံလျှင်။ ကစားမြူးတူးခြင်းဖြင့်သာ။ ကာလကိုလွန်စေသည်ရှိသော်။ မင်းနွယ်စဉ်ကို။ အရှည်မတည်စေနိုင်ရာ။ ထိုသို့အသက်ဂုဏ်။ ပညာကြီးမြတ်ကုန်သောသူတို့၏။ ဆုံးမပဲ့ပြင်သောစကားကို။ ရိုသေလေးမြတ်စွာ၊ လိုက်နာခံယူခြင်း၊ သုဝစဂုဏ်သည်။ စီးပွားချမ်းသာ။ မဆုတ်မယုတ် တိုးပွားရာသောကြောင့်။ အပရိဟာနိယမည်၏။ ။ အမျိုးမိန်းမ။ အမျိုးသမီးတို့ကို။ အနိုင်အထက်မသိမ်းမယူရာ။ ထိုသို့မဟုတ်။ အလိုမတူဘဲ။ အနိုင်အထက်။ သိမ်းယူကုန်သော်။ ထိုလူတို့ နှလုံးမသာမယာသဖြင့်။ ရပ်ကြီးပြည်မကိုစွန့်၍။ ပစ္စန္တရစ် အစွန်အနားသို့သက်ဝင်ခြင်း။ သူခိုးထားပြတို့နှင့် ပေါင်းဖေါ်၍။ တိုင်းကားပြည်ရွာကို။ ဖျက်ဆီးခြင်း စသည်ကိုပြုသဖြင့်။ မငြိမ်မဝပ်။ ဖြစ်လေရာ၏။ ထိုသို့ မသိမ်းမယူမှုကား။ ငြိမ်ဝပ်ရာ၏။ ထိုသို့ အမျိုးမိန်းမ။ အမျိုးသမီးတို့ကို။ အနိုင်အထက်။ မသိမ်းမယူခြင်း။ အပသယဂုဏ်သည်။ စီးပွားချမ်းသာ မဆုတ်မယုတ်။ တိုးပွားရာသောကြောင့်။ အပရိဟာနိယမည်၏။

မြို့တွင်းမြို့ပ၌။ ပူဇော်ပသမြဲဖြစ်သော။ နတ်တို့ကို ပူဇော်ပသခြင်း။ တရားနှင့်လျော်သော အခွန်အတုတ်ကို။ မဆုတ်မလျော့စေရာ။ ထိုသို့ ပူဇော်ပသခြင်းကို။ ခံပြီးဖြစ်ကုန်သောနတ်တို့သည်။ ကောင်းစွာ စောင့်ရှောက်မစ။ ကြည့်ရှုတတ်

သောသဘောရှိကုန်၏။ ထိုသို့ရှေးထုံးစဉ်လာ။ ဗာလိနတ်စာကို။ ကင်းကွာမေ့လျော့။ ပေါ်တန်ကုန်သော၊ မြို့ရွာဒေသတို့၌။ အားကြီးစွာသော။ ဆင်းရဲဒုက္ခကို၊ ဖြစ်စေခြင်းငှါ။ မစွမ်းနိုင်ကုန်ငြားသော်လည်း။ ချောင်းဆိုးနာ။ ဦးရည်းနာစသော။ တစုံတခုသော။ အနာအဖျားတို့ကို။ ပွားများစေတတ်ကုန်၏။ စစ်ထွက်သောအခါ၌လည်း။ အဘော်သဟဲမပြုလေကုန်။ ထိုသို့မဟုတ် ပူဇော်ပသမြဲ။ ပူဇော်ပသခြင်း။ အခွန်အတုတ်ကို။ မယုတ်မလျော့စေဘဲ။ ပြုသည်ရှိသော်။ ကောင်းစွာ စောင့်ရှောက်လေကုန်၏။ အားကြီးသောချမ်းသာကိုဖြစ်စေခြင်းငှါ။ မစွမ်းနိုင်ကုန်ငြားသော်လည်း။ ချောင်းဆိုးနာဦးရည်းနာစသော။ တစုံတစ်ခုသော။ အဖျားအနာကို ပပျောက်ပယ်ခွါ တတ်ကုန်၏။ စစ်ထွက်သောအခါ၌လည်း။ အဘော်သဟဲပြုလေကုန်၏။ ဤသို့မြို့တွင်း မြို့ပ၌။ ပူဇော်ပသမြဲ ဖြစ်ကုန်သော။ နတ်တို့ကို ပူဇော်ပသခြင်း။ တရားနှင့်လျော်သော။ အခွန်အတုတ်ကို မယုတ်မလျော့စေခြင်းသည်။ စီးပွားချမ်းသာ။ မဆုတ်မယုတ်။ တိုးပွားရာသောကြောင့်။ ဗလိမည်သောအပရိဟာနိယမည်၏။ ။ မလာသေးကုန်သော။ ရဟန်းသံဃာတို့အား။ မွေ့လျော်အောင်စောင့်ရှောက်။ လုံခြုံစေရာ၏ နေရာကျောင်းအနီးအပါး။ ဥယျာဉ်ရေကန်များ၌။ သားငါးတို့ကို။ မဘမ်းမယူခြင်း။ ခရီးဦးကြိုဆိုခြင်း။ ပြဿနာမေးခြင်းတရားနာခြင်း။ အရိပ်သင်္ခမ်းစီရင်ခြင်း စသည်ကိုပြုရာ၏။ ထိုသို့ပြုလတ်သော်။ မလာသေးကုန်သော။ ရဟန်းသံဃာတို့လည်း။ လာချင်ကုန်၏။ လာပြီးကုန်သော ရဟန်းသံဃာတို့လည်း မွေ့လျော်ကုန်၏။ ရဟန်းသံဃာတို့၏။ အာနုဘောဝ်ဖြင့်။ ထိုမြို့ရွာကို နတ်တို့စောင့်ရှောက်ရကား။ ဘီလူးတို့အခွင့်မရ၍။ အဖျားအနာကို။ မဖြစ်စေနိုင်ကုန်။ လူတို့ဘေးရန်ကင်းကုန်၏။ ဤသို့မလာသေးကုန်သော။ ရဟန်းသံဃာတို့ကို။ လာချင်အောင်။ လာပြီးကုန်သော။ ရဟန်းသံဃာတို့ကိုလည်း။ မွေ့လျော်အောင်။ စောင့်ရှောက်လုံခြုံစေခြင်း။ ဂုတ္တိသည်။ စီးပွားချမ်းသာ။ မဆုတ်မယုတ်ရာသောကြောင့်။ အပရိဟာနိယမည်၏။ ။ ဤသို့လျှင်။ ရေမြေသေဌ်နင်း မင်းတို့ကျင့်ရာသော အပရိဟာနိယတရား ခုနစ်ပါးဖြစ်ပါသည်ဘုရား ဟုတင်လျှောက်လေ၏။

ဤသည်လျှင် အပရိဟာနိယတရားခုနစ်ပါးအခဏ်းပြီး၏။

၇၄ ~ 74

ရာဇဂုဏ်ရှစ်ပါးအခဏ်း။

အရှင်မင်းမြတ်။ ရာဇဂုဏ်ရှစ်ပါးအကြောင်းကို။ လျှောက်ထားသံတော်ဦးတင် ပါအံ့ဘုရား။ ။

ရာဇဂုဏ်သည်။ ရှစ်ပါးအပြားရှိ၏။ ရှစ်ပါးဟူသော်ကား။ "သိကြားမင်းကဲ့သို့ ကျင့်ခြင်း။" ။ နေကဲ့သို့ကျင့်ခြင်း။" ။ လကဲ့သို့ကျင့်ခြင်း။" ။ လေကဲ့သို့ကျင့်ခြင်း။" ယမမင်းကဲ့သို့ကျင့်ခြင်း။" ။ သမုဒ္ဒရာကဲ့သို့ကျင့်ခြင်း။" မြေကြီးကဲ့သို့ကျင့်ခြင်း။" ။ မိုဃ်းကဲ့သို့ကျင့်ခြင်း။" ။ ဟူ၍ ရှစ်ပါးတည်း။ ။

ထိုရှစ်ပါးတို့တွင်။ သိကြားမင်းကဲ့သို့။ ကျင့်ခြင်းဟူသည်ကား။ သိကြားမင်း သည်။ နတ်အပေါင်းတို့အား နိဂ်နင်းတန်သည်ကို။ နိဂ်နင်း၍။ ချီးမြှောက် တန်သည်ကို။ ချီးမြှောက်သကဲ့သို့။ ထို့အတူရေမြေသေဠ်နင်း။ မင်းတို့သည်လည်း။ မသူတော်တို့အား နိဂ်နင်း၍။ သူတော်ကောင်းတို့အား။ ချီးမြှောက်ကုန်ရာသည်။ ။ နေကဲ့သို့ကျင့်ခြင်း ဟူသည်ကား။ နေမင်းသည်ရောင်ခြည်တထောင်ဖြင့်။ ဖြည်းညှင်းသာယာစွာ။ မိုဃ်းရေကို ခမ်းစေသကဲ့သို့။ ထို့အတူ။ ရေမြေသေဠ်နင်း မင်းတို့သည်လည်း။ အခွန်အတုတ်ကိုဖြည်းညှင်းသာယာစွာ။ ခံယူကုန်ရာသည်။ လကဲ့သို့ကျင့်ခြင်းဟူသည်ကား။ လပြည့်ဝန်းသည်၊ မြင်မြင်သမျှကုန်သောသူ တို့၏။ ဝမ်းမြောက်ခြင်းကို။ ဖြစ်စေသကဲ့သို့။ ထို့အတူရေမြေသေဠ်နင်းမင်း တို့သည်လည်း။ ရွှင်လမ်းဝမ်းသာစွာ ပြောဆိုသဖြင့်။ မှူးမတ်ပြည်သူအပေါင်းတို့ အား။ ဝမ်းမြောက်ခြင်းကို။ ဖြစ်စေကုန်ရာသည်။ လေကဲ့သို့ ကျင့်ခြင်းဟူသည် ကား။ လေသည်သတ္တဝါအပေါင်းတို့၏။ ကိုယ်တွင်းသို့ဝင်၍သွားသကဲ့သို့။ ထို့အတူရေမြေသေဠ်နင်းမင်းတို့သည်လည်း။ ခပ်သိမ်းကုန်သော။ တိုင်းသားပြည် သူ။ လူရှင်အပေါင်းတို့၏။ အမူအရာ။ ချမ်းသာဆင်းရဲကိုင်း။ မိမိတို့၏အကျိုး အပြစ်ကိုင်း။ ကိုယ်တိုင်လှည့်လည်၍ငှင်း။ အမတ်သူလျှိုထား၍ငှင်း။ သိအောင် ပြုကုန်ရာသည်။ ထိုကြောင့်။ ဂဏ္ဍတိဏ္ဍုဇာတ်၌။ ဘုရားလောင်းတည်ပင်စောင့် နတ်မင်းသည်။ ဗြဟ္မဒတ်မင်းအား။ "။ဥပသုတိံမဟာရာဇ။ ရဋ္ဌေဇနပဒေစရ။ တတ္ထဒိသွာစ သုတွာစ။ တတောတံပဋိပဇ္ဇိဿတိ။" ။ ဟူ၍ တရားစကား ဆုမ္မ တော်မူလေသည်။ ။

မဟာရာဇ။ မြတ်သောမင်းကြီး။ ဥပသုတိံ။ ချောင်းမြောင်း၍။ နားထောင်ခြင်း ငှါ။ ရဋ္ဌေ။ အလုံးစုံသော။ တိုင်းပြည်နိုင်ငံ၌ငှင်း။ ဇပဒေ။ ဇနပုဒ်၌ငှင်း။ စရ။

လှည့်လည်၍ ရှုတော်မူဘိလော့။ တတ္တ။ ထိုတိုင်းပြည်နိုင်ငံဇနပုဒ်၌။ စရန္တော။ လှည့်လည်၍။ ရှုတော်မူသောမင်းသည်။ ဒိသွာစ။ မြင်အပ်သမျှ။ ကြောင်းခြင်းတ။ တို့ကိုဍင်း။ သုတွာစ။ ကြားအပ်သမျှ။ ကြောင်းခြင်းတ တို့ကိုဍင်း။ တတောထိုနောင်မှ။ ဟိတံ၊ အစီးအပွားကို။ ပဋိပဇ္ဇိသတိ။ ကျင့်ရလတံ့။ ။ ဤကားအနက်။ ။

ယမမင်းကဲ့သို့။ ကျင့်ခြင်းဟူသည်ကား။ ယမမင်းသည်။ ချစ်သောသူ။ မုန်းသောသူဟူ၍ဍင်းမရှိ။ မျက်နှာကြီးငယ်။ မရွယ်မထောက်။ အမှုနှင့်လျော်စွာစီရင်လေ၏သို့။ ထို့အတူ။ ရေမြေသေင်္ဌနင်း။ မင်းတို့သည်လည်း။ ချစ်မုန်းမရှိ။ တိမတ်ဖြောင့်မှန်စွာ။ စီရင်ဆုံဖြတ်အပ်ကုန်ရာသည်။။ သမုဒ္ဒရာကဲ့သို့။ ကျင့်ခြင်းဟူသည်ကား။ သမုဒ္ဒရာသည်။ ရေကိုမတောင့်တ။ သကဲ့သို့။ ထို့အတူ။ ရေမြေသေင်္ဌနင်း။ မင်းတို့သည်လည်း။ ဥစ္စာကိုမြော်ခေါ်တောင့်တ။ လက်ဆောင်လာဘ်ရမှစီရင်မည်။ ဟူသောဥစ္စာလောဘ၌ မစွဲမတပ်ဘဲ။ ထုံးစံရှိရာ။ ရထိုက်သမျှကိုသာ။ ခံယူဆုံးဖြတ်ကြကုန်ရာသည်။ မြေကြီးကဲ့သို့ ကျင့်ခြင်းဟူသည်ကား မြေကြီးသည်။ သတ္တဝါအပေါင်းတို့၏။ မှီခိုကိုးကွယ်ရာ။ ဖြစ်သကဲ့သို့။ ထို့အတူ။ ရေမြေသေင်္ဌနင်း။ မင်းတို့သည်လည်း။ သင်္ဂဟတရားလေးပါးဖြင့်။ ပြည်သူလူ အပေါင်းတို့၏။ မှီခိုကိုးကွယ်ရာဖြစ်အောင်။ ကျင့်ဆောင်ကုန်ရာသည်။ ။ မိုဃ်းကဲ့သို့ကျင့်ခြင်းဟူသည်ကား။ မိုဃ်းသည်။ သတ္တဝါအပေါင်းတို့အား။ မိုဃ်းရေဖြင့်။ ရောင့်ရဲစေဘိသကဲ့သို့။ ထို့အတူရေမြေသေနင်းမင်းတို့သည်လည်း။ မှူထမ်းရာထမ်းတို့အား။ မျိုးရိက္ခာ။ အဝတ်အစားဖြင့်။ ရောင့်ရဲစေကုန်ရာသည်။ ဤကားရေမြေသေင်္ဌမင်းတို့ကျင့်ဆောင်နှလုံးသွင်းရာသော။ ရာဇဂုဏ်ရှစ်ပါးပါဘုရား။

ရာ ဇ ဂု ဏ် ရှ စ် ပါး အ ခ ဏ်း ပြီး ၏ ။

၇၅ ~ 75

တ ရား ကိုး ပါး အ ခ ဏ်း ။

ရေမြေသေင်္ဌနင်း။ မင်းတို့၏တရားကိုးပါးအကြောင်းကို။ လျှောက်ထားသံတော်ဦးတင်ပါအံ့ဘုရား။ ။

ရေမြေသေင်္ဌနင်း၊ မင်းတို့၏။ ကျင့်ရာဖြစ်သော။ တရားကိုးပါးကား။ ခပ်သိမ်းကုန်သော။ တိုင်းနိုင်ငံသူ။ ရှင်လူအပေါင်းနှင့်တကွ။ အပဒ-ဒွိပဒ အစရှိကုန်သော။ သတ္တဝါ အပေါင်းတို့၌။ မေတ္တာစိတ်ကိုဖြစ်စေလျက်။ အဌင်္ဂဉပေါသထသီလကို။

ကျင့်သုံးဆောက်တည်ခြင်းဟုဆိုအပ်သော သီလ၌။ မေတ္တာတရားကို။ ထည့်သွင်းပေါင်းရုံးပြီးလျှင်။ စဉ်လာပဝေဏီ။ သာကီနွယ်ရိုး။ ဘေးဘိုးလောင်းလျာ။ သူတော်စွာတို့၏။ ကျင့်ရာကျင့်ကြောင်း။ ကောင်းမြတ်ရှေးရှု။ အလေးပြုအပ်သော။ နဝဂိုပေါသထ သီလတည်း။ ယခင်ပြဆိုအပ်ခဲ့ပြီးသော။ ရာဇဂုဏ်ရှစ်ပါး။ တရားကိုလည်း။ ကျောက်စာတိုင်ဟန်။ မြဲမြဲခိုင်ခန့်။ တည်တန့်စေလျက်။ တံစိုးလက်ဆောင်မစားဘဲ။ ဆွေမျိုးညာတိ။ ချစ်သောသူတို့ကပင်။ နှောင့်ရှက်လင့်ကစား။ မရိုင်မယိမ်း။ ဖြောင့်မတ်မှန်ကန်စွာ၊ တရားဆုံးဖြတ်စီရင်ခြင်းကိုထည့်၍။ ရာဇဂုဏ်ကိုးပါးဟု။ ဤနဝကစရိယ၌။ သင်္ဂြိုဟ်ရေတွက်အပ်၏။ ။ ဤအရာ၌။ အကျဉ်းအားဖြင့်မှတ်သားရန်။ ဂါထာဖွဲ့စီ၍ပြဦးအံ့။ ။

နဝင်္ဂုပေါသထောစေဝ။ နဝရာဇဂုဏာဋ္ဌာတိ။ ဣမေဒွေနဝကာလောကေ။ ပဏ္ဍိတေဟိဝိဇာနိယာ။ ။

နဝင်္ဂုပေါသထောစေဝ။ နဝင်္ဂုပေါသထသီလငှင်း။ နဝရာဇဂုဏာဋ္ဌ။ ကိုးပါးသောရာဇဂုဏ်ငှင်း။ ဣတိ။ ဤသို့။ ဣမေဒွေနဝကာ။ ဤနှစ်ပါးကုန်သော နဝကတို့ကို။ လောကေ။ လောက၌။ ပဏ္ဍိတေဟိ။ ပညာရှိတို့သည်။ ဝိဇာနိယာ။ သိအပ်ကုန်၏။ ။ ဤကားအနက်။ ။

ဤသည်လျှင်။ ရေမြေသေဠနင်း။ မင်းတို့၏။ ကျင့်ရာဖြစ်
သော။ နဝကတရားအခဏ်းပြီး၏။

၇၆ ~ 76

မင်းကျင့်တရားဆယ်ပါးအခဏ်း။

ရေမြေသေဠနင်း။ မင်းတို့သည်မပြတ်မလပ်။ စောင့်ထိန်းအပ်သော။ မင်းကျင့်တရား။ ဆယ်ပါးကိုလျှောက်ထား။ သံတော်ဦးတင်ပါအံ့ဘုရား။ ။

ဒါန။ သီလ။ ပရိစာဂ။ အဇ္ဇဝ။ မဒ္ဒဝ။ တပ။ အကောဓ။ အဝိဟိံသ။ ခန္တီ။ အဝိရောဓန။ ။ ဟူ၍ ဆယ်ပါးတည်း။ ။ ထို့ကြောင့်အသီတိနိပါတ် မဟာဟံသဇာတ်စသည်တို့၌။

ဒါနံသံလံပရိစာဂံ။ အဇ္ဇဝံမဒ္ဒဝံတပံ။ အကောဓံ အဝိဟိံသဉ္စ။
ခန္တိစအဝိရောဓနံ။ ။ ဟူ၍လာသည်။ ။ အနက်လွယ်၏။ ။

ငင်းဇာတ်အဋ္ဌကထာ၌လည်း။ ✳ ။ ဒသသူတိဒသသုရာဇဓမ္မေသု ဒါနာဒီသုတဗ္ဗတ္ထုကာစေတနာဒါနံ။ ပဥ္စသီလဒသလာသီနိသီလံ။ ဒေယျဓမ္မစာဂေ၊ ပရိစာဂေါ။ ဥဇုဘာဝေါအဇ္ဇဝံ။ မုဒုဘာဝေါမဒ္ဒဝံ။ ဥပေါသထ ကမ္မံတပေါ။ မေတ္တာပုဗ္ဗဘာဂေါအကောဓေါ။ ကရုဏာပုဗ္ဗဘာဂေါအဝိဟိသာ။ အဓိဝါ့သနာခန္တိ။ အဝိရောဓေါအဝိရောဓနံ။။ ဟူ၍ဖွင့်ပြအပ်ပြီ။ ။”

ဒသသူတိ။ ဒသသုဟူသည်ကား။ ဒသသု။ ဆယ်ပါးကုန်သော။ ဒါန ၁ဒီသု။ – ဒါနအစရှိကုန်သော။ ရာဇဓမ္မေသု။ ရာဇဓမ္မတို့၌။ တဗ္ဗတ္ထုကာ။ ထိုဒါနဝတ္ထုသာလျှင်။ တည်ရာရှိသော။ စေတနာ။ စေတနာသည်။ ဒါနံ။ ဒါနမည်၏။ ပဥ္စသီလ။ ဒသသီလာနိ။ ငါးပါးသီလ။ ဆယ်ပါးသီလတို့သည်။ သီလံ။ သီလမည်၏။ ဒေယျဓမ္မစာဂေါ။ လှူဘွယ်ဝတ္ထုကိုစွန့်ခြင်းသည်။ ပရိစာဂေါ။ ပရိစာဂမည်၏။ ဥဇုဘာဝေါ။ ဖြောင့်မတ်သည်၏အဖြစ်သည်။ အဇ္ဇဝံ။ အဇ္ဇဝမည်၏။ မုဒုဘာဝေါ။ နူးညံ့သည်၏အဖြစ်သည်။ မဒ္ဒဝံ။ မဒ္ဒဝမည်၏။ ဥပေါသထကမ္မံ။ ဥပုသ်သီတင်းသုံးခြင်းသည်။ တပေါ။ တပမည်၏။ မေတ္တာပုဗ္ဗဘာဂေါ။ မေတ္တာပြဋ္ဌာန်းသော အဘို့ရှိခြင်းသည်။ အကောဓေါ။ အကောဓမည်၏။ ကရုဏာပုဗ္ဗဘာဂေါ။ ကရုဏာပြဋ္ဌာန်းသောအဘို့ရှိခြင်းသည်။ အဝိဟိသာ။ အဝိဟိသ်မည်၏။ အဓိဝါသနာ။ သည်းခံခြင်းအဘို့ရှိခြင်းသည်။ ခန္တိ။ ခန္တိမည်၏။ အဝိရောဓေါ။ မဆန့်ကျင်ခြင်းသည်။ အဝိရောဓနံ။ အဝိရောဓနမည်၏။ ။ ဤကားယောဇနာ။

သည်ကိုရည်၍-အလင်္ကာကဗျာဆရာတို့လည်း။ ။ ဒါနမမေ့။ စောင့်လေသီတင်း။ မင်း၏တံခွန်။ စွန့်ကြဲဟန်လည်း။ ချက်သွန်ဖြောဖြော။ နှမြောမဲ့လျှင်း။ မြွားနှယ်စင်းလျက်။ ဝမ်းတွင်းဖြောင့်တန်း။ မကောက်ယွန်းတည့်။ တခွန်းဟက။ နှစ်ခွ-မသွေ။ မျိုးဆွေချစ်သူ။ ယူလင့်ကစား။ လှုပ်ရှားမနိုင်။ ကြံ့ခိုင်မြဲဆုန်း။ တည့်တည့်သုံးလျက်။ နှလုံးမကြမ်း။ ကျင့်တမ်းမွေ့ညက်။ ပျက်သက်နည်းပါး။ ပိုင်ကားနိုင်ထက်။ နှိပ်စက်မရှိ။ ခံချိသည်းညည်း။ ဖြင်ပြည်းပြောထူ။ လူအဝှန်းနှင့်၊ မဆန့်ကျင်မှု၊ လိုက်လျောပြုသား၊ ဆယ်ရနက်စံ၊ ရာဇဓံတွင်၊ စာအင်မဲ့ချို့။ ကျေးဇူးတို့ကြောင့်။ သဲပို့ပြင်ကျွန်း မြစ်လယ်ထွန်းသော်။ ကူးသန်းလှေတက်။ ပျက်လတ်သောခါ။ ကိုးကွယ်ရာလျှင်၊ မှန်စွာစင်စစ်၊ ဖြစ်ပေသောလား။ နိုင်ငံသားကို၊ မျောပါးဆယ်ယူ။ ဆင်းရဲဟူသား၊ ရေတူချမ်းပြင်း၊ တုန့်လဲခြင်းမှ။ ပျောက်ကင်းစေခြင်း။ ဘုန်းမီးကင်း၍။ မွေ့ရှင်းလန့်အောင်၊ သိမ်းမြန်းဆောင်သည်၊ ၊ ရွှေတောင်။ နန်းပွင့်။ စောရန်လွှင့်ကား၊ ။ ဟူ၍စပ်ဆိုကြသည်ကိုလည်း ယူတော်မူဘုရား၊ ၊ ဤကားကဗျာအရာ၌လိုလားကြသော ပုဂ္ဂိုလ်အပေါင်းတို့၏ အကျိုးငှါ-ထည့်သွင်းအပ်သောလျှောက်ထုံးတည်း။

ထိုဆယ်ပါးတို့တွင်၊ ဒါနဟူသည်ကား၊ မြတ်သောအလှူခံပုဂ္ဂိုလ်တို့အား။ အရိုအသေပြုခြင်း။ ပေးလှူပူဇော်ခြင်းတည်း၊ ပရိစာဂဟူသည်ကား၊ ယုတ်ညံ့ကုန်သော ဘုန်းတောင်းယာစကာတို့အား၊ စွန့်ကြဲလိုက်၏။ ထို့ကြောင့် ဤလောက၌၊ ဤမည်ကုန်သော၊ ရဟန်းသူတော်ကောင်းတို့အား၊ ပေးလှူပူဇော်လိုက်၏ဟူ၍ ၎င်း။ ဤမည်ကုန်သောဘုန်းတောင်း။ ယာစကာတို့အား၊ စွန့်ကြဲလိုက်၏။ ဟူ၍၎င်း၊ ပြောဆိုရိုးရှိကြသတည်း။ သာမညအားဖြင့်ကား၊ ဒါနပရိစာဂဟူသည်၊ ။ အတူတူပင်တည်း။ ။ တနည်းကား သံသရာကိုရည်၍။ ပေးလှူခြင်းသည်။ ဒါနမည်၏။” ။ “မှုးမတ်ကလံသံပြင် ကြွေးကျွန်တို့အား။ အထိုက်အလိုက်။ ချီးမြှောက်ပေးကမ်းခြင်းသည်။ ပရိစာဂမည်၏။” “သီလဟူသည်ကား၊ ငါးပါးသီလ၊ ဆယ်ပါးသီလ ကိုဆောက်တည်ခြင်းတည်း၊” ။ တပဟူသည်ကား။ ဥပုသ်သီတင်းသုံးခြင်းတည်း၊” ၊ ဤသို့လျှင် ဒါန၊ နှင့် ပရိစာဂ၊ သီလနှင့်-တပ တို့၏၊ အထူးကိုသိအပ်၏၊ ၊ ပီတိသောမနဿပြဠာန်းသော။ စိတ်ဖြင့်သာယာနူးညံ့စွာ ပြုလုပ်ပြောဆိုခြင်းသည်၊ မဒ္ဒဝမည်၏၊ ၊ တိုင်းကားပြည်သူရှင်လူအပေါင်းတို့အား၊ မေတ္တာရှေ့သွားရှိသောစိတ်ဖြင့်၊ ချစ်မြတ်နိုးခြင်းသည်၊ အကောဓမည်၏၊ ၊ သူဆင်းရဲတို့အား၊ ကရုဏာရှေ့တင်ထားလျက်၊ သနားစုံမက်ခြင်းဖြစ်သော၊ စိတ်ရှိခြင်းသည် အဝိဟိသ်ံမည်၏၊ ၊ မောင်းမမိဿံ၊ ခြွေရံမှူးမတ်မှစ၍၊ တိုင်းနိုင်ငံသူတို့၏၊ အလိုနှင့်လျော်သည်၊ မလျော်သည်၊ အမှုအရာကိုသင့်သည်၊ မသင့်သည် အလျောက်သည်းခံခြင်းသည်၊ ခန္တိမည်၏၊ ၊ ဤသို့လျှင်၊ ဤတရားလေးပါးတို့၏၊ အထူးအပြားကိုလည်းမှတ်သားအပ်၏၊ အဝိရောဓနေ၌၊ မဆန့်ကျင်စေသဖြင့်၊ ကျင့်ရာ၏ ဟူသည်မှာ၊ အကြင်အရာ၌၊ လိုက်လျောသဖြင့်။ ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာသောအကျိုးစီးပွား၊ ဆုတ်ယုတ်မည်ဖြစ်အံ့၊ ထိုအရာ၌ မလိုက်လျောရာ။ သူခိုးထားပြတို့မှာ၊ မိမိတို့လုယက်ဖျက်ဆီးခြင်းအမှုကို မပြုမကျင့်ရလျှင် ငြိုငြင်၏။ ထိုသူခိုး ထားပြတို့၏။ အလိုသို့လိုက်လျောရမည်ဟုမယူအပ်။ ၊ အကျိုးစီးပွားလည်းများအံ့၊ အပါယ်ဝဋ်ဆင်းရဲမှလည်းလွတ်အံ့၊ ထိုအမှုအရာမျိုးကိုသာလိုက်လျော ကျင့်ဆောင်အပ်ပါသည်ဘုရား။

ထိုဆယ်ပါးတို့တွင်။ ဒါနသည်လည်း။ အာမိဿဒါန။ အဘယဒါန။ ဓမ္မဒါန။ ဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ဝိနည်းဒေသနာနည်းအားဖြင့်။ ဆွမ်း။ သင်္ကန်း။ ကျောင်း။ ဆေး။ ဟူ၍လေးပါး။ အဘိဓမ္မာ။ ဒေသနာ တစ်နည်းအားဖြင့်။ ရူပဒါန၊ သဒ္ဒဒါန။ ဂန္ဓဒါန။ ရသဒါန။ ဖေါဋ္ဌဗ္ဗဒါန။ ဓမ္မဒါ။ ဟူ၍ခြောက်ပါး။ သုတ္တန်ဒေသနာတော် နည်းအားဖြင့်။ ဆွမ်းအဖျော်၊ အဝတ်ပုဆိုး။ ပန်းနံ့သာ။ နံ့သာပျောင်း။ အိပ်ရာနေရာ။ ဆီမီးဟူ၍ ဆယ်ပါး။ ယခင်ရှေးဦး ပဌမသုံးပါး။

အပြားရှိသော။ ဒါနတွင်။ အာမိသဒါနကို ကံကံ၏ အကျိုးစသည်၌။ ယုံကြည်သဖြင့်။ လာဘ်ပူဇော်သကာ။ အရှိန်အစော်။ အကျော်အစောကို။ ငဲ့ကွက်ခြင်းမရှိ။ ပေးလှူပူဇော်ရာသည်။ အဘယဒါနကိုလည်း။ ရာဇဘယ၊ အဂ္ဂိဘယ။ စသောဘေး ကြုံကြိုက်သောအခါ။ ချမ်းသာစေသဖြင့်။ ပေးလှူပူဇော်ရာ၏။ ဓမ္မဒါန ကိုလည်း။ ဒါနကထာ။ သီလကထာ။ သဂ္ဂကထာ စသည်တို့ကို။ ပြောဟောသဖြင့်၎င်း။ သာသနာတော်ကို။ မကြည်ညိုကုန်သေးသောသူတို့အား။ သာသနာတော်ကို။ ကြည်ညိုလေအောင်။ သရဏဂုဏ်ကို။ မဆောက်တည်ကုန်သေးသော။ သူတို့အား။ ဆောက်တည်လေအောင်။ သီလမဆောက်တည်ကုန်သေးသော။ သူတို့အား။ သီလဆောက်တည်လေအောင်။ အလှူမပေးကုန်သေးသော။ သူတို့အား။ အလှူပေးလေအောင်။ တရားမနာကုန်သေးသော။ သူတို့အား။ တရားနာအောင်။ တိုက်တွန်းနှိုးဆော်သဖြင့်၎င်း၊ ပေးလှူပူဇော်ရာ၏။ ။

သီလကိုကား။ သန့်ရှင်းသောအလိုရှိခြင်း၊ ဩတ္တပ္ပကိုဖြစ်စိမ့်သော၄။ လေးမြတ်စွာဖြစ်ကုန်သော။ ဆရာအသျှင်မြတ်တို့ ထံ၌။ ဆောက်တည်ခြင်း။ မလွန်ကြူးခြင်း။ လွန်ကြူးမိလျှင်။ ရှောင်တခင်အသစ်ကုခြင်း။ ဟုဆိုအပ်သော။ သီလ၏ စင်ကြယ်ခြင်း။ လေးပါးကိုနှလုံးထားသဖြင့်။ ငါးပါးသီလ။ ဆယ်ပါးသီလကို။ ကောင်းစွာဆောက်တည်ကုန်ရာ၏။ ။ ပရိစာဂကိုကား။ အရှင်စိုးမင်းတို့၏။ အကျိုးစီးပွားကို။ ကိုယ်ကျိုးကိုယ်စီးပွားမျှ၊ မရွက်ဆောင်ကုန်သောသူတို့အား။ အတုန့်မူခြင်း။ ပေးကမ်းခြင်း၊ ချီးမြှောက်ခြင်း။ စသည်တို့ဖြင့်၊ ဖြည့်ကျင့်ကုန်ရာသည်။ ။ ယင်းသို့ဖြည့်ကျင့်ရာတွင်လည်း၊ အစေအပါးအမှုထမ်းဟောင်းတို့ကိုပယ်ရှား၍။ အသစ်အသစ် ကုန်သော။ သူတို့ကိုသာ၊ ချီးမြှင့်ပေးကမ်းသင့်သည်မဟုတ်။ အဟောင်းအသစ်ဖြစ်ကုန်သော၊ သူတို့အားပင်လျှင်။ အထိုက်အလိုက်။ ဂုဏ်ကျေးဇူးနှင့် လျော်စွာ။ ပေးကမ်းချီးမြှင့်ရာသည်။ ။ မှတ်သားဘွယ်ထုံးသက်သေကား။ ။ ပစ္စန္တရစ်သောင်းကြမ်း၍။ ငြိမ်းစေသည်တွင်။ မှူးဟောင်းမတ်ဟောင်းတို့အား၊ မချီးမမြှင့်မပေးမကမ်းသဖြင့်။ မငြိမ်းစေနိုင်ဘဲ။ ပသေနဒီကောသလမင်းကြီး။ ပြန်လည်ခဲ့ရသည်ကို အကြောင်းပြု၍။ ။ သတ္တနိပါတ်။ ဒုမကာရီဇာတ်ကို။ ဟောတော်မူသည်။ ။ စွမ်းသန်သောကာလ၌။ အဆောင်အရွက်။ အစေအပါးရ၍။ ပေးကမ်းချီးမြှင့် ပြီးသည်ကို။ အဆောင်အရွက်။ အစေအပါးမရသောအခါ။ မပယ်မနှုတ်ရာ။ ဟူ၍လည်း။ ကောသမ္ဗီပြည်၌။ ဥတေနမင်းသည်။ ဘဒ္ဒဝတီ မည်သောဆင်မအား၊ အမှုထမ်းဘော်ရသောအခါသာ။ ချီးမြှင့်၍။ မရသောအခါ။ နုတ်ပယ်လေသည်ကို၊ အကြောင်းပြု၍။ ။ သတ္တနိပါတ်ဥဠုဓမ္မဇာတ်ကို။ ဟောတော်မူသည်။ ။ နာရဒဇာတ်၌လည်း။ ။ 'အသပ္ပုရိသာ

ဟိရာဇာနေသောအတ္တနေသောဥပကာရကာနံ ဥပကာရံကာတုံသမတ္ထကာလေယေ၀ သမာနံကရောန္တိ။ အသမတ္ထကာလေပနန ဩလောကာန္တိသပ္ပုရိသာပန အသမတ္ထ ကာလေပိတေသံ တထေ၀သက္ကာရံ ကရောန္တိ”။ ။ ဟူ၍လာသည်။ ။

ကျေးဇူးပြုသည့်ကာလ၌သာ။ ခြီးမြှင့်ပေးကမ်း၍။ မပြုနိုင်သည်ရှိသော်ကား၊ မကြည့်မရှုကုန်သောသူတို့ကား။ သူတော်ကောင်းမမည်ကုန်။ ကျေးဇူးပြုဘူးသည် ဖြစ်က။ မပြုနိုင်သည်ကာလ၌လည်း။ ကြည့်ရှုကုန်သော။ သူတို့သည်သာ။ သူတော်ကောင်းမည်ကြောင်းကို။ ဟောတော်မူသည်။ ။

အသပ္ပုရိသာ။ သူတော်ကောင်းမဟုတ်ကုန်သော။ ရာဇာနော၊ မင်းတို့သည်။ အတ္တနော။ မိမိအား။ ဥပကာရကာနံ။ ကျေးဇူးပြုကုန်သောသူတို့အား။ ဥပကာရံ။ ကျေးဇူးကို၊ ကာတုံ။ ပြုခြင်းငှါ။ သမတ္ထကာလေယေ၀။ စွမ်းနိုင်သော ကာလ၌သာလျှင်။ သမာနံ။ ပေးကမ်းခြီးမြှင့်ခြင်းကို။ ကရောန္တိ။ ပြုကုန်၏။ အသ မတ္ထကာလေပန။ မစွမ်းနိုင်သော ကာလ၌ကား။ နဩလောကေန္တိ။ မကြည့်မရှု ကုန်။ သပ္ပုရိသာ။ သူတော်ကောင်းဖြစ်ကုန်သော။ ရာဇာနောပန။ မင်းတို့သည် ကား။ အသမတ္ထကာလေပိ။ မစွမ်းနိုင်သော ကာလ၌လည်း။ တေသံ။ ထို ကျေးဇူးပြုဘူးကုန်သော။ သူတို့အား၊ တထေ၀။ ထိုရှေးစွမ်းနိုင်တုန်းကကဲ့သို့ သာလျှင်။ သက္ကာရံ။ ပေးကမ်းခြီးမြှင့်ခြင်းကို။ ကရောန္တိ။ ပြုကုန်၏။ ။

အဇ္ဇ၀ကိုကား။ အဂတိလေးပါးသို့။ မလိုက်သဖြင့်ငှင်း။ မြင်သည်ကိုမြင်၏ မမြင်သည်ကိုမမြင်။ ကြားသည်ကို ကြား၏။ မကြားသည်ကိုမကြား။ တွေ့သည် ကိုတွေ့၏။ မတွေ့သည်ကိုမတွေ့။ သိသည်ကိုသိ၏။ မသိသည်ကိုမသိ။ ဟူသော အရိယာတို့၊ ပြောဆိုခြင်း။ အရိယဝေါဟာရရှစ်ပါးကို။ နှလုံးထားသဖြင့်ငှင်း၊ ဖြည့် ကျင့်ရာ၏။ ။ မဒ္ဒ၀ကိုကား၊ အမှုကိစ္စ။ ဟူသမျှတို့၌။ စုံစမ်းဆင်ခြင်၍ ပြုခြင်း သူတော်ကောင်းတို့စကားကို။ နာလွယ်ခြင်း။ မကောင်းမှု။ အကုသိုလ်မှ ကြောက်လန့်သော။ နှလုံးရှိခြင်း။ ပဋိသန္ဓေနေရလတံ့။ အိုရလတံ့။ နာရလတံ့။ သေရလတံ့။ ဒုစရိုက်နှင့် ပြည့်စုံသည်ဖြစ်က။ တမလွန်၌။ အပါယ်သို့လားရ လတံ့။ ရှေးအတိတ်ကာလက ဝဋ္ဋဆင်းရဲကို ခံစားရသည်။ နောင် အနာဂတ်ကာလ၌လည်း။ မုချဝဋ္ဋဆင်းရဲကို။ ခံစားရလတံ့။ ပစ္စုပ္ပန်တွင်လည်း။ အာဟာရကို ရှာဖွေမှီဝဲရခြင်း။ ဟူသောသံဝေဂတရားရှစ်ပါးကို။ အောက်မေ့ခြင်း။ စသည်တို့ဖြင့်။ ဖြည့်ကျင့်ရာ၏။ ။ တပကိုကား။ သီလအရာ၌။ ဆိုအပ်ခဲ့ပြီးဖြစ် သောကြောင့်။ လေးပါးတို့ကို။ နှလုံးထားသဖြင့်လည်းကောင်း။ သီလနှင့်တူသော။ ကိုးကွယ်ရာမည်သည်မရှိဟူ၍။ နှလုံးထားသဖြင့်လည်းကောင်း။ ပကတိဥပုသ်၊ ပဋိဇာဂရဥပုသ်။ ပါဋိဟာရိယဥပုသ်တို့ကို။ ဖြည့်ကျင့်ရာ၏။ ဥပုသ်သီလ

စသည်၏သဘောအရာ။ အထူးအပြားများကို။ (ဥပေါသထဝိနိစ္ဆယျကျမ်း၌ အကျယ်ဝေဘန်လျက်ရှိသည်ကို ရှုကသိနိုင်သည်)။ ။ အကောဓကိုကား။ အမျက်ဒေါသတို့၏။ သဘောသည်။ အကြောင်းအကျိုးကို။ မမြင်နိုင်ဟု။ နှလုံးပြု သဖြင့်၎င်း။ မေတ္တာမရှိရန်ဖြစ်ဘိမူ ရန်သူ မငြိမ်းနိုင်ရာဟု။ စာနာထောက်ထား သဖြင့်၎င်း။ ဖြည့်ကျင့်ရာ၏။ အမျက်ဒေါသကို စောင့်စည်းရာသော။ အကြောင်း ကိုကား။ အောက်ကဆိုခဲ့ပြီ။ ။ ✳ အဝိဟိံသ်ကိုကား။ တိုင်းနိုင်ငံသူတို့အား။ တရားသဖြင့် မအုပ်ချုပ်အခွန်အတုတ် ကဲလွန်၍။ ခံယူခြင်းဖြင့်။ ပြင်းထန်စွာ။ ဒဏ်ပေးခြင်း။ ပြင်းထန်စွာ နှိုင်စက်ညှင်းပန်းခြင်း၊ ဝိဟိံသ်ဆိုသောတရားကို။ လိုလားအရင်းမူလျက်။ ပြုကျင့်အံ့။ တိုင်းနိုင်ငံပြည်ရွာ။ မသာမယာ။ လှုပ်ရှား ထကြွခြင်း။ ဘဏ္ဍာပစ္စည်းနည်းပါးခြင်း။ ယိုယွင်းပျက်စီးအပ်သော။ အကြောင်း ဖြစ်သည်ကို။ ဆင်ခြင်သဖြင့်၎င်း။ ကိုးကွယ်ရာမရှိ။ “ဒုက္ခိတသတ္တဝါတို့ကား။ ရေ မြေသေ၌နင်းမင်းတို့အား သာလျှင်။ ကိုးကွယ်ရာ-ဖြစ်သည်ကို။ ဆင်ခြင်သဖြင့်၎င်း ဖြည့်ကျင့်ရာ၏”။ ။ ခန္တီကိုကား။ လောကဓံတရား။ ရှစ်ပါးဖြင့် မကင်းသေး သောကြောင့်။ ရံခါအလိုနှင့်။ မညီသည်လည်း။ ဖြစ်လာ၏ဟုသိရာ၏ ဟူ၍။ အသင့်နှလုံး။ ယူကြုံးမြဲညီ။ ခန္တီဟူသော မင်္ဂလာတရားနှင့်။ ပြည့်စုံစေခြင်း။ ငါကဲ့သို့စဉ်။ အရှင်စိုးမင်းမှ။ သည်းမခံသော်။ တိုင်းနိုင်ငံအဘယ်မှာ။ တည်တန့်နိုင် တော့အံ့နည်းဟု။ ထောက်ရှုခြင်းစသည်တို့ဖြင့်။ ဖြည့်ကျင့်ရာ၏။ ၏။ ။ အဝိရောဓနကိုကား။ အပြစ်မရှိသောအရာ၌။ တိုင်းနိုင်ငံသူ။ ကြေးကျွန်အပေါင်းအဘော် နှင့်။ သင့်တင့်ညီညွတ်ခြင်းသည်။ ပစ္စုပ္ပန် သံသရာ။ ချမ်းသာစီးပွားများကြောင်း။ ဘုရားသခင်အဆုံးအမတော် တည်းဟု။ နှလုံးပြုသဖြင့်၎င်း။ ညီညွတ်သောကိုယ် စိတ်နှလုံး။ ရှိကြသဖြင့်။ ပိုက်ကွန်ကိုခွာ၍။ သွားနိုင်ကြဘူးသော။ သားငှက်တို့ ထုံး။ ဘုရားဟောနိပါတ်။ ဇာတ်ဝတ္ထုသက်သေတို့ကို။ နှလုံးထားသဖြင့်။ ဖြည့် ကျင့်တော်။ မူသင့်ပါကြောင်းကိုလည်း ဥက္ကောင်းဝပ်လျှိုး။ ရှိခိုးသံတော်ဦးတင် လေ၏။

မင်းကျင့်တရားဆယ်ပါးအခဏ်းပြီး၏။

၇၇ ~ 77

ဒေါ သ ပ ဟ န ခ မ္မ အ ခ ဏ်း ။

ခပ်သိမ်းကုန်သော။ သူအပေါင်းတို့သည်။ အမျက်ဒေါသကို။ မသိမ်းဆည်းခြင်းကြောင့်။ ပျက်စီးရာဖြစ်သဖြင့်။ ဆင်ခြင် အပ်ကြောင်းကို။ ကဝိစိန္တာအမတ်ကြီး တင်လျှောက်သောအခဏ်း။

အမျက်ဒေါသကြီးသော။ ရေမြေသေဠ်နင်း မင်းတို့သည်။ ဘုန်းကံအလျောက်။ ဖြစ်လာသော စည်းစိမ်ချမ်းသာကို။ စောင့်ရှောက်ခြင်းငှါ။ မစွမ်းနိုင်ရာ။ ။ ထို့ကြောင့်။ စတ္တာလီသနိပါတ် တေသကုဏဇာတ်အဋ္ဌကထာ၌။ ။ ✳ တာတအတိ ကောဓေါတိရာဇာဥပ္ပန္နံယသံရက္ခိတုံနသက္ကောတိ။ ။ ဟူ၍လာသည်။ — တာတ။ ခမည်းတော်မင်းကြီး။ ဟိသစ္စံ။ မှန်၏။ အတိကောဝေါ။ အလွန်အမျက်ဒေါသ ကြီးသော။ ရာဇာ။ မင်းသည်။ ဥပ္ပန္နံ။ ဘုန်းကံအလျောက်ဖြစ်သော။ ယသံ။ စည်းစိမ်ချမ်းသာကို။ ရက္ခိတုံ။ စောင့်ရှောက်ခြင်းငှါ။ နသက္ကောတိ။ မစွမ်းနိုင်။ ။ ဤကားအနက်။ ။

အမျက်ဒေါသဟူသည်ကား။ ထင်းရှောင်း၌စွဲညီသောမီးသည်။ မိမိ၏တည်ရာ။ ထင်းရှောင်းကိုသာ။ လောင်ဘိသကဲ့သို့ငှင်း။ ငှက်ပျောပင်။ ပေပင်။ ဝါးပင်တို့၏။ အသီးသည်။ မိမိတို့၏တည်ရာ။ အပင်ကိုသာ။ သတ်ဘိသကဲ့သို့ငှင်း။ မြင်းမ၏ဝမ်း၌။ ပဋိသန္ဓေနေသော။ အဿမိုရ်ရမြင်းငယ်သည်။ မိမိ၏တည်ရာ မြင်းမကိုသာ။ သတ်ဘိသကဲ့သို့ငှင်း။ ထို့အတူ။ မိမိ၏တည်ရာပုဂ္ဂိုလ် သဏ္ဍာန်ကို သာ။ ဖြက်ဆီးတတ်၏။ ထို့ကြောင့်။ အမျက်ဒေါသကို။ ချုပ်တည်းစောင့်ထိန်းရ သည်။ အမျက်ဒေါသထွက်၍။ သူတပါးအား။ ပြစ်မှားကြမ်းကြုတ်မည်။ ကြံသော သူသည်။ သူတပါးအား။ အညစ်အကြေးလိမ်းကျံစိမ့်မည်ဟု။ မစင်ဘင်ပုပ်ဖြင့်။ ဆုပ်ကိုင်၍ ပစ်သည်ရှိသော်။ ရှေးဦးစွာ။ ဆုပ်ကိုင်၍ ပစ်သောသူအား။ အညစ်အကြေးလိမ်းကျံပြီးမှ။ သူတပါးတို့အား။ ပစ်သည်အတိုင်း။ မှန်သည်လည်း ရှိရာ၏။ မမှန်သည်လည်းရှိရာ၏။ မှန်မှသာလျှင် အပစ်ခံရသောသူအား။ အညစ်အကြေး။ လိမ်းကျံရာ၏။ မမှန်သော်မလိမ်းမကျံချေ။ ။ တနည်းကား။ အမျက်ဒေါသထွက်၍။ သူတပါးအား။ ပြစ်မှားကြမ်းကြုတ်မည် ကြံသောသူသည်။ သူတပါးတို့အား။ ပူလောင်စိမ့်သောငှါ။ ရဲရဲညီသော။ သံတွေခဲဖြင့်။ ဆုပ်ကိုင်၍ပစ်သည်ရှိသော်။ ရှေးဦးစွာ။ ဆုပ်ကိုင်၍ ပစ်သောသူအား။ ပူလောင်ပြီး မှ။ သူတပါးတို့အား။ ပစ်သည်အတိုင်း။ မှန်သည်လည်းရှိရာ၏။ မမှန်သည်လည်းရှိ

ရာ၏။ မှန်မှသာလျှင်။ အပစ်ခံရသောသူအား၊ ပူလောင်ရာ၏။ မမှန်သော မပူလောင်ရာ။ ထို့ကြောင့်။ အမျက်ဒေါသဟူသည်။ မိမိ၏တည်ရာ။ ပုဂ္ဂိုလ်ကို ဖျက်ဆီးတတ်၏ဟု။ မှတ်အပ်၏။ အမျက်ဒေါသ။ ပြောသောသူသည်။ အမျက်ဒေါသ။ ဥပါဒ်သောအခိုက်၌။ တဏှာရန်မက်ဖြင့် ရှုးသွပ်သော။ ကာမုမ္မတ္တက။" ။ အမျက်ဒေါသဖြင့်။ ရှုးသွပ်သော။ ကောဓုမ္မတ္တက"။ ။ အယူဘောက်ပြန်သဖြင့်။ ရှုးသွပ်သော ဒိဋ္ဌုမ္မတ္တက"။ ။ မိုက်မဲသဖြင့်။ ရှုးသွပ်သော။ မောဟုမ္မတ္တက"။ ။ ဘီလူးဘမ်းသဖြင့်။ ရှုးသွပ်သော။ ယက္ခုမ္မတ္တက"။ ။ သည်းခြေပျက်သဖြင့်၊ ရှုးသွပ်သော။ ဝိတ္တုမ္မတ္တက"။။ သေရည်သေရက်။ သောက်စားသဖြင့်။ ရှုးသွပ်သော။ သုရုမ္မတ္တက"။ ။ စည်းစိမ်ပျက်သဖြင့်။ ရှုးသွပ်သော။ ဗျသနုမ္မတ္တက"။ ။ ဟူ၍ အရှုးမျိုးရှစ်ပါး တို့တွင်။ တပါးအဝင်အပါဖြစ်၍။ စင်စစ်ကဲ့ရဲ့ အပ်သည်၏။ အဖြစ်သို့ရောက်၏။ ။ ထို့ကြောင့် တေသကုဏဇာတ်၌။ ။ "နဟိ သာဓုကောဓေါ။ ဟူ၍လာသည်။ ။ ကောဓေါ။ အမျက်ထွက်ခြင်းသည်။ နဟိ သာဓု။ မကောင်းသည်သာတမုံ့၊ ဝါ။ မကောင်းသည်သာခလို။ ဝါ။ မကောင်း သည်သာတည်း။ ✳ ။ ၎င်းဇာတ်အဋ္ဌကထာ၌လည်း။ ။ "နဟိသာဓုကောဓေါတိ။ ကောဓေါနာမ။ ဥပ္ပဇ္ဇမာနော။ သုဘာသိတ။ ဒုဗ္ဘာသိတံ။ အတ္ထာနတ္ထံ။ ဟိတာဟိ တံ။ ဇာနိတုံနဒေတီ တိနသာဓု"။ ။ ဟူ၍ဖွင့်ပြမိန့်မှာလာသည်။

နဟိသာဓုကောဓေါတိ။ နဟိသာဓုကောဓေါဟူသည်ကား။ ကောဓေါနာမ။ အမျက်မည်ကား။ ဥပ္ပဇ္ဇမာနော။ ဖြစ်သည်ရှိသော် သုဘာသိတ။ ဒုဗ္ဘာသိတံ။ ကောင်းစွာဆိုအပ်သောစကား။ မကောင်းသဖြင့်။ ဆိုအပ်သော စကားကိုငင်း။ ဝါ။ ဆိုသင့်မဆိုသင့်ကိုငင်း။ အတ္ထာနတ္ထံ။ အကျိုးရှိမရှိကိုငင်း။ ဟိတာဟိတံ၊ စီးပွားရှိမ ရှိကိုငင်း။ ဇာနိတုံ။ သိစိမ့်သောငှါ။ နဒေတိ။ မပေးတတ်။ ဣတိတသ္မာ။ ထို့ကြောင့်။ နသာဓု၊ မကောင်းသည်သာတည်း။ ။ ဤကားအနက်။ ။ ဓမ္မပဒပါဠိ တော်စသည်တို့၌လည်း။ ။ "ကောဓေါဓမ္မံနဇာနာတိ"။ ။ ဟူ၍ လာသည်။ ကောဓေါ။ အမျက်မာန်ရှု။ မိုက်ဒေါသသည်။ ဓမ္မံ။ ဘုရားအာဒိစရှိသောင်းသောင်း။ သူတော်ကောင်းတို့။ လမ်းကြောင်းညွှန်ပြ။ ဆိုဆုမ္မအပ်သော တရားကို။ နဇာနာ တိ။ ဒေါသမာန်ငြိ။ သူဝင်ဘိ၍။ မသိမမြင်နိုင်ချေတကား။ ။ ဤကားပါဠိ တော်၏အနက်။ ။

အမျက်ဒေါသ။ ပြောသောသူသည်။ အမျက်ဒေါသ။ ဥပါဒ်သောအခိုက်၌၊ အရှုး မျိုးရှစ်ပါးတို့တွင်။ တပါးအဝင်အပါဖြစ်သည်၏။ အဖြစ်ကိုလည်း။ ဤလောက၌။ သားမယားစသည်တို့အား။ စိတ်ဆိုး၍။ အိုးအင်ခွက်ယောက်။ စသည်တို့ကို။ ရိုက် ခွဲပုတ်ခတ်။ ဆုတ်ဖြတ်တတ်သောယောကျ်ား။ သားသမီးလင်စသည်တို့အား။

အမျက်ထွက်သဖြင့်။ မိမိဥက္ကောင်း ရင်စသည်တို့ကို။ ပုတ်ခတ်ရိုက်နှက်တတ်သော။ မိန်းမစသည်တို့၏။ အမူအရာကို ထောက်၍သိရာ၏။ ထိုစကားသည် မှန်၏။ သားမယားစသည်တို့အား။ စိတ်ဆိုး၍ အိုးအင်ခွက်ယောံစသည်တို့ကို။ ရိုက်ခွဲပုတ်ခတ်။ ဆုတ်ဖြတ်တတ်သော ယောကျ်ားအား။ သားမယားမှာကား။ မထောင်းတာ။ ကိုယ်ဥစ္စာပျက်၍။ အရှက်အားသာလျှင်။ အဖတ်တင်ချေသည်။ သားသမီးလင်စသည်တို့အား။ အမျက်ထွက်သဖြင့်။ မိမိဥက္ကောင်းရင်။ စသည်တို့ကို။ ပုတ်ခတ်ရိုက်နှက်တတ်သော။ မိန်းမအားလည်း။ သားသမီးလင် စသည်တို့မှာ။ မထောင်းတာ။ မိမိကိုယ်သာနာ၍။ ကြမ္မာကံမှောက်သဖြင့်။ အလျောက်သာမောချေသည်။ ။ ထို့ကြောင့်-အမျက်ဒေါသကို။ နှိဂ်နင်းရာသည်။ ။ ဤကားနိတတ္တဥပမာတည်း။ ။ "အမျက်ဒေါသကို နှိဂ်နင်းရာ၌ဥပမာကား။ လှံတံဖြင့် ပုတ်ခတ်မိသော။ ဥဒ္ဒုမာယိကဘားကဲ့သို့။ မှတ်သား ဆင်ခြင်ရာသည်။ ဥဒ္ဒုမာယိကဘားဟူသည်ကား။ မကြီးလွန်း။ ခြေသည်းခွန်၊ လက်သည်းခွန် ပမာဏရှိ၏။ သစ်ရွက်ခြောက်၊ ခြုံနွယ်တို့၏ အကြား၌နေလေ့ရှိ၏။ ထိုဥဒ္ဒုမာယိကဘားသည်။ လှံတံဒုတ်ဖြင့်။ ပုတ်ခတ်မိသည်ရှိသော်။ စိတ်မာန်တက်ကြွ၍။ တရွေ့ရွေ့ကြီးသဖြင့် ဥသျှစ်သီးမှည့်ပမာဏ။ ဝန်းသောလုံးသော။ ကိုယ်ရှိလျက်။ ခြေလေးဘက်တို့သည်။ မြေထက်မတင်။ ကောင်းကင်သို့ မြှောက်ကြွလျက်၊ သွားခြင်းငှါ မတတ်နိုင်သဖြင့်။ ရန်သူတို့၏လက်သို့။ ရောက်၍။ ကျီးစွန်စသည်တို့၏။ အစာဖြစ်သကဲ့သို့။ ထို့အတူ။ အမျက်ဒေါသဟူသည်။ ရှေးဦးစွာစိတ်နောက်ကြုံ့မှုသာဖြစ်စေသည်။ ထိုခဏ၌ အမျက်ဒေါသကို။ မတားအမြစ်နိုင်ခဲ့သော်။ ကြီးပွား၍။ မျက်နှာအသွင်ဘောက်ပြန်ခြင်းကို၊ ဖြစ်စေတတ်၏။ ထိုအခါ အမျက်ဒေါသကို။ မတားနိုင်ခဲ့သော်။ ခံတွင်းမေးဖျား။ တုန်လှုပ်ခြင်းကို။ ဖြစ်စေတတ်၏။ ထိုအခါ အမျက်ဒေါသကို။ မတားမမြစ်နိုင်ခဲ့သော်။ မကြားကောင်းမနာသာ ယုတ်မာသော၊ နင်၊ သင်၊ အို၊ ဟယ်-သယ်ဟူ၍ နှုတ်မြွက်ခြင်းကို။ ဖြစ်စေတတ်၏။ ထိုအခါ ၎င်းအမျက်ဒေါသကို။ မတားမမြစ်နိုင်ခဲ့သော်။ အရှေ့အနောက်။ တောင်မြောက်ကြည့်ရှုခြင်းကို၊ ဖြစ်စေတတ်၏။ ထိုအခါ ၎င်းအမျက်ဒေါသကို။ မတားမမြစ်နိုင်ခဲ့သော်။ ဆွဲယမ်းကိုင်ငင်ခြင်းကို။ ဖြစ်စေတတ်၏။ ထိုအခါ၎င်း အမျက်ဒေါသကို။ မတားမမြစ်နိုင်ခဲ့သော်။ လက်ဖြင့် အုတ်ကျောက်လှံတံ။ သံလျက်ခက်ရင်းစသည်ကို။ ကိုင်စွဲခြင်းကို။ ဖြစ်စေတတ်၏။ ထိုအခါ ၎င်းအမျက်ဒေါသကို။ မတားမမြစ်နိုင်ခဲ့သော်။ လက်ဖြင့် ကိုင်စွဲအပ်ပြီးသော။ အုတ်ကျောက်လှံတံ။ သံလျက်ခက်ရင်း။ စသည်တို့ဖြင့်။ ပုတ်ခတ်ခြင်းကို။ ဖြစ်စေတတ်၏။ ထိုအခါ၎င်း အမျက်ဒေါသကို၊ မတားမမြစ်နိုင်ခဲ့သော်။ မိမိကိုယ်ကိုပင်။ မိမိ၏လက်နက်ဖြင့်။

သေအောင်။ သူတပါးအားလည်း၊ သေအောင်။ မိမိပြုလုပ်အပ်သကဲ့သို့။ အတုန့် ပြန်သောအားဖြင့်။ တယောက်သည်။ တယောံအား။ သေကျေပြုန်းတီး။ ပျက်စီး အောင်ပြုတတ်၏-ဟူ၍။ ။ ✳ ပပဉ္စသုဒနီမည်သော။ မဇ္ဈိမနိကာယ် အဠကထာ၌ လာသည်ကို။ နှလုံးသွင်းလျက်။ အမျက်ဒေါသကို။ နှိဂ်နင်းကုန်ရာသည်။ ။ အမျက်ဒေါသကြီးကုန်သောသူတို့၏ သဘောကား။ ရှားမီးထင်းစတည်း။ မီးထင်း စနှင့်တူပုံကား။ ရှားမီးထင်းစ၊ မီးထင်းစတို့၏ သဘောသည်။ ပကတိအားဖြင့် ပင်။ တဖြတ်ဖြတ်မီးပွါး။ ထလျက်တည်၏။ ဒုတ်လုံတံဖြင့်။ ပုတ်ခတ်သော်ငင်း။ ခံတွင်းလေစသည်ဖြင့်။ မှုတ်သော်ငင်း။ အတိုင်းထက်အလွန်။ တဖြတ်ဖြတ်မီးပွား ကို။ လွင့်စေတတ်သဖြင့်။ မချဉ်းမကပ်ဝံ့ကြသကဲ့သို့။ ထို့အတူ။ အမျက်ဒေါသကြီး ကုန်သော။ သူတို့၏ သဘောသည်။ ပကတိအားဖြင့်။ ကြမ်းထမ်းခက်ထန်။ စောင်းမာန်တက်ကြွားလျက်။ နေထိုင်သွားလာလေ၏။ မထောက်မထား။ မလေး မစားသော။ မိလက္ခုတို့ ဝေါဟာရ။ အပ္ပသုတတို့၏စရိယဖြင့်။ နင်-သင်-အို-ဟယ်- သယ်-စသော စကားကို ကြားရပြန်ခဲ့သော်။ ငါကဲ့သို့ သောသူကိုပင်။ မလေးမစား။ မထောက်မထားမူ၍။ ဤသို့ဆိုရမည်လောဟု။ အတိုင်းထက်အလွန်။ ကြမ်းထမ်း ခက်ထန်။ စောင်းမာန်ထလျက်။ မစောင့်မချုပ်နိုင်ရှိကုန်၏။ အမျက်ဒေါသ ကြီးသော။ သူတို့၏သဘောသည်။ မပြတ်မှီဝဲ။ ဆည်းကပ်ပါသော်လည်း။ ဤသူ ဆည်းကပ်မှုငါ၏ ကိစ္စ။ ပြီးသည်မဟုတ်။ ဤသူဖြင့်ငါ့အား အကျိုးမရှိဟု။ အမျက်ထွက်သည်သာလျှင်တည်း။ မဆည်းမကပ်ဘဲ။ နေပြန်ပါသော်လည်း။ ငါ အားမဆည်းမကပ်သောသူဟူ၍။ အမျက်ထွက်သည်သာလျှင်တည်း။ ထို့ကြောင့်။ ။ မနောရထပူရဏီမည်သော။ အင်္ဂုတ္တရနိကာယ်အဠကထာ၊ ပုဂ္ဂလပညတ် အဠကထာတို့၌။ ။

✳ ယသ္မာ ကောဓနောအတိသေဝိယမာနော အတိဥပသင်္ကမိယမာနော ကုဇ္ဈ တိယေဝ။ ကိံဣမိနာတိပဋိက္ကမေဝိကုဇ္ဈတိယေဝ။ တသ္မာပလာလဂ္ဂိဝိယ အဇ္ဈုပေ က္ခိတဗ္ဗောတိဝုတ္တံဟောတိ။။ ဟူ၍မိန့်အပ်ပြီ။

ယသ္မာ။ အကြင့်ကြောင့်။ ကောဓနော။ အမျက်ကြီးသောသူသည်။ အတိသေ ဝိယမာနော။ လွန်စွာမှီဝဲအပ်သည်ရှိသော်။ အတိဥပသင်္ကမိယမာနော။ လွန်စွာ ဆည်းကပ်အပ်သည်ရှိသော်။ ဣမိနာ။ ဤသူဖြင့်။ ကိံ၊ အဘယ်အကျိုး၊ ရှိပါချေအံ့ နည်း။ ဣတိ။ ဤသို့။ ကုဇ္ဈတိယေဝ။ အမျက်ထွက်သည်သာလျှင်တည်း။ ပဋိက္က မေပိ။ မမှီဝဲမဆည်းကပ်။ နောက်ရပ်ဆုတ်ခွာ။ ရှောင်ကြဉ်ခါ နေပါသော်လည်း။ ကုဇ္ဈတိယေဝ။ အမျက်ထွက်ပြန်တော့သည်သာလျှင်တည်း။ တသ္မာ။ ထို့ကြောင့်။ ပလာလဂ္ဂိဝိယ။ ကောက်ရိုးမီးကိုကဲ့သို့။ အဇ္ဈုပေက္ခိတဗ္ဗော။ လစ်လျူရှု၍သာနေ

အပ်၏။ ဣတိ။ ဤသို့။ ဝုတ္တံ။ ဝုတ္တော။ ဆိုလိုသည်။ ဟောတိ။ ဖြစ်၏။ ။ ဤကား ယောဇနာ။

ကောက်ရိုးမီးတို့၏။ သဘောသည်။ အနီးသို့ချဉ်းကပ်၍ လှုံသည်ရှိသော် ပူလောင်တတ်၏။ အဝေးသို့ဆုပ်ခွာ၍။ လှုံသည်ရှိသော်။ အချမ်းကိုမဖျောက်နိုင်။ ထို့ကြောင့်။ အနီးသို့လည်း မချဉ်းမကပ်လွန်း။ အဝေးသို့လည်း မဆုပ်မခွာလွန်း။ လစ်လျူပြု၍။ လှုံအပ်သကဲ့သို့၊ အမျက်ဒေါသ ကြီးသောသူကိုလည်း။ မချဉ်းမကပ် လွန်း။ မဆုပ်မခွာလွန်းဘဲ။ လစ်လျူသာရှုအပ်၏ဟူ၍ငင်း၊ အဋ္ဌကထာတို့၌ လာ သော ဥပမာဖြင့် မှတ်သားရာ၏။ ။ အမျက်ဒေါသကို နှိုင်နင်းရာသော၊ အခြင်းအရာကိုလည်း။ ဤသို့မှတ်အပ်၏။ ။ ဤသူသည်ငါ့အား။ အမျက်ထွက် သဖြင့်။ ငါ၏သဒ္ဓါ-သီလ-သုတ-စာဂ-စသည်ကို မဖျက်ဆီးနိုင်။ အမျက်ထွက်သော သူသည်။ မိမိ၏ သဒ္ဓါ-သီလ-သုတ-စာဂ စသည်တို့ကိုသာ။ ဖျက်ဆီးတတ်၏။ ဤသို့ဖြစ်လျက်။ အဘယ်ကြောင့်။ ငါပြန်၍။ အမျက်ထွက်တော့အံ့နည်းဟု။ ဆင်ခြင်၍။ ခန္တီတရားကိုသာ၊ ပွားစေကုန်ရာသည်။ ။ "ဘုရားအလောင်းတော် ဘူရိဒတ်။ နဂါးမင်းသည်။ မိမိ၏ကျေးဇူးကို။ ချေပသော။ နေသာဒပုဏ္ဏားအား။ ထွားထွားညက်ညက်။ ဖျက်ဆီးသတ်ညှစ်ခြင်းငှါ။ စွမ်းနိုင်ငြားလျက်လည်း။ တရား ကိုဆင်ခြင်၍။ သည်းခံသောထုံး"။ ။ "အသက်သေကြောင်းကြံသော။ မိန်းမယုတ် အား။ သတ်ညှင်းဆဲခြင်းကို။ မပြုဘဲ။ သည်းခံတော်မူသော။ ဘုရားလောင်း ပဒုမ မင်းသား၏ထုံး"။ ။ "ဒေဝဒတ်အလောင်း။ ကလာပုမင်း၏ ညှင်းဆဲကလူမှုသည် ကို သည်းခံ၍ အမျက်ဒေါသကို။ စောင့်ချုပ်နိုင်သော။ ခန္တီဝါဒီ။ ရှင်ရသေ့ထုံး" ဤသို့ စသည်ဖြင့်။ ရှေးရှေးကုန်သော။ ဘုရားအလောင်း။ သူတော်ကောင်း တို့၏ထုံးများကို နှလုံးထားရာသည်။ ။

ကင်္ခေနိပါတ်ကေပဏ္ဏဇာတ်၌လည်း။ ။ ဒိဋ္ဌေယေဝဓမ္မေကောဓနောပုဂ္ဂလော။ မဏ္ဍိတာသာဓိတောဝိဒုဗ္ဗဏ္ဏောဝဟောတိ။ ပုဏ္ဏစန္ဒသသိရိကမ္ပိဿမုခံ။ ဇာလာဘိ ဟတံ-ပဒုမဝိယမလဂ္ဂဟိတံကဥ္စနာဒသမဏ္ဍလံဝိယရူပံဟောတိ။ ဒုဒ္ဒသိကံကောဓံ နိဿာယ။ သတ္တာသတ္ထံအာဒါယအတ္တနာဝ အတ္တာနံ ဟနန္တိ။ ဝိသံခါဒန္တိ။ ရဇ္ဇုယာဒု ဗ္ဗန္ဓန္တိ။ ပပါတာ။ ပတန္တိ-ဇေံကောဓဝသေန ကာလံကတွာ နိရိယာဒိသုဥပပဇ္ဇန္တိ။" ။ ဟူ၍လာ၏။

ဒိဋ္ဌေယေဝဓမ္မေ။ မျက်မှောက်သောကိုယ်၏အဖြစ်၌သာလျှင်။ ကောဓနော မျက်စောင်းမာန်လို။ စိတ်တိုသော။ ပုဂ္ဂလော။ ပုဂ္ဂိုလ်သည်။ မဏ္ဍိတပသာဓိ တောပိ။ ဝတ်စားတန်ဆာ။ လှပစွာပင်။ ဆင်ယင်အပ်သော်လည်း။ ဒုဗ္ဗဏ္ဏောဝ။ မျက်နှာပုပ်သိုး။ အရုပ်ဆိုးသည်သာလျှင်။ ဟောတိ။ ဖြစ်၏။ အဿ။ ထိုဒေါသ

ရန်လို။ စိတ်တိုသောသူ၏။ မုခံ။ မျက်နှာသည်။ ပုဏ္ဏစန္ဒသသီရိကမ္ဗိ။ လပြည့်ဝန်း နှင့်အတူ အသရေပင်ရှိလင့်ကစား။ ဝါ။ သော်လည်း။ ဇာလာဘိဟတံ။ မီးလျှံဖြင့် ထိခိုက်သော။ ပဒုမံဝိယ။ ပဒုမ္မာကြာကဲ့သို့။ မလဂ္ဂဟိတံ။ အညစ်အကြေးဖြင့် လိမ်းကျံအပ်သော။ ကဥ္စနာဒါသမဏ္ဍလံဝိယ။ ရွှေကြေးမုံဝန်းကဲ့သို့ငှင်း။ ဝိရူပံ။ အဆင်းမလှသည်။ ဟောတိ။ ဖြစ်၏။ ဒုဒ္ဒသိကံ။ မျက်နှာအောင့်သက်၊ ကြမ်းထမ်း စွာ အကဲထွက်သောကြောင့်။ မြင်သူတို့က အကြည့်ခက်သည်။ ဟောတိ။ ဖြစ်၏။ ကောဓံ။ အမျက်ကို။ နိဿာယ။ မှီကုန်၍ သတ္တာ။ သတ္တဝါတို့သည်၊ သတ္ထံ။ လက်နက်ကို။ အာဒါယ။ ယူ၍။ အတ္တနာဝ။ မိမိသည်သာလျှင်။ အတ္တာနံ။ မိမိ ကိုယ်ကို။ ဟနန္တိ။ သတ်တတ်ကုန်၏။ ဝိသံ။ အဆိပ်ကို။ ခါဒန္တိ။ စားကုန်၏။ ရဇ္ဇု ယာဥဗ္ဗန္ဓန္တိ။ သေဆွဲမူကုန်၏။ ဝါ။ မမှီမြင့်မား။ တိုင်ဖျားသစ်ပင်။ ထုပ်လျှင်ဌာန။ ကြိုးစရစ်ပတ်။ လည်ညှပ်ဖွဲ့နှောင်။ သေအောင်ခုန်ဆင်း။ သေခြင်းတွဲလဲ။ သေ ကြိုးဆွဲ၍။ သေတတ်ကြကုန်၏။ ပပါတာ။ ချောက်ကမ်းပြတ်မှ။ ပတန္တိ။ ခုန်ဆင်း လိုမ့်ချကြကုန်၏။ ဇဝံ။ ဤသို့။ ကောမဝသေန။ ကောဓရန်မက်။ အမျက်ဒေါသ၏။ အစွမ်းအားဖြင့်။ ကာယံကတွာ။ သေကုန်၍။ နိရိယာဒီသု။ ငရဲ စသည်တို့၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ကြရကုန်၏။ ဤကားယောဇနာ။ ။

ဤသည်လျှင်။ ဒေါသတရားကို။ သိမ်းဆည်း ဆင်ခြင် အပ်ကြောင်း အခဏ်းပြီး၏။

၇၈ ～ 78

အမျက်ဒေါသကို။ ထိန်းသိမ်းစောင့်ရှောက်သည်းခံခြင်း၏။ အကျိုးထူးဖြစ်ကြောင်း ဒုတိယ။ တင်လျှောက်သောအခဏ်း။

အမျက်ဒေါသကိုထိန်းသိမ်း။ စောင့်ရှောက်ကုန်သည်ဖြစ်၍။ သည်းခံခြင်း။ ခန္တိ တရား။ ပွားများစေကုန်ရာ၌။ အကျိုးအာနိသံသကိုလည်း။ ။ “ပဋိမေတိက္ခဝေအာ နိသံသာကတမေပဥ္စဗဟုနောဇနေဿပိယောဟောတိ။ မနာပေါအဝေရဗဟုလော ဟောတိ။ အနဝဇ္ဇဗဟုလောစ-အသံရဠောကာလံကရောတိ။ ကာယဿဘေဒါပရံ မရဏာသုဂတိံသဂ္ဂလောကံဥပပဇ္ဇတိ။ ဣမေခေါဘိက္ခဝေ ပဥ္စအာနိသံသာခန္တိ ယာ။” ။ ဟုလာသောအင်္ဂုတ္တိုရ် ပါဠိတော်ဖြင့် သိအပ်၏။ ။

ဘိက္ခဝေ။ ရဟန်းတို့။ ခန္တိယာ။ သည်းခံခြင်း၏။ အာနိသံသာ။ အကျိုးတို့သည်။ ဣမေပဉ္စ။ ဤငါးပါးတို့တည်း။ ကတမေပဉ္စ။ အဘယ်ငါးပါးတို့နည်းဟူမူကား။ ဗဟုနောဇနေဿ။ လူများအပေါင်း၏။ ပိယော။ ချစ်အပ်သည်။ မနာပေါ။ နှစ်သက်အပ်သည်။ ဟောတိ။ ဖြစ်၏။ အဝေရဗဟုလောစ။ ရန်မများသည်လည်း။ ဟောတိ။ ဖြစ်၏။ အနဝဇ္ဇဗဟုလောစအပြစ်မများသည်လည်း။ ဟောတိ။ ဖြစ်၏။ အသံမုဠှော။ မတွေမဝေဘဲ။ ကာလံကရောတိ။ သေလွန်ရ၏။ ကာယဿ။ ကိုယ်ခန္ဓာ၏။ ဘေဒါ။ ပျက်စီးသည်မှာ။ ပရံမရဏာ။ သေသည်နောက်မှ၌။ သုဂတိံ။ ကောင်းမှုကုသိုလ်ကိုပြုသောသူတို့လားရာဖြစ်သော။ သဂ္ဂလောကံ။ နတ်ပြည်၌။ ဥပပဇ္ဇတိ။ ဖြစ်ရလေ၏၊ ဘိက္ခဝေ။ ရဟန်းတို့။ ခန္တိယာ။ သည်းခံခြင်း၏။ အာနိသံသာ။ အကျိုးတို့သည်။ ဣမေပဉ္စ။ ဤငါးပါးတို့တည်း။ ။ ဤကားပါဠိတော်၏အနက်။

ဤကားဒေါသကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။ ခန္တိအာနိသံသ
ဒုတိယအခဏ်းပြီး၏။

၇၉ ～ 79

ရေမြေသေဌ်နင်းမင်းတို့သည် အထူးအားဖြင့်။ အမျက်ဒေါသကို သိမ်းဆည်းအပ်ကြောင်းဖြင့် တတိယတင်လျှောက်သောအခဏ်း။

ရေမြေသေဌ်နင်းမင်းတို့သည်။ အထူးအားဖြင့်။ အမျက်ဒေါသကို။ နှိဂ်နင်းကုန်ရာသည်။ ထိုစကားမှန်၏။ တပါးကုန်သောသူတို့သည်။ အမျက်ထွက်ငြားသော်လည်း။ ရန်သူ၏အကျိုးမဲ့ကို။ ကြံစည်ရာ၌။ အပြီးအဆုံးသို့။ တိုင်ရောက်နိုင်ခဲ၏။ ရေမြေသေဌ်နင်းမင်းတို့။ အမျက်ထွက်သည်ရှိသော် တခဏခြင်းဖြင့်သာလျှင်။ ရန်သူ၏အကျိုးမဲ့ကို။ ကြံစည်ရာ၌။ အပြီးအဆုံးသို့။ တိုင်ရောက်ရာသည်။ ရေမြေသေဌ်နင်း။ မင်းတို့မည်သည်။ တခွန်းတည်းသော။ စကားဖြင့်သာလျှင်။ ရာထောင်မကကုန်သောသူတို့၏။ ပျက်စီးခြင်းကို။ ပြုနိုင်ကုန်သည်။ ထို့ကြောင့်။ ဒေါသကိုချုပ်တည်းရာသည်။ ထို့ကြောင့်။ ။ "တာတအဉ္ဇေသံဟိကောဓေါခိပ္ပံ မတ္တကံနပါပုဏာတိ။ ရာဇူနံပနပါပုဏာတိ။ ရာဇာနော နာမဝါစာဝုဓါ။ ကုဇ္ဈိတွာ ဩလောကိတမတ္တေနဝိပရံ ဝိနာသေန္တိ၊ တသ္မာရညာအဉ္ဇေဟိမနုဿေဟိအတိရေကတရံ-နိကောဓေနဘဝိတဗ္ဗံ။" ။ ဟူ၍တေသကုဏဇာတ်၌လာသည်။ ။ တာတ။ ခမည်းတော်မင်းမြတ်။ အညေသံ။ မင်းမှတပါးကုန်

သောသူတို့၏။ ကောခေါ။ အမျက်သည်။ ခိပ္ပံ၊ လျှင်စွာ။ မတ္တကံ။ ပြီးဆုန်းခြင်းသို့။ နပါပုဏာတိ။ မရောက်ထည့်နိုင်။ ရာဇုနံပန။ မင်းတို့အားကား။ ပါပုဏာတိ။ ရောက်လွယ်၏။ ရာဇာနောမ။ မင်းတို့မည်သည်ကား။ ဝါစာဝုဓါ။ စကားလျှင် လက်နက် မည်ကုန်သည်။ ကုဇ္ဈိတွာ။ အမျက်ထွက်၍။ ဩလောကိတမတ္တေနာဝိ။ ကြည့်ကာမျှဖြင့်လည်း။ ပရံ။ သူတပါးကို ဝိနာသေန္တိ။ ပျက်စီးစေနိုင်ကုန်၏။ တသ္မာ။ ထို့ကြောင့်။ ရညာ။ မင်းသည်၊ အညေဟိ။ တပါးကုန်သော။ မနုဿေဟိ။ လူတို့ထက်။ အတိရေကတရံ။ လွန်စွာ။ နိကောဓေနေ။ အမျက်နည်းသည်။ ဘဝိတ ဗ္ဗံဖြစ်ရာ၏။ ။ ဤကားယောဇနာ။ ။

အမျက်ဒေါသဟူသော။ အတွင်းရန်ကို။ အောင်စေကုန်ရာသည်။ တဆယ့်ရှစ် ခေါဘဏီ။ စစ်သည်အပေါင်းတို့ဖြင့်။ ဝန်းရံ၍ လုပ်ကြံလာသော။ ပဉ္စာလရာဇ်မင်း ကို။ မရင်းစပါးစု၍။ ကျဝဲပေါင်းဆုံလာကုန်သော။ အိမ်စာငယ်အပေါင်းတို့ကို။ တ ချောင်းသောလုံတံဖြင့်။ ပုတ်ခတ်၍တပေါင်းတည်းထွက်ပြေးစေဘိသကဲ့သို့။ ထွက် ပြေးခွါသွားစေသဖြင့်။ ဝိဒေဟရာဇ်မင်း၏။ အောင်ခြင်းမင်္ဂလာသည်။ အမျက်ဒေါသ ဟူသော။ အတွင်းရန်ကို။ တွန်းလှန်နှိုင်နင်းအောင်ခြင်းပဝတ္တာ။ ကာရဏကြောင်း ဟိတ်ကို။ ထောက်သော်။ တဆယ့်ခြောက်စိပ်စိပ်၍။ တစိပ်ကိုမျှသော်လည်း မမှီ နိုင်လေ။ ဟူသော။ မဟောသထ။ ဇာတကကို။ ယူဆသင့်ပါကြောင်း။

ဤကားမင်းတို့သည်။ ဒေါသကို။ အထူးထိန်းသိမ်းရာ။
တတိယ။ အခဏ်းပြီး၏။

၈၀ ～ 80

မင်းတို့သည်ကျီစယ်မှုမှရှောင်ကြဉ်ရာအခဏ်း။

ရေမြေသေဌ်မင်း။ မင်းမှစ၍။ သူခပ်သိမ်းတို့ပင်။
ရယ်ရွှင်ပျက်ရယ်မှုကို။ ရှောင်ကြည်ရာသောအကြောင်းနှင့်
စတုတ္ထမြောက်။ တင်လျှောက်ခြင်း အခဏ်း။

ရေမြေသေဌ်နင်း။ မင်းတို့သည်။ ဟော်ဟော်-ဟံဟံ-ဟားဟားပြု၍မရယ်မ ရွှင်။ ခြင်္သေ့မင်းကဲ့သို့။ ရဲတင်းသော။ ဣန္ဒြေကိုဖြစ်စေလျက်။ နေရာသည်။ သူတ ပါးတို့အား။ ပျက်ရယ်မှုကိုပြု၍။ ပေါ်ပေါ်လွင်လွင်။ ရယ်ရွှင်ခြင်းသဘော။ စရိုက်

ပြောသဖြင့်။ နေ့ရက်ကိုမကုန်စေရာ။ သူတပါးတို့မှာ။ ပျက်ရယ်ပြု၍ ကျီစယ်ငြား သော်လည်း။ တဘက်သားကငြိုငြင်လျှင်။ အလိုရှိတိုင်း။ မကျီစယ်ရ။ ရေမြေသေ ဌ်နှင်း။ မင်းတို့မှာမူကား။ တုဘက်ဝံ့ မည်သူမရှိရကား။ အလိုရှိတိုင်း။ ကျီစယ် လျှင်။ ကြေးကျွန်မှူးမတ်တို့။ ရှက်ကြောက်သဖြင့်။ စိတ်ညစ်ညူးလျက်နေရ သည်။ ဝမ်းထည်းကသော်ကား။ မခံချိနိုင်လေ။ ဝိပါတ်ဝါသနာပါခြင်း၏။ အကြောင်းလည်းဖြစ်ချေသည်။ ထို့ကြောင့် စကားကျီစယ်။ ပျက်ရယ်ပြုခြင်း၌။ သူတပါးတို့ထက်။ ရေမြေသေဌ်နှင်းမင်းတို့သည်။ စောင့်စည်းကုန်ရာသည်။ သူတ ပါးတို့အားလည်း။ မြစ်တားကုန်ရာသည်။ ထို့ကြောင့်။ ။ စတ္တာလီသနိပါတ် သကု ဏဇာတ်အဋ္ဌကထာ၌။ ✳ ။ ရညာနာမကေဠိသီလေနနဘာဝိတဗ္ဗံ။ ဟူ၍ဖွင့်ပြ အပ်သည့်အတိုင်း ရှောင်ကြဉ်အပ်၏။ ရညာနာမ၊ မင်းမည်သည်ကား။ ကေဠိသီ လေန။ ဟော်ဟော်-ဟံဟံ-ရယ်ရွှင်မှုကို။ ပြုလေ့ရှိသည်။ ဝါ။ ဟီဟီဟားဟား၊ ကစားလှောင်ပြောင်။ ဂုဏ်ရောင်သေးနုကျီစယ်မှုကို။ ပြုလေ့ရှိသည်။ နဘာဝိတဗ္ဗံ။ မဖြစ်ရာ။ ဤကားယောဇနာ။

ဟော်ဟော်ဟံဟံ-ဝေါဟာရသည်။ ရှေးပဝေဏီ၊
ထားဝယ်ဘာသာတည်း။ ။ ဤကားအမှာစကားတည်း။

၈၁ ～ 81

ရယ်ရွှင်ပြောင်လှောင်။ ကျီစယ်မှုကြောင့်။ လကုဏ္ဍဘဒ္ဒိယမထေရ်၏။ ဝိပါက်လိုက်ဟန်။ ပုံစံဝတ္ထုကို။ ပဋ္ဌမ မြောက်လျှောက်တင်သောအခဏ်း။

ရယ်ရွှင်ပြောင်လှောင်။ ကျီစယ်မှုကိုပြုရာ၌။ အပြစ်များသော။ ဝတ္ထုသက်သေ ကား။ ၊ တရံရောအခါ။ မြတ်စွာဘုရားသခင်သည်။ သာဝတ္ထိပြည်။ ဇေတဝန်ကျောင်းတော်၌။ သီတင်းသုံးနေတော်မူသည်ရှိသော်။ မြတ်စွာဘုရား သခင်ကို။ ဖူးမြင်အံ့သောငှါ။ လာကြကုန်သော။ ရဟန်းသုံးကျိပ်တို့သည်။ ဇေတဝန်ကျောင်းတော် အဝင်တွင်။ အရှင်လကုဏ္ဍဘဒ္ဒိယမထေရ်နှင့်။ တံခါးမုတ် ဝ၌။ တွေ့ဆုံမိကြသဖြင့်။ သာမဏေငယ်ဟူသော အမှတ်ဖြင့်။ သက်န်းစွန်း၌။ ကိုင်ငင်ဆွဲလှုပ်လျက်။ ဥက္ကောင်းနားရွက်စသည်ကို။ သုံးသတ်၍ ကျီစယ်ကြပြီး

လျှင်။ ဘုရားသခင်ထံတော်သို့။ ဝင်ရောက်ဖူးမြော်ကြကုန်၏။ ထိုအခါ အလ္လာပ။ သလ္လာပပြောဆိုလျှောက်ထားပြီးလျှင်၊ တရားတော်အရာ၌။ အလွန်လိမ္မာဆန်းကျယ်၏ဟူ၍။ ကျော်စောသော။ အရှင်လကုဏ္ဍာဘဒ္ဒိယမထေရ်ကို။ မြင်လိုကြသလောဟု မေးတော်မူ၏။ ဩော်ဘုန်းတော်ကြီးမြတ်သောအရှင်ဘုရား။ မြင်လိုပါကုန်၏ဟု။ လျှောက်ထားကြလျှင်။ တံခါးမုတ်အဝင်တွင်၊ သင်တို့သည်။ သက်န်းစွန်း၌ ကိုင်ငင်။ ဆွဲလှုပ်လျက်။ ဥက္ကောင်းနားရွက် စသည်တို့ကို။ သုံးသတ် ကျီစယ်ကဲ့ကြသည်ကား။ လကုဏ္ဍာဘဒ္ဒိယ ပင်တည်းဟု၊ မိန့်တော်မူလေသော်။ ဤကဲ့သို့သောမဟာသာဝက။ ပစ္ဆိမဘဝိက။ ပုဂ္ဂိုလ်အစစ်။ ဖြစ်ပါလျက်။ ယွင်းပျက်ဘောက်ပြန်။ သဏ္ဌာန်မလှ။ ရူပမဖွယ်။ သေးငယ်ပုကွရသော အကြောင်း၊ မကောင်းမှုကား။ အဘယ်သို့ဖြစ်မည်နည်းဟု။ ရဟန်းတို့လျှော်ထား၊ တီးတိုးစကား ပြောကြားခါ။ နေကြလေကုန်၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည်။ ဤသို့မေးတော်မူသတတ်၊ ရဟန်းတို့။ အဘယ်စကားဖြင့်။ ပြောကြားခါနေကြကုန်သနည်းဟု။ မေးတော်မူသော်။ ဤမည်သောစကားဖြင့်။ ပြောကြားနေကြပါကြောင်း။ လျှောက်ထားလေလျှင်။ အတိတ်ကိုဆောင်တော်မူ၍။ ငါ၏ချစ်သားရဟန်းများတို့။ ။ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ်။ ဗြဟ္မဒတ်မင်း။ မင်းမူသည်ရှိသော်။ ငါဘုရားအလောင်းတော်သည်။ တာဝတိံသာနတ်ပြည်၌။ သိကြားမင်းဖြစ်၏။ ထိုအခါ၊ ဗြဟ္မဒတ်မင်းအား။ ဇရာဇိဏ္ဏဖြစ်၍။ ကြီးရင့်အိုမင်းကုန်သော။ ဆင်မြင်းကျွဲနွားစသည်တို့ကို။ မပြဝံ့ကြ။ ရဇာဇိဏ္ဏဖြစ်၍။ ကြီးရင့်အိုမင်းကုန်သော။ ဆင်မြင်းကျွဲနွား။ စသည်တို့ကိုမြင်လျှင်။ ရယ်ရွှင်သောအမှု။ ပျက်ရယ်ပြုလျက်။ ချောက်လှန့်မောင်းနှင့်စေ၏။ ဟောင်းနွမ်းသော။ လှည်းရထားတို့ကို၊ သိမြင်လျှင်။ ချိုးဖျက်စေ၏။ မိန်းမအိုများကိုမြင်လျှင်လည်း။ ခေါ်စေ၍ ရင်၌ပုတ်လည်းစေပြီးမှ။ ထ၍ကြောက်လန့်တကြား။ ပြေးသွားစေ၏။ ယောကျ်ားအိုတို့ကို။ မြင်လျှင်လည်း။ တံခါးကျည်းကိုကဲ့သို့၊ လိမ့်၍ လိမ့်၍၊ ကစားစေ၏။ မမြင်ဘဲလည်း။ ဤမည်သောအိမ်၌၊ သူအိုရှိသည်ဟု၊ ကြားလျှင်လည်း။ ခေါ်စေ၍။ ပင်ပန်းအောင်ပြုလျက်။ ကစား၏။ ထိုအခါ လူတို့သည်။ ရှက်ကုန်သည်ဖြစ်၍။ သက်ကြီးရွယ်ရင့်သော။ မိဘတို့အား။ တိုင်းတပါးသို့။ ပို့ကြကုန်၏။ မာတာပီတုဥပဋ္ဌာန။ မင်္ဂလာတရားသည်။ ကွယ်ပျောက်သကဲ့သို့ ဖြစ်၏။ မင်းကိုအမှီပြု၍။ မင်းခယောကျ်ားတို့လည်း။ မင်းကဲ့သို့ ပြက်ရယ်မှုကို၊ ပြုလေ့ရှိကြကုန်၏။ တမလွန်သို့၊ ပြောင်းသွားကြကုန်သောသူတို့သည်။ အပါယ်လေးပါးသို့သာ၊ သွားကြလေကုန်၏။ နတ်ပြည်၌ကား။ မတရားသော၊ ရွာစားရှင်၏ရွာသည်။ ဝင်လာကပ်ရှားသူ နည်းပါးလေသကဲ့သို့။ အပွားအတိုးမရှိကုန်။

ထိုအခါ သိကြားမင်းသည်။ အကြောင်းကိုဆင်ခြင်လတ်သော်။ ထိုအကြောင်းကို သိ၍။ ပြဟ္မဒတ်မင်းအား ဆုမ္မအံ့သောငှါ။ လူအိုအယောင်ဘန်ဆင်းလျက်။ ခြခြ ကွဲအက်သောရထား၌။ နှစ်လုံးကုန်သော။ ရက်တက်ရည်အိုးတို့ကိုတင်၍။ နွားအို နှစ်ခုကိုကပြီးလျှင်။ ပြဟ္မဒတ်မင်း၏ မြို့သို့။ လှည့်လည်ကြည့်ရှုရာ။ နီသောပုဆိုး တို့ကိုဝတ်၍။ ရှေ့တူရူအရပ်သို့မင်းမှတပါး။ အခြားသူတို့သည်။ ငါ့ကိုမမြင် စေသတည်းဟု။ ဓိဋ္ဌာန်ပြီးခါ။ မောင်းနှင်လေသော်။ ပြဟ္မဒတ်မင်း။ မြင်သည် ကာလ။ ဟယ်အချင်းတို့။ လှည်းအိုနှင့် နွားအိုတို့ကို။ ကပြီးလျှင် လူအိုစီးလျက်။ ငါ၏တူရူရှေ့ရှုအရပ်သို့။ နှင့်၍လာသည်ကို။ အဘယ်ကြောင့်။ ကြည့်နေကြ သနည်း။ ဖမ်းဆီးဆွဲငင် ဆောင်ခဲ့ကြလောဟု။ ဆိုလျှင်။ မင်းချင်းယောက်ျားတို့ လည်း။ ထိုမှဤမှ။ ကြည့်ရှုကြသော်လည်း။ မမြင်ကြသဖြင့်။ ယောဂါဝစရပုဂ္ဂိုလ် တို့အား။ စီးဖြန်းဘန်များသဖြင့်။ ကသိဏ်းဝန်းမဏ္ဍလသည်။ ပဋိဘာဂနိမိတ်။ ဥဂ္ဂ ဟနိမိတ်၏ အဖြစ်ဖြင့်။ အရပ်ထက်ဝန်းကျင်၌။ အထူးထင်ဘိသကဲ့သို့။ ငါတို့ မင်းကြီးသည်။ မမြင်လိုရင်းရှိသဖြင့်။ ကစိမ်းကဝါး အရိပ်အရောင်။ ထင်ဟန် ရှိ၏ဟု။ နှလုံးပိုက်၍။ တီးတိုးပြောဆိုကြ၏။ ထိုအခါ မင်းကြီး၏အထက်၌။ တလုံးသော ရက်တက်ရည်အိုးကိုခွဲ၍။ ဆုပ်နစ်ပြန်စေခြင်းငှါ။ တလုံးသော ရက်တက်ရည်အိုးကို။ ခွဲချလောင်းပြန်လျှင်။ ဥက္ကောင်းမှစ၍။ ထိုမှဤမှ စီးကျ လေ၏။ မင်းလည်း။ မိမိအား မထေမဲ့မူသဖြင့်။ အလွန်ရှက်စနိုးရှိလေရကား။ ထို ခဏ၌။ သိကြားမင်းလည်း။ လှည်းနွားတို့ကိုကွယ်စေ၍။ သိကြား၏ အသွင်ကိုပြ ပြီးခါ။ ဝရဇိန်လက်နက်ကို။ လက်မှာကိုင်စွဲလျက်။ ကောင်းကင်၌ရပ်၏။ ဟယ်အ ဓမ္မိကမင်း။ သင်ကားအိုမင်းခြင်းသို့ မရောက်တည့်လော။ သင်၏ကိုယ်ကို။ ဇရာ မင်းက။ ရှောင်ကွင်း၍ ချန်ထားပါမည်လော။ အဘယ်ကြောင့် လူအို လူမင်း စသည်တို့ကို။ နှိပ်စက်ကလူမူဘိသနည်း။ သင်၏နည်းကို အမှီပြု၍။ အလုံးစုံကုန် သော။ မင်းခယောက်ျားတို့သည်။ အတုလိုက်ကြ၍။ တမလွန် ဘဝ၌။ အပါယ် လေးပါးသို့သာ။ လားကြလေကုန်သည်။ လူတို့သည်။ မိဘတို့အား လုပ်ကျွေး မွေးမြူခြင်းကို။ မရကြကုန်။ ဤကဲ့သို့သောအမှုကို။ ပြုကျင့်ခြင်းမှ။ ကြဉ်ရှောင် လေ့။ မကြဉ်ရှောင်သည်ဖြစ်အံ့။ ဤဝရဇိန်လက်နက်ဖြင့်။ သင်၏ ဥက္ကောင်းကို။ ဖြတ်စေအံ့ဟု။ ခြိမ်းချောက်၍။ မိဘတို့၏ ကျေးဇူးကို ပြောဆိုဆုမ္မ။ အသက်အရွယ်။ ကြီးရင့်ကုန်သော သူတို့၌။ အရိုအသေပြုခြင်း၏။ အကျိုးအာနိသံ သကိုပြပြီးခါ။ မိမိနေရာတာဝတိံသာ နတ်ပြည်သို့ပြန်လေ၏။ ပြဟ္မဒတ်မင်း လည်း။ ထိုနေ့မှစ၍။ ထိုကဲ့သို့သော အမှုမျိုးကို။ ပြုကျင့်ခြင်းငှါ။ စိတ်ကိုမျှ မဖြစ် စေ။ ။ မြတ်စွာဘုရားသခင်သည်လည်း ဤသို့အတိတ်ကိုဆောင်တော်မူ၍။ ။

"ဟံသာကောဋ္ဌာမယုရာစ။ ဟတ္ထိယောပသဒါမိဂါ။ သဗ္ဗေသီဟာဿဘာယန္တိ။ နတ္ထိကာယသ္မိံတုလျတာ။ ။ ဧဝမေဝမနုဿေသုံ။ ဒဟရောစေပိ ပညဝါ။ သောတိ တတ္ထမဟာဟောတိ။ နေဝဗာလောသရိရဝါ။"။ ဟူ၍ ဟောတော်မူ၏။ ။

ကောဋ္ဌာစ။ ကြိုးကြာငှက်တို့သည်၎င်း။ မယုရာစ။ ဥဒေါင်း။ တို့သည်၎င်း။ ဟတ္ထိယောစ။ ဆင်တို့သည်၎င်း။ ပသဒါမိဂါစ။ ချေဟုဆိုအပ်ကုန်သောသား တို့သည်၎င်း။ (ပသဒါမိဂါဟူ၍ ပါဌ်ရှိ၏။) ပသဒါစချေတို့သည်၎င်း။ မိဂါစ။ ကြွင်း ကုန်သောသားတို့သည်၎င်း။ သဗ္ဗေခပ်သိမ်းကုန်သော သားငှက်တို့သည်။ သီ ဟဿ။ ခြင်္သေ့မှ။ ဘာယန္တိ။ ကြောက်လန့်ကုန်၏ ကာယသ္မိံ။ ကိုယ်၌။ တုလျတာ။ တူမျှသည်၏ အဖြစ်ကား။ နတ္ထိ။ မရှိ။ ဧဝမေဝ။ ဤအတူသာလျှင်။ မနုဿေသု။ လူတို့၌။ ဒဟရောစေပိ။ ကိုယ်ပင်ငယ်လင့်ကစား။ ပညဝါ။ ပညာရှိတတ်၏။ ဟိသစ္စံ။ မှန်၏။ သော။ ထိုပညာရှိသူငယ်သည်။ တတ္ထ။ ထိုလူအပေါင်းတို့တွင်။ မဟာ။ ကြီးမြတ်သည်မည်သည်။ ဟောတိ။ ဖြစ်၏။ သရိရဝါ။ ကိုယ်ပင်သေးငယ် သော်လည်း။ ဗာလော။ မိုက်သည်။ နေဝဟောတိ။ မဖြစ်သည်သာတည်း။ ။ ဤ ကားဂါထာ၏အနက်။

ငါ၏ချစ်သား။ ရဟန်းများတို့။ လကုဏ္ဍကဘဒ္ဒိယကား၊ ကိုယ်ပင်ကြုံလှီ သော်လည်း။ ပညာဂုဏ်ကြီးသည်သာတည်း။ လကုဏ္ဍကဘဒ္ဒိယကို။ မထေမဲ့မမြင် လင့်ဟု။ မိန့်တော်မူ၍။ သစ္စာလေးပါးကို။ ပြတော်မူ၍။ ဇာတ်တော်ကို။ ပေါင်း တော်မူ၏။ သစ္စာလေးပါးကို။ ပြတော်မူသည်၏အဆုံး၌။ ထိုရဟန်းသုံးကျိပ်တို့ တွင်။ အချို့သောတာပန်။ အချို့သကဒါဂါမ်။ အချို့ အနာဂါမ်။ အချို့ရဟန္တာ ဖြစ် ကုန်၏။ ထိုအခါ ပြက်ရယ်ပြုသော။ ဗြဟ္မဒတ်မင်းသည်။ ယခုအခါ လကုဏ္ဍကဘဒ္ဒိ ယဖြစ်လာ၏။ ထိုသို့ သူတပါးတို့ကို။ ပြက်ရယ်ပြုကုန်သောကြောင့်။ ယခုမိမိအား လည်း။ သူတပါးတို့က။ ပြက်ရယ်ပြုရာသည်ဖြစ်သတည်း။ သိကြားမင်းကား။ ယခုအခါ၊ ငါဘုရားဖြစ်လာ၏ဟု။ ဇာတ်တော်ကိုပေါင်းတော်မူ၏။

ဤဝတ္ထုသက်သေစကားကို။ ထောက်ထားလျက်။ သူတပါးတို့အား၊ ပြက်ရယ် မှုကို။ မပြုရာဟူ၍ မှတ်အပ်၏။ ။ ရှေးဘဝအထူးက။ ပြုဘူးသောမကောင်းမှု ကံ၏။ အကျိုးဆက်ဝိပါက်ဝါသနာကြောင့်။ ဤပစ္စုပ္ပန်ဘဝ၌။ ဤသို့ဖြစ်သည်။ နောင်အနာဂတ်ဘဝ၌။ ဤကဲ့သို့မဖြစ်ရအောင်။ ရှောင်ကြဉ်အပ်၏။ ဤသို့ စသည်ဖြင့်။ အဆုံးအမ၊ ဩဝါဒကို၊ ရှေ့ရှု၍။ ဆိုရာများ၌ကား။ အပြစ်မရှိ မင်းခစါး ယောကျ်ားတို့လည်း။ အရှင်စိုးမင်းတို့က။ ကစားကျီစယ်။ ပြက်ရယ်ပြုသည်ကို၊ ဝမ်းထဲသို၍။ မလိုမုန်းထား။ မမူကုန်ရာ။ ငါတို့ကား အရှင်စိုးမင်း၏။ ဘုန်းတော်ကံ တော်ကို အမှီပြု၍။ အသက်ရှည်ရပေကုန်သည်။ ငါတို့ကြောင့် အရှင်စိုးမင်းတို့

အား။ သံသရာဝန်မလေးသင့်ပေဟု။ သည်းညည်းခံကြကုန်ရာသည်။ ။ ဟံသာကောဥ္စာစ-ဟူသောဂါထာ၌။ ဟံသာစ-ဟသ်ာတို့သည်၎င်း။ ကောဉ္စာစ။ ကြိုးကြာငှက်တို့သည်၎င်း။ ဟူ၍အနက်ပေးလေ။

ဤသည်လျှင်။ ကျီစယ်မှုဝိပါက်လိုက်ဟန်။ လကုဏ္ဍာဘဒ္ဒိယ
မထေရ် ဝတ္ထုအခဏ်းပြီး၏။

၈၂ ~ 82

ရေမြေသေဌ်နင်းမင်းတို့သည်။ မမေ့အပ်သောအရပ်သုံးပါးကို ဆင္ခမမြောက် တင်လျှောက်သောအခဏ်း။

ရေမြေသေဌ်နင်းမင်းတို့သည်။ မမေ့အပ်သော။ အရပ်ကားသုံးပါးတည်း သုံးပါးဟူသော်ကား။ "ဖွားမြင်ရာအရပ်။ အဘိသိက်ခံရာအရပ်။ ရန်အောင်ရာအရပ်။ ဟူ၍သုံးပါးတည်း။" ။ ဤအရပ်သုံးပါးကိုမင်းတို့၊ မမေ့အပ်၊ ထို့အတူ ရဟန်းတို့သည်လည်း၊ ဖွားမြင်ရာအရပ်။ ရှင်ရဟန်းပြုရာအရပ်။ တရားအထူးကိုရရာအရပ်။ ဤအရပ်သုံးပါးကို၊ ရဟန်းတို့မမေ့အပ်ဟူ၍။ ။ တိကနိပါတ်အင်္ဂုတ္တိုရ်၌ဟောတော်မူသည်။ ဤစကားတို့ကို ထောက်၍။ ရှင်ရဟန်းပြုခြင်းသည်။ မင်းတို့အား အဘိသိက်ခံသည့်နှင့်။ တူ၏ဟုသိအပ်၏။ ထိုမှတပါးလည်း တိဿထေရာဂါထာ၌။။ "ဟိတွာသတ ဗလံကံသံ။ သောဝဏ္ဏံသတရာဇိကံ။ အဂ္ဂဟိမတ္တိကာပတ္တံ။ ဣဒံဒုတိယာဘိသေစနံ"။ ။ ဟူ၍လာသည်ကို ထောက်ရှု၍သိအပ်၏။

သောဝဏ္ဏံ၊ ရွှေဖြင့်ပြီးသော၊ သတရာဇိကံ။ အနားရေးတရာရှိသော။ သတဗလံ။ ချိန်ဗိုလ်တရာရှိသော။ ကံသံ။ စားတော်ခွက်လင်ပန်းကို။ ဟိတွာ။ စွန့်ပစ်၍။ မတ္တိကာပတ္တံ။ မြေသပိတ်ကို။ အဂ္ဂဟိ။ ကိုင်စွဲပြီ။ ဣဒံ၊ ဤသည်ကား။ ဒုတိယာဘိသေစနံ။ နှစ်ကြိမ်မြောက် အဘိသိက်သွန်းခြင်းတည်း။ ။ ဤကားဂါထာ၏အနက်။ ။ ၎င်းအဋ္ဌကထာ၌လည်း။ ။

✳ ဘာဇနကိတ္တနာမ ပဒေသေနမုဋ္ဌပရိစ္စာဂံပဗ္ဗဇ္ဇုပဂမနဉ္စအနုမောဒန္တောဝဒတိ။ တေနာဟဣဒံဒုတိယာဘိ သေစနန္တိ ပဌမံရဇ္ဇာဘိယေစနံ။ ဥပါဒါယ ဣဒံပဗ္ဗဇ္ဇုပ ဂမနံ-မမဒုတိယာဘိ သေစနံ-တညိရာဂါဒိဟိ။ သကိလိဋ္ဌသာသက်ံ။ ပရိသက်တောကမ္မံ။ အနတ္ထသံဟိတံ။ ဒုတိယပဋ္ဌ ဗဒ္ဓိနိဟိနံ။ ဣဒံပနတံဝိပရိယာယတောဥတ္တမံ ပဏိတန္တိအဓိပ္ပာယော။ ။ ဟူ၍လာသည်။

ဘာဇနကိတ္တနာမပဒေသေန။ စားတော်ခွက်ကိုကြားခြင်းအမြွက်ဖြင့် ရဇ္ဇပရိစ္စာဂံ။ တိုင်းကားပြည်ရွာကို စွန့်ပစ်ခြင်းကိုငင်း။ ပပဋ္ဌပဂမနဥ္စ။ ရှင်ရဟန်းပြုခြင်းကိုငင်း။ အနုမောဒန္တာ။ ထောမနာလိုသည်ဖြစ်၍။ ဝဒတိ။ ဆို၏။ တေန။ ထိုကြောင့်။ ဘဏ္ဍံ ဒုတိယာဘိသေစနန္တိ။ ဏ္ဍံဒုတိယဘိသေစနံဟူ၍၊ အာဟ။ မိန့်၏။ ပဌမံ။ ရှေးဦးစွာလက်မွန်မဆွက။ ရဇ္ဇာဘိသေစနံ။ မင်း၏အဖြစ်၌ အဘိသိက်သွန်းခြင်းကို။ ဥပါဒါယ။ ထောက်၍။ ဏ္ဍံပဗ္ဗဇ္ဇုဂမနံ။ ဤရှင်ရဟန်းအဖြစ်သို့ရောက်ခြင်းသည်။ ဝါ။ ရှင်ရဟန်းပြုခြင်းသည်။ မမ။ ငါ့အား။ ဒုတိယ ဘိသေစနံ။ နှစ်ကြိမ်မြောက်အဘိသိက်သွန်းခြင်းမည်၏။ ဟိသစ္စံ။ ထိုစကားမှန်၏။ တံ။ ထိုရှေးဦးပဌမ။ လက်မွန်မဆွက။ သွန်းလောင်းအပ်သော မုဒ္ဓါဘိသိက်သည်။ ရာဂါဒိဟိ။ ရာဂစသည်တို့ဖြင့်။ သံကိလိဋ္ဌသာသကံ။ ညစ်ညူးကြောင်းဘေးရန်ရှိ၏။ ပရိသက်တောကမ္မံ။ ရွန်ရှာစက်ဆုတ်ဘွယ်ဘေးရန်နှင့် ပြွမ်းသောအမှုရှိ၏။ အနတ္ထသံဟိတံ။ အကျိုးစီးပွားမဲ့နှင့်စပ်၏။ ဒုတိယပဋ္ဋိဗဒ္ဓံ။ မိဖုရားကြီးငယ်ဟူသောအဖေါ်နှင့်စပ်၏။ တနည်းကား။ ဒုတိယပဋ္ဋိဗဒ္ဓံ။ တဏှာတည်းဟူသောအဖော်နှင့်စပ်၏။ နိဟိနံ။ ယုတ်နိမ့်၏။ ဏ္ဍံပန။ ဤရှင်ရဟန်းပြုခြင်းဟူသော။ ဒုတိယဘိသိက်သည်ကား။ တံဝိပရိယာယတော။ ထိုဆိုအပ်ပြီးသောရာဂစသော။ ညစ်ညူးကြောင်းဘေးရန်စသည်မှပြန်သောအားဖြင့်။ ဥတ္တမံ။ မြတ်၏။ ပဏိတံ။ ဆထက်လွန်ကြူး။ အထူးမွန်မြတ်၏။ ဏ္ဍတိအယံအဓိပ္ပါယော။ ဤကားအလိုတည်း။

ဤသည်လျှင်မမေ့အပ်သောအရပ်သုံးပါးအခဏ်းပြီး၏။

၈၃ — 83

ရေမြေသေဌ်နင်းမင်းတို့သည်။ စကြာမန္ဓာတ်ဖြစ်ခြင်း၏။ အကြောင်းသုံးပါးနှင့် ပြည့်စုံရာသည်ကို သတ္တမမြောက်။ တင်လျှောက်သောအခဏ်း။

ရေမြေသေဌ်နင်းမင်းတို့သည်။ စကြာမန္ဓာတ်ဖြစ်ခြင်း၏။ အကြောင်းသုံးပါးနှင့်။ ပြည့်စုံစေရာသည်။ သုံးပါးဟူသော်ကား။ ဒါနလည်းတပါး။ ယံယမလည်းတပါး။ ဓမ္မလည်းတပါး။ ဟူ၍သုံးပါးဖြစ်သတည်း။ ထိုသုံးပါးတို့တွင် လှူဒါန်းပူဇော်ခြင်းသည်။ ဒါနမည်၏။ ဥပုသ်သီတင်းသုံးခြင်းသည်။ သံယမမည်၏။ ခပ်သိမ်းကုန်သော။ သတ္တဝါအပေါင်းတို့၌။ ချမ်းသာခြင်းကို တောင့်တတတ်သော။ မေတ္တာ

သည် ဓမ္မမည်၏။ ။ ဤတရားသုံးပါးကား။ စကြာမန္တာတ်ဖြစ်ခြင်း၏။ အကြောင်း တည်းဟူ၍။ ဣတိဝုတ်ပါဠိတော်၌။ ဟောတော်မူသည်။ ဤသည်ကား ရေမြေ သေဌ်နင်းမင်း။ တို့ကျင့်ရာ-ဒါနာဒိ-တိက တရားဖြစ်၏။ ။ မင်းတို့မည်သည်။ သည်းခံခြင်း ခန္တီ။ ချစ်မြတ်နိုးခြင်း မေတ္တာ။ သနားခြင်း ကရုဏာ။ ဤတရားသုံးပါး နှင့်ပြည့်စုံစေရာ၏ ဟူ၍။ အဝါရိယဇာတ်၌လာသည်။ ဤသည်ကား။ ရေမြေသေ ဌ်နင်းမင်းတို့။ ကျင့်ရာ။ ခန္တျာဒိ-တိကတည်း။

ဤအရာ၌အကျဉ်းအားဖြင့်မှတ်သားရန် ဂါထာဖွဲ့စီ၍ပြဦးအံ့။

တယောဓမ္မာစတိသောစ။ သတ္တိယောဝိရတိယောစ။ တယောသမ္ပတ္တိ ဒါယာ စ။ ခန္တျာဒိတိဝိဇာနိယာ။ ။

တယော။ သုံးပါးကုန်သော။ ဓမ္မာစ။ ရန်အောင်ကြောင်းတရားတို့ငှင်း။ တိသော။ သုံးပါးကုန်သော။ သတ္တိယောစ။ သတ္တိတို့ငှင်း။ တိသော။ သုံးပါးကုန် သော။ ဝိရတိယောစ။ ရှောင်ကြဉ်အပ်ကုန်သောတရားတို့ငှင်း။ တယော။ သုံးပါး ကုန်သော။ သမ္ပတ္တိဒါယာစ။ စကြာမန္တာတ်တို့စည်းစိမ်ကို ပေးစွမ်းနိုင်သောတရား တို့ငှင်း။ ခန္တျာဒိစ။ ခန္တျာဒိ-တိကငှင်း။ ဣတိ။ ဤသို့။ တိကာ။ သုံးပါးကုန်သော တိ ကတို့ကို။ ဝိဇာနိယာ။ သိအပ်ကုန်၏။ ။ ဤကားသင်္ဂဟဂါထာအနက်တည်း။

ဤသည်လျှင် ရေမြေသေဌ်နင်းမင်းတို့ကျင့်ရာ တိကတရား
သတ္တမအခဏ်းပြီး၏။

၈၄ ~ 84

ရဟ၊ န္တာ၊ ဟော၊ ။

ကဝိစိန္တာအမတ်ကြီးသည်။ ဃောသိတ၊ ရဟန္တာသခင်၊ အရှင်မြတ်အား။ ရေ မြေသေဌ်နင်းမင်းတို့သည်။ နတ်ရွာသုဂတိသို့။ ရောက်ကြောင်းတရားကို ဟောကြား ဆုမ္မတော်မူပါဘုရားဟု။ လျှောက်ထား တောင်းပန်ချက်အရ။ ဟော တော်မူသောအခဏ်း။

ရေမြေသေဌ်နင်းမင်းတို့သည်။ နတ်ရွာသုဂတိသို့ရောက်ကြောင်းတရားကား။ ဆယ်ပါးအပြားရှိ၏။ ဆယ်ပါး ဟူသော်ကား။ ၁။ "မယ်တော်ခမည်းတော်တို့၌။ လုပ်ကျွေးမွေးမြူခြင်းစသော။ ကျင့်ဝတ်တရားနှင့်အညီ။ ကျင့်ခြင်း။ ၂-သားတော် သမီးတော်။ မင်းမိဖုရားတို့၌။ ကျင့်ဝတ်တရားနှင့်အညီ။ ကျင့်ခြင်း။

၃– အဆွေခင်ပွန်း။ မှူးတော်မတ်တော်တို့၌။ ကျင့်ဝတ်တရားနှင့်အညီ။ ကျင့်ခြင်း။ ၄– ဆင်မြင်းစသည်။ ဗိုလ်ပါတို့၌။ တရားသဖြင့်ကျင့်ခြင်း။" ၅– ရွာသူရွာသား။ နိဂုံးသူနိဂုံးသားတို့၌။ တရားသဖြင့်။ ကျင့်ခြင်း၊" ၆–တိုင်းသူတိုင်းသား၊ ဇနပုဒ်သူ။ ဇနပုဒ်သားတို့၌။ တရားသဖြင့်ကျင့်ခြင်း။" ၇–ရဟန်းပုဏ္ဏားတို့၌။ တရားသဖြင့်ကျင့်ခြင်း။ ၈–သားငှက်တို့၌။ တရားသဖြင့်ကျင့်ခြင်း။" ၉– အရာခပ်သိမ်းတို့၌။ တရားသဖြင့်ကျင့်ခြင်း။" ၁၀–နတ်တို့ကိုသက်သေအရာ၌။ ထား၍ တရားကိုကျင့်ခြင်း။" ။ ဤသို့လျှင်ဆယ်ပါးအပြားရှိ၏။ ။ ထိုတရားနှင့်ပြည့်စုံက။ ရေမြေသေဌ်နင်းမင်းတို့သည်။ နတ်ရွာသုဂတိသို့။ ရောက်ခြင်း၏။ အကြောင်းဖြစ်သတည်း။ ။ ထို့ကြောင့်၊ ဝီသတိနိပါတ်။ ရောဟနဇာတ်။ စတ္တာလီသနိပါတ် ဥမ္မာတန္တီဇာတ်။ ပဏ္ဏာသနိပါတ်။ တေသကုဏဇာတ်။ မဟာနိပါတ် သုဝဏ္ဏသာမဇာတ်တို့၌ လာသည်ကား။ ။

"ဓမ္မဥ္စရမဟာရာဇ။ မာတာပီတုသုခတ္တိယ။ ဣဓဓမ္မံစရိတွာန။ ရာဇာသဂ္ဂံဂမိဿဘိ။ ။ ဓမ္မဥ္စရမဟာရာဇ။ ပုတ္တဒါရေသုခတ္တိယ။ ဣဓဓမ္မံစရိတွာန။ ရာဇာသဂ္ဂံဂမိဿဘိ။ ။ ဓမ္မဥ္စရမဟာရာဇ၊ မိတ္တာမစ္စေသုခတ္တိယ။ ဣဓဓမ္မံ စရိတွာန။ ရာဇာသဂ္ဂံမိဿတိ။ ။ ဓမ္မဥ္စရမဟာရာဇ။ ဓါမာနေသုဗလေသုစ။ ဣဓဓမ္မံစရိတွာန။ ရာဇာသဂ္ဂံဂမိဿတိ။ ။ ဓမ္မဥ္စရမဟာရာဇ။ ဂါမေသု နိဂမေသုစ။ ဣဓဓမ္မံစရိတွာန။ ရာဇာသဂ္ဂံဂမိဿတိ။ ။ ဓမ္မဥ္စရမဟာရာဇ။ ရဋ္ဌေဇနပဒေသုစ။ ဣဓဓမ္မံစရိတွာန။ ရာဇာသဂ္ဂံဂမိဿတိ။ ။ ဓမ္မဥ္စရမဟာရာဇ။ သမဏေဗြဟ္မဏေသုစ။ ဣဓဓမ္မံစရိတွာန။ ရာဇာသဂ္ဂံဂမိဿတိ။ ။ ဓမဥ္စရမဟာရာဇ။ မိဂပက္ခီသုခတ္တိယ။ ဣဓဓမ္မံစရိတွာန။ ရာဇါသဂ္ဂံဂမိဿတိ။ ဓမ္မဥ္စရမဟာရာဇ။ သုခံဝဟာသိခတ္တိယ။ ဣဓဓမ္မံစရိတွာန။ ရာဇာသဂ္ဂံဂမိဿတိ။ ။ ဓမ္မဥ္စရမဟာရာဇ။ ဣန္ဒြဒေဝါသဗြဟ္မကာ။ သုစိဏ္ဏေနဒိဝံပတ္တာ မဝဓမ္မံရာဇာပ္ပမာဒေါ"။ ။ ဟူ၍ဟောတော်မူ၏။

ခတ္တိယ။ ရေမြေကိုအစိုးရသော။ မဟာရာဇ။ မင်းမြတ်၊ မာတာပီတုသု။ မယ်တော်ခမည်းတော်တို့၌။ ဓမ္မံ။ ကျင့်ဝတ်တရားငါးပါးကို၊ စရ။ ကျင့်လော့။ ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့၊ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိယ။ ရေမြေကိုအစိုးရသော။ ရာဇမင်းမြတ်။ ပုတ္တဒါရေသု။ သားတော်သမီးတော်၊ မိဖုရားတို့၌ ဓမ္မံ။ ကျင့်ဝတ်ငါးပါးကို။ စရ။ ကျင့်လော့။ ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့၊ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိယ။ ရေမြေကိုအစိုးရသော။ ရာဇ။ မင်းမြတ်၊ မိတ္တာမစ္စေသု။ အဆွေခင်ပွန်းမှူးမတ်တို့၌။ ဓမ္မံ။ ကျင့်ဝတ်တရားကို။ စရ။ ကျင့်လော့။ ဣဓ။ ဤ

ပစ္စုပ္ပန်ဘဝ။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့။ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိယ။ ရေမြေကိုအစိုးရသော။ မဟာရာဇ။ မင်းမြတ်။ ဝါဟနေသုစ။ ဆင်ယာန် မြင်းယာန်တို့၌၎င်း။ ဗလေသုစ။ စစ်သည်ဗိုလ်ပါတို့၌၎င်း။ ဓမ္မံ။ တရားကို။ စရ။ ကျင့်တော်မူလော။ ဣဓ။ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့။ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိ။ ရေမြေကိုအစိုးရသော။ မဟာရာဇ။ မင်းမြတ်။ ဂါမေသုစ။ ရွာသားရွာသူတို့၌၎င်း။ နိဂမေသုစ။ နိဂုံးသူနိဂုံးသားတို့၌၎င်း။ ဓမ္မံ။ တရားကို။ စရ။ ကျင့်တော်မူလော့။ ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့။ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိယ။ ရေမြေကိုအစိုးရသော။ မဟာရာဇ။ မင်းမြတ်။ ရဋ္ဌေစ။ တိုင်းသူတိုင်းသား၌၎င်း။ ဇနပဒေသုစ။ ဇနပုဒ်တို့၌၎င်း။ ဓမ္မံ။ တရားကို။ စရ။ ကျင့်တော်မူလော့။ ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့။ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိယ။ ရေမြေကိုအစိုးရသော။ မဟာရာဇ၊ မင်းမြတ်။ သမဏစ၊ ရဟန်းသူတော်ကောင်း၌၎င်း၊ ဗြာဟ္မဏေသုစ။ ပုဏ္ဏားတို့၌၎င်း။ ဓမ္မံ။ တရားကို။ စရ။ ကျင့်တော်မူလော့။ ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ဤ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့။ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိယ၊ ရေမြေကိုအစိုးရသော။ မဟာရာဇ။ မင်းမြတ်။ မိဂပက္ခိသု။ သားငှက် တိရစ္ဆာန်တို့၌။ ဓမ္မံ။ တရားကို။ စရ။ ကျင့်တော်မူလော့။ ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့။ ဂမိဿတိ။ ရောက်လတံ့။ ။ ခတ္တိယ။ ရေမြေကိုအစိုး ရသော။ မဟာရာဇ။ မင်းမြတ်။ ဓမ္မံ။ တရားကို။ စရ။ ကျင့်တော်မူလော့။ သုစိဏ္ဏော။ ကောင်းစွာကျင့်အပ်သော။ ဓမ္မော။ တရားသည်။ သုခံ။ ချမ်းသာကို။ ဝဟာသိ။ ရွက်ဆောင်တတ်၏။ ဣဓ။ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ။ တရားကို။ စရိတွာန။ ကျင့်၍။ ရာဇာ။ မင်းမြတ်သည်။ သဂ္ဂံ။ နတ်ပြည်သို့။ ဂမိဿတိ။ ရောက်လတံ့။ ခတ္တိယ။ ရေမြေကို အစိုးရသော။ မဟာရာဇ မင်းမြတ်။ သဗြဟ္မကာ။ ဗြဟ္မာနှင့် တကွကုန်သော။ ဣန္ဒဒေဝါ။ သိကြားနတ်မင်းတို့သည်။ သုစိဏ္ဏေန။ ကောင်းစွာကျင့်သဖြင့်။ ဒိဝံ။ နတ်ပြည်သို့။ ပတ္တာ။ ရောက်ကုန်၏။ ရာဇာ။ မင်းမြတ်သည်။ ဓမ္မံ။ တရားကို။ မာပမာဒေါ။ မေ့လျော့ပေါ့တန်၍။ နေတော်မမူလင့်။ ။ ဤကားအနုသာသနီဂါထာယောဇနာ။

မင်းတို့နတ်ရွာသုဂတိသို့၊ ရောက်ကြောင်းတရားအခဏ်းပြီး၏။

၈၅ ～ 85

ရှိသေထိုက်သည်ကို။ ပြသောအခဏ်း။ လောက၌မထီမဲ့မြင်မပြု၍။ မြွေမီးမင်းရဟန်းစသောအကြောင်းဝတ္ထုလေးခုကိုရှိသေစွာ ပြုကျင့်အပ်ကြောင်းကိုလည်း။ လျှောက်ထားသံတော်ဦးတင်ပါအံ့။

ဤလောက၌။ ငယ်သော်ငြားလည်း။ မထီမဲ့မြင်မပြု။ မနှိပ်စက်ရာသည်ကား။ လေးပါးအပြားရှိကုန်၏။ ။ ထိုကြောင့်။ ၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်-ဓမ္မပဒပါဠိတော်တို့၌။ ။ ဘူဇင်္ဂမံပါဝကဉ္စ။ ခတ္တိယဉ္စယ သသသိနံ။ ဘိက္ခုဉ္စသီလသမ္ပန္နံ။ သမ္မာဒေဝသမာစရေ။ ။ ဟူ၍ဟောတော်မူသည်။ ။ ဘူဇင်္ဂမဉ္စ။ မြွေကိုလည်းကောင်း။ ပါဝကဉ္စ။ မီးကိုလည်းကောင်း။ ယသဿိနံ။ စည်းစိမ်အခြံအရံရှိသော။ ခတ္တိယဉ္စ။ မင်းသားငယ်ကိုလည်းကောင်း။ သီလသမ္ပန္နံ။ သီလနှင့်ပြည့်စုံသော။ ဘိက္ခုဉ္စ။ ရဟန်းငယ်ကလေးကိုလည်းကောင်း။ သမ္မာဒေဝ။ ကောင်းစွာသာလျှင်။ သမာစရေ။ ရှိသေထံရင်း။ တံ့ဝပ်စင်း၍။ မာန်ရှင်းနှိမ်ခါ။ ချဉ်းကပ်ရာ၏။ ။ ဤကားအနက်။။ ဤအရာ၌။ မင်းငယ်ဆိုသော်လည်းဗျတိရေကနည်းဖြင့်။ အသက်ကြီးသော။ မင်းမျိုးဟူသမျှကိုပင်ယူရာ၏။ ယသဿိနံ။ ဟူ၍ဟောတော်မူသည်မှာ။ လတ်တလောခြင်း။ အပြစ်ပေးစွမ်းနိုင်သည်ကိုသာ။ ရည်၍ဟောတော်မူသည်။ မျက်စဉ်းကျည်ပမာဏ။ မျှသာရှိသော အဆိပ်ထံသော။ မြွေငယ်ကို။ နားစသည်တို့၌။ တန်ဆာဆင်သော်လည်း။ လက်ချောင်းလျှာ စသည်တို့ကို။ ကိုက်စေသော်လည်းကောင်း။ သေတတ်သောကြောင့်။ မြွေကို မထီမဲ့မူသည်မည်၏။ ဤမြွေငယ်သည်။ ကောင်းမြတ်ပေလိမ့်။ ဤမြွေငယ်သည်။ ရေမြွေကဲ့သို့။ တစုံတယောက်သော သူကို။ ကိုက်ခြင်းငှါလည်းကောင်း။ တစုံတယောက်သော။ သူ၏ကိုယ်၌။ အဆိပ်ကိုနှံ့စေခြင်းငှါငှင်း။ စွမ်းနိုင်ရှာလိမ့်မည်နည်း။ ဤသို့အစရှိကုန်သော။ စကားတို့ကို၊ ပြောဆိုသည်ရှိသော်။ မြွေကိုနှိပ်စက်သည်မည်၏။ ။ ပိုးစုံးကြူးပမာဏမျှသာရှိသော။ မီးကိုကိုင်၍။ လက်ဖြင့်ကစားသော်လည်းကောင်း။ ဥဿျောင်၌လည်းကောင်း။ အိပ်ရာအင်းပျဉ်။ အိမ်စသည်တို့၌။ ထားသော်လည်းကောင်း။ လောင်ကျွမ်းတတ်သော။ သဘောရှိသည်ကို။ မလေးစားသောသူသည်။ မီးကိုမထီမဲ့မူသည်မည်၏။ ။ ဤမီးသည်ကောင်းမြတ်ပေလိမ့်။ ဤမီးသည် အဘယ်မည်သော။ ယာဂုထမင်းစသည်ကိုကျက်စေခြင်းငှါလည်းကောင်း။ တစုံတယောက်သောသူ၏။ အချမ်းကိုပယ်ဖျောက်ခြင်းငှါ

လည်းကောင်း စွမ်းနိုင်ရှာလိမ့်မည်နည်း၊ ဤကဲ့သို့အစရှိကုန်သော စကားတို့ကို။ ပြောဆိုသည်ရှိသော်။ မီးကိုနှိပ်စက်သည်မည်၏။ ။ ရဟန်းငယ်ကိုလည်းကောင်း။ သာမဏေငယ်ကိုလည်းကောင်း။ မြင်၍ခရီးဖဲခွါရှောင်လွှဲ။ မပေးဘဲနေသည်ရှိသော်လည်းကောင်း။ နေရာထိုင်ရာမှ။ မထသည်ရှိသော်လည်းကောင်း။ ဆင်ကျော်ကုန်းစသည်တို့မှ။ မသက်မဆင်းသည်။ ရှိသော်လည်းကောင်း။ ငါကားဂုဏ်ဝါ။ အသက်ကြီးသောသူတည်း။ မလေးစားလောက်သော၊ ပုဂ္ဂိုလ်ငယ်ဖြစ်တကားဟု။ အယုတ်မူ၍။ အောက်မေ့သည်၏အစွမ်းအားဖြင့်။ တပါးလည်းဖြစ်သော။ မာန်မာန။ ဒေါသကိုစွဲလျက်။ ရှိသေအပ်သောပုဂ္ဂိုလ်၌။ မရှိမသေမထေလေးစား။ ပြုကျင့်မှားသော်။ အပါယ်လေးပါးသို့။ ကျရောက်တတ်ချေသည်။ ဤသို့အစရှိသော။ မပြုမကျင့်အပ်သော။ အမှုကိုပြုသည်ရှိသော်။ ရဟန်းကိုမထီမဲ့မြင်မူသည်မည်၏။ ။ ဤရဟန်းငယ်။ သာမဏေငယ်လည်းကောင်း။ မြတ်ပေလိမ့်။ ဤရဟန်းငယ်သာမဏေငယ်သည်။ အလွန်ကြီးသောလည်ချောင်းရှိ၏။ အလွန်ကြီးသောဝမ်းလည်းရှိ၏။ အလုံးစုံသော ပရိယတ်ကို။ သင်ခြင်းငှါ။ တောသို့သက်ဝင်၍နေခြင်းငှါ။ အဘယ်မှာစွမ်းနိုင်ရှာလိမ့်မည်နည်း။ ဤသို့အစရှိကုန်သော။ စကားတို့ကို။ ပြောဆိုသည်ရှိသော်။ ရဟန်းကို။ နှိပ်စက်သည်မည်၏ဟူ၍။ "သာရတ္ထပကာသနီမည်သော။ သံယုတ္တနိကာယ်။ အဋ္ဌကထာ၌လာသည်။" ဤသို့ကျမ်းဂန်လာသည်ကိုထောက်၍။ အရှင်စိုးမင်းစသော။ ပုဂ္ဂိုလ်ဆရာသမားတို့၏။ အထံသို့ချဉ်းကပ်။ ခစားသောမှူးမတ်။ ကလံ-သံပြင်။ မင်းခယောက်ျား။ တပည့်တို့သည်။ အလွန်ချမ်းလေ့သောအခါကိုထား၍။ မချမ်းလွှန်းသောအခါ။ အချမ်းအပူမျှသောအခါ။ ပူအိုက်သောအခါများ၌။ အရှင်စိုးမင်းဆရာသမားတို့၏အထံသို့။ ချဉ်းကပ်ကုန်သည်ရှိသော်။ တင်းတိမ်ဝတ်လုံ။ အပေါ်ရုံပုဆိုးကိုပယ်ရှား၍။ ခစားဆည်းကပ်ကုန်ရာသည်။ ဤစကားများကို သေဝက-ဝတ္တကထာသို့။ ရောက်သောအခါမှ။ ဆိုသင့်ငြားသော်လည်း။ စကားစပ်လျဉ်းသောကြောင့်။ ဇဉ်းငယ်ရောရှက်၍ပြလိုက်သည်။ ။ မင်းတို့ကိုမရှိမသေရာမှာ။ ရှေ့၌ထင်ရှားလတံ့။ ။

၈၆ ～ 86

အိမ်ရှေ့မင်းအမှူးရှိသော။ မင်းညီမင်းသားတို့။ ကျင့်ရန်ကိုတင်လျှောက်သောအခဏ်း။

ယခုအခါ၌ ပြအပ်ခဲ့ပြီးသော အစဉ်အားဖြင့် အိမ်ရှေ့မင်း အမှူးရှိကုန်သော။ မင်းညီမင်းသားတို့၏။ ကျင့်ရာဝတ်တရားကို။ ဆိုခွင့်ရောက်ပြီဖြစ်၍။ ကျမ်းဂန်တို့

နှင့်။ ခိုင်းနှိုင်းထောက်ရှုလျက်။ ဆိုပေအံ့သတည်း။ ။ ရေမြေသေဌ်နှင်းမင်း၏ အနီး၌။ တည်သောကြောင့်။ မဟာဥပရာဇာမည်သော အိမ်ရှေ့မင်းကား။ တယောက်ပင်ဖြစ်၍။ ရေမြေသေဌ်နှင်းမင်းတို့၏။ ကျင့်ရာဝတ်တရားများကို။ ကျင့်ဆောက်တည်အပ်သည်သာတည်း။ အထူးအားဖြင့်ကား။ အိမ်ရှေ့မင်းအမှူးရှိကုန်သော။ မင်းညီမင်းသားတို့မှာ။လောကသမုတိနတ်ဖြစ်ကုန်သော ရေမြေသေဌ်နှင်းမင်းတို့၏ ညီတော်သားတော် မြေးတော်။ ဆွေတော်မျိုးတော်ဖြစ်၍။ အမျိုးလေးပါးတို့၏။ မာနထောင်လွှားကြောင်းတံခွန်သဖွယ် ဖြစ်ကုန်သောအမျိုးအားဖြင့် မြတ်ခြင်း။ "ဇာတိမဟတ္တကဂုဏ်။ ဘုန်းကြက်သရေအားဖြင့် မြတ်ခြင်းပုညမဟတ္တကဂုဏ်။" ဂုဏ်ကျေးဇူးအားဖြင့်မြင့်မြတ်ခြင်း။ ဂုဏမဟတ္တကဂုဏ်။" အားဖြင့် မဟတ္တကဂုဏ်သုံးပါးတွင်။ အမျိုးအားဖြင့် မြင့်မြတ်ခြင်း ဇာတိ မဟတ္တကဂုဏ်ကိုစွဲ၍ များသောအားဖြင့် မာနဟူသောတံခွန်ကိုလွှားထောင်တတ်ကုန်သည်။ မင်းဆွေမင်းမျိုးတို့သည်ငါကား မင်းဆွေ မင်းမျိုးဟူ၍။ ကာလဒေသဌာနအခွင့်။ မသင့်တင့်၍။ မသိမှုငြားလည်း။ ကျီးငှက်တို့၏ အသိုက်အုံတွင် ကျီးငှက်မွေးမြူကြီးပြင်းရငြားသော်လည်း။ မိမိဇာတ်ကို မစွန့်ပစ်ရသကဲ့သို့။ ငါကားမင်းဆွေမျိုးဟူ၍ ခတ္တိယမာန်ဖြင့်။ သူတပါးတို့အား မထီမဲ့မူခြင်း။" နှိပ်စက်ခြင်း။" ညှင်းဆဲခြင်း။" ကိုပြုတတ်ချေသည်။ ငါကားမင်းဆွေမျိုးတည်းဟူ၍ သိကုန်သော။ မင်းဆွေမင်းမျိုးတို့မှာ။ ဆိုဘွယ်ရာမရှိတော့သည်သာတည်း။ ။ ထို့ကြောင့်မဟုတ်လော။ ပါရမီဆယ်ဖြာ။ ပဒုမ္မာမုံရင့်။ ငုံအာဆင့်၍။ ပွင့်လှူယှူယှူ။ ရှိတော်မူသော။ ဘုရားအလောင်းတော်။ မဟာဇနက္ကမင်းမှသော်လည်း။ မလျော်သောစိတ်ကြံဖြင့်၊ စီမံမိသောကြောင့်။ တပြည်ရပ်ခြား။ တိုင်းတပါး၍။ ပုဏ္ဏားမွေးမြူ၍ လူလားမြောက်လျှင်။ သွေးသောက်ပေါ်ရယ်။ သူငယ်ကစားဘော်တို့နှင့်။ ပျော်ပျော်ပါးပါး။ ကစားကြရာတွင်၊ မသင့်တင့်သောအကြောင်းကြောင့် ခိုက်ရန်ဖြစ်ပွားကြလတ်သော်၊ ငါကားမင်းသားဟူ၍ မသိဘဲလျက်။ ခတ္တိယမာန်ဖြင့် တက်ကြွားထောင်သွားကြောင်းကို။ ။ အဋ္ဌကထာဆရာတို့ပြလျက်ရှိချေသည်။ ။ ထို့ကြောင့်မင်းညီ မင်းသားတို့သည်။ ငါမင်းဆွေမင်းမျိုးကိုစဉ်လျက်။ အဘယ်သူရန်တုန့်မူနိုင်ချိမ့်မည်နည်းဟု။ ဟော့ရမ်းလိုသောစိတ်ဖြင့်။ နှိုဂ်စက်ကလူမမူကုန်ရာ။ ငါဆင်ပြောင်ကိုစဉ်လျက်။ ဤဘီလုံးငှက်မ-အဘယ်သို့ ရန်တုန့်မူနိုင်ချိမ့်မည်နည်းဟု။ နှလုံးပိုက်၍။ ကွင်းရှောင်ဖယ်ရှားသွားတော်မူပါဟု။ ရှိသေသော အခြင်းအရာဖြင့်။ အတောင်နှစ်ဘက်ကိုရှက်၍။ တောင်းပန်သော ဘီလုံးငှက်မ၏။ စကားကိုမနာမယူဘဲ၊ ဘီလုံးငှက်ငယ်တို့ကို။ အသိုက်နှင့်တကွ။ နင်းသတ်ချေရကား။ မဲရိုင်းယင်မအား။ ကျီးငှက်တို့နှင့် ပေါင်းဘော်၍။ ထိုကေစရဏ။ ဆင်ပြောင်၏။ မျက်စိ

အတောင့်တွင်။ သွေးစိမ်းထွက်အောင်။ ကျီးငှက်ကိုပေါက်စေ၍။ အမာဖြစ်လျှင်။ ထိုအမါဝ၌။ မဲရိုင်းယင်မကို ဥစေလျှက်။ ပိုးလောက်တို့ ကိုက်ခဲသဖြင့်။ စက္ခု အလင်းကိုမရဘဲ။ ရေမွတ်သိပ်ခြင်း။ ပြင်းစွာ နှိပ်စက်သောအခါ။ တောင် ချောက်ကမ်းပါးပြတ်၌။ ကျက်စားသောဘားအား။ မြည်တွန်စေလျှင်။ ရေ ရှိ၏ဟူသော အမှတ်ဖြင့်သွားလတ်သော်။ ချောက်ကမ်းပါးသို့ကျသောကြောင့်။ ပျက်စီးဘူးသော ဒေဝဒတ်အလောင်း။ ကေစရဏ ဆင်မင်း၏ ထုံးကို။ ကျမ်းဂန်ပြ လျက်ရှိချေသည်။။ ဤသို့လျှင်။ ပစ္စုပ္ပန်သံသရာနှစ်ဖြာသော။ အကျိုးစီးပွားမဲ့ရာ။ အမှုအကြောင်းကို ဆင်ခြင်ကုန်ရာသည်။ ။

ဆင်းရဲသားကျွန်တော်မျိုးတို့လည်း။ မင်းဆွေမင်းမျိုးတို့နှင့်။ ဆန့်ကျင်အောင်မ ပြုကုန်ရာ။ အစိုးရကုန်သောသူတို့၏။ ခိုက်ရန်ငြင်းခုံခြင်း။ အမှုကိုပြုခြင်း သည်ကား။ မသင့်မလျော်ချေ။ ထို့ကြောင့်။ ကေနိပါတ်။ ကာကဇာတ်၌။ ဘုရား အလောင်းတော် ကျီးမင်းသည်။ “ဣသာရဇနေနသဒ္ဓိ ဝေရံနာမပါပံ။” ဟူ၍။ ဆုမ္မ ဘူးချေသည်။ ။ ဣဿရဇနေ။ အစိုးရသောသူနှင့်။ သဒ္ဓိံ။ တကွ။ ဝေရံနာမ။ ခိုက်ရန် ငြင်းခုံခြင်း။ စစ်ဖြစ်ခြင်းမည်သည်ကား။ ပါပံ။ ယုတ်မာချေ၏။ ။ ဤသို့လျှင်။ အစိုးရကုန်သောသူတို့နှင့် ခိုက်ရန်ငြင်းခုံခြင်း။ စစ်ဖြစ်ခြင်းမည်သည်ကို။ တရံတ ဆစ်မျှ။ မပြုမကျင့်အပ်။ ပြုမိ၍ ပျက်စီးဘူးကြောင်းကား၊ ထုံးဟောင်းရာဇဝင်တို့၌၊ များစွာလာသည်။ မင်းဆွေမင်းမျိုး။ ဖြစ်ကုန်သော သူတို့အား။ “အဝဇာနန။ ပရိ ဘာဝန။ နှစ်ပါးကိုပြုရာ။ အဘယ်သို့ပြုလျှင်။ အဝဇာနန မည်သနည်း။ အဘယ်သို့ ပြုလျှင် ပရိဘာဝနမည်သနည်းဟူမူကား။” ။ ✳ ဒဟရံရာဇကုမာရံဒိသွာနုက္ကမိတွာ မဂ္ဂံအဒေန္တောပါရုပနံ အပနေန္တောနိသိန္နာသနတော - အနုဋ္ဌဟန္တော။ ဟတ္ထိဝိဠာဒီဟိ အနောတရန္တော ဟေဋ္ဌာကတွာမညနဝသေနအညံပိ။ ဝေရူပံ အနာစာရံကရေန္တော ခတ္တိယအဝဇာနာတိနာမ။ ဘဒ္ဒကောဝတာယံရာဇကုမာရောမဟာကဏ္ဏော မဟော ဒယောယံကိစ္စိ။ စောရုပ္ပဒ္ဒဝံဝူပသမေတုံ ယတ္ထကတ္တစိဌာနေ။ ရဇ္ဇံအနုသာသိတုံသိ ကွိသတီတိအာဒိနိဝဒန္တောပရိဘောတိနာမ။ ။ သဂါထာဝဂ္ဂကောသလ။ သံယုတ် အဋ္ဌကထာ။ လာသည်ကိုထောက်၍။ အဝဇာနန ပရိဘာဝနတို့ကိုသိအပ်၏။ ။

ဒဟရံ။ ငယ်ရွယ်နုပျိုသော။ ရာဇကုမာရံ၊ မင်းသားကို။ ဒိသွာ။ မြင်၍။ နုက္ကမိ တွာ၊ နေရာတလွဲ။ မဖဲမူ၍။ မဂ္ဂံ။ ခရီးကို။ အဒေန္တော။ အရေးတခု၊ အလေးပြု၍ မပေးသည်ရှိသော်။ နိသိန္နာသနတော။ နေရာထိုင်ရာမှ။ အနုဋ္ဌဟန္တော ကပြာက ရာ။ လျှင်စွာယုရ။ မသသည်ရှိသော်။ ပါရုပနံ။ စောင့်နှင့်တင်းတိမ်။ မွေ့သိမ် ဝတ်လုံ။ အပေါ်ရုံပုဆိုးကို။ အပနေန္တော။ ရိုသေစိတ်ရွယ်။ မပယ်သည်ရှိသော်။ ဟ တ္ထိပိဋ္ဌာဒီဟိ။ ဆင်ကျောက်ကုန်းစသည်တို့မှ။ အနောတရန္တော။ ဆင်အောက်ခြေ

ရင်း။ မသက်အဆင်းသည်ရှိသော်။ ဟေဠကတွာ၊ မယုတ်မှု၍။ ဝါ။ မိမိကိုယ်ကို။ မာန်ဖြိုမကြွား၊ အောက်အနိမ့်တန်းစား။ မထားမှု၍။ မညနဝသေန။ အောက်မေ့သည်၏။ အစွမ်းအားဖြင့်။ ဝါ။ ငါကကြီးသူ။ ဂုဏ်တူမည်လား။ မလေးစားလောက်။ ဘာကြောက်စရာ။ ရှိဘို့ငါနည်း။ မာနသည်းငွေ့။ ကြံအောက်မေ့သည်၏။ အစွမ်းအားဖြင့်။ အညံပိ။ တပါးလည်းဖြစ်ကုန်သော။ ဝေရူပံ။ ဤသို့လိုဆိုး။ သဘောမျိုးရှိသော။ အနာစာရံ၊ မပြုမကျင့်အပ်သောအမှုကို။ ကရောန္တော။ ပြုသည်ရှိသော်။ ခတ္တိယံ။ မင်းဆွေမင်းမျိုးကို။ အဝဇာနာတိနာမ။ မထီမဲ့မြင်ပြုသည်မည်၏။” “ အယံရာဇကုမာရော။ ဤမင်းသားကလေးသည်။ ဘဒ္ဒကောဝတ။ ကောင်းမြတ်ပေလိမ့်။ အယံရာဇကုမာရော။ ဤမင်းသားကလေးသည်။ မဟာကဏ္ဍော။ အလွန်ကြီးသောလည်ချောင်းရှိ၏။ မဟာဒယော။ အလွန်ကြီးသောဝမ်းလည်းရှိ၏။ ကိဥ္စိ။ စိုးစဉ်းသော - (အနည်းငယ်လည်းဟူလို။)” စောရပ္ပဒ္ဒဝံ။ တိုင်းကားပြည်ရွာကို။ ဖျက်ဆီးတတ်သော။ ခိုးသူဘေးကို။ ဝူပသမေတုံ။ ငြိမ်းစိမ့်သောငှါ။ ယတ္တကတ္တစိဌာနေ။ တစုံတခုသောအရပ်၌။ ရဇ္ဇံ။ တိုင်းနိုင်ငံကို။ အနုသာသိတုံ။ ဆုမ္မခြင်းငှါ။ သက္ခိဿတိ။ စွမ်းနိုင်ရာလိမ့်မည်နည်း။ ဝါ။ သူဘာကိုတတ်နိုင်လိမ့်မည်လဲ။ ဣတိအာဒီနိ။ ဤသို့အစရှိကုန်သော။ စကားတို့ကို။ ဝါ။ မရေမရာ။ ဗလေဗစာဆဲရာတချို့။ ကဲ့ရဲ့ဘို့ငြား။ ရှေ့ဖြစ်လားကို။ စဉ်းစားခန့်ထောက်။ လန့်ကြောက်ဘွယ်ရာစကားတို့ကို။ ဝဒန္တော။ မတိုင်းမထွာ။ ထင်ရာမြင်တိုင်း။ ရိုင်းစိုင်းသဘော။ ပြောဆိုသောသူသည်။ ပရိဘောတိနာမ။ နှိပ်စက်သည်မည်၏။ ။ ဤသို့လျှင်။ မင်းဆွေမင်းမျိုးတို့၌။ အဝဇာနန။ ပရိဘာဝနကို မပြုမကျင့်အပ်ဟု မှတ်သတည်း။

ရှိသေထိုက်သည်ကို၊ ပြသောအခဏ်းပြီး၏။

၈၇ ～ 87

အိမ်ရှေ့မင်းအမှုးရှိသော။ မင်းဆွေမင်းတို့ကျင့်အပ်သည်ကိုပြသောအခဏ်း။

မင်းလောင်းမင်းလျာ။ မဟာဥပရာဇ်တို့သည်။ အချမ်းအပူကို။ သည်းခံခြင်း၌။ အလေ့အထပြုကုန်ရာသတည်း။ အချမ်းအပူကို။ သည်းခံနိုင်သည်ရှိသော်။ ခဲခက်ကျဉ်းမြောင်းကုန်သော။ ထိုထိုအမှုကိစ္စတို့၌။ မငြိုမငြင်။ မပင်မပန်း။ ရွက်ဆောင်

စီမံနိုင်ခြင်း၏။ အကြောင်းဖြစ်သည်။ ထို့ကြောင့်-မင်းလောင်းမင်းလျာ။ မဟာဥပရာဇ်တို့သည်။ အချမ်းအပူကို။ သည်းခံလေ့ပြုကုန်ရာ၏။ အထူးထူးကုန်သော။ အရပ်ဒေသ။ မြို့ရွာနိဂုံး။ ဇနပုဒ်သူတို့၏။ အလေ့အကျက်။ အထူးထူးကုန်သော။ လူမျိုးတို့၏။ အလေ့အကျက်များကို။ သိသာအောင် အားထုတ်ကုန်ရာသည်။ ထိုကြောင့်-အိမ်ရှေ့နန်းလျာ။ မဟာဥပရာဇ်တို့သည်။ အစေတမန်။ သူလျှိုသူခက်တို့ကိုလွှတ်၍။ တိုင်းစပ်မင်းတို့၏။ အကြံအစည်။ အလေ့အကျက်ကိုလည်းကောင်း။ နိုင်ငံတော်။ နေပြည်တော်။ သူတို့၏၊ သွားလာပြောဆို။ နေထိုင်ကြဟန်ကိုလည်းကောင်း။ ကုန်သည်တို့၏ ရောင်းဝယ်ကြဟန်ကို လည်းကောင်း။ သူခိုးသူဝှက်တို့၏။ တိုင်ပင်ရာစုဝေးရာ။ အရပ်ကိုလည်းကောင်း။ အမှုထမ်းဖြစ်ကုန်သောသူတို့၏။ စွမ်းရည်သတ္တိ။ ရှိကုန်သောသူတို့၏။ ရှိမရှိကို လည်းကောင်း။ ထောက်လှမ်းစုံစမ်းမေးမြန်း၍။ သိအောင်ပြုကုန်ရာသည်။ ထိုသို့ပြုမှ။ တိုင်းစပ်မင်းတို့၏။ အကြံအစည်ကိုသိ၍။ ရှေးဦးစွာပြုသင့်သမျှကို။ ပြုလင့်ရချေမည်။ နိုင်ငံတော်။ နေပြည်တော်သူတို့၏။ သွားလာပြောဆို။ နေထိုင်ကြဟန်ကို၊ သိသဖြင့်လည်း။ သိုက်တဘောင်စနည်း တိတ်နိမိတ်ကို ဘသ်ယူခြင်း။ မသင့်သောအမှုအရာကို။ မြစ်တားခြင်းကိုလည်း။ ပြုရချေမည်။ ထိုစကားသည်မှန်၏။ ။ သိုက်တဘောင်-စနည်းကို။ လောကဗျူဟာတို့၌။ ပြည်သူလူငယ်သူငယ်တို့ကို။ ပူးပေါင်းနာယူ၊ ဖြစ်စေကြောင်းကို။ ။ အဘိဓါန်ဋီကာတွင်ဆိုသည်။ ။ ကုန်သည်တို့၏။ ရောင်းဝယ်ကြဟန်ကိုသိလျှင်။ ဤမည်သောကုန်၌၊ ဤမျှသော အဘိုးထိုက်သည်ဟု ဆိုသဖြင့်။ အမှုလုပ်ကြေးကျွန်တို့၊ မလှည်ပတ်နိုင်ခြင်း၏ အကြောင်းဖြစ်သည်။ သူခိုးသူဝှက်တို့၏။ တိုင်ပင်ရာ။ စုဝေးရာအရပ်ကိုသိလျှင်။ ထိုထိုအရပ်တို့၌။ သူခိုးသူဝှက်တို့၊ ဖျက်ဆီးခဲ့လျှင်။ ယုန်သားငယ်ကို။ ဝပ်ကျင်းကစောင့်၍။ ဖမ်းဆီးယူနိုင်ရာသည်။ အမှုထမ်းတို့။ စွမ်းရည်သတ္တိ။ ရှိကုန်သောသူတို့၏၊ ရှိမရှိကိုသိလျှင်။ ရှိလျှင်ရှိလျှောက်ခေါ်၍။ မွေးမြူရခြင်း။ မရှိလျှင် ကြံရှာ၍။ မွေးမြူရခြင်းကို။ ပြုရာသည်။ ရှေးရှေးမင်းတို့လည်း။ သားတော်တို့ကို။ မိမိတို့တိုင်းပြည်၌။ အတတ်ပညာကို။ သင်စွမ်းနိုင်သော။ ဒိသာပါမောက္ခဆရာ။ ရှိလင့်ကစား။ မာနကိုချစေခြင်းငှါ။ အချမ်းအပူကိုသည်းခံနိုင်စေခြင်းငှါ။ ထိုထိုဒေသ၌၊ လူတို့စရိုက်ကို။ သိစေခြင်းငှါ။ တပြည်ရပ်ခြား။ တိုင်းတပါးသို့သွား၍။ အတတ်ပညာကို။ သင်စေကုန်ရာသည်။ ထို့ကြောင့်။ တိကနိပါတ် တိလမုဋ္ဌိဇာတ်၌။ ။

"ပေါရာဏကရာဇာနောစ အတ္တနော ပုတ္တေဇဝံတေနိပိ တမာနဇပ္ပာ သီတုဏှက္ခမာ။ လောကစရိတဉ္စ ဇာနိဿန္တိတိ။ အတ္တနော နဂရေဒိသာ ပါမေါက္ခစ

ရိယေ ဝိဇ္ဇမါနေဝိသိပ္ပဂ္ဂဟဏတ္ထာသဒူရေတိရောရဋ္ဌေပေသေန္တိ” ဟူ၍လာ
သည်။

ပေါရာဏက ရာဇာနောစ။ ရှေးရှေးမင်းတို့သည်လည်း။ အတ္တနော။ မိမိ မိမိ
တို့၏။ ပုတ္တေ။ နန်းညွန့်နန်းလျာ။ မဟာဥပရာဇ်။ သားတော်ချစ်တို့ကို။ ဧဝံ။ ဤသို့
ပြုသဖြင့်။ ဧတေ။ ထိုငါ့သားတော်တို့သည်။ နိဟတမာနဇပ္ပာ။ ပယ်အပ်သော်မါန်
ထောင်လွှားခြင်းရှိကုန်သည်။ ဘဝိဿန္တိ။ ဖြစ်ကုန်လတ့ံ။ သီတုဏှက္ခမာ။ အချမ်း
အပူကို။ သည်းခံနိုင်ကုန်သည်။ တဝိဿန္တိ။ ဖြစ်ကုန်လတ့ံ။ လောကစရိတဥ္စ။
ထိုထိုဒေသ၌။ လူတို့စရိုက်ကို။ ဇာနိဿန္တိ။ သိကုန်လတ့ံ။ ဣတိ။ ဤသို့နှလုံးပိုက်
ကုန်၍။ အတ္တနော။ မိမိ-မိမိတို့၏။ နဂရေ။ မြို့၌။ ဒိသာပါမောက္ခစရိယေ။
ဒိသာပါမောက္ခဆရာသည်။ ဝိဇ္ဇမာနေဝိ။ ထင်ရှားရှိလင့်ကစား သိပ္ပဂ္ဂဟဏတ္ထာ
ယ။ အတတ်ပညာသင်စိမ့်သောငှါ။ ဒူရေ။ ဝေးကုန်သော။ တိရောရဋ္ဌေ။ တိုင်းတ
ပါးတို့ကို။ ပေသေန္တိ။ စေလိုက်ကုန်၏။ ။ ဤကားအနက်။

သံဝရမင်းသား။ အစရှိကုန်သော။ မင်းလောင်းမင်းလျာတို့။ ကျင့်ရိုးထုံးစံသို့
သက်၍။ ကြေးကျွန်ပရိသာတ်တို့အား။ ထမင်းရိက္ခာ။ အစာအဝတ်ပုဆိုး၊ အစရှိ
သည်တို့ဖြင့်။ ချီးမြှောက်ခြင်းကို။ ပြုကုန်ရာ၏။ ထိုသို့ချီးမြှောက်ခြင်းကို။ ပြုကုန်
သော်။ အလိုရှိလျှင်။ အလိုရှိတိုင်း။ စေခိုင်း၍ ရကုန်ရာသည်။ သက်စွန့်ကြိုးပမ်း။
အမှုထမ်းကုန်ရာသည်။ နန်းညွှန့်နန်းလျာ။ မဟာဥပရာဇ်တို့၏။ သဘောသည်။
ငါယောကျ်ားဟူ၍။ ပူရိသမာန်ဖြင့်။ ထောင်လွှားကြုံးပတတ်ကုန်သော။ လူဆိုး
လူကြမ်းတို့ကိုလည်း။ အစွမ်းသတ္တိနှင့်လျော်စွာ။ ရိက္ခာဆုတော်ပေး၍၊ မွေးမြူကုန်
ရာသည်။ ထိုသို့မွေးမြူမှ။ တိုင်းရေးပြည်မှုရှိခဲ့လျှင်။ အရှင်စိုးမင်းတို့၏။ စိတ်ကိုမ
ပူပန်စေဘဲ။ အလွယ်တကူ၊ ငြိမ်းစေသဖြင့်။ အရှင်စိုးမင်းတို့နှစ်သက်အောင်။ ပြု
နိုင်ကုန်ရာသည်။ လူဆိုးလူကြမ်းတို့ကိုသာမွေး၍။ ရိက္ခာဆုလာဘ်။ မပေးခဲ့လျှင်
လည်း။ အရေးချော်ချွတ်ရာသည်။ ။ ဥပမာဖြင့်။ ထင်စွာပြဦးအံ့။ တောသွားမုဆိုး
သည်။ တောအရပ်သို့။ လှည့်ပတ်သွားလာသည်ရှိသော်။ သမင်ဒရယ်။ ယုန်ငယ်
စိုင်ဆတ်။ စသည်တို့ကို၊ လိုက်လံရှာဖွေစိမ့်သောငှါ။ ခွေးဆိုးကြမ်းတို့ကို မွေး၍။
ထမင်းအစာ၊ မပေးခဲ့လျှင်။ ငတ်မွတ်သဖြင့်။ မိမိအိမ်တွင်း၌။ ထမင်းဟင်းလျာ။
စသည်တို့ကို။ ခိုးဝှက်၍ စားပြီးလျှင်။ အိမ်နီးချင်း အိမ်များ၌လည်း။ မွှေနှောက်
ချောက်ချားလျက်။ ခိုးဝှက်၍ စားချေသောကြောင့်။ အိမ်နီးခြင်းတို့၊ ပုတ်ခတ်၍။
ခွေးတော်တို့သော်လည်း။ ဘေးဥပါဒ်ရောက်ကုန်ရာသည်။ ခွေးတော်တို့၏
အရှင်သခင် မုဆိုးမှာလည်း။ အိမ်နီးချင်းတို့။ အတိုင်အတောခံရရာသည်။ ရွာရှင်
ရပ်ရှင်တို့ကသော်လည်း။ ခွေးဆိုးခွေးကြမ်းတို့ကို။ မွေးမြူ၍၊ အရပ်ကိုချောက်ချား

စေရာသလောဟု။ အပြစ်သော်လည်း ပေးကုန်ရာသည်။ ထို့အတူ နန်းညွန့်နန်းလျာ။ မဟာဥပရာဇ်တို့လည်း။ အမှုထမ်းကြေးကျွန်တို့ကို။ ရိက္ခာဆုလာဘ်။ ပေးသနားကုန်ရာသည်။ ရိက္ခာဆုလာဘ် မပေး၍။ သူတထူးတို့၏။ ဥစ္စာကိုခိုးဝှက်လုယက်ချေလျှင်။ ဥစ္စာရှင်တို့၊ ပုတ်ခတ်၍လည်း။ ဘေးဥပါဒ်သော်လည်း။ ရောက်ကုန်ရာသည်။ ဥစ္စာရှင်တို့က တိုင်တော်လျှောက်ထား၍။ နားမဆံ့အောင်။ သော်လည်းရှိရာ၏။ အရှင်စိုးမင်းတို့ကသော်လည်း။ လူဆိုးလူကြမ်းတို့ကိုမွေး၍။ တိုင်းပြည်ကို ချောက်ချားစေရာသလောဟု။ မျက်တော်မူကုန်ရာသည်။ ။ ဤအရာ၌။ အစားမစားရ၍။ မွေနှောက်ချောက်ချားခြင်းတူသဖြင့်။ လောကူပမာ။ ဆောင်သည်မဟုတ်။ ထို့ကြောင့်သီးရင့်သော။ ဟိနုပမာဟု၊ မဆိုသင့်ချေ။

ဤကြား ရှိသေအပ်သော။ ပုဂ္ဂိုလ်လေးဦးနှင့်တကွ။ ဥပရာဇာတို့ကျင့်ရာ ပကိဏ္ဏကကဏ္ဍအခဏ်းတည်း။

၈၈ ～ ၄၄

အရှင်မင်းမြတ်သတိုးဥပရာဇာ။ မဟာအိမ်ရှေ့မင်းတို့။ မပြတ်အောက်မေ့ကုန်ရာသည့်။ ၆ ပါးအကြောင်းကို။ ဘုရားဟောတော်မူသည်ကားဤသို့တည်း။

နန်းညွန့်နန်းလျာ။ မဟာဥပရာဇ်တို့သည်။ မပြတ်အောက်မေ့ကုန်ရာသည်ကား။ ။ "မင်းအဖြစ်သို့ရောက်လျှင်။ သူဆင်းရဲအထီးကျန်တို့အားလည်းကောင်း။ ကြေးကျွန် မှူးမတ်။ ပရိသာတ်တို့အားလည်းကောင်း ပေးကမ်းစွန့်ကြဲမည်"။ ဌာနန္တရ၌။ တင်ထားသင့်ကုန်သောသူတို့အား။ စွမ်းရည်သတ္တိရှိသည့်အလျောက်။ ဋ္ဌာနန္တရ၌ တင်ထားမည်"။ အခြံရံ။ စည်းစိမ်ဖြင့်ခြီးမြှောက်မည်"။ ရှေးရှေးမင်းကောင်းမင်းမြတ်တို့။ မင်း၏စည်းစိမ်ကို။ ခံစားသောနည်းဖြင့်။ ငါခံစားမည်။ ဆွေတော်မျိုးတော်တို့ကို၊ ကျွေးမွေးပြုစုမည်။ ကွင်းသောနန်းတွင်းသူ။ မင်းချင်းများကိုလည်း။ စောင့်ရှောက်မည်၊ တရားစောင့်ကုန်သော။ ရသေ့ရဟန်းပုဏ္ဏားတို့ကို။ တရားနှင့်လျော်သော။ စောင့်ရှောက်ခြင်းဖြင့်။ စောင့်ရှောက်မည်။ ဤ ၆–ပါးကုန်သော။ အကြောင်းအရာတို့ကို။ မပြတ်အောက်မေ့ကုန်ရာသည်။ ဘုရားအလောင်းတော်။ ရာမမင်းသားလည်း။ ဤ ၆–ပါးကုန်သော။ အကြောင်းအရာတို့ကို။ မပြတ်အောက်မေ့ကြောင်းကို။ ကောဒသနိပါတ်။ ရာမပဏ္ဍိတဇာတ်၌။ ဟောတော်မူသည်ကိုလည်း။ သံတော်ဦးတင်ဝံ့ပါသည်ဘုရား။

၈၉ ～ 89

အရှင်မင်းမြတ်။ သတိုးဥပရာဇာ။ မဟာအိမ်ရှေ့မင်းတို့။ ကျင့်ဆောက်တည်ကုန်ရာသော။ တရားရှစ်ပါးအကြောင်းကို။ ထို့နောက် ဟောတော်မူသည်မှာကား။ ။

နန်းညွန့်နန်းလျာ။ မဟာဥပရာဇ်တို့။ ကျင့်ရာသော တရားတို့သည်လည်း။ ရှစ်ပါးအပြားရှိ၏။ ရှစ်ပါးဟူသော်ကား။ "ဤစည်းစိမ်သည်။ ဤသူအားမဖြစ်သတည်းဟူ၍။ ငြူစူစောင်းမြောင်းခြင်းမရှိခြင်း။ အနုဿယျုန။"။ ရသေ့ရဟန်း၊ သူမွန်သူမြတ်တို့အား။ လှူဒါန်းပူဇော်ခြင်း။ အရိုအသေပြုခြင်း။ တရားနှင့်လျော်သော။ အစောင့်အရှောက်ဖြင့်။ စောင့်ရှောက်ခြင်း။ ချစ်မြတ်နိုးခြင်း။ အလေ့ကိုပြုခြင်းသက္ကစ္စကာရီ။" ။ ပညာရှိသူတော်ကောင်းတို့က၊ မေတ္တာရှေ့ရှုသဖြင့်။ မပြတ်ဆုံးမခြင်းကို။ တောင်းတလေ့ရှိခြင်း။ သုသုကအနုဿုယျုက။ ပညာရှိတို့။ အဆုံးအမကို၊ နာယူခြင်း။ မထီမဲ့မမူခြင်း။ အနဘိမညန။" ။ အမှုထမ်းကြေးကျွန်တို့ကို။ ရိက္ခာဆုလာဘ်။ မပြတ်မလပ်အောင်။ ပေးကမ်းစွန့်ကြဲခြင်း။ ဘတ္တဝေတ္တနအပဋ္ဌိဗန္ဓန။" ။ အကျိုးအကြောင်း၌။ မြော်မြင်ကုန်သော။ သားနှင့်အဘကဲ့သို့။ မေတ္တာရှေ့ရှု၍ ဆုံးမသွန်သင်တတ်ကုန်သော။ အမတ်တို့နှင့်။ ပြည့်စုံခြင်း။ မဟာမတ္တသမ္ပန္န။" ။ မိုဃ်းလဥတုညီမျှ၍။ နေပြည်တော်၌။ အထူးထူးကုန်သော။ သားငါးစားဘွယ်။ သောက်ဘွယ်တို့ကို။ ရောင်းဝယ်စေခြင်း။ ဝေါဟာရိက။" ။ အထူးထူးကုန်သော။ တပြည်ရပ်ခြား။ တိုင်းတပါးတို့မှ။ ဖောက်ကားရောင်းဝယ်လာကုန်သော။ ကုန်သည်လူမျိုးတို့အား။ အစောင့်အရှောက်ထားခြင်း၊ ခြီးမြှောက်ခြင်း။ ဝိဟိတာရက္ခ။" ။ ဤတရားရှစ်ပါးတို့သည်။ ဒသနိပါတ်သံဝရဇာတ်၌ နောင်တော်ကြီး–ဥပေါသထမင်းသားက။ ခမည်းတော်အရိုက်အရာကို။ သိမ်းပိုက်စိုးအုပ်၍နေသော။ ညီတော်အနှောင်းဆုံး။ သံဝရမင်းအား။ ငါ့ညီမောင်သည်။ နောင်တော်အများထင်ရှားရှိလျက်။ ဘယ်အတွက်ကြောင့်။ သက်သက်သာသာ။ နောင်တော်တို့ကို။ လွှမ်းမိုးသာလွန်၍၊ ခမည်းတော်အရိုက်အရာကို။ သိမ်းပိုက်နိုင်လေသနည်းဟု။ မေးရာတွင်။ သံဝရမင်းက။ မိမိအား။ ဤတရားရှစ်ပါးရှိကြောင်းနှင့်။ ဖြေဆိုသည်ကိုထောက်၍လည်း။ မင်းလောင်းမင်းလျာတို့သည်။ ရွှေဘုံရွှေနန်းစိုးအုပ်၍။ မင်းလောင်း၊ မင်းလုပ်သည်တိုင်အောင်ပင်လျှင်။ ဤတရားရှစ်ပါးနှင့်။ ပြည့်စုံစေကုန်ရာသည်ဟူ၍။ သိအပ်မှတ်အပ်၏။ ။

၉၀ ~ 90

အရှင်မင်းမြတ်။ သတိုးဥပရာဇာ။ မဟာအိမ်ရှေ့မင်းတို့၏။ အားငါးပါး အကြောင်းကို။ ဟောတော်မူသည်မှာကား။ ။

အိမ်ရှေ့နန်းလျာ။ မဟာဥပရာဇာတို့၏။ အင်္ဂါလက္ခဏာကား-မိဘနှစ်ပါးစုံမှ။ ကောင်းစွာဖွားမြင်ခြင်း။ အလွန်အဆင်းလှခြင်း။ မယ်တော် ခမည်းတော်၊ နောင်တော်တို့၏။ နှလုံးကိုပွားစေခြင်း။ တိုင်းသားပြည်သူ။ လူရှင်ရဟန်းတို့၏။ နှလုံးကိုပွားစေခြင်း။ ဆင်စီးမြင်းစီးရထားစီး။ လေးပစ်လှံထိုးအစရှိကုန်သော။ အတတ်တို့၌။ လေ့လာပွန်းတီး။ ပြီးစီးတတ်မြောက်ခြင်း။ ဤသို့အားဖြင့် ငါးပါး တည်း- ထိုကြောင့် ပဥ္စနိပါတ်။ အင်္ဂုတ္တိုရ်ပါဠိတော်၌။ "ဣဓဘိက္ခဝေရညော ခတ္တိယဿမုဒ္ဓါ ဝသိတ္တဿဇေဋ္ဌောပုတ္တောဥဘတောသုဇာတောဟောတိ။ မာတိတော စပိတိတောစ။ အဘိရူပေါတိမာတာပိတူနံ ပိယောဟောတိ။ မနာပေါနိဂမဇနပ ဒဿပိယောဟောတိ မနာပေါ။ ယာနိတာနိရညာနံ ခတ္တိယာနံမုဒ္ဓါဝသိတ္တာနံ သိပ္ပ ဋ္ဌာနနိဟတ္ထိသ္မိံဝါ။ အာဿသ္မိံဝါ။ ရထသ္မိံဝါ။ ဓနုသ္မိံဝါ။ တတ္ထသိက္ခိတော ဟောတိအ နဝသော။ ။ ဟူ၍ဟောတော်မူသည်။ ။

ဘိက္ခဝေ။ ရဟန်းတို့။ ဣဓ။ ဤလောက၌။ မုဒ္ဓါဝသိတ္တဿ။ မုဒ္ဓါဘိသိက်ခံ သော။ ခတ္တိယဿ။ ရေမြေအရှင်ဖြစ်သော။ ရညော။ မင်း၏။ ဇေဋ္ဌောပုတ္တော။ သားကြီးလောင်းလျာ။ ဥပရာဇာသည်။ မာတိတောစ။ အမိမှငှင်း။ ပိတိတောစ။ အဘမှငှင်း။ ဥဘတော။ နှစ်ပါးစုံကုန်သောသူတို့မှ၊ သုဇာတော။ ကောင်းစွာ ဖြစ်သည်။ ဟောတိ။ ဖြစ်၏။ အဘိရူပေါ။ လွန်စွာအဆင်းလှသည်။ ဟောတိ။ ဖြစ်၏။ မာတာပိတုနံ။ မိဘတို့သည်။ ပိယော၊ ချစ်အပ်သည်။ မနာပေါ။ နှလုံးကို ပွားစေတတ်သည်။ ဟောတိ။ ဖြစ်၏။ နိဂမဇနပဒဿ။ နိဂုံးဇနပုဒ်၌။ နေသော လူအပေါင်းသည်။ ပိယော။ ချစ်အပ်သည်။ မနာပေါ။ နှလုံးကိုပွားစေတတ်သည်။ ဟောတိ ဖြစ်၏။ မုဒ္ဓါဘိသိတ္တာနံ။ မုဒ္ဓါဘိသိက်ခံကုန်သော။ ခတ္တိယာနံ၊ ရေမြေရှင် ဖြစ်ကုန်သော၊ ရညာနံ။ မင်းတို့၏။ ဟတ္ထိသ္မိံဝါ။ ဆင်းစီးအတတ်၌ငှင်း။ အဿသ္မိံ ဝါ။ မြင်းစီးအတတ်၌ငှင်း။ ရထသ္မိံဝါ။ ရထားစီးအတတ်၌ငှင်း။ ယာနိတာနိသိပ္ပဋ္ဌာ နာနိ။ အကြင်အတတ်အကြောင်းအရာတို့သည်။ သန္တိ။ ရှိကုန်၏။ တတ္ထ။ ထို အကြောင်းအရာတို့၌။ သိက္ခိတော။ သင်အပ်ပြီးသည်။ အနဝသော။ အကြွင်းမဲ့ တတ်မြောက်သည်။ ဟောတိဖြစ်၏။ ။ ဤကားယောဇနာ။ ။

ဤသို့လျှင်။ အိမ်ရှေ့နန်းလျာ။ မဟာဥပရာဇ်တို့၏။ အင်္ဂါလက္ခဏာ။ ငါးပါးကို သိအပ်၏။ ဥဘတောသုဇာတော – ဟူသော ပါဠိတော်အရ။ အမိအဘ။ နှစ်မျိုးတို့

တွင်။ အဘမျိုးသာ ပဋ္ဌာန-ဟူ၍။ ရာဇကဏ္ဍာ၌။ ဟောတော်မူသောကြောင့်။ အဘ မင်းဆွေမင်းမျိုးဖြစ်က။ သုဇာတမည်တော့သည်သာဟူ၍။ သိအပ်၏။ မှူးမတ် မင်းခယောကျ်ားတို့၏၊ လက္ခဏာကိုကား။ အောက်ပဘေဒဝိဘာဂ။ မည်သော ပရိစ္ဆေဒ၌ ပြအပ်ခဲ့ပြီးသော။ အစဉ်အားဖြင့်။ အသီးအသီးခွဲခြားဝေဘန်၍ပြရန်။ မလိုတော့ပါဘုရား။

အိမ်ရှေ့မင်းအခဏ်းပြီး၏။

၉၁ ～ 91

မဟေသီဓမ္မအခဏ်း။

မိဖုရားခေါင်ကြီးမှစ၍။ မိဖုရားငယ်တို့ပါ။ ကျင့်ရာဖြစ်သော။ မဟေသီဓမ္မကို ဒုတိယမြောက် ဟောတော်မူသောအခဏ်း။

ယခုအခါမိဖုရားကြီးမှစ၍။ မိဖုရားငယ်တို့ပါ။ ကျင့်ရာဖြစ်သော။ မဟေသီဓမ္မ ကို။ ပြဆိုဦးအံ့။ ။ မင်းမိဖုရားတို့၏ဂုဏ်သည်။ အာဟာရိမဂုဏ်။ အနာဟာရိမဂုဏ် အားဖြင့်။ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ ပြုပြင်၍ဖြစ်ကောင်းသောဂုဏ် သည်။ "အာဟာရိမဂုဏ်မည်၏" ပြုပြင်၍ မဖြစ်ကောင်းသောဂုဏ်သည်။" အနာ ဟာရိမဂုဏ်မည်၏" ထိုနှစ်ပါးတို့တွင်။ အနာဟာရိမဂုဏ်သည်လည်း။ "သမ္ဘယောဂ ဂ်ဂုဏ်ပဟာနင်္ဂဂုဏ်အားဖြင့်။ နှစ်ပါးအပြားရှိ၏။" ထိုနှစ်ပါးတို့တွင်။ ပြည့်စုံသော ထင်ရှားသော ဂုဏ်သည်။ သမ္ဘယောဂင်္ဂဂုဏ်မည်၏။ ပယ်အပ်သော။ ထင်ရှားမရှိ သောဂုဏ်သည် ပဟာနင်္ဂဂုဏ်မည်၏။ ထိုဂုဏ်အပေါင်းတို့တွင်။ အာဟာရိမ သမ္ဘ ဟော ဂဂုဏ်ကို။ ရှေးဦးစွာ ပြဦးအံ့။ မိဖုရားခေါင်ကြီး။ အမှူးရှိကုန်သော။ မင်း မိဖုရားတို့သည်။ ။ ပုဗ္ဗုဋ္ဌာယိနီ-ပစ္ဆာနိပါတိနီ-ကိံကာရပဋိဿာဝိနီ။ မနာပစာရိနီ။ ပိယဝါဒိနီ။ အနတိစာရိနီ။ ဟူ၍ အင်္ဂါလက္ခဏာခြောက်ပါးနှင့်ပြည့်စုံစေကုန်ရာ သည်။ ။ ထိုခြောက်ပါးတို့တွင်။ အရှင်စိုးမင်းကိုမြင်လျှင်။ နေရာမှ မီးလောင် သကဲ့သို့။ အဆောတလျင်။ ထလေ့ရှိသည်ကား။ ပုဗ္ဗုဋ္ဌာယိနီမည်၏။ ။ အရှင်စိုး မင်းတို့။ ထိုင်သည်ရှိသော်။ ထိုအရှင်စိုးမင်းအား။ ယပ်လေခပ်ခြင်း။ စသည်ကို ပြု၍။ နောက်မှထိုင်လေ့ရှိသည်ကား။ ပစ္ဆာနိပါတိနီမည်၏။ ။ အရှင်မင်းကြီး။ အရှင်မင်းကြီးအား အဘယ်အမှုကို။ ပြုအံ့နည်းဟု။ နှုတ်ဖြင့်တင်လျှောက်။ မေးမြန်းလေ့ရှိသည်ကား။ ကိံကာရပဋိဿာဝိနီမည်၏။ ။ အရှင်စိုးမင်း၏။ နှစ်သက်ဖွယ်ကိုသာ။ ကျင့်လေ့ရှိသည်ကား။ မနာပစာရိနီမည်၏။ ။ အရှင်စိုးမင်း

ကိုထား၍ ယောကျ်ားတပါးသို့။ စိတ်ဖြင့်သော်လည်းမညွတ်ခြင်းရှိသည်ကား။ အန တိစာရိနီမည်၏။ ။ (စကြာမင်း၏မြောက်ကျွန်းသူရတနာ။ မဒ္ဒရာဇ်တိုင်းသူ။ ရတနာတို့သည်။ ဤအင်္ဂါလက္ခဏာများနှင့် ပြည့်စုံကြောင်းကို။ မဟာသုဒဿန သုတ်၌။ ဟောတော်မူ၏။) ။ စကြာမင်းတို့။ မိဖုရားရတနာကား မြောက်ကျွန်း မှငင်း။ မဒ္ဒရာဇ်တိုင်းမှငင်း။ နတ်တို့ယူဆောင်၍။ ပို့လာရ၏။ မဒ္ဒရာဇ်တိုင်းကား။ မိန်းမမြတ် မိန်းမမွန်တို့၏။ ဖြစ်ပွားရာအရပ်တည်း။ ။ ထိုအင်္ဂါလက္ခဏာတို့တွင်။ အနတိစာရိနီ။ အင်္ဂါလက္ခဏာကား။ အလွန်ပြည့်စုံခဲ၏။ ထိုအင်္ဂါလက္ခဏာနှင့်။ ပြည့်စုံကုန်သော။ မိန်းမတို့ကား။ ပစ္စက္ခဘဝ၌ပင်လျှင်။ အသက်ရှည်ခြင်း၏။ အကြောင်းဖြစ်သည်။ ထို့ကြောင့်။ ဓမ္မပါလဇာတ်၌။ ။ "မယဉ္စဘရိယာနဝတိက္ကမာမ။ အမှေစဘရိ ယာနာတိက္ကမန္တိ။ အညတြတာဟိဗြဟ္မစရိယံနစရာမ။ တသ္မာဟိအမှံဒဟရာ နာမိယျရေ။" ။ ဟူ၍လာသည်။ ။ မယဉ္စ။ ငါတို့သည် လည်း။ ဘရိယာ။ မယားတို့ကို။ နာတိက္ကမာမ။ မလွန်ကြူးကုန်။ အမှေစ။ ငါတို့ကို လည်း။ ဘရိယာ။ မယားတို့သည်။ နာတိက္ကမန္တိ။ မလွန်ကြူးကြကုန်။ တာဟိ။ ထို မယားတို့ကို။ အညတြ။ ကြဉ်ကုန်၍။ အဗြဟ္မစရိယံ။ မမြတ်သောအကျင့်ကို၊ နစရာမ။ မကျင့်ကုန်။ တသ္မာ။ ထို့ကြောင့်။ ဟိ။ စင်စစ်။ အမှံ။ ငါတို့တွင်။ ဒဟရာ။ ငယ်ကုန်သော သူတို့သည်။ နမိယျရေ။ မသေကုန်။ ။ ဤကားယောဇနာ။

ဤအဋ္ဌကထာ၌လည်း။ ✳ ။ နာတိက္ကမာမတိ-အတ္တနောဘရိယံအတိက္ကမိတွာ ဗဟိအညံမိစ္ဆာစာရံနကရောန္တိ။ အညတြတာဟီတိတာအတ္တနောဘရိယာယောဋ္ဌ ပေတွာသေသဣတ္ထိသုသဗြဟ္မစရိယံနစရာမ။ အမှာကံဘရိယာ ယောပိသေသပူရိ သေသုဝေမေဝတ္တန္တိ။ ။ ဟူ၍လာ၏။ ။

နာတိက္ကမာမတိ။ နာတိက္ကမာမ ဟူသည်ကား။ အတ္တနော။ မိမိ၏။ ဘရိယံ။ မယားကို။ အတိက္ကမိတွာ။ လွန်၍။ ဗဟိ။ ပြင်ပ၌။ အညံ။ တပါးသော။ မိစ္ဆာစာရံ။ ယုတ်မာသော အကျင့်ကို။ နကရောန္တိ။ မပြုကုန်။ အညတြတာဟီတိ။ အညတြ တာဟိ ဟူသည်ကား။ အတ္တနော။ မိမိ၏။ တာဘရိယာယော။ ထိုမယားတို့ကို။ ပဋ္ဌပေတွာ။ ထားကုန်၍။ သေသဣတ္တီသု။ တပါးကုန်သောမိန်းမတို့၌။ အဗြဟ္မစရိ ယံ။ မမြတ်သောအကျင့်ကို။ နစရာမ။ မကျင့်ကုန်။ အမှာကံ။ ငါတို့၏။ ဘရိယာ ယောပိ။ မယားတို့သည်လည်း။ သေသပူရိသေသု။ တပါးကုန်သောယောကျ်ား တို့၌။ ဝေမေဝ။ ဤအတူသာလျှင်။ ဝတ္တန္တိ၊ ကျင့်ကုန်ရာ၏၊ ဤကား အဋ္ဌကထာ၏အနက်။ ။ တမလွန်၌လည်း။ နတ်ရွာသုဂတိသို့ရောက်ခြင်း၏။ အကြောင်းဖြစ်သည်။ ထို့ကြောင့် သုဇာတဇာတ်၌။ ။ ဣတရာစတယော နိမ္မာနရတိဒေဝလောကေဥပပဇ္ဇန္တိ။ ။ ဟူ၍လာသည်။ ဣတရာစတယော။

သူသတ်ယောက်ျားနှင့်တူသောမယား။ ခိုးသူနှင့်တူသောမယား။ အရှင်နှင့်တူသောမယားတို့မှတပါးလည်းဖြစ်ကုန်သော။ စတသော။ လေးယောက်ကုန်သော။ အမိနှင့်တူသောမယား။ နှမနှင့်တူသောမယား။ အဆွေခင်ပွန်းနှင့်တူသောမယား။ ကျွန်နှင့်တူသောမယား တို့သည်။ နိမ္မာနရတိဒေလောကေ။ နိမ္မာနရတိနတ်ပြည်၌။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ။ ဤကားယောဇနာ။

ဤသည်လျှင်၊ မဟောသီဓမ္မအခဏ်းပြီး၏။

၉၂ ~ 92

မိန်းမတို့၏အားငါးပါးအကြောင်းကို။ ဟောတော်မူသောတတိယအခဏ်း။

မိန်းမတို့၏အားကား။ ငါးပါးအပြားရှိ၏။ ငါးပါးဟူသော်ကား။ အဆင်းအား။ စည်းစိမ်အား။ ဆွေမျိုးအား။ သားသမီးအား။ သီလအား။ ဟူ၍ ငါးပါးတည်း။ ။ ထို့ကြောင့်။ မာတုဂါမသံယုတ်ပါဠိတော်၌။ ။ ပဥ္စိမာနိဘိက္ခဝေ။ မာတုဂါမဿဗလာနိ။ ကတမာနိပဥ္စရူပဗလံ။ ဘောဂဗလံ။ ညာတိဗလံ။ ပုတ္တဗလံ။ သီလဗလံ။ ဣမာနိခေါဘိက္ခဝေမာတုဂါမဿဗလာနိ။ ။ ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ။ ရဟန်းတို့။ မာတုဂါမဿ။ မာတုဂါမအား။ ဗလာနိ၊ အားတို့သည်။ ပဥ္စ။ ငါးပါးတို့တည်း။ ပဥ္စ။ ငါးပါးတို့ဟူသည်။ ကတမာနိ။ အဘယ်သည်တို့နည်းဟူမူကား။ ရူပဗလံ။ အဆင်းအားငင်းဘောဂဗလံ။ စည်းစိမ်အားငင်း။ ညာတိဗလံ။ ဆွေမျိုးအားငင်း။ ပုတ္တဗလံ။ သားသမီးအားငင်း။ သီလဗလံ။ သီလအားငင်း။ ဘိက္ခဝေ။ ရဟန်းတို့။ မာတုဂါမဿ။ မာတုဂါမ၏။ ဣမာနိဗလာနိ။ ဤအားငါးပါးတို့သည်။ ခေါ။ စင်စစ်။ ဟောန္တိ။ ဖြစ်ကုန်၏။ ။ ဤကားပါဠိတော်၏အနက်။ ။

ထိုအားငါးပါးတို့တွင်။ အဆင်းအားသည်။ အလုံးစုံအောက်ယုတ်၏။ ဤသို့အစဉ်အတိုင်းမြတ်သဖြင့်။ သီလအားသည်ကြီးမြတ်၏။ ထိုအားငါးပါးနှင့် ပြည့်စုံသောမိန်းမတို့သည်။ ရွံ့ရှာခြင်းမရှိ၊ အိမ်၌စိုးမိုး၍။ လင်ကိုလွှမ်းမိုးလျက်နေကုန်၏။ ။ ထို့ကြောင့်။ ၎င်းပါဠိတော်၌။ ။ "ဣမေဟိခေါဘိက္ခဝေပဥ္စဟိဗလေဟိသမ္မန္နာဂတော။ မာတုဂါမောဝိသာရဒေါအာဂါရံအဇ္ဈာဝသတိ။ ။ ဟူ၍၎င်း၊ ၊ ဣမေဟိခေါဘိက္ခဝေ ပဥ္စဟိဗလေဟိသမ္မန္နာဂတော။ မာတုဂါမောသာမိကံ။ ပသယှအဂါရံအဇ္ဈာဝသတိ"။ ။ ဟူ၍ဟောတော်မူသည်။

ဘိက္ခဝေ။ ရဟန်းတို့။ ပဉ္စဟိ။ ငါးပါးကုန်သော။ ဣမေဟိဗလေဟိ။ ဤအားတို့နှင့်။ သမန္နာဂတော။ ပြည့်စုံသော၊ မာတုဂါမဓော။ မာတုဂါမသည်။ ဝိသာရဒေါ။ ရွံ့ရှားခြင်းကင်းလျက်။ ဝါ။ ရဲရင့်လျက်။ အာဂါရံ။ အိမ်၌။ အဇ္ဈာဝသတိ။ လွှမ်းမိုး၍နေရ၏။ သာမိကံ။ အိမ်ရှင်သခင်လင်ယောကျ်ားကို။ အဇ္ဈာဝသတိ။ နိုင်ထက်စီးနင်း။ လူဖျင်းလူအ။ ထကြွနေးဘိ။ ဝီရိယကင်းမဲ့။ အဖျင်းချဲ့လျက်။ ကဲ့ရဲ့စိုးမိုး။ မာန်တန်ခိုးဖြင့်။ လွှမ်းမိုး၍နေ၏။ ။ ဤကားယောဇနာ။

ယခုအခါ၌ကားအာဟရိမပဟာနင် – အင်္ဂါလက္ခဏာကိုပြဦးအံ့။ ။ အကြင်မိမ္မသည်။ အရာမ်တပါးသို့သွားလာလေ့ရှိ၏။ ဥယျာဉ်တပါးသို့။ သွားလာလေ့ရှိ၏။ မြစ်ကမ်းရေဆိပ်သို့။ သွားလာလေ့ရှိ၏။ ဆွေမျိုးအိမ်သို့သွားလာလေ့ရှိ၏။ သူတပါးအိမ်သို့။ သွားလာလေ့ရှိ၏။ မှန်ကြေးမုံ ကြည့်ရှုလျက်။ တန်ဆာဆင်၍။ ကိုယ်ကို ပြုပြင်လေ့ရှိ၏။ သေရည်သေယက်။ သောက်စားလေ့ရှိ၏။ လေသောက်တံခါးစသည်မှ။ ကြည့်ရှုမြော်မော်လျက်။ နေလေ့ရှိ၏။ မိမိအိမ်တံခါးဝ၌။ နေလေ့ရှိ၏။ ။ ဤအင်္ဂါလက္ခဏာ။ ကိုးပါးနှင့်ပြည့်စုံသော။ ထိုမိန်းမကို။ မိန်းမယုတ် မိန်းမညစ်ဟူ၍။ ပညာရှိတို့ဆိုကုန်၏။ ။ ထို့ကြောင့်။ အသီတိနိပါတ်၊ ကုဏာလဇာတ်၌။ ။

"အာရာမသီလာစဥယျာနံ။ နဒီညာတိပရကုလံ။ အာဒါသဒုဿမဏ္ဍနမနုယုတ္တော။ ယောစိတ္တိယောမဇ္ဇပါထိနီ။ ။ ယာစနိလ္လောကနသီလာ။ ယာစသဒ္ဒာရဋ္ဌါယိနီ။ နဝဟိဧတေဟိဌါနေဟိ။ ပဒေါသံသမာဟရန္တိက္လတ္ထိယော။" ဟူ၍ မိန့်အပ်၏။ ။

ယာစက္လတ္ထိယော။ အကြင်မိန်းမတို့သည်။ အာရာမသီလာ။ အရာမ်တပါးသို့သွားလာလေ့ရှိကုန်၏။ ဥယျာနံ။ ဥယျာဉ်တပါးသို့။ ဂမနသီလာ။ သွားလာခြင်းအလေ့လည်းရှိကုန်၏။ နဒီညာတိပရကုလံ။ မြစ်ကမ်းရေဆိပ် ဆွေမျိုးအိမ် သူတပါးတို့အိမ်သို့။ ဂမနသီလာ။ သွားလာခြင်းအလေ့ရှိကုန်၏။ အာဒါသဒုဿမဏ္ဍမနယုတ္တော။ မှန်ကြေးမုံကြည့်လျက်။ အဝတ်တန်ဆာဆင်ယင်၍။ ကိုယ်ကိုပြုပြင်။ အားထုတ်လေ့လည်းရှိကုန်၏။" ယာစက္လတ္ထိယော။ အကြင်မိန်းမတို့သည်လည်း။ မဇ္ဇပါယိနီ။ သေရည်သေရက်။ သောက်စားလေ့ရှိကုန်၏။ ယာစက္လတ္ထိယော။ အကြင်မိန်းမတို့သည်လည်း။ နိလ္လေကနသီလာ။ လေသောက်တံခါးစသည်မှ။ မြော်မော်လျက်ကြည့်ရှု၍။ နေလေ့ရှိကုန်၏။ ယာစက္လတ္ထိယော။ အကြင်မိန်းမတို့သည်။ သဒ္ဒါရဋ္ဌာထိနီ။ မိမိအိမ်တံခါးဝ၌။ နေလေ့ရှိကုန်၏။ နဝဟိ။ ကိုးပါးကုန်သော။ ဧတေဟိဌာနေဟိ။ ဤအကြောင်းတို့ဖြင့်။ က္လတ္ထိယော။ မိန်းမတို့သည်။ ပဒေါသံ။ အပြစ်ကို။ သမာဟရန္တိ။ ဆောင်ကုန်၏။ ဤကားအနက်။

ဤကိုးပါးတို့တွင်။ မှန်ကြေးမုံ၌။ ကြည့်လျက်တန်ဆာဆင်ယင်၍။ မိမိကိုယ်ကို။ ပြုပြင်ရာ၌။ အပြစ်ဆိုရာဝယ်။ မိမိတို့နှင့်ဆိုင်သော။ တိုက်ခန်းဌာနပုန်းကွယ်

ရာအရပ်တို့မှာ-ဆင်ယင်ကြည့်ရှုမှုကိုကား၊ မဆိုလို။ မိမိ၏လှပယဉ်ကျေးပုံကို။ ယောကျ်ားတပါးတို့မြင်အောင်။ အမြင်အထင်ခံလျက်။ ကုန်သောပြည့်တန်ဆာမတို့ကဲ့သို့. အခန်းပြင်ဘက်၌၊ ကျော့မော့ဆင်ယင်။ မှန်ကြည့်၍နေခြင်းကို ဆိုလိုသည်။

ထိုကိုးပါးတို့တွင်။ အရာမ်တပါးသို့။ သွားလာလေ့ရှိသည်ဟူရာ၌။ လင်ကို ပန်ကြား၍ငင်း။ မပန်ကြားမူ၍ငင်း။ မပြတ်ပန်းအရာမ်သစ်သီးအရာမ်။ အစရှိသည်တို့တွင်။ တပါးပါးသို့သွား၍။ ထိုအရာမ်၌။ မလျော်သောအမှုကို ပြုကျင့်၍။ အရာမ်တွင်း၌၊ ရုက္ခစိုးနတ်အား။ ဗလိနတ်စာ။ ပူဇော်ခြင်းကိုပြု၍။ ဤသို့စသောစကားကိုဆို၍။ လင်ကိုလှည့်ဖျား၏၊ ပညာရှိသောလင်သည်ကား။ မချွတ်ဤမိန်းမသည်။ အရာမ်၌ မလျော်သောအမှုကိုပြုကျင့်၏ဟု။ တဘန်ထိုအရာမ်သို့၊ သွားခြင်းငှါ။ အခွင့်မပေး။ ၊ ဤနည်းအတူ၊ ဥယျာဉ်သို့။ သွားခြင်းစသည်တို့၌လည်းသိရာ၏။ သူတပါးအိမ်သို့၊ သွားလေ့ရှိ၏ ဟူရာ၌။ အဆွေခင်ပွန်း။ ချစ်ကျွမ်းဝင်ကုန်သော။ သူတို့၏အိမ်သို့။ ဤမည်သောသူ၏အိမ်၌။ ချေးငှါးသောဥစ္စာရှိ၏။ ထိုဥစ္စာကိုတောင်းယူချေအံ့၊ ဤသို့စသောစကားကိုဆို၍သွား၏။ (ရောက်ရာအိမ်၌။ မိန်းမတို့သဘောမည်သည်-သူ့လင်ငါ့လင် ၏အပြစ်။ တွေ့မြင်သမျှစကားစု။ အကျိုးမရှိသော-အချင်း-အတင်းပြောမှုကိုဆိုလိုသည်)-လေသောက်တံခါးဝ။ စသည်မှမြှော်မော်လျက်။ ကြည့်ရှု၍ နေလေ့ရှိ၏ဟူရာ၌ကား။ မိမိလင်မှတပါး အချားသောသူကို။ လိုချင်တောင့်တလျက်။ မြှော်ကြည့်၍နေသည်ကိုယူရာ၏။ ။ မိမိ၏အိမ်တံခါးဝ၌။ နေလေ့ရှိ၏ ဟူရာ၌ကား။ မိမိ၏အင်္ဂါကြီးငယ်ကိုပြလျက် – ယောကျ်ားတို့ ကိလေသာရန်မက်။ တပ်နှစ်သက်လေအောင်-အရုက်ကင်းမဲ့သဖြင့်ပြခါ။ ထိုင်၍ငင်း။ ရပ်၍ငင်း။ နေသောမိန်းမတို့ကိုယူရာသည်။ ။ ထို့ကြောင့်။ အဋ္ဌကထာ၌။ ＊ ။ သဒ္ဒါရဋ္ဌာယိနိတိအတ္တနော အင်္ဂပစ္စင်္ဂါနိ ဒဿေန္တီသဒ္ဒါရေတိဌတိ။” ။ ဟူ၍ဖွင့်အပ်ပြီ။ ။ သဒ္ဒါရဋ္ဌယိနိတိ။ သဒ္ဒါရဋ္ဌာယိနိ ဟူသည်ကား။ အတ္တနော။ မိမိ၏အင်္ဂပစ္စင်္ဂါနိ။ အင်္ဂါကြီးငယ်တို့ကို။ ဒဿေန္တီ။ ပြလျက်။ သဒ္ဒါရေ။ မိမိ၏ အိမ်တံခါးဝ၌။ တိဋ္ဌတိ။ တည်၍နေ၏။

ဤသည်လျှင် မိန်းမတို့၏၊ အားငါးပါးကိုဆိုရာအခဏ်းပြီး၏။

၉၃ ～ 93

စစ်သူကြီးတို့အခဏ်း၊

နရပတိမဟာကေရာဇ်မင်းမြတ်သည်။ မဟာကဝိစိန္တာအမတ်ကြီး၏။ အစ်ကိုဖြစ်သော။ ဗလဒေဝ-စစ်ဝန်ကြီးကို။ မေးတော်မူသည်မှာ။ အမတ်စစ်ဝန်ကြီး။ ။ စစ်သူကြီးတို့၏။ အင်္ဂါလက္ခဏာကား။ အဘယ်မျှရှိသနည်း။ ထိုအကြောင်းကို။ စုံလင်စွာ-သံတော်ဦးတင်စေ။ အမိန့်တော်မြတ်။ မှတ်တော်မူရာ။ ။

ထိုအခါဗလဒေဝစစ်သူကြီးသည်။ တိက္ခဇဝန။ ဂမ္ဘီရနိပုန။ ဝဇီရဉာဏိက။ မဟာမတ္တတဆူ။ အောင်လံထူလျက်။ ဘက်ပြိုင်မရှိ။ သူရသတ္တိ။ ရဲရဲညီသော။ အသနိလက်နက်။ မိုးယံကြိုးစက်ကဲ့သို့။ ထက်မြက်စူးရှသော။ ဇေယျဗလ။ ဗျူဟယုဒ္ဓပါရဂူ။ ဖြစ်တော်မူသည်နှင့်အညီ။ အလီလီအဝဝ။ ယုဒ္ဓသေနင်္ဂ။ ပကရဏတို့ကို။ ရှုရှုကျေညက်။ အိုးထိန်းစက်ပမာ။ ချာချာနှောက်လည်။ အောင်ချင်းရည်လျက်။ စွမ်းမှီသတ္တိ။ ဗျတ္တိဗလ။ ဋ္ဌာနမရွေး အောင်ပန်းပေးကြရသော။ ကိတ္တိမဟန္တ။ ဗုဒ္ဓဘာသိတ။ ဂန္ထန္တရအလုံး။ သိမ်းကျုံးအာဂုမ်။ တမှုံမြူချမ်း။ မသန်းမကျန်။ စွမ်းအံဝင်ခွဲ။ နက်နဲသိမ်မွေ့။ အရှိန်ပြေ့သဖြင့်။ မမေ့ဝါသနာ။ မကြာခဏ။ မွမွဆောင်လတ်၍။ အောင်အပ်ပြီးသောမနိန္ဒြေ။ ဉာဏိန္ဒြေ။ မဟေခေါင်ထိပ်။ ပထဝိဿရ။ ဥက္ကဋ္ဌမင်းတရား၏။ အားထားလက်ရုံး။ အသုံးတော်ခံရာ။ သေနာဗလ။ အမစ္စဂုဏ်မြင့်၊ အခွင့်အရာသို့။ ရောက်လာရကား။ ခြားနားဝေဘန်။ ဖြေရန်ဆန်ပြား။ လျှောက်ထားဟန်ကား-ဤသို့တည်း။

အရှင်မြတ်။ ရွှေနားနာတော်မူပါလော့။ ယုဒ္ဓဗလအမစ္စမည်ကုန်သော။ စစ်သူကြီးတို့၏။ အင်္ဂါလက္ခဏာကား။ "ရန်သူကိုနှိုက်နင်းခြင်း၌လိမ္မာခြင်း။" အောင်မြေအရပ်ကိုသိခြင်း။" အရေးမသာ၍၊ ဆုတ်ခွာခဲ့ရသည်ရှိသော်။ ရဲမက်စစ်သည်။ ဗိုလ်ပါတို့နှင့်။ ဆင်းရဲချမ်းသာမျှတခြင်း။" ခွန်အားနှင့်ပြည့်စုံခြင်း။ စင်ကြယ်သောအကျင့်နှင့်ပြည့်စုံခြင်း။" သေနင်္ဂဗျူဟာကျမ်းကိုတတ်ခြင်း။ ဆင်စီးမြင်းစီး။ စသည်တို့၌။ လေ့လာပွန်းတည်းခြင်း။ လုလ္လဝီရိယနှင့်ပြည့်စုံခြင်း။ ဤသို့အားဖြင့်။ ကိုးပါးဖြစ်ပါသည်။ ။ ထို့ကြောင့် ရာဇနီတိကျမ်း၌။ ။

ပညာဝါပရမဒ္ဒန္တေ။ ဇေယဘူမိသုဇာနကံ။ ဗျသနေသ္မာပရစာဂံ။ သမောဒုက္ခံ သမောသုခံ၊ ။ သမတ္တံသုစိသတ္ထညံ။ ဝါဟနေသုအစေဒနံ။ ဝီရသုရဂုဏောပေတံ။ သေနာမောက္ခေဝိဓိယတေ။ ။ ဟူ၍လာသည်။

ပရမဒ္ဒန္တေ။ ရန်သူကိုနှိုက်နင်းခြင်း၌။ ပညာဝါပညဝန္တံ။ ပညာရှိထသော။ ဇေယျဘူမိသုဇာနကံ။ အောင်မြေကိုလည်းသိတတ်ထသော။ ဗျသနေသု။ အရေး

မသာ၍။ ဖရိဖရဲ။ တကွဲတခြား။ စစ်အားနောက်ဆုပ် ခွာရုပ်အားကူ-ဉာဏ်ယူသောအခါသမယ၌။ အပရစာဂံ။ ရဲမက်စစ်သည်ဗိုလ်ပါကို မစွန့်တတ်ထသော။ သမောဒုက္ခံ သမောသုခံ။ ရဲမက်စစ်သည်ဗိုလ်ပါတို့နှင့်။ ဆင်းရဲချမ်းသာ။ ညီညာမျှတတတ်ထသော။ သမတ္တံ။ ခွန်အားဗလနှင့်လည်း ပြည့်စုံထသော။ သုစိ။ စင်ကြယ်သောအကျင့်လည်း ရှိထသော၊ သတ္တည်။ သေဂ်ဗျူဟာကျမ်းကိုလည်းတတ်သော။ ဝါဟနေသု၊ ဆင်စီးမြင်းစီးစသည်တို့၌။ အစေဒနံ။ ပင်ပန်းခြင်းလည်းမရှိထသော။ ဝီရသုရ ဂုဏောပေတံ။ လုလ္လခြင်း။ ရဲရင့်ခြင်းနှင့်လည်း ပြည့်စုံထသော။ ဇတံ။ ထိုသို့ သဘောရှိသောသူကို။ သေနာမောက္ခေ။ စစ်သူကြီးအရာ၌။ ဝိဓိယတေ။ ခန့်ထားစီရင်ရာ၏။ - ဟူ၍ သံတော်ဦးတင်လျှောက်ပြီးသည့်နောက်။ စစ်သူကြီးတို့၏။ အခင်းဖြစ်ရာသော အကြောင်းကို။ ရှိခိုးသံတော်ဦးတင်လျှောက်ပြန်လေ၏။

စစ်သူကြီးအရာဖြင့်အရှင်စိုးမင်းတို့။ အခြီးအမြှောက်ကို။ ခံရကုန်သောသူတို့သည်။ စစ်အခင်းဖြစ်ရာသောအကြောင်း။ တဆယ့်နှစ်ပါးကိုသိအပ်ကုန်၏။ ။ တဆယ့်နှစ်ပါးဟူသော်ကား။ တိုင်းနိုင်ငံကိုလိုသောကြောင့်ဋ္ဌင်း။ ဥစ္စာကိုလိုသောကြောင့်ဋ္ဌင်း၊ အစွမ်းကိုပြလိုသောကြောင့်ဋ္ဌင်း။ ဆင်ကောင်းမြင်းကောင်းကိုပြလိုသောကြောင့်ဋ္ဌင်း။” သ္မီးကညာကိုလိုသောကြောင့်ဋ္ဌင်း။ သစ္စာဘောက်ပြန်သောကြောင့်ဋ္ဌင်း။ အဆွေအမျိုးပျက်စီးသောကြောင့်ဋ္ဌင်း။ မိမိမြို့ကိုမစောင့်သောကြောင့်ဋ္ဌင်း။ သူရဲစစ်သည်မရှိသောကြောင့်ဋ္ဌင်း။ တိုင်းတပါးမှ ရောင်းဝယ်ဖောက်ကားခြင်းငှါ ရောက်လာကုန်သော ကုန်သည်တို့ကို။ နှိဂ်စက်ကလူမှုခြင်းကြောင့်ဋ္ဌင်း။ ရန်ငြိုးမှုခြင်းကြောင့်ဋ္ဌင်း။ အမျက်ကြီးသောကြောင့်ဋ္ဌင်း။ ဤတဆယ့်နှစ်ပါးတို့တည်းဟု တင်လျှောက်လေ၏။

အရှင်မင်းမြတ်လျှောက်ပတ်တင့်တယ်။ အံ့ဘွယ်ပညာ။ သေနင်္ဂါဝယ်။ ဆယ်ဖြာထုံးဟောင်း။ စစ်ရှုံးကြောင်းကို ထပ်လောင်းသံတော်ဦးတင်ဝံ့ပါအံ့ဘုရား။ ။

စစ်ရှုံးရာသော။ အကြောင်းဆယ်ပါးကိုလည်းသိအပ်၏။ ။ ဆယ်ပါးဟူသော်ကား။ မင်းနှင့်အမတ်တို့မညီမညွတ်ခြင်း။ စစ်သည်ရဲမက်တို့ ယုတ်ညံ့ခြင်း။ ပြည်သူတို့ငတ်မွတ်ခြင်း။ စစ်သည်ရဲမက်တို့ကို စိတ်စက်ညှိုးလျော်အောင်ပြုခြင်း။ ပြည်သူတို့အဖျားအနာများခြင်း။ ရေမြေသေဋ္ဌနင်းမင်း၏ ကြောက်လန့်တတ်သောသဘောရှိခြင်း။ အခါ – ဇာတာ-စန်းလက် ဂြိုဟ်စီးနက္ခတ်မကောင်းခြင်း။ ရန်သူကဥပါယ်တမျည်၌လိမ္မာခြင်း။ ဆင်မြင်းမကောင်းခြင်း။ ပြည်စောင့်နတ်တို့ကို မပသခြင်း။ ။ ဤသို့အားဖြင့် ဆယ်ပါးတည်း။ ။ ထို့ကြောင့် စစ်သူကြီးအရာ၌ခန့်ထား၍။ ကျေးဇူးတော်ကို။ ခံရကုန်သော သူတို့သည်။ အခါခပ်သိမ်း။

မင်းနှင့် မှူးမတ်တို့ညွတ်ခြင်းကိုင်ငး။ စစ်သည်ရဲမက် ကောင်းတို့ကို။ မျိုးရိက္ခာ ပေး၍။ မွေးမြူခြင်းကိုင်ငး။ တိုင်းသူပြည်သားလူအများတို့၏။ ဝပြောခြင်းကိုင်ငး တောင့်တ၍ စစ်သည်ရဲမက်တို့အား ထိုက်သောအဘို့ကိုလွှန်၍။ အခွန်ဘဏ္ဍာကို တောင်းယူခြင်း။ မခံမရပ်နိုင်အောင်များစွာ။ ရိုက်နှက်ပုတ်ခတ်။ သတ်ညှစ် မောင်းမဲဆဲရေးနိုင်ထက်။ နှိုက်စက်ကလူမှုခြင်းတို့ကို။ မပြုဘဲ။ စစ်သည်ရဲမက် တို့၏။ စိတ်ကိုရွှင်လန်းစေခြင်း။ တိုင်းသူပြည်သားတို့အား။ အဖျားအနာ။ ရောဂါ ကင်းအောင် စောင့်မကြည့်ရှုစေခြင်း။ မေတ္တာပွားခြင်းကိုင်ငး။ ရေမြေသေဋ္ဌနင်း။ မင်းတို့ကြောက်လန့်တတ်လျှင်။ ရေမြေသေဋ္ဌနင်း။ မင်းတို့အားရဲမာန်ကိုဖြစ်စေ ခြင်း။ စစ်ထွက်သင့်သောအခါ။ မထွက်သင့်သောအခါစသော ကာလ။ ရေမြေသေ ဋ္ဌနင်း။ မင်းမိဖုရား ခေါင်ကြီးနှစ်ပါးတို့၏ငင်း။ မိမိ၏ငင်း။ ဇာတာစန်းလက်။ သန့်မ သန့်။ တိုင်နက္ခတ်ပြည့်နက္ခတ်။ စသည်တို့၏။ ညှိုးမညှိုးများကို။ သိခြင်းကိုင်ငး။ တဘက်ရန်သူက၊ ယတြာဆင်ခဲ့လျှင်။ ထိုယတြာကို နှိုက်နင်းအောင်။ အားထုတ် ခြင်း စသည်ကိုင်ငး။ စစ်သွားတက်ခြင်း၌။ ရဲရင့်လိမ္မာအောင် အားထုတ်ခြင်း စသည်ကိုင်ငး။ စစ်သွားစစ်တက်ခြင်း၌။ ရဲရင့်လိမ္မာအောင်။ ဆင်မြင်းတို့ကို။ ဆုံးမ လေ့ရှိခြင်းကိုင်ငး။ ပြည်စောင့်နတ်တို့အား။ ပသခြင်းကိုင်ငးပြုကုန်ရာ၏။ အချိန်အခါ မဟုတ်ဘဲ။ စစ်ထွက်ခြင်းစသည်ကိုပြုချေလျှင်။ ပျက်စီးရာသော အကြောင်းကို။ လောကီကျမ်းများ၌သာလာသည်မဟုတ်ပါသေး။ သာသနာတော် ကျမ်းမြတ်၊ ဇာတ်နိပါတ်တို့၌လည်းလာ၏။ ထို့ကြောင့်၊ ။ "ကာလေနိက္ခမနာ သာဓုနာ။ ကာလေသာဓုနိက္ခမော။ အကာလေနဟိနိက္ခမံ။ ကေကမ္ပိဗဟုဇနော။ ။ နကိဉ္စိအတ္ထံဇောတေတိ။ ဓင်္သေနာဝကောသိယံ။ မိရောဝိမိဝိဓါနညူ။ ။ ပရေသံ ဝိဝရာနုဂူ။ သဗ္ဗမိတ္တေဝသိကတွာ၊ ကောသိယောဝသုခိသိယာ။ ။ ဟူ၍ဟောတော် မူချေသည်"။ ကာလေ၊ သင့်တင့်လျောက်ပတ်သော ကာလ၌။ နိက္ခမနာ။ ထွက် ဖဲကြဉ်ရှောင်ခြင်းသည်။ သာဓု။ ကောင်းမြတ်၏။ အကာလေ။ အခါမဟုတ်။ ဆုတ်ယုတ်အခွင့်။ မသင့်မတင့်မလျောက် ပတ်သောအခါ၌။ နိက္ခမော။ ထွက် ဖဲကြဉ်ရှောင်ခြင်းသည်။ နသာဓု။ မကောင်းမြတ်။ ဟိသစ္စံ။ မှန်၏။ အကာလေ။ အခါမဟုတ်။ ဆုတ်ယုတ်ရန်ခွင့်။ မသင့်တင့် မလျောက်ပတ်သောအခါကာလ၌။ နိက္ခမံ။ ထွက်ဖဲကြဉ်ရှောင်၍။ ကောစိ။ တစုံတယောက်သောသူသည်။ ကိဉ္စိ။ အနည်းငယ်မျှသော။ အတ္ထံ။ ချမ်းသာကွန့်ဖြိုး။ တက်တိုးများပြား။ အကျိုးစီးပွား ကို။ နဇောကေတိ။ တေဇာ ရွှမ်းမောက်။ လျှမ်းလျှမ်းမြောက်အောင်။ မထွန်းမ တောက်ပစေနိုင်သည်။ ဝါ၊ ကိစ္စချီးနှီး။ မပြီးစေနိုင်သည်။ န။ မဟုတ်ချေသေး။ အထခေါ်။ စင်စစ်သော်ကား။ ဗဟုဇနောပိ။ များစွာသော ရန်သူသည်လည်း။ ကေ

ကံ။ မသင့်တင့်မလျောက်ပတ်သောအခါ၌။ ထွက်ဖဲကြဉ်ရှောင်သော။ တယောက် ထီးတည်သောသူကို သံပဝါရေတွာ။ ဗိုလ်လူစုရုံး။ ပျားပိတုန်းသို့။ အုန်းအုန်းကျွက် ညံ။ ဝန်းဝိုင်းရံ၍။ မဟာဝိနာသံ။ ဝမ်းနည်းစရာ။ သွယ်တာမဲ့ပြီး။ ကြီးစွာသော ပျက်စီးခြင်းသို့။ ပါပေတီ။ ဇေကံမသွေ။ ရောက်စေတတ်၏။ ကိမိဝ။ လောကုပမာ။ နှိုင်းစရာဆွယ်။ အဘယ်ကဲ့သို့နည်းဟူမူကား။ ဓက်သေနာ။ ရဲရင့်ဖြိုးသွန်။ နယည်း ချွန်သည့်။ ကျီးစွန်တို့သည်။ အဝကောသိယံ။ ဥဏ္ဏာဂူဖန်။ ဒေါင်းဟာဉ်ပျံစက်ဝန်း သည်။ ပြောင်ရွှန်းတောက်ပ။ ဒက္ခိဏာမှတ်တွင်။ တောင်ရပ်ခွင်သို့။ မကပ်ခင် စောစော။ နေသောတောက။ သောသောကျွက်ကျွက်။ ကြွေးကျော်လျက်လျင် ချက်လက်ပျက်ပြား။ အထွက်မှားသော ခင်ပုပ်ငှက်ကို။ မဟာဝိနာသံ။ ထုံးတင်ဘို့ ငှါ။ ဟီးဟီးညာလျက်။ ကြီးစွာသော ပျက်စီးခြင်းသို့။ ပါပေတ္တိ။ ကသိကအောက်။ မချိနောက်အောင်။ ရောက်စေကုန်၏။ ။ မိရော။ ကျောက်စာတိုင်ဟန်။ မြဲမြန်နီ တိ။ ပညာရှိသည်။ ဝိမိဝိဓါနညူ။ ရှေးရှေးပညာရှိတို့ထားအပ်သော။ ထုံးစံ ပဝေဏီ။ သညီတခု။ အစုံအဖို့။ မချို့သောစီရင်ခြင်းကို။ ထင်လင်းတိတိ။ သိသည် ဖြစ်၍။ ပရေသံ။ သူတပါးတို့၏။ ဝိဝရာနုဂူ။ အထောက်အထားမဖေါက်မပြားစေ ဘဲ။ အပေါက်အကြား အခွင့်ကိုရှာမှီးသည်ဖြစ်၍။ သဗ္ဗမိတ္တေ၊ ကြွင်းမဲ့ဥသုံ။ အလုံးစုံ ကုန်သောရန်သူတို့ကို။ ဝသိကတွာ။ မိမိအလို၌။ သွေးချိုမြှောက်စား။ ပြု ကာထား၍။ ကောသိယောဝ။ ဖန်ရဝိန်နေဝန်း။ ဂေါရာကျွန်းသို့။ ယွန်းခါမြန်း လျှင်။ ဝင်ပြီးသည်နောက်ကာလ၌၊ တွေးဆမြော်မြင်လျက်။ ပြင်သို့ထွက်သော။ ငှက်ခင်ပုပ်ကဲ့သို့။ သုခိ။ ဘေးတျမ်းမနှောင့်။ မကြောင့်မကြ။ မတောင့်တဘဲ။ ကောင်းစွာစိတ်ဝမ်း။ ရွှင်လန်းချမ်းသာရသည် သိယာ။ မုချမသွေ။ ဖြစ်ရာပေ၏။ ။ ဣကားယောဇနာ။ ။

စစ်မက်ရေးတို့၌။ ပညာအဆင်အခြင်။ အမြော်အမြင်တရားကိုအလွန်အလိုရှိ အပ်၏။ ထွန်ကျစ်စာမြေစိုင်ခဲကို။ အမှီတကဲသဟဲရ၍။ မထီမဲ့မူသော။ ဗီလုံးငှက် ကို။ မဆင်မခြင်။ အလျှင်အမြန်ထိုးသုပ်ခြင်းကြောင့်၊ ရင်ကွဲ၍။ ပျက်စီးဘူးသော။ သိန်းစွန်ငှက်ကဲ့သို့။ အရေးပျက်က။ နောက်အဆက်ဆက်။ ပြော၍မဆုံး။ စမတုံး ဘဲ။ ပြုံးခါဘွဲ့နွဲ့။ ကဲ့ရဲ့၍ အပြီးမသပ်အပ်သည်၏အဖြစ်သို့ ရောက်တတ်ချေသည်။ ။ စစ်မြေအရပ်၌။ အလွန်ရဲရင့်သောသူကို။ အလိုရှိအပ်၏။ ။ ထို့ကြောင့်-ကေ နိပါတ်။ မဟာသာရဇာတ်၌။ ။ "ဥက္ကဋ္ဌေသူရ မိစ္ဆန္တိ။ မန္တီသုအကုတုဟလံ။ ပိယဉ္စ အန္နပါနမှိ။ အတ္ထေဇာတေစပဏ္ဍိတံ။" ။ ဟူ၍ဟောတော်မူသည်။

ဥက္ကဋ္ဌေ။ ညီညာလှစွာ။ စည်မျက်နှာသွင်။ စစ်မြေပြင်အရပ်၌။ သူရုံ။ မိုဃ်း ကြိုးလက်နက်။ ထိပ်ထက်ကျငြား။ ပြေးသွားမဆုတ်။ အဟုတ်မြဲမြံ။ ရဲမါန်သတ္တိရှိ

သော သူကို။ ဣစ္ဆန္တိ။ ကောင်းစွာရေးပို။ အလိုရှိကြစမြဲတည်း။ မန္တီသု။ ပြုရှမသင့်။ အခွင့်မတော်။ မလျော်ကန်စသည်ဖြင့်။ လျှို့ဝှက်ခဲ့အင်။ တိုင်ပင်ရန်ရှိသောအခါ တို့၌။ အကုတုဟလံ။ ကတိဖြောင့်လျက်။ နှုတ်ထွက်မမှောင့်။ စောင့်စီးရင့်မါး။ စကားမများတတ်သောသူကို။ ဝါ။ အရာမရောက်။ စာမထောက်ဘဲ မြှောက်ပင့် ဝင့်ဝါ။ အုပ်အာကျွက်ကျွက်။ ဆက်လက်ကြွေးကျော်။ အော်ဟစ်သောလား။ ပြော ကြားဆိုလေ့ မရှိသောသူကို။ ဣစ္ဆန္တိ။ တောင့်တသွေးချို။ အလိုရှိကြစမြဲတည်း။ အန္နပါနမှိ။ ချိုမြိန်ကောင်းမြတ်သောအစာအာဟာရသည်။ ဇာတေ။ တောင့်တ ခိုက်ခါ။ လိုရာအတိုင်း။ မဆိုင်းမတွ။ ရသဖြင့်ဖြစ်လာသည်ရှိသော်၊ ပိယဥ္စ။ ကိုယ် စိတ်ရွှင်လန်း။ ချစ်ကျွမ်းဝင်သောသူကိုသာလျှင်။ ဣစ္ဆန္တိ။ အလိုရှိကြစမြဲတည်း။ အတ္ထေ။ နက်နဲခက်ခဲသော။ အမေးပုစ္ဆာပြဿနာ။ အရေးအရာသည်။ ဇာတေ။ ဖြစ်ပေါ်လာလတ်သော်။ ပဏ္ဍိတံ။ ကျိုးကြောင်းမြင်သိ။ ပညာရှိကို။ ဣစ္ဆန္တိ။ စိတ် အာသာပို။ အလိုရှိကြစမြဲတည်း။ ။ ဤကားအနက်။ ။

ဤအရာ၌။ စစ်မြေပြင်အရပ်ဝယ်။ ရဲရင့်သောသူကို။ အလိုရှိအပ်၏ ဟူ သော်လည်း။ ပညာအဆင်အခြင်နှင့်တကွ။ ပြည့်စုံရဲရင့်ပွဲလယ်တင့် သောသူကိုယူ ရမည်။ နွားရူးဆူးတိုး။ သူကန်းတစ္ဆေမကြောက် ဆိုဘိသကဲ့သို့။ ဖရိုဖရဲ။ အလွှဲလွှဲ အချွတ်ချွတ်။ ပြုတတ်သောသူကို။ မယူလင့်။ သိန်းရဲငှက်သည်။ မိမိ၏ ခွန်အား ကို။ ကိုးစားမာန်ရစ်လျက်။ ထွန်ကျစ်စာမြေစိုင်ခဲကို။ သဟဲပြု၍နေသော။ ဗီလုံး ငှက်ကိုလျက်။ မဆင်မခြင်ဖမ်းယူခြင်းကြောင့်။ ပျက်စီးဘူးချေသည် (မိမိနောက် က။ အထောက်အကူမရှိဘဲလျက်။ မင်းရဲကျော်စွာသည် တလိုင်းသူပုန်တပ်သို့။ အဝင်မှား၍။ အရေးပျက်ဘူးချေသည်။)

ငှင်းသာဓကကိုကိုးကား။ ထည့်စွက်ခြင်းသည်။ ယခင်ဆရာတော်ကြီး တို့၏ဉာဏ်၌။ အနာဂတ်ကာလမှာ ဗဟုသုတ။ လိုလားရှာမှီးကြကုန်သော သူတို့ အား။ မှတ်သားကြစေခြင်းငှါ။ ထည့်သွင်းထားအပ်သည်ဟူလို။

စစ်ထွက်သောခဏဆဲဆဲ၌။ မိုဃ်းသည်။ ရောက်ရှာမိုဃ်းရွာအံ့။ မိုဃ်းကြီး သော်လည်းရွာအံ့။ စစ်မထွက်အပ်။ ။ ရောက်ရှာမိုဃ်းဟူသော။ ရှေးပေါရာဏကို။ ယခုခေတ်အခါ။ သုံးစွဲသောဘာသာ။ အဓိပ္ပာယ်ပြန်သော်-မိုဃ်းနှင်း၊ မိုဃ်းဖွဲ။ သေး သေးငယ်ငယ်ရွာသည်ကိုဆိုလိုသည်။" ရဲမက်ဗိုလ်ပါ။ ပျက်စီးတတ်၏။ ။ စစ် ထွက်သောနေ့၌။ ကြီးလင်းတများစွာပျံ့ဝဲအံ့။ စစ်မထွက်အပ်။ ။ စစ်ထွက်သော နေ့၌။ တောက်လောင်သော။ သားဟင်းမျိုးကိုမြင်အံ့။" စစ်သူကြီး၏။ သံလျက် သည်။ အအိမ်နှင့်တကွ။ တောက်လောင်သကဲ့သို့ ထင်အံ့။" သံလျက်နှင့်ကင်း၍။ သံလျက်အိမ်ကို။ ထင်မြင်အံ့။" စစ်သူကြီး၏။ အရိပ်သည်မူလည်း။ နေပူ၌မထင်ခဲ့

အခွံ။” ထိုနေ့စစ်မထွက်အပ်။ ဤသို့စသည်ဖြင့် လာသော။ လောကသင်္ကေတ။ စကားများကိုလည်း။ ဗိုလ်မှူးစစ်သူကြီးတို့မှတ်သားကုန်ရာသည်။

ဆင်နှင့်စပ်သောစစ်နိမိတ်များကို။ အထက်ဆင်ဝန်တို့၏ အင်္ဂါလက္ခဏာကိုဆို ရာရောက်သောအခါမှ ပြအံ့။ ။ နိမိတ်တဘောင်စနည်း။ စသည်ကို။ လောက ဗျူဟာတို့သည်။ သူငယ်တို့အားငင်း။ စိတ်ပျံ့လွင့်ကုန်သော။ သူတို့အားငင်း။ ပူးဝင်ပြောဆိုကြောင်းကို။ (အဘိဓါန်ဋီကာ၌ဆိုသည်။) ကြီးသောသူသမာဓိရှိ သောသူများ၌ကား။ နတ်တို့။ ပူးဝင်ခြင်းငှါအခွင့်ရခဲသည်ဟု သိအပ်၏။ အောင် နိမိတ်ရှုံးနိမိတ်။ တဘောင်စနည်းဟူသည်ကား။ များသောအားဖြင့်။ မှတ်ကြောင်း လက္ခဏာမျှသာဖြစ်သည်။ စင်စစ်မုချအားဖြင့်။ မှန်သည့်ချည်းမဟုတ်။ ဝီရိယ ပညာသည်သာ။ ပဓါနတည်း။ ။ ထို့ကြောင့် (စူဠကာလိင်္ဂဇာတ်၌) မြင်မြင်ငွါး ငွါး။ နတ်တို့ကိုမဆိုထားဘိဦး။ သိကြားမင်းကိုယ်တိုင်လာ၍။ အဿကမင်း။ ရှုံး လိမ့်မည်ဟု။ ပြောကြားလျက်။ နန္ဒိသေနအကြောင်းတရားကိုရှေ့ထား၍။ အဿ ကမင်း။ စစ်ပြိုင်ရာ။ ကာလိင်္ဂမင်း၏။ ကိုယ်စောင့်နတ်ဘန်ဆင်းအပ်သော။ ပုဗ္ဗ နိမိတ်ဖြစ်သော။ နွားလားဥသဘဖြူကို။ ထိုးပစ်ပုပ်ခတ်၍။ ပျက်စီးသောကြောင့်။ အဿကမင်းအောင်နိုင်ဘူးလေသည်။ ငင်းထုံးသက်သေကိုထောက်၍။ ရှေးရှေး ပညာရှိတို့သည်။ မကောင်းသော သိုက်တဘောင်နိမိတ်စနည်းများကို။ လွတ် အောင်ချေပကုန်၏။ ထိုသို့ ချေပသည်ကို။ ကိန်းချေသည်ဟု ခေါ်ဝေါ်ကြ၏။

၉၄ ~ 94

စစ်ခင်းကျင်းပုံအခဏ်းသံပိုင်းရတု။

တဘန်လျှောက်ပြန်သည်မှာ။ ။ ဘုန်းတော်နေဝန်း။ ဝေဝေရွှန်းသည်။ ကျွန်း လုံးဥဿျောင်။ အခေါင်ထွဋ်ဖျား။ ကျင့်တရားနှင့်။ ဆယ်ပါးရာဇဓံ။ တတန်အပရိ။ မိတိမန္တ။ ဒေါသပဟာနာ။ ရှစ်ဖြာရာဇဂုဏ်။ ပြည့်လုံနဝက။ စရဏကျင့်ခဏ်း။ ပွင့် လမ်းဌာန။ အပ္ပဓာဒဓမ္မ။ စကြမန္တာတ်။ ဖြစ်အပ်ကြောင်းလာ။ နတ်ရွာသုဂတိ။ လားဘိထိုမြို့။ ကျင့်ဘို့တရား။ အပါးပါးကို။ စိတ်အားထက်သန်။ ဖြည့်သည်မှန် ရှင့်။ သခင့်ဘုန်းမီး။ ဘဝက်ငြီးမျှ။ တောင်ကြီးစကြာဝဠာ။ ဗသဗျာမကျန်။ သိမ့် သိမ့်ညံ၍။ တော်သံရိုက်ဟီး။ အံ့ဘွယ်နည်းကို။ သိပ်သည်းကျန။ ဗလသေနင်။ ပြု ဆင်ယင်သော်။ သင့်လျော်ကောင်းမြတ်။ လောင်းမန္တာတ်ထုံး၊ လာသည့်နှုန်းဖြင့်။ ကျင့်သုံးရွယ်ချူ၊ မှတ်ယူစေငှါ။ သံပိုင်းစာရင်း။ စီမြွာပြင်းလျက်။ ကွက်ကွင်းလုံး ညီ။ ပုလဲစီသို့။ တီတီတာတာ။ အလင်္ကာနှင့် မင်္ဂလာမှော်ကွန်း။ နောင်တည်ထွန်း

အောင်။ ပုံ့မွှန်းနာမ။ ဗလဒေဝ။ ဥက္ကဋ္ဌနေရချွန်။ အမတ်ကျွန်သည်။ ။ ဝေဘန်တည့်ချားနား။ လျှောက်တင်အံ့ဘုရား။ ဟူ၍ ရွှေနားတော်သွင်းပြီးနောက်။ ဆက်လက်ထင်လင်း။ စစ်ခင်းဟန်ကို။ ဝေဘန်ပိုင်းခြား။ လျှောက်ထားပြန်သည်ကား။ ။

သေနင်္ဂါနိသေနာဂတိ။ တထာသေနုပကာသေနူ။ ရုဒ္ဓါပဋိဂ္ဂဟာသေနာ။ ဘေဒါနိဝိတ္တာဓါရုဒ္ဓဝိမိတော။ ။ ဥပဇာတိဂါထာ။

စစ်ခင်းပုံရတု

စက္ကဝါပြိုင်ပြိုင်။ စပ်ကာခိုင်သား။ တံတိုင်းကျောက်ဆောင်၊ တောတောင်ညွတ်ရိုင်။ မခိုင်နိုင်အောင်။ သံတိုင်ထစ်ကြိုး။ ရွှေတန်ခိုးဖြင့်။ လွှံ့မိုးစက်ရောင်။ ရွှေဘုံဆောင်လည်း၊ ထွဋ်ခေါင်ထွဋ်ဖျား။ တို့ဘုရား၏။ ပတ္တမြားတဆူ။ မဉ္ဇူရတနာ။ ရွှေစကြာကို။ မုံအာပန်းသွင်။ အမြဲဆင်လျက်။ သေနင်္ဂကျမ်း။ ရွှေပါဠ်ထန်းတွ့င်။ တင်မွှန်းပန်းချီ။ ချယ်မြွာစီသို့၊ ကုံးသီအသစ်။ မှော်ကွန်းဖြစ်အောင်။ ခုနှစ်အင်္ဂါ။ စစ်ရေရာနှင့်။ ဆက်ခါတညီ။ စစ်ချီလေးရပ်။ စစ်ကပ်နှစ်မျိုး။ စစ်ထိုးခြောက်ဖြာ။ စစ်ခံမှာလည်း။ သဗ္ဗာခြောက်ချက်။ စစ်ချက်ခြောက်တန်။ စစ်ပြန်သုံးပါး။ အကျဉ်းထား၍။ ကြောင်းလျားစဉ်လာ။ မာတိကာကို သိသာသဘွယ်။ လင်္ကာသွယ်ရှင့်။ နှိုင်းဆွယ်ထုံးမြင်။ ရိုးမှတ်တင်သည်။ ။ ကောင်းကင်သာမနေဆိုင်းတည်း။ ။

ဥရောကဏ္ဌောပသေယာစတုပစ္စဝိဠ္ဌိပဋိဂ္ဂဟော။ ကောဋ္ဌိမူလဗျူဟာစေတိ။ သတ္တင်္ဂဗျူဟာဥစ္ဆယော။ ။ ပါသာဒိကသေနာဗျူဟာ။ မုဒိင်္ဂဒဏ္ဍကာဝိမိ။ ကောကောနံဗျူဟာစေတိ။ ပဋိသေနာစတုတ္တာဘိဇာ။ ။ စန္ဒာနံတာမုင်္ဂဗျူဟာ။ တထာဒိဝါကရာသေနိ။ ဒွိဓါသင်္ဂဟကာစာတိ။ ဝိညေယာဗျူဟဝိညူနာ။ ။

အောင်လုံ့သားသား။ ရှေးဦးထားသည်၊ စစ်ဖျားစစ်လျှင်။ ရင်တွင်နောက်ဆွယ်။ နှစ်သွယ်ပိတ်ဖုန်း။ စစ်ပခုံးက။ ထိုသုံးစုပြင်။ မင်းရှေ့တွင်၌။ သဘင်ကျင်းပ။ စစ်ရင်ဝနှင့်။ တပ်မထွန်းပေါ်။ စစ်ဝမ်းခေါ်သည်။ တပ်တော်မင်္ဂလာ။ မင်းနေရာတွင်။ ဗိုလ်ပါသူရဲ။ လက်ဝဲတဖြာ။ လက်ျာစီမံ။ နှစ်ဘက်ခြံမူ။ စစ်ခံတလျောက်။ တပ်မနောက်ဆုံး။ စစ်ကျောက်ကုန်းဟု။ သမိုင်းပြုရှင့်။ ဗိုလ်လုနောက်ရံ။ စစ်ခံတတပ်။ ခုနစ်ရပ်တည်း။ ပညတ်စဉ်လာ။ စစ်အင်္ဂါတွင်။ သင့်ရာသားနား။ အချားချားဖြင့်။ ရထားမြင်းဆင်။ စီရင်ပတ်ရံ။ သောင်းသောင်းညံသည်။ ။ လေးလုံ့လက်နက်ကာဒိုင်းတည်း။ ။

ရဲစုစစ်သည်။ ခေါင်းတည်ရွေးချယ်။ တပ်ဖျားသွယ်လျက်။ စီဝယ်မင်းနေ။

ဗိုလ်ခြေတပ်မ။ နောက်ကအဖျား။ စစ်အင်အားနှင့်။ ရွှေထားလှည့်ပန်။ ဤသို့မှတ်သည်။ ပြာသာဒ်သဖွယ်။ စစ်တသွယ်တည်း။ အလယ်မင်းနေ။ အုပ်ထွေအဖျား။ စစ်အားကြီးကျယ်။ ရှေ့နောက်သွယ်လျက်။ တင့်တယ်ထူးလည်း။ မုရိုးစည်သို့။ နှုန်းရည်ပုံစွဲ။ စစ်တပွဲတည်း။ လက်ဝဲတဖြာ။ လကျ်ာတထောက်။ ရှေ့နောက်ဝေဘန်။ အတန်တန်ဖြင့်။ ခံရန်သားနား၊ တပ်တော်ဖျားငယ်။ အင်အားစစ်ခြေ။ ညီမျှစေ၍။ ခွဲဝေစီရင်။ မွမ်းမွမ်းပြင်သည်။ ရှားလုံ့ကန်ထု။ နှိုင်းယှုပုံစပ်။ စစ်တရပ်တည်း၊ ရှေးတပ်ကြီးကျယ်၊ သားသားကယ်လျက်။ အလယ်နောက်ပွား။ စစ်အင်အားကို။ ခံထားရန်နှိမ်။ ရွေးသိပ်သိန်ရှင့်။ ညိမ်ဆိမ်ဗိုလ်ပါ။ နောက်ဆုံးမှာမူ။ တပ်လူအင်ကောင်း၊ ရုံးစုပေါင်းသည်။ ပန်းတောင်းအသွင်။ တပါးတွင်၏။ ရင်လျှင်သဉ်ာ။ လေးပါးဖြာသည်။ ။ စစ်လာစစ်ချီသမိုင်းတည်း။

ကောင်းကင်တိမ်ပွင့်။ မှိုင်းဆင့်ဆင့်ဝယ်။ အတင့်အတယ်။ အသွယ်သွယ်တည်း။ မိုဃ်းကြယ်နက္ခတ်။ လှည့်လည်ပတ်လျက်။ လနတ်မဥ္ဇူ။ ထွန်းသောတူလျှင်။ နှိုင်းယှုပုံအင်။ စစ်သဘင်၌။ မြင်းဆင်ရထား။ ဒိုင်းလွှားကာချပ်။ အထပ်ထပ်ကို။ ထပ်ထပ်စီမံ။ ဝန်းပတ်ရံလျက်။ တင့်ခံခေါင်ပွေ။ ကြက်သရေဖြင့်။ မင်းနေတပ်မ။ အလယ်ချသည်။ မိုဃ်းလအဟန်။ စစ်တတန်တည်း။ ဗိမာန်ရွှေတောင်။ ခြည်တထောင်ဖြင့်။ စက်ရောင်ရှက်ကူး။ နေကွန့်မြူးသို့၊ ရှေးဦးခံရည်။ တပ်မတည်လျက်။ တိုက်စည်ကျူးရင့်။ ရန်မျိုးလွင့်သည်။ နေမင့်အလား။ တူရိုးမှားရှင့်။ ပိုင်းခြားစေ့စပ်။ ဤနှစ်ရပ်မူ။ စစ်တပ်တွက်ရေ၊ ထုံးရှာဖွေသည်။ ။ လနေပမာစံနှိုင်းတည်း။ ။

ဒိဇာဒိပ္ပော္ဝိရိဝေဂေါ။ ဥသဘောခနေ့ကောစတိ။ သဒ္ဒိရက္ခဗျူဟာနဒီ။ စရံဝိစ္ဆိပဟောနကံ။ ။ ခင်္ပါဒံဥဒ္ဒနဥ္စ။ တဒါသေနာပဋိဂ္ဂဟာ။ ဒိဇာတိပေနသကဋံ။ ဥသဘောနစဥဒ္ဒနံ။ ။ နဒီစရံဝိစ္ဆိကဥ္စ။ ဝါရိဝေကနတိန္တကော်။ ပါဒံပကာရေတုရံတံ။ ဘူဇဂေနမခုကရံ။ ။ မခုပကေ္ခနဝိညေယံ။ ဆဗိဓါသေတောဒနဥ္စ။ အဂ္ဂိတလာသဗျူဟာနံ။ အာမဝါသိဗျူဟာတထာ။ ။ သီယကာဝိဟာရာစေတိ။ တိဓါသေနာနိဝတ္တနံ။ ။

နဂါးဆံစုံ။ ဆတ်ဆတ်တုံကို။ ငှက်ဂဠုန်မင်းတောင်ရှိန်ကျင်းက။ လက်တွင်းရောက်ဝင်။ ထိုအသွင်သို့။ သုခ်သင်ရန်မျိုး။ ပယ်နှိမ်ချိုးသည်။ စစ်ထိုးစစ်အောင်။ ဂဠုန်တောင်တည့်။ မရှောင်မကွင်း။ ရေရင်ဆင်းနှင့်။ မယွင်းတမျှ။ တပ်တော်ချလျက်။ နောက်ကစိစိ။ စစ်အားဖိက။ မငြိမတင်း။ ရန်ပုံခွင်း၍။ ရှင်းလင်းစည်လှည့်။ ဤသို့ရှိသည်။ ရေယင်တမျှ။ တပါးရ၏။ ဥသဘကျော်။ သွားရာမြော်လျက်။ ရွှေဘော်စဉ်ဆိုက်။ နွားရံလိုက်သို့။ မကိုဋ်အသွင်။ ရှေးဖျားတင်၍။ သဘင်

သာညီ။ တပ်မချီသော်။ စဉ်စီမပြောင်း။ တပ်အပေါင်းတို့။ တကြောင်းတည်းသာ။ နောက်တော်ပါသည်။ တပ်တာပုံချ။ ဥသဘာတည့်။ ထိုမှတသင်း။ လေးပြင်တဆန့်။ လေးညှို့ဖြန့်သို့။ ရှေ့တံ့နောံပိုက်။ တပ်တာလိုက်၍။ တိုက်သည်တရပ်။ လေးပြင်တပ်သည်။ ပြီးတပ်ကာစောင့်။ ရန်မမှောင့်အောင်။ လေးထောင့်လေးချက်။ မကာရ်းကွက်သို့။ စစ်မက်ချီရာ။ တထောင်တာမူ။ ဘွယ်ရာသနစ်။ မကာရ်းစစ်တည်း။ ရန်မြစ်ပယ်ရှား။ ပြန်ပြေးသွားသော်။ နဂါးတို့မျိုး၊ ဟိတ်ရှိန်ကိုးသို့။ လွှမ်းမိုးပြင်းထန်၊ မင်း၏မာန်ဖြင့်။ ခံရန်ရှေးဦး။ ဂုဏ်ညွှန့်ခူး၍။ ချီကျူးစီရင်။ စစ်သတင်မူ၊ ပုံပြင်မြွေသွား။ ခေါ်မှန်းထားရှင့်။ ဆန်းပြားထွေလာ။ စစ်ထိုးလာသည်။ ။ ခြောက်ဖြာဤသို့ ပုံခိုင်းတည်း။ ။

စစ်မက်စစ်နံ့။ စစ်ခံချုပ်စပ်။ အရပ်ရပ်ကို။ တတပ်တပ်ကူး။ တတပ်ကြူး၍။ တပ်ဦးမတွင်။ မဝင်မထွက်။ မတက်ရအောင်။ တပ်တန်းမျှောင်သည်။ ယင်တောင်တန်းသွင်။ စစ်သဘင်တည်း။ ပျော်ရွှင်မင်းပွဲ။ သူလှည့်ရဲလည်။ နတ်စီးသည်သို့။ စွမ်းရည်ဘို့လျက်။ လက်စောင်တက်၍။ နှစ်ချက်ခံ့ခိုင်။ စစ်ဦးနိုင်မူ။ နှိုင်းပြိုင်တူလှ။ ကင်းလက်မတည်း။ ထိုမှျဗိုလ်လူ။ ညွှံသည်သူအား။ ရွေးသူသင်းပင်း။ ရန်တွင်းကိုယုံ။ ရဲစုပုံကို။ ယှက်စုံအင်အား။ လှည့်လည်ထားလျက်။ တပ်များမဝန်။ တပ်နေချွန်ဖြင့်။ တင့်ရွှင်ဘွယ်ပင်။ ဤစစ်ဆင်မူ၊ ပုံပြင်မယွင်း။ လှည်းဦးကင်းတည့်။ ဆင်မြင်းရထား။ ကာလွှားဒိုင်းရှည်။ ခံမည်ကြံတွေး။ လုံလေးလက်နက်။ သူခက်သူရဲ။ တသဲသဲတည့်။ ပျားစွဲ၏သို့။ စစ်သည်တို့သည်။ သည်းဆို့ဝန်းလည်။ တပွဲမည်၏။ တည်ကြည်မဝေး။ နောက်နှင့်ရှေးကို။ ကျီးခြေသဘွယ်။ တပ်မြှောင်သွယ်လျက်။ တပ်စွယ်မထွေး။ပေါင်းစည်းဝေးသည်။ စစ်ရေးတဖြာ။ တပါးသာတည်း။ ဗိုလ်ပါအထု။ သုတပ်ပြုတွင်။ နောက်စုစစ်ပွဲ။ တပ်မကဲ၍။ သူရဲရွှင်ပျော်။ ခံ့လောက်ခေါ်ရှင့်။ တပ်တော်ချရာ။ ခြောက်သွယ်ဖြာသည်။ နည်းနာစစ်ခံ သမိုင်းတည်း။

လှည်းဦးကင်းရောင်။ သူကဆောင်မူ။ ဂဠုန်တောင်ညှပ်။ ထုံးစံတပ်နှင့်။ စိုးကွပ်အောင်မြင်။ ရန်မျိုးစင်လိမ့်။ ထို့ပြင်ခံ့လောက်။ သူ့တပ်ရောက်မူ။ ရှေ့နောက်မဆုတ်။ စွမ်းအားထုတ်၍။ နွားဥသဘာ။ တပ်တော်ချလျက်။ ပြသရွက်ဆောင်။ ချက်ခြင်းအောင်လိမ့်။ ယင်ဘောင်တန်းချ။ ကင်းလက်မနှင့်။ သူကစီးလျှည်။ သုတပ်ရည်မူ။ ရေယဉ်စီးဆင်း။ တိုက်လှန်ရှင်းလိမ့်။ ခင်းခြင်းကျီးခြေ။ သုတပ်နေမူ။ ခွဲဝေတက်သက်။ မကာရ်းကွက်ဖြင့်၊ လက်ရလိမ့်ယူ။ အောင်တော်မူ၍။ နှိုင်းတူမရှိ။ လိုတော်ပြည့်ပိမ့်။ ပျား၏လတို့။ သုတပ်ဆို့သော်။ လေးညှို့လေးပြင်။ မရွှင်းစီထား။ မြွေသမားစဉ်ဆက်။ ပုံနှစ်ချက်ဖြင့်။ တိုက်ဖျက်ခြေရာ။ ခြောက်ဖြာ

ပေါင်းရုံး။ စစ်ဖျက်ထိုးဟု။ စဆုံးကုန်စင်၊ ဂုဏ်ထူးမြင်သည်။ ။ ရေပြင်သမုဒ် ဒီလှိုင်းတည်း။

မြူးမေးမိုက်မှောင်။ ရှင်းလင်းအောင်လျှင်။ မီးရောင်ပြွပြွ။ ထွန်းသကဲ့သို့။ ကြွင်းမဲ့ထင်ရှား။ သုတပ်သားကို။ ကွယ်ထားမဆီး။ သိစေပြီးမှ။ ခရီးသင့်ရာ။ ဆုတ်ခဲ့လာသည်။ စစ်ခွာတဘန်။ တပါးမှန်၏။ တပ်ပြန်သွားမည်။ ရိပ်ခြည်မထင်။ မမြင်ရအောင်။ တောင်ရှောင်မြောက်ကွယ်။ ရမယ်ရိုးဖွဲ့။ ဆုပ်ခွာခဲ့သည်။ လကွယ်သဏ္ဍာန်။ တို့စစ်ပြန်သည်။ ဝေဘန်ခန့်ထား။ သူရဲများဖြင့်။ ခြားနားလှည့်လည်။ မင်းရေးတည်၍။ ပြန်သည်မှာကား။ တောင်ဖျားမြို့င်စွန်း။ ဟေမန်ဝန်းဝယ်။ ကျော်ဂုန်းရုံကြွင်း။ ခြင်္သေ့မင်းနှင့်။ နှိုင်းခင်းစစ်ပြိုင်။ ယိမ်းယိုင်မပြောင်း။ ကြောင်းတတန်တည်း။ တွက်မှန်သချ်ာ။ ဤသုံးဖြာမူ။ စစ်ခွာထင်ရှား။ အံ့ဘွယ်များ၏။ မြောက်မြားပညာ။ သေနာပတိ။ အစရှိသား။ ကဝိလက္ခဏာ။ ဂုန်းဝါပြည့်လျှမ်း။ မှုတော်ထမ်းတို့။ ရွှေကျမ်းထုံးပုံ။ အလုံးစုံကို။ အာရုံရှုမြော်၊ ကြည့်စံပျော်သည်။ ။ တပ်တော်ချီရာချတိုင်းတည်း။ ။

စစ်အိပ်ခေါ်ရိုး။ စစ်နှိုးခေါ်ဆို။ စစ်ဖြိုခေါ်မြဲ။ စစ်ရဲထုံးစံ။ စစ်ဆိပ်ညံက၊ ဝန်းရံသဘင်။ စစ်ရှင်တခြား။ ဤခြောက်ပါးကို။ ဆန်းပြားသာချို။ အကျယ်ဆိုပိမ့်။ သုဗိုလ်သုသူ၊ သုလူတပါး။ သုတပ်သားတို့။ မကြားမထင်။ မမြင်မသိ၊ တပ်မရှိဟု။ သတိလွတ်ရှောင်။ လာမှားအောင်လျှင်။ စိုးနှောင်ဆို့ပိတ်၊ တပ်လုံးတိတ်၍။ ဆိတ်ဆိတ်ညံ့ညံ့။ အသံမထွက်။ ရဲမက်ဗိုလ်ခြေ။ စစ်အိပ်စေရှင့်။ အနေမတည်။ ထိုစစ်သည်လျှင်။ စွမ်းရည်မပေါ်။ နွမ်းညှိုးလျော်မူ၊ ကြွေးကြော်ပတ်ရံ။ လက်နက်သံက။ မည်းအုပ်အုပ်။ တီးမှုတ်ပဠင်။ ပျော်ရွှင်ရလေ။ စစ်နှိုးစေရှင့်။ နေ့ရေရက်ချား။ နှစ်-လပွား၍။ ဆွမ်းစားရေစာ။ ရိက္ခာယိုယွင်း။ စစ်အိုမင်းသော်။ မြစ်တွင်းကျေးတောင်။ ရွက်ဆောင်မချို့၊ တိုးခွင့်မြို့က။ ဆယ်ဘို့ဆောင်ထား။ ဆန်စပါးနှင့်။ သောက်စားဘွယ်ဘွယ်။ အသွယ်သွယ်ဖြင့်။ ကြီးငယ်မျှဝေ၊ စစ်ပျိုစေရှင့်။ စစ်ခြေစစ်တပ်။ စစ်ရပ်စစ်နား။ စစ်သွားစစ်ခွာ။ မသာယာ၍။ ဗိုလ်ပါပြစ်မွန်း။ လူအရှန်းတို့။ ညှိုးနွမ်းရပ်ဝါ။ ရှိလင့်မှာကား။ အာဏာတော်ဖြင့်။ ခြိန်းခြောက်ချင်လျက်။ စစ်ခွင်စစ်နေ၊ စစ်ရဲစေရှင့်။ အနေမြော်ရှု။ အမှုမြော်တွေး။ အရေးမြော်လျက်။ ဘယ်နေ့ရက်ကို။ ချိန်းချက်ကြံစီ၊ တိုက်လှန်မည်ဟု၊ ရိပ်ခြည်စကား။ ရဲမက်များကို၊ မကြားမတင်။ စစ်မှုအင်၌။ ကျွမ်းကျင်ပွန်းတီး။ စစ်သူကြီးနှင့်။ စောထီးနတ်ရှင်၊ ခန့်တိုင်ပင်၍။ စီရင်တိုက်ဖျက်။ ရတ်တရက်လျှင်။ လျှို့ဝှက်ကြံထွေ။ စစ်ဆိတ်စေ့ရှင့်။ ရွှေငွေမြောက်မြား။ ဝတ်စားတန်ဆာ။ လိုရာဆုပေး။ ကျွေးမွေးသိမ်းပိုက်။ စိုးထိုက်မင်းတန်။ သိကာချန်၍။ ကောင်းမွန်ရတနာ။ စ၍ဖြာသား။

ဥစ္စာတို့မှ။ လက်ရယူနေ။ စစ်ရှင်စေရင့်။ အရေအတွက်။ ဤခြောက်ချက်လည်း။ စစ်မက်သဘင်။ စစ်ပွဲဝင်၍။ ကျွမ်းကျင်လိမ္မာ။ လေ့ကျက်ရာသည်။ ။ ဗျူဟာသေနင်္ဂကျမ်းတွက်တည်း။ ။

"စစ်မက်ဆင်ရာ။ တနည်းဖြာပိမ့်၊ ဗိုလ်ပါသိမ်းကျုံး။ တတပ်လုံးကို။ ရှေ့ရုန်းနာက်ကျယ်။ ညာဘယ်ဝန်းကျင်။ လှည်းဦးသွင်သို့။ ပုံပြင်တမျှ။ တပ်တော်ချမူ။ သကဋဗျူဟာ။ တပါးလာ၏။" ရွှေကြာပွင့်ထပ်။ ပွင့်ခြင်းချပ်သို့၊ မင်းတပ်အလယ်။ စမွယ်တင့်စံ။ စစ်ပွဲခံ၍။ တပ်ရံဝန်းရံ။ သောသောတုန်မျှ။ ဒုမဗျူဟာ။ တပါးလာ၏။" လေးဖြာလေးရပ်။ စက်လေးချပ်သို့။ လေးတပ်ညီမျှ။ ဤသို့ချမူ။ ရထဗျူဟာ။ တပါးလာ၏။" သောင်းချာသေဋ္ဌနင်း။ မင်း၏သဘင်။ အလယ်တွင်၌။ ဝန်းကျင်ရှေးရှူ။ စံတော်မူ၍။ ဗိုလ်လူအပြည့်။ စစ်သွားလှည့်သို့။ မည်သည့်တပ်နေ။ မခြားစေဟု။ အသေအချာ။ စစ်မျက်နှာကို။ ဆီးကာပြေသ။ ဤသို့ချမူ။ စက္ကဗျူဟာ။ တပါးလာ၏။ တပ်တာချရိုး။ စစ်ထိုးတလိုက်။ ဆင်သိမ်းပိုက်အံ့။ တိမ်တိုက်သဘွယ်။ ဘားနှယ်ခုန်ဆွေ့။ ခြသေ့်အလား။ တောကျားတသွန်။ ပိုက်ကွန်တထုံး။ ချပုန်းပမာ။ ဟင်္သာအရောင်။ ကျောင်ဆောင်ကဲ့သို့၊ အစို့စို့ဖြင့်။ သုမြို့သုတပ်။ သုရပ်နယ်ဝင်။ သုခွင်သုမြေ။ သုအနေကို။ ရှာဖွေကြောင်းလှမ်း။ အရိပ်ဖမ်း၍။ စူးစမ်းခွင့်မြှော်။ ရှုတိုင်းပျော်သည်။ ။ မှုတော်ကုန်စင်ရွက်ထမ်းတည်း

"စစ်မက်ချီရာ။ စိုးချုပ်ချာသည်။ သေနာပတိ။ ပညာရှိ၍။ ဆီမီးအတူ။ စစ်ခေါင်းဟူ၏။" သုသူဗိုလ်တွင်း။ ကျော်ချဉ်းနင်လျက်။ ဘောက်ထွင်းလှည့်လည်။ သုရပ်ပြည်ဝယ်။ ကြံစီထူးပြား၊ သုကြောင်းလျားကို။ စကားထဲမြို့။ ထိုသူလျှိုကား။ ခေါ်ဆိုမှတ်သား။ စစ်၏နားတည်း။" ဟူးရားဗေဒင်။ မြှော်မြင်ထူးပြား။ ကျော်ထင်ရှားသား။ သွားဖြူညို။ သူတို့ကိုယ်လျှင်။ ခေါ်ဆိုမည်ရှိ။ စစ်မျက်စိတည်း။" မငြိမစွန်း။ မရွန်းမစက်။ တဘက်ရန်ပြိုင်။ မတုနိုင်အောင်။ ယှက်ဆိုင်ဝန်းလည်။ သဲ့သဲ့စည်လျက်။ စိတ်ရည်ကိုယ်တူ။ သောင်းဦးဆူမျှ။ စစ်၏အားတည်း။ စကားအရာ။ အင်ရှစ်ဖြာဖြင့်။ ရေးရာနှံ့သိ။ ကဝိတဆူ။ တမန်မူကား။ ရွေးယူမှတ်သွင်း။ စစ်ခံတွင်းတည်း။" ခင်းခြင်းတပ်တာ။ များဗိုလ်ပါနှင့်။ ညီညာသဲသဲ။ ရန်ခက်ခဲ၍။ စစ်ပွဲတိုက်ချိန်။ စဉ်းသွားစိန်သို့။ တရှိန်တည်းကွန့်။ အသက်စွန့်လျက်။ ရန်ညွှန့်ပယ်ရှား။ သူရဲအားကို။ ထူးပြားအံ့ဘွယ်။ စစ်အစွယ်တည်း။" များကြွယ်ရုံးပေါင်း။ ဆင်ကောင်းမြင်းလျှင်။ သောင်းသောင်းဖြင်မျှ။ စုံလင်ပြီးထွေ။ စစ်၏ခြေတည်း။" အုပ်ထွေဖြိုလှိုင်။ လက်နက်ကိုင်ကား။ သွယ်တိုင်းနိုင်ချက်။ စစ်၏လက်တည်း။ လေးချက်ဘွယ်ဘွယ်။ အသွယ်သွယ်သည်။ ။ ရွေးချယ်စည်လည်ကြောင်းလမ်းတည်း။

မိုလ်လူရဲမက်။ အထွက်အဝင်။ မြင်းဆင်ထိန်းကျောင်း။ ပဲပြောင်းနွယ်ခက်။ ဟင်းရွက်ဟင်းသီး၊ ဝါးနီးရှာဖွေ၊ ထင်းခွေရေခပ်။ သစ်တပ်ခုပ်ယူ။ ထိုမျှလူကို။ ရွေးရှုစူးစူး။ တပ်တော်ဦးသို့။ မကူးစေရ။ တပ်တော်ချသော်။ ကြပ်မသိမ်းချုပ်။ တပ်တည်လုပ်၍။ ထိမ်းအုပ်စီရင်။ မပြီးခင်ကို။ မြင်းဆင်မစ။ ဆောင်လုလ္လဖြင့်။ ကြိုးကသေခွေ။ မြဲမြန်စေလော့။ ကင်းနေကင်းလူ။ ခန့်ထားမူကား။ သုသူနီးစပ်။ ကင်းတို့ရပ်၍။ သုတပ်မမြင်။ ဝေးသည်ထင်သော်။ ဆင်ခြင်ခရီး။ ကင်းရှည်ဆီး၏။ ကင်းမီးတထောင့်။ ကင်းစောင့်ကင်းသူ။ ရှေးဦးနေမြဲ။ သုံးရပ်ခွဲမှ။ သုံးလဲတက်သက်။ မထွေးရှက်အောင်။ စုတ်စက်ခေါ်ကြား။ ဝေဘန်ထားလျက်။ စကားဆို့ပိတ်။ အသံတိတ်၍။ ဆိတ်ဆိတ်ဗုက်ခွေ။ စဲညံစေလော့။ အသေအချာ။ အဖြာဖြာဖြင့်။ ဆိုင်ရာအုပ်ကွပ်။ ကိုစည်းကြပ်ဟု။ အရပ်အနေ။ အထွေထွေလျှင်။ စေ့ရေဥသုံ။ ထုံးဟောင်းစုံသည်။ ။ ရွှေဘုံနန်းစဉ်စာတန်းတည်း။ ။

စက္ကဝါဘောင်။ ကျွန်းဥဿျောင်မှာ။ နေရောင်တမျှ။ ဘုန်းတေဇနှင့်။ ယသသမ္ပတ်။ အရပ်ရပ်ကို။ စက္ကရတ်တူ။ စိုးစံယူရှင့်။ ရန်သူမင်းလေး။ လွှင့်စင်ဝေးအောင်။ လေးပြင်ဗွာနာ။ ဘူကရာတွင်။ သေနာစစ်ကြီး။ စီမံပြီး၍။ ဖြင်ဖြီးဗျူဟာ။ သောသောညာမျှ။ က္လန္ဒာဒေဝ။ ဆင်းဘန်သသို့။ အမ္ဗူတဂုဏ်။ ရိုက်ဟီးတုန်သား။ လုံးစုံမိုလ်ခြေ။ ရံချွေအင်္ဂါ။ လက္ခဏာနှင့်၊ စစ်လာစစ်ထွက်။ စစ်တက်စစ်ဆင်။ စစ်ရွှင်စစ်ဆိပ်။ စစ်နိမိတ်များ။ အပါးပါးကို။ သားနားသေချာ။ ဘော်ထုတ်ခါဖြင့်။ သေလာဝေဘူ။ တောင်တွင်းဂူမှ။ တူးယူမဏိ။ ပြလေ၏သို့။ သတ္တိသူရ။ ဉာဏတမွတ်။ တုလွတ်ခပ်နှိပ်။ တံဆိပ်မင်းစံ။ ရွှေခွန်းခံသ။ ဗလဒေဝ။ နာမစစ်ဝန်။ ဘုရားကျွန်က။ ပြည့်ွန်လွယ်ကူ။ မှော်ကွန်းထူသည်။ ။ စစ်သူကြီးတို့ဉာဏ်စွမ်းတည်း။ ။

ဤကားမှော်ကွန်းပြီး၏။

၉၅ ～ 95

သူရဲတို့အခဏ်း။

သူရဲသူခက်တို့လက္ခဏာ၏အကြောင်းကို။ ထပ်လောင်းသေချာ။ ရိုသေစွာတင်လျှောက်ပါအံ့ဘုရား။

သူရဲဟူသည်ကား။ တကျိပ်သုံးယောက်အပြားရှိ၏။ တကျိပ်သုံးယောက်ဟူသော်ကား။ "ဆင်စီးသူရဲ မြင်းစီးသူရဲ။" ရထားစီးသူရဲ။" အောင်လှံသူရဲ။" လေးစွဲ

သူရဲ။” မင်းသားသူရဲ။ အခိုင်သူရဲ။” အဝင်သူရဲ။” ဆင်ပြောင်နှင့်တူသောသူရဲ။” တခဲနက်သူရဲ။” သားရေစွဲသူရဲ။” ကျွန်သားသူရဲ၊” စစ်ဆင်သူရဲ။”။ ဟူ၍တကျိပ်သုံးယောက်အပြားရှိ၏။ ထိုတကျိပ်သုံးယောက်တို့တွင်။ ဆင်စီးသူရဲဟူသည်ကား။ ဆင်ကိုစီး၍တဘက်စစ်သည်ကို။ တိုက်ဖျက်တတ်သောသူရဲတည်း။ မြင်းစီးသူရဲ။ ရထားစီးသူရဲ တို့၌လည်း။ နည်းတူပင်တည်း။ အောင်လှံသူရဲ ဟူသည်ကား။ စစ်ထိုးရာ၌ အောင်လှံကိုကိုင်၍။ ရှေ့ကသွားဝံ့သောသူရဲတည်း။ လေးစွဲသူရဲ ဟူသည်ကား။ သားမြီးခြမ်းကို မှန်အောင်ပစ်နိုင်သော။ ဝါလဝေဓိလေးသမား။ လျှပ်တပြက်၌ အချက်များစွာပစ်နိုင်သော။ အက္ခဝေဓိလေးသမား။ အသံကိုကြားသဖြင့်။ မှန်အောင်ပစ်နိုင်သော။ သဒ္ဒဝေဓိလေးသမား။ မြွားကိုမြွားခြင်း။ မှန်အောင်ပစ်နိုင်သော။ သရဝေဓိလေးသမား၊ ဤလေးသမားလေးယောက်ပင်တည်း။ ထိုလေးသမားလေးယောက်တို့၏ သတ္တိအထူးအပြား ✳(အကျယ်ကိုဇောတိပါလဇာတ်အဋ္ဌကထာ၌ဆိုသည်) — အခိုင်သူရဲဟူသည်ကား။ ထန်းသီးခိုင်ကဲ့သို့။ ရန်သူ၏ဥက္ကောခြင်းကို၊ ဖြတ်ယူပြီးလျှင်။ ခုန်လွှား၍ တဘက်ထွက်ပြနိုင်သောသူရဲတည်း။” မင်းသားသူရဲ ဟူသည်ကား။ အပွဲပွဲ၌အောင်ဘန်များ၍။ ထင်ရှားကျော်စောသော မင်းသားတည်း။ အဝင်သူရဲဟူသည်ကား။ ရန်သူ၏ ဥက္ကောခြင်းကို ဗိုလ်ခြေသို့ဝင်၍ ယူနိုင်သောသူရဲတည်း။ ဆင်ပြောင်နှင့်တူသော သူရဲဟူသည်ကား။ အမုံယစ်သော ဆင်ပြောင်ကိုပင်။ ရင်ဆိုင်တွေ့လင့်ကစား၊ မဆုတ်မနစ်သော သူရဲတည်း။ ။ တခဲနက်သူရဲဟူသည်ကား။ မဟာသမုဒ္ဒရာကိုပင် ကူးရမည်ဟု။ အရှင်စိုးမင်းတို့က ဆိုသော်။ လက်ပစ်ကူးနိုင်အံ့သကဲ့သို့။ မိမိကိုယ်ကို။ ထင်စားသောသူရဲတည်း။” ။ သားရေစွဲသူရဲဟူသည်ကား။ သားရေအင်္ကျီဝတ်၍။ စစ်ထိုးသောသူရဲတည်း။ ။ ကျွန်သားရဲဟူသည်ကား။ စိတ်အားကိုယ်လွတ်ရဲသောသူရဲတည်း။ ။ စစ်ဆင်သူရဲ ဟူသည်ကား။ စစ်ဆင်အရေးအရာ၌။ လိမ္မာသောသူရဲတည်း။ (ဤသူရဲအပြားကား။ လောကီသေနင်္ဗျူဟာကျမ်းများ၌လာသည်။) အဝေးသို့ရောက်အောင်ပစ်လွှတ်နိုင်သောသူရဲ၊ လျှင်မြန်စွာပစ်လွှတ်နိုင်သောသူရဲ။ ကြီးစွာသောအစုအခဲကို။ ဖြိုဖျက်နိုင်သောသူရဲ။ ဤသူရဲသုံးယောက်တို့ကို။ ရေမြေသေဌ်နင်းပြည့်ရှင်မင်းတို့သည်။ မိမိကိုယ်နှင့်။ ထပ်တူထပ်မျှကဲ့သို့။ ပြု၍ ခြီးမြှောက်မွေးမြူကုန်ရာ၏ဟူ၍။ (တိကနိပါတ်အင်္ဂုတ္တရနိကာယ်ကျမ်းတို့၌။ ဘုရားဟောတော်မူသည်။) ဤအရာ၌စစ်ဆင်စစ်ထွက်နည်း။ စသည်တို့ကိုပြချေသော်။ ကျမ်းအလွန်ကြီး၍။ အပြီးတိုင်ရောက်ခဲမည်ဖြစ်သောကြောင့်။ သိသာရုံမျှထည့်လိုက်အပ်သတည်း။

ထိုသို့စစ်သူကြီးတို့ဆိုင်ရာ။ သေနင်္ဂါအထူပ္ပတ္တိကို–ဇာတ်နိပါတ်အစောင်စောင်တို့နှင့်။ သတိုးဗလဒေဝ။ သေနင်္အဂ္ဂမဟာသေနာပတိ။ စစ်ဝန်ရှင်တော်မင်းကြီး

သည်။ ဖြိုးသီးများမြတ်။ လျောက်ပတ်ပြေပြစ်၊ ခြေမြစ်တောက်ကြွား။ နောက်မသွားဘဲ။ လျှောက်ထားသံတော်ဦးတင်သည်ကို။ အလွန်ပင်နှစ်သက်ဝမ်းမြောက်တော်မူလေ၏။

ထိုနောက်ရွှေမြို့တော် ဝန်ရှင်တော်မင်းကြီး၊ ကဝိစန္ဒာအမတ်ကြီးကို၊ မင်းတို့ကိုပင်အပ်သော-မန္တီနိမည်ကုန်သော။ အမတ်ပညာရှိသုခမိန်တို့၏။ အင်္ဂါလက္ခဏာ၏အကြောင်းကို။ သံတော်ဦးတင်စေ။ အမိန့်တော်မြတ်မှတ်သောကြောင့်။ တင်လျှောက်သည်မှာကား။ "မန္တီနိမည်ကုန်သော။ မင်းတိုင်ပင်အမတ်ပညာရှိသုခမိန်တို့၏။ အင်္ဂါလက္ခဏာကား။ အကြားအမြင်များသည်လည်းတပါး။" သီတင်းသီလရှိသည်လည်းတပါး။" ရဲရင့်သည်လည်းတပါး။" လုလ္လဝီရိယရှိသည်လည်းတပါး။" အမှုကိုပြီးအောင်။ စီရင်နိုင်သည်လည်းတပါး။" စွမ်းအားသတ္တိရှိသည်လည်းတပါး။ လောဘနည်းသည်လည်းတပါး။ ချစ်ချင်စဘွယ်တင့်တယ်လျှောက်ပတ်သော။ အဆင်းရှိသည်လည်းတပါး။ ဤသို့လျှင် ရှစ်ပါးဖြစ်သတည်း။ ။ ထို့ကြောင့် ဤဂါထာဖြင့်သိအပ်၏။

သုတဝါသီလဝါစေဝ။ သူရောဝိရောစ သိဒ္ဓိကော။ ထာမော ဝဏ္ဏောအနိစ္ဆောတံ။ မန္တိဥါနေဋ္ဌပေယျဝ။ ။

ယော။ အကြင်သူသည်။ သုတဝါ။ များသောအကြားအမြင်ရှိ၏။ သီလဝါစေဝ။ အကျင့်သီလနှင့်လည်းပြည့်စုံ၏။ သူရောစ။ ရဲလည်းရဲရင့်၏။ ဝိရောစ။ လုလ္လဝီရိယလည်းရှိ၏။ သိဒ္ဓိကောစ။ ထိုထိုအမှုကိစ္စကိုလည်း ပြီးစေတတ်၏။ ထာမောစ။ အားအစွမ်းနှင့်လည်းပြည့်စုံ၏။ ဝဏ္ဏောစ။ အဆင်းလည်းလှ၏။ အနိစ္ဆောစ အလိုရမ္မက်လည်းနည်း၏။ တံ။ ထိုသို့ သဘောရှိသောသူကို။ မန္တိဥါနေ။ မင်းတိုင်ပင်အရာ၌။ ဝေ။ စင်စစ်။ ဋ္ဌပေယျ။ ထားရာ၏။

၉၆ ~ 96

ထို့နောက်-လေခကမည်ကုန်သောစာရေးတော်ကြီး။ အမှာတော်ရေး။ အမိန့်တော်ရေး။ အမတ်တို့၏ အကြောင်းလက္ခဏာကို။ သံတော်ဦးတင်လျှောက်ပြန်လေ၏။ ။

လေခကမည်ကုန်သော။ စာရေးကြီးအမှာတော်ရေး။ အမိန့်တော်ရေး။ အမတ်တို့၏။ အင်္ဂါလက္ခဏာကား။ ။ တခွန်းစကားကိုကြားသဖြင့်။ မင်း၏အလိုကိုသိတတ်သည်လည်းတပါး။ လျှင်မြန်စွာရေးသားနိုင်သည်လည်းတပါး။ ။ လျှင်မြန်စွာ မှတ်သားနိုင်သည်လည်းတပါး။ ။ စကားတတ်သည်လည်းတပါး။ ။ လိမ္မာသည်လည်းတပါး။ ။ ဤသို့လျှင် ခြောက်ပါးအပြားရှိ၏။ ။ ထို့ကြောင့်

ရာဇနီတိဋ္ဌ။ ။ သကိဋ္ဌတ္တာဂဟိဒက္ခံ။ သိဃ်လေခံသုလိက္ခိတံ၊ မေဓါဝိဝါကျပဋ္ဋုတံ၊ ဒက္ခေ့တံလောကေခရေ။ ။ ဟူ၍ မိန့်အပ်၏။

သကိဋ္ဌတ္တာဂဟိဒက္ခံ။ တခွန်းသောစကားကိုကြားသဖြင့်။ မင်း၏အလိုကို သိတတ်ထသော။ သိဃ်လေခံ။ လျှင်မြန်သော အရေးလည်း ရှိထသော။ သုလိက္ခိတံ။ ကောင်းမြတ်တင့်တယ်အောင်။ ရေးသားနိုင်ထသော။ မေဓါဝိ။ လျှင်မြန်စွာ မှတ်သားနိုင်သော။ ပညာလည်းရှိထသော။ ဝါကျပဋ္ဋုကံ။ အချေအတင်။ ပြေပြင် သားနား။ စကားအမျိုးမျိုးကိုလည်း။ တတ်ထသော။ ဒက္ခံ။ အခွင့်အရာ။ ရောက် လတ်စွာသား။ မမှားချိန်စာ။ တသိရ်ဖြာ၍။ အလွန်လိမ္မာထသော။ တေံ။ ဤသို့ သဘောရှိသောသူကို။ လေခကေ။ စာရေးကြီးအမှာတော်ရေး၊ အမိန့်တော်ရေး အမတ်အရာ၌၊ ခရေ။ တည်စေရာ၏။ ။

ထို့နောက်တမန်အင်္ဂါ။ ကြောင်းရှစ်ဖြာကို။ သေချာစေ့စပ်။ ဒူတမည်သော။ သံအမတ်ကို။ နိတတ္ထိပါဠိတော်နှင့်။ သင့်လျော်စွာ။ တင်လျှောက်ပါအံ့ဘုရား။ ။

ဒူတမည်ကုန်သော။ တမန်တော်တို့၏။ အင်္ဂါလက္ခဏာကား။ ရှစ်ပါးအပြား ရှိ၏။ ရှစ်ပါးဟူသော်ကား။ ။ ကြားနာတတ်သည်လည်းတပါး။ ကြားနာစေ တတ်သည်လည်းတပါး၊ မှတ်သားတတ်သည်လည်းတပါး၊ ဆောင်နိုင်သည် လည်းတပါး။ သိတတ်သည်လည်းတပါး။ သိစေတတ်သည်လည်းတပါး။ ရောက် စေအပ်သည်။ မရောက်စေအပ်သည်၌။ လိမ္မာသည်လည်းတပါး။ မငြင်းမခုံ တတ်သည်လည်းတပါး။ ။ ဤရှစ်ပါးတည်း။ ။ ထို့ကြောင့်၊ အဋ္ဌအင်္ဂုတ္တိုရ် စူဠဝါ ပါဠိတော်စသည်တို့၌။ ။ "အဋ္ဌဟိဘိက္ခဝေဓမ္မေဟိ သမ္မန္နာ ဂတောဘိက္ခူဒူတေ ယျံ ဂန္တုမရဟာတိ။ ကတမေဟိအဋ္ဌဟိ။ ဣဓ ဘိက္ခဝေ ဘိက္ခုသောတာစဟော တိ။ သာဝေတာစ။ ဥဂ္ဂဟေတာစ။ ဓါရေတာစ။ ဝိညာတာစ။ ဝိညာပေတာစ။ ကုသလောစ။ ပဟိတာပဟိတဿ၊ နောစကံ လဟကာရကော။ ဣမေဟိခေါဘိ က္ခဝေဓမ္မေဟိသမ္မန္နာဂတော ဘိက္ခူဒူတေယျံဂန္တုမဟာရတိ"။ ။ ဟူ၍ ဟောတော် မူသည်။

ဘိက္ခဝေ။ ရဟန်းတို့၊ အဋ္ဌဟိ။ ရှစ်ပါးကုန်သော။ ဓမ္မေဟိ။ တရားတို့နှင့်။ သမ္မ န္နာဂတော။ ပြည့်စုံသော။ ဘိက္ခူ။ ရဟန်းသည်။ ဒူတေယျံ၊ တမန်အမှုကို။ ဂန္တုံ။ သွားခြင်းငှါ။ တနည်းကား။ ဒူတေယျံဂန္တုံ။ တမန်ပြု၍သွားခြင်းငှါ။ အရဟာတိ။ ထိုက်၏။ ကတမေဟိ။ အဘယ်မည်ကုန်သော။ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ဓမ္မေ ဟိ။ တရားတို့နှင့်။ သမ္မန္နာဂတော။ ပြည့်စုံသော။ ဘိက္ခူ။ ရဟန်းသည်။ သော တာစ။ ကြားနာတတ်သည်လည်း။ ဟောတိ။ ဖြစ်၏။ သာဝေတာစ။ ကြားနာစေ တတ်သည်လည်း။ ဟောတိ။ ဖြစ်၏။ ဥဂ္ဂဟေတာစ။ မှတ်သားနိုင်သည်လည်း။

ဟောတိ။ ဖြစ်၏။ ခါရေတာစ။ ဆောင်နိုင်သည်လည်း။ ဟောတိ။ ဖြစ်၏။ ဝိညာတာစ။ သိတတ်သည်လည်း။ ဟောတိ။ ဖြစ်၏။ ဝိညာပေတာစ။ သိစေတတ်သည်လည်း။ ဟောတိ။ ဖြစ်၏။ ပဟိတာပဟိတဿ။ ရောက်စေအပ်။ မရောက်စေအပ်သည်၌။ ကုသလောစ။ လိမ္မာသည်လည်း။ ဟောတိ။ ဖြစ်၏။ ကလဟကာရကောစ။ ငြင်းခုံတတ်သည်လည်း။ နဟောတိ။ မဖြစ်။ ဘိက္ခဝေ။ ရဟန်းတို့။ ခါ။ စင်စစ်။ ဣမေဟိအဋ္ဌဟိ။ ဤရှစ်ပါးကုန်သော။ ဓမ္မေဟိ။ တရားတို့နှင့်။ သမ္မန္နာဂတော။ ပြည့်စုံသော။ ဘိက္ခု။ ရဟန်းသည်။ ဒူတေယျံဂန္တုံ။ တမန်ပြု၍သွားခြင်းငှါ။ အရဟတိ။ ထိုက်၏။ ။ ဤကားယောဇနာ။

၉၇ ~ 97

အရှင်မင်းမြတ်လျှောက်ပတ်သော။ မောဟုတ္တိက မည်ကုန်သော။ အသုံးစာရေး-ဂဏန်းသင်္ချာ တတ်ကုန်သော။ အမတ်တို့၏။ အကြောင်းကို။ ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

မောဟုတ္တိကမည်ကုန်သော။ အသုံးစာရေး။ ဂဏန်းသင်္ချာတတ်ကုန်သော အမတ်တို့၏။ အင်္ဂါလက္ခဏာကား၊ ။ ထိုထိုသို့သော လောကစာရိတ္တ၌။ လိမ္မာကျွမ်းကျင်။ သိမြင်တတ်မြောက်သည်လည်းတပါး။ ထိုထိုသို့သော။ အမှုကိစ္စ၌။ ပြီးပြေအောင်ရွက်ဆောင်နိုင်သည်လည်းတပါး။ အသျှင်တို့၏ ဥစ္စာဘဏ္ဍာတော်ကို။ လတ်တလောခြင်း။ သေစေတတ်သောအဆိပ်ကဲ့သို့။ တိတ်တဆိတ်ဖုံးဝှက်ခိုးယူ၍။ မသုံးဆောင်တတ်သည်လည်းတပါး။ ။ ဤသို့လျှင် သုံးပါးဖြစ်သတည်း။ ။ ထို့ကြောင့်။ ဤအရာ၌-ဋင်းဂါထာဖြင့်။ သိအပ်၏။ ။

လောကစာရိတ္တဝိညူစ။ တံတံကမ္မန္တသိဒ္ဓကော။ နိကာမောစေဝကော ဝိဒေါ။ မောဟုတ္တိကေဌပေယျတံ။ ။

လောကစာရိတ္တဝိညူစ။ လောကစာရိတ္တကိုလည်း သိထသော။ တံတံ ကမ္မန္တသိဒ္ဓကော။ ထိုထိုအမှုကိစ္စကိုပြီးပြေအောင်။ ရွက်ဆောင်နိုင်ထသော။ နိကာမောစေဝ။ အလိုရမ္မက်လည်း။ နည်းပါးသည်သာလျှင်။ ဖြစ်ထသော။ ယော။ အကြင်သူသည်၊ အတ္ထိ။ ရှိ၏၊ တံ။ ထိုသူကို။ မောဟုတ္တိကေ။ အသုံးစာရေး ဂဏန်းသင်္ချာတတ်သော။ အမတ်အရာ၌။ ကောဝိဒေါ။ ပညာရှိသောသူသည်။ ဌပေယျ။ ထားရာ၏။ ။ ဟူ၍တင်လျှောက်ပြီးနောက်။ ထို့နောက်ထပ်မံ၍။ ။

၉၈ ～ 98

မင်းဆရာပရောဟိတ်ပုဏ္ဏားတို့၏။ အင်္ဂါလက္ခဏာအကြောင်းကို။ သံတော်ဦးတင်လျှောက်သည်မှာကား။

ပရောဟိတ-မည်ကုန်သော။ မင်းဆရာပုဏ္ဏားတို့၏။ လက္ခဏာအင်္ဂါကား။ ။ တဆယ့်နှစ်ပါးတည်း။ တဆယ့်နှစ်ပါး ဟူသော်ကား။ ။ အမှန်အကန်ဆိုလေ့ရှိသည်လည်းတပါး။ စင်ကြယ်သည်လည်းတပါး။ သူတပါးကို သနားတတ်သည်လည်းတပါး။ အတိုင်းအရှည်နှင့်ယှဉ်သော စကားကိုဆိုလေ့ရှိသည်လည်းတပါး။ ငြိမ်သက်သောဣန္ဒြေရှိသည်လည်းတပါး။ မိမိကိုယ်ကို ဆုမ္မလေ့ရှိသည်လည်းတပါး။ ဥပုသ်သီတင်း စောင့်လေ့ရှိသည်လည်းတပါး။ အလိုနည်းသည်လည်းတပါး။ သည်းခံလေ့ရှိသည်လည်းတပါး။ ဖြောင့်မတ်သောနှလုံးရှိသည်လည်းတပါး။ ဂြိုဟ်နတ်တို့ကို ပူဇော်ခြင်း၌လိမ္မာသည်လည်းတပါး။ သူတော်ကောင်းတရားကို အလိုရှိသည်လည်းတပါး။ ။ ဤသို့လျှင် တဆယ့်နှစ်ပါးဖြစ်သတည်း။ ။ ဤတဆယ့်နှစ်ပါးကား-ဖြဟ္မဏဗာတ်၌လာသည်။ ။ ဤအရာ၌ အကျဉ်းမှတ်သားရန် ဂါထာဖွဲ့စီ၍ ပြဦးအံ့။ ။

သစ္စဝစောဝိသုဒ္ဓေါစ၊ ကာရုဏိကော ပမာဏိကော။ သန္တိန္ဒြိယော ဒမေန္တောဝ၊ သီလဝါစေဝအပ္ပိစ္ဆော။ ။

ခန္တိစအဇ္ဇဝေါစေဝ၊ ဟုတေဒက္ခောစဓမ္မိကော ယောသောပုရောဟိသောညေယျော၊ ဘူပါလာနဥ္စသန္တိကေ။ ။

ယော။ အကြင်ပုဏ္ဏားသည်။ သစ္စဝစော။ မှန်သော စကားလည်းရှိ၏။ ဝိသုဒ္ဓေါ။ စင်လည်းစင်ကြယ်၏။ ကာရုဏိကောစ။ သူတပါးကိုလည်းသနားတတ်၏။ ပမာဏိကောစ။ အတိုင်းအရှည်နှင့်ယှဉ်သော။ စကားကိုလည်းဆိုလေ့ရှိ၏။ သန္တိန္ဒြိယောစ။ ငြိမ်သက်သောဣန္ဒြေလည်းရှိ၏။ ဒမေန္တောစ။ မိမိကိုယ်ကိုလည်း။ ဆုမ္မလေ့ရှိ၏။ သီလဝါစေဝ။ ဥပုသ်သီတင်းသုံးခြင်းအလေ့လည်းရှိ၏။ အပ္ပိစ္ဆောစ။ နည်းသောအလိုလည်းရှိ၏။ ခန္တီစ။ သည်းခံလေ့လည်းရှိ၏။ အဇ္ဇဝေါစ။ ဖြောင့်မတ်သောနှလုံးလည်းရှိ၏။ ဟုတေစ။ ဂြိုဟ်နတ်ပူဇော်ခြင်း၌လည်း။ ဒက္ခော။ လိမ္မာ၏။ ဓမ္မိကောစ။ သူတော်ကောင်းတို့၏ တရားကိုလည်း အလိုရှိတတ်၏။ သော။ ထိုပုဏ္ဏားကို။ ဘူပါလာနဥ္စ။ ရေမြေသေဌ်နင်း မင်းတို့၏လည်း။ သန္တိကေ။ အထံ၌။ ပရောတိတော။ ပရောဟိတ်ဟူ၍။ ညေယျော။ သိအပ်၏။

(ရာဇနီတိကျမ်း၌ကား။ ။ ဗေဒင်အတတ်တို့ကို။ တတ်မြောက်သည်လည်းတပါး။ မန္တာန်ဇုပ်ခြင်း။ မီးပူဇော်ခြင်း၌ လေ့လာကျွမ်းကျင်သည်လည်းတပါး။” အရှင်စိုးမင်းအား ဘုန်းတော်ကြီး၍။ သက်တော်ရှည်ကြောင်း။ ဆုတောင်းဆုယူ။ မူလေ့ရှိသည်လည်းတပါး။”) ဤသုံးပါးသည်။ ပရောဟိတ်ပုဏ္ဏားတို့၏။ အင်္ဂါလက္ခဏာမည်၏ ဟူ၍ ဆိုသည်။ ထို့ကြောင့် ရာဇနီတိကျမ်း၌။ ။

ဗေဒါဝေဒင်္ဂသတ္တညော၊ ဇပ္ပဟောမပရာယနော။ အာယုဒိဃမေတ္တောနိစ္စံ။ ဧသောရာဇပုရောဟိတော။ ။

ဗေဒါဝေဒင်္ဂသတ္တညော။ ဗေဒင်ကျမ်းကြီးကျမ်းငယ်။ အစောင်စောင်ကိုလည်းသိမြင်ထသော။ ဇပ္ပဟောမပရာယနော။ မန္တာန်ဇုပ်ခြင်း၌။ လေ့လာကျွမ်းကျင်ထသော။ နိစ္စံ။ အမြဲ။ အာယုဒိဃမေတ္တော။ မင်း၏သက်တော်ရှည်၍ ဘုန်းတန်ခိုးကြီးစေကြောင်းဖြင့်။ ဆုတောင်းဆုယူ။ မူလေ့ရှိထသော။ ယော။ အကြင်သူသည်။ အတ္ထိ။ ရှိ၏။ ဧသော။ ဤသူသည်။ ရာဇပုရောဟိတော။ ရေမြေသေင်္ဂနင်းမင်းတို့၏။ ပရောဟိတ်မည်၏။ ။ “ဇပ္ပသဒ္ဒါကိုစွဲ၍ မန္တာန်ဇုပ်သည်ဟု။ တာလုဇ။ ဇကွဲအက္ခရာနှင့်။ ရေးသားဘာသ်ရွတ်သင့်သည် ဟုမှတ်အပ်၏။ အကယ်၍။ ဇပ္ပသဒ္ဒါကိုစွဲ၍။ မြန်မာဝေါဟာရဖြစ်သည်ဆိုသော်။ ဥအက္ခရာနှင့်။ ဇုပ္ပသဒ္ဒါမဟုတ်။ ဇအက္ခရာနှင့်။ ဇပ္ပသဒ္ဒါဖြစ်သောကြောင့်။ မန္တာန်ဇပ်သည်ဟူ၍သာ။ ဥအက္ခရာကင်းမဲ့လျက်။ မြန်မာဝေါဟာရ လေခကဖြစ်သင့်တည်ဟုဆိုငြားအံ့။ မြန်မာဝေါဟာရဟူသည်ကား။ အလုံးစုံ မာဂဓဘာသာရှိတိုင်းအနက်မလိုက်။ ။ ထို့ကြောင့်လိုက်မလိုက်ကိုဤမျှလောက်သောဥဒါ ဟာရဏ်ဖြင့် သိသင့်၏-ပုံကား-ဂဏသဒ္ဒါကိုစွဲ၍။ ဂိုဏ်းပရိဝေဏသဒ္ဒါကိုစွဲ၍ ပရိဝုဏ်အာဂမသဒ္ဒါကိုစွဲ၍ အာဂုမ်။ အာရမ္မဏသဒ္ဒါ။ ကိုစွဲအာရုံ။ သရဏာဂမနသဒ္ဒါကိုစွဲ၍ သရဏာဂုဏ်။ မဟာဝနသဒ္ဒါကိုစွဲ၍။ မဟာဝုန်အသ။ သဒ္ဒါကိုစွဲ၍မြင်း။ သုနက္ခသဒ္ဒါကိုစွဲ၍ခွေး။ ဂမနသဒ္ဒါကိုစွဲ၍ သွားခြင်းရောက်ခြင်း။ ဟတ္ထိသဒ္ဒါကိုစွဲ၍ဆင်။ ဒေဝသဒ္ဒါကိုစွဲ၍ နတ်။ မဏ္ဍုကသဒ္ဒါကိုစွဲ၍ဘား။ ။ ၎င်းဥဒါဟာရဏ်ပုံကို ထောက်ရှုဆင်ခြင်က။ ဇုပ်ဟူ၍ ဥအက္ခရာနှင့်တကွ ပသတ်လျက်ရေးသားဘာသ်ရွတ် သင့်သေးသည်။ (သတ်ပုံဆရာမှာကား။ ။ မန္တာန်မန်းမှုတ်။ ဖွဖွစုတ်။ မီးထုတ်မြည်သံပြီးဟူ၍။ တာလုဇပဋ္ဌမအက္ခရာ။ စလုံးနှင့်တကွတသတ်။ အရေးအသားကိုညွှန်ပြကုန်၏။ ဟူ၍ သံတော်ဦးတင်လျှောံလေ၏။ ထိုသို့တင်လျှောက်ပြီးသည်နောက်။

၉၉ ~ 99

ပုရောဟိတ်ပုဏ္ဏားတို့၏။ ကျင့်ရာသောဝတ်တရား၏အကြောင်းကို။ သံတော်ဦးတင်လျှောက်ပါအံ့ဘုရား

ပုရောဟိတ်ပုဏ္ဏားတို့၏။ ကျင့်ဝတ်ကား။ ကိုးပါးအပြားရှိ၏။ ကိုးပါးဟူသော်ကား။ ။ "အမျိုးတို့ထုံးစံအကျင့်ကိုကျင့်ခြင်း။"။ ကိုယ်နှုတ်နှလုံးသုံးပါးကို ဆုမ္မခြင်း"။ ။ အတတ်ပညာသင်ကြားခြင်း"။ ။ နတ်တို့ပူဇော်ပသခြင်း"။ ။ ပယောဂစသောဆိပ်ကိုရှုခြင်း"။ ။ တည်ကြည်ခြင်း"။ ။ စကားကောင်းကို၊ ပြောဆိုလေ့ရှိခြင်း"။ ။ သီလကိုဆောက်တည်ခြင်း"။ ။ အလှူပေးခြင်း"။ ဤသို့အားဖြင့်။ ကိုးပါးဖြစ်သတည်း။ ဤကိုးပါးကိုကား၊ လောကီသသ်ကရိက်ကျမ်းများ၌ဆိုသည်။

၁၀၀ ~ 100

အရှင်စိုးမင်းမှစ၍။ စလွယ်တင်ဆောင်သော။ မှူးမတ်ပုဏ္ဏားတို့။ ကျင့်ရာသော ဝတ်တရားအကြောင်းကို။ တင်လျှောက်ပါအံ့ဘုရား၊

အရှင်စိုးမင်းမှစ၍။ စလွယ်တင်မှူးမတ်ပုဏ္ဏားတို့။ ကျင့်ဝတ်ကား။ ဆယ်ပါးအပြားရှိ၏။ ဆယ်ပါးဟူသော်ကား။ ။ "ကိုယ်နှုတ်ငြိမ်သက်ခြင်း။" ကိုယ်နှုတ်ကိုဆုမ္မခြင်း"။ ၂။ ကိလေသာကို ခေါင်းပါးအောင် ချိုးချန်ခြင်း။ ၃။ စင်ကြယ်ခြင်း"။ ၄။ ရောင့်ရဲခြင်း"။ ၅။ သည်းခံခြင်း"။ ၆။ ဖြောင့်မတ်ခြင်း။ ၇။ ရတနာသုံးပါး၌ဆည်းကပ်ခြင်း။ ၈။ သုတပါးကိုသနားလေ့ရှိခြင်း။ ၉။ အမှန်အကန်ပြောဆိုလေ့ရှိခြင်း။ ၁၀။ ။ ဤသို့လျှင်ဆယ်ပါးဖြစ်သတည်း။ ။ ဤဆယ်ပါးကိုလည်း လောကီ သသ်ကရိက်ကျမ်းများမှာပင်ဆိုသည်။ ။ ဤကျင့်ဝတ်တရားများကို။ အောက်ဝတ္တဝိဘာဂ ပရိစ္ဆေဒ၌ ပြသင့်လျက်။ ဤအင်္ဂဝိဘာဂ ပရိစ္ဆေဒမှာ ထုတ်ဆိုပြသခြင်းကား။ ပုဏ္ဏားတို့အား။ အောက်ဝတ္တဝိဘာဂ ပရိစ္ဆေဒ၌။ ပြအပ်သော ဝတ်တရားများထက်ပိုလွန်၍။ ကျင့်ရာသေးသည်ဟု။ ပိုင်းခြားလျက် မှတ်သားစိမ့်သောငှါပြအပ်သတည်း။

ပြည်ရှင်မင်းတို့သည်ယုံကြည်အပ်သော။ ဒေါဝါရိကမည်ကုန်သော။ တံခါးစောင့်။ တံခါးမိုလ်တို့ကျင့်ရာသော။ ဝတ်တရား၏ အကြောင်းကို ရှိခိုး သံတော်ဦးတင်လျှောက်ပါအံ့ဘုရား။။ ဒေါဝါရိက မည်ကုန်သော။ တံခါးမိုလ်

တို့၏။ အင်္ဂါလက္ခဏာကား။ ။ အထွက်အဝင် လူဟောင်းလူသစ်ကို။ သိတတ်သည်လည်းတပါး။ ။ ခွန်အားရှိသည်လည်းတပါး။ ။ ချစ်ချင်ဘွယ်ရှိသည်လည်းတပါး။ ။ တော်မှန်ဖြောင့်မတ်သော။ နှလုံးရှိသည်လည်းတပါး။ ။ အပင်အပန်းကို။ သည်းခံနိုင်သည်လည်းတပါး။ ။ လိမ္မာသည်လည်းတပါး။ ။ ဤသို့လျှင် ခြောက်ပါးဖြစ်သတည်း။ ထို့ကြောင့်။ ။ ရာဇနီတိကျမ်း၌။ ။

ပေါရာဏနဝဇာနန္တံ။ ဗလဝံပီယဒဿနံ။ သုစိံခေဒသဟံဒက္ခံ။ ဒေါဝါရိကေဝိဓိယတေ။ ။ ဟူ၍လာသည်။

ပေါရာဏနဝဇာနန္တံ။ အထွက်အဝင်လူဟောင်းလူသစ်ကို။ သိတတ်ထသော။ ဗလဝံ။ ခွန်အားလည်းရှိထသော။ ပီယဒဿနံ။ ရှုချင်ဘွယ်လည်းရှိထသော။ သုစိံ။ ကောင်းမှန်ဖြောင့်မတ်သော။ နှလုံးလည်းရှိထသော။ ခေဒသဟံ။ အပင်အပန်းကိုလည်း။ သည်းခံနိုင်ထသော။ ဒက္ခံ။ လိမ္မာစွာထသော။ ဧဝံ။ ဤသို့သဘောရှိသောသူကို။ ဒေါဝါရိကေ။ တံခါးစောင့်တံခါးမှူးအရာ၌။ ဝိဓိယတေ။ ခန့်ထားတော်မူအပ်၏။ ။ ဟူ၍ သံတော်ဦးတင်လျှောက်လေ၏။

အနီကဌမည်ကုန်သော။ အတွင်းမြဲအတွင်းအမှုထမ်းတို့၏။ အင်္ဂါလက္ခဏာကား။ ၁၁–ပါးတည်း။ ၁၁–ပါးဟူသော်ကား။ ။ ဣန္ဒြေကိုစောင့်စည်းလေ့ရှိသည်လည်းတပါး။ ။ သူတော်ကောင်းတရားရှိသည်လည်းတပါး။ အထူးထူးသောဘာသာတို့၌။ လိမ္မာသည်လည်းတပါး။ ။ တရား၌မွေ့လျော်လေ့ရှိသည်လည်းတပါး။ ။ မျက်နှာကြီးငယ် မရွယ်မထောက်ခြင်း။ ရှိသည်လည်းတပါး။ ။ အရှင်စိုးမင်း၏ အရိပ်အခြည်ကို နားလည်သည်လည်းတပါး။ ။ အထူးအထူးသောအတတ်ကို။ တတ်သည်လည်းတပါး။” ။ ရဲရင့်သည်လည်းတပါး။ ။ သီတင်းသီလရှိသည်လည်းတပါး။ ။ အရှင်စိုးမင်းကိုကြောက်ရွံ့တတ်သည်လည်းတပါး။ ။ ဖြောင့်မတ်သော သဘောရှိသည်လည်းတပါး။ ။ ဤသို့လျှင် တဆယ့်တပါးဖြစ်သတည်း။

ထို့ကြောင့် ရာဇနီတိကျမ်း၌။ ။ ရက္ခတိန္ဒြိယံသာဓုတ္တံ။ နာနာဘာသာ သုကောဝိဒံ။ ဓမ္မရတံသမုပေက္ခံ။ နာနာသိပ္ပံဝိသာရဒံ။ ။ ကုလသီလယုတ္တံဘီတံ။ အန္တေပုရေတံဓါပယေ။ ။ ဟူ၍လာသည်။ ။

ရက္ခတိန္ဒြိယံ။ စောင့်စည်းအပ်သောဣန္ဒြေလည်းရှိထသော။ သာဓုတ္တံ။ သူတော်ကောင်းဟုသမုတ်အပ်ထသော။ နာနာဘာသာသု။ အထူးထူးကုန်သောဘာသာတို့၌။ ကောဝိဒံ။ လိမ္မာစွာထသော။ ဓမ္မရတံ။ တရား၌မွေ့လျော်ထသော။ သမုပေက္ခံ။ မျက်နှာကြီးငယ်။ မငဲ့သောနှလုံးလည်းရှိထသော၊ ဝိသာရဒံ။ ရဲရင့်ထသော။ ကုလသီလယုတ္တံ။ အမျိုးသီတင်းသီလနှင့်လည်းယှဉ်ထသော။ ဘီတံ။

အရှင်စိုးမင်းတို့အား။ ကြောက်ရွံ့ခံ့ညားတတ်ထသော။ တံဇော်။ ဤသို့သဘောရှိသောသူကို။ အန္တေပူရေ၊ ရွှေနန်းတော်အတွင်းမြဲအရာ၌။ ဓါပယေ။ ခန့်ထားတော်မူရာ၏။ ။ ဟူတင်လျှောက်ပြီးမှနောက်၌။

၁၀၁ ～ 101

အဇ္ဈတ္တမည်ကုန်သော။ နားခံတော်။ သံတော်ခံ သံတော်ဆင့်တို့၏။ ကျင့်ရာသော လက္ခဏာတို့၏အကြောင်းကို ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

အဇ္ဈတ္တမည်ကုန်သော။ နားခံတော် သံတော်ခံ။ သံတော်ဆင့်တို့၏။ အင်္ဂါလက္ခဏာကား။ ငါးပါးတည်း။ ။ ငါးပါးဟူသော်ကား။ ။ "လွတ်လွတ်ထွက်သောအသံရှိသည်လည်းတပါး။ ။ နာချင်ဘွယ် သာယာသော အသံရှိသည်လည်းတပါး။ ။ စကားအရာ၌ လိမ္မာသည်လည်းတပါး။ ။ ရှုချင်ဘွယ်တင့်တယ်လျောက်ပတ်သော။ အဆင်းရှိသည်လည်းတပါး။ ။ လျှင်မြန်သောဉာဏ်ရှိသည်လည်းတပါး။ ။ ဤသို့လျှင် ငါးပါးဖြစ်သတည်း။ ။ ထို့ကြောင့် ဤအရာ၌။ ဂါထာဖြင့်သိအပ်၏။ ။

ဝိသဋ္ဌဝစနောစေဝ။ မဓုရဝစနောပိစ။ ဝိစိတြဝစနောစေဝံ။ ရူပဝါဇဝနောပိစ။ ။ ယောတံ အဇ္ဈက္ခဋ္ဌါနေဝ။ ဌပေယျဘူမိပါလကော။ ဇဝံသိဇ္ဈယျ အနာယာသံ။ ဘူပါလသေဝကိစ္စကံ။ ။ ဟူ၍မိန့်အပ်၏။

ယော။ အကြင်သူသည်။ ဝိသဋ္ဌဝစနောစေဝ။ မတွန့်မချိပ်၊ မလိပ်မလည်း။ သိပ်သည်းမချွတ်။ လွတ်လွတ်ထွက်သောစကားလည်းရှိ၏။ မဓုရဝစနောဝိစ၊ ချိုမြိန်ကောင်းမြတ်တင့်အပ်ဖြာဖြာ။ နာချင်စဘွယ်။ ဝင့်ထယ်သာယာသောစကားလည်းရှိ၏။ ဝိစိတြဝစနောပိစေဝ။ ပုံထုံးဥပဒေသ။ အဝဝတို့ဖြင့်။ တန်ဆာဆင်အပ်သည်ဖြစ်၍။ ဆန်းကျယ်သောစကားလည်းရှိ၏။ ရူပဝါစ။ ရှုချင်စဘွယ်တင့်တယ်လျောက်ပတ်သော။ အဆင်းလည်းရှိ၏။ ဇဝနောဝိစ။ အာဇာနေယျတက္ကသိုလ်။ ချက်မလိုဘဲ။ ထက်ပိုမြင်သန်။ လျှင်မြန်သော ဉာဏ်လည်းရှိ၏။ တံ။ ထိုသူကို။ ဘူမိပါလကော။ ရေမြေသခင်အရှင်မင်းမြတ်သည်။ အဇ္ဈက္ခဋ္ဌါနေဝ။ နားခံတော်သံတော်ခံ။ သံတော်ဆင့်အရာ၌ သာလျှင်။ ဌပေယျ။ ခန့်ထားတော်မူရာ၏။ ဇဝံ။ ဤသို့ခန့်ထားသည်ရှိသော်။ ဘူပါလသေဝ။ ရေမြေသခင်အရှင်မင်းမြတ်၏သာလျှင်။ ကိစ္စကံ။ အရာရာဟု။ ပြုစုဟိုဟို။ ထိုထိုအမှုကိစ္စသည်။ အနာယာသံ။ အငြိုမငြင်။ လိုအင်စိတ်ဝမ်း။ မပင်ပန်းဘဲ။ သိဇ္ဈယျ။ နယည်းမရှေ။ စည်းမသွေသဖြင့်။ ပြီးစေလေရာ၏။ ။ ဟူ၍ရှိသေစွာ ရှိခိုးသံတော်ဦးတင်လျှောက်ပြီးလျှင်။

၁၀၂ ~ 102

ထို့နောက်-ထာယုမည်ကုန်သော။ ကလံအမတ်တို့၏အကြောင်းကို။ ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

ထာယုမည်ကုန်သော။ ကလံအမတ်တို့၏ အင်္ဂါလက္ခဏာကား။ သုံးပါးအပြား ရှိ၏။ သုံးပါးဟူသော်ကား။ ။ ကြေးကျွန်သင်းပင်းတို့အားမေတ္တာစိတ်ဖြင့်။ သိမ်းပကားနိုင်သည်လည်းတပါး။ ။ အပူအချမ်းကို။ သည်းခံနိုင်သည်လည်းတပါး၊ ။ မိမိဆင်းရဲကိုမရေမတွက်မူ၍။ ကျေးနေရွာသားတို့၏။ အကျိုးစီးပွားကို ရွက်ဆောင်လေ့ရှိသည်လည်းတပါး။ ။ ဤသို့လျှင် သုံးပါးဖြစ်သတည်း။ ။ ထို့ကြောင့် ဤအရာ၌ ဂါထာဖြင့် သိအပ်၏။ ။

ဇနာနံမေတ္တစိတ္တေန။ ဂေါပကောစခေဒသဟော။ ဟိတာဝဟောစယောသော ဝ။ တာယုနာမေနဤရိတော။ ။

ယော။ အကြင်သူသည်။ ဇနာနံ။ ကြေးကျွန်သင်းပင်းတို့အား။ မေတ္တစိတ္တေန။ မေတ္တာစိတ်ဖြင့်။ ဂေါပကောစ။ ထိန်းသိမ်းစောင့်ရှောက်နိုင်သည်လည်း။ ဟောတိ။ ဖြစ်၏။ ခေဒသဟောစ။ အချမ်းအပူဆင်းရဲကို။ သည်းခံနိုင်သည်လည်း။ ဟောတိ။ ဖြစ်၏။ ဟိတာဝဟောစ။ မိမိဆင်းရဲကိုမရေမတွက်မူ၍။ ကျေးနေရွာသားတို့၏။ အကျိုးစီးပွားကိုရွက်ဆောင်လေ့ရှိသည်လည်း။ ဟောတိ။ ဖြစ်၏။ သောဝ။ ထိုသူကိုသာလျှင်။ တာယုနာမေန။ ကလံဟူသောအမည်ဖြင့်။ ဤရိတော။ ဆိုအပ်၏။ ဝါ။ ခန့်ထားအပ်၏။ ။ ဟူ၍ သံဦးတင်လျှောက်ပြီးနောက်။

၁၀၃ ~ 103

ဂေါပမည်ကုန်သော သံပြင်အမတ်တို့၏အကြောင်းကို။ ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

ဂေါပမည်ကုန်သောသံပြင်အမတ်တို့၏။ အင်္ဂါလက္ခဏာကား။ ထာယုအမတ်တို့၏အင်္ဂါလက္ခဏာနှင့် မထူးမပြားပြီ။ ဤထာယုအမတ်။ ဂေါပအမတ်တို့၏။ သရုပ်အရကို။ “နာမလိင်္ဂါနုသာသနီမည်သော။ သဒ္ဒါကျမ်းအဘိဓါန်၌ဆိုပါသည် ဘုရား။” ။

အန္တဝံသိကမည်သော။ အတွင်းတော်ဝန်တို့၏အကြောင်းကို ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

အန္တဗ္ဘသိကမည်သောအတွင်းတော်ဝန်တို့၏ အင်္ဂါလက္ခဏာကား။ ။ "စောင့်စည်းအပ်သောဣန္ဒြေရှိသည်လည်းတပါး။" ။ ကောင်းမြတ်သော စိတ်နှလုံးရှိသည်လည်းတပါး။" ။ အထူးထူးသောဘာသာတို့၌လိမ္မာသည်လည်းတပါး။" ။ တရား၌မွေ့လျော်လေ့ရှိသည်လည်းတပါး။"၊ မျက်နှာကြီးငယ်မရွေးမငဲ့ခြင်းအလေ့ရှိသည်လည်းတပါး။" ။ အထူးထူးကုန်သောအတတ်တို့၌။ တတ်မြောက်သည်လည်းတပါး။" ။ ရဲရင့်သည်လည်းတပါး။" ။ သီတင်းသီလရှိသည်လည်းတပါး။" ။ အရှင်စိုးမင်းတို့အား အလွန်ချစ်မြတ်နိုးသည်လည်းတပါး။" ။ ဤသို့လျှင် ကိုးပါးဖြစ်သတည်း။၊ ထို့ကြောင့် ဤအရာ၌ဂါထာဖြင့်သိအပ်၏။ ။

ရက္ခိန္ဒြိယောသုစိတောစ။ နာနာဘာသာသုကောဝိဒေါ။ ဓမ္မရတောသမုပက္ခော။ သိပ္ပိကောစဝိသာရဒေါ။ ။

သီလဝါစေဝပေမောစ။ ယောတံလောကေနရိန္ဒကော။ အန္တေပုရေပတိဋ္ဌေယျ။ ဇဝံသောအတိသောဘေယျ။ ။

ယော။ အကြင်သူသည်။ ရက္ခိန္ဒြိယောစ။ စောင့်စည်းအပ်သောဣန္ဒြေရှိ၏။" သုစိတောစ။ ကောင်းမြတ်စင်ကြယ်သော စိတ်နှလုံးလည်းရှိ၏။ နာနာဘာသာသုစ။ အထူးထူးကုန်သောဘာသာတို့၌လည်း။ ကောဝိဒေါ။ လိမ္မာ၏။ ဓမ္မရတော။ သူတော်ကောင်းတို့၏ တရား၌လည်း။ မွေ့လျော၏။ သမုပေက္ခောစ။ မျက်နှာကြီးငယ်မရှုယ်မထောက်ခြင်း သဘောလည်းရှိ၏။ သိပ္ပကောစ။ အထူးထူးကုန်သောအတတ်တို့၌လည်း။ တတ်မြောက်တတ်၏။ ဝိသာရဒေါစ။ သားများသေဌ်နင်း။ ခြသေ့်မင်းကဲ့သို့။ ဉာဏ်သွင်းပွဲတင့်။ အကဲမြင့်သဖြင့်။ ရဲလည်းရဲရင့်၏။ သီလဝါစေဝ။ ပြည့်ညီမန။ မိတီပသော။ သီလလည်းရှိ၏။ ပေမောစ၊ အရှင်စိုးမင်းတို့အား။ ဖိုးဇဉ်းမလစ်။ ချစ်လည်းချစ်မြတ်နိုး၏။ တံ။ ထိုသို့သဘောရှိသောသူကို။ လောကေလောက၌။ နရိန္ဒကော။ ရေမြေသေဌ်နင်း။ အရှင်ကေရာဇ်မင်းမြတ်သည်။ အန္တေပူရေ။ နန်းတော်တွင်း၌။ ပတိဋ္ဌပေယျ။ အတွင်းဝန်အရာ၌တည်ထားခန့်ထားရာ၏။ ဇဝံ။ ဤသို့ထားသည်ရှိသော်။ သောနရိန္ဒကော။ ထိုရေမြေသေဌ်နင်းမင်းမြတ်သည်။ အတိသောဘေယျ။ အံ့ဘွယ်ဆန်းပြား။ ကောင်းခြင်းများနှင့်။ ဆပွားကုန်လုံ။ ပြည့်စုံမြင့်ကျယ်။ ဆင့်ဆင့်နွယ်၍။ အလွန်တင့်တယ်လေကုန်ရာ၏။

၁၀၄ ～ 104

ထိုနောက်သောဝိဒလမည်ကုန်သော။ အနောက်ဝန်တို့၏အကြောင်းကို။ ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

သောဝိဒလမည်ကုန်သော။ အနောက်ဝန်တို့၏။ အင်္ဂါလက္ခဏာကား။ ။ စက္ခု သောတစသောဣန္ဒြေကို။ စောင့်စည်းနိုင်သည်လည်းတပါး။ ၊ အရှင်စိုးမင်းတို့၏ အာဏာကို။ မျက်မှောက်မျက်ကွယ်။ အထူးမရှိကြောက်ရွံ့ ခန့်ညားတတ်သည် လည်းတပါး။” ။ သ-ဒါရသန္တောသဂုဏ်နှင့်ပြည့်စုံသည်လည်းတပါး။” ဤသို့လျှင် သုံးပါးဖြစ်သတည်း။ ထို့ကြောင့်ဤအရာ၌ ၎င်းဂါထာဖြင့် သိအပ်၏။

ရက္ခိန္ဒြိယောစအောပေသော။ အဝိတိက္ကမယာဏကော။ သ-ဒါရသန္တောသော စေဝ။ တံသောဝိဒလ္လကေဌပေ။ ။ ဟူ၍မိန့်အပ်၏။

ယောပေါသော၊ အကြင်သူသည်၊ ရက္ခိန္ဒြိယောစ။ စောင်စည်းအပ်သောဝ် က္ခုစ သောဣန္ဒြေလည်းရှိ၏။ အဝိတိက္ကမအာဏကောစ။ မျက်မှောက်မျက်ကွယ် အထူး မရှိ။ အရှင်စိုးမင်းတို့၏ အာဏာကိုလည်း။ ကြောက်ရွံ့ခန့်ညားတတ်၏။ သ-ဒါရသ န္တောသောစေဝ။ မိမိမယား၌သာ-ရောင့်ရဲခြင်းသဘောလည်းရှိ၏။ တံ။ ထိုသို့ သဘောရှိသောသူကို။ သောဝိဒလ္လကေ။ အနောက်ဝန်မိန်းမစိုးတို့။ ရာထူး၌ ဌာနန္တရ၌။ ဌပေ။ ခန့်ထားတော်မူရာ၏။ ဟူ၍ ရှိခိုးသံတော်ဦးတင်လျှောက်လေ၏။

၁၀၅ ～ 105

စရမည်ကုန်သောသူလျှိုတို့၏ လက္ခဏာအကြောင်းကို။ ရှိခိုးသံတော်ဦးတင်လျှောက်ပါအံ့ဘုရား။

စရမည်ကုန်သောသူလျှိုတို့၏။ အင်္ဂါလက္ခဏာကား။ ။ “သူတပါး တို့၏လျှို့ဝှက်အပ်သောအမူအရာကို ယူနိုင်သည်လည်းတပါး။ ။ မိမိလျှို့ဝှက်အပ် သောအမူအရာကို။ ဖုံးလွှမ်းနိုင်သည်လည်းတပါး။ ။ အခြားစိုးမင်းတို့၏ထံ၌။ များ စွာပင်ဆုလာဘ်ကိုရငြားသော်လည်း အနည်းငယ်မျှသာရသော။ မိမိအသျှင် သခင်၏ ကျေးဇူးကို။ မမေ့မလျော့သည်လည်းတပါး။ ။ ဤသို့လျှင် သုံးပါးဖြစ် သတည်း။ ။ ထို့ကြောင့် ၎င်းဂါထာကိုဤအရာ၌ သိအပ်၏။

ပရေသံဂုယှံ ဇာနာတိ။ အတ္တနောပနဂုယှကံ။ ပဋိစ္ဆာဒေတိယောပေါသော။ ပတ္တာဝိဒေသကံဒူရံ။ ။

နပမဇ္ဇတိသာမိနံ။ ထောကံပိကတကာရကံ။ တံစရန္တောနပေသေယျ။ ဘူမိ ပေါဋ္ဌိနဒက္ခဏော။

ယောပေါသော။ အကြင်ယောကျ်ားသည်။ ပရေသံ။ သူတပါးတို့၏။ ဂုယှံ။ လျှို့ဝှက်အပ်သောအမှုကို။ ဇာနာတိ။ သိတတ်၏။ ဝါ။ သိအောင်ပြုတတ်၏။ အတ္တနောပန။ မိမိ၏ကား။ ဂုယှကံ။ လျှို့ဝှက်အပ်သောအမူအရာကို။ ပဋိစ္ဆာဒေ

တိ။ ဖုံးလွှမ်းတတ်၏။ ဒူရံ။ ဝေးသော။ ဒေသကံ။ အရပ်တပါးသို့၊ ပတ္တာပိ။ ရောက်၍လည်း။ ဝါ။ ရောက်ငြားသော်လည်း။ သာမိနံ။ အရှင်စိုးမင်းတို့၏။ ထော ကံဝိ။ အနည်းငယ်မျှသာဖြစ်သော။ ကတကာရကံ။ ခြီးမြှောက်တော်မူဘူးသော။ ကျေးဇူးတော်ကို။ နပမဇ္ဇတိ။ မမေ့တတ်။ တံ။ ထိုသို့သဘောရှိသောသူကို။ ဘူမိ ပေါ်။ ရေမြေသျှင်ဖြစ်သော။ ဠာနဒက္ခဏော။ အရာဠာန၌ လိမ္မာသော မင်း မြတ်သည်။ စရတ္တေန။ သူလျှို၏အဖြစ်ဖြင့်၊ ပေသေယျ။ ခိုင်စေတော်မူရာ၏။ စရ န္တော။ သွားသည်ရှိသော်။ ကတကာရကံ။ ပြုဘူးသောကျေးဇူးကို။ ပမဇ္ဇတိ။ မေ့ တတ်၏။ သော။ ထိုကျေးဇူးမသိ။ သတိမမူ။ ပစ္စည်းချူ၍။ ယူယုံသာယူတတ် သောထိုသူကို။ နပေသေယျ။ သူလျှိုရာထူးမြှင့်လူးဖွေလှိုင်း၊ မခိုင်းစေရာသတည်း။ ။ ဂုယှသဒ္ဒါပဟော။ လျှို့ဝှက်။ ရှို့ဝှက်နှစ်ချက်သင့်သာတည်း။ ယထာရဟာဝဏ္ဏမည် သော သူလျှိုအထူးတို့၏ အင်္ဂါလက္ခဏာလည်း မထူးပြီ။ ကုန်သည်အသွင်။ ရသေ့ ရဟန်းအသွင် စသည်ဖြင့်။ ချောင်းမြောင်းခြင်းမျှသာ ထူး၏။ သူလျှိုတို့၏။ သဘောသည်။ ။ ✴ ဝါမေသုကရောပဟောတိ။ ဒက္ခိဏေနအဇာမိဂေါ၊ သရေနနေ လကောပဟောတိ။ ဝိသာဏေနဇရဂ္ဂဝေါ။

ဝါမေန။ လက်ဝဲနံပါးဖြင့်။ သုကရော၊ ဝက်သည်။ ပဟောတိ။ ဖြစ်၏။ ဒက္ခိဏေ န။ လက်ျာနံပါးဖြင့်။ အဇာမိဂေါ။ ဆိပ်သည်။ ပဟောတိဖြစ်၏။ သရေန။ အသံဖြင့်။ နေလကော။ နွားငယ်သည်။ ပဟောတိ။ ဖြစ်၏။ ဝိသာဏေန။ ဦးချိုဖြင့်။ ဇရဂ္ဂဝေါ။ နွားအိုသည်။ ဝါ။ နွားအိုနှင့်တူသည်။ ပဟောတိ။ ဖြစ်၏။။ ဤသို့လျှင် အဌကထာ ဆရာတို့ ပြအပ်သော သုကရယက္ခမည်သော ဝက်ဘီလူးသည်။ ဝက်တို့ကို မြင် လျှင် လက်ဝဲနံပါးဖြင့် ပြု၍ ငါလည်းဝက်ပင်ဟု ဖျားယောင်းလျက် ဝက်တို့ကို ဖမ်းစား၏။ ဆိပ်တို့ကို မြင်လျှင်ဖမ်းစား၏။ နွားငယ်တို့ကို မြင်လျှင် နွားငယ်ပင်ဟု ဖျားယောင်းလျက် နွားငယ်တို့ကို ဖမ်းစား၏။ နွားလားနွားအိုတို့ကို မြင်လျှင် လည်း။ ဦးချိုဖြင့်ပြု၍ ငါလည်းနွားလား နွားအိုပင်ဟု ဖျားယောင်းလျက် နွားလား နွားအိုတို့ကို ဖမ်းစား၏။ ဤအတူသူလျှိုတို့လည်း။ ထိုထိုအရပ်ဒေသဌါန စရိုက်သို့ လိုက်၍ ထိုထိုလူတို့၏ အမူအရာ အကြံအစီ တို့ကိုသိအောင်ပြုကုန်ရာ၏ ဟူ၍ သံတော်ဦးတင်လျှောက်လေ၏။

သူ လျှို အ ခ ဏ်း ပြီး ၏ ။

၁၀၆ ~ 106

အမတ်ကြီးဤလောကကြီး၌။ မည်ကဲ့သို့သောသူတို့နှင့်။ ပေါင်းဖေါ်က။ အကျိုးတရားထူးအံ့နည်း။ ထိုအကြောင်းကို။ သံတော်ဦးတင်လောဟု။ မိန့်တော်မူလေ၏။ ။

အရှင်ကေရာဇ်မင်းမြတ်ဘုရား။ ပညာရှိသူတော်ကောင်းတို့နှင့်။ ပေါင်းဖေါ်ရသော်။ အကျိုးရှိပါသည်။ ထိုအကြောင်းကို။ ထင်ရှားစွာ။ သံတော်ဦးတင်လျှောက်ပါအံ့။ ။ ပညာရှိတို့၏စကားသည်ကား။ အလွန်နက်လေးစွာ၏။ ထို့ကြောင့်။ ကျမ်းဂန်တို့၌။ ။ ပညာဝတောကထေန္တဿပဋိဘာဏံအနန္တံဟောတိ။ ။ ဟူ၍လာပါသည်။ .... အနက်ကား။ ။ ပညာဝတော။ ပညာရှိသောပုဂ္ဂိုလ်၏။ ကထေန္တဿ။ ပြောဆိုသောစကား၏။ ပဋိဘာဏံ။ ထင်ခြင်းသည်။ အနန္တံ။ အဆုံးမရှိသည်။ ဟောတိ။ ဖြစ်၏။ ... ။ စင်စစ်ပညာရှိ ဖြစ်ကုန်သော။ သူတို့၏ အထံ၌။ ပြောဆိုရခြင်းအကျိုးကြီးမြတ်၏။ ထိုသို့ပညာရှိကုန်သောသူတို့သည်။ ကောင်းစွာပြောဆိုလာသည်ရှိသော်။ စန္ဒကူးနံ့သာရေတို့ဖြင့်။ သွန်းလောင်းသကဲ့သို့။ လွန်စွာနှလုံးချမ်းစေလျက်။ ကောင်းကြီးပေးကုန်၏။ အပြောအဆိုချွတ်ယွင်းချေကလည်း။ ဖြောင့်မတ်အောင်ပြုကုန်ရာသည်။ ထို့ကြောင့်။ ။ သုဘာသုတ်အဋ္ဌကထာ၌။ ။ ✳ ကေန္တပဏ္ဍိတာပန ကထံသုတွာသုက ထိတံပသံသန္တိ။ ဒုက္ကထိတေပါဠိံယံအတ္ထဗျဉ္ဇနေသုယံယံဝိရုဇ္ဈတိ။ တံတံဥဇုံ ကတွာဒေန္တိ။ ။ ဟူ၍ မိန့်အပ်၏။

ကေန္တပဏ္ဍိတာပန။ စင်စစ်ပညာရှိဖြစ်ကုန်သော။ သူတို့သည်ကား။ သုကထိတံ။ ကောင်းစွာပြောဆိုအပ်သောစကားကို။ ပသံသန္တိ။ ချီးမွမ်းကုန်၏။ ဒုက္ကထိတေ။ မကောင်းသဖြင့်ပြောဆိုလာသည်ရှိသော်။ ပါဠိံယံ။ ပါဠိတော်ကို။ အတ္ထဗျဉ္ဇနေသု။ အနက်သဒ္ဒါတို့၌။ ယံယံ။ အကြင်စကားသည်။ ဝိရုဇ္ဈတိ။ ဆန့်ကျင်၏။ တံတံ။ ထိုစကားကို။ ဥဇုံကတွာ။ ဖြောင့်စွာပြု၍။ ဝါ။ ဖြောင့်အောင်ပြု၍။ ဒေန္တိ။ ပေးကုန်၏။ ။ ဤကားအနက်။။ ပညာရှိမရှိကိုလည်း။ ရေပြွက်အဟုန်ကို မြင်ရချေလျှင်။ ရေဝယ်ကျက်စားသော။ ငါး၏အကြီးအငယ်။ ပမာဏကိုဆ၍ သိရသကဲ့သို့။ ပြောဆိုသောစကားဖြင့်ပင်လျှင်။ သိအပ်၏။ ထို့ကြောင့်။ သံယုတ်အဋ္ဌကထာ။ ဥဒါန်းအဋ္ဌကထာတို့၌။ ။ ✳ ဥဒကဝိပ္ဖန္ဒိတေနေဝဟိ။ မစ္ဆောခုဒ္ဒကောဝါမဟန္တော ဝါတိဝိညာယတိ။ ။ ဟူ၍မိန့်အပ်ပြီ။ ။ .... ဟိသစ္စံ။ မှန်၏။ ဥဒကဝိမ္ဖန္ဒိ တေနေဝ။ ရေပြွက်အဟုန်ဖြင့်။ မစ္ဆော။ ရေဝယ်ပျော်ပါး။ ကျက်စားသောငါးကို။ ခုဒ္ဒကောဝါ။ ငယ်၏ ဟူ၍၎င်း။ မဟန္တောဝါကြီး၏ ဟူ၍၎င်း။ ဣတိ။ ဤသို့။ ဝိညာယတိ။ သိအပ်၏။ ။ ဤကားအနက်။

အထောင်အသောင်းသောစကားကို။ တဖွားဖွားပင်ဆိုသော်လည်း။ အကျိုးမရှိက။ မင်းပွဲသို့မဝင်ရာ။ စကားကောင်းမဟူသာ။ တခွန်းတည်းပင်ဖြစ်သော်လည်း။ အကျိုးရှိက။ မင်းထိုက်စိုးတန် ဖြစ်ချေသည်။ စကားကောင်းလည်းမည်ချေသည်။ ထို့ကြောင့်။ ။ ဓမ္မပဒပါဠိတော်၌။ ။

သဟဿမံပိတေဝါစာ။ အနတ္ထပဒသညိတာ။ ဧကံအတ္ထပဒံသေယျော။ ယံသုတွာဥပသမ္မတိ၊ ။ ဟူ၍ ဟောတော်မူသည်။ ။

အနတ္တပဒသညိတာ။ အကျိုးမရှိသော။ ပုဒ်ဗျည်းအက္ခရာ။ သဒ္ဒါဟုဆိုအပ်သော။ ဝါစာ။ စကားသည်။ သဟာသမပိစေ အထောင်ရှိလင့်ကစား။ ဧကံ။ တခွန်းတည်းသော။ ယံအတ္ထပဒံ။ အကြင်အကျိုးရှိသော။ ပုဒ်ဗျည်းအက္ခရာ၊ သဒ္ဒါဟုဆိုအပ်သောစကားကို။ သုတွာ။ ကြားနာရ၍။ ဥပသမ္မတိ။ ငြိမ်း၏။ ဧကံ။ တခွန်းသော၊ တံအတ္ထပဒံ။ ထိုအကျိုးရှိသော။ ပုဒ်ဗျည်းအက္ခရာသဒ္ဒါ ဟုဆိုအပ်သောစကားသည်။ သေယျော။ မြတ်၏။ ။ ဤကားအနက်။။ ……………..ဤတွင်ရွှေ့ကား။ သုဘာသိတသုတ်မှ။ ထုတ်နှုတ်လျက်။ မင်းစသောသူတို့သည်။ ကျင့်ဆောင်ရာ။ ပေါင်းသင်းရာ။ အကျိုးအပြစ်ပါတည်း။ ။

ပညာရှိကုန်သော။ မင်းခယောကျ်ားတို့သည်။ မင်း၏အထံ၌။ ခစားခြင်း၏အကြောင်းကို။ ရှိခိုးသံတော်ဦးတင်ပါအံ့ဘုရား။ ။

အကြင်ပညာရှိကုန်သော။ မင်းခယောကျ်ားတို့သည်။ အရှင်စိုးမင်းတို့၏ထံ၌။ ခစားသောအခါ။ ခြောက်ပါးကုန်သော အပြစ်တို့မှ-ကင်းလွတ်စေလျက်။ ခစားကုန်ရာ၏။ ။ ခြောက်ပါးဟူသော်ကား။ ။ အလွန်ဝေးလွန်းသောအရပ်။ အလွန်နီးလွန်းသောအရပ်။ လေညာအရပ်။ မြင့်သောအရပ်။ ရှေ့တူရူအရပ်။ နောက်တည့်တည့်အရပ်။ ။ ဟူ၍ခြောက်ပါးတည်း။ ။ ထိုခြောက်ပါးတို့တွင်။ အလွန်ဝေးလွန်းသော အရပ်၌နေ၍။ ခစားသည်ရှိသော်။ စကားပြောဆိုသောအခါ။ ပြင်းပြစွာ။ အော်ဟစ်ပြောဆိုရာသည်။ အလွန်နည်းလွန်းသော အရပ်၌နေ၍။ ခစားသည်ရှိသော်။ ကိုယ်မှထွက်သော အနံ့အစော်ထိပါး။ နံစော်တတ်၏။ လေညာ၌နေ၍။ ခစားသည်ရှိသော်။ ကိုယ်အနံ့ဖြင့်။ ရောယှက်လုံးထွေးတတ်၏။ မြင့်ရာအရပ်၌နေ၍။ ခစားသည်ရှိသော်။ မရိုမသေဂါရဝတရားကင်းမဲ့ရာ၏။ အရှေ့တူရူအရပ် ၌နေ၍၊ ခစားသည်ရှိသော်။ ကြည့်ရှုလိုသောမျက်စိဖြင့်။ မျက်စိကိုတူရူစိုက်၍ ကြည့်ရသောကြောင့်၊ ဝန်လေးစွာ၏။ နောက်တည့်တည့်အရပ်ကနေ၍၊ ခစားသည်ရှိသော် မင်း၏အရိပ်အခြည်ကို။ မသိသောကြောင့် အပြစ်ရောက်တတ်၏။ ။ ဤသို့လာသော ထုံးစံအတိုင်း။ အပြစ်ခြောက်ပါးမှ လွတ်အောင်။ ခစားကုန်ရာသတည်း။ ။

သူတပါးတို့အား။ အရှင်စိုးမင်းတို့က။ ဂုဏ်သတ္တိ အစွမ်းအရည်ကို။ ချင့်ထောက်၍။ ချီးမြှောက်ကုန်သည်ရှိသော်၊ ပြုစုစောင်းမြောင်းခြင်းကို။ အလျှင်း မပြုရာ။ ထိုသူ၏ ပုဗ္ဗေကတ။ ပြုခဲ့အပ်သော။ ရှေးကံကိုငင်း။ ဂုဏ်သတ္တိအစွမ်း အရည်ကိုငင်း။ ဆင်ခြင်အောက်မေ့၍။ နေကုန်ရာသည် ယင်းသို့မဟုတ်။ ပြုစု စောင်းမြောင်း၊ မကောင်းဆိုးယုတ်။ သဘောပုပ်လို။ ဝန်တိုခြင်း။ ကောက်ကျစ်စဉ်းလဲခြင်းကို။ ပြုတတ်မူကား။ ကရဝိက်ငှက်မင်း၏ အသံနှင့်တူ စွာ။ သာယာချေငံ။ နာချင်ဘွယ်သောစကားပင်ရှိလင့်ကစား။ နတ်တို့၏ အဆင်း နှင့်တူစွာ။ ရှု၍ မငြီး။ အံ့ချီးလှပ။ ရူပကာယဥသုံ။ ပြည့်စုံလင့်ကစား။ လူလှ လူလိမ္မာ။ ပညာရှိသူတော်ကောင်းဟူ၍။ မဆိုထိုက်ချေ။ ။ ထို့ကြောင့် ဓမ္မပဒပါဠိ တော်၌။ ......။ ဝက္ကကရဏမတ္တေန။ ဝဏ္ဏမောက္ခရတာသဝါ။ သာဓုရူပေါနရော ယောဘိ။ ဣသုကိမစ္ဆရီသဌော။ ။ ဟူ၍ဟောတော်မူသည်။ ....။

ဣသုတိ။ ပြုစုစောင်းမြောင်းတတ်သော။ မစ္ဆရီ။ ဝန်တိုတတ်သော။ သဌော။ ကောက်ကျစ်စဉ်းလဲတတ်သော။ နရော။ လူကို။ ဝက္ကကရဏမတ္တေန။ သာယာ ချေငံသောစကားကို၊ ပြောဆိုတတ်ကာမျှဖြင့်ငင်း။ ဝဏ္ဏမောက္ခရတာသဝါ။ ကိုယ် အဆင်းလှသည်၏ အဖြစ်မျှဖြင့်ငင်း။ သာဓုရူပေါ။ လူလှလူလိမ္မာ။ လူပညာရှိ။ လူသူတော်ကောင်းမည်သည်။ နဟောတိ၊ မဖြစ်ချေ။ ။ ဤကားအနက်။။

၁၀၇ ~ 107

ပြုစုစောင်းမြောင်းသဖြင့်။ အပြစ်မရှိသောသူကို။ အပြစ်ရှာကြံချေလျှင်။ မိမိ ရှာကြံသောအပြစ်သည်။ လေညာတူရူက လွှင့်သောမြူသည်။ ရှေ့ရှုတဖန်ပြန်၍။ မိမိသို့လည်လာတွေ့ထိသကဲ့သို့ မိမိသို့သာပြန်၍။ အပြစ်ရောက်တတ်ချေသည်။ ။ ထို့ကြောင့်။ ဓမ္မပဒပါဠိတော်။ သုတ္တနိပါတ်ပါဠိတော်တို့၌။ ။ "ယောအပဒုဋ္ဌဿ နရဿ။ ဒုဿတိသုဒ္ဓဿပေါသာသအနင်္ဂဏဿ၊ တမေဝဗါလံ ပစ္စေတိပါပံ။ သုခု မောရဇောပဋိဝါတံဝခိတ္တော"။ ။ ဟူ၍ ဟောတော်မူသည်။ ။ ယော။ အကြင်သူ သည်။ အပဒုဋ္ဌဿ။ မပြစ်မှားထိုက်သော။ သုဒ္ဓဿ။ စင်ကြယ်သော။ အနင်္ ဂဏဿ။ အပြစ်ညစ်ကြေး။ ကင်းဝေးခြင်းရှိသော။ နရဿ။ လူဟုဆိုအပ်သော။ ပေါသဿ။ ယောကျ်ားအား။ ဒုဿတိ။ ပြစ်မှား၏။ တမေဝဗါလံ။ ထိုလူမိုက်ကို သာလျှင်။ ပါပံ။ မကောင်းပြစ်မှု။ အညစ်စုသည်၊ ပစ္စေတိ။ ရောက်၏။ ကိမိဝ။ လောကုပမာ။ နှိုင်းရာတသွယ်။ အဘယ်ကဲ့သို့နည်းဟူမူကား။ ပဋိဝါတံ၊ လေညာ သို့ရှေ့ရှု။ ခိတ္တော။ မြှောက်လွှင့်အပ်သော။ သုခုမော။ သိမ်မွေ့သော။ ရဇော၊ မြူ ကဲ့သို့တည်း။ ဝါ။ တနည်းကား၊ ရဇော၊ မြူသည်။ ခိတ္တော။ ပစ်လွှင့်အပ်သော၊ ပေါ

သသသ။ လူမိုက်ယောက်ျားအား။ ပစ္စေတိက္ကဝ။ ရှေ့ရှုမတိမ်း။ လိမ်းကျံစင်စစ်။ အပြစ်ရောက်သကဲ့သို့ပေတည်း။ ။ ဤကားအနက်။ .... ဤကိုရည်၍။ ပညာရှိတို့သည်။ သူတော်ကောင်းကို။ မကောင်းကြံမိ၊ ဘေးဒဏ်ထိလိမ့်ဟု-ဆို ကြကုန်၏။ ။

ဝတ္ထုသက်သေသော်ကား။ ၊ လွန်လေပြီးသောအခါ။ ဗါရာဏသီပြည်၌။ ဗြဟ္မဒတ်မင်း။ မင်းမူသည်ရှိသော်။ ဒေဝဒတ်အလောင်း။ ဆေးသမား တယောက် သည်။ ဆေးကုရခြင်းနည်းပါးသဖြင့်။ လာဘ်ပူဇော်သကာနည်းပါး လေရကား။ တ ခုသောရွာ၏ အနီးတွင်။ သစ်ပင်ရိပ်တခု၌။ များစွာသော။ သူငယ်တို့သည်။ အချင်းချင်းကစား၍။ နေကြရာသို့သွားပြီးလျှင်။ သစ်ပင်ခေါင်းဝတွင်၊ ဥက္ခောင်း ပြူ၍နေသော၊ မြွေဟောက်ကိုမြင်လေသော်။ ဤမြွေကို ကိုက်စေ၍။ သူငယ်တို့ကို ဆေးကုရသော်။ အကြောင်းအားလျော်စွာ။ များစွာကုန်သောလာဘ်ပူဇော်သကာ တို့ကို၊ ရကုန်အံ့ဟု နှလုံးပိုက်၍။ ဟယ်အချင်းတို့။ သစ်ပင်အထက်၌။ ဆက်ရက် ငယ်တခုနေသည်ကို။ ဖမ်းကြလောဟုဆိုသဖြင့်။ ထိုသူငယ်တို့။ မြန်စွာသစ်ပင်သို့ တက်လျက်။ ဆက်ရက်ငယ်ဟူသော အမှတ်ဖြင့်။ လည်၌ဆုပ်ကိုင်မိလေ သောအခါ။ မြွေမှန်းသိသောကြောင့် ကြောက်လန့်တကြား။ ဆွဲငင်ပစ်လိုက်လေ ရကား။ ယခင်ဆေးသမား၏ လည်၌။ ရစ်ပတ်မိပြီးလျှင်။ မြွေသည် ဒေါသ ထွက်၍။ ထိုဆေးသမားကိုခဲ၏။ ဆေးသမားသည် မြွေဆိပ်လွှမ်းသဖြင့်။ သေကျေပျက်စီးလေသတည်း။ ။ ဤကား ဘုရားဟောဇာတ်နိပါတ်မှလာသော၊ သူတပါးအား။ ပျက်စီးကြောင်းကြံရာ၌။–မိမိသည်သာ။ ရှေးဦးမဆွ။ ပျက်စီး သေဆုံးရခြင်း ဝတ္ထုတည်း။ ....ထိုမှတပါးလည်း။ ဗါရဏသီမင်းကြီးအား။ ဆင်ဖြူတော်မရှိ။ ဆင်မည်းသာရှိချေရကား။ အိုးတော်လုပ်အိုးထိန်းသွားသည်။ ခဝါသည်အား။ ရန်ငြိုးမုန်းထားမူသဖြင့်။ အရှင်မင်းကြီး။ ကိုယ်တော်မြတ်အား။ ဆင်ဖြူတော်မရှိဖြစ်ပါသည်။ ဤဆင်မည်းကိုခဝါသည်အား။ ဖွပ်လျှော်၍။ ဖြူ အောင်ပြုစေရသော်၊ သင့်လျော်ပါမည်ဟု၊ ဂုံးချောစကား။ တင်လျှောက်ထားလေ လျှင်၊ ခဝါသည်ကိုခေါ်တော်မူ၍-ဟယ်အချင်းခဝါသည်။ ငါ၏ဆင်မည်းကို။ ဖြူ အောင်ဖွပ်လျှော်ပေးရမည်ဟု။ မိန့်တော်မူလေ၏။ ခဝါသည်လည်း။ ယခုမင်းကြီး က-ငါ့အားခိုင်းစေသော အာဏာတော်သည်။ အခြားမဟုပ်။ အိုးထိန်းသည်ရန်ငြိုး မုန်းထား၍ ငါ့အားပျက်စီးကြောင်းကြံသော၊ အခြင်းအရာတည်းဟုသိသဖြင့်။ မင်းကြီးအား ဤသို့လျှောက်၏။ အရှင်မင်းကြီး။ အသျှင်မင်းမြတ်၏ဆင်မည်း တော်ကို။ ဖြူအောင်ဖွပ်လျှော်ပေးရမည်။ ဟူသောအမိန့်တော်အတိုင်း။ ပြုလုပ်ရ မည်တာဝန်ပေတည်း။ သို့ပင်ဖြစ်ငြားသော်လည်း။ ကျွန်တော်မျိုး၌။ ဆင်တော်ကို

ထည့်၍ ပေါင်းတင်စရာ။ ပေါင်းချောင်အိုးမရှိပါသေး၊ သို့အတွက်ပေါင်းချောင်အိုးကို သနားတော်မူပါမှ။ ပေါင်းတင်ဖွပ်လျှော်နိုင်ရန်။ အကြောင်းရှိပါသည်ဘုရားဟု။ လျှောက်လတ်သော်။ ဘုရင်မင်းမြတ်သည်။ ဤသို့ မိန့်တော်မူ၏။ အိုအချင်းခဝါသည်။ ငါ့အား ပေါင်းချောင်အတည်မှာ ရှိအံ့နည်းဟု။ မိန့်တော်မူကာလ။ အိုးထိန်းသည်ရှိပါသည်ဘုရားဟု။ လျှောက်ထားလေ၏။ ထိုအခါ အိုးထိန်းသည်ကိုခေါ်တော်မူ၍။ ဟယ်အချင်းအိုးထိန်းသည်။ သင်တင်လျှောက်ချက်အတိုင်း၊ ခဝါသည်က။ ဆင်တော်ကိုထည့်၍ ပေါင်းတင်ရန်။ ပေါင်းချောင်အိုးလိုနေပါသေးကြောင်း။ လျှောက်ထားအသနားခံသော စကားရှိနေသည်။ သို့ဖြစ်၍ ဆင်တော်ထည့်ပြီးခါ ပေါင်းလောက်။ ပြုတ်လောက်အောင် - ပေါင်းချောင်အိုးလုပ်ပေးရမည်ဟု။ အမိန့်ရှိတော်မူသဖြင့်။ ဆင်တော် ဆန့်လောက်အောင်။ ပေါင်းချောင်အိုးလုပ်၍ ဖုတ်သော်လည်း။ အင်မတန် အားမမှျ၊ ဖြစ်နေလေရကား။ မကျက်နိုင်ဘဲရှိလေ၏။ ဖုတ်၍ ကျက်အောင်ပြုလုပ်ပါသော်လည်း။ ဆင်တော်ကို အိုးအတွင်းသို့။ တက်နင်းစေပြန်သော် - ကွဲချပြန်ခဲ့၏။ ဤသို့လျှင် အိုးထိန်းသည်ယောက်ျားသည်။ သူတပါးအား ပျက်စီးကြောင်းကြံ၍။ ဂုံးချောစကား။ ပြာကြားမိသည့်အတွက် အသက်ရှိသမျှ ကာလပတ်လုံး။ ပေါင်းချောင်အိုးလုပ်ငြားသော်လည်း။ မပြီး။ ဆုံးခန်းမရောက်နိုင်ဘဲ။ ကိုယ်၏ဆင်းရဲခြင်း။ စိတ်၏ဆင်းရဲခြင်း။ ဒိဋ္ဌလက်ငင်းကြီးစွာရောက်ဘူးချေသည်။ ဤသာခကေဝတ္ထုသက်သေကား။ ဓမ္မသတ်ဖြတ်ထုံးပုံစံပါတည်း။ ။ ထိုမှတပါးလည်း။ ရွာနိဂုံးသား - အသက်ကြီးလူအိုတယောက်သည်။ ရာဇဌာနီ။ မင်းနေပြည်တော်ကြီးသို့သွားရာတွင်။ သေသောက်အံ့သောငှါ။ သေတင်းကုပ်သို့ဝင်လေလျှင်။ လုင်ခြောက်ယောက် သားတို့နှင့်။ ပေါင်းဆုံတွေ့ရှိလေရာ။ လုင်ခြောက်ယောက်သားတို့က၊ ဤသက်ကြီးအို၏ကိုယ်၌။ ဝတ်ဆင်သောပုဆိုး အဝတ်နှင့်တကွ။ ပါသမျှ ဥစ္စာပစ္စည်းတို့ကို။ လိမ်လည်၍ ယူကြကုန်အံ့ဟု ကြံပြီးလျှင်။ အိုဘခင်ငါတို့သည်။ ရှေးကပြုဘူး ကြုံဘူးမြင်ဘူးသည်များကို။ ပြောဆိုကြကုန်အံ့။ မယုံခဲ့လျှင်။ မယုံသောသူကို အစေခံပြုလုပ်စတမ်း။ ဘခင်လည်း။ ငါတို့နှင့် အတူဝင်၍။ ဂတိကဝတ်ပြုမည်။ ပေါင်းမည်လောဟု။ သွေးဆောင်လေသော်။ အမောင်တို့-ငါ့ကား ဤကဲ့သို့သောစကား။ လောင်းတမ်းအမှုများ၌။ ပျော်ပါးရွှင်ပလျက်။ ဤအသက်။ ဤအရွယ်တိုင်အောင်။ ကြီးရင့်အိုမင်းလာခဲ့ပြီ။ ဂုံးတိုက်ကြ၍။ မုန်းသည့်အကြိုက်ကြသဖြင့်။ ပြုံးသည်ဆိုဘိသကဲ့သို့။ ငါအလိုရှိသည့်အမှုပင်ဖြစ်သည်ဟု။ အတူတကွ ဂတိကဝတ်စကား။ ပြုထားလေလျှင်။ လုင်ခြောက်ယောက်တို့တွင်။ တယောက်သောလုင်က။ ပြောဆိုလေသည်မှာ။ ငါသည် အမိဝမ်း၌။ ပဋိသန္ဓေစွဲနေသည်ကာလ၊ ငါ၏အမိ

သည်။ သီးသီးကိုစားလိုသောချင်ခြင်းအာသာဖြစ်၍။ စေခိုင်းရန် တပါးသူမရှိသောကြောင့်။ ငါ့ကိုပင်စေခိုင်းရာ၊ သီးပင်ပေါ်သို့တက်ခြင်းငှါ။ မတက်နိုင်ရကား။ ငါ၏ခြေကိုပင်-ငါကိုင်၍ ပစ်မြှောက်လိုက်သဖြင့်။ သီးပင်ပေါ်သို့ရောက်လေ၏။ အိုးစရည်းပမာဏရှိကုန်သော။ သီးသီးတို့ကို၊ ဆွတ်ယူပြီးလျှင်။ ငါ၏ပုဆိုးဖြင့်ထုပ်၍။ သက်ဆင်းမည်ပြုရာတွင်။ မသက်ဆင်းနိုင်သောကြောင့်။ အိမ်သို့သွားရောက်။ လှေကားစိုက်ထောင်-မြန်စွာသက်ဆင်း။ အမိအားပေးကမ်း၊ အမိသည်လည်း - ဝအောင်စားပြီးမှ၊ ကြွင်းကျန်သည်တို့ကို။ အိမ်နီးချင်းတို့အား။ ဝေပေးရာ။ စားကြရကုန်၏။ ထိုမှကြွင်းကျန်ကုန်သော သီးသီးတို့ကို။ အိမ်ထောင်ပရိဘောဂ။ အခမ်းအနားတို့ကို ပြင်ပသို့ထုတ်၍၊ တအိမ်လုံး သီးသီးဖြင့် ပြည့်စေလျက်။ သွင်းထား၏။ ထို့ပြင် အချို့သီးသီးတို့ကို။ အိမ်၏အနီးအပါးတွင် စုပုံထားသဖြင့်။ အတောင်ရှစ်ဆယ်ပမာဏမြင့်၏။ ဤသို့ပဋ္ဌမလုင်ကဆိုလေ၏။ ကြွင်းကုန်သော လုင်တို့ကလည်း။ အသီးအသီးပြောဆိုကြကုန်ပြန်၏။ ပြောဆိုကြကုန်ပြီးလျှင်။ အိုဘခင်ဤစကားများကို။ ယုံပါ၏လောဟုမေး၏။ ပြည်ကြီးရပ်ကြီးဖြစ်၍။ ဤကဲ့သို့မဖြစ်စကောင်းဖြစ်သော်။ ဖြစ်ပေရာ၏။ ငါယုံပါ၏ဟုဆိုပြီးလျှင်။ အမောင်တို့။ ငါ၏အလှည့်သို့ရောက်ပြီ။ ငါပြောဦးမည်၊ နားထောင်ကြကုန်လော့။ ငါသည်ပျို့ရွယ်စဉ်ကာလက။ လူသူတို့ဘာဝ။ ဝါခင်းပြုလုပ်စိုက်ပျိုးလျှင်။ ဝါခင်း၏အလယ်တည့်တည့်၌။ အတောင်ရှစ်ဆယ်မျှ လောက်သော။ ဝါပင်ကြီးတပင်ပေါက်၍။ ခက်မငါးဖြာတို့သည်ထွက်ကုန်၏။ ထိုခက်မငါးဖြာတို့တွင်။ တခုသောခက်မ၌။ အိုးစရည်းခန့်ပမာဏရှိသော။ ဝါသီးတလုံးသာသီး၏။ ထိုဝါသီးကို-အခါတန်၍ဆွတ်ယူမည်ဟု။ ဥက္ကောင်းနားပန်၊ ဆေးလျှော်၍ ဝါခင်းသို့သွားပြီးလျှင်။ ဝါပင်သို့တက်ရာတွင်။ အညာမှလျှောကြွေ၍။ မြေသို့ကျသည်ရှိသော်။ ဝါသီး၏ခြောက်ခုကုန်သော အမြှောင့်အတောင့် အပေါက်တို့မှ။ ခြောက်ယောက်ကုန်သော။ ဝါပင်ကြီး၏။ ဝါသီးတွင်စွဲနေကုန်သော၊ သံသေဒဇတို့လည်း။ မျက်နှာမူမိရာအရပ်သို့ လျှင်မြန်စွာထွက်ပြေးကြပြီးခ။ ဝါပင်မှဆင်းသက်။ လိုက်ပါသော်လည်း။ မမှီနိုင်လက်မှိုင်ချ၍ နေရစ်ရသည်။ ယခုမှ သင်တို့အား။ ငါတွေ့မြင်ရတော့သည်။ သင်ကား နန္ဒမည်၏။ သင်ကား ပုဏ္ဏမည်၏။ သင်ကား စန္ဒမည်၏။ သင်ကား စိတ္တမည်၏။ သင်ကား ဣန္ဒမည်၏ ဟု-လက်ညှိုးညွှန်ကာ-ယခုငါပြောဆိုသောစကားကို။ ယုံကြည်ကြ၏လောဟုမေးလေ၏။ ယုံပါ၏ဟူ၍လည်းမဆိုဝံ့။ မယုံပြန်ကလည်း။ သူ၏ကျွန်ရင်းဖြစ်မည်ကြောက်ကြရကား ဆိတ်ဆိတ်နေကြရာ။ ရွှေလွှတ်တော်သို့ရောက် - တရားဖြတ်ထုံးပြုလုပ်လိုက်သောကြောင့်။ လူအို၏အစေခံကျွန်အဖြစ်သို့ ရောက်ရချေသည်။ ။ ဤကား ပပဥ္စ

သုဒနီမည်သော-မဇ္ဈိမနိကာယ်အဋ္ဌကထာ။ မဇ္ဈိမပဏ္ဏာသအဘာယ။ ရာဇကုမာရ သုတ်အဖွင့်၌ လာသောယုံတမ်းဝတ္ထုသက်သေတည်း။ ။

ဤကိုစွဲ၍ ယခုကာလ။ ဇာတ်ဝတ္ထုနိပါတ်ပုံပြင်။ ရာဇဝင်တို့၌။ မလာကြဲဆ၍ ပြောသောဝတ္ထုစကားမျိုးလည်း ရှိတတ်သေး၏ - ထိုစကားမျိုးကို ပယ်၍။ ဟုတ်မှန်တိုင်းကိုသာ။ ယူသင့်ရာသည်။ ဤသို့လျှင် သူတပါးကို။ မကောင်းကြံက။ မိမိသို့ပြန်၍။ ရောက်တတ်သည်ဟုမှတ်ကုန်ရာသတည်း။ အကြင်ပညာရှိသူခမိန်တို့သည်။ ထိုထိုအမှုကိစ္စကို။ ပြုလိုကုန်သည်ရှိသော်။ သင့်လျော်မည်။ မသင့်လျော်မည်ကို။ ဆင်ခြင်နှိုင်းချိန်၍။ အပြစ်မရှိကောင်းသော။ အမှုကိုသာ။ ပြုကျင့်ကုန်ရာသည်၊ အပြစ်ရှိ၍။ မကောင်းသောအမှုကို။ ပြုကျင့်မိချေက။ နောင်တတဖန်ပူပန်ရတတ်ကုန်၏။ ။

ထို့ကြောင့် ဓမ္မပဒပါဠိတော်၌။ ၊ "အကတံဒုက္ကဋံ့ သေယျော။ ပစ္ဆာတပ္ပတိဒုက္ကဋံ့။ ကတဉ္စသုကတံသေယျော။ ယံတတွာနာနုတပ္ပတိ။" ။ ဟူ၍ ဟောတော်မူ၏။

ဒုက္ကဋံ့။ မကောင်းသောအမှုကို။ သေယျော။ မြတ်၏ဟူ၍။ အကတံ။ မပြုကျင့်အပ် ဒုက္ကဋံ့။ မကောင်းသောအမှုသည်။ ပစ္ဆာတပ္ပတိ။ နောင်တတဖန်ပူပန်စေတတ်။ သုကတံ။ ကောင်းစွာပြုအပ်သောအမှုကို၊ ကတဉ္စ။ ပြုခြင်းသည်လည်း။ သေယျာ။ မြတ်၏။ ယံ။ အကြင်ကောင်းသောအမှုကို။ ကတွာ။ ပြုမိ၍။ နာနုတပ္ပတိ။ နောင်တတဖန် မပူပန်စေတတ်။ ။ ဤကားအနက်။ ။

မကောင်းသောအမှုကိုကား။ များစွာကုန်သောဘဏ္ဍာတို့ကို။ ဆောင်ယူသွားသောအဖေါ်နည်းသော။ ကုန်သည်ယောက်ျားသည်။ သူခိုးဘေးရှိသော ခရီးခဲကို။ ရှောင်ကြဉ်သကဲ့သို့၎င်း။ မိမိကိုယ်အသက်ကိုငဲ့ကွက်ခြင်းရှိသောသူသည်။ အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့၎င်း။ မပြုမကျင့်ဘဲ။ ရှောင်ကြဉ်ကုန်ရာ၏။ ။ ထို့ကြောင့် ၎င်းပါဠိတော်၌။ .... "ဝါဏိဇောဝဘယံမဂ္ဂံ။ အပ္ပသတ္ထောမဟဒ္ဓနော။ ဝိသံဇီဝတုကာမောဝ။ ပါပါနိပရိဝဇ္ဇယေ။" ။ ဟူ၍ ဟောတော်မူသည်။

မဟဒ္ဓနော။ မိမိ၌များစွာ။ ဥစ္စာဘဏ္ဍာပါသော။ အပ္ပသတ္ထော။ နည်းသောအဖေါ်ရှိသော။ ဝိဏိဇော။ ကုန်သည်သည်။ ဘယံ။ ခိုးသူရန်ထော။ ဘေးရှိသော။ မဂ္ဂံ။ ခရီးခဲကို။ ပရိဝဇ္ဇယေယ္ယဝ။ ဝေးကြီးဝေးစွာ။ ဘဲခွာကြဉ်ရှောင်သကဲ့သို့ လည်းကောင်း။ ဇီဝိတုကာမော။ အသက်မြင့်ကြာ၊ ရှည်စွာမသေ့။ နေလိုသောသူသည်၊ ဝိသံ။ လတ်တလောပေ။ သေစေတတ်ဟိတ်။ အဆိပ်စာကို။ ပရိဝဇ္ဇယေယ္ယဝ။ ရှောင်ကြဉ်သကဲ့သို့၎င်း။ ပါပါနိ။ များစွာညစ်ကျူ။ မကောင်းမှုတို့ကို။ ပရိဝဇ္ဇယေ။ ရှောင်ကြဉ်ကုန်ရာ၏။ ။ ဤကားအနက်။ ။

စီးပွားချမ်းသာကို၊ အလိုရှိကုန်သော။ အမျိုးသားတို့သည်။ ပါဏာတိပါတ။ အစရှိကုန်သော။ အယုတ်တရားတို့ကိုမမှီဝဲခြင်း။ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့တန်တန်နေသောသူနှင့်။ အတူတကွမပေါင်းဖေါ်ခြင်း။ ဖြောင့်မှန်သောအယူရှိခြင်း။ ဤတရားသုံးပါးကို။ ပြည့်စုံစေကုန်ရာသည်။ ။ ထိုကြောင့် ၎င်းပါဠိတော်၌။ ။......... "ဟိနံဓမ္မံနသေဝေယျ။ ပမာဒေနနသံဝသေ။ မိစ္ဆာဒိဋ္ဌိနသေဝေယျ။ နသိယာလောကဝဍ္ဍနော။" ။ ဟူ၍ဟောတော်မူသည်။ ။

ဟိနံ။ ယုတ်သော။ ဓမ္မံ။ ပါဏာတိပါတ။ စသောအကုသိုလ်တရားကို။ နသေဝေယျ။ မမှီဝဲရာ။ ပမာဒေန။ မေ့မေ့လျော့လျော့။ ပေါ့ပေါ့တန်တန်။ နေသောသူနှင့်။ နသံဝသေ။ အတူအကွမပေါင်းဖေါ်ရာ။ မိစ္ဆာဒိဋ္ဌိ။ ဖေါက်ပြန်သောအယူကို။ နသေဝေယျ။ မမှီဝဲရာ။ လောကဝဍ္ဍနော။ လူတို့စီးပွားချမ်းသာခြင်းသည်။ နသိယာ။ မဖြစ်ရာ။ ။ ဤကားအနက်။ ။ ထိုတရားသုံးပါးမှ ရှောင်ကြဉ်လျှင်။ လူတို့၏စီးပွားချမ်းသာခြင်းသည်ဖြစ်၏။ - မရှောင်ကြဉ်က။ စီးပွားချမ်းသာခြင်း။ မဖြစ်ရာဟု မှတ်သားအပ်၏။ ။ ဤတွင်ရွေ့ကား။ မင်းခယောကျ်ားတို့၏။ ကျင့်ဝတ်ကိုပြရာ ဝတ္တဝိဘာဂပြီး၏။

၁၀၈ ~ 108

ထိုနောက်မင်းခယောကျ်ားတို့၏။ အင်္ဂါလက္ခဏာကို။ လျှောက်ထားသံတော်ဦးတင်ပြန်၏။ ။ အင်္ဂါဟူသည်ကား။ ထိုထိုဝတ္ထုဓမ္မပုဂ္ဂလတို့၏။ ဤအကြောင်းနှင့်ပြည့်စုံမှ။ ဤသို့သောအမည်ကို။ ရခြင်းငှါထိုက်၏ဟူ၍-မှတ်ကြောင်းလက္ခဏာတည်း။ ။ ထိုကြောင့်ဤအရာ၌။ အရှင်စိုးမင်းတို့၏။ ရာဇဟူ၍ခေါ်ဝေါ်ထိုက်သည်၏အဖြစ်။ မိဖုရားခေါင်ကြီးအမှုးရှိကုန်သော။ မင်းမိဖုရားတို့၏။ မဟေသီဟူ၍။ ခေါ်ဝေါ်ထိုက်သည်၏အဖြစ်။ အိမ်ရှေ့နန်းလျာ။ မဟာဥပရာဇ်တို့၏။ ဥပရာဇာဟူ၍။ ခေါ်ဝေါ်ထိုက်သည်၏အဖြစ်။ အသီးသီး ... ဥပဋ္ဌါနစသောအမတ်။ မင်းခယောကျ်ားတို့၏။ ဥပဋ္ဌါနစသည်ဖြင့်။ ခေါ်ဝေါ်ထိုက်သည်၏အဖြစ်ကို။ မှတ်ကြောင်းလက္ခဏာကို။ အင်္ဂါဟူ၍ သိအပ်၏။ အင်္ဂသဒ္ဒါကား။ အင်္ဂတိုင်း ဟူသောအနက်။ အစိတ်ဟူသောအနက်။ အကြောင်းဟူသောအနက်တို့၌ဖြစ်၏။ ထို့ကြောင့် မဂ္ဂအဘိဓါန်၌။ ။ အင်္ဂဒေသေဗဟုမှိအင်္ဂ။ တထာအဝယဝကာရဏောသု။ ။ ဟူ၍မိန့်အပ်၏။

အင်္ဂ။ အင်္ဂသဒ္ဒါသည်။ အင်္ဂဒေသေ၊ အင်္ဂတိုင်းဟူသောအနက်၌။ ဝတ္တတိ။ ဖြစ်၏။ တံ။ ထိုအင်္ဂတိုင်းဟူသောအနက်၌ဖြစ်သော၊ အင်္ဂသဒ္ဒါသည်။ ဗဟုမှိ။ ဗဟုဝုစ်ဖြစ်၍။ တထာ။ ထိုမှတပါးလည်း။ အဝယဝကာရဏေသု။ အစိတ်ဟူသော အနက်။ အကြောင်းဟူသောအနက်တို့၌လည်း။ ဝတ္တတိ။ ဖြစ်၏။ ။ အစိတ်ဟူသောအနက်။ အကြောင်းတူသောအနက်တို့၌ဖြစ်သော။ အင်္ဂသဒ္ဒါကား၊ ကေဝုစ်။ ဗဟုဝုစ်နှစ်ပါးပင်။ သင့်၏ဟူသောအနက်ကို။ နယဂ္ဂါဟဖြင့်။ သိအပ်သတည်း။ (ဝစနတ္တပြုလိုသော်ကား။ ... အင်္ဂတိဥပလက္ခိတဗ္ဗဘာဝံဂစ္ဆတိ ဧတေနာတိအင်္ဂံ။ ဟူ၍ပြုရာ၏)။ ။

ဧတေန။ ဤလက္ခဏာဖြင့်။ အင်္ဂတိဥပလက္ခိတဗ္ဗဘာဝံဂစ္ဆတိ။ သိအပ်မှတ်အပ်သည်၏အဖြစ်သို့။ ရောက်ကြောင်းဖြစ်၏။ ဣတိသမ္မာ။ ထို့ကြောင့်။ တံသက္ခဏံ။ ထိုလက္ခဏာသည်။ အင်္ဂံ။ အင်္ဂမည်၏။ ။ ဤကားဝိဂ္ဂဟအနက်။ ။ အင်္ဂီ ခါတ်။ ဂတျတ္ထဝါစက။ တနည်းကား။ အင်္ဂခါတ်။ အင်္ဂီကတျတ္ထော။ အင်္ဂဂမနတ္ထေဝါ။ ။ ဟူသောအဘိဓါန်ဋီကာကိုထောက်၍။ ။ ရေမြေသေဠ်နှင်းမင်းတို့၏။ အင်္ဂါလက္ခဏာကား။ – ကျမ်းဂန်ထုံးစံနှင့်အညီ။ ဦးထိပ်၌သွန်းလောင်းအပ်သော။ မုဒ္ဓါဘိသိက်ကိုခံယူခြင်းသည်။ ရေမြေသေဠ်နှင်းမင်းတို့၏။ အင်္ဂါလက္ခဏာတပါးပင်တည်း၊ ထိုစကားမှန်၏။ ဦးထိပ်၌သွန်းလောင်းအပ်သော မုဒ္ဓါဘိသေက။ - မရှိသောမင်းသည်။ ရာဇဟူ၍ငင်း။ မဟာရာဇ ဟူ၍ငင်း။ ခေါ်ဝေါ်ခြင်းငှါမထိုက်ချေ။ မထိုက်ကြောင်းကို-အောက်ကပြဆိုအပ်ခဲ့လေပြီ။ ။ ဤသို့။ ကဝိစိန္တာ အမတ်ကြီး။ တင်လျှောက်ထားအပ်သော-ဝါကျကဏ္ဍ။ ဝတ္တိတဗ္ဗ။ ဝေါဟာရ၊ သံဝဏ္ဏာဏ။ ဘမရာသန၊ ဆတ္တာဒိကာရဏ။ အရပ်ရပ်အမျိုးမျိုးတို့ကို။ ကြားနာတော်မူရသဖြင့်။ အလွန်လျှင်အဓိဥပကာရ အကျိုး။ ပွားတိုးရာ။ ပွားတိုးကြောင်း။ ဖြစ်ပေသည်တကားဟု။ အံ့ဩချီးမွမ်းတော်မူပြီးခါ။ ၊ ရွှေချိန်တဆယ်ငါးပိဿာကိုငင်း။ ငွေအချိန်နှစ်ထောင်ကိုငင်း။ စပါးနှစ်ထောင်ထွက်လယ်ယာကိုငင်း။ ဆုချသနားတော်မူလေ၏။

တတိယပိုင်းပြီး၏။

၁၀၉ ~ 109

ဂန္ဓာလရာဇ်ပြည်သို့ ပညာသင်ရန်စေလွှတ်သောအခဏ်း။

ထိုနရုတိမင်းကေရာဇ်သည်၎င်း၊ မိဖုရားခေါင်ကြီးသည်၎င်း။ ကဝိစိန္တာ အမတ်ကြီး-တင်လျှောက်အပ်သော။ မင်းခမ်းမင်းနား။ ထီးနန်းရာဇပလ္လင်။ ထီးဖြူအဆောင်အမျိုးမျိုး။ ရှေးမဟာသမတမင်း။ ဘုရားအလောင်း။ မင်းကောင်းမင်းမြတ်တို့။ ကျင့်အပ်သော တရားတို့ကို၎င်း။ ဇာတ်ဝတ္ထုပုံပြင်။ ဆင်ယင်သားနား ဘုရားဟောတရားအပါးပါးတို့ကို၎င်း။ စိန်သွားတရထည်။ မြှားမည်တနှုန်း။ အံ့ခါချုန်းရသော။ မြန့်လုံးတုန်ဟီ။ အသနိ လက်နက်။ မိုဃ်းကြိုးစက်ကဲ့သို့။ ထက်မြက်စူးရှ။ တိက္ခဇဝန။ ဂမ္ဘီရဉာဏ်သွားဖြင့်။ လျှောက်ထားသံတော်ဦး တင်ချက်တို့ကို၎င်း။ အလွန်နှစ်သက် အားတက်ဝမ်းသာ။ ဟဒယာနှလုံး။ ရွှင်ပြုံးကြည်လင်တော်မူသည်ဖြစ်၍။ မြလက်စွပ် တဆူနှင့်။ ရှေ့တော်ပြေး- သိုင်းနှစ်ချက်။ ရွှေဘရက်တန်ဆာ။ နာရကာရွှေစင် ဖလားတလုံး အဘိုးနှုန်းတထောင်တန်။ ပန်းမန်ရုပ်စုံ၊ ကခုံဇာတ်ခင်း။ အံ့အဲခြင်းဖြစ်ရာသော။ စနစ်ပုံစံ။ နန်းသုံးမှန်သည့်။ ဘိုးတန်သိန်းပြတ်။ နဝရတ်ကိုးပါး။ စီထားချယ်လယ်အပ်သော။ ကွမ်းအစ်တလုံးကိုလည်း။ ဆုချသနားတော်မူလေ၏။

(၂၁–ခု) တန်ဆောင်မုန်းလဆန်း။ နှစ်ရက်နေ့သို့ရောက်လတ်သော်—အမတ်ကြီး။ မင်းတို့မည်သည်၌။ အဘယ်အင်္ဂါနှင့်။ ပြည့်စုံမှ-သာ၍တော်မည်နည်းဟု။ မေးတော်မူရာ။ ။ ဤသို့သံတော်ဦးတင်လေ၏။ ။ ရွှေဘုန်းတော်နေဝန်း။ ဝေဝေရွှန်းသောကြောင့်။ ပုံ့မွန်းရတနာ။ အဖြာဖြာတို့၏အသျှင်။ ဘုရင်အပေါင်းတို့၏ မကုဋ္ဌာ။ ဗျူဟာခင်းကျင်း။ ဟန်မူခါချဉ်းအပ်သော။ အမင်းမင်းတို့၏။ ထိပ်ခေါင်ဖျား။ အပါးပါးအမျိုးမျိုး။ အဘိုးအနဃ္ဃ၊ နှုန်းမဆနိုင်သော။ ရတနတွင်းပေါင်း။ သိန်းသောင်းသင်္ချာ။ ပေါများစွာလည်းဖြစ်ထသော။ ။ ရှေးသမ္ဘာရ၊ ဒဗ္ဗဇနက။ ဖြူဆွစိုက်ပျိုး။ ကွန့်ဖြိုးရင့်သန်။ အလောင်းတော်တကာတို့၏။ ထုံးစံကို။ တဆံမျှမရွေ့။ ပြေ့ညီလေအောင်။ ကျင့်ဆောင်အားထုတ်။ မဟုဿာဟ။ အတိဝီရိယ။ အစလဇောစိတ်၊ အဘိတ္ထုတ။ ဒသပါရမီ။ ကျင့်မှီလေ့လာအပ်သော။ နိဗ္ဗာနမဂ္ဂ။ ပဝသေနအဌင်္ဂီ။ မဂ်မည်သောခရီးကိုလည်း။ အပြီးရွယ်ချူ။ ဖြည့်တော်မူအပ်သော။ စရိယဝသီတော်ဖြင့်။ ပျော်ရွှင်တော်မူလေ့လည်းရှိထသော။ ။ ခဲရာခဲဆစ်။ မင်းပွဲခေတ်၌။ တက်သစ်နေနှုန်း။ ဘုန်းစွန်းပြရာ။ သမယာကာလ။ အမစ္စယသ။ ဗလခြေရံ။ ဗိုလ်ရှုခံဝယ်။ စမွာယ်ခိုက်ခါ။ ရာဇာဘေးလောင်း။ အံ့ဘွ

ယ်ကောင်းသော။ သံညောင်းနွတ္တာ။ ဝိဒေဟာသညာ။ လက်ထက်မှာသို့၊ ပညာစွယ်စုံ။ အာမုံရင့်မာ။ မဟာအမစ္စ။ ဉာဏခိုင်ဖြီ။ အသီးသီးကုန်သော။ အမတ်အဘိုးတန်။ မျိုးမှန်အာဇာနည်။ ပြည့်ညီကံစပ်။ ရောက်လာအပ်သဖြင့်။ နတ်ရပ်ခြောက်ဌါန်၊ စိုးကွပ်မှန်သည့်။ တေဇံတက်ကြွ။ သက္ကရာဇာ။ ပမာတမူတူသောယသသမ္ပတ္တိဂုဏ်နှင့်လည်း။ ပြည့်စုံတော်မူထသော။ ။ နတ်ဝိသုကံ။ ပြုစီမံသို့။ ပုံဟန်ဆောင်ပေါင်း။ ထီးဆောင်းနန်းမွေ။ ခံယူပေသော။ အထွေထွေသိန်းသောင်း။ ကိန်းလောင်းသချ်ာ-ဂုဏိတာဟု။ ကုဋ္ဌာကုဋ္ဌေ၊ မဟေက္ကဿရိ။ ဇာတိမဟတ္တက။ တဝပုည်။ ဆင့်ဆင့်လျှံသဖြင့်၊ ကံဉာဏ်မြင့်ပွား။ အပါးပါးကုန်သော။ မင်းအပေါင်းတို့သည်။ ကြံစီအားထုတ်။ ပြုလုပ်စီမံခြင်းငှါ။ မတတ်နိုင်ရာသော။ ပါသာဒါ-ဟမ္မိယ။ ပလ္လင်္ကထီး။ ကျုံးကြီးပြအိုး။ တမျိုးရဇ္ဇင်။ လမ်းခွင်ဌါန။ စေတျဥယျာဉ်။ ပျော်ရွှင်ကျောင်းကန်။ ဗိမာန်ထူးဆန်း။ သိကြားနန်းသို့။ အံ့မခမ်းမျှ။ စိတြာဥဏ္ဏာဂူ။ ဆူဆူရောင်ကျင်း။ နေမင်း၏အသရေ။ ကုဋ္ဌေကုဋ္ဌာ ပမာအလား။ တိုင်းကားအဓိပတိ။ ဘူမိပါလ။ ရဋ္ဌသခင်။ ရွှေနား ဆင်တော်မူပါဘုရား။ .... ။ မင်းတို့မည်သည်မှာ။ မြို့ရိုးကျုံးမြောင်း။ ပစ္စင်ရင်းတား။ စပါးဆန်ရေ။ ရွှေငွေရတနာ။ စစ်အင်္ဂါနှင့်။ ကျွန်တော်မျိုးတို့၏။ နိုင်ငံတော်မှာ၊ ပြည့်စုံလုံလောက်စွာရှိစေပြီးနောက်။ ထက်အောက်ဘယ်ညာ။ သွယ်ခါလှည့်ဝိုင်း။ သတိလှိုင်းလျက်။ တတိုင်းနှင့်တတိုင်း။ တပြည်နှင့်တပြည်။ အရှည်ဟိတ်ချဲ့။ မဟာမိတ်ဖွဲ့တော်မူဘို့ရန်အရေးသာ။ လိုပါတော့သည်ဘုရားဟု။ လျှောက်ထားသံတော်ဦးတင်လေလျှင်။ ။ အမတ်ကြီးအသို့ကြံမည်နည်းစသည်ဖြင့်။ မိန့်ခွန်းတော်ငြိမ့်လေး။ စိမ့်စိမ့်မျှေ။ မေးမြန်တော်မူလတ်လေသော်။ ။ သတရံသိ။ ဒိဝါကရ။ ဘုန်းတေဇဖြင့်။ ထွန်းပသီရိ။ မဟိဒ္ဓိဂုဏ်။ တိုင်းလုံးတုန်လျက်။ ဘုံဘဝဂ်ထိ။ ဇဂတိပါလ။ နရာဓိပအသျှင်။ ရွှေနားဆင်တော်မူပါဘုရား။

ပြည်ကြီးတို့၏အင်္ဂါခုနစ်ပါးသည်ကား။ ဘုရားဟောဒေသနာ၌။ ။ (သာမျာမစ္စေသခါကောသော။ ဒုက္ခဋ္ဌဝိဇိတံဗလံ။ ရဇ္ဇင်္ဂါနိသတ္တေတေ။ သိယျုံပကတိယောဝိစ။)။ ။ ဟူ၍ကျမ်းဂန်၌လာပါသည်။ ။ “ပြည်ရှင်မင်းလည်းတပါး။” ကျီကြဘဏ္ဍာလည်းတပါး။” အမတ်ပညာရှိလည်းတပါး။” အဆွေခင်ပွန်းလည်းတပါး။” ခဲခက်သောကျုံးမြောင်းလည်းတပါး။” တိုင်းနိုင်ငံလည်းတပါး။” ရဲမက်ဗိုလ်ပါ။ ဆင်မြင်းအားလည်းတပါး”။ ။ ဤသည်လျှင်ပြည်ကြီးတို့၏ အင်္ဂါခုနစ်ပါးတည်း။ ။ ထိုခုနစ်ပါးနှင့် ပြည့်စုံသောတိုင်းပြည်တို့မှလာလျှင်။ တိုင်းတော်ပြည်တော်။ နိုင်ငံတော်ဟု။ ခေါ်ဝေါ်သမုတ်သင့်ပါကြောင်း ဟူ၍၊ တင်လျှောက်ပြီးနောက်။ ဂန္ဓာလရာဇ်တိုင်းရှင်၊ တရုပ်ပြည်ကြီးသခင်။ ဘုရင်စောတည်မင်းထံ။ မဟာမိတ်ဖွဲ့

ရန် ကိစ္စတခု။ ပြုလုပ်တော်မူပါက။ ပိုးထည်။ ဝါထည်အမျိုးမျိုးကို။ဆေးဆိုးနည်း။ စပ်နည်း။ ချော်ချက်နည်း။ ကော်ဖော်နည်း။ ပုဂံလုပ်နည်း။ ဆင်စွယ်ပျော့ပန်းစီရင်နည်း။ သားရေအမျိုးမျိုးကို စီမံပြုလုပ်နည်း။ စိန်အနီအဖြူစီရင်နည်း။ စသော နိသျှတို့ကို။ မုချရနိုင်ရန် အကြောင်းရှိပါသည်ဘုရားဟု။ သံတော်ဦးတင်လေ၏။ ။

အမတ်ကြီး။ မည်ကဲ့သို့စီမံမှ။ အရေးတော်လှမည်ကို။ မကြာခဏလိုအပ်သော။ ဆန္ဒအတိုင်း။ ခိုင်းရန်စေရန်။ ပြုလုပ်ဟန်တဖုံ။ ကုန်ကျမည့်စာရင်းရှင်းလင်းတွက်ဆ။ ဘဏ္ဍာနိဝေသန။ ဖြဲတိုက်တော်မှ ထုတ်ပြီးခါ။ ပြုလုပ်ရမည်ဟု။ မိန့်ဆိုချက်အတိုင်း၊ မဆိုင်းမငံ့။ ရပ်တန့်ခြင်းမရှိ။ အနဂ္ဃ အဘိုးတန်အောင်။ အမြန်လုပ်ဆောင်နိုင်ကုန်သော။ လက်မှုကျွမ်းကျင်။ ပညာရှင်တို့နှင့်။ ဆောလျှင်မြန်စွာ။ ပြုလုပ်အပ်သော။ ပဏ္ဏာကာရလက်ဆောင် ပဏ္ဏာဘဏ္ဍာ တော်တို့ကား။ ။ ရွှေလင်ပန်း။ ရွှေကွမ်းအစ်။ ရွှေထား။ ရွှေခြေနင်း။ ရွှေထွေးခံ။ ရွှေအုပ်။ ရွှေပုဂံ။ ရွှေဇွန်း။ ရွှေခရင်း။ ရွှေဖေါင်းကား။ ရွှေချွန်း။ ရွှေထိပ်အုပ်။ ရွှေပန်းပွားမှစ၍။ လူတို့သုံးစွဲအပ်သော - မင်းနှင့်ထိုက်တန်သောဘဏ္ဍာ။ ဆင်တော်၌ဆင်ယင်ရန် ရွှေအချိန်အခွက်တရာစီရှိသောဘဏ္ဍာ။ တန်ဆာတို့ကို။ လုပ်ကိုင်ပြီးစီးလျက် ရှိပါကြောင်းနှင့်။ လျှောက်ပြန်ရာ။ ။ အမတ်ကြီး။ ကောင်းမြတ်သောလရက်ကို သာရွေးချယ်ပြီးခါ။ ထိုလက်ဆောင်ပဏ္ဏာတို့ဖြင့်။ ၎င်းစောတည်မင်းထံတင်ဆက်။ လိုအပ်သော ပညာအချက်တို့ကိုလည်း။ မပျက်မယွင်းစေဘဲ။ ရွှေပေ၌သေချာစွာ မှတ်သား၍ ယူခဲ့ရမည်ဟု။ အမိန့်တော်မှတ်ပြန်သော်။ ။ ကဝိစိန္တာအမတ်ကြီးလည်း။ ဆင်ရံလေးစီး။ ဆင်တော်တစီး၌တင်ဆောင်။ လက်ဆောင်ပြုလုပ်ပြီးလျှင်။ တန်ဆောင်မုန်းလွှန်း။ (၂) ရက်နေ့။ ထွက်သွားရပါမည့်အကြောင်း။ ရှိခိုးသံတော်ဦးတင်ရာတွင်။ အလွန်နှစ်သက်တော်မူသောကြောင့်။ တိုက်တော်မှ။ ငွေတော် ထုတ်ပေးစေ။ အမိန့်တော် မှတ်သည့်အတိုင်း။ စားနပ်ရိက္ခာ ငွေသပြာနှင့်တကွ။ အမတ်ကြီး ဝတ်ဆင်ရန်။ ပိုးကတ္တီပါဝတ်လုံ။ ရွှေသားပန်းကွပ်။ ရွှေပေါင်း။ ရွှေတမာရွက်။ ရွှေသားနဖူးစည်း။ ရွှေစလွယ်။ မင်းခစားမဟာ အမတ်ကြီးတို့၏တန်ဆာ။ အမတ်ငယ်လေးယောက်မှာလည်း။ ထိုက်တန်ရာစံနှုန်း။ သုံးဆောင်ဆင်မြန်းအပ်သည့် ကြိယာအစုံ။ ဥဏ္ဏုရာဇာ။ စန္ဒိမာလ္လန္နု။ ဝန်းစုရံကာ။ တာရာဂဏ။ တင့်ထွန်းထသို့၊ ယသဝေဆာ။ နောက်ပါသင့်ညီ။ လူစစ်သည်တော်တရာ။ တဖြာထက်မြက်လက်နက်မကြွင်း။ မြင်းတော်တရာတို့နှင့်။ တင်ဆောင်ခင်းကျင်းလျက်။ (၂၁) ခု - တန်ဆောင်မုန်းလွှန်း နှစ်ရက် ဗုဒ္ဓဟူးနေ့၊ နေထွက်သည်နှင့် တပြိုင်နက်။ နန်းတော်ကိုဦးတိုက်ပြီးလျှင်။ ထွက်သွားကြလေ၏။ ။ ဂန္ဓာ

လရာဇ်တိုင်း။ တရုပ်ပြည်ကြီး၊ စောတည်မင်း၏ နိုင်ငံတော်သို့။ တပိုးတွဲလွှန်း (၅) ရက်နေ့ရောက်။ နန်းတော်သို့ဆယ်ရက်နေ့ဝင်၍။ ၎င်းဘုရင်ထံ ခစားရာ။ စံတာ လောရဲအား။ စကားပြန်ပြုလုပ်စေလျက် မဂဓဘာသာဖြင့် ပြန်ဆိုလျှောက်လေ သတည်း။

ထိုအခါဘုရင်စောတည်မင်းသည်။ ထံရင်းမျက်မှောက်။ ဝင်ရောက်ခစား လျက်ရှိကြကုန်သော– ခရီးသည်မှန်ပြီး။ အမတ်ကြီးကဝိစိန္တာအား။ ပြုငှါစိပ်စေး။ မေးမြန်တော်မူသည်မှာ .... အမတ်ကြီး။ ဒူရကတိုင်း-အောင်သာဝတီပြည် မှ-ငါတို့စံရာ။ ဂန္ဓာလရာဇ်တိုင်းသို့။ ကွန့်လှိုင်းခင်းကျင်း။ လာရောက်ခြင်း သည်ကား — ဘယ်သို့အကြောင်းထူးရှိ၍ လာသနည်းဟု—မေးတော်မူလေလျှင်၊ ။ အသျှင်မဟာကေရာဇ်မင်းမြတ်ဘုရား ... ... ကျွန်တော်မျိုးတို့၏သခင်။ ဘုရင်န ရုတိက။ ရာဇသံရွှေပေ။ တထွေလက်ဆောင်။ သနှောင်မေတ္တာ။ မဟာမိတ္တ။ ဗန္ဓဝ ဆက်ရန်။ ဖွဲ့နှံပြီးခါ။ လိုရာသိပ္ပ။ အဝဝတို့ကိုလည်း။ တစမကျန်။ နည်းခံ လက်ထပ်။ ကျက်မှတ်သင်ယူ။ နရူပဒေ။ ရွှေပေမှတ်သား။ ယွင်းမှားခြင်းကင်း။ ဝပ်စင်းခယ။ ငါ့ထံ-က-ကဲ့သို့။ တစမလွတ်။ ကျင့်ဝတ်အဖြာဖြာ။ ဂါရပါရှေ့ရှု။ ပြုစု ရွက်ထမ်း။ ဉာဏ်စွမ်းပြည့်ညီ။ ရိပ်ခြည်သိထွေ။ ကဝေအမစ္စအင်္ဂ။ တိမ်းမကွာစေ ရ။ ဘာတရအကြည်တော်ကို။ ကော်ရော်ကျင့်မှန်။ သံစာဖြင့်၊ လျှောက်ရမည်ဟု၊ အမှာစာ ပါပါကြောင်း။ ဥက္ကောင်းဝပ်လျှိုး-ရှိခိုးသံတော်ဦးတင်ဝံ့ပါသည်။ ဂိရိမေရု။ နှိုင်းတုအံ့ရာ။ ဘုန်းတေဇာနှင့်။ ကြေငြာလွှံ့ပတ်။ ကေရာဇ်သခင်အရှင်မြတ်ဘုရား ဟု။ ။ လျှောက်ထားပြီးနောက်။ ရွှေပေရာဇသံ၌။ ပါလာဟန်အချက်တို့ကို။ အကွက်ကျတင်လျှောက်ပုံကား – ဤသို့တည်း။ .... ။

အရှင်မဟာကေရာဇ်မင်းမြတ်။ လျှောက်ပတ်သောစကား။ မှတ်သားလောက် သည့်ပုံပြင်နှင့်။ သံတော်ဦးတင်ပါအံ့။ ။ လောကသုံးရပ်။ ဘုံသုံးထပ်ဝယ်။ နှုန်း အပ်မရှိ။ ဣဿရိယ သီရိကာမ။ ပယတ္တသိမ်းကျုံး။ ဘုန်းတော်ခြောက်တန်။ ဉာဏ်တော်အနန္တ၊ ဆအာသာဓါရဏ။ စတုဝေသာရဇ္ဇ။ ဉာဏခေါင်ဖျား။ သျှောင်န မားစစ်။ ဖြစ်ကြီးဖြစ်တော်မူသော။ မြတ်စွာဘုရားသခင်။ သုံးလူ့ရှင်သော်မှလည်း အပ္ပရာဇိတ၊ ဌာနမောဋ္ဌ။ ဗေါဓိပင်နှင့်။ ပလ္လင်ရတနာ။ မိုခါတံကဲ။ သဟဲရှိမှ။ သဗ္ဗညုတ။ အာသဝက္ခယ၊ လောကတွင်မည်။ တလီပရမတ္ထ။ ဉာဏ်နှစ်ဝကို။ လက်ရစိုးပိုင်။ ပွင့်ထွန်းနိုင်၏ သို့၎င်း။ ချင့်ပေါင်းတွက်ရာ။ ကုဋ္ဋါကုဋ္ဋေ၊ ရွှေငွေ ရတနာ။ အဖြာဖြာနှင့်။ လက်ယာကိုင်းကျွန်း၊ ပြည့်ထွန်းစေ၄။ အာသာလိုလား။ ထိုယောကျ်ားသည်။ များပြားစည်းစိမ်။ ရွှေအိမ်တိုက်တာ။ ဘောဂါဣဿရိ။ ကုန် လုံရှိသော၊ သေဋ္ဌိသူကြွယ်တို့၏ ထံ၌။ လိုဟန်အရပ်ရပ်။ သမ္ဗတ်သုခါကို-မှီရှာ

ခိုလှုံ။ ကြည်ယုံတောင်းဆိုမှသာ။ အာသာဆန္ဒအလိုက်။ ရထိုက်ရခွင့်ရှိ သကဲ့သို့ငှင်း။ ညွှန့်ညှော့က်ပင်စည်။ အလည်လည်အ၀ဝ။ ရက္ခဝလ္လ။ ဗီဇခပင်း တို့သည်။ မှီရင်း၌ာန။ ဥဒက-ရက္ခာ ဘူမာစသား။ တပါးပါးကို။ မှီငြားဆက် ထောက်။ တက်ပေါက်ကြီးမြင့်ခြင်း အခြေသို့။ မသွေဇကံ။ အမှန်ရောက် သကဲ့သို့ငှင်း။ ။ အထပ်တရာ။ ပဒုမ္မာသည်ပက်ဇာ-ဥဒက။ ပဘက်ရ၌ာန၌ာနီ။ မှီရာအသင့်။ ရလင့်မှသာ။ မုံအာစွင့်စွင့်။ ပွင့်ခြင်းမသွေ။ ရောက်လေ၏သို့ငှင်း။ ။ ဥပမေယျသခင် အရှင်ဇကေရာဇ်မင်းမြတ်သည်။ ဥပါယ်လေးပါး။ မင်းကျင့်တရား ဆယ်ပါး။ အပရိဟာနိယတရားခုနစ်ပါး။ စာရိတ္တ။ ပဥ္စသီလ။ အဋ္ဌင်္ဂီ။ ဒသသီတည်း ဟူသော ဝါရိတ္တသီလ။ နှစ်ပါးအင်္ဂါ။ သုံးပါးင်္ဂါ။ လေးပါးအင်္ဂါ။ ငါးပါးအင်္ဂါ။ ခြောက် ပါးအင်္ဂါ။ ခုနစ်ပါးအင်္ဂါ။ ရှစ်ဖြာသပ္ပုရိသဒါန၊ အဋ္ဌင်္ဂဥပုသ်။ မယုတ်မေတ္တာ။ ကိုးဖြာ မဟာပ္ဖလ။ မဟာဝိပ္ဖါရဓမ္မ။ ။ ဒနဧဥ-စသည်အရှိ ဝဓိုတ-အစရိယဓနေ။ ။ သဒ္ဓါဝီ ရိ။ (လ) ဗုဒ္ဓါနဿတိဆက္က။ တဆယ်တပါးသော။ အရိယဓမ္မ၊ စသည်ထုံလျှောင်း - အပေါင်းပြည့်စုံ။ ဂုဏ်သမာဓိ။ နဂ္ဂိကျေးဇူး။ ပုံ့ပုံ့ထူးသဖြင့်။ ပွားလူးလေ့လာ။ တတ်ရာအဋ္ဌာရသ။ သိပ္ပခေါင်ဖျား။ မင်းများတကာ။ မယှဉ်သာအောင်၊ ပညာ တက္ကသိုလ်။ ဗဟိုရ်မဏ္ဍိုင်။ ကြံ့ခိုင်ဥသုံ။ လွန်ပြည့်စုံသဖြင့်ရသာရုံနို့ဇ၊ ချို သွေးသောက်စို့။ ပညာနို့ကို။ လိုသေးတောင်းတ ဆန္ဒအာသာ၊ ပြည့်စေငှါဟု၊ ဒယာမေတ္တာ။ ကရုဏာဖြဟ္မစိုရ်၊ ဥဒဟိုမလပ်၊ အရပ်ရပ်သော၊ ဗိုလ်လူခပင်းတို့ အားလည်း၊ ပွားစီးချမ်းသာ၊ စေတနာပဏီဓိ။ တိုက်ကျွေးခြင်း အမြဲရှိတော်မူထ သော။ သေနင်္ဂါဗျူဟာ။ အမစ္စဗလ။ ဒေဝိန္ဒသေဌ်နင်း။ သိကြားမင်းကဲ့သို့။ ရံသင်း ခြွေရွေ။ ကြက်သရေဂုဏ်။ အောက်ထက်တုန်အောင်။ စုံပြည့်ကျော်ကြား။ ရှင် ဘုရားသို့။ ပို့ငြားမေတ္တာ၊ သုခါရကြောင်း။ ထုံးဟောင်းတန္တိ၊ ပဝေဏီလာ။ မဟော သထာနှင့်။ ဝေဿန္တရာနေမိ။ စရိုလောင်းလျာ။ သူတော်စွာတို့။ အာဏာကွန့်ဖြိုး။ တန်ခိုးသီရိ။ တက်ဘိနေလား၊ များပြားမင်းဇာတ်။ အရပ်ရပ်တို့၊ တုပ်ပြပ်ဝပ်စင်း။ တိလောကစကြားမင်းကဲ့သို့။ အချက်ခြင်းခဏ။ မုဟုတ္တမလျား။ လိုလားတောင်း တ၊ ပြည့်ထမောက်လျှံ၊ ကံသမ္ဘာရှိန်။ ဝါထိန်ဝင်းတောက်။ အံ့လောက်တဖြာ။ ဖြစ် ပါစေရန်။ နိယံမပြက် - သွန်းလောင်းအပ်ပါကြောင်း-ငှင်းပြင်တဘန်။ သုဝဏ္ဏံရေ သား၊ ဆန်းပြားပဏ္ဏာ။ ရတနာစုတို့ကို။ ချစ်မှုကနိဋ္ဌထံက။ ရှိသေစွာ ပို့ဆက်အပ် ပါသည်ကို။ ဒယာမေတ္တာ၊ ဘာတရာသေဌ်နင်း။ တရားမင်းနှလုံး။ စွဲသုံးဖွဲ့နှောင်။ သိမ်းပိုက်သုံးဆောင် တော်မူပါမည့်အကြောင်း။ ။ ခညောင်းရောက်လာ။ အမစ္စာ မည်သီး၊ ကဝိစိန္တာအမတ်ကြီးအား။ ထံနီးလုပ်ကျွေး။ အလေးဂရု။ ပြုစုဘို့ငှါ။ အန္တေဝါသိက။ အမစ္စသဘောကဲ့သို့။ စိတ်ရောကိုယ်ပါ။ စေရာခိုင်းခွင့်။ ဆုမ္မသင့်

ချက်၊ ချီးမြှောက်ကွက်ပါ။ ညှာတာချွင်းချန်။ မရှိရန်အကြောင်း။ မိတ်ကောင်းဝတ် တရား၊ နှစ်ပြားဂဟော။ စပ်လေပမာ။ နဂရာခြားဝိုင်း - တတိုင်းနှင့်တတိုင်း။ တပြည်နှင့်တပြည်။ အရှက်ဆက်လက်။ မပျက်ကူးသန်း။ ရောင်းခန်းဝယ်မှု-ပြုစု လုပ်ကိုင်ရန်ဟိတ်၊ မဟာမိတ်စာရင်း။ တင်းသွင်းတော်မူပါရန်ကိုလည်း။ သံတမန်အရာရှိ။ ကဝိစိန္တာထံ။ အပ်နှံပို့ရောက်စေပါကြောင်း။ ။ ဟူကုန်သော ရာဇသံရွှေပေစာကို - ၎င်းအမတ်ကြီးဘသ်ပြတင်လျှောက်ပြီးလျှင် စိတ်ထားရွှင် ကြည်။ ယောဂီဝေလေ့။ ဖြေညီနှလုံး။ စွဲသုံးရန်စကားကို။ ပိုင်းခြားစုံစွာ။ လက်ာဖွဲ့ ကုံး။ ဘဝင်နုန်းမှု။ လျှောက်ထုံးတခု။ ပြုစုစီစဉ်။ အလျှင်တခဏ။ မဟာမတ္တ ဂုဏ်။ ပြည့်စုံလေရကား။ စောတည်ဘုရင်မင်းမြတ်အား-ဤသို့လျှောက်တင်ပြန် လေ၏။

(မင်္ဂလာဥဿျှောင်။ ဇမ္ဗူဘောင်ဝယ်။ ဂုဏ်ရောင်ပျံ့ကျော်။ နရော်သဘာ။ အာဒိ စ္စနှယ်။ မြင့်ဖြိုးကြွယ်သား။ မြတ်တရားနှင့်။ မမှားကျင့်ညီ၊ စာဂီနွယ်ရိုး။ ဘေးဘိုး နန်းမွေ။ ဆက်ခံလေရှင့်။ မဟေသက္က။ ဂန္ဓာဇတိုင်း။ သမိုင်းဖြန့်ချိ၊ သီရိကြက် သရေ။ အုပ်စိုးလေ၍။ ပြေပြေထီးဆောင်းမင်းအပေါင်းတို့။ ခညောင်းတုပ်က၊ ဦးနှိမ်ချတည့်။ ဘုရာ့အာဏာ။ ဒီပါလွှံ့ပတ်။ စက္ကရတ်ဘုန်း၊ မိုဃ်းထိချုံးမှု။ ချိမ့်အုံး ခါခါ။ သံဟီးငြာလျက်၊ စက္ကဝါတင်းကြမ်း၊ တျင်းတျင်းလျှမ်းမှု။ အဆန်းတကြယ်။ သွတ်လှယ်နှံ့သိ။ မဟိဒ္ဓိဂုဏ်။ ဗိုလ်ပုံများဖြင့်။ အားအင်ဗလ။ သေနင်္ဂနှင့်။ သိပ္ပရာ ရာ။ အမစ္စခြွေရွေ။ ကုဋေကုဋ္ဋ။ သဏ္ဍာတွက်ဆ၊ ခေါဘဏဗျူဟာ။ သုရာသက္က။ ရှုံး ကုန်ကြသို့။ အမိတ-ပုည ဖလပြည့်စုံ။ လုံခြုံသီလ။ ဓမ္မရာဇဓံ၊ ဆယ်တန်အပရိ။ ဓိတိမဟန္တ၊ သီလ သမာဓိ၊ ပြည့်ရှိပညာ၊ သုံးဖြာလမ်းကြောင်း။ အပေါင်းဓမ္မတာ။ ဖြည့်ကျင့်ခါဖြင့်။ သာသနာနေမီး။ ရောင်စုံညီးအောင်။ ပွင့်ကြီးပွင့်စေ။ စိတ် တော်နေနှင့်။ ခွဲဝေတည်တည်။ ပြည်ပြည်ထိုထို။ နဂရိုတိုင်း။ ဆက်လှိုင်းပျံ့ပွား။ စီမံထား၍။ မျက်ဝါးထင်ထင်။ ပွင့်ကြောင်းယှည်သည်။ ။ များပင်တိုးရာ။ ရှိ ကြောင်းသော်။

လက်ာပုဒ်ဆောင်၊ ပြည္ဟန်းနှောင်အံ့၊ တည်ထောင်ကပ်ဦးပေါ်ကွန့်မြူးသို့၊ အထူးဝိသေ။ များဝေဏောကို။ ဥပဒေရ။ ပမာဆသော်။ မိုက်လှမှောင်တိ။ များဒုက္ခိ တို့၊ တ-ဘိစန္ဒာ။ ပေါ်ထွန်းလာရှင့်။ ဂန္ဓာရသျှင်။ တိုင်းထွန်မှုတင်သည်။ ပြည်ခွင်နဂ ရ။ အဝဝစို့။ မြို့အဖြာဖြာ။ တည်ရာဌာနေ။ တိုင်းခြေမှီတင်း။ လူခပင်းမှာ၊ ပူပြင်း။ ဆနဝု။ ရမ္မဝေဒနာ။ အစာခေါင်းပါး။ ရှိလင့်ငြားလည်း။ အားမှီဆက်ကျွေး။ ဖြေခါ ပေးသို့။ ဘေးအပါယာ၊ မကျငှါဖြင့်။ ဘဝေါသုံးလူ့။ သဗ္ဗညု၏။ ဟောစုကိုယ်စား။ မြတ်တရားမူ။ အဆူဆူကို။ လျှောက်ဟူကြွကြောင်း၊ စိတ်ဖြင့်တောင်းလျက်။

ခညောင်းပန်ဆင်။ နူတ်ကိုယ်ယှဉ်လှည့်။ သခင်ကျေးဇူး။ မြတ်အထူးကြောင့်။ ပွား လူးရင့်သန်။ ပဋိပ္ပာန်ဉာဏ စူးရှဂန္ထိ၊ လောကီလောကုတ်။ မယုတ်တိုးပွား။ ကွန့် ဖြိုးများရှင့်။ တရားသီတဂူ။ နာယူမှတ်သား။ နာပါးမျက်စိ။ ပွင့်ကြရှိသည်။ ကတ ညုတ၊ ကတဝေဒီ၊ ဂုဏ်ဆီသေတ္တု။ ဆစ်ဖုံးဖွထုတ်။ ဂဏန်းလုပ်လည်း။ ပြတ်ချုပ် ကမ္ဘာကုန် သွားရာသော်။ ဇနော်ဓိပ။ ပတ္တိဝဂုဏ်။ ကြွင်းလတ်တုံ၍။ လုံစုံသားဝယ် စိတ်တော်ထင်သည်။ ။ ပွားစဉ်ဖြိုးခါပြည့်ကြောင်းသော်။

စဉ်လာလုပ်ဆောင်။ ပညာရောင်လည်း၊ မိုက်မှောင်လွှမ်းအုပ်။ ကွယ်ပျောက် မြုပ်ရှင့်။ ဥဿုက္ကာရ။ ပ-ဘဝမှန်။ ကံရှိသမ္ဘာ၊ ပေါ်လာခေတ်တွင်၊ စကြာမင်း၏၊ နန်းတွင်းသုံးထိုက်၊ သိုက်ဝင်ပတ္တမြား၊ ဖေါ်ထုတ်လားသို့၊ လူများရာဇိန်။ နရာဟိန် ကြောင့်၊ ဝါရှိန်မှည့်ဝင်း။ ပညာလင်းသား။ ဖြည့်ရင်းမူလာ၊ စရိယာယော၊ လော ကာကျင့်ခဏ်း။ သက်မွေးလမ်းနှင့်။ ယှက်သန်းအဝိဇ္ဇာ။ တဏှာဆို့ပိမ်။ ညစ်ကိ လိဋ္ဌ။ ဟူသမျှကို။ ဉာဏနှစ်ဖြာ။ ဘဂဝါပေးချက်။ လေးနက်တည်ထွင်။ စီရင်ပေ ခြင်း။ ကျင့်ဆောင်ခြင်းကြောင့်။ ပွင့်လင်းသာသနာ။ အာဘာရုံသီ၊ ခြည်ရောင် လှည့်သည်။ နရာဒီပ။ ဘူမျအသျှင်။ ထံတော်ခွင်သို့၊ ခိုဝင်ဝပ်စင်း။ လျှောက် လိုရင်းဝယ်။ ကျွန်းတွင်းတောင်ဘက်။ စပ်ယှက်ပစ္ဆိ၊ ယွန်း၏လည်းဟူ။ ဒူရက တိုင်း။ သမိုင်းပါဝင်။ ဘုရင်နရုတိ။ မတ်ကဝိသခင်။ စီစဉ်ဉာဏ်ဖြာ။ ပဏ္ဍာကာရ၊ မဂဓဘာသာ။ ပေလွှာရာဇသံ။ ပို့စေမှန်ရှင့်။ သခင့်သိပ္ပါ။ အရာရာကို။ ကနိဋ္ဌရင်း။ မှတ်တုံလျှင်း၍။ မချွင်းချန်သာ။ ကရုဏာပြေး။ သနားရေးနှင့်။ နက်လေးစုံစွာ။ သင်ပြီးခါသော်။ ဇမ္ဗော်နဒ။ သုဝဏ္ဏထွဋ်။ ပေါဋ္ဌကာရဋ္ဌ။ ကျနသေချာ။ ရေးခဲ့မှာ ကြောင့်။ ခြင်းရာထွေထွေ။ ကဝေတက္ကသိုလ်။ ပြဟ္မစိုရ်လက်သုံး။ ဘုန်းရှိကံ ဉာဏ်။ သျှင့်ထံမချို့။ ပညာနို့ကို။ သော်စို့ခြင်းလျှင်။ ခစားဝင်သည်။ ။ အားအင် ကိုးလာ။ ကြည့်ကောင်းသောဝ်။)

ဤသို့ဘုန်းတော်ဘွဲ့။ ရွှေနားတော်သွင်း။ ရတုစကားစဉ်စာတမ်းဖြင့်။ လျှောက်လေရာ။ စောတည်မင်းနှင့်တကွ။ မိဖုရားခေါင်ကြီးသည်ငင်း။ မှူးမတ် သေနာပတိ၊ စရှိသောင်းသောင်း။ ဗိုလ်လူအပေါင်းတို့သည်ငင်း။ ငြိမ့်ငြောင်း သြဘာ၊ ပြုငှါထောမန။ ဒူရကတိုင်း။ သမိုင်းဖြန့်ချိ။ မင်း၏မတ်ကောင်း။ လျှောက် ကြောင်းစကား။ သားနားပြေပြစ်။ မင်းချစ်တိုင်းချစ်။ ဆစ်ဖုကင်းဝေး။ နက်လေး သာမု။ ဗဟုသကေ်တ။ ကာလဒ္ဓထုံး။ နန်းသုံးထိုက်တန်။ ရာဇသံမှတ် ကမ်းမီးငြမ်း နိသျ။ ပဏ္ဍိတခေါင်ထိပ်၊ ဘဝိဿရ။ ဘမရကြငှန်း။ နန်းအဆက်တဆက်။ မပျက် နယဂ္ဂ။ ယူရာယူကြောင်း။ စကားကောင်းလက္ခဏာ။ ဘုဘာသိပီယဝါစာ။ မင်္ဂလာကြက်သရေ။ မဟေကဝိ။ အတိဗုဒ္ဓိပညာ။ အာဇာနေယျ။ ဝုဂ္ဂလအမစ္စာတ

ယောက်။ ဆိုစလောက်ပေ။ ချေငံလျောက်ပတ်။ ပုဒ်စပ်ချောမော။ သဘောနစ်နဲ။ အံ့ အဲဘွယ်ရာ။ ဥူနာဥ္စါန။ ဆေကလိမ္မာ၊ ဝိသာရဒဂုဏ်။ လောက်လုံခိုင်ဖြိုး။ အနည်းနည်းကုန်သော။ ချီးမွမ်းဘွယ်စကားတို့ဖြင့်။ ပြောကြားလျှမ်းဖြာ။ ဝမ်းသာပြန့်ပြော။ အံ့သြကြသောအသံသည်။ နဘံဘဝဂ်၊ နှံ့တက်ကုန်လွှမ်း။ တုံဘနန်းမျှ ရှိလေကုန်သတည်း၊ ။ ထိုပြီးနောက်၌။ လျှောက်ဝင်ခစား။ ဒူရကတိုင်းသား။ ကဝိစိန္တာ အမတ်ကြီးနှင့်တကွ။ အမတ်များတို့သည်။ လိုအပ်သောဆန္ဒ။ ရှိသမျှကို။ တစမကျန်၊ ချွင်းချန်မဖင့်။ လျှောက်သင့်သောအချက်။ ဆက်လက်၍တင်စေဟု- စောတည်မင်းမြတ်က။ အမိန့်တော်မှတ်လေလျှင်။ ။ ကျွန်တော်မျိုးတို့၏။ နဂရာကွန့်လှိုင်း။ ဒူရကတိုင်း၌။ ခက်ကိုင်းဝေဆာ။ သာသနာရိပ်ဝေ။ ဥူနေအပွကဖြစ်သောကြောင့်ငှင်း။ တရားတည်းဟူသော ပဒီပအရောင်။ လင်းပြောင်ခြင်း အာလောကကား။ အပွကဖြစ်နေသောကြောင့်ငှင်း။ တရားသီတဂူ။ မွေးကြူမြေ။ ဓမ္မရသန္နိကို။ သောက်စို့ကုန်သူ။ ဗိုလ်လူဝေဏော၊ အထွေထွေတို့သည်။ စိတ်ပြေအာသာ၊ ဝစ္စာနစ်လို့၊ မသောက်မစို့ပါရသောကြောင့်လည်း။ ကြုံကြီးကြုံလှို၊ နွမ်းနည်ချို့ညှက်။ နို့မြက်ကုန်သော သားတို့ကဲ့သို့ငှင်း။ ထိုအကြောင်းများကို။ ထောက်ညှာ သနားပါသဖြင့်။ အရှင်ဘုရားတို့၏။ အားထားကိုးကွယ်ရာ၊ ရဟန္တာသခင်။ အသျှင်မြတ်ငါးပါးတို့ကို။ ဘုရားကျွန်တော်မျိုးတို့၏။ တိုင်းခွင်သို့။ မြိုက်ရေစင်နို့ချို။ တိုက်ကျွေးရန်ကိစ္စ။ ကာရဏာအလို့ငှါ။ ပင့်ဆောင်လိုသောဆန္ဒ ရှိပါကြောင်း။ ။ ငှင်းပြင်တတန်။ ပုဂံလုပ်နည်း။ မိလ္လာသွင်းနည်း။ ဆင်စွယ်ပန်းပွင့်ပန်းခက်စီရင်နည်း။ သားရေစီရင်နည်း။ သန္တာစစ်စီရင်နည်း။ အနီကောင်းရေးနည်း။ ချိတ်ကောင်းရေးနည်း။ နှီးထန်းရွက်တို့ကို။ စီရင်နည်း။ သဘော်ကော်ပတ်ရွှေရေးနည်း။ အနက်ပန်းပွင့်စသည်ရေးနည်း။ သဘော်ရွှေရောင်သတ်စီရင်နည်း။ ပိုးနှင့်ချည်တို့ကို။ ဆေးဆိုးရန်လုပ်ထုံးနည်း။ စိန်ဖြူစိန်နီချက်နည်း။ ကန့်ချက်နည်း။ ယမ်းချက်နည်း စသော။ လောကီ၌ သုံးဆောင်အပ်သောပညာ။ နည်းနာနိသျတို့ကို ရွှေပေဖြင့်။ ရေးယူရန်။ ပေးသနားသင်ကြားစေပြီးခါ။ ထိုပညာတို့ကို တတ်ကျွမ်းကုန်သော ဆရာတို့ကိုလည်း။ ခေတ္တမျှထည့်စေချင်ပါကြောင်း။ ရှိခိုးသံတော်ဦးတင်ဝံ့ပါသည်ဘုရားဟု–လျှောက်ရာ။ ။ ဒူရကတိုင်းသား။ အမတ်ကြီးများ တင်လျှောက်သည့်အတိုင်း။ ဃောသိတထေရ်သခင်။ ရဟန္တာအသျှင်မြတ်အား။ လျှောက်ထားပင့်ဆောင်လေ-ပညာရှိငါးအိမ်သားကိုလည်း-ငါ၏အမတ်များကထည့်လိုက်ရမည်။ ။ နောင်သောအခါ။ ဒူရကတိုင်းခွင်က။ လိုအင်ရှိသမျှကို။ တင်လျှောက်လေက။ ကြည့်ရှုစောင်မတော်မူမည်။ ။ ငါ၏မှူးမတ်များတို့က-ယခုရောက်လာကြသော-ဒူရကတိုင်းသျှင်။ ဘုရင်မင်းမြတ်၏-သံတော်အရာရှိကဝိ

အမတ်တို့အား။ ဆုတော်ချ၍-လက်ဆောင်တံ့ပြန်ရမည်ဟု။ အမိန့်တော်မြတ် မှတ်တော်မူလေ၏။ ...

..........။ ထိုစောတည်ဘုရင်မင်းမြတ်၏။ ညာနတ်ဒေဝီ။ မဟေသီမိဖုရား ခေါင်ကြီးသည်။ အနည်းနည်းအဖုံဖုံ။ ဥသုံသိပ္ပအဝဝတို့ကို။ တက္ကသီလ၊ အာစေရ မည်သီးတက္ကသိုလ်ဆရာကြီး၏။ ထံနီးချဉ်းကပ်-ထက်ကြပ်မသွေ။ သင်ယူပေ သော။ တပည့်မဟူ၏။— ထိုမိဖုရားသည်။ –ငယ်ယွယ်နုပျိုစဉ် အခါက- မှတ်နာ သင်ယူ။ ဆည်းပူးအပ်ကုန်သော။ ပညာဟူသမျှတို့ကို။ တိုင်းနိုင်ငံလူ-ပြည်သူ အများတို့အား။ ကိုယ်ရောစိတ်ပါ။ ချမ်းသာရာချမ်းသာကြောင်း။ ကြီးပွားရာ ကြီးပွားကြောင်း။ ဖြည့်လောင်းကူမ။ သင်ကြားပြသပေးသနားတတ်သော။ ဝါသနာဘာဂီ။ ပြည့်ညီလိုလားတတ်သော။ စိတ်တော်အတိုင်း။ တိုင်းကြီးပြည်ကြီး သူတို့၏ တံထွာ။ အာဇာနေယျ။ ဥသဘပုင်္ဂဝ။ ဓမ္မပဝတ္တာ။ နိယာမမယိမ်း။ တရား ကိန်းသူ ဖြစ်ရကား။ ။ တက္ကသိုလ်ဆရာအလားကဲ့သို့။ များပြားပြည်သူ။ ဗိုလ် လူခပဲတို့အား။ ပညာအတတ်ဖြင့်။ ရောင့်ရဲစေလျက်။ နေ့ရက်နာရီကို။ ကုန်စေ ခြင်း။ ကံရင်းအတိတ်။ ဘဝအမြိတ်တို့က။ စပ်ချိပ်ဆက်သွယ်မပါ၊ ဥစ္စာဓနေ။ မပြည့်မငကလည်း။ ဝီရိယာရမ္ဘ။ ဥဿာဟရှေ့ရှု။ မပြုမလုပ်ဘဲ။ ပျင်းရိပျော်ပါး။ စကားဖေါင်ဖွဲ့။ ပညာရှိတို့ကဲ့ရဲ့စရာ မောဃာကာလ။ - ခဏလျကို။ တိုင်းဆ မြော်မြင်တတ်သော။ သဘောဓလေ့။ ရှိတတ်သည်လည်းဟူ၏-ယင်းသို့မိမိတိုင်း ခွင်၌။ ခိုဝင်နေသူ။ ပြည်သူတိုင်းရင်းဘွား။ လူအများတို့အား။ သနားခြင်းကရုဏာ- ချစ်ခြင်းမေတ္တာ-ဝပြောစွာစားသောက်။ သုံးစွဲနေနိုင်ကြခြင်းကို။ ဝမ်းမြောက်ခြင်း။ မုဒိတာ။ မချစ်မမုန်းခြင်း ဥပေက္ခာတည်းဟူသော။ ဗြဟ္မဝိဟာရတရားကို။ နေ့စဉ် ပွားများလေ့လာ-ဥဿုက္ကာလုလ္လရှိသူ ဖြစ်ရကား။ ။ ပညာအရပ်ရပ်တို့ကို။ မတတ်မြောက်ကြက-တပါးသောတိုင်းနိုင်ငံသားတို့က။ မနှစ်မြို့ဘွယ်။ ကဲ့ရဲ့ စကား။ လိမ္မာမရောက်။ အောက်ကျနောက်ကျ-ပညာနိမုဇ္ဇနှ။ မဖြစ်စေခြင်းငှါ။ မိမိတို့၏ အာဏာတန်ခိုး။ စိုးပိုင်ပျံ့နှံ့ရာ။ ဂန္ဓာလရာဇ်တိုင်းကြီး၌၊ ခိုမှီး နေထိုင် ကြကုန်သော နန်းတွင်းသူ နန်းတွင်းသားက။ အစပြု၍။ ခရိုင်နယ်ပယ်ရှိ။ လူအ များတို့အားလည်း။ မိမိတတ်ထားကုန်သော။ စွမ်းအားပညာအရပ်ရပ်တို့ကို။ မထပ်မနား။ တတ်မြောက်စေလိုသော သဘောထားဖြင့်။ သင်ကြားပေးတတ် သော မနောရှိသည်လည်းဟူ၏။ ... ထိုမိဖုရားခေါင်ကြီး၏ထံ၌။ ကိုယ်ရံလက်သား မောင်းမများတို့သည်၎င်း။ မင်းတရားကြီး၏ ထံနီးခစားမှူးမတ်များတို့သည်၎င်း။ ... ယခင်ကဝိစိန္တာ-အမတ်ကြီးတောင်းဆိုလျှောက်ယူအပ်သောပညာအဖြာဖြာတို့ ကို။ သင်ယူတတ်မြောက်စေပြီးနောက်။ မိမိတို့၏ တိုင်းနိုင်ငံအတွင်း၌။ လျှံဝင်း

ပြိုးပြောင်။ ကဋ္ဌနဂီရိ။ သုဝဏ္ဏဂီရိငွေတောင်။ ရွှေတောင်၏အလားကဲ့သို့ငင်း။ မြောက်ကျွန်းသူ ရတနာတို့၏နေရာ။ ဥတ္တရကုရုကျွန်းဝယ်။ တင့်ရှန်းဝေဖြာ။ ပဒေသာပင်မှ ဆွတ်ယူသုံးဆောင်ရာ။ နေရာမယွင်း။ ပြည့်တင်း၍ သာနေဘိ သကဲ့သို့ငင်း။ တို့အတူ-တိုင်းသူပြည်သား-လူအများနှင့်။ မိဖုရားကြီးငယ်။ အသွယ်သွယ်တို့သည်။ လိုဘွယ်ဥစ္စာ။ ရရာရကြောင်း။ ပညာနက်လေး။ အသက်မွေးမှု။ ပြုစုလုပ်ကိုင်နိုင်ကြသူတို့ချည်း ဖြစ်ကြကုန်လေရကား။ ယခင်ပြ မှာအပ်သော ဥပမာနှင့် အလွန်တူစွာ၏။ ... ဘုရင်မင်းမြတ်။ အမိန့်တော်မှတ် သော-ငါးအိမ်သား-ပညာရှိတို့ကား။ ယခင်မဟေသီမိဖုရားကြီးထံ၌။ ပြုလုပ်ထုံး အမျိုးမျိုးတို့ကို။ သင်ယူသောကြောင့် တတ်ကြသည်ဟူ၏။

စောတည်ဘုရင်မင်းမြတ်၏။ အမိန့်တော်အတိုင်း။ မဟာကဝိစိန္တာအမတ်ကြီး အား။ သဝန်စာကို။ ရဲရင့်စွာဘသ်ဆိုလျှောက်နိုင်ခြင်း။ စကားအရာအင်္ဂါလေးတန် နှင့်။ ဖြောင့်မှန်ညီညွတ်အောင်။ ဘုရင်မင်းမြတ်၏ ရွှေနှလုံးဓါတ်ကို။ စန္ဒရကန္ဒ ကျောက်မြတ်ဖြင့်။ စေ့စပ်ပေါင်းစည်း။ တသားတည်းပြုထားလေ၏သို့။ နှစ်မြို့ ဝမ်းသာ။ ဖရဏာပီတိ ဂွမ်းဆီထိပမာ။ သာယာချေင်။ ဝေဘန်လိုသိ။ လျှောက် တတ်ခြင်း၏။ ပညာဂုဏ်သတ္တိကိုစွဲ၍။ တသိန်းတန်။ နဝရတ်ကိုးပါးဖြင့်ချယ်လယ် အပ်သော။ အမတ်ကြီးနှင့်သာလျှင်။ ထိုက်တန်လျော်ကန်သောရွှေစလွယ်ကိုငင်း ... အဘိုးထောင်တန်။ မြထုံးဘူးတလုံးကိုငင်း။ ကိုယ်လုံးဖြူဆွတ်။ လဲဝါထွက် ကဲ့သို့သော။ ချောမွတ်လိမ္မာ။ အာဇာနေယျေတရထည်။ ကမ္ဗလာနီလွှမ်းခြုံ။ ကစုံ တန်ဆာ။ အသပြာတထောင်တန်မြင်းတစီးကိုငင်း။ မြကောင်းကျောက်နီ။ ချယ်စီ လျှံမောင်း။ နားဍောင်းတသောင်းတန်ကိုငင်း။ ဣန္ဒာသက္က။ အရုဇ္ဇကြငှန်း။ ဝတိန် နန်း၌။ တင့်ဆန်းကြက်သရေ၊ အမြဲတေကုန်လုံ။ ဝိသကြုံအလား။ သားနားအံ့ချီး။ ရှုမငြီးနိုင်သော၊ သားမြီးယပ်စွဲ။ ဖဲကတ္တီပါ။ နာရကာရွှေချည်။ ချုပ်သီပန်းတက်။ ပန်းရွက်အဖူး။ ကွန့်မြူးကိန္နရာ။ သာရာကာကျေးငှက်။ ပျံတက်မလို။ မဖိုခွန်း ဆင့်။ ထွန်းတင့်ဘော်ကြယ်။ ပန်းနွယ်ရွက်ခေါက်။ ထက်အောက်စိန်စီ။ သိင်္ဂီ လက်ဖျား။ အကွက်သွား၍။ ယှက်နရားလယ်ကြာ။ နဂထာရှေ့တပ်။ စေ့စပ်ရိုန် ညီ။ ပန်းထိမ်သည်အကျော်။ နရော်သဘလက်သုံး။ အံ့မဆုံးနိုင်သော။ တပြန့်လုံးမ လပ်။ မြတ်ဆိုသည့်ဇာတ်သွားကို။ မှတ်သားမဆုပ်။ ချုပ်လုပ်ပေးစွမ်းခြင်းငှါ။ တတ်နိုင်ကုန်သော။ အပ်လျှိုသမားအကျော်တို့ကို။ အလိုတော်ရှိသမျှ။ ဋ္ဌါနခြား ပိုင်း။ ပြုလုပ်စေခိုင်းသဖြင့်။ တိုင်ကားဟူဟူ။ ရာဇူသေဋ္ဌနင်း။ မင်းတကာတို့မမြင် စဖူး။ ထူးဆန်းဝှဲချီး။ နည်းမှီးစံယူရာဂုဏ်။ ဝတ်လုံနှစ်သိန်းတန်၊ နာက်ရံစစ်ကဲ။ အပွဲပွဲတို့၌။ ထူးမြဲရန်အောင်။ မြန်ဘောင်နှံ့ကျော်။ တေဇော်ကိတ္တိ။ သတ္တိသူရ။

အမစ္စဘို့အာလည်း။ နရားကွမ်းအုပ်တရာတန်စီ။ ပိုးကတ္တီပါ။ တန်ဆာချပ်ဝတ်။ နှစ်ထပ်ကွပ်သဖြင့်။ သပ်ရပ်ရွှေသား။ ပန်းပွားဘယက်။ ရဲမက်တန်ထွာ။ အသူရာဘက်ပြိုင်။ သက်ဆိုင်ခါးစည်း။ သညီနှစ်နဲစစ်ကဲရာခံတို့အား ရွှေလုံ့ရွှေထား။ ရွှေမြွားရွှေလေး။ ရွှေအလေးချိန်နှစ်ပိဿာစီ။ သာခါရွှေပေါင်း ခေါင်းဆောင်းရွှေထွင့်-ချပ်ဝတ်တင့်ဆန်း။ မကန်းကွက်ဟုတ်။ ချုပ်လုပ်ကျစ်လစ်။ စစ်ကဲ။ အင်္ကျီ။ ရတီစိန်စစ်။ အရှိန်သစ်သဖြင့်။ ဝတိန်ခေတ်အောက်ပိုင်း ဂိုဏ်းမဟာရာဇ်။ နတ်ဖြစ်အဟန်။ သူရဂန်ကျင်း။ နေမင်း၏အသရေ။ ကဲ့မသွေသို့ လွှေရာစုပေါင်းငင်းဘို့ငါ။ စီမံပါသော။ ရတနာမျိုးမှန်။ ဘိုးတန်သိန်းလေးသောင်း။ မြကောင်းလက်ဝတ်တချည်စီဖြင့်လည်း။ အသီးသီး။ အဆင့်ဆင့်။ ချီးမြှင့်သနားတော်မူလေ၏။

ထို့နောက်။ နရုတိမင်းမြတ်အားလည်း။ ညီရင်းအလား။ မပြားအတူ-မှတ်တော်မူသည်နှင့်အညီ။ ရတိနှစ်ဆယ်မျှရှိသော စိန်စလွယ်။ နဝရတ်ကိုးပါးဖြင့်ချယ်လယ်အပ်သော နရားကလပ်။ ရွှေဖားရွှေကရား (၁၂) ရတီရှိ သေလက်စွပ်တကွင်း။ မြထွေးခံ-မြလဘက်ရေအိုး။ (၁၂) ကျောက်စိမ်းပုဂံ။ (၁၂) ကျောက်စိမ်းစားပွဲ။ ကျောက်စိမ်းပွဲတော်အုပ်။ ကျောက်စိမ်းစလုံ (၁၂) သံကောက်သော့ကိုးချောင်းခပ်မှပွင့်သော။ နံ့သာငါးပါးလက်ယှက်သေတ္တာ (၁) ပိုးချည်ကမ္ဗလာချည်-ဆေးမျိုးစုံဖြင့်ယက်အပ်သော-ချုံစောင်ခင်းနှီး။ ခါသာ။ မိဖုရားတို့ဆင်မြန်းရာ-ပိုးဖဲကတ္တီပါအုပ်ရေတရာငါးဆယ်။ မြလက်ကောက်ပုလဲနားပန်။ စိန်နားပန်။ ပတ္တမြားနားပန်။ စိန်ဘီး။ မြဘီး။ ပတ္တမြားဘီး။ စိန်ခံသောပန်းခိုင်အမျိုးမျိုး။ စိန်ဆံထိုး။ မြဆံထိုး။ စိန်ဆံညှပ်။ မြဆံညှပ်။ ပတ္တမြားဆံညှပ်။ နရားရုပ်နှစ်ခုလိမ်အပ်သော။ ပတ္တမြားနီလာတို့ဖြင့်ချယ်လယ်အပ်သောလက်ကောက်လေးရံ။ ပန်းပွင့်၊ ပန်းခက်။ ကောက်ချိပ်။ ရဲစင်းအမျိုးမျိုးဖြင့်ယက်လုပ်အပ်သော မိဖုရားတို့ဝတ်ဆင်ရန်။ ထမီအုပ်ရေငါးရာ။ .... အစုံစုံအဝဝ။ စောတည်မင်းထံမှတုံ့ပြန်။ ဆက်သဘို့ရာ။ ပဏ္ဏာကာရလက်ဆောင်တော်တို့ကား။ ကုဋေ (၂၀) မျှ အဘိုးထိုက်တန်ကုန်သည်။ ဖြစ်ကုန်သတတ်၊ ။ ထိုလက်ဆောင်တော်တို့ကို။ လုပ်ကိုင်ပြီးလျှင်။ အသင့်စီမံထားလေ၏။ ။

ထိုနောက်ရောက်လာကုန်သောသံအမတ်တို့ကိုလည်း။ စွယ်တော်မြတ်ကိုဖူးစေ (ဃောသိတရဟန္တာ) မထေရ်အသျှင်မြတ်ကို ဖူးတွေ့ပင့်လျှောက်စေဟု။ အမိန့်တော် မြတ်မှတ်တော်မူလျှင်။ ဝန်ရှင်တော်မင်းကြီးတို့က။ သံအမတ်များအား ဖူးမြော်ရန်။ စွယ်တော်သျှင် စေတီတော်ကို။ ဖွင့်ပြလိုက်သည်နှင့်တပြိုင်နက်၊ မိုဃ်းထက်တိမ်ရံ။ နဘံဘဝင်။ စပ်ယှက်ဥဒဟို။ ညိုရွှေနီမောင်း။ တကြောင်းပြီးပြက်။ တလက်လက်ဖြူဝင်း။ သန့်ရှင်းသောရောင်ခြည်တော်။ ခြောက်ဘော်

မစဲ။ အံ့အဲဒိသာ ဆယ်မျက်နှာတဝိုက်။ မြင်ထိုက်ဖူးထိုက်ကုန်သူ။ ကံမူရင့်သံ။ သတ္တဝါမှန်သမျှတို့၏။ စိတ်ဘဝင်နှလုံး၌။ ယူကျုံးရွှင်လမ်း။ ဆီထိသောဝါဂွမ်းကဲ့သို့ ဝမ်းမြောက် ဝမ်းသာ။ သဒ္ဓါ ကော်ရော်။ ရှိခိုးပူဇော်ကြသောအသံသည်။ ပြဟ္မာရပ်ထံအကုန်။ ရိုက်ဟီးတုန်မျှ ဖြစ်လေကုန်တည်း။ (။ သတိုးသီရိကဝိစိန္တာ။) မဟာသေနာပတိ။ ဝန်ရှင်တော်သံအမတ်ကြီးနှင့်တကွ။ ပါလာသော။ မေတ္တာမြို့စား။ နေမျိုးသီရိမဟာ မတ္တဇေယျဗလ။ ဇင်းဘာမြို့စားဝန်ထောက်။ နေမျိုးသီရိဇေယျာသူ။ လောဒီမြို့စား။ နေမျိုးသီရိဝေဿဝဏ်၊ ဖေါင်းတောမြို့စား။ ရာဇဝတ်ဝန်ထောက်မင်း။ နေမျိုးသီရိသူရ။) စရှိများစွာ။ လူဗိုလ်ပါတို့သည်။ လွန်စွာလေးမြတ်။ သက္ကစ္စတ်ဂါရဝါ။ အတိပသန္နသဒ္ဓါ။ ပိုခါတိုးလတ်သဖြင့်။ ဘိုးပြတ်သိန်းတန်။ သောင်းတန်ထောင်ရာ။ ရတနာလက်ဝတ်တို့ကို။ ချွတ်ခါပူဇော်။ ဆွမ်းတော်ဆီမီး။ နံ့သာထီးတံခွန်။ ပန်းမန်ကြက်လျှာ။ လှူဘွယ်ရာဝတ္ထုတို့ဖြင့်။ သဗ္ဗညုတ။ အတုလဓမ္မရာဇ်။ စွယ်တော်စစ်ကို။ အားသစ်လှူဒါန်းကြလေကုန်၏။ ။

ထိုနောက်သံဃရာဇာ၊ (မဟာဃောသိတရဟန္တာ) အသျှင်မြတ်ထံသို့သွားရောက်။ ဖူးမြင်လျှောက်ထားသည်မှာ။ ။ အရှင်ဘုရား။ သုံးလူ့ထွဋ်ထားသဗ္ဗညုတ။ ဉာဏခေါင်ဖျား။ ဘုရားမြတ်စွာသည်။ လေးဆယ့်ငါးဝါ။ ရှည်ကြာကာလ။ သမယကြိမ်စဉ်။ နိဗ္ဗာနပြည်ခွင်သို့။ ခိုဝင်လှမ်းကြွတော်မမူမီစပ်ကြား။ ဝေဏေယျသတ္တဝါ။ ဒုက္ခိတာတို့အား။ ရာဟုလာဘွား။ ရင်ဝယ်သားကဲ့သို့။ သနားခြင်းကရုဏာ။ လွန်မင်းစွာရှိတော်မူသည်အလိုက်။ ကျွတ်ထိုက်သင့်သူ။ ဟိန္ဒဂူဝေဏော။ ဗိုလ်ခြေအများတို့ကို-တရားတည်းဟူသောအမြိုက်ဆေးဖြင့်။ တိုက်ကျွေးတော်မူခြင်းငှါ။ နဂရာအစို့စို့၊ မြို့အဖြာဖြာ၊ ရဋ္ဌာခရိုင်။ နိုင်ငံကျွန်းရပ်။ ပတ်ပတ်လှည့်သွား။ ရထားပစ္စူ-ဥဏ္ဏာဂူလျှံဝါ။ ဒေါင်းယာဉ်သာနေမင်းသည်။ မြေခင်းတောတောင်။ မြောင်စိမ့်စမ်းမလပ် အရပ်ရပ် မိုက်မှောင်ကို။ ခြည်ရောင်ထောင်အလင်းဖြင့်။ ထွန်းဝင်းကင်းပျောက်စေဘိသကဲ့သို့။ မချို့တူစွာ။ အဝိဇ္ဇာမှောင်ကြီး။ မြောင်ဆီးပိတ်ကာ။ သလာမျက်စိ။ သူကန်းအတိ။ ဖြစ်ကြီး ဖြစ်ကြကုန်သူ။ ဗိုလ်လူအများတို့အားလည်း ကုစားဖြည့်ညီ။ လှည့်လည်တံတွာ။ ဘဂဝါတို့၏ လမ်းစဉ်အလိုက်။ တိုက်ကျွေးကုစား။ မိုက်မှားသလာ။ မိစ္ဆာအန္တရာယ်။ အပါယ်လမ်းပိတ်။ လို့ဃရသုဂတမြတ်စွာ။ သတ္ထာဒေဝ။ မနုဿစောထီး၏။ တပည့်ကြီးဖြစ်သည်နှင့်အညီ။ ဘမည်မှန်ငြားသားကောင်းရတနာ။ ပီတာအမွေ။ ခံယူပေသောအရှင်ဘုရားသည်လည်း။ ဘခမည်းလမ်း။ ဖြောင့်တန်းမသွေ၊ ဓမ္မဗေဟီ။ ရိုက်လီဆော်ရွှမ်း အံ့ဟူသောစိတ်တော်ဓါတ်ဖြင့်ငင်း၊ နိစ္စပတ်ဉာဏ်မူလျက်။

ဘုရားတပည့်တော်တို့၏ဌါန။ ဒူရကတိုင်း။ အောင်သာဝတီပြည်။ ကလိန်အောင်မြို့သို့၊ နှစ်လို့ဝမ်းသာ။ သာသနာရောင်ခြည်။ ပွင့်လင်းစေမည်ဟူသော။ ကိစ္စဆန္ဒဖြင့်၎င်း။ ထိုထိုများစွာ။ ဒါယကာ။ ဒါယိကာမ။ ပုဂ္ဂလအသီးသီးတို့အားလည်း။ သားသ္မီး။ ပမာဒယာကရု။ မြွော်ရှုသနား။ တရားတည်းဟူသော အမြိုက်ဆေးကို။ တိုက်ကျွေးရန်ပဘာဝ။ နှစ်ဌါနအကြောင်း။ ရုံးပေါင်းသည်းခံ။ ကြွတော်မူရန်။ နိမန္တန။ အဓ္ဈာဘာသိတ။ ဂါရဝတရားဖြင့်။ လျှောက်ထားပင့်ဆောင်ဝံ့ပါသည်ဘုရားဟု။ ပင့်လျှောက်သောစကားအဆုံး၌။

"သာခုဇေ်ဒါယကာ။ ဒူရကရဋ္ဌသဗုဒ္ဓသာသနပစ္စတ္တိကာနံမယံဝိသောဓေဿာမ။ မယံပါဝိသိဿာမ ဂစ္ဆာမ။" ။ ဟူသောမဂဓဘာသာဖြင့် မိန့်မှာတော်မူလေ၏။ ။ အဓိပ္ပာယ်ကား။ ကောင်းပြီဒါယကာ။ ဒူရကတိုင်း၏အတွင်း၌ နေကုန်လျက်။ မြတ်စွာဘုရားသျှင် အဆုမ္ဘ။ သာသနာတော်၏ ရန်သူဖြစ်ကုန်သော-အလဇ္ဇီတို့၏ရန်ကို၊ ငါတို့သုမ်သင်အံ့။ ငါတို့သည် သင်တို့၏တိုင်းသို့-ဝင်ကုန်အံ့။ ယခုကြွကုန်အံ့ဟု။ ရွှင်ပြုံးအားတက်ဘွယ်စကား။ မိန့်ကြားတော်မူလေ၏။ ဃောသိတရဟန္တာ အရှင်မြတ်က-ကဝိစန္ဒာအမတ်ကြီးအား၊ မိန့်တော်မူပြန်သည်မှာ။ အချင်းဒါယကာတို့-ကောင်းပြီ။ သင်တို့တိုင်းနိုင်ငံသို့။ ပြန်ကြရောက်သောအခါ။ ငါတို့အားအလိုရှိသောအခါ၌၊ တလိုက်ကြကုန်လော။ ငါတို့ငါးပါးကြွလာကုန်အံ့။ သုဝဏ္ဏဘုမ္မိသထုံပြည်နှင့် ဒူရကတိုင်း။ အောင်သာဝတီပြည်ကား။ ဘယ်သို့နေသနည်း။ မည်မျှ ကွာသနည်းဟု မေးတော်မူလေ၏။ ... .

အရှင်ဘုရား- သုဝဏ္ဏဘုမ္မိသထုံပြည်၏။ အရှေ့တောင်ယွန်းယွန်း။ သံလွင်နဒီမြစ်အရှေ့တောင်ကျပါသည်။ အထိန်းအမှတ်ပြုမည်မှာ။ အလံသုံးချက်တင်လျက်။ ပြထားပါမည်။ တချက်သောအလံကားမြို့၏နိမိတ်ပါဘုရား။ တချက်သောအလံကား မြို့ရိုးပါဘုရား။ တချက်သောအလံကား မြေနန်းဟုမှတ်သားရန်ပါဘုရားဟု ရှိလျှောက်လေလျှင် (သာခု သာခု သာခု) ကောင်းပြီ ကောင်းပြီ ကောင်းပြီ။ ဒါယကာဟု။ ဝံခံတော်မူပြီးမှ။ ကျောင်းတော်အတွင်းဆောင်သို့။ ကြွဝင်လေ၏။ ။

အမတ်တို့လည်း။ ရွှေနန်းတော်သို့ဝင်၍။ ဘုရင်ကေရာဇ်ထံဦးတိုက်။ မိမိတို့နိုင်ငံသို့၊ ပြန်ကြရန်လျှောက်ကြကုန်ရာ။ ယခင်စီမံထားသော။ ပဏ္ဏာကာရနှင့်တကွ-လုပ်ကိုင်အသက်မွေးမှုပြုလုပ်ထုံးအမျိုးမျိုး-ရွှေပေမူပါ၊ ကဝိစိန္တာအမတ်ကြီးအားအပ်နှံ။ ရာဇသံမေတ္တာစာ။ စသည်တို့ကိုလည်း တံ့ပြန်ပေးတော်မူလိုက်ရကား။ သက္ကရာဇ် (၂၂) ခုကဆုန်လ္ဆန်းဆယ်ရက်နေ့၊ ဒူရကတိုင်းအောင်သာဝတီပြည်တော်သို့ပြန်ရောက်ကြ၍။ လက်ဆောင်တံ့ပြန်သော ပဏ္ဏာကာရနှင့် ပြုလုပ်ထုံးပညာရပ် ရွှေပေမူ-မေတ္တာပို့သကြောင်းရာဇသံရွှေပေမူတို့ကို။ နရုတိမင်း

မိဖုရားခေါင်ကြီးတို့သည်။ ညီလာခံနေဆဲအတွင်း၌။ ယခင်အမတ်ကြီးတို့။ ဆက်သအပ်ပုံကား ဤသို့တည်း။

ဂန္ဓာလရာဇ်ပြည်ကြီးရှင်။ ဘုရင်စောတည်မင်းထံမှ နရုတိမင်းထံသို့။ မဟာမိတ်ဖွဲ့ရန်။ တုံ့ပြန်အပ်သော။ ရွှေပေရာဇသံစာ။

ရိပုံဇယျတု။ ။ လေးကျွန်းဒီပါ။ တောင်လက်ျာတွင်။ မင်္ဂလာခရု၊ ဇေယျတုနှင့်။ မြေထုပထဗျာ၊ အောင်သာဝတီ။ ဌါနီချက်ချာ။ တိုင်းရဋ္ဌ၌။ ရာဇာဘိသေ။ ခံယူပေသော။ ကြက်သရေပေါင်း။ ဆင့်ဆင့်လောင်းလျက်။ စိန်ကောင်းကျောက်တွင်း။ ပရင်းဘော်ရွှေ။ မြတေသေတ္တု။ ဝှန်းစုတွင်းပေါင်း။ သိန်းသောင်းမက။ စိုးပိုင်သရာလည်း ဖြစ်ပေသော။ လိမ္မာရေးချား။ ဥာဏ်သွား ဝရဇိန်။ ကေသရိန်နှယ်။ အံဘွယ် ဝစန။ ဘူမျစွဲသုံး။ နန်းလုံးဘိုးတန်၊ ဂမ္ဘီရံဖြာ မဟာဝိသာရဒ။ အမစ္စဗလ။ ယသခိုင်ဖြိုး။ ဘုန်းရောင်ညီး၍။ တိုင်းကြီးခရိုင်။ နိုင်ငံအချုပ်။ နရုက္က၌။ ဂုဏာရဝိ။ ကျွန်းလုံးလှည့်သော။ ဒိဝါကရသဘွယ်။ တင့်တယ်သော။ ဂုဏာမဟာတ္တက။ အသျှင်တမူလည်းပေဖြစ်သော၊ အဆွေတော် နရုတိမင်းမြတ်က။ ဖွဲ့လိုက်အပ်သော မဟာမိတ်ရာဇသံနှင့်တကွ။ သာရဏိကယထာ။ ပဏ္ဏာတော်လက်ဆောင်တို့ကို (သက္ကရာဇ် ၂၁) ခုနှစ်တပို့တွဲလွှန်း (၁၀) ရက်နေ့ရောက်၍။ ပီတိဖရဏာ။ လွန်စွာအထူး။ မကြုံစဖူး။ ကျေးဇူးတင်ခြင်း။ ချစ်ခြင်းမေတ္တာ။ မာတာတူကွ။ ကနိဋ္ဌသဘွယ်။ မိတ်ကြိုးသွယ်ပြီးလျှင်။ လက်ဝယ်သိမ်းပိုက်။ နှစ်ချိုက်အားရစွာ၊ လက်ခံရရှိပေကြောင်း။ ။ နောက်နှောင်းအနာဂတ။ ကိစ္စဆန္ဒ။ အပေါ်ကရေးရာ။ ရှိကဲ့ပါမူ။ ကိုယ်တူပြခါန်း။ ဆောင်ရွက်မည်မပျက်တမ်းဟု။ စွဲလမ်းသစ္စာ။ အဓိကတပါရမီ။ ဖြည့်မည်အမှန်ပင်ဖြစ်ပါကြောင်း။ လမ်းကောင်းရေဖြစ်၊ မြေတွင်နှစ်ဝ။ ခရီးမ-ခရီးငယ်။ ကုန်သွယ်ဖောက်ကား-ကစားလိုမူလည်း။ ကြည်ဖြူစောင့်မ။ မုချလက်ခံ။ နိုင်ငံတော်သား။ အရင်းများတို့ကဲ့သို့။ မချို့စေရ၊ မေတ္တာမျှမည်ဖြစ်၍လည်း။ ကြီးငယ်မဟူ။ ရွယ်ချူကယ၊ ဝိက္ကယစလယ်။ ရောင်းဝယ်စားမှု၊ ပြုစုမယွင်း။ အကြောင်းရင်းခံ။ အကြံရှိသူတို့ရောက်လာက။ ညှိုးငယ်နွမ်းလျ။ မရှိစေရဘဲ။ အမြဲစောင့်ရှောက်။ ထောက်မကြီးမြင့်စေမည်။ နေပြည်တော်၏စောထီး၊ တိုင်းကြီး၏သာမိ။ ဘူမိပဂုဏ်။ ချီးမကုန်သည်။ လုံးစုံခြွေရွေ။ ကြက်သရေထင်ပေါ်၊ နရုတိအဆွေတော်ဟူသော ...ရာဇသံရွှေပေဖြင့်ဆက်သတုံ့ပြန်လေသတည်း။

နရုတိကေရာဇ်မင်းမြတ်ကမေးတော်မူသည်မှာ။ ကဝိစိန္တာစသော။ ငါ၏ကိုယ်ယုံတော်အမတ်ကြီးများ။ ငါဘုရင်မင်းမြတ်အလိုရှိအပ်သော ဆန္ဒ။ ပြည့်ဝစေငှါ။ သိပ္ပာထူးထွေကိုသင်ယူစေခိုင်းခြင်း-ငါတို့၏နိုင်ငံအတွင်း၌ပညာ အရည်အချင်း။

တဝင်းဝင်းတပြောင်ပြောင်-တောက်လောင်ခါနေသော။ ရွှေတောင်ကြီးကဲ့သို့။ ထင်ရှားကြေငြာ။ ဝေဆာရွှန်းတင့်ရန်အရေးကို။ ငါမြော်တွေးသည့်အတိုင်း၊ ပညာမျိုးစုံကို။ ဒိုးဟုန်ခုန်ညင်း။ လည်သောခင်းသို့။ ကွင်းကွင်းကွက်ကွက်။ နသဏ္ဌာပဟ ယူလောက်အောင်။ တတ်မြောက်ခဲ့ကုန်၏လော။ ။ သာခကေသက်သေ။ ကဝေ အာစေရ။ ပြသမည်သူ။ ဟူစလောက်ရာ။ အမတ်ပညာတတ်များပါပါ၏လော။ စသည်ဖြင့် မေးတော်မူလျှင်။ ဘုန်းတော်ကြောင့်။ လိုအပ်သောပညာတို့ကိုလည်း ကြေပွန်စွာ။ သင်ကြားယူခဲ့ပါသည်။ ပညာရှိအမတ်ငါးအိမ်ထောင်သားတို့ကို လည်း။ စောတည်မင်းမြတ်က။ အပ်နှင်းဆောင်သလိုက်ပါသည်။ တပြည်နှင့်တ ပြည်။ အရှည်မိတ်ဖွဲ့လိုက်ခြင်း။ မည်သည့်လိုရာကိစ္စမဆို။ ငြိုငြင်ခြင်းမရှိ။ ဆောလျင်စွာငါ၏ထံသို့။ စေတမန်သဝန်စာဖြင့်။ မှာထားလိုက်ရန် အကြောင်းစုံ တို့ကိုငှင်း။ ရဟန္တာငါးပါးတို့က။ မိန့်ဆိုအပ်သည့်ပုံဟန်တို့ကိုငှင်း။ အကုန်မကျန်မ ကြွင်း။ လျှောက်ထားသံတော်ဦးတင်လေသော်။ စန္ဒော်က္ကန္ဒူ။ တာရာစုံသဘွယ်။ တင့်တယ်လျှောက်ပတ်။ ရေ့ရပ်မင်းထံ။ ညီလာခံပရိသတ်။ အရပ်ရပ်တို့သည်။ အထပ်ထပ် ထောမနာ။ အခါခါအံ့သြ။ မင်းရောစိုးပါ။ ဝမ်းသာရွှင်လမ်း။ ချီးမွမ်းကြ သောအသံသည်။ မိုဃ်းယံထစ်ချုန်း၊ ပွဲတင်နှုန်းမျှဖြစ်လေကုန်သတည်း။ ။ ထို့နောက် ဧကရာဇ်မင်းမြတ်သည်။ ပရိသတ်တို့အံ့သြချီးမွမ်းသော အသံစဲခိုက် အခါ။ မေးမြန်းတော်မူသည်မှာ။ ကဝိစိန္တာအမတ်ကြီး။ သင်တို့သည် စောတည် မင်းထံမှ၊ သင်ယူလေ့ကျက်ခဲ့အပ်ကုန်သော။ အသက်မွေးမှု။ တိုင်းပြည်နိုင်ငံတော် အတွင်း။ မှီတင်းနေထိုင်သူ။ ပြည်သူပြည်သားတို့။ ပညာတိုးပွားမှုတို့ကို။ သင်တို့ လျှောက်ချက်စကားအတိုင်း။ တခုမကျန်။ ဝေဘန်တင်လျှောက်ရမည်ဟု။ အမိန့်တော်မြတ်။ မှတ်ပြန်လေသောကြောင့်။ .... မိမိတို့ဆည်းပူးသင်ယူခဲ့ အပ်သော။ ပြုလုပ်ထုံးပညာတို့ကို။ ရွှေပေမူနှင့်တကွ။ ပြသလျှောက်ထား သံတော်ဦးတင်ပုံကား-ဤသို့တည်း။

၁၁၀ ~ 110

တရုပ်စောတည်အမင်းထံမှ သင်ယူခဲ့အပ်သောလုပ်ပြုထုံးပညာ တို့ကိုလျှောက်တင်ပြသောအခဏ်း။

အာဒိကပ္ပ။ ဝိဒေဟမှ။ နေလပေါ်ထွန်းမိုက်မှောင်ထွန်းသို့။ ဘုန်းစွန်းတေဇာ။ သပြေညာဝယ်။ ဝေဘာဂီရိ။ တောင်ကြီး၏ပမာ။ ဝေဆာလေသော။ ပညောင်ပင် ကြီးသဖွယ်။ အသွယ်သွယ်ကုန်သော။ ထီးဆောင်းမင်းအပေါင်းတို့၏ ခိုကိုးရာ။

အဖြာဖြာကုန်သော။ ပညာဂဝေသိတ။ လိုလားရာမှီးကြကုန်သောသူတို့၏။ အားကိုးနည်းယူရာ။ မဟာဣန္ဒာသယ-ကပ္ပရုက္ခ-ပဒေသာ ပင်ကြီးတမူတူတော်မူသော ... အရှင်မင်းမြတ်ဘုရား.........ဘုရင်ဧကရာဇ်မင်းမြတ်။ ပိုင်စိုးအပ်သည့်-ခရိုင်အလုံး။ အများသူတို့သုံးဆောင်ကြစေရန်။ ကြွေပုဂံလုပ်ထုံးနည်းကစ၍။ ဘာသ်ပြလျှောက်ထားပါအံ့ဘုရား။ ။

ကြွေပုဂံလုပ်နည်း.........တွင်းမှထွက်သော။ မြေဖြူကို။ သုံးထပ်လေးထပ်စစ်ပြီးမှ-ကြွေ-ထုံး-ကော်-ဆင်စွယ်ကော်-အုပ်ရှစ်ကော်။ ၎င်းကော်ရေစုဖြင့်။ ညက်စွာကြိတ်ပြီးနောက်။ မိမိလိုအပ်သည့်ပုံစံ-ပုဂံ-အလုံးအပြား။ အစောက်-လုပ်ပြီးခါ။ နေသွေ့စွာလှမ်း။ အနီအစိမ်း-စသည်။ သင့်တင့် အောင်ချယ်။ ပန်းပွင့်= ပန်းရွက်အခက်ရေး။ ပြတား ခဲမဖြူအစရှိသည်တို့ကို အမှုန့်ပြု။ နှံ့အောင်ပွတ်။ ၎င်းနောက်မြေကိုထူစွာအိုးကင်းပြုလုပ် အောက်မှခံ။ ၎င်းပုဂံစုတို့ကို အိုးများကဲ့သို့အစဉ်အတိုင်းသွင်း။ အိုးဖုတ်သောဖိုအံ့ကဲ့သို့ ပြုလုပ်။ မီးခဲကောင်းစွာစီ ခဲပြတားအရေဖြစ်၍ စင်ကြယ်သည်။ မစင်ကြယ်သည်ကိုကြည့်။ အလိုလိုချမ်းစေ။ ပုဂံဖြစ်ပါသည်ဘုရား။ တနည်း။ ။ ငွေချော်ကိုကောင်းစွာထောင်း အရည်ဖြစ်အောင်လုံနှင့်ကြိုလက္ခားပစ်။ နှမ်းဆီကဲ့သို့ အရည်လည်လျက်ကြည်လျှင်။ အထက်ဆိုခဲ့သည့်ခဲပြတားကိုခပ်။ ၎င်းအရေတွင် ပုဂံကိုနှစ်။ ကြွေရောင်ပုဂံ ဖြစ်ပါသည်။

တရုပ်မိလ္လာသွင်းနည်းကား။ ။ ချက်ကျောက်အစိမ်းအနီအစရှိသည်တို့ကို။ ညက်စွာထောင်းအမှုန့်ကိုရေနှင့် စင်ကြယ်အောင်သန့်၍ပစ်။ လိုရာနန်းဆွဲပြီးသည့်ကာလ အထည်းသို့မီးညီစွာပေး ထိုကျောက်မှုန့်တို့ကို။ ဇဝက်သာပစ်ခါနှော။ နန်းဆွဲအတွင်းသို့တင်။ ဤသည်လျှင် တရုပ်မိလ္လာစီရင်နည်းပါတည်း။

ဆင်စွယ်ပန်းပွင့်ပန်းခက်။ ပျော့စီရင်နည်းကား။ ။ ဆင်စွယ်တံစင်းစာကို။ အမှုန့်ညက်စွာပြု။ လိုရာဆောက်ကြောင်းပေး။ အပွင့်အခက်အနွယ် အစရှိသည်တို့တွင်။ အစိမ်းအနီအစရှိသည်။ ဆိုးပြီးကာလ။ ငါးအူကော်နှင့် စရနယ်၍သွင်း။ သွေ့ခြောက်သောအခါ တံစင်းစာမျက်နှာပေး၍ချော။ အဖြူပေါ်မြဲပေါ်ပြန်လျှင်။ နွားနားမွေးစုပ်ဖြင့်။ ၎င်းဆေးရေခတ်ပြစ်ပြစ်ကိုထပ်၍သွင်း ...... ဤသည်လျှင် တရုပ်ပျော့ဆင်စွယ် ပန်းပွင့်ပန်းခက် စသည်စီရင်နည်းပါတည်း။ ။

တရုပ်သားရေ ရေလုံစီရင်နည်းကား။ ။ သမင်ရေကို၊ မက်လင်၊ ကြီးပေါင်းရေနှင့်စိမ်။ နေသွေ့စွာလှမ်း။ အံ့တုံရေအုပ်ရှစ်ရေပက်၍ ကြိမ်ဖန်များစွာတော။ နေသွေ့စွာလှမ်း။ သွေ့သည်ကာလ။ ငါးဆီ။ ကညင်ဆီနှစ်ပါးပေါင်း၍ချက်။ ထိုဆီကိုတဖန်ဆွတ်၍တောပြန်။ တောနေရင်းသွေ့ခြောက်စေ။ ဤသည်လျှင် ရေလုံသားရေစီရင်နည်းပါတည်း။

တရုပ်သားရေဖြူစီရင်နည်းကား။ ။ သမင်ရေဆိတ်ရေစသည်တို့ကို အပုပ်ချဉ်ရေစိမ်။ ပါးပါးခြစ်၍ပစ်။ ပါးသည်ကာလ။ နေသွေ့စွာလှမ်း။ ၎င်းနောက် အုံဘုံကော်အုပ်ရှစ်ကော်။ ဆင်စွယ်ကော်။ ၎င်းကော်ရေစုတွင်။ မြေဖြူစစ်ပြီးကောင်းကောင်းကိုနှော။ ကြိမ်ဖန်များစွာတေ။ တပွတ်တံနှင့်သုတ် နေလှမ်းသွေ့ခြောက်သည့်ကာလ။ ထိုနည်းအတိုင်း။ ကြိမ်ဖန်များစွာဆိုးဦး။ သင့်အံ့ထင်သော်။ နောက်တကြိမ်ခတ်ပြစ်ပြစ်ထပ်ထပ်တွင်လိပ်၍တေ-တေနေရင်းသွေ့စေ။ ။ ဤကားတရုပ်သားရေဖြူစီရင်နည်းတည်း။ ။ အနက် အဝါ အနီတို့မှာဆေးဆိုး၍ယူပါသည်ဘုရား။

တနည်းသားရေနက်စီရင်နည်းကား။ ။ သမင်ရေ နွားကလေး နွားမရေတို့ကိုချဉ်စိမ်။ ။ နေတွင်သွေ့စေ။ သဖန်းခါးဆံကိုထု၍ထား တောဆီးဖြူရွက်ကိုကျောက်ဆုံဖြင့်ထောင်း။ အရည်ညှစ်ယူ ယခင်အစေ့နှင့်စိမ် သံချေးရေထည့်။ စိမ်လေဦးဆေးရေစွဲချိန်တန်လျှင် ထုတ်ဆယ်၍နေလှမ်း။ မနက်ဘဲနေမူ။ မင်းရေထည့်စိမ်နေလှမ်း။ သွေ့ခြောက်သောအခါ၊ ကညင်ဆီရော၍ချက်။ ၎င်းဆီနှင့်ဆွပ်၍တေ။ တေရင်းပင်ခြောက်စေ။။ ဤသည်လျှင် သားရေနက်စီရင်နည်းတည်း။ ။ တရုပ်မိုဃ်းခံသားရေနီစီရင်နည်းကားသိုး ဆိတ် သမင်ရေ အစရှိသည်တို့ကို ချဉ်စိမ်။ ပါးပါးပြုပြီးလျှင်။ တိမ်းညက်ရေ။ သရက်ပွင့်ခြောက်ပြုတ်ရေဆင်စွယ် ကော်ရေ သုံးပါးနှော၍ဆိုး ခုန်ညင်းတွင်သစ်ကြားဆီလူး-ကြွေရောင်တင်-နေလှမ်း။ ။ ဤကားတရုပ်မိုဃ်းခံသားရေနီစီရင်နည်းပါတည်း။

အစိမ်းစီရင်နည်းမှာ။ ဆီးဖြူရွက်။ သရက်ခေါက် – ခွေးတောက်ရွက်။ ဆူးပုတ်ရွက် တို့ကိုထောင်း။ အရေစစ်ယူ – အင်တွဲမှုန့်ခပ်။ မီးနွေးနွေးနှင့်ချက်-ခတ်ပြစ်ပြစ်တွင်-ဆေးဒန်းမဲနယ်ရေ အုပ်ရှစ်ကော်ရေ၊ ငါးအူကော်ရေ၊ ဆင်စွယ်ကော်ရေးသုံးပါးရော၍ဖျော်။ တပွတ်တံနှင့်သုပ်၊ သို့မဟုတ် ဆေးရေ၌နှစ်။ နေလှမ်းကြိမ်ဖန်များစွာဆိုး။ တနေ့တကြိမ်မသွေ့ မခြောက်မှီ။ ခတ်ပြစ်ပြစ်ရှိလျှင်လိပ်၍တေ။ တေရင်းပင်သွေ့စေ။ ။ ဤသည်လျှင်-တရုပ်သားရေစိမ်းစီရင်နည်းပါတည်း။ သားရေစီရင်နည်းပြီး၏။

သင္ကာစီရင်နည်းကား။ ။ ကန့်ကူဆံအသားကောင်းကောင်းကို။ လုံးစွာအတန်တန်ဖြတ်။ စက်နှင့်ဖေါက်။ ဒဟတ်မရသိန်။ ကျွန်းရွက်တို့နှင့်။ ချောမွေ့စွာအရောင်တင်ပြီးသည်ကာလ။ မက်လင်းသီး။ သံပုရာ။ ဆပ်ပြာထုံးဖြူ။ ၄က်ပျောသူငယ်စာခေါင်း-သဘော်သီး။ ကျောက်ချဉ်-ကြွေ-ချဉ်စော်ကား။ ၎င်းဆေးရေတို့နှင့် တနေ့ပြုတ်-သုံးရက်လေးရက်စိမ်။ ပြေ့ပြေ့ရှိသည်ကာလ။ တိမ်းညက်-ဟင်္သာပဒါး။ ကျောက်ချဉ်တဘာန်နှော။ ခိုသွေးယုန်သွေး။ အမဲသွေးဖြင့်လူး။

စိမ်၍ထား။ ဟသ်ာပဒါး။ ကျောက်ချဥ်စုမှတာဖန်နှော။ သုံးရက်။ လေးရက် စိမ်၍ပြုတ်။ ပြီးသည်ကာလ-မြေမျက်နှာညီစေ။ ၎င်းတွင်စုပုံ၍ထား။ အပေါ်ကိုလုံ စွာဖုံး။ သရွတ်လုံစွာမံ။ ဖွဲမီးနှင့်အချိန်သင့်အောင်အုံး။ ပြီးလျှင် အထက်ဆေးဖြင့်။ နှစ်ရက်တန်သည်။ သုံးရက်တန်သည် ပြုတ်နေတွင်ထားစေ။ အရောင်မယှဥ် သော်။ သစ်ကြားဆီ၊ ထင်းရှူးဆီ၊ တပါးပါးရရာသတ်။ အပြီးတိုင်ရပါသတည်း။ ။ ထိုကျောက်ကား။ ရေထိလျှင်ဖြူ၏။ အတန်ကြာသည်ကာလ နီမြဲနီ၏။

အနီကောင်းရေနည်းကား။ ။ ပေါက်ပွင့်။ ထန်းလျက်။ ကျောက်ချဥ်။ သုံးပါး ကိုအိုး၌ထည့်ရေထည့်၊ သုံးရက်လည်အောင်နေပူတွင်စိမ်။ ပြီးသည့်ကာလ။ သုံး ခွက်တခွက်တင်အောင်ပြုတ်။ အဖတ်ကိုစစ်။ အရေကိုယူ ၎င်းဖြင့် လိုရာရေးအနီ ကောင်းဖြစ်၏။

ခြိပ်ကောင်းရေနည်းကား။ ၊ ခြိပ်ကိုထောင်း။ ရေနှင့်စပ်၍ကြို-စစ်ပြီးလျှင်ယူ- နေသွေ့ခြောက်အောင်လှမ်း။ ခဲသောအခါ-ယုန်သွေးသုံးကျပ်-အမဲသွေးသုံးကျပ်တို့ နှင့် ဖျော်။ ၍ရေးလေ။ ။ ခြိပ်ရေကောင်းဖြစ်၏။

နှီးထန်းရွက်တို့ကိုစီရင်နည်းကား။ ။ ဆီးဖြူသီး။ သဖန်ခါးသီးစသည်တို့ကို- ညွန်ရွှံ့ပုပ်ရေနှော၍ပြုတ်။ နက်၏-အနီလိုမူ-တိမ်းညက်။ ဟင်းသပဒါး- ကျောက်ချဥ်နှော၍ပြုတ်။ နီ၏။ ။ အစိမ်းမှာဆေးဒန်း၊ မဲနယ်။ သရက်ခေါက်။ သဖန်းခါးရေနှော၍ ပြုတ်စိမ်း၏။ ။ အဝါမှာဆေးဒန်း။ သဖန်းခါးရေနှင့်ပြုတ် ဝါ၏။ ။ အစိမ်းအဝါအနီအနက်စီရင်နည်းဖြစ်ပါသည်။

သဘော်ာကော်ဘတ်ရွှေရေးနည်းကား။ ။ မန်ကျည်းစေ့ဆံ။ တမတ်။ ကလော ဆံတမတ်။ ဇင်ရွေးနီစေ့တကျပ်။ ခုန်ညင်းဆံသုံးမတ်။ နွားနို့နှစ်ဆယ်ငါးကျပ်။ ၎င်းစုကိုအညက်ကြိတ်။ ရွှေတဆိုင်းထည့်။ ရေနှင့်ဖွဲမီးမှာမတူး မချစ်မဝေစေမူ၍ ခုနစ်ရက်ချက်၊ ပြစ်ပြစ်ရှိသည်ကာလ-ရေနွေး၌-ပုဂံထည့်၎င်း၌ ဆေးထည့်နွေးနွေး ရှိရုံပြု-အထည်ဖြစ်လျှင်လည်း - ကော်လျောက်၍ကြွေရောင်သင့်အောင်ပေး - ရေး လိုရာရေးလေ - ဤသည်လျှင် -တရုပ်ရွှေမင်။ သဘော်ာကော်ဘတ်ရွှေဟူ၍လည်း ခေါ်ပါကြောင်းဘုရား။

အနက်ပန်းပွင့်စသည်ရေးနည်းကား။ ။ ကြစုသီးကိုညက်စွာထောင်း။ နွားနို့ နှင့်ဖျော်။ ဖျင်ဖြူကိုဆွပ်၍သင်္ကန်းလိပ်သကဲ့သို့၎င်း။ ပုဝါ။ ပုဆိုးလိပ်သကဲ့သို့၎င်း။ လိပ်ပြီးလျှင်နေလှမ်း။ သွေ့သည်ကာလ။ အင်တွဲအမှုန့်ပြု။ ၎င်းတွင် ငှက်ပျောသီး အခိုင်ကအစေးကိုဖြတ်၍ယူ။ အုန်းသီး မာလာခွန်ကိုမင်ခံ ၎င်းမင်ရောပြီးခါဖျော်- စုပ်တံဖြင့်လိုရာပန်းပွင့်ပန်းခက်ရေး။ ခဝါ မီးပူကြွေ သင့်အောင်ပေးလေအလွန် စွဲ၏။ လျှော်၍မကျွတ်နိုင်ပြီ။ ။ မင်နက်နေရာမှာ၊ ထင်းရှူးဆီရော အနီရ၏။

အစိမ်းမှာ ၎င်းနေရာတွင် ကွမ်းရွက်စိန်းရေရော၍ဖျော် မှန်သီးမှထွက်သောအစေး တို့ကိုရောသင့်ပါသေးသည်ဘုရား။

သဘော်ာရွှေရောင်သတ်ဆေးရေချက်နည်းကား၊ ။ မက်လင်သံပုရာ။ ဆပ်ပြာ။ ထုန်းဖြူ။ ပုန်းရေဖတ်။ ယမ်းဆား။ ငှက်ပျောသူငယ်စာခေါင်း။ သဘော်ာသီး ကျောက်ချဉ်။ ကြေးကြီးစော်ကား။ ၎င်းဆေးတို့ကိုညက်အောင်ပြု ကန့်ပျက်ခါ နှော တဆေးနှင့်စရနယ်။ စိမ်၍ထား။ ကဇော်အနေကဲ့သို့နှောက်၍ ရက်လည် အောင်ထား။ အရက်ကဲ့သို့ပေါင်းတိုက်။ ချွေးကိုယူ—အနီအနက်အစရှိသည်တို့နှင့် ရော၍ ရေးလိုမူ။ သံပုရာရေနှင့်ရောပြီးမှရေး။ ။

ဆေးသက်သက်တစုံတရာမရောဘဲ။ အဝတ်စသည်တို့၌ရေးလျှင်။ အကွင်း အကွင်းပေါက်လေ၏။ ... (ဘင်ပြာသစ္စေးနှစ်ပါးသင့်အောင်ဖျော် အနက်သွေး တည်း။ ဘင်ပြာသစ္စေးကညင်ဆီ။ ဆေးဒန်းလေးပါးသင့်အောင်ဖျော်။ ဟသ်ာမွေး တည်း။ ။ ဘက်ပြာသစ္စေးမြေဖြူစသည်တို့ကိုသင့်အောင်ဖျော် အဖြူသွေးတည်း။ ဆေးဒန်းသစ္စေးနှစ်ပါးဖျော် အဝါသွေးတည်း။ ။ ဆေးဒန်းမဲရေ။ သစ္စေးသင့်အောင် ဖျော်အစိမ်းရင့်။ သွေးတည်း။ ။ ဒန်ပြာတင် ပြာသစ္စေးသုံးပါးသင့်အောင်ဖျော်။ ခြိပ်ရောင်သွေးတည်း။

ဤကားအလွန်စွဲသောခြိပ်ဆေးဖျော်နည်းတည်း။

သဘော်ာရွှေရောင်သတ်စီရင်နည်းကား။ ။ ဇဝက်သာတမတ်။ သနတ်ထော် နှစ်မတ်။ နံနွင်းစိမ်းတကျပ်။ ရေနံတကျပ်။ ၎င်းဆေးကိုမီးနွေးနွေးနှင့် မတူးမချစ် ရအောင်ချက်။ ကွမ်းရွက်ရေအုပ်၍ထား။ အသုံးလိုသည်ကာလ။ ကြေးဝါကြေးဖြူ ကြေးနီ၊ ငွေပြား အစရှိသည်တို့တွင် သုတ်သဘော်ာရွှေရောင်ဖြစ်သတည်း။ ။ မဥ္ဇူ အဝါရောင်ဘော်နည်းကား။ ။ ကြေးဝါသုံးကျပ် ကြေးနီနှစ်ကျပ်ကို။ ဆားခပ်၍ အရည်ကြို။ ခေါင်ရမ်းမြစ်နှင့်မွှေ။ ဤသည်လျှင်၊ မဥ္ဇူအဝါရောင်ဖြစ်သတည်း။ ။ အနီရောင်မှာ။ ကြေးနီသုံးကျပ်၊ ကြေးဝါတကျပ် ၎င်းနည်းပြုလုပ်၊ နှမ်းဆီ။ ထင်းရှူးဆီတွင်သွန်။ ဤသည်လျှင် မဥ္ဇူအနီရောင်ဖြစ်သတည်း။

ရွှေရောင်ကဲ့သို့ပေါ်သောနည်းကား။ ။ ဂေါ်မိတ်ကျောက်နှင့်။ ရွှေတံတိုင်းမြစ် နှစ်ပါးကိုညက်စွာကြိတ်။ ခတ်ဆိုင်းစက္ကူတွင်ကြေးနီမှုန့်။ သွတ်မှုန့်၎င်းတို့ကို။ ဇင် ရွေးကော်နှင့် စရနယ်။ သံပေါ်တွင်လက္ကျားရေဖြင့်။ လိုရာ ပန်းပွင့် ပန်းခက် ပန်း ရွက်ရေး ထင်းရှူးဆီသုတ် မီးကင် မီးသင့်အောင်အုံး၊ ရွှေရောင်ကဲ့သို့ပေါ်၏ ။ ဤ ကားရွှေရောင်ရေးနည်းတည်း။

ကျောက်ချဉ်။ ကျောက်စက်၊ ဇဝက်သာ။ ၎င်းသုံးပါးညက်စွာကြိတ်။ ရေနှင့် ချက်။ ခဲမဖြူကို မီးပူစေယခင်သုံးပါးဆေးရေကို ကိုခံ။ ။ သဘော်ာရွှေရောင်သတ်

စီရင်ပုံတနည်းကား။ ။ ရွှေဖရုံပွင့်ရွှေနွယ်။ ရွှေတံတိုင်း။ နံနွင်းစိမ်း။ ထိုလေးပါးကို အညက်ကြိတ် မိုက်တွင်ကပ် လကျ္ခားနို့သွတ်။ ဖလ်လင်းကွဲအမျှစု၍သွင်း။ ဆေးလေးပါးကိုအောက်အထက်နှီး၍ ထိုးအရေးဖြစ်သည်ကာလ ရေနံတွင်သွန် မိကျောင်းသည်းခြေကိုးရွေးခတ်။ ၎င်းနောက်ဆေးတတန် အလင်းကြို ဆီမှာသွန် နွားနက်သည်းခြေမှာသွန်။ အညှီမပျောက်လျှင်ဝက်ဆီမှာသွန် သုဝဏ္ဏအဆင်းသ ဏ္ဍာန်တူ၏။

ပိုးနှင့်ချည်တို့ကိုင၎်း။ အထည်တို့ကိုင၎်း။
ဆိုးရန်ဆေးပြုလုပ်ပုံနည်းတို့ကား ဤသို့တည်း။

ပိုးဖြူချိန်တဆယ်ကျပ်လျှင်။ နံနွင်းငါးကျပ်။ သို့မဟုတ် (ညော) ထားဝယ်ဘာသာ (မြန်မာဘာသာဖြင့်။ (နီပါးဆေးကြီး) ငါးကျပ်။ သီတင်းမှုန့်သုံးကျပ်။ ကျောက်ချဉ်အနည်းငယ်ရော၍ ပိန္နဲပေါက်ရေရောပြီးပြုတ် ၎င်းဆေးရေဖြင့်ပြုတ် လျှော်သော်လည်းရ၏။ ခြောက်သွေ့အောင်လှမ်း။ ခြောက်သောအခါ။ မဲရွက်ရေ တွင်ကြစု သဖန်းခါးရေ ရေ၍ဆိုး။ ။ အစိမ်းရင့်ပြီး၏။ ။ မရိုးရောင်ဆိုးနည်းကား။ ။ ပိုးအချိန်တဆယ်ကျပ်လျှင် ခြိပ်ရေစစ်ပြီးတွင် တောက်ရပ်မှုန့် မန်းကျည်း မှည့်ရေကြစုသဖန်းခါးရေရော၍ဆိုး။

တနည်းပိုးနက်ရောင်ဆိုးနည်းကား။ ။ သဖန်းခါးသီးအခေါက်။ သလဲခွံ။ ဆီးဖြူရွက်။ သံပြာနှော၍ပြုတ် ဆေးရေကိုစစ်၍ယူ ထိုရေဖြင့် ပိုးကိုထည့်ပြီးလျှင် ပြုတ် ရွှံ့ရေကြည်တွင်တညဉ့်စိမ်။ နေလှမ်း အနက်ကောင်းဖြစ်၏။

အဝါဆိုးနည်းကား။ ။ သဖန်းခါးအခေါက်ကိုကြို အရေစစ်၍ယူ ထိုအရေ၌ သီတင်းမှုန့်ထည့် ၎င်းဆေးရေတွင် ပိုးကိုထည့်ပြီးခါပြုတ် အဝါကောင်းရ၏။ ။ သဖန်းခါးသီးသံချေးရေကြည်။ အဝါခံပြီးသည်ကာလ။ ၎င်းဆေးရေနှင့်ပြုတ် ခြိပ်ရောင်အနီရင့်အရောင်ဖြစ်၏။ ။ ရွှံ့ရေကြည်နှင့် တနေ့စိမ် နေသွေ့စွာလှမ်း၊ နက်ပြန်၏။ ။ အနီကောင်းဆိုးရန်တနည်းကား။ ။ သဖန်းခါးသီးကိုထောင်းအရေ စစ်၍ယူ။ ကျောက်ချဉ်အနည်းငယ်ထည့်။ တညဉ့်တန်သည် တရက်တန်သည် ထား။ ပိုးကိုထည့်၍ပြုတ်။ ဆယ်ယူပြီးလျှင် အရေညှစ်ပစ်ခတ်ပြစ်ပြစ်တွင် လဘက်ခြောက် ပြုတ်ရေတွင်နှစ်။ ကစွန်းမှုန့်မှာ ကျောက်ချဉ်ထည့် ၎င်းဆေးရေ ဖြင့် ပိုးကိုထည့်၍ ပြုတ် ပိုးအနီကောင်းဖြစ်၏။

အစိမ်းရင့်ဆိုးနည်းကား။ ။ သဖန်းခါးရေမှာ။ နံနွင်းစိမ်းဆပ်ပြာရေကြည် နှော၍ကြို။ ဆေးရေပူပူမှာ ပိုးလျှော်ပြီးကိုနှစ်။ ၎င်းဆေးရေနှင့်ပြုတ်။ အစိမ်းနု ရောင်ဖြစ်၏။ ။ အစိမ်းရင့်ကိုလိုသော်။ မဲရွက်ရေမှာစိမ်။ ရင့်၏။ အရိပ်တွင်သွေ့ စေ။ အဝါမှာ။ ...။ သဖန်းခါးရေနှင့် ပြုတ်ဆေးရေညှစ်၍ပစ်။ ခတ်ပြစ်ပြစ်ရှိသည်

ကာလ။ မက်လင်ရေကြည်တွင် ကျောက်ချဉ် နှောပြီးမှခေါင်ရမ်းပွင့်ရေ အနည်းငယ်နှော၍ခံ။ မဲရွက်ရေနည်းနည်းရောပြီးလျှင်ဆိုး။ မရိုးရောင်ဖြစ်၏။

အပြာဆိုးနည်းကား။ ။ ပိုးဖြူကို။ ကြစုမှုန့်ရေနွေးနှင့်လျှော်။ မဲရွက်ရေတွင် မဲနယ်ရေပျက်ခါနှောပြီးလျှင်နှစ်။ ပအုန်းရေနှင့်လျှော်။ အပြာရောင်ဖြစ်၏။

နီလာရောင်ဆိုးနည်းကား။ ။ ဆီဖြူသီးရေတအင်တန်တွင်။ တိမ်းညက်ပြုတ် ရေသင့်အောင်နှော၍ခံ။ မဲအိုးမှာနှစ်။ နီလာရောင်ကောင်းဖြစ်၏။

အနီခံနီလာဆိုးနည်းကား။ ။ ဆီးခြိပ်ကောင်းကောင်းကို၊ ရေနွေးနှင့် အပြန် ပြန်စပ်၍ယူ။ ရသည့်ရေကို။ တောက်ရပ်ရေ။ မန်းကျည်းမှည့်ရေ။ တိမ်းညက် ရေ။ အနည်းငယ်ရော၍နှစ်။ ၎င်းအရေဖြင့်ပြုတ်။ မဲရွက်အိုး၌နှစ်။ ၎င်းအရောင် အသွေးဖြစ်၏။ ။ အဝါဆိုးနည်းကား။ ။ သီတင်း။ နံနွင်းနှောပိန္နဲပေါက်ရေနှင့် ပြုတ် ထိုဆေးရေစုဖြင့်လျှော်၍ လှမ်း။ အဝါရောင်ဖြစ်၏။ ။ ကျေးဥရောင်ဆိုး နည်းကား။ ။ ပိန္နဲပေါက်ပြုတ်ရေနွေးတွင်။ နံနွင်းသီတင်းခပ်။ ထိုအရေတွင် နှစ်၍လှမ်း။ ခြောက်သွေ့သောအခါ။ မဲရွက်ရေ၌။ သဖန်းခါးသီးရေပျက်ခါနှော။ သင့်မသင့်ကြည့်ပြီးသော်စပ်ပိုးကိုနှစ် - ခြောက်သွေ့အောင်လှမ်း။ ။ ကျေးဥ ရောင်ဖြစ်၏။

ပိုးမဲပိုးနက်ဆိုးနည်းကား။ ။ ပိုးအချိန်တပိဿာလျှင်၊ ဆီးခြိပ်မှုန့် – ၂၀–၎င်း ရေနှင့်ပြုတ်။ ခြောက်သွေ့အောင်လှမ်းခြောက်သွေ့သည်ကာလ။ သဖန်းခါး၊ စွန်လက်သည်း။ ပအုန်းရေ။ ထန်းလျက်။ ဆီးဖြူရွက်။ ပန်းပဲဖိုမှ-တူစာပေစာသံ မှုန့်။ ၎င်းစုတို့နှင့်အိုးတလုံး၌ပြုတ်။ ထိုဆေးရေဖြင့် တဖန်ပိုးကိုထည့်၍ပြုတ်။ မဲရွက်ရေမှာနှစ်။ ပိုးမဲပိုးနက်ကောင်းဖြစ်၏။

အနက်ထည်တနည်းဆိုးရန်ကား။ ။ ကြစုသီးရေတွင်။ နွားနို့သင့်တင့်ရုံ ခပ်၍ကြို။ ၎င်းဆေးရေကိုစစ်၍ယူ ထိုဆေးရေဖြင့်ပြုတ်။ စင်ကြယ်အောင်ညှစ် သွေ့စွာလှမ်း၎င်းနောက်ရေဖြင့်လျှော်။ ဆီးဖြူရွက်ကိုထောင်း အပုတ်စိမ်း၊ ၎င်းရေ နှင့်ဆိုး ရွှံ့ရေတွင်နှစ် အနက်ကောင်းဖြစ်၏။ ။ အနီကောင်းဆိုးနည်းကား။ ။ တိမ်ညက်ကို ပိန္နဲကြိုသကဲ့သို့ ဆေးရေကိုစစ်၍ယူ ကောက်ရိုးပြာရေနွားနို့သင့်ရုံ နှော။ ၎င်းဆေးရေနှင့် ထည့်၍ပြုတ် ပြီးကာလ ဆေးရေကုန်အောင်ညှစ်။ နီပါးဆေးရေနွေးနှင့်လျှော် သွေ့စွာလှမ်း အနီကောင်းဖြစ်၏။

အစိမ်းရောင်ကား။ ။ကတ္တရာသင်္ချေ။ ကြစုသီးနွားနို့ကျောက်ချဉ် ၎င်းတို့ကို သုံးခွက်တခွက်တင်ကြို။ အပြာကို ကောက်ရိုးပြာနှစ်ခံ၍ဆိုး အစိမ်းရောင်ဖြစ်၏။ ။ တနည်းကား။ ပန်းဝါရေတွင်။ ကြစုသီတင်းနှော၍ခံ၊ မဲငယ်မဲကြီး ရွက်တပါးပါးရေ မှာ။ ကျောက်ချဉ်ခပ်။ ၎င်းတို့ကိုချက်။ သဘော်အစိမ်းရောင်ဖြစ်၏။

နီပါးကောင်းဆိုးနည်းကား။ ။ တိမ်းညက်ကောင်းအနှစ်တပိဿာကို သေးသေးစဉ်း။ သုံးခွက်တခွက်တင်ကြို၍ အရေကို တဆယ်တကြိမ်စေ့အောင်ယူ။ နောက်ဆုံးရေမှာ သရက်ပွင့်ခြောက်တပိဿာ။ ဆင်နှာမောင်း ဆယ်ငါးကျပ်၊ ကျောက်ချဉ် နှစ်ကျပ်ရှစ်ပဲကြိတ်၍နှော။ (ဖလ်လင်း) ပုလင်းဖြင့်ထည့်လုံစွာ ပိတ်၍ထား။ ၎င်းအထွက်ရေတွင်-နှစ်ကျပ်ရှစ်ပဲခတ်-သင့်မသင့်ကို ဒုတ်ဖြင့်ကော်၍ကြည့်။ သင့်တော်လျှင် ယခင်ကဆေးရေနှင့်ပေါင်း။ နှော၍ဆိုး-မဆိုးမီ နွားနို့-ကြစု။ ကောက်ရိုးပြာနုခံ-အထည်ပါးပါး-အနည်းငယ်ဆွေးမြွေ့ကဲ့မူ-ကောက်ရိုးပြာရေနုကို မခံရပြီ –ကြစုနွားနို့ခံ။ ဆိုးပြီးသည်ကာလ။ သရက်ပွင့်ခြောက်ကိုပေါင်းတင်၍ထား။ ၎င်းချေးကိုလက်မှာဆွတ်-အထည်၌ရိုက် ပုဆိုးရှည်လိပ်သကဲ့သို့လိပ်-အရိပ်တွင်သွေ့စေ။ နီပါးကောင်းဖြစ်၏။

အထည်ပေါ်၌ရေးရန်ဆေးကား။ ။ ကစီကော်မတင်ဘဲ။ အထည်ဖြူကို။ ကောက်ရိုးပြာရေ။ နီပါးဆေးရေဖြင့်လျှော်၍လှမ်း။ ခြောက်သွေ့သောအခါ။ ရေကြည်ဖြင့်။ ပုဆိုးလိပ်သကဲ့သို့ လိပ်အရိပ်၌သွေ့စေ။။ ခံသီးကိုကြို-စစ်၍အရေယူ။ ဆီးခြိပ်မှုန့်ထောင်းပြီးလျှင်ထည့်ကြိုမြဲ-၎င်းရေကိုယူ၍ထား ခြိပ်ကော်ရေလိုက-ထိုအရေဖြင့်ဆိုးလျှော်-ခြိပ်ရေကော်ဖြစ်၏။ ။......... နံ့နွင်းစိမ်းကိုထုချေ၍ပြုတ်-စစ်ယူ-မဲရွက်ကိုပြုတ်-အရေယူ-အဝါရေနှင့်ဆိုး မဲရေ၌နှစ်-အစိမ်းနုရောင်ဖြစ်၏။ ။ မဲနယ်ရေကြည်မီးနွေးနွေးချက်အပြာရေ-ခြိပ်ရေသံသတ်ရေရော၍နှစ်။ ၊ ခြိပ်သံသတ်ရေရောင်ဖြစ်၏။ ။ အမဲသွေးအခြောက်ကိုယူရေပူပူနှင့်သွေး၍ရေး-အနီဖြစ်၏။ ။

သဖန်းခါး။ ဆီးဖြူသီး-သလဲခွန်။ စွန်လက်သည်းစိမ်၍ထား။ ၎င်းရေကိုစစ်ယူပြီးခါ-ရေး။ အမ်ထည်ကိုလိုက-၎င်းဆေးရေ၌လျော်-မဲဖြစ်၏ - ရေးလျှင်လည်းလိုရာရ၏။ ။ အနက်ဖြစ်သည်။ ။ ဆေးချုပ်ရန်မှာ ငှက်ပျောသီးအခိုင်ကိုဖြတ် အစေးယူ မယသိန်အစေး လဘက်ခြောက်ပြုတ်ရေ ကွမ်းရွက်ရေမှန်ပင်။ မှန်သီးမှထွက်သောအစေး။ တမာစေး။ ၎င်းတို့ကိုပေါင်း၍ပြုတ်၎င်းတို့ကိုစစ်ယူပြီးခါ (ဖလ်လင်း၌) ပုလင်း၌ထည့်လုံစွာ ပိတ်လိုသောအခါ ရေးလေ။ ချွတ်၍ မကျွတ်ပြီ ဆိုးသောအခါ လည်းထည့် နိုင်ပါသည်ဘုရား။။ အထည်အမျိုးမျိုးဆေးဆိုးနည်း ဆေးချုပ်နည်းပါတည်း။

စိန်ဖြူစိန်နီချက်နည်းကား။ ။ ယမ်းစိမ်းစစ်၍ချက်ပြီး။ တပိဿာ၊ မဖေါက်ထုန်းရေနှင့် ညက်စွာထောင်း။ နွားနို့ကြံရည်သင့်ရုံထည့်၊ မတူးမခြစ် မဝေရအောင်ချက်၊ အလိုလိုချမ်းစေ။ စိန်ဖြူဖြစ်၏။ ။ စိန်နီချက်နည်းကား။ ယမ်းစစ်၍ချက်ပြီးတပိဿာ။ ထုန်းနီရေရော၊ ညက်စွာထောင်းပျားရည်သင့်တင့်ရုံ

ထည့်။ မတူးမခြစ်မဝေစေရ။ ကောင်းစွာချက်။ အလိုလိုချမ်းစေ။ စိန်နီဖြစ်၏။ ။

ကန့်ချက်နည်းကား။ ။ ယမ်းစစ်၍ချက်ပြီးတပိဿာ။ ဆေးဒန်း (၅ဝ) ကို ညက်စွာထောင်း။ ကြက်သွန်နီရေ။ ငှက်ပျောပတ်ရေနှောပြီးလျှင်။ မတူးမခြစ်မဝေရအောင်ချက် အလိုလိုချမ်းစေ။ ကန့်ဖြစ်၏၊ … … ယမ်းချက်နည်းကား။ ။ သင်ရှက်ကိုပြာပြု။ လင်းနို့ချေးအောက်ကမြေကိုယူ။ ရေဖြော်စစ်ပြီးမှ။ ယခင်ပြာရောပြီးခါ၊ မီးနွေးနွေးချက် ယမ်းဖြစ်၏။ ……… ဒုတ္တာပြုလုပ်နည်းကား။ ။ ကြေးနီအိုးထည်း၌။ ကောက်ညှင်းငါးခြိပ်ဆန်ကိုရေဆေး။ ၎င်းအိုးနှင့်နူးနပ်အောင်ချက်။ ကြေးစလောင်းဖြင့် အန္တံပိတ် လေလုံစေ၍ မြေ၌သုံးလမြှုပ်။ ဒုတ္တာဖြစ်၏။ … … ပတ္တမြားကျောက်အတု လုပ်နည်းကား။ ကျောက်ထုန်းနီစစ်ပြီး အချိန် (၁ဝ) ဟသ်ာပဒါးနှစ်ကျပ်။ ကျွဲကော်တမူး။ ဇင်ရွှေးကော်တမူး။ ကန့်ကူဆန် အသားကောင်းမှုန့်တကျပ်။ ထန်းလျက်တကျပ်။ ၎င်းတို့ကိုပေါင်း၍ကြိတ်။ သန္တာကဲ့သို့ ကောင်းစွာလုပ်။ ချောမွေ့သောကြေးလင်းပန်းထဲ၌ထည့်။ ကြေးပြားနှင့် အရောင်တင်။ အရိပ်၌သွေ့ခြောက်စေ။ ပတ္တမြားကဲ့သို့ဖြစ်၏။

ဤသည်လျှင်။ ဂန္ဓာလရာဇ်တိုင်း။ တရုပ်စောတည်မင်းထံမှ။ လက်ထပ်သင်ယူရရှိ။ တတ်မြောက်ခဲ့အပ်သည့်အတိုင်း။ ရွှေပေမူရင်းဖြင့်။ နရုတိမင်းမြတ်အား။ တင်သွင်းဘသ်ပြသော။ လောကီပညာခဏ်းပြီး၏။

၁၁၁ ～ 111

ယိုးဒယားဘုရင်က။ ဆက်သအပ်သော။ ပညာမျိုးတို့ကိုပြပေအံ့။

သွန်းကြေးဖြူစီရင်နည်းကား။ ။ ကြေးနီကိုသွတ်မပါရအောင်ဘင်နှင့်စပ်။ လိုရာအထည်လုပ်။ သဘော်ာမြစ်တဆယ်။ ဒန့်ဒလွန်မြစ်တဆယ်၊ မဲအိုးပျက်နှစ်ဆယ်ငါးကျပ်။ နွားချေးမြေငါးဆယ်။ ဇဝက်သာတကျပ်၊ မဖေါက်ထုံးဖြူတကျပ်။ ဆားတကျပ်ပေါင်းကြိတ်၊ အပုပ်ရေနှင့်တော်သင့်အောင်ထား၎င်းဆေးကိုအထည်းကမံ။ ဆေးပြင်ဘက်မှနွားချေးမြေမံ။ နွားချေးဖွဲစသည်နှင့်ဖုတ်။ အရောင်မှာ။ ကျောက်မှုန့်ထန်းပလတ်ဖြင့် အရောင်တင်။ သွန်းကြေးဖြူဖြစ်၏။

တနည်းကြေးဖြူစီရင်နည်းကား။ ။ စိန်နီတကျပ်သားကို။ သေးငယ်စွာထောင်းထု၍ထား။ ဆေးဒန်းတကျပ်ကိုသံပုရာရေနှင့်ကြိတ်။ ၎င်းစိန်ကိုအပေါက

မံ။ နေသွေ့စွာလှမ်း။ သဘော်သီးအစိမ်းထည်း၌ထည့်။ မနုဿဂူထ=ကရီသကို အပြည့်သွတ်။ ကြက်သွန်နီကိုကြိတ်၎င်းအတွင်း၌ သွတ်မြေသရွတ် ဖော်ဂျီသုံး ထပ်မံ။ နေသွေ့အောင်လှမ်း။ ဖွဲမီးနှင့်ဖုတ်။ ၎င်းနောက်။ ဟင်းဂရုံပင်လုံး၊ ကြက်သွန်နီထန်းလျက်။ ယခင်စိန်ကိုရော၍ ညက်စွာကြိတ်၊ ကြေးနီတကျပ်ကို အပြားခပ်၊ မန်ကျည်းရွက်ခန့်မျှသေးငယ်စွာဖြတ်၊ ၎င်းဆေးစုနှင့်ပင်သွင်း အလုံ ပိတ်ပြီးလျှင်ဖုတ် ကြေးနီပြာကျ၏။ ၎င်းပြာတမူး။ စိန်ပြာတမူး။ ၎င်းပြာနှစ်ပါးတ မတ်သားနှင့်။ ဒန်တဆယ်ကျပ်တွင်ပစ်။ နွားချေးပအုန်းရေ၌သွန်၊ တဆယ်လျော့ သော်၎င်း ရှစ်ကျပ်သော်၎င်း ကြေးဖြူအင်္ဂမတ္တဖြူစွာစနဖြစ်၏။

ဒန်သတ်စီရင်နည်းကား။ ။ သုတတကျပ်ကို။ အပြစ်စင်စွာထုတ် နေပြင်းစွာ လှမ်း။ ဆေးခေါင်းကိုသံပုရာရေနှင့်ဖျော်။ အကြိမ်များစွာစရနယ်။ ပုဝါနှင့်စစ်၍ယူ။ ရွှေတမတ်ကို။ မြေတဆ။ ဆားတဆကြိတ်။ သံပုရာရေနှင့်စရနယ်။ အိုး၌သွင်း။ အလုံမီးပြင်းဖုတ်။ အချိန်သင့် မသင့်ဖွင့်၍ကြည့်။ သံချောင်းနှင့်မွှေ။ ရွှေစင်စေ။ အရည်ဖြစ်အောင် အလင်းထိုး။ ထိုအရေဖြင့်။ မြေစဥ့်၊ ကြွေအစရှိသည် တို့၌လောင်း။ ကျောက်သားစသည်တို့နှင့် စရနယ်။ ဆန်ကွဲကြဲယောင်ရှိသည် ကာလ။ ပြတားနှောကြိတ်။ ညက်လျှင်။ ဆင်စွယ်ကော် ဇဝက်သာ၊ ကြည့်ပြီးမှ နှော။ အတောင့်လုပ်၍ထား။ လိုရာအထည်ကို မီးကင်။ သင့်တင့်ရာရေးလေ ဒန် သတ်ရွှေရေးနည်းပါတည်း။

ကြေးနီအချိန်တဆယ်။ ဘင်ငါးကျပ်။ သွန်းကြေးအချိန်တဆယ်ကျပ်။ သုံးပါး ပေါင်း၍ အရေလင်းအောင်ထိုး။ ကင်မွန်းချဉ်ရေ၌သွန်။ ။ ယိုးဒယားကြေးဖြူဖြစ် ပါသည်။

ဒန်ဖြူစီရင်နည်းကား။ သဘော်သီးအညှာကိုဖြတ်၍ယူ။ လူ၏ဂူထ ကရီ သတည်းဟူသည်သောဆေးကိုထည့် စိန်နီမြင်းသွား။ တဆယ်ကျပ်ကိုအမှုန့်ပြု၊ အိုး၌ထည့်။ ပုဆိုးကြမ်းမြေနှင့် ဖော်ဂျီသုံးထပ်မံ။ သွေ့အောင်နေလှမ်း။ ဖွဲတတင်း ကျွမ်းအောင်ဖုတ်။ မြောက်ဆိတ်အခေါက်အရွက်မြေပုံခရမ်းဖယောင်း။ ခရမ်းက ဇော့။ ခတ္တာဥ။ ၎င်းတို့ကိုညက်စွာကြိတ်။ ၄က်ပျောသူငယ်စာရေနှင့်။ ယခင်ဆေး တို့ကိုစိမ်၊ ပြုပ်ကောင်းနှစ်ကျပ်။ ကန့်ကြုတ်နီနှစ်ကျပ်။ ၎င်းတို့ကိုသံပုရာရေနှင့်။ အညက်ကြိတ်။ ၎င်းဆေးဖြင့်စိန်ကိုမံ၊ ဖော်ဂျီသုံးထပ်မံ နေသွေ့စွာလှမ်း။ ဖွဲတ တင်းနှင့်ဖုတ်။ ၎င်းစိန်ကိုအုပ်ရှစ်သီးထည်း၌ထည့်။ ရေနံအနည်းငယ်ထည့်ပြီးမှ ဖုတ်။ စိန့်နံလာလျှင် အလိုလိုချမ်းစေ။ ၎င်းစိန်ကိုဆီမှာကျော်။ ရစ်ကြိုးကဲ့သို့ရှိ၏၊ ဒန်တဆယ်ကျပ်တွင်၊ တမူးပစ်။ ဆေးရေတွင်သုံးကြိမ်သွန်။ ဒန်ရှစ်ကျပ်။ ဘော် နှစ်ကျပ်စပ်၊ ဒန်ဖြူဖြစ်၏။

တနည်းကား။ ။ ကြက်သွန်နီနှစ်ကျပ်။ ပြေပ်ကောင်းနှစ်ကျပ်။ ကန့်ကြုတ်နီနှစ်ကျပ်။ ၎င်းတို့ကိုကြိတ်-စိန်ကိုမံ ပြင်ကဇော်ဂျီသုံးထပ်မံ။ ဖွဲတတင်းနှင့်ဖုတ်။ တဘာန်၎င်းစိန်ကို။ အုပ်ရှစ်သီးထဲ၌ထည့်။ ရေနံနည်းနည်းထည့်၍ဖုတ်။ စိန်နံ့လာလျှင်အလိုလိုချမ်းစေ။ ၎င်းစိန်ကိုဝက်ဆီမှာကျော်။ ရစ်ကြိုးကဲ့သို့ရှိ၏။ ဒန်တဆယ်တွင် တမူးပစ်။ ဆေးရေတွင်သုံးကြိမ်သွင်း။ ဒန်ရှစ်ကျပ်။ ငွေနှစ်ကျပ်စပ်။ ။ ဤသည်လျှင် ဒန်ဖြူစီရင်နည်းပါတည်း။

ဒ န် ဖြူ စီ ရ င် န ည်း ပြီး ၏ ။

မိုဃ်းကြိုးစီရင်နည်းကား။ ။ ယိုးဒယားကြေးဖြူတကျပ်။ ကြင်သီကြေးတကျပ်။ ကြေးဝါတကျပ်။ ၎င်းသုံးပါးကို။ ခေါင်ရမ်းမြစ်လက်ချား။ အမှျစီစု။ အောက်အထက်နှီးလုံပိတ်ထိုး။ အရည်ပျော်လျှင်။ ဆေးမှုန့်ဖြူး။ အလင်းကြို၊ သံပုရာရေ မန်းကျည်းအသီး။ အရွက်ရေ။ ချဉ်ပေါင်ရွက်။ အသီး၎င်းရေတို့၌။ အညှိစင်အောင်သွန်။ ပွတ်၍ကြည့်။ အညှိစင်ကြယ်သော်။ ပရုပ်တကျပ်၊ ရွှေတမူးရော။ ကြေးနက်မိုဃ်းကြိုးဖြစ်၏။ ။ ကြေးနီ ကြေးနက် တကျပ်စီ။ ကြေးဝါရှစ်ပဲ။ အလင်းကြို။ ။ မိုဃ်းကြိုးစီရင်နည်းတည်း။ ။ ဘင်သတ္တုတကျပ်။ တရုပ်ကြေးဖြူစင်တကျပ်။ ၎င်းတို့ကို အလင်းကြို၊ နွားချေးပအုန်းရေ၌သွန်။ ။ ကြေးဖြူဖြစ်၏။ သဘော်ာမြစ်-ဝဋ-၎င်းနှစ်ပါးကို။ အရက်နှင့်စိမ်။ ၎င်းအရေဖြင့်စိန်ကိုပြုတ်။ ။ စိန်သေဖြစ်၏။

သဘော်ာရွှေခုနစ်ဆိုင်း။ ကြေးနီတဆယ်ကျပ်ကိုကြို။ အရေလင်းလျှင် စိန်တကျပ်ခပ်။ အလုံထိုးလက်ချားပြာတကျပ်ခပ်အုပ်၍ထိုး။ အရေလင်းသောအခါရှင်ပါကူရွက်ကိုခပ်။ ၎င်း။ အရိုးနှင့်မွှေ။ စိန်ရှစ်ပဲသားကိုခပ်။ အလင်းအုပ်၍ထိုး၊ ၎င်းနည်းမွှေ။ အရေလင်းစေ။ မီးနာစေ။ အကြိမ်များစွာ အသား ညက်အောင်ရေမှာသွန် တဆယ်ကျပ်လျှင်။ နှစ်ကျပ်တန်သည်။ သုံးကျပ်တန်သည်သွင်း။ အထည်လုပ်သည်ကာလ။ သပြေသီးမှည့်နေရုံဖုတ်။ အထည်ကောင်းရ၏။ ။ ကြေးနီတကျပ်ကို။ ပြတားပွတ်ရွှေချ။ ၎င်းကဲ့သို့ သုံးကြိမ်ပွတ်။ သုံးကြိမ်ချ။ မံရမည်ဆေးကား။ စိန်တမတ်။ ဒုတ္ထာတမတ်။ ကန့်ကြုတ်နီတမတ်။ သုံးခါကြိတ်၍မံ။ သုံးခါနေလှမ်းပြီးလျှင်။ အလုံထိုး။ ၎င်းနောက်တကျပ်တွင်။ သွတ်တမူး။ ဘော်တကျပ်နှင့် အလင်းထိုး။ ရေနံမှာသွန်။ ဘော်အလေးအသားအတိုင်းတင်စေ။ ဘော်နီ၏နက်၏။ ၎င်းဘော်တကျပ်ကို။ ရွှေနိုင်းချင်းစပ်လေ အပြီးတိုင်၏။

ယွန်းဘုရင်ထံမှဆက်သအပ်သော-ပညာစုကိုပြပေအံ့။

ဆေးဒန်းပေါက်ပေါက်ပွင့်ကဲ့သို့။ ဖွဲ့၍သေပုံနည်းကား။ ။ ဆေးဒန်းတဆယ်ကျပ်။ ကင်ပလင်းရွက်အစိုကို။ တပြီသားခန့်ရအောင်ထောင်း။ သံအိုးကင်းနှင့်ချက်။ သံယောက်မနှင့်မွှေ။ ၎င်းဆေးကျွမ်းလျှင်။ ကင်းမွန်းချဉ်ရွက်နာနတ်။ ကျောက်ဖရုံပဉ္စဘတ္တ၊ ပြည့်စင်ရွက်၊ ၎င်းဆေးစုနှင့်မွှေ။ ၎င်းဆေးစုကိုကြိတ်၊ မံ၍ဖုတ်။ ဆေးဒန်းသည်။ ပေါက်ပေါက်ပွင့် ကဲ့သို့ဖွဲ့၍သေ၏။

ယွန်းဘုရင်ထံမှ ဆက်သအပ်သောပညာ။

နာပြာစီရင်နည်း။ ။ နာကိုရှားစောင်းကြီးကိုထု၍။ ၎င်းနှင့်ခုနစ်ရက်စိမ်။ ၎င်းဖြင့်မံ၍ဖွဲတတင်းနှင့်ဖုတ်။ ၃–တင်းစေ့အောင်ဖုတ်။ သို့မဟုတ် ထင်းနှင့်မီးပြင်းတိုက်။ နာပြာကျ၏။ ၎င်းနာပြာ။ ကြွေ။ ခဲမဖြူသုံးပါးကို။ သနတ်ထော်။ ထင်းရှူးဆီနှင့်စရနယ်။ လိုသောအခါ (X X) အစရှိသည်တို့မှာပွတ်၊ ရွှေရောင်ပြီး၏။ သနတ်ထော်ကိုနှုတ်၍။ ထင်းရှူးဆီနှင့်စရနယ်။ ကြေးနီကိုပွတ်။ ငွေရောင်ပြီး၏။ ။ ရွှေမီးကုန်တကျပ်။ ဒုတ္ထာကိုလက္ခားရေဖြန်း၍အလုံထိုး။ ဒုတ္ထာသုံးကျပ်ကုန်စေ။ ၎င်းသတ္တုကို ရေနံတွင်။ ခုနစ်ကြိမ်သွန်။ ဘော်တကျပ်တွင်အလေးတူစပ်။ ။ သဘော်ဟုံးရွှေအနုစီရင်နည်းတည်း။ ....

သွတ်သုံးကျပ်။ ခဲပြာသုံးကျပ်ရော၍ထိုး။ ထုချေပြီးကာလ။ ဖွဲမီးမှာသုံးရက်အုံး၊ ဒန်တကျပ်တွင်တမူးပစ်။ ထင်းရှူးဆီ၌သွန်။ ။ သဘော်ရွှေဒန်သတ်စီရင်နည်းတည်း။... ...၊ သံကိုကြေးနီရောင်ကဲ့သို့ဖြစ်အောင်စီရင်နည်းကား၊ ၊ ဒုတ္ထာစစ် တကျပ်ကို။ သံပုရာရေနှင့်သွေး။ ပြစ်ပြစ်ရှိကာလ။ သံပြားကိုပြောင်အောင်တိုက်၊ ကျောက်မှာယခင်ဆေးရေနှင့်သုတ်၊ ပွတ်တိုက်မြဲ။ ။ ကြေးနီရောင်ကဲ့သို့လာ၏။ ။ ထင်းရှူးဆီ။ သစ်ကြားဆီ။ ရေနံတပါးပါးသုတ်ပြီးကာလ။ ဖွဲမီး၌အုံး။ ။ သင့်လျှင်ယူ။ ကြေးနီရောင်ကဲ့သို့ဖြစ်၏။

ပရင်းတုစီရင်နည်းကား။ ။ ကျွဲဖြူရေကိုမီးဖုတ်။ ရေစိမ် အပေါ်ကချေးတို့ကိုစင်ကြယ်စွာခြစ်ပစ်။ ရေစိမ်၍ထားစင်အောင်ရေဆေးပြီးလျှင်။ ရေထည့်၍ကြို။ မချစ်မတူးစေရ။ လောက်စာလုံးကဲ့သို့ရှိသောအခါ။ သီတင်းမှုန့်နှင့်ဖျော်။ သင့်ရုံထည့်။ သမအောင်မွှေ။ လိုရာနားဍောင်းလုပ်။။ တနည်း။ ကျွဲကော်နှင့်ထမင်းခြောက်မှုန့်။ ထက်ဝက်စပ်က။ ပရင်းတုဖြစ်ပါသည်။

ကျောက်ဆိုသမျှ။ ရုပ်ဆိုသမျှ။ သတ္တုထုတ်ဆေးကား။ ။ မနိသြဃ၊ သစ်ဆွဲလဲ (သစ်ဆည်းလည်း) ဟူ၏။ သစ်လင်းတ။ အုန္နီ။ ကေရာဇာ။ သစ်ပုလွေ (သစ်မြွေဟူ၏) ဘုမ္မရာဇာ။ သီဟရာဇာ။ ၎င်းဆေးတို့ကို။ အမှုန့်ထောင်း။ သတ္တု။ ရုပ်တို့

ကို။ ထန်းရေငင်းဆေးနှင့်စရနယ်။ အထက်အောက် နှီးမိုက်အင်ဦထည့်၍ထိုး။ သတ္တုစစ်ရ၏။ ။ ယခင်ကျောက်သတ္တု။ သံ။ ရုပ်ဟူသမျှတို့ကို အရေဖော်နည်းကား။ ။ မိုက်ထုတ်ချော် ဒိ။ ဒန့်ကျွဲစွေ ဒိ။ တေလေကျော်တကျပ်။ သုံးပါးတို့ကို ပေါင်း၍ကြိတ်။ ယခင်၊ သတ္တု၊ သံ၊ ရုပ်တို့ကို၊ မိုက်ခွက်နှင့်အလင်းထိုး။ ရဲရဲရှိလျှင်။ ထိုဆေးမှုန့်ကိုခပ်။ အထက်ကပြကဲ့သော သတ္တုဟူသမျှတို့သည်။ ဆီကဲ့သို့ အရည်ကြည်၍ ပျော်၏။

ယွန်းဘုရင်ဆက်သအပ်သောပညာခဏ်းပြီး၏။

ဇင်းမယ်ဘုရင်ကဆက်သသော။
ပြာအမျိုးမျိုးစီရင်နည်းကိုလျှောက်ပါအံ့။

ထိန်း။ ထန်း။ ကုတ်ကိုသပြေ။ ထနောင်း။ နပူး။ ဆူးရစ်။ ဩဇာ။ မန်းကျည်းပွေး။ စစာဆန်နံနွင်းခါး။ ထိုဆေးစုကို အမှုန့်ပြု။ ညက်အောင်ကြိတ်၊ ဘင်ကိုပါးပါးခပ်။ သေးသေးပြုလုပ်။ ဆေးတထပ်ဘင်တထပ်။ လုံ၍ဖြစ်စေ။ မီးခံအိုး၍ဖြစ်စေ။ ထည့်။ ဇော်ဂျီသုံးထပ်မံ။ နေသုံးရက်လှမ်း။ ဖွဲမီးဖြင့်ဖုတ်။ ။ ဘင်ပြာကျ၏။

ဒန်ပြာစီရင်နည်းကား။။ သုတ-တမူး။ ဆေးဒန်းရှစ်ပဲ။ ခုန်ညင်းဆံ ဒိ၊ ပဥ္စဘတ္တာသုံးကျပ်။ ၎င်းဆေးစုကို ညက်စွာကြိတ်။ ကြေးနီအင်တွဲတွင်သွင်း၊ အလုံပိတ်။ ဇော်ဂျီသုံးထပ်မံ။ နေလှမ်းခြောက်သွေ့သောအခါ။ ထင်းနှင့်၎င်း၊ မီးပြင်းဖုတ်။ မီးသွေးနှင့်သော်၎င်းထိုးပြာကျ၏။

တနည်းကား။ ။ ဟင်းဂရုံ။ ကြက်သွန်နီ။ ထန်းဖိုဦးထန်းလျက်။ ၎င်းတို့ကို ဒန်အပြင်ကမံ၊ မိုက်လုံဖြင့်။ အပြင်းထိုးပြာကျ၏။ ။ တနည်းကား။ ။ နာကိုသံဒယ်နှင့်ကြို။ ရှားစောင်းအမြစ်အစေးခပ်၍မွှေ။ နှစ်ရက်သုံးရက်ချက် နာပြာကျ၏။ ....တနည်းကား။ နာကိုချေးချွတ်။ ပါးပါးခတ်။ ကပ်ကျေးစာပြု။ သံဒယ်ကိုစင်စွာပွတ်တိုက်။ ဆေး၍ပစ်။ နာ (၁ဝိ) လျှင်။ ကွမ်းရွက်စိမ်းထောင်းပြီး အရေ (၃ဝိ) နှင့်ဖြန်းခါသံရောက်မဖြင့်မွှေ။ နံက် ၄ ချက်တီးကသည်။ ညနေ ၃ ချက်တီးအောင်ခဏခဏမွှေလျှင်။ ပြာနီစွာကျ၏။ ကွမ်းရွက်စိမ်းအဖတ်ကိုလည်း ထည့်လေ။ ဝါဝါလိုသော်။ မီးကြာရှည်စွာဖြင့်။ ချက်ဝါ၏။ နာပြာသေ မသေ။ စန်းလိုသော်။ ပျားရည်နှင့် ထည့်၍မွှေမသေက။ နာအတိုင်းဖြစ်၏။

ဒန်ကိုပြာပြုလုပ်ထုံးကား။ ။ ဟင်းဂရုံ။ ကြက်သွန်နီ။ ထန်းဖိုဦးထန်းလျက်။ ၎င်းဆေးတို့ကို အမှုန့်ညက်စွာကြိတ်။ ဒန်၏ ပြင်ကမံ။ မိုက်လုံနှင့်အပြင်းထိုး။ ဒန်

ကိုပြာကျ၏။ .... နာကိုပြာပြုလုပ်နည်းကား။ ။ နာကိုချေးစင်စွာချွတ်။ ။ သံအိုးကင်း၌ထည့်။ မီးပြင်းပြင်းတိုက်။ ရှားစောင်းအမြစ်အစေးခပ်၍မွှေ။ နှစ်ရက်သုံးရက်ငင်းနည်း ပြုလုပ်ကပြာကျ၏။

ဇင်းမယ်ဘုရင်ထံမှရသော၊ ပြာနည်းပြီး၏။

၁၁၂ ~ 112

အနန္တပြာဖေါ်နည်းကား။ ။ ဆပ်ပြာဆယ်ကျပ်။ ဆေးဒန်းဆယ်ကျပ်။ လက်ချားဆယ်ကျပ်။ မဖေါက်ထုံးဆယ်ကျပ်။ ၎င်းတို့ကို။ ညက်စွာကြိတ်။ ဖွဲတတင်းနှင့် ပဋ္ဌမဖုတ်။ ၎င်းနောက်နှစ်တင်း။ ၎င်းနောက်သုံးတင်းဖုတ်။ အလိုလိုချမ်းစေ။ လုံကိုခွဲယူပြီးခါ။ လုံသစ်၌ထည့်။ မီးသွေးကောင်းဖြင့်ထိုး။ ဆေးဒန်းတဆယ်ကျပ်ကုန်အောင်ပစ်။ ပြာကျ၏။ ၎င်းပြာတကျပ်ကိုယူ၍။ ဘင်မှာပစ်။ ပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ သွတ်မှာပစ်။ ပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ ဂ္ဂျတ်မှာပစ် ပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ သံကောင်းကောင်းမှာပစ် ပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ သုတကိုအထက်အောက်နှီး။ လုံပိတ်ထိုးပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ ဘော်မှာပစ် ပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ နာမှာပစ်။ ပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ ဒန်မှာပစ် ပြာကျ၏။ ၎င်းပြာက ၁ိ ယူ။ ရွှေမှာပစ်။ ရွှေပြာကျ၏။ ။ ဤကား၊ အနန္တပရံပရပြာ ပြုလုပ်ပုံနည်းပါတည်း။

၎င်းပြာကိုသုံးရန်နည်းကား။ ။ နာပြာကို။ သလိပ်နာ။ ကြင်ပူနာ။ ရိနာရှိသူတို့ကိုပေးရပါသည်။ ။ ဂ္ဂျတ်ပြာကို။ ဒူလာခြောက်ပါး ရောဂါရှိသူကို ပေးရပါသည်။ ။ သံပြာကို မီးယပ်နာ။ ပိန်ကြုံလှီသော အနာရှိသူကို ပေးရပါသည်။ ။ ဘင်ပြာကို။ အဖျားအမျိုးမျိုး နာတာရှည်စွဲသူ။ လေနာ။ နူနာဆယ်ပါးရှိသူတို့အား ပေးရပါသည်။။ သွတ်ပြာကို။ သည်းခြေနာ ရှိသူတို့အား ပေးရပါသည်။ ။ ဒန်ပြာကို။ သလိပ်ပုပ်နာ။ ကိုယ်ရောင်နာရှိသူအား ပေးရပါသည်။ ။ ဘော်ပြာကို။ သွေးပယောဂနာစွဲသူကို ပေးရပါသည်။ ။ ရွှေပြာကို။ သန္နိပတ်။ အဘိညာဉ်ခြောက်ပါး ငန်းနာ။ မန်းနာ ရှိသူတို့အား ပေးရပါသည်။ အဆင်းလည်းလှပပါသည်။

အိပ်မပျော်။ စားမဝင်နေထိုင်မဖြစ်။ ဆေးများစွာ။ ဓါတ်စာတို့နှင့်မတွေ့မထည့်။ မပျောက်နိုင်ခဲ့သော်။ ။ အထက်ကပြာအလုံးစုံကို ပေါင်း၍။ ပြာတကျပ်။ ဆေးဒန်းတဆယ်ကျပ်။ ပေါင်း၍ထိုးပြာကျ၏။ ၎င်းပြာကိုကား။ ကိုးဆယ်ခြောက်ပါး ရောဂါဝေဒနာ ရှိသူတို့သုံးစွဲက ချမ်းသာစေပါသည်ဘုရား။

၁၁၃ ～ 113

ဘော်ပြာဆားပြုလုပ်ပုံကား။

ဘော်တံစင်းစာတကျပ်။ စိန်နီမြင်းသွားတဆယ်နှစ်ကျပ်။ ကန့်တဆယ်နှစ်ကျပ်။ ပြတားတဆယ်နှစ်ကျပ်။ တဆယ်နှစ်ဆင့်ရှောင်ဖမ်းလေ။ ။ ရှေးဦးစွာ ဒယ်အိုး၌။ ဘော်တံစင်းစာ တကျပ်။ ကန့် ဒီ။ စိန်နီ ဒီ။ ပြတား ဒီ။ ၎င်းလေးပါးကို သံပုရာရေနှင့်ကြိတ်၊ ဒယ်အိုးအတွင်း၌ထည့်။ အပေါ်ကကြွေ ပုဂံအုပ် (စဖိုလယ်ပြာ-သံပုရာရေ-ထမ်းရေတို့နှင့် ကြိတ်ထိုကော်ဖြင့်ထေး) မီးတဖြည်းဖြည်းနှင့်ဖုတ်။ ပြာကျ၏။ ၎င်းနောက်ဆေးရင်း အားလုံးကိုထည့်။ စိန်နီ ဒီ။ ပြတား ဒီ။ ကန့် ဒီ။ သံပုရာရေနှင့်ကြိတ်။ ထပ်ပြီးလျှင်ဖမ်း။ ၎င်းကဲ့သို့တဆယ်နှစ်ဆင့်ဖမ်းလေ။ ။ ကော်ဆေးနည်းကား။ ။ ကြေးနီငါးကျပ်ကို အရည်ကြို။ ဂျွတ်ငါးကျပ်။ ဘင်ငါးကျပ်ထပ်၍ ထည့်ပြီးလျှင်။ ကျောက်ပျဉ်မှာသွန်၊ သေအခါအမှုန့်ထောင်း။ ပျားရည်နှင့်နယ်။ ကော်ဖြစ်၏။ .... ဆေရင်း ဒီ။ ဆားတဆယ်နှင့်မီးနာနာဖုတ်။ ... တနည်းကား။ ... ဘော်ပြာ။ ငါးမူး။ စိန်နီ ငါးမူး။ ကျောက်ချဉ်တကျပ်။ ဇဝက်သာ ဒီ။ ဆားငါးဆယ်ကိုအိုး၌ထည့်။ ဇော်ဂျီသုံးထပ်မံ။ သွေ့ခြောက်အောင်နေလှမ်း။ ထင်းမီးဖြင့်ပြင်းစွာဖုတ်။ တညဥ့်ဖြစ်စေ။ တနေ့ဖြစ်စေဖုတ်။ ဆားသတ္တုကျ၏။ ၎င်းဆား သတ္တုကို ထောင်း။ အမှုန့်ရလျှင် ဖလ်လင်း၌လေလုံစွာထား။ ။ ပြာ၏ကျေးဇူးကား။ ။ အုန်းရေ၌ဖြစ်စေ။ ပျားရည်။ ဆော်ဒါဆား။ အဖျော်၌ဖြစ်စေ။ တဆယ်ကျပ်လျှင်။ ပြာတပဲသားထည့်၍ သုံးဆောင်က။ ကိုးဆယ့်ခြောက်ပါးရောဂါကင်းပျောက်၏။ ။ ဘော်ပြာကိုသုံးနည်းကား။ ။ ထောပတ်-၁ဝိ။ နွားနို့ တဆယ်ကျပ်။ ဆိတ်နို့ တဆယ်ကျပ်။ တင်လဲတဆယ်ကျပ်။ ယခင်ဆား သတ္တုပြာ - ဒီ။ ဘော်ပြာတပဲထည့်၍စားက။ အာယုဝဍ္ဎန အကျိုးကိုခံစားရ၏။

ဘော်ပြာစီရင်နည်းကား။ ။ ဘော်ကိုခွေးတောက်။ ကင်မွန်းစေ့။ ပဒိုင်းစေ့။ သုံးပါးနှင့်အလုံထိုး။ ထုံခွက်လုပ်။ သုတတင်။ ကင်းပလင်းမြစ်ကို။ သံပုရာရေနှင့်သွေး၍စရနယ်။ ယခင်ထုံပြတားကိုထား။ ထိုကင်ပလင်းမြစ်ကိုပင် သံပုရာရေနှင့် ကြိတ်၍ထားဦး ... ၎င်းဘော်တွဲအခဲတွင်။ ထပ်ပြီးလျှင်မံ။ ဆားကိုအိုးကင်းအလည်၌ထည့်။ အလယ်မှာ သုတသွင်း။ ၎င်းနောက် ဘော်ကိုလည်းချေ။ စက္ကူရစ်၍သွင်း အန္တံပိတ်။ အလုံထိုး၊ ရဲရဲရှိလျှင် အလိုလိုချမ်းစေ။ တဖန်ဖွဲမီးနှင့် ဖုတ်ပြာကျ၏။

မောရပဗ္ဗာကျောက်နှင့်ဘင်ကိုလေးစုတွဲ၍ထိုး။ ဘင်သည်ထုံးဖြစ်၏။ ... ၎င်းက-တဆင့်လိုရာ၌ပစ်လေ။

တနည်းကား။ ။ စစာဆန်။ နံနွင်းခါး။ မိုဃ်းနန်ပဥ္စငါးပါး။ ၎င်းသုံးပါးကို အမှျစီပြု။ ညက်စွာကြိတ်။ ဘင်ကိုသေးသေးပြုလုပ်။ ဘင်တထပ်ဆေး။ တထပ်မံ။ ပြီးသည်ကာလ။ ဇော်ဂျီသုံးထပ်မံ။ မန်းကျည်းသားထင်းနှင့် ဖုတ်မီးသင့်စေ။ ပြာကျ၏။ ။ ဘင်ပြာ။ ဒန်ပြာစပ်၊ သံပုရာရေနှင့်စရနယ်။ နေလှမ်းပြီးသည်ကာလ။ သင်ဖြူကန့်ကြုပ်ဖြူပဥ္စငါးပါး၊ ၎င်းဆေးစုနှင့် ဆေးတထပ်ဒန်တထပ်သွင်း။ ဖွဲမီးဖြင့်ဖုတ်။ နီစွာပြာကျ၏။ ...တနည်းကား။ ၊ ဒန်ပြာမြေဖြူ။ သစ္စေးဆေးဒန်း။ လေးပါးကို သင့်လျော်အောင်ဖျော်-စကားရောင်စီရင်နည်း ... ငွေရောင်ပြာစီရင်နည်းကား။ ။ ဆူးပုတ်ရွက် အချိန်တဆယ် ကျပ်တွင်။ ဆားတကျပ်ညက်စွာကြိတ်၍နှော။ ၎င်းအရေတွင် ရွှေရောင်ပြားကို ထည့်၍ပြုတ်လေ။

ပြာနည်းပြီး၏။

၁၁၄ - ၁၁၆ ～ 114 – 116

ရဟန္တာအရှင်ငါးပါးတို့အခဏ်း။

ထို့နောက်မင်းဧကရာဇ်နှင့်။ မိဖုရားခေါင်ကြီးနှစ်ပါးတို့သည်။ ပြောပ၍မပြီး။ ချီးမွမ်း၍မကုန်။ ပီတိဟုန်လှုံ့ဆော်အပ်သဖြင့်။ နေပြည်တော်၌။ ဝန်ရှင်တော်မင်းကြီး။ အမတ်ချုပ်အရာကို။ ခန့်အပ်ချီးမြှင့်တော်မူပြီးခါ။ ပြည်တော်ဝန်းကျင်။ ရပ်ခွင်တိုင်းကျော်။ ရွှေစည်တော်လှည့်စေ၊ မိမိတို့၏။ အိမ်ရှေ့ အိမ်နောက်တို့မှာ။ သာယာအောင်ပြုပြင်။ ရာဇမှတ်သဲဖြူခင်း။ မြေတွင်ခိုးငွေ့။ မသန့်လေ့ရှိကုန်ကြသည့်။ ပြည်တွင်းပြည်ပ။ မကျန်ရအောင်။ ခန်းနားတင့်တယ်စွာစီမံကြရမည်။ မဟာဝိဟာရရုံသီမည်သော။ ကျောင်းတော်ကြီးကိုလည်း။ အသျှင်သာသနာတော်ပိုင်။ ဆရာတော်ဘုရားကြီးအား။ လျှောက်ထား၍။ ကောင်းမွန်စွာ။ ပြင်ဆင်မွမ်းမံ ချယ်လယ်။ အသွယ်သွယ်အထည်အလိပ်။ ဖိတ်ဖိတ်လျှံသန်း။ ဗြဟ္မာနန်းသို့။ ထူဆန်းမိုးကာ။ ပိတာနာမယုတ်၊ ကုက္ကားတံခွန်၊ မွန်းချွန်စုံလစ်။ ပတ်ရစ်ပန်းပွား။ ယမားယပ်ဆည်း။ သားမြီးကမ္ဗလာ။ သာခါညောင်ရွက်။ ကနက္ကတန်ထီးရံစိုက်ထူ။ မြင်သူရှုမော။ ငှက်ပျောအုန်းညွန့်။ ထပ်တွန့်ပန်းခက်။ ဆက်လက်မချို့၊ မြို့လယ်ဌါန၊ ဘူမျှအရပ်၌လည်း။ ပရိသာတ်များစွာ။ ဝင်လာတည်းခို။ မငြိုငြင်ရ။ မဏ္ဍပ-စရပ်။ သင့်မြတ်ဆောက်လုပ်။ သေးနုပ်မပါ။ ကြီးစွာ

ဘန်ဆင်းကြရမည်။ ဂန္ဓာရတိုင်း။ ပြည်တဂိုဏ်းမှ။ ကြည်လှိုင်းမကွာ။ ပါလာသော၊ လောကီပညာတတ်။ အမတ်တို့ကိုလည်း။ မည်ထူး၌ါနန္တရ။ ဟဒယရှင်ဧ၊ တော်မည့်သူကောက်ရွေးလျက်။ အလေးဂရု။ အမတ်ကြီးကပြုစုစီမံပြီးလျှင်။ လောဒီစားသို့နှင်းအပ်၊ မလပ်ခိုင်ဖြိုး။ ကြီးကျယ်သောအလုပ်ရုံကိုဆောက်စေ၍။ တနေ့ကို လူပေါင်းနှစ်ရာထက်မနည်းစေရ။ ပညာတော်သင်စေရမည်။ သုံးလစေ့ရောက်။ တတ်မြောက်အောင်မြင်သောသူတို့ကို။ ရာထူးအကျော်။ ချီးမြှင့်တော်မူမည်ဟု။ အမိန့်တော် မှတ်ပြီးလျှင်၊ ....။ "သတိုးသီရိသုဓမ္မ ကဝိစိန္တာမဟာသုခမိန်"။ ဇင်းဘာမြို့။ မေတ္တာနှစ်မြို့စား။ အဂ္ဂမဟာသေနာပတိ။ နေပြည်တော် ဝန်ကြီးချုပ်။ ခန့်တော်မူ၍။ အရပ်ရပ်လွှဲအပ်တော်မူလေသည်။ တရက်နှစ်ရက် အတွင်း၌။ မြို့တော်ကိုစီမံတော်မူပြီးခါ။ အချင်းပြည်သူပြည်သားတို့။ ငါးပါးပဥ္စသီ။ အဌင်္ဂီဥပုသ်တို့ကို။ ကြိုးကုပ်စောင့်ရှောက်။ ဆောက်တည်ကုန်လျက်။ မန်း ကြက်လျှာဆီမီး၊ ထိန်ညီးကော်ရော်။ ပူဇော်ကြကုန်၍။ အောင်သာဝတီ။ ပူရီ အကျော်။ ပြည်တော်သို့။ မြင်မြော်တိုင်းကား။ လူအများတို့အား၊ တရားဒေသနာ။ တိုက်ကျွေးငှါဟု။ ကရုဏာရှေ့ထား၊ ကြွလာတော်မူပါဘုရားဟု။ (မဟာဃောသိ တရဟန္တာ) မထေရ်ကို။ ကြည်ရွှင်တသ။ ပင့်လျှောက်ကြကုန်လောဟု။ ။ မိန့် တော်မူသည့်အတိုင်း။ စည်လှည့်မောင်းခတ်။ အထိန်းအမှတ်ကြီးတခု။ ပြုလုပ်ကြ လေကုန်သည်ကာလ။ (၂၂—ခု) နယုန်လပြည့်နေ့။နံက်လေးချက်တီး။ နေဝန်း ထွက်ပေါ်လာသည်နှင့်တပြိုင်နက်။ ပရိက္ခရာရှစ်ပါးကိုလွယ်ဆောင်လျက်။ ကောင်းကင်ခရီးဖြင့်၊ အံ့ချီးဒေသစာ၊ ကြွလာတင့်မြန်း။ မြေနန်းတော်ရှေ့အခင်း၌။ ဆင်းသက်ရပ်တံ့တော်မူသည်ကို။ ဘုရင်ကေရာဇ်မင်းမြတ်နှင့် မိဖုရားကြီးတဖြာ။ ရာဇဂ်နဝယ်။ နေထိုင်စည်းဝေး။ ဆွေးနွေးခစားခါနေကြကုန်သော။ ပရိသာတတ် တို့သည်။ မပြောတတ်နိုင်။ ရှက်ပြိုင်လက်အုပ်။ ဝပ်တုပ်ငုံ့လျှိုး။ ရှိခိုးကော်ရော်။ ပူဇော်အံ့သြ။ မြန့်ကြောပထဗျာ။ တုံဟည်းငြာလျက်။ နှစ်ဖြာမြေလက်။ ကွဲအက် ခမန်း။ ထူးဆန်းပေါ်ထင်။ တော်လျောင်လည်း။ ပွဲတင်ကြည်းသကဲ့သို့ ဖြစ်လေကုန် သတည်း။ ။

ရဟန္တာအရှင်ငါးပါးတို့ကလည်း။ ဤသို့မေးတော်မူလေ၏။ ။ ဤပြည်ကို အစိုးရသောမင်းကား။ အသူနည်း။ နရုတိမင်းကလည်း။ အရှင်ဘုရား ဘုရာ့ တပည့်တော်ပင်တည်းဟု။ ရိုသေစွာလျှောက်လေလျင်။ သပိတ်တော်နှင့်တကွ။ ပရိက္ခရာကို။ မင်းအားအပ်တော်မူလေ၏။ မင်းကေရာဇ်ကိုယ်တိုင်ယူဆောင် လျက်။ နောက်တော်မှ။ စစ်သူကြီး။ မှူးမတ်တို့နှင့်။ ယခင်စီမံ၍ထားအပ်သော။ သင့်တင့်လျောက်ပတ်သော။ နေရာတော်သို့ပင့်ဆောင်။ ပို့ရောက်ပြီးနောက်။

လျှောက်သည်မှာ။ အသျှင်သူမြတ်တို့ ကြွလာတော်မူခြင်းကို။ အလွန်အထူး။ ကျေးဇူးတင်ပါသည်။ ကြည်ရွှင်ဝမ်းသာ။ ဝမ်းမြောက်စွာဖြစ်ပါသည်။ ဒေသနာဓမ္မကိုလည်း။ နာကြားခံယူရန်စေ့ဆော်။ မြော်ခေါ်တောင်းတလျက် နေရပါသည်ဘုရားဟု။ လျှောက်ထားလေရာ။ သင်တမူကား။ အခြားသူမဟုတ်။ ငါ၏သားပင်ဖြစ်ခဲ့ဘူး၏။ သင်မင်းကြီး မိဖုရားကား။ ငါ၏မယ်တော်။ နောက်ဘဝကဖြစ်ခဲ့ဘူး၏။ ဤသို့ဇာတိသရဉာဏ်။ ပုဗ္ဗေနိဝါသဉာဏ်ဖြင့်။ မြင်တော်မူသည့်အတိုင်း။ အမိန့်ရှိတော်မူပြီးနောက်။ ။ ငါတို့လည်း။ ယခုနယုန်လကကို။ လာလတ့်သောနယုန်လဆန်းတရက်နေ့အထိ သာသနာတော်ကိုပြုစုအံ့ဟု၊ မိန့်တော်မူလေ၏။ ။ မြောက်ဥတ္တရကုရုကျွန်းသူတို့။ လှူဒါန်းဆက်ကပ်လိုက်အပ်သော။ ဆွမ်းဘောဇဉ်တို့ကို။ ကျောက်စလုံ။ ကျောက်စိမ်းပုဂံ။ ပုဂံပျားတို့၌ထည့်၍။ နန်းတော်မှချက်ပြုတ်သော။ သူ၏အသက်မပါ။ ဟင်းရွက်ဟင်းသီး သစ်ဥကြော်တို့ကိုငှင်း။ အချိုအမျိုးမျိုးမှစ၍။ စားဘွယ်သောက်ရာ။ ပေါင်းများစွာတို့ကိုငှင်း။ ရှိသေစွာကပ်လှူကြကုန်သည်တို့ကို။ ဘုဉ်းပေးတော်မူပြီးလျှင်။ ဆွမ်းအနုမောဒနာတရားကို။ မဂဓပါဠိဘာသာဖြင့်။ ဟောကြားတော်မူ၏။ ထိုနောက် အမတ်အပေါင်းခြံရံခါ။ ကျောင်းတော်သို့ကြွတော်မူလေသတည်း။ သံဃရာဇာမဟာထေရ်မြတ်နှင့်တကွ။ သံဃာတော်အပေါင်းတို့လည်း။ ဆည်းကပ်ပူဇော်ရာတွင်၊ ငှင်းည၌ပါရာဇိကဏ်ပါဠိတော်နှင့်တကွ။ ပညတ်တော်မူအပ်သော။ ဝိနယဓမ္မတို့ကိုငှင်း။ သစ္စာလေးပါးတရားတို့ကိုငှင်း။ ဟောကြားဆုမ္မတော်မူပြီးမှနောက်။ ငှင်းလပြည့်ကျော်ငါးရက်နေ့နံက်။ နေဆယ်ဘဝါးအချိန်။ သင်္ကန်းသပိတ်ပရိက္ခရာတို့ကို။ အသစ်လဲလျက်။ နဒီသိမ်၌၊ ရဟန်းနှစ်ထောင်ကျော်တို့အား၊ ခုနစ်ရက်ပတ်လုံး။ ဝတ်ကမ္မဝါစာဖြင့်။ တင်မြှောက်ကုန်၏။ ငှင်းလပြည့်ကျော်ဆယ်ရက်နေ့ ကစပြီးလျှင်။ မြို့တော်၏အရှေ့မျက်နှာ။ မင်္ဂလာမဟာမဏ္ဍပ်ကြီးအတွင်း၌။ မင်းစသောမှူးမတ်မိဖုရား။ ပြည်သူပြည်သားအပေါင်းတို့ကို။ ဇာတ်ဝတ္ထုဘုရားဟောဒေသနာ၊ များစွာတို့ဖြင့်။ တန်ဆာဆင်လျက်။ အနတ္တလက္ခသုတ်။ အဘိဏှသုတ်။ မဟာသတိပဋ္ဌာနပါဠိတော်။ ဓမ္မစကြာတရား။ ကာမာဒိနဝဒေသနာ။ သစ္စာလေးပါးတရားတို့ကို။ ဟောကြားဆုမ္မ။ ဩဝါဒပေးတော်လေ၏။ နောက်တနေ့။ ရွှေနန်းတော်၏တောင်အရပ်၊ မင်္ဂလာမဏ္ဍပ်ကြီးအတွင်း၌။ နိဗ္ဗိန္ဒဘာဂီယဉာဏ်။ ရင့်သန်ကြောင်းတရား-သစ္စာလေးပါးတရားတို့ကို။ ဟောကြားတော်မူ၏။ နောက်တနေ့ ရွှေနန်းတော်အနောက်ရပ်။ မင်္ဂလာမဏ္ဍပ်၌။ ဝိပဿနာဉာဏ်ဆယ်တန်ကို။ ဝေဘန်၍ဟောတော်မူ၏။ နောက်တနေ့ ရွှေနန်းတော်မြောက်။ မင်္ဂလာမဏ္ဍပ်၌။ ဘုရားဂုဏ်တော်။ တရားဂုဏ်တော်၊ သံဃဂုဏ်တော်၊ လောကီသမထ။

လောကုတ္တရာ သမထ၊ ဝိပဿနာတရား။ သာသနသောဓနတရား။ သစ္စာလေးပါး တို့ကို။ ခြားနားဝေဘန်၍။ ဟောတော်မူ၏။ သံဃာတော်နှစ်ထောင်နှင့်တကွ။ အရှေ့အရပ်။ တောင်အရပ်။ အနောက်အရပ်။ မြောက်အရပ်တို့၌။ ပိဋကပါတ်ဆွမ်း ကို။ ပြည်သူတို့ထံ။ အလှူခံတော်မူလေ၏။ ပြည်သူအပေါင်းတို့လည်း။ ကွဲကွာနေ ကုန်ပြီးသော။ မိခင်ဘခင်တို့ကို။ တဖန်တွေ့ရဘိသကဲ့သို့။ အလွန်ကြည်ညိုသဒ္ဓါ။ လေးမြတ်စွာဖြစ်ပွားလျက်။ လှူဒါန်းပူဇော်ခြင်း။ ပတ္တိဒါနပြုကြခြင်း-ပတ္တာနုမောဒ နါပြုကြခြင်း။ အသံတို့ကား။ အောက်ထက်ကျော်သဲ။ တော်သံလဲမျှဖြစ် လေကုန်၏။ ။ မင်းကေရာဇ်နှင့်တကွ။ မိဖုရားကြီးငယ်။ အသွယ်သွယ်မှူးမတ်။ ပရိသတ်များပြား။ ပြည်သူပြည်သားအပေါင်းတို့သည်။ တရားတော်လာရှိတိုင်း။ ပိုင်းကြိုး ပေါက်ကြား၊ မမှားမတိမ်း။ မယိမ်းမယိုင်။ ကျောက်စာတိုင်ကဲ့သို့။ ကြံ့ခိုင် လုံခြုံစွာ။ ဝီရိယာမဆုပ်။ လုံ့လထုပ်ခါ။ ကျင့်ဆောင်ကြကုန်သောကြောင့်။ နတ်တို့ သာဓုခေါ်သော အသံကိုကား- လူအပေါင်းတို့ညဥ့်စဥ် ဝတ်တက်ပြီးနောက်။ အမျှ ဝေခြင်း- ကုသိုလ်ကောင်းမှု။ ပြုပြီးမှအဆုံး။ စုရုံးမသွေ့။ အမျှဝေခြင်း - ထိုကာလ တို့၌။ မုချဆတ်ဆတ်။ တတ်အပ်မမှား။ ကြားကြရလေကုန်၏။ ... ... ။ ရဟန္တာငါးပါးတို့၊ ဟောကြားတော်မူအပ်သော။ မဂဓဘာသာသာပါဠိတရားတော်မြတ် ကို။ ကဝိစိန္တာအမတ်ကြီး။ မြန်မာဘာသာပြန်၍။ သံတော်ဆင့်နေမျိုးသခ်ရာက။ ပုရပိုက်ဖြူမူတော်နှင့်။ ရေးယူမှတ်သား။ ထားရသည်များကို၊ ရွှေပြားဖြင့်တဖန်။ စာရေးတော်ကြီး။ နေမျိုးဇေယျဝန်-ပြန်ချီက။ နေ့စဥ်။ ဖြဲတိုက်တော်အတွင်း။ တင် သွင်းခါထားရလေသည်။ ။ အမတ်ကြီးလျှောက်ထားသည့်၊ ထုံးနိပါတ်တို့ကို လည်း - ၎င်းစာရေးတော်ကြီးက—ရွှေပေ၌ ရေးသွင်းထားရလေ၏။ ။ ကြွလာကုန် သောရဟန္တာငါးပါးတို့ကား။ (အရှင်ဃောသိတမထေရ်။ ။ အရှင်တိဿမထေရ်။ ။ အရှင်သောဘိတမထေရ်။ ။ အရှင်ဉာဏသာမိမထေရ်။ ။ အရှင်ဝိဇယမထေရ်။ ။ ဤကားရဟန္တာငါးပါးတည်း။) ထိုရဟန္တာငါးပါးသည်။ သမိုင်း၌ပြဆိုခဲ့သော။ ဗျာဒိတ်ရ။ ပုဂ္ဂိုလ်မြတ်ကြီးတို့။ ဖြစ်ကုန်သတတ်။ ။

ရဟန္တာအရှင်မြတ်တို့လည်း။ ခြောက်ဆယ်နှစ်ရက်ပတ်လုံး။ မနေမနား။ ဟောကြားတော်မူပြီးမှ။ ငါးပါးသောရဟန္တာ။ အရှင်မြတ်တို့သည်။ သုဝဏ္ဏဘုမ္မိ။ သထုံပြည်။ ညီတော်-မယ်တော်တို့ထံမှ။ ပင့်လျှောက်သည်အတွက်။ တဆယ်ငါး ရက်တာမျှ-ကြွလျက် တရားဟောတော်မူပြီးလျှင်။ အရှင်ဓမ္မပါလ-ရဟန္တာမထေရ် ကို။ သာသနာပြုရန်။ ထားတော်မူ၍။ သာကီဝင်မင်းအစစ်ဖြစ်တော်မူပါသော။ အဘိကံသရာဇာမင်း၏မြေးတော် – သူရိယစန္ဒာမင်း၏ ကုသိုလ်တော် (ရွှေစာရံ စေတီတော်သည်။) ၄က်ပျောဖူးက။ ပြိုကျလာသောကြောင့်။ ယိုယွင်းပျက်စီး

နေသည်ကို။ နရိန္ဒရာဇာ-မင်းတရားပြင်ဆင်တော်မူရာ။ မြတ်စွာဘုရားသရီရဓါတ်တော်အစစ်။ ပုလဲအဆင်းသုံးဆူကို။ မိုဃ်းကြိုးကြုတ်။ ငွေကြုတ်။ ရွှေကြုတ်တို့ဖြင့်ထည့်လျက်။ ဌါပနာတော်မူပြီးလျှင်။ ဘိနပ်-ထီး-ရွှေသင်္ကန်းကပ်ခြင်း-ရွှေသားထီးကိုလည်း။ ပြုလုပ်တင်လှူတော်မူသည်။ ရဟန္တာအရှင်မြတ်လည်း။ နေ့စဉ်ဓမ္မရေ၀။ တိုက်ကျွေးတော်မူလေသည်။ ။ သူရိယစန္ဒာမင်း၏ ခမည်းတော်ကား။ အဘိသကျကံသရာဇာမင်း၏ သားတော်။ ရာဇသင်္ကမင်းတရား၏ မိဖုရားကြီးဖြစ်သော၊ ဘဒ္ဒကလျာဏဒေဝီဝမ်းတော်ဝယ်။ စံမြန်းသန္ဓေ။ တည်နေတော်မူ၍။ ကိုးလလွန်လေ့။ ဆယ်လစေ့လတ်သော်။ ဘိုးတော် အဥ္စနမင်းကြီး။ ဖြိုသည့်သက္ကရာဇ်အတိုင်း။ တခုအကျ။ မဟာသက္ကရာဇ် (၃) ခုနှစ် အခါသမယ။ ဖဂ္ဂုနမာသ။ တပေါင်းလပြည့်စနေနေ့။ ပြုပ္ပာပုရပိုက်နက္ခတ်နှင့် စန်းယှဉ်လျက်။ နေထွက်လဝင်။ ဂြိုဟ်နှစ်ပြင်ထင်ရှားခိုက်။ ဘွားမြင်တော်မူသော။ ကိန်းခမ်းအရကြောင့်။ (သူရိယစန္ဒာ) ဟူသော။ မင်္ဂလာနိမိတ်။ တံဆိပ်နာမံဖြင့်။ ဘွဲ့ခံယူတော်မူသည်။ ။

ထိုသူရိယစန္ဒာမင်းသည်။ မဟာသက္ကရာဇ် တဆယ်ခြောက်။ အသက်တော်တဆယ်လေးနှစ်သို့။ ရောက်လတ်သောအခါမှာ။ သုဘဒ္ဒါဟူသော မင်းသ္မီးနှင့်။ မင်္ဂလာလက်ထပ်နန်း၌။ စံမြန်းနှင်းအပ်။ ရွှေဂဟေစပ်တော်မူပြီးမှ၊ မဟာသက္ကရာဇ်။ (နှစ်ဆယ်ခြောက်။ အသက်နှစ်ဆယ်လေးနှစ်။ ရွှေနန်းတက်တော်မူသတည်း။) ။

ထိုသာကီဝင်းမင်းတို့။ အဆက်အနွယ်မင်းဆက်၌။ ယောကျ်ားပြတ်ပြီးကာလ။ သ္မီးတော်နှစ်ပါးသာလျှင်။ ရွှေနန်းစည်းစိမ်ကိုခံစားနေရာ။ ဝိဇ္ဇာဓိုရ်နှင့်။ နဂါးတို့သင့်တင့်ကြ၍– ဥမှဘွားသော သတိုးသားသည်။ ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသော။ ယောကျ်ားမြတ်ကို။ ဝိသာလရှင်ရသေ့က မွေးမြူသဖြင့်။ အယွယ်သို့ရောက်လတ်သော်။ ဝိဇ္ဇာဓိုရ်နှင့် တွေ့သောကြောင့်။ အလုံးစုံသောအတတ်ပညာတို့ကို။ သင်ပြီးသော်။ သာကီဝင်မင်းသ္မီး။ သီရိမာလာဒေဝီ။ သီရိသုမနဒေဝီ နှစ်ပါးတို့ကို။ ထိမ်းမြားမင်္ဂလာပြုတော်မူ၍။ ပြည်သူပြည်သား။ မှူးတော် မတ်တော်တို့နှင့်တကွ။ သုဝဏ္ဏဘုမ္မိသထုံပြည်ကို။ တိဿရှင်ရသေ့။ ဝိသာလရှင်ရသေ့။ တိက္ခမဏိဝိဇ္ဇာဓိုရ်ရတို့။ ရွှေနန်းတင်တော်မူလေသည်။ ထိုမင်းသည်။ ပဌမဝိဇ္ဇာနာဂမင်းဟုတွင်၏။ ထိုနောက်။ ထိုမင်းသည်။ ရဲရင့်သောသတ္တိနှင့် ပြည့်စုံသည်ဖြစ်၍။ သီဟရာဇာမင်းဟုတွင်ပြန်၏။ ထိုသီဟရာဇာမင်း၏-မိဖုရားကြီးဝမ်း၌။ ကလိန်အောင်-ရွှေဆံတော်ဘုရားဒါယကာ။ ကုမ္ဘဏ္ဍာရက္ခဘီလူးမင်း။ ပဋိသန္ဓေနေတော်မူပြီးလျှင်။ ခမည်းတော် သီဟရာဇာမင်း။ မရှိသည်နောက်။ ရွှေနန်းတက်တော်မူ၍။

သက်တော်ငါးဆယ်တနှစ်။ ရောက်တော်မူမှပင်။ ဒုရကနတ်သား၊ ရွှေဆံတော် ဘုရား ဒါယကာ။ သီဟရာဇာမင်း၏ သားတော်။ ဘာနုမရာဇာမည်သောမင်း၏။ မိဖုရားခေါင်ကြီးဝမ်းတိုက်၌။ ကိန်းပိုက်သန္ဓေ။ တည်နေတော်မူခိုက်ဝယ်။ ကြီးကျယ်လှစွာ။ အံ့ဘွယ်ရာနိမိတ်။ မဆိပ်ထင်ထင်။ လျောင်တော်ဟီး။ ပွဲတင် ကြည်း၍။ မြေကြီးလှုပ်ခြင်း။ ပရင်းရွှေသားကဲ့အလားသို့။ နုထွားနန်းညှောက်။ ဘွားမြောက်တော်မူပြီးနောက်၊ - တဆယ်လေးနှစ်အယွယ်။ အိမ်ရှေ့မင်း၏။ စည်းစိမ်ချမ်းသာကို။ ခံစားတော်မူပြီးလျှင်။ တဆယ်ခုနစ်-ခုနှစ်။ မြို့နန်းတည်လေ သည်။ နှစ်ဆယ်ပြည့်နှစ်။ ဒုရကတိုင်း။ အောင်သာဝတီပြည်။ ကလိန်အောင် မြို့တော်၌။ ရွှေနန်းတက်တော်မူလေ၏။ ။ ယင်းသို့ ကလိန်အောင်မြို့ကို။ တည် ကြောင်းကား၊ သထုံ မဟာရာဇဝင်ကြီးနှင့်။ ညီညွတ်ကြောင်းကိုပြလိုက်သည်။ ။ ဤကားမှတ်သားရန်စကားတို့တည်း။

ထိုသုဝဏ္ဏဘုမ္မိတိုင်း။ သထုံပြည်၌။ ဃောသိတအမည်ရှိသော။ ရဟန္တာအရှင် မြတ်မထေရ်တော်ကြီးသည်။ အရှင်သောဏရဟန္တာ။ အရှင်မြတ်ကို ထားခဲ့၍။ သာသနာတော်ထွန်းလင်းတောက်ပစေ၏။ ငါးပါးသောရဟန္တာကြီးတို့သည်။ အောင်သာဝတီပြည်တော်သို့ရောက်တော်မူ၍။ မင်းစသော ပြည်သူပြည်သား အပေါင်းတို့အား။ ဓမ္မရေစေ။ အမြိုက်ဆေးကို။ တိုက်ကျွေးနေတော်မူစဉ်။ ဇင်းမယ် ဘုရင်မင်းတရားက။ အမတ်ပညာရှိတို့ကို။ စေခိုင်းတော်မူ၍။ လက်ဆောင် ပဏ္ဏာ နှင့်။ နရုတိမင်းထံသို့ငှင်း။ ပိုးဖဲသင်္ကန်းလျှာစသော။ ရဟန်းတို့သုံးဆောင်ရာ။ ပရိက္ခရာပစ္စည်းလှူဘွယ်ဝတ္ထု။ စသည်တို့ဖြင့်။ ရဟန္တာကြီးငါးပါးအား။ လှူဒါန်း ရန်အလို့ငှါငှင်း။ စစ်သည်တော်တပ်သားတထောင်ကို။ နောက်ပါပြုစေလျက်။ အောင်သာဝတီပြည်တော်သို့။ ချီထွက်လာရောက်ကုန်လျှင်။ လက်ဆောင်ပဏ္ဏာ တို့ကို။ နရုတိမင်းဧကရာဇ်ထံ ဆက်သလေ၏။ ပိုးဖဲသင်္ကန်းပရိက္ခရာတို့ကိုကား - ငါးပါးသောရဟန္တာ။ အရှင်မြတ်ကြီးတို့အား။ လှူဒါန်းမည်ဟု။ စိတ်၌ရည်သန်ပြီး ခါ။ ယူဆောင်လာပါကြောင်း။ ထိုထေရ်အသျှင်တို့ကို။ ဇင်းမယ်ပြည်ခွင်သို့။ ရေစင် ဓမ္မ။ မြိုက်ရသချိုး။ လေးဝသစ္စာ။ ပြခါဟောကြား။ သနားဆုမ္မရန်ကိစ္စ။ ကြွ တော်မူစေချင်ပါကြောင်းနှင့်။ သံအမတ်တို့က။ တင်လျှောက်ခွင့်ပန်ရာ။ ရွှေပြည် ဝန်အမတ်ကြီးနှင့်။ သံအမတ်တို့။ ထိုသို့တပြီးကား။ ကျောင်းတော်သို့သွား၍။ လျှောက်ထားစေ။ အမိန့်တော်မြတ်။ မှတ်တော်မူလိုက်ချက်အရ။ ကျောင်းတော် သို့သွားရော်။ ရဟန္တာကြီးတို့အား။ လျှောက်ထားသည်တွင်။ သောဘိတထေရ်

အရှင်ရဟန္တာကြီးကို။ ထည့်လိုက်လေသတည်း။ (ဟရိမုဥ္စတိုင်းအယုဒ္ဓယပြည်ရှင်။ ဘုရင်ယိုးဒယားမင်းမြတ်က။ မင်းထံလျှောက်ထားလာရာ ရေးနည်းအတူ ရဟန္တာအရှင်မြတ်ထံ။ လျှောက်ထားလေဟု။ ခိုင်းစေသောကြောင့်။ လျှောက်သောအခါ။ ဉာဏသာမိရဟန္တာအရှင်မြတ်ကို ထည့်လေ၏။ ထို့အတူ ယွန်းဘုရင်မင်းမြတ်က။ သံတော်အရာရှိတို့ကိုလွှတ်၍။ မင်းထံလျှောက်စေရာ။ ရဟန္တာအရှင်မြတ်ထံ။ လျှောက်ထားလေဟူသောစကားဖြင့်။ မိန့်ကြားချက်အရ။ လျှောက်လေရာ၊ ဝိဇယျရဟန္တာအရှင်မြတ်ကို။ ထည့်တော်မူလိုက်လေ၏။ သံအမတ်တို့လည်း။ အောင်စည်အောင်မောင်းကို။ မိမိတို့ဘာသာဖြင့်။ ဝမ်းမြောက်ဝမ်းသာ။ ကြွေးကျော်တီးမှုတ်ပြီးလျှင်။ နရုတ်မင်းမြတ်အား။ ဤသို့လျှောက်လေ၏။ ။

(အရှင်မင်းမြတ်၏။ လျှောက်ပတ်တင့်တယ်၊ အံ့ဘွယ်ဘနန်း။ ရွှေနန်းအရှင်၊ ဆယ်အင်ဓမ္မ။ ကျင့်ထနေ့စဉ်။ လောကတွင်မူ။ တုယှဉ်ဘက်ကင်း။ အမင်းမင်းတို့။ ဝပ်စင်းခရ။ သက္ကတနူန်း။ ရွှေဘုန်းတော်သခင်။ ဘုရင်မင်းမြတ်။ ခွင့်မှတ်အာဏာ။ ပြည်သာသုံးပြေ။ သံမစွေကို၊ ပြန်စေမိန့်တော်။ ကျွန်သော်သုံးရပ်။ မိန့်တော်မြတ်ကို။ မှတ်အပ်သေချာ။ ခွင့်သာယခု၊ ပြုတော်မူပါ။ လျှောက်ပန်ထွာသည်။ ဇနာဓိပသျှောင်ဖျား။ မိန့်ချွေဘုရား။) ၊ ဟူ၍ ရိုသေစွာလျှောက်ထားတီးမှုတ်။ ကြွေးကျော်ကြကုန်ပြီးလျှင်။ ပဥ္စပတိဋ္ဌိတ။ ဂါရဝအထူး။ ဦးသုံးကြိမ်ချကြကုန်လျက်။ ကနက်ပြည့်လှိုင်း။ မိမိတို့၏ တိုင်းပြည်ချက်။ အောင်လံကိုစိုက်ထူပြီးမှ။ အသီးသီး။ ရဟန္တာအသျှင်မြတ်တို့ကို။ ခန်းနားကြီးကျယ်စွာပြုပြင်။ ရှေ့တင်ပင့်ဆောင်။ ဆောင်ယောင်မလပ်။ တပ်တော်ချီကြလေကုန်၏။ အောင်သာဝတီရွှေပြည်တော်- ဝန်ရှင်တော်မင်းကြီးကလည်း။ စစ်သည်တော်တပ်သားတသောင်းစီ။ နယ်ခြားအထိလိုက်၍ ပို့စေ၏။ ။ ထိုရဟန္တာအသျှင်မြတ်တို့သည်။ ဝါတွင်းသုံးလပတ်လုံး၊ ဓမ္မရေကြေ။ အမျိုးမျိုးတိုက်ကျွေးဆုမ္မသြဝါဒ ပေးတော်မူပြီးမှ။ ဝါကျွတ်လတ်သော်။ ဒူရကတိုင်း။ အောင်သာဝတီပြည်။ ကလိန်အောင်မြို့တော်၌။ ပဝါရဏာပြုတော်မူ၍။ (၁၀) ရက်ပတ်လုံး။ မင်းစသောပြည်သူတို့ကို။ ကြည်ဖြူဓမ္မ။ ရသမြိုတ်ဆေး။ တိုက်ကျွေးတော်မူပြီးမှတဖန်။ မိမိတို့ဟောပြောရင်းဖြစ်သော။ တိုင်းပြည်သို့။ ပြန်လည်မပျက်။ ဆက်လက်ဟောပြောတော်မူလေကုန်၏။ ... ... ။

ထို့နောက် (၂၃=ခုနှစ်) တန်ခူးလပြည့်ကျော်။ နှစ်ရက်နေ့၊ ဂန္ဓါလရာဇ်တိုင်းသို့ ပြန်လည်။ ကြွတော်မူမည့်အကြောင်းကို။ မိန့်ဆိုတော်မူလေလျှင်။ ဇင်းမယ်ဘုရင်နှင့်တကွ။ ပြည်သူပြည်သားတို့သည်။ ယူကျုံးမရ။ တသလှိုက်ဖို။ မိုဃ်းလုံးပြိုမျှ။ ဖရိုဖရဲ။ ဆံဖြန့်ကြဲလျက်၊ ရင်ကွဲလက်ခပ်။ မရပ်ထည့်နိုင်။ ယိမ်းယိုင်နွဲ့ဆို၊ ငိုကြီးငို

လတ်ကြပုံကား … ရှင်ဘုရားတို့ကြွထသွားခါ။ ဘယ်သဃ်ာကို။ ပူဇါနုဂ္ဂဟာ။ ပြုရ ပါ့မည်။ ဘုရား။ ဘုရား။ အရှင်ဘုရားတို့ မကြာခဏကြွလာပါက။ မကြားနာရ သေးသောတရားတို့ကို။ ကြားနာရပါမည့်။ ကြားနာရပြီးသောတရားတို့ကိုလည်း။ မမေ့မလျော့ရှိပါမည်ဟု လျှော်ကြပြန်၏။ ဤသို့ရှိသေစွာလျှောက်ပြီးလျှင်။ သင်္ကန်းသပိတ်။ ပရိက္ခရာတို့ကိုပြင်၍။ ဒူရကတိုင်း အောင်သာဝတီပြည်သို့အ ရောက်။ မင်းနှင့်တကွ။ ပြည်သူအပေါင်းတို့။ လိုက်၍ပို့လိုပါကြောင်း။ လျှောက်ထားကြရာ။ နံက်အရုဏ်ဆွမ်းဘုဉ်းပေးပြီးခါ။ ကောင်းကင်ခရီးဖြင့်သာ ကြွတော်မူမည်။ သင်တို့သည်။ ငါ၏အတွက်။ စပ်ယှက်ကိစ္စ၊ ကြောင့်ကြတခု။ မှုပို ကမ္မ။ မပြုမလုပ်ကြလေကုန်လင့်။ မမေ့မလျောသောစိတ်ဖြင့်သာ။ ငါဟောကြား အပ်သောတရားအတိုင်း အားထုပ်ကြလေဟု-မိန့်တော်မူ၏ … … မင်းစသော ပြည်သူအပေါင်းတို့လည်း။ တညဥ့်လုံးမအိပ်မစက် တရားတော်ကိုနာကြခြင်း။ ဆွမ်းချက်ခြင်း-လင်းထိမ်တောက်ငြီးနံ့သာဆီမီးတို့ကို၊ လှူဒါန်းကြခြင်းသည်။ ပန်း ယက်ရသာ။ ခပ်ခါပုံအုံး။ ပျားပိတုန်းတို့ကဲ့သို့ ပရိသတ်မစဲဘဲ ရှိကုန်သတည်း။ ။ ရဟန္တာအသျှင်မြတ်သည်။ ကပ်လှူအပ်သောဆွမ်းကို။ ဘုဉ်းပေးသုံးဆောင်တော် မူလေသည်ကို။ ငိုယိုဦးတိုက်၊ သိုက်သိုက်ကျွက်ညံ။ ကန်တော့ပူဇော်ကြကုန် သော-အသံတို့သည်။ နဘံပြိုကွဲ။ တော်လဲရိုက်ဟီး။ မိုဃ်းချိမ်းနည်းကဲ့ဖြစ် လေကုန်သတတ်။

ထိုကဲ့သို့မြို့အသီးသီး။ မင်းအပါးပါး။ ပြည်သူပြည်သား။ များပြားမဟူ။ ခေါင်းဖြူခေါင်းနက်။ မပျက်ဥဿုံ။ လုံးစုံပြည့်လျှမ်း။ ရှင်လူရဟန်းတို့သည်။ အလွန်ကြည်ညိုသောစိတ်။ အဘိတ္ထုတပဏီမိ။ ဆီထိသောဂွမ်းပမာ။ လွန်မင်းစွာ ဖြစ်ကြကုန်၍။ ယိုးဒယားမင်း၊ ယွန်းမင်းတို့သည်။ ပြည်သူပြည်သားအပေါင်းတို့ နှင့်။ ထိုနည်းအတူ တောင်းပန်လျှောက်ထားကြကုန်၏။ (၂၃-ခု) တန်ခူးလပြည့် ကျော်နှစ်ရက်နေ့၊ နေထွက်တပြုအချိန်။ ……… ။ အောင်သာဝတီပြည်။ ကလိန် အောင်မြို့သို့၊ ကြွတော်မူလေလျှင်။ ဒူရကတိုင်း။ အောင်သာဝတီပြည်သူပြည်သား တို့အား။ (၁၅) ရက်ပတ်လုံး၊ ဓမ္မရေ၊ တိုက်ကြွေးဆုမ္မ။ ဩဝါဒပေးတော်မူလျက်။ နယုန်လဆန်း (၂-ရက်) ကြာသပတေးနေ့နံက် အရုဏ်ဆွမ်းဘုဉ်းပေးပြီးမှ။ ကြွ တော်မူလေသတည်း။ … ။ မင်းစသောပြည်သူပြည်သားအပေါင်းတို့သည်။ ဉာဏ သာမိသီရိပဝရ အတုလဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇာဂုရု။ တံစိတ်နာမံ။ ခံယူတော်မူသော။ ရှေးသာသနာပိုင် ဆရာတော်ဘုရားကြီးသည်။ ရဟန္တာဖြစ်၍ ကျန်ရစ်ခဲ့သောဟူ၏။ ၎င်းဆရာတော်ဘုရားကြီးကို။ အလွန်နှစ်သက်မြတ်နိုး။ ကြည်ညိုကိုးကွယ်ကြကုန်၏။ (ဃောသိတရဟန္တာ) အရှင်မြတ် မဟာထေရ်ကြီး

ကလည်း သုံးနှစ်တကြိမ် ကြွရောက်တော်မူလာမည်ဟု။ အမိန့်တော်ရှိခဲ့၍ အလွန်နှစ်သက်ဝမ်းသာစွာ မြော်လင့်ကြကုန်၏။

ဂန္ဓာလရာဇ်တိုင်းမှကြွလာကုန်သော။ ရဟန္တာကြီးငါးပါးအခဏ်းပြီး၏။

၁၁၇ ~ 117

ဆံတော်ရှင်စေတီတော်၏ ဌါပနာတိုက်ဖွင့်သောအခဏ်း။

ထိုနရုတိမင်းမြတ်သည်။ ရတနာသုံးပါးတို့ကို။ နေ့ညဥ့်မပြတ်။ အလွန်ကြည်ညိုစွာ။ ဆည်းကပ်၍။ .... (၂၄–) ခု။ ပြာသိုလဆန်းနှစ်ရက်။ ကြာသပတေးနေ့။ နေထွက်သည်နှင့်တပြိုင်နက်။ ဆံတော်ဓါတ်တည်တော်မူသည့်တိုက်တော်ကို ဖေါက်၍။ သင်္ဃာတော်အရှင်မြတ်တို့နှင့်။ တိုင်ပင်တော်မူပြီးလျှင်။ ၊ ဒူရကတိုင်း။ အောင်သာဝတီပြည်သူပြည်သားတို့နှင့်တကွ။ လောဒီသူဌေး။ လောစစ်စံ။ ဇင်းဘာသူဌေး။ သီရိဘောဂလာရတို့ အစုံအညီ။ တူရိယာငါးပါးတို့ဖြင့်။ တီးမှုတ်။ လက်နက်အမျိုးမျိုးဖြင့်လည်း။ သုံးကြိမ်ပစ်ဖေါက်။ ဩဘာသံပေးပြီးခါ။ ။ ရှေးဘီလူးမင်း။ ဂဝံပတေ့ရဟန္တာ။ ဒူရကနတ်သားတို့။ ဌါပနာထားခဲ့သော။ ရတနာရွှေသားစေတီတော်ကို။ ကျောက်စားပွဲပေါ်၌တင်ထားလျက်။ မင်းမှူးမတ်သူဌေးတို့သည်။ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ကုန်ပြီးသော်။ သုံးကြိမ်ဦးချကန်တော့၍။ အမျိုးမျိုးသော။ တီးမှုတ်ပူဇော်ဘွယ်တို့ဖြင့်။ ဆန်းကျယ်စွာ။ တီးခပ်ဆော်ရွမ်း။ မင်းခမ်းမင်းနား။ ကျင်းပခြံရံခါ။ မဟာမင်္ဂလာ။ မဏ္ဍပ်တော်ကြီးအတွင်းသို့ပင့်ယူ။ ရွှေစင်အတိနဝရတ်ကိုးပါးဖြင့် ချယ်လယ်အပ်သော။ ရာဇပလ္လင်။ ရွှေပြာသာဒ်ပေါ်သို့တင်ထား။ ရတနာထီးတံခွန်။ ကြက်လျှာကုက္ကား။ မုလေးပွားမှစ၍။ ရှေးမင်းတို့လှူထားခဲ့အပ်သော။ အလှူဝတ္ထုတို့ကို။ ကောင်းမွန်စွာ။ စီစဥ်ခင်းကျင်းပြီးလျှင်။ အဘိုးတသိန်းတန်။ ရတနာကနက္ကတန် ထီးတော်ကို။ စေတီတော် ရွှေပြာသာဒ်အပေါ်က။ အုပ်မိုးစေပြီးကာလ၊ လက်နက်အမျိုးမျိုးကို၊ သုံးကြိမ်ပစ်ဖေါက်။ ခရသင်းစည်မောင်း။ သောင်းပြောင်းမကြွင်း။ လင်းကွင်းတူရိယာ မင်္ဂလာစည်တော်။ ရွမ်းဆော်တီးခပ်။ ပြောစမှတ်အံ့မှု။ ဗိုလ်ထုရှုမြော်။ ကော်ရော်ကြပြီးလျှင်။ ရတနာရွှေစေတီတော်ကို။ ဖွင့်တော်မူလိုက်သည်နှင့်တပြိုင်နက်နိလပိတအစရှိသော။ ရောင်ခြည်တော်ခြောက်သွယ်တို့သည်။ မိုဃ်းလယ်ကွန့်မြူး။ အထူးဆန်းကြယ်။ တင့်တယ်လွန့်ဖြိုး။ အမျိုးမျိုးစပ်ယှက်။

တလက်လက်တဝင်းဝင်း။ နေရောင်ကင်းပျောက်။ ထွင်းဖေါက်ဖီလာ။ ဒေသစာကြွချီ။ ဆယ်ဒီသာမလပ်။ တလျှပ်လျှပ်စိုး၊ တန်ခိုးပြာဋိဟာ။ ပြတော်မူ၍။ မင်းမှူးမတ် - သူဌေးသူကြွယ်။ ရဟန်းရှင်လူ-ပြည်သူ အပေါင်းတို့သည်။ အလွန်ကြည်ညိုသော။ စိတ်ရှိကြကုန်သောကြောင့်။ ဦးတိုက်၍မပြီး။ ချီးမွမ်း၍မရောင့်ရဲနိုင်။ တန်ဆောင်တိုင်ဆီမီး။ သစ်သီးချိုချဉ်။ ဆွမ်းဘောဇဉ်မပြတ်။ အထပ်ထပ်ရတနာ။ ပူဇာသက္ကာ။ နေ့ညမပြတ်။ မလပ်မနား။ သက်တော်ထင်ရှား။ မြတ်စွာဘုရား ကြွရောက်လာဘိသောပမာ။ လွန်စွာဆည်းကပ်။ ကိုးကွယ်ကြလေကုန်သတည်း။ ။

ဥပ္ပါပနာတိုက်ဖွင့်သောအခဏ်းပြီး၏။

၁၁၈ ~ 118

ထိုသို့သက္ကရာဇ် (၂၄–ခု) တပေါင်းလပြည့်အင်္ဂါနေ့။ ရတနာရွှေစေတီ ပတ္တမြားစေတီတော်ကိုဖွင့်တော်မူ၍။ ဆံတော်ဓါတ်သုံးဆူကို။ အမွှေးရေမျိုးစုံတို့ဖြင့်။ သပ္ပာယ်တော်မူပြီးမှ။ ၎င်းပတ္တမြားစေတီတော်သို့။ သွင်းတော်မူလေသတည်း။ ထိုပတ္တမြားစေတီတော်သည်။ နေ့ညထိန်ဝင်း။ တလင်းလင်း တရဲရဲ။ အံ့အဲဘွယ်ရာသာလျှင်။ တင့်တယ်ခါနေလေ၏။ ။ (၂၄–ခု) တပေါင်းလကကို။ (၂၅–ခု) တပေါင်းလပြည့်နေ့အထိ။ သဘင်အတီးအမှုတ်အမျိုးမျိုးတို့နှင့်။ ပူဇော်၍။ နရုတိမင်းမြတ်၏။ ဘိုးတော်။ ဘွားတော်။ ခမည်းတော်။ မယ်တော်တို့၏။ ရွှေကိုယ်လေးရုပ်ပုံတော်။ နရုတိမင်းမြတ်နှင့်။ ညာနတ်ဒေဝီ။ မဟေသီမိဖုရားတို့၏။ ရွှေကိုယ်လေးရုပ်ပုံတော်။ သားတော်အိမ်ရှေ့မင်းရုပ်ပုံတော်ရွှေကိုယ်လေး။ ဦးလေးတော်စစ်သူကြီး။ အဂ္ဂမဟာသေနာပတိ-ဝန်ရှင်တော်မင်းကြီး။ ကဝိစိန္တာအမတ်ကြီးတို့၏။ ရုပ်ပုံတော်ရွှေကိုယ်လေး။ စစ်ဝန်ကြီးဗလဒေဝ၏။ ရုပ်ပုံတော်ရွှေကိုယ်လေး။ သိကြားမင်း။ ဗြဟ္မာမင်းတို့၏။ ရုပ်ပုံတော်ရွှေကိုယ်လေး။ အရှင်မဟာသာရိပုတ္တရာ။ အရှင်မဟာမောဂ္ဂလန်။ မယ်တော်သီရိမဟာမာယာ၊ ခမည်းတော်သုဒ္ဓေါဒနေ။ အရှင်မဟာအာနန္ဒာစသော။ အသီတိမဟာသာဝက-အဂ္ဂသာဝကတို့၏။ ရုပ်ပုံတော်ရွှေကိုယ်လေး။ တဏှာက်ရာအစ။ ငါတို့ဂေါတမမြတ်စွာဘုရားအဆုံးရှိကုန်သော။ မြတ်စွာ ဘုရားတို့၏။ ဆင်းထုတော်။ ရွှေရုပ်ပွား။ ဂေါတမမြတ်စွာဘုရားသည်။ အမရာဇိတပလ္လင်။ ဗေါဓိပင်သတ္တဌါနဌ်။ ဗုဒ္ဓတံထွာ။ ဓမ္မတာထုံး။ သီတင်းသုံးတော်မူဟန်၊ ပုံတော်တို့ကိုငင်း။ အရှင်

သာသနာပိုင် ဆရာတော်ဘုရားကြီး၏-ရုပ်ရှင်တော်ပွား။ ရွှေသားအတိကိုင်၄င်း။ ဂန္ဓာလရာဇ်တိုင်းမှ။ ကြွတော်မူကြကုန်သော။ ရဟန္တာအရှင်မြတ်ငါးပါးတို့၏။ ကိုယ်စား။ ရွှေသားရုပ်ရှင်တော်ကို၄င်း။ အစကြိုးကြာ။ ဆယ့်ခြောက်ခါနှင့် စသော ဖြစ်တော်ပေါင်း။ တေ။ ဇ။ သု။ နေ။ မ။ ဘူ။ စံ။ နာ။ ဝိ။ ဝေ။ ဟူကုန်သော။ ဘုရား အလောင်းတော်ပါရမီရင့်ပြီး။ ဇာတ်ကြီးဆယ်ဘွဲ့၌၊ ပါရှိသော။ ရုပ်ပုံတော် ရွှေကိုယ်လေးတို့ကို၄င်း။ မိမိလက်ထက်။ မဟာဠတ။ အစလသဒ္ဓါ၊ နိဗ္ဗာနပစ္စယ။ ဒါနာနုဂ္ဂဟ။ သီလရက္ခန၊ ဝိပဿနာနုယောဂ စရဏပကာရ၊ အာရဒ္ဓမူပုံ၊ လုံးစုံမ ကြွင်း။ အားထုပ်ခြင်းအခန်းအနား။ တခြားတပုံစီ။ သိင်္ဂီသွန်းလုပ်။ ရွှေရုပ်နန်းအိမ် နှင့်တကွ။ ရှုမဝမြင်မငြီး။ အသီးသီးရွှေအစစ်ဖြင့်သာ၊ စနစ်ကျနစွာ။ ပန်းထိမ်။ ပန်းတည်း။ ဆရာကျော်တို့ကို။ ရတနာခုနစ်ပါး။ နဝရတ်ကိုးပါးဖြင့်။ မွမ်းမံစေ လျက်။ ရွှေပန်းခိုင်။ ငွေပန်းခိုင်။ ပတ္တမြားပန်းခိုင်တို့ကို၄င်း၊ ရွှေထီး။ ငွေထီး။ ပတ္တမြားထီး။ ရွှေကုက္ကား။ ငွေကုက္ကား။ ရွှေတံခွန် ငွေတံခွန်။ ရွှေညောင်ရွက်။ ငွေ ညောင်ရွက်။ တလက်လက်လျှံကြွား။ ရွှေပန်းပွား။ ငွေပန်းပွား။ နရားစွေးစွေး။ ရွှေ မုလေးပွား။ ငွေမုလေးပွား။ ရွှေအုဌ်-ငွေအုဌ်၊ ရွှေပေါက်ပေါက်။ ငွေပေါက်ပေါက်။ မင်းမြောက်တန်ဆာ။ အရာရာမင်းသုံး နန်းလုံးအဆောင်အရွက်။ မပျက်မယွင်း။ အမင်းမင်းတို့။ နည်းယူရာအထူး။ ကွန့်မြူးသွန်းထုစေအပ်သောရွှေကား။ အချိန် လေးသောင်း။ ငွေချိန်တသိန်းနှစ်သောင်းတို့။ ဖြစ်လေကုန်သတည်း။ ။ ထို့နောံ နဝရတ်ကိုးပါးဖြင့်။ စီချယ်အပ်သော။ ရွှေသားပလ္လင်ပေါ်သို့ တင်လျက်။ အရွက် ရွှေသား။ အရိုးငွေသား။ နဝရတ်ကိုးပါးဖြင့်။ ချယ်စီအပ်သောထီးတော်၌။ ရတနာ ခုနစ်ပါး။ ပန်းပွားပန်းဆိုင်း။ ရှုတိုင်းသင့်မြတ်။ ကြာယပ်သာခွာ။ အမြွာမြွာတွဲရရွဲ။ ဆွဲထားသောကနက္ကတန်ထီးတော်ကို။ ပြဟ္မာမင်းက မိုးနေသည့်အဟန်။ သူဇမ္ ပတိ။ ဒေဝိန္ဒိနမား၊ သိကြားမင်း၏ရွှေရုပ်။ သုဇာတာ။ သုဓမ္မာ။ သုနန္ဒာ။ သုမာလာ တို့ရွှေရုပ်တို့ကို။ မနီးမဝေးသောအရပ်၌။ အရှေ့ကိုမျက်နှာပြု၍။ ဆံတော်မြတ် စေတီကို၊ ဦးတည်မာန်လျော့။ ကန်တော့နေဟန်။ ပြဟ္မာမင်း၏ ငွေရုပ်ကား။ မြောက်သို့မျက်နှာပြု၍ တောင်အရပ်က ထီးဖြူတော်မိုးနေဟန်။ အရှင်အာနန္ဒာ ရုပ်ထုတော်ကား။ မျက်နှာတော်တောင်ဘက်သို့ပြု၍ မြောက်ကရှိခိုးနေဟန်။ ယသောဓရာ ရာဟုလာ ကုမာရ တို့ကိုကား။ ရှေ့သို့မျက်နှာပြုလျက်။ ရွှေပြာသာဒ် အနီး၌ အနောက်ကထားပုံ။ မဟာသီရိမာယာရုပ်ပုံတော်ကို၄င်း။ သုဒ္ဓေါဒန မင်းကြီး။ ခေမာဥပလဝဏ်။ ဤလေးပါးသောရွှေရုပ်ထုတော်ကို။ အရှေ့တောင် ထောင့်က။ အနောက်မြောက်ထောင့်သို့။ မျက်နှာပြု၍ထားလေသည်။ ။ ထိုသို့ ကြီးကျယ်ခန်းနားသော။ လျူဘွယ်တို့ကိုပြင်ဆင်နေသည့်အတွင်း။ ပြည်သူပြည်

သားမှူးတော်မတ်တော်အစုံအညီ တို့ရှေ့၌။ သံခမောက်ဆောင်း-ဝိဋ္ဌာမိုရ်လေး ယောက်တို့သည်။ မင်္ဂလာမဏ္ဍပ်တော်ကြီးအတွင်း။ မင်းရှေ့သို့ဝင်၍။ ခစားလေ ရာ။ သင်တို့အသူနည်းဟု မေးတော်မူလျှင်။ အရှင်မင်းမြတ်။ အကျွန်ုပ်တို့သည်။ (ဝိဋ္ဌာမိုရ်တည်းဟုလျှောက်၏။) အသို့အကြောင်းရှိသနည်းဟု။ မေးတော်မူလေ သော်။ မြတ်သောမင်းကြီး။ ဝေဿဝဏ္ဏ စတုလောကပါလစသော နတ်မင်းကြီး လေးပါးတို့က။ သာသနာတော်ကို ကြည့်ရှုတော်မူပေသော နရုတိမင်းတရားကို။ ကူညီကြည့်ရှုမစ။ ခစားတော်မူပါဟု။ တိုက်တွန်းတောင်းပန်အမိန့်ပေးသည်ဖြစ် ပါ၍ လာရောက်ကြရပါကြောင်း။ လျှောက်ထားကြလေရာ။ အလွန်ဝမ်းမြောက်- ဝမ်းသာတော်မူလှသဖြင့်။ နေလိုရာအရပ်ကိုညွှန်ပြပါလောဟု။ အမိန့်တော်မှတ် လေ၏။ မင်းရောဇ်။ အလိုရှိတော်မူသော အချင်းအရာကို။ အမိန့်ရှိပါလောဟု လျှောက်ကာလ။ ဤဌါပနာတိုက်၌။ ရွှေသားအစစ်အုဌ်တို့ကိုခင်းလို၏။ နံရံတော် ကိုလည်း။ ရွှေသားအတိ မွမ်းမံလို၏ ဟုမိန့်တော်မူလျှင်။ အရှင်မင်းမြတ်။ တိုက် တော်၌ရှိသော။ ကြေး-ခဲတို့ကို စုဆောင်း၍ပေးတော်မူပါလော။ ယခုပင်လျှင် ပြည့်စုံစေအံ့ဟု လျှောက်ထားရာ။ ရွှေတိုက်ဝန်နေမျိုးသခ်ရာက။ ကြေး-ခဲ အချိန် တသိန်းထုတ်ပေးစေ။ ... အမိန့်တော်မြတ် မှတ်တော်မူလေသော်။ ကြေး၊ ခဲ-အချိန် တသိန်းမင်္ဂလာမဟာမဏ္ဍပ်တော် အတွင်းသို့သွင်း၍။ ကြိုစေပြီးလျှင်။ ပါလာ သော။ အချိန်ခြောက်မူးသား။ သံသေလုံးကိုထည့်လိုက်သော်။ လကျာရစ်လည်၍ ပေါ်လာလေ၏။ ထိုပေါ်လာသော-သံသေလုံးကို။ ဆယ်ယူသည်နှင့်တပြိုင်နက်။ ထို-ကြေး၊ ခဲ၊ တို့သည်။ ရွှေအတိဖြစ်လေကုန်၏။ ၎င်းရွှေကို။ အထုတကျပ်။ အလျားဆယ်လက်မ။ အနံငါးလက်မ။ အပြားခပ်စေ၏။ ။ အချို့ရွှေအုပ်ကိုကား အလျားလက်မနှစ်ဆယ်။ အနံဆယ်လက်မအထုမှာ။ နှစ်လက်မခပ်စေ၏။ ထိုရွှေ အုပ်တို့ကို။ အနံအလျားပြည့်အောင် ချောမွေ့စွာ ရွှေဂဟေဖြင့်၊ ပန်းထိမ်သည်တို့ အား။ သေသပ်စေ့စပ်သိပ်သည်း။ မယိုမယွင်းစေဘဲ။ ခိုင်ခန့်အရှည်တည်တန့် အောင်။ ပြုလုပ်စေတော်မူ၏။ ။ နောက်ထပ်ပြည်သူပြည်သားအပေါင်းတို့က လည်း။ ကြေး၊ ခဲ-တို့ကို။ စုဆောင်း၍ ပေးသမျှ။ ဝိဋ္ဌာမိုရ်ရတို့က ရွှေအတိပြုလုပ် ကြကုန်၏။ ထိုဝိဋ္ဌာမိုရ်ရလေးယောက်တို့ကိုလည်း။ စစ်သူကြီးတို့၏ စစ်ဝတ် တန်ဆာတို့ကို အသီးသီးပေးသနားတော်မူသည်အတိုင်း။ ၎င်းဝိဋ္ဌာမိုရ်ရတို့၏ ရုပ် ထုကို။ ရွှေသားအတိထုလုပ်စေလျက်။ ရွှေပြာသာဒ်၏ လက်ဝဲ-လကျာ-က-နှစ် ယောက်စီ ရှိခိုးနေသောအဟန်ထားကုန်၏။ ဤသို့လျှင်။ အသီးသီးအလွန်ဆန်း ကျယ်အံ့ဩဘွယ်အခန်းအနားတို့ဖြင့်စီစဉ်ပြီးခါ။ အရှင်ဃောသိတထေရ်။ အရှင် တိဿထေရ်။ အရှင်သောဘိတထေရ်။ အရှင်ဥာဏသာမိထေရ်။ အရှင်ဝိဇယျ

ထေရ် ရတနာပြာသာဒ်ရှေ့။ မြတ်စွာဘုရားရွှေရုပ်ပွားတော်။ အချိန်တသောင်းစီ။ ရှေ့တော်၌သိကြားမင်းဆောင်ယူလာသော၊ ပင်လယ်ကသစ်ပန်းကိုင်၍။ ရှိခိုးပူဇော်နေဟန်။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့။ တောင်သမုဒ္ဒရာမှ ဆောင်ယူလာသော။ (ခွေးချီသီးပမာဏ) ထားဝယ်ဘာသာ။ ဖွဲပေါင်းသီးပမာဏ။ ပတ္တမြားရတနာကို။ ရွှေသားမီးတိုင်ပေါ်ကထား၍။ အောက်မှရွှေကလပ်။ နဝရတ်ကိုးပါးချယ်လယ်လျက်။ ရွှေတိုင်အပေါ်၌။ တင်ပြီးခါ။ ညှိထွန်းထားသည့်အဟန်၊ စီမံလေ၏-ထိုပတ္တမြားဆီမီးတိုင်ကြီး၏ အရောင်သည်။ တတိုက်လုံးမီးမထွန်းဘဲ လင်း၍နေသတည်း။ မြသပိတ်တော်ကို။ နဝရတ်ကိုးပါး။ အဖုန်းရွှေသား။ သပိတ်ခြေ၌ငွေစင်အတိ။ ရွှေငွေရောသောယပ်။ ရွှေသန့် စစ်ဓမ္မကရိဏ်။ မဟာပြဟ္မာမင်းလှူဒါန်းသော။ ဘွဲ့ဖြူသားရေနယ်။ ဝိဇ္ဇာခိုရ်ရလေးယောက်လှူဒါန်းသော-သံသေ သင်တုန်းဒါး။ သံသေအပ်။ ရွှေသားအပ်ချည်။ ပြဟ္မာမင်းလှူတော်မူသည့်။ သာသနာတော်ငါးထောင်ပတ်လုံးတည်သော။ သင်္ကန်းတော်အစုံ။ နရုတိမင်းဘိုးတော် သီဟရာဇာမင်း။ ဆင်ဝတ်တော်မူသော။ ရှစ်ရှားသီးပမာဏရှိသော။ ပြည်တန်ပတ္တမြားကိုလည်း။ ရွှေသားရုပ်ပွားတော်မြတ်။ သင်းကျစ်တော်၌။ စီခြယ်။ တင့်တယ်စွာ။ ပြုလုပ်ပြီးမှ။ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့။ ရှိခိုးခြံရံကန်တော့နေပုံ။ ကုမ္ဘဏ္ဍာရက္ခဘီလူးမင်း။ ဘုရားဒါယကာရုပ်ပုံတော်။ ဒူရကနတ်သား။ ရွှေရုပ်ပုံတော်ကိုရှေ့ကထားပြီးလျှင်။ ဂဝံပတေ့ရသေ့ရွှေရုပ်ပုံတော်ကို။ ရှေ့ကထားလျက်။ စီစဉ်နေသည်နှင့် တပြိုင်နက်။ နတ်တို့သည်တူရိယာတို့ကို။ တီးမှုတ်ကြွေးကြော်။ ပူဇော်ကြလေကုန်သတည်း။ ။ ထောင်သောင်းမကကုန်သော။ သင်္ဃာတော်အပေါင်းတို့ကိုလည်း။ ပရိက္ခရာရှစ်ပါးဖြင့် လှူဒါန်းပူဇော်။ သာဓုအနုမောဒနာခေါ်တော်မူပြီးလျှင်။ မယ်တော်ခမည်းတော်။ ဘိုးတော်ဘွားတော်။ ဆွေတော်မျိုးတော်။ ပြဟ္မာသိကြား။ နတ်သားနတ်သမီး။ ထံနီးအဆက်။ အောက်သက်အဝီဇီ။ ဘဝဂ်ထိအနန္တ။ စက်ကဝါဠခေတ်ကုန်။ ဘုံသုံးဆယ်တစ်။ ဖြစ်ဖြစ်သမျှ။ ဝေဏေယျခပ်သိမ်း။ ကင်းငြိမ်းဒုက္ခသုခရစေ။ အမျှဝေသည်၏အဆုံး၌။ ထစ်ချုန်းအာကာ။ ဝလာတိမ်တိုက်။ ကြိမ်ကြိုက်မိုဃ်းကြီး။ ရွာသွန်းစီး၍။ မြေလည်းသုံးခါ။ သံဟီးငြာလျက်။ ပတ္တာနုမော်။ သာဓုခေါ်လေသတည်း။ ။ ထိုဋ္ဌာပနာတိုက်လေးထောင့်၌။ နောင်သောအခါ။ ဖျက်ဆီးမည့်သူ။ ရောက်လာခဲ့မူ၊ တားမြစ်စေခြင်းငှါ။ စတုမဟာရာဇ်နတ်မင်းကြီးတို့နှင့် တိုင်ပင်၍။ ဆေးဝိဇ္ဇာရုပ်လေးယောက်။ သံလျက်ကိုတယောက်ထမ်းစေခြင်း၊ တယောက်ကားထား၊ တယောက်ကားအမျိုးမျိုးကို ဖြစ်စေနိုင်သောဆေးလုံး။။ တယောက်ကားလေးမြှားတို့ကိုကိုင်စေခြင်း။ ဒု-တလက်မထူသော။ ရွှေသားမျက်နှာကြက်ဝယ်။

အဘိုးပြည်တန်ဥသျှဖရားတလုံးကိုလည်း။ ဆွဲလှူပူဇော်ခြင်း။ ဒု-တမိုက်-အနံသုံးတောင်။ အလျားခြောက်တောင်။ နှစ်ချပ်သော။ ရွှေတံခါးရွက်ကိုပိတ်၍။ နေ့လူ။ ညဥ့်နတ်။ ကျောက်ကြီးကျောက်ငယ်တို့ကို။ ယူဆောင်စေလျက်။ တောင်ကြီးဖြစ်အောင်ဖို့ထားစေခြင်း ။သစ်ပင်ကြီးငယ်အသွယ်သွယ်ကုန်သော။ သစ်သီးအာရာမ်။ ပန်းအာရာမ်တို့ကိုလည်း။ နတ်ဝိသုကမ်၊ ပြုစီမံသို့။ ပုံစံတမူ။ နည်းယူစရာ။ သာယာစွာစိုက်ပျိုးစေခြင်း။ ။ ထိုတောင်ကုန်းခြေရင်း၌။ ကျောင်းရွှေစရပ်။ အထပ်ထပ်အလှူတော်တို့ကိုလည်း။ ဆောက်လုပ်စေ့စပ်။ မဏ္ဍပ်ကြီးငယ်တို့၌။ လှူဘွယ်အမျိုးမျိုး။ ပြည့်ဖြိုးလုံလောက်။ ရောက်လာသမျှ။ ပဋိဂ္ဂဟကအလှူခံတို့အား။ နိယာမ်မပြတ်။ မလစ်မလပ်စေရအောင်။ လှူဒါန်းစေခြင်းတို့ကို။ ဘေးလောင်းတော်။ ဝေဿန္တရာ။ တံထွာဖြူလျှမ်း။ မူတခန်းစာဂ။ မဟာအသဒိသဒါနကြီးကို။ မငြီးအောင်ပြုလုပ်အားထုပ်တော်မူလေကုန်သတည်း။ ။

ဆံတော်ရှင်စေတီတော်ကို၊ အသစ်ပြုပြင်ခါ။ ဋ္ဌာပနာသော။
အခဏ်းပြီး၏။

၁၁၉ ～ 119

မှီအုံးတောင်၌ဘုရားတည်သောအခဏ်း။

ထိုနရုတိမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့်အညီ။ မင်းပြု၍။ ဇင်းမယ်ဘုရင်။ ယိုးဒယားဘုရင်။ ယွန်းဘုရင်တို့သည်။ အထက်သမိုင်း၌ပါရှိသော ဣသိန္ဒြတောင် (ယခုအမည်ကား …မှီအုံးတောင်ဝယ်။ ဘုရားတည်လတ့ံဟု-ဗျာဒိတ်ရတော်မူသည့်အတိုင်း) မင်းသုံးပါးတို့ အသီးအသီး၊ ဆိုင်ရာဆိုင်ရာ။ အသိန်းအသန်းမကကုန်သော။ ဗိုလ်မှူးစစ်သားတို့နှင့်တကွ။ ဒူရကတိုင်း။ အောင်သာဝတီပြည်တော်သို့။ ဘုရင်ထံအခွင့်မပန်။ မကြားကြကုန်ဘဲ။ နယ်လွန်ကျူးကျော်နင်းလာရာ။ မေတ္တာမြို့သို့ရောက်လေလျှင်။ ဆိုင်ရာဝန်ရှင်တော်မင်းကြီးကတင်လျှာနှင့်တကွ။ မြင်းသည်ကျော်တို့ကို။ စေခိုင်းလိုက်လေ၏။ အသိန်းအသန်းမကကုန်သော၊ ဗိုလ်မှူးစစ်သူရဲတို့နှင့်တကွ။ မင်းသုံးပါးဣသိန္ဒြတောင်၌၊ ဘုရားတည်ရန်လာပါကြောင်း။ လျှောက်ထားကာလ။ ဦးလေးတော်စစ်သူကြီးနှင့်တကွ။ ဝိဇ္ဇာမိုရ်ရှိစစ်သူကြီးလေးယောက်တို့ကို၊ တိုင်ပင်တော်မူရာ။ ထိုဝိဇ္ဇာမိုရ်ရှိတို့က၊ လျှောက်တင်သည်မှာ။ ထိုမင်းတို့အလိုရှိသည်အတိုင်း။ လိုအပ်သောအရပ်၌၊ နေပါစေ။ စိုး

ရိမ်ဘွယ်မရှိပါ။ ဤဇမ္ဗူဒီပါကျွန်း၌ရှိကုန်သော၊ မင်းနှင့်တကွကုန်သော၊ စစ်မက်ရန်သူဗိုလ်ခြေစုရုံး၊ တိုက်ဖျက်ငြားလည်း။ ထိုသူတို့၏ ဥက္ကောင်းတို့ကို၊ မြေသို့ကျစေလျက်။ အရိုးအသားတောင်တရှိမျှ။ စုပုံသုတ်သင်နိုင်ပါသည်ဟုလျှောက်၏။ သို့တပြီးကား။ လိုရာအရပ်ကိုဝင်စေဟု။ အမိန့်တော်မှတ်တော်မူလေသော်။ ၎င်းအမိန့်တော်အတိုင်း။ နေမျိုးသခ်ရာ-သံတော်ဆင့်က-အမိန့်တော်စာရေး၍။ မေတ္တာမြို့-မင်းကြီးထံစာပြန်လေလျှင်။ အသီးသီး။ ဣသိန္ဒြ္ဒတောင်သို့ ချီတက်လာရောက်-တည်းနန်းဆောက်လျက်။ ထိုမှီအုန်းတောင်ကို၊ ရှင်းလင်းနေစဉ်။ ဗလဒေဝ။ စစ်ဝန်ချုပ်မင်းကြီးစသည်။ သေနဂ်ဗျူဟာကျမ်းနှင့်အညီ။ ဗျူဟာလေးပါးခင်းကျင်း။ နတ်စစ်သည်နှင့်တူသော။ သူရဲကောင်းတို့အား။ ၎င်းစစ်သူကြီး ငါးဦးသားတို့ကြီးကြပ်၍။ စစ်ထွက်မည်ကြံစည်နေသည့်အတွင်း ... သိကြားမင်းသည်။ သတ္တဝါအပေါင်းတို့ ပျက်စီးကြမည်ကို၊ မြင်တော်မူလေသော်။ ဂန္ဓါလရာဇ်တိုင်း။ (ဃောသိတ) ရဟန္တာအရှင်မြတ်၏ ထံသွား၍။ လျှောက်ထားသည်မှာ။ အရှင်ဘုရား။ ဒူရကတိုင်း။ အောင်သာဝတီပြည်တော်၌။ (ဇင်းမယ်။ ယိုးဒယား။ ယွန်း။ နရုတ်တိ ... ထိုမင်းလေးပါးတို့၊ စစ်ဖြစ်ကုန်လတံ့။ ထိုရှမ်းမင်းတို့၏ ပျက်စီးအံ့သောအကြောင်းသည်။ လျှင်မြန်စွာဖြစ်ကုန်လတံ့။) သို့အတွက်၊ အသျှင်သူမြတ်ဘုရားသည်။ ထိုရန်စစ်ကြီးကို။ ဖြန်ဖြေငြိမ်းအောင်။ ကြွရောက်ဆုမ္မါ။ ဟောကြားတော်မူပါလျှင်။ ရန်ပြေ-မာန်ပြေဘုရားတည်ရန်ကိုလည်း မြင်ပါသောကြောင့်။ မြတ်စွာဘုရား၏၊ သရိရဓါတ်တော်စစ်လေးဆူ၊ သနားတော်မူပါလောဟု၊ လျှောက်ထားပြီးနောက်။ သိကြားမင်းကွယ်ပျောက်သွားလေ၏။ ။

ရဟန္တာအရှင်မြတ်လည်း။ နံက်အရုဏ်တက်လျှင်။ ဈာန်အဘိညာဉ်ဝင်စားတော်မူ၍။ ထိုမင်းသုံးပါးတို့နေရာ။ ဣသိန္ဒြ္ဒမှီအုံးတောင်သို့-ကြွရော်။ ဇင်းမယ်ဘုရင်ထံသို့။ ဆွမ်းရပ်တော်မူလေ၏။ ထိုအခါ။ ၎င်းမင်းသည်။ (ဃောသိတရဟန္တာ) အသျှင်မြတ်မှန်းသိရကား။ အလွန်ကြည်ညိုစွာ။ အရှင်ဘုရား။ ဘုရားတပည့်တော်၏ သက္ကစ္စဆွမ်းဘောဇဉ်ကို။ ကြည်ရွှင်နှစ်သက်သောစိတ်တော်မြတ်ဖြင့်။ ဘုဉ်းပေးတော်မူပါဘုရားဟု။ လျှောက်ထားရာ ငါဟောကြားအပ်သောတရားကိုနာယူပါမူ။ ငါဘုဉ်းပေးအံ့။ မိန့်တော်မူလေသော်။ ရိုသေစွာနာယူပါမည်ဘုရားဟု၊ ဝန်ခံလျှောက်ထား၏။ (သာဓုသာဓုသာဓု) ကောင်းပြီဟု မိန့်တော်မူပြီးနောက်။ ယိုးဒယားမင်းထံ။ ထို့နည်းအတူဆွမ်းရပ်ခံ၍။ အာမခံလိုက်၏။ ယွန်းဘုရင်ထံကြွရောက်ဆွမ်းရပ်ခံပြန်သော်-ထို့အတူအာမဝန်တန်။ ပဋိညာဉ်ခံလိုက်၏။ စစ်သူကြီးငါးဦးနှင့်၊ နရုတိမင်းမြတ်၊ စစ်ချီတော်မူလာသည်အခိုက်တွင်။ ဃောသိတရဟန္တာ အရှင်ကြွတော်မူလာသည်ကို မြင်လျှင်မြင်ခြင်း။

ရတနာဆင်ဖြူတော်ပေါ်မှဆင်းသက်။ မြေ၌ဝပ်လျက်-ရှိခိုးပြီးမှ။ အရှင်သူမြတ်။ ဆွမ်းဘုဉ်းပေးတော်မူပါဘုရားဟု-လျှောက်လေ၏။ ။ ကောင်းပြီ အသင်မင်းမြတ်။ မင်းလေးပါး၊ ဆွမ်းလေးအုပ် တပြိုင်နက်တနေရာတည်း။ လှူဒါန်းသည်ကို။ ငါဘုဉ်းပေးလို၏ဟု။ မိန့်တော်မူလေသော်။ အရှင်ဘုရားရှိတော်မူရာအရပ်သို့၊ ဆွမ်းနှင့်တကွ။ ရောက်ပါမည်ဘုရားဟုလျှောက်လေ၏။ ။ စစ်သည်တော်တပ်သားတို့လည်း။ အောင်စည်အောင်မောင်းတီးခပ်ဆော်ယွမ်း၍-အောင်လံအသီးသီးထူပြီးလျှင်-ပြည်ကြီးကြက်သရေ၊ ရတနာဆင်ဖြူတော်လည်း။ မင်းဧကရာဇ်တက်တော်မူလျှင်။ မြူးတူးရွှင်ပြ၊ ကခုန်သကဲ့သို့သွား၏။ ဃောသိတရဟန္တာမထေရ်မြတ်လည်း။ မင်းသုံးပါးတို့စံတော်မူသော။ မင်္ဂလာမဟာမဏ္ဍပ်ကြီးအတွင်း၌။ တရားဟောတော်မူနေစဉ်အခိုက်။ နရုတိမင်းတရားသည်။ ဆင်ဖြူတော်ကိုစီးတော်မူလျက် ရတနာထီးဖြူတော်ကို။ ဆောင်းမိုး၍။ ထိုမဏ္ဍပ်အနီး။ စစ်သည်တပ်သားတို့မပါဘဲ။ ကိုယ်ရံတော်သားတရာခန့်နှင့်သာ။ ဝင်လာလေ၏။ ပုပ္ဖဒန္တဆင်တော်လေးစီးနှင့်၊ စစ်သူကြီး။ ဝိဇ္ဇာခိုရ်လေးယောက်တို့သည်။ ရွှေထီးဆောင်းတော်မူလျက်။ စစ်ဝတ်တန်ဆာတိုကို၊ ဆင်ယင်ပြီးခါ။ မင်းဧကရာဇ်ကိုရှေ့နှစ်ယောက်။ နောက်နှစ်ယောက်။ ရွှေထားနှစ်လက်။ ရွှေလှန်နှစ်စင်း၊ ထမ်းဆောင်ခြံရံ။ မဏ္ဍပ်အတွင်းသို့ဝင်တော်မူ၍-ဆွမ်းကပ်လှူလေ၏။ ရဟန္တာအရှင်မြတ်လည်း။ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင်။ တကာတော်မင်းလေးပါးတို့ … မြတ်စွာဘုရားဟောကြားတော်မူသော၊ တရားတော်သည်ကား။ ဤလောကကြီး၌ သတ္တဝါတို့သည်။ အလွန်ကျယ်ဝန်းသော။ ဝဲသြဃကိုငင်။ မဟာသမုဒ္ဒရာတဘက်ကမ်းကိုငင်။ အလွန်ရှည်လျားသော၊ သံသရာခရီးကြီးကိုငင်။ ဆရာမရှိ။ အသိပညာဉာဏ်။ ကင်းမဲ့သောသူသည်။ ကူခပ်ခြင်းငှါ။ လွန်စွာခဲယဉ်း၏ ပညာဉာဏ်။ သတိသမ္ပဇညတရားယှဉ်စေလျက်။ သစ္စာလေးပါး။ မြတ်တရားကို။ ပိုင်းခြားဝေဘန်။ တန်တန်စဉ်းစား။ မမှားစေရ။ လောဘမာန။ ဒိဋ္ဌိ။ ကပ်ငြိတွယ်တာ။ သတ္တဝါတို့သည်။ လေးရွာအပါယ်။ သုံးသွယ်သောကပ်။ အရပ်ပြစ်ရှစ်တန်။ ဘေးရန်ခပင်း။ လွန်မင်းနှိပ်ကွပ်။ စက်ရဟတ်ပမာ။ သံသရာဝယ်။ လယ်ခါလှည့်ပတ်။ မပြတ်ဒုက္ခာ၊ တွေ့ကြုံခါလျှင်။ သုခမတွေ့။ ခလေ့ကာမာ။ ဘုံမှာပျော်ပါး။ မင်းတရားသူဌေး။ နုပ်သေးကုန်သည်။ ကျုံလှီဘက်တွဲ။ သူဆင်းရဲမကျန်။ ဗိမာန်လယ်ယာ။ ဥစ္စာစည်းစိမ်။ ရိပ်ငြိမ်ချမ်းသာ။ ယသာခြွေရွေ။ သေခါပစ်ခဲ့။ တကဲ့မြဲမြဲ။ မရှိဟန်နှင့်။ သဗ္ဗံအတ္တ။ အတ္တနိယဆို။ ငါ့ကိုယ်မဟုတ်။ မာရ်ယုတ်လှည့်ဖြား။ ခန္ဓါငါးကို။ မျက်ဝါးထင်ထင်။ အဌင်္ဂမာ။ ချုပ်ရာအမှန်။ နိရောခံမှ။ သုခအစစ်။ ဓမ္မရာဇ်အကြိုက်။ ကိန်းပိုက်ရာဌာန်။ နန်းနိဗ္ဗာန်ကို။ ကေန်

ရောက်ငှာ။ အာသာပဘာဝ။ ပပဥ္စသင်္ချာတဏှာမါန၊ ဒိဋ္ဌိကိလေ။ ခွာခြွေပယ်စွန့်။ မလွန့်စေမှ။ သစ္စလေးဖြာ။ နာယူအကျိုးကွန့်ဖြိုးကြီးမား။ ခံစားရမည်။ မလွဲတည်လိမ့်။ ငါသည်ဟောကြား။ အမှားဒေါသ။ လောဘမာန်ရစ်။ အပြစ်ဝိဇ္ဇာ၊ ဓမ္မာဘိသမယ။ မဟာပ္ပလနယ။ နှုတ်ပယ်နိုင်က။ ဗုဒ္ဓသားစစ်။ သင်တို့ဖြစ်လိမ့်။ ။ ဟူသော။ ကာမာဒိနဝသုတ်။ မာရ်ယုတ်ဒေါသ။ ပယ်ကြရန်ကွာ။ သစ္စာလေးပါး။ တရားဒေသနာအလုံးစုံတို့ဖြင့်။ ဆုံးမသြဝါဒပေးတော်မူလေ၏။ ။ ထိုတရားဟောတော်မူသောအဆုံး၌။ မင်းလေးပါးတို့လည်း။ ဦးတိုက်ဝပ်စင်းခါနေသည့်အတွင်း။ ထိုဝိဇ္ဇာဓိုရ်လေးယောက်တို့။ ပျောက်ကွယ်သွားသည်ကို။ မင်းမှူးမတ်အပေါင်းတို့မြင်လေသော်။ အလွန်အံ့သြလျက်နေကြကုန်၏။ ဝိဇ္ဇာဓိုရ်စစ်သူကြီးတို့သည်။ ထားကိုထမ်းလျက်။ ရန်သူဖြစ်သော မင်းသုံးပါးတို့၏အနား၌၊ တည်နေလေကုန်လျှင်။ ရဟန္တာအရှင်မြတ်သည်-တဖန်အနတ္တလက္ခဏာသုတ်ကို၊ ဟောတော်မူသောအဆုံး၌။ ထိုဝိဇ္ဇာဓိုရ်လေးယောက်တို့၊ ပျောက်ကွယ်သွားပြီးနောက်။ နရုတိမင်းအထံ၌ပင်ခစားမြဲ၊ ခစား၍နေလေ၏။ ။ ရန်သူမင်းသုံးပါးတို့လည်း။ လွန်စွာထိတ်လန့်ကြောက်ရွံ့ကုန်ရကား။ ဤသို့နရုတိမင်းအား၊ ပြောကြားကြကုန်သတတ်၊ မင်းတရား၏နိုင်ငံတော်ကို။ မပန်မကြားဘဲ၊ ဝင်လာကြခြင်းကားအကျွန်ုပ်တို့ပင်။ လွန်ပါပေသည်၊ သည်းခံတော်မူပါဟု၊ ခွင့်တောင်းကြလေကုန်သတည်း။ နရုတိမင်းတရားကလည်း။ ထိုမင်းသုံးပါးတို့အား သခ်ရဓမ္မကို။ ဟောကြားပြေသ။ ဆုမ္မတော်မူ၍။ မင်းလေးပါး ညီညွှတ်ကြသည်အဆုံး၌။ ရဟန္တာအရှင်မြတ်က။ သရီရဓါတ်တော်လေးဆူကို၊ ပေးအပ်တော်မူလျှင်။ အသီးသီး။ ရှိသေလေးမြတ်စွာ၊ နဝရတ်ကိုးပါးဖြင့်ချယ်လှယ်သော၊ ရွှေသားကလာပ်နှင့်ခံယူကြလေ၏။ ဇင်းမယ်ဘုရင်က။ (ခြောက်လက်မ)-မြသားရုပ်ပွားတော် တဆူ။ နဝရတ်ကိုးပါးဖြင့်ချယ်လှယ်သော-ရွှေသားစေတီတော်ကိုအုပ်လျက်။ သရီရဓါတ်တော်၊ သွင်းနှံ၍ဥပနာတော်မူသည်။ ယိုးဒယား ဘုရင်ကလည်း။ (ဆယ်လက်မခန့်ရှိသော) မြသားစေတီတော်ကို၊ စိန်ထီးတင်၍။ နဝရတ်ကိုးပါးချယ်လှယ်သော၊ ရွှေသားစေတီတော်ကိုအုပ်၍၊ သရီရဓါတ်တော်သွင်း၍ ဥပနာပြီးခါ၊ ယွန်းဘုရင်မင်းမြတ်ကလည်း။ (ခြောက်လက်မရှိ) မိလ္လာရုပ်ပွားတော်ကို၊ နဝရတ်ကိုးပါးဖြင့်။ ချယ်လှယ်အပ်သော၊ ရွှေသားစေတီတော်ကို အုပ်၍။ သရီရဓါတ်တော်ထည့်ပြီးမှ။ ဥပနာတိုက်သို့သွင်းတော်မူလေ၏။ ... (နရုတိမင်းမြတ်ကလည်း။ ဉာဏ်တော်ခြေခုံလက်မ။ သံသေရုပ်ပွား။ ကိုးလက်မ။ ပတ္တမြားပလ္လင်တော်ထက်၊ မြသားဖေါခိပင်စိုက်ထူလျက်။ နဝရတ်ကိုးပါးဖြင့်၊ ချယ်လှယ်အပ်သော၊ ရွှေချိန်တရာ၊ ရွှေသားစေတီတော်ကို။ စိန်ထီးတင်တော်မူ၍။ နရုတိမင်း ဆင်တော်မူ

သော။ အဘိုးကုဋေတန်ပတ္တမြားစလွယ်တော်ကို။ စေတီတော်၌သိုင်းဆင်၍။ သရီရဓါတ်ရွှေအဆင်းကို။ သွင်းတော်မူပြီးလျှင်။ သင်းကျစ်။ ခြေနင်း။ သံလျက်။ သားမြီယပ်။ ထီးဖြူ။ ငွေသားနဝရတ်ကိုးပါးချယ်လှယ်ပြီးလျှင်။ စိန်တံခွန်။ မြတံခွန်။ ပတ္တမြားတံခွန်တို့ကို။ လက်ဝဲဘက်က။ သားတော်အိမ်ရှေ့မင်း။ လက်ျာဘက်က။ မိဖုရားကိုနေစေ၍။ ကြီးကျယ်လှစွာ။ မင်္ဂလာမဏ္ဍပ်အတွင်း၊ သံဃာတော်အရှင်မြတ်တို့ကို။ ပရိက္ခရာရှစ်ပါးနှင့်တကွ။ ဇင်းမယ်။ ယိုးဒယား၊ ယွန်း။ သုံးပြည်ထောင်သံဃာတော်။ သုံးသောင်းကျော်တို့ကိုလည်း။ ဆွမ်းဘောဇဉ်လုပ်ကျွေးပြီးနောက်။ ဘုရင်သုံးပါးတို့ပါ။ ဘိတ်ကြားလျက်၊ ရေစက်သွန်းချ။ လှူဒါန်းတော်မူလေသည်။ ရေစက်သွန်းချသည်၏အဆုံး၌။ မြေ လျောင်ကြီးသုံးကြိမ်လှုပ်၍။ သာဓုခေါ်သတည်း။)။ ။ အမျိုးမျိုးသောလက်နက် တို့ကို။ ပစ်ဖေါက်ပြီးလတ်သော်။ မင်းလေးပါးတို့သည်။ အလျားအတောင်ခြောက် ဆယ်။ နံအတောင်သုံးဆယ်။ စောက်အတောင်နှစ်ဆယ့်ငါးတောင်။ ဌာပနာတိုက် ကို။ လှပချောမွေ့သော။ ကျောက်ပြားတို့ဖြင့်။ ခင်းကျင်း၍။ ကျောက်အင်္ဂတေတို့ ဖြင့်လည်း။ စေ့စပ်စွာပြုလုပ်။ ယိုးဒယားမင်းမြတ်ကလည်း။ ချော်ရေတို့ကို။ တမိုက်ခန့်ထူအောင်လောင်းပြီးနောက်။ ဗိုလ်ထုနှင့်တကွ။ ကျောက်ကြီးကျောက် ငယ်။ အသွယ်သွယ်တို့ကို။ ၎င်းတောင်၏အထက်သို့။ အတောင်တရာကျော် အောင်ဖို့လေ၏။ ထိုက္ကသိန္ဒြိမှီးအုန်းတောင်ထိပ်အပြင်၌။ သုံးဆယ်ငါးတောင်။ ဉာဏ်တော်အမြင့်ရှိသော။ စေတီ-တည်တော်မူလျက်-မြသားရုပ်ပွားတော်။ မိလ္လာ ရုပ်ပွားတော်နှစ်ဆူ။ ယိုးဒယားမင်း၊ ယွန်းမင်းတို့က။ ဌာပနာလေ၏။ (သက္ကရာဇ် ၃၅၃ခု။ တပေါင်းလပြည့်အင်္ဂါနေ့။ ဌာပနာသွင်းပြီးမှ။ ဌာပနာတိုက်ပိတ်တော်မူ လေ၏။) တန်ခူးလပြည့်နေ့။ ခဲထီးတင်တော်မူသည်။ တန်ခူးလပြည့်ကျော်သုံး ရက်နေ့။ နရပတိမင်းတရားကို။ နှုတ်ဆက်တော်မူ၍။ ယခင်မင်းသုံးပါးတို့။ နေပြည်တော်သို့။ ပြန်ကြလေကုန်၏။ နရပတိမင်းတရားလည်း။ ပြည်တော်သို့ဝင် တော်မူလေလျှင်။ သက္ကရာဇ် (၃၅–ခု) ကဆုန်လဆုပ်။ တဆယ်လေးရက်နေ့တွင်၊ ဦးလေးတော်။နန္ဒသေနစစ်သူကြီး။ နတ်ရွာလားတော်မူ၍။ ရှေးမဟာသမတမင်း တို့၏ သားတော်။ စစ်သူကြီးတို့ကို။ သင်္ဂြိုဟ်သောနည်းထုံးစံအတိုင်း သင်္ဂြိုဟ်တော်မူ လေသည်။ ။ .... ဦးလေးတော်စစ်သူကြီးနတ်ရွာလားပြီးနောက်။ ဗလဒေဝ စစ်ဝန်ကြီးကို။ စစ်သူကြီး၏ ရာထူးဘွဲ့တံဆိပ်ဖြင့်။ ခန့်အပ်တော်မူလေ၏။

ထိုနရပတိမင်းတရားသည်။ ရဟန္တာအရှင်မြတ်တို့။ ပင့်ဆောင်တော်မူခဲ့အပ် သော ဓါတ်တော်တို့ကို။ ပတ္တမြားကြုတ်။ ရွှေကြုတ်။ ငွေကြုတ်။ မိုဃ်းကြိုးကြုတ် တို့၌ထည့်၍။ အတောင်တရာရှိသော။ ထူပါရုံစေတီတော်ကြီးကို။ ဌာပနာခန်း။

အမျိုးမျိုးတို့ဖြင့်။ စီမံပြီးလျှင် (သက္ကရာဇ်–၆၇–ခုနှစ်ကစ၍။ တည်တော်မူရာ။ (၆၉–ခု) တန်ခူးလဆန်း ၁၀-ရက်နေ့ ပြီးစီးအောင်မြင်လေသတည်း။) ထိုစေတီတော်ကြီးတို့၌။ အမြဲဝတ်နိပါတ်ပြုစုရန်အလို့ငှါ။ ရှမ်းဆယ်အိမ်ထောင်ကို။ ကျွန်သီးတော်အဖြစ်ဖြင့်။ ငါးအိမ်ထောင်ထားလေ၏။ ရွှေဆံတော်ဘုရားမှာ။ ငါးအိမ်ထားလေ၏။ ယခင်ထူပါရုံဘုရားကြီးကို။ တည်ထားတော်မူပြီးသော်။ ထိုကျွန်တို့ပါ။ ရေစက်သွန်းချလှူဒါန်း။ ပတ္တိဒါနပြုတော်မူသည်။ ဆယ်အိမ်ထောင်သားရှမ်းတို့အား။ နေရာရပ်ကွက်၌။ တံခွန်ကြက်လျှာ။ အမြဲစိုက်ထားရလေ၍။ ယခုထက်တိုင်။ တံခွန်စိုက်လူမျိုး။ ကျွန်သီးတော်တို့ဟု။ ခေါ်ဝေါ်လေ့ပြုကြကုန်၏။

မှီအုံးတောင်ဘုရားတည်သည့်အခဏ်းပြီး၏

၁၂၀ ∼ 120

ထိုသို့ရန်ပြေဘုရားတည်ပြီးလတ်သော်။ သက္ကရာဇ် (၆၉–ခု) ကဆုန်လဆန်း (၁၂) ရက်နေ့နေထွက် ၄–ချက်တီးအချိန်တွင်။ အမြားရွာသူကြီး။ ငအောင်ပန်းက၊ ရတနာဆင်ဖြူတော်။ သားအမိနှစ်စီး။ ရွာ၏အနီးကြာအိုင်ကြီး၌။ ကြာရိုးကြာစွယ်။ ကြာပန်းတို့ကို စားသောက်နေရာမှ။ ဘမ်းဆောင်ယူငင်ရရှိသည့်အတွက်။ ချည်တိုင်၌ချည်ထားပါကြောင်း။ မေတ္တာမြို့ဝန်ထံ။ လျှောက်လွှာတင်သွင်းလေသော်။ ထိုမြို့ဝန်မင်းကြီးလည်း။ လျှင်မြန်စွာ နရုတိကေရာဇ်မင်းမြတ်၏ ထံတော်သို့ မြင်းသည်ကျော်အား။ စေလွှတ်တင်လွှာဆက်သ။ သံတော်ဦးတင်စေရာ။ ကေရာဇ်မင်းမြတ်ကိုယ်တော်တိုင်။ ဦးလေးတော်-စစ်သူကြီးနှင့်။ မြင်းတပ်တော်ငါးရာစီမံချီသွားကြလေ၏။ မေတ္တာမြို့သို့ ညဉ့်ကာလ၌ရောက်တော်မူသဖြင့်။ စက်တော်ခေါ်တော်မူ၍။ နံက်ပွဲတော်တည်ပြီးမှ၊ မြင်းတပ်တော်သားတို့နှင့်တကွ။ ချီသွားကြလေကုန်၏။ ။ အမြားရွာဆင်ဖြူတော်ရှိရာ အရပ်သို့ရောက်တော်မူလေလျှင်။ ကေရာဇ်မင်းမြတ်။ စစ်သူကြီး။ မြို့ဝန်မင်းတို့သည်။ ဆင်ဖြူတော်ကို။ လက်တော်နှင့်သုံးသပ်၍။ ချိုမြက်ရသာကျွေးမွေးပြီးခါ။ ပြည်တော်သို့။ ဆောင်ယူခြင်းငှါ။ အါးထုတ်တော်မူလေ၏။ အမတ်ကြီးများတို့။ ငါ၏ဆင်ဖြူတော်ကို။ ရောက်ရာအရပ်ဒေသက။ ကြီးကျယ်ခန်းနားစွာ။ အတီးအမှုတ်အကအခုန်တို့နှင့်တကွ။ မြို့ရွာကိုတန်ဆာ

ဆင်စေလျက်။ ကြိုးဆိုချီးမြှင့်စေရမည်ဟု။ မိန့်တော်မူပြီးသော်။ နေပြည်တော်သို့ ပြန်လည်ကြွမြန်းတော်မူလေ၏။ … … …

နေပြည်တော်သို့။ ရောက်တော်မူလေလျှင်၊ ပြည်တော်ကို တန်ဆာဆင်စေ၍။ မင်္ဂလာမဏ္ဍပ်တော်ကြီး။ ဆန်းကြယ်ခန်းနား။ ဆန်းပြားစွာဆောက်လုပ်စေပြီးသော်။ အတီးအမှုတ်အကအခုန်။ အမျိုးမျိုး တို့ဖြင့်လည်း။ ရှုမငြီးနိုင်ရာ။ ကြည်လင်ရွှင်လန်းစွာ။ ရတနာဆင်ဖြူတော်ကို၊ ကြိုးဆို-ကြန်။ ငှက်ပျောသီး-အပင်အရွက်။ အစရှိကုန်သော။ ဆင်တော်၏စားရာ။ အာဟာရတို့ကိုလည်း။ အသင့်ပြင်ဆင်ထားလင့်ရမည်။ … ရွှေသားအင်ဒုံ။ ငွေသားအင်ဒုံတို့ကို။ ဆိုင်ရာ ရွှေတိုက်ဝန်က ထုတ်ပေးစေ။ အသင့်ရှိစေရမည်။ … မြက်ရိတ်ကြန်ရှာလူတကျိပ်။ ဆင်တော်ရေချရန်လူတကျိပ်။ ဆင်တော်မူသည့်ရွှေတန်ဆာအမျိုးမျိုးတို့ကို။ ဆင်ယင်ပေးရန်လူတကျိပ်။ လက်နက်ကိုင်။ ကိုယ်ရံတော်။ စစ်သည်တပ်သား-ငါးဆယ်။ ဘယ်ညာသဟဲ။ အမြဲခစားစေဟု … အမိန့်တော်မြွတ်မှတ်တော်မူလေ၏။ ။ ရွှေပြည်တော်ဝန်ကြီး။ကဝိစိန္တာအမတ်ကြီးကို။ မိန့်တော်မူသည်မှာ။ အမတ်ကြီး။ ၎င်းယခုဆက်သရောက်လာအပ်သော။ ဆင်ကား။ မင်းတို့နှင့်ထိုက်, မထိုက်။ ဆင်မျိုးအပေါင်းတို့ကို။ ရှန်းပေါင်း၍။ ကောင်း-မကောင်း သင့်မသင့်။ ထောက်ချင့်သေချာစွာ။ တင်လျှောက်ရမည်။ အမိန့်တော်မြွတ်မှတ်တော်မူရာ—နရာအချုပ်။ သမုတ်မည်လှိုင်း၊ သမိုင်းသိုက်ရ။ ဘုပါလသခင်။ ရွှေနားဆင်တော်မူပါဘုရား။ ။ ဂါမဏိမည်သော။ ဆင်ဝန်တို့၏အကြောင်းကစ၍။ ဂဇါသနကြဏ်းလာ။ မှတ်ဘွယ်ရာကို။ သေချာစွာ သံတော်ဦးတင်ပါအံ့ဘုရား။

ဂါမဏိမည်ကုန်သော။ ဆင်ဝန်တို့၏။ အင်္ဂါလက္ခဏာကား။ ။ "ဆင်မြင်းတို့၏။ ဇာတ်အင်္ဂါလက္ခဏာကိုသိခြင်းလည်းတပါး"။ ။ တိရစ္ဆာန်တို့အား။ သားသမီးတို့ကဲ့သို့ သနားစုံမက်။ နှစ်သက်ခြင်းလည်းတပါး"။ ။ ဤစကားကား။ ဤသတ္တဝါအားလျောက်ပတ်၏။ ဤစကားကား။ ဤသတ္တဝါအားမလျောက်ပတ်ဟူ၍။ သိခြင်းလည်းတပါး"။ ။ ဆင်မြင်းတို့ကိုယဉ်ကျေးအောင်ဆုံးမရာ၌ လိမ္မာခြင်းလည်းတပါး"။ ။ နာကုန်သည်ရှိသော်။ ဆင်မြင်းတို့အားဆေးဝါးကုသရာ၌။ လိမ္မာခြင်းလည်းတပါး"။ ။ ဤသို့အားဖြင့်။ ငါးပါးဖြစ်သတည်း။ ။ ထို့ကြောင့်ဤအရာ၌။ ဂါထာဖြင့်သိအပ်၏။ … ဇာတျင်္ဂါဒီနံပီယံတထာ။ ဘောဇနေ ဒါနေဆေကကံဒမနေ စတိကိစ္ဆကေ။ ပဉ္စတော။ ဂါမဏိနံဝ။ အင်္ဂါနိတုပလက္ခယေ။ ။ ဟူသည်တည်း။

ဇာတျင်္ဂါဒိနံ။ ဇာတ်အင်္ဂါလက္ခဏာတို့ကို။ သဉ္ဇာနံ။ သိခြင်း၎င်း။ တထာ။ ထိုမှတပါး။ တိရစ္ဆာနံ။ တိရစ္ဆာန်တို့ကို။ ပီယံ။ ချစ်ခြင်း၎င်း။ ဘောနဒါနေ။ အစာကျွေးမွေးရာ၌။ ဆေးကံ။ လိမ္မာခြင်း၎င်း။ ဒမနေ။ ဆုံးမခြင်း၌။ ဆေကဥ္စ။ လိမ္မာ

ခြင်းငှင်း။ တိကိစ္စကေ။ ဆေးကုသရာ၌။ ဆေကစ္ဆ။ လိမ္မာခြင်းငှင်း။ ဣတိ။ ဤသို့။ ဧတေပဥ္စ။ ဤငါးပါးတို့ကို။ ဂါမဏိနံဝ။ ဆင်ဝန်မြင်းဝန်တို့သာလျှင်။ အင်္ဂါနိတိ၊ အင်္ဂါတို့ဟူ၍။ ဥပလက္ခယေ။ မှတ်ရာ၏။ ။ ဤကားအနက်။

ဆင်ဝန်မြင်းဝန်တို့၏။ အင်္ဂါလက္ခဏာငါးပါးတို့တွင်။ ပဌမအင်္ဂါ၌။ အဘယ်သို့ ဇာတ်ကိုသိရသနည်းဟုမူကား။ ။ ဆင်တို့၏ ဇာတ်ကိုရှေးဦးစွာ။ ဤသို့သိအပ်၏။ ဆင်တို့သည်၊ သာသနာတော်ကျမ်းဂန်အလိုအားဖြင့်။ ။ "ကာလာဝကဥ္စဂင်္ဂေယျံ။ ပဏ္ဍာရံတမ္ဗပိင်္ဂလံ။ ဂန္ဓမင်္ဂလဟေမဥ္စ။ ဥပေါသထဆဒ္ဒန္တိမေဒသ"။ ဟူ၍လာရကား။ ။ ကာလာဝဆင်။ ဂင်္ဂေယျဆင်။ ပဏ္ဍာရဆင်။ တမ္ဗဆင်။ ပိင်္ဂလဆင်။ ဂန္ဓဆင်။ မင်္ဂလဆင်။ ဟေမဆင်။ ဥပေါသထဆင်။ ဆဒ္ဒန္တဆင်ဟူ၍။ ဆယ်မျိုးအပြားရှိကုန်၏။ ။ ၎င်းကျမ်းဂန်အရ၊ ဆဒ္ဒန်ဆင်မျိုးအပါအဝင်ဖြစ်၍။ သိမ်းပိုက်ထိုက်ပါသည်ဘုရားဟု လျှောက်လေ၏။

ထိုသို့ပြည်သူပြည်သားအပေါင်း။ အမတ်ကောင်းပညာရှိတို့နှင့်။ ညီညွတ်လျှုဒါန်း။ ပြည့်လျှမ်းသဒ္ဓါ။ စေတနာတို့ကို။ လွန်မင်းစွာတိုးပွား။ မင်းတို့ကျင့်ရာတရား။ မမှားနေ့စဉ်။ ဝတ်လျှင်မပျက်။ အဆက်ဆက်သောအလောင်းတော်တကာတို့ထုံး။ ကျင့်သုံးတော်မူပြီးလျှင်။ မုဒ္ဓါဘိသေက။ ရာဇာဘိသေက။ လဥ္စနတံဆိပ်။ ခပ်နှိပ်နာမံ။ ခံယူတော်မူအပ်သော။ စည်းစိမ်တော်မြတ်ကို။ ဓမ္မဓါတ်ကိန်း။ သိမ်းပိုက်ငြီးငွေ့။ တနေ့တခြား။ ရွှေ့ရှားယွင်းယို။ အိုရာခရီး။ ရောင်လည်းမလွတ်။ ဘုံဝဋ်ဓလေ့။ နွမ်းခွေ့သောကြာ။ ကြွေခါကျလူ။ ဖက်လျော်စုပမာ။ ခန္ဓါရူပကာယ။ အတ္တဘာဝ။ ဖရာပိဋ္ဌန။ ကာလအကြိမ်။ အချိန်စေ့ရောက်သဖြင့်။ ထောက်ချင့်စဉ်းစား။ (နရာဒီပအမည်ရှိသော သားတော်အိမ်ရှေ့မင်းအား ရိုက်ရာညီးရှိန်။ မင်းစည်းစိမ်တို့ကို။ တင်းတိန်လွှဲအပ်တော်မူပြီးလျှင်။ အဌင်္ဂီဥပုသ်။ မယုတ်စောင့်ရှောက်။ ဆောက်တည်၍သာ၊ နေရှာတော်မူလေသတည်း။ ....။ ထိုနရုတိမင်းတရားကြီး၏။ သက်တော်၊ ခုနစ်ဆယ်မြောက်။ ရောက်တော်မူလတ်သောအခါ။ တဘောင်ပေါ်သည်မှာကား။ .... (ဥတ္တာယကုရုကျွန်းက။ စည်ရွှမ်းလို့လာ။ သာယာလို့ဆွေး။ ။ ရွှေစည်တော်-တီးသံဧ။ သွားကြစို့လေး။) ။ ဟူသောတဘောင်။ ပေါ်ပါကြောင်းနှင့်။ သံတော်ဆင့်နေမျိုးသခ်ရာက သံတော်ဦးတင်လျှောက်ရာ။ ကဝိစိန္တာအမတ်ကြီးကို၊ မေးတော်မူ၏။ ၎င်းအမတ်ကြီးကတင်လျှောက်သည်မှာ။ သက္ကရာဇ် (၁၇–ခုနှစ်) ရွှေဘုန်းတော်ရှင်။ ဘုရင်ကေရာဇ်မင်းမြတ်။ မြောက်အရပ်ဖြစ်သော။ သုဝဏ္ဏဘုမ္မိတိုင်း၊ သထုံပြည်ကြီးမှ ကြွလာတော်မူလျက်။ ရွှေမြို့တော်နန်းမကို၊ တည်တော်မူပါ၍။ (၂၀ ပြည့်နှစ်) ရွှေနန်းတက်တော်မူပြီးလျှင်။ သုခဒုက္ခ။ နှစ်ပါးမျှပြီးခါ။ စံတော်မူသည်မှာ။ သာကြည်

မြေစွာ။ စံတော်မူရပေပြီ။ (ရွှေစည်တော်တီးသံဧ။ သွားကြစို့လေး။)-ဟူသော။ တဘောင်၏-အဓိပ္ပါယ်အလို။ အဆိုအသွားကို။ လျှောက်ထားရမည်မှာ။ ထီးကား ခုနစ်ခု။ ဗေဒင်အလိုသော်ကား၊ သတ္တဝါတည်း။ သံ။ ကား။ သံ-သုည်။ သုညော။ ဟုလာရကား။ သုညဟူက - ဝ အက္ခရာပင်တည်း။ နှစ်ဝနှစ်ထွေ။ ပေါင်းတုံလေမူ။ မသွေမဖေါက်။ ခုနစ်ဆယ်မြောက်။ ရောက်ကသက်တော်။ နတ်နန်းပျော်မည်ကို။ သိမြှော်နိမိတ်။ ဇမ္ဗူဒိပ်၌။ ပထဝိဿရ။ နရုက္ကဋ္ဌအရေး။ ပေးကြောင်းသတိ။ နတ်ကဝိတို့။ ဘုန်းရှိအရှင်။ ရွှေနားဆင်ဘို့။ ပေါ်တွင်တဘောင်။ ရှင်းလင်းဆောင်သည်။ ဘုန်းခေါင်တည့်ရာဇင်း။ နာကုန်မင်း။ ။ ဟုတင်လျှောက်လေလျှင်။ ဧကရာဇ်မင်းမြတ်သည်။ နိထတ္ထတိုက်ရိုက်။ အဓိပ္ပါယ်ဆိုက်သောကြောင့်။ နှစ်ချိုက်ဝမ်းသာစွာ။ ရွှေချိန်ငါးပိဿာ။ ဆုချသနားတော်မူပြီးနောက်။ ကမ္မဋ္ဌာန်းဘာဝနာ။ ဝိပဿနာတို့ကို၊ လေ့လာကြိုးကုတ်အားထုတ်ခြင်း တနေ့မပြတ်။ မဟာအသဒိသဒါနကြီးကို။ မငြီးအောင်အားထုတ်တော်မူခြင်းအလုပ်၌၊ မွေ့လျော်ခါ။ စံနေတော်မူလေသတည်း။

ရတနာဆင်ဖြူတော်သည်။ မင်းဧကရာဇ်။ နတ်ရွာစံတော်မူမည့်။ နေ့ရက်နီးတော်မူလတ်သော်။ မြောက်အရပ်သို့မျက်နှာမူ၍။ မျက်ရည်ကျလေ၏။ အရှင်မင်းမြတ်။ ရတနာဆင်ဖြူတော်သည်။ မြောက်အရပ်သို့မျက်နှာမူ၍။ မျက်ရည်တော်ကျပါသည်ဘုရားဟု။ ဆင်ဝန်တို့က။ သံတော်ဦးတင်လျှောက်လေလျှင်။ အမတ်ကြီး။ အသို့နည်းဟု။ ကဝိစိန္တာအမတ်ကြီးကို။ အမိန့်တော်မြတ် မှတ်တော်မူလေလျှင်။ ။ အရှင်မင်းမြတ်။ မှတ်တော်မူရန်မှာ။ လောကဓါတ်၌။ ရှိကြကုန်သော သတ္တဝါအပေါင်းတို့သည်။ သခင်မိဘ။ ဆရာသမ္မား-ဘိုးဘွားရာဇာ။ ကြီးသောသူတို့ကိုသာ။ အားကိုးခါနေလေ့ရှိကြပါကုန်သည်။ ၎င်းဆင်တော်သည်လည်း။ အရှင်မြတ်ကိုအားကိုး။ အသျှင့်အကျိုးရွက်ဆောင်။ များမြောင်သချေ။ တီတေကာလ။ ဘဝအထွေထွေက။ လှူပေဒါန။ ပြုကအတူ။ စင်ဖြူသီလ။ တကွကျင့်ယူ။ ခုမူတွေ့ဆုံ။ လူ့ဘုံနတ်ဖြစ်။ ဖြစ်ဖြစ်သမျှ။ ကြုံကြိုအစစ်။ ချစ်ထမေတ္တာ။ ပီယာစိတ်စွဲ။ အမြဲခင်မင်။ သို့ကြောင်းအင်ကြောင့်။ မြတ်ဆင်ရတနာ။ သိရှာနိမိတ်။ ထိုအတိတ်လာ။ ရှင့်ခန္ဓာ၏။ ပျက်ရာတုံရှောင်း။ နတ်ထံပြောင်းမည်။ သိသည်စိတ်မှာ။ ရတနာဆင်တော်။ ညှိုးလျော်ဝမ်းနည်း။ မျက်ရေစီးသည်။ ။ ရှင်လည်းစဉ်းစား-ဥာဏ်ရှေ့သွား။ ။

ဟူ၍တင်လျှောက်ရာ။ ပါရမီရှင်ဖြစ်သော။ ဧကရာဇ်မင်းမြတ်သည်။ ရတနာဆင်တော်ရှိရာသို့။ သက်ဆင်းချဉ်းကပ်တော်မူပြီးလျှင်။ ရတနာဆင်ဖြူတော်သည်။ ဝပ်လျက်ခစားလေ၏။ ဆင်တော်ရတနာ၏။ ဦးထိပ်တော်ကို။ လက်တော်

ဖြင့်။ သုံးသပ်တော်မူပြီးခါ။ ။ "ရတနသဃဂဇရာဇ။ သဗ္ဗေဟိသတ္တာသင်္ခါရာ၊ ကိမုတ္တောဟိနတ္ထိသတ္တော။" ။ ဟူသောမဂဓဘာသာဖြင့်။ ဆုမ္မ၏။

ရတနသဃ။ ရတနာခုနစ်ပါးဖြင့်။ ချယ်လှယ်တင့်ဆန်း၊ ရှုမခန်းသည့်။ ဂဇရာဇ။ ဆင်မင်းမြတ်။ သဗ္ဗေဟိ။ အလုံးစုံကုန်သော၊ သတ္တဝါတို့သည်။ သင်္ခါရာ၊ ကံစိတ်ဥတု-အာဟာရတည်းဟူသော။ အကြောင်းတရားလေးပါးတို့မှ၊ ကိံ အဘယ်အမည်ရှိသောသူသည်၊ မုတ္တော။ လွတ်ပါအံ့နည်း။ ဟိသစ္စံ။ ထိုစကားသည်မှန်၏။ သတ္တော။ သတ္တောသု။ သတ္တဝါအပေါင်းတို့၌။ သင်္ခါရာ ကံ-စိတ်-ဥ-ဟာ။ ကြောင်းလေးဖြာနှင့်။ အနိစ္စာ။ ဒုက္ခ။ အနတ္တသဘာဝ။ လက္ခဏာသုံးပါး။ တွေ့ငြားခြင်းရာ၊ အဖြာဖြာတို့သည်။ ကိံမုတ္တော။ ကိံမုစ္စန္တိ။ အဘယ်မှာလွတ်ပါကုန်အံ့နည်း။ ဝါ။ မလွတ်ကုန်ချေတကား။ ဟူ၍သင်္ခါရဓမ္မကိုဟောပြ၊ ဆုမ္မတော်မူသောအဆုံး၌။ ရတနာဆင်ဖြူတော်သည်။ ထတော်မူလတ်၍။ အရှေ့အရပ်သို့ မျက်နှာမူပြီးလျှင်။ ကရဝိတ်သံ, ကြိုးကြာသံ, နှင့်တူသော အသံဖြင့်။ သံစုံဟစ်ကျေး။ ကောင်းကြီးပေးလေသော်။ မဟာပထဝီမြေကြီးသည်။ ဆီးတားခြင်းငှါ မတတ်နိုင်။ ယိမ်းယိုင်ကျော်ထင်။ မြေလျှင်ငြိမ့်။ သိမ့်သိမ့်သုံးခါ။ သာစုခေါ်ရှာလေသတည်း။

ကေရာဇ်မင်းမြတ်သည်။ ရတနာဆင်ဖြူတော်ကိုရှုတော်မူ၍။ ရွှေနန်းတော်သို့ တက်တော်မူလျှင်။ ထိုဆင်တော်သည်။ သုံးကြိမ်ဦးတိုက်တော်မူလေ၏။

နေပြည်တော်၌ရှိသောသင်္ဃာတော်အကုန်။ ပရိက္ခရာရှစ်ပါးနှင့်တကွ။ သံဃိကဒါန။ ဆွမ်းလှူတော်မူမည်ဟု။ မိန့်တော်မူ၍.........(သက္ကရာဇ် (၇၀) ပြည့်။ တပိုးတွဲလဆုပ် (၇) ရက်။ တနင်္လာနေ့နံက်) မြေနန်းတော်သို့ ဆင်းသက်တော်မူလျက်။ ကိုယ်တော်တိုင်၊ သံဃဒါနအလှူကြီးကိုပေးလှူ။ ရေစက်သွန်းချ။ အမျှပေးဝေတော်မူပြီးမှ။ ရွှေဆံတော်ဘုရားအား၊ ဦးသုံးကြိမ်တိုက်ပြီးလျှင်။ ရွှေနန်းတော်သို့တက်တော်မူ၏။ သားတော်အိမ်ရှေ့မင်းအားခေါ်တော်မူရာ။ အိမ်ရှေ့မင်းသည်၊ အပါး၌ခစားနေရာတွင်။ ခမည်းတော် မအီမသာရှိသည်၊ ငါ့သားတော်ဟု- မိန့်တော်မူပြန်ကာလ။ သံဃာတော်မထေရ်ကြီးတို့အားပင့်လျှောက်။ သံဃာတော်တို့ ကြွရောက်။ ရွှေနန်းဆောင်၌။ ပရိတ်တော်ကိုရွတ်ခြင်း။ မေတ္တာပို့ခြင်း တရားဟောခြင်းတို့ဖြင့် ချီးမြှောက်ကြလေကုန်၏။ မင်းတရားကြီးလည်း။ တရားတော်မြတ်ကိုနာလျက်နေပြီးနောက်-ညဥ့်သန်းခေါင်ယံအချိန်သို့ရောက်လျှင်။ ကောင်းပြီ။ ဆိုင်းငံ့၍နေကြဦးလော့။ တရားတော်ကိုနာဦးမည်ဟု-မင်းကြီးဆိုလတ်သော်၊ ထိုအခါသားတော်အိမ်ရှေ့မင်းက။ ခမည်းတော် သတိထားတော်မူပါဘုရားဟု။ လျှောက်ထားလေလျှင်။ ငါ၏သားတော်အိမ်ရှေ့မင်း။ ခမည်းတော်ကို။ နတ်ပြည်မှ ဖြစ်ကုန်သော။ ဆန်းကြယ်ကုန်သော

ရထားတို့ဖြင့်။ နတ်သားလေးယောက်တို့က။ ကျွန်ုပ်တို့စံရာ။ တုသိတာ နတ်ပြည်သို့။ အရှင်မင်းကြီး အဘို့ငှါ၊ ဘုံပြာသဒ်အသင့်ပေါက်ပြီးရှိနေလေပြီ။ အရှင်မင်းကြီးကြွလိုက်တော်မူပါဘုရားဟု။ လာ၍ခေါ်ကြခြင်းကြောင့်။ အရှင်ကောင်းတို့၊ တရားဟော၍မဆုံးသေး-တရားနာဦးမည်၊ ဆိုင်းငံ့၍နေကြဦးဟု၊ ခမည်းတော်တားမြစ်သတည်းဟု၊ မိန့်တော်မူပြီးနောက်။ စက်တော်ခေါ်လေ၏။ သက္ကရာဇ် (၇၀) ပြည့်နှစ်။ တပိုးတွဲလပြည့်ကျော်။ ရှစ်ရက်နေ့၊ အရုဏ်တက်သည်နှင့်တပြိုင်နက်။ နတ်ရွာစံတော်မူလေသတည်း။

၁၂၁ ~ 121

သုသီရိ၊ စန္ဒာဒေဝီ, အဂ္ဂမဟေသီ၊ မိဖုရားခေါင်ကြီးသည်။ နရုတိ ကေရာဇ်မင်းမြတ်။ နတ်ရွာစံကြွတော်မူသောကြောင့်။ ပူသောကမီး။ ဖိစီးတောက်လောင်သည်ဖြစ်၍။ များစွာပင်ပန်း။ ညှိုးနွမ်းလှိုက်ဖို၊ ငိုတော်မူသောအခဏ်း။

စန္ဒာမောင်တော်။ ရွှေနားပျော်လော့၊ ပြည်တော်သာစွာ့။ ဒူရကသညီ။ အောင်သာဝတီ။ ဌာနီကြငှန်း။ ဗိမာန်နန်းကို။ တင့်ဆန်းကြေည်။ သျှင်သည်စိုးရ။ နေ့ကစ၍။ နှမတောင်ညာ။ မယ်စန္ဒာကို။ ချိုသာရွှင်ရွှင်။ ဘွဲ့တော်ဆင်သား။ တောင်ခွင်နန်းမ၊ မောင်ပအပ်နှင်း။ စံခြင်းစည်းစိမ်။ တင်းတိမ်ကမန်း။ ခမ်းခမ်းချီးမြှင့်။ ဘုရင့်ဆောင်တော်။ နှမတော်နှင့်၊ လက်တော်တူဆွဲ။ မင်းပွဲဆက်သ၊ ဌာနမြေနန်း။ အောင်စည်ရွှမ်းရှင့်။ မင်းခမ်းကျင်းပ၊ ဘမရသညီ။ သီဟာသန။ ပလ္လင်မထက်။ ရှင်တက်စမွယ်။ လွန်တင့်တယ်တည့်။ ငယ်ချစ်စံရာ။ ဝတိသ်ာသို့။ မဟာထီးချက်။ ကနက္ကတန်။ ရက်ပြန်အုပ်ပြီး။ သားကြီးအိမ်ရှေ့။ ဖထိုင်မွေ့မှာ။ စံ၍ခစား။ ရာ့တပါးတို့၊ မင်းများစုံသည်။ အောင်စည်ဆော်ကြွေး။ စက်ရေးကျင်းပ။ မတ်ကကြီးငယ်။ စလွယ်ဆိုင်ရာ။ တင်ပြီးခါလျှင်။ ဝဲယာခညောင်း။ မောင်ကောင်းဘုရင်။ နေလုင်သို့၊ ဆင်ယင်တန်ဆာ။ ရောင်စုံဖြာသား။ သိကြားပုံတူ။ စံတော်မူသည်။ နတ်လူကြည်လင်။ မင်းပွဲခွင်ကို၊ ခိုဝင်ခစား ပြပ်ဝပ်တွားသည်။ ။ ရှင်ကားထ၍ ရှုတော်မူပါ့ဘုရား။ …

တကြိမ်နှစ်ကြိမ်။ သုံးကြိမ်ကော်ရော်။ တင်ခေါ်သော်လည်း။ မောင်တော်မထူး။ ချစ်ဦးဘုန်းဟေ။ ဆိတ်ဆိတ်နေငြား။ လှတပါးကို။ မျက်ပွါးဒေါ်သ။ စိတ်တော်ရှထင့်။ နေ့ညပြုသည်။ ဝတ်ငါးလည်မှာ။ မယ်သည်ပြုခြင်း။ မချွတ်ယွင်း

ဘူး။ အခင်းမောင်တော်။ နှမတော်ကို။ ရှာတော်မူမည်။ စိတ်တော်ရည်၍။ သာသီ ကူး။ မထူးလေလား။ တပါးကြင်ရာ။ နောက်တွေ့ရာထင့်။ ငယ်ကြင်မယ့်ကို၊ စွန့်ပစ်လိုကြောင်း။ ဘုန်းမိုမာန်သွင်း။ နေတုံလျှင်းရှင့်။ ဖြန့်ခင်းရာဇာ၊ ရှေ့ပြုပွါက။ စကြာနေ့နတ်။ ရောင်စုံလျှပ်၍။ ကြွလတ်သည်မှာ၊ အချိန်သာတည့်၊ ဘမရာသ နင်။ အရှင်ထတော်။ မူပြီးသော်လျှင်။ ပွဲတော်တည်ချိန်။ ခါကြိမ်တဘန်။ တန်ပြီ ဘုရား။ ရံရွေများနှင့်။ မတ်ကားစုံညီ။ ဝန်းလည်ပတ်ဆိုက်။ ရှင်ကြိုက်ပွဲတော်၊ ပြ ထားသော်ကြောင့်။ နှမတော်ပါ။ ဝန္နာ၍။ သမယာနာရီ။ ဘေဟီငွေမောင်း။ ဆော်ညောင်းထပ်ခါ။ လျှောက်တင်ပါလည်း။ ရှင်မှာမထ။ မောင်ပသက်စု၊ မည် တော်ပြုသည့်။ သီရိစန္ဒာ။ ကြံရာမရ။ ဒုက္ခတွေ့ကြုံ၊ ရွှေဘုံသခင်။ ဉာဏ်တော်ဆင် သား။ ကြံလျှင်သူဦး။ နတ်ထံကူးထင့်။ ချစ်ဦးမောင်တော်။ နှမတော်ကို။ တူနှော် ခေါ်ပါ။ တောင်ညာဒေဝီ။ ဘယ်လိုမှီ၍။ ကြည်ကြည်လင်လင်။ ရွှေပြည်ခွင်မှာ။ စံရှင်ရမည်၊ ကြေည်မြမြ။ လျှောက်ပါရသည်။။ မိန့်ဟဆက်ကြွေး ပေးတော်မူပါ့ ဘုရား။

ထိုသို့-မယ်တော်မြတ်သည်။ လွမ်းဆွတ်လှိုက်ဖို။ ငိုရို၍နေဆဲအတွင်းဝယ်။ ။ သားတော်နရာဒီပမည်သော။ အိမ်ရှေ့မင်းသည်။ စစ်သူကြီး။ မှူးကြီးမတ်ငယ် အပေါင်းခြံရံလျက်၊ ရွှေနန်းတော်တွင်းသို့။ ဝင်ကြွလာပြီးသော်။ ခမည်းတော်၏ အလောင်းတော်ကို။ ဦးခိုက်ပြီးနောက်။ မယ်တော်ကိုဦးခိုက်ပြန်သည့်အခါ။ သား တော်အိမ်ရှေ့မင်း၏ ကျောပေါ်၌လက်တင်လျက်။ ငိုပြန်သည်မှာ (သာကြည် နေ့စဉ်။ ရွှေနန်းခွင်၌။ ရွှင်ရွှင်ပြေပြေ။ ငယ်နှမကို။ နန်းမဒေဝီ။ မဟေသီ၏။ ရင်ဆီ မွေ့လတ်။ သားတော်မြတ်သည်။ လျှော်ပတ်ဘွယ်ရာ။ တတ်ပညာနှင့်။ ဆင်းဝါ ပြည့်စုံ၊ ရွှေဘုံရဋ္ဌ။ ပြည်ပူရကို။ သူပစီမံ။ နိုင်ငံတော်ဧ။ တိုင်းရေးပြည်မှု။ စုစု ဆိုင်ရာ။ သေနင်္ဂါနှင့်။ ဗြူဟာတတ်မြောက်။ တမိုဃ်းအောက်၌။ တယောက်သား ပေ။ ရှင်လေအံ့ချီး။ သို့ပြီးနှမတော်။ မယ့်သားတော်သည်။ ရွှေဘော်များစွာ။ ဝန်းရံ ကာနှင့်။ မင်းသာတိုင်ပင်။ မြေနန်းခွင်သို့။ ဝင်ချိန်တော်တန်။ ဘဘုန်းလျှံကို။ ကန်တော့ရန်ပ။ အချိန်ရပြီ။ နာရီကျလတ်။ မြေနန်းမြတ်သို့။ ထွက်အပ်တိုင်ပင်။ မယ်လျှင်ခေါ်တော်။ မူပြီးသော်လျှင်။ လက်တော်တူတွဲ။ မင်းပွဲထွက်စံ။ ညီလာခံ၍။ ဗိုလ်ရံဝန်းအုံ။ မတ်စုံအညီ။ ရှေ့တော်ဆီမှာ။ မောင်သည်ကန်တော့။ မါန်လျော့ဝန္နာ၊ ပြုသည်တာဝယ်။ ခုမှာမောင်ကား။ ဘယ်သူအားကို။ ဘကားမ ရှိ။ ကိုးကွယ်ဘိအံ့။ နှံ့သိကြေငြာ။ ဥပရာသည်။ ။ မောင်သာတင်ရေး။ ခက်လှချ ည့်ကွဲ့လေး။ မယ်မှာလွန်ဆွေး ပူလှချည်ကွဲ့လေး။)

(စကားပြေ)

မိဖုရားခေါင်ကြီးသည်။ ရှုးသွပ်ပမာ။ ကေသာဆံဖြန့်။ ရပ်တံ့မတည်။ မဟီ အစ်ကို။ ရွှေတောင်ကြီးပြိုသကဲ့သို့။ ကပိုကရို။ ငိုမြည်တမ်းတ။ အစပြုဘူး၊ ရှေး ကနဦးက။ အထူးသဒ္ဓါ။ ဖြူစွာစိတ်ထား။ နှစ်ပါးအတူ။ လှူဒါန်းခဲ့ကြသောဖြစ်ရေး တို့ကို။ စိတ်တွေးတိုင်းပေါ်လာပြန်လေရကား။ အားပါးတရ။ တသ-ဟာစ်ကြွေး။ တောင်ပြေးမြောက်သွား။ စကားတွတ်တွတ်။ ဆိုရွတ်သံစာ လက်ခါလက်ခုပ်။ တီး ရှုပ်မျက်ရည်၊ မဆည်တဲ့နိုင်။ သည်းဆိုင်ပြတ်ကြွေ။ ဣန္ဒြေမခိုင်။ အင်ကြင်းမြိုင် တောကြီးကို။ လေဟုန်ကြီးတိုက်ခတ်သည့်ပမာ။ ချာချာနောက်ကျူ။ ရင်ထုဆိုဆို။ ငိုပြန်သည်ကာလ။ ။ နားခံတော်မှူးက။ အလောင်းတော်တင်ရန်။ ဝတ်လဲတော် အဖြူထုံးတန်းရှိသည့်အတိုင်း။ ဆင်တော်မူပါဘုရားဟု လျှောက်တင်စေဟူသော စကားဖြင့်။ ပြောကြားသည်အဆုံး၌။ ...

ထို့နောက်သစ်စင်ဝါးစင်စံနန်းတော်တင်ခြင်း။ အဝတ်ဖြူလဲခြင်း စသည်တို့ကို ပြုရာ၌၊ ငိုပုံကို ပြဦးအံ့။

ငယ်ချစ်ရာဇာ။ ရွှေနားသာလေ့။ တောင်ညာဆင်လတ်။ ရောင်စုံလျှပ်သည့် အမြတ်မှန်စွာ။ မဟလ္လတာ။ ဒွါဒရာကို။ လဲပါဘုရား။ ဖြူငြားအဝတ်။ မချွတ်ဆင် စေ။ တထွေကေသီ၊ မဲ့ဦးလည်၌။ ဆံစီဖြေချ။ ပိတ်စစည်းစေ။ ပုံသွေအရှူး။ ပမာ ကူးသို့။ ချစ်ဦးမောင်တော်။ ထီးဖြူတော်လည်း။ ထွင့်ရုံတော်ချိုးလတ်။ ညာနတ်တီး ခေါ်။ ငွေမောင်းတော်သည်။ ခွဲတော်မူခါ။ ရှေ့တော်သာ၌။ အာလမ္ဗရာ မဟာစည် ကြီး။ ဆော်ငြီးစိန်မြော်။ ဖေါက်ပြီးလေမူ။ တထွေဥပရာ၊ သားသီးချာကို။ မယ်သာ အတူ။ ဆင်စေဟူရှင့်။ ဘုရင့်ဖြစ်ထွေ။ သစ်လေမပါ။ ဝါးသာချည်နှောင်။ စက် တော်ဆောင်နှင့်။ တူအောင်ပြီသ။ လုပ်ပြီးမှလျှင်။ ပြုကြအများ။ ပန်းပွား ညောင်ရွက်။ မျက်နှာကြက်၌။ ကြာရွက်တဆင့်။ ကြာပွင့်တင်ခါ။ ပိုးပါညွန့်ဖဲ။ တ နဲ့ကြာရံ။ အောက်ခံပလ္လင်။ ထည်မျိုးဆင်၍။ ဘုရင်စံခန်း။ ဝါးရွှေနန်းတဲ့။ အိုးကြမ်း သုံးလုံး။ ထင်းတုံးသုံးခု။ တခုမည်းဖြူ။ မီးစာဟူးနှင့်။ တထူးမြူတာ။ ရွှေသာပ ချုပ်။ ငွေပချုပ်ပင်။ အဟုတ်ရွှေငွေ။ ခရင်းပေလျှင်။ ကျိုင်းနီဆင်၍၊ ဘုရင့်ရှေ့ တော်။ စုပြီးသော်မှ။ လှနမကို။ ခွဲထငွေမောင်း။ ဆော်ညောင်းတီးစေ။ သုံးကြိမ်ပေ လျှင်။ ရှင်လေစံရာ။ ဝါးနန်းသာသို့။ ဗိုလ်ပါစုံညီ။ ပင့်ချီသာတင်။ အမြင်မတော်။ မယ်သော်ဝမ်းနည်း။ အောင့်အီးမနိုင်။ မျက်ရည်လှိုင်၍။ ရင်ဆိုင်ခပ်တီး။ ပူမီး ထပ်ဆင့်။ ဘုရင့်မောင်တော်။ နတ်နန်းပျော်လျှင်။ ရှုတော်မူပ။ အမင်္ဂလာ။ တခါ မအား။ ကြုံလေငြားရှင့်။ မတ်များမေးက။ ရှေးသမတတို့။ ထုံးရတန္တီ၊ ပဝေဏီတဲ့။ ဒေဝီတောင်ညာ။ မယ့်ကိုသာလျှင်။ မစ္စာမတ်ပေါင်း။ ထပ်လောင်းတင်ပြန်။ ပြော

ရန်ကုန်စင်။ မယ့်ဖြစ်အင်ကို။ ဘုရင့်မောင်တော်။ ဝတိန်ပျော်သည်။ ။ ရှုတော်မူပ ဘုရား။ ချစ်နှမကို အရှင်မသနား။ ကြွတော်မူတော့နော်ဘုရား။

အရှင်မိဖုရားခေါင်ကြီးသည်။ ကြည်ကွဲလွမ်းဆွတ်။ ဆိုရွတ်ငိုကြွေးတော်မူနေ ဆဲအတွင်းဝယ်။ ဘုရင်မင်းမြတ်ကိုးကွယ်တော်မူအပ်သော။ ရဟန္တာသခင်အရှင် မြတ် ထေရ်ကြီးတို့နှင့်တကွ။ သံဃာတော်တထောင့်ငါးရာခြံရံလျက်။ ပူဆွေးဒုက္ခ တွေ့ကြုံကြကုန်သော။ မိဖုရားကြီးသားတော် အိမ်ရှေ့မင်း-မှူးမတ်သေနာပတိတို့ အား။ ပရိဒေဝမီး-ငြိမ်းအေး။ မဂ်ဆေးမြတ်ရေစင်ဖြင့်။ တိုက်ကျွေးဖြန်းပက်ခြင်း အကျိုးငှါ ကြွလာတော်မူကြကုန်၍။ ဆွမ်းစဉ်တရား၌။ မှားယွင်းကပ်ငြိ။ ဒိဋ္ဌိပါသ ဏ္ဍာအတူ-အယူသက္ကာယ။ မခွဲခွာနိုင်ကြကုန်သော ပုဂ္ဂိုလ်တို့အား။ ကာမာဒိနဝ သုတ်။ အဘိဏှသုတ်။ အနတ္တလက္ခဏသုတ်။ သစ္စါလေးပါး တရားတော်မြတ်တို့ ကို။ သပ်မှတ်ပိုင်းခြား။ ဟောကြားတော်မူပြီးခါ။ မြန်းကြွတော်မူကြလေကုန် သတည်း။

မိဖုရားကြီး ငိုသည့်အခဏ်းပြီး၏။

၁၂၂ ～ 122

နရုတိမင်းမြတ်၏သားတော်။ နရာဒီပမင်းသည်။ ခမည်းတော်၏ဂုဏ်ကျေးဇူး တို့ကို။ အထူးရှာကြံခါ။ ဗန္ဓုမရာဇာ။ မဟာနေမင်းသည်။ ကင်းမဲ့အရောင်။ ညှိုး ပြောင်မထွန်း။ ဂေါရာကျွန်းသို့။ ရွန်းလှည့်ထင်ထင်။ ဝင်သွားလေ၏သို့ငှင်း သသ က်ရာဇာ။ တာရာဂြိုဟ်ချဉ်း။ မြဆင်းအတူ။ ကြေူသီတလ။ နက္ခတ္တ ခပင်း။ ယှဉ် ခြင်းတင့်တယ်။ ညှိုးငယ်ချိန်ကျ။ သမယယုတ်၊ လွှာပ်ပက္ခ။ ထိုကာလမြောက်။ ရောက်လတ်လေသော်။ မပေါ်တိမ်မြုပ်။ ပျောက်ကွယ်ချုပ်ခါ။ သွားရှာလေ၏ သို့ငှင်း။ ထိုနည်းတူစွာ။ ရာဇာစောနတ်။ ခမည်းတော်မင်းမြတ်။ သည်။ လူ့ရပ်မ ပျော်။ ခြောက်ဘော်နတ်ထံ။ ပြောင်းကြွဟန်တို့ကို။ အဖန်ဖန်ငွေ့ကြံအောက်မေ့ လျက်။ ပြော၍မဆုံး။ စားသုံးပွဲတော်။ တည်သော်မမြိန်။ ဂုဏ်သိရ်မဟော်။ ခမည်း တော်ကို။ တ=ခေါ်=ငြီးတွား။ လွမ်းအားပိုတက်။ မျက်ရည်နှစ်သွယ်။ ဘယ်ဝယ်နှစ် ဘက်။ စန်းထွက်ပမာ။ ရှိုက်ခါဖိုဖို။ ငိုကြီးငိုလျက်။ ။ ပြုလိုသောဆန္ဒ။ ပုတ္တရင်း စွာ။ သားသည်းချာတို့ ဝတ္တရားအတိုင်း။ ကိုင်းရှိုင်းရိုသေစွာ။ စက္ကရာဇာ။ မန္ဓါတု၊ ဧကရာဇ်။ ရှေးခေတ်အလားမင်းများအလောင်းကို ကောင်းစွာခင်းကျင်း။ သင်္ဂြိုဟ် ခြင်း ပြုသောထုံးစံကဲ့သို့။ တဆံမျှမရွေ့စေဘဲ။ အံ့အဲဘနန်း။ သိန်းသန်းနှစ်ထွေ။

ဗိုလ်ခြေအများ။ မင်းသားမင်းသမီး။ မှူးကြီးမတ်ငယ်။ ကုန်သွယ်သူဌေး၊ မြို့ကျေးခရိုင်။ နိုင်ငံလုံးဆိုင်ရာ။ သံဃာတော်ရှိသမျှအကုန်။ အလှူစုံပြင်ဆင်လျက်။ ခုနစ်ရက်မျှ။ မဟာသာခုကိဋ္ဌန။ ဈာပနပွဲကြီး ဝှဲချီးကျင်းပ။ သင်္ဂြိုဟ်ခြင်းကိစ္စကို။ ပြုတော်မူလေသတည်း။ ။—

ကဝိစိန္တာအမတ်ကြီး။ ကွယ်လွန်ပုံကိုပြခြင်း။

ထိုနရုတိမင်းမြတ်၏။ ယုံမှတ်ကိုးစားရာ။ ပညာတောက်ထိန်။ ဝရဇိန်အတူ။ ခွဲယူဖေါက်ထွင်း။ ရှင်းလင်းသံသယ။ ပုစ္ဆပြဿနာ။ ဝိသဇ္ဇနာပါရဂူ။ ဝှန်းဆူတိုင်းလုံး။ အံ့ခါနှုန်းအပ်သော။ ပုံထုံးနရုပဒေ။ ကျေပွန်ခိုင်ဖြည်း။ ကဝိစိန္တာ အမတ်ကြီးသည်။ အတီးရှေးက။ ပုညသမ္ဘတ်။ ညှိုးလတ်ကာလ။ ဇရာဝိဋ္ဌန။ ဝယအချိန်။ ကြိမ်လာသည်နှင့်အညီ။ မအီမသာ။ သဘာဝဓမ္မ။ နိယာမထုံးစံ။ ဘုန်းကံကုန်ခမ်းလေရကား-မိမိ၏သခင်။ အရှင်နရုတိမင်းမြတ်။ နတ်ရပ်ကြွစံတော်မူပြီးနောက်။ (ဆယ်ရက်မြောက်တွင်။) ထောက်မကုစား။ သွားအကျော်။ ဆရာတော်တို့။ ဉာဏ်မြော်ပြုစု။ ကြည့်ရှုပါသော်လည်း။ ပဒီပကိန်း၊ ဆီမီးငြိမ်း၏သို့။ ချုပ်သိမ်းမမှား။ ပြောင်းသွား။ ကွယ်လွန်တော်မူရှာလေသတည်း။

နရုတိမင်းမြတ်နှင့်-ကဝိစိန္တာအမတ်ကြီး၊ ကွယ်လွန်
နတ်ရွာစံသောအခဏ်းပြီး၏။

ဤတွင်ထားဝယ်ရာဇဝင်တော်ကြီး

{ ပညာပေါင်းချုပ်-ပဋ္ဌမတွဲပြီး၏။ }

ထားဝယ်သမိုင်းချုပ်၊
ဆရာတော် ဦးဂုဏ ရေးသည်။

Dawei Thamine Chok
'A Brief History of Dawei'
by Sayadaw U Gu-na

A history of Duraka-tai, Aungthawaddy,
and adept perceptions of Bhumideva-nagara,
from the beginning,
when the city was founded by 'Sin Phyu Shin Min',
to the rule of Mon and Shan kings.
Inscribed on palm leaves by

SAYADAW U GU-NA

who lived on Yadanazadi Hill
and was able to tell the story
for the benefit of future generations.

A BRIEF HISTORY OF DAWEI

U Maung Gyi, patentee

1924 CE, month of Nayong
first edition (1000 copies)
Aungthawaddy Printing House
Ka-nya Quarter, Dawei

only 4 kyat per copy

ဒုရကတိုင်း၊ သမိုင်းတွင်ညီ၊ အောင်သာဇေဘီဟု။
မချို့သညာ။ ဘုမ္မိဒေဝ-နဂရဟု။ ရှေးဦးအခ
"ဆင်ဖြူရှင်မင်း" မြို့တည်သည်ကစ၍။
တလိုင်းနှင့် ရှမ်းမင်း များ-အုပ်စိုး
သွားခြင်းတို့ကို။ ရတနာဇာဒိတောင်၌။
သီတင်းမွေ့လျော်-ရှေးဆရာတော်-ဦးဂုဏ
အနှင့်ဖြတ်သည်၊ နောင်လာ နောက်သားများပြောပြ
နိုင်ရန်၊ ပေထက်အက္ခရာတင်ထား
အခင်သော

ထားဝယ်သမိုင်းချုပ်။

မူပိုင်ရှင်-ဦးမောင်ကြီး။

၁၂၇၆-ခုနှစ်,နယုံလ။ ပဋ္ဌမနှိပ်ခြင်း(၁၀၀၀)
အောင်သာဝတီ စာပုံနှိပ်တိုက်။
ကညွန့်ရှင်-ထားဝယ်မြို့။

တအုပ်လျှင်-၄ပဲ။

ထားဝယ်သမိုင်းချုပ်။

ဆရာတော်-ဦးဂုဏ

မူပိုင်ရှင်-ဦးမောင်ကြီး။
အောင်သာဝတီ စာပုံနှိပ်တိုက်။
ကညုံရင်-ထားဝယ်မြို့။
၁၂၈၆–ခုနှစ်, နယုံလ။

Dawei Thamine Chok: a brief history of Dawei
by Sayadaw U Gu-na

Aungthawaddy Printing House, Dawei
1286 ME / 1924 CE
U Maung Gyi, original patentee

---

transcribed by Ni Ni Aung
1387 ME / 2025 CE

from a copy in the British Library entitled:
Dawei samuin khyup
shelfmark: 14302.aaa.12

James & Hook Books, 2025
public domain

ထားဝယ်သမိုင်းချုပ်။

မူပိုင်ရှင်-ဦးမောင်ကြီး။

နိဒါန်း။ ~ preface

ငင်းတနည်း-ကဗျည်းမှတ်ပုံ-အကြောင်းတုံကား။ ငါတို့ သဗ္ဗညုရှင်တော်ဘုရားသည်။ ၁၀-ဝါမြေခံသော်တကြိမ်။ ဝါတော် ၂၀-မြောက်သောအခါ။ ဤမွန်လေးရင်အဝင်ဖြစ်သော ယခုရှိသည့်။ ထားဝယ်မြို့က။ ခရီး ၁၂-တိုင်ကွာ အရပ်တွင်၊ ဝေမိဿကတောင်သည်ရှိ၏၊ ထိုတောင်ကိုယခုအခါ-ကနန်း တောင်ဟုခေါ်ဝေါ်သည်။ ဤတောင်ကား။ ၉ ၉-တောင်ကိုး မြောင်ပတ်ကုံး၊ ကိုးလုံးရန်အောင်။ ဂဏန်း တောင်ဟု-ဆိုစ မှတ်ပြုသတည်း။ ။ ထိုဂဏန်းတောင်က အရှေ့မြောက်ခရီး တမိုင်ကွာအရပ်တွင် ရှင်ပင်ဘုရားသည်။ ရဟန္တာအပေါင်း ခြံရံလျက်။ သိတင်းသုံးနေတော်မူသည်ဟုဆို၏။ မြန်မာတို့အ ခေါ်မှာတင်ပင်ခွေဆိုသည်။ ထိုသို့နေတော်မူသောအခါ။ ဝေမိဿကတောင်အနီး၌နေသော-ရသေ့ဂိရိပစ္စတဿ, ရက္ခသိ လ, သုက္ခသိလ, ဥတ္တရမွန်မခ, ရသေ့လေးယော်တို့သည်၊ ရှင်ပင်မြတ်စွာ ရောက်လာကြောင်းကိုကြားသိလျှင်၊ ရသေ့လေး ဦးတိုင်ပင်ပြီးလျှင်၊ ကောင်းကင် ခရီးဖြင့်-လောကီစျာန်နှင့်လာ လတ်သတည်း။ ။ မြတ်စွာဘုရား ခြေတော်ရင်းသို့ ရောက် လျှင်။ ရှိခိုးပူဇော်ကံတော့၍နေစဉ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက။ ထိုရသေ့ ၄- ယောက်အဘယ်မည်တွင်သနည်း အဘယ်အရပ်တွင်နေကြသနည်းဟုမေးတော်မူရာ။ ရသေ့တို့က-မိမိတို့အမည် အရပ်ကိုလျှောက်၍၊ ရှင်ပင်ဘုရားလည်း ဤအရပ်ဒေသတွင်။ အတိတ်၌ငါ၏အလောင်း ၁၆ ဖြစ်ဘေးမရှိ၊ ကျဉ်လည်ဘူးကြောင်းကိုကား ပြောဦးအံ့ဟု ဤဝေမိတ်သကတောင်၌လည်း၊ ကရပိတ်ငှက်မင်းအဖြစ်နှင့်ကျဉ်လည်ဘူးသည်၊ နောင်ငါ၏သာသနာကော် (၅၀၀၀) ပါတ်လုံးမသုံး မဖြည်းတည်

မည်အကြောင်းကိုမိန့်တော်မူ၏။ ထိုအခါရသေ့လေးယောက်တို့ကလည်း။ အလွန်ရှိသေကိုင်းညွတ်စွာ ရှိခိုး၍ နားတော်လျှောက်၏။ ရှင်တော်ဘုရားရှိသည်ခိုက်မူကား။ ကိုးကွယ်ရပါသည်။ ရှင်တော်ဘုရားမရှိသည် နောက်-မည်သည်ကို။ ကိုးကွယ်ရပါမည်နည်းဟု နားတော်လျှောက်သော်-မြတ် စွာဘုရားလည်းလကျ်ာလက်တော်ဖြင့်။ သုံးသပ်တော်မူ၍။ ဆံတော်လေးချောင်းကို ၁၀–ဝါ မြောက်၌ရသေ့ ၄–ယောက်တို့ အားပေးသနားတော်မူလိုက်၏။ ငါ၏ဆံတော်- လေးချောင်းကို ဤဝေမိတ်သကတောင်၌ ရေးအတိပ်က ငါ၏အလောင်းတော်ကရဝိတ်ငှက်မင်းဖြစ်၍၊ ကျဉ်လည်ဘူးသောထိုအရပ်၌ငါ၏ ဆံကို။ ကိုယ်စားဌာပဏာ ကိုးကွယ်လေ့ဟု-ငါ၏ဆံတော်ဓါတ်ကိုရှိသေမြတ်နိုးရှိခိုးပူဇော်သကာပြုကြလျှင်။ လူနှင့်နတ် လည်းရောနှောရလိမ့်မည်ဟု၊ ဘုရားမြတ်စွာမိန့်မှာတော်မူခဲ့၏။ ရသေ့ ၄–ယောက်တို့လည်း- ဆံတော်ကိုရ၍။ ဝမ်းမြောက်ဝမ်းသာ ဥက္ကောင်းထက်ကိုယ်စီကိုယ်ငှရွက်ဆောင်ယူလေ ၏၊ ဆံတော်ဓါတ်ပါကြောင်းကိုသိ၍။ အထောင်ရာ သူဌေး။ အဟောဏာသူဌေး။ အယောဝကသူဌေး။ အဒ္ဒေါခုသူဌေး, လေးယောက် တို့သည်။ ပူဇော်သက္ကာယပြုပြီးလျှင် သူဌေး လေးယောက်တို့က၊ ရံသေ့ ၄–ဦးတို့ထံကိုးကွယ်ရန်တောင်း ယူသကာလ၊ ရသေ့တို့ကပေးလှူလိုက်၏၊ သူဌေးတို့သည်။ ရသေ့တို့မှီတင်းနေထိုင်သောဝေမိဿက တောင်စဉ်တောင်တန်းတလျှောက်။ စေတီတည်ထားကိုးကွယ်ကြသတည်း။

ထားဝယ်သမိုင်းချုပ်။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဇေယတုမင်္ဂလံ။ မြို့ရွာ ပဌမတည်ထောင်သည့်အခါ ကစ၍။ ယခုတိုင်ဖြစ်ပျက်သမျှ။ အကြောင်းအရာတွင်။ ရှေးဦးမဆွ။ ရခိုင်ပြည်မှဆင်းသက်လာပြီးလျှင်။ မန်အောင်ကျွန်းတွင် ခေတ္တနေကြပြီးလျှင်။ ထိုကျွန်းမှတနှစ် ကြာလတ်သော်၊ လူနေအိမ်ခြေ–၄–အိမ်ထောင်သားတို့သည်၊ (အာလောတကဲညွန်) ကို၊ မိုလ်မှူးခန့်လျက်၊ ထိုကျွန်းမှ ရွှေ့ပြောင်းလာရာ၊ အောင်သာဝရရွာကြီးတည်လျက်၊ လူနေအိမ်ခြေ များပြားလာပြီး၊ တော တိရိစ္ဆာန်တို့ ဖျက်ဆီး လွန်းအားကြီး၍။ ထို နေရာမှ၊ ဘုမ္မိဒေဝနဂရမြို့ဟု။ တခါတည်ထောင်ပြီး။ ရန်ဟူသမျှ၊ ရှမ်း တလိုင်းတို့ကို။ ဖြိုဖျက် နိုင်သော၊ စွမ်းရည် သတ္တိရှိခြင်းကြောင့်၊ သူ၏နောက်ပါနောက်လိုက်တို့သည်။ (ရန်တပိုမင်း) ဟူ၍ခေါ်ဝေါ်သမုတ်လေ၏၊ ထိုမင်းသည်။ ဘုန်းကံနှင့်ပြည့်စုံ လေသောကြောင့် မြို့ထည်းသို့ဆင်ဖြူတော်တစီး အလိုလိုဝင် လာပြန်၍။ တဖန်ဆင်ဖြူရှင်မင်းဟူ၍။ ဘိသိက်မင်္ဂလာပြုလုပ်ပြီးခါ။ စုမဒ္ဒီဒေဝီနှင့်။ အကြောင်းဆက် ပေါင်းဘက်ပြီးလျှင်။ နှစ်ရှည်လများနေကြပြီးသော်။ သားတော်တပါး။ ဖွားမြင်လေသည်။ ၎င်းဆင်ဖြူရှင် စီးစိမ်–၃၀- သက်တော်–၆ ၂–နေရ လေသတည်း။

ဤယခု စည်ကားလျက်ရှိသော၊ ထားဝယ်မြို့က–၉–မိုင် ကွာ၌။ အနောက်မြောက်အရပ်တွင်။ ရှင်ပင်မြတ်စွာ။ ဒေသစာရီကြွလာ၍၊ ဝေမိဿ ကတောင်ထိပ်မှ။ ပြာဋ္ဌိဟာစကားထားခဲ့သည်နှင့်ညီစွာ။ ရောနဒီမြစ်၏။ သေလာ ပတ်ရစ်။ တောင်၏ အနီးဝယ်၊ မြို့တည်လုပ်၍၊ သာသနာတော်ကို၊ အစွန့်ရှည်စွာ ထွန်းလင်းမည် အကြောင်းအချင်း၊ မယွင်း တံဆိပ်ဖြင့်၊ ဘိသိက်သွန်းခါ၊ သိုက် ဓါတ်ကိန်းခမ်း၊ ဘုမ္မိစက်မာ၊ နိမိတ်ဩဘာ၊ ဠှါနဒေသကိုစွဲ၍။ မွန်လေးရပ် အဝင်။ ထားဝယ်မြို့၌ သက္ကရာဇ်–၁၁၃–ခုတွင်။ သာမန္တ မင်းသည်ကား။ အုပ်မြို့ တည်ထောင်လေသည်။

ထိုမြို့၏အဝမ်းတာပေါင်းကား–၇၄၀–ရှိသည်။ မြို့တံခါး လေးပေါက်။ လမ်းမတော် လေးသွယ်၊ ဈေးကြီးဈေးငယ် အသွယ်သွယ်။ အိုးအင်ပြည့်ထ၊ ကြည်ကျမဏ္ဍပ်။ တိုက်အိပ် တချား။ ရုံးကန္နားနှင့်၊ မင်းကျင့်တရားဆယ်ဖြာ၊ ရာဇဓမ္မသတ်အပရိဟာရိယ။ သင်္ဂဟလေးရပ်။ ချမ်းသာရေဖြေင့်။ သာကြည်စွာမင်းပြုသတည်း။ ထိုမြို့ကို(သာဂရ)ဟုသမုတ်သည်။ ထိုနောက် နှစ်ရှည်လျားလတ်သော်၊ မြို့ဟောင်း ဟုခေါ်ဝေါ်ကြသတည်း။

ထိုသာမန္တမင်းပြုသည်အခါ။ ရှင်ချစ်ဇိန။ ဂေါတမမြတ် စွာဘုရားသည်။ ဆယ်ဝါမြောက်သာတည်း။ ထိုရောအခါ၊ လင်္ကာဒီပ။ သီဟလမြို့က (ရှင်ကပ္ပနထေရ်)နှင့်(ရှင်မဟာ သာမိထေရ်) ရဟန္တာနှစ်ပါး။ သာဂရမြို့သို့ ကြွရောက်လာ၍။ ထိုရဟန္တာအရှင်မြတ်တို့သည်။ ကောင်းကင်ခရီးဖြင့်။ မြန်းကြွလာရာ၊ လူပရိသာတ် တသောင်းကျော်ခန့်။ မြို့ရွာအဝှမ်း။ သောင်းသောင်းညံလျက်။ အုတ်ဩဒရဖြစ်နေကြ၍။ မင်းနား လျှောက်တင်လေ၏။ ထိုအခါသာမန္တမင်းမြတ်သည်။ အလွန်တရာရွှင်လန်းဝမ်းသာလျက်၊ ထိုရဟန္တာအရှင်မြတ်တို့ကို၊ သာမန္တမင်းသည်၊ ကျောင်းဝတ်ဆောက်လုပ်ပေးပြီး။ ကြည်ဖြူလေးမြတ်စွာ။ မပြတ်ကိုးကွယ်လျက်။ သာသနဒါယကာခံ သတည်း။ ။

ထိုရောအခါ။ သီဟိုဠ်မြို့ကို အစိုးရသော မင်းတရပ်ကိုကား။ မြတ်စွာဘုရားမေးတော်မူသည်။ သာဂရမြို့ကိုအစိုးရ သော-သာမန္တမင်းသည်။ ငါ၏သာသနာတော်ကို။ ကြည်ညို ကိုးကွယ်ပါ၏လောဟု။ မိန့်တော်မူရာ။ မင်းတရပ်ကလည်း။ အကြောင်းကိုမသိ၍။ မည်ကဲ့သို့မျှ။ မလျှောက်မထားဝံ့ရှိနေလေ၏။ ၎င်းနောက် သီဟိုဠ်မြို့မင်းတရပ်က။ အကောက်ဝန်-ရာကွန်ရှည်ကို။ သင်္ဘောနှင့်စေလွှတ်၍။ သာဂရမြို့သို့။ လာကြည့် သောအခါ။ သာမန္တမင်းသည်။ သာသနာတော်ကို။ အလွန် ကြည်ညိုစွာ။ ရဟန္တာနှစ်ပါးကို။ သာသန ဒါယကာခံ၍။ ဆည်းကပ်ကိုးကွယ်လျက် ရှိနေကြောင်းကို။ ရာတွန်ရှည်- အကောက်ဝန် ကြီးသည်။ ကိုယ်တိုင်သိမြင် တွေ့ရသည့် အကြောင်းအရာတို့ကို၊ သေချာစွာမှတ်ယူလျက်။ သီဟိုဠ်မြို့ သို့ပြန်သွားလေသည်။ မိမိတွေ့လာပုံ အကြောင်းမျိုးစုံတို့ကို။ မင်းတရပ်ထံလျှောက်ထားတော်မူသည်။ ။

သဗ္ဗညုရှင်တော်ဘုရားက၊ ငါပရိနိဗ္ဗာန် စံလွန်တော်မူ ပြီးသည်နောက်၊ သီဟိုဠ်မြို့၌ရှိသော။ ဓါတ်တော်,ဆံတော်, မြသပိတ်တော်, မြသလွန်တော်, တို့နှင့်။ မြောက်ကျွန်းသို့ဆွမ်းခံကြွဟံ။ ခုနှစ်ဌာနဘုရားရုပ်ထုတော်ခုနှစ်ဌာနပါ။ သာဂရမြို့ကိုအစိုးရသော သာမန္တမင်းထံသို့ သီဟိုဠ်မြို့အစိုးရသော မင်းတရပ်ကပို့ပေးရမည်။ အမိန့်တော် ရှိခဲ့သည့်အတိုင်း မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးနောက်၊

သီဟိုဠ်မြို့ကို အစိုးရသော မင်းတရပ်က။ အကောက်ဝန်- ရာတွန်ရှည်ကို သင်္ဘောနှင့်။ ဓါတ်တော်များကိုတင်စေ၍ သင်္ဘောနှင့်လွှတ်လေရာ။ သာဂရမြို့သို့။ သက္ကရာဇ် ၁၄၉–ခုနှစ်။ နယုန်လအတွင်း၊ ပို့ရောက်၍။ ဝေသဝဏ္ဏနတ်မင်းနှင့် နတ်များမကြံ။ သာဂရမြို့ ပိုင် သာမန္တမင်းနှင့် မြို့သူမြို့သားများတို့က သတ္တဋ္ဌား- ဓါတ်တော်များကို။ ၎င်းသင်္ဘောတွင်၊ ဝါတွင်းသုံးလ သီတင်းသုံးစေ၍။ ကိုးကွယ်လိုကြောင်းတောင်းပန်ကြလျှင်။ ဓါတ်တော်များကို၊ သာဂရမြို့သို့ မတင်မယူမပင့်မူ၍ ထားဝယ်မြို့၊ မြောက်က ခွဲတက်သည့်သာဂရမြို့အရှေ့၊ ကျိုင်းချောင်းသို့၊ သင်္ဘောနှင့် တကွ။ သွင်းယူထားပြီး ပူဇော်ကြသည်။ နတ်တို့ပြုရာအရပ်ကို အစွဲပြုလျက်။ (နတ်ရေသောင် ဆိပ်ကမ်း)ဟု ခေါ်တွင်ကြသတည်း။

ထိုကျိုင်းချောင်းအရပ်တွင်။ ဝါတွင်းသုံးလပတ်လုံး။ သီတင်းသုံး၍၊ ဝါကျွတ်လျှင်။ ဓါတ်တော်များကို။ သာဂရမြို့သို့။ ခမည်းတော်လက်ထက်ပွား။ ဆင်ဖြူတော်ရတနာနှင့်တင်၍။ ပင့်ယူလေသည်။ ဆင်ဖြူရပ်ခံသည့်အရပ်ကို။ သာဂရမြို့က၊တ မိုင်ကွာတွင် ဘုရားတည်လျက် ရှိသည်။ ၎င်းဘုရားစေတီတော်ကို ဆင်ဖြူကုန်းဘုရားဟုထင်ရှား ယခုတိုင်ခေါ်ဝေါ်ကြသတည်း။ ။ နတ်များတို့ကွယ်နေသောအရပ်ကို၊ နတ်တွင်း ရွာဟုခေါ်သည်။ ၎င်းနောက် သာမန္တမင်းက ဆံတော်ဓါတ် တဆူကို။ အမတ်ကြီးဗျညားဗလသို့ ပေးအပ်၍ ၊ဘုရားစေတီတော်တည်ရန်-ထားဝယ်မြို့က-မိုင် ၅၀–ကွာတွင်၊ ကလိန် အောင်တောင်၌ သက္ကရာဇ် ၁၄၉–ခုနှစ်တွင်။ ဘုရားစေတီ တည်ပြီးလျှင်၊ ဆံတော်ဓါတ်တဆူ ဌာပဏာလျက်ကိုးကွယ်လေသည်။ ထိုဘုရားစေတီတော်ကို ကလိန်အောင်ဆံတော်ရှင်ဘုရားဟု ယခုတိုင်အောင် ထင်ရှား၍ လူအများကိုးကွယ်ကြသည်။ ဒုတိယအကြိမ်စေတီတည်ခြင်း။

အထူးသတိချပ်တော်မူကြရန်မှာ — ဤဆံတော်ရှင်စေတီတော်သည်။ ရာဇဝင်သမိုင်းအစောင်စောင်တို့၌။ ဘုရား ရှင်ကိုယ်တိုင်တော်။ သထုံပြည် ဇင်းကျိုက်တောင်၌။ စုဠမဏိ ဆံတော်ရှင်တည်ပြီးနောက်။ ရှင်ဂေါတမဘုရားကိုယ်တော်တိုင်။ ညီတော်-အာနန္ဒာနှင့်တကွ။ သိကြားမင်းနှင့် နတ် အပေါင်းတို့သည်၊ တောင်ထားဝယ်နယ်သို့၊ ရှေးနောင်တော်များ ဌာပဏာမြဲဆံတော်ဓါတ်။ ကိန်းအောင်းရာနေရာမှန်သောကြောင့်။ ရှေ့ဦးစွာ-သိကြားမင်းနှင့်၊ ကလိကုတ်နတ်ကြီးနှင့်၊ ဒူရကနတ်သား-နတ်အများတည်သော။ ထားဝယ်ဆံတော် ရှင်ဘုရားဟူ၍၊ မှတ်ယူကြရန် သတိပေးနှိုးဆော်လိုက်ရပါသည်၊ သပ္ပုရိသနွယ်ဝင်သူတော်စဉ်အပေါင်းတို့။

ငင်းနောက် ထားဝယ်မြို့က –၁၀– မိုင် ကွာအရပ်တွင်၊ မြသပိတ်တော်ကို။ ဒုတိယအကြိမ်၊ သာမန္တ မင်းကြီးက နန္တသူဌေးသို့ပေးလေ၏။ ထိုအခါနန္ဒသူဌေး သည်။ ရွှင်လမ်းစွာဖြင့်၊ သာဂရမြို့-မြင်ထင် အရပ်ကုန်းတွင်။ ဘုရားတည်လုပ် ဌာပနာသည်။ ငင်းဘုရားကို၊ (မြသပိတ်တော်စေတီ)ဟု။ ယခုတိုင် ထင်ရှားရှိ သည်။ ငင်းစေတီတည်ရာဌာဏ၌၊ ✳ ဘုရား အလောင်းတော်-နုစဉ်အခါက၊ ဗုတ် မင်းအဖြစ်နှင့်ကျဉ်လည် ဘူးသည့်အရပ်တည်း။ ဤကားစကားချုပ်။

သာဂရမြို့ကို အစိုးရသော၊ သာမန္တ မင်းကြီးသည်၊ သီဟိုဠ်ကရောက်လာ တော်မူသော ဓါတ်တော်, သလွံတော်, ခုနှစ်ဌာဏ ဘုရားတို့ကို၊ နန်းတော်အတွင်း၊ ကောင်းမွန်စွာ ထားလျက်၊ ကိုးကွယ်ပြုစုထားသည်၊ သက္ကရာဇ်–၁၅၀– ပြည့်ကို၊ အဇာတသတ်မင်း နှုပ်ဖြိုပြစ်ပြီး၊ သက္ကရာဇ်–၂–ခု တွင်။ နတ်ရွာစံတော်မူသည်၊ သာမန္တမင်း၊ သက်တော်(၆၂) စည်းစိမ်(၃၀) နံတော်(၆)သာတည်း၊ ။

ဂေါဝိန္ဒမွေးစားသောသမွန်မင်းကို၊ သာဂရမြို့၌ပင်၊ မှူးမတ်ကြီးတို့က မင်း မြှောက်၍၊ သက္ကရာဇ်–၁၅၀–ပြည့်တွင်၊ အဘ မွေးစားသော- သားဖြစ် သော်ငြားလည်း၊ သာမန္တမင်းကြီး၊ ခမည်းတော်၏နည်းစနစ်အတိုင်း၊ မင်းကျင့် တရား- ၁၀-ပါး နှင့်အညီ၊ သာကြည်စွာမင်းပြု၍၊ ထိုမင်းက၊ နှစ်မရှင်ဇေသို့၊ သီဟိုဠ်က ရောက်လာသော၊ ခမည်းတော် လက်ထက်ပွား၊ ဓါတ်တော်, သလွန် တော် ခုနှစ်ဌာန ဘုရားများကို၊ နှစ်မ-ရှင်ဇေသို့၊ အလိုရှိလျှင်ယူစေဟု၊ ပြော သောကြောင့်၊ နှစ်မ-ရှင် ဇေါကဘုရားတဉ်ရန်အခွင့်တောင်းသောခါ မောင်တော်သ မွန်မင်းက၊ အခွင့်ပြု၍၊ ဓါတ်တော်များကိုပေးလေသည်၊ ထိုအခါ ရှင်ဇေသည်၊ သာဂရမြို့အရှေ့မြောက်၊ တမိုင်ကွာ အရပ်တွင်၊ ဘုရားစေတီတည်လုပ်ဌာပဏာ သည်၊ ငင်းဘုရားကို၊ (ရှင်သလွန်ဘုရား) ဟု ထင်ရှားစွာ၊ ယခုတိုင်လူအများ ဆည်းကပ် ကိုးကွယ်ကြသတည်း။ ကာလရှည်ကြာအခေါ် ပျက်ပြားလာ သောကြောင့် (ရှင်ဇလွန်-ဘုရား) ဟူ၍ခေါ်ဝေါ်ကြသည်။

ငင်းဘုရားစေတီတည်ရှိရာဌာန၌၊ ✳ ရှေးလွန်လေပြီးသောအခါ၊ ဘုရား အလောင်းတော်နုစဉ်အခါက၊ ကရဝိတ်ငှက်မင်း အဖြစ်နှင့်၊ ဘေးလွတ်ကင်းလျက်၊ ကျင်လည်ဘူးသည့်အရပ် ဒေသပေတည်း၊ ။

ထိုသာဂရမြို့တွင် သာမန္တမင်းပြုသည်အခါ ဆင်းရဲသား ကျွန်တော်မျိုးတို့ကို ရှမ်း, ယွန်း, ယိုးဒယား, တို့။ နှောက်ယှက် တိုက်ခိုက်ရန်၊ မကြာမကြာ ကြံစည် ကြောင်းနှင့်၊ ကြားသိရသည့်အတွက်၊ ဗျည်း ဗလ အမတ်ကို စေခိုင်း လိုက်၍၊ ထားဝယ်မြို့မှ၊ မိုင်–၅၀–ကွာ၊ ထားဝယ်မြို့ချောင်း အရှေ့ဘက်-ချောင်းနား ကပ် လျက်၊ သက္ကရာဇ်–၁၁၆– ခုတွင် ကလိန်အောင်ရပ်တွင်၊ သစ်လုံးရံမြို့ကို၊ အမတ်ဗျ

ညားဗလသို့၊ တည်ထောင်၍၊ တပ်သား=၁၀၀၀ ကျော်နှင့်၊ နေစေလေ သည်။ ၎င်းသစ်လုံးရုံမြို့ကို၊ (ကလိန်အောင်မြို့)ဟု၊ ခေါ်တွင်သတည်း၊ သာဂရမြို့ကိုအစိုးရသောသမ္မန်မင်းသည်၊ သာသနာတော်ကို ကြည်ညို၍၊ ဝေသဝဏ္ဏကုန်းတွင်ရှင်အရဟံ-မထေရ်ပြန်ကပေးသနားခဲ့သော၊ ဓါတ်တော်မြတ်နှင့်၊ ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား,၊ တကုဋေကျော် ဘိုးခန့် ထိုက်တန်သော ပစ္စည်းစုတို့ကိုပါ၊ တခါတည်းဌာပဏာနံလျက်။ ဘဂဝါအမှန်ကြည်ညိုသည်ဖြစ်၍ (ရှင်ဓါတ်ဝဲ) ဘုရားစေတီတော်ကို။ တည်လုပ်ကိုးကွယ်၍၊ သာသနဒါယကာခံ သတည်း။ ။

၎င်းမင်းသည်မမာမကျမ်းရှိခဲ့လျှင်၊ မယ်တော်ငါးခုံးမကို၊ ရွှေနှင့်ချထားပြီး၊ ရွှေအတိကိုလည်းသဏ္ဍာန်တူစွာ၊ ရွှေငါးခုံးမရုပ်လုပ်၍၊ ရွှေအင်ဒုံထဲကို ရေထည့် ပြီးလျှင်၊ ရှင်မြူးရန်၊ ပုဏ္ဏားတော်များနှင့် ဇေယျတုငွေခရုဖြင့်၊ အဝတ်ဖြူစင်ကျယ်စွာဝတ်ဆင်စေပြီးလျှင်။ တူရိယာသံစုံညှင်းလျက် ပြုလုပ်ပါလျှင်၊ ရွှေအင်ဒုံအတွင်၊ အလိုလိုကူးလျက်၊ ပျော်ရွှင်မြူးတူး စေသတည်း၊ ၊သမ္မန်မင်း လက်ထက်မှစ၍၊ အစဉ်အဆက် ပြုလုပ်ကြသည်။ သာဂရမြို့တွင် မိုဃ်းခေါင်သောအခါ။ ထိုရွှေငါးခုံးမကို မြို့သူမြို့သားအများတို့သည်။ ဘုရင် သမ္မန်မင်းထံခွင့်တောင်းလျက်၊ မြို့ရွာ၏ကိစ္စပွဲလမ်းသဘင် အကအခုံတို့ဖြင့်၊ ရွှေငါးခုံးမကို၊ ရေသွန်းလောင်းကြရသည်။ ထိုသာဂရမင်း၏ ထုံးစံကိုအစွဲပြု၍။ ယခုတိုင်အောင်ပြုလုပ်လေ့ရှိကြသတည်း။

ထိုသာဂရမြို့၌။ သမ္မန်မင်းသည်။ စည်းစိမ်- ၂၅–နှစ် မင်းပြုသည်။ သက်တော်– ၅၁–နှစ်။ သက္ကရာဇ်–၁၇၅–တွင် အနိစ္စရောက်သည်။ ။

ထိုနောက်သာဂရမြို့တွင် ဆက်ခံအမွေစား သားထောက်သမီးခံ မရှိသောကြောင့်၊ အမတ်ဇျညားဗလ။ ဆက်လက်အုပ်စိုး စီရင်လေသည်၊ ၎င်းမင်းစည်းစိမ် (၁၅) သက်တော် (၆၇) နှစ်။ သက္ကရာဇ်(၁၉၀)ပြည့်တွင် အနိစ္စရောက်သည်။ ထိုသာဂရမြို့၌။ အမတ်ဇျညားဗလ မရှိသည်နောက်။ အမတ် ဇျညားလောဆက်ခံအုပ်စိုးသည် တနှစ်။ ၎င်းနောက်ဇျညားလောသား။ ဇျညားရံဆက်။ စိုးအုပ်မင်းပြုစီရင်လေသည်။ ထို မင်းလက်ထက် ကလိန်အောင်မြို့သို့ ငနဲအောင်ကိုကင်းတပ်မှူး ခန့်နှိပ်စီရင်လေသည်။ ၎င်းမင်းစီးစိမ် (၁၀) သက်တော် (၅၉) နှစ်နေရ၏၊ သက္ကရာဇ် (၂၀၀) ပြည့်တွင် အနိစ္စရောက်သည်။ သာဂရမြို့တွင် အမတ်ဇျညားရံညီတော်-အမတ်ဇျညားတေဆ။ စိုးအုပ်ဆက်ခံမင်းပြုသည်။ ။ထိုမင်းလက်ထက်။ ` မင်းကစ၍၊ သောက်စားမူးရစ်ခြင်းနှင့်၊ လောင်းကစားခြင်း အမျိုးမျိုးတို့ကို။ မင်းကိုယ်တိုင်တော် နှစ်သက်မြတ်နိုး၍။ ဝံသာနုအမျိုးစစ် သူမျိုးရိုးလိုက်၍ မြို့နယ်ရှိလူအပေါင်း စည်း လုံးညီညာ၊ စည်းဝေးကြပြီးလျှင်။ ၎င်းမင်းကို။

ဤတိုင်းမှန်က ငတို့သာဂရမြို့နှင့်၊ ထိုမင်းမလျော်ချေ။ သို့အတွက် နှလုံးကြေ၍ သာဂရမြို့နယ်သူ လူအပေါင်းတို့သည်။ ဗျည်းရံခိုက်အား။ လျှောက်ကြားကြရာ။ ထိုမင်းလာရောက်လျက်။ နှိပ်နင်းချိုး နှိမ်၍။ ဗျည်းတေဆသည်။ စီးစိမ်(၅) နှစ်နှင့်။ သက္ကရာဇ်။ (၂၀၅)တွင်။ အမတ်ဗျည်းရံခိုက်သည်။ ဆက်ခံအုပ်စိုးမင်း လုပ်လေသည်။ ထိုမင်းသည် သာသနာတော်ကို ချီးမြှင့်၍။ ကျောင်းကံဇရပ်များကို၊ ဆောက်လုပ်လှူဒါန်းကိုးကွယ်လေသည်။ စည်းစိမ်–၁၆–နှစ်နေရ၏။ ၂၂၁ နှစ်တွင်။ အနိစ္စရောက်သည်။ ၎င်းနောက်ဗျည်းရံခိုက်သား။ အမတ် ဗျည်းရံကင်း၊ တရားသဖြင့်ဆက်ခံမင်းပြုလေ၏ ထိုမင်းသည်။ သူ၏ အဘ၏ နည်းစနစ်ယူလျက်။ ဘုရားဝတ်မြေ၊ ကျောင်းကံ ဇရပ်ဟောင်းများကို။ ထပ်မံပြုပြင်လေသည်။ ထိုနောက်ရှေးမင်းတို့၏ အုပ်စိုးသွားပုံအလုံးစုံကို အမတ်ကြီးများအား။ မေးလည်းမေး၊ ပြောလည်းပြော၏။ ဘုရားဝတ်မြေ-ကျောင်းမြေ များခြားနားလျက် အခြားကုန်သည်လယ်လုပ်ဥယျာဉ်မှူးများတို့အား။ အကောက်အခွန်တော်များကို။ ရှေးမင်းတို့၏ထုံးနှင့် အညီ။ ကောက်ခံ၍ သာကြည်စွာမင်းပြုသတည်း။ ။ စည်းစိမ် (၂၀) သက်တော် (၆၄)နှစ် နေရ၏။ သက္ကရာဇ်= (၂၄၁)ခုနှစ်တွင်၊ အနိစ္စရောက်လေသည်။ ။သာဂရမြို့တွင်၊ အမတ်ဗျည်းရံကင်းညီတော် အမတ်ဗျည်းရံစော – အုပ်စိုးစီရင်မင်းပြုသည်။ ထိုမင်းစည်းစိမ် (၁၆) နှစ်။ သက်တော် (၆၃)နှစ်၊ (၂၅၇)ခုနှစ်တွင် အနိစ္စရောက်လေသည်။ ။ ၎င်းမင်း၏ သားတော်၊ အမတ်ဗျည်းဒိပ္ပ ဆက်ခံအုပ်စိုး မင်းပြုလုပ်သည်၊ စည်းစိမ် (၁၄) သက်တော် (၅၉) နှစ်။ (၂၇၀) ပြည့်တွင် အနိစ္စရောက်လေသည်။ ။ ၎င်းနောက် သားတော်-အမတ် ဗျည်းတော်-ဆက်ခံစိုးအုပ်။ မင်းပြု၍။ (၆)နှစ်တိုင်မင်းလုပ်၍။ အုပ်ချုပ်နေစဉ်။ သီရိတ္တရဒွါရာဝတီမြို့က။ ရှမ်းအမတ်-ဩရဂင်္ဂုံသည်။ ရှမ်းလက်နက်ကိုင် အလုံးအရင်းနှင့်။ ချီလာပြီးတိုက်လေသည်။ သက္ကရာဇ် ။ (၂၇၆)ခုနှစ်တွင်။ ရှေးဦးစွာကလိန်အောင်မြို့ကို တိုက်ခိုက်အောင်မြင်လေသည်။ ၎င်းနှစ်အတွင်း တလခန့် အကြာတွင်။ တဖန်ရှမ်းရဲမက်လက်နက်ကိုင်အများနှင့်၊ ဩရာဂင်္ဂုံ စစ်ဗိုလ်ချုပ်ကြီးသည်။ ရှမ်းတပ်သား (၁၀၀၀၀) ကျော်နှင့်။ တနင်းသာရီတိုင်းကတချို့၊ မော်လမြိုင်နယ်ချား။ တောင်အိုစခန်းကခွဲတက်လာပြီး။ ကုန်းကြောင်းရေကြောင်းဆို့ ပိတ်လျက်။ မွန်မြန်မာတလိုင်းတို့ကို။ တိုက်ခိုက်လာရာ။ သာဂရမြို့အထိ။ အောင်မြင်စွာချီလာပြီးတိုက်သဖြင့်၊ သက္ကရာဇ် (၂၇၆) ခုနှစ်တွင် သာဂရမြို့ပျက်သည်။ ။ ဩရာဂင်္ဂုံသည်လည်း။ ကလိန် အောင်သား-သာဂရမြို့သူ မြို့သားတို့ကို။ သိမ်းယူဘမ်းဆီးပြီးလျှင် ထားဝယ်မြို့က၃မိုင်ကွာ ဆင်ဆိပ်ရွာအရှေ့ တမိုင်ကွာ အရပ်တွင်။ ညောင်ခရားပင်ကြီး ရှိသည်။ ထို ညောင်ခရားပင်ကိုအစွဲပြု၍၊ စစ်အောင်

မြင်၍။ စစ်ပြေသောကြောင့်။ ပြေမြို့ဟုတည်ထောင်ပြီး၊ ထိုသုံးပန်းလူတို့ကို ထားလေသည်။ သုံးပန်းလူတို့ကတဖန်-ညောင်ခရားမြို့ဟု၊ သမုတ်သည်၊ ကာလရှည်ကြာလတ်သော်၊ (ညောင်ရမ်း) ဟုခေါ်ဝေါ်ကြသည်၊ ထိုညောင်ခရားမြို့တွင်၊ ရှမ်းအမတ်သြရာဂဠုံ- (၁၅) နှစ် အုပ်စိုးစီရင်လျက်၊ မင်းပြုလုပ်သည်။ ၎င်းမြို့၏တတိုင်ကွာ အရပ်တွင်၊ ဘုရားစေတီ တည်လုပ်ကိုးကွယ်သည်၊ ၎င်းစေတီတော်ကို၊ (သြရာဂလုံဘုရား)ဟု ယခုထက်တိုင်အောင်။ အများလူတို့ခေါ်ဝေါ်ကြသည်။ ။၁၅–နှစ် ကြာလျှင် ယိုးဒယားဘုရင်၏အမိန့်တော်နှင့်၊ ရှမ်းအမတ်-သြရာတေသကို၊ အုပ်ချုပ်ရန်။ မြို့ဝန်ခန့်ထားလိုက်သောကြောင့် သြရာဂဠုံ-ယိုးဒယားပြည်သို့ပြန်သွားလေသတည်း။

ညောင်ခရားမြို့တွင်၊ သြရာတေသ-ရှမ်းအမတ်မြို့ဝန်အရာနှင့်၊ အုပ်စိုးစီရင်သည်၊ ထိုမင်းလည်း လက်ဝဲကျွန်းရွာအရှေ့ တကူမြို့ဟုရှိ၏၊ ထိုတကူအရပ်အရှေ့ဘက်တွင်။ ဘုရားစေတီ တည်ထားကိုးကွယ်သည်၊ ၎င်းဘုရားကို တကူမင်းကြီး ရှေးကတည်ထားခဲ့သည်ကို။ ပြိုပျက်နေသည်ဖြစ်၍ သြရာတေသမြို့ဝန်က ထပ်မံပြုပြင်၍။ စေတီတည်သည်။ ထိုစေတီကို တကူဘုရားဟုယခုထက်တိုင်အောင်၊ ထင်ရှားရှိ၍၊ လူအများ ကိုးကွယ်ကြသည်။ သြရာတေသ (၁၂)နှစ် စီရင်ရာ၊ ယိုးဒယားပြည်ကမြို့ဝန်သစ်-သြရန်ဗလကို။ ခန့်ထားရောက်လာလျှင်၊ သြရာတေသ ယိုးဒယားသို့ပြန်သွားရသည်၊ ။ ထိုညောင်ခရားမြို့တွင်၊ ရှမ်းအမတ် (သြရန်ဗလ) မြို့ဝန်အရာနှင့်၊ အုပ်စိုးစီရင်မင်းပြုသည်၊ ၁၅–နှစ်တိုင်လျှင်။ ယိုးဒယား ပြည်ကရှမ်းအမတ်၊ (သြရန်ဗလပ်)ကို၊ ခန့်ထားရောက်လျှင်၊ (သြရန်ဗလ) ယိုးဒယားမြို့သို့ ပြန်သွားရလေသည်၊ ။ ညောင်ခရားမြို့တွင်၊ (သြရန်ဗလပ်) မြို့ဝန်အရာနှင့်၊ ၁၆=နှစ် ကြာလျှင်၊ ယိုးဒယားမြို့က ရှမ်းအမတ် (သြဘရပ်ဖဲ)ကို မြို့ဝန် ရာထူးဖြင့် ခန့်လိုက်ပြန်သည်၊ ကောင်းမွန်စွာ အုပ်စိုးလျက် ၁၃–နှစ်တိုင်လျှင်၊ ယိုဒယားပြည့်ရှင်က မြို့ဝန်သစ်တဖန်ခန့်လိုက်ပြန်သည်။ (သြဘရပ်ပီဆဲ)သည် မြို့ဝန်အရာထူးဖြင့်၊ ၁၀–နှစ်တိုင်တိုင် အုပ်ချုပ် စီရင်ခဲ့ရာ။ ရှမ်းမင်းပေါင်း “ဆယ်ဆက်, နှစ်ပေါင်း(၁၀၀)ကျော်တိုင်အောင်၊ ရှမ်းမင်းများအုပ်စိုးစီရင်မင်းလုပ်လျက်၊ မွန်မြန်မာထားဝယ်လူမျိုးတို့ကို၊ အုပ်ချုပ်နေသည်မှာ။ နှစ်ပေါင်း(၁၀၀)ကျော်၊ ကြာရှည် လတ်သော်။ တလိုင်း အမတ် နှစ်ယောက် တို့သည်။ တိတ်တဆိတ်အကြံယူလျက်၊ ညောင်ခရားမြို့မှထွက်သွားကြရာ၊ အမတ်ကြီးနှစ်ယောက် တို့သည်။ ပဲခူးဟံသာဝတီမြို့သို့၊ ရောက်သွားကြ၍၊ အမတ်ဗျညားဦးသို့၊ မိမိလာပုံ အကြောင်းစုံ နှင့်တကွ၊ ရှမ်းမင်းတို့အုပ်စိုးလျက်၊ မွန်မြန်မာတို့၏မြို့ရွာတို့ကို လုယူဖျက်ဆီးပြီးလျှင်။ အကြွယ်ချုပ် ကျုံးသွင်းထားကြောင်း၊ ရှမ်းတို့သည်

မည်ကဲ့သို့နှိပ်စက်သည်ကို၊ သံတော်ဦးတင် လျှောက်လေ၏၊ ထိုအခါဗျညားဦး သည်။ လက်ဖျားဆိပ် လက်ထိပ်နာဆိုသောဥပမာအလားကဲ့သို့။ မိမိတို့အမျိုးသား များကို၊ နှိပ်စက်ပိပြားစွာ။ ကွတ်မြက်သည့်အကြောင်း တို့ကို။ ကြားသိရသည်နှင့်။ များစွာမှဝမ်းနည်းပြီးလျှင်။ ဤသို့အာမခံလေ၏၊ သင်တို့အမတ်ကြီးနှစ်ယောက် လာတင်သော။ အကြောင်းအရာဟုတ်မှန်သည်။ အမှန်ဖြစ်ကြောင်းကိုကြားသိရ ပါပြီ။ သို့သော်လည်း။ သင် ဗျညားတော်ဆက်နှင့်။ ဗညားတော်ခံ နှစ်ယောက် အမတ်တို့က၊ လမ်းကိုသာရှေ့ကပြသွားရမည်။ ယနေ့မှစ၍။ ၇-ရက်တာမျှ။ စောင့်ဆိုင်းကြပါဦး။ စားနပ်ရိက္ခာနှင့်။ ဆင်လုံ, မြင်းလုံး, ဗိုလ်အလုံးအရင်းနှင့်၊ ကုန်းတပ်ရေ တပ်စစ်ချီပြီးလျှင်၊ တခါတည်းအကြမ်းတိုက်ရလိမ့်မည်ဟု။ ပြောဆို လေ၏၊ ထိုအခါ အမတ်နှစ်ယောက်တို့က၊ သဘောတော်ကျပြီး။ စောင့်ဆိုင်းနေ လေသည်။

အမတ်ဗျညားဦးသည်၊ ၇-ရက်စေ့လတ်သော်။ စစ်တပ် များဆင်လျက် ဆင် လုံး, မြင်းလုံး, ဗိုလ်စု-ဗိုလ်ပါ, (၁၀၀၀၀) ကျော်နှင့်၊ ဟံသာဝတီပဲခူးမြို့က။ စစ်ချီ လာ၍။ ရေးမြို့ကနေပြီးလျှင်။ ညည့်အခါသူလျှိုများနှင့်။ အမတ်နှစ်ယောက် အနက်၊ တယောက်သောအမတ်ကို။ ရှေ့ကလမ်းပြစေ၍၊ မြင်းကိုယ်စီ စီးလျက်။ တိတ်တဆိတ် သွားကြည့်ပြီး ပြန်လာ၍၊ အမတ် ဗျညားဦးထံ။ သံတော်ဦးတင်ကြ လေသည်။ ထိုအခါ အမတ် ဗျညားဦးက၊ တခါတည်းကုန်းတပ် - ရေတပ်စစ်ချီစေ ပြီး၊ ရေး မြို့မှနေ၍၊ အုန်းပင်ကွင်း-ကံပေါက်စသည်နယ်များ၊ အတင်းဝင်လျက်၊ မီး နှင့်ရှို့ပြီး- တလကြမ်းတိုက်ခိုက်လေရာ၊ ရှမ်းတို့သည်၊ ရုတ်တရက်ကြံရာမရ၍၊ သေကြေပျက်စီးကြပြီးလျှင် ထွက်ပြေးတိမ်းရှောင်ကြရလေ၏၊ သက္ကရာဇ်- ၃၅၇- ခုနှစ် တွင် ညောင်ခရားမြို့ ပျက်စီးလေသည်၊ ထိုအခါမွန်မြန်မာ - ထားဝယ်လူမျိုး တို့သည်၊ ချေမ်းစွာနေကြရပြီးလျှင် အမတ် ဗညားဦးသို့ များစွာကျေးဇူးတင်ကြ လေသည်၊

အမတ်ဗျညားဦးသည်၊ ညောင်ခရားမြို့ ပျက်လေသည် ဖြစ်၍။ သာဂရ မြို့တော်ဟောင်းသို့ ပြောင်းရွှေ့၍ နေလေ၏။ ထိုမြို့တော်၌ တနှစ်ကျော်ခန့် နေ ပြီးလျှင်။ -၃၅၈- ခုနှစ်တွင် တူတော်ဗျညားရံဆက်ကို-မြို့ဝန်ခန့်၍။ ဟံသာဝတီပဲ ခူးမြို့သို့ ဗျညားဦးပြန်သွားလေသတည်း။

ထိုသာဂရ မြို့ဟောင်း၌၊ ဗျညားရံဆက် အုပ်ချုပ် စီရင်သောအခါ မြို့သူမြို့ သားများနှင့်သင့်တင့်လျောက်ပတ်စွာ။ ပြော ဆိုလျက် နေလေသည်အတွင်း၊ ရှေး က ဘုရားပုထိုး, စေတီ, ကျောင်းကံ, ဇရပ်များကိုပြုပြင်လုပ်လေသည်၊ တရားသဖြင့် အုပ်ချုပ်မင်းပြုသည်။ ဗျညားရံဆက် စည်းစိမ် (၂၀) သက်တော်

(၅၆) –၃၇၃– ခုနှစ်တွင်။ အနိစ္စ ရောက်သည်။ ။ ၎င်းသား ဗျည်းတော်ခံ, ဆက်ခံ အုပ်စိုးစီရင်လေသည်။ ထို သာဂရမြို့ဟောင်းတွင်၊ တရားသဖြင့် မင်းပြုသည့် အတွင်း။ ရှမ်းတို့ရန်ကိုစိုးရိမ်ကြောင့်ကြ၍၊ ကလိန်အောင်ကင်းတပ်ကို ထပ်မံ၍ တပ်မှူး(ရဲနွတ်)ကို။ ကင်းအုပ်ခန့်ထားစောင့်နေစေသည်။ ။ နှစ်လကြာရှည် လတ်သော်။ ဗျည်းတော်ခံသည်။ မကျမ်းမာတော်မူပြီးလျှင် စည်းစိမ် (၂၂) သက် တော် (၆၉) နှစ်။ သက္ကရာဇ်–၃၉၉–တွင်။ အနိစ္စရောက်သည်။ ၎င်းနောက်သာဂ မြို့ဟောင်း၌၊ ၎င်း၏သားတော် ဗျည်းရံစော - သာကြည်စွာအုပ်ချုပ်မင်းပြုသည်။ ထိုမင်းစည်းစိမ် ၁၆–နှစ်။ သက်တော် ၅၆–နှစ်။ ၄၁၅–ခုနှစ်တွင် အနိစ္စ ရောက် သည်။ ၎င်းမင်းညီတော် ဗျည်းတော်၊ ဗျည်းရံတိုက်ဆတ်ခံမင်းပြုသည်၊ ထိုမင်း စည်းစိမ် ၁၃–သက်တော် ၆၅–နှစ်၊ ၄၂၀တွင် အနိစ္စရောက်လေသည်။ ထိုသာဂရ မြို့ဟောင်းတွင်၊ ဗျည်းကင်းတော မင်းပြုပြန်၏၊ ၎င်းမင်း ၁၀–နှစ်တိုင်လျှင်၊ တနင်းသာရီမြို့ကရှမ်းသြရမက်ကတံလာ၍ တိုက်ခိုက်သောကြောင့် သာဂရမြို့ ဟောင်းသက္ကရာဇ် ၄၃၈–ခုနှစ်တွင်၊သာဂရမြို့ပျက်လေသတည်း။

ထိုနောက် ညောင်ခရားမြို့ပျက်ကို၊ ညောင်ရမ်းမြို့ဟု တည်ထောင်ပြုစု ပြန်သည်။ ထိုရှမ်းမင်း၁၀နှစ်နေ၍၊ သြရာဟုံကို၊ ညောင်ရမ်းမြို့တွင် စောင့် ထားခဲ့၍။ ယိုးဒယားမြို့သို့ပြန်သွားသည်၊ ထိုအခါကစ၍တဖန် ရှမ်းမင်းတို့သည်။ တနင်းသာရီမြို့မှ ထားဝယ်မြို့နယ်ချားအထိ ရှမ်းများအုပ်စိုးနေသည်။ သြရာဟုံ– ၁၅–နှစ်ကြာလျှင်။ သြရာစက္ခတန်သားတော် သြဗရပိဆဲ၊ ယိုးဒယားမြို့က မြို့ဝန် ခန့်၍။ သြရာဟုံ ပြန်သွားရလေသည်။ ညောင်ရမ်းမြို့၌။ သြဗရပိအုပ်စိုး စီရင်သည်။ ထိုမင်း ၁၃နှစ် ကြာလျှင်။ ၎င်းမင်းညီတော်-သြရာခုပ္ပရပ်ကိုထားခဲ့၍။ ယိုးဒယားမြို့သို့ပြန်သွားလေသည်။ ရှမ်းမင်း သြရာဥပ္ပရပ် အုပ်စိုးစီရင်၍၊ ၁၅–နှစ် ကြာလျှင်။ မမာမကျမ်းရှိသည်နှင့်။ ယိုးဒယားမြို့ သို့ပြန်သွားသည်။ ။ ✳ ညောင် ရမ်းမြို့တွင်၊ ရှမ်းမင်း လေးဆက်နှင့်။ –၃၃–မင်းပြု၍၊ သက္ကရာဇ်–၄၄၃–ခု နှစ် တွင်။ တနင်းသာရီတိုင်းနှင့်ထားဝယ်မြို့နယ်ပယ်တို့တွင်မင်းဆက် ပြတ်လျက်ရှိ နေသည်။

ကောဇာသက္ကရာဇ်–၉၀–ပြည့်နှစ်ကစ၍။ဆင်ဖြူရှင်မင်း ဘုမ္မိဒေဝနဂရ မြို့တည်သည်အစ။ ဗျည်းရံတိုက်အဆုံးနှင့်၊ မင်းပေါင်း တကျိပ်–၄–ယောက်။ မင်းဖြစ်စဉ်နှင့်တကွ။ ၎င်းနောက် ရှမ်းမင်း သြရာဂဠုံအစ။ သြရာဥပ္ပရပ်အဆုံး ရှမ်း မင်းပေါင်းတကျိပ်တို့၏ မင်းဖြစ်စဉ်တို့ကို။အင်းစောက် ချ၍ပြပေအံ့။ ။

ထားဝယ်မင်း- တလိုင်းမင်း-ရှမ်းမင်းတို့အုပ်စိုးသွားခြင်းကို။ အင်းစောက်ချ၍ပြဦးအံ့။

———○———

၁။ ဆင်ဖြူရှင်စည်းစိမ် - ၂၃။

၂။ ငင်းသား သာမန္တမင်း - ၃၀။

၃။ ငင်းမွေးစားသား သမ္ဗန်မင်း – ၂၅။

၄ –	ဗျညားဗလ စည်းစိမ်	– ၁၅
၅ –	။ ရံ	– ၁၀
၆ –	......တေသ..............	– ၅
၇ –	......ရံကိုက်..............	– ၁၆
၈ –	......ကင်း................	– ၂၀
၉ –	......ရံစား................	– ၁၆
၁၀ –	......ဒိပ္ပ..................	– ၁၃
၁၁ –	......တော်................	– ၆
၁၂ –	......ရံသက်..............	– ၂၀
၁၃ –	......တော်ခံ..............	– ၂၂
၁၄ –	......ရံဇော...............	– ၁၆
၁၅ –	......ရံခိုက်...............	– ၁၃

၁ –	သြရဂဋ္ဌုံ	– ၁၅
၂ –	သြရာတေ	– ၁၂
၃ –	သြရံဗလ	– ၁၅
၄ –	သြရာဗလပ်	– ၁၆
၅ –	သြအရပ်ဘဲ	– ၁၃
၆ –	သြဗရပ်ဖဲ	– ၁၀
၇ –	သြစက္ကဒိန်	– ၁၀
၈ –	သြရဟုံ	– ၁၅
၉ –	သြဘရပိဆဲ	– ၁၃
၁၀ –	သြရာဥပ္ပရပ်	– ၁၅

တလိုင်းမင်းပေါင်းတကျိပ်နှစ်ယောက်။ ထားဝယ်မြို့နယ်များ၌ အုပ်စိုးသွားပုံကို၊ ပြရာသော အခဏ်းပြီး၏။

ရှမ်းမင်းပေါင်းတကျိပ်တို့၊ ထားဝယ်မြို့နယ်များ တို့၌၊ အုပ်စိုးစံ သွားပုံကို၊ ပြရာသော အခါဏ်းပြီး၏။

ထိုသာဂရမြို့ကို၊ သာမန္တမင်းကြီးတည်သည်နှစ်ကစ၍၊ သက္ကရာဇ်–၁၁၃–ခုတွင်၊ သာဂရမြို့သက်။ ၂၂၇–ကိုနှော၍၊ နှစ်ရပ်ကောဇာသက္ကရာဇ်–၃၄၀-ဖြစ်၏။ ရှမ်းမင်းတကျိပ် ညောင်ရမ်းမြို့သက်။ သက္ကရာဇ်၊ ၁၃၄–ခုကို။ ၎င်းသက္ကရာဇ် တွင်နှော၍ ပေါင်းသက္ကရာဇ် - ၄၇၄ - ခုဖြစ်သတည်း။ အလောင်းစည်သူမင်းကြီး ရေနန်းမြို့ကို တည်သည်။ သက္ကရာဇ်၊ ၅၁၇–ခုနှင့်နှိုင်းခိုင်းရာ။ ထားဝယ်မြို့နယ်များ၌။ (၄၃)နှစ်မင်းမရှိ မင်းဆက်ပြတ်ကြောင်းကို။ ချားနားသိသာအောင် ရေးပြလိုက်ပါ့သတည်း။ ။

ရှင်မုတ္ထီးကိုယ်တော်အကြောင်း။

သီရိယဓါတ်၊ အထုတ်ပတ်ကို၊ တတ်အပ်သေချာရေးလိုက်ရကား၊ သဗ္ဗညုမြတ်စွာဘုရားပွင့်တော်မူသော။ ပြည်ညောင် ဗုဒ္ဓဟေ၊ ဗောဓိတောင်ကိုင်းကို၊ ထုလုပ်သော။ ရုပ်ပွားတော်(၃)ဆူတွင်။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူ၍၊ အလောင်းမြတ်ကိုသဂြိုဟ်ရာ၊ ကိုယ်တော်မြတ်ဓါတ်တော်တည်၍၊ ရွှေတလားတွင်၊ သနံ့သရိယဓါတ်တော်ကို။ ရဟန္တာအရှင် မြတ်တို့။ သိမ်းယူကိုးကွယ်ထားရာ။ ရုပ်ပွားတော်(၃)ဆူတွင်။ ဌာပဏာ၍။ သိတင်းသုံးရန်ဒေသ။ အနာဂါတ်ကို။ သိမြင်နိုင်သော၊ ရဟန္တာအရှင်တို့သည်၊ သာသနာတော်အစွန့်ရှည်စွာ တည်မည်အကြောင်းကို၊ ရှုမျှော်တော်မူ၍၊ သက်နံး ပျည်အောက်ခန်။ အဖေါ်ခမ္မာခံ။ ကျောက်ဖြာထက်၊ တကဲညောင်ကာလျက်။ နဒီမြစ်သမုဒ္ဒရာသို့။ မျှောလေရာ။ နတ်များယူဆောင်သည်နှင့်၊ ဒေသ ဇာရီကြွလာ၍၊ တဆူသော်-သံတွဲ ပြည်တွင်။ သိတင်းသုံးရက်ရှိသည်၊ တဆူလျှင်လည်း ကျိုက္ခမီကျောက်တောင်ပေါ်တွင် သိတင်းသုံးရက်ရှိသည်။ တဆူလျှင်၊ ဓါးဝယ်ပြည်၊ စော်ချောင်းဝသို့ဝင်ရောက်၍။ ထိုအခါလျှင်၊ ဓါးဝယ်မြို့တွင်။ ဝယ်တီမြို့မင်းစောသီလ မင်းပြုသည်နှင့်။ သက္ကရာဇ်။ ၇၉၇၊ ခုနှစ်တွင်။ မင်းစောသီလ၊ ဝယ်တီမြို့သားပရိသာတ်တို့၊ ပူဇော်သက္ကာယပြုပြီး။ ပညာရှိတို့နှင့်၊ ရွေးချယ်တိုင်ပင်၍၊ မုတ္ထီးမြို့၏အနီးတွင်။ တည်ထားကိုးကွယ်ကြသည်၊ ရုပ်ပွားတော်နှင့်အတူပါ၊ ညောင်ပင်စိုက်၍၊ ယခုတိုင် ဘုရားအနား ညောင်ပင်ရှိသတည်း။ ရုပ်ထုတော်အတူပါ၊ အောက်ခံကျောက်ဖျာလည်း ထိုညောင်ပင် အောက်တွင် ကောင်းစွာထား၍ အများကိုးကွယ်

လျက်ရှိသည်။ ယခုတိုင် တံခိုးထင်ပေါ်ရဟန်းရှင်လူ ပရိသာတ်အများ နှစ်စဉ် မချား ထားဝယ်မြို့နယ်သူအများတို့သည် ပွဲတော်ပြုစု ကိုးကွယ်ကြသတည်း။ ။ ယခုတိုင်အောင်ရွှေမုတ္ထီးဘုရားဟု။ အံ့လောက် စရာထင်ပေါ်စွာကျော်ဇောရှိသည် သက္ကရာဇ် ၇၉၀ ပြည့်နှစ်။ ကဆုံလပြည့်ကျော် ၄–ရက်၊ ကြာသပတေးနေ့ နံက် ၄– ချက်တီးကျော်-နေဝမ်းပေါ်ကို ✳ မင်းစောသီလ ဝေတီမြို့ကို တည်ထောင်တော်မူ သည်။ ကောဇါသက္ကရာဇ် ၈၀၀ ပြည့်တံဆောင်မုန်း လပြည့်ကျော် ၃–ရက် တနင်္ဂနွေနေ့တွင် လှေသွား လုလင်များနှင့်။ တွေ့လေသည်။ တွေ့ရာတွင်လည်း။

လှေသွားလုင်တို့သည်။ သဲပြင်ပေါ်တွင် ရှင်မုတ္ထီးမြတ်စွာဘုရား။ ဆင်းတုတော်နှင့် တွေ့သော။ အကြောင်းကိုလည်း။ ဝယ်တီမင်းကြီးအား။ တင်လျှောက်ကြားပြန်သည်။ ဝယ်တီမင်းလည်း။ ထက်ကြပ်မကွာလိုက်၍လာ သော်၊ ဝယ်တီမင်း ကြီး ရွှေလှေတော်စီး၍။ ဘုရားမြတ်စွာထံ။ ရောက်ပြန် သောအခါ။ တဟုန်တည်းရေညာသို့တက်သွား၍။ ရွှေမုတ္ထီးသို့ဝင်တော်မူလေ၏။ တန်ဆောင်မုန်းလပြည့်ကျော်(၅)ရက်။ အင်္ဂါ နေ့။ ညနေ။၃–ချက်တီး။၃–နာရီ အချိန်တွင်၊ ကုန်းပေါ်သို့။ တက်တော်မူလေသတည်း၊

ရွှေမုတ္ထီးကြီးအကြောင်းကိုသိလိုက။ ၎င်းမင်းဆက်ကိုရောက်သော် တနင်းသာ ရီမြို့တွင်လည်း။ နောက်ခန့်ထားသော၊ စောပဲဖြူသည်။ ခြားနားနေကြောင်း။ နရ ပတိစည်သူမင်း ကြားတော်မူလျှင်။ ဖေါင်တော်နှင့်ချီတော်မူလာ၍။ တနင်းသာရီ မြို့စားကို။ နှိပ်နင်းခဲ့ပြီးသော် ပြန်တော်မူလာရာ။ သက္ကရာဇ်၊ ၂၆၆–ခုနှစ်။ ရှင်မော် အငူမြောက်။ ထောက်ကွယ်မြို့ကို။ တည်တော်မူလေ၏။ ၎င်းထောက်ကွယ်မြို့ တွင်။ မင်း(၄)ဆက်ရှိလေသည်။ ၎င်း(၄)ဆက်မင်းအမည်ကား၊ နရပတိစည်သူ၊ ၎င်းမင်းသား ကနိဂဝတ်၊ ၎င်းမင်းသား ဝါရု။ ၎င်းမင်းသား မင်းဆူဖြစ်လေသည်၊ ၎င်းမင်းဆူ လက်ထက်တိုင်ရောက်ကာလ၊ သက္ကရာဇ်၊ ၇၉၀ ပြည့်နှစ်တွင်။ ဝယ်တီ မြို့ကိုတည် တော်မူသည်၊ ၎င်းမြို့တွင် စီရင်အုပ်စိုးသည်မင်းမှာ။ (၉) ဆက်ရှိ သည်၊ ၎င်းမင်း(၉) ဆက်အမည်ကား၊ မင်းဆု၊ ၎င်းသား။ မင်းရောင်၊ ၎င်းသား ရွှေ နန်းတက်။ ၎င်းသား မင်းဆူ။ ၎င်းသား ပညာမင်းစစ်။ ၎င်းသား မင်းသီလ ဖြစ် လေ၏၊ ထိုမင်းသီလ- လက်ထက်။ ရွှေမုတ္ထီး ကိုယ်တော် ရောက် လေသည်။



ရှင်မုတ္ထီးစေတီတော်နှင့်-သိမ်တော်ကြီးသည်။
ဝေတီ (မင်းသီလ) ရှိစဉ်က၊ ကောင်းမှု ပြုခဲ့သော-ပုံတော်ဖြစ်ပါသည်။

ထားဝယ်မင်းဆက်ပြတ်နေရာမှ။ တဖန်မည်သည့် နှစ်ကောဇာမှာ။ ပြန်ပေါ်လာခြင်းအကြောင်း။

ထားဝယ်မြို့စားကြီး၊ ငနဲလှ လက်ထက်၊ ပေါက်တိုင်း အရပ်ရှိ။ ရွှေတောင်ကို စားရသူ၊ ပန်းဘဲဆရာကြီး၏သား- (မောင်ရှင်ဇော်)သည်။ သူ့အဘ-ပန်းဘဲ ဆရာကြီး။ (ဦးရွှေဂေါင်)သည်၊ ရှေးမှီနောက်မှီဖြစ်လေသောကြောင့်။ ရာဇဝင် မှတ်စုငယ်တို့ကို။ ကြေပြွန်အောင်။ ဟောပြောနိုင်သည်ဖြစ်၍။ သူ့ညီသည်။ (ငမြတ်ဖြူ)ဟူ၍ ရှေးကမင်းအဖြစ်နှင့်။ ထားဝယ် မြို့၌။အုပ်စိုးသည့် အကြောင်းအရာကို ပြောပြ၍ မင်းတို့ငါတို့ဟာ ဘုရင်အဆက်အနွယ်။ သာကီဝင် ထည်းကဘဲ ဟုပြောသောအခါ။ တနေ့တချားစင်းစားပြီး။ အချိန်အရွယ်ရောက် လတ်သော်။ သူ့အဘရှိစဉ်က ပြောထားသောရာဇဝင်အရ၊ ယခုငါအဘလည်းမရှိ။ အဘ၏အမွေအနှစ်ဆို၍၊ ဒါးအလုပ်မှာဖြင့်၊ တဘက်ကမ်းခတ်ချေပြီ၊ သို့သော် စည်းလုံးညီညာအောင်၊ အကြံအစည်ဤသို့ထုတ်သည်မှာ။ သူ၏သူငယ်ချင်း (ငနဲ အောင်) နှင့်တိုင်ပင်ပြီး လူစုဝေးလျက်၊ ဒါးလွယ်တစင်း ဆက်သလိုကြောင်းနှင့်၊ ဒေဝဒိပ္ပထံ။ အလွှာဆက်သွင်းသော အခါ မှူးမတ်တို့ကသံတော်ဦးတင်လျှောက် လေလျှင်။ ၎င်းလူကို၊ နန်းတွင်းဝင်စေဟု အမိန့်တော်ရှိသည်နှင့်။ မောင်ရှင်ဇော် နှင့်ငနဲအောင်တို့သည်။ ရဲစွမ်းသတ္တိနှင့် ဝင်ရောက်ကျပြီးလျှင် ဒါးလွယ်ဆက်သ မည်အဟံပြုလျက်။ ဒေဝဒိပ္ပကို။ လုပ်ကြံ၍ သတ်ဖြတ်ပြီး၊ (မောင်ရှင်ဇော်)သည်၊ ယခုနန်းရာကျောင်းနေရာ၌ ဒေဝဒိပ္ပနန်းတော်နေရာကို (ငနဲအောင်)သို့ပေး၍။ တပ်မှူးကြီးအစောင့်ထားခဲ့ပြီး၊ ကရင်ကျောင်းနေရာသည်၊ ရှေးက ထားဝယ်မင်း များ၊ တပ်မတော်သားများ၏နေရာ၊ တပ်ကုံးပေတည်း။ ။သက္ကရာဇ်- ၁၁၂၂- ခုနှစ်။ မောင်ရှင်ဇော်သည်၊ ပိန္နဲတောရပ်။ ယခုဂန့်ဂေါ် ပင်စင်ကျောင်းအရှေ့- ရွှေ ကျောင်း နေရာ၌။ နန်းတော် တည်လုပ်ပြီးလျှင်။ မင်းပြုသည်။ ၎င်းနောက်ပိန်းနဲ တောရပ်အရှေ့၊ ဘိက္ခုပုံသာသနာ ပိုင်ဆရာတော်ကြီးကိုအမှီပြု၍၊ သိမ်သမုတ် ပြီး၊-၁၁၂၅-ခုနှစ်ကို။ ၎င်းသိမ်မြောက်သည်။ သိမ်မြောက်ပြီးလျှင် ရွှေတောင်စား စေတီတော်ကြီးကို တည်လုပ်၍၊ ဘုရားစေတီအပြီးသို့ မရောက်။ ပဋ္ဌမပစ္စယံက ကို၊ သပိတ်မှောက်မျှသာတည်လုပ်နိုင်သည်။ ၎င်းဘုရားကြီးတွင်ဌာပဏာတိုက် ဖွဲ့၍၊ ရွှေကျုပ်, ငွေကျုပ်, တို့တွင်။ ဓါတ်တော်များထည့်လျက်။ ရွှေကိုယ်လေး,

ငွေကိုယ်လေး, ရွှေဆင်းထု, ငွေဆင်းထု, ကျောက်ဖြူဆင်းထု, ကြေးဆင်းထု, မိုဃ်းကြိုးဆင်းထု, ခဲမဖြူဆင်းထု, ပယင်းဆင်းထု, မြဆင်းထု, နီလာဆင်းထု, မဟူရာဆင်းထု, စိန်ကျောက်ပတ္တမြား–၁၀–ကုဋေ့ကျော်ဘိုးခန့်။ ဠာပဏာပြီးလျှင်၊ ဠာပဏာတိုက် သံချာအုပ်လျက် အပြီးသို့ရောက်လျှင် ဘုရားကြီးဆက်လက်တည်ရာ-ပဠမပစ္စယံ အရောက်တွင် (မောင်ရှင်ဇော်) အနိစ္စရောက်လေသတည်း။

အကြောင်းတုံလျှင်။ ငါတို့မြတ်စွာဘုရားသခင်၊ လူသုံးပါး တို့အရှင်သည်၊ ဒေသဇာရီလှည့်လည်တော်မူ၍၊ ထားဝယ်မြို့သို့ ကြွရောက်တော်မူသောအခါ၊ ကြည့်မျှော်တောင်ထိပ်ဝယ် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏၊ ထိုအခါ သဃ်ာတော်အများ - တပည့်သားတို့ ဖူးမျှော်ကံတော့ရန်။ မြတ်စွာဘုရားထံ ချည်းကပ်လာကြကုန်၏။ မြတ်စွာဘုရားက ဤသို့မိန့်တော်မူ၏။ ချစ်သားတို့ ဤဒူရကတိုင်းဝယ်။ ငါသည်နုစဉ်အခါ ရှေးဘဝက၊ အကြိမ်များစွာဖြစ်တော်မူခဲ့ဘူး၏။ ဖြစ်ခဲ့ဘူးသည်ကား ရှင်မော်တွင်-ကျီးမင်းတဖြစ်, ဟင်းသာမင်းတဖြစ်, ငါးကြီးတဖြစ်- ဖြစ်တော် မူခဲ့ဘူး၏။ ။ရှင်တောင်းဘုံတွင်—ကျေးမင်းတဖြစ်, ဟင်းသာမင်းတဖြစ်, ဂျီမင်းတဖြစ်၊ ဖြစ်တော်မူခဲ့ဘူး၏။ ၊ရတနာဇဒီ တောင်ဝယ်—ကရဝိတ်ငှက်မင်းတဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ။ ပုပ္ပါးတောင်ဝယ်—ဂျိုးမင်းတဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ။ ဇလွန်းတောင်ဝယ်—ငါးရံ့ဒိုင်းမင်းတဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ။ မျှော်တော်ကန်ဝယ်-ဇီဝစိုးငှက်မင်းတဖြစ် ဖြစ်တော်မူခဲ့ဘူး၏။ ။ကြက်သံ တိုင်းဝယ်-ကြက်မင်းတဖြစ်, ဖြစ်တော်မူခဲ့ဘူး၏၊ ။ကြည့်မျှော်တောင်ဝယ်—ဗုတ်မင်းတဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ။ ရှင် ဇလွန်ဝယ်—ကြိုးကြာမင်းတဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ရှင်ခါတ်ဝဲတွင်—ဂျီမင်းတဖြစ်, ငုံးမင်းတဖြစ်, ငါးခုံးကြီးတဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ဂဏန်းတောင်ဝယ်—ရွှေရောင်မောင်းနှင့်ဥဒေါင်းမင်း-ဖြစ်တော်မူခဲ့ဘူး၏။

ကျားခုံတွင်—ဖွတ်ကျဲမင်းတဖြစ်, တောကြောင်တဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ၊ ရှင်တဘီဝယ်—ရသေ့တဖြစ်, ဖြစ်တော်မူခဲ့ဘူး၏။ ဟူ၍ တပည့်သားတော်များကို မိန့်ကြားတော်မူလေသတည်း။

မြတ်စွာ ဘုရားသည်—၁၀—ဝါ မြောက်၌တကြိမ်၊ ဝါတော်–၂၀–မြောက်၌တကြိမ်။ ထားဝယ်မြို့သို့ ကြွရောက် တော်မူခဲ့ဘူးသည်အခိုက်၊ ရဟန်းသဃ်ာတပည့်သားတို့သည်လည်း။ ထားဝယ်မြို့နယ်တို့သို့ ပိဏ္ဍာပါတ်ဆွမ်းလှည့်၍၊ ခံရပ်တော်မူကြကုန်၏၊ ထိုအခါသင့်လျှင်ဆွမ်းတရက်ရတုံ တရက်မရတုံရှိခဲ့၏။ ထိုအကြောင်းကို ဘုရားရှင်သိသည်နှင့်၊ မိန့်တော်မူခဲ့၏၊ ငါ၏ချစ်သားတို့။ ငါဘုရား

နိဗ္ဗာန်ရွှေပြည်သို့ ဝင်သွားပြီးနောက်။ ဤမြို့ရွာတို့၌ ထိုသူတို့သည်။ မဝတုံတလှဲ့ ဝတုံတခါ။ များစွာရှိလိမ့်မည်ဟူ၍ ဗျာဒိတ်စကား ဘုရားရှင်ကိုယ်တော်မြတ်ကြီး ထားတော်မူခဲ့ပေသတည်း။

———○———

အင်္ဂလိပ်မင်း၊တနင်းသာရီတိုင်းမှ၊ထားဝယ်မြို့တို့သို့။ သိမ်းယူသွားခြင်းအကြောင်း။

သက္ကရာဇ်—၁၁၈၆—ခုနှစ် တော်သလင်း လပြည့်ကျော် (၂)ရက်၊ စနေနေ့ကို။ ဣန္ဒြိယတိုင်းကိုအစိုးရသော၊ အနောက်မြို့သား ကုလားမင်းသည်။ တနင်းသာရီတိုင်းမှ၊ ဒူရကတိုင်းနယ်, မြို့ထားဝယ်ပြည်ကို။ သိမ်းပိုက်အုပ်စိုး။ စီရင်အုပ်ချုပ်၍ ယခုထက်တိုင်အောင်ရှိနေလေသည်။

ဤတွင် ထားဝယ်သမိုင်းချုပ်ပြီး၏။

Appendix 2
Chapter Summaries of the *Dawei Yazawin Tawgyi* by Ni Ni Aung

Preface *page i*

This book was first translated from the Magadha language[1] into Burmese by the Sayadaw of Mayanbin Monastery in year 1121 of the Myanmar Era (1759 CE). The title of this senior monk was Pyinnyatharadaza Mahadhammayazadi Yazaguru. Five years later in 1126 (1764), the book was recorded a second time as a palm-leaf manuscript. This was done by the Sayadaw of Bongyaw Monastery, who had the title of Nyanathami Thirikavidaza Mahadhamma Yazaguru.

The purpose of printing this book *page iv*

The book was published so that its history will not fade away, and to fulfill the requests of donors. These include the deputy commissioner, retired township officers, barristers, merchants, and so on.

1 ∼ ၁ *page 1*

The history of Dawei

Eleven years after Lord Buddha attained Enlightenment, three beings were taught his doctrine on Waimeikthaka Hill in Dawei region. These beings were a hermit named Gawunpatae, a *rakha* or

1 The language could have been Ardhamagadhi, Magadhi Prakrit, or Pali by another name. They are closely related, and it may be impossible to discern the difference without the original manuscripts. [JP]

ogre named Konbanda, and a *nat-tha* or male celestial being named Duraka. Lord Buddha pre-ordained that Konbanda-rakha would become a king named Banuma Yaza in Suvannabhumi (Thaton), and Duraka Nat-tha would be reincarnated as one of his sons. In his future life, Duraka Nat-tha would establish the new city of Kalein Aung in Dawei region, and reign over it as king.

page 7 2 ~ ၂

King Abikantha Yaza and his descendants; and the reincarnation of Duraka Nat-tha who becomes the future King Naruti

When the Kingdom of Kosala was defeated by Panchala, it was separated into three parts—Koliya, Devdaha and Kapilavastu. At that time a king from Kosala named Abi Yaza moved from the Mijjima region and established the Kingdom of Tagaung. Later, his relatives discovered the land of Suvannabhumi where they built a new city called Thaton. The ogre Konbanda-rakha was reincarnated as a son of a later Thaton ruler named King Thiha Yaza. Eventually he became King Banuma Yaza. Duraka Nat-tha was then reincarnated as a son of King Banuma Yaza. Eventually he became King Naruti.

page 8 3 ~ ၃

Predictions from earthquake-days of Duraka's reincarnation, and the founding of Kalein Aung city

When Duraka Nat-tha was reincarnated in the womb as Prince Naruti, a huge earthquake struck and damaged the royal armories of Thaton. There had been predictions based on which day an earthquake would occur. If it happened on :

Sunday, then the city would be prosperous
Monday, then a good child would be reincarnated
Tuesday, then a malicious person such as a robber, thief or rebel would reign over the city, and consequently the royal officers would be killed

Wednesday, then a princess from another country would be presented, or a wise officer would arrive in the city

Thursday, then the future Buddha or *Setkyarwadaymin* (*Chakkravarti*), or a future king would be born

Friday, then Thagyamin the King of Heaven would be reincarnated, or a powerful man would be born

Saturday, then the people would will face poverty, the king would pass away, virtuous people would disappear, and the soothsayers and astrologers would die

Prince Naruti would later build Kalein Aung City, or Aungthawaddy Pyi, in 17 ME (655 CE). He would ascend to its throne in 20 ME.

4 ~ ၄ *page 10*

An earthquake on the eve of Prince Naruti's birth

One earthquake occurred when Duraka Nat-tha was reincarnated at the conception of the future Prince Naruti. Another happened on a Thursday, five days before the prince was born. The same predictions of earthquake-days applied to both.

5 ~ ၅ *page 10*

Officer Zaya-thein reads the signs of a dream of Thanga Yaza Sayadaw

Thanga Yaza Sayadaw had a dream that a *nat-tha* (male celestial being) came to Kyaiktiyo Pagoda. He rode on a *set-kyar* (heavenly conveyance) and was surrounded by attendants. After paying homage at the pagoda, the *nat-tha* invited the *sayadaw* (head monk) to enter the palace together with the his parents, who were in fact the king and queen. The royal officer interpreted this dream as meaning that the celestial being represented an infant who would soon be born and later become the crown prince. Then an earthquake struck on a Thursday. The infant was born five days later, on Tuesday, the second waxing of Tabaung in 1 ME (February 640 CE).

page 13 6 ~ ၆

Silver and gold discovered after Prince Naruti's birth

On the Tuesday when Prince Naruti was born, a wealthy man from Bilin named Thahtay Law-set-san was trying to grow coconut trees on his farm. While digging in the ground, he discovered a clay pot with pieces of silver and gold inside. These were presented to the king. On advice from the royal officer Zaya-thein, the king declared that the pieces had appeared in the pot due to his son's *hpone-taw* (glorious merit). Therefore, he decided to keep the gold and one-half of the silver pieces. The other half was offered back to the finder, Mr. Law-set-san.

page 14 7 ~ ၇

Zaya-thein's announcement regarding the Wednesday quake

Yet another large earthquake occurred on a Wednesday. Zaya-thein announced that according to the predictions, if a quake happened on Wednesday then a princess from another country would be presented, or else a wise officer would arrive. Three days later, a couple met with Zaya-thein. They had two sons who were descendants of royal officers from the capital city of Tagaung in Upper Myanmar.

page 14 8 ~ ၈

The sages named Maha Kaviseitta and Bala Deva Setbomu

The arrival of the two sons was reported to the king. When their father was asked about them, he said the younger one had learned the ancient laws and customs by the age of fifteen. He could also foretell the future because he well understood prophecy, auspicious signs and ominous utterances. As for the older son, he understood the strategies of war, battle elephants and horses very well. Therefore, the younger brother was offered the title of Maha Kaviseitta Pyinnyashi Amat (royal sage), and the elder one was offered the position of Major Bala Deva.

9 ⁓ ၉ *page 15*

The return of Major Bala Deva Thaton after deftly negotiating with the king of Zin-mei (Chiang Mai)

Over the years, Shan (Tai) people from Zin-mei had been stealing elephants, horses, buffaloes and cows from the lands of Thaton. For this reason, Major Bala Deva was sent there with troops amounting to 150 units of cavalry. Due to his rational manner of speaking, King Zin-mei enjoyed him so well that he presented him with gifts. The king also composed a letter saying that the criminals and stolen property would be returned within two months. Bala Deva and his troops then returned to Thaton.

10 ⁓ ၁၀ *page 16*

Bala Deva as *set-wungyi*

In reward for this achievement, Bala Deva was promoted to be the *set-wungyi*, or second-in-command of the armed forces.

[*The text does not have an eleventh chapter. It may have been misnumbered due to an introductory thamine at the front of the book.*]

12 ⁓ ၁၂ *page 17*

Prince Naruti's education, and the kindness of Queen Thuthiridevi

Young Prince Naruti learned royal skills from Thanga Yaza Mahtay Sayadaw. Having completed this education by the age of fourteen, he was given the title of crown prince. His mother had been Queen of the Southern Palace, but she passed away when he was five. Therefore, Queen Thuthiridevi of the Northern Palace was promoted to be Queen of the Southern Palace instead. She then had a son and daughter. One night the king suffered from an abscess on his finger. She kept his injured finger in her mouth to ease the pain so he could rest. The abscess burst in her mouth while the king was

asleep, but she swallowed the pus because she worried he would awaken. When the king discovered her care for his wound, he promised to fulfill one wish for her.

page 19 13 ~ ၁၃

Informing Crown Prince Naruti about the queen's request

When Queen Thuthiridevi's son Prince Nareinda turned twelve, the queen asked the king to give him the title of crown prince in fulfillment of her wish. The king was then upset and torn between his two sons. At a conference the next morning, he sadly informed Prince Naruti about the queen's request and the promise he had made to her.

page 20 14 ~ ၁၄

The response of Prince Naruti,
his desires for the country, and the queen's assent

Prince Naruti eased the king's concern with his response. He said that all things on earth were impermanent, and that he only wanted to do what was best for the prosperity of the religion and the country. For this purpose, he wished to build a new city. Then his younger brother Prince Nareinda announced that he did not wish to replace his older brother as crown prince. At the same time, Queen Thuthiridevi withdrew her request.

page 22 15 ~ ၁၅

Fraternal vows of Naruti and Nareinda

After the conference, the two princes enjoyed a feast together with the king and queen. During this event, Nareinda vowed that if he ever rebelled against his brother after their father passed away, he would be cursed to die of poisoning from the meal they were sharing that day. In turn, Naruti vowed that if he were ever dishonest or harmed his younger brother after the death of their father, he would instantly die by poisoning from the same meal.

16 ∼ ၁၆ *page 24*

Five men from Tanintharyi

Before finding new land for new city, the king married Prince Naruti to Princess Thirisanda. Just after the wedding, five men of Tanintharyi arrived. Their boat had wrecked, so they came to the wedding to beg assistance. When the crown prince noticed them, they were asked about a certain place in the south near the sea. According to the five men of Tanintharyi, it was a pleasant location surrounded by mountains. The crown prince marked it for exploration after the end of the rains. [2]

17 ∼ ၁၇ *page 25*

Walking on auspicious ground

After the monsoon rains relented, on the third waxing moon of Tazaungmon around year 17 of the Myanmar era (October 655 CE), Nandathayna Setthu-gyi and Bala Deva were sent with a thousand men to explore new lands. They marched south after first walking the auspicious grounds of Shwe Natha Pagoda.

18 ∼ ၁၈ *page 25*

Choosing suitable land to build the palace

With guidance from the five men of Tanintharyi, the expedition arrived in the area that now surrounds San Taw Shin Pagoda (GPS 14.61, 98.131). Due to features and signs known in scriptures, this site was chosen for a new city and palace. Eight qualities led to this

---

2 Six centuries later, according to the *Tanintharyi Yazawin*, a delegation from Aung Thawara came to Dawei region. They asked King Linzin of Thagara for a prince to come rule in Tanintharyi region, as the old dynastic line had died out. The king obliged, and his son founded the city of *Tana-siri* in 1277 CE. In fact, the chronicles of Dawei and Tanintharyi rarely mention each other. But when they do, it is always as friends and good neighbors. There is no sign of conflict between them in any known source. [JP]

selection: ◆ *pagadi* land, meaning pristine or natural ◆ good landscapes ◆ high and low terrain ◆ scents and tastes ◆ types of grass and trees ◆ signs discovered by testing the water and sand ◆ general location, condition and resources ◆ and a main source of water nearby.[3]

page 28 19 ~ ၁၉

Nine features for choosing palace land, by Officer Kaviseitta

The sage and royal officer Kaviseitta said there were nine things which made land suitable for a palace: ◆ the types of trees ◆ space for a lake and pagoda ◆ the city's location, in order to calculate the palace site ◆ auspicious months ◆ calculations for the direction of roof purlins ◆ royal insignias ◆ astrological calculations ◆ the assessment of a soothsayer ◆ and signs shown by animals.

page 35 20 ~ ၂၀

Building the *kan-net* (reservoirs)

After clearing the area, they built four *kan-net*. They started in the northeast and went clockwise, making one for each corner of the new city.

page 36 21 ~ ၂၁

Ritual ceremonies, spiritual offerings and chanting of mantras

The founding ceremony required offertories including certain kinds of plants, food and so on. Then, various *nats* and guardian spirits were invited by chanting mantras. After all were assembled, articulate monks chanted sutras and other mantras of worship.

---

3 Testing of the soil involved digging measured pits, then filling them with specified amounts of soil and water to check for drainage, subsidence, solidity, etc. This was very important in a region with one of the heaviest monsoons in the world. Yearly rainfall in Dawei is around 5.5 meters, almost double that of Yangon. [NNA/JP]

22 ∼ ၂၂ *page 45*

Why *nats* adore listening to the Buddha Bathita Maha Thamaya Sutra

Once there was a cave called Naga at the Kawlipabbata Monastery of Thiho in India. Beside the entrance of this cave, a *nat-thamee* (female celestial being) resided in a *gan-gaw* tree (Ceylon ironwood, or *Mesua ferrea*). One day, the *nat-thamee* heard a young monk chanting the Maha Thamaya Sutra from inside the cave. At the end of his recitation, she said, "*Sadu*, *sadu*, *sadu*." Upon hearing this, the young monk asked who she was and why she had given this blessing. The *nat-thamee* answered that she had listened to the Maha Thamaya Sutra ever since Buddha preached it. Yet this felt like only the second time because the young monk could chant literally like Buddha. Therefore, she rejoiced in the merit. The *nat-thamee* and the young monk conversed further, and she left after answering his questions.

23 ∼ ၂၃ *page 47*

Two types of cities

mula-nagar : a capital city, and main place of trade for merchants
thakha-nagara : cities that surrounded the capital

24 ∼ ၂၄ *page 49*

Shapes and sizes of cities and their calculation

The four shapes of cities are: ◆ longitudinal ◆ rectangular or octagonal ◆ throne-shaped ◆ and circular or elliptical. A longitudinal shape brings wealth and eases all problems. A rectangular shape brings wealth. A throne-shape completes tasks or eases problems. Others, including circular, triangular, shapes resembling carts or the face of a lion—these bring no advantage.

The four sizes of cities are: *takun* (pennant) ◆ *chinthay* (lion) ◆ *nwar* (cow) ◆ and *sin* (elephant).

To calculate the value of these, first add the length and width, then add another four. Multiply the sum by three, then divide by eight. If the remainder is one, it means *takun*. Three means *chinthay*. Five means *nwar*. Seven means *sin*. Any results besides these should not be used.

page 51 25 ~ ၂၅

Adornments of a city and how to construct them

Cities are adorned with gates, gate pillars, archways, turrets, *pyatthat* (tiered pavilions above gates), water pots, pennants, bent sticks tied to flagstaffs, and so on.

page 57 26 ~ ၂၆

How and where to build the structures of cities

Design structures so they preserve the caste system.

Inside a city, build *nat* shrines, markets, plentiful houses, roads, streets, elephants and horse shelters, barns and so on. Then keep the barns full.

Outside a city, build moats, pavilions, city walls, gates, turrets and so on.

Both inside and outside a city, renovate old houses, buildings, lakes and so on.

page 59 27 ~ ၂၇

Building a city in the manner of *rizzin*

The manner of *rizzin* means first choosing a well-protected area surrounded by hills and rivers. Seven more features are then needed to fulfill its requirements: ◆ a king ◆ royal officers ◆ friends or allies ◆ provisions ◆ a strong city ◆ elephants and horses ◆ and soldiers.

28 ∼ ၂၈ *page 59*

Nine requirements for building a palace

◆ an auspicious time ◆ clearing the area, marking lines and making reservoirs ◆ choosing fine wood ◆ spiritual offerings ◆ calculating measurements of buildings ◆ structures for royal halls and buildings ◆ gates ◆ deciding which buildings will be built in which places, meaning east, west, south or north ◆ using calculations of astrology and numerology

29 ∼ ၂၉ *page 65*

Seven kinds of *yadana*, or jewelry

◆ gold ◆ silver ◆ pearl ◆ ruby ◆ gemstone ◆ diamond ◆ coral

30 ∼ ၃၀ *page 65*

A reward for Kaviseitta; a stone inscription;
and building the new city in 17 ME

The matters above were discussed by the high official Kaviseitta. The king rewarded him because he enjoyed the explanations.

While this official was figuring out the features of the land in order to build a new city, a group of wild Shan-Kayin passed by. They were carrying offerings for the *zedi* (chedi) of Buddha's hair relic. Kaviseitta and fifty men followed them to worship the zedi as well. When they arrived, the high official found a stone inscription concerning King Naruti.

In Thaton, twenty-thousand households were chosen to settle the new place, which was called Kalein Aung Myo, Aungthawaddy Pyi, Duraka Tine. Construction of the city began on Thursday, the second waxing of Pyatho, in year 17 of the Myanmar Era (December 655 CE).

page 68 31 ~ ၃၁

Completion of construction

Construction of the city and palace of Kalein Aung was completed on Friday, the tenth waxing of Pyatho, 19 ME. Another ten-thousand households were then brought from Thaton to Duraka Tine.

page 71 32 ~ ၃၂

A discussion between King Banuma Yaza and his chief queen; and rewards for the prince and princess

In Thaton, King Banuma Yaza and his chief queen discussed all these events. They wanted the crown prince and his wife to remain there, but they agreed to let them leave for the new city. The queen asked the crown princess if she would be happy staying in such a remote place. The princess answered that she was prepared to do anything in support of the crown prince. She cited stories of the Buddha's beloved, and how she was dedicated to her husband becoming Buddha during lifetimes before his Awakening. The king and queen liked the answer of the crown princess, so they rewarded them.

page 72 33 ~ ၃၃

King Banuma Yaza passes away

King Banuma Yaza of Thaton passed away from illness on the second waxing of Thadingyut, in year 20 of the Myanmar Era (658 CE).

page 73 34 ~ ၃၄

The sad request of Nareinda to his older brother Naruti

After King Banuma Yaza died, Prince Naruti ordered his younger brother Prince Nareinda to ascend the throne of Thaton and serve the monks as their father had. With sorrow, Prince Nareinda replied that he was still too young to be a king, and that he had not fully learned how to rule a country. Instead he believed the country would be prosperous under his older brother, and thus wanted him

to be king. Upon hearing Nareinda's request, Naruti ordered the royal officers to support his brother and listen to him. Anyone who failed to follow the orders of Prince Nareinda would be punished. These orders encouraged the younger prince, and allowed Prince Naruti to continue his plans of founding a new city.

35 ~ ၃၅ *page 74*

From Thaton to Kalein Aung

On Sunday, the seventh waxing of Pyatho in 20 ME (December 658 CE), Prince Naruti marched from Thaton with his people. Twenty days later on the twelfth waning of Pyatho, they arrived in Kalein Aung city. He and the crown princess inspected the new palace and were entertained with dances and music.

36 ~ ၃၆ *page 76*

Different types of gold presented by Kaviseitta

Officer Kaviseitta presented the royal couple with several types of gold. He explained that there were two main types :

ma-noat-tha : gold used by human beings
dei-va : gold used by *nats* and spiritual beings

Of *ma-noat-tha* gold, there were three kinds:

yoattika : obtained from a mixture of metals
dathaweida : obtained with the work of bellows
akayokpanna : found in its natural state

Of *dei-va* gold, there were four kinds:

sarmikaya : obtained from a gold flower, shaped by heating
thatakomba : obtained from gold that looks like a lotus flower
zabunada : obtained from the fruit of *zabuthapyaythee*
theingi : obtained from earth which is shaped like a cow horn or *mrigal* carp

There were many other types of gold according to scriptures and worldly nature.

page 81 37 ~ ၃၇

Four ways of speaking explained by Kaviseitta

The royal officer Kaviseitta said there were four ways of speaking, which he discussed in depth. These were:

- with use of words in complete sentences
- with fairness, moral principles, the nature of things, the law, teachings, doctrines of Buddha, and so on
- with charm, delight, pleasantness and so on
- with righteousness, virtue, moral, honesty and so on.

page 95 38 ~ ၃၈

Inspection of the royal garden; an emerald presented by the governor of Myitta; and asking about the palace *pyatthat*

The king and queen went to inspect the new royal garden. They were astonished by its lake and various trees, flowers and fruit. While enjoying the garden, the king was told that the governor of Myitta township had arrived to present an emerald from his district. After its value was calculated, the king rewarded the governor and ordered him to continue finding emeralds. Then the king and queen returned to inspecting the palace grounds. They asked Officer Kaviseitta about the *pyatthat* (structures above the gates). He answered that these were built in three types: five-tiered, seven-tiered, and nine-tiered. In a seven-tiered *pyatthat*, the third tier was perforated by a hole running north to west. This was called a *thagyar pauk*.

page 97 39 ~ ၃၉

Features of a throne

Officer Kaviseitta answered more questions like this. For example, he said the features on a royal throne were: ◆ *ukkamsa*, which means "excellence or superiority" and were ornaments on a throne's upper part ◆ *tuyin*, or vertical embellishments ◆ *mahnkin*, or ornamental pinnacles ◆ several sculptures of Thagyamin (Indra) ◆ door

posts ◆ lions ◆ Lord Avalokitesvara ◆ flying elephants ◆ a yak-tail fly-whisk ◆ *daungmeeyat*, or sculptures of flowers beside the posts ◆ *kinmara*, a mythical bird with a human head and torso ◆ elephant-ear carvings ◆ floral arabesques ◆ motifs of lotus and other flowers

40 ∼ ၄၀ *page 100*

A story of the *myay-nan* (royal audience hall)

This story recalled a time when a king of the pigs defeated a tiger. For his achievement, all the other pigs enthroned him by piling soil into a heap with their snouts. Above this they placed a branch of *yay-tha-phan-pyin* (*Ficus racemosa*, or *udumbara*). The pig king took his position there, so it was considered to be a *myay-nan* according to a Jataka tale called the *Titsathukara Zat-taw*.

41 ∼ ၄၁ *page 101*

The meaning of a paduma lotus on an *udumbara* branch, and five places of honor on each side of an audience hall

Due to this story of the *myay-nan*, kings are enthroned with use of *Ficus racemosa* or *udumbara* wood. This is adorned with a paduma lotus pattern which symbolizes power and the birth of Buddha.

The five places of honor on the sides of royal audience halls are: ◆ *taw* ◆ *du* ◆ *sani* ◆ inner *bawal* ◆ and outer *bawal*.

Twelve men are positioned in each of these, or sixty on the right and sixty on the left for a total of 120 men.

42 ∼ ၄၂ *page 102*

Types of buildings within the palace

These are: ◆ a building for the king's headbands or turbans ◆ an open-air hall ◆ a hall for recitation of Buddhist scriptures or charms ◆ a *zaytawun*, or three-story building ◆ *byedaik*, or bachelor chambers ◆ *sanu-saung, or* connecting halls ◆ *samote* buildings, with one for viewing the royal garden, another to watch the collection of

horses and elephants, and another to make great donations ◆ a *Dawei-saung* or two-storey building ◆ a *yaungdawuu-saung* for viewing performances or entertainment, or to display swords, spears, horses and elephants on parade ◆ and finally the *anaukp-wetet-saung*, which is a building where the king and chief queen receive homage from lesser queens, princesses and royal women.

page 106 43 ~ ၄၃

Thabin-nan, and why guards are stationed on palace rooftops

The *yaungdawuu-saung* building is used to view performances, entertainment, parades, and displays of swords, spears, horses and elephants. It is also called a *thabin-nan*.

White sheds are built on the rooftops of palace buildings and manned with guards to scare away birds. The is due to the story of U-tay-na Zat. Once upon a time in Kosambi, there was a pregnant queen named Kaythani. She went up to a palace roof to sunbathe while covered in a red towel. A huge bird mistook her for red meat and picked at her. Later she delivered a son in the forest. This little prince was raised by a hermit and named Prince U-tay-na.

page 106 44 ~ ၄၄

The explanation of *thinzali*

Thinzali means a bright place, post or pillar ornamented with gold. It could also be an ornamented chair for the use of nobility in the days of Myanmar kings.

page 107 45 ~ ၄၅

The story of the elaborate *thalun-nyaungywet*, or royal banyan-leaf couch

Once in Varanasi, the future Lord Buddha was reincarnated into a royal family and named Nandakonma. Later he became the king of

Varanasi with the help of four female guardian spirits of *kumudra kyar* (kumudra waterlilies, or *Nymphaea pubescens*). For the *hpone-taw* (glorious merit) of Nandakonma, the tree spirit Yokkaso presented him with kumudra kyar and its parts every day. Likewise, the guardian spirit of a banyan tree presented him with banyan buds and leaves every day. Nandakonma never forgot how he became king, so he decorated the ceiling of his room with leaves of the lily. He also hung other flowers, petals and plant parts. Nandakonma also used to sleep on a bed decorated with parts of kumudra waterlilies and banyan trees. For this reason, later kings used gold, silver or fabric to re-create parts of kumudra kyar and banyan trees as decorations inside buildings and on royal couches.

46 ~ ၄၆

page 110

The story of bronze shrines within main palaces

One night during the second Tagaung dynasty, dragons appeared and entered the palace due to the *karma* of its living beings. To defeat them, a bronze shrine was built with iron netting on all four sides. The door panel and latch were set and weapons were kept on the left side. Then a dragon entered and was killed. Its skin was removed and made into a garment. The person who wore this dragon-skin garment was called *Thu-ye-kaung* (hero). Later kings imitated the garment in the form of iron armor.

47 ~ ၄၇

page 111

Why gold statues of kings are made

King Ajatashatru killed his own father, King Bimbisara, then suffered mental and physical pain in consequence. Therefore, Lord Buddha suggested that Ajatashatru should create a gold statue of his father and venerate it. From the day that the gold statue was made, the king's pain was reduced. Later this became a tradition.

page 112 48 ～ ၄၈

Drums and gongs (*si*), and when they are rung

The instruments called *htwet-si*, *muyoe-si* and *mingala minkyar-si* are rung whenever a king goes from one place to another. Then a *wen-si* is rung when a king enters a place. *Paho-si* or *saga-si* are used to mark the time. *Paukcho-si*, *kapyin-si*, *padauk-si* and *kyun-si* are placed at four gates of the city. They are also called *taga-si* (gate-gongs or drums).

page 115 49 ～ ၄၉

The four flags at cardinal points of a palace

To represent the colors of Mount Meru, four flags are installed in compounds at the cardinal points of a palace: a white flag in the east, green in the south, *chiek* (lac, or burgundy) in the west, and yellow in the north.

page 115 50 ～ ၅၀

Why a king is called *Min*

One who has kindness upon people or is loved by them, and who is famed for his wealth and well-being is called *yaza* (king). He should behave with all four rules of good social relations:

◆ charity ◆ kindness in speech ◆ good will ◆ sympathy.

Many other names for kings appear in books such as *atthakatha* (commentaries), *tika* (sub-commentaries), *sakata*, dictionaries of Pali and Magadha, the Saddaniti Pali grammar books, and so on. For example:

bupati : a king who owns or cares for earth and water

dewa : a king who influences regions

manuzeinda : a king who influences people

and so on.

51 ~ ၅၁ *page 122*

Why a queen is called *Mipaya*

There are two types of queens, one who is consecrated and one who is not. For example, a chief queen is also called *mahaythi*; she is consecrated and has influence on lesser queens. Lesser queens are called *bawgini* and are not consecrated.

52 ~ ၅၂ *page 123*

Why a crown prince is called *Einshaymin*

An *einshaymin* is also called *uparaja*. He is a lesser king or viceroy who stays at the side of the true king.

53 ~ ၅၃ *page 124*

Minkha-yaukkyar, or male attendants of the king

A *minkha-yaukkyar* is also called a *sevaka* (attendant). There are *sevaka anuseva* who serve a king's propriety, and *sevaka anuseva atthi* who serve a king's prosperity.

54 ~ ၅၄ *page 125*

Types of consecration

There are two main types of kings: *Muddhabhitheitta-min* and *Thamanya-min*. The former is consecrated and the latter is not.

There are also many types of consecrations, including :

Muddhabhiseka	for a royal coronation
Rajabhiseka	for a royal coronation
Khattiyabhiseka	for ascending the throne
Uparajabhiseka	for installation of a crown prince
Mingalabhiseka	for receiving a white elephant
Dvarabhiseka	for taking over a new throne
Jeyabhiseka	for ensuring success in war
Vivahabhiseka	for marriage

and so on.

page 130 55 ~ ၅၅

How a *bhiseka* (consecration) is held

A *muddhabhiseka* is held in a well-decorated pavilion. The king takes his place in the middle of the pavilion, sitting on a throne made of *udumbara* wood. Water from a right-coiled conch is poured from above his head by three people: a princess, a *purohita* (king's religious advisor), and a wealthy person. As they pour water to anoint the king, he vows to reign over the country in accordance with his royal obligations.

page 133 56 ~ ၅၆

Why the Magada language should be used in consecrations

Magada is considered to be the greatest language. At the very beginning of the world, all creatures spoke Magada. The animals used it to communicate with each other. Even the very first king of the earth, King Thamanda, performed consecrations using Magada. It was the primary language in different realms of hells, such as those for *nats*, humans, animals, and *preta* (ghosts, ghouls, goblins, etc.). *Nats*, *Brahmas* and Lord Buddha also spoke Magada, and sometimes Buddha used it for his teachings. But as time passed by, it faded away and different languages appeared.

page 135 57 ~ ၅၇

Three types of conches

There are natural, silver and gold conches. A king being consecrated for coronation should possess all three types, as well as water from the Ganges River and a princess to become his chief queen.

page 135 58 ~ ၅၈

Three castes

These are the royal family, the *brahmins*, and the rich. Because they are considered to be the great castes, three people from each of

them are allowed to hold conches and pour water to anoint a king during royal consecrations.

59 ~ ၅၉ *page 136*

Different types of kings

A *muddhabhiseka* consecration makes a king more powerful. The king is also given his title or regnal name during this coronation. The name is chosen in accordance with astrological calculations. In fact, the tradition of a *muddhabhiseka* was a tradition since the very first king Thamanda and other ancestor kings.

Again, there are two basic types of kings: *muddhabhitheitta-min*, or consecrated kings; and *thamanya-min*, or unconsecrated kings.

Other words are used as well, such as *yaza-min* (consecrated) and *yazanya-min* or *kantiya-min* (unconsecrated).

There is also a *setkawutti-min* or *cakkavattirati*. This is a king of the four *mahadipas* or continents—Purvavideha, Jambudvipa, Aparagodaniya and Uttarakuru. That is to say, he is a king who governs the entire earth.

Except for a *setkawutti-min*, other kings are considered *mandaleitthara-min* (or *mandalaraja*) who govern particular areas or certain regions.

60 ~ ၆၀ *page 140*

Types of kings and their realms

mudusari-min : a mild king
tikkhasari-min : a clever king
majjhasari-min : a moderate king, neither benign nor fierce

Kings can also be defined by the locations of their realms :

assadhipa-min : a king in the northeast region of Jambudipa, where he owns the great number of horses found there

naradhipa-min : a king in the southeast region of Jambudipa, where he rules over people who resides there in greater numbers than anywhere else

gajadhipa-min : a king in the northwest region of Jambudipa, where he owns the great number of elephants found there

Another way of defining kings is :

padesa-raja : one who rules a certain area

eka-raja : an emperor, or one who rules an entire *mahadipa* (continent)

dipa-raja : one who rules the four *mahadipas*, and thus could be called *Cakkavattirati*

mahachkka-raja : one who rules human and celestial realms, or is powerful like the Supreme King Mandhata

page 142 61 ~ ၆၁

Seven types of wives

Wives can be ones who act like :

◆ killers ◆ thieves ◆ masters ◆ mothers ◆ sisters ◆ friends ◆ servants

The first three types suffer in realms of hell after they die. The other four are reborn in the heavenly realm as celestial beings.

page 143 62 ~ ၆၂

Types of male attendants to the king

The primary types are :

dhisajiva : a counselor who serves the king with his skills and knowledge

kammasajiva : attendants who serve the king's orders, such as commanders, *settkes*, officers and troops

Other types include :

aggiupama : bad attendants who act like fire

udakupama : good attendants who act like water

and :

lataupama : bad attendants who act like entangling creepers, destroying the trees they rely on

padumoupama : good attendants who act like lotus plants, bringing grace to the lakes they rely on

and :

puttasamana : attendants who behave like children that covet benefits from their parents

dasasamana : attendants who behave well in front of a king but misbehave behind his back

and :

sakunaupama : attendants who act like birds, always flitting from tree to tree

anunnabhava : attendants who stay loyal to their benefactors until death

63 ~ ၆၃ *page 153*

The meaning of *appamada-taya*

Appamada is Pali for thoughtfulness, conscientiousness, watchfulness, vigilance, earnestness, or zeal. A king must have *appamada-taya*, which means having the greatest goodness in all deeds.

64 ~ ၆၄ *page 157*

Holding court

A consecrated king must hold court in a room for others to attend. In fact, making fair and just decisions in this manner is a path to entering the heavenly realm after death. Unconsecrated kings should also hold court. It is likewise held when a king instructs his troops to march into battle.

65 ~ ၆၅ *page 159*

Why kings should nurture *metta*

There are eleven benefits of *metta* (benevolence, kindness, etc.) :

◆ sleeping and waking well ◆ lack of worry ◆ avoidance of bad dreams ◆ being adored by people and *nats* ◆ care from *nats* ◆ deflection of danger, poison and weapons ◆ avoidance of the risk of fires ◆ easily achieving *samadhi* (integrity) ◆ fame and popularity ◆

lack of fear and the uncertainty of death ◆ and attaining the heavenly realm after death

page 161 66 ⁓ ๖๖

Three types of royal *satti*, or courage

pabhavasatti : being able to inflict penalties on anyone, friend or foe, near or far, and thus recognizing the intangible benefits of justice

ussahasatti : the power of perseverance to obtain provisions, jewels and possessions

mantasatti : consulting with sages, astrologers and physicians, and judging the value of different advice

page 162 67 ⁓ ๖๗

Four *sangahas*, or principles of good social relations

There are four *sangahas* which everyone must nurture, including kings. These are : ◆ charity ◆ kindness in speech ◆ good will ◆ and sympathy.

page 164 68 ⁓ ๖๘

Four paths to victory

vacisacca : righteous and truthful speech and deeds

dhamma : inquiry and consideration

dhitiviriya : constant diligence

caga : self-sacrifice, or renunciation

page 165 69 ⁓ ๖๙

Five essential strengths of a king

bahubala : strength of body

bhogabala : strength of material wealth

amaccabala : strength of friends, allies, colleagues, advisors, etc.

abhijacca : strength of royal lineage
paññabala : strength of wisdom

These five strengths are nurtured by generosity, integrity, wisdom, mindfulness, and the shame or fear of sinning.

70 ∼ ๗๐ *page 166*

Five paths to victory

◆ *jappa* : incantation ◆ *manta* : discussion ◆ *subhasita* : thoughtful messages, or words of wisdom ◆ *paveni* : following traditions ◆ and *anuppadana* : the act of giving, including bribery

71 ∼ ๗๑ *page 166*

Six qualities of a *nayaka*, or leader

◆ patience ◆ alertness ◆ diligence ◆ a thoughtful mind ◆ kindness ◆ and seeking truth by inquiry or consultation with sages

72 ∼ ๗๒ *page 166*

Six qualities of a king

expressing gratitude by: ◆ giving gifts of valuable objects ◆ giving punishment ◆ offering lands

viggaha : responding to disputes by: ◆ obvious attack ◆ cunning attack ◆ secret attack

marching to battle with: ◆ desire to conquer the enemy ◆ belief in one's own strength ◆ the presence of allies ◆ feints to distract the enemy ◆ prior reconnaissance, and understanding the season and situation

having strong, well-maintained city walls and moats, and: ◆ desire to defeat the enemy ◆ belief in one's own strength ◆ support from allies ◆ feints and false fortifications to distract the enemy ◆ reconnaissance of the situation

dvedha (divided, 'in two') ◆ splitting or breaking the enemy force

asaya (dependence or refuge) ◆ keeping the peace by giving one's enemies valuable objects, or obeying them if necessary

page 168

73 ~ ၇၃

Seven royal *aparihaniya*,
or conditions leading to the prosperity of a country

- holding meetings three times a day
- unity in meetings and performing duties
- following ancient principles enacted by ancestors
- having respect for elders and sages, and paying regard to their worthy speech
- never abducting women or girls from their families
- holding traditional offertory ceremonies for inner and outer spiritual guardians of cities and towns.
- supporting hermits and Arahants to enter the city, and providing peace to those already residing in the city

page 178

74 ~ ၇၄

Eight qualities of a king

Be like Thagyamin (Indra), to suppress immoral persons and support virtuous persons.

Be like the sun which dries water slowly, and thus collect taxes from the people gradually.

Be like the moon, the sight of which brings happiness, and thus use kindness in speech to make officers and commoners feel pleasant

Be like the wind that passes all through places, and try to understand the situation of people personally, or by use of spies, or by giving orders to royal officers.

Be like *Yamamin*, the King of Hell, and pass righteous judgment on everyone, young or old, rich or poor, without love or hatred.

Be like the ocean that does not lust for water, and do not lust for bribes.

Be like the earth upon which living beings rely, and thus faithfully provide for the people.

Be like the rain that makes people content, and make royal officers content with provisions, clothing and support.

75 ~ ๗๕ *page 179*

Nine precepts of Buddhism that a king should practice

Abstain from killing living beings.
Abstain from taking what is not given.
Abstain from sexual misconduct.
Abstain from lying and false speech.
Abstain from intoxicants.
Abstain from eating after noon.
Abstain from singing, dancing, music, shows, perfumes, cosmetics and adornments.
Abstain from using high or luxurious seats or beds.
Maintain mindfulness of all living beings.

76 ~ ๗๖ *page 180*

Descriptions of the ten duties of kings

These are:
◆ generosity ◆ morality ◆ charity to support the people ◆ honesty ◆ kindness and gentleness ◆ austere habits or moderation ◆ freedom from hatred ◆ non-violence ◆ patience ◆ and non-obstruction of the people's welfare

77 ~ ๗๗ *page 186*

Consequences of anger

Being furious can destroy oneself like firewood burnt in a fire, or how the fruits of bananas, talipot palms and bamboo kill their own trees. In the same way, a furious king is unable to keep his throne. When someone is furious, he can destroy his own possessions, hurt himself, utter cursed words or even commit crimes.

That kind of person obviously lacks morality. Therefore, anger is a form of lunacy, and people must endeavor to defeat it.

page 191 78 ~ ၇၈

Five benefits of patience

◆ being loved by people ◆ having fewer arguments and enemies ◆ committing less sin ◆ having a peaceful death ◆ possessing wealth in the *nat* realm after death

page 192 79 ~ ၇၉

Why a king should control anger

- because anger causes delays in battles against enemies
- because one angry word from a king can take many lives

page 193 80 ~ ၈၀

Refraining from mockery

All people including kings should refrain from teasing or mocking. For a king, he should not laugh loudly. Instead he should remain calm like the brave and courageous lion king. Neither should he waste his days in meaningless teasing or mocking of his officers. It is a form of harassment or annoyance, and people should avoid it.

page 194 81 ~ ၈၁

Consequences of teasing and mockery

Once in Shravasti city, thirty monks went to visit Lord Buddha at Jetavana Monastery. Prior to entering this *kyaung*, they met a monk who appeared ugly and short in stature. They thought he might be a novice, so they made jokes and teased him. Then they met with Lord Buddha. After the conversation, Buddha asked whether they wanted to see Ashin Lakudabandiya Mahtay who was famed for his proficiency with scriptures. When they agreed, Buddha said the one they had met at the entrance of monastery was Ashin Lakudabandiya Mahtay. Thereupon, they were curious why this great monk possessed such a poor appearance. Buddha preached a story in response. Once in Varanasi, King Brahmadatta would insult men,

women and animals who were feeble and decrepit by making jokes and mocking them. He even summoned old, weak people to entertain him by making them tired. His royal attendants treated old people in the same way. When Thagyamin discovered this poor behavior, he disguised himself as an old man and taught King Brahmadatta a lesson. Finally when Thagyamin revealed his true self, he taught the doctrine to the king. From that day on, the king abstained from tormenting people. At the end of this story, Buddha said the former King Brahmadatta was now Ashin Lakudabandiya Mahtay, and that he himself had been Thagyamin in that encounter. But due to the *karma* of deeds that this king had done in previous lives, he possessed the poor appearance which the monks had seen at the entrance to Jetavana Monastery.

82 ~ ၈၂

page 198

Three places that kings and monks should not forget

A king should not forget where he was born, where he was crowned, and where he defeated an enemy.

A monk should not forget where he was born, where he was ordained, and where he attained Enlightenment.

83 ~ ၈၃

page 199

Three qualities of King Mandhata

dana : charity, generosity

samyama : restraint, self-control, abstinence

dhamma or *metta* : loving-kindness for all living things

A king should also have *khanti* and *karuna* (patience and compassion).

84 ~ ၈၄

page 200

Ten ways to reach the *nat* realm after death

A king can reach the *nat* realm by taking care of: ◆ his parents ◆ his children and wives ◆ his relatives and royal officers ◆ his soldiers,

cavalry, elephantry and others in the army ◆ people from the villages and countryside ◆ people from the cities ◆ monks and *ponna* (brahmins) ◆ animals ◆ and all living beings.

He should endeavor to uphold these obligations by making a vow to the *nats*.

page 203 85 ~ ၈၅

Four things to never disrespect even if they are young or small

◆ snakes ◆ fire ◆ young princes and minor kings ◆ virtuous monks

page 204 86 ~ ၈၆

Duties of a crown prince and royal officers

Because a crown prince stays close to his king, he must follow the same rules and duties that the king does. However, because crown princes and royal officers are in the high caste, they are naturally arrogant and sometimes abuse or torture others. They must refrain from this poor behavior or else destroy themselves with immorality. In turn, the poor and lower-caste people should not oppose royals and nobles, because in doing so they could destroy themselves too.

page 207 87 ~ ၈၇

Things a crown prince should do

He should train himself to persevere through both gains and losses. He should learn about behaviors of different people from different places and countries. By means of spies or envoys, he should investigate the schemes of neighboring kings. By learning the behavior of his people, he should interpret foretellings of *ta-baung* (random utterances). He should learn about the commerce of merchants. He should discover places with prevalent crime where criminals lurk.

He should observe the abilities of royal officers and attendants. He should support royal attendants and commoners with provisions

and clothing so they will serve orders willingly. He should offer provisions to tough or ill-mannered men to make them helpful and maintain peace in the city.

He should also travel to develop his skills. The ancestor kings sent their sons to other countries to learn the skills of princes, even if they had skillful professors in their own city. They did this so that crown princes would learn to suppress arrogance, and endure both gain and loss, happiness and suffering.

88 ~ ๘๘ *page 210*

Six actions that a crown prince should never forget to do

- give charity to servants, officers, commoners and the poor
- offer titles and positions to royal officers according to their abilities
- follow the rules of ancestor kings
- take care of his royal family and relatives
- take care of all attendants and servants within the palace
- take care of moral and virtuous monks, hermits and brahmins

89 ~ ๘๙ *page 211*

Eight things that a crown prince should endeavor to do

- avoid sarcasm and jealousy
- give respect and provide support for virtuous people, monks and hermits
- seek doctrines of kindness taught by wise and moral persons
- receive well the teachings of wise or moral persons
- provide supplies to officers, servants and attendants
- develop and retain royal officers like fathers who are wise and able guides
- trade in fish and seasonal food in the capital
- take care of merchants from other countries

page 212 90 ~ ๙๐

Five strengths of a crown prince

- being born while both parents are still alive
- possessing a fine appearance
- pleasing his parents and brothers
- pleasing the people, including monks
- attaining prowess in horsemanship, elephantry, weaponry, archery, and so on

page 213 91 ~ ๙๑

Things that a chief queen and lesser queens should do

- rise immediately to pay respect when seeing the king
- sit behind the king and cool him with a hand-held fan
- occasionally ask the king what they can do for him
- behave properly
- remain faithful to the king
- try to perfect the features of a virtuous woman

page 215 92 ~ ๙๒

Five strengths of a woman

◆ physical appearance ◆ wealth ◆ family and relatives ◆ children ◆ and morality

Nine actions of an unvirtuous woman

- visiting other places without informing her husband, or for inappropriate purposes
- visiting a park or garden for inappropriate purposes
- visiting a jetty, port or shore for inappropriate purposes
- visiting relatives for gossiping about others and her husband
- visiting houses for gossiping about others and her husband
- sitting endlessly in front of a mirror to make herself up
- consuming intoxicating drinks
- sitting by a window and gazing, or longing for others
- remaining at the doorstep for someone to see her

93 ~ ၉၃ *page 218*

Matters concerning a *sitthugyi*

Nine features of a *sitthugyi* (commanding general)

- being clever to defeat the enemy
- recognizing auspicious ground that will lead to victory
- not sacrificing or abandoning his people in retreat
- fairness towards soldiers and followers
- sufficient strength
- moral completeness
- skillfulness with strategies
- expertise with elephants and horses
- being perfectly diligent

Twelve causes of conflict by a *sitthugyi*

- desire to possess a country
- desire to gain wealth
- desire of a king to show his power
- desire of a king to display his strength in elephants and horses
- desire to seize a foreign princess
- betrayal
- breaking a friendship or alliance
- retribution for not protecting a city
- lacking sufficient warriors for defense
- torturing merchants from other countries
- bearing a grudge
- bad temper

Ten reasons for losing a war

- insufficient unity between the king and royal officers
- poor soldiers
- starvation
- failing to motivate soldiers, or allowing them to lose heart
- disease in the ranks
- kingly cowardice
- marching at an inauspicious time

- an enemy superior in strategy
- poor elephants and horses
- failure to hold offering ceremonies to guardian spirits

page 223 94 ~ ၉၄

Poetries of deployment

page 229 95 ~ ၉၅

Types of soldiers, and qualities of military advisors

There are thirteen types of *thuye* (soldiers) :

- elephantry ◆ cavalry ◆ chariotry ◆ flag-bearers ◆ archers
- *akhine thuye* : warriors who cut the heads off enemies like bunches of toddy fruits
- *mintha thuye :* warrior-princes famed for bringing victories
- *awin thuye* : warriors who bring enemy heads back to their units
- [*sin pyaung thuye*] : ones as strong as great elephants in musth
- *takhelnet thuye* : ones who will do anything for their king
- *thayeswel thuye* : ones who wear leather in battle
- *kyun-tha thuye* : ones who dare to take action
- *sitsin thuye* : ones who are skilled with strategy

Eight qualities of military advisors

- wisdom ◆ morality ◆ bravery ◆ diligence ◆ courage ◆ ability to solve problems ◆ altruism ◆ grace

page 231 96 ~ ၉၆

Features of a *lekhaka*, or scribe of royal orders

◆ knowing the words which a king intends ◆ writing quickly ◆ memorizing quickly ◆ speaking tactfully ◆ being clever ◆ being wise

Eight features of a *duta*, or envoy :

◆ good understanding ◆ retelling messages accurately ◆ memorizing accurately ◆ serving orders without mistakes ◆ knowing the meanings of words ◆ the ability to to make others understand ◆ wisely

discerning advantages and disadvantages ◆ reticence from engaging in arguments

97 ~ ၉၇ *page 233*

Three features of a *mohuttika*, or royal accountant

◆ being skillful and wise ◆ completing orders ◆ scrupulousness

98 ~ ၉၈ *page 234*

Twelve features of a *brahmin* teacher

◆ truthfulness ◆ purity ◆ compassion ◆ speaking meaningful words ◆ poise ◆ self-control ◆ diligence in religious precepts ◆ altruism ◆ patience ◆ righteousness ◆ vision and cleverness in offerings for *nats* ◆ a desire for virtue

99 ~ ၉၉ *page 236*

Nine features of a *brahman*

◆ following traditional rules ◆ controlling one's physical, oral and mental attitudes ◆ learning professional skills ◆ making offerings to *nats* ◆ exerting mental effort ◆ being imperturbable ◆ speaking good words ◆ observing religious precepts ◆ giving to charity

100 ~ ၁၀၀ *page 236*

Ten rules of conduct for royal officers who wear a sash

Remain calm in physical and oral attitudes.
Have self-control of physical and oral attitudes.
Suppress defilements and evil desires.
Remain pure.
Be content. Be patient. Be righteous.
Venerate the Three Gems of Buddha, Dhamma and Sangha.
Show compassion.
Speak truth.

Six rules of conduct for *dovarika*, or gatekeepers

Know both new and established people who pass through gates.
Be strong.
Be charming.
Be mindful of righteousness.
Remain patient even when tired.
Act cleverly.

Eleven features of interior officers

◆ scrupulousness ◆ virtue ◆ skill in multiple languages ◆ joyful observance of the Dhamma ◆ non-prejudice and impartiality ◆ deftness in understanding the king's intent ◆ skill in varied tasks ◆ courage ◆ morality ◆ esteem for the king ◆ righteousness

page 238

101 ~ ၁၀၁

Five features of three officers

These apply to :

- *nakhandaw*, or advisors who inform the king about opinions and petitions of commoners
- *thandawkhan*, or receivers of the royal voice
- *thandawsint*, or court officers who receive and transmit orders

Their features are :

◆ clear and accurate speech ◆ pleasant speech ◆ cleverness with casuistry ◆ grace in appearance ◆ sharp wit and intelligence

page 239

102 ~ ၁၀၂

Three features of *kalan-amat*,
or administrative chiefs of hamlets and villages

◆ ability to convince people with kindness ◆ patience through thick and thin ◆ austere, selfless service for the benefit of residents, even if it causes his own poverty

103 ~ ၁၀၃ *page 239*

Features of *thanpyin-amat*,
or officials administering a group of villages

The features of *thanpyin-amat* are the same as for *kalan-amat*.

Nine features of an *atwintaw-wun*, or interior minister :

◆ scrupulousness ◆ a good mind ◆ skill in multiple languages ◆ joyful observance of the Dhamma ◆ non-prejudice and impartiality ◆ skill in varied tasks ◆ courage ◆ morality and observance of the Precepts ◆ esteem for the king

104 ~ ၁၀၄ *page 240*

Three features of an *anauk-wun*, or minister of western buildings with responsibility for queens, princesses and female attendants

◆ moral scruples ◆ respect for the king and his orders ◆ faithfulness to his wife despite the presence of court ladies

105 ~ ၁၀၅ *page 241*

Three features of a spy

◆ ability to discern secrets ◆ ability to keep secrets ◆ loyalty to his lord despite persuasion by others

106 ~ ၁၀၆ *page 243*

The benefits of being friends with wise men

Association with wise men brings inner peace. They show a person the right path, offer praise for good speech, and give corrections for wrong speech. However, wise attendants who serve a king must not serve him from six places :

- one that is too far for the king to reach
- one that is too close, such that he annoys the king with body odor or bad breath
- one to windward, which also causes annoyance with foul odors

- one that is elevated and thus disrespectful
- one that is face-to-face, which causes discomfort
- one that is behind the king, for it can lead to guilt from not seeing royal gestures or hearing royal words

page 245 107 ~ ၁၀၇

Stories of self-destruction from having been cruel to others

In Varanasi during the time of King Brahmadatta, a physician found himself with less income due to fewer patients. One day in a little village, he saw a group of young boys playing under the shade of big tree. At the same time, he spotted a cobra in a branch of the tree. In his greed for money, the physician wickedly told the boys to climb the tree and catch a little bird that he saw there. He was already thinking about how he would get paid to cure the boys after they were bitten by the cobra. One boy quickly climbed up the tree and grabbed at something he saw moving in the branch, thinking it was the bird. However, he immediately realized it was a snake and hurled it from the tree. It fell on the physician, who was bitten by the enraged cobra and killed by its poison.

page 250 108 ~ ၁၀၈

The meaning of *anga*

Anga in Pali means a constituent part; a factor, element, aspect or quality; or a country named Anga. In royal titles, *yaza* refers to kings, *mahaythi* refers to queens, *uparaja* refers to crown princes, and other words refer to royal officers. These titles are given to those who are complete with specific sets of *anga*.

page 252 109 ~ ၁၀၉

Sending men to Gandalarit-tai to learn about Chinese crafts

King Naruti asked his advisors about which things give perfection to a kingdom. The royal sage Kaviseitta answered that a country is completed by seven features :

◆ a king ◆ granaries for provisions ◆ sages and royal officials ◆ friends and allies ◆ strong city walls, moats, firesteps, palisades and so on ◆ cities and villages throughout the land ◆ the strength of soldiers, elephants and horses

To build friendship with neighboring countries, officer Kaviseitta suggested that King Naruti should befriend King Sawtimin of China. By doing so, he could obtain beneficial methods of dyeing silk and cotton, blending colors, making plates and cups, tanning different kinds of leather and so on. The king agreed and immediately sent Kaviseitta and his men to Gandalarit on the second waxing of Tazaungmon, 21 ME (October 659 CE). They carried many valuable gifts for King Sawtimin, along with a royal message requesting support for their craft industries. The envoys arrived in Gandalarit on the fifth waxing of Tabodwe (January 660 CE). King Sawtimin provided for the requests and needs of the entourage that had come from Kalein Aung on behalf of its king.

110 ~ ၁၁၀ *page 266*

Kavaseitta displays the crafts he learned in China

They returned to Duraka on the tenth waxing of Kason in 22 ME. Then Kavaseitta reported in depth on what he had learned and written down in China, such as methods for making ceramic plates, niello, different kinds of leather, colored cloth and so on.

111 ~ ၁၁၁ *page 274*

Craft methods presented by kings of Yodaya, Yuan and Zin-mei

The crafts of Yodaya (Ayutthaya) included how to make white bronze, aluminum and so on. The crafts of Yuan (Northern Tai or Lao) included how to make yellow orpiment and fake amber, how to give iron a bronze color, how to melt metals and so on. The crafts of Zin-mei (Chiang Mai) included how to turn metals like tin, copper or aluminum into medicinal ash.

page 279 112 ~ ၁၁၂

How to make ash of *anada*

The equipment and ingredients include a crucible, paddy husk, charcoal, soap, yellow orpiment, borax, quicklime, tin, zinc, *junt*, fine iron, *thuta*, fine silver, lead, *dan* (copper or aluminum) and gold. Types of ash obtained in different phases of the crucible are used to cure diseases such as bronchitis, rheumatism, gynecological ailments, blood diseases and so on.

page 280 113 ~ ၁၁၃

Making ash from the finest silver

The requirements include a pan, ceramic bowl, fine silver, sulfur, realgar, mercury, lime juice, copper, *junt*, tin, honey, *seyyin*, salt, alum, ammonium chloride and so on. The ash or salt that remains at the end of the process is used to cure common diseases.

page 281 114 – 116 ~ ၁၁၄ – ၁၁၆

The Five Arahants, and stories of King Naruti

Gawthita Arahant was a venerated monk of King Sawtimin of China. While Kaviseitta-amat and other royal officers were staying in Gandalarit, they invited this monk to come teach the doctrine of Lord Buddha in Duraka, which is now called Dawei region. The monk agreed and said he would come anytime they wished (for, in fact, he had been a father of the future King Naruti in a previous life). The sage Kaviseitta then informed King Naruti about Gawthita Arahant. Together with his royal officers, the king invited the Arahant to come reside in Duraka and make the religion of Buddha prosper. The next morning on the full moon day of Nayon, 22 ME (May 660 CE), Gawthita and four other Arahants levitated to Aungthawaddy. The king and all the people were delighted and venerated the monks with many kinds of offerings. After sixty-two days in Duraka, five of the monks journeyed to Suvannabhumi (Thaton). In

response to a request from the king of Thaton, one monk remained in that city to teach the doctrine. The others returned to Duraka fifteen days later.

Upon hearing that Arahants from Gandalarit were in Duraka, envoys from Zin-mei, Yodaya and Yuan came to see King Naruti one after another. They presented gifts and messages from their kings, and requested that the monks from Gandalarit might visit their countries to propagate the *Sasana* (Buddhism). Thus, one monk followed to each of these countries. In 23 ME, all five monks gathered back in Duraka, then returned to their country of Gandalarit.

A previous life of King Naruti, from the *Thaton Yazawin*

King Thuriyasanda was born in Thaton in the third year of Maha Thetkarit (81 CE). When he was fourteen, he became a crown prince. At the age of 24, he was crowned as a king. He had two daughters and no sons, so the two princesses ruled the city after he died. During that time, a boy was born from the union of a *weizado* (*weikza*, or wizard) and a female dragon. The boy was raised by a hermit, and when he grew up he learned manly skills from another *weizado*. He then married the two princesses of Thaton. Later he became King Pahtama Weizanama of Thaton. Because he was complete with courage, he was later named King Thiha Yaza. In the womb of the chief queen of King Thiha Yaza, the ogre Konbanda Nat-bilu was reincarnated as a human being. He was named Banuma Yaza. Later he received the throne of his father, Thiha Yaza. When King Banuma Yaza turned 51, Duraka Nat-tha was reincarnated in the womb of his chief queen. He was named Prince Naruti. When this prince was 14, he became crown prince. At the age of 20, he became King Naruti of Duraka.

117 ∼ ၁၁၇ *page 289*

Opening the repository of a relic of Buddha

On Thursday, the second waxing of Pyatho in year 24 of the Myanmar era (662 CE), King Naruti opened the repository of a *zedi*

where a relic of Lord Buddha had been enshrined. This zedi had been built on Waithawunna Hill by the hermit Gawunpatae, the celestial being Duraka Nat-tha, and the ogre Konbanda-rakha. Today Kalein Aung San Taw Shin Zedi stands on this hill.

page 290

118 ၁၁၈

New offerings enshrined in the *zedi*

The *zedi* was renovated between the days of Tabaung in 24 ME and the full moon day of Tabaung in 25 ME. Gold statues of Buddhas, *nats*, spiritual guardians, ancestor kings, King Naruti himself, his chief queen, royal officers and other valuable items ornamented with gold, silver and jewels were also enshrined within. Various kinds of trees and flowers were planted in the pagoda area. Pavilions and a monastery were built at the foot of hill. Following this, the repository of enshrined offerings was enclosed, which completed the renovation of the zedi.

page 294

119 ၁၁၉

Building a *phaya* on Mi-ohn Taung

In 35 ME (673 CE), the kings of Zin-mei, Yodaya and Yuan entered the kingdom without informing King Naruti of Aungthawaddy, Duraka. Due to this incursion, Thagyamin (Indra) foresaw future conflict. He visited Gawthita Arahant in Gandalarit to request his assistance in preventing war. Thus, Gawthita Arahant returned to Aungthawaddy to meet the four rulers of Duraka, Zin-mei, Yodaya and Yuan. After consultation, he gave the doctrine of Lord Buddha to the kings. Consequently, all four kings achieved peace, and together they built a zedi on Mi-ohn Taung that was 35 *taung* high. On the full moon day of Tabaung, its repository of enshrined relics was enclosed. On the full moon day of Tagu, a golden *hti-daw* umbrella was hoisted above the *zedi*, and on the third waning of Tabaung, the foreign kings returned to their countries.

120 ~ ၁၂၀ *page 299*

Presenting a white elephant

On the twelfth waxing of Kason, 69 ME (707 CE), the head of Amyar village who was named Nga Aung Ban sent a report to the governor of Myitta township. He said he had caught two white elephants, a mother and her male calf, while they were eating lotus roots at the lake near the village. The Myitta *myo-wun* immediately reported this to King Naruti, and the king then marched to the township with 500 cavalrymen. They collected the elephants and returned to the capital.

On the eighth waning of Tabodwe in year 70 of the Myanmar era (February 709 CE), King Naruti passed away.

121 ~ ၁၂၁ *page 304*

The chief queen sobs for King Naruti

A poem of how the queen cried in rhyme and rhythm after her husband's passing.

122 ~ ၁၂၂ *page 307*

The cremation of King Naruti

Crown Prince Naradipa cremated his father's body in the same manner as the ancestor kings. The funeral was held for seven days. Ten days after the passing of King Naruti, the sage Kaviseitta passed away as well.

ရှင်ဆံတော်စေတီတော် ကလိန်အောင်

Shin San Taw Phaya, Kalein Aung